ပန်းရွှေပြည်စာအုပ်တိုက်

'သေမင်းတမန်ရထားလမ်း' ခေါ်

# ထိုင်း မြန်မာ မီးရထားလမ်း
# ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း

## လင်းယုန်သစ်လွင်

၃ တွဲပေါင်း အစအဆုံး ဒုတိယအကြိမ်



htpp://mmteashop.com

## စာအုပ်အကြောင်း

| | |
|---|---|
| ပထမအကြိမ် (အတွဲမခွဲ) | အမျိုးသားစာပေဗိုလ်ကောက်ချေးတိုက်<br>၁၉၆၈ ခုနှစ်<br>'သိုးဒယား မြန်မာ ဓီးရထားလမ်း ကိုယ်တွေ့ချွေးတစ်မှတ်တမ်း'<br>အမည်ဖြင့် |
| ပထမအကြိမ် (၂ တွဲခွဲ) | ရွှေဝါစာပေဖြန့်ချိရေး<br>၁၉၆၈ ခုနှစ် |
| ပထမအကြိမ် (၂ တွဲခွဲ) | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း-မြန်မြားရေးဝန်ကြီးဌာန<br>၁၉၉၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက် |
| ဒုတိယအကြိမ် (၂ တွဲခွဲ) | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၁ ရက် |
| တတိယအကြိမ် (၂ တွဲခွဲ) | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂ ရက် |
| စတုတ္ထအကြိမ် (၂ တွဲခွဲ) | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက် |
| ပထမအကြိမ် (တတိယပိုင်း) | ယောမင်းကြီးစာပေ<br>၁၉၉၂ ခုနှစ် |
| ပထမအကြိမ် (ပ-ဒု-တ ၃ပိုင်းပေါင်း) | စိပယ်ဦးစာပေ<br>၂၀၀၃ ခုနှစ် ဇန်နဝါရီလ |
| ဒုတိယအကြိမ် (ပ-ဒု-တ ၃ပိုင်းပေါင်း) | ပန်းရွှေပြည်စာအုပ်တိုက်<br>၂၀၀၉ ခုနှစ် မေလ |

http://mmteashop.com

# စာရေးဆရာကြီး လင်းယုန်သစ်လွင်၏ အတ္ထုပ္ပတ္တိ

ရောဝတီတိုင်း ညောင်တုန်းမြို့တွင် အဖ ဦးဖိုးလှ၊ အမိ ဒေါ်နှင်းဦး တို့မှ ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ (၁၂၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်နေ့)တွင် ဖွားမြင်သည်။ အမည်ရင်း ဦးအေးမောင် ဖြစ်သည်။ ညောင်တုန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် အဋ္ဌမတန်း အထိ ပညာသင်ကြားခဲ့သည်။

စစ်မဖြစ်မီက မော်လမြိုင်မြို့မှထုတ်ဝေသော 'ခေါင်းဆောင်' သတင်းစာတွင် နယ်သတင်းထောက် အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ၁၉၄၇ ခုနှစ် 'ဟံသာဝတီ' နှင့် 'ဗမာ့ခေတ်' သတင်းစာတွင် နယ်သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိပြီး၊ 'လင်းယုန်သတင်းစာ' အလုပ်သမား သတင်းထောက်လုပ်ရာမှ 'မောင်သစ်လွင်' အမည်ဖြင့် စတင် ရေးသားရာမှ 'လင်းယုန် သစ်လွင်' ကလောင်အမည်ယူခဲ့သည်။ ထို့နောက် 'လင်းယုန်ဂျာနယ်, ပြည်တော်သစ်ဂျာနယ်, လူထုဂျာနယ်' တို့တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ 'ရှုထောင့်ဂျာနယ်' အယ်ဒီတာ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၇–၅၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေး ဆရာအသင်း အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် စာရေးဆရာအသင်း နှစ်ပတ်လည် စာပေပြိုင်ပွဲတွင် ဝတ္ထုတိုဆုကို 'တို့ကျေးရွာ' ဝတ္ထုဖြင့် ရရှိခဲ့သည်။

'ယိုးဒယား–မြန်မာမီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း' စာအုပ်ကို ဂျပန်နိုင်ငံ 'မိနိချိ သတင်းစာတိုက်' မှ ဂျပန်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၆၂ ခုနှစ်တွင် 'သီတာသောင်ခြေဦး' လုံးချင်းဝတ္ထုဖြင့် အနုပညာစာပေဝတ္ထုရှည်ဆု ရရှိပြီး၊

၁၉၆၈ ခုနှစ်တွင် 'ယိုးဒယား–မြန်မာမီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း' စာအုပ်ဖြင့် အမျိုးသားစာပေ စာပဒေသာ ဒုတိယဆုကို ရရှိခဲ့သည်။

၁၉၇၁ ခုနှစ်တွင် အမျိုးသားစာပေဆုကို 'ဓမ္မဝိလာသ' လုံးချင်းဝတ္ထုရှည်ဖြင့် ရရှိခဲ့သည်။ 'ဓမ္မဝိလာသ' ကို ရေးသားစဉ်က ဆရာကြီး၏ အသက်မှာ ၅၄ နှစ် ရှိပြီ။

စာရေးဆရာကြီး လင်းယုန်သစ်လွင်သည် ၁၉၅၂ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ လုံးချင်းစာအုပ် ၆၆ အုပ် ရေးသားခဲ့သည်။

ဆရာကြီးသည် အသက် ၇၆ နှစ်အရွယ် (၂၁–၈–၁၉၉၃ ရက်နေ့)တွင် ကွယ်လွန်ခဲ့သည်။

http://mmteashop.com

## စာရေးသူ၏ ထုတ်ဝေပြီး စာအုပ်များ

၁- တုပြိုင်လေကူးမယ်ပ ၁၉၅၂ ခုနှစ်
၂- သက်ဆုံးကြော့ကေနိုင် ၁၉၅၃ ခုနှစ်
၃- ဆိုက်ကားသမား ၁၉၅၃ ခုနှစ်
၄- ချစ်တဲ့မပြန် ၁၉၅၄ ခုနှစ်
၅- ဘုံကျွန် ၁၉၅၄ ခုနှစ်
၆- မေတ္တာသာလျှင် ၁၉၅၅ ခုနှစ်
၇- လက်ရွေးစင် ဝတ္ထုတိုများ ၁၉၅၆ ခုနှစ်
၈- ကရုဏာလှိုင်း ၁၉၅၇ ခုနှစ်
၉- အမွေဆိုင်ညီအစ်ကို ၁၉၅၈ ခုနှစ်
၁၀- တရားခံ ၁၉၅၈ ခုနှစ်
၁၁- လျှို့ဝှက်ဂိုဏ်း ၁၉၅၉ ခုနှစ်
၁၂- နင်းဆီမြိုင်လူသတ်မှု ၁၉၅၉ ခုနှစ်
၁၃- ငွေရတုဂိုဏ်း ၁၉၅၉ ခုနှစ်
၁၄- ရတနာခင်နှင့် လူသတ်ဂိုဏ်း ၁၉၅၉ ခုနှစ်
၁၅- အသက် သွေး ချွေး ၁၉၆၀ ခုနှစ်
၁၆- ချစ်သော မာမီ ၁၉၆၀ ခုနှစ်
၁၇- ခြေတော်တင်ခံမလေး ၁၉၆၁ ခုနှစ်
၁၈- မိုးတစ်ညဝယ် ၁၉၆၁ ခုနှစ်
၁၉- စပယ်ခြံလူသတ်မှု ၁၉၆၁ ခုနှစ်
၂၀- သိတာသောင်ခြေဦး ၁၉၆၂ ခုနှစ်
၂၁- မေတ္တာရနံ့ ပြယ်လေသော် ၁၉၆၂ ခုနှစ်
၂၂- စောနန်းမွန် ၁၉၆၂ ခုနှစ်
၂၃- ဘဝစာတ်ဆရာထံတွင် ၁၉၆၂ ခုနှစ်
၂၄- သမုဒယသံယောဇဉ် ၁၉၆၂ ခုနှစ်
၂၅- ဂလက်ဒီယေးတားဂိုဏ်း ၁၉၆၂ ခုနှစ်
၂၆- သေနတ်တစ်ချက် အသက်တစ်ချောင်း ၁၉၆၂ ခုနှစ်
၂၇- လျှို့ဝှက်ရတနာ ၁၉၆၂ ခုနှစ်
၂၈- လူသတ်ပတ္တမြား ၁၉၆၂ ခုနှစ်
၂၉- မေတ္တာပုလဲပန်း ၁၉၆၃ ခုနှစ်
၃၀- ရွှေမနိုင် ခင်လေး ၁၉၆၃ ခုနှစ်
၃၁- သွေးသောက်စား ၁၉၆၃ ခုနှစ်
၃၂- သိန်းထိုက်ရတနာ ၁၉၆၃ ခုနှစ်
၃၃- ချစ်ရလေမည့် မွေးရပ်မြေ ၁၉၆၃ ခုနှစ်
၃၄- မေတ္တာနှောင်ကြိုး ၁၉၆၃ ခုနှစ်
၃၅- သေမင်းတမန် လမ်းပေါ်ဝယ် ၁၉၆၄ ခုနှစ်
၃၆- သောင်းဒီပါမြေ ၁၉၆၅ ခုနှစ်
၃၇- သမုဒယနှောင် ၁၉၆၅ ခုနှစ်
၃၈- သက်စွန့်ဆံဖျား ၁၉၆၅ ခုနှစ်
၃၉- ယမုန်နာ တံငါဝတ္ထုတိုများ ၁၉၆၅ ခုနှစ်
၄၀- နှစ်ဦးမေတ္တာ ဆုံကြရာဝယ် ၁၉၆၅ ခုနှစ်
၄၁- ရတနာနဒီ ၁၉၆၆ ခုနှစ်
၄၂- ခမင်းဆိပ်သို့ ရောက်လေသော် ၁၉၆၆ ခုနှစ်
၄၃- လျှို့ဝှက်ဂေဟာ ၁၉၆၆ ခုနှစ်
၄၄- စစ်သူလျှိုဂိုဏ်း ၁၉၆၆ ခုနှစ်
၄၅- ကပွတိန်နဲ့မာဒင် ၁၉၆၇ ခုနှစ်
၄၆- ယိုးဒယား-မြန်မာမီးရထားလမ်း ၁၉၆၈ ခုနှစ်
ကိုယ်တွေ့ချွေးတပ်မှတ်တမ်း
၄၇- ပင်လယ်တံငါ ၁၉၇၁ ခုနှစ်
၄၈- ပါးစပ်လိုက်လား လက်လိုက်လား ၁၉၇၃ ခုနှစ်
၄၉- ကျွန်းပြန် စိန်တစ်ပွင့်*
၅၀- အိမ်ဖော် မြခင်*
၅၁- ကိုဖိုးခေါင်*
၅၂- တို့ကျောင်းတော်သူ*
၅၃- ရွာခေါင်းဆောင်*
၅၄- ခွင့်လွှတ်ပါ မောင်ရယ်*
၅၅- သည်လယ်မြေ*
၅၆- ဆောင်းလပြာသို*
၅၇- အဖြစ်နှင့် အမှန်*

* စာပေဗိမာန်ထုတ် ပြည်သူလက်စွဲ စာစဉ်များ-ထုတ်ဝေသူရက်စွဲ ရှာမတွေ့။

ပန်းရွှေပြည်စာအုပ်တိုက်

http://mmteashop.com

## ပါဝင်သောအခန်းများ


* မှတ်တမ်း အမှာ — ၉
* လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း — ၁၃
၁။ စတင်ခရီးထွက်ခြင်း — ၁၅
၂။ သေမင်း၏ခံတွင်းပေါက် — ၂၃
၃။ နာမည်ကျော် သံပြုံစရပ် — ၃၀
၄။ တစ်ညတာ၏အမှောင်ရိပ်ဝယ် — ၃၇
၅။ တောတွင်းချွေးတပ်စခန်းများသို့ — ၄၈
၆။ ကျောက်တစ်လုံးစခန်း — ၅၅
၇။ အုံမခန်းရက်စက်မှုများ — ၆၆
၈။ ကျွန်တော်တို့ အလုပ်ဆင်းကြရပြီ — ၇၇
၉။ ဗြိတိသျှစစ်သုံ့ပန်းချွေးတပ်သားများ — ၈၆
၁၀။ ချွေးတပ်စခန်းနှင့် မွန်ရှေးသည်လှည်းများ — ၉၆
၁၁။ ဆင်နှင့် ဆင်ဦးစီးချွေးတပ်သား — ၁၀၃
၁၂။ တပ်ဒိန်စခန်းနှင့် ဝမ်းရောဂါ — ၁၁၁
၁၃။ အသေအပျောက်များပြားလှခြင်း — ၁၂၂
၁၄။ ကျောက်ပေါက်သောချွေးတပ်သား — ၁၂၇
၁၅။ တောတွင်းရောက်ဂျပန်မကလေးများ — ၁၄၀
၁၆။ ခါးသီးသောဒဏ်ခတ်မှု — ၁၄၈
၁၇။ ချွေးတပ်သားနှင့် စစ်သုံ့ပန်းများ — ၁၅၆
၁၈။ ချွေးတပ်စခန်းနှင့် အဓိပတိမင်းကြီး — ၁၇၄
၁၉။ စခန်းပြောင်းရွှေ့ခြင်း — ၁၈၆
၂၀။ ကျားနှင့် ချွေးတပ်သား — ၂၀၃
၂၁။ အသေဆိုးသေရပြန်ခြင်း — ၂၁၃
၂၂။ ဘုရား ၃ ဆူစခန်း — ၂၂၂
၂၃။ ထူးခြားသောသရဏဂုံတင်ခြင်း — ၂၃၄
၂၄။ နောက်ဆုံးတွေ့ခဲ့ရသောသုံ့ပန်းများ — ၂၄၂
၂၅။ ဆေးရုံသို့ တစ်ခေါက်သွားရခြင်း — ၂၄၆
၂၆။ ယိုးဒယားချွေးတပ်သား — ၂၆၂
၂၇။ မိတ်ဆွေများနှင့်တွေ့ဆုံခြင်း — ၂၇၇

http://mmteashop.com




၂၈။ မမေ့နိုင်သောလက်ဆောင် ၂၈၄
၂၉။ စွန့်စားရသောအပြန်ခရီး ၂၉၃
၃၀။ မော်လမြိုင်တွင်ကြုံရသောအဖြစ် ၂၉၈
၃၁။ ကျောက်တံတားဆိပ်တွင် ၃၀၇
၃၂။ အစီရင်ခံပါသည် ၃၁၀
၃၃။ စာရေးသူ၏ အမှာ ၃၁၂
၃၄။ တတိယမြောက် အပလုံ ၃၁၄
၃၅။ ကိုဘစိန်၏ ရှေ့ခရီး ၃၄၀
၃၆။ နောက်ဆုံးပိတ် ဘုရား ၃ ဆူ ၃၄၉
၃၇။ နောက်ဆက်တွဲ အမှာ ၃၅၁
၃၈။ နောက်ဆက်တွဲ ၃၅၂
- ကျွန်တို့၏ တစ်နေ့တာကာလ ၃၅၂
- ဂျပန်ဆရာဝန် ၃၅၂
- အလုပ်ဒဏ်ကြောင့် မေ့မြောကုန်ခြင်း ၁၅၃
- ဂျပန်တို့ အကျပ်အတည်း ၃၅၃
- စစ်ကြောင့် အလုပ်လက်မဲ့ထူပြောလာခြင်း ၃၅၅
- နောက်ထပ် သုံ့ပန်းအလုပ်သမားများခေါ်ယူခြင်း ၃၅၅
- မီးရထားလမ်း အပြင်းအထန်ဖောက်လုပ်ခြင်း ၃၅၆
- ရထားလမ်းပြီးစီးခြင်းနှင့် ကျဆုံးသူများစာရင်း ၃၅၇
* ကွေးမြစ်ပေါ်မှ တံတား ၃၅၈
* ဗုဒ္ဓစေတီတော် ဂျပန်စစ်ပြန်ကြီးတစ်ဦးက စီစဉ်နေ ၃၅၈
* ဗုဒ္ဓရုပ်တုတော် ထုလုပ်ပြီးစီး ၃၅၈

http://mmteashop.com

## မှတ်တမ်း အမှာ

။ ၁ ။

ပြီးခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျွန်ုပ်တို့မြန်မာနိုင်ငံသည် စစ်ဘေးစစ်ဒဏ်ကျရောက်ခံခဲ့ရသည့်နိုင်ငံ ဖြစ်လေသည်။

ထိုစစ်ကြီးနှင့်အတူ ဂျပန်စစ်ဝါဒီများနှင့် ဖက်ဆစ်စနစ်ဆိုးသည်လည်း ကျွန်ုပ်တို့နိုင်ငံအတွင်းသို့ ရောက်ရှိလာပြီးနောက်၊ နှစ်ကာလအတန်ကြာပင် ကျွန်ုပ်တို့တိုင်းပြည်လူထုအပေါ် လွှမ်းမိုးချုပ်ခြယ်ခဲ့လေသည်။

ဖက်ဆစ်ဂျပန်စစ်ဝါဒီတို့ ကြီးစိုးလွှမ်းမိုးနေသော ခေတ်ကာလတစ်လျှောက်လုံးပင် ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများမှာလည်း စစ်ကြောင့်လည်းကောင်း၊ စနစ်ကြောင့်လည်းကောင်း သွေး၊ ချွေး မျက်ရည်တို့ဖြင့် ဖုံးလွှမ်းစိုစွတ်ခဲ့ရလေသည်။ ငိုသံရှိုက်သံ၊ ညည်းတွားရေရွတ်သံများအကြားမှ မြားမြောင်စွာသောနိုင်ငံသူနိုင်ငံသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ပစ္စည်းများသည်လည်း ကောင်း၊ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ ဇရပ် စသည့်များသည် လည်းကောင်း၊ စာပေ ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ် အနုပညာပစ္စည်းများသည်လည်းကောင်း သေကျေပျက်စီးလောင်ကျွမ်းပြုန်းတီးဖြစ်ခဲ့ရလေသည်။

အဆိုပါဖြစ်ရပ်များတွင် ဖက်ဆစ်ဂျပန်များ၏ စစ်ရေးစစ်ရာအလိုကျဖောက်လုပ်ခဲ့သည့် 'ယိုးဒယား–မြန်မာမီးရထားလမ်းကြီး'မှာလည်း ကြီးမားသော ရာဇဝတ်ပြစ်မှုကြီးတစ်ခုအဖြစ် ထိပ်ဆုံးမှ ပါဝင်ခဲ့လေသည်။ ထို့ကြောင့်ပင် ဤလမ်းမကြီးကို သမိုင်းမှတ်တမ်းတင် သုတေသီများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခေါင်းဆောင်ကြီးများက 'အရှေ့တောင်အာရှ၏ သေမင်းတမန် မီးရထားလမ်း' တစ်နည်းအားဖြင့် THE RAILWAY OF DEATH ဟူ၍ ခေါ်စမှတ်ပြုခဲ့ကြခြင်း ဖြစ်လေသည်။

။ ၂ ။

'ယိုးဒယား–မြန်မာ မီးရထားလမ်း' ကို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ ဂျပန်တို့ဖောက်လုပ်ခဲ့ကြလေသည်။

ယိုးဒယားနိုင်ငံ ဘန်ပေါင်(BAN PONG)ဘူတာမှ မြန်မာနိုင်ငံသံဖြူဇရပ်ဘူတာအထိ ၁၇၅ မိုင်ရှိလေသည်။

ပန်းမျိုးတစ်ရာစာအုပ်တိုက်

http://mmteashop.com



စတင်ဖောက်လုပ်ရာတွင် ယိုးဒယားနိုင်ငံဘက်မှ ကရာ(KRA)ကျွန်းဆက်ကိုဖြတ်၍ ချမ်ပုံ (CHUM PHON)မှ ဝိတိုရိယအငူမြောက်ဘက်ရှိ ပတ်ချန်(PAK CHAN)မြစ်ကမ်းနဖူးအထိ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်၏။ ထိုခရီးအကွာအဝေးသည် ၅၅ မိုင် ရှိလေသည်။

ဂျပန်တို့သည် ယိုးဒယား-မြန်မာမီးရထားလမ်း ဖောက်လုပ်ရာတွင် အသုံးချရန်အတွက် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ အလုပ်သမားပေါင်း ၁၇၇,၀၀၀ (၁ သိန်း ၇ သောင်း ၇ ထောင်) စုဆောင်းခဲ့လေသည်။ ထိုအလုပ်သမားများကို 'ချွေးတပ်သား' ဟူ၍ ဂျပန်ခေတ်က ခေါ်ဆိုခဲ့ကြလေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွား၍ 'မဟာမိတ် စစ်သင်္ချိုင်းကော်မရှင်'က ဂျပန်စစ်အာဏာပိုင်များကို စစ်ဆေးခြင်းပြုသည့်အခါ မြန်မာနိုင်ငံအရပ်ရပ်မှ ချွေးတပ်သားပေါင်း ၁၃၀,၀၀၀ (၁ သိန်း ၃ သောင်း)သာ စုဆောင်းခဲ့ကြောင်း။ ထိုအထဲမှ ၄၀,၀၀၀ (၄ သောင်း)သည် လမ်းခုလတ်တွင် ထွက်ပြေးခဲ့ကြောင်း။ ချွေးတပ်သားပေါင်း ၁၃,၅၀၀ (၁ သိန်း ၃ သောင်း ၅ ရာ)တို့ကို ၎င်းတို့အလုပ်တာဝန်ပြီးဆုံးသဖြင့် နေရပ်သို့ ကောင်းမွန်စွာပြန်လွှတ်လိုက်ကြောင်း အစစ်ခံလေသည်။ သို့ရာတွင် ဂျပန်တို့၏ အထက်ပါအစစ်ခံချက်သည် 'စိတ်ချယုံကြည်နိုင်ဖွယ် အကြောင်းမရှိ' ဟု စစ်သင်္ချိုင်းကော်မရှင်က မှတ်ချက်ချလေသည်။

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့စွဲနှင့် ထုတ်ပြန်ကြေညာသော လန်ဒန် ဗြိတိသျှနိုင်ငံခြားရေးရုံး၏ကြေညာချက်တွင်မူ မြန်မာနိုင်ငံမှ ချွေးတပ်သားပေါင်း ၈၀,၀၀၀ (၈ သောင်းကျော်) သေကြေပျက်စီးသည်ဟူ၍ ခန့်မှန်းလေသည်။

စစ်သင်္ချိုင်းကော်မရှင်ကလည်း ၃၀,၀၀၀ (၃ သောင်း)မှ ၈၀,၀၀၀ (၈ သောင်း)အထိ သေကျေပျက်စီးလိမ့်မည်ဟု ခန့်မှန်းလေသည်။

ဤသည်မှာ မြန်မာနိုင်ငံဘက်မှ အရပ်သားချွေးတပ်သားများ၏ သေကျေပျက်စီးရမှု ခန့်မှန်းခြေစာရင်းမျှ ဖြစ်လေသည်။ ထိုအထဲတွင် စစ်သုံ့ပန်းချွေးတပ်သားများနှင့် ယိုးဒယားနိုင်ငံဘက်မှ ဖြစ်သော မလေး၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ယိုးဒယား၊ တရုတ် စသော အရပ်သားချွေးတပ်သားများ၏ စာရင်း မပါဝင်သေးချေ။

စစ်သင်္ချိုင်းကော်မရှင်သည် စစ်သုံ့ပန်းချွေးတပ်သားများနှင့် ပတ်သက်၍ သေကျေဆုံးပါးရမှုကို အောက်ပါအတိုင်းဖော်ပြလေသည်။

သံဖြူဇရပ်စစ်သင်္ချိုင်းတွင် စစ်သုံ့ပန်း ချွေးတပ်သားများဖြစ်ကြသော ဗြိတိသျှစစ်သည်တော်ပေါင်း ၁၇၂၈ ယောက်၊ ဩစတြေးလျ ၁၁၆၃ ယောက်၊ ဒတ်ချ်စစ်သား ၆၂၁ ယောက်၊ သုံ့ပန်းချွေးတပ်သား အစုစုပေါင်း ၃၅၁၂ ယောက် ဖြစ်လေသည်။ (ယခု သံဖြူဇရပ်ကျိုက္ခမိကားလမ်းဘေးတွင်ရှိနေသော စစ်သင်္ချိုင်းမှာ ထိုသုံ့ပန်းစစ်သားများ၏ အရိုးမြေပုံများပင် ဖြစ်လေသည်။)

တစ်ဖန် အထက်ပါစာရင်းတွင် ထိုင်းနိုင်ငံဘက်၌မြှုပ်နှံထားသော စစ်သုံ့ပန်းချွေးတပ်သားများ၏စာရင်း မပါဝင်သေးချေ။ ထိုင်းနိုင်ငံဘက်တွင် ဗြိတိသျှ၊ ဩစတြေးလျ၊ ဒတ်ချ် စစ်သုံ့ပန်းချွေးတပ်သားပေါင်း ၈၄၀၀ ကျော် မြှုပ်နှံခဲ့ရကြောင်း 'စစ်သင်္ချိုင်းကော်မရှင်'က ဖော်ပြလေသည်။

. စစ်သင်္ချိုင်းကော်မရှင်၏ ထပ်မံအဆိုပြုချက်မှာ ထိုင်းနိုင်ငံဘက်တွင်လည်းကောင်း၊ မြန်မာ

http://mmteashop.com



နိုင်ငံ သံဖြူဇရပ် စစ်သင်္ချိုင်းတွင်လည်းကောင်း မြှုပ်နှံခြင်းပြုခဲ့ရသည့် စစ်သုံ့ပန်းအလောင်းများ အပါအဝင် 'ထိုင်း-မြန်မာမီးရထားလမ်း'ကိုအကြောင်းပြုလျက် သေကျေပျက်စီးခဲ့ရသော စစ်သုံ့ပန်း ချွေးတပ်သားပေါင်းသည် ၁၃,၅၀၀ ထက်မနည်း ရှိလိမ့်မည်ဆိုသော အချက်ပင် ဖြစ်လေသည်။

[စစ်ကြီးပြီးသွား၍ စစ်သင်္ချိုင်းကော်မရှင်က စစ်သုံ့ပန်းချွေးတပ်သားများ၏အလောင်း များကို လိုက်လံတူးဖော်ရာတွင် အမှတ်အသားတွေ့သလောက်သာ တူးဖော်နိုင်လေသည်။]

ဂျပန်တို့သည် ယိုးဒယား-မြန်မာမီးရထားလမ်းကိုဖောက်လုပ်ရာ၌ ရန်ကုန်-မန္တလေး သံလမ်း တစ်လမ်းကို ဖြုတ်ယူအသုံးပြုခဲ့ခြင်း ဖြစ်လေသည်။

စစ်ကြီးပြီးဆုံးသွားသည့်အခါ ဗြိတိသျှအစိုးရသည် ယိုးဒယားနိုင်ငံဘက်မှလမ်းကို ပေါင် ၁ သန်းကျော်ဖြင့်ရောင်းချလျက် မြန်မာနိုင်ငံဘက်မှလမ်းကိုမူ ပေါင် ၁၆ သန်းကျော်ဖြင့် ရောင်းချ လေသည်။ ထိုမှရငွေများကို အသက်မသေကျန်ရှိနေကြသော ဗြိတိသျှစစ်သုံ့ပန်းချွေးတပ်သား များအား ခွဲဝေပေးလေသည်။

သံဖြူဇရပ်စစ်သင်္ချိုင်းဖွင့်ပွဲအခမ်းအနားကို တနင်္သာရီသံဖြူဇရပ် စစ်သင်္ချိုင်းတွင် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပြုလုပ်ခဲ့လေသည်။*

ထိုအခမ်းအနားဖွင့်ပွဲသို့ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း, မြန်မာပြည် ဘုရင်ခံဆာဟူးဘတ်ရန့်စ် တနင်္သာရီတိုင်းမင်းကြီးဦးခင်မောင်ရင်, ခရစ်ယာန်ဂိုဏ်းအုပ် ဘုန်းတော်ကြီး လောဘီရှော့ပ် စသော ပုဂ္ဂိုလ်ကြီးများနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ခဲ့ကြလေသည်။

အထက်ဖော်ပြပါအချက်အလက်များသည် THE BURMA-SIAM RAILWAY (1942-45) စာအုပ်ငယ်မှရရှိသော 'ယိုးဒယား-မြန်မာမီးရထားလမ်း'နှင့်ပတ်သက်၍ သိသင့်သိအပ်သည့် အချက်များ ဖြစ်လေသည်။

॥ ၃ ॥

စာရေးသူတင်ပြထားသော ယခုမှတ်တမ်းမှာမူ အထက်ပါစာအုပ်ငယ်တွင်မပါရှိသော အကြောင်းအချက်များ ဖြစ်ပါသည်။

အထူးသဖြင့် ယိုးဒယား-မြန်မာမီးရထားလမ်းဖောက်လုပ်ရာတွင် အဓိကကျသော မြန်မာ အမျိုးသားချွေးတပ်အလုပ်သမားတို့၏ဘဝကို အလေးအနက်ပြု၍ဖော်ပြထားခြင်း ဖြစ်ပါသည်။ ပြီးလျှင် မြန်မာအမျိုးသားချွေးတပ်သားများနှင့် တပေါင်းတစည်းတည်းလိုဖြစ်နေသော ဗြိတိသျှ စစ်သုံ့ပန်းများ၏အဖြစ်ကို လည်းကောင်း၊ ဂျပန်စစ်သားများ၏ အလုပ်တာဝန်နှင့် လုပ်ကိုင်ကြရပုံ များကိုလည်းကောင်း၊ အစားအသောက်, အနေအထိုင်မှစ၍ တောတွင်းချွေးတပ်စခန်းများ၏ ရောဂါဝေဒနာကျရောက်မှုများအထိ စာရေးသူကြုံခဲ့သလောက် တတ်စွမ်းသမျှ တင်ပြထားပါသည်။

* (စာပေဗိမာန်ထုတ် နှစ်ငါးဆယ်ကမ္ဘာရေးရာ တတိယတွဲတွင်မူ '၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်'ဟု ဖော်ပြထားလေသည်။)

http://mmteashop.com



ထို့ကြောင့် ဤစာအုပ်သည် 'ယိုးဒယား–မြန်မာ မီးရထားလမ်း'အကြောင်းကိုသာမက–

၁–ကျူးကျော်စစ်ပြုခံရသည့် နိုင်ငံသူနိုင်ငံသားများ၏ ဆင်းရဲဒုက္ခအဖုံဖုံကို လည်းကောင်း။

၂–ဒုတိယကမ္ဘာစစ်ကြီးနှင့် မြန်မာနိုင်ငံ၏ဖြစ်ရပ်ကိုလည်းကောင်း။

၃–ဖက်ဆစ်ဝါဒ၏ဆိုးသွမ်းကြမ်းကြုတ်မှုများကို လည်းကောင်း ထိုက်သင့်သလောက် ပြောနိုင်စွမ်းလိမ့်မည်ဟု စာရေးသူ ယူဆမိပါသတည်း။ ။

လင်းယုန်သစ်လွင်

ရန်ကုန်
၁၉၆၈ ခု ဩဂုတ်လ ၁ ရက်

http://mmteashop.com

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်
ကျိုက္ကမီခရိုင် သံဖြူဇရပ် စစ်သချိုင်းဖွင့်ပွဲ

## လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း

လွန်ခဲ့တဲ့ ၄ နှစ်လောက်တုန်းက ကျွန်ုပ်တို့နိုင်ငံမှာ စစ်ဘေးကြီး ကျရောက်ခဲ့ပါတယ်။ အဲဒီစစ်ဘေးကြီးနှင့်အတူ ဂျပန်စစ်ဝါဒီတို့ရဲ့ ဖက်ဆစ်စနစ်ဆိုးကြီးဟာ လိုက်ပါလာခဲ့တယ်။

ဂျပန်စစ်ဝါဒီတို့ဟာ သူတို့ရဲ့စက်ယန္တရားကြီး ဆက်လက်လည်ပတ်နိုင်ရေးအတွက် 'ယိုးဒယား-မြန်မာ မီးရထားလမ်းမကြီး'ကို ဖောက်လုပ်ခဲ့ကြတယ်။ အဲဒီလမ်းမကြီးဖောက်လုပ်ရေးအတွက် ကျွန်ုပ်တို့လူမျိုးတွေဟာ ထောင်နှင့်သောင်းနှင့်ချီပြီး 'ချွေးတပ်'အဆွဲခံခဲ့ကြရတယ်။

ဖော်မပြနိုင်လောက်အောင် ကြမ်းကြုတ်ရက်စက်မှုနည်းအမျိုးမျိုးနှင့် ကျွန်ပြုညှဉ်းဆဲစေခိုင်းခဲ့တဲ့အတွက် 'ယိုးဒယား-မြန်မာမီးရထားလမ်း' ဖောက်လုပ်ရာမှာ ချွေးတပ်အလုပ်သမားပေါင်း ၃၀,၀၀၀ (၃ သောင်း)ကနေ ၈၀,၀၀၀ (၈ သောင်း)လောက်ဟာ ငတ်ပြတ်ဆင်းရဲပြီး အသေဆိုးသေခဲ့ကြရတယ်"

အဲဒီလို ထောင်သောင်းချီပြီးကျဆုံးခဲ့ရသူတွေရဲ့ ကျိုန်ဆဲသံ, ညည်းတွားရေရွတ်သံများကိန်းဝပ်ရာမြေပြင်ကို အခု ကျွန်ုပ်တို့ ခြေချနေကြရပါပြီ။ ဝမ်းနည်းဖွယ်ရာအဖြစ်ဆိုးကြီးကြောင့်လည်း ဒီမြေတစ်ခွင်ဟာ ညစ်နွမ်းခဲ့ရပါတယ်။ ကျွန်ုပ်တို့ဟာ စာနာတဲ့အသိတရား, စူးစမ်းသိရှိလိုတဲ့စိတ်ထားအပြည့်အဝနှင့် ရောက်လာကြခြင်းလည်း ဖြစ်ပါတယ်။ နာကျည်းမှုကိုလည်း ကျွန်ုပ်တို့ အပြည့်အဝခံစားကြရပါတယ်။

ကျွန်ုပ်တို့ရဲ့နိုင်ငံနှင့်လူသားတွေကို ဂျပန်ဖက်ဆစ်လူရိုင်းများဟာ အလွန်အမင်း တရားလက်လွတ်ပြုခဲ့တဲ့အတွက် ကျွန်ုပ်တို့ဟာ ဒေါသမီးဟုန်းဟုန်းတောက်လောင်ခဲ့ကြရပါတယ်။ ဒါပေမယ့် ဆိုးယုတ်သူတွေဟာ သူတို့ရဲ့မိုက်ပြစ်ဒဏ်ကို ပြန်ခံသွားရပြီဖြစ်လို့ ကျွန်ုပ်တို့အနေနှင့် ဖြေသိမ့်နိုင်စရာရှိပါတယ်။

မြန်မာပြည်သူပြည်သားတွေဟာ ညီညာဖျဖျ နိုးကြားတက်ကြွခဲ့ကြတယ်။ ဖက်ဆစ်တွေကို လက်စားချေ တော်လှန်တိုက်ခိုက်ခဲ့ကြတယ်။ ဒီအချက်ဟာ 'မိမိစိုက်ပျိုးသလောက် ရိတ်သိမ်းရခြင်း' ဆိုတဲ့သဘောလည်း ဖြစ်တယ်။ အမြဲတမ်းအနိုင်အမာတည်တံ့နေတဲ့ လောကခံတရားသဘောလည်း ဖြစ်တယ်။

လူတစ်ဦးတစ်ယောက်ဟာ တခြားလူတစ်ဦးတစ်ယောက်အပေါ် နိုပ်စက်ကလူပြုတယ်။ သွေးစုပ်ခြယ်လှယ်တယ်။ တရားမျှတမှုကို မျက်ကွယ်ပြုတယ်ဆိုရင်၊ ဒါမှမဟုတ် နိုင်ငံတစ်ခုက အခြား

http://mmteashop.com



နိုင်ငံတစ်ခုအပေါ် ဖိနှိပ်ခြင်း, ခေါင်းပုံဖြတ်ခြင်း, တရားမျှတမှုအဝဝကို ချိုးဖောက်ခြင်းပြုမယ်ဆိုရင်၊ ထိုလူ သို့မဟုတ် ထိုနိုင်ငံဟာ ထိုမတရားမှုအတွက် အပြစ်ဒဏ်ခတ်မှုကို မုချမလွဲခံရစမြဲပဲ ဖြစ်ပါတယ်။

ဒီလို လူတစ်ဦးက တစ်ဦးအပေါ်မှာ ဖြစ်စေ၊ နိုင်ငံတစ်ခုက နိုင်ငံတစ်ခုအပေါ်မှာပဲ ဖြစ်စေ၊ ဖိနှိပ်ခြယ်လှယ်မှုတွေ, ခေါင်းပုံဖြတ်မှုတွေ ပြုလုပ်ခဲ့ကြလို့လည်း ဒီကမ္ဘာကြီးမှာ ဒုက္ခတွေ ပင်လယ်ဝေခဲ့တာဟာ အကြိမ်ကြိမ်ရှိပါပြီ။ တရားမဲ့ခြင်း, ဖိနှိပ်ခြယ်လှယ်ခြင်း, ခေါင်းပုံဖြတ်ခြင်းတို့ ဆက်လက်တည်ရှိနေသရွေ့ တုံ့ပြန်လက်စားချေမှုဟာ ကမ္ဘာပေါ်မှာ မကြာခဏ ပေါ်ပေါက်နေဦးမှာပါပဲ။ ဒီအချက်ဟာဆိုရင် ကမ္ဘာ့ရေးရာ အပြစ်အပျက်, အတွေ့အကြုံများထဲမှ ပေါ်ထွက်လာတဲ့ လောကပါလတရားလို့ ကျွန်ုပ်အနေနှင့် မှတ်သားခံယူပါတယ်။

ယနေ့ဆိုရင် ကျွန်ုပ်တို့ဟာ ကျေးကျွန်ပမာ အနိုင်အစေခံရင်း သေဆုံးခဲ့ကြတဲ့ မဟာမိတ်တပ်သားများနှင့် ကျွန်ုပ်တို့နိုင်ငံသား ထောင်ပေါင်းများစွာတို့ကို အမှတ်ရတဲ့အနေနှင့် ဒီနေရာကို လာရောက်ခဲ့ကြပါတယ်။ နောင်ကို ဘယ်တော့မှ ဒီလိုအဖြစ်မျိုး, ဒီလို ချွေးတပ်ဆွဲခံရတာမျိုး, ဒီလိုကျေးကျွန်ပြုခံရတာမျိုး, ဒီကမ္ဘာကြီးမှာ မတွေ့ကြရစေဖို့ ကျွန်ုပ်တို့အားလုံး သဘောပေါက်ထားကြရပါမယ်။

လူကို လူက ကျွန်ပြုမှု၊ ခေါင်းပုံဖြတ်မှုတို့ ဘယ်လိုပုံစံမျိုးနှင့်မျှ ကမ္ဘာပေါ်မှာ နောက်ထပ်ပေါ်မလာပါစေနှင့်လို့ ကျွန်ုပ်တို့အားလုံး ဆန္ဒပြုကြဖို့ လိုပါတယ်။

ကျွန်ုပ်တို့ဟာ ကွယ်လွန်သူများရဲ့ မြင့်မြတ်သော ဝိညာဉ်များနှင့် တွေ့ဆုံနိုက် သူတို့အတွက် ဆုမွန်ကောင်းများ တောင်းရုံသာမဟုတ်ဘဲ၊ 'ကမ္ဘာသူ ကမ္ဘာသားအားလုံး အနှောင်အဖွဲ့အချုပ်အခြယ်များမှ အမြန်ဆုံးလွတ်မြောက်ကြပါစေ'လို့ ဆုတောင်းသင့်ကြပါတယ်။

ဒီလို ဆုတောင်းရင်းနှင့် တစ်ချိန်တည်းမှာပဲ လူအချင်းချင်းဖိနှိပ်မှု, သွေးစုတ်ခြယ်လှယ်မှု, လူမဆန်မှုစတဲ့အဖြစ်မျိုးကိုတည်မြဲစေမယ့် ဖက်ဆစ်စနစ်ဆိုးဟာ မည်သို့သောအသွင်မျိုးနှင့်ပဲ ရှိသည်ဖြစ်စေ၊ ကမ္ဘာ့မြေပြင်ပေါ်က အမြစ်ပါမကျန် ပျောက်ပျက်သွားအောင် တော်လှန်တိုက်ဖျက်ကြဖို့ အလေးအနက်အမိန့်ချွန်ပြုကြပါစို့။

[ THE BURMA-SIAM SAILWAY (1942-45) THANBYUZAYAT, BURMA ON DECEMBER 18 * 1946. စာအုပ်ငယ်မှ]

http://mmteashop.com

## စတင်ခရီးထွက်ခွာခြင်း

ကြုံတွေ့ရင်ဆိုင်ရမည့် ဘေးအန္တရာယ် တစ်စုံတစ်ရာကို မသိရသေးသောကြောင့်လည်း ထိုအချိန်ထိုအခါက ကျွန်တော်၏ လှုပ်ရှားမှုများသည် သွက်လက်ဖျတ်လတ်လျက်ရှိနေပါတော့သည်။

မရောက်ဘူးသောဒေသ, မသွားဘူးသော ခရီးလမ်းတစ်ခုကို လူအမြောက်အမြားနှင့် သွားကြရမည်ဖြစ်သောကြောင့်လည်း ကျွန်တော့်စိတ်များသည် တက်ဘက်ကြွကြွဖြစ်နေသည်။ ဘာကိုမျှ ကျွန်တော် ပူရပင်ရမှန်း, ကြောက်လန့်စိုးရိမ်စကောင်းမှန်း မသိ။ ထိုအဖြစ်မျိုး ဖြစ်လိမ့်မည် ဟူ၍လည်း ကျွန်တော် မတွေးတောမိ။ ကျွန်တော့်စိတ်ကထင်နေသည်မှာ ကျွန်တော်တို့ချွေးတပ်များသည် တိုင်းပြည်အတွက် အလုပ်တစ်ခုခုကို သွားရောက်လုပ်ကိုင်ကြရန် ခရီးထွက်ကြရသည့် သဘောမျိုးလောက်ဟုသာ အထင်ရောက်နေမိလေသည်။

ထိုစဉ်က ကျွန်တော်မှာ အသက် အစိတ်ကျော်အရွယ် လူရွယ်တစ်ယောက်မျှသာဖြစ်လေသည်။ ခွန့်ခွန့်စားစားနှင့် ခရီးသွားရမည့်အလုပ်မျိုးကိုလည်း နှစ်သက်သူတစ်ယောက် ဟူ၍ ဆိုနိုင်ပါသည်။ ပြီးလျှင် ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကလည်း ကျွန်တော်၏စိတ်ဓာတ်များကို နှိုးဆွလျက်ပေးနေသည်ဟု ကျွန်တော်ထင်ပါသည်။

ပတ်ဝန်းကျင်သည် စစ်မက်၏အရေးအခင်းများဖြင့် ဆူပွက်လှုပ်ရှားနေသည်။ မြန်မာတစ်နိုင်ငံလုံး စစ်ရေးစစ်ကြောင်းဖြင့် ဖုံးလွှမ်းနေသည်။ တစ်တိုင်းပြည်လုံး စစ်တလင်းစစ်မြေပြင်အဖြစ်၌ ရပ်တည်လျက်ရှိနေသည်။ လူငယ်လူရွယ်တိုင်းလိုလို စစ်ထဲသို့လိုက်ကုန်ကြသည်။ လူကြီးတိုင်းလိုပင် စစ်မက်၏အကြောင်းများကိုသာ ပြောကြားလျက်ရှိကြသည်။ ဗုံးသံ, အမြောက်သံ, သေနတ်သံများနှင့် စစ်ချီစစ်တက်သံများကိုလည်း ကြုံတွေ့နေရသည့် အခါသမယပင် ဖြစ်လေသည်။

အချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား၍ ဂျပန်များ မြန်မာ့မြေပေါ်သို့ရောက်ရှိခဲ့ပြီးနောက် ၁ နှစ်ကျော်ခန့်ကြာရှိခဲ့သောအချိန်ပင် ဖြစ်လေသည်။

ထိုအချိန်တွင် 'ယိုးဒယား–မြန်မာမီးရထားလမ်း' [THE RAILWAY OF DEATH] သေမင်းတမန်မီးရထားလမ်းမကြီးကို ဂျပန်များ စတင်ဖောက်လုပ်နေသောအချိန်ပင် ဖြစ်လေသည်။

ဂျပန်တို့သည် ထို ယိုးဒယား–မြန်မာမီးရထားလမ်းမကြီး ဖောက်လုပ်ရေးအတွက် မြန်မာနိုင်ငံအရပ်ရပ်မှ ချွေးတပ်သားပေါင်း ၁ သိန်း ၇ သောင်းကျော်ရှိအောင် သိမ်းသွင်းစုစည်းခြင်းပြုခဲ့လေသည်။

ထိုကဲ့သို့ ဂျပန်များသိမ်းသွင်းခေါ်ဆောင်ခဲ့သည့် ချွေးတပ်သားများထဲတွင် ကျွန်တော့်အမြင်ဖြင့် ပြောရသော် ၃ မျိုး ၃ စား တွေ့ရလေသည်။ ပထမအမျိုးအစားမှာ မိမိတို့သဘောဆန္ဒအလျောက် ချွေးတပ်ထဲသို့ လိုက်ပါခဲ့ကြသူများဖြစ်လေသည်။ ထိုလူစားမှာ လူနည်းစုမျှသာ ဖြစ်ကြလေသည်။ ဒုတိယအမျိုးအစားမှာ ငွေကြေးအခစားနားရယူလျက် သူတစ်ပါးကိုယ်စားလိုက်ပါလာကြသူများ ဖြစ်ကြလေသည်။ ထိုလူစားမှာလည်း လူနည်းစုသာလျှင် ဖြစ်လေသည်။ တတိယအမျိုးအစားမှာမူ ချွေးတပ်ထဲသို့ လိုက်ပါလိုစိတ်လုံးဝမရှိရှာဘဲ အတင်းအဓမ္မ ဖမ်းဆီး

http://mmteashop.com



ခေါ်ဆောင်လာသည့်အတွက် လိုက်ပါခဲ့သူများ ဟူ၍ဖြစ်လေသည်။ ချေးတပ်သားများထဲတွင် ထိုလူစားမျိုးမှာ အများဆုံး ဖြစ်လေသည်။

ကျွန်တော်သည် ပထမလူစားမျိုးထဲက ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သာမန်ချေးတပ်သား တစ်ယောက် မဟုတ်ပါဘဲ၊ ဂျပန်တို့၏ ဝါဒဖြန့်ချိရေးမှူးတစ်ယောက်အဖြစ် ချေးတပ်သားများကို ကွပ်ကဲလျက် ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာသို့လိုက်ပါခဲ့ရသော ချေးတပ်သားတစ်ယောက် ဖြစ်ခဲ့ရလေသည်။

ကျွန်တော်တို့တစ်တွေ ခရီးစတင်ထွက်ခွာသော အချိန်မှာ မေလ၏စတုတ္ထရက်ပတ် ကုန်ဆုံးလုလုဆဲဆဲ အချိန်ပင် ဖြစ်ပါသည်။ နှစ်အားဖြင့်မူ ၁၉၄၂ ခုနှစ်တွင် ဖြစ်လေသည်။ ထိုအချိန်မှာ ကျွန်တော်တို့မြစ်ဝကျွန်းပေါ် ဒေသများ၌ မိုးဦးကျစအချိန်ပင် ဖြစ်လေသည်။

မိုးသေးမိုးဖွဲလေးများသည် ခပ်ပါးပါးကျဆင်းလျက်ရှိသည်။ မုတ်သုန်လေသည် ဧရာဝတီမြစ်ပြင်ကျယ်ကြီးကို ဖြတ်သန်းကျော်လွှားလျက် ညောင်တုန်းမြို့တွင်းဆီသို့ တိုက်ခတ်လာသည်။ မြစ်ဆိပ်ကမ်း တာရိုးကလေးပေါ်တွင်မူ ချေးတပ်သား လုပေါင်း ၂၀၀ ကျော်ကျော် ၃၀၀ ခန့်တို့မှာ ၄ ယောက် ၁ တွဲ တန်းစီလျက်ရှိနေကြလေသည်။

အချိန်မှာ နေ့လယ် ၂ နာရီခန့် ဖြစ်လေသည်။ သို့ရာတွင် နေရောင်ကိုကား မမြင်ရပါချေ။ ကောင်းကင်ပြင် တစ်ခွင်လုံးမှာ အုံ့မှိုင်းရီဝေနေသောမိုးရိပ်မိုးသားများဖြင့် ပြည့်နှက်လျက်ရှိလေသည်။ အနောက်တောင်ထောင့်ဆီမှ မည်းမည်းချိပ်ချိပ်ရှိသောမိုးသားတိမ်တိုက်များသည် မကြာမီအချိန်အတွင်း၌ တအုံးအုံးတဖြုန်းဖြုန်းရွာချလေမလား ဟု ထင်ရလေသည်။ သို့ရာတွင် လေပြင်း၏တိုက်ခတ်ချက်ကြောင့် မိုးသားမိုးရိပ်များက တရွေ့ရွေ့ လွင့်ပါးနေကြသည်။ ဤအဖြစ်ကြောင့် ရတ်တရက် မိုးပြင်းထန်စွာမရွာသွန်းသေးဘဲ ရှိလေသည်။

ကျွန်တော်သည် တန်းစီနေသောချေးတပ်သားများကို ဂရုထားကာကြည့်လိုက်မိသည်။ အချို့သည် ဦးထုပ် များကို ဆောင်းထားသည်။ အချို့ကား ဝါးဖပ်ခမောက်များကို ဆောင်းထားသည်။ အချို့မှာ လုံကွင်းများကို ရစ်ပေါင်းထားကြလျက်။ အချို့လည်း ဟောင်းနွမ်းညစ်ဆေးသောတဘက်များကို ပေါင်းထားကြသည်။ အချို့မှာမူ ဦးခေါင်းဆောင်းဟူ၍ တစ်စုံတစ်ရာမပါကြပါချေ။

ထိုအခါမှ ကျွန်တော်သည် ချေးတပ်သားများကို ပို၍သတိပြုမိလေသည်။ ချေးတပ်သားအချို့တွင် အိပ်ရာလိပ် ကလေးများအစ, လွယ်အိတ်ကလေးများအစ ပါရှိလာကြသော်လည်း၊ များစွာကုန်သောချေးတပ်သားများတွင်မူ အဝတ်တစ်ထည်ကိုယ်တစ်ခုဆိုသလို ဖြစ်ကြလေသည်။ အမှန်ပင် သူတို့ကိုယ်ပေါ်၌ 'ခါးဝတ်ခါးစား'ဆိုသော အခြေအနေမျိုးဖြစ်ကြလေသည်။ သူတို့ဝတ်ထားသောအဝတ်များမှာလည်း အတော်ပင်ဟောင်းနွမ်းပေရေနေသည့် အမျိုးအစားထဲက ဖြစ်လေသည်။

"ဘယ်လိုလဲဗျ။ တချို့လူတွေမှာ အဝတ်အစားအပိုအလျှံတို့, အိပ်ရာလိပ်ကလေးတို့တောင် ပါမလာကြဘူး။ သူတို့က တစ်နေရာနှင့်တစ်နေရာ နေ့ချင်းပြန်ခရီးသွားတယ်များ ထင်နေသလားမသိဘူး"

ကျွန်တော်က အနီးတွင်ရှိနေကြသော ဘွန်ထိုက်ချိုကိုမောင်စိန်နှင့် ဟန်ချိုကိုချစ်တီး ဆိုသူကို ပြောလိုက်ပါသည်။ သူတို့ ၂ ဦးစလုံးပင် ကျွန်တော့်ထက်အသက်ကြီးသူများ ဖြစ်ကြပါသည်။ ကိုမောင်စိန်မှာ ကျွန်တော်နှင့် တစ်မြို့တည်းသားဖြစ်လျက်၊ ကိုချစ်တီးဆိုသူမှာ ညောင်တုန်းအနီး ကွမ်းသီးပင်ရွာသစ်သားတစ်ယောက်ဖြစ်လေ သည်။

"ဟိုရောက်ရင် အားလုံး လိုချင်တာရမှာပဲဗျာ။ ဒီကယူသွားတော့ တာဝန်တောင်ပိုလေးသေးတယ်။ ကျွန်တော် တောင် လွယ်အိတ်တစ်လုံးနှင့် အဝတ်စား ၄-၅ ထည်ပဲယူလာတယ်"

ဟန်ချိုကိုချစ်တီးက ပြောပါသည်။

"ဘယ်ရောက်တော့လဲ။ ရန်ကုန်ရောက်တော့လား"

http://mmteashop.com



ကျွန်တော်က မေးလိုက်ပါသည်။

“ယိုးဒယားရောက်တော့ပေါ့ဗျာ။ ဟိုမှာ အဝတ်အထည်, အစားအသောက် သိပ်ပေါဆိုပဲ။ ဂျပန်က ဒါတွေ အားလုံးပေးမှာပဲ”

ကျွန်တော် အထက်ကဆိုခဲ့သည့်အတိုင်း ချွေးတပ်ထဲသို့ ကိုယ့်သဘောနှင့်ကိုယ် လိုက်ပါလာသူများမှာ ကိုချစ်တီးပြောသလိုပင် ယူဆထားကြသူတွေ များလှပေသည်။ ဂျပန်များနှင့် ဂျပန်တို့၏အလိုတော်ရိမျာကလည်း ချွေးတပ်သားများအား ဤအတိုင်းပင် ဝါဒဖြန့်ထားကြလေသည်။

‘အဝတ်ကောင်းကောင်း ရမယ်။ အစားကောင်း ရမယ်။ ပိုက်ဆံကြေးငွေ အခစားနားကောင်းကောင်း ရမယ်။ ဂျပန်နိုင်ငံကိုပင်ရောက်လိုက ရောက်လိမ့်ဦးမည်’ဟု ဆိုလေသည်။ ပြီးလျှင် ‘၁ နှစ်ပြည့်မြောက်သည့်အခါ မိမိတို့မြို့ရွာသို့ ပြန်ပို့ပေးမည်’ဟု ဆိုလေသည်။ ထိုအခါ အလုပ်မရှိအကိုင်မရှိဖြစ်နေသူများ, စွန့်စားလိုသူများနှင့် တိုင်းတစ်ပါးသို့ရောက်လိုသူ လူငယ်လူရွယ်အချို့သည် ဂျပန်တို့၏စကားကို အယုံကြီးယုံကြည်လျက် ချွေးတပ်ထဲသို့လိုက်ကြခြင်းပင် ဖြစ်လေသည်။

ဂျပန်များသည် ထိုသူထိုသူများအား ပညာအရည်အချင်းကို အသင့်အတင့်မေးမြန်းဆန်းစစ်လျက် ‘ဘွန်ထိုက်ချို’, ‘ဟန်ချို’ စသောအလုပ်သမားများအဖြစ် ခန့်အပ်ခြင်း ဖြစ်လေသည်။ ‘ဘွန်ထိုက်ချို’, ‘ဟန်ချို’ ဟူ၍ ခန့်အပ်ပြီးသည့်အခါ၊ ဘွန်ထိုက်ချိုလက်ပတ်များ, ဟန်ချိုလက်ပတ်များကိုထုတ်ပေးခြင်း ပြုလေသည်။ ထိုလက်ပတ်အဝတ်များကို သက်ဆိုင်သူက အင်္ကျီလက်မောင်းပေါ်တွင် ပတ်ထားရလေသည်။

ဂျပန်များသည် ညောင်တုန်းမြို့ဆိပ်ကမ်းမှ မထွက်ခွာမီပင် ကျွန်တော်တို့ချွေးတပ်သားများအား ဂျပန်ငွေအနည်းအကျဉ်းကိုထုတ်ပေးခြင်း ပြုလေသည်။ ထိုအခါ၌မူ ‘ချွေးတပ်သား’ ဟူ၍လည်းကောင်း, ဘွန်ထိုက်ချို, ဟန်ချိုဟူ၍ လည်းကောင်း, ဝါဒဖြန့်ချိရေးမှူးဟူ၍ လည်းကောင်း အဆင့်အတန်းသတ်မှတ်လျက် ဆုကြေးနှိမ့်မြင့်ပေးခြင်းတော့ မဟုတ်ပါချေ။ တပြေးညီ တစ်မျိုးစားတည်းပေးခြင်း ဖြစ်လေသည်။ ကောင်းစွာမမှတ်မိသော်လည်း ကျွန်တော့်စိတ်အထင်ကိုပြောရလျှင် ချွေးတပ်သားတစ်ယောက်လျှင် ငွေ ၂၅ ကျပ်ခန့်ပေးသည် ဟုအမှတ်ပြုမိပါသည်။

ထို့ကြောင့်လည်း ချွေးတပ်သားများသည် ညောင်တုန်းမြို့ဆိပ်ကမ်း၌ပင် မုန့်ပဲသရေစာ ဝယ်စားသူက စားကြသည်။ ဆေးလိပ်အစ ကွမ်းယာအစ ဝယ်ယူသူကဝယ်ကြသည်။ ၄ ယောက်တစ်တွဲ ၄တ်တုက်ထိုင်ရင်းမှ တစ်ယောက်တစ်ပေါက်စကားပြောသူကပြောလျက် ရှိကြသည်။ တစ်ခဏသောအချိန်ကလေးအတွင်း၌မူ မြစ်ဆိပ်ကမ်းနားတာရိုးကလေးပေါ်၌ လူသံသူသံများနှင့် လှုပ်လှုပ်ရွရွစီစီညံညံရှိနေလေတော့သည်။

ဂျပန်စစ်သားအချို့သည် ရိုင်ဖယ်သေနတ်များဆွဲကိုင်လျက် ကျွန်တော်တို့၏ အနီးပတ်ဝန်းကျင်၌ ရှိနေကြပါသည်။ ရေညှိရောင် စစ်ယူနီဖောင်းဝတ်ထားသော, ဓားလွယ်ကို ခါးတွင်ချိတ်ထားသည့် ဂျပန်စစ်ဗိုလ်သည် မြို့ခံလူကြီးများနှင့်တိုင်ပင်ကာ ကျွန်တော်တို့ချွေးတပ်သားများအား ပို့ဆောင်ရေးအတွက် အစီအစဉ်ကိုပြုလုပ်လျက် ရှိလေသည်။

ကျွန်တော်တို့၏ခရီးစဉ်ကိုမူ ကျွန်တော်သည် မြို့ခံလူကြီးများထံမှတစ်ဆင့် သိသင့်သလောက်သိရှိရပြီး ဖြစ်လေသည်။ ကျွန်တော်တို့သည် ညောင်တုန်းမှ မအူပင်သို့သွားရမည် ဖြစ်လေသည်။ မအူပင်မြို့၌လည်း ကျွန်တော်တို့ကဲ့သို့သောချွေးတပ်သားများ ရှိနေကြောင်း သိရလေသည်။ မအူပင်မှတစ်ဆင့် ရန်ကုန်သို့သွားရမည် ဆိုသော်လည်း၊ ရန်ကုန်မှနေလျက် ရှေ့ခရီးစဉ်ကိုမူ ကျွန်တော် မသိပါချေ။ မြို့ခံလူကြီးများကလည်း ထိုအကြောင်းကို ပြောပြနိုင်ခြင်း မရှိကြပါချေ။

ဤသို့ ကျွန်တော်တို့ချွေးတပ်သားများ မြစ်ဆိပ်တာရိုးပေါ်တွင်ရှိနေကြသော်လည်း၊ မြို့သူမြို့သားများသည် လည်းကောင်း, သက်ဆိုင်ရာဆွေမျိုးသားချင်းများသည် လည်းကောင်း ကျွန်တော်တို့ အနီးအနားသို့ လာရောက်ကြ

http://mmteashop.com



ခြင်းမရှိပါချေ။ မည်သည့်ရွှေးတပ်သားကိုမျှလည်း သူ၏အိမ်သူအိမ်သားများက လာရောက်၍နှုတ်ဆက်သည်ကို မတွေ့ရချေ။ ခရီးသွားခရီးလာများသည် ရွှေးတပ်သားများနှင့် ခပ်လှမ်းလှမ်းမှကွင်းရှောင်သွားကြလေသည်။

အချို့သည် တာရိုးကလေးပေါ်ရှိ စုရုံးစုရုံးဖြစ်နေသောရွှေးတပ်သားများကို ခပ်လှမ်းလှမ်းမှ တစေ့တစောင်း ကြည့်ရုံသာ ကြည့်ကြပြီးနောက် ထိုနေရာထိုအရပ်မှ သုတ်ခြေတင်လျက်ထွက်ခွာသွားတတ်ကြလေသည်။

ထိုအချိန်တွင်မူ တဖွဲဖွဲကျဆင်းနေသောမိုးပေါက်ကလေးများလည်း ပျောက်ကွယ်ရပ်စဲသွားတော့သည်၊ မိုးကောင်းကင်မှာလည်း အတော်အတန် ကြည်လင်စပြုလာသည်။ မြစ်ပြင်မှလေပြင်းမှာမူ ခပ်စောစောကထက် ပို၍ပြင်းထန်စွာ တိုက်ခတ်လာလေသည်။

"သဘော်မရဘူး။ အားလုံးသမ္ဗန်နှင့်သွားကြရမယ်"

ကျယ်လောင်သောထိုအသံများသည် မြို့ခံလူကြီးများရှိရာနှင့် ကေဘိုထိုင်တပ်သားများရှိရာမှ ပေါ်ထွက်လာလေသည်။

မကြာမီ မြို့အောက်ဘက်တစ်နေရာမှ ဂျပန်နေတံဆိပ်အလံထိုးစိုက်ထားသော ရှေ့ဆုံးမှသမ္ဗန်ကြီး ၁စင်းနှင့် သူနောက်မှ သမ္ဗန် ၉စင်းသည် တကျွိကျွိလှော်ခတ်လျက် ကျွန်တော်တို့တစ်တွေရှိရာ ဆိပ်ကမ်းသို့ တရွေ့ရွေ့လာနေသည်။ သမ္ဗန်များပေါ်၌လည်း လက်နက်ကိုင်စစ်သားတစ်ယောက်ကျ လိုက်ပါလာသည်။ သမ္ဗန်ကြီးများမှာ စပါး ၃–၄၀၀ ထက်မနည်းတင်ဆောင်နိုင်သော သမ္ဗန်ကြီးများဖြစ်လေသည်။ ဦးမှ ၂ ယောက်, ပဲ့မှ ၁ ယောက် ခတ်ရလေသည်။

လှော်ခတ်လာသော သမ္ဗန်ကြီးများသည် မကြာမီ ကျွန်တော်တို့ရှိရာဆိပ်ကမ်းတည့်တည့်တွင် ဝင်ရောက်ဆိုက်ကပ်မိလေသည်။

"ဘွန်ထိုက်ချိနှင့် ဟန်ချိတွေ။ ခင်ဗျားတို့လူတွေကို ၄ ယောက် ၁ တွဲ တန်းစီခိုင်းဗျို့။ အားလုံး သမ္ဗန်တွေပေါ်တက်ကြရမယ်"

ကေဘိုထိုင်ဗိုလ်တစ်ယောက်က အော်ဟစ်၍ပြောလေသည်။

ကေဘိုထိုင်တပ်ဖွဲ့မှာ ဂျပန်ခေတ်က ဂျပန်များအတွက်အကူအညီရရှိစေရန် ဂျပန်များက အသိအမှတ်ပြုလျက် ဖွဲ့စည်းထားသော ဝါးချွန်ကိုင်တပ်သားများ ဖြစ်ကြလေသည်။ တပ်ဖွဲ့ဝင်များသည် မြို့ပေါ်နေ လူလတ်တန်းစားများနှင့် ထိုလူလတ်တန်းစားများ၏သားများပင် ဖြစ်ကြလေသည်။

ထိုအခိုက် လူတစ်ယောက် ကျွန်တော့်ရှိရာသို့ ခပ်သွက်သွက်လျှောက်လာသည်။ သူသည် ကျွန်တော်တို့ မြို့ပေါ်မှ အစိုးရအမှုထမ်းတစ်ယောက် ဖြစ်လေသည်။ ဂျပန်များနှင့် အဆင်ပြေအောင်ပေါင်းသင်းဆက်ဆံနိုင်သူ ဖြစ်သောကြောင့်လည်း ဂျပန်များ၏အရေးပေးခြင်းကိုခံရသူ ဖြစ်လေသည်။ ကျွန်တော့်အား ဝါဒဖြန့်ချိရေးမှူး ဖြစ်အောင် ဆောင်ကြဉ်းပေးလိုက်သူလည်း ဖြစ်လေသည်။

"ဟိုရောက်ရင် စာထည့်လိုက်ပေါ့ကွာ။ မင်းအိမ်အတွက်လည်း ဘာမျှစိတ်မပူနှင့်။ အစစ ငါ စောင့်ရှောက်ပါ့မယ်" ဟု ထိုသူကဆိုလေသည်။

ကျွန်တော်သည် သူ့စကားကိုကြားလိုက်ရတော့မှလည်း ကျွန်တော့်အဖြစ်ကို ကျွန်တော် ပြန်လည်ကာ သတိပြုလိုက်မိလေသည်။

'မိဘ, ညီအစ်ကို, မောင်နှမများနှင့် ခွဲခွာရတော့မည်။ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟများနှင့် ခွဲခွာရတော့မည်။ မိမိမွေးဖွားရာ ဒေသမြို့ပြနှင့် ခွဲခွာရတော့မည်' ဟူသောအသိက ကျွန်တော်၏နှလုံးသားအတွင်းသို့ ချက်ချင်း ဝင်ရောက်လာသည်။

စိတ်မကောင်းသလို ဝမ်းနည်းသလိုဖြစ်မိသည်။ ကျွန်တော်သည် ထိုသူကို တစ်ချက်မျှ ပြုံး၍ခေါင်းညိတ်ပြ

http://mmteashop.com



လိုက်သည်။ နောက်ထပ်၍ သူသည် မည်သည့်စကားမျှမဆိုတော့ဘဲ၊ ခပ်လှမ်းလှမ်းညောင်ပင်ကြီးအောက်တွင် ရပ်နေသော ဂျပန်စစ်ဗိုလ်ဆီသို့ ထွက်ခွာသွားလေသည်။

ကျွန်တော်သည် ကစ်းနဖူးထိပ်တာရိုးပေါ်မှရပ်လျက် မြို့ဆီသို့ လှမ်းကြည့်လိုက်မိသည်။ မှိုင်းမှိုင်းညို့ညို့ သစ်ပင်ကြီးများအောက်ရှိ လူနေအိမ်အဆောက်အအုံများ၊ တိုက်တာစသည်များကို ဟိုတစ်ကွက်ဒီတစ်ကွက် မြင်တွေ့နေရသည်။ မြင်မြင်သမျှအရာအားလုံး စိတ်အားတက်ကြွဖွယ် မရှိ။ ရီဝေမှုန်ဝါးနေသည်ဟု ကျွန်တော် ထင်မိသည်။

ဟိုနေရာက ကျောင်း၊ ဟိုဟာက ဈေး၊ ဟိုဟာက ဆေးရုံ၊ ဟိုဘက်က ငါတို့နေတဲ့ရပ်ကွက် ဟူ၍လည်း ကျွန်တော့်စိတ်ထဲက တမ်းမှန်းလိုက်မိလေသည်။ ကိုယ့်မြို့ကိုယ့်ရပ်နှင့် ကိုယ့်မိသားစုများကိုခွဲရမည်ဆိုတော့မှလည်း ကျွန်တော့်ရင်ထဲတွင် ဖိုလှိုက်စပြုလာသည်။

ကျွန်တော်၏အိမ်သားများသည် ကျွန်တော်၏အပြုအမူကို မနှစ်သက်ကြသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်တော့်ကို လာရောက်နှုတ်ဆက်ခြင်းမပြုကြပါချေ။ ကျွန်တော့်အမေဆိုလျှင် ကျွန်တော့်အတွက် မျက်ရည်နှင့် မျက်ခွက်ဖြစ်နေပါတော့သည်။ ထိုအထဲက ကျွန်တော်သည် ဖွတ်ပေလျက် ချွေးတပ်ထဲသို့ လိုက်ခဲ့ခြင်း ဖြစ်လေသည်။

ချွေးတပ်သားများသည် ကမ်းထိပ်တာရိုးပေါ်မှနေလျက် သမ္ဗန်ကြီးများဆိုက်ကပ်ထားရာ ကမ်းခြေရေစပ်သို့ ဆင်းသက်ခြင်းပြုကြလေသည်။ ၄ ယောက် ၁ တွဲ ဟုဆိုသော်လည်း တာရိုးအမြင့်မှ ကမ်းခြေအနိမ့်ပိုင်းသို့ ဆင်းသက်လာကြသည့်အခါ၌မူ၊ ၄ ယောက် ၁ တွဲလည်း မဟုတ်၊ ၂ ယောက် ၁ တွဲလည်း မဟုတ်။ ကျွဲအုပ်၊ နွားအုပ်ကြီးများကို မောင်းနှင်ချလိုက်သည့်အလား ပုံပျက်ပန်းပျက်နှင့် အပြေးအလွှားဆင်းသက်ကြရလေသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း သူတို့နည်းတူ အပြေးအလွှားဆင်းသက်ခဲ့ရလေသည်။ မတ်စောက်ကြီးဖြစ်နေသော ကမ်းခြေမှာ ထိုနည်းအတိုင်းဆင်းသက်ရမည်သာ ဖြစ်လေသည်။

ကျွန်တော်တို့တစ်တွေစီးနင်းလိုက်ပါရမည့် သမ္ဗန်များအားလုံးတွင် 'ပေါင်းမိုး' ဟူ၍ တစ်စင်းတလေမျှ မပါရှိချေ။ ကျွန်တော်တို့သည် သမ္ဗန် ၁ စင်းလျှင် လူ ၂၀-၂၅ စသည်ဖြင့် ကိုယ့်အုပ်စုနှင့်ကိုယ် သင့်သလိုကြည့် ထိုင်ရလေသည်။ ထိုအခါ သမ္ဗန်များ၏ဝမ်းခေါင်းထဲတွင် ကြက်ခြင်းထဲကကြက်တွေလို ဖြစ်နေလေတော့သည်။ သမ္ဗန်ပဲ့ပိုင်းနှင့် ဦးပိုင်းတွင်မူ ဂျပန်စစ်သား ၂ ယောက်ကျစီက နေရာယူထားပြီးဖြစ်လေသည်။

ဂျပန်များသည် မည်သို့စိတ်ကူးပေါက်သည်ဟု မပြောတတ်ပါချေ။ သမ္ဗန် ၁၀ စင်းကို ၁ စင်းနှင့် ၁ စင်း အရှည်လိုက်ကြိုး ကြိုးပစ်လျက်ချည်နှောင်ထားလေသည်။ ထိုအခါ သမ္ဗန်ကြီး ၁၀ စင်းမှာ မြစ်ထဲတွင် မြွေလိမ်မြွေကောက်ကြီးတွန့်လိမ်တွားသွားသလို ဖြစ်နေလေတော့သည်။

သမ္ဗန်ကြီးများသည် ပန်းလှိုင်ချောင်းအတွင်းမှနေလျက် ဧရာဝတီမြစ်ပြင်သို့ ထွက်ခဲ့လေသည်။ အနောက်ဘက်ကမ်းသည် စကြော့ရွာငယ်ရှိ၍၊ အရှေ့ဘက်ကမ်းသည် မြေနုကျွန်းပေါ် သဲသောင်များထွန်းသည့်နေရာ ဖြစ်လေသည်။ လယ်သမားကိုင်းသမားများ၏ ကိုင်းလွှတ်ပြီးချိန်၊ ကိုင်းသိမ်းပြီးချိန် ဖြစ်သောကြောင့်လည်း စိမ်းစိုသောမြင်ကွင်းများကို ဟိုနေရာတစ်ကွက်သည်နေရာတစ်ကွက်သာ ကွက်တိကွက်ကြား မြင်ရလေတော့သည်။

"ရန်ကုန်ရောက်တော့ ကျွန်တော်တို့ကို ဘယ်ဆက်ပြီးပို့မှာလဲဗျာ"

သမ္ဗန်ဝမ်းခေါင်းထဲမှ ချွေးတပ်သားတစ်ယောက်က ကျွန်တော့်ကို လှမ်း၍မေးလေသည်။ သူသည် ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းသား ကိုအောင်သိန်း ဆိုသောချွေးတပ်သား ဖြစ်လေသည်။

"မြန်မာပြည်နှင့် ယိုးဒယားနယ်စပ်ကို ပို့မှာပေါ့။ အဆင်သင့်ရင် ယိုးဒယားထဲတောင် တို့တစ်တွေရောက်သွားဦးမယ်"

ကျွန်တော်က မည်သို့မျှအဖြေမပြုရသေးမီ ကျွန်တော်နှင့်ယှဉ်ထိုင်နေသော ဘွန်ထိုက်ချိုကိုမောင်စိန်က ဖြေလေသည်။ ခပ်စောစောကမူ သူသည် သီချင်းကလေးတညည်းညည်း၊ လေကလေးတမြမြချွန်လျက် ရှိလေသည်။

http://mmteashop.com



"ဟိုမှာတော့ အဝတ်အထည်တွေ, အစားအသောက်တွေ ပေါမှာပဲနော်"

တစ်ယောက်သောချွေးတပ်သားက လှမ်းမေးလေသည်။

"သိပ်ပေါပေါ့ကွာ။ အပြန်တော့ ဘန်ကောက်လုံချည်လေးဘာလေးတောင် သယ်ခဲ့ရဦးမယ်"

ကိုမောင်စိန်က ပြောလေသည်။

"မော်လမြိုင်ကဖြတ်သွားရင်တော့ ဒီအချိန် ဒူးရင်းသီးပေါမယ်ဟေ့။ ဒူရင်းသီးအဝစားရမယ်ကွ"

ဦးထွန်းကျော် ဆိုသောချွေးတပ်သားကြီးက ပြောလေသည်။ သူသည် ညောင်တုန်းမြို့ပေါ်သားတစ်ယောက် မဟုတ်ချေ။ ဆားမလောက်ရွာငယ်မှ အင်းလုပ်သားကြီးတစ်ယောက် ဖြစ်လေသည်။ အသက် ၅၀ ကျော်အရွယ် ဖြစ်သည်။ နှုတ်ခမ်းမွေးကြီးတကားကားနှင့် ဖြစ်သည်။ မယားသေဆုံးပြီးနောက် ချွေးတပ်ထဲသို့ စိတ်ပျက်လက်ပျက်နှင့်လိုက်ပါလာခဲ့သည်ဟု ကျွန်တော့်ကို ပြောပြလေသည်။

ကျွန်တော်တို့သည် မအူပင်မြို့သို့မရောက်မီ လမ်းခုလတ်ကြား၌ တစ်ယောက်နှင့်တစ်ယောက်မသိသေးသူများအဖြစ်မှ ရင်းနှီးကျွမ်းဝင်ပြုလာလေသည်။ တစ်ဦး၏အကြောင်းကို တစ်ဦးကမေးမြန်းခြင်း ပြုလာသည်။ တစ်ဦး၏အဖြစ်ကို တစ်ဦးကစုံစမ်းခြင်း ပြုလာသည်။

သမ္ဗန်ကြီး ၁၀ စင်းတွင် ညောင်တုန်းမြို့နယ်မှ ချွေးတပ်သားများ သမ္ဗန်ကြီး ၆ စင်းတိတိအပြည့်ပင် ဖြစ်လေသည်။ သမ္ဗန် ၄ စင်းမှ ချွေးတပ်သားများမှာ ဓနုဖြူနယ်မှ ဖြစ်လေသည်။ ခရိုင်အားဖြင့်မူ ညောင်တုန်းနှင့် ဓနုဖြူမြို့များသည် မအူပင်ခရိုင်အတွင်းအပါအဝင် ဖြစ်လေသည်။

သမ္ဗန်ကြီးတစ်စင်းတည်းတွင်စုပေါင်း၍သွားကြရာမှ တစ်ဦးနှင့်တစ်ဦး, တစ်ယောက်နှင့်တစ်ယောက်စကားဆက်စပ်မိကြသောအခါမှလည်း တစ်ယောက်အကြောင်းကိုတစ်ယောက် သိလာရလေတော့သည်။

ကျွန်တော်နှင့် တစ်သမ္ဗန်တည်းပါလာသူများမှာ ငါးကြီးအိုင်ရွာသားများ, ကညင်ကောက်ရွာသားများ, ဆားမလောက်ရွာသားများ, နတ်ပေးရွာသားများ ဖြစ်ကြလေသည်။ သူတို့သည် တောနယ်များမှ တကယ့်တောင်သူလယ်သမားကြီးများ ဖြစ်ကြလေသည်။ ကျန်သော သမ္ဗန် ၉ စင်းမှချွေးတပ်သားများမှာလည်း တောင်သူ လယ်သမားကြီးများသာလျှင် အများအပြားပါဝင်ကြောင်းနှင့် နောင်အခါ တွင် ကျွန်တော်သိရပါလေသည်။

ကျွန်တော်သည် ထိုချွေးတပ်သားကြီးများနှင့် တစ်လှေတည်းစီး၍ တစ်ခရီးတည်းသွားရသည့်အခါမှာလည်း ၎င်းတို့၏အဖြစ်ကို ရင်နင့်စွာနားလည်ရလေသည်။ သူတို့သူကို့သည် ကျေးရွာသူကြီးများနှင့် မသင့်မြတ်ကြသဖြင့် လည်းကောင်း, မြေရှင်ငွေရှင်စသူများနှင့် အဆင်မပြေကြသောကြောင့် လည်းကောင်း, မြို့ပေါ်မှအစိုးရအရာရှိများသည် ချွေးတပ်သားအရေအတွက် ပြည့်လျှင်ပြီးရောဆိုသည့်သဘောဖြင့် လည်းကောင်း တောင်သူလယ်သမားကြီးများခမျာ မလိုက်ချင်ပါဘဲနှင့် ချွေးတပ်ထဲသို့ပါရှိလာခဲ့ကြရခြင်းပင် ဖြစ်လေသည်။

"ကျုပ်က သူကြီးလုပ်တဲ့သူနှင့် မသင့်မြတ်ဘူးဗျာ။ ကျုပ်တို့ရွာကသူကြီးက အလွန်ဆိုးတဲ့လူ။ သူ့ကြောင့် ခုလို ကျုပ် ချွေးတပ်ထဲပါလာရတာ" ဟူ၍ လည်းကောင်း၊

"ကျုပ်ဖြစ်ရပုံကတော့ မြေရှင်နှင့် မတည့်လို့ပေါ့ဗျာ။ ကျုပ်ကို သူ့လယ်မှာ ပြန်ပြီးမချချင်ဘူး။ ပြောစရာအပြစ်ကလည်း မရှိသလောက်ဖြစ်နေတော့ နောက်ဆုံး အစိုးရဘက်ကလူတွေနှင့် ငွေကုန်ခံပေါင်းပြီးတော့ ကျုပ်ကို ချွေးတပ်ထဲမပါ,ပါအောင် လုပ်လိုက်တာပဲ"ဟူ၍ လည်းကောင်း။

"ဒီနှစ် အတော်ကလေးကြိုးစားပြီးလုပ်ဖို့ ရည်ရွယ်ထားတာဗျာ။ လယ်ထဲဆင်းခါနီးဆဲဆဲမှာ ခုလိုဖြစ်ရတာပဲ" ဟူ၍ လည်းကောင်း။ သူတို့တစ်တွေ၏အဖြစ်အမျိုးမျိုး, အကြောင်းအမျိုးမျိုးကို ကျွန်တော် ကြားသိရလေသည်။

တောင်သူလယ်သမားကြီးများကဲ့သို့ပင်၊ မြို့ပေါ်နေ ဆင်းရဲသားအောက်တန်းစားများမှာလည်း ချွေးတပ်ထဲ

http://mmteashop.com



သို့ လိုက်ပါလာခဲ့ရသူပေါင်း အမြောက်အမြားရှိကြလေသည်။ ဂျပန်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြပြီဖြစ်သော်လည်း ဗြိတိသျှကိုလိုနီစနစ်၏အမွေဆိုးများမှာ ပျောက်ကွယ်သွားသည်တော့မဟုတ်ပါချေ။ အလုပ်မရှိ ၁၀၉–၁၁၀ စသောပုဒ်မများသည် ဗြိတိသျှအစိုးရ၏ အမှုထမ်းဟောင်းကြီးများဖြစ်ခဲ့သော အုပ်ချုပ်ရေးဘက်၊ ပုလိပ်ဘက်တွင် ကျင့်သုံးနေဆဲပင်ဖြစ်လေသည်။ ထို့ကြောင့်လည်း မြို့ပေါ်နေအောက်တန်းစားများကို ချွေးတပ်ဆွဲသည့်အခါ ထိုပုဒ်မ, ထိုအမြင်နှင့် ကြည့်၍ ဆွဲတတ်လေသည်။

အမှန်စင်စစ်အားဖြင့်မူ ထိုခေတ်ထိုအခါက ချွေးတပ်ကိစ္စမှာ မြို့ကြီးပြကြီးတိုင်းလိုပင် ရှောင်တိမ်းမရသည့်ကိစ္စတစ်ခု ဖြစ်ခဲ့လေသည်။ ဂျပန်များသည် ယိုးဒယား–မြန်မာမီးရထားလမ်းမကြီးဖောက်လုပ်နိုင်ရေးအတွက် မြန်မာပြည်အရပ်ရပ်မှ ချွေးတပ်သားပေါင်း ၁ သိန်း ၇ သောင်းကျော်ကို စုဆောင်းခြင်းပြုသည့်အခါ၊ သက်ဆိုင်ရာမြို့နယ်က တာဝန်ရှိသူ အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များအား အမိန့်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။

'မည်သည့်မြို့နယ်က လူဦးရေ မည်မျှပေးရမည်။ မည်သည့်နေ့မှစတင်လျက် မည်သည့်နေ့ကို နောက်ဆုံးထားပေးရမည်' စသောသတ်မှတ်ချက်ပင် ဖြစ်လေသည်။ ထိုအခါ သက်ဆိုင်ရာ မြို့နယ်အရာရှိများသည် မြို့ပေါ်နေနိုင်ငံရေးသမားအချို့နှင့် ပူးပေါင်းလျက် ဂျပန်များ၏စိတ်တိုင်းကျ လူစုပေးရလေသည်။ အချို့ အမြင်ကျယ်၍ သတ္တိကောင်းသော နိုင်ငံရေးသမားများလောက်သာ ထိုကိစ္စ,ထိုတာဝန်ကိုမယူဘဲ ခေါင်းမာစွာငြင်းဆန်ကြလေသည်။

မအူပင်ခရိုင်သည် ချွေးတပ်သား ထောင်နှင့်ချီ၍စုဆောင်းပေးလိုက်ရသော နယ်တစ်နယ် ဖြစ်လေသည်။ ထို့ကြောင့်လည်း မအူပင်ခရိုင်အတွင်းအပါအဝင်ဖြစ်သော ပန်းတနော်, ညောင်တုန်း, ဓနုဖြူ စသည့်မြို့နယ်များတွင် ချွေးတပ်ကိစ္စမှာ အကြီးအကျယ်ဆူပွက်လှုပ်ရှားနေလေတော့သည်။

ကျွန်တော် ချွေးတပ်ထဲပါသွားသည့်နောက်ပိုင်း၌လည်း ချွေးတပ်ဆွဲသောကိစ္စမှာ အုံးအုံးကျွက်ကျွက်ဖြစ်နေကြောင်း နောင်အခါ၌သိရလေသည်။ 'ချွေးတပ်ဆွဲပြီဟေ့'ဆိုလျှင် အသက် ၁၃–၄ နှစ်မှ ၆၀ ကျော်, ၇၀ ယောကျ်ားကြီးများအထိ အိုးပစ်အိမ်ပစ်ထွက်ပြေးကြလေသည်။ သူတို့သည် ဘုရား–ကျောင်းကန်များအတွင်း၌သော်လည်းကောင်း, တောထဲချောက်ထဲ၌သော်လည်းကောင်း သွားရောက်လျက်ပုန်းအောင်းနေကြရလေသည်။ အချို့မှာ ၃–၄ ရက်ထမင်းအငတ်ခံ၍ပင် ပုန်းလျှိုးနေကြရလေသည်။ ဤအဖြစ်မျိုးကြုံခဲ့ရှာရသော ချွေးတပ်သားကြီးဘကြီးစံမောင်က အောက်ပါအတိုင်း သူ့အဖြစ်ကို ပြောပြလေသည်။

"ဂျပန်တွေနှင့် ဂျပန်အလိုရိတွေ ရွာထဲကိုဝင်ပြီးချွေးတပ်ဆွဲတော့ မိုးချုပ်စအချိန်ကလေးမှာပေါ့။ ခွေးတွေတစီစီနှင့် တစ်ရွာလုံးဆူညံပြီး ကာလပျက်သလားအောက်မေ့ရတယ်။ အဲဒါနှင့် ကျုပ်လည်း ထမင်းစားနေရင်းတန်းလန်းက တဲပေါ်ကနေ ဝုန်းခနဲခုန်ချပြီး ခြေဦးတည့်ရာစွတ်ပြေးတော့တာပေါ့။ ၂ ရက်လုံးလုံး ကျုပ် တောထဲမှာဝင်ပုန်းနေရတယ်။ ကျုပ်အိမ်ကလည်း ကျုပ် ဘယ်မှာရှိနေမှန်းမသိကြဘူး။ ကျုပ်ဟာ ထမင်းဆာဆာနှင့် ငှက်ပျောအူတွေကို ခွာစားရတယ်။ ဒီလိုနှင့် နောက်ဆုံးတော့ ဂျပန်တွေလည်း ပြန်သွားလောက်ပြီ ထင်ပြီး ရွာထဲပြန်ဝင်လာခဲ့တာပေါ့။ ရွာအဝင်လည်းရောက်ပါလေရော။ သူကြီးနှင့်သူ့လူတွေက ကျုပ်ကို ဆီးဖမ်းပြီး ဂျပန်လက်အပ်လိုက်တာပဲ။ 'အိမ်ကို ခဏပြန်ပါရစေ။ ကျုပ်သားမယား, သားသမီးကို မှာချင်တာလေးတွေမှာပါရစေ' လို့ ရှိခိုးပြီးတောင်းပန်တာတောင်မရဘူး။ ဒီတော့ ဂျပန်တွေဆိုးတာလည်း မပြောနှင့်လေ။ ကိုယ့်အမျိုးသားချင်းကတောင် ထောက်ထားမှုမရှိပါဘဲဟာလား"

"သူကြီးနှင့် ဘကြီးစံမောင် မတည့်ကြဘူးထင်တယ်"

ဘွန်ထိုက်ချိုကိုမောင်စိန်က မေးလေသည်။

"ဟုတ်တာပေါ့။ ဘယ်တည့်ပါ့မလဲ။ သူက ရွာထဲမှာ အင်မတန်အာဏာပြချင်တဲ့လူကွယ့်။ နောက်ပြီး

http://mmteashop.com



မြို့ပေါ်ကအစိုးရအရာရှိတွေလာရင်လည်း ကျုပ်တို့မွေးထားတဲ့ ကြက်ကလေးဘဲကလေးတွေကို သူကိုယ်တိုင်လာဆွဲတော့တာပဲ။ အဲဒါကြောင့် သူနှင့်ကျုပ်နှင့် တကျက်ကျက်ဖြစ်နေရတာပေါ့။ ဟော–ခုတော့ သူ့နိုင်ပေါက်လည်း ရရော၊ ကျုပ်ကို တွယ်တော့တာပေါ့လေ”

ချွေးတပ်ထဲသို့ပါခဲ့ရသူများ၏အကြောင်းကို မေးကြည့်သည့်အခါ လူတစ်ယောက်လျှင် အဖြစ်တစ်မျိုး ဟူ၍ ပြောရမလိုရှိလေသည်။ အချို့သည် ချွေးတပ်လာဆွဲသည့်အခါ ပြေးမိပြေးရာ အိမ်ခေါင်မိုးပေါ်သို့လည်းကောင်း, ထုပ်တန်းပေါ်သို့လည်းကောင်း တက်ရောက်ပုန်းအောင်းလေသည်။ သို့ရာတွင် အောက်မှနေလျက် ဂျပန်စစ်သားများက သေနတ်ပြ၍ခေါ်သည့်အတွက် အမိခံလိုက်ကြရလေသည်။ အချို့မှာလည်း အိမ်သာထဲဝင်ပုန်းကြသည်။ ဂျပန်များကလည်း ထိုသူ အိမ်သာထဲကမထွက်မချင်း ချောင်းမြောင်း၍ဖမ်းဆီးခြင်းပြုလေသည်။ အချို့မှာ ခပ်ရွတ်ရွတ်လူစားမျိုးဖြစ်သောကြောင့် မြစ်ထဲသို့ဆင်းပြေးကြသည်။ ရေအောက်တွင် ငုပ်လျှိုးနေကြသည်။ ဂျပန်များကလည်း ထိုသူ ရေပေါ်သို့ပေါ်တက်လာသည်အထိစောင့်ဆိုင်းကာ ဖမ်းဆီးခြင်းပြုလေသည်။ ထိန်ကုန်းရွာမှ ကိုမြိုင်ဆိုသူတစ်ယောက်မှာမူ မြစ်အတွင်းဆင်းပြေးရာမှ ရေနစ်၍သေဆုံးရရှာသည်။

ထိုအချိန်ထိုအခါက ချွေးတပ်ဆွဲသည်မှာ မြန်မာပြည်အနယ်နယ်အရပ်ရပ်၌ လူဖမ်းပွဲကြီးများ ပြုလုပ်နေသည့်သဘောပင် ဖြစ်လေသည်။

ငွေကြေးတတ်နိုင်သော ပစ္စည်းဥစ္စာရှိသူများကမူ သူတို့သူတို့၏ သားများ, မောင်များ, တူများ စသူများကို ကျွေးတပ်ထဲသို့ မပါရလေအောင် ငွေလုံးပစ် အကုန်အကျခံလျက် ကြိုးပမ်းကာကွယ်ကြလေသည်။ အချို့က ဂျပန်စစ်သားများနှင့် ဂျပန့်ဘက်တော်သားများအား တံစိုးလက်ဆောင်ပေးလေသည်။ အချို့ကလည်း ငွေကြေးပေးလျက် လူစားဝယ်၍ ထည့်လေသည်။ ထိုစဉ်ထိုအခါက ချွေးတပ်သားတစ်ယောက် မြို့ပေါ်ပေါက်ဈေးနှုန်းမှာ ၃၀၀ ကျပ်မှ ၅၀၀ ကျပ်အထိ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ။ နောက်ဆုံးအနေဖြင့် ချွေးတပ်သားဆိုသူများကို စစ်တမ်းထုတ်ကြည့်လျှင်ကား တောနေတောင်သူလယ်သမားကြီးများနှင့် မြို့ပေါ်နေအောက်တန်းစားအလုပ်သမား ဆင်းရဲသားများသာဖြစ်ကြောင်း တွေ့မြင်ကြရမည်သာ ဖြစ်လေသည်။

## သေမင်း၏ခံတွင်းပေါက်

ကျွန်တော်တို့ ချေးတပ်သားများကိုတင်ဆောင်လာသော သမ္ဗန်ကြီး ၁၀ စင်းသည် ည ၁၀ နာရီကျော်ကျော် **အချိန်၌ပင်** မအူပင်မြို့ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြလေသည်။

ညဦးပိုင်း ၁၀ နာရီကျော်ကျော်အချိန်ကလေးမျှသာ ဖြစ်သေးသော်လည်း မအူပင်တစ်မြို့လုံးမှာ အမှောင်ကြီး **ကျရောက်**ရှိလေသည်။ တစ်မြို့လုံးပင် လူသွားလူလာကင်းမဲ့လျက် တိတ်ဆိတ်ခြောက်ကပ်နေလေသည်။ လျှပ်စစ်မီးရောင်များကို မတွေ့ရသလို၊ လူနေအိမ်ခြေအဆောက်အဦများ၏မီးရောင်များကိုလည်း လုံးဝမတွေ့ရချေ။ **ဒီဇ**ကြိုတ်မြို့ကြီးတစ်မြို့ဖြစ်သော မအူပင်သည် အသက်ကင်းမဲ့သောအဖြစ်မျိုးသို့ ရောက်ရှိနေလေသည်။

မကြာမီ ကျွန်တော်တို့၏သမ္ဗန်ကြီးများသည် ကမ်းခြေတွင်ကပ်ထားသော ရေဝတီဆိပ်ခံတွဲကြီးအနီးသို့ ကပ်မိကြလေသည်။ ထိုအခါကျမှပင် ဆိပ်ကံတွဲပေါ်မှ မလင်းတလင်းဖြစ်သောလက်ဆွဲမှန်အိမ်မီးရောင်များကိုလည်းကောင်း၊ ဂျပန်စစ်သားများ၏စစ်ဖိနပ်သံများနှင့် အော်ဟစ်သံများကို လည်းကောင်း၊ ကျွန်တော်တို့ကဲ့သို့သော ချေးတပ်သားများ၏အသံဗလံများကို လည်းကောင်း ကျွန်တော်တို့ ကြားရမြင်ရလေတော့သည်။

ကျွန်တော်တို့သည် မအူပင်ဆိပ်ကမ်း၌ အချိန်ကြာမြင့်စွာမနေရပေ။ ဆိပ်ခံတွဲကြီးပေါ်တွင်အသင့်ရှိနေသော ချေးတပ်သား ၂၀၀ ကျော်လောက်ကို ကျွန်တော်တို့၏သမ္ဗန် ၁၀ စင်းပေါ်သို့ လူစုခွဲလျက်တင်လိုက်လေသည်။ ထိုအခါ သမ္ဗန်ထဲတွင် ဂျပန်တို့တစ်တွေမှာ ငါးပိသိပ်ငါးချဉ်သိပ် ဖြစ်လာလေသည်။ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်သံ၊ ကြိမ်းမောင်းရေရွတ်သံ၊ ကျွန်တော်တို့၏ ဆဲဆိုမောင်းမဲသံများမှာလည်း ပွက်ပွက်ညံလျက်ရှိနေလေတော့သည်။

ဤလိုနှင့်သာ ကျွန်တော်တို့သည် မအူပင်မှ ခရီးတစ်ဖန်ထွက်ခဲ့ကြပြန်လေသည်။ မအူပင်မှထွက်သည့်အခါ၌မူ ယခင်လို မဟုတ်တော့ပေ။ သမ္ဗန်ကြီး ၁၀ စင်းကိုရှေ့မှနေလျက် သင်္ဘောကလေးတစ်စင်းနှင့် ဆွဲဆောင်ခြင်းပြုလေသည်။ ချေးတပ်သားများမှာလည်း ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်နေသောသမ္ဗန်ကြီးများ၏ဝမ်းခေါင်းထဲ၌ပင် တစ်ယောက်ပေါ်တစ်ယောက် ထပ်လျက်သော်လည်းကောင်း၊ ငုတ်တုပ်ထိုင်ကာငိုက်မျဉ်းအိပ်စက်ရင်းမှသော်လည်းကောင်း ကသိကအောက်နှင့်လိုက်ပါခဲ့ရလေသည်။

ကျွန်တော်တို့သည် နောက်တစ်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ရောက်ရှိခဲ့ကြလေသည်။ ထိုအခါတွင်မူ ချေးတပ်သားများအားလုံးကို သမ္ဗန်ပေါ်မှ ကုန်းထက်သို့တက်စေပြီးနောက်၊ တန်းစီခြင်းပြုစေကာ ဝမ်းရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခြင်းပြုလေသည်။ ထို့နောက်မှ ကြည့်မြင်တိုင် ဒေါကြီးကြီးကျောင်းထဲသို့ခေါ်ဆောင်သွားလျက် ထိုကျောင်းအတွင်း၌နေရာချထားပေးခြင်း၊ ထမင်းထုပ်များပေးဝေခြင်းပြုလေသည်။ ထိုစဉ်က ကြည့်မြင်တိုင်ဒေါကြီးကြီးကျောင်းမှာ နယ် ၄ ရပ်မှ ရောက်ရှိလာကြသည့် ချေးတပ်သားများအား ခဏခေတ္တနေရာချထားပေးရာစခန်းတစ်ခုပင် ဖြစ်လေသည်။ ကျွန်တော်တို့မအူပင်ခရိုင်ခရိုင်မှ ချေးတပ်သားများမရောက်ရှိမီကပင် အခြားမြို့နယ်ခရိုင်များမှ ချွေးတပ်သားပေါင်းမြောက်မြားစွာတို့ ရောက်ရှိခဲ့ပြီးပင် ဖြစ်လေသည်။

http://mmteashop.com



ထို့ကြောင့်လည်း ဒေါ်ကြီးကြီးကျောင်းစခန်းတွင် စခန်းမှူးများ၊ ထမင်းဟင်းချက်ပြုတ်သူများ၊ ရိက္ခာဂိုဒေါင်များ၊ ဂျပန်စစ်သားများ၏ အဆောက်အဦများ၊ ဆေးပေးခန်းများ စသည်ဖြင့် ရှိနှင့်ပြီးဖြစ်လေသည်။ ပြီးလျှင် ချွေးတပ်သားများ ခေတ္တခဏနားနေရာစခန်း ဟူသည်မှာလည်း ဤနေရာတစ်ခုတည်းမဟုတ်ပေ။ မျက်မမြင်ကျောင်း၊ စလင်းကွင်း၊ ဆွံ့အနားမကြားကျောင်း စသည်များမှာလည်း ချွေးတပ်သားများအား ခေတ္တထားရှိရာစခန်းများ ဖြစ်နေလေတော့သည်။

ထိုခေတ်ထိုအချိန်က ချွေးတပ်ကိစ္စနှင့်ပတ်သက်လျှင် အများဆုံးနာမည်ဆိုးထွက်ကြသူများထဲတွင် 'စခန်းမှူး' ဆိုသူများမှာလည်း ထိပ်တန်းကပါဝင်သူများ ဖြစ်ကြလေသည်။ ဂျပန်စာလုံးများရေးထိုးထားသော လက်ပတ်အနီကို ပတ်ထားသည့် စခန်းမှူးများသည် ချွေးတပ်သားများအပေါ် အလွန်တရာ တန်ခိုးအာဏာပြကြသူများ ဖြစ်လေသည်။ သူတို့သည် ဗြိတိသျှခေတ်က ထောင်မှူး၊ထောင်ပိုင် စသူနှင့်လည်း အလွန်တရာတူလှပေသည်။ အဆိုးဝါးဆုံးဖြစ်သော ၎င်းတို့၏အပြုအမူမှာ ဂျပန်များကိုအလိုလိုက်ကာ အကြိုက်ကိုရအောင် ရှာဖွေဆောင်ကြဉ်းပေါင်းသင်းလျက် ချွေးတပ်သားများအတွက် ပေးကမ်းသော ရိက္ခာပစ္စည်းများကို အကြီးအကျယ်ဘုံးကြခြင်းပင်ဖြစ်လေသည်။

ငါးခြောက်ငါးခြမ်းများ၊ ပဲများ၊ အာလူးများ၊ ဆန်၊ ဆီ၊ ငရုတ်စသောပစ္စည်းများ၊ ဤအရာများကို စခန်းမှူးများက သူတို့၏တပည့်တပန်းများနှင့်ခိုးထုတ်ကာ အပြင်တွင်ရောင်းစားခြင်း ပြုကြလေသည်။ ချွေးတပ်သားများကိုမူ ဝတ်ကျေဝတ်ကုန် ဖြစ်သလိုနည်းနှင့်ချက်ပြုတ်ကျွေးမွေးခြင်း ပြုလေသည်။ ထို့ကြောင့်လည်း ချွေးတပ်သားခများများမှာ ချေးစာလောက်မျှမကောင်းသည့် ထမင်းဟင်းများကိုပင် မဝရေစာစားသောက်ခြင်း ပြုရရှာလေသည်။ သို့ရာတွင် စခန်းမှူးဆိုသူတွေမှာလည်း သိပ်မသက်သာကြချေ။ တစ်ခါတစ်ခါတွင် ကာလဝိပါက်နောက်ပိုးတက်တတ်လာသည်။ ဂျပန်တို့ စိတ်အခန့်မသင့်လျှင် စခန်းမှူးများအားနားရင်းအုပ်ခြင်း၊ လက်ဝါးစောင်းခုတ်ခြင်း၊ ပါးများကိုဘယ်ပြန်ညာပြန်ရိုက်နှက်ခြင်း၊ စစ်ဖိနပ်နှင့်ကန်ကြောက်ခြင်းများ လုပ်ကြလေသည်။

ဤနေရာတွင် အကြောင်းဆက်စပ်မိ၍ တောတွင်ချွေးတပ်စခန်းသို့ ကျွန်တော်ရောက်ရှိပြီးနောက် ဝါဒဖြန့်ချိရေးမှူးတစ်ယောက်ထံမှ တစ်ဆင့်ကြားသိရသော စခန်းမှူးတစ်ယောက်၏ဖြစ်ပုံကို တင်ပြလိုပါသည်။

ချွေးတပ်စခန်းကြီးကြီးတစ်ခုတွင် ကြီးကြပ်ကွပ်ကဲရသော 'ကိုဘ' ဆိုသူ စခန်းမှူးတစ်ယောက် ရှိလေသည်။ သူသည် အမည်ရှေ့က သခင်တပ်ထားလျက် သူ့အမည်ကို 'သခင်ဘ' ဟူ၍ တံဆိပ်ခပ်နှိပ်ထားလေသည်။

သူသည် ချွေးတပ်သားများအတွက်ရရှိသော စားနပ်ရိက္ခာများကို အတော်မြောက်မြောက်မြားမြားပင် အပြင်အပသို့ထုတ်လျက် ရောင်းချခြင်းပြုလေသည်။ သူ့နေအိမ်တွင်လည်း သူ့မယားက ဈေးဆိုင်တစ်ဆိုင် တည်ထားလေသည်။ ဤလိုနှင့်သာ မကြာမီ ၁ နှစ်လောက်အချိန်အတွင်း ကိုဘ၏ဇနီးတွင် ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များနှင့် ဖြစ်လာတော့သည်။ ကိုဘမှာ ဂျပန်စစ်ဗိုလ်ကိုလည်း ကပ်ပေါင်းထားသူဖြစ်သောကြောင့် မည်သူကမျှ အနှောင့်အယှက်မပြုဝံ့ဘဲရှိလေသည်။

ဤလိုနှင့် တစ်နေ့တွင် ကိုဘမရှိခိုက် သူ့အိမ်သို့ ဂျပန်စစ်သားများရောက်ရှိလာလေသည်။ ဂျပန်စစ်သားများသည် အိမ်ထက်သို့ ရောက်မဆိုက်၌ပင် ကိုဘ၏မယားကို ပါးရင်းနားရင်းရိုက်နှက်လျက် ကိုယ်ပေါ်ရှိ ရွှေများအားလုံးကို ဖြုတ်ယူသွားကြလေသည်။ ပြီးလျှင် ထိုရွှေများအားလုံးကို ပြည့်တန်ဆာအိမ်တစ်အိမ်၌ သွားရောက်၍ ဖြုန်းတီးပစ်လိုက်ကြလေသည်။

ကိုဘသည် ထိုအဖြစ်ကို မကျေနပ်၍ သူအားကိုးနေသောဂျပန်စစ်ဗိုလ်အား တိုင်ကြားခြင်းပြုလေသည်။ ဂျပန်စစ်ဗိုလ်က 'သူ့ဂျပန်စစ်သားများသည် ဤသို့ပြုလုပ်ကြလိမ့်မည် မဟုတ်။ ကိုဘ လိမ်လည်တိုင်ကြားခြင်းသာ ဖြစ်လိမ့်မည်'ဟုဆိုကာ ကိုဘအား ထောင်ထဲသို့ထည့်ထားလိုက်သည် ဟုဆိုလေသည်။

http://mmteashop.com



ညနေ ၅ နာရီထိုးသည့်အခါ ကျွန်တော်တို့ရွှေးတပ်သားများအား စခန်းတွင်ထမင်းကျွေးမွေးခြင်း ပြုလေသည်။ ကျွန်တော်တို့ မအူပင်ခရိုင်မှ ရွှေးတပ်သားများ ထမင်းစားနေခိုက်ပင် အခြားခရိုင်တစ်ခုမှ ရွှေးတပ်သားများ ထပ်မံကာရောက်ရှိလာကြပြန်လေသည်။ အားလုံးပေါင်း ၎ င်း ၁၀၀၀ ခန့်ရှိလိမ့်မည်ဟု ထင်ပါသည်။ သူတို့ကို ကြည့်ရသည်မှာလည်း ကျွန်တော်တို့ခရိုင်မှရွှေးတပ်သားများ၊လိုပင် ဖြစ်လေသည်။ အားလုံးလိုပင် အဝတ်တစ်တည် ကိုယ်တစ်ခုသမားများ ဖြစ်ကြလေသည်။ အချို့မှာ ဘောင်းဘီရှည်ကြီးများကို အချိုးအစားမကျဝတ်ဆင်ထားကြပါသည်။ အချို့မှာလည်း စစ်ဖိနပ်ကြီးများနှင့်ဖြစ်လေသည်။ လူတစ်ယောက်မှာမူ ခေါင်းပေါင်းအုပ်ပေါင်း, တုတ်ကောက်, မျက်မှန်အနက်ကြီးတပ်လျက် ထူးထူးဆန်းဆန်း ဖြစ်လေသည်။ နောင်အခါမှသိရသည်မှာ ထိုသူမှာ စိတ်မနှံ့သူတစ်ဦးဟူ၍ဖြစ်လေသည်။

ရွှေးတပ်ထဲတွင် လူပေါင်း စုံလင်လှလေသည်။ ထိုအထဲတွင် ပေါကြောင်ကြောင်လူများ, ရူးနှမ်းနှမ်းလူများ, စကားမပြောတတ်သူများ, နားမကြားသူများစသည်ဖြင့်ပါရှိလာလေရာ၊ ကျွန်တော်တို့မှာ ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်ရလေတော့သည်။

“မအူပင်ခရိုင်– မအူပင်ခရိုင်။ ထွက်ကြ၊ ထွက်ကြ။ အားလုံးတန်းစီကြ။ ဘွန်ထိုက်ချိတွေ, ဟန်ချိတွေ ရှေ့ဆုံးကထွက်ရပ်ကြ”

ကျွန်တော်တို့ ထမင်းစားသောက်ပြီးစီး၍ တအောင့်လောက်အကြာ၌ပင် စခန်းပေါက်ဝမှ ဤအသံပေါ်ထွက်သည်။ ဂျပန်စစ်ဗိုလ် ၃–၄ ယောက်, ဂျပန်စစ်သား အစိတ်–၃၀ နှင့် စခန်းမှူးများ, စကားပြန်စသူများကိုလည်း တွေ့ရလေသည်။ ဂျပန်စစ်သားများသည် ခရီးဆောင်အထုပ်အပိုးများ, ရေဘူး, သေနတ်စသည်များကိုလည်း အသင့်လွယ်ပိုးထားကြလေသည်။ ကျွန်တော်သည် ရှေ့ခရီးကို ဆက်လက်ရတော့မည်ဖြစ်ကြောင်း ချက်ချင်းပင် သဘောပေါက်လိုက်ပါသည်။

ကျွန်တော်တို့ခရိုင်မှ ရွှေးတပ်သားများသည် စခန်းအပြင်ဘက်မြေကွက်လပ်တွင် ၄ ယောက် ၁ တွဲ တန်းစီလိုက်ကြလေသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချို, ဟန်ချို စသူများသည် ရွှေးတပ်သားများ တန်းစီနေသည့် ရှေ့ဆုံးမှ ရပ်လိုက်ကြသည်။

ဂျပန်စစ်ဗိုလ် ၃–၄ ယောက်နှင့် စကားပြန်သူငယ် စခန်းမှူး စသူတို့သည် ကျွန်တော်တို့ရှိရာသို့ လျှောက်လာပြီးနောက် ကျွန်တော်တို့ရှေ့တည့်တည့်တွင် ရပ်လိုက်ကြသည်။ ကျွန်တော်တို့သည် စခန်းမှူး၏ညွှန်ကြားချက်အရ ခြေကိုစုံရပ်လျက် အလေးပြုလိုက်ကြလေသည်။

“မင်းတို့အားလုံး ကောင်းကောင်းနားထောင်ပါ။ ခု အရေးကြီးတဲ့စကားကိုပြောဖို့ ရှိတယ်”

ဂျပန်စစ်ဗိုလ်တစ်ယောက်က မြန်မာစကားကိုအသုံးပြုလျက် ပြောလေသည်။ ပြီးလျှင် သူက ရှေ့စကားကို ဆက်၍မပြောချေ။ စခန်းမှူးလုပ်သူက ပြောလေသည်။

‘ယိုးဒယား–မြန်မာမီးရထားလမ်းဖောက်လုပ်ရာသို့ သွားရောက်သည့်အခါ၌ ဘွန်ထိုက်ချိနှင့် ဟန်ချိများသည် အဆင့်ဆင့်တာဝန်ယူလျက် ရွှေးတပ်သားများကို အုပ်ချုပ်ကွပ်ကဲရမည်ဖြစ်ကြောင်း။ ရွှေးတပ်သားများကလည်း ဘွန်ထိုက်ချို, ဟန်ချိများနှင့် ဝါဒဖြန့်ချိရေးမှူးများ၏စကားကို နားထောင်လျက် အလုပ်ကိုကြိုးစားပြီး လုပ်ကြရမည်ဖြစ်ကြောင်း။

‘ယခု သွားရောက်လုပ်ကိုင်ရမည့် အလုပ်ကို အာရှတိုက်သားများအားလုံး ဗြိတိသျှနယ်ချဲ့သမားလက်အောက်မှ ထာဝစဉ်လွတ်လပ်မှုရှိစေရန်နှင့် အာရှတိုက်သားများအားလုံး၏ သာတူညီမှုကောင်းစားရေး ရရှိမှုအတွက်ဖြစ်ကြောင်း။ အာရှတိုက်သားများ၏ကောင်းစားရေး သာတူညီမျှရှိစေရေးအတွက် အချို့သောမြန်မာလူငယ်လူရွယ်များနှင့် မြန်မာ

http://mmteashop.com



လွတ်လပ်ရေးတပ်မတော်ကြီးက နောင်တော်ဂျပန်များနှင့်တွဲလျက် ဗြိတိသျှနယ်ချဲ့မိစ္ဆာကောင်များအား တိုက်ခိုက်ဖြိုခွင်းခြင်းပြုသည့်အခါ၊ နောက်ပိုင်းမှ ချွေးတပ်သားများကလည်း အာရှစစ်ကြီးအောင်မြင်စေရေးအတွက် မီးရထားလမ်းကြီးကို အင်တိုက်အားတိုက် ဖောက်လုပ်ရမည်ဖြစ်ကြောင်း။

'ထိုလမ်းမကြီး ပြီးစီးသွားသည့်အခါ ဂျပန်နိုင်ငံမှ အဝတ်အထည်များ၊ အစားအစာများ၊ စက်မှုပစ္စည်းများ မြန်မာနိုင်ငံသူနိုင်ငံသားများအတွက် ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း။ ထို့ကြောင့် လမ်းခုလတ်မှ သော်လည်းကောင်း၊ ချွေးတပ်စခန်းအလုပ်ခွင်များမှ သော်လည်းကောင်း ထွက်မပြေးကြစေလိုကြောင်း။ အကယ်၍ ထွက်ပြေးခြင်းပြုခဲ့ပါလျှင် ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးလိမ့်မည်ဖြစ်ကြောင်း' စသည်ဖြင့် အချိန်မိနစ် ၂၀ လောက်ကြာသည်အထိ ပြောကြားခြင်းပြုလေသည်။

ဂျပန်စစ်ဗိုလ်အကြီးအကဲဖြစ်သူသည် စခန်းမှူးက ထိုစကားများကိုပြောကြားနေချိန်၌ သူလွယ်ထားသောဓားရှည်ပေါ်တွင် လက် ၂ ဖက်တင်လျက် ဦးခေါင်းတဆတ်ဆတ်ရှိနေပါတော့သည်။

စကားပြော၍ပြီးဆုံးသွားသည့်အခါ စခန်းမှူးဖြစ်သူက ရှေ့မှတိုင်ပေးသဖြင့် ချွေးတပ်သားများက နောက်မှလိုက်လျက် "နိပ္ပွန်ဘိမဇာ ဘန်ဇိုင်း၊ နိပ္ပွန်ဘိမဇာ ဘန်ဇိုင်း" ဟူ၍ ၃ ကြိမ်တိတိ ကြွေးကြော်အော်ဟစ်ခြင်းပြုကြရလေသည်။

မကြာမီ ကျွန်တော်တို့ ချွေးတပ်သားများသည် မီးရထားဘူတာရုံရှိရာသို့ ဂျပန်အစောင့်အကြပ်များနှင့် ဆင်းသက်ခဲ့ရလေသည်။ ဂျပန်အစောင့်အကြပ်များမှာ မအူပင်မှလာစဉ်ကထက် ပို၍များပြားနေသည်ကိုလည်း ကျွန်တော် သတိပြုလိုက်မိလေသည်။ ချွေးတပ်သားများမှာလည်း ကျွန်တော်တို့မအူပင်တစ်ခရိုင်တည်း မဟုတ်တော့ပေ။ နောက်ရောက်လာသောချွေးတပ်သားများလည်း ပါရှိလေသည်။ စုစုပေါင်းချွေးတပ်သား ၁၀၀၀ ထက်မနည်းရှိလိမ့်မည် ဟုခန့်မှန်းရလေသည်။

ဘွန်ထိုက်ချို၊ ဟန်ချို စသူများမှာလည်း ယခင်ကလို ချွေးတပ်တပ်သားများနှင့် အရောရောအနှောနှောမဟုတ်တော့ချေ။ သူတို့သည် တန်းစီလျှောက်နေသောချွေးတပ်သားများ၏ဘေးမှထွက်ကာ ဂျပန်များနှင့်အတူတွဲလျက် ချွေးတပ်သားများအား စောင့်ကြပ်လိုက်ပါခြင်းပြုရလေသည်။

ချွေးတပ်သားများသည် ပြောင်လက်နက်မှောင်သောကတ္တရာစေးခင်းလမ်းဘေးမှကပ်လျက် ခြေလှမ်းမှန်မှန်လျှောက်နေကြသည်။ ရန်ကုန်မြို့ကြီး၏လမ်းမီးတိုင်များမှာလည်း ယခင်အချိန်များကလို ထွန်းလင်းတောက်ပခြင်းမရှိ။ ခပ်မှုန်မှုန်ခပ်ဝါးဝါး ဖြစ်နေတော့သည်။ လမ်းမကြီးများနှင့် လမ်းသွယ်ကလေးများပေါ်၌လည်း ကားအသွားအလာ၊ ယာဉ်အသွားအလာများ ခြောက်ကပ်လှလေသည်။ လူသူ ၄ ပါး အသွားအလာ ဟူ၍လည်း ပြောပလောက်အောင်မတွေ့ရ။ စစ်ဒဏ်ကို တစ်ကြိမ်ခံလိုက်ပြီးသောရန်ကုန်မြို့ကြီး၏ ညဦးပိုင်းအချိန်မှာ စိုးရိမ်ထိတ်လန့်ဖွယ်နှင့်အားငယ်လွမ်းဆွတ်ဖွယ်ရာ ကောင်းလှလေသည်။

ချွေးတပ်သားများ၏ခြေလှမ်းများသည် တစ်ခါတစ်ခါ လေးလေးတွဲ့တွဲ့ဖြစ်နေတတ်သည်။ ဤသို့ဖြစ်သည့်အခါ ဂျပန်စစ်သားများ "ခူးရား ခူးရား"ဟူ၍ အော်ဟစ်ရေရွတ်လေသည်။ လက်လှမ်းတမီ အနီးတွင်ရှိနေသောချွေးတပ်သားများ၏ကျောကုန်းကိုလည်း သေနတ်ပြောင်းနှင့်ထိုးလေသည်။ ထိုအခါ ဘွန်ထိုက်ချိုများနှင့် ဟန်ချိုစသည့်သူများကလည်း "ခပ်သွက်သွက်လျှောက်ကြဟေ့။ ခပ်သွက်သွက်လျှောက်ကြလေကွာ" ဟု နှိုးဆော်ခြင်းပြုကြလေသည်။

ကျွန်တော်တို့သည် ကြည့်မြင်တိုင်မှနေလျက် ရန်ကုန်ဘူတာကြီးအရောက် ချီတက်ခဲ့ကြရလေသည်။ ရံဖန်ရံခါ အရှိန်ပြင်းစွာမောင်းနှင်သွားသောဂျပန်စစ်ကားများကို တွေ့ရသည်မှအပ ကတ္တရာစေးလမ်းများမှာ တိတ်ဆိတ်ချောက်ချားလျက်ရှိလေသည်။ လမ်းတစ်လျှောက်လုံး ရန်ကုန်မြို့ကြီးအတွင်းသို့ရောက်ခဲ့သည်အထိ ယခင်ကလို

http://mmteashop.com



ဆိမ့်လင်းသာယာသောမီးရောင်များကို လည်းကောင်း၊ စည်ကားသိုက်မြိုက်သောဈေးဆိုင်ကနားများကိုလည်းကောင်း၊ ရုပ်ရှင်၊ ညဈေးတန်းစသည်များကို လည်းကောင်း ရှင်မြူးစရာတစ်ကွက်မျှ မတွေ့ရပါချေ။ ရန်ကုန်သည် မြို့ပျက်ကြီး တစ်ခုနှင့်မခြား ဖြစ်နေလေတော့သည်။

ဤလိုနှင့် ကျွန်တော်တို့ချွေးတပ်သားများသည် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိခဲ့ကြပြီးနောက်၊ ကျွန်တော်တို့အားသယ်ယူသွားမည့် မီးရထားတွဲများထက်သို့တက်ရောက်ခြင်း ပြုခဲ့ကြရလေသည်။ ကျွန်တော်တို့အား သယ်ယူတင်ဆောင်သွားမည့် ရထားသည် ချွေးတပ်သားများအတွက် သီးသန့်ပို့ဆောင်သောရထားပင် ဖြစ်လေသည်။ ရထားတွဲများပေါ်သို့ ကျွန်တော်တို့ရောက်ရှိသည့်အခါ တွဲများပေါ်တွင် အခြားသော ချွေးတပ်သားများသည် ရောက်ရှိနေကြပြီ ဖြစ်လေသည်။ ထို့ကြောင့်ပင် ရထားတွဲတိုင်းပေါ်တွင် ချွေးတပ်သားများနှင့် ပြည့်ကျပ်လျက်ရှိနေလေတော့သည်။

ရထားတွဲများ၌လည်း ယခင်ကလို မီးလုံးများ အများအပြားတပ်ဆင်ထားခြင်း မရှိချေ။ ရထားတွဲတစ်တွဲလျှင် မီးလုံးကလေး တစ်လုံးသာလျှင် တပ်ဆင်ထားလေသည်။ ရန်ကုန်ဘူတာကြီးအတွင်း၌လည်း ယခင်ကလို မီးရောင်များ လင်းထိန်မနေပါချေ။ မထွန်းလျှင်မဖြစ်သော နေရာလောက်ကိုသာ မီးလုံးကလေးများ ၁ လုံးစ ၂ လုံးစ ထွန်းညှိထားလျက်၊ အပေါ်မှ လုံခြုံသောအုပ်ဆောင်းများနှင့် အုပ်ထားခြင်းပြုလေသည်။ ကွမ်းခြံဘူတာကြီး၏ ပတ်ဝန်းကျင်တစ်ဝိုက်၌ကား မှောင်ကြီး ဖုံးလျက် ရှိနေလေတော့သည်။

ကျွန်တော်တို့ရောက်ရှိပြီး၍ အချိန်တစ်နာရီခန့်အကြာ၌ပင် ရထားသည် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာခြင်းပြုလေသည်။ ရထားခုတ်မောင်းသည်မှာလည်း ဖြည်းဖြည်းလေးလေးနှင့် တရွေ့ရွေ့တလှုပ်လှုပ် ခုတ်မောင်းနေခြင်းသာဖြစ်လေသည်။ ဘူတာများ၌လည်း ရထားသည် ရပ်နားသည်ဟူ၍ မရှိချေ။ စိတ်ပျက်စရာ တလှုပ်လှုပ်တအိအိခုတ်မောင်းလျက်သာ ရှိလေသည်။

ကျွန်တော်တို့သွားရမည့်ခရီးမှာ ရန်ကုန်မှ မုတ္တမသို့ ဖြစ်လေသည်။ ထိုကမှတစ်ဆင့် မော်လမြိုင်မြို့ဘက်သို့ ကူးပြီးနောက် မော်လမြိုင် တောင်ဘူတာမှနေလျက် သံဖြူဇရပ်သို့ ခရီးဆက်ရမည်ဖြစ်လေသည်။ ကျွန်တော်သည် ရန်ကုန်မှနေလျက် မော်လမြိုင်ကိုကား ရောက်ဖူးသွားဖူးခြင်းရှိခဲ့လေသည်။ ဤသို့သွားခဲ့ဖူးသည်မှာလည်း စစ်ကြီး မဖြစ်မီအချိန်ကာလက ဖြစ်ပါသည်။ သို့ရာတွင် မော်လမြိုင်မှနေလျက် ရှေ့ဆက်သွားရမည့်ခရီးကိုမူ တစ်ကြိမ် တစ်ခေါက်မျှသွားရောက်ဖူးခြင်း မရှိခဲ့ပါချေ။

ရထားသည် တဖြည်းဖြည်းတလှုပ်လှုပ်နှင့် တရွေ့ရွေ့ခုတ်မောင်းနေခြင်းသာဖြစ်သောကြောင့် မိုးစင်စင် လင်းခဲ့သည့်တိုင် စစ်တောင်းမြစ်ကို ဖြတ်ကျော်ရခြင်းမရှိသေးဘဲ ဖြစ်နေလေတော့သည်။

ကျွန်တော်တို့စီးနင်းလိုက်ပါလာသော ရထားကြီးသည် မနက် ၈ နာရီအချိန်ခန့်တွင် စစ်တောင်းတံတားကို ဖြတ်ကျော်ခြင်း ပြုလေသည်။ ထိုကဲ့သို့ ဖြတ်ကျော်ခုတ်မောင်းသောတံတားမှာ ဗြိတိသျှတို့ဆောက်လုပ်သွားသော သံတံတားကြီး မဟုတ်ပါချေ။ သံတံတားကြီးမှာ ဗုံးကြဲချခြင်း ခံရသဖြင့် ပျက်စီးနေလေပြီ။
ယခုမီးရထားခုတ်မောင်းခြင်းပြုနေသောတံတားမှာ ဂျပန်တို့ဆောက်လုပ်ထားသောတံတားပင် ဖြစ်လေသည်။

တံတားပေါ်၌ ရထားခုတ်မောင်းနေသည့်အခါ မီးရထားအရှိန်မှာလည်း ခပ်စောစောကထက် ပို၍နှေးကွေးလေးတွဲ့လာလေသည်။ တံတားကြီးတစ်ခုလုံးမှာလည်း တောင်ယိုင်မြောက်ယိုင်နှင့် ယိမ်းထိုးနေတော့သည်။ ကျွန်တော်သည် ထိုအဖြစ်ကိုကြည့်ကာ အသည်းတထိတ်ထိတ် ရင်တမမ ဖြစ်နေရလေတော့သည်။ 'တစ်ဖက်ကမ်းခြေသို့ ရထားကြီး အမြန်ဆုံးရောက်ပါစေတော့'ဟူ၍လည်း ဆုတောင်းနေမိလေသည်။

ရထားကြီးမှာ ဖြည်းဖြည်းလေးလေးခုတ်မောင်းနေရာမှ တစ်ခါတစ်ခါ 'တံတားကြီးတစ်ခုလုံးပြိုကျသွားလေမလား'ဟူ၍ပင် ထင်မှတ်ရလေသည်။ ရထားနှင့် တံတားမှာ စစ်တောင်းမြစ်အလယ်ခေါင်တွင် ဒန်းလွဲနေသလား

http://mmteashop.com



ထင်မှတ်ရလေသည်။ ဤလို အသည်းတထိတ်ထိတ် ရင်တခုန်ခုန်နှင့်ပင် ရထားကြီးမှာလည်း တစ်ဘက်ကမ်းသို့ ရောက်ရှိခဲ့လေသည်။ ကျွန်တော်သည် ထိုအခါမှပင် ဟင်းခနဲ သက်ပြင်းချလိုက်မိလေသည်။

မော်လမြိုင်သို့ရောက်ပြီးနောက် ကျွန်တော်တို့ ချွေးတပ်သားများသည် ရှေ့ခရီးကိုမဆက်ရသေးဘဲ၊ အင်္ဂလိပ်ကျောင်းအဆောက်အဦကြီးတစ်ခုတွင် စခန်းချရပ်နားခြင်း ပြုကြရလေသည်။ စင်စစ်အားဖြင့် ထိုနေရာ ထိုအဆောက်အဦကြီးမှာလည်း ချွေးတပ်သားများ ခေတ္တခဏစခန်းချရပ်နားရန်ပြုလုပ်ထားသော ချွေးတပ်စခန်းတစ်ခုပင် ဖြစ်လေသည်။

ကျွန်တော်သည် မော်လမြိုင်မြို့ကြီး၏ ယခင်နှင့်ယခု အခြေအနေကို သတိထားအကဲခတ်လိုက်မိလေသည်။ မော်လမြိုင်တစ်မြို့လုံးမှာလည်း ဂျပန်စစ်သားများ, ဂျပန်စာလုံးများရေးထိုးထားသောလက်ပတ်များပတ်ထားသည့် မြန်မာများ, ကုလားဒိန်, ကုလားကပြားများနှင့် ရှုပ်ယှက်ခတ်နေလေသည်။ ဂျပန်စစ်သားများကိုလည်း ဈေးခြင်းတောင်းကိုဆွဲလျက်တစ်မျိုး, ကလေးတွေဘရုံးရုံးနှင့်တစ်သွယ်, ခွေးတွေတစီစီနှင့်တစ်ဖုံ အမျိုးစုံအောင်တွေ့မြင်ရလေသည်။ ဤအတွင်းကပင် ဆိပ်ခံဘောတံတားထိပ်များ၌လည်း ချွေးတပ်ပြေးများကို စောင့်ဖမ်းနေသော ဂျပန်အလိုတော်ရိများကိုလည်းကောင်း, ဆေးထိုးလက်မှတ်များ စစ်ဆေးနေသော လူများကိုလည်းကောင်း တွေ့မြင်ရလေသည်။ ကျွန်တော် သတိပြုမိသလောက်ဆိုရလျှင် မြင်တွေ့ရသောအဖြစ်များအားလုံးသည် စိတ်လက်ရွှင်ပျကြည်နူးစရာဟူ၍ တစ်ကွက်တလေမျှ မရှိပါချေ။ အားလုံးသည် အနိဋ္ဌာရုံမြင်ကွင်းများချည်း ဟူ၍သာ ဆိုရပေမည်။

ထိုအတွင်းက ကျွန်တော် ထပ်မံသတိပြုမိသောအချက်အရပ်မှာ ဂျပန်များ၏အပြုအမူ, အဆက်အဆံပင်ဖြစ်လေသည်။ ရန်ကုန်မှလိုက်လာသော ဂျပန်စစ်သားများသည် အထက်ကကျွန်တော်ဆိုခဲ့သော မော်လမြိုင် အင်္ဂလိပ်ကျောင်းချွေးတပ်စခန်းကိုရောက်ရှိသည့်အခါ၌ ကျွန်တော်တို့အားတန်းစီစေလျက် လူများ စစ်ဆေးရေတွက်ပြီးနောက် မော်လမြိုင်ရှိ ဂျပန်စစ်သားများလက်တွင်းသို့ စာရင်းအင်းနှင့်တကွ လွှဲပြောင်းပေးအပ်ခြင်း ပြုလိုက်ကြလေသည်။ ဤတွင် မော်လမြိုင်ချွေးတပ်စခန်းရှိဂျပန်များကလည်း စာရင်းအင်းနှင့်တကွ သေချာဂဏာစစ်ဆေးခြင်းပြုကာ လက်ခံလိုက်လေသည်။ ဤတွင် ဂျပန်များ၏ဆက်ဆံရေးမှာလည်း တစ်မျိုးတစ်ဖုံပြောင်းလဲလာပါလေတော့သည်။

မော်လမြိုင်ချွေးတပ်စခန်းမှဂျပန်များသည် ချွေးတပ်သားများအပေါ်တွင် ခပ်ကြမ်းကြမ်းအုပ်ချုပ်လေတော့သည်။ မပြောပလောက်သည့်အပြစ်ကလေးမျှလောက်နှင့် ချွေးတပ်သားများအား ပါးကို ဘယ်ပြန်ညာပြန် ရိုက်နှက်ခြင်း, စစ်ဖိနပ်နှင့်ကန်ကျောက်ခြင်း, မျက်ခွက်ကို လက်ဝါးစောင်းဖြတ်၍ ရိုက်နှက် ထိုးကြိတ်ခြင်းစသည်များကို ပြုမူလာလေတော့သည်။

စခန်းမှူးများ, ဘွန်ထိုက်ချို စသူများကလည်း မိမိတို့အမျိုးသားချင်းဟူ၍ ငဲ့ညှာထောက်ထားခြင်းမရှိဘဲ၊ ဂျပန်စစ်သားများနည်းတူ ချွေးတပ်သားများအပေါ် နှိပ်စက်ကလူ ပြုမူကျင့်သုံးလာလေသည်။ ထိုအထဲတွင် ကုလားကပြား, ကုလားဒိန်များမှာ အဆိုးရွားဆုံး, အကောက်အကျစ်ဆုံးပင် ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်များ၏အပြုအမူနှင့် စခန်းမှူးများ, ဘွန်ထိုက်ချို စသူများ၏အပြုအမူကို ထိုအခါမှ သုံးသပ်ဆင်ခြင်ကြည့်မိလေသည်။

ထိုအခါ အောက်ပါအတိုင်းသိရလေသည်။

မော်လမြိုင်ကိုရောက်သည့်အခါ ချွေးတပ်သားများအနေဖြင့် ပြေးပေါက်ပြေးလမ်းမလွယ်တော့ချေ။ အစောင့်အကြပ်များထူထပ်ခြင်း, မြစ်ကူးချောင်းဖြားခရီးလမ်းများ ဖြစ်ခြင်း, တောတွင်းအလုပ်စခန်းများနှင့်လည်း နီးကပ်လာပြီဖြစ်ခြင်း စသောအကြောင်းများကြောင့် ဂျပန်များသည် သူတို့လက်ခုပ်တွင်းသို့ ရောက်ရှိလာသော ချွေးတပ်သားများအား ခပ်ကြမ်းကြမ်းခပ်ပြတ်ပြတ် နှိပ်စက်လာသည့်သဘောပင် ဖြစ်ဟန်တူလေသည်။

တောတွင်းချွေးတပ်စခန်းများရှိရာသို့ မရောက်မီအတွင်း ခရီးလမ်းတစ်လျှောက် ဖြတ်သန်းကြုံတွေ့ခဲ့ရသော

http://mmteashop.com



ချွေးတပ်စခန်းများအနက် မော်လမြိုင်နှင့် သံဖြူဇရပ်ချွေးတပ်စခန်းများမှာ ကျွန်တော်တို့အဖို့ အနေအထိုင် အကြုံ့ဆုံး နှင့် စိတ်ပျက်စရာအကောင်းဆုံးစခန်းများပင် ဖြစ်လေသည်။ ထိုစခန်းများကို ရောက်သည့်အခါမှလည်း ချွေးတပ်သား များမှာ ချွေးတပ်ပုံစံနှင့် ချွေးတပ်အကြောင်းကို တစ်စစသိရှိလာလေတော့သည်။

ကျွန်တော်တို့သည် မော်လမြိုင်ချွေးတပ်စခန်းတွင် တစ်ရက်ခန့်နားနေခြင်း ပြုရပြီးနောက်၊ ရှေ့ခရီးကို ဆက်လက်၍ထွက်ခွာခြင်း ပြုခဲ့ကြရပြန်လေသည်။ ရှေ့ခရီးစခန်းမှာ သံဖြူဇရပ်ပင် ဖြစ်လေသည်။ သံဖြူဇရပ်သည် ဂျပန်ခေတ်တစ်ခေတ်လုံး ချွေးတပ်နှင့်ပတ်သက်၍ နာမည်အကျော်ကြားဆုံး၊ လူတွေအကြောက်ရွံ့ဆုံး နေရာဒေသ တစ်ခုပင် ဖြစ်လေသည်။ သို့ရာတွင် ဖြစ်ရပ်အမှန်အကန်မှာမူတောတွင်းချွေးတပ်စခန်းများကသာ သံဖြူဇရပ်ထက် ပို၍ အဆိုးရွားဆုံး၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်အရှိဆုံးနှင့် ရက်စက်ကြမ်းကြုတ်မှု အထူပြောဆုံး နေရာဒေသများ ဖြစ်လေသည်။ ကြမ်းတမ်းဆိုးရွားသောအလုပ်ဒဏ်ကို ခံကြရခြင်း၊ ရာသီဥတုဒဏ်ကို ခံကြရခြင်း၊ အစားအစာ၊ ဆေးဝါးမလုံလောက်ခြင်း၊ ရောဂါဝေဒနာ ထူပြောခြင်း၊ ဂျပန်များ၏ လူမဆန်သောနှိပ်စက်ညှဉ်းပန်းမှုကို ခါးစည်း လျက်ကုန်းရုန်းခံရခြင်း စသော ဆင်းရဲပင်ပန်းမှုအဖုံဖုံတို့မှာ တောတွင်းချွေးတပ်စခန်းများတွင် တွေ့ကြုံခံစားရသည့် အဖြစ်များပင် ဖြစ်လေသည်။

ထိုအဖြစ်မျိုး၊ ထိုအကြောင်းမျိုးများကိုလည်း ကျွန်တော်တို့ချွေးတပ်သားများသည် ကြိုတင်ကာသိရှိကြသည် တော့ မဟုတ်။ တောတွင်းချွေးတပ်စခန်းများသို့ ရောက်ရှိမှသာ ဘီလူးတွေ့၊ နဖူးတွေ့တွေ့လျက် သိရှိကြရခြင်းပင် ဖြစ်လေသည်။ ထိုအခါ၌ကား ကျွန်တော်တို့ချွေးတပ်သားများအနေဖြင့် 'ပြေးပေါက်' ဟူ၍မရှိတော့ပါချေ။ ကျွန်တော်တို့အားလုံးပင် ဂျပန်များလက်တွင်း၌ ပိတ်မိခြင်းခံနေကြရလေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့တစ်တွေ ရှေ့ခရီးသို့ သွားလာချီတက်နေသောခြေလှမ်းများသည် သေမင်း၏ ခံတွင်းပေါက်ရှိရာသို့ သွားရောက်နေသောခြေလှမ်းများ ဟူ၍ ပြောရန်မှတစ်ပါး၊ အခြားမည်သို့မျှ ပြောနိုင်ရန် အကြောင်းမမြင်မိပါချေ။

http://mmteashop.com

## နာမည်ကျော် သံဖြူဇရပ်

ကျွန်တော်တို့ချွေးတပ်သားများသည် မော်လမြိုင်မှတစ်ဆင့် သံဖြူဇရပ်ချွေးတပ်စခန်းမကြီးသို့ ရောက်ရှိခဲ့ကြလေသည်။ သံဖြူဇရပ်ချွေးတပ်စခန်းသည် ယိုးဒယား–မြန်မာရထားလမ်း, ကားလမ်းဖောက်လုပ်ရာ၌ အရေးအပါဆုံးနှင့် အကြီးမားဆုံးဖြစ်သည့် ချွေးတပ်စခန်းတစ်ခု ဖြစ်လေသည်။

ဂျပန်များသည် ယိုးဒယား–မြန်မာမီးရထားလမ်းကြီးကို ဖောက်လုပ်ခြင်းပြုရာ၌ ဦးစွာပထမ ကားလမ်းတစ်ခုကိုဖောက်လုပ်ခြင်း ပြုလေသည်။ ပြီးမှ မီးရထားလမ်းကိုဖောက်လုပ်ခြင်း ဖြစ်သည်။ ကားလမ်းသည် ကတ္တရာစေးခင်းလမ်းလည်း မဟုတ်၊ ကျောက်ခင်းလမ်းလည်း မဟုတ်ပေ။ မြေပြင်လမ်းတစ်ခုသာ ဖြစ်လေသည်။ သို့ရာတွင် ထိုလမ်းခရီးတစ်လျှောက်ရှိမြေများသည် အတော်အတန်မာကျောသောမြေများဖြစ်ရုံမျှမက၊ အချို့နေရာများဆိုပါလျှင် ကျောက်သားကျောက်တုံးများ ရောပြွမ်းနေသောမြေအမျိုးအစား ဖြစ်လေသည်။ ထို့ကြောင့်ပင် ကားလမ်းမှာ ကတ္တရာစေးခင်း ကျောက်ခင်းလမ်းမဟုတ်သည့်တိုင် ကားများမောင်းနှင် သွားလာခြင်းပြုနိုင်ပေသည်။

သံဖြူဇရပ်ချွေးတပ်စခန်းသည် သံဖြူဇရပ်မြို့အနီးတွင် ရှိလေသည်။ မီးရထားလမ်း၏အနောက်ဘက် ခရီး ၂ ဖာလုံခန့်အကွာ ဟုခန့်မှန်းရလေသည်။ ထိုနေရာ, ထိုဒေသသည် တနင်္သာရီတိုင်းအတွင်းအပါအဝင် ဖြစ်လေသည်။ ရာသီဥတုမှာလည်း မိုးဦးကျစအချိန်ဖြစ်သောကြောင့် အမြဲတမ်း ရီဝေမှုန်မှိုင်းလျက် စိုစွတ်အေးမြလှသောအနေအထားမျိုး ဖြစ်လေသည်။

ရထားဆိုက်သည်ဆိုလျှင်ပင် ကျွန်တော်တို့ချွေးတပ်သားများသည် ရထားတွဲများပေါ်မှ အလုအယက်တိုးဝှေ့ဆင်းသက်ကြလေသည်။ ခရီးတစ်လျှောက်လုံးတွင် ကျဉ်းကျဉ်းကျပ်ကျပ်စီးနင်းလိုက်ပါခဲ့ရသောကြောင့် ကျင်ကြီး, ကျင်ငယ်ကိစ္စအတွက် ရထားလမ်းဘေးသစ်ပင်ကြီးများရှိရာသို့ ဝင်ပြေးသူပြေး, တောစပ်ရှိရာသို့ သွားထိုင်သူထိုင် ဖြစ်လိုက်ကြလေသည်။

ထိုအတွင်းကပင် ဂျပန်စစ်သားများ၏ အော်ဟစ်ဆဲဆိုသံ, ထုသံရိုက်သံ, စစ်ဖိနပ်နှင့် ကန်ကြောက်သံများပေါ်ထွက်လာသည်။ ချွေးတပ်သားများ၏ ရုတ်ရုတ်သဲသဲဖြစ်သံနှင့် ဆူညံပြေးလွှားသံများကိုလည်း ကြားလိုက်မြင်လိုက်ရလေသည်။

ကျွန်တော်သည် ရထားတွဲပေါ်မှ ဆင်းသက်ခဲ့ပြီးနောက် ထိုအဖြစ်ကို လှမ်းကြည့်လိုက်သည်။

ဂျပန်စစ်သားများသည် မီးရထားသံလမ်းဘေးကို ရိုင်ဖယ်ကိုယ်စီ, တုတ်ကိုယ်စီနှင့် ၂ ဘက်ညှပ်လျက်ဝိုင်းပတ်ထားလေသည်။ အချို့ဂျပန်စစ်သားများသည် တောစပ်သို့ပြေးသွားသော ချွေးတပ်သားများနှင့် သစ်ပင်ကြီးများအောက်တွင် ဝင်ရောက်ကျင်ငယ်စွန့်နေသောချွေးတပ်သားများအား တဘုံးဘုံးတဖြန်းဖြန်းထုရိုက်၍ လည်းကောင်း, ကုပ်ပိုးမှဆွဲ၍ လည်းကောင်း မီးရထားလမ်းဘေးသို့ ခေါ်ဆောင်လာသည်။ ထို့ကြောင့်လည်း ချွေးတပ်သားအတော်များများတို့ပင် ကျင်ကြီးကျင်ငယ်စွန့်သည့်ကိစ္စကို ပြီးဆုံးအောင် မပြုရတော့ဘဲ၊ ဂျပန်စစ်သားများဆွဲရာနောက်သို့ ယက်ကန်ယက်ကန်ပါလာလေတော့သည်။

http://mmteashop.com



"ဘီမော– ဘီမော။ အားလုံးရှိတက။ ထိုင်ပါ–ထိုင်ပါ"

ဂျပန်စစ်ဗိုလ်ကလေးတစ်ယောက်သည် ကျွန်တော့်အင်္ကျီလက်မောင်းပေါ်က လက်ပတ်ကိုကြည့်လျက် ကျွန်တော့်ကို လှမ်းခေါ်လေသည်။ လက်ဟန်ခြေဟန်ပြ၍လည်း 'ချွေးတပ်သားအားလုံးကို တန်းစီ၍အထိုင်ခိုင်းပါ' ဟု ဆိုလေသည်။

"ဟိုက်။ မာစတာ၊ ဟိုက်"

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်အားလှမ်းပြောလိုက်ပြီးနောက် ဘွန်ထိုက်ချိုနှင့် ဟန်ချိုအားလုံးကိုလည်း ဟစ်အော်လျက်ခေါ်လိုက်ပါသည်။ ထိုမျှများပြားလှသော ချွေးတပ်သားလူအုပ်ကြီးကိုလည်း ကျွန်တော်တစ်ဦးတည်း ထိန်းသိမ်းကွပ်ကဲ၍ ရလိမ့်မည်မဟုတ်ချေ။ ပြီးလျှင် ချွေးတပ်သားများ ဖရိုဖရဲနှင့် အကွဲကွဲအပြားပြားဖြစ်နေသလောက် ဂျပန်စစ်သားများကလည်း တုတ်တဝင့်ဝင့် သေနတ်တကားကားနှင့် လိုက်လံရိုက်နှက်နေဦးမည်သာ ဖြစ်လေသည်။

"ဘွန်ထိုက်ချိုတွေ, ဟန်ချိုတွေ။ လာကြ လာကြ။ အားလုံး ဒီကိုလာကြဗျို့"

ကျွန်တော်တို့သည် ဂျပန်စစ်ဗိုလ်နှင့်အတူ မီးရထားလမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်တွင်ရပ်လျက် အော်ဟစ်ခြင်းပြုလိုက်ပါသည်။

ဘွန်ထိုက်ချိုကိုမောင်စိန်, ဟန်ချိုကိုချစ်တိုး စသူများသည် ကျွန်တော့်အသံကြောင့် ဂျပန်စစ်ဗိုလ်နှင့် ကျွန်တော်ရှိရာသို့ အပြေးအလွှားရောက်လာကြလေသည်။ သူတို့ကလည်း လက်များကိုဝှေ့ယမ်းလျက် ကျွန်တော်ကဲ့သို့ပင် အော်ဟစ်ကြလေသည်။

ထိုအချိန်ထိအောက်ပင် ချွေးတပ်သားအချို့နှင့် ဂျပန်စစ်သားများမှာ ထွေးထွေးရှုပ်ရှုပ်ဖြစ်နေဆဲ ရှိလေသည်။ ဂျပန်တွေကနောက်မှနေလျက် ဝါးရင်းတုတ်များနှင့် လိုက်လံရိုက်နှက်သည့်အခါ ချွေးတပ်သားအချို့မှာ ဟိုပြေးသည်ပြေးဖြစ်နေတော့သည်။ သို့ရာတွင် ချွေးတပ်သားများမှာလည်း မီးရထားဝင်းအပြင်သို့ ထွက်ပြေးနိုင်ကြခြင်းတော့မဟုတ်ပါ။ သေနတ်ကိုင်ဂျပန်စစ်သားများသည် မီးရထားဝင်းပတ်ပတ်လည်ကို ခပ်စိပ်စိပ်ဝိုင်းထားကြလေသည်။

သို့ရှိနေခိုက် ကျွန်တော်နှင့် အတူယှဉ်ရပ်နေသော ဂျပန်စစ်ဗိုလ်သည် သူ့ဂျပန်စစ်သားများအား တစ်စုံတစ်ရာကို အော်ဟစ်ပြောလိုက်လေသည်။ သူ့နည်းတူပင် ဂျပန်စစ်သား ၃–၄ ယောက်ကလည်း ဆင့်ကဲဆင့်ကဲအော်ဟစ်လိုက်ကြလေသည်။ ထိုအခါမှ ချွေးတပ်သားများအား လိုက်လံရိုက်နှက်နေသောဂျပန်စစ်သားများမှာလည်း အရိုက်အနှက် ရပ်တန့်သွားလေသည်။

မကြာမီ ဘွန်ထိုက်ချိုနှင့် ဟန်ချို ၂၀ လောက်မှာလည်း သစ်ပင်ကြီးအောက်သို့ စုရုံးရောက်ရှိလာကြလေသည်။ ဂျပန်စစ်သားအချို့လည်း သူတို့စစ်ဗိုလ်အနီးတွင် ခြေစုံရပ်လျက်ရှိနေကြလေသည်။ သူတို့အထဲတွင် သေနတ်မကိုင်ဘဲ ဝါးစိမ်းတုတ်တစ်ချောင်းကိုကိုင်ထားသော အသက် ၁၃–၄ နှစ်အရွယ် ဂျပန်ကလေးတစ်ယောက်ပါရှိလာသည်ကိုလည်း ကျွန်တော် သတိပြုလိုက်မိပါသည်။

ရုတ်တရက်သော် ကျွန်တော်သည် အတော်အံ့သြခြင်းဖြစ်မိပါသည်။ 'အင်မတန်ငယ်ရွယ်သော ထိုဂျပန်ကလေးသည် ဂျပန်စစ်ဗိုလ်၏သားကလေးများပေလော။ သို့မဟုတ် စစ်ထဲသို့ပါလာသော စစ်သားကလေးတစ်ယောက်ပေလော'ဟူ၍ တွေးလိုက်မိခြင်းကြောင့် ဖြစ်လေသည်။ ထိုအခိုက် ဂျပန်စစ်ဗိုလ်သည် ထိုသူငယ်အား ဂျပန်ဘာသာစကားဖြင့် တစ်စုံတစ်ရာကိုပြောလိုက်လေသည်။

"ဒီမယ်–မာစတာက ပြောတယ်။ မင်းတို့လူတွေကို ၄ ယောက် ၁ တွဲ တန်းစီပြီး အထိုင်ခိုင်းပါတဲ့။ လူစစ်ပြီးရင် စခန်းရှိရာကို သွားကြရမယ်တဲ့"

http://mmteashop.com



ကျွန်တော်သည် ထိုစကားကိုကြားငိုက်ရမှ သူငယ်ကလေးမှာ ဂျပန်စစ်သားလိုဝတ်ဆင်ထားသော စကားပြန်ကလေးတစ်ယောက်ဖြစ်ကြောင်း သိရလေသည်။ ထိုသူငယ်က သူ့အဖေလောက်နီးနီးရှိသောကျွန်တော်တို့ကို 'မင်း', 'ငါ'ဟူသော အသုံးအနှုန်းနှင့် အကြောက်အလန့်မရှိပြောလေသည်။ သူ့စကားသံမှာ ခပ်ဝဲဝဲဖြစ်နေသည်ကိုထောက်၍လည်း မွန်ကလေးတစ်ယောက်ဖြစ်ကြောင်း အကဲခတ်လိုက်မိသည်။ ထိုသူငယ်သည် ဂျပန်စစ်သားများနှင့် အတော်ပင် အနေကြာလာဟန်ဘူလေသည်။ သူ့ကိုကြည့်ရသည်မှာ ဆောင့်ကြွားကြွားညစ်ကျယ်ကျယ် ဖြစ်လေသည်။

"ကဲ– ဘွန်ထိုက်ချိုနှင့် ဟန်ချိုတွေ။ ခင်ဗျားတို့လူတွေကို ၄ ယောက် ၁ တွဲ တန်းစီပြီးအထိုင်နိုင်းကြဗျာ။ ခပ်မြန်မြန်လုပ်ကြဗျ။ အတော်ကြာရင် မိုးရွာလာလိမ့်မယ်"

ကျွန်တော်က ပြောလိုက်သည်။

မကြာမီ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများသည် သစ်ပင်အောက်မှထွက်သွားကြသည်။ သူတို့သည် ချွေးတပ်သားများအား လိုက်လံထိန်းသိမ်းခြင်းပြုကာ ၄ ယောက် ၁ တွဲကျ တန်းစီအထိုင်နိုင်းလေသည်။

ချွေးတပ်စခန်းအသီးသီးတွင် ဂျပန်စစ်ဗိုလ်များ လက်ကသုံးတောင်ဆေးပြုသည့် ထို စကားပြန်လူငယ်ကလေးများမှာလည်း ၂ ယောက်–၃ ယောက် ရှိလေသည်။ သူတို့သည် မွန်ကလေးများနှင့် ကုလားဒိန်ကလေးများ ဖြစ်ကြသည်။ အသက်အရွယ်မှာလည်း ငယ်ရွယ်သူများ ဖြစ်ကြသည်။ သူတို့ကလည်း ချွေးတပ်စခန်းများတွင် တမောင့်, တဒုက္ခဖြစ်လေသည်။ စကားပြန်လူရိုင်းကလေးများသည် သူတို့အဖေလောက်, သူတို့အဖိုးလောက် အရွယ်ဝုဒ္ဓိရှိသော ချွေးတပ်သားကြီးများအား ခြေထောက်နှင့် ကန်ကြောက်ခြင်း, မအေနမ စသည်ဖြင့် ဆဲရေး တိုင်းထွာခြင်းစသည်များ ပြုတတ်ကြလေသည်။ အမှန်အားဖြင့် သူတို့သည် ဂျပန်များထံမှတစ်ဆင့် အတုမြင်အတတ်သင်သသောမျိုး ဖြစ်ဟန်ရှိလေသည်။

ချွေးတပ်သားခများများမှာမူ ဂျပန်ကိုလည်း ကြောက်ရသည်။ စခန်းမှူးစသူများကိုလည်း ကြောက်ရသည်။ ဘွန်ထိုက်ချို, ဟန်ချိုများကိုလည်း ကြောက်ကြရသည်။ သူတို့လိုစကားပြန်ကလေးများကိုလည်း ကြောက်ရရှာလေသည်။ ချွေးတပ်သားတို့၏ဘဝမှာ အပင်ပန်းခံ, အညည်းဆဲခံ, အထုအရိုက်ခံသက်သက်မျှသာ ဖြစ်လေသည်။

ချွေးတပ်သားများ တန်းစီလူနေခိုက် ကျွန်တော်သည် သံပြုဇရပ်ဘူတာ၏ပတ်ဝန်းကျင် ၄ ဘက် ၄ တန်ကို ကြည့်ရှုအကဲခတ်ခြင်း ပြုလိုက်မိလေသည်။

ပတ်ဝန်းကျင်အရပ်များသည် တောရိပ်တောင်ရိပ်များ ဝန်းရံထားလေသည်။ ထက်ကောင်းကင်မှ မိုးသားတိမ်လိပ်များ ဆင်နေသောကြောင့်လည်း တောတောင်အားလုံးမှာ ညို့မှိုင်းရီဝေလျက် ရှိလေသည်။ လေတဖြူးဖြူးတိုက်ခတ်နေခြင်းနှင့်အတူ ဟိုမှသည်မှပြန့်လွင့်လာသော တောကျေးတောငှက်ကလေးများ၏အသံကိုလည်း ရံဖန်ရံခါ ကြားနေရလေသည်။

နေရာဒေသကား လွမ်းဆွတ်ဖွယ်, ကြေကွဲဖွယ် ကောင်းလှလေသည်။ လောလောဆယ်အားဖြင့် ခရီးရောက်မဆိုက် ဖြစ်နေသောကြောင့် တစ်ကြောင်း၊ ဖက်ဆစ်ဂျပန်စစ်သားများ၏ အထုအထောင်းအရိုက်အပုတ်ကို ကြောက်ရွံ့ထိတ်လန့်စွာ ခံစားနေရသောကြောင့် တစ်ကြောင်း၊ ချွေးတပ်သားခများများအနေဖြင့် လွမ်းရဆွေးရ ကြေကွဲရမည့် အတွေးများကို တွေးတောမိခြင်း ပြုမိကြလိမ့်ဦးမည် မဟုတ်ပါချေ။

သို့ရာတွင် အချိန်ကာလ အတန်ကလေး ကြာရှိလာမည်ဆိုလျှင်ကား ထိုအမြင်, ထိုအတွေ့များသည် သူတို့ သူတို့၏နှလုံးသားများကို လွမ်းဆွတ်ကြေကွဲစေလိမ့်မည်။ ပူဆွေးလောင်ကျွမ်းစေလိမ့်မည်မှာ မုချ'ဟု ကျွန်တော် တွေးလိုက်မိလေသည်။

မကြာမီ ချွေးတပ်သားများအားလုံပင် စနစ်တကျတန်းစီထားပြီးဖြစ်သွားသည်။ ဂျပန်စစ်ဗိုလ်သည် ကျွန်တော့်ကို

http://mmteashop.com



သူနှင့်အတူခေါ်ငင်ပြီးနောက်၊ နောက်ပါဂျပန်စစ်သားများနှင့်အတူ ချွေးတပ်သားများကို စစ်ဆေးခြင်းပြုလေသည်။

ကျွန်တော်တို့မအူပင်ခရိုင်မှ ချွေးတပ်သားများမှာ အတိအကျပင်ဖြစ်လေသည်။ သို့ရာတွင် အခြားခရိုင်မှ ချွေးတပ်သားအချို့မှာ စာရင်းပါအတိုင်းမဟုတ်ဘဲ ၆ ယောက်တိတိလျော့နေလေသည်။ ထိုအထဲတွင် ဟန်ချို တစ်ယောက်လည်း အပါအဝင်ဖြစ်နေသည်။

ဂျပန်စစ်ဗိုလ်သည် ထိုကိစ္စကို မကျေမနပ်ဖြစ်လေတော့သည်။ လူပေါင်း ၅၀၀ ကျော်လောက်ကို ထပ်တလဲလဲရေတွက်လိုက်, သူ့လက်ထဲရှိစာရင်းကို ထပ်ခါထပ်ခါကြည့်လိုက်နှင့် ရှူးရှူးရှားရှားဖြစ်လာတော့သည်။ ချွေးတပ်သား ၅ ယောက်နှင့် ဟန်ချို ၁ ယောက် ပျောက်ဆုံးနေသည်မှာမူ အမှန်ပင်ဖြစ်လေသည်။ မည်သို့ ရေတွက်ရေတွက် မည်မျှလောက် စစ်ဆေးစစ်ဆေး လူ ၆ ယောက်လျော့နည်းနေခြင်းမှာ သေချာနေလေသည်။

ဂျပန်စစ်ဗိုလ်သည် ချွေးတပ်သားများအား မော်လမြိုင်မှ တာဝန်ယူကာလိုက်လံပို့ဆောင်သော ဂျပန်စစ်သားများအား ရထားလမ်းဘေးတွင် တန်းစီမတ်တပ်ရပ်စေလျက် ဒေါသတကြီးနှင့် မေးမြန်းစစ်ဆေးပါတော့သည်။ ပါးစပ်မှလည်း ထပ်တလဲလဲ ဆဲဆိုကြိမ်းမောင်းခြင်းပြုလေသည်။ နောက်ဆုံး၌မူ ဂျပန်စစ်သား ၁၄–၅ ယောက်ထဲမှ တပ်ကြပ်ကြီးဖြစ်သော ဂျပန်စစ်သား၏ပါး ၂ ဘက်ကို ဘယ်ရောညာရောပါ ရိုက်နှက်ခြင်းပြုလေသည်။

ကျွန်တော်သည် ထိုအဖြစ်ကို ခပ်လှမ်းလှမ်းမှနေ၍ ကြည့်နေမိသည်။

တပ်ကြပ်ဂျပန်မှာ အသားများ တဆတ်ဆတ်တုန်နေရှာပါသည်။ ဒူးဆစ် ၂ ဘက်မှာလည်း တစ်ဖက်နှင့် တစ်ဖက် တဆတ်ဆတ်ရိုက်လျက် မကြာမီ လဲကျသွားတော့မည့်အလား ရှိလေသည်။ သို့ရာတွင် ဂျပန်စစ်ဗိုလ်က အသံကုန်အော်ဟစ်အမိန့်ပေးလိုက်သည့်အခါ၊ ဂျပန်တပ်ကြပ်သည် သူ့ကိုယ်ကို ခပ်တောင့်တောင့်ထားလျက်၊ ရင်ကိုကော့ကာ ခြေစုံရပ်ပေးရသည်။ ဂျပန်စစ်ဗိုလ်ကလည်း တပ်ကြပ်၏ ပါး ၂ဘက်ကို တစ်အားတစ်အားလွှဲလျက် ရိုက်လေသည်။

ချွေးတပ်သားအားလုံးမှာလည်း တုပ်တုပ်မျှ မလှုပ်ဝံ့ချေ။ အားလုံး မျက်စိမျက်နှာပျက်လျက် ငြိမ်သက်နေကြလေသည်။

ဤသို့နှင့် ဂျပန်စစ်ဗိုလ်သည် တပ်ကြပ်ကြီးဂျပန်အား ရိုက်နှက်နေခြင်းကို ရပ်တန့်လိုက်ပြီးနောက်၊ စကားပြန်သူငယ်မှတစ်ဆင့် လူလျော့နေသောချွေးတပ်အုပ်စုများမှ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကို အပြင်သို့ခေါ်ထုတ်လိုက်သည်။ ထိုသူများအားလုံးကို စီတန်းမတ်တပ်ရပ်နေစေသည်။ ထိုလူစုမှာ ဘွန်ထိုက်ချိုရော ဟန်ချိုပါ ၁၀ ယောက်ခန့်ရှိလိမ့်မည်ဟု ထင်ပါသည်။

"မရှိဘူးတကား၊ မရှိဘူးတကား"

ဂျပန်စစ်ဗိုလ်သည် ဘွန်ထိုက်ချိုများ, ဟန်ချိုများကို တစ်ယောက်ပြီးတစ်ယောက် စစ်ဆေးမေးမြန်းလေသည်။

"မင်းတို့ထဲက ချွေးတပ်သား ၆ ယောက် လိုနေတယ်။ ဘယ်မှာလဲ"

စကားပြန်သူငယ်က မေးလေသည်။

သို့ရာတွင် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများသည် ဂျပန်စစ်ဗိုလ်၏အမေးကို လည်းကောင်း, စကားပြန်သူငယ်၏ အမေးကို လည်းကောင်း တစ်စုံတစ်ရာဖြေကြားခြင်း မရှိကြချေ။ အားလုံး နှုတ်ဆိတ်ငြိမ်သက်၍ နေကြလေသည်။

"မင်းတို့ မသိဘူးလားကွ။ မင်းတို့လူတွေထွက်ပြေးရင် မင်းတို့မှာ တာဝန်ရှိတယ်"

စကားပြန်သူငယ်ကပင် ပြောလေသည်။ ထိုသူငယ်သည် ဘွန်ထိုက်ချို, ဟန်ချိုများရှေ့တွင် ခါးထောက်လျက် မောက်မောက်မာမာကိုက်မျိုးဆိုက်မျိုး ဖြစ်လေသည်။

"ဟေ့ကောင်။ မင်း မသိဘူးလား"

http://mmteashop.com



စကားပြန်သူငယ်သည် တန်းစီရပ်နေသောလူများထဲမှ ရှေ့ဆုံးထိပ်ဆုံးမှရပ်နေသော ဘွန်ထိုက်ချိုတစ်ယောက်ကို မေးလိုက်လေသည်။ အမေးခံရသူမှာ အသက် ၄၀ ကျော်အရွယ် ဦးကြီးတစ်ယောက် ဖြစ်လေသည်။

"ကျုပ် မသိပါဘူးကွယ်"

ဘွန်ထိုက်ချို ဦးကြီးက ဖြေလေသည်။

ထိုဦးကြီး၏စကားအဆုံး၌ပင် ဂျပန်စစ်ဗိုလ်သည် ပွဲအနီးရှိဂျပန်စစ်သားများဘက်သို့လှည့်၍ တစ်စုံတစ်ရာကို ပြောလိုက်လေသည်။ ဂျပန်စစ်သား ၃–၄ ယောက်သည် ရိုင်ဖယ်သေနတ်များကို ပခုံးထက်သို့ ရွှေ့ပြောင်းချိတ်လိုက်သည်။ ပြီးလျှင် ခြေလှမ်းကြဲကြီးများနှင့်လျှောက်လာကြပြီးနောက်၊ 'မသိဘူး'ဆိုသော ဘွန်ထိုက်ချို ဦးကြီးအား လူအုပ်တွင်းမှ အပြင်သို့ဆွဲထုတ်လိုက်လေသည်။

"မင်း မသိဘူးလား"

စကားပြန်သူငယ်က မေးမြန်းခြင်းပြုပြန်ပါသည်။

ဦးကြီးခမျာ မျက်လုံးကလယ်ကလယ်နှင့် မည်သို့ဖြေရမှန်းမသိဘဲ ဖြစ်နေလေသည်။

"ဟော့–မေးတာဖြေစမ်း"

"ဦးကြီး မသိပါဘူးကွယ်"

'ဖျန်း'ခနဲ မြည်သွားသောအသံနှင့်အတူ ဂျပန်စစ်သားများ၏ ကြမ်းတမ်းမာကျောသောလက်ဝါးသည် အဘိုးကြီး၏ပါးပြင်ထက်သို့ ကျရောက်သွားသည်။ ဘွန်ထိုက်ချိုဦးကြီး၏ မျက်နှာသည် တစ်ဘက်သို့ လည်ထွက်သွားသည်။ ထိုအခိုက်အတန့်၌ပင် ကျန်သောဂျပန်စစ်သား၏လက်တစ်ဖက်ကလည်း ဘွန်ထိုက်ချိုကြီး၏ ကျန်ပါးတစ်ဖက်ပေါ်သို့ 'ဖျန်း'ခနဲကျရောက်သွားပြန်သည်။ ဂျပန်စစ်သား ၂ ယောက်သည် ဘွန်ထိုက်ချိုဦးကြီးအား ၂ ဘက်ညှပ်လျက် ရိုက်နက်လိုက်ခြင်းပင်ဖြစ်လေသည်။

ထိုဦးကြီးပြီးသည့်အခါ ဒုတိယမြောက်ဖြစ်သော လူတစ်ယောက်ကို မေးမြန်းစစ်ဆေးပြန်လေသည်။ ထိုသူမှာ အသက်အစိတ်ရွယ် ဟာန်ချိုတစ်ယောက် ဖြစ်လေသည်။

"မင်းကော မသိဘူးလား"

"သိတယ်"

ထိုလူရွယ်က ခပ်မာမာခပ်ဆတ်ဆတ်ဖြေလေသည်။

"သိတကား၊ သိတကား"

ဂျပန်စစ်ဗိုလ်သည် ထိုလူရွယ်၏အနီးသို့ ခပ်သွက်သွက်လျှောက်လာသည်။ ပြီးသော် စကားပြန်သူငယ်အား တစ်စုံတစ်ရာကို ပြောလိုက်လေသည်။

"မင်းသိရင် အဲဒီလူ ၆ ယောက် ဘယ်မှာလဲ။ ပြောစမ်း"

စကားပြန်သူငယ်က ဆိုလေသည်။

"သူတို့ ထွက်ပြေးကြပြီ။ လမ်းမှာ မီးရထားပေါ် ခုန်ချပြေးကြတယ်"

ဟာန်ချိုသူငယ်က ဖြေလေသည်။

ဂျပန်စကားပြန်ကလည်း စစ်ဗိုလ်ဖြစ်သူအား ပြန်လည်ကာ ပြောပြပြန်လေသည်။ ဤတွင် စကားပြန်သူငယ်မှတစ်ဆင့် နောက်ထပ်ဆင့်လျက် မေးခွန်းထုတ်ပြန်လေသည်။

"မင်း သူတို့ထွက်ပြေးတုန်းက သိရက်သားနှင့် ဂျပန်မာစတာတွေကို ဘာကြောင့်မပြောတာလဲ"

ဟာန်ချိုလူရွယ်မှာ မည်သို့မျှမဖြေတတ်ဘဲ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟော့–ပြောလေကွာ"

http://mmteashop.com



ဟန်ချိုလှရွှယ်မှာ နှုတ်ဆိတ်နေလေသည်။

ထိုအခိုက်၌ပင် အရိပ်အကဲနားလည်သော ဂျပန်စစ်သား ၂ ယောက်သည် ဟန်ချိုလှရွှယ်အား လူအုပ်အတွင်းမှ တစ်အားဆောင့်လျက် ဆွဲထုတ်လိုက်သည်။ ဂျပန်စစ်သားတစ်ယောက်သည် လှရွှယ်ရှိရာသို့ ခုန်လွှားလာပြီးနောက် ရင်ဝဆီသို့ စစ်ဖိနပ်နှင့်လှမ်းကန်လိုက်သည်။ လှရွှယ်သည် ဘေးသို့ ပုံရက်သားလဲကျသွားလေသည်။ သို့ရာတွင် ဂျပန်စစ်သား ၂ ဦးက ဆွဲထူလိုက်သည့်အခါ ချက်ချင်းပြန်ထလာသည်။

"မင်း ဘာပြုလို့မပြောတာလဲ"

စကားပြန်က မေးပြန်သည်။

"ကျုပ်မသိဘူး။ ဘာမှမသိဘူး။

လှရွှယ်က အသံကုန်အော်ဟစ်လိုက်သည်။

ထိုအခိုက်၌ပင် ဂျပန်စစ်သား၏လက်များမှာလည်း ဟန်ချိုလှရွှယ်၏ပါး ၂ ဘက်ပေါ်သို့ တဖျန်းဖျန်းကျရောက်သွားပြန်လေသည်။

ထိုအခိုက် အုံ့မှိုင်းရီဝေနေသောမိုးသည် တဖွဲဖွဲရွာသွန်းစပြုလာလေသည်။

ကျွန်တော်တို့မအူပင်ခရိုင်မှ ချွေးတပ်သားများမှာမူ လူအရေအတွက် လျော့နည်းခြင်းမရှိသဖြင့် ထိုကဲ့သို့ စစ်ဆေးမေးမြန်းခြင်း, ရိုက်နှက်ကန်ကြောက်ခြင်းကို မခံကြရသော်လည်း၊ မိုးတဖွဲဖွဲအောက်၌ပင် ငုတ်တုတ်မည်းတည်းတိုင်နေကြရဆဲဖြစ်လေသည်။

စကားပြန်သူငယ်နှင့် ဂျပန်စစ်သားများသည် တတိယမြောက်ဖြစ်သူအား စစ်ဆေးမေးမြန်းခြင်းပြုပြန်လေသည်။ ထိုသူမှာလည်း ဘွန်ထိုက်ချိုတစ်ယောက်ပင် ဖြစ်လေသည်။ အသက် အစိတ်အရွယ်ခန့် ဖြစ်သည်။ ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသောအသွင်ရှိလေသည်။

"မင်းကော မသိဘူးလား"

စကားပြန်သူငယ်က ရှေးနည်းအတိုင်းမေးလေသည်။

"ဘာကွ"

ထိုသူက စကားပြန်သူငယ်ကို ခပ်ပြတ်ပြတ်ပြန်မေးလိုက်သည်။ သူ့ကိုယ်ကိုလည်း ခပ်တောင့်တောင့်ရပ်ထားသည်။ စကားပြန်ကိုလည်း အလွန်အမင်း မကျေမနပ်ဖြစ်နေဟန်တူလေသည်။ သူ့အမူအရာသည် 'ဖြစ်ချင်တာဖြစ်စေတော့'ဟူသော နှလုံးပိုက်ထားဟန်မျိုး ဖြစ်လေသည်။

သူ့အဖြေ, သူ့အပြောကြောင့် စကားပြန်သူငယ်မှာလည်း မျက်စိမျက်နှာပျက်သွားသည်။ အနီးတွင်ရှိနေကြသောဘွန်ထိုက်ချို, ဟန်ချိုများနှင့် ကျွန်တော်ကိုယ်တိုင်မှာလည်း အတော်ပင်အံ့သြလိုက်မိသည်။

သို့ရာတွင် ဂျပန်စစ်ဗိုလ်နှင့် စစ်သားများမှာမူ မြန်မာစကားကို မတတ်သောကြောင့် ကျွန်တော်တို့၏အဖြစ်ကို နားလည်ရိပ်မိဟန် မရှိပါပေ။

"မင်း မသိဘူးလား"

စကားပြန်ကလေး၏အသံကလည်း ထန်လာလေသည်။

"ဟေ့ကောင်လေး။ ငါဟာ မင်းအဖေလောက်ရှိတယ်ကွ။ ဟို–အဘိုးကြီးဟာ မင်းဖိုးအေလောက် ရှိတယ်။ မင်းမေးစရာရှိရင် ကောင်းကောင်းမွန်မွန်မေးပါလား။ ဟင်–ခွေးသားလေး"

ထိုသူသည် မခံမရပ်နိုင်လွန်းသဖြင့် အသားများဆတ်ဆတ်တုန်လျက် အော်လိုက်လေသည်။

"အို– သည်းညည်းခံပါ လူလေးရာ။ သားတို့အဖေတို့က သူတို့လက်ခုပ်ထဲကရေပဲ"

ခပ်စောစောက အရိုက်အနှက်ခံရသော ဘွန်ထိုက်ချိုဦးကြီးက လှမ်းပြောလေသည်။

http://mmteashop.com



ထိုအခါကျမှပင် ကျွန်တော်သည် ဦးကြီးနှင့် အမေးအမြန်းခံရသော ဘွန်ထိုက်ချိုမှာ သားအဖဖြစ်ကြောင်း သိလိုက်ရလေသည်။

သို့ရာတွင် ယခုအချိန်၌ကား ဂျပန်စစ်ဗိုလ်မှာ သူ့စကားပြန်ကလေးနှင့် ချေးတပ်သားဘွန်ထိုက်ချို၏အဖြစ်ကို ရိပ်မိသိရှိသွားဟန်တူလေသည်။ ဂျပန်စစ်ဗိုလ်သည် ရှေ့သို့ ခြေလှမ်း ၄-၅ လှမ်း တိုးလာပြီးနောက် "မကောင်းဘူးတကား၊ မကောင်းဘူးတကား။ ခူးရား၊ ခူးရား၊ ဘာကာရိုး"ဟု နှုတ်တဖွဖွအော်လျက် ဘွန်ထိုက်ချို၏မျက်နှာတည့်တည့်ပေါ်သို့ လက်ဝါးစောင်းရိုက်ချလိုက်လေသည်။ ဘွန်ထိုက်ချိုမှာလည်း တစ်ဘက်သို့ ငိုက်ခနဲ ယိုင်လဲသွားတော့မလို ဖြစ်သွားလေသည်။ သို့ရာတွင် သူသည် သတိကြီးစွာထားလျက် မြေပြင်တွင် ခြေ ၂ ဖက်ကို နိုင်ခံ့စွာရပ်တန့်ထားလေသည်။ ဘွန်ထိုက်ချို၏နှာခေါင်းပေါက်ထဲမှသွေးများသည် ပါးစပ်ထဲရောက်သည်အထိ ကျဆင်းလာလေသည်။

ဂျပန်စစ်ဗိုလ်သည် သူ့စကားပြန်အား တစ်ခုံတစ်ရာမေးလေသည်။ စကားပြန်သူငယ်ကလည်း ဖြစ်သမျှအကြောင်းထက်ပို၍ ပုံကြီးချဲ့ပြောဟန်တူလေသည်။ ထို့ကြောင့်ပင် ဂျပန်စစ်ဗိုလ်၏လက်ဝါးစောင်းများသည် ဘွန်ထိုက်ချို၏မျက်ခွက်ပေါ်သို့ ဆက်ကာဆက်ကာ ကျရောက်လေသည်။ ဂျပန်စစ်ဗိုလ်သည် ကရာတေးသမားဖြစ်ဟန်တူသည်။ အရိုက်အနှက်ခံရသော ဘွန်ထိုက်ချိုလူရွယ်၏မျက်နှာတစ်ခုလုံး သွေးချင်းချင်းရဲသွားလေသည်။ သို့ရှိနေခိုက်၌ပင် ကျွန်တော်တို့အားလုံး မည်သို့မျှမထင်မှတ်သော, မျှော်လင့်ခြင်းလုံးလုံးမရှိသောအဖြစ်တစ်ရပ်ကို ကြုံတွေ့လိုက်ရလေသည်။ ဖြုတ်ခနဲ တိုတောင်းသောအချိန်ကလေးအတွင်း၌ပင် ဘွန်ထိုက်ချိုဖြစ်သူသည် ဂျပန်စစ်ဗိုလ်၏မျက်နှာပေါ်သို့ လက်သီးတစ်လုံးကို တစ်အားပင့်လျက် ထိုးနက်လိုက်လေသည်။ လူရွယ်၏လက်သီးဒဏ်ကြောင့် အလစ်တွင်ခံလိုက်ရသော ဂျပန်စစ်ဗိုလ်မှာလည်း နောက်သို့ပက်လက်လန်ကာ လဲကျသွားလေသည်။

ဘွန်ထိုက်ချိုလူရွယ်သည် ဆုတ်ဆိုင်းလေးကွေးနေခြင်းမရှိပါဘဲ မီးရထားလမ်းဘေးမှဖြတ်လျက် သံဖြူဇရပ်မြို့ဆီသို့ စွတ်၍ တရကြမ်းပြေးလေသည်။ သို့ရာတွင် ကံကြမ္မာဆိုးလှသော ထိုသူမှာ ဂျပန်များလက်တွင်းမှ လွတ်ကင်းအောင်မပြေးနိုင်ရှာပါချေ။ သေနတ်သံ ၃-၄ ချက်ကို ဆက်ကာဆက်ကာကြားလိုက်ရပြီးနောက် ထိုသူမှာလည်း ခွေကျသွားရှာလေတော့သည်။

http://mmteashop.com

## တစ်ညတာ၏ အမှောင်ရိပ်ဝယ်

မိုးနှင့်လေပြင်းသည် တဖြုန်းဖြုန်း တအုံးအုံး ရွာချလိုက်လေသည်။ လေပြင်း၏အရှိန်ကြောင့် သစ်ပင်ကြီးငယ်တို့သည်လည်း ခါးကျိုးကျမတတ် ယိမ်းထိုးလှုပ်ရှားသွားလေသည်။

ဂျပန်စစ်ဗိုလ်သည် လဲရာမှထလေသည်။ သူ့တစ်ကိုယ်လုံး ရွှံ့တွေ၊ ရေတွေပေကျံကုန်လေသည်။ သူ့မျက်နှာမှာလည်း ချက်ချင်းပင် မှုန်ရောင်လာလေသည်။

မိုးက အဆက်မပြတ် အပြင်းအထန်ရွာချနေပြီဖြစ်သောကြောင့်လည်း ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့ မအူပင်ခရိုင်ချွေးတပ်သားများအား ဂျပန်စစ်သားအစောင့်ဖြင့် သံဖြူဇရပ်ချွေးတပ်စခန်းရှိရာသို့ သွားခွင့်ပြုလိုက်လေသည်။ ပြဿနာပေါ်နေသော ချွေးတပ်သားများကိုမူ စခန်းရှိရာသို့ မလွှတ်သေးဘဲ၊ မိုးရွာကြီးထဲ၌ပင် ငုတ်တုတ်ထိုင်နိုင်းထားလေသည်။

သူတို့ ဘာတွေဆက်လက်၍ဖြစ်ကြလေမည်နည်း။ သေနတ်ထိမှန်သွားသော ဘွန်ထိုက်ချို သေလေပြီလား။ သူ့ဖခင်သည် အဘယ်ပုံရှိလေမည်နည်း။ ဂျပန်များနှင့်ပင် ဆက်လက်၍ ပြဿနာပေါ်နေဦးမည်လော။

ကျွန်တော်သည် ခြေလှမ်းကို ခပ်မှန်မှန်လှမ်းရင်း ထိုအကြောင်းများကို တွေးလိုက်မိလေသည်။ ထိုအတွေးများ ကျွန်တော့်ဦးခေါင်းထဲသို့ ဝင်ရောက်လာသောကြောင့်လည်း၊ ကျွန်တော်သည် ခပ်စောစောက သေနတ်မှန်ကာ လဲကျသွားသော ဘွန်ထိုက်ချိုလှရှယ်ရှိရာသို့ လှမ်းမျှော်လျက်ကြည့်လိုက်မိလေသည်။ ထိုသူသည် မိုးရေမိုးပေါက်များ အောက်တွင် စန့်စန့်စင်းစင်းကြီး လဲကျနေသည်။ ထိုသူ လုံးဝမလှုပ်ရှားလေတော့။ ကျွန်တော့် စိတ်အထင်ပြောရလျှင် 'အသက်မရှိလေတော့' ဟူ၍ထင်ပါသည်။

ကျွန်တော်တို့ထွက်ခွာလာသည့်တိုင် ကျန်ရစ်သော မီးရထားလမ်းဘေးချွေးတပ်သားများရှိရာမှ ဂျပန်စစ်သားများ၏ဆဲဆိုရေရွတ်သံ၊ တဝုန်းဝုန်းထုထောင်းရိုက်နှက်သံ၊ ချွေးတပ်သား ၁ ယောက်စ-၂ ယောက်စ၏ 'အမယ်လေးဗျ'ဟူသောအော်သံများကိုလည်း ခပ်သဲ့သဲ့ မကွဲမပြားကြားနေရဆဲ ဖြစ်လေသည်။

သံဖြူဇရပ် ချွေးတပ်စခန်းကိုလည်း ကျွန်တော်သည် အဝေးမှပင်လှမ်းမြင်နေရလေသည်။ ချွေးတပ်စခန်းကြီးကို ခြံဝင်းများပမာ ဘောပတ်ပတ်လည်မှ ဝင်းခတ်ထားသည်။ အတွင်းတွင် တဲတန်းလျားကြီးများအမြောက်အမြားကိုလည်း တွေ့မြင်ရသည်။ ဝင်းပေါက်ဝ၌မူ ဂျပန်စစ်သားများ၏အစောင့်အိမ်ကလေးများနှင့် မြင့်မားသောအလံတိုင်တစ်ခုထိပ်၌လွှင့်ထူထားသည့် ကြီးမားသော ဂျပန်နေတံဆိပ်အလံကြီးကို လှမ်း၍တွေ့ရလေသည်။

ဤသို့နှင့် ကျွန်တော်တို့ချွေးတပ်အဖွဲ့သားများသည် ၄ ယောက် ၁ တွဲ စီတန်းလျက် စခန်းကြီးအတွင်းသို့ ဝင်ရောက်ခြင်းပြုခဲ့ကြသည်မှ အဝင်ပေါက်ဝရှိ အစောင့်စစ်သား၏အိမ်ငယ်ကလေးအတွင်း၌မူ ဂျပန်စစ်သား ၂ ယောက်သည် သေနတ်ကိုယ်စီနှင့် တစ်ဘက်လျှင်တစ်ယောက်ကျ စောင့်ကြပ်လျက်ရှိနေသည်။

စခန်းအတွင်းရှိ တဲလိုင်းကြီးများထဲတွင်မူ ကျွန်တော်တို့အရင်ရောက်ရှိနေကြသည့် ချွေးတပ်အဖွဲ့များကိုလည်း တွေ့မြင်ရလေသည်။ လူတွေက များပြားလှသည်။ စကားသံများမှာလည်း ညံညံစီစီ ဖြစ်နေလေတော့သည်။ မိမိ

http://mmteashop.com



တို့လူကို အော်ဟစ်သံများ, ကြိမ်းမောင်းခြင်းပြုသံများကိုလည်း ကြားလိုက်ရသည်။ ဈေးတပ်စခန်းကြီးတစ်ခုလုံးမှာ ဆူဆူညံညံ လှုပ်လှုပ်ရှရှ ဖြစ်နေပါလေသည်။

ကျွန်တော်တို့သည် မိုးရေမိုးပေါက်များအောက်၌ပင် တန်းစီကာလူစစ်ဆေးခြင်း ခံကြရသည်။ ဂျပန်များမှာ မိုးကာအင်္ကျီများရှိနေသဖြင့် တော်သေးသော်လည်း၊ ဈေးတပ်သားများအနေဖြင့်မူ ရွှဲရွှဲစိုနေလေတော့သည်။

မကြာမီ လူစစ်ဆေးခြင်းကိစ္စမှာ ပြီးစီးသွားလေသည်။ စခန်းမှူးသည် ကျွန်တော်တို့လူစုအား တဲတန်းလျားကြီးတစ်လုံးတွင် နေရာချထားပေးလေသည်။ ပြီးလျှင် 'နောက်နာရီဝက်ခန့် အချိန်အတွင်း၌ ထမင်းဆွဲရန်အတွက် ထမင်းချက်ခေါင်းက ခေါ်လိမ့်မည်ဖြစ်ကြောင်း။ ခေါ်ချိန်တွင်မရှိပါက ထမင်းစားရလိမ့်မည်မဟုတ်ကြောင်း' ပြောကြားပြီးနောက် တဲလိုင်းကြီးအတွင်းမှထွက်ခွာသွားလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချီများသည် ကျွန်တော်တို့နှင့်သက်ဆိုင်သော ဈေးတပ်သားများအား စနစ်တကျ နေရာချထားပေးခြင်း, အပြင်အပသို့ အရမ်းကာရောထွက်ခွာသွားခြင်းမပြုရန်နှင့် တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ကြင်နာစွာနေထိုင်ကြရန် ပြောကြားရပါသည်။

အမှန်စင်စစ် ကျွန်တော်တို့မအုပ်ချုပ်ရင်မှ ဈေးတပ်သားအားလုံးပင်လျှင် ခပ်စောစောက ဂျပန်စစ်ဗိုလ်နှင့် စစ်သားများ၏အပြုအမူကြောင့် စိတ်ဓာတ် အကြီးအကျယ်ကျဆင်းလျက်, အကြောက်ကြီးကြောက်ရွံ့လျက်ရှိကြောင်း ကျွန်တော် လေ့လာမိပါသည်။ သူတို့သည် ကျွန်တော့်ကိုလည်း 'ဆရာလေး,ဆရာလေး'ဟူ၍ အားကိုးတကြီးနှင့် ဆက်ဆံလျက်ရှိကြပါသည်။ ထိုအချိန်၌မူ ကျွန်တော်တို့အားလုံးကပင် 'ဆိုးရွားကြမ်းကြုတ်သော ဖက်ဆစ်များ၏ လက်တွင်းသို့ ကျရောက်ခဲ့ပြီဖြစ်ကြောင်း' သဘောပေါက်မိကြပြီဖြစ်လေသည်။ သို့ရာတွင် ကျွန်တော်တို့၏အဖြစ်နှင့် ကျွန်တော်တို့၏အခြေအနေမှာ မည်သို့မျှ နောက်ဆုတ်ရန်မဖြစ်နိုင်တော့ကြောင်းကိုလည်း အားလုံးပင် နားလည်လိုက်ကြပါလေသည်။

မကြာမီအချိန်ပိုင်းကလေးအတွင်း၌ပင် ကျွန်တော်တို့သည် စခန်းပေါက်ဝမှာလူသံများကို ဆူဆူညံညံ ကြားလိုက်ရပြသည်။ ဂျပန်များ၏အော်ဟစ်ဆဲရေးသံ တဘုံးဘုံးတနိုင်းနိုင်းရိုက်နှက်သံများကလည်း စိတ်မချမ်းမြေ့ဖွယ်ပေါ်ထွက်လာလေသည်။

ကျွန်တော်သည် တဲတန်းလျားအပေါက်ဝမှနေ၍ စခန်းပေါက်ဝအသံကြားရာသို့ လှမ်းမျှော်ကာကြည့်လိုက်မိသည်။ ဂျပန်စစ်သားများသည် ခပ်စောစောက ရထားလမ်းဘေးတွင် ကျန်ရစ်ခဲ့သော ဈေးတပ်သားများအား ကျွဲများ, နွားများကိုရိုက်နှက်သည့်အလား ရိုက်နှက်ခေါ်ဆောင်လာသည်ကို တွေ့လိုက်ရလေသည်။ ဈေးတပ်သားအားလုံး မိုးရေတွေ စိုစိုရွှဲနေသည်။ သူတို့သည် ၄ ယောက် ၁ တွဲပင် ဖြစ်ကြသော်လည်း၊ ခြေလှမ်းများမှာမူ တညီတညွတ်မရှိကြဘဲ ပုံပျက်ပန်းပျက်ဖြစ်လျက်ရှိကြလေသည်။

ကျွန်တော်သည် ထိုလူအုပ်ကြီးအတွင်းမှ တစ်စုံတစ်ရာကို မျက်လုံးများဖြင့် ရှာဖွေကြည့်ရှုမိသည်။ သေနတ်ထိမှန်ခြင်းခံရရှာသော ဘွန်ထိုက်ချီလူရွယ်၏ဖခင် ဘွန်ထိုက်ချီဦးကြီးအား ရှာဖွေကြည့်ရှုမိခြင်းဖြစ်လေသည်။

"ဟိုလူကြီးတော့ ပါလာတယ်ဗျ ဆရာလေး"

ကျွန်တော့်ဘေးတွင် ရပ်နေသော ဟန်ချီကို ကိုချစ်တီးက ပြောလေသည်။

"သူ့သားတော့ မတွေ့ဘူးဗျ"

ကျွန်တော်ကပြောလိုက်ပါသည်။

"ခုလောက်ရှိ သေရောပေါ့ဗျာ"

အနီးရှိဘွန်ထိုက်ချီတစ်ယောက်က ပြောလေသည်။

http://mmteashop.com



မကြာမီ သူတို့သည် ချွေးတပ်စခန်းအတွင်းသို့ ဝင်ရောက်မိကြလေသည်။ သူတို့တစ်တွေမှာလည်း ကျွန်တော်တို့နည်းတူပင် မိုးရေကြီးထဲ၌တန်းစီရပြီးနောက် လူစစ်ဆေးခြင်းကိုခံကြရလေသည်။ ထိုကိစ္စပြီးစီးသွားသည့်အခါမှပင် စခန်းမှူးဖြစ်သူများသည် ထိုချွေးတပ်အဖွဲ့သားများအား ကျွန်တော်တို့တဲတန်းလျားကြီးနှင့်ဘေးချင်းယှဉ်ဖြစ်သော တန်းလျားအတွင်းသို့ နေရာချထားပေးလိုက်လေသည်။

"ကျွန်တော်တို့ ညကျရင် အဲဒီတန်းလျားဘက်ကိုကူးသွားပြီး၊ ဦးကြီးကို သူ့သားအကြောင်းမေးကြည့်ရအောင် ဆရာလေး"

ဘွန်ထိုက်ချိုကိုထွန်းမြတ်ဆိုသူသည် မည်သို့စိတ်ကူးရလေသည်မသိ။ ကျွန်တော့်အား ထိုကဲ့သို့ပြောလေသည်။

"ကောင်းသားပဲဗျ။ ဒါပေမယ့် ကျွန်တော်တို့ အခြေအနေကိုကြည့်ကြသေးတာပေါ့။ ဂျပန်တွေ သိပ်ရှုပ်နေရင်တော့ သွားလို့ဖြစ်ချင်မှဖြစ်မယ်"

ကျွန်တော်က ပြောလိုက်ပါသည်။

သံဖြူဇရပ် ချွေးတပ်စခန်းနှင့် မျက်နှာချင်းဆိုင် ကိုက် ၃၀–၄၀ အကွာတစ်နေရာတွင်မူ ဂျပန်စစ်တပ်စခန်းချထားသောအဆောက်အဦငယ်များ ရှိလေသည်။ ကြီးမားသောအဆောက်အဦတစ်ခုနှင့် အိမ်ငယ်ကလေးများ ၆လုံး–၇လုံး ရှိသည်။ တစ်ဖန် ချွေးတပ်စခန်း၏အရှေ့ဘက်တစ်နေရာနှင့် အနောက်ဘက်တစ်နေရာ၌လည်း ဂျပန်စစ်သားများနေသောတဲတန်းလျားများ ရှိလေသည်။ ဂျပန်တို့၏အနေအထားသည် ချွေးတပ်စခန်းအား ၃ ဘက် ၃ တန်မှကာရံထားသည့်အနေအထား ဖြစ်လေသည်။

ချွေးတပ်စခန်းမှာမူ တဲတန်းလျားကြီးပေါင်း ၆ လုံးတိတိ ရှိသည်။ ထမင်းစားရုံကြီးတစ်ရုံနှင့် ထမင်းချက်ဖို့တဲကြီးများလည်း ရှိသည်။ 'ထမင်းစားရုံ' ဟုဆိုရသော်လည်း အမိုးသာရှိလျက်၊ အကာ, အခင်း ဟူ၍မရှိချေ။ ကျင်ကြီးကျင်ငယ်စွန့်ရန်အတွက် အိမ်သာများမှာမူ တဲတန်းလျားကြီးများ၏ နောက်ပိုင်းခပ်ကျကျ ခပ်လှမ်းလှမ်းတွင်ရှိလေသည်။ ဆေးရုံအဆောက်အဦတစ်ခုလည်း ရှိလေသည်။ သို့ရာတွင် 'ဆေးရုံ' ဟူ၍ဆိုရသော်လည်း လူနာများရှိသည်တော့ မဟုတ်ချေ။ ဆေးပေးခန်းသက်သက်မျှသာလျှင် ဖြစ်လေသည်။

မကြာမီ ထမင်းစားရုံမှနေလျက် "မအူပင်ခရိုင်၊ မအူပင်ခရိုင်"ဟူသောအော်ဟစ်သံကို ကြားရလေသည်။ ထိုအသံကြောင့် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများ ကျွန်တော်ရှိရာသို့ စုရုံးရောက်ရှိလာကြလေသည်။ ချွေးတပ်သားများမှာမူ တဲတန်းလျားကြီးပေါ်၌ပင် စုစုဝေးဝေးထိုင်လျက် ဣန္ဒြေရစွာရှိနေကြလေသည်။

ယခုအချိန်၌မူ ကျွန်တော်တို့ခရိုင်မှ ချွေးတပ်သားအတော်များများပင် သတိကြီးစွာထားလျက် ဘစစအရာရာ၌ဆင်ဆင်ခြင်ခြင် နေထိုင်ကြရှာပါသည်။ သူတို့သူတို့သည် ဂျပန်များ၏ ရက်စက်ကြမ်းကြုတ်မှုကို မကြာမီအချိန်ကလေးအတွင်းမှပင် မျက်ဝါးထင်ထင် မြင်တွေ့လိုက်ကြရပြီဖြစ်သောကြောင့်လည်း ၎င်းတို့အပေါ်ကျရောက်လာမည့်ဘေးအန္တရာယ်ကို တွေးတောစိုးရိမ်နေကြဟန်ရှိလေသည်။

"ဆရာလေး။ ထမင်းစားဖို့ ခေါ်နေပြီဗျ"

ဟန်ချိုတစ်ယောက်က ပြောလေသည်။

"၄ ယောက် ၁ တွဲ တန်းစီခိုင်းပေါ့ဗျာ။ ဣန္ဒြေရရနှင့် စနစ်တကျသွားကြတာပေါ့။ အစစအရာရာ စည်းကမ်းနှင့်နေကြထိုင်ကြဖို့ကိုလည်း ကျွန်တော်တို့လူတွေကို သတိပေးကြဗျာ"

ကျွန်တော်တို့သည် ၄ ယောက် ၁ တွဲ တန်းစီကြသည်။ ဟန်ချိုနှင့် ဘွန်ထိုက်ချိုများက ဘေးမှနေလျက် ကြပ်မတ်ပေးကြသည်။ မိုးမှာ ရွာနေဆဲပင်ဖြစ်လေသည်။

ညှိုလိုနှင့်သာ ကျွန်တော်တို့အားလုံးပင် ထမင်းစားရုံကြီး အတွင်းသို့ ရောက်ခဲ့ကြလေသည်။ ထမင်းကျွေးသည်မှာ ပန်းကန်ခွက်ယောက်ဟူ၍ လုံးဝမရှိ။ ဖျာကြမ်းများပေါ်တွင် အင်ဖက်များခင်းလျက်။ ချစ်တီးကုလားဆိုင်

http://mmteashop.com



တွင် ထမင်းစားရသလို ဖြစ်လေသည်။ ဟင်းလျာမှာလည်း ပဲကြီးနှင့် ကန်စွန်းဥများ ရောနှောချက်ပြုတ်ထားခြင်း ဖြစ်လေသည်။

ထမင်းကျွေးရုံတွင်တာဝန်ကျသော ခွေးတပ်သားများသည် အလွန်တရာ အပြောအဆိုဆိုးဝါးလျက် ကြမ်းတမ်းခက်ထန်သောသူများသာ ဖြစ်လေသည်။ သူတို့သည် အလကားနေရင်းမှ မအေနမ ဆဲရေးတိုင်းထွာနေကြသူများဖြစ်လေသည်။ တစ်ခါတစ်ခါ ငါချင်းမိုးမွှန်အောင် ဆဲရေးတတ်သည်။ ထမင်းရုံတာဝန်မှူး ဆိုသူကလည်း ရိုက်လားနက်လား ထိုးလားကြိတ်လားနှင့် လက်ဝါးစောင်းထက်လှလေသည်။

အကာအရံကင်းမဲ့သောထမင်းစားရုံဖြစ်သောကြောင့်လည်း လေပြင်းတိုက်ခတ်လိုက်သည့်အခါ၊ မိုးရေမိုးပေါက်များသည် တဲရုံကြီးအတွင်းသို့ ဝင်ရောက်လာလေသည်။ ထိုအခါ ခွေးတပ်သားများ၏ ထမင်းပုံ, ဟင်းပုံများထဲသို့ မိုးရေမိုးပေါက်များက ဒလဟောဝင်ရောက်လာသည်။ ခွေးတပ်သားများ၏ ကိုယ်ပေါ်သို့လည်း မိုးရေများ စွတ်စိုကုန်လေသည်။ သို့ရာတွင် မည်သို့မျှ မတတ်သာပါချေ။ ဤအတိုင်းပင် ဖြစ်သလိုစားကြရလေသည်။

"ဟေ့ကောင်ခွေးသား။ ဒါ နင့်အမေ့လင်အိမ် မဟုတ်ဘူးကွ။ ထမင်းမဝတိုင်း တောင်းလို့မရဘူးကွ"

ကျွန်တော်သည် အသံကြားရာသို့လှမ်းကြည့်လိုက်ပါသည်။

ကျွန်တော်တို့ ညောင်တုန်းနယ် ငါးကြီးအိုင်ကျေးရွာမှ ကိုဇတော် ဆိုသောခွေးတပ်သားကြီးအား ထမင်းကျွေးရုံတာဝန်ကျ ခွေးတပ်သားက ပြောလိုက်ခြင်းဖြစ်ကြောင်း သိရပါသည်။ ကိုဇတော်မှာ ဗလကောင်းသလောက် အစားကောင်းဟန်ရှိသော တောင်သူလယ်သမားကြီးတစ်ယောက် ဖြစ်လေသည်။ ထမင်းမဝ၍ ထပ်တောင်းရာမှာ ယခုကဲ့သို့ အဆဲအဆိုခံရရှာခြင်းပင် ဖြစ်လေသည်။

လူမျိုးခြား ဖက်ဆစ်ဂျပန်များက မဟုတ်ဘဲ၊ မိမိလူမျိုးချင်းလည်း ဖြစ်ရုံသာမက ဘဝတူခွေးတပ်သားချင်းလည်းဖြစ်သူတစ်ယောက်က ထိုကဲ့သို့ ရက်ရက်စက်စက် နင့်သီးစွာပြောလိုက်ခြင်းကြောင့် ကျွန်တော့်ရင်ထဲတွင် နင့်ခနဲဖြစ်လိုက်မိပါသည်။ ကျွန်တော်သည် ထမင်းစားနေရင်းမှ ဆတ်ခနဲ ထရပ်လိုက်ပါသည်။

"မဝသေးလို့ ထပ်တောင်းတာပဲဗျာ။ ခင်ဗျား ဒီလိုဆဲဖို့မကောင်းပါဘူး"

ထမင်းကျွေးရုံတာဝန်ကျ ခွေးတပ်သားသည် ကျွန်တော့်မျက်နှာကို မော့်ကြည့်လိုက်သည်။ ပြီးလျှင် သူသည် လက်တွင်းမှ ထမင်းတောင်းကို ဒေါသတကြီးနှင့် ပစ်ချလိုက်သည်။

"မင်းနှင့်ဘာဆိုင်လဲ ဟေ့ကောင်"

ထိုသူသည် ကျွန်တော်ရှိရာသို့ ခပ်သွက်သွက်လှမ်းလာသည်။ သူ့မျက်နှာတစ်ပြင်လုံးမှာလည်း ဒေါသအရှိန်ကြောင့် နီမြန်းနေသည်။ အနီးရှိ ထမင်းစားနေသောဘွန်ထိုက်ချီ ကိုမောင်စိန်တို့လူစုသည် ချက်ချင်းပင် ကျွန်တော့်အနီးသို့ စုရုံးလာကြသည်။

"ဒါ ကျုပ်အုပ်ချုပ်လာတဲ့ ကျုပ်နယ်ကလူဗျ"

"ဟင်– မင်းက ဘာကောင်လဲ"

"ဘာကောင်လဲဆိုတာ ကြည့်ပါလား"

ထိုသူသည် ကျွန်တော့်လက်မောင်းပေါ်ရှိ ဂျပန်လက်ပတ်ကိုမြင်သွားသည့်အခါ ကိုယ်ရှိန်သတ်သွားလေသည်။

အမှန်အားဖြင့် ခွေးတပ်စခန်းများတွင် ဘွန်ထိုက်ချီ, ဟန်ချိုနှင့် ဝါဒဖြန့်ချိရေးမှူး, စခန်းမှူး, ဆေးမှူး စသူတွေမှာ သာမန်ခွေးတပ်သားများထက် အခွင့်အရေးရှိသူများ ဖြစ်ကြလေသည်။ ထိုသူများမှာ ခွေးတပ်သားများကဲ့သို့ အလုပ်လုပ်ရခြင်းလည်း မရှိပေ။ ခွေးတပ်သားများအပေါ် အုပ်ချုပ်ကွပ်ကဲရန်နှင့် ဂျပန်များနှင့် တွဲဖက်လျက် တာဝန်ယူကြရန်ပင် ဖြစ်လေသည်။ ပြီးသော် ဂျပန်များသည် စစ်သားများသာ ဖြစ်လေသောကြောင့် 'ကြီးသူကိုငယ်သူက လေးစားရိုသေရမည်' ဟူသောအယူအဆရှိသူများလည်း ဖြစ်ကြလေသည်။ ထိုသဘောကြောင့်လည်း

http://mmteashop.com



ထမင်းကျွေးရုံတာဝန်ကျ ချွေးတပ်သားမှာ ကိုယ်ရှိန်သတ်သွားဟန်တူပါသည်။

"ထမင်းမဝပေမယ့် ထပ်မပေးနိုင်ဘူး။ ခုဟာ ပုံစံအတိုင်းပေးတာ။ ပုံစံထက် ဘယ်သူမှ ပိုမစားရဘူး"

ချွေးတပ်သားသည် ထိုစကားပြောပြီးနောက် ကျွန်တော်တို့လူစုအပါးမှ ထွက်ခွာသွားလေသည်။

ချွေးတပ်စခန်းများတွင် ဂျပန်များအနေဖြင့်သာ ဆိုးရွားကြသည်မဟုတ်ပေ။ မိမိတို့ချွေးတပ်သားအချင်းချင်းမှာလည်း ကြီးနိုင်ငယ်ညှဉ်းပြုတတ်ကြလေသည်။ အချို့ကလည်း ဂျပန်နှင့်လုည်း၍ တိုက်ပေးတတ်သည်။ ဂျပန်စကားပြန်မှာ ဤမှာဘက်တွင် ပို၍ဆိုးလေသည်။ ချွေးတပ်သားကပြောသည်က တစ်မျိုး၊ ဂျပန်ကိုပြန်ပြောသည်က တစ်မျိုးနှင့် ချွေးတပ်သားခမျာ ဒုက္ခမဖြစ်သင့်ဘဲဖြစ်ရရှာလေသည်။

ကျွန်တော်တို့မအူပင်ခရိုင်မှချွေးတပ်သားများ ဆက်လက်၍ ထမင်းစားနေခိုက်၌ပင် ထမင်းကျွေးရုံတာဝန်မှူးနှင့်သူ့နောက်ပါး လူ ၄–၅ ယောက် ရောက်ရှိလာကြပြန်လေသည်။ သူတို့သည် ချွေးတပ်သားများအား ထမင်းကိုခပ်သုတ်သုတ်စားသောက်ကြရန် လိုက်လံအော်ဟစ်ကြလေသည်။ ကျွန်တော်တို့အပြင် နောက်ထပ် ကျွေးရမည့်သူများအများအပြားရှိသေးသည်ဟု ဆိုလေသည်။

ကျွန်တော်တို့မှာ ထမင်းစားသောက်ရသည်ကပင် ကသောကမျောနှင့် သေပြေးရှင်ပြေးစားသောက်ကြရလေသည်။ မိုးဒဏ်လေဒဏ်တစ်မျိုး, ထမင်းကျွေးရုံးမှူးက တစ်သွယ်, ဂျပန်များ၏ရန်ကိုကြောက်ရသည်က တစ်ပုံနှင့်အကြောင်းမျိုးစုံ စိတ်မချမ်းမြေ့စရာများနှင့် ရင်ဆိုင်နေကြရလေသည်။

ထမင်းစားသောက်ပြီးသူများသည် မိမိတို့ဖက်ကို မိမိတို့ယူဆောင်လျက် ခပ်လှမ်းလှမ်းရှိကျင်ကြီးတစ်ခုထဲတွင် သွားရောက်စွန့်ပစ်ရသည်။ ပြီးမှ မိမိတို့တဲတန်းလျားကြီးများရှိရာသို့ ပြန်ခဲ့ကြရလေသည်။

ကျွန်တော်တို့လူစုအပြီးတွင် 'သရက်ခရိုင်–သရက်ခရိုင်'ဟူသော အော်ဟစ်သံများကို ကြားရသည်။ ထိုအခါကျွန်တော်တို့တဲတန်းလျားကြီးနှင့်ဘေးချင်းယှဉ်နေသော ခပ်စောစောက ဘွန်ထိုက်ချိုဦးကြီးများအုပ်စုသည် ၄ ယောက်၁ တွဲတန်းစီလျက် ထမင်းကျွေးရုံအတွင်းသို့ ဝင်ရောက်သွားကြလေသည်။ ထိုအခါမှလည်း ခပ်စောစောက ဦးကြီးများမှာ သရက်ခရိုင်မှဖြစ်ကြောင်း သိရပါလေသည်။ ကျွန်တော်သည် ထမင်းစားလာသောချွေးတပ်သားများအုပ်စုထဲတွင် ခပ်စောစောကဦးကြီးကို တွေ့လို တွေ့ငြားကြည့်မိလေသည်။ ထိုဦးကြီးကို လုံးဝ မတွေ့ရပါပေ။

မိုးမှာ တဝုန်းဝုန်း ရွာသွန်းနေရာမှ တိတ်သွားပြန်လေသည်။ ကျွန်တော်သည် တဲတန်းလျားကြီး၏အတွင်းသို့ခြေလှမ်းဝင်လိုက်သည်။ ကျွန်တော်တို့အရင်ရောက်ရှိနေသော ချွေးတပ်သား ၄–၅ ယောက်သည် တဲပေါက်တွင်ရစ်ဝဲရစ်ဝဲဖြစ်နေကြသည်။ မျက်စိမျက်နှာမကောင်းဘဲလည်း ဖြစ်နေကြသည်။

"ဟေ့– ဘာဖြစ်နေကြတာလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"ခပ်စောစောကဦးကြီးကို ဂျပန်တွေလာခေါ်သွားတယ် ဆရာလေး"

"ဘယ်ဦးကြီးလဲ"

ကျွန်တော်က မေးလိုက်ပါသည်။ သရက်ခရိုင် ချွေးဘပ်သားများ၏ တဲတန်းလျားကြီးရှိရာသို့လည်း လှမ်းကြည့်လိုက်မိသည်။ ကျွန်တော့်ရင်ထဲတွင် တစ်မျိုးကြီးဖြစ်သွားပါသည်။

"ဟို– သူ့သားကို သေနတ်ပစ်ခံရတဲ့ဦးကြီးပေါ့။ ဟိုမှာ ဟိုမှာ"

ကျွန်တော်တို့နယ်မှ ချွေးတပ်သားဘိုနီသည် တစ်နေရာသို့ လက်ညှိုးထိုးပြရင်းမှ ပြောလေသည်။

ကျွန်တော်သည် ဘိုနီညွှန်ပြရာသို့ ကြည့်လိုက်သည်။ ခပ်စောစောက တဲတန်းလျားကွယ်နေသဖြင့် မမြင်ရခြင်းဖြစ်သော်လည်း၊ ယခုမြင်လိုက်ရသောဖြစ်ရပ်မှာ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထမလောက်တုန်လှုပ်သွားရသောမြင်ကွင်းတစ်ခု ဖြစ်လေသည်။

http://mmteashop.com



ဂျပန်စစ်သား ၂ ယောက်, စကားပြန်သူငယ်နှင့် သံဖြူဇရပ်စခန်းမှာ ချေးတပ်သား ၂ ယောက်တို့သည် ခပ်စောစောကဦးကြီးအား လက်ပြန်ကြိုးတုပ်လျက် ဂျပန်စစ်ရုံးအဆောက်အဦတစ်ခုရှိရာသို့ ဆွဲခေါ်သွားကြသည်။ ဂျပန်စစ်သား ၂ ယောက်အနက် တစ်ယောက်က သေနတ်နှင့်ချိန်ရွယ်လျက် ခေါ်ဆောင်သွားခြင်းဖြစ်လေသည်။

'ဂျပန်များသည် ထိုချေးတပ်သားဦးကြီးအား အဘယ်မျှ နှိပ်စက်ညှဉ်းဆဲကြလေဦးမည်နည်း။ သတ်၍များပင် ပစ်ကြလေမလား။ သားဖြစ်သူမှာလည်း လူ့လောကတွင် ရှိနေသေးသလား။ သေပဲ သေလေပြီလား'

ဤအတွေးများကို ကျွန်တော် တွေးလိုက်မိလေသည်။

အတန်ကြာ၍ တဲများနှင့် သစ်ပင်များကွယ်သွားသည့်အခါ၊ ထိုအမြင်မှာလည်း ကျွန်တော်၏မျက်လုံးများအတွင်းမှ ကွယ်ပျောက်သွားလေသည်။ ကျွန်တော်သည် စိတ်မကောင်း လက်မကောင်းဖြစ်လျက်၊ တဲတန်းလျားအတွင်းရှိ ကျွန်တော်၏နေရာသို့ ပြန်လာခဲ့သည်။ ကျွန်တော်တို့ခရိုင်မှလူများကိုလည်း မိမိတို့နေရာတွင် မိမိတို့ စနစ်တကျနှင့်ကောင်းမွန်စွာ လဲလျောင်းနေထိုင်ကြရန် ပြောကြားရလေသည်။ ဤအတွင်းကပင် ဂျပန်များခေါ်ဆောင်သွားသော ချေးတပ်သားဦးကြီးကိုလည်း 'ဘေးမသီရန်မခဘဲ လွတ်မြောက်လာပါစေ' ဟု ဆုတောင်းခြင်းပြုရပါလေသည်။

ဤသို့နှင့် အချိန်မှာ တဖြည်းဖြည်းတစစ ညမိုးချုပ်လာလေသည်။ တိတ်ဆိတ်ငြိမ်သက်စ ပြုလာခြင်းနှင့်အတူ အမှောင်ရိပ်များကလည်း လွှမ်းခြုံစပြုလာသည်။

ချေးတပ်သားများနေထိုင်ကြရသော တဲတန်းလျားအားလုံး၌ပင် မီးတိုင်မီးခွက် ဟူ၍ အလျင်းမရှိပါချေ။ အမှောင်နှင့်မည်းမည်း ဖြစ်နေလေသည်။ မီးတိုင်မီးခွက်ကလေးများ၏ အတန်မျှသောအလင်းရောင်ကလေးများ ရှိနေသည်မှာ 'စခန်းမှူး'ဆိုသူများနေထိုင်သော အဆောက်အဦများနှင့် ဂျပန်စစ်သားများနေထိုင်သော အဆောက်အဦများသာ ရှိလေသည်။

ကျွန်တော်တို့လူများသည် ဤကိစ္စ၌ အတော်ပင်သတိရှိကြသူများ ဟူ၍ဆိုရပါမည်။ ကျွန်တော်တို့လူစုသည် သံဖြူဇရပ်ဘူတာမှ ဖယောင်းတိုင်, မီးခြစ်, ကညင်ဆီတိုင်, ဆေးလိပ် စသည်များကို ညရေးညတာအတွက် အပြေးအလွှားဝယ်ခြမ်းလာခဲ့ကြပါသည်။ ယခုမူ ဤပစ္စည်းကလေးများမှာ ကျွန်တော်တို့အဖို့ များစွာပင် အသုံးဝင် အရာရောက်လျက် ရှိနေလေတော့သည်။

ကျွန်တော်တို့လူစုသည် တဲလိုင်းကြီးအလယ်ဗဟို၌ ကညင်ဆီချောင်းတစ်ချောင်းကို စိုက်ထူလျက် မီးထွန်းညှိထားကြပါသည်။ တဲတန်းလျားတစ်ခု၏အရှည်အလျားမှာ ပေ ၆၀ ထက်မနည်း ရှိလေသည်။ အလယ်တည့်တည့်တွင် လူသွားလမ်းတစ်လမ်း ချန်လှပ်ထားပြီးနောက်၊ ဘေးတစ်ဘက်တစ်ချက်တွင် လူများနေထိုင်ရန် အဆင့်ပြုလုပ်လျက်ထားလေသည်။ ချေးတပ်သားများသည် ထိုအဆင့်ပေါ်၌ တန်းစီလျက်အိပ်ကြရပေသည်။

ကျွန်တော်တို့သည် ကညင်ဆီမီးတိုင်ကို ထွန်းညှိခြင်းပြုရာ၌ တဲတန်းလျား၏အလယ်ဗဟိုတစ်နေရာတွင် ဝါးလုံးတစ်လုံးကို စိုက်ထူလိုက်ကြ၏။ ပြီးမှ ထိုဝါးလုံးထိပ်တွင် ကညင်ဆီမီးတိုင်ကို ချည်နှောင်ထားကြပါသည်။ စင်စစ် ဤလိုကျွန်တော်တို့မီးထွန်းညှိထားကြသည်မှာလည်း ညဦးပိုင်း အချိန်ကလေးအတွက်သာ ဖြစ်လေသည်။ တစ်ညလုံး မိုးစင်စင်လင်းသည်အထိကား မထွန်းနိုင်ကြချေ။ ကျွန်တော်တို့သည် ဝယ်ယူလာသောကညင်ဆီတိုင်များကိုပင် 'ချွေချွေတာတာအသုံးပြုကြရလိမ့်မည်' ဟု သဘောပေါက်ထားကြလေသည်။

ကျွန်တော်တို့နှင့်ဘေးချင်းကပ်ဖြစ်နေသော တဲတန်းလျားတစ်လုံးမှာ မွန်အမျိုးသားချေးတပ်သားများ၏ တဲကြီး ဖြစ်လေသည်။ သူတို့သည် အမှောင်တွင်း၌ ငုတ်တုတ်ထိုင်လျက် မွန်စကားသံများကို တစ်ယောက်တစ်ပေါက် ဆူညံစွာပြောနေကြလေသည်။ တစ်ခါတစ်ခါ စခန်းမှူးများသည် သူတို့နေထိုင်ရာတဲအတွင်းမှနေလျက်၊ မွန်

http://mmteashop.com



ချွေးတပ်သားများအား အော်ဟစ်ဆဲရေးခြင်းပြုလေသည်။ ထိုအခိုက်၌သာ စကားသံဆူဆူညံညံများ ရပ်စဲသွားလျက်၊ မကြာခင် ဆူညံမြဲ ဆူညံနေပြန်လေသည်။

ညဦးပိုင်းအချိန်ကလေးဖြစ်သောကြောင့်လည်း ကျွန်တော်တို့အုပ်စုမှ ဘွန်ထိုက်ချို့နှင့် ဟန်ချိုများသည် ကျွန်တော်ရှိရာသို့ စုဝေးရောက်ရှိနေကြလေသည်။

ဂျပန်များ၏ နှိပ်စက်ကလူပြုကျင့်မှုနှင့် မိမိတို့ထက်ချွေးတပ်ဝါရင့်သော စခန်းမှူး, စခန်းတာဝန်ကျ စသူများ၏ အာဏာပြမှု, ထိုးကြိတ်ကန်ကြောက်မှုများကြောင့်လည်း ကျွန်တော်တို့အချင်းချင်းမှာ ယခုအခါ ကျောချင်းကပ် ဖြစ်လာကြလေသည်။ ကျွန်တော်တို့သည် ထွေရာ ၄ ပါးစကားများကိုပြောရင်းမှ ရှေ့ခရီးအတွက်ကို လည်းကောင်း, ချွေးတပ်သားများအပေါ်၌ တစ်ယောက်နှင့်တစ်ယောက် ညီအစ်ကို သွေးသားချင်းကဲ့သို့ အုပ်ချုပ်ကွပ်ကဲခြင်းပြုရန်ကို လည်းကောင်း တိုင်ပင်ဆွေးနွေးခြင်း ပြုကြရလေသည်။

ထိုအတွင်းမှပင် ဘွန်ထိုက်ချို့ကိုကောင်းစိန်သည့် စကားဖောက်လျက်၊ ခပ်စောစောက ဂျပန်များ ခေါ်ဆောင်သွားသော ချွေးတပ်သားဦးကြီးအကြောင်းကို ပြောပါလေတော့သည်။

"အဲဒီအဖိုးကြီးကို ပြန်လွှတ်လိုက်ပြီလား မသိဘူးဗျာ ဆရာလေး"

"လွှတ်လိုက်ပါစေလို့ ဆုတောင်းတာပဲဗျာ။ သူတို့တဲကမှောင်နေတော့ ဘာမျှလည်း မတွေ့ရဘူး။ ခင်ဗျားနှင့် ကျွန်တော် အဲဒီတဲကိုသွားကြရအောင်"

ကျွန်တော်က ကိုကောင်းစိန်ကို သွေးတိုးစမ်းသလိုပြောကြည့်ပါသည်။

ကိုကောင်းစိန်မှာ အသက် ၃၀ ကျော်ရွယ် တရုတ်ကပြားတစ်ယောက် ဖြစ်လေသည်။ ဓနုဖြူနယ်မှ ဖြစ်သည်။ သတ္တိကောင်းပုံလည်း ရှိလေသည်။ သူသည် ကျွန်တော့်ကို တရင်းတနှီးပေါင်းသင်းလိုဟန်ရှိလျက်၊ မည်သည့်ကိစ္စမဆို လာရောက်၍တိုင်ပင်သူလည်း ဖြစ်လေသည်။

"ကျွန်တော်တို့လည်းလိုက်ခဲ့မယ် ဆရာလေး"

ဟန်ချိုကိုချစ်တီးနှင့် ချွေးတပ်သားကလေးသာဆင်က ပြောလေသည်။

"ကျွန်တော်ရယ်, ကိုကောင်းစိန်ရယ်, သာဆင်ရယ်၊ ၃ ယောက်သွားကြမယ်။ သာဆင်ဖယောင်းတိုင်နှင့် မီးခြစ်ယူခဲ့ကွာ"

ကျွန်တော်က ပြောလိုက်ပါသည်။ 'သာဆင်' ဆိုသောသူငယ်မှာ ကျွန်တော်တို့မအူပင်ခရိုင် ချွေးတပ်သား များထဲတွင် အသက်အရွယ်အငယ်ဆုံးသော ချွေးတပ်သားကလေးတစ်ယောက် ဖြစ်ပါသည်။ ငါးကြီးအိုင်ရွာသား ကရင်မြန်မာကပြားကလေးတစ်ယောက် ဖြစ်ပါသည်။ မျက်လုံးကောင်း,မျက်ခုံးကောင်းနှင့် လူချောကလေးတစ်ယောက် ဖြစ်လေသည်။ ထိုသူငယ်ကလေးမှာမူ ညောင်တုန်းမှထွက်လာစဉ်အခါကစ၍ပင် ကျွန်တော့်အနီးတွင် တတွဲတွဲနှင့် မခွဲဘဲ ဖြစ်နေရှာလေသည်။ အသက်ငယ်သော်လည်း သတ္တိကောင်းကလေးတစ်ယောက် ဖြစ်လေသည်။

"ဟုတ်ကဲ့ ဆရာလေး။ ကျွန်တော် လိုက်ခဲ့မယ်"

သာဆင်သည် ပြောပြောဆိုဆိုထိုင်ရာမှထလျက် သိမ်းဆည်းထားသောဖယောင်းတိုင်ထုပ်ကလေးနှင့် မီးခြစ်ကို ထုတ်ယူလာလေသည်။

"ခင်ဗျားတို့အားလုံး ဒီကစောင့်ကြ။ ကျွန်တော်တို့ပြန်လာရင် အကြောင်းစုံသိရမယ်"

ကျွန်တော်က ဘွန်ထိုက်ချို့နှင့် ဟန်ချိုများကို ပြောလိုက်ပါသည်။

မကြာမီ ကျွန်တော်နှင့် ကိုကောင်းစိန်, သာဆင်၊ ဤ ၃ ဦးတို့သည် တဲတန်းလျားအတွင်းမှ တဲပေါက် ရှိရာသို့ လျှောက်ခဲ့ကြလေသည်။

http://mmteashop.com



အချိန်မှာ ည ၉ နာရီခန့် ရှိလေသည်။ ချွေးတပ်စခန်းတစ်ခုလုံးသည် ကြီးမားသောအမှောင်ထုအောက်၌ တိတ်ဆိတ်ငြိမ်သက်သယောင် ရှိနေသည်။ မိုးသည် တဖွဲဖွဲတဖျောက်ဖျောက်ရွာသွန်းနေသည်။

ကျွန်တော်သည် တဲပေါက်ဝတွင် ရှေ့ဆုံးမှရပ်နေသူတစ်ယောက်ဖြစ်လေသည်။ ကျွန်တော့်နောက်ပါးမှ ကရင်ကလေးသာဆင်ဖြစ်၍၊ နောက်ဆုံးသူမှာ ဘွန်ထိုက်ချိုကိုကောင်းစိန် ဖြစ်လေသည်။

ကျွန်တော့်မျက်လုံးအစုံသည် အမှောင်ထဲတွင် မှန်းဆလျက် သံဖြူစရပ်ချွေးတပ်စခန်းပေါက်ဝရှိ အစောင့် အိမ်ကလေးအတွင်းမှ ဂျပန်စစ်သားအစောင့်ကို လှမ်းမျှော်ကာကြည့်လိုက်ပါသည်။ ဂျပန်စစ်သား၏ အိမ်ကလေးမှာ ကျွန်တော်တို့ တဲတန်းလျားနှင့် ကိုက် ၅၀ ခန့် အကွာအဝေးလောက်တွင် ရှိလေသည်။ မှောင်နေလေသည်။ ဘာကိုမျှမမြင်ရဘဲ ရှိနေသည်။ စခန်းမှူးများ၏ အိမ်ငယ်ကလေးမှာမူ ကျွန်တော်တို့ တဲတန်းလျားနှင့် ကိုက် ၃၀ အကွာအဝေးတွင် ရှိလေသည်။ နီကျင်ကျင်နှင့် မပက်မလင်းရှိသော လက်ဆွဲ မှန်အိမ်ငယ်တစ်လုံးကို တဲအတွင်း၌ ချိတ်ဆွဲထားလေသည်။

"သွားကြမယ်"

ကျွန်တော်က ခပ်တိုးတိုးခပ်တိုးတိုးပြောပြီးနောက် ရှေ့ဆုံးမှထွက်ခွာလေသည်။ ကျန်လူ ၂ ယောက်ကလည်း ကျွန်တော့်နောက်မှ ခပ်သုတ်သုတ်လိုက်လာကြလေသည်။

စင်စစ်အားဖြင့်မူ ဤအပြုအမူသည်ပင် ကျွန်တော်တို့အနေဖြင့် စွန့်စားလုပ်ဆောင်ရသောကိစ္စတစ်ခု ဖြစ်နေလေတော့သည်။ ဂျပန်များ၏လက်တွင်း၌ နေထိုင်ကြရသည့်အခါ၊ ကျွန်တော်တို့သည် ဘေးအန္တရာယ်တစ်စုံ တစ်ရာမဖြစ်ရလေအောင် နေရာခပ်သိမ်း၌ သတိထားဆင်ခြင်ကြရပါသည်။ ဂျပန်များသည် ချွေးတပ်သားများ အား 'တဲတန်းလျားတစ်လုံးနှင့်တစ်လုံး အကူးအသန်းအသွားအလာ မရှိစေရ။ တစ်ခရိုင်နှင့်တစ်ခရိုင် ချွေးတပ်သား အချင်းချင်း အဆက်အဆံမပြုလုပ်ရ' ဟူ၍ကား အမိန့်ထုတ်ထားခြင်း မရှိပါချေ။ သို့ရာတွင် တစ်ခုခက်သည်မှာ အမိန့်တစ်စုံတစ်ရာထုတ်ပြန်ထားခြင်း မရှိသည့်ဝိုင် ဂျပန်များသည် သူတို့သဘော, သူတို့အယူအဆနှင့်မတွေ့ခဲ့လျှင် 'အပြစ်ကျူးလွန်သည်' ဟူ၍မှတ်ယူကာ ဘေးဒဏ်ပေးတတ်သည်သာ ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ ၃ ယောက်သည် သတိကြီးမားစွာထားလျက် သရက်ခရိုင်ချွေးတပ်သား များ၏တဲတန်းလျားကြီးရှိရာသို့ လျှောက်ခဲ့ကြလေသည်။ ဤအတွင်း အမှောင်ထုနှင့် တိတ်ဆိတ်ငြိမ်သက်ခြင်းက ကြီးစိုးနေသည့်အခါ၊ ကျွန်တော်တို့၏စိတ်ဓာတ်များသည် ပို၍ပင် ကြောက်ရွံ့ချောက်ချားခြင်း ဖြစ်ရလေတော့သည်။

မကြာမီပင် ကျွန်တော်တို့ ၃ ယောက်သည် သူတို့၏တဲလိုင်းကြီးအတွင်းသို့ ဝင်ရောက်လိုက်ကြပါသည်။ ချွေးတပ်သားတစ်အုပ်စုသည် တဲတန်းလျားအပေါက်အဝ အမှောင်နှင့် မည်းမည်းအောက်တွင် ဆေးလိပ်ထိုင်သောက် လျက် စကားပြောနေကြလေသည်။

"ခင်ဗျားတို့ မီးလည်းမထွန်းဘူးလား"

ကျွန်တော်က မေးလိုက်သည်။ သို့ရာတွင် တစ်စုံတစ်ယောက်ကမျှ စကားခွန်းတုံ့ပြန်ခြင်းမရှိချေ။ သူတို့ချင်း ပြောနေသောစကားပင် ရပ်တန့်သွားကြပါသည်။

"သာဆင်။ ဖယောင်းတိုင်ထွန်းကွာ"

ကျွန်တော်က သာဆင်ကို ပြောလိုက်ပါသည်။

မီးရောင်ကလေးလင်းလာခိုက်၌ပင် ကျွန်တော်က စကားဆက်လက်၍ပြောရလေသည်။ သူတို့သည် ကျွန်တော်တို့ ၃ ယောက်အား 'ဂျပန်စစ်သားတွေလား။ ဂျပန်၏လှယုံတော်တွေပေလား' ဟူ၍ ထင်မှတ်နေဟန်တူပါ သည်။

http://mmteashop.com



"ကျွန်တော်တို့က ဟိုဘက် တဲကပါ။ မအူပင်ခရိုင်က ရွေးတပ်သားတွေပါ။ ခင်ဗျားတို့နှင့် အဖြစ်တူ ဘဝတူရဲဘော်တွေပေါ့ဗျာ"

ထိုအခါမှ သူတို့သည် ကျွန်တော်တို့ ၃ ယောက်၏မျက်နှာများကို စေ့စေ့စပ်စပ်အကဲခတ်ပြီးနောက် စိတ်ချယုံကြည်သွားဟန် ပေါ်လွင်လာပါသည်။ ပြီးလျှင် ကျွန်တော့်ကိုလည်း သူတို့ မှတ်မိသွားကြဟန်တူလေသည်။ သံဖြူဇရပ်မီးရထားဘူတာရုံတွင် ဂျပန်စစ်ဗိုလ်နှင့်အတူတွဲဂျိုက်၊ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအား စုရုံးစေရန် ပြောကြားခဲ့သည့်အတွက်ပင် ဖြစ်လေသည်။

"ထိုင်ကြပါဗျာ ၂ ကျုပ်တို့က သရက်ခရိုင်ကပါ"

သူတို့လူစုထဲမှ ခပ်သွက်သွက်လူတစ်ယောက်က ပြောလေသည်။

ကျွန်တော်တို့ ၃ ယောက် သူတို့အနီးတွင် ဝင်ရောက်ထိုင်လိုက်ကြပါသည်။ ကျွန်တော်သည် တဲလိုင်းအဆင့်ပေါ်ရှိ ရွေးတပ်သားများကို ခပ်မှုန်မှုန်ခပ်ဝါးဝါးမီးရောင်အတွင်းကပင် အကဲခတ်ကြည့်လိုက်မိလေသည်။ စိတ်ဆင်းရဲ၊ကိုယ်ဆင်းရဲဖြစ်ကြရာမှ အားလုံးပင် တရှုံးရှုံးအိပ်မောကျနေကြလေသည်။

"ညနေက ဂျပန်တွေဖမ်းသွားတဲ့ဘွန်ထိုက်ချိုဦးကြီး ပြန်လွတ်လာပြီလားဗျာ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဦးမြိုင်လား။ ဦးမြိုင်ကို သူတို့ဂျပန်တွေစစ်ရုံးရှေ့မှာ ကြိုးနှင့်တုပ်ထားတယ်။ ခုအတိုင်းဆိုရင် အအေးမိပြီး၊ မနက်ဆို သေမှာပါပဲ"

သူတို့လူစုထဲမှ တစ်ယောက်ကပြောပါသည်။

"ဪ– ဖြစ်ရလေဗျာ။ သူ့နာမည်က ဦးမြိုင်တဲ့လား။ နို့– သူ့သား သေနတ်မှန်တာကရော"

ကျွန်တော်က ဆက်လက်၍မေးမြန်းခြင်းပြုပါသည်။

"ပွဲချင်းပြီး သေတာပေါ့ဗျာ။ အလောင်းကို ခွေးဆွဲသလိုဆွဲပြီး မြှုပ်လိုက်ပါရောလား။ ဟင်း–ခွေးမသားဂျပန်တွေ။ ဒင်းတို့လည်း တစ်နေ့မှာ ခွေးသေသလိုသေရမှာပဲ"

ခပ်စောစောက လူကပင် မကျေမချမ်း ရေရွတ်လေသည်။

"သားတစ်ယောက်လုံး သေနတ်ပစ်ခံရလို့သေသွားမှပဲ အဖေလုပ်တဲ့လူကို ဘာကြောင့် ကြိုးတုပ်ထားရမှာလဲဗျာ။ အတော် မတရားတဲ့ကိစ္စပဲ။ အပြစ်ကဘာရှိလို့လဲ"

ကိုကောင်းစိန်က မေးပြန်ပါသည်။

"ဦးမြိုင်တို့သားအဖဟာ သူတို့ဂျပန်မာစတာကို ခုခံတယ်။ အမိန့်ကိုလည်း မနာခံဘူး။ အဲတော့ 'အဂ်လိပ်လူဖြစ်ရမယ်'လို့ ဂျပန်စကားပြန်လုပ်တဲ့ကောင်ကလေးက ပြောတယ်ခင်ဗျာ။ အမှန်တော့ အဲဒီခွေးသားလေးကြိုဟ်မွှေတဲ့ကိစ္စပဲဗျာ"

ကျွန်တော်တို့ ၃ ယောက်စလုံး သက်ပြင်းချလိုက်မိကြလေသည်။ အမှန်စင်စစ် ဂျပန်များသည် ဘွန်ထိုက်ချိုဦးမြိုင်အပေါ်တွင် အပြစ်မရှိအပြစ်ရှာခြင်းပင် ဖြစ်လေသည်။ သူတို့အထဲက ဂျပန်စစ်ဗိုလ် အထိုးခံလိုက်ရသည့်အတွက် အခဲမကျေဖြစ်နေဟန် တူလေသည်။ အမှန်အားဖြင့် ဘွန်ထိုက်ချိုဦးမြိုင်ခမျာ အပြစ်တစ်စုံတစ်ရာ မရှိရှာပါချေ။

သို့ရာတွင် 'ဘွန်ထိုက်ချိုဦးမြိုင်တွင် အပြစ်တစ်စုံတစ်ရာမရှိပါ' ဟူ၍ မည်သူက ပြောပေးလေမည်နည်း။ 'လူကြီးတွေ' ဟု ဂျပန်များအသိအမှတ်ပြုထားသော စခန်းမှူးများက ပြောပေးလေမည်လော။ မည်သည့်ရွေးတပ်စုဆောင်းရေးတာဝန်ခံက ပြောပေးလေမည်နည်း။ ခပ်တိုတိုဆိုရလျှင် မည်သူတစ်ဦးတစ်ယောက်ကမျှ မားမားမတ်မတ်ရပ်၍ ပြောပေးမည်မဟုတ်ပါချေ။ ရွေးတပ်သားများအနေဖြင့် ကိုယ်ဖြစ် ကိုယ်ခံကြရန်သာရှိပေသည်။

http://mmteashop.com



ထိုအဖြစ်ကိုတွေးလိုက်မိသောကြောင့်လည်း ကျွန်တော်သည် သရက်ခရိုင်မှ ထိုချွေးတပ်သားများအား စည်းလုံးညီညွတ်စွာနှင့် သတိထားလျက်နေထိုင်ကြရန် လည်းကောင်း၊ ဂျပန်များနှင့် တတ်နိုင်သလောက် စည်းကမ်းရှိရှိနေထိုင်ခြင်းပြုကြရန်ကို လည်းကောင်း သတိပေးစကားပြောကြားခြင်း ပြုပါသည်။ ဘွန်ထိုက်ချုပ်ကိုကောင်းစိန်ကလည်း ကျွန်တော်ကဲ့သို့ပင်ပြောကြားခြင်း ပြုလေသည်။

ဤသို့စကားကောင်းနေကြသောကြောင့်လည်း ချွေးတပ်သားကလေးသာဆင်မှာ ဖယောင်းတိုင်များကို တစ်တိုင်ပြီးတစ်တိုင် ထွန်းညှိလျက်ရှိနေရလေသည်။ အချိန်မှာလည်း ၁၀ နာရီကျော်လွန်ခဲ့လေပြီ။

ထိုအချိန်ထိုအခိုက်၌ပင် ကျွန်တော်တို့အားလုံးသည် ဂျပန်စစ်ရုံးအဆောက်အဦရှိရာမှ လူတစ်ဦးတစ်ယောက်၏ ရှူးရှူးရှဲရှဲနှင့် ယဲ့သံပါအောင်အော်ဟစ်လိုက်သံ ကို ကြားလိုက်ကြရလေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ညအခါဖြစ်သောကြောင့်လည်း၊ ထိုအသံသည် ကျွန်တော်တို့အားလုံး၏နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းလိုက်သည့်အလားဖြစ်ရလေသည်။

"ဟော– ဦးမြိုင်အသံနှင့်တူတယ်"

သူတို့အထဲမှ ချွေးတပ်သားတစ်ယောက်က ပြောပါသည်။

ကျွန်တော်တို့အားလုံးပင် နားစွင့်လိုက်ကြလေသည်။ သူတို့အုပ်စုထဲမှ ခရစ်ယာန်ကရင်အမျိုးသားတစ်ယောက်ကမူ သူ့နဖူးနှင့် ရင်ဘတ် ၂ဘက်ပေါ်တွင် ထိတို့လိုက်ပြီး၊ မျက်လုံးကိုအတန်ကြာမှိတ်လျက် နှုတ်ဖျားက တတွတ်တွတ်ရွတ်ဆိုနေလေသည်။

နောက်ထပ်လျက် ကျွန်တော်တို့ မည်သည့်အသံဗလံကိုမျှ မကြားရတော့ချေ။ ဂျပန်စစ်ရုံးဆီမှလည်း တိတ်ဆိတ်ငြိမ်သက်နေသယောင် ရှိနေသည်။ သံပြိုင်ရေရွတ်ချွေးတပ်စခန်းကြီးတစ်ခုလုံးမှာမူ အိပ်မောကျနေသောချွေးတပ်သားပေါင်းများစွာတို့၏ဟောက်သံ, သက်ပြင်းရှူသံ, ညည်းညူယောင်ယမ်းသံများဖြင့် စိတ်နှလုံးနောက်ကျိဖွယ် ကောင်းနေလေတော့သည်။

"ဦးမြိုင်တစ်ယောက် သွားရာပြီထင်ကယ်။ ကြားလိုက်ရတဲ့အသံဟာ ဦးမြိုင်အသံပဲ"

ခပ်စောစောက ဘုရားသခင်ကိုတလျက် မျက်စိအစုံမှိတ်ထားသော ခရစ်ယာန်ချွေးတပ်သားက ပြောလေသည်။

"ဟုတ်တယ်။ ဦးမြိုင်အသံပဲ"

တစ်ယောက်သောဟန်ချိုကဖြည့်စွက်လျက် ထောက်ခံချက်ပေးလေသည်။

ကျွန်တော်, ကိုကောင်းစိန်, ကရင်အမျိုးသားကလေး မောင်သာဆင်တို့ကား မည်သို့မျှ ထင်မြင်ချက်မပေးနိုင်ကြပါ။ ကျွန်တော်တို့ ၃ ယောက်သည် ဘွန်ထိုက်ချုပ်ဦးမြိုင်အသံ ဟုတ်,မဟုတ် မပြောနိုင်ကြချေ။ ကျွန်တော်တို့နှင့်တွေ့ကြရသည်မှာ အချိန်တိုတောင်းလှန်းလှပါသည်။

"ခမျာ။ မုန့်ဟင်းခါးရောင်းနေရင်း အဖမ်းခံရတာ။ အမှန်ကတော့ တောင်သူလယ်သမားကြီးဗျာ။ မြို့ပေါ်မှာ အရောင်းအဝယ်ကောင်းတယ်ဆိုပြီး၊ သရက်ဈေးထဲမှာ သားအဖ ၂ ယောက် ဈေးရောင်းနေရှာတယ်"

သူတို့နယ်မှချွေးတပ်သားတစ်ယောက်က ပြောလေသည်။

ကျွန်တော်တို့ ၃ ယောက်သည် နောက်ထပ်လျက် ဖယောင်းတိုင်တစ်တိုင်မကုန်မီအတွင်း၊ သူတို့တစ်စုကို နှုတ်ဆက်လျက် ထိုင်ရာမှထခဲ့ကြသည်။

အပြင်အပတွင် ခပ်စောစောအချိန်ကထက် မည်းမှောင်တိတ်ဆိတ်နေသည်။ မိုးမှာမစဲသေးဘဲ တစိမ့်စိမ့်ရွာနေဆဲဖြစ်သည်။ အင်ဖက်အမိုးပေါ်သို့ မိုးရေမိုးပေါက်များကျဆင်းသံကပင် ထိုညအဖို့ ပို၍စိတ်ပျက်စရာ, အားငယ်စရာကောင်းလှလေသည်။

http://mmteashop.com



ထိုတစ်ညသည် 'အမင်္ဂလာ ညတစ်ည' ဟူ၍လည်း ကျွန်တော် စိတ်အမှတ်ထားလိုက်မိသည်။

'ထိုကဲ့သို့သော ညမျိုးကို ရှေ့ဆက်၍ အဘယ်မျှ ကျွန်တော်တို့တွေ့နေရပေဦးမည်နည်း' သည်လိုလည်း ကျွန်တော် တွေးလိုက်မိသည်။

စခန်းမှူးများ၏အိမ်ငယ်ကလေးရှိရာသို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ခပ်စောစောကမီးရောင်ကိုပင် မတွေ့ရတော့။ အမှောင်နှင့် မည်းမည်းသာ။ စိတ်အားပေါ့စရာ ကောင်းလေစွ။

ကျွန်တော်သည် ဂျပန်များနေထိုင်ရာအဆောက်အဦရှိရာသို့လည်း လှမ်းကြည့်လိုက်သည်။ ခပ်မှုန်မှုန် လက်ဆွဲမီးအိမ်၏ မသဲကွဲသောအလင်းရောင်မျှကိုသာ တွေ့ရသည်။ လူရိပ်လူရောင်ဟူ၍ကား အစမထင်။

တကယ့်အမင်္ဂလာညတစ်ည။

http://mmteashop.com

-

## တောတွင်းချွေးတပ်စခန်းများသို့

နောက်တစ်နေ့မနက်၌မှ သံဖြူဇရပ်ချွေးတပ်စခန်းသို့ ကျွန်တော်တို့အရင်ရောက်ရှိနေကြသော ချွေးတပ်သားများအား တောတွင်းရှိချွေးတွင်းအလုပ်စခန်းအသီးသီးသို့ ပို့ဆောင်ခြင်းပြုလေသည်။

ချွေးတပ်အဖွဲ့များမှာ မြို့နယ်အသီးသီး, ခရိုင်အသီးသီး, ဒေသအရပ်ရပ်မှဖြစ်ကြလေသည်။ မကွေး, ရေနံချောင်း, ချောက်, မုံရွာ, ပေါက်, မြိုင် စသော ဒေသများနှင့် ဖျာပုံ, ဒေးဒရဲ, ကျိုက်လတ်, ဘိုကလေး စသော မြစ်ဝကျွန်းပေါ်အရပ်များစသည်ဖြင့် မြန်မာပြည်မြို့ကြီးပြကြီးပေါင်းစုံ, ဒေသရပ်ရွာပေါင်းစုံမှ ဖြစ်လေသည်။

သံဖြူဇရပ်ချွေးတပ်စခန်းကြီးတစ်ခုလုံးမှာ အော်သံဟစ်သံများ၊ ချွေးတပ်သားများ၏ လှုပ်ရှားသံများ၊ စခန်းမှူး, စခန်းတာဝန်ခံ စသူများ၏ အသံများ၊ ဂျပန်စစ်သားများ၏အသံဗလံများဖြင့် ဆူပွက်လျက်ရှိလေသည်။

သံဖြူဇရပ်ချွေးတပ်စခန်းသည် မြန်မာနိုင်ငံအရပ်ရပ်မှချွေးတပ်သားများအား တောတွင်းအလုပ်စခန်းအသီးသီးသို့ပို့ဆောင်ရန်အတွက်၊ စုစည်းသိုလှောင်ထားသော ပင်မချွေးတပ်စခန်းကြီးတစ်ခုသာ ဖြစ်လေသည်။ အမှန်စင်စစ် 'သံဖြူဇရပ်ချွေးတပ်စခန်း' ဟူ၍နာမည်ကြီးသော်လည်း၊ ချွေးတပ်သားပေါင်းများစွာသည် ထိုသံဖြူဇရပ်ချွေးတပ်စခန်းကြီး၌ အလုပ်လုပ်ကြရသည်တော့ မဟုတ်ချေ။ တကယ်တမ်း ဆင်းရဲပင်ပန်းစွာနှင့်လုပ်ကြကိုင်ကြရသည်မှာ တောတွင်းချွေးတပ်စခန်းများသို့ရောက်ရှိသည့်အခါမှသာလျှင် ဖြစ်လေသည်။

မနေ့ကမှ သံဖြူဇရပ်ချွေးတပ်စခန်းသို့ရောက်ရှိလာကြသော ကျွန်တော်တို့ မအူပင်ခရိုင်မှချွေးတပ်သားများနှင့် အခြားခရိုင် ၁ ခု-၂ ခုမှချွေးတပ်အဖွဲ့သားများမှာမူ၊ ထိုနေ့အဖို့ တောတွင်းချွေးတပ်စခန်းများသို့ ထွက်ခွာသွားရခြင်း မပြုရသေးပါချေ။ သရက်ခရိုင်မှချွေးတပ်သားများမှာလည်း ကျွန်တော်တို့ကဲ့သို့ပင် ဖြစ်လေသည်။ သို့ရာတွင် ကျွန်တော်နှင့် ဘွန်ထိုက်ချို့များကိုမူ မနက်စောစောအချိန်ကပင် ဂျပန်စစ်သားအချို့နှင့် စကားပြန်သူငယ်တစ်ယောက်ကလာရောက်ခေါ်ငင်သဖြင့်၊ သံဖြူဇရပ်ချွေးတပ်စခန်းရှိ ဂျပန်စစ်ဗိုလ်အကြီးဆုံးထံသို့ လိုက်ခဲ့ရလေသည်။

ကျွန်တော်တို့အား လာရောက်၍ခေါ်ငင်သောစကားပြန်သူငယ်မှာ ယမန်နေ့က စကားပြန်သူငယ် မဟုတ်ပေ။ ဂျပန်စစ်ဗိုလ်မှာလည်း ယမန်နေ့က မီးရထားဘူတာရုံတွင်တွေ့ရသော ဂျပန်စစ်ဗိုလ် မဟုတ်ပါချေ။ စကားပြန်သူငယ်မှာ ယမန့်နေ့ကတွေ့ရသောစကားပြန်သူငယ်နှင့် အတော်ကလေးခြားနားလေသည်။ စကားအပြောအဆို ပြေပြစ်လျက် ယဉ်ကျေးသိမ်မွေ့ခြင်း ထိုက်သလောက်ရှိလေသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် စကားပြန်သူငယ်အား ဂျပန်စစ်ဗိုလ်က မည်သည့်ကိစ္စအတွက်ခေါ်သည်ဆိုခြင်းကို လည်းကောင်း, ဂျပန်စစ်ဗိုလ် စိတ်သဘော ကောင်း,မကောင်းဆိုသည့် အကြောင်းကို လည်းကောင်း၊ ဂျပန်စစ်ဗိုလ်၏အမည်ကိုလည်းကောင်း မေးမြန်းကြည့်မိလေသည်။

"ခင်ဗျားတို့ကိုခေါ်တာ တောထဲပို့မယ့်ချွေးတပ်သားတွေကို စစ်ဆေးဖို့အခေါ်ခိုင်းတာပါ။ ကျွန်တော်တို့ မာစတာက သဘောကောင်းပါတယ်။ သူ့နာမည်က 'ဟာတာချီတို'တဲ့"ဟု စကားပြန်သူငယ်က ပြောပါသည်။

http://mmteashop.com



မကြာမီ ကျွန်တော်တို့သည် ဂျပန်စစ်ရုံးအဆောက်အဦရှိရာသို့ ရောက်ခဲ့ကြသည်။ အပေါက်ဝတွင် ဂျပန်စစ်သား ၂ ယောက် သေနတ်ကိုင်လျက်စောင့်ကြပ်နေသည်။ တစ်နေရာ၌လည်း ဂျပန်စစ်သား ၄–၅၀ ခန့် တန်းစီလျက် ရှိနေကြလေသည်၊

စကားပြန်သူငယ်နှင့် ကျွန်တော်တို့ကိုခေါ်ဆောင်လာသောဂျပန်စစ်သားများသည် ကျွန်တော်တို့အား စစ်ရုံးအဆောက်အဦအပြင်ဘက်တွင် တန်းစီလျက် ရပ်နေစေပါသည်။ ပြီးလျှင် စကားပြန်သူငယ်သည် အဆောက်အဦအတွင်းရှိရုံးခန်းငယ်အတွင်းသို့ ဝင်ရောက်သွားပြီးနောက်၊ ကျွန်တော်တို့တစ်တွေ ရောက်ရှိပြီဖြစ်ကြောင်းနှင့် ဂျပန်စစ်ဗိုလ်အား သွားရောက်၍အကြောင်းကြားခြင်း ပြုလေသည်။

မကြာမီ ရုံးခန်းအတွင်းမှ ရေညှိရောင်အဆင်းဖသွေးရှိသောစစ်ယူနီဖောင်းကို ဝတ်ဆင်ထားသောဂျပန်စစ်ဗိုလ်နှင့် စကားပြန်သူငယ်တို့ တွဲလျက်ထွက်လာကြသည်။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်အား သတိထားလျက်အကဲခတ်မိလိုက်လေသည်။ သူသည် အရပ်အတော်ပင် ပုလေသည်။ မျက်နှာအမူအရာမှာ တည်ငြိမ်ရင့်ကျက်လျက် အတော်ပင်ဣန္ဒြေရလေသည်။

ရုံးပေါက်ဝမှာ ဂျပန်စစ်ဗိုလ်ထွက်လာသည်ဆိုလျှင်ပင်၊ ခပ်လှမ်းလှမ်းတွင်တန်းစီနေသော ဂျပန်စစ်သားရော၊ ကျွန်တော်တို့ပါ အလေးပြုလိုက်ရလေသည်။ ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့ရှေ့တည့်တည့်သို့ရောက်သည့်အခါ၊ စကားပြန်သူငယ်နှင့်အတူ ရပ်လိုက်လေသည်။ ပြီးလျှင် စကားပြန်သူငယ်မှတစ်ဆင့် ကျွန်တော်တို့အား အလုပ်တာဝန်အတွက် စကားပြောလေသည်။

"ခင်ဗျားတို့ ဘွန်ထိုက်ချိုတွေအားလုံး ဂျပန်မာစတာတွေနှင့်အတူ တောထဲသွားရမယ့်လူတွေရဲ့စာရင်းကို စစ်ဆေးရမယ်။ ဂျပန်မာစတာတွေကို ဘွန်ထိုက်ချို ၂ ယောက်ကျတွဲပြီး အကူအညီပေးပါတဲ့"

စကားပြန်သူငယ်က ပြောလေသည်။

ပြီးလျှင် ဂျပန်စစ်ဗိုလ်သည် ဂျပန်သူငယ်အား တစ်ဆင့်ပြောကြားလျက်၊ ကျွန်တော့်ကို တစ်ယောက်တည်း သပ်သပ်ခွဲထုတ်လိုက်သည်။ ကျွန်တော့်လက်မောင်းပေါ်မှလက်ပတ်ကိုကြည့်၍လည်း၊ ဝါဒဖြန့်ချိရေးမှူးတစ်ယောက်ဖြစ်ကြောင်း သိရှိသွားလေသည်။

"ခင်ဗျားက တောတွင်းသွားရမယ့်လူတွေကို စိတ်ဓာတ်တက်ကြွအောင်ဟောပြောပေးပါတဲ့။ ဒီလမ်းမကြီး ဖောက်လုပ်တာဟာ နိပ္ပွန်ဘုရင်မင်းမြတ်နှင့် နိပ္ပွန်တပ်မတော်ကြီးအဖို့ရော မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးအတွက်ပါ အင်မတန်အရေးကြီးတယ်တဲ့။ ဒီလမ်းကြီးပြီးစီးသွားမှ အရှေ့အာရှစစ်ပွဲကြီးဟာအောင်မြင်မယ်တဲ့"

စကားပြန်သူငယ်သည် ဂျပန်စစ်ဗိုလ် ဟာတာချိတိကပြောသည့်အတိုင်း အတော်ရှည်လျားသောစကားများကို ကျွန်တော့်အား တစ်ဆင့်ပြောကြားလျက်ရှိနေပါသည်။ ထိုစကားများပြီးဆုံးသည့်နောက်ပိုင်း၌လည်း ကျွန်တော် တစ်ဦးတည်းကိုကွက်လျက်၊ ကိစ္စတာဝန်များပြီးလျှင် သူ့ထံသို့ထပ်မံလာခဲ့ရမည်ဖြစ်ကြောင်း ပြောလေသည်။

အပေါက်ဝတွင်ရှိနေသော အစောင့်တပ်သားတစ်ယောက်ကိုလည်း ကျွန်တော့်ကိုညွှန်ပြလျက် တစ်စုံတစ်ရာ လှမ်းပြောလိုက်သည်။ ဆိုလိုသည့်သဘောမှာ ကျွန်တော်လာလျှင် ဝင်ခွင့်ပြုရန်နှင့် သူ့ထံသို့ခေါ်ခဲ့ရန် ပြောလိုက်ခြင်း ဖြစ်ဟန်တူလေသည်။ ဂျပန်စစ်သားသည် ကျွန်တော့်မျက်နှာနှင့် လက်ပတ်ကိုလှမ်းကြည့်လျက်၊ ဟာတာချိတိုအား ဦးခေါင်းညွှတ်ကာ အလေးပြုလိုက်လေသည်။

ဂျပန်စစ်ဗိုလ် ဟာတာချိတိုတို့၏အစီအစဉ်အရ မကြာမီအချိန်အတွင်း ဂျပန်စစ်သား ၅ ယောက်လျှင် ဘွန်ထိုက်ချို ၂ ယောက်ကျတွဲလျက် လွှတ်လိုက်လေသည်။ ကျွန်တော့်ကိုလည်း သွားခွင့်ပြုလိုက်လေသည်။

ဤသို့နှင့်သာ ဘွန်ထိုက်ချိုကိုကောင်းစိန် အစရှိသောသူများနှင့် ကျွန်တော်မှာ ဂျပန်စစ်သားအချို့နှင့် တွဲဖက်လျက် တောတွင်းသို့ပို့မည့်ချွေးတပ်သားများအား စစ်ဆေးရခြင်း၊ သွေးထိုးစကားများကိုဟောပြောရခြင်း စသည်များကို လုပ်ကိုင်ကြရလေသည်။

http://mmteashop.com



ထိုအတွင်းကပင် ကျွန်တော်သည် ဘွန်ထိုက်ချိုကြီးဦးမြိုင်၏ ညကအဖြစ်ကို သတိရမိသဖြင့်၊ ဦးမြိုင်အား တွေ့လိုတွေ့ငြားသဘောဖြင့် တောင်မတောင်မြောက်မြောက်ကြည့်မိလေသည်၊ သို့ရာတွင် ဦးမြိုင်အား အစအန အရိပ်အယောင်မျှပင် မတွေ့ရပေ။ ဦးမြိုင်ကိစ္စကိုမေးမြန်းရန်အတွက် သရက်ခရိုင်ချွေးတပ်သားများရှိရာတဲတန်းလျားသို့လည်း ကျွန်တော်သွား၍ မဖြစ်သေးပါ။ ဂျပန်စစ်သားများ, စခန်းမှူး, စခန်းတာဝန်ခံ အစရှိသူများနှင့် တွဲလျက် တာန်ယူထားရသောကြောင့်လည်း မိမိသဘောအတိုင်း သွားချင်ရာသွား၍မဖြစ်သေးဘဲ ရှိနေရလေသည်။

ထိုနေ့မနက်ခင်းမှာ မိုးလေကင်းရှင်းသောနံနက်ခင်း ဖြစ်လေသည်။

ထောင်နှင့်ချီကာများပြားသော ချွေးတပ်သားများသည် သံဖြူဇရပ်ချွေးတပ်စခန်းကြီး၏ဝင်းအတွင်း၌သော်လည်းကောင်း၊ ဝင်း၏အပြင်ဘက်၌သော်လည်းကောင်း ၄ ယောက် ၁ တွဲ တန်းစီကာ ငုတ်တုတ်ထိုင်နေကြရလေသည်။ ဘွန်ထိုက်ချို, ဟန်ချို စသူများကလည်း ဂျပန်စစ်သားများ, စခန်းမှူးများနှင့်တွဲလျက် လူစစ်ဆေးခြင်း, လိုနေသေးသောမိမိတို့ချွေးတပ်သားများကို အော်ဟစ်ခေါ်ငင်ခြင်း, စနစ်တကျ မရှိသူများအား စခန်းမှူးနှင့် ဂျပန်စစ်သားများက ဆဲရေးတိုင်းထွာကာ တွန်းထိုးကန်ကျောက်ခြင်း စသည်ဖြင့် ချွေးတပ်စခန်းကြီးတစ်ခုလုံး အဝီစိပျက်သည့်အလား သောသောညံညံဖြစ်နေလေတော့သည်။

'ဖျာပုံခရိုင်–ဖျာပုံခရိုင်' ဟူ၍ 'သာယာဝတီ–သာယာဝတီ' ဟူ၍ လည်းကောင်း၊ 'မြိုင်–မြိုင်' ဟူ၍ လည်းကောင်း၊ 'ပြည်ခရိုင်–ပြည်ခရိုင်' ဟူ၍ လည်းကောင်း၊ ဘွန်ထိုက်ချိုများ, ဟန်ချိုများ၏အသံမှာလည်း နားကွဲမတတ် ကြားနေရလေသည်။

ဤသို့ အော်ဟစ်ခေါ်ငင်ရခြင်းမှာလည်း အမှန်စင်စစ် လိုနေသောချွေးတပ်သားများ၏အမည်ကို အတိအကျ မသိနိုင်သောကြောင့် ဖြစ်ရလေသည်။ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများသည် မိမိတို့အဖွဲ့မှ လူဘယ်နှစ်ယောက် လျော့နေသည် စသောအဖြစ်လောက်ကိုသာ သိရှိနိုင်ကြလေသည်။ နယ်ပေါင်းစုံ, အရပ်ပေါင်းစုံမှ လူပေါင်းစုံတို့ဖြစ်ခြင်းကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် အမည်နာမကိုသိရှိရန် ခဲယဉ်းလှလေသည်။ တစ်မြို့တည်းသား, တစ်ရွာတည်းနေသူများလောက်သာလျှင် တစ်ယောက်နှင့်တစ်ယောက် အမည်နာမအတိအကျကို သိရှိနိုင်ကြလေသည်။

ဤကိစ္စ ဤအဖြစ်မှာလည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံတွင်ကြုံတွေ့ခဲ့ရသော ယိုးဒယား–မြန်မာမီးရထားလမ်းဖောက်လုပ်သည့်ကိစ္စနှင့်ပတ်သက်၍ သိသင့်သိထိုက်သော, မှတ်သားလောက်သောကိစ္စတစ်ခုပင် ဖြစ်လေသည်။

ဂျပန်များသည် ယိုးဒယား–မြန်မာမီးရထားလမ်းဖောက်ရေးအတွက် အလုပ်သမားများအလိုရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်ဒေသမှ အာဏာပိုင်များနှင့်တိုင်ပင်ကာ ချွေးတပ်သားဦးရေ ပြည့်ဝစွာရရှိရေးတစ်ခုတည်းကိုသာ အဓိကထားခဲ့ပေသည်။ ၎င်းတို့ခေါ်ဆောင်လာသော ချွေးတပ်သားသည် မည်သည့်မြို့နယ်မှဖြစ်သည် ဟူ၍ လည်းကောင်း၊ မည်သူမည်ဝါဖြစ်၍၊ မည်သူ၏သား ဟူ၍လည်းကောင်း စာရင်းအင်းရေးမှတ်ထားခြင်း မရှိပါချေ။ စခန်းမှူးများ, ဘွန်ထိုက်ချိုများနှင့် ဂျပန်များ သခုကဲ့သို့ စာရင်းစစ်ဆေးနေရခြင်းသည်ပင် 'မည်သည့်ခရိုင်က ချွေးတပ်သားဦးရေ မည်မျှ' ဟူသောအရေအတွက်လောက်သာ ဖြစ်လေသည်။

မကြာမီ လူစစ်ဆေး၍ပြီးစီးသွားသောချွေးတပ်သားများသည် အုပ်စုအလိုက်ဖွဲ့စည်းလျက် တောတွင်း ချွေးတပ်စခန်းများရှိရာသို့ ချီတက်ခြင်း ပြုကြရလေသည်။ တစ်ခရိုင်ပြီးတစ်ခရိုင်, တစ်ဖွဲ့ပြီးတစ်ဖွဲ့ဖြစ်လေသည်။

သေနတ်ကို ပခုံးထက်လွယ်ထားသော, လက်များတွင်ဝါးစိမ်းတုတ်များကိုကိုင်ထားသော ဂျပန်စစ်သားများသည် ၂ ယောက်တွဲလျက်သော်လည်းကောင်း၊ ၃ ယောက်တွဲလျက်သော်လည်းကောင်း သူတို့အချင်းချင်း စကား

http://mmteashop.com



ပြောလျက်၊ ချွေးတပ်သားများအား ကျွဲအုပ်, နွားအုပ်ကြီးများကိုမောင်းနှင်သည့်ပမာ ခေါ်ဆောင်သွားကြလေသည်။

ကျွန်တော်သည် စခန်းပေါက်ဝတစ်နေရာတွင်ရပ်လျက် ထိုအဖြစ်ကို ငေးမျှော်ကြည့်လိုက်မိသည်။

မိုးမရွာသည့်အခါ ခပ်လှမ်းလှမ်းရှိမြင်ကွင်းများအားလုံးသည် စိမ်းစိုညို့မောင်းသောတောအုပ်ကြီးများနှင့် မင်းလွင်မြူခိုးတွေဝေမှိုင်းရစ်ဖွဲ့နေသော မြင်ကွင်းတွေချည်းသာ ဖြစ်လေသည်။ တောအလုံးမှာလည်း နံနက်ခင်း၏ ကျေးသံ, ငှက်သံကလေးများနှင့် စီစီညံလျက်ရှိလေသည်။ ရံဖန်ရံခါ၌ကား သမင်ကလေးများ, ချေသတ္တဝါကလေးများ၏ ဟောက်သံတောက်သံများသည် ခပ်လှမ်းလှမ်းအရပ်ဆီမှထွက်ပေါ်လာလေသည်။

ကျွန်တော်သည် အသွင်အမျိုးမျိုး, ပုံသဏ္ဌာန်အမျိုးမျိုးဖြင့်ချီတက်သွားနေကြသော ချွေးတပ်သားအဖွဲ့များကို ကြည့်လိုက်မိလေသည်။ သူတို့သည် ၄ ယောက် ၁ တွဲ အနေအထားဖြင့် စ၍ထွက်သော်လည်း၊ ၄ ယောက်တွဲ အနေအထားမဟုတ်လေတော့။ စခန်းနှင့် အတော်ကလေးလှမ်းသွားသည့်အခါ အနေအထားတွေပျက်ကုန်ကြလေသည်။ အချို့သည် ခြေလှမ်းမှန်မှန်လျှောက်နေကြသော်လည်း၊ အချို့ကား မတုန်မလှုပ်နှင့် တအိအိတနဲ့နဲ့ သွားနေလျှောက်နေကြလေသည်။ သူတို့ကို မြင်ရကြည့်ရသည်မှာ ရှေ့ခရီးအတွက် သွားရမည်ကို ဝန်လေးတွန့်ဆုတ်နေဟန်ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်စစ်သားများ၏အပြုအမူကိုလည်း သတိထားကြည့်လိုက်မိပါသည်။ အချို့ဂျပန်စစ်သားများသည် စကားတပြောပြောနှင့် ခပ်အေးအေးသွားနေသော်လည်း၊ အချို့သောဂျပန်စစ်သားများမှာမူ ချွေးတပ်သားများအား ဝါးစိမ်းခက်များနှင့် တဖျန်းဖျန်းလိုက်ရိုက်နေလေသည်။ ပါးစပ်ကလည်း ဆဲဆိုအော်ဟစ်နေလေသည်။ ထိုအခါ လေးလေးကွေးကွေးဖြစ်နေသောချွေးတပ်သားများသည် အနိုင်နိုင်အားတင်းလျက် ခြေလှမ်းကို ခပ်သုတ်သုတ်လျှောက်ကြလေသည်။

စခန်းပေါက်ဝမှနေလျက် ကားလမ်းအတိုင်းမျှော်ကြည့်လျှင် ခပ်လှမ်းလှမ်းတစ်နေရာသို့အရောက်တွင် ကားလမ်းမှာ ကွယ်ပျောက်နေလေသည်။ တောင် ၂ လုံးအကြားမှဖြတ်လျက် ဖောက်လုပ်ထားခြင်းကြောင့်၊ ရှေ့ခရီးကို မျှော်ကြည့်၍မမြင်ရတော့ချေ။ မိုးကုပ်စက်ဝိုင်းသည် ထိုနေရာတွင် ကွယ်ပျောက်ခဲ့ချေပြီ။

ရှေ့ဆုံးမှချီတက်သွားသော ချွေးတပ်သားအုပ်စုသည် တောင် ၂ လုံးအကြားသို့ တစ်စတစ်စ ဝင်ရောက်သွားကြလေသည်။ ကြည့်ရသည်မှာလည်း ရင်ဆို့စရာကောင်းလှသည်။ ထိုသူ ထိုချွေးတပ်သားများသည် သေမင်းနိုင်ငံသို့ သွားရောက်ကြရန်အတွက် သေမင်း၏ခံတွင်းပေါက်အတွင်းသို့ဝင်ရောက်နေခြင်းနှင့် တူလှတော့သည်။

"ကျွန်တော်တို့တစ်တွေလည်း ဘယ်နေ့သွားရမယ်မသိဘူး။ သွားကြရမှာပဲ ဆရာလေး"

ထိုအသံကြောင့် နောက်သို့ ကျွန်တော်လှည့်ကြည့်လိုက်ပါသည်။'

ကရင်ကလေးသာဆင်ပင် ဖြစ်လေသည်။ သူသည် ဘယ်အချိန်က ကျွန်တော့်အနီးသို့ ရောက်ရှိနေမှန်း မပြောတတ်ပေ။

ကျွန်တော် ရုတ်တရက်မဖြေနိုင်သေးပါ။ ချီတက်သွားသောချွေးတပ်သားများကိုကြည့်လျက် တွေတွေငေးငေး ဖြစ်နေရလေသည်။

"ဒီစခန်းမှာတောင် ဒါလောက်အနေအစားဆင်းရဲပြီး ဂျပန်တွေကနှိပ်စက်သေးတာ။ တောတွင်းရောက်ရင် ပိုဆိုးမှာပဲဆရာလေး"

သာဆင်က နောက်ဆပ်ပြောပါသည်။ အတော်ပင်သတ္တိကောင်းသူ လူငယ်တစ်ယောက် ဟုဆိုရသော်လည်း၊ သူ့မျက်လုံးအိမ်တွင် မျက်ရည်များရစ်ဝဲနေလေသည်။

"သွားတော့သွားရမှာပေါ့ကွာ။ ဒါပေမယ့် သိပ်လည်းစိုးရိမ်မနေပါနှင့်။ တို့ဟာ ဖြစ်သမျှအကြောင်း အကောင်းချည်းသဘောထားရမယ့်ဘဝကွ။ ခုမှ ထွက်ပြေးဖို့ဆိုတာလည်း သိပ်မလွယ်တော့ဘူးသာဆင်"

http://mmteashop.com



ကျွန်တော်က ပြောလိုက်သည်။ အမှန်အားဖြင့်လည်း သံဖြူဇရပ်ချွေးတပ်စခန်းအတွင်းသို့ရောက်သည် ဆိုလျှင်ပင် ထွက်ပြေးရန် မလွယ်လှတော့ပါ။ ထွက်ပြေး၍ မိလာသူများကိုလည်း ဂျပန်များက ကြိုးချည်ကြိုးတုပ်လျက် နှိပ်စက်နည်းအမျိုးမျိုးအဖုံဖုံနှင့် နှိပ်စက်ကြလေသည်။ ဤအထဲက ဂျပန်အလိုတော်ရိ မြန်မာ, မွန်, ကုလားဒိန်စသော သစ္စာဖောက်အမျိုးယုတ်များကလည်း ဝင်ရောက်ကာဒုက္ခပေးတတ်လေသည်။

"ကျွန်တော်တို့ ဘယ်နေ့လောက်သွားရမလဲ"

သာဆင်က ညိုးငယ်စွာမေးလေသည်။

"သိပ်ကြာမယ်တော့ မထင်ဘူး။ တို့ ဒီမှာနေရလှရင် ၃-၄ ရက်ပဲ။ သူတို့က လူသစ်ရောက်ရင် လူဟောင်းကို ပို့တဲ့သဘောပဲ"

သာဆင်သည် ကျွန်တော့်အနီးတွင်ရပ်လျက်၊ ကျွန်တော်ကဲ့သို့ပင် တောတွင်းချွေးတပ်စခန်းများရှိရာသို့ ချီတက်သွားကြသော ချွေးတပ်အဖွဲ့များကို လှမ်းကြည့်နေလေသည်။

အချိန်အတန်ငယ်ကြာသွားသည့်အခါ ကျွန်တော်သည် သာဆင်အား တဲတန်းလျားရှိရာသို့သွားရောက်နေရန် ပြောကြားခဲ့ပြီးနောက်၊ ဂျပန်စစ်ဗိုလ်ဟာတာချိတို့၏ရုံးခန်းရှိရာသို့ ထွက်ခဲ့ရလေသည်။

ဂျပန်စစ်သား ၂ ယောက်သည် ကျွန်တော့်အား တားမြစ်စစ်ဆေးခြင်းမပြုဘဲ ဝင်ရောက်ခွင့်ပြုလိုက်ပါသည်။ အခန်းပေါက်ဝတွင် ခပ်စောစောက စကားပြန်သူငယ်မှာ ခွေးခြေငယ်တစ်လုံးပေါ်တွင် ထိုင်လျက်၊ ဂျပန်စကားသင်စာအုပ်ငယ်တစ်အုပ်ကို ဖတ်လျက်ရှိလေသည်။ သူငယ်သည် ကျွန်တော့်ကိုတွေ့သည့်အခါ သူ့အနီးရှိကုလားထိုင်ငယ်တစ်လုံးထက်၌ ထိုင်ရန် ညွှန်ပြပြောဆိုခြင်းပြုလေသည်။

"ခဏနေဦးဗျ။ အထဲမှာ ဗိုလ်ချုပ်ဗိုလ်မှူးစစ်ဗိုလ် ၂ ယောက် ရောက်နေတယ်"

ကျွန်တော်သည် ထိုသူငယ်ညွှန်ပြသောကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်ပါသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲကွ"

ကျွန်တော်က မိတ်ဆွေဖွဲ့လိုသည့်သဘောနှင့် မေးလိုက်ပါသည်။

"မောင်အေးချို"

"ဇာတိက ဘယ်ကလဲကွယ့်"

"ကျွန်တော့်ဇာတိက ဖျဉ်းမနားနယ်ဘက်ကပါ"

"ဒီရောက်တာ အတော်ကြာပြီလားကွယ့်"

"၃-၄ လလောက်ရှိပြီဗျာ့"

မောင်အေးချိုမှာ အတော်ပင် ဆက်ဆံရေးကောင်းပါသည်။ ယမန်နေ့ကတွေ့ခဲ့ရသော စကားပြန်သူငယ်နှင့်ကား ဆီနှင့်ရေလောက် ကွဲပြားခြားနားလှသည်၊ ကျွန်တော်က စကားအဆက်အစပ်ရ၍ မေးမြန်းကြည့်သောကြောင့်လည်း၊ သူ့အဖြစ် သူ့အကြောင်းကလေးများကို စိတ်ဝင်စားဖွယ် ကျွန်တော်သိရလေသည်၊

မောင်အေးချိုမှာ မိဘ ၂ ပါးစလုံးမရှိတော့ ဟုဆိုပါသည်။ သူသည် ဆင်းရဲနွမ်းပါးသောအဖွားနှင့် နေထိုင်ရာမှ အဖွားကို လုပ်ကိုင်ကျွေးမွေးလိုသဖြင့်၊ ဂျပန်စကားသင်ကျောင်းတွင် တက်ရောက်သင်ကြားကာ စစ်တပ်ထဲသို့ ရောက်လာခဲ့ခြင်းဖြစ်သည်ဟု ဆိုလေသည်။ သူ့အသက် ၁၄ နှစ်သာ ရှိပေသည်။ သူ စစ်တပ်ထဲသို့ရောက်သည့်အခါ၊ စစ်ဗိုလ် ဟာတာချိတို့၏စကားပြန်ကလေးတစ်ယောက် ဖြစ်ခဲ့လေသည်။ သို့ရာတွင် ထိုသူငယ်မောင်အေးချိုအဖို့ ဝမ်းနည်းစရာကောင်းသည်မှာ ဂျပန်စစ်တပ်ထဲသို့ သူရောက်ရှိခဲ့ပြီးနောက်၊ ၃ လကျော် ၄ လလောက်အရ၌ပင် သူ့အဖွားမှာ ကွယ်လွန်အနိစ္စရောက်ခဲ့သည် ဟုဆိုလေသည်။

http://mmteashop.com



ကျွန်တော်သည် မောင်အေးချိုအကြောင်းကိုမေးမြန်းပြီးနောက်၊ ကျွန်တော်တို့နှင့်ပတ်သက်သောအကြောင်းကိစ္စများကိုလည်း သူ့ထံမှတစ်ဆင့် မေးမြန်းစုံစမ်းခြင်း ပြုရပါလေသည်။

ဤတွင် ခပ်စောစောက ကျွန်တော်တို့ထင်ထားသည့်အတိုင်း ကျွန်တော်တို့တပ်ဖွဲ့များသည် နောက်ထပ်လျက်တောတွင်းသံဖြူဇရပ်စခန်းတွင် ၂ ရက်–၃ ရက်ခန့်နေပြီးလျှင်၊ တောတွင်းချွေးတပ်စခန်းများသို့ သွားရောက်ကြရလိမ့်မည်ဖြစ်ကြောင်း သိရှိရလေသည်။

"အရေးကြီးတာကတော့ တောတွင်းချွေးတပ်စခန်းရောက်ရင် ဆေးဝါး သိပ်ရှားတယ်ဗျာ။ အဲဒီတော့ သံဖြူဇရပ်မြို့ထဲက ဆေးဝါးရမယ်ဆိုရင်တော့ ဝယ်သွားပေါ့ဗျာ"

"ဝယ်လို့ကောရပါ့မလား။ သံဖြူဇရပ်မြို့ထဲကိုရော သွားခွင့်ပေးပါ့မလားကွယ့်"

"ချွေးတပ်သားတွေ မသွားရပေမယ့်၊ ခင်ဗျားတို့လို ဝါဒဖြန့်ချိရေးမှူးတွေနှင့် စခန်းမှူးတွေကျတော့ သွားခွင့်ပေးပါတယ်။ ဂျပန်စစ်ဗိုလ်ဆီက လက်မှတ်ယူသွားရတယ်။ မာစတာဟာတာဆီကလက်မှတ် ကျွန်တော်တောင်းပေးမယ်လေ"

မောင်အေးချိုက ပြောလေသည်။

"အေးကွာ။ ကျေးဇူးပါပဲ မောင်အေးချို။ တောင်းပေးစမ်းပါကွာ"

ထိုအတွင်း၌ပင် စစ်ဗိုလ်ဟာတာ၏အခန်းတွင်းမှ ဂျပန်စစ်ဗိုလ် ၂ ယောက် ထွက်လာသည်။ ၂ ယောက်စလုံးပင် မျက်မှန်နှင့်ဖြစ်ကြလေသည်။ သူတို့သည် ဟာတာထက်လည်း အရပ်အမောင်းကောင်းကြလေသည်။ ယူနီဖောင်းများမှာလည်း မစ္စတာဟာတာ၏ယူနီဖောင်းကဲ့သို့ပင် ရေညှိရောင်များ ဖြစ်လေသည်။

ကျွန်တော်နှင့် မောင်အေးချိုသည် ချက်ချင်းပင် ထိုင်ရာမှ ပြိုင်တူထလျက်အလေးပြုလိုက်ကြသည်။

ဂျပန်စစ်ဗိုလ်တစ်ယောက်သည် မောင်အေးချို၏ပခုံးကို လှမ်းကိုင်လိုက်သည်။ "ဘီမော ကောင်းတကား၊ ကောင်းကောင်းရှိတကား"ဟူ၍လည်း ဆိုလေသည်။

"ဟိုက် မာစတာ"

မကြာမီ စစ်ဗိုလ် ၂ ယောက် ထွက်ခွာသွားကြသည်။

"ကျွန်တော့်ကို 'နေကောင်းသလား' မေးတဲ့စစ်ဗိုလ်က မကြာခင် တံတားဆောက်ဖို့ တောထဲသွားရမယ်။ သူကအင်ဂျင်နီယာ"ဟု မောင်အေးချိုက ပြောလေသည်။

ကျွန်တော်တို့သည် စကားဆုံးလျှင်ပင် မစ္စတာဟာတာ၏ရုံးခန်းကလေးအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ ကျွန်တော်နှင့် စကားပြန်သူငယ်ကလေးမောင်အေးချိုတို့ စားပွဲရှေ့၌ရပ်လိုက်မိသည့်အခါ၌ပင် ဂျပန်စစ်ဗိုလ်မစ္စတာဟာတာသည် ကျွန်တော် ရုတ်တရက်အံ့ဩလောက်အောင် မပီမသသောလေသံဖြင့် မြန်မာလိုပြောလေသည်။

"မင်းရဲ့အလုပ်တာဝန် ပြီးခဲ့တက"

"ဟုတ်ကဲ့ မာစတာ။ ပြီးခဲ့ပါပြီ"

"နိပ္ပွန်တပ်မတော်နှင့်တွဲပြီး အလုပ်လုပ်ရတာ ကောင်းတက"

"ကောင်းပါတယ် မာစတာ"

"ဘီမောနာမည် ဘာခေါ်တက"

"သက်ပန် လို့ခေါ်တယ်"

"မာစတာပြောတာ နားလည်တက"

"နားလည်ပါတယ် မာစတာ"

မစ္စတာဟာတာသည် သဘောကျသလိုပြုံးလေသည်။ ပြီးလျှင် ကျွန်တော့်အမည်နှင့် ကျွန်တော်၏ဇာတိကိုလည်း စာအုပ်ငယ်တစ်အုပ်တွင် ရေးမှတ်ထားလေသည်။

http://mmteashop.com



နောက်ထပ်လျက် ပြောကြားသောစကားများကိုမူ မစ္စတာဟာဘတာသည် စကားပြန်သူငယ်ကလေး မောင်အေးချိုမှတစ်ဆင့် ပြောလေသည်။ သူပြောသောအကြောင်းအရာများသည် ကျွန်တော်၏အလုပ်တာဝန်နှင့်ပတ်သက်သောစကားများ ဖြစ်လေသည်။ 'အရှေ့အာရှတိုက်သားများကောင်းစားရေး၊ နိပ္ပုန်ဘုရင်မင်းမြတ် အလိုတော်ကျဖြစ်စေရေး၊ နိပ္ပုန်တပ်မတော်ကြီး စစ်အောင်မြင်ရေး' ဆိုသော စကားများမှာ သူတို့ဂျပန်များ၏ ထာဝစဉ်လက်သုံးစကားများ ဖြစ်နေဟန်တူလေသည်။

စကားပြန်သူငယ်ကလေးမောင်အေးချိုသည် သူ ပြောဆိုထားသည့်အတိုင်း ဂျပန်စစ်ဗိုလ်မစ္စတာဟာဘတာထံမှ လက်မှတ်တစ်စောင်ကို ကျွန်တော့်အား ထောင်းပေးပါသည်။ မင်အနီ တံဆိပ်တုံးရိုက်နှိပ်ထား၍၊ ဂျပန်စာများရေးသားထားသောစာရွက်ငယ်တစ်ရွက်ပေါ်တွင် မစ္စတာဟာဘတာသည် လက်မှတ်ရေးထိုးလျက် ကျွန်တော့်အားပေးလေသည်။

ထိုလက်မှတ်ကလေး၏တန်ခိုးကြောင့်ပင် ကျွန်တော်သည် သံတွဲမြို့တွင်းသို့ သွားရောက်နိုင်ခွင့်ရရှိလျက်၊ ကျွန်တော်လိုချင်သောဆေးဝါးကလေးများ၊ ဆေးလိပ် သေည်ကလေးများနှင့် အခြားသောအသုံးအဆောင်ပစ္စည်းကလေးများကို ဝယ်ခြမ်းနိုင်ခြင်းရှိခဲ့လေသည်။

http://mmteashop.com

## ကျောက်တစ်လုံးစခန်း

တောတွင်းချေးတပ်စခန်းများရှိရာသို့ ကျွန်တော်တို့ထွက်ခွာမသွားရသေးမီ နောက်တစ်နေ့၌ ဘွန်ထိုက်ကျို ကိုကောင်းစိန်သည် ကျွန်တော်ရှိရာသို့ပေါက်လာပါလေသည်။

"ကိုသက်ပန် ခင်ဗျား သတင်းတစ်ခု ကြားပြီးပြီလား"

ကိုကောင်းစိန်က ကျွန်တော့်ကိုမေးမြန်းခြင်း ပြုလေသည်။ သူ့အမူအရာကိုကြည့်ရသည်မှာလည်း တစ်စုံ တစ်ရာအကြောင်းကြောင့် စိတ်နှလုံးမချမ်းမြေ့ဟန် ရှိလေသည်။

"ဘာလဲ ကိုကောင်းစိန်။ ဘာသတင်းထူး ကြားလို့လဲ"

ကျွန်တော်က မေးလိုက်ပါသည်။

ကိုကောင်းစိန်သည် တောင်မြောက် ၄ ပါးကို ကြည့်လျက်၊ ကျွန်တော့်ဘေးတွင် ဝင်ရောက်ကာထိုင်လိုက် လေသည်။

"ဟို– ဘွန်ထိုက်ချုံကြီးဦးမြိုင် သေသွားပြီ"

"ခင်ဗျားကို ဘယ်သူပြောသလဲ ကိုကောင်းစိန်"

"ခပ်တိုးတိုးပြောဗျာ။ ဒီပြင်လူတွေကြားသွားမယ်။ ကျွန်တော့်ကိုပြောလိုက်တဲ့လူတွေက ဘယ်သူ့မျှပြန်မပြောဖို့ နှုတ်ပိတ်လိုက်တယ်။ ဦးမြိုင်ရဲ့အလောင်းကို သွားမြုပ်ရတဲ့အကောင်တွေကပြောတာဗျာ့"

"သူတို့လူတွေရော သိကြပြီလား"

"ဘယ်မှာသိပါ့မလဲဗျာ။ သူတို့သိတာက ပြန်မလာတာပဲ သိမှာပေါ့။ အဲဒီညက ဘက်နက်နှင့် တစ်ချက်တည်း ထိုးသတ်လိုက်သတဲ့ဗျာ့"

"ကျွတ်–ကျွတ်။ ဖြစ်ရလေဗျာ။ သက်သက်မဲ့ အပြစ်မရှိအပြစ်လုပ်သတ်လိုက်တာပဲ။ ဂျပန်စစ်ဗိုလ် ဟာတာကလည်း ဘာမျှမပြောဘူးထင်ပါရဲ့ဗျာ"

ကျွန်တော်က စုတ်သပ်လျက် ညည်းညူလိုက်မိပါသည်။

"ဘာပြောမှာလဲဗျာ။ သူတို့က 'စပိုင်' ဆိုပြီးစွပ်စွဲသတ်ပစ်တာပဲ။ အမှန်တော့ သူတို့လက်ခုပ်ထဲကရေ မဟုတ်လား။ စစ်ဖြစ်လာရင် 'စပိုင်' ဆိုတဲ့စွပ်စွဲချက်ဟာ အင်မတန်ကြောက်စရာကောင်းတယ် ကိုသက်ပန်"

ကျွန်တော်သည် အချိန်အတော်ကြာ ငိုင်နေမိပါသည်။ ကိုကောင်းစိန် ကြားသိလာရသည်ဆိုသော ဘွန်ထိုက်ချုံ ကြီးဦးမြိုင်၏ကိစ္စမှာ မည်မျှလောက်မှားသည်, မှန်သည် ဟူ၍တော့မသိ။ ဦးမြိုင်မှာ ဂျပန်များခေါ်ဆောင်သွား ချိန်မှစလျက်၊ သူတို့သရက်ခရိုင်ချေးတပ်သားများ တောတွင်းစခန်းသို့ ထွက်ခွာသွားရချိန်အထိ ပြန်မပေါ်လာတော့ ပါချေ။

ထိုကဲ့သို့ရှိနေခိုက် ဂျပန်စကားပြန်လေးမောင်အေးချိုသည် တဲပေါက်ဝမှ ကျွန်တော်ရှိရာသို့ ဝင်ရောက်လာ လေသည်။

http://mmteashop.com



ဘွန်ထိုက်ချိုကိုကောင်းစိန်မှာလည်း ကျွန်တော့်အနီးမှထွက်ခွာသွားလေသည်။

"ဘာလဲဟ မောင်အေးချို"

ကျွန်တော်ကပင် ဦးအောင်လုမ်းမေးလိုက်ပါသည်။

"မာစတာက ခေါ်နေတယ်ဗျ"

"ဘယ်မှာလဲကွယ်။ ရုံးခန်းမှာလား"

ကျွန်တော်သည် ထိုအမေးကိုမေးရင်း ထိုင်ရာမှထလိုက်ပါသည်။

"ရုံးခန်းထဲမှာ မဟုတ်ဘူးဗျ။ ချွေးတပ်သားတွေ ကြိုးချည်ထားတဲ့နေရာမှာ"

မောင်အေးချို၏စကားကြောင့် ရုတ်တရက် ကျွန်တော့်မှာ ထိတ်ခနဲဖြစ်သွားမိပါသည်။ ချွေးတပ်သားများ ကြိုးတုပ်ကြိုးချည်ခံကြရပြန်ပြီဆိုသည့်အတွက် စိတ်မကောင်းဖြစ်ရပြန်ပါသည်။

ကျွန်တော်နှင့် စကားပြန်သူငယ်ကလေးမောင်အေးချိုတို့သည် တဲတန်းလျားအတွင်းမှ လျင်မြန်စွာ ထွက်ခွာခဲ့ကြပါသည်။

"ဘယ်လိုဖြစ်လို့ ချွေးတပ်သားတွေကို ကြိုးနှင့်တုပ်ထားတာလဲကွာ။ ဘယ်နစ်ယောက်လဲ"

တဲလိုင်းအပြင်သို့ရောက်သည့်အခါ ကျွန်တော်က မေးလိုက်ပါသည်။

"၄ ယောက်ဗျ။ ထွက်ပြေးတာကို မော်လမြိုင်ကနေဖမ်းပြီး ပြန်ပို့လိုက်တယ်လေ။ မနေ့ညနေကတည်းက ကြိုးတုပ်ထားတာ"

ကျွန်တော်သည် မောင်အေးချို ခေါ်ဆောင်ရာနောက်သို့လိုက်ခဲ့ရလေသည်။

ချွေးတပ်သားများအားအပြစ်ရှိ၍ ကြိုးတုပ်ခြင်းပြုသည့်အခါ ဂျပန်စစ်ရုံးအဆောက်အဦ၏နောက်ဘက်တွင် ဖြစ်လေသည်။ မစ္စတာဟာတာနေသောအိမ်ငယ်မှာ ထိုနေရာနှင့် ၁၄–၅ ကိုက်အကွာအဝေး ရှိလေသည်၊

ထိုကုန်း၏အောက်ခြေအနီမှပိုင်း၌လည်း ဂျပန်စစ်တန်းလျား ၂ လုံး၊ ရိက္ခာဂိုဒေါင်များနှင့် ဂျပန်စစ်ဗိုလ်များနေထိုင်သည့် အိမ်ငယ်ကလေးရှိလေသည်။ ဘေးပတ်ပတ်လည်မှာ သံဆူးကြိုးဝင်းခတ်ထားသည်။ ဝင်းအပြင်တစ်လျှောက်လုံးမှာ ရာဘာပင်များထူထပ်လျက် စိမ်းစိုနေလေသည်။ ဤနေရာမျိုးသည် လေကြောင်းရန်အတွက် အကောင်းဆုံးသောအကာအကွယ်ပြုနိုင်သည့်နေရာမျိုး ဖြစ်လေသည်။

ကျွန်တော်တို့သည် မကြာမီပင် ချွေးတပ်သား ၄ ယောက်အား ကြိုးတုပ်ချည်နှောင်ထားသည့်နေရာသို့ ရောက်ရှိခဲ့ကြသည်။ ကြိုးချည်ထားသည်မှာ ရာဘာပင် ၄ ပင်၌ တစ်ယောက်တစ်ပင်ကျချည်နှောင်ထားခြင်း ဖြစ်လေသည်။

ကြိုးတုပ်ကြိုးချည်ထားခြင်းကို ခံနေကြရရှာသော ချွေးတပ်သား ၄ ယောက်၏ရှေ့တွင်မူ ဂျပန်စစ်ဗိုလ် မစ္စတာဟာတာနှင့်အတူ အခြားသောဂျပန်စစ်ဗိုလ် ၃–၄ ယောက်ကိုလည်း တွေ့ရသည်။ ဂျပန်စစ်သား ၁၄–၅ ယောက်တို့ကိုလည်း တွေ့မြင်ရသည်။ ဂျပန်စစ်ဗိုလ် ၃–၄ ယောက်အနက်၊ တစ်ယောက်သောစစ်ဗိုလ်မှာ ယမန်နေ့ မနက်ပိုင်းက မီးရထားလမ်းဘေးတွင်ပြဿနာပေါ်ခဲ့သောစစ်ဗိုလ်ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ကျွန်တော် ရောက်ရှိသွားသည့်အခါ မစ္စတာဟာတာက ထိုချွေးတပ်သား ၄ ယောက်မှာ သရက်ခရိုင် ချွေးတပ်သားအဖွဲ့သားများထဲမှ ထွက်ပြေးသူများဖြစ်ကြောင်း၊ ၎င်းတို့အား မော်လမြိုင်မှတစ်ဆင့် ဖမ်းဆီး၍ ပြန်ပို့လိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အား အပြစ်ဒဏ်ခတ်သည့်အနေဖြင့် ကြိုးချည်းထားကြောင်း။ ချွေးတပ်သားများ ယခုကဲ့သို့ထွက်ပြေးခြင်းမပြုစေရန် ဟောပြောပေးရမည်ဖြစ်ကြောင်း ပြောလေသည်။

မစ္စတာဟာတာ၏စကားကို ကြားလိုက်ရသောအခါမှပင် ကျွန်တော်သည် ယမန်နေ့က သရက်ခရိုင်မှ ချွေးတပ်သားများထွက်ပြေးသောကိစ္စကို ပြန်လည်ကာအမှတ်ရလိုက်မိလေသည်။ အမှန်အားဖြင့်မူ ဘွန်ထိုက်ချို

http://mmteashop.com



ဦးမြိုင်နှင့် သူ့သားသေဆုံးရရှာသောအဖြစ်မှာ ထိုချွေးတပ်သားတစ်ဦးထွက်ပြေးသောအဖြစ်မှ စတင်ခဲ့ခြင်းပင်ဖြစ်လေသည်။

ဤသို့ဖြစ်ရခြင်းအတွက် ထွက်ပြေးခြင်းပြုကြသောချွေးတပ်သားများအပေါ်၌လည်း အပြစ်ပြောမည်ဟုဆိုပါက နည်းလမ်းကျလိမ့်မည်တော့ မဟုတ်ပါပေ။ သူတို့တစ်တွေမှာလည်း ဤမျှလောက် ရက်စက်ကြမ်းကြုတ်သောအဖြစ်မျိုး ဒုက္ခမျိုး၌ ဆက်လက်၍ သွားလာလိုကြလိမ့်မည်တော့ မဟုတ်ပါပေ။ အသက်စွန့်၍ ထွက်ပြေးလိုကြပေလိမ့်မည်သာ။ သူတို့ထွက်ပြေးခြင်းအတွက် ကြားမှခံစားလိုက်ရရှာသော ဘွန်ထိုက်ချိုသားအဖအဖြစ်မှာမူ ကံကိုသာ ယိုးမယ်ဖွဲ့ရတော့မည် ဖြစ်လေသည်။

မစ္စတာဟာတာသည် ကြိုးချည်ထားသော ချွေးတပ်သား ၄ ယောက်အား မကြာမီ လွှတ်၍ပေးမည်ဖြစ်ကြောင်း။ သက်ဆိုင်ရာဘွန်ထိုက်ချိုနှင့် ဟန်ချိုများအား သူ့ထံသို့ လွှတ်လိုက်ရမည့်အကြောင်းနှင့် ချွေးတပ်သားများ ထွက်မပြေးရေးအတွက် သူတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း ပြုစေလိုကြောင်း မှာကာ အချိန်အတန်ကြာ ပြောကြားပြီးနောက်၊ စကားပြန်ကလေးမောင်အေးချိုနှင့် ဂျပန်စစ်သား ၂ ဦးတို့ကို ကျွန်တော်တို့နှင့်အတူ ထည့်ပေးလိုက်လေသည်။

ကျွန်တော်သည် မစ္စတာဟာတာအားအလေးပြုပြီးနောက် ဂျပန်စစ်ရုံးဝင်းအတွင်းမှ စိတ်နှလုံးနောက်ကျိစွာနှင့်ပင် ထွက်ခွာခြင်းပြုခဲ့ရလေသည်။

ထိုအတွေ့အကြုံများကိုတွေ့ကြုံရပြီးနောက်၊ ၂ ရက်ခန့်အကြာ၌ပင် ကျွန်တော်တို့မအူပင်ခရိုင်မှ ချွေးတပ်သားများသည် တောတွင်းချွေးတပ်စခန်းတစ်ခုသို့ ထွက်ခဲ့ကြရလေသည်။

ကျွန်တော်တို့နှင့်အတူနေထိုင်ခဲ့ကြရသော သရက်ခရိုင်ချွေးတပ်သားများမှာမူ ကျွန်တော်တို့ထက် တစ်ရက်စောလျက် တောတွင်းချွေးတပ်စခန်းတစ်နေရာသို့ ထွက်ခွာသွားကြရပြီဖြစ်လေသည်။ ထိုအချိန် ထိုအခါမှစ၍လည်း သရက်ခရိုင်မှချွေးတပ်သားများနှင့် ကျွန်တော်တို့တစ်တွေမှာ ထပ်မံလျက်မတွေ့ကြရတော့ပါပေ။

သံဖြူဇရပ်စခန်းမှ ကျွန်တော်တို့ထွက်ခွာရသည့်အချိန်မှာ နံနက် ၈ နာရီခန့်တွင် ဖြစ်လေသည်။ ကျွန်တော်တို့ချွေးတပ်သားများအား စခန်းအထွက်အပေါက်ဝမှစောင့်လျက်၊ ထမင်းရုံမှူးများနှင့် ထမင်းချက်ခေါင်းများက လူတစ်ယောက်လျှင် ထမင်းထုပ်တစ်ထုပ်ကျ ပေးလေသည်။

ဤတွင် အချို့သောချွေးတပ်သားများအနေဖြင့် မိမိတို့အတွက်ရရှိသောထမင်းထုပ်ကို သိမ်းဆည်းထားပြီး၊ နောက်ထပ် တစ်ပတ်ကြော့လျက် တန်းစီခြင်းပြုပြန်ပါသည်။ မိမိတို့အတွက်ရရှိသော ထမင်းထုပ်တစ်ထုပ်မျှဖြင့် မလောက်ငခြင်းကြောင့် ထိုကဲ့သို့ပြုကြခြင်း ဖြစ်လေသည်။

ထမင်းချက်ခေါင်းများနှင့် ၎င်းတို့၏တပည့်တပန်းများကလည်း လူလျှင်,လူပါးများဖြစ်ကြလေရာ၊ ထိုကိစ္စကြောင့် တဆူဆူတပွက်ပွက်ဖြစ်ကြပြန်လေသည်။ အချို့သောချွေးတပ်သားများမှာမူ ထမင်းတစ်ထုပ်ရရှိရေးအတွက် သွေးထွက်သံယိုဖြစ်ရသည်အထိ အထိုးအကြိတ် အရိုက်အပုတ်ကိုခံကြရလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချို၊ ဟန်ချို စသူများကလည်း ချွေးတပ်သားများကို ကွပ်ကဲထိန်းသိမ်းခြင်းပြုရသည်က တစ်မျိုး၊ ဖြစ်ပေါ်လာသောပြဿနာကို ဖြေရှင်းပေးရသည်က တစ်သွယ်နှင့် စိတ်ပျက်စရာအလွန်ကောင်းသည့်အဖြစ်မျိုးဖြစ်ရလေတော့သည်။

ကျွန်တော်တို့အားစောင့်ကြပ်လိုက်ပါရသည့် ဂျပန်စစ်သားများမှာလည်း ကျွန်တော်တို့ကဲ့သို့ပင် ထမင်းချိုင့်ကိုယ်စီ၊ ရေဘူးကိုယ်စီနှင့် ဖြစ်ကြလေသည်။ ကျွန်တော်တို့တစ်တွေမှာမူ ထမင်းထုပ်ကိုယ်စီ၊ ဝါးဆစ်ရေဘူးကိုယ်စီနှင့်ဖြစ်ကြလေသည်။

ဂျပန်စစ်ဗိုလ်ဟာတာသည် ကျွန်တော်တို့ချွေးတပ်သားများအား သံဖြူဇရပ်သို့ရောက်ရှိချိန်ကပင် 'ရေကို

http://mmteashop.com



ကျိုချက်သောက်ကြရမည်' ဟု အမိန့်ထုတ်ဆင့်ထားပါသည်။ သံဖြူဇရပ်ချေးတပ်စခန်းအတွင်း၌လည်း ရေစိမ်းကို မသောက်ရ၊ ကျိုချက်၍ သောက်ရမည်။ အကယ်၍ ရေစိမ်းကိုသောက်ခဲ့သော်၊ ကြီးလေးသောအပြစ်ကို ပေးမည် ဖြစ်ကြောင်းနှင့် စာတန်းများချိတ်ဆွဲထားလေသည်။ ပြီးလျှင် ထမင်းချက်ရုံအပြင်ဘက်၌ သံပုရာပိုင်းဒယ်အိုးကြီး များနှင့် ရေနွေးများ အမြဲမပြတ် ကျိုထားလေသည်။ ထိုရေနွေးကိုမှ ချေးတပ်သား မည်သူမဆို အလိုရှိသလောက် သောက်ခွင့်ရှိလေသည်။

တနင်္သာရီတိုင်းအတွင်း ထိုနေရာထိုဒေသမှာ ဝါးပိုးဝါးများ အလွန်တရာပေါများသည့်အရပ်ဒေသ ဖြစ်လေ သည်။ ထို့ကြောင့်လည်း ချေးတပ်သားများအဖို့ ဝါးဆစ်ရေဘူးများ, ဝါးဆစ်ထမင်းစားခွက်များကို အလွယ်တကူ ရရှိနိုင်ခြင်းဖြစ်လေသည်။ သို့ရာတွင် ဤသို ဝါးဆစ်ရေဘူး, ဝါးဆစ်ထမင်းစားခွက်များရရှိနိုင်သည်ဆိုခြင်းမှာ လည်း ထထကြွကြွနှင့် လုံ့လဝီရိယရှိ၍ အမြင်ကျယ်သောချေးတပ်သားမှသာလျှင် ရရှိနိုင်လေသည်။ အမြင်လည်း မကျယ် အပျင်းလည်းထူနေသောချေးတပ်သားအဖို့မှာမူ အများနည်းတူမရရှိနိုင်ပါချေ။

ကျွန်တော်တို့ချေးတပ်သားများသည် သံဖြူဇရပ်စခန်းမှ ထွက်ခွာမိကြလေပြီ။ ရှည်လျားများပြားသော လူတန်းကြီးသည် ကားလမ်းအတိုင်း ပုရွက်ဆိတ်တန်းကြီးများသွားနေသည့်အလား တရွေ့ရွေ့ချီတက်နေကြလေ သည်။ ကာလမ်းဘေးတစ်ဘက်တစ်ချက်သည် ကျောက်တုံးကျောက်တောင်များနှင့် စိမ်းစိုသောသစ်တောဝါးတော ကြီးများသာ ဖြစ်လေသည်။ အတော်အတန်ခရီးပေါက်ခဲ့သည့်အခါ၌မှ စမ်းချောင်းများ, သစ်သားတံတားများနှင့် ကားလမ်းဖောက်စဉ်အခါက တည်ဆောက်ထားခဲ့ဟန်တူသောတဲတန်းလျားအပျက်အစီးများကို ဖရိုဖရဲတွေ့မြင်ရ လေသည်။

"ကျွန်တော်တို့သွားရမယ့်စခန်းဟာ အတော်ခရီးဝေးတယ်ထင်တယ်"

ကျွန်တော်နှင့် အတူယှဉ်လျှောက်လာသောကိုကောင်းစိန်က ပြောလေသည်။

"ဘာဖြစ်လို့လဲဗျာ"

"ဘာဖြစ်လို့လဲဆိုတော့ ထမင်းထုပ်တွေတောင် ဝေပေးလိုက်တယ်မဟုတ်လားကိုသက်ပန်။ နောက်ပြီး ဂျပန်စစ်သားတွေကိုယ်တိုင်ကလည်း ထမင်းချိုင့်တွေနှင့်ဗျာ"

"ခင်ဗျားတွေးတာ သိပ်မဆိုးဘူးဗျာ။ ကျွန်တော်တို့တစ်တွေ လမ်းခုလတ်တစ်နေရာရာမှာ ထမင်းစားကြရလိမ့် မယ်"

ချေးတပ်သားအချို့မှာ ကျွန်တော်တို့နောက်တွင် ပြတ်ကျန်ရစ်ခဲ့သလို၊ အချို့မှာလည်း ကျွန်တော်တို့ရှေ့သို့ ကြောသွားကြလေသည်။ ဂျပန်စစ်သားများမှာလည်း အချို့က ရှေ့ရောက်သွားကြသည်။ အချို့ကား နောက်တွင် ကျန်ရစ်ခဲ့လေသည်။

ရံဖန်ရံခါများတွင်မူ ကားလမ်းပေါ်တွင် လော်လီကားကြီးများ ၁ စီးအစ-၂ စီးအစ မောင်းနှင်လာတတ် ကြလေသည်။ ထိုကားကြီးများပေါ်တွင် ဂျပန်စစ်သားများ, စားနပ်ရိက္ခာ ပစ္စည်းများနှင့် အဆောက်အဦဆောက်လုပ် ရန်အတွက် သစ်များ, ဝါးများ အစရှိသဖြင့် ပါရှိလာတတ်လေသည်။

တောတွင်းချေးတပ်စခန်းများသည် ကားလမ်းဘေးအတွင်းပိုင်းခပ်ကျကျ ဖြစ်လေသည်။ စခန်းတစ်ခုနှင့် တစ်ခုအကွာအဝေးသည် တညီတည်းကားမဟုတ်ကြပေ။ အချို့စခန်းများသည် တစ်နေရာနှင့်တစ်နေရာ ၂ မိုင်မှ ၃ မိုင်ထိ အကွာအဝေးဖြစ်၍၊ အချို့ကား ၅ မိုင်-၆ မိုင်အကွာအဝေး ဖြစ်လေသည်။ သို့ရာတွင် ချေးတပ် စခန်းများနှင့် ဂျပန်များနေထိုင်ရန်အတွက်ဆောက်လုပ်သော အဆောက်အဦများမှာမူ စမ်းချောင်းနှင့် အနီးကပ်ဆုံး နေရာကို ရွေးချယ်လျက်ဆောက်လုပ်ထားကြသည်က များလေသည်။

http://mmteashop.com



ဤနေရာတွင် ယိုးဒယား–မြန်မာမီးရထားလမ်း၏ ခရီးအကွာအဝေးကိုလည်း ဖော်ပြခြင်းပြုလိုပါသည်။ ခရီးအကွာအဝေးသည် ယိုးဒယားနိုင်ငံ ဘန်ပေါင်း(BAN PON)မှ မြန်မာနိုင်ငံ သံဖြူဇရပ်ဘူတာအထိ ၁၇၅ မိုင် ရှည်လျားလေသည်။

ယိုးဒယားနိုင်ငံဘက်မှ ကရာ(KRA) ကျွန်းဘက်ကိုဖြတ်၍၊ ချမ်ပုံ(CHUM PHON)မှ ဝိတိုရိယအငူ မြောက်ဘက်ရှိ ပက်ချန်(PAKCHAN)မြစ်ကမ်းနဖူးအထိ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်လေသည်။ ထိုခရီးအကွာအဝေးမှာ ၅၅ မိုင် ဖြစ်လေသည်။

ကျွန်တော်တို့ချွေးတပ်သားအဖွဲ့များသည် ကားလမ်းအတိုင်းချီတက်ခဲ့ကြလေသည်။ ကားလမ်းသည် အချို့နေရာ၌ ပြေပြစ်ညီညာသောအနေအထား ဖြစ်သည်။ အချို့နေရာ၌မူ ကုန်းအဆင်းအတက် ဖြစ်သည်။ အချို့နေရာ၌ကား တောင်ကြားလမ်းများ ဖြစ်သည်။ အချို့နေရာမှာမူ စမ်းချောင်းကူးတံတားများ, လျှိုမြောင်ချောက်ကမ်းပါး ကူးတံတားများ ဖြစ်လေသည်။

အလုပ်ကြမ်းနှင့် နဖူးတွေ့ဒူးတွေ့မတွေ့ရှိသေးဘဲ၊ တောတောင်စိမ့်စမ်းများကို ဖြတ်သန်းသွားလာနေရသော ခရီးလမ်းတစ်ခုဖြစ်သောကြောင့်လည်း အချို့အချို့သော ချွေးတပ်သားများသည် သီချင်းတကြော်ကြော် ဟစ်အော်သီဆိုလျက် ချီတက်နေကြလေသည်။ သို့ရာတွင် အချို့သောချွေးတပ်သားများမှာလည်း ပင်ပန်းနွမ်းနယ်စ ပြုနေကြလေသည်။ ဤသူများသည် ချွေးတပ်ထဲသို့ ပါရှိလာခဲ့သည်မှန်သော်လည်း အတော်အတန်မကျန်းမမာ ဖြစ်နေသူများ၊ သို့တည်းမဟုတ် ကျန်းမာရေးမကောင်းသူများဖြစ်ကြောင်း ကျွန်တော် သတိပြုလိုက်မိပါသည်။

ကျွန်တော့်တွင် ခပ်သေးသေးအိပ်ရာလိပ်တစ်ခုနှင့် လွယ်အိတ်တစ်လုံးအပြင်၊ သံဖြူဇရပ်ရောက်မှရရှိလာသော ဝါးဆစ်ရေဘူးတစ်လုံး ပါရှိလာပါသည်။ သို့ရာတွင် ရှည်လျားလှသောခရီးလမ်းကိုချီတက်နေရသည့်အခါ၊ ထိုပစ္စည်းကလေးမျှလောက်ကိုပင် မသယ်ပိုးနိုင်ဘဲဖြစ်နေရလေသည်။ ထိုအခါ ကရင်ကလေးသာဆင်သည် ကျွန်တော်၏ပစ္စည်းကလေးများကို အလိုက်သိတတ်စွာနှင့် ကူညီသယ်ပိုးပေးလေသည်။ သူ့တွင်မူ အဝတ်တစ်ထည် ကိုယ်တစ်ခုသာဖြစ်လေသည်။

ရှေ့ဆုံးမှ တပ်ကြပ်ကြီးဂျပန်စစ်သားသည် အလံ ခုကို လက်ကကိုင်ထားလေသည်။ တစ်ခုမှာ အနီရောင်ဖြစ်သည်။ တစ်ခုမှာ အဖြူရောင်ဖြစ်လေသည်။ သူသည် ချွေးတပ်သားများအား ရပ်တန့်စုဝေးစေလို လျှင် အလံနီကိုဝှေ့ယမ်းလျက် အချက်ပြလေသည်။ ဆက်လက်၍ချီတက်စေလိုလျှင် အဖြူရောင်အလံကို ဝှေ့ယမ်းပြလေသည်။ ကျွန်တော်တို့ချွေးတပ်အဖွဲ့ကို ပို့ဆောင်ရသော ဂျပန်စစ်သားများထဲ၌ သူသည် အကြီးအကဲတစ်ယောက် ဖြစ်လေသည်။

အချိန်မှာ မွန်းလွဲပိုင်းသို့ရောက်ရှိလာခဲ့လေသည်။ ကျွန်တော်တို့၏ခရီးမှာလည်း စမ်းချောင်းငယ်တစ်ခု၏ ဘေးသို့ရောက်ရှိလာခဲ့လေသည်။ မြင့်မားဝေဆာသောသစ်ပင်အုပ်ကြီးများကလည်း ထိုနေရာတစ်ဝိုက်ကို ဖြန့်ကျက်အုပ်မိုးလျက်ရှိလေသည်။

ထိုနေရာရောက်သည့်အခါ ရှေ့ဆုံးမှသွားနေသောတပ်ကြပ်ကြီးဂျပန်သည် သူ့လက်ရှိအလံနီကို ဝှေ့ယမ်းပြလေသည်။ ချွေးတပ်သားများနှင့် ဂျပန်စစ်သားများရှိရာသို့လည်း အော်ဟစ်အမိန့်ပေးလိုက်လေသည်။

"ဘိမဘာ။ ထိုင်ပါ ထိုင်ပါ"

ဂျပန်စစ်သားတစ်ယောက်က ခြေဟန်လက်ဟန်ပြုလျက် ကျွန်တော့်ကိုပြောလေသည်။

"ဟေး–နားကြဦးဟေ့"

ဘွန်ထိုက်ချီနှင့် ဟန်ချီများက တစ်ပြိုင်တည်းလို အော်ဟစ်လိုက်ကြလေသည်။

ကျွန်တော်တို့အားလုံးပင် မနက်စာထမင်းစားကြရန်အတွက် သစ်ပင်ရိပ်များအောက်သို့ လည်းကောင်း၊ စမ်းချောင်းနံဘေးသို့လည်းကောင်း၊ ကျောက်တုံးကြီးများပေါ်တွင် လည်းကောင်း အုပ်စုဖွဲ့လျက်နေရာယူထိုင်လိုက်

http://mmteashop.com



ကြလေသည်။ ဂျပန်စစ်သားများမှာလည်း စမ်းချောင်းတစ်နေရာတွင် သွားရောက်ထိုင်ကြလေသည်။

ဂျပန်စစ်သားများနှင့် ကျွန်တော်တို့ချေးတပ်အဖွဲ့သားများသည် အချိန် နာရီဝက်လောက်ကြာသည်အထိ၊ ထမင်းစားရင်း အနားယူကြရလေသည်။ ကျွန်တော်တို့ထွက်ခွာခဲ့ကြသည်မှာ မွန်းတိမ်းချိန်သို့ရောက်ရှိနေကြပြီ ဖြစ်သော်လည်း၊ တောတွင်းအလုပ်စခန်းတစ်ခုတလေကို သော်လည်းကောင်း၊ ချေးတပ်သားတစ်ယောက်တလေမျှကို သော်လည်းကောင်း မတွေ့ရသေးချေ။ ရှေ့ဆက်၍ အဘယ်မျှသွားရဦးမည်ဆိုသည်ကိုလည်း မှန်းဆခြင်းမပြုတတ်ကြပါချေ၊

ဤလိုနှင့် ဂျပန်တပ်ကြပ်ကြီးသည် သူ့လက်တွင်းမှ အလံဖြူကိုမြှောက်ကာ ဝှေ့ယမ်းပြလေသည်။ "အဘိမဘ၊ ထပါ၊ ထပါ"ဟူ၍လည်း အော်ဟစ်လိုက်လေသည်။

ဤလိုနှင့် ကျွန်တော်တို့သည် ရှေ့ခရီးကို ဆက်လက်ချီတက်ကြရပြန်လေသည်။

တဖြည်းဖြည်း တစ်စစနှင့် တောနက်သည်အထိ နက်လာခဲ့လေသည်။ ထိုနေရာသို့ရောက်သည့်အခါ၌မူ၊ ဝါးတောကြီးများကလည်း အလွန်တရာထူပြောလာလေသည်။ စမ်းချောင်းသည် အချို့နေရာတွင် ကွေ့ကောက်လျက်၊ အချို့နေရာတွင် ကျဉ်းမြောင်းလျက် အစဉ်ဖာရိုက်စီးဆင်းနေလေသည်။ စမ်းချောင်း၏ တစ်ဘက်ကမ်းမှာမူ သစ်ကြီးဝါးကြီးပင်များနှင့် တောအထပ်ထပ်တောင်အထပ်ထပ်ကာရံလျက် ရှိနေလေတော့သည်။

"တောက တဖြည်းဖြည်းနက်လာတယ် ကိုသက်ပန်။ ကျွန်တော်တို့ ဂျပန်စစ်သားတွေနှင့် ခပ်နီးနီးလိုက်မှ ဖြစ်မယ်"

ဟန်ချိုကိုချစ်တီးက ပြောလေသည်။

ကျွန်တော်တို့အတွဲတွင် ဘွန်ထိုက်ချိုကိုမောင်စိန်၊ ကိုကောင်းစိန်၊ ဟန်ချိုကိုချစ်တီး၊ ကိုအောင်သိန်း၊ သာဆင် အစရှိသူများပါဝင်ကြလေသည်။ လူတွဲ ဟုဆိုရသော်လည်း၊ ၄ယောက် ၁တွဲ မဟုတ်ကြပါချေ။ တောလမ်းခရီးသို့ သွားရောက်နေကြရခြင်းဖြစ်သောကြောင့်လည်း ဖြစ်သလို ပုံပျက်ပန်းပျက်ချီတက်နေကြရလေသည်။ ထိုအချိန်၌မူ ဂျပန်စစ်သားများကလည်း မည်သို့မျှ ကန့်ကွက်ပြောဆိုခြင်းမပြုကြတော့ပေ။ သူတို့ကိုယ်တိုင်ပင် ဖြစ်သလို ချီတက်နေကြရလေသည်။

"ဘယ်လိုကြောင့်တုံးဗျာ"

ဘွန်ထိုက်ချိုတစ်ယောက်က ကိုချစ်တီးကို မေးလေသည်။

"တောနက်တော့ တောကောင်တိရစ္ဆာန် ရန်မှုမှာကြောက်ရတာပေါ့။ ဂျပန်စစ်သားတွေကတော့ သေနတ်ပါနေတာပဲ"

ကိုချစ်တီးက သူ့ဆိုလိုချက်ကို ရှင်းပြလေသည်။

"ဟုတ်တယ်။ ဒါလောက်နက်တဲ့ တောကြီးတောင်ကြီးထဲမှာ ကျားလည်း ရှိမှာပဲ။ ခပ်စောစော စမ်းချောင်းနားရောက်စကဆိုရင် သမင်တွေ၊ တောဝက်တွေဖြတ်ပြေးတာ တွေ့လိုက်ရတယ်"

ကိုအောင်သိန်းက ပြောလေသည်။

"အဲဒါက အရေးမကြီးဘူးခင်ဗျ။ တကယ်တမ်းကြောက်ရမယ့်ကိစ္စက ငှက်ဖျားရောဂါတို့၊ အူရောင်ဖျားရောဂါတို့ပဲ"

ဘွန်ထိုက်ချိုကိုကောင်းစိန်က ပြောလေသည်။ ကိုကောင်းစိန်မှာ ကျွန်တော်တို့လူစုထဲတွင် အတော်ကလေး အစဉ်းစားအဆင်ခြင်ရှိသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်တို့သည် ခြေလှမ်းမှန်မှန်လှမ်းလျက်၊ အတွေးအတောကိုယ်စီနှင့်လျှောက်နေကြပြန်ပါသည်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ကိုကောင်းစိန်ပြောသလိုပင် ငှက်ဖျားရောဂါ၊ အူရောင်ဖျားရောဂါ စသောအကြောင်းများကို တွေးလိုက်မိလေသည်။

http://mmteashop.com



"တောတွင်းအလုပ်စခန်းတွေရောက်တော့လည်း ဆေးရုံတို့, ဆရာဝန် ဆရာမတို့ ရှိမှပေါ့ဗျာ။ ဂျပန်ဆရာဝန်တွေ ဂျပန်ဆရာမကလေးခပ်ချောချောတွေတောင် တွေ့ချင်တွေ့ရမှာ။ ဘာမှု စိတ်ပူမနေကြပါနှင့်ဗျာ"

ကိုမောင်စိန်က ပြောလေသည်။

ထင်မိထင်ရာ စွတ်ပြောလာကြခြင်းပင်ဖြစ်သော်လည်း၊ ကျွန်တော်တို့အားလုံးတွင် ကိုမောင်စိန်ပြောလိုက်သောစကားမှာ တွေးစရာအကြောင်းတွေ ဖြစ်လာလေသည်။ စိတ်ကူးယဉ်စရာအကြောင်းတွေလည်း ဖြစ်ပေါ်လာရလေသည်။

'နေနတ်နွယ်' အမည်ခံ နိပ္ပွန်လူမျိုးများ မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိလာသည့်အခါ၊ မြန်မာတစ်နိုင်ငံလုံးနှင့် မြန်မာတစ်မျိုးသားလုံး ဘိုးဘိုးအောင်တို့, စကြာမင်းတို့နှင့်တွေ့ရသလောက်နီးနီး စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်ကြရလိမ့်မည် ဟု ရေဒီယိုမှ ဝါဒဖြန့်ခဲ့လေသည်။ ပြီး တစဖန် မလွှဲမကင်းသာ၍ ဗုံးကြဲချရသဖြင့် မတော်တဆထိမှန်ပျက်ဆီးခြင်းခံကြရသော ဘုရားကျောင်းကန်များကိုလည်း မြေအုတ်တို့နေရာတွင် ရွှေအုတ်တို့နှင့် အစားထိုးတည်ဆောက်ပေးလိမ့်မည် ဟု ဝါဒဖြန့်ခဲ့လေသည်။

ထိုအခါ နိုင်ငံရေးအမြင်ကျယ်သော ကမ္ဘာ့ဗဟုသုတရှိကြသော မြန်မာအမျိုးသားလူနည်းစုတို့မှအပ၊ အသိပညာ ဗဟုသုတနည်းပါးကြသော မြန်မာလူမျိုးတိုင်းကပင် 'ရွှေဂျပန်, ငွေဂျပန်' ဟူ၍ အယုံကြီးယုံခဲ့သည်။ အားအကိုးကြီး အားကိုးခဲ့ကြလေသည်။

နောက်တစ်ကြောင်းမှာလည်း ဗြိတိသျှနယ်ချဲ့စနစ်အပေါ် စက်ဆုပ်မုန်းတီးနေသောအချိန်ကာလသည် ဖြစ်လေသောကြောင့် မြန်မာလူမျိုးအတော်များများပင် ဂျပန်တို့အပေါ် အထင်ကြီးခဲ့ကြခြင်းပင်ဖြစ်လေသည်။

ဒီလိုအယူအဆရှိသူများထဲတွင် ချွေးတပ်သားအချို့မှာလည်း အပါအဝင်ဖြစ်ကြလေသည်။ ကျွန်တော်အထက်ကဆိုခဲ့သည်အတိုင်းပင် ချွေးတပ်ထဲသို့ပါရှိလာကြသူများမှာလည်း အမျိုးမျိုးအစားစားကွဲပြားနေသောကြောင့်ပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့အထဲမှ ချွေးတပ်သား အချို့သည် တောတွင်းချွေးတပ်စခန်းများသို့ရောက်သည့်အခါ၌ ချွေးတပ်သားအလုပ်သမားများအတွက် ဆေးရုံ ဆောက်အဦများ, ဂျပန်အမျိုးသားဆရာဝန်ဆရာမကလေးများ စသည်တို့ကိုပင် စိတ်ကူးယဉ်ပြောနေကြခြင်း ဖြစ်ကြလေသည်။

ကျွန်တော်သည် ကိုမောင်စိန်က ထိုစကားကို ပြောလိုက်သည့်အခါ၊ သံဖြူဇရပ်ချွေးတပ်စခန်းမှ စကားပြန်ကလေးမောင်အေးချို၏ စကားများကို ပြန်လည်အမှတ်ရမိလေသည်။

တောတွင်းချွေးတပ်စခန်းများတွင် ဆေးဝါးရှားသည်။ ရောဂါဘယထူပြောသည် ဆိုသောစကားပင်ဖြစ်လေသည်။ လူငယ်စကားပြန်ကလေး မောင်အေးချို၏စကားမျ း အဘယ်ထိမှန်ကန်မည်ဆိုခြင်းကိုမူ တောတွင်းရောက်မှသိရမည် ဖြစ်လေသည်။

ဤလိုနှင့် ကျွန်တော်တို့ချွေးတပ်သားများသည် ရှေ့ခရီးကို ဆက်လက်ချီတက်နေရဆဲဖြစ်လေသည်။ အချိန်မှာလည်း ညနေ ၃ နာရီ ထိုးနေလေပြီ။ သို့ရာတွင် ကျွန်တော်တို့နေရမည့်အလုပ်စခန်းသို့ကား မရောက်သေးဘဲရှိလေသည်။

ချွေးတပ်သားအားလုံးပင် အတော် ခြေလှမ်းလေ လာကြပေသည်။ ဂျပန်စစ်သားများပင်လျှင် ခပ်စောစောကလောက် ခြေလှမ်းမသွက်တော့ချေ။ သူတို့လည်း ခပ်မှန်မှန်သာလျှောက်နေကြလေသည်။

ဤအချိန် ဤခရီးသို့ရောက်ရှိလာခဲ့သည့်အခါ၌မူ၊ ကျွန်တော်တို့သည် တောတွင်းချွေးတပ်စခန်း ၃–၄ စခန်းကို ဖြတ်ကျော်ခဲ့ရပြီး ဖြစ်လေသည်။ သို့ရာတွင် ချွေးတပ်စခန်းများမှာ ကားလမ်း၏အတွင်းဘက်ခပ်ကျကျတွင်ဖြစ်သောကြောင့်လည်း၊ ကျွန်တော်တို့သည် ထိုချွေးတပ်စခန်းများ၏အနေအထားကို အတိအကျအသေအချာ

http://mmteashop.com



မလေ့လာခဲ့ရပါချေ။ နောက်တစ်ဖန် ထိုစခန်းများရှိချေးတပ်သားများမှာ မီးရထားလမ်းဖောက်လုပ်သည့် နေရာများသို့ ရောက်ရှိနေကြချိန်ဖြစ်သောကြောင့်လည်း ချေးတပ်သားများကို မမြင်မတွေ့ရသေးဘဲ ရှိလေသည်။

ညနေပိုင်းအချိန်သို့ ရောက်ခဲ့ပြီဖြစ်သောကြောင့် ကောင်းကင်ပြင်တွင် မည်းမည်းချိပ်ချိပ် မိုးရိပ်မိုးသားများ အုံ့မှိုင်းလာခြင်းနှင့်အတူ လေပြင်းကလည်း တဝီဝီတိုက်ခတ်ခြင်း ပြုလာလေတော့သည်။

ညနေပိုင်းရောက်လျှင်မူ ဤအရပ်ဤဒေသ၌ ဤလိုရာသီမျိုးတွင် မိုးရွာသွန်းလိမ့်မည်မှာ မလွဲတမ်းလို ဖြစ်လေသည်။ ယခုလည်း မိုးသားမိုးရိပ်များ တစ်ခဲနက်ဆင်လာလေတော့သည်။

ထိုအခါ ခြေလှမ်းမှန်မှန်လျှောက်နေသောဂျပန်စစ်သားများသည် ချေးတပ်သားများကို အော်ဟစ်ပြောဆိုရင်း ခြေလှမ်းခပ်သွက်သွက် လှမ်းလာတော့သည်။ ဂျပန်တပ်ကြပ်ကြီးသည် ကျွန်တော်နှင့် ဘွန်ထိုက်ချီများ, ဟန်ချီများ ကိုလည်း 'မကြာမီ မိုးရွာလိမ့်မည်ဖြစ်ကြောင်း နှင့် ခြေလှမ်းခပ်သွက်သွက် ခပ်မြန်မြန်ချီတက်ကြရန်' လက်ဟန် ခြေဟန်ပြလျက်ပြောဆိုခြင်း ပြုလေသည်။

ဂျပန်စစ်သားများအနေဖြင့်မူ မိုးကာအင်္ကျီများ ကိုယ်စီကိုယ်ငပါရှိကြပါသည်။ ကျွန်တော်တို့ချေးတပ်သား များအားလုံးမှာ 'မိုးကာ' ဟူ၍လည်း မပါ၊ 'ထီး' ဟူ၍လည်း မပါကြရုံသာမက၊ အချို့မှာ တစ်ထည်စိုလို့ပင် တစ်ထည်လဲစရာ မရှိကြသူများသာ ဖြစ်ကြလေသည်။ အဝတ်အထည်အပိုအလျှံကလေးများပါရှိလာကြသောသူများမှာ လည်း၊ မိုးရွာချလိုက်သည်ဆိုပါက အားလုံးစို ဂုန်မည်သာ ဖြစ်လေသည်။

ထိုအတွင်းမှ လေသည် ခပ်စောစောက ထက် ပိုမိုပြင်းထန်လာလေသည်။ မကြာမီပင် လေပြင်းနှင့်အတူ မိုးကြီးသည်းထန်စွာ ရွာချလေတော့သည်။ ခပ်စောစောက သွေ့သွေ့ထပ်ထပ်လျှောက်နေရသောကားလမ်းမှာလည်း ချက်ချင်းပင် ရွှံ့တွေ့ရေတွေ ဖြစ်လာပါလေတော့သည်။

ကျွန်တော်တို့အားလုံးမှာလည်း ပြင်းထန်စွာရွာသွန်းတိုက်ခတ်နေသော မိုးထဲလေထဲ၌ပင် ရှေ့ခရီးကို ဆက်လက်၍ ချီတက်နေကြရလေသည်။ တနင်္သာရီတိုင်း၏ ရာသီဥတုမှာ မိုးရာသီကာလ၌ မိုးအားအလွန်ကောင်း သောဒေသ ဖြစ်သောကြောင့်လည်း မိုးရွာလိုက်သည်ဟုဆိုလျှင်ပင် လေပြင်းပါရောဖက်လျက် လုံးကြီးခဲကြီး ရွာသွန်းတတ်လေသည်။

ယခုလည်း မိုးမှာ ဤအတိုင်းပင်ရွာသွန်းခြင်း ဖြစ်လေသည်။ လေပြင်းနှင့်မိုးပြင်းသည် အငြိုးကြီးမားသည့် အလား ထောက်ထားညှာတာခြင်းကင်းမဲ့စွာနှင့် ဝ ရကြမ်းရွာချလေသည်။ လေပြင်း၏ဒဏ်ကြောင့်လည်း သစ်ကိုင်း သစ်ခက်များမှာ မကြာခဏကျိုးပဲ့ပြတ်တောက်လျက် ကားလမ်းပေါ်သို့ ကျရောက်လာလေသည်။ ကားလမ်း၏ ဝဲနှင့်ယာ တစ်ဘက်တစ်ချက်ရှိသစ်ပင်ဝါးပင်ကြီးများမှာလည်း ဘယ်ညာယိမ်းထိုးနေတော့သည်။ ဝါးပင်ကြီးများ သည် တစ်ပင်နှင့်တစ်ပင်ရိုက်ခတ်လျက် တဖျန်းဖျန်း အသံထွက်လေသည်။ လေပြင်း၏အသံမှာလည်း ထိတ်လန့် စရာကောင်းလောက်အောင် တဝိုးဝိုးအော်မြည်လာလေသည်။

မိုးဒဏ်လေဒဏ်ကြောင့် ချေးတပ်သားအားလုံးလိုလိုပင် မျက်စိမျက်နှာပျက်လျက် တညည်းညည်းတညူညူ ဖြစ်ကုန်ကြလေသည်။ ကျွန်တော်တို့အားလုံးပင် ရွှဲရွှဲစိုကုန်တော့သည်။ လေပြင်းက တဟူးဟူးတိုက်ခတ်နေခြင်းကြောင့် လည်း အားလုံးပင် ခိုက်ခိုက်တုန်လာပါလေသည်။ ပို၍ဆိုးရွားလှသည်မှာ တိုက်ခတ်သောလေသည် ကျွန်တော် တို့အား ရှေ့မှနေလျက် ပြင်းပြင်းထန်ထန်တိုက်ခတ်နေခြင်းဖြစ်လေရာ ရင်ဘတ်ကိုဆီးတွန်းပစ်သလို ဖြစ်နေပါ တော့သည်။ ပြီးလျှင် ကားလမ်းမှာလည်း ချက်ချင်းပင် ဗွက်ပေါက်ကုန်သောကြောင့် လျှောက်ရသည်မှာ ခြေကုတ်၍ မရအောင် ဖြစ်ရလေတော့သည်။

သို့ရာတွင် ချေးတပ်သား မည်သူတစ်ဦးတစ်ယောက်ကမျှ ခြေလှမ်းလေးလျက် နောက်တွန့်မနေဝံ့ကြပါချေ။ လေပြင်းမိုးပြင်းနှင့် တောကြီးမျက်မည်းအတွင်းဖြစ်နေသောကြောင့်လည်း လူအုပ်မကွဲစေရန် အများသူတကာနည်းတူ

http://mmteashop.com



ခြေလှမ်းကို အမီလှမ်းနေကြရလေသည်။ ထို့ကြောင့်လည်း အချို့သောချွေးတပ်သားခများများမှာ ရွှံ့ထဲရေထဲတွင် တဖုံးဖုံး တဗိုင်းဗိုင်းနှင့် မကြာခဏလဲရှာလေသည်။ ဤလိုလဲကျသွားလျှင်လည်း ကမန်းကတန်း လူးလဲထရလျက် အများသူငါကိုမီအောင် အားတင်းလျက်လျှောက်ရပြန်လေသည်။

ကျွန်တော်တို့အားလုံးပင် တစ်နာရီခန့်အချိန်ကြာသည်အထိ ကြီးမားသောဒုက္ခဆင်းရဲကိုခံကြရပြီးမှ မိုးရွာသွန်းမှုမှာ အတော်ကလေး ရပ်စဲသွားလေသည်။ သို့ရာတွင် လေမှာ တဟူးဟူးတိုက်ခတ်နေဆဲ ဖြစ်လေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့တစ်တွေ တစ်ဦးနှင့်တစ်ဦး စကားစမြည်ပြောသည့်အခါ၊ လူမမာအဖျားတက်သလို မေးရိုက်သံ, သွားချင်းထိသံများနှင့် တုန်တုန်ခိုက်ခိုက်ဖြစ်နေကြလေသည်။

"ဒုက္ခပါပဲ။ ခရီးလည်း ရောက်ခဲလိုက်တာကိုသက်ပန်ရယ်"

တစ်လမ်းလုံး မညည်းဘူးသောကိုကောင်းစိန်သည် အထက်သွားနှင့် အောက်သွား တဆတ်ဆတ်ရိုက်လျက် ညည်းတွားခြင်းပြုလေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း မိုးရေများနှင့် ရွှဲရွှဲစိုနေပါသည်။ သူဝတ်ထားသော ကုတ်အင်္ကျီကြီးကြောင့်လည်း ခပ်ပိန်ပိန်ဖြစ်သောသူ့ခန္ဓာကိုယ်သည် ဝန်လေးကို ထမ်းပိုးထားရသူတစ်ယောက်ကဲ့သို့ ဖြစ်နေရှာလေသည်။

ကျွန်တော်တွင်လည်း အအေးဒဏ်မှကာကွယ်ရန် လိုရမည်ရယူဆောင်လာသော ကုတ်အင်္ကျီတစ်ထည်ပါရှိလာပါသည်။ သို့ရာတွင် ကျွန်တော်၏ကုတ်အင်္ကျီမှာ သံဖြူဇရပ်မှ ထွက်ခွာလာစဉ်အခါကပင် အိပ်ရာလိပ်ထဲတွင်ခေါက်ထည့်ထားခဲ့သည်။ ယခုဆိုလျှင်မူ သာဆင်၏ပခုံးထက်မှအိပ်ရာလိပ်မှာလည်း ရွှဲရွှဲစိုနေလေပြီ။ မိုးရေတွေပင် တပေါက်ပေါက်တစက်စက်ကျနေတော့သည်။ အိပ်ရာလိပ်အတွင်းရှိ အင်္ကျီရော ပုဆိုးရော စောင်များပါ မိုးရေများနှင့် စိုရွှဲနေလိမ့်မည်ဟု ကျွန်တော်တွေးလိုက်မိလေသည်။

"ကျွန်တော်တို့ကိုယ်ပေါ်ကအဝတ်တွေချွတ်ပြီး ရေညှစ်ပစ်ကြရင်ကောင်းမယ်။ မိုးလည်း အတော်ကလေးစဲသွားပြီ။ ဒါမှ သွားရင်းလာရင်းလေသလပ်ပြီးခြောက်သွားမယ်"

ကျွန်တော်က ကိုကောင်းစိန်တို့ ဘွန်ထိုက်ချီများအားလုံးကို ပြောလိုက်ပါသည်။

"ဒီအတိုင်း ကိုယ်တုံးလုံးကြီးလားဗျာ"

ဟန်ချီကိုချစ်တီးက ရှက်သလိုပြောလေသည်။

"အိုဗျာ– အားလုံး ယောကျ်ားတွေချည်းပဲဟာ။ နောက်ပြီး တောကြီးထဲမှာ ရှက်စရာမရှိပါဘူး။ ဂျပန်စစ်သားတွေဆိုရင် လူမြင်ကွင်းမှာတောင် ဗလာကျင်းပြီး ရေချိုးသေးတာ"

ဘွန်ထိုက်ချီကိုမောင်စိန်က ပြောလေသည်။ သူသည် ပြောရင်းဆိုရင်းမှပင် သူ့ကိုယ်ပေါ်ရှိအဝတ်ပုဆိုးများကို ချွတ်လေသည်။

ထိုအခါ ဘွန်ထိုက်ချီနှင့် ဟန်ချီများအားလုံးပင် ရှေ့ဆက်မသွားကြသေးဘဲ၊ ကားလမ်းဘေး ဟိုနေရာသည်နေရာတွင် ဝင်ရောက်ခိုကပ်လျက်၊ သူတို့ကိုယ်ပေါ်မှအဝတ်များကိုချွတ်လျက် ရေများကိုညှစ်ပစ်ကြလေ သည်။

ကျွန်တော်မှာ အတွင်းခံဘောင်းဘီတိုနှင့်ဖြစ်သောကြောင့် ရှပ်အင်္ကျီနှင့် ပုဆိုးကို ခပ်လွယ်လွယ်ပင် ချွတ်လျက် ညှစ်ရလေသည်။ ပြီးမှ ပုဆိုးကိုပြန်ဝတ်လျက် ဘောင်းဘီတိုကိုချွတ်၍ ညှစ်ရလေသည်။ ဘွန်ထိုက်ချီအချို့နှင့် ဟန်ချီအချို့မှာလည်း ဘောင်းဘီတိုများပါရှိကြသဖြင့်၊ ကျွန်တော်လုပ်သည့်နည်းတူ လိုက်၍လုပ်ကြလေသည်။ ချွေးတပ်သားများသည် ကျွန်တော်တို့အပြုအမူကိုမြင်သည့်အခါ၊ သူတို့ကလည်း ကျွန်တော်တို့လိုပင် အဝတ်ချွတ်ကာ ရေများညှစ်ပစ်ကြလေသည်။

ဂျပန်စစ်သားများသည် ကျွန်တော်တို့ကို ခေတ္တရပ်လျက် စောင့်ဆိုင်းနေလေသည်။ ဂျပန်တပ်ကြပ်ကြီးကမူ စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း ကျွန်တော်တို့၏အပြုအမူကို ငေးကြည့်နေလေသည်။

http://mmteashop.com



ကျွန်တော်နှင့် သာဆင်သည် ကျွန်တော်တို့ကိုယ်ပေါ်မှအဝတ်ပုဆိုးများကို ရေညှစ်ကြပြီးနောက်၊ ကျွန်တော့် အိပ်ရာလိပ်နှင့် လွယ်အိတ်ထဲမှအဝတ်များ,စောင်များကိုလည်း ရေများညှစ်ထုတ်ပစ်ရလေသည်။ ကိုကောင်းစိန်နှင့် ဘွန်ထိုက်ချိုများသည် ကျွန်တော်နှင့် သာဆင်အား လာရောက်အကူအညီပေးလေသည်။ ကျွန်တော့်လွယ်အိတ်ထဲရှိ ဆေးလိပ်များနှင့် ဆေးထုပ်, ဆေးဘူးကလေးများမှာလည်း မိုးရေများရွှဲနေလေတော့သည်။

အချိန်မှာ ညနေစောင်း၍ မိုးချုပ်လုနီးပြီဖြစ်သောကြောင့်လည်း၊ ကျွန်တော်တို့သည် ခပ်လောလောခပ်သွက်သွက်လုပ်ကြကိုင်ကြရလေသည်။ ရေစိုသောအဝတ်ပုဆိုးစသည်များကိုမူ ကျွန်တော်တို့နေထိုင်ကြရမည့် အလုပ်စခန်းသို့ရောက်ပါမှ အခြေအနေကိုကြည့်လျက်၊ မီးကင်သင့်က ကင်ရတော့မှာပဲ ဟူ၍ စိတ်ထဲက တွေးလိုက်မိလေသည်။

ဂျပန်တပ်ကြပ်ကြီးသည် အလံဖြူကိုဝှေ့ယမ်းလျက် အော်ဟစ်လေသည်။ ဂျပန်စစ်သားများကလည်း "သွားတက၊ သွားတက။ ထပါ၊ ထပါ"ဟူ၍ မပီမသအော်ဟစ်လေတော့သည်။

ဒီတစ်ကြိမ် ရှေ့ခရီးသို့ချီတက်ကြသည့်အခါ၌မူ ချွေးတပ်သားအံတော်များများပင် အကျီများကို ပြန်မဝတ်တော့ကြတော့ပါချေ။ ကျိုးပဲ့၍ကျနေသောသစ်ကိုင်းများ, ဝါးကိုင်းဝါးခက်များကို လမ်းပေါ်မှလိုက်လံ ကောက်ယူကြပြီးနောက် အကျီများကိုစွပ်လျှိုကာမြှောက်ကိုင်လာကြလေသည်။ ထိုအခါ ကျွန်တော်တို့တစ်တွေမှာ အလံများကိုင်ဆောင်လျက် ချီတက်နေကြသလို ဖြစ်နေလေတော့သည်။

အချိန်မှာ ၃ နာရီကျော်ကျော် ၄ နာရီခန့်ရှိသေးသော်လည်း တောကြီးတောင်ကြီးများအတွင်း၌ ဖြစ်သောကြောင့် နေရောင်မှာ ကွယ်ပျောက်လျက်ရှိလေပြီ။ ဂျပန်တပ်ကြပ်ကြီးနှင့် ဂျပန်စစ်သားများမှာလည်း ခပ်စောစောတုန်းကလို ခြေလှမ်းမှန်မှန်နှင့် ခပ်လေးလေးခပ်အေးအေးမဟုတ်ကြတော့ပေ။ သူတို့သည် အော်ရင်းဟစ်ရင်း, လက်တွင်းရှိ ဝါးစိမ်းတုတ်များကိုဝှေ့မြှောက်ရင်းက ခပ်သွက်သွက်လျှောက်ကြရန် ချွေးတပ်သားများအား နွားမောင်းသလိုမောင်းနှင်ခြင်းပြုလေသည်။

ချွေးတပ်သားများမှာလည်း တစ်နေကုန်တစ်နေခန်းလျှောက်ခဲ့ကြရသူများဖြစ်သောကြောင့် တဖြည်းဖြည်းနှင့် ခြေလှမ်း လေးနေလေတော့သည်။ နောက်ပိုင်းတွင်ပြတ်ကျန်ရစ်နေသော ချွေးတပ်သားများကိုမူ ဂျပန်စစ်သားများက လိုက်လံလျက် ရိုက်နှက်ခြင်း, ဆဲရေးတိုင်းထွာခြင်းပြုနေပြန်လေသည်။ ထိုအခါ ချွေးတပ်သားများမှာလည်း ရှောင်ရင်းတိမ်းရင်းနှင့် တောင်ပြေးမြောက်ပြေးပြေးလွှားကြလေသည်။

ယခုအခါ မိုးသည် လုံးဝတိတ်သွားလေပြီ။ သို့ရာတွင် လေမှာမူ အတော်အတန်တိုက်ခတ်နေဆဲ ဖြစ်လေသည်။ လေတိုက်ခတ်ခြင်းအရှိန်ကြောင့်လည်း ချွေးတပ်သားများကိုင်မြှောက်ထားသော သစ်ကိုင်းသစ်ခက်များမှ အကျီများသည် တဖျပ်ဖျပ်လှုပ်ရှားနေလေသည်။

ကျွန်တော်သည် သွားရင်းလျှောက်ရင်းမှ ဂျပန်စစ်သားများကို သတိပြုကြည့်လိုက်မိပါသည်။ ဘောင်းဘီအောက်ပိုင်းမှစလျက် ဖိနပ်,ခြေအိတ်စသည်များတွင် ရွှံ့အလူးလူး ဗွက်အလူးလူးပေကျံလျက် ရှိလေသည်။ သူတို့၏ မိုးကာအကျီများမှာလည်း ကြီးမားသော လေဒဏ်မိုးဒဏ်ကို လုံလဲအောင် ကာကွယ်နိုင်ဟန်မတူ။ သူတို့ဘောင်းဘီ, အကျီများတွင် မိုးရေမိုးစက်များထိမှန်ထားလေသည်။

၅ နာရီခွဲလောက်တွင်မူ ရှေ့ဆုံးမှသွားနေသောတပ်ကြပ်ကြီးဂျပန်နှင့် စစ်သား ၃-၄ ယောက်သည် ခြေလှမ်းကို ရပ်တန့်လိုက်လေသည်။ တပ်ကြပ်ကြီးဂျပန်သည် ကျောက်တုံးကြီးတစ်တုံးပေါ်တွင်တက်ရပ်ပြီးနောက် အလံဖြူကို ဝှေ့မြှောက်လျက် ကျွန်တော်တို့အား အမြန်ဆုံးချီတက်ခဲ့ကြရန် အချက်ပြလေသည်။

"ရောက်ပြီဟေ့၊ ရောက်ပြီ။ ခပ်သုတ်သုတ်လာကြဟေ့"

http://mmteashop.com



ဘွန်ထိုက်ချိုနှင့် ဟန်ချိုများက အော်ဟစ်ခြင်းပြုကြလေသည်။ ချွေးတပ်သားများသည် တဝေးဝေးတဝါးဝါး အော်ဟစ်လျက် ထိုနေရာသို့ စုရုံးပြေးလွှားလာကြလေသည်။

တပ်ကြပ်ကြီးဂျပန်သည် ကျွန်တော်တို့အား ကားလမ်း၏ဝဲဘက်လမ်းချိုးအတိုင်း ချီတက်သွားကြရန် ညွှန်ပြလေသည်။ ဂျပန်စစ်သား ၃–၄ ယောက်သည် ခရှေ့ဆောင်ပြုလျက် ထိုလမ်းအတိုင်း ချီတက်သွားကြသည်။ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများသည် မိမိတို့ချွေးတပ်အဖွဲ့သားများကို စနစ်တကျပြန်လည်စုစည်းပြီးနောက် ဂျပန်များနောက်မှ လိုက်ပါသွားကြသည်။ ကျွန်တော်, တပ်ကြပ်ကြီးဂျပန်နှင့် ဂျပန်စစ်သား ၄–၅ ယောက်မှာမူ ထိုလမ်းကွေ့အချိုး၏ထိပ်မှရပ်ကာ ဆက်လက်ချီတက်လာနေသော နောက်ပိုင်းမှချွေးတပ်အဖွဲ့သားများကို စောင့်ဆိုင်းနေရလေသည်။

ကျွန်တော်သည် ဂျပန်စစ်သားများနှင့်အတူ နောက်ပိုင်းကျန်နေသောချွေးတပ်အဖွဲ့သားများကို ရပ်တန့်စောင့်ဆိုင်းနေရာမှ ပတ်ဝန်းကျင်တစ်ဝိုက်ကို သတိတားလျက်အကဲခတ်မိလေသည်။ ထိုအခါမှပင် သစ်သားပြားပေါ်၌ ဆေးနက်ဖြင့်ရေးသားစိုက်ထူထားသော ဆိုင်းဘုတ် ၃–၄ ခုကို တစ်ခုပြီးတစ်ခု သတိပြုလိုက်မိလေသည်။

**ဤနေရာတွင် ဒတ်ချ်စစ်သား ၆ ယောက် ထွက်ပြေးလွတ်မြောက်သွားသည်။ ဖမ်းဆီးမိအောင် သတင်းပေးနိုင်သူအား နိပ္ပန်တပ်မတော်မှ ဆုတော်ငွေအမြောက်အမြားချီးမြှင့်မည်။**

နောက်ဆိုင်းဘုတ်တစ်ခုမှာ–

**စမ်းချောင်းရေကို အစိမ်းအတိုင်း မသောက်ရ။ တွေ့ရှိခဲ့လျှင် အပြစ်ကြီးလေးစွာပေးခြင်း ခံကြရမည်။**

နောက်တစ်ခု။ ထိုနောက်တစ်ခုမှာ ဂျပန်စာများနှင့် ရေးသားထားခြင်း ဖြစ်လေသည်။ ဘာတွေရေးသားထားသည်ဟူ၍ မသိရပေ။ နောင်အခါမှ သိရသည်မှ 'ကျောက်တစ်လုံးစခန်း' ဟုရေးသားထားခြင်းဖြစ်ကြောင်း သိရလေသည်။

နောက်ဆိုင်းဘုတ်တစ်ခုမှာမူ စာ ဟူ၍လုံးဝမပါပေ။ တဲတန်းလျား ၄–၅ ခု၏ပုံသဏ္ဌာန်များကို ရေးဆွဲထားခြင်းပင် ဖြစ်လေသည်။ သဘောမှာ ချွေးတပ်စခန်းတစ်ခုရှိကြောင်း ရေးသားထားခြင်းပင် ဖြစ်ဟန်တူလေသည်။

ချွေးတပ်သားကလေးသာဆင်မှာ အများနှင့် ရောနှောလိုက်ပါသွားခြင်းမပြုဘဲ၊ ကျွန်တော့်အနီးတွင် ကျွန်တော်နှင့်အတူရပ်လျက် ကျန်ရစ်ခဲ့လေသည်။ ထိုသူငယ်ကလေးမှာ ညောင်တုန်းမှထွက်ခွာလာသည့်အချိန်မှစတင်လျက် ကျွန်တော့်အနီးတွင် တပူးကပ်ကပ်ဖြစ်နေပါသည်။ ကျွန်တော်သည် သာဆင်အား သံယောဇဉ်တွယ်သလိုဖြစ်နေလေတော့သည်။

ပတ်ဝန်းကျင်အားလုံးမှာ တောတောင်များ အထပ်ထပ်ဝန်းရံလျက်ရှိလေသည်။ အချို့သောနေရာ ခပ်လှမ်းလှမ်းရှိ တောအုပ်များအတွင်းဆီမှလည်း တောတောင်သတ္တဝါများ၏ အော်သံဟစ်သံများကို ကြားနေရလေသည်။ အခြေအနေအရပ်ရပ်ကို လေ့လာကြည့်ရှုရခြင်းအားဖြင့်လည်း ကျွန်တော်တို့သည် အတော်ပင်နက်ခေါင်သော တောကြီးတောင်ကြီးအတွင်းသို့ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်းကိုလည်း သဘောပေါက်လိုက်မိလေသည်။

ဤလိုနှင့် ချွေးတပ်အဖွဲ့သားများအားလုံး ရောက်ရှိပြီးဆုံးသည့်အခါကျမှပင် ဂျပန်တပ်ကြပ်ကြီးနှင့် ကျွန်တော်တို့ကျန်သူများမှာလည်း ထိုလမ်းချိုးကလေးအတိုင်း အတွင်းသို့ ဝင်ရောက်ခဲ့ကြရလေသည်။

http://mmteashop.com

## အံ့မခန်းရက်စက်မှုများ

ကျွန်တော်တို့ နောက်ချန်၍နေရစ်သူများသည် မကြာမီပင် ကျောက်တစ်လုံးစခန်းအတွင်းသို့ရောက်ရှိခဲ့လေသည်။ ဤနေရာ ဤစခန်းကို 'ကျောက်တစ်လုံးစခန်း' ဟူ၍ မည်သည့်အတွက် အမည်ပေးထားသည်ဆိုခြင်းကိုလည်း ချက်ချင်းလိုပင် ကျွန်တော်သည် သဘောပေါက်နားလည်လိုက်ပါသည်။

စခန်းဘေးတစ်နေရာတွင် အမြင့်ပေ ၁၀ လောက်ရှိ၍၊ ၄ ပင်အိမ်ကြီးတစ်လုံးလောက်ကြီးမားသော ကျောက်တုံးကြီးတစ်ခုကို တွေ့ရပါလေသည်။ ထိုကျောက်တုံးကြီးသည် ရေညှိများ အထပ်ထပ်တက်နေသဖြင့် ညိုမည်းမည်း ဖြစ်နေလေသည်။ စခန်းတစ်ခု ပုံး၏အကျယ်အဝန်းမှာလည်း အလွန်တရာကျယ်ဝန်းလှသည်။ ဂျပန်စစ်သား များနေထိုင်သော အိမ်ငယ်ကလေး များ, စစ်ရုံးပြုလုပ်ထားသောအဆောက်အဦများ, စားနပ်ရိက္ခာ ဂိုဒေါင်များနှင့် လက်နက်ပစ္စည်း (ချေးတပ်ဖော က်လုပ်ရာတွင်အသုံးပြုသောလက်နက်များ)ထားသော ဂိုဒေါင်စသည်များကိုမူ ဝင်းခတ်လျက် သီးသီးသန့်သန့် ကာရံထားလေသည်။

ကျောက်တစ်လုံးချေးတပ်စခန်းသည် အကော်အတန်ချိုင့်ဝှမ်းသော အနိမ့်ပိုင်းတစ်နေရာတွင် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။ သို့ရာတွင် ချေးတပ်သာ များနှင့် စစ်သုံ့ပန်းများနေထိုင်ရသည့် တဲတန်းလျားများကသာ အနိမ့်ပိုင်းတွင်ဖြစ်လျက်၊ ဂျပန်များနေထိုင်သော အိမ်ငယ်နှင့် အဆောက်အဦများမှာမူ ကျောက်တောင်ကုန်းများနှင့် အတော်အတန်မြင့်မားသည့်တောင်ကမူများပေါ်တွင် ဖြစ်လေသည်။

ဤအချက်ကိုကြည့်မိသည့်အခါ ဂျပန်များသ ည် အရပ်သားချေးတပ်သားများအပေါ်၌ သော်လည်းကောင်း, သုံ့ပန်းချေးတပ်သားများအပေါ်၌ သော်လည်းကော : စစ်မြေပြင်အနေအထားအရ အပေါ်စီး အထက်စီးယူထားကြောင်း သိနိုင်ပေသည်။

ထိုထက်ထူးခြားလျက် ကျောက်တောင်ကုန်း ကစ်ခုပေါ်တွင် ဂျပန်အိမ်ငယ်များ၏ပုံသဏ္ဍာန်အရဆောက်လုပ်ထားသော အိမ်ငယ်တစ်လုံးကို တွေ့ရသည်။ ထိုအိမ်ငယ်၏ရှေ့မျက်နှာစာတွင် အလံတိုင်ကြီးတစ်တိုင်ကို စိုက်ထူလျက် ကြီးမားသောနေတံဆိပ်အလံကြီးတစ်ခုက ို လွှင့်ထူထားသည်။ သေနတ်ကိုင်လျက်တာဝန်ကျနေသော ဂျပန်စစ်သားတစ်ယောက်မှာလည်း ထိုအိမ်ငယ်၏ မျ က်နှာစာအမိုးအောက်တွင် ဟိုမှသည်မှ လူးလာခေါက်ပြန် လျှောက်နေသည်။ ဂျပန်စစ်ရုံးဖြစ်သော ခပ်ရှည်ရှည်တန်းလျားသည် ထိုတောင်ကုန်းအမြင့်၏အောက်ခြေတွင် ဖြစ်လေသည်။ လက်နက်ရုံနှင့် စားနပ်ရိက္ခာဂိုဒေါင်မှာမူ စစ်ရုံး၏အရှေ့ဘက် တောစပ်တစ်နေရာတွင် ဖြစ်လေသည်။

ထို့ကြောင့်လည်း တောင်ကုန်းထက် အိမ်ငယ်က လေးပေါ်မှနေ၍ကြည့်လျှင်၊ အားလုံးသောအဆောက်အဦများကို ထင်ထင်ရှားရှားနှင့် အထက်စီးမြင်တွေ့နိုင်လေ သည်။ ထိုတောင်ကုန်းမြင့်ပေါ်ရှိအိမ်ငယ်သည် ကျောက်တစ်လုံးစခန်းတွင်အကြီးအကဲဖြစ်သော ဂျပန်စစ်ဗိုလ်၏ နေအိမ်ပင် ဖြစ်လေသည်။

ဂျပန်တပ်ကြပ်ကြီးနှင့် ကျွန်တော်တို့ ရောက်ရှိသွ ားသောအချိန်တွင်မူ ချေးတပ်သားအားလုံး ၄ ယောက် ၁ တွဲ တန်းစီလျက်ရှိနေပြီ။ အားလုံးပင် ကျောက်တစ်လုံး ကျောက်တုံးကြီးအနီးရှိ မြေကွက်လပ်တွင် တန်းစီရပ်နေ

http://mmteashop.com



ကြရခြင်း ဖြစ်သည်။ ဘွန်ထိုက်ချိနှင့် ဟန်ချိများသည် မိမိတို့သက်ဆိုင်ရာအဖွဲ့သားများ၏ တန်းထိပ်မှရပ်လျက် ရှိနေကြသည်။ သူတို့အားလုံးရှေ့မှ လိုက်လံပို့ဆောင်သောဂျပန်စစ်သားများ ရပ်ကြသည်။ သူတို့သည် တပ်ကြပ်ကြီးအလာကို စောင့်ဆိုင်းနေကြခြင်းပင် ဖြစ်လေသည်။

ကျွန်တော်သည် ကရင်ကလေးသာဆင်အား သူနှင့်သက်ဆိုင်ရာအဖွဲ့တွင် ဝင်ရောက်လျက် တန်းစီနိုင်းရလေသည်။ သူ့အဖွဲ့မှာ ဘွန်ထိုက်ချိုကိုမောင်စိန်နှင့် ဟန်ချိုကိုအောင်သိန်းအဖွဲ့ပင် ဖြစ်လေသည်။ သာဆင်ကိစ္စပြီးလျှင်၊ ကျွန်တော်ကိုယ်တိုင်မှာလည်း ဘွန်ထိုက်ချိုများ၏ထိပ်မှ ဝင်ရောက်၍ ရပ်လိုက်ရလေသည်။

မကြာမီ တပ်ကြပ်ကြီးဂျပန်သည် ကျွန်တော်တို့၏အနေအထားများကို ကြည့်ရှုပြီးနောက် ဂျပန်စစ်သား ၂ ယောက်နှင့်အတူ တောင်ကုန်းမြင့်ပေါ်ရှိ အိမ်ကလေးဆီသို့ ခပ်သုတ်သုတ်ထွက်ခွာသွားလေသည်။ 'ချွေးထပ်အဖွဲ့သားများ ကောင်းမွန်စွာရောက်ရှိလာပြီဖြစ်ကြောင်း' သက်ဆိုင်ရာအကြီးအကဲစစ်ဗိုလ်အား သွားရောက်လျက် သတင်းပေးပို့ရခြင်းပင် ဖြစ်လေသည်။

ထိုအတွင်း ဂျပန်စစ်သားအားလုံး၏ စူးစူးဝါးဝါးအော်ဟစ်လိုက်သံကြီးကို အထိတ်တလန့်ကြားလိုက်ရလေသည်။ ကျွန်တော်တို့အနီးရှိ ဂျပန်စစ်သားများရော, စခန်းတစ်ခုလုံးရှိစစ်သားများအားလုံးပါ ခြေစုံရပ်လျက် တစ်စုံတစ်ဦးအား အလေးပြုလိုက်ခြင်းပင်ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်စစ်သားများအလေးပြုရာ တောင်ကုန်းမြင့်အိမ်ငယ်လေးရှိရာသို့ လှမ်းကြည့်လိုက်မိသည်။

ဂျပန်စစ်ဗိုလ်တစ်ယောက် အိမ်ငယ်ကလေးအတွင်းမှ ထွက်လာပြီးနောက်၊ ထိုအိမ်ငယ်ကလေး၏ မျက်နှာစာတစ်နေရာတွင် ရပ်နေသည်ကို တွေ့ရလေသည်။ ခပ်စောစောက တောင်ကုန်းပေါ်သို့တက်သွားသော တပ်ကြပ်ကြီးနှင့်တကွ ရှိရှိသမျှဂျပန်များက ထိုစစ်ဗိုလ်အား အလေးပြုလိုက်ကြခြင်းပင်ဖြစ်လေသည်။

တပ်ကြပ်ကြီးသည် တစ်စုံတစ်ရာကိုအစီရင်ခံလျက် ရှိလေသည်။ စစ်ဗိုလ်ကိုယ်တိုင်မှာမူ ကျွန်တော်တို့ချွေးတပ်သားများရှိရာသို့ လှမ်းကြည့်နေလျက်၊ တပ်ကြပ်ကြီး၏အစီရင်ခံချက်ကို နားထောင်နေဟန်ရှိလေသည်။

တပ်ကြပ်ကြီးစကားဆုံးသွားသည့်အခါ၊ ဂျပန်စစ်ဗိုလ်သည် တစ်စုံတစ်ရာကို ပြန်လည်ပြောကြားလျက် အမိန့်ပေးနေလေသည်။ ဂျပန်တပ်ကြပ်ကြီးမှာ ခြေစုံရပ်လျက်, ရင်ကော့လျက် တဟိုက်တည်းဟိုက်နေရလေသည်။

မကြာမီ ဂျပန်စစ်ဗိုလ်သည် အိမ်ငယ်ကလေးအတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေသည်။ တပ်ကြပ်ကြီးနှင့် သူ့နောက်ပါ ဂျပန်စစ်သား ၂ ယောက်မှာလည်း ခြေလှမ်းခပ်သွက်သွက်လှမ်းလျက် တောင်ကုန်းအောက်သို့ ပြန်လည်ဆင်းသက်လာကြသည်။ သို့ရာတွင် သူတို့သည် ကျွန်တော်တို့ချွေးတပ်သားများရှိရာသို့ မလာကြသေးဘဲ၊ စစ်ရုံးအဆောက်အဦအတွင်းသို့ ဝင်ရောက်သွားကြပြန်လေသည်။ အတန်ငယ် အချိန်ကြာပြီးနောက်မှပင် တပ်ကြပ်ကြီးဂျပန်နှင့်အတူ၊ အခြားဂျပန်ဗိုလ် တစ်ယောက်နှင့် ဂျပန်စစ်သား ၁၀ ယောက်ခန့်, စကားပြန် တစ်ယောက်တို့ပါ ကျွန်တော်တို့ရှိရာသို့ ရောက်ရှိလာကြလေသည်။

အမှောင်ရိပ်များပင် တစစဝင်ရောက်လာပြီဖြစ်သည့်အတွက် ဂျပန်များသည် ဘွန်ထိုက်ချို, ဟန်ချိုများ၏ အကူအညီဖြင့် လျင်မြန်စွာ လူစစ်ဆေးခြင်းပြုလေသည်။ ပြီးလျှင် စကားပြန်မှတစ်ဆင့် ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့အား စကားပြောခြင်းပြုလေသည်။

ထိုစစ်ဗိုလ်မှာ လိုင်း ၃ လိုင်းနှင့်ဖြစ်လေသည်။ သူ့အမည်မှာ 'ကုမေကာ' ဖြစ်ကြောင်း နောင်အခါ၌ သိရလေသည်။ သူသည် ခပ်စောစောက တောင်ကုန်းမြင့်အိမ်ကလေးပေါ်ရှိ ဂျပန်စစ်ဗိုလ်၏လက်အောက် ဖြစ်လေသည်။

စကားပြန်ဖြစ်သူသည် ကျွန်တော်တို့ချွေးတပ်သားများ အလုပ်ကိုကြိုးစားလုပ်ကြရမည်ဖြစ်ကြောင်း။

http://mmteashop.com



ဘွန်ထိုက်ချို, ဟန်ချိုများကလည်း မိမိကိုယ်သားများအား အလုပ်ခွင်တွင် ကြိုးစားလုပ်ကြစေရန် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်ကြောင်း။ ချွေးတပ်သားများထွက်ပြေးခဲ့လျှင် ဘွန်ထိုက်ချို, ဟန်ချိုများ အပြစ်ပေးခံရမည်ဖြစ်ကြောင်း။ ချွေးတပ်သားများသည် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများ၏ပြောစကားကို နားထောင်ရမည်ဖြစ်ကြောင်း။ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများသည် ဝါဒဖြန့်ချိရေးမှူးနှင့် စခန်းမှူးများ၏အမိန့်ကို နာခံရမည်ဖြစ်ကြောင်း ပြောလေသည်။

တစ်ဖန် အလုပ်လုပ်သူအားလုံးအတွက် ၇ ရက် ၁ ပတ်လျှင် ၁ ကြိမ်ကျ လုပ်ခငွေများကို ရှင်းလင်းပေးမည်ဖြစ်ကြောင်း။ အလုပ်ပျက်ကွက်ခဲ့သူများကိုမူ လုပ်ခမပေးရုံမျှမက အစားအသောက်များပင် ပေးလိမ့်မည်မဟုတ်ကြောင်း။ အလုပ်ပျက်ကွက်မှုများလာပါက တောနက်ရာ ဆေးရုံတန်းလျားများတွင် ထားရှိခံရမည်ဖြစ်ကြောင်းမှစ၍ စိတ်မသက်သာစရာကောင်းလှသောစည်းကမ်းချက်များကို ပြောကြားခြင်းပြုပါသည်။

ပြီးလျှင် စကားပြန်သည် ဂျပန်စစ်ဗိုလ်ကုမေကာ၏အမိန့်ပေးချက်အရ ကျွန်တော်ရှိရာသို့ လျှောက်လာလေသည်။ စကားပြန်သည် လူငယ်တစ်ယောက် မဟုတ်ပေ။ အသက်အစိတ်ခန့် ကုလားဒိန် ဖြစ်လေသည်။ သူနှင့်ကျွန်တော်မှာ သက်တူရွယ်တူဖြစ်လေသည်။

"ခင်ဗျားတို့အတွက် တဲလိုင်းအမှတ် ၅ နှင့် ၆ မှာ နေရာရမယ်။ မာစတာက ပြောတယ်။ ခင်ဗျား ဒီလူတွေကို ဟိုဘက်တဲလိုင်းကြီးမှာရှိနေတဲ့ အင်္ဂလိပ်သုံ့ပန်းတွေနှင့် မဆက်ဆံပါစေနှင့်တဲ့။ အဲဒါကို ဘွန်ထိုက်ချိုတွေနှင့် ဟန်ချိုတွေကိုလည်း သတိပေးပါတဲ့"

စကားပြန် ကုလားဒိန်သည် ဂျပန်စစ်ဗိုလ်ကုမေကာ ညွှန်ကြားသည့်အတိုင်း ပြောလေသည်။ သူက စကားအပြတ်လိုက်တွင် ဂျပန်စစ်ဗိုလ်က တစ်စုံတစ်ရာ ထပ်မံလျှက်ပြောလိုက်သည်။ ပြီးလျှင် ဂျပန်စစ်ဗိုလ်ကုမေကာသည် ကျွန်တော့်မျက်နှာကို စူးရှသောမျက်လုံးအစုံဖြင့်စိုက်ကြည့်နေလေသည်။

"မာစတာပြောတာကို ခင်ဗျား နားလည်သလားတဲ့"

"ဟိုက် မာစတာ။ ကောင်းကောင်းနားလည်ပါတယ်"

ကုမေကာသည် ဦးခေါင်းတစ်ချက်ဆတ်လိုက်ပြီးနောက်၊ စကားပြန်ကုလားဒိန်အား ထပ်မံလျှက်ပြောပြန်လေသည်။ ပြီးလျှင် စကားပြန်ကပြောပြန်လေသည်။

"ချွေးတပ်သားတွေဟာ အင်္ဂလိပ်သုံ့ပန်းတွေနှင့် စကားပြောခြင်း၊ ဆေးလိပ်တို့, မုန့်တို့, ပိုက်ဆံတို့ ပေးခြင်းလည်း မလုပ်ရဘူးတဲ့။ တကယ်လို့ ချွေးတပ်သားတစ်ယောက်ယောက်က အဲဒီလိုလုပ်မယ်ဆိုရင် သူ့ဆီကို ချက်ချင်း ဖမ်းလာရမယ်တဲ့။ ဒီလိုမလုပ်ရင် ခင်ဗျားနှင့် ဘွန်ထိုက်ချို, ဟန်ချိုတွေအားလုံးကို ကြိုးတုပ်ပြီးအပြစ်ပေးမယ်တဲ့"

ကျွန်တော်သည် ဂျပန်စစ်ဗိုလ် ကုမေကာ နှင့် ကုလားဒိန်စကားပြန်တို့၏ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရလေသည်။ ဤသို့နှင့် နာရီဝက်ယောက်နီးနီးရှိသွားမှပင် ဂျပန်စစ်ဗိုလ် ကုမေကာသည် ဂျပန်စစ်သားများအား ကျွန်တော်တို့နေထိုင်ကြရမည့်တဲလိုင်း များရှိရာသို့ ပို့ဆောင်ခြင်းပြုစေပါသည်။

စကားပြန်ကုလားဒိန်သည် ကျွန်တော်တို့နှင့်အတူ ပါလာလေသည်။ သူသည် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများကို အသိမိတ်ဆွေဖွဲ့လျက်၊ သူ့အမည်မှာ လူ့ဖြစ်ကြောင်း၊ ဇာတိမှာ မော်လမြိုင်မှဖြစ်ကြောင်း၊ အစစအရာရာအားမငယ်ရန်နှင့်တကွ မကြာမီ ထမင်းချက်ရုံမှ ဘမင်းချက်ခေါင်းက ညစာထမင်းအတွက် လာရောက်အကြောင်းကြားလိမ့်မည်ဖြစ်ကြောင်း ပြောပါလေသည်။

အစဦးသော် ကျွန်တော်သည် ထိုစကားပြန်ကုလားဒိန်အပေါ်တွင် အတော်ကလေး ကျေးဇူးတင်မိလေသည်။ တောကြီးတောင်ကြီးထဲတွင် သိဟောင်းကျွမ်းဟောင်းမိတ်ဆွေကောင်းတစ်ယောက်ကဲ့သို့ အားပေးစကား ပြောကြားသောကြောင့်လည်း အတော်ပင်ယုံကြည်အားထားမိပါသည်။ ကျွန်တော်တို့အတွက် မသိနားမလည်သော ကိစ္စများ

http://mmteashop.com



ရှိပါက ပြောကြားပါမည့်အကြောင်း၊ အကူအညီပေးပါမည့်အကြောင်း ပြောရလေသည်။

"ခင်ဗျားက ဝါဒဖြန့်ချိရေးမှူးဆိုတော့ မနက်ဖြန်ကစပြီး ရာရှင်ရမယ်။ ခင်ဗျားအတွက် ရာရှင်ရဖို့ကိစ္စကို ကျွန်တော် ဆောင်ရွက်ပေးပါမယ်။ ရာရှင်ရတော့ ကိုယ်ဟာကိုယ် ချက်ပြုတ်စားပေါ့ဗျာ။ ဒါလည်း လွယ်ပါတယ်။ ချွေးတပ်သားထဲက တစ်ယောက်ယောက် ခင်ဗျားသဘောကျတဲ့လူကို တပည့်အဖြစ်နှင့်အချက်ခိုင်းပေါ့။ ဒါမှ မဟုတ်ရင်လည်း ထမင်းချက်ခေါင်းကို အချက်ခိုင်းပေါ့" ဟု သူက ပြောပါလေသည်။

"ကျွန်တော့်အတွက်က ဘာတွေရမှာလဲဗျ"

ကျွန်တော်က သူ့ကို ဆရာတင်လျက် မေးမြန်းခြင်းပြုရလေသည်။

"အစုံပေါ့ဗျာ။ ရိက္ခာဂိုဒေါင်မှာရှိတဲ့ပစ္စည်းဆိုရင် အကုန်လောက်နီးနီးရမှာပဲ။ ဆန်ရမယ်၊ ပဲရမယ်၊ သကြားရမယ်။ အာလူးတို့၊ ကြက်သွန်တို့ အစုံပေါ့ဗျာ။ အဲ–တစ်ခုတော့ရှိတယ်။ သူတို့ ဂျပန်တွေမစားတဲ့ ငံပြာရည်တို့၊ ငါးပိတို့၊ ငရုတ်သီးတို့တော့ ရမှာမဟုတ်ဘူး။ နောက်ပြီး ဆေးလိပ်သောက်တတ်ရင် ကူးဝါးစီးကရက်လည်း ရမယ်"

ကုလားဒိန်စကားပြန်သည် နောက်ထပ်လျက် စကားအနည်းငယ်ပြောပြီးနောက်၊ ကျွန်တော်နှင့် ဘွန်ထိုက်ချီ များထံတွင်ပါရှိလာသော ဆေးလိပ်များကို တစ်ဦးတစ်ဦးစီမှ ၂ လိပ်အစ–၃ လိပ်အစတောင်းယူပြီးနောက် တဲတန်း လျားအတွင်းမှ ထွက်ခွာသွားလေသည်။ ထိုအခါမှပင် ကျွန်တော်သည် ကုလားဒိန်လူလည်က ကျွန်တော်တို့ထံမှ ဆေးလိပ်များလိုချင်၍ အသိမိတ်ဆွေလာဖွဲ့ကြောင်း ရိပ်စားမိလေသည်။

အချိန်မှာ အမှောင်ထုများဖုံးလွှမ်းလာသောအချိန်ပင် ဖြစ်လေသည်။

ကျွန်တော်သည် ဘွန်ထိုက်ချီ၊ ဟန်ချီများနှင့်တိုင်ပင်လျက် တဲတန်းလျား ၂ လုံးအတွင်း ကျွန်တော့်လူများကို နေရာချထားပေးခြင်း ပြုရလေသည်။

ချွေးတပ်သားအားလုံးပင် ခရီးကလည်းပင်ပန်း၊ ညစာထမင်းကလည်း မစားရသေးသောကြောင့် အားအင် ကုန်ခန်းလျက် လေးလေးကွေးကွေးဖြစ်နေလေသည်။ ထို့ကြောင့်လည်း သူတို့အားလုံးကိုပင် ချော့မော့ဖျောင်းဖျ လျက် အကျိုးသင့်အကြောင်းသင့်ပြောဆိုခြင်း ပြုရလေသည်။

ထိုအခါ၌လည်း ကျွန်တော်တို့အဖွဲ့သားများမှာ သဘောပေါက်လက်ခံလျက် တစ်ယောက်တစ်လက်ဆိုသလို နေရာထိုင်ခင်းအတွက် စီမံလုပ်ကိုင်ကြလေသည်။

ကျွန်တော်တို့နေရသော တဲလိုင်း ၂ ခုစလုံးပင် တစ်ကြိမ်သောအခါက အခြားသောချွေးတပ်အဖွဲ့သားများ နေထိုင်သွားခဲ့ပြီးဖြစ်ကြောင်း လက်စလက်နကိုကြည့်ရှုမှုဖြင့် သိရှိရလေသည်။

ကျွန်တော်တို့လူစုသည် တဲတန်းလျားကြီးအတွင်း၌ ကညင်ဆီမီးချောင်းများကို သံပြုဇရပ်စခန်းတွင် ထွန်းညှိသည့်နည်းတူ ထွန်းညှိခြင်းပြုကြရလေသည်။ အချို့ချွေးတပ်သားများသည် ယခင်က လက်စလက်နဟောင်း ဖြစ်သော မီးဖိုကြီးများအတွင်းသို့ အသင့်တွေ့ရသောထင်းတုံး၊ သစ်တုံးများကိုထည့်လျက် မီးမွေးခြင်းပြုကြလေ သည်။

လူအင်အားကများပြားလှသောကြောင့်လည်း ဤသို့ တစ်ယောက်တစ်လက်နှင့် မနိုမကတ်လုပ်လိုက်သည့် အခါ တဲတန်းလျား ၂ ခုစလုံးပင် အမှောင်နှင့်မည်းမည်းဖြစ်နေရာမှ လင်းလင်းချင်းချင်းနှင့် ကြည့်ကောင်းရှုကောင်း ဖြစ်သွားပါတော့သည်။ မီးဖိုကြီးများမှ မီးအပူငွေ့ကြောင့်လည်း တဲကြီးများအတွင်း အတော်အတန်နွေးနွေးထွေးထွေး ဖြစ်သွားပါတော့သည်။ ခါးဝတ်ပုဆိုးများစိုထိုင်းထိုင်းဖြစ်နေသော ချွေးတပ်သားများသည် ပုဆိုးလုံကွင်းများကို ချွတ်ခွာလျက် မီးပုံကြီးများပတ်ပတ်လည်တွင် မီးကင်, မီးမြှိုက်ခြင်း ပြုကြလေသည်။

http://mmteashop.com



ကရင်အမျိုးသားကလေး သာဆင်နှင့် ဟန်ချိုကိုအောင်သိန်းတို့မှာ ထင်းကိုင်းခြောက်များကို မီးပုံထဲထည့်လျက် ကျွန်တော့်အိပ်ရာလိပ်ထဲမှ စောင်များ, ကုတ်အင်္ကျီ, ပုဆိုးများ, အိပ်ရာခင်း စသည်များကို မီးကင်လျက်ရှိနေကြလေသည်။

"ဝါဒမှူး–ဝါဒမှူး၊ ဘွန်ထိုက်ချို–ဘွန်ထိုက်ချို"

အပေါက်ဝမှာ အော်ဟစ်ဝင်လာသော လူ ၄–၅ ယောက်ကို တွေ့ရလေသည်။

"ဒီမှာချို့၊ ဒီမှာ"

မကြာမီ ထမင်းချက်ရုံမှူးသည် ကျွန်တော်ရှိရာမီးပုံအနီးသို့ ရောက်လာလေသည်။

ထိုသူနှင့် သူ့နောက်ပါတပည့်တပန်းများသည် ကိုယ်ပေါ်တွင်အင်္ကျီမပါဘဲ ပုဆိုးတိုတိုဝတ်ထားကြသည်။ သူတို့အားလုံး၏ကိုယ်ပေါ်တွင် ချွေးများရွှဲရွှဲစိုနေလေသည်။

"ဝါဒမှူး။ ထမင်းရပြီ။ ခင်ဗျားလူတွေထဲက လူ ၂ ကျိပ်လောက် ကျုပ်တို့နှင့်ထည့်ပေးလိုက်ပါ။ နောက်နေ့ နောက်ရက်တွေမှာ ထမင်းဘယ်လိုယူရမယ်ဆိုတာလည်း ပြောလိုက်မယ်"

ထမင်းချက်ရုံမှူးက ကျွန်တော့်ကို ပြောပါသည်။ သူသည် ကျွန်တော့်အား ခပ်တိုတိုခပ်လွယ်လွယ် အသုံးအနှုန်းဖြင့် 'ဝါဒမှူး'ဟူ၍ ခေါ်လေသည်။

ထမင်းချက်ရုံတာဝန်မှူးမှာ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် ဆံပင်ရှည်ရှောင်သမားတစ်ယောက်ဖြစ်လေသည်။ သူ့ကို ကြည့်ရသည်မှာ သဘောသကာယ ကောင်းမွန်ဟန်ရှိလေသည်။

"ကဲ–ကိုမောင်စိန်နှင့် ကိုချစ်တီး။ ဟိုဘက်တဲက ၁၀ ယောက်, ဒီဘက်တဲက ၁၀ ယောက် ခပ်တောင့်တောင့် လူရွေးခေါ်ကြဗျာ။ ပြီးတော့ ဟန်ချို ၂ ယောက်နှင့် ဘွန်ထိုက်ချို ၂ ယောက်လည်း ထည့်ပေးလိုက်တာပေါ့"

ကျွန်တော်က ထိုကဲ့သို့ပြောလိုက်သည့်အခါ၊ ကိုမောင်စိန်နှင့် ကိုချစ်တီးတို့သည် ချက်ချင်းပင် ချွေးတပ်သား လူ၂၀နှင့် ဘွန်ထိုက်ချို ၂ ယောက်, ဟန်ချို ၂ ယောက်တို့ကို စုစည်းခေါ်ဆောင်လာလေသည်။

"ကိုင်း–ပြီးပြီဗျ။ သွားကြဖို့ပဲ"

ကျွန်တော်က ထမင်းချက်တာဝန်မှူးကို ပြောလိုက်ပါသည်။ သို့ရာတွင် ထမင်းချက်ရုံတာဝန်မှူးနှင့် သူ့နောက်ပါလူများသည် ကျွန်တော်တို့ကို ပြူးတူးကြောင်တောင် ကြည့်နေပါလေသည်။

"ထမင်းဟင်းထည့်ဖို့ ဘာနှင့်ထည့်ကြမှာလဲ"

ထမင်းချက်ရုံမှူးက မေးလေသည်။ -

"ဘာဗျ။ ထမင်းဟင်းထည့်ဖို့။ ဟုတ်လား"

ကျွန်တော်ကလည်း သူ့စကားအတိုင်း ပြန်မေးရလေသည်။

"ဟုတ်တယ်လေ။ ထမင်းထည့်ဖို့ တောင်းကြီးကြီး ၂ လုံး–၃ လုံးလောက်ရယ်၊ ဟင်းထည့်ဖို့ ဝါးဆစ်ကျည်တောက် ခပ်ကြီးကြီး ၄–၅ လုံးရယ်၊ ဒါမှမဟုတ်ရင် သံပုံးကြီးကြီးတစ်လုံးလောက် ရယ်၊ အဲဒါပါမှ ဖြစ်ရမှာပေါ့။ နို့မဟုတ်ရင် ဘာနှင့်ထည့်ယူမလဲ။ လက်ခုပ်နှင့်ထည့်ယူမှာလား"

ထမင်းချက်ရုံတာဝန်မှူး၏စကားကြောင့် ကျွန်တော်တို့အားလုံး အံ့အားသင့်သွားပါသည်။ ကျွန်တော်တို့အဖွဲ့တွင် သူပြောသလို တောင်းတွေ,ပလုံးတွေ,ရေပုံးတွေ,အိုးခွက်တွေ မည်သည့်နည်းနှင့် ပါလေမည်နည်း။ တောတွင်း ချွေးတပ်စခန်းသို့သွားလျှင် ထိုပစ္စည်းများယူဆောင်သွားကြရမည်ဟု မည်သည့်ဂျပန်, မည်သည့်စခန်းမှူး စသူများကမှ ပြောလိုက်ခြင်း, ပေးလိုက်ခြင်းလည်း မရှိ။ ထိုအကြောင်း, ထိုအဖြစ်မျိုး ကြုံရလိမ့်မည်ဟူ၍လည်း ကျွန်တော်တို့က ကြိုတင်၍သိကြသူများလည်း မဟုတ်။

"ဒီလိုဆို ဘယ့်နှယ်လုပ်မလဲဗျ။ ကျွန်တော်တို့မှာ ဝါးဆစ်ဘူးဆိုလို့ ရေထည့်လာတဲ့ဘူးကလေးတွေလောက်ပဲ ပါလာတယ်"

http://mmteashop.com



ကျွန်တော်က ပြောရလေသည်။ ထမင်းဆာနေသော ချွေးတပ်သားများမှာလည်း တောက်တခေါက်ခေါက်နှင့် မကျေမနပ်ဖြစ်လျက် ရေရွတ်ကြလေသည်။

"နေပါဦး။ ခင်ဗျားတို့ ဘယ်စခန်းက လာခဲ့ကြတာလဲ"

ထမင်းချက်တာဝန်မှူးက မေးပြန်လေသည်။

"သံဖြူဇရပ်ကဗျ"

ကိုကောင်းစိန်က ပြောလေသည်။

"ဒါကြောင့်ကိုးဗျ။ ဒီပြင်ချွေးတပ်သားအဖွဲ့တွေဆိုရင် ထမင်းထည့်ဖို့ တောင်းတို့, ဟင်းထည့်ဖို့ ရေနံဆီပုံးတို့, ဝါးဆစ်ဘူး ကြီးကြီးမားမားတို့ အဆင်သင့်ပါလာကြတယ်။ အေးလေ-သူတို့တွေက အလုပ်စခန်း တစ်ခုက တစ်ခုကို ပြောင်းလာကြတာကိုး။ အဲတော့ ပါလာကြတာပေါ့။ ခင်ဗျားတို့ ဒီလိုလုပ်ဗျာ။ ဟိုဘက်တဲလိုင်း ချွေးတပ်သားတွေဆီက တောင်း ၂လုံး-၃လုံးလောက်နှင့် ဟင်းထည့်ဖို့ပုံး ငှားပေးလိုက်မယ်။ ကိစ္စပြီးတော့ ပြန်ပေးလိုက်ပေါ့"

ထမင်းချက်ရုံမှူးက ပြောပါသည်။ သူ့ကို ကျွန်တော်တို့ ကျေးဇူးတင်ရပါသည်။ သို့ရာတွင် ဤသို ဖြေရှင်းမှုမှာလည်း ယခုတစ်ညအတွက်သာ ဖြစ်လေသည်။ နောက်နေ့မနက်ဆိုလျှင် ခက်ချေဦးမည်။

"နောက်တစ်နေ့မနက်ဆိုရင် ခက်ဦးမယ်ဗျာ။ အဲဒီ တောင်းတို့, ပုံးတို့က ဘယ်မှာရနိုင်လဲဗျ။ ဂျပန်တွေဆီမှာ တောင်းရမှာလား"

ကျွန်တော်က မေးလိုက်ပါသည်။

"ဒီဂျပန်တွေကလား ပေးမှာဗျာ၊ ဝေးပါသေးရဲ့။ ဒီလိုလုပ်ရတယ်ဗျာ။ ခင်ဗျားတို့အဖွဲ့သားတွေ မနက်ဖြန်တော့ အလုပ်ထဲ ဆင်းရဦးမှာမဟုတ်ဘူး။ အဲဒီတော့ ဝါးသွားခုတ်ကြပေါ့ဗျာ။ ခင်ဗျားတို့အထဲမှာ တောင်း,ပလုံး ရက်တတ်တဲ့သူ ပါမှာပေါ့။ နောက်ပြီး ဟင်းထည့်ဖို့ကျတော့ ဝါးဆစ်ဘူးခပ်ကြီးကြီးလုပ်ထားပေါ့။ ရေနံဆီသံပုံးတို့ ဘာတို့တော့ မွန်ချွေးသည်လုညီးတွေလာတဲ့အခါမှာ ပိုက်ဆံစုပြီးဝယ်ကြပေါ့"

ဤသို့နှင့် မကြာမီပင် ထမင်းချက်ရုံမှူးသည် ကျွန်တော်တို့အဖွဲ့သားများကိုခေါ်ငင်ပြီးနောက် တဲတန်းလျားအတွင်းမှ ထွက်ခွာသွားလေသည်။

ထိုညက သူ၏ကျေးဇူးကြောင့်ပင် တစ်ဘက်တန်းလျားမှ တောင်း ၃ လုံးနှင့် ဟင်းထည့်ရန်ဝါးဆစ်ကျည်တောက်ကြီးများကို ရရှိလာလေသည်။ ကျွန်တော်တို့ ကုသိုလ်ကောင်းသည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် အချို့သောချွေးတပ်အဖွဲ့သားများမှာ တောင်းပလုံးများ, ဝါးဆစ်ဘူးများပင်မရှိကြ၍ ထမင်းကို ပုဆိုးလုံကွင်းနှင့်လည်းကောင်း၊ ဟင်းကိုမူ တောထဲတွင်အလေ့ကျပေါက်သော ဖက်ရွက်ကြီးများကိုခူးလျက် ကန်တော့လုပ်၍လည်းကောင်း ထည့်သိုစားကြရသည် ဟုဆိုပါသည်။ ဝါးတောကြီးများရှိနေသော်လည်း အချိန်မတော်သွားခုတ်၍မဖြစ်။ ကားလမ်းဘေးနှင့် ဖောက်လုပ်ဆဲရထားလမ်းတွင်ဖြစ်သော်လည်း အနည်းငယ်ကွာလှမ်းလေသည်။ ထိုအခါ တောကောင်တိရစ္ဆာန်များ၏ဘေးရန်ကိုလည်း ကြောက်ရွံ့ရသောကြောင့် ဖြစ်လေသည်။

နောက်တစ်နေ့တွင်မူ ထမင်းချက်ရုံမှူးပြောသည့်အတိုင်း ကျွန်တော်တို့ချွေးတပ်အဖွဲ့သားများသည် အလုပ်စခန်းသို့ မဝင်ရောက်ကြရသေးပေ။ အခြားသောတဲတန်းလျားများရှိ ချွေးတပ်သားများမှာမူ မိုးလင်းစပြုသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ထကြရသည်။ ပြီးလျှင် တန်းစီကြရသည်။ လူစစ်ဆေးခြင်း, ကွီနိုင်ဆေးပြားကလေးများ တစ်ယောက်တစ်ပြားကျ ဝေငှပေးခြင်းပြုပြီးနောက်၊ သက်ဆိုင်ရာအလုပ်ခွင်၏လက်နက်ပစ္စည်းများကို စတိုမှ စနစ်တကျထုတ်ယူကာ အလုပ်ခွင့်ရှိရာသို့ ထွက်ခွာသွားကြရလေသည်။ သူတို့သည် မိုးချုပ်လုနီးမှပင် နွမ်းရိပန်းလျှစွာနှင့် ပြန်ရောက်လာကြရှာလေသည်။

တောတွင်းချွေးတပ်စခန်း၏ ထမင်းဟင်းကိုမူ ယမန်ညကပင် ကျွန်တော်တို့တစ်တွေ မြည်းစမ်းကြည့်ကြရပြီး

http://mmteashop.com



ဖြစ်လေသည်။ ပျော့သည်ပျော့, မာသည်မာနှင့် တူးစော်နံနေသောထမင်း။ ပဲကြားနှင့်ပိန်းဥကို အခွံမနွှာဘဲ ဆားများ, နနွင်းမှုန့်များထည့်လျက် ရေနှင့်ပြုတ်ထားသော စိမ်းဆတ်ဆတ်ဟင်း။ ဆီဆို၍ အလျင်းမပါသလို ငရုတ်သီး, ကြက်သွန်, ငံပြာရည် ဟူ၍လည်း လုံးဝမပါသော ပဲရေပြုတ်ဟင်းသာ ဖြစ်လေသည်။

"အချိန်မတော်ကြီးမှ ကျွန်တော်တို့တစ်တွေရောက်လာလို့ ခုလို မနပ်တဲ့ထမင်းဟင်းဖြစ်ရတာနှင့် တူပါတယ်ဗျာ"ဟု ဘွန်ထိုက်ချိုကိုကောင်းစိန်က ပြောလေသည်။

"ဟုတ်မှာပေါ့ဗျာ။ လူကလည်း ၈၀၀-၁၀၀၀ စာလောက်အတွက် ချက်ရရှာတာ။ ထမင်းချက်ရုံမှူးကတော့ သဘောသကာယကောင်းရှာပါတယ်။ သူ့နာမည်က ကိုစံခ တဲ့ဗျ"

ကိုမောင်စိန်က ပြောလေသည်။

"အဲဒါထားပါတော့ဗျာ။ ဟင်းထဲမှာ ဆီလည်းမပါဘူး။ ငရုတ်သီးတို့, ကြက်သွန်တို့ဆိုတာလည်း မပါဘူး။ ပြီးတော့ ဒီတစ်မည်တည်းနှင့် စားရတာ။ ရှေ့ဆက်ပြီးတော့လည်း ဒီအတိုင်းစားသွားရမှာလား မသိဘူး"

တစ်ယောက်က ပြောပြန်ပါသည်။

ကျွန်တော်တို့အဖွဲ့သားများသည် ထိုနေ့နံနက်တွင် အိပ်ရာမှစောစီးစွာထပြီးနောက်၊ အလုပ်မဆင်းရကြောင်း သိရသည့်အခါ ထမင်းချက်ရုံမှူးထံတွင်သွားရောက်လျက် စားများငှားရမ်းရလေသည်။ သူ့ကိုလည်း ကျွန်တော်တို့ ထံတွင်ပါရှိလာသော ဆေးလိပ်ကလေးများကို ပေါင်းကောင်းသင်းကောင်းဖြစ်အောင် လက်ဆောင်ပေးရလေသည်။ ပြီးလျှင် ကျွန်တော်တို့အဖွဲ့သားများသည် လူစုခွဲလျက် ဝါးခုတ်သူက ခုတ်ရသည်။ ရေခပ်သူက ခပ်ရသည်။ ညရေးညမှုအတွက် ထင်းခုတ်သူက ခုတ်ကြရလေသည်။

"ခင်ဗျားတို့ ဟောဒီသံပုံးမျိုး ၃-၄ လုံးလောက်ဝယ်ထားပါ။ ဒါမှ ရေနွေးကျိုလို့ရမယ်။ တစ်လုံးကို ဂျပန်ငွေ ၁၀ လောက်ပေးရတယ်။ မွန်ဈေးသည်လည်းတွေလာရင် ပါလာတတ်တယ်။ စမ်းချောင်းထဲကရေကို မကျိုဘဲသောက်ရင်တော့ ခင်ဗျားတို့လူတွေ ငှက်ဖျားဖျားမှာ သေချာတယ်။ နောက်ပြီး ဘာတဲ့ဗျာ။ အူရောင်ဖျား ဆိုလား ဖြစ်မယ်။ ဒါမှမဟုတ် ဝမ်းရောဂါဖြစ်မယ်။ ဂျပန်ကတွေ့ရင်လည်း ပါးနားရိုက်မှာသေချာတယ်။ ကြိုးချည် ခံရမယ်ဆိုရင်တော့ အရှင်လတ်လတ်ငရဲရောက်တာပဲ မှတ်ပေတော့။ ဒီခွေးမသားတွေက သိပ်ရက်စက်တာဗျ။ ကေမကေဘာဆိုတဲ့ဂျပန်စစ်ဗိုလ်ဟာ ကျားထက်ကြောက်စရာကောင်းတယ်"

ထမင်းချက်တာဝန်မှူးက ပြောပြလေသည်။ ကိုစံခသည် ဂျပန်များပေါ်၌လည်း အလွန်တရာစိတ်နာနေဟန် တူပါသည်။ သို့ရာတွင် သူ မည်သို့တတ်နိုင်ပါမည်နည်း။ ထွက်လည်းမပြေးဝံ့, ခံလို့ကလည်းမချဝံ့။

"လောလောဆယ် ကျွန်တော်တို့အတွက် သံပုံး ၂ လုံးလောက် ဝယ်ချင်တယ်ဗျာ။ နို့မို့ရင် ရေသောက်ဖို့ ခက်မယ်။ ညကတောင် ထမင်းစားပြီး ရေမသောက်ကြရဘူး"

အမှန်ပင် ကျွန်တော်တို့အားလုံး မနေ့ညက ထမင်းစားပြီး ရေမသောက်ကြရပါ။ သံဖြူဇရပ်မှထွက်ခွာလာစဉ်က ကျွန်တော်တို့ယူဆောင်လာသောရေနွေးများမှာလည်း လမ်းခရီးအကြား၌ပင် ကုန်ခဲ့ကြပြီးဖြစ်လေသည်။

"တစ်လုံးတော့ ရမယ်။ ၁၀ ပဲ ပေးသွားပေါ့ဗျာ။ နောက်ပြီး ခင်ဗျားတို့ ဒီလိုလုပ်ဗျ။ ညနေဘက်ကျရင် တချို့ခွေးတပ်သားတွေကို ထမင်းချက်ရုံမှာ ရေနွေးလာအယူခိုင်းပေါ့။ ဝါးဆစ်ဘူးတွေထဲ ထည့်ထားကြရင် တစ်ညလုံး သောက်ဖို့ရမှာပဲ။ အလုပ်ဆင်းတဲ့ရက်ကျတော့လည်း ဒီလိုပဲယူသွားပေါ့ဗျာ။ တစ်ခုတော့ ရှိတယ်။ ကျွန်တော်တို့က လည်း ဒယ်အိုးအားနေတုန်းလောက်သာ ရေနွေးကျိုနိုင်တာ။ နောက်ကျရင် မရတော့ဘူး"

ထမင်းချက်ရုံသည် စမ်းချောင်းအနီးတွင် ဖြစ်လေသည်။ ရေမိုးကိစ္စအဆင်ပြေ၍ လွယ်လင့်တကူဖြစ်အောင် စမ်းချောင်းအနီး၌ တမင်ဆောက်လုပ်ထားခြင်းပင် ဖြစ်လေသည်။ ထမင်းချက်ရုံတွင် ထမင်းချက်အလုပ်သမားပေါင်း ၅၀ ခန့် ရှိလေသည်။ ရုံကြီး ၂ ရုံဆောက်ထားလေသည်။ အမိုးသာရှိ၍ အကာ အလျင်းမရှိပါပေ။

http://mmteashop.com



မီးဖိုခွင်များတွင် မီးဟုန်းဟုန်းတောက်နေလေသည်။ သံပုရာပိုင်းဒယ်အိုးကြီးများကို စွင်ပေါ်တွင်တည်ထား လျှက် ချက်ပြုတ်ကြရခြင်းပင် ဖြစ်လေသည်။ အလုပ်သမားအားလုံး အင်္ကျီမဝတ်နိုင်ကြချေ။ မိုးရာသီဖြစ်သော်လည်း တစ်ကိုယ်လုံး ချွေးပြန်နေကြလေသည်။

သူတို့သည် လူများစုအတွက် ချက်ပြုတ်ရသောကြောင့်လည်း ဆန်ကို ရေမဆေးနိုင်ကြ။ ရေနွေးပွက်ပွက် ဆူလာလျှင် အိတ်ထဲမှဆန်များကို ဝါးဆစ်ခွက်နှင့်ခပ်လျက် ဒယ်အိုးထဲသို့ထည့်လေသည်။

ဟင်းကျွေးဟင်းလျာဟုဆိုသော ပဲကြီး၊ပဲကြား၊ အာလူး၊ ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ စိမ်စားဥ စသည် များကိုလည်း အခွံသင်နေကြသည်မဟုတ်။ စမ်းချောင်းထဲဆင်းလျက် ရေနှင့် ဝတ်ကျေတန်းကျဆေးကြောကာ ခပ်စောစောကလိုပင် ပွက်ပွက်ဆူနေသောဒယ်အိုးထဲသို့ လောင်းသွန်ထည့်လေသည်။ ပြီးလျှင် ဆားအိတ်ထဲမှ ဆားကို ဝါးဆစ်ခွက်နှင့် ခပ်ထည့်သည်။ နနွင်းမှုန့် ထည့်သည်။ ဤထမင်းဟင်းလျာများကိုပင် နပ်သည်ဖြစ်စေ၊ မနပ်သည်ဖြစ်စေ ချွေးတပ်သားများ စားသောက်ရရှာလေသည်။

သည်လို ညံ့ဖျင်းဆိုးရွားလှသော ထမင်းဟင်းများသည် ချွေးတပ်သားများအား အသို့လျှင် အင်အား ဖြစ်စေပါမည်နည်း။ နေ့စဉ်နှင့်အမျှ ကုန်ခမ်းဆုတ်ယုတ်သွားရှာသော ချွေးတပ်သားခများများ၏အသွေးအသားတို့ကို အသို့လျှင် ပြန်လည်ကာဖြည့်တင်းနိုင်လေမည်နည်း။ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရ၊ ဆေးကောင်း ဝါးကောင်းဟူ၍လည်း လုံးဝမှီဝဲခြင်း မရှိရရှာသော အလုပ်ကြမ်းသမားချွေးတပ်သားများအဖို့ အသို့လျှင် အလုပ်ကို ကြိုးစား၍ လုပ်ကိုင်နိုင်စွမ်းရှိကြပါမည်နည်း။

သေနတ်ကိုင်ထားသောဂျပန်များအား ချွေးတပ်အလုပ်သမားများသည် ကာယကံမြောက်မတော်လှန်နိုင် ကြသော်လည်း၊ ဝစီကံ၊ မနောကံအားဖြင့်မူ နေ့စဉ်နေ့တိုင်း ကျိန်ဆဲရေရွတ်နေကြသည်သာဖြစ်လေသည်။

ကျွန်တော်သည် ထမင်းချက်ရုံတွင် ကိုစံခနှင့် စကားပြောရင်း ကိုစံခနှင့် သူ၏လူများ လုပ်ပုံကိုင်ပုံကိုလည်း သတိပြုကြည့်နေမိပါသည်။ သူတို့သည် သံပုရာပိုင်းဒယ်ကြီးများထဲမှ ထမင်းများကို အမှန်းအဆနှင့် ရေခမ်း ချက်ခြင်းသာ ဖြစ်လေသည်။ ရေခမ်းသွားသည်ဆိုလျှင်ပင် မီးပေါ်တွင် အတန်ကြာတင်ထားပြီးနောက်၊ ယောက်မ ကြီးနှင့်ကော်လျက် ယိုင်ပတ်ကြီးထဲသို့ ထည့်ကြလေသည်။ ထမင်းများကုန်သွားသည့်အခါ ဒယ်အိုးတွင် ချီးများ ကပ်ကျန်နေလေသည်။ ထိုချီးများကိုမူ ယောက်မနှင့်ထိုးခွာလျက် တောင်းကြီးများတွင်ထည့်ပြီးနောက်၊ စမ်းချောင်းအတွင်းသို့သွန်ပစ်ခြင်း ပြုလေသည်။ ထိုကဲ့သို့သွန်ပစ်သော ချီးများမှာ နီနီရဲရဲနှင့် စားချင်စဖွယ် ရှိလှလေသည်။

"နမြောစရာဗျာ။ အဲဒီချီးတွေ သွန်ပစ်မယ့်အစား ချွေးတပ်သားတွေကို မနက်စောစောအလုပ်ဆင်းခါနီး ဆားလေးဖြူးပြီးကျွေးလိုက်ရင် အတော်ကောင်းမှာပဲခင်ဗျ"

ကျွန်တော်က နှုတ်အငြိမ်မနေနိုင်ဘဲ ပြောလိုက်မိလေသည်။

"အမယ်လေး-အမယ်လေး-မလုပ်ပါနှင့်ဗျာ။ ဒီချီးအကြောင်း ခင်ဗျားက မသိသေးဘဲကိုး။ ဂျပန်တွေက 'ချီးမစားရဘူး'လို့ ပညတ်ထားတယ်။ 'ချီးကို စမ်းချောင်းထဲ သွန်ပစ်ရမယ်'လို့ အမိန့်ထုတ်ထားတယ်။ အဲဒါတောင် ချွေးတပ်သားတွေဟာ ဝတ်လွှန်းပြတ်လွန်းတော့ တိတ်တိတ်ခိုးစားကြတယ်။ အဲ-ဂျပန်နှင့်လည်း ပက်ပင်းမိပါရော။ ပါးစပ်ထဲကထမင်းချီး ပြန်ထွက်ရုံတင် မဟုတ်ဘူး။ သွေးအန်အောင် ရိုက်တော့တာပဲ။ ဒင်းတို့လည်း တစ်နေ့တော့ သွေးအန်သေရမယ့်အကောင်တွေ"

ကိုစံခသည် မကျေမချမ်းရေရွတ်ရင်း ချီးစားမိသောချွေးတပ်သားတို့၏ရာဇဝင်ကို ဆက်လက်၍ ပြောပြန် ပါသည်။

"တစ်ခါတုန်းကပေါ့။ ချွေးတပ်သားလေးတစ်ယောက်က ဆာလွန်းလို့ပေါ့ဗျာ။ ကျွန်တော့်ဆီမှာ 'ထမင်း

http://mmteashop.com



ချိုးလေးနည်းနည်းရောင်းပါ'လို့ လာဝယ်တယ်ဗျ။ အဲဒါနှင့် ကျွန်တော်ကလည်းသနားပြီး ရောင်းတော့မရောင်းပါဘူး။ သူ့ကို ထမင်းချိုးနည်းနည်းပါးပါး ပေးလိုက်ပါတယ်။ ဂျပန်တွေမမြင်အောင်စားဖို့လည်း ပြောလိုက်တယ်။ ဒါပေမယ့်ဗျာ။ သူ့ခမျာ ကုသိုလ်ဆိုးချင်ရှာတော့ ဂျပန်စစ်ဗိုလ် ကုမာကာနှင့် ပက်ပင်းသွားတိုးပြီး ကြိုးတုပ်ခံရတော့တာပါပဲ"

"ကြိုးတုပ်ခံရတဲ့သဘောကို ပြောစမ်းပါဦးဗျ"

ကျွန်တော်က မေးမြန်းခြင်းပြုလိုက်ပါသည်။

"ချွေးတပ်သားတစ်ယောက်ကို အပြစ်ရှိလို့ ကြိုးနှင့်တုပ်ထားတဲ့သဘောကို ခင်ဗျား မသိသေးဘဲကိုး။ အေးလေ–ခင်ဗျားက မနေ့ကမှရောက်လာတဲ့လူသစ်ဆိုတော့ ဘယ်မှာ တွေ့ဖူးမြင်ဖူးဦးမှာလဲဗျာ။ ချွေးတပ်သားတစ်ယောက်ကို ကြိုးတုပ်ကြိုးချည်ပြီးအပြစ်ပေးတယ်ဆိုတဲ့ကိစ္စဟာ သိပ်သက်သာလှတဲ့အပြစ်မျိုး မဟုတ်ဘူးခင်ဗျ။ ခပ်စောစောက ကျွန်တော်ပြောသလိုပေါ့။ ငရဲပြည်ကို အရှင်လတ်လတ်ရောက်တဲ့သဘောဗျ။ နောင်တော့ ခင်ဗျားတွေ့ကောင်းတွေ့ပါလိမ့်မယ်။ ခပ်တိုတိုပြောရရင်တော့ တချို့များ ကြိုးလည်းဖြည်ပေးလိုက်ရော ၃–၄ ရက်သာခံပြီး သေတော့တာပဲခင်ဗျ"

"ကျွတ်–ကျွတ်–ဒါလောက်တောင်ပဲလား"

ကိုစံခ စကားကြောင့် ကျွန်တော် ကြက်သီးမွေးညင်းထလိုက်မိလေသည်။

"အင်း– ခင်ဗျားတို့က လူစိမ်းတွေပဲ။ တောတွင်းကို ခုမှရောက်စရှိသေးတာ ဘယ်မှာ ပြောလို့ယုံပါ့မလဲ။ ဒါပေမယ့် သိပ်မကြာပါဘူးဗျာ။ ဂျပန်တွေအကြောင်းနှင့် တောတွင်းချွေးတပ်စခန်းတွေအကြောင်း ခင်ဗျားတို့လူတွေ သိရမှာပေါ့"

"ခုလည်း သိတန်သလောက်တော့ သိရပါပြီဗျာ။ ဒါထက် နေပါဦး။ ချွေးတပ်သားတွေ ချိုးစားတာကို ဂျပန်က ဘာဖြစ်လို့ ခုလောက်ပညတ်ရတာလဲဗျ"

"ရောဂါဖြစ်မှာစိုးတဲ့အတွက်လို့ ပြောတာပဲဗျ။ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့ မြန်မာလူကြီးသူမတွေ ပြောသလို အပျင်းထူမှာစိုးလို့ပဲလားတော့ မပြောတတ်ပါဘူးဗျာ"

ကိုစံခက သူ့စကား သူ သဘောကျသည့်အလား ပြောရင်းက ရယ်မောခြင်းပြုလေသည်။

"ခင်ဗျား ဒီစခန်းက အကြီးဆုံးစစ်ဗိုလ်နှင့် တွေ့ရပြီးပြီလား"

ကိုစံခသည် ရယ်မောခြင်းကိုရပ်လျက်၊ ကျွန်တော့်ကို လှမ်းမေးပါသည်။ ကျွန်တော်တို့ ၂ ယောက်တွင် ကျွန်တော်က မီးဖိုများနှင့် ခပ်လှမ်းလှမ်းရှိကွပ်ပျစ်ပေါ်တွင် ဖြစ်သည်။ ကိုစံခမှာ ခါးတောင်းကိုမြှောင်အောင် ကျိုက်လျက်၊ အကျႌမဝတ်နိုင်ရှာဘဲ မီးဖိုကြီးများအနီးတွင် ဖြစ်ပါသည်။ သူ့လူများသည် ကိုယ်စီကိုယ်င အလုပ်များနေကြပါသည်။

အချို့မှာ မီးဖိုများအတွင်းသို့ ထင်းများ ထိုးပေးနေကြသည်။ အချို့မှာလည်း ခွင်ထက်မှ ရေခမ်းလုလုဖြစ်သော ထမင်းများကို အထက်,အောက် မွှေလျက်ရှိသည်။ အချို့ကလည်း ထင်းတုံးကြီးများကို အနေတော်အလောတော် ဖြစ်အောင် ဖြတ်တောက်ခွဲစိတ်ခြင်းပြုကြသည်။ အချို့ကလည်း ပဲကြီးအိတ်ပိုင်းများ, ပိန်းဥတောင်းများကို စမ်းချောင်းအတွင်းမှထမ်းပိုးကာ တက်လာကြလေသည်။

"မတွေ့ရသေးဘူးဗျ။ ခင်ဗျား ခပ်စောစောကပြောတဲ့ ကုမေကာဆိုတာ အကြီးဆုံးမဟုတ်လား"

ကျွန်တော်သည် ထမင်းချက်ရုံ ၂ ရုံရှိ အလုပ်သမားများ၏လှုပ်ရှားမှုပေါင်းစုံကို ငေးကြည့်နေရင်းမှ ကိုစံခအား ပြန်၍မေးလိုက်ပါသည်။

"ကုမေကာ မဟုတ်ပါဘူး။ 'ကိတကွိမ' လို့ ခေါ်တယ်။ သဘောမဆိုးလှပါဘူး။ ကုမေကာက သူ့လက်အောက်

http://mmteashop.com



ပေါ့။ ကြောက်စရာအင်မတန်ကောင်းတဲ့ ဂျပန်တစ်ယောက်ပေါ့ဗျာ။ ကီတာဂျိမဟာ မြန်မာစကားလည်း အတော်ကလေးတတ်တယ်။ မြန်မာစာလည်း နည်းနည်းပါးပါးတတ်တယ်။ ဒါပေမယ့် ကျွန်တော် တစ်ခုပြောထားမယ်နော်။ သူတို့ဂျပန်စစ်ဗိုလ်တွေဟာ မြန်မာစကားတတ်ပေမယ့်၊ မတတ်ချင်ယောင် ဆောင်နေတတ်တယ်။ နောက်တော့မှ ပြောတော့တာပဲ"

ကျွန်တော်နှင့် ကိုစံခတို့ စကားပြောနေခိုက်၊ ယမန်နေ့ညကတွေ့ရသော စကားပြန်ကိုလုဖေသည် ကျွန်တော်တို့ရှိရာထမင်းချက်ရုံသို့ ခပ်သုတ်သုတ်လျှောက်လာနေသည်။

"ကိုယ့်လူ– ခင်ဗျားကို မာစတာ ခေါ်နေတယ်။ ခပ်မြန်မြန်လာဗျို့"

ကျွန်တော်သည် ထိုင်ရာမှ ထလိုက်ပါသည်။

"ဘယ် မာစတာလဲဗျ"ဟူ၍လည်း ကျွန်တော်က မေးလိုက်ပါသည်။

"မာစတာ ကီတာဂျိမက ဒီစခန်းမှာ အကြီးဆုံးပေါ့"

ကျွန်တော့်ရင်ထဲတွင် အတော်ကလေး အေးချမ်းသွားပါသည်။ ကုမေကာ ဆိုသောဂျပန်စစ်ဗိုလ်နှင့် တွေ့ဆုံရမည်ကိုမူ အလိုလိုနေရင်း ကျွန်တော့်တွင် ရင်ခုန်နေမိပါသည်။ ပြီးလျှင် ဘာကြောင့်မှန်းမသိ ကျွန်တော်သည် ကုမေကာကို ရှုံမုန်းနေမိလေသည်။

ကျွန်တော်သည် ကိုစံခကိုပင် နှုတ်ဆက်ခြင်းမပြုနိုင်ဘဲ၊ စကားပြန်ကိုလုဖေနှင့်အတူ စစ်ရုံးအဆောက်အဦရှိရာသို့ လိုက်ပါခြင်းပြုခဲ့ပါသည်။

ကျွန်တော်သည် ကီတာဂျိမကို မြင်ရုံမျှဖြင့် 'အတော်အတန်စိတ်နှလုံးကောင်းရှိသော ဂျပန်စစ်ဗိုလ်ကောင်းတစ်ယောက် ဖြစ်လိမ့်မည်' ဟူ၍ကား အကဲခတ်ခြင်းပြုလိုက်မိလေသည်။

ကျွန်တော်နှင့် စကားပြန်ကိုလုဖေတို့ ရောက်ရှိသွားသောအချိန်တွင် ဂျပန်စစ်ဗိုလ် ကီတာဂျိမသည် စားပွဲတစ်လုံးတွင် ထိုင်လျက်ရှိလေသည်။ သူ့ရှေ့ရှိစားပွဲပေါ်တွင်မူ မြေပုံလိပ်ကြီးများနှင့် စာအုပ်စာတမ်းများကို တွေ့ရသည်။ ကုမကောကို မတွေ့ရသော်လည်း၊ လိုင်း ၂ လိုင်းအဆင့်ရှိသော ဂျပန်စစ်ဗိုလ်တစ်ယောက်နှင့် အခြားလိုင်း ၃ လိုင်းရှိသောဂျပန်စစ်ဗိုလ်တစ်ယောက်တို့ကို တွေ့ရသည်။ ထိုစစ်ဗိုလ် ၂ ယောက်အနက် တစ်ယောက်မှာ တယ်လီဖုန်းစကားပြောလျက် ရှိလေသည်။ အခြားတစ်ယောက်မှာ ကီတာဂျိမစားပွဲနှင့် မျက်နှာချင်းဆိုင်ရှိ စားပွဲတစ်လုံးပေါ်တွင် တစ်စုံတစ်ရာကို ရေးသားလျက်ရှိလေသည်။

ကျွန်တော်တို့ ၂ ယောက်စလုံးသည် စားပွဲရှေ့တွင် ရပ်လျက်၊ ကီတာဂျိမအား အလေးပြုလိုက်ကြပါသည်။

ဂျပန်စစ်ဗိုလ် ကီတာဂျိမသည် ကျွန်တော့်အား အတန်ကြာစူးစိုက်ကြည့်လျက် အကဲခတ်လေသည်။

ကီတာဂျိမသည် ဂျပန်တစ်ယောက်ပီသစွာ အသားဖြူလေသည်။ သို့ရာတွင် သူ့အသားရောင်မှာ အခြားအခြားသောဂျပန်များနှင့် ကွဲလွဲလေသည်။ အဖြူရောင်တွင် ပန်းရောင်ရောစွက်ထားသည့်အနေအထား ဖြစ်သည်။ မျက်နှာဝိုင်းသည်။ နှာခေါင်းမှာလည်း သိပ်မပြားလှ။ အတန်အသင့် ပေါ်လွင်သည်။ အထူးခြားဆုံးမှာ တောက်ပသောမျက်လုံးနှင့် ပါးလျားပိပြား၍ စေ့သောနှုတ်ခမ်းပင် ဖြစ်လေသည်။

စကားပြန်ကိုလုဖေသည် ခါးကိုညွတ်လျက် တစ်စုံတစ်ရာသောအကြောင်းကို ဂျပန်ဘာသာဖြင့်ပြောဆိုလေသည်။

"ဘိမောနာမည် ဘယ်လိုရှိတက"

"ကျွန်တော့်နာမည် သက်ပန်ပါ"

"သက်ပန်"

"ဟိုက် မစာတာ"

http://mmteashop.com



"အသက် ဘယ်လောက်ရှိတက"
"၂၆ နှစ် မာစတာ"
"အမေရှိတက"
"ဟိုက် ရှိတယ်မာစတာ"
"အဖေရှိတက"
"မရှိဘူး မာစတာ"

ဂျပန်စစ်ဗိုလ်ကီတဂျိမသည် မြန်မာသံမပီမသနှင့် မေးခွန်း ၄-၅ ခွန်းမေးမြန်းခြင်း ပြုပါသည်။ ပြီးလျှင် စကားပြန်ကိုလှဖေမှတစ်ဆင့် ကျွန်တော့်အား ချွေးတပ်သားနှင့်ပတ်သက်၍ စိတ်ဓာတ်မကျဆင်းစေရန် သွေးထိုးဟောပြောရမည့်အကြောင်းများကို လည်းကောင်း၊ မီးရထားလမ်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလုပ်ကို ကြိုးစားလုပ်ကြစေရန် တိုက်တွန်းနှိုးဆော်ပေးရမည့်အကြောင်းများကို လည်းကောင်း၊ ချွေးတပ်သားများ၏ ကျန်းမာရေးအတွက် ရေကို ကျိုချက်၍သောက်ရန်နှင့် စည်းကမ်းသေဝပ်စွာနေထိုင်ရေးအတွက် ညွှန်ကြားခြင်း ပြုရန်ကိုလည်းကောင်း ပြောကြားပြီးနောက်၊ ကျွန်တော့်အတွက် ရိက္ခာပစ္စည်းထုတ်ယူခွင့် လက်မှတ်တစ်စောင်ကို ထုတ်ပေးခြင်းပြုလိုက်လေသည်။

ထိုနေ့က ကျွန်တော်သည် ရိက္ခာဂိုဒေါင်သို့ သွားရောက်လျက် သကြား၊ အာလူး၊ ကုလားပဲ၊ အကြမ်းသောက်လက်ဖက်ခြောက်၊ ကူးဝါးစီးကရက်ဘူး၊ မီးခြစ်စသည်များကို ထုတ်ယူရရှိခဲ့လေသည်။ ဆန်နှင့်ဆားကိုမူ ထမင်းချက်ရုံအုပ်ချုပ်သောဂျပန်ထံတွင် ထုတ်ယူရလေသည်။

စကားပြန်ကိုလှဖေသည် ဤကိစ္စများအဆင်ပြေစေရန် လိုက်လံကူညီခြင်း ပြုလေသည်။ ပြီးမှပင် သူသည် ကျွန်တော့်ထံမှ ကူးဝါးစီးကရက် ၂ ဘူးကို မိုက်ကြေးခွဲသွားသည်။

http://mmteashop.com

## ကျွန်တော်တို့ အလုပ်ဆင်းကြရပြီ

ထိုနေ့ကား ကျွန်တော်တို့ခရိုင်မှ ရွှေးတပ်သားများ စတင်လျက်အလုပ်ဆင်းကြရမည့်နေ့ ဖြစ်လေသည်။

ကျွန်တော်တို့တွင် မိုးနှင့် မည်သို့ရေစက်ပါလာသည်မသိ။ ညက တစ်ညလုံးရွာသွန်းနေသောမိုးသည် နံနက်လင်းသည်အထိ မရပ်စဲဘဲ တဖြုန်းဖြုန်းရွာသွန်းနေဆဲပင် ဖြစ်လေသည်။ ကျွန်တော်တို့သည် အခြားသော တဲလိုင်းများရှိ ရွှေးတပ်သားများနည်းတူပင် မိုးရေမိုးပေါက်များအောက်၌သွားရောက်လျက် တန်းစီခြင်းပြုကြရလေသည်။ ကျွန်တော်မှာလည်း ဘွန်ထိုက်ချီများ, ဟန်ချီများနည်းတူ မိုးရေထဲတွင် တန်းစီခြင်းပြုရလေသည်။

ထိုအခိုက်၌ပင် စကားပြန်ကိုလှဖေသည် ကျွန်တော်ရှိရာသို့လျှောက်လာပြီးနောက်၊ မိုးကာအင်္ကျီတစ်ထည်ကို ပေးလေသည်။ ပြီးလျှင် စစ်ရုံးအဆောက်အဦရှေ့မျက်နှာစာ အမိုးကလေးအောက် ဂျပန်များရှိရာသို့ခေါ်ဆောင်သွားပါသည်။

”အားလုံး သူတို့တစ်တွေ တန်းစီလူစစ်ပြီးတဲ့အချိန်ကျမှ ခင်ဗျားက ၁၅ မိနစ်–မိနစ် ၂၀ လောက် တရားဟောရမယ်။ နောက်တော့မှ အလုပ်ခွင်ရှိရာကို လိုက်သွားပေါ့ဗျာ။ ထမင်းစားသောက်ပြီးမှ လိုက်ချင်ရင်လည်း လိုက်ပေါ့။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဂျပန်မာစတာတွေနှင့်တော့ တည့်အောင်ပေါင်းပေါ့ဗျာ။ သူတို့မကျေနပ်ရင်လည်း မဖြစ်ဘူး”

သူ့စကားကို ကျွန်တော် သဘောပေါက်ပါသည်။ သုဆိုလိုသည်မှာ ကျွန်တော်သည် ဝါဒဖြန့်ချိရေးမှူး တစ်ယောက်ဖြစ်သောကြောင့် ရွှေးတပ်သားများကဲ့သို့ ပင်ပင်ပန်းပန်းလုပ်စရာ မလို။ ဂျပန်နှင့် တည့်အောင်ပေါင်း၍၊ ပါးပါးနပ်နပ် ကျင့်သုံးနေထိုင်တတ်ရမည်ဟု ဆိုလိုခြင်းဖြစ်လေသည်။

သူနှင့် ကျွန်တော်စကားပြောနေခိုက် ကုမကောကသည် ကျွန်တော်တို့ရှိရာသို့ပေါက်လာသည်။ ပြီးလျှင် ဂျပန်စစ်သား ၄–၅ ယောက်နှင့်အတူ ရွှေးတပ်သားများအား ကွီနိုင်ဆေးပြားများ လိုက်လံဝေငှပေးရန် အမိန့်ပေးလေသည်။

“လက်ထဲကိုပေးရမှာ မဟုတ်ဘူးနော်။ ပါးစပ်ကိုဟနိုင်းပြီး တစ်ပြား, တစ်ပြား ပစ်ထည့်ပေးရမှာ။ နောက်ပြီး ချက်ချင်းမျိုချင်ရင်ချ။ မျိုမချဘဲထွေးထုတ်ပြီး ဖွက်ထားမယ်ဆိုရင် ပါးကို ဘယ်ပြန်ညာပြန် တီးထည့်လိုက်။ နို့မဟုတ်ရင် ဂျပန်က ကိုယ့်လူကိုတီးလိမ့်မယ်”

ကျွန်တော်သည် ကျွန်တော်တို့ခရိုင်မှ ရွှေးတပ်သားများတန်းစီနေသည့်နေရာသို့ ခပ်သွက်သွက်လျှောက်ခဲ့လေသည်။ ကျွန်တော်နှင့်အတူ ဂျပန်စစ်သား ၃–၄ ယောက်တို့ဖြစ်လေသည်။ ကျွန်တော်၏ရည်ရွယ်ချက်မှာ ကိုလှဖေ ပြောလိုက်သောစကားကြောင့် ကိုယ့်ခရိုင်မှကိုယ့်လူများကို အဓိကထားလျက်၊ မိမိကိုယ်တိုင်ဝေခြမ်းပေးရန်နှင့် မသိသေးသည့်အန္တရာယ်အတွက်လည်း သတိပေးပြောကြားရန်ပင် ဖြစ်ပါသည်။

”ဟ–ဟ၊ ပါးစပ်ဟ။ ဆေးပြားကို တစ်ခါတည်းမျိုချလိုက်”

ကျွန်တော်တို့လူများမှာ လူသစ်များဖြစ်သောကြောင့် သတိပေးစကားကိုလည်း ပြောကြားခြင်းပြုရလေသည်။

http://mmteashop.com



ထိုအတွင်းကပင် ချေးတပ်သားတစ်ယောက်အား ဂျပန်စစ်သားက ပါးနားကို ဘယ်ပြန်ညာပြန်ရိုက်လိုက်ခြင်းနှင့်အတူ "ခူးရား ဘာကရိုး"ဟူသောအသံကိုလည်း ကြားလိုက်ရလေသည်။

ကျွန်တော်သည် အသံကြားရာသို့လှမ်းကြည့်လိုက်သည်။

ဘွန်ထိုက်ချို ကိုကောင်းစိန်အုပ်စုထဲမှ ချေးတပ်သားသန်းမောင် ဆိုသောသူငယ်ကလေးပင် ဖြစ်လေသည်။ ထိုသူငယ်မှာ ဂျပန်က ရိုက်နှက်ကန်ကျောက်လိုက်သောကြောင့် ရွှံ့ထဲဗွက်ထဲသို့ ယိုင်လဲသွားရှာသည်။ သူ့လက်ထဲမှ ကွီနိုင်ဆေးပြားအဖြူကလေးမှာလည်း ရွှံ့ထဲသို့လွင့်စဉ်သွားလေသည်။

"ခူးရား၊ ခူးရား။ အိနု၊ အိနု"

ဂျပန်စစ်သားသည် ဆဲဆိုရေရွတ်ရင်းက သန်းမောင်အား ကုပ်ပိုးမှကိုင်လျက် ဆွဲထူလိုက်သည်။ ပြီးလျှင် ပါးစပ်ကို ဘယ်ပြန်ညာပြန်ရိုက်နှက်ခြင်း ပြုပြန်လေသည်။ ကျေနပ်အားရလောက်အောင်ရိုက်နှက်ပြီးမှ ခပ်စောစောက လွင့်စဉ်သွားသောဆေးပြားကို ရွှံ့ထဲမှ အကောက်ခိုင်းလေသည်။ ပြီးလျှင် မျိုချခိုင်းလေသည်။ သန်းမောင်မှာ မည်သို့မျှ ငြင်းဆန်ခြင်းမပြုနိုင်ရှာချေ။ ရွှံ့တွေပေကျံနေသော ထိုဆေးပြားကိုပင် မျက်လုံးစုံမှိတ်လျက် မျိုချရရှာလေသည်။

ချေးတပ်သားများမှာ တစ်စခန်းတစ်စခန်းတွင် ထောင်နှင့်ချီကာ များပြားလှသည်ဖြစ်သောကြောင့်လည်း၊ ဤလို ဖြစ်ရပ်မျိုးမှာ တစ်နေ့မဟုတ်တစ်နေ့ဆိုသလို စိတ်ချမ်းမြေ့ဖွယ် ကြုံတွေ့ရသောဖြစ်ရပ်များပင် ဖြစ်လေသည်။

မကြာမီ ဆေးပြားဝေငှခြင်းကိစ္စနှင့် လူစစ်ဆေးခြင်းကိစ္စ ပြီးစီးသွားလေသည်။

ထိုအခါ ကုမေကာ၏အမိန့်ပေးချက်အရ ကျွန်တော်သည် ချေးတပ်သားများအား ၁၀ မိနစ်ခန့် သွေးထိုးစကား ပြောကြရပါသည်။ ပြီးလျှင် ကွီနိုင်ဆေးပြားများပေးသည့်အခါ ချက်ချင်းပင်မျိုချလိုက်ကြရန်ကိုလည်း ကျွန်တော့်စကားထဲတွင် ထည့်သွင်းပြောကြားခြင်းပြုပါသည်။

ကျွန်တော်သည် စကားပြောရင်းမှလည်း ကုမေကာအား မသိမသာအကဲခတ်ရလေသည်။ ကောက်ကျစ်စဉ်းလဲမှုအပြည့်အဝပေါ်လွင်သော မျက်နှာအမူအရာရှိသည့် ဂျပန်စစ်ဗိုလ် ကုမေကာသည် ချေးတပ်သားများအား ကျွန်တော်ကစကားပြောနေခိုက်၌ စကားပြန်လုဖေအား သူ့အနီးတွင်ခေါ်ထားလေသည်။ ပြီးလျှင် ကျွန်တော် ဘာစကားတွေပြောသလဲ ဆိုသည်ကိုလည်း တစ်ဆင့်ပြန်၍မေးလေသည်။

ထိုအချိန်၊ ထိုမိနစ်ပိုင်းကလေးအတွင်း၌ကား ဝါဒဖြန့်ချိရေးမှူးတစ်ယောက်၏အသက်မှာ စကားပြန်ဖြစ်သူ၏လက်တွင်းတွင် ရှိနေသည်ဟု ကျွန်တော် တွေးလိုက်မိလေသည်။ ကျွန်တော် စကားပြော၍ပြီးဆုံးသွားသည့်အချိန်၌ပင် ကျွန်တော်တို့ချေးတပ်သားများအားလုံးပင် မိမိတို့ သက်ဆိုင်ရာ အုပ်ချုပ်ကွပ်ကဲမည့်ဂျပန်စစ်သားများနှင့်တွဲလျက်၊ လက်နက်ကိရိယာများကို စတိုမှ သွားရောက်၍ ထုတ်ယူခြင်းပြုကြရလေသည်။

ထိုအချိန် ထိုအခါ၌လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချိုများက ဂျပန်စစ်သားများအား များစွာအကူအညီပေးရပါသည်။ ပေါက်တူး၊ ပေါက်ပြား၊ ပေါက်ချွန်း၊ ရဲတင်း၊ ပုဆိန်၊ မြေသယ်သော ခြင်းတောင်း၊ ဂေါ်ပြား၊ ဓားမစသော ပစ္စည်းများကို၊ စတိုမှူးနှင့် သူ့လက်အောက်ဂျပန်များထံမှ အရေအတွက်နှင့် စာရင်းရေးမှတ်လျက် ထုတ်ယူကြရလေသည်။ ပြီးလျှင် တာဝန်ကျ ဂျပန်စစ်သားများက လက်မှတ်ရေးထိုးခြင်းပြုကြရလေသည်။

အလုပ်သိမ်း၍ ပြန်လည်တက်ရောက်လာသည့်အခါ၊ ပစ္စည်းများအားလုံးကို စနစ်ဇယားကျကျ ပြန်လည်အပ်နှံခြင်း ပြုကြရလေသည်။ အကယ်၍ တစ်စုံတစ်ခုသောပစ္စည်း ပျောက်ရှမှုဖြစ်ခဲ့လျှင်၊ ထိုချေးတပ်သားများအဖို့ အကုသိုလ်ဂြိုဟ်ဆိုး ကြီးမားစွာဝင်ရောက်ခြင်းဟူ၍ ဆိုရချေမည်။

မိုးသည် အဆက်မပြတ်ရွာသွန်းနေဆဲ ဖြစ်လေသည်။ မိုးကာအင်္ကျီပါသော ဂျပန်စစ်သားများနှင့် ကျွန်တော်မှတစ်ပါး ဘွန်ထိုက်ချို၊ ဟန်ချိုများရော၊ ချေးတပ်သားအားလုံးတို့မှာ ရွှဲရွှဲစိုနေလေတော့သည်။ ကျွန်တော်တို့

http://mmteashop.com



ချွေးတပ်သားအဖွဲ့များနည်းတူပင် အခြားသောခရိုင်မြို့နယ်များမှ ချွေးတပ်သားအဖွဲ့များမှလည်း တဝုန်းဝုန်း ရှုသွန်းနေသော မိုးရေမိုးပေါက်အောက်၌ပင် သက်ဆိုင်ရာဂျပန်စစ်သားများ၏ အုပ်ချုပ်ကွပ်ကဲမှုနှင့် အလုပ်ခွင်ရှိရာသို့ သွားရောက်လျက် ရှိနေကြပါသည်။

ထိုသူများမှာ ကျွန်တော်တို့ကဲ့သို့ မနေ့တစ်နေ့ကမှရောက်ရှိလာကြသည့် လူသစ်ချွေးတပ်သားများ မဟုတ်ကြပါချေ။ သူတို့သည် လွန်ခဲ့သော ၆ လကျော် ၇ လ အချိန်လောက်ကပင် ဤချွေးတပ်စခန်းသို့ ရောက်ရှိနေကြသူများ ဖြစ်ကြလေသည်။ ထို့ကြောင့်လည်း သူတို့သည် ကျွန်တော်တို့အဖွဲ့သားများလောက် ခြေလှမ်းမသွက်လက်ကြတော့။ အားအင်ကုန်ခန်းနေဟန်၊ ပင်ပန်းမောဟိုက်နေဟန်၊ ခြေမသယ်ချင် လက်မသယ်ချင်ဖြစ်နေဟန် ရှိရှာကြလေသည်။

ဂျပန်စစ်သားများသည် လက်တွင်းမှ ဝါးရင်းတုတ်များ၊ ဝါးစိမ်းချောင်းများ၊ သစ်ကိုင်းသစ်ခက်များကို ကိုင်မြှောက်လျက်၊ ထိုချွေးတပ်သားလူဟောင်းများအား ကျွဲ၊ နွားများကိုမောင်းနှင်ခြင်းပြုသည့်အလား၊ တဟေးဟေး တဟဲဟဲနှင့် ရေရွတ်မောင်းမဲကာ အလုပ်ခွင်ရှိရာသို့ ခပ်ကြမ်းကြမ်းခေါ်ဆောင်သွားသည်။

မကြာမီ သူတို့နှင့် ကျွန်တော်တို့ လူအုပ်ကွဲသွားကြသည်။ အလုပ်လုပ်ကြရမည်မှာ သူတို့ကတစ်နေရာ ဖြစ်သည်။ ကျွန်တော်တို့ကတစ်နေရာ ဖြစ်သည်။ ချွေးတပ်သားဟောင်းများသည် တစ်နေရာတွင် ရပ်ကျန်ခဲ့ကြသည်။ ကျွန်တော်တို့ကား ခရီးကို ဆက်လက်ချီတက်နေရဆဲပင်ဖြစ်လေသည်။

ကျွန်တော်တို့အဖွဲ့သားများသည် စခန်းမှနေ၍ အလုပ်ခွင်ရှိရာသို့ ခရီးတစ်မိုင်ခန့် သွားကြရလေသည်။ ထို့နောက်တွင်မှ ကျွန်တော်တို့အလုပ်စတင်လုပ်ဆောင်ရမည့်နေရာသို့ ရောက်ရှိလာကြလေသည်။

ထိုနေရာသို့ရောက်ရှိလာသည့်အခါ ဂျပန်စစ်သားများသည် ဘွန်ထိုက်ချို၊ ဟန်ချိုများနှင့် ကျွန်တော့်ကို သစ်ပင်ကြီးများအောက်သို့ခေါ်ဆောင်ပြီးနောက်၊ လုပ်ရမည့်အလုပ်နေရာနှင့် အလုပ်ကိစ္စကို ညွှန်ကြားပြောကြားခြင်းပြုလေသည်။ အမှန်စင်စစ် ထိုနေရာသည် နေရာသစ်တစ်ခုကား မဟုတ်ပါချေ။ လုပ်လက်စနှင့် မပြီးမပြတ်ဖြစ်နေသောရထားလမ်းအတွက် မြေပေါက်မြေဖို့ရမည့် နေရာတစ်နေရာ ဖြစ်လေသည်။

ငုတ်တိုင်များစိုက်ထူလျက် ကြိုးတားထားသောအဖြစ်ကို လည်းကောင်း၊ မြေများ ပေါက်တူးထားပြီးဖြစ်သော ကျင်းကြီးများ၊ ချိုင့်ကြီးများကိုလည်းကောင်း တွေ့မြင်ရလေသည်။ ပြီးလျှင် ထိုကျင်းကြီးများ၊ချိုင့်ကြီးများအတွင်း၌ ရေများမှာ ပေါင်းလန်လျက်ရှိလေသည်။

ထို့ပြင် ကြိုးတား၊ ငုတ်ရိုက်လျက် မြေဖို့ရန်သတ်မှတ်ထားသောနေရာမှာလည်း ကျွန်တော့်စိတ်အထင်အားဖြင့် အရှည်မှာ ၂ ဖာလုံ–၃ ဖာလုံလောက်သာရှိလိမ့်မည်ဟု ခန့်မှန်းမိသည်။ မြေကြီးဖို့ရမည့်အမြင့်သည် အချို့နေရာတွင် ၃ ပေ၊ အချို့နေရာတွင် ၅ ပေ၊ အမြင့်ဆုံးနေရာသည် ၁၀ ပေလောက် ရှိပါလိမ့်မည်။ ကျွန်တော်တို့လူအင်အားနှင့်ဆိုသော် အများဆုံး တစ်ပတ်ကျော်ကျော်လောက်နှင့် ပြီးစီးသွားမည့်အလုပ် ဟူ၍ ဆိုရပေမည်။ သို့ရာတွင် ဤအမြင်မှာ သာမန်မျှသော အမြင်ဖြစ်လေသည်။ အပေါ်ယံရုပ်ကြည့်၍ခန့်မှန်းသော ခန့်မှန်းချက်မျှသာ ဖြစ်လေသည်။ တကယ့်လက်တွေ့၌ကား ဤလိုဖြစ်မလာပါချေ။

ကျွန်တော်တို့အုပ်စုမှ ချွေးတပ်သားများသည် တာဝန်အသီးသီးခွဲဝေကြပြီးနောက် နေရာသစ်များပေါ်ရှိ သစ်ပင်၊ဝါးပင်များကို ရှင်းလင်းခုတ်ထွင်ခြင်းပြုကြရလေသည်။

သို့ရာတွင် ဤအလုပ်မှာ ကျွန်တော်တို့အဖို့ သမင်မွေးရင်းကျားစားရင်း ဆိုသလိုဖြစ်နေပါတော့သည်။ ချွေးတပ်သားများက မြေများကိုသယ်၍ ဖို့လိုက်၊ တစ်ဘက်သောကျောက်တောင်ကြီးများပေါ်မှ ရေများက ဒလဟော စီးကျလာလိုက်၊ ဖို့ထားသောမြေကြီးများ ရေအရှိန်နှင့်မျောပါသွားလိုက် ဖြစ်နေလေတော့သည်။

ကျောက်တောင်ကြီးများပေါ်မှစီးကျလာသော ရေအားအရှိန်မှာ သေးငယ်သောအရှိန်အဟုန်မဟုတ်ပေ။

http://mmteashop.com



မြင့်မားသော တောင်ထိပ်ပေါ်မှ ဝါးလုံးကို တစ်အားထိုးချလိုက်သည့်အလား တဝေါဝေါအသံမြည်လျက် ကျဆင်းလာခြင်းဖြစ်လေသည်။

တစ်ဖန် နောက်တစ်ကြောင်းမှာလည်း မြေတူးယူထားသောကျင်းများ၊ ချိုင့်များအတွင်းသို့ မိုးရေမိုးပေါက်များကစီးဝင်လျက်ရှိပေရာ မြေ ၃–၄ တောင်လောက်တူးမိလျှင်ပင် ကျင်းများ၊ချိုင့်များမှာ ရေပြည့်လျှံသွားလေတော့သည်။ ထိုအခါ မြေတူးသမားချွေးတပ်သားအဖို့ ကျင်းအသစ်တူးဆွရန်အတွက် နေရာသစ်ရှာရပြန်လေသည်။

မြေဖို့သမားများမှာလည်း ထိုနည်းအတိုင်းပင် လုပ်ငန်းမတွင်ဘဲ ဖြစ်နေလေတော့သည်။ သူတို့သူတို့သည် အကွာအလှမ်းအားဖြင့် ကိုက် အစိတ်–၃၀ နေရာလောက်က မြေကြီးများကို တောင်းထဲတွင်ထည့်ရွက်ပြီး နောက်လိုအပ်သောနေရာသို့ သွားရောက်လောင်းသွန်ကြလေသည်။ သို့ရာတွင် တစ်ခေါက်ပြီး၍ နောက်တစ်ခေါက် လောင်းရန်ရောက်ရှိသွားသည့်အခါ၊ ပထမလောင်းပစ်ခဲ့သောမြေများမှာ နေရာတွင် မရှိတော့ချေ။ ရေတိုက်စားသွားသဖြင့် မျောပါသွားလေတော့သည်။

ဂျပန်စစ်သားများသည် အတော်အတန် မိုးလေလုံခြုံသောသစ်ပင်ကြီးများအောက်၌ ၂ ယောက် ၁ တွဲ၊ ၃ ယောက် ၁ တွဲ ရှိနေကြသည်။ သူတို့သည် စကားပြောရင်း၊ ဆေးလိပ်သောက်ရင်းမှ ချွေးတပ်သားများကိုလည်းကောင်း၊ ဘွန်ထိုက်ချို၊ ဟန်ချိုများကိုလည်းကောင်း လှမ်းအော်လေသည်။ နိုကပ်နေသည် ဟုအထင်ရှိသော ချွေးတပ်သားများကိုမူ အဝေးမှနေလျက် ကျောက်ခဲများ၊ တုတ်များနှင့် လှမ်းပစ်လေသည်။ တစ်ခါတစ်ခါတွင်မူ ချွေးတပ်သားများရှိရာသို့ အော်ဟစ်လျက်ပြေးလွှားလာပြီးနောက်၊ ဝါးရင်းတုတ်နှင့် ကျောပြင်ကို တဘုံးဘုံးရိုက်နှက်ခြင်း၊ ခြေနှင့်ကန်ကျောက်ခြင်း စသည်ဖြင့်ပြုလေသည်။

မွန်းတိမ်းချိန် ရောက်ခဲ့လေပြီ။

ချွေးတပ်သားများမှာလည်း တစ်ကိုယ်လုံး ရွှံ့တွေ၊ရေတွေနှင့် တလိမ့်ထိုးပေကျံလျက်ရှိလေသည်။ ဤအချိန်ရောက်ခဲ့သည်ထိ မိုးမှာလည်း ရွာကောင်းတုန်း၊ ရွာကောင်းဆဲ ဖြစ်လေသည်။ မိုး၏အအေးဒဏ်ကြောင့် အချို့ချွေးတပ်သားများမှာလည်း မေးရိုက်လျက် တနိုက်နိုက်တုန်နေလေသည်။ အချို့မှာမူ အင်တိုက်အားတိုက်မြေပေါက်ထားရသောကြောင့် ပါးစပ်ပြဲလျက် တရှူးရှူးတရှဲရှဲဖြစ်နေလေသည်။

ထိုအချိန်ရောက်သည့်အခါ ဂျပန်များသည် ကျွန်တော်တို့ကို အလုပ်မှရပ်နားလိုက်လေသည်။ ထိုကဲ့သို့ရပ်နားပေးလိုက်ခြင်းမှာ နံနက်ထမင်းစားသောက်ကြရန်အတွက်ပင် ဖြစ်လေသည်။

ဂျပန်စစ်သားများထဲတွင် ဒုတပ်ကြပ်အဆင့်အတန်းရှိသော မျက်မှန်တပ်ထားသည့် ဂျပန်စစ်သားတစ်ယောက်ပါ ရှိလေသည်။ ထိုဂျပန်စစ်သားသည် ကျွန်တော်တို့ကိုအုပ်ချုပ်ကွပ်ကဲရသော ဂျပန်များထဲတွင် အကြီးအမှူးဖြစ်လေသည်။ ကျွန်တော်တို့အလုပ်ခွင်၌ အားလုံး ဂျပန်စစ်သား ၁၅ ယောက်တိတိ လိုက်ပါလာလေသည်။ ဒုတပ်ကြပ်ဂျပန်နှင့် အခြားသောဂျပန်စစ်သား ၉ ယောက်သည် ထမင်းစားရန်အတွက် ကျောက်တစ်လုံးစခန်းသို့ ပြန်လည်သွားရောက်ကြသည်။ ကျန်သောဂျပန်စစ်သား ၅ ယောက်သည် အလုပ်စခန်း၌ပင် ကျွန်တော်တို့နှင့်အတူနေရစ်လေသည်။ သူတို့အတွက် စခန်းမှဂျပန်ထမင်းချက်တစ်ယောက်က ထမင်းလာရောက်၍ပို့ပေးမည် ဖြစ်လေသည်။

ကျွန်တော်တို့ချွေးတပ်အဖွဲ့သားများအတွက်ကိုမူ အုပ်စုအလိုက် လူစုခွဲလျက် ထမင်းယူရန်စေလွှတ်ရလေသည်။ အသစ်စက်စက်ရက်လုပ်ထားသော ထမင်းတောင်းများကို အလယ်မှ ဝါးထမ်းပိုးလျှိုလျက် ရှေ့တစ်ယောက်နောက်တစ်ယောက်ထမ်း၍ လည်းကောင်း၊ အသစ်စက်စက်ဖြစ်သော ဝါးကျည်တောက်ဘူးများကို ထိပ်တစ်ဘက်တစ်ချက်မှအပေါက်ဖောက်လျက် ကြိုးတပ်ကာ ထမ်းပိုးလျှို၍ လည်းကောင်း ကျောက်တစ်လုံးစခန်းထမင်းချက်ရုံသို့ သွားရောက်ကြရလေသည်။ ထိုအခါ ကျွန်တော်ကိုယ်တိုင်ပင် ထမင်းယူချွေးတပ်သားများနှင့်အတူ ထမင်းချက်ရုံသို့ လိုက်ပါခဲ့ရလေသည်။

http://mmteashop.com



ကျွန်တော့်မှာ ရိက္ခာရာရှင် သီးသန့်ရသူတစ်ယောက်ဖြစ်သောကြောင့်လည်း ကျွန်တော့်အတွက်ထမင်းဟင်းကို ထမင်းချက်ရုံခေါင်း ကိုစံခက ချက်ပြုတ်ပေးလေသည်။ ကျွန်တော့်အတွက် ထမင်းနှင့်ဟင်းလျာဆိုသည်မှာလည်း နူးနူးနပ်နပ်ရှိရုံ, အာလူးကို အခွံနွှာရုံ, ဆားပြားအစပ် တည့်ရုံမှလွဲ၍၊ ချွေးတပ်သားများ စားသောက်ရသော ဆီမပါ, ကြက်သွန်မပါ, ငရုတ်သီးမပါ, ငံပြာရည်မပါသည့်ဟင်းလျာသာ ဖြစ်လေသည်။

ချွေးတပ်သားများအတွက်ထမင်းဟင်းပေးသည်မှာ အချိုးကျခန့်မှန်းလျက်ပေးခြင်းသာ ဖြစ်လေသည်။ သို့ရာတွင် မည်သည့်ချွေးတပ်သားအဖွဲ့မှ ပိုလျှံဝလင်သည် ဟူ၍ကားမရှိပါချေ။ အမြဲတမ်း မလောက်မငနှင့် လိုနေသည်ချည်းသာ ဖြစ်လေသည်။

ဤလိုဖြစ်ရသည်မှာလည်း ထမင်းချက်ရုံတာဝန်ကျ ကိုစံခက သော်လည်းကောင်း, သူ့လူ တပည့်တပန်းများက သော်လည်းကောင်း စိတ်ကောင်းမရှိခြင်းကြောင့် မဟုတ်ပါပေ။ သူတို့ကိုယ်တိုင်မှာလည်း ရိက္ခာဂိုဒေါင်မှ ဂျပန်များထုတ်ပေးသော ရိက္ခာပစ္စည်းအတိုင်းအတာအရ ချက်ပြုတ်ရခြင်းသာ ဖြစ်လေသည်။ သို့ရာတွင် အကယ်၍ ချွေးတပ်သားအဖွဲ့တစ်ခုခုအတွက် ထမင်းဟင်း လိုနေမည်ဆိုပါမူ၊ ကိုစံခသည် ထမင်းချက်ရုံတာဝန်ကျအဖြစ်မှ ပြုတ်ကျလျက် သာမန်ချွေးတပ်သားတစ်ဦး ဖြစ်သွားရပေလိမ့်မည်။ လူဦးရေအတိုးအပွားမရှိပါဘဲနှင့် ရိက္ခာပစ္စည်းကိုကား တိုး၍ပေးလိမ့်မည်တော့ မဟုတ်ပါချေ။ ထို့ကြောင့် ထမင်းချက်ရုံတာဝန်မှူးဆိုသူမှာလည်း ထမင်းဟင်းများ ဝေခြမ်းပေးသည့်ကိစ္စတွင် 'လိုသာ လိုစေ မပိုစေနှင့်' ဟူသောဆောင်ပုဒ်ကို လက်ကိုင်ထားလျက် ကျင့်သုံးရသူတစ်ယောက် ဖြစ်လေသည်။

ဤနေရာတွင် ချွေးတပ်သားများ ငါးပိ, ငံပြာရည် မစားသောက်ရသောကိစ္စနှင့် ဆီ, ငရုတ်သီးစသော အာဟာရပစ္စည်းများ မစားရသည့်ကိစ္စကိုလည်း အလျဉ်းသင့်သဖြင့်ဖော်ပြလိုပါသည်။

ငါးပိနှင့် ငံပြာရည်ကိစ္စမှာမူ ကျောက်တစ်လုံးစခန်းသို့ ကျွန်တော်တို့မရောက်မီက ဖြစ်ခဲ့သည့်ကိစ္စတစ်ရပ် ဖြစ်လေသည်။ ထိုကိစ္စထိုအဖြစ်ပေါ်ကို ကျွန်တော်သည် ထမင်းချက်ရုံခေါင်း ကိုစံခထံမှတစ်ဆင့် ကြားသိရခြင်းပင် ဖြစ်ပါသည်။

ဂျပန်များသည် ချွေးတပ်စခန်းများတွင်ရှိနေသော မီးရထားလမ်းဖောက်လုပ်ရေးအလုပ်သမားများနှင့် စစ်သုံ့ပန်းများစားသောက်ရန်အတွက် ရိက္ခာပစ္စည်းများကို အဝယ်တော်များခန့်လျက်၊ ဝယ်ခြမ်းတင်သွင်းစေခြင်းပင် ဖြစ်လေသည်။

ဤတွင် ခပ်စောစောပိုင်းအချိန်ကအဝယ်တော်ဖြစ်သော ရိက္ခာပေးသွင်းသူများသည် မြိတ်, ထားဝယ်ဘက်မှ စိမ်းစားငါးများကို လည်းကောင်း၊ ငံပြာရည်များကို လည်းကောင်း သက်ဆိုင်ရာချွေးတပ်စခန်းများသို့ ပေးသွင်းခြင်းပြုလေသည်။ ထိုအခါ 'ငါးပိ,ငံပြာရည်ကို စားရပေတော့မည်' ဟူသောအတွေးနှင့် အလွန်တရာဝမ်းသာလျက် သွားရည်ယိုစီးနေကြလေသည်။

ထိုကဲ့သို့ရှိနေစဉ်အတွင်း စခန်း၏အကြီးအမှူးဖြစ်သော ဂျပန်စစ်ဗိုလ်က 'ထိုပစ္စည်းများမှာ ချွေးတပ်အလုပ်သမားများအား ကျွေးမွေးခြင်းပြုရန် မသင့်။ အလွန်ပင် နံစော်သောပစ္စည်းများဖြစ်သဖြင့် အန္တရာယ်ဖြစ်စေနိုင်သည်။ ရောဂါဘယ ကူးရောက်စေလိမ့်မည်' ဟု သဘောပိုက်ကာ၊ ငါးပိခြင်းကြီးများနှင့် ငံပြာရည်များကို စမ်းချောင်းအတွင်းသို့ စွန့်ပစ်ခြင်း ပြုစေလေသည်။ 'ချွေးတပ်စခန်းရှိအလုပ်သမားများအတွက် နောင်အခါတွင် ဤလိုပစ္စည်းမျိုးများကို တင်သွင်းခြင်း မပြုစေရ။ ငရုတ်သီး, ဆီ အစရှိသောပစ္စည်းများကိုလည်း တင်သွင်းခြင်းမပြုစေရ' ဟု သတ်မှတ်ထားလေသည်။ ထို့ကြောင့်လည်း တောတွင်းချွေးတပ်စခန်းများတွင် ငါးပိ, ငံပြာရည် စသောအာဟာရများနှင့် ငရုတ်သီး, ကြက်သွန်, ဆီ စသောပစ္စည်းများမှာ ရွှေထက်ပင်ရှားပါးလုခြင်း ဖြစ်လေသည်။

အထက်ကဆိုခဲ့သော ငါးပိ,ငံပြာရည်ကိစ္စမှာ ထိုမျှနှင့် မပြီးစီးသေးပါချေ။ ချွေးတပ်သားအချို့သည်

http://mmteashop.com



ညဘက်တွင် ဂျပန်များစွန့်ပစ်ထားသောငါးပိများကို စမ်းချောင်းထဲသို့ တိတ်တဆိတ်ဆင်းသက်လျက် ရေတွင်ငုပ်ကာ ဆယ်ယူခြင်းပြုကြလေသည်။ ဤတွင် ကင်းစောင့်ဂျပန်စစ်သားကမသက်ာဖြစ်လျက် သေနတ်ဖြင့်ပစ်ခတ်သဖြင့် ချေးတပ်သားတစ်ယောက် သေဆုံးရရှာလေသည်။

နောက်တစ်နေ့မနက်တွင် ထိုကိစ္စထိုအကြောင်းကို ဂျပန်စစ်ဗိုလ် သိရှိသွားလေသည်။ ဂျပန်စစ်ဗိုလ်သည် ထိုငါးပိခြင်းကြီးများနှင့် ငါးပိအိတ်ကြီးများကို ချေးတပ်သားများအား ရေတွင်ငုပ်လျက်ဆယ်ယူစေပြီးနောက်၊ ကျင်းနက်ကြီးများအတူးခိုင်းကာ မြေတွင်မြှုပ်ပစ်လိုက်လေသည်။ ဤသို့နှင့် ငါးပိ,ငံပြာရည်ဇာတ်လမ်းတစ်ခုမှာလည်း အဆုံးသတ်လေတော့သည်။

"ကျွန်တော်တို့ချေးတပ်သားတွေကလည်း ဘယ်လောက်များ ငါးပိ, ငံပြာရည်ကိုစွဲလမ်းနေသလဲဆိုတော့ စမ်းချောင်းထဲကိုဆင်းပြီးအဆယ်ခိုင်းတော့တောင် ခွဲဝေပေးလိမ့်မယ်ထင်ပြီး အတော်ဝမ်းသာနေကြတာခင်ဗျ။ နောက်တော့ မြေကျင်းကြီးတွေအနက်ကြီးတူးပြီး အမြှုပ်ခိုင်းတော့မှ ခပ်မှဲမှဲဖြစ်ကုန်ကြတော့တာပဲ"

ကိုစံခက ငါးပိ, ငံပြာရည်ဇာတ်လမ်းအဆုံးသတ်တွင် သူတို့တစ်တွေ၏ဖြစ်ရပ်ကို ဖြည့်စွက်လျက်ပြောလေသည်။

"ဒါကတော့ဗျာ။ ချေးတပ်သားတွေဆိုတာကလည်း များသောအားဖြင့်တော့ ငါးပိ, ငံပြာရည်ကြိုက်တဲ့လူတွေပဲဗျ။ တစ်သက်လုံး အမေမွေးကတည်းက ငါးပိ, ငံပြာရည်စားပြီး ကြီးပြင်းလာကြတဲ့လူတွေပဲဟာဗျာ။ ပြီးတော့ ခုလို ထမင်းကလည်း မကောင်း၊ ဟင်းကလည်း ဘာတစ်ခုမျှ မည်မည်ရရမရှိလေတော့ ငါးပိ, ငံပြာရည်ကို ပိုပြီးစားချင်ကြပေမှာပေါ့ဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။

စင်စစ်အားဖြင့်လည်း ချေးတပ်စခန်းတွင် ရှိကြသော အလုပ်သမားချေးတပ်သားများတွင် ဗြိတိသျှစစ်သုံ့ပန်းများကလွဲလျှင်၊ ကျန်သူများမှာ ငါးပိ,ငံပြာရည်စားသောက်ကြသောလူမျိုးများသာ ဖြစ်လေသည်။

မြန်မာ, မွန်, ကရင်နှင့် ကုလားကပြားအနည်းအကျဉ်း, တရုတ်ကပြားအနည်းအကျဉ်း ဖြစ်လေသည်။ အားလုံးထဲတွင် မြန်မာနှင့် ကရင်က အများဆုံးဖြစ်လျက်၊ မွန်အမျိုးသားများက တတိယများလေသည်။ ဤသူများမှာ ငါးပိ,ငံပြာရည်ကြိုက်နှစ်သက်သောသူတွေချည်း ဖြစ်ကြလေသည်။

ဆီ, ငရုတ်သီး, ကြက်သွန် စသောပစ္စည်းများမှာမူ၊ ဂျပန်များကိုယ်တိုင်က မစားမသုံးခြင်းကြောင့်ပေလား၊ သို့တည်းမဟုတ် ထိုခေတ်ထိုအခါက ရှားပါးလှသောပစ္စည်းများဖြစ်သောကြောင့်ပေလား မပြောတတ်ပါချေ။ တောတွင်းချေးတပ်စခန်းများတွင် လုံးဝမတွေ့ရသောပစ္စည်းများ ဟု ဆိုရချေမည်။ သို့ရာတွင် နောက်ပိုင်းရက်များ၌မူ ကျွန်တော်သည် ထမင်းချက်ရုံမှူး ကိုစံခထံတွင် ငရုတ်သီးကလေးများ, ကြက်သွန်ကလေးများ, မဆလာထုပ်ကလေးများကို မြင်ရပါသည်။

ကျွန်တော်က ရရှိသောရိက္ခာရှာရှင်ကို သူ့ လက်ထဲထိုးပေး၍၊ စီးကရက်ဘူးကအစ တစ်ဝက်ခွဲပေးသောကြောင့်လည်း သူနှင့်ကျွန်တော် တစ်အိုးတည်းစား ဖြစ်သည့်အခါ၊ ကျွန်တော်ကိုယ်တိုင်မှာလည်း ငရုတ်သီးကလေး, ကြက်သွန်ကလေးများနှင့် မဆလာနံ့သင်းသည့် ပဲဟင်းကလေးများကို စားရပါသည်။

"အဲဒီငရုတ်သီး ကြက်သွန်ကလေးတွေက မွန်ဈေးလှည်းတွေလာတဲ့အခါ မှာလိုက်ရတာဗျ။ အဲဒါလည်း သိပ်မလွယ်ဘူး။ သူ့ခမျာများ ဂျပန်တွေမတွေ့အောင် သိုဝှက်ယူလာရတာ။ လူတိုင်းကိုလည်း မရောင်းဝံ့ဘူး"ဟု ကိုစံခက ပြောပါသည်။

မနက်စာထမင်းယူရန်အတွက်ရောက်ရှိလာကြသော ချေးတပ်သားအဖွဲ့များသည် ထမင်းချက်ရုံကြီးများ၏ အပြင်ဘက် သစ်ပင်ကြီးများအောက်၌ တန်းစီလျက်ရှိနေကြလေသည်။ အဖွဲ့မစုံသေးလျှင် ထမင်းဝေခြမ်းခြင်း

http://mmteashop.com



မပြုသေးချေ။ အဖွဲ့စုံမှသာလျှင် အမည်စာရင်းခေါ်လျက် ဝေခြမ်းခြင်းပြုလေသည်။ ရွှေးတပ်အဖွဲ့များ၏ လူဦးရေ မည်မျှ ဆိုသောစာရင်းသည် ထမင်းချက်ရုံမှူးကိုစံခထံ၌ လည်းကောင်း, ဂျပန်စစ်ဗိုလ် ကုမေကာထံ၌လည်းကောင်း, ရိက္ခာကိုဒေါင်မှူးဂျပန်တပ်ကြပ်ကြီးထံ၌လည်းကောင်း ရှိလေသည်။

ထမင်းဝေခြမ်းရမည့်အချိန်ဆိုလျှင် ရိက္ခာကိုဒေါင်မှူးတပ်ကြပ်ကြီးနှင့် ကုမေကာသည် ထမင်းချက်ရုံသို့ ရောက်ရှိလာစမြဲ ဖြစ်လေသည်။

ထမင်းယူရန်ရောက်ရှိလာကြသော ရွှေးတပ်သားများမှာ မစုံလင်သေးသဖြင့် ထမင်း,ဟင်းများကို ဝေခြမ်း ခြင်းမပြုရသေးပေ။ ဂျပန်စစ်ဗိုလ်ကုမေကာလည်း ရောက်မလာသေးပေ။ ထိုအခါ ရောက်နှင့်နေကြသည့် ရွှေးတပ်သားများသည် သစ်ပင်ကြီးများအောက်မိုးရေထဲ၌ပင် ငုတ်တုပ်မည်းတည်းထိုင်လျက် ရှိနေကြရရှာလေသည်။

"ဆရာလေး ဒီမှာပဲ ကျွန်တော်နှင့်အတူ စားမလား။ ဟိုကို ယူသွားမလား။ ကျွန်တော်နှင့်အတူ စားရင်တော့ နေသိပ်မြင့်နေမယ်။ အလုပ်တွေအားလုံးပြီးမှ စားရမှာ"

"ယူသွားတာကောင်းပါတယ် ကိုစံခ။ ကျွန်တော့်လူတွေနှင့်ပဲ အတူသွားစားမယ်ဗျာ။ နောက်ရက်တွေကျမှ ခင်ဗျားနှင့်ကျွန်တော် အတူစားတာပေါ့"

ကျွန်တော်က ပြောလိုက်ပါသည်။ အမှန်အားဖြင့် ကျွန်တော်တို့ခရိုင်မှ ကျွန်တော့်လူများကိုလည်း ကျွန်တော်က သံယောဇဉ်ဖြစ်မိပါသည်။ စင်စစ် ကျွန်တော်တို့တစ်တွေမှာ တစ်ခရိုင်တည်းသားတွေဖြစ်၍ ခွဲခြားခွဲခြားမလုပ်သင့်, မလုပ်ထိုက် ဟု ကျွန်တော် ယူဆမိပါသည်။ ပြီးလျှင် ထိုလူတွေထဲက သာဆင်မှာ ရွှေးတပ်စခန်းတွင် ကျွန်တော်၏ ညီငယ်ကလေးတစ်ယောက် ကဲ့သို့ ဖြစ်နေပါသည်။ ကျွန်တော့်အတွက်ရရှိမည့် ထမင်းနှင့် ဟင်းမှာ လူအများစာ အတွက်မဖြစ်နိုင်သော်လည်း၊ သာဆင်တစ်ယောက်အတွက်ကား ပိုကောင်းပိုပေလိမ့်မည်။ ထိုအခါ သာဆင်အတွက် ဝေစုရရှိသော ထမင်းနှင့် ဟင်းမှာ အခြား မဝသောရွှေးတပ်သား ၁ ယောက်–၂ ယောက်အတွက် အကျိုးဖြစ်နိုင် လေသည်။

"ဒီလိုဆို ယူသွားပေါ့လေ။ ဒါပေမယ့် ဆရာလေး မိုးထဲလေထဲမှာ စားရမှာပဲ"ဟု ကိုစံခက စိတ်မကောင်း သလိုပြောပါသည်။

"ဖြစ်သလိုပေါ့ဗျာ"

ထမင်းယူရန်လာကြသော ရွှေးတပ်သားများထဲတွင် သာဆင်မှာ လုပိုတစ်ယောက်အဖြစ်ပါရှိလာလေသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော့်အတွက် ရသင့်ရထိုက်သောထမင်းဟင်းများကို သာဆင်အား အယူခိုင်းရပါသည်။

ကိုစံခသည် သီးသီးသန့်သန့်ချက်ထားသော အာလူးဟင်းနှင့် ထမင်းများကို သာဆင်ကြိုက်သလောက် ထည့်ယူစေပါသည်။

ကျွန်တော့်အတွက်ရရှိသောထမင်းမှာ ယိုင်ပတ်ကြီးထဲတွင်စုပုံထားသောထမင်း မဟုတ်ပေ။ သံပုရာပိုင်း ဒယ်အိုးကြီးတစ်လုံးထဲမှထမင်း ဖြစ်လေသည်။ ထိုထမင်းမှာ ယိုင်ပတ်ထဲရှိထမင်းနှင့် ဆန်ချင်းအတူတူဖြစ်သော် လည်း၊ ကောင်းမွန်စွာနပ်ထားသဖြင့် 'နပ်သောထမင်း' ဟုဆိုရပါသည်။ ယိုင်ပတ်ထဲမှ ထမင်းမှာမူ နပ်ချင်မှနပ်ပေ မည်။ နပ်သည့်ထမင်းကနပ်လျက်၊ မနပ်ဘဲ ချိုးကပ်တွေနေသောထမင်းများကလည်း ပါရှိလေသည်။

ဟင်းမှာလည်း ထိုနေ့က ကွဲပြားလေသည်။ ရွှေးတပ်သားများအတွက်ဟင်းမှာ ပဲကြားနှင့် ရွှေဖရုံသီးများ ရောနှောကျိုထားသောဟင်း ဖြစ်လေသည်။ ကျွန်တော့်အတွက်မှာမူ အာလူးနှင့်ရွှေဖရုံသီးကို မဆလာခတ်လျက် ခပ်ပျစ်ပျစ်ချက်ထားခြင်း ဖြစ်ပါသည်။

နောင်အခါမှကျွန်တော်သိရသည်မှာ ကျွန်တော်အပါအဝင် ရိက္ခာရာရှင်သီးသန့်ရရှိသူများမှာ စကားပြန်

http://mmteashop.com



ကိုလုဖေ၊ ထမင်းချက်ကိုစံခ၊ ရိက္ခာဂိုဒေါင်တွင်ဂျပန်များနှင့် တွဲဖက်၍အလုပ်လုပ်ရသော ဂိုဒေါင်စာရေး ကိုခင်ရွှေနှင့် ကိုသန်းမောင်၊ လက်နက်ဂိုဒေါင်မှ စာရေးကိုချစ်ထွန်းနှင့် ကိုပွကြီး၊ ဆင်ဦးစီးခေါင်း ဦးနမ့်လွေ့၊ စုစုပေါင်း လူ ၉ ယောက် ဖြစ်ကြလေသည်။

သာဆင်သည် ထမင်းများကို ဝါးဆစ်ကျည်တောက်ကြီးတစ်လုံးထဲသို့ ထည့်လေသည်။ ဟင်းကိုလည်း ဝါးဆစ်ကျည်တောက်ကြီးတစ်ခုထဲသို့ ထည့်လေသည်။ ပြီးလျှင် ရေနွေးတစ်ဘူးကို ဝါးဆစ်ကျည်တောက်ထဲ သို့ ထည့်ပြန်လေသည်။

"ဟော့ကောင်လေး။ ဆားယူသွားဦးကွ။ ဆား။ အဲဒါက အရေးကြီးတယ်"

ကိုစံခက သာဆင်ကိုလှမ်းပြောလိုက်လေသည်။

"ထည့်စရာကျည်တောက် မပါတော့ဘူးဗျ"

ကျွန်တော်က ပြောလိုက်ပါသည်။

ကိုစံခသည် နေရာမှထသွားပြီးနောက် ဝါးဆစ်ဘူးငယ်တစ်လုံးထဲသို့ ဆားများကို ကိုယ်တိုင်ကိုယ်ကျ ထည့်၍ပေးလေသည်။ သူ့ဝါးဆစ်ဘူးကလေးမှာ အဖုံးအပိတ်နှင့်လုပ်ထားသော ဝါးဆစ်ဘူးကလေးဖြစ်လေသည်။ ပြီးလျှင် သိုင်းလွယ်ရန်အတွက် ကြိုးတစ်ချောင်းတပ်ထားလေသည်။

"ခုလို ကျွန်တော်တို့က သီးသန့်ချက်ပြုတ်စားတော့ ဂျပန်က ဘာမှမပြောဘူးလား"

ကျွန်တော်က မေးကြည့်ပါသည်။

"ဘာဆိုင်လဲဗျာ။ ဒါက ကျွန်တော်တို့အတွက် သီးသန့်ရတဲ့ရိက္ခာပဲဟာ"

ကျွန်တော်သည် ကိုစံခကိုနှုတ်ဆက်ပြီးနောက် အလုပ်စခန်းရှိရာသို့ သာဆင်နှင့်အတူ ပြန်ခဲ့လေသည်။

အလုပ်စခန်းသို့ ကျွန်တော်နှင့် သာဆင် ရောက်ရှိပြီးနောက် တအောင့်တနားကြာရှိသွားသောအခါ၌ပင် ထမင်းယူ သွားကြသောချွေးတပ်သားများ ပြန်လည်ကာရောက်ရှိလာကြလေသည်။

သူတို့၏ထမင်းတောင်းနှင့် ဟင်းထည့်သောဝါးဆစ်ကျည်တောက်များကို သစ်ပင်ကြီးများအောက်တွင် ချထားကြလေသည်။ ဘွန်ထိုက်ချို်များ၊ ဟန်ချို်များသည် အဖွဲ့လိုက်ဖွဲ့လျက် လူဦးရေအချိုးအစားအလိုက် ထမင်းဟင်းများကို ခွဲခြမ်းခြင်းပြုရလေသည်။ ပြီးမှ ချွေးတပ်သားတစ်ယောက်စီအတွက် ဝေခြမ်းခြင်း ပြုရပြန်ပါသည်။

ဤအခါ၌လည်း ချွေးတပ်သားများအဖို့ အခက်အခဲတစ်ရပ် ကြုံပြန်ပါတယ်။ ထိုအခက်အခဲမှာ တခြား မဟုတ်ပေ။ ချွေးတပ်သားများအတွက် ထမင်းပုံစားရန် ပန်းကန်ခွက်ယောက်မရှိကြခြင်းပင် ဖြစ်လေသည်။ တဲတန်းလျားတွင် စားသောက်ကြစဉ်အခါကမူ အင်ဖက်များ၊ တောငှက်ပျောရွက်များ၊ တောသစ်ရွက်ကြီးများကို တဲတန်းလျားပေါ်တွင် ဖြန့်ခင်းလျက် ပုံစားခဲ့၍ဖြစ်လေသည်။ ယခုမူ မိုးကလည်း သဲကြီးမဲကြီးရွာသွန်းနေသည်။ တဲလိုင်းအတွင်း၌လည်း မဟုတ်ပါချေ။ ထို့ကြောင့် အခက်အခဲတွေ့ရလေတော့သည်။

"တောငှက်ပျောတွေရော၊ ဖက်တွေရောရှိပေမယ့်၊ မိုးက ဒါလောက်တောင်ရွာပြီး ရွှံ့တွေ၊ ဗွက်တွေဖြစ်နေတာ ဘယ်နေရာ သွားစားရမှာလဲဗျာ"

ဘွန်ထိုက်ချိုကိုမောင်စိန်က ပြောလေသည်။

ချွေးတပ်သားများမှာလည်း ဖက်ရွက်များကို လက်တွင်အသီးသီးကိုင်ကာ မိုးရေအောက်ရပ်လျက် အခက်အခဲတွေ့ကြရှာသည်။

ကျွန်တော့်အနေဖြင့်မူ လောလောဆယ် ထမင်းထည့်စားသောက်ရန်အတွက် ယမန်နေ့ညကပင် ကိုလုဖေ ထံမှ ဝါးခွက်တစ်လုံး ရထားပါသည်။ ထိုဝါးခွက်သည် ဝါးပိုးဝါးကို အဆစ် ၂ ဘက်ခံလျက် ထက်ခြမ်းခွဲကာ အချောသပ်ထားသောခွက် ဖြစ်လေသည်။ လွယ်လွယ်ဆိုရလျှင် လေ့များတွင်အသုံးပြုသည့် ရေပက်ခွံသဏ္ဌာန် ဖြစ်လေသည်။

http://mmteashop.com



"ဝါးတွေ အပေါ်သားပဲ။ အဲဒီတော့ ဝါးပင်တွေခုတ်ပြီး၊ ကိုသက်ပန်လက်ထဲကခွက်လို တစ်ယောက်တစ်ခွက် လုပ်ကြရင် ကောင်းမယ်။ နောင်တော့ အမြဲတမ်းထည့်စားသွားရမှာပဲ"

ကိုကောင်းစိန်က အကြံပေးလေသည်။

မနေ့ကမှ ထမင်းတောင်းရက်ရခြင်း၊ ဝါးဆစ်ကျည်တောက်လုပ်ရခြင်း၊ ထင်းကိစ္စ, ရေကိစ္စလုပ်ရခြင်း များနှင့် ခရီးပန်းလာခြင်းများကြောင့် ကျွန်တော်တို့တစ်တွေမှာ ထမင်းစားခွက်လုပ်ကြရန် သတိမေ့လျော့နေကြခြင်းဖြစ်လေသည်။

"ခုမှတော့ လုပ်မနေကြနဲ့တော့။ အချိန် မီတော့မှာမဟုတ်ဘူး။ ဂျပန်တွေပြန်ရောက်လာရင် အလုပ်ပြန်ဝင်ရမှာ။ ဆာလည်း ဆာလှပြီဗျာ။ ဒီမနက် ဖြစ်သလို ဖက်ထဲထည့်စားကြမယ်။ ညနေအလုပ်သိမ်းတော့မှ ထမင်းစားခွက် လုပ်ကြတာပေါ့။ အဲဒီတော့လည်း ပြီးသလောက်၊ ဒါမှမဟုတ်လည်း ဝါးအတိုင်းခုတ်ပြီး တဲလိုင်းအရောက် ထမ်းသွားကြမယ်။ ဟိုကျမှ တစ်ညလုံးလုပ်ကြတာပေါ့"

ဟန်ချိုကိုချစ်တီးက အကြံပေးလေသည်။

ဤလိုနှင့် ချွေးတပ်သားများအားလုံးပင် ဖက်ထဲတွင် ထမင်းဟင်းများစုပုံပြီးနောက်၊ လက်တစ်ဖက်က ကိုင်ကာ အတန်ငယ် မိုးရေမိုးပေါက်သက်သာသည့်သစ်ပင်ကြီးများအောက်တွင် လည်းကောင်း, ကျောက်တောင်ကြီးများဘေးတွင် လည်းကောင်း ဝင်ရောက်ခိုကပ်လျက် ဖြစ်သလိုစားကြရလေသည်။ ထိုအခါ မိုးရေမိုးပေါက်များသည် ထမင်းထဲသို့ တပေါက်ပေါက်ကျဆင်းနေလေသည်။

ဤအဖြစ်မှာ မိုးရာသီတစ်ရာသီလုံး မိုးရွာသွန်းသောနေ့တိုင်း၌ပင် ချွေးတပ်သားများကြုံတွေ့ရသည့် မနက်စာထမင်းစားသောက်ရမှုဆင်းရဲဒုက္ခပင် ဖြစ်လေသည်။

http://mmteashop.com

## ဗြိတိသျှစစ်သုံ့ပန်း ခွေးတပ်သားများ

ကျောက်တစ်လုံးစခန်းသို့ ကျွန်တော်တို့ရောက်ရှိခဲ့ပြီးနောက်၊ တနင်္ဂနွေတစ်ပတ်ကျော်လောက် ရရှိသွားသော အခါ၌ပင် သံဖြူဇရပ်ခွေးတပ်စခန်းမှ စကားပြန်ကလေး မောင်အေးချိန်နှင့်အတူ 'ကူမိုမိယား' အမည်ရှိသော စစ်ဗိုလ်တစ်ယောက်နှင့် ဂျပန်အင်ဂျင်နီယာတပ်စိတ်တစ်ခု ကျောက်တစ်လုံးစခန်းသို့ ရောက်ရှိလာလေသည်။

တစ်ဖန် ထိုအဖြစ်နှင့်မရှေးမနှောင်းပင် ကျွန်တော် အမည်နာမ အသေအချာမသိရသော ဂျပန်စစ်ဗိုလ် တစ်ယောက်နှင့် ၎င်း၏နောက်ပါတပ်စိတ်တစ်ခုအပြင် ကျွန်တော်တို့အရင်ရောက်ရှိနေသော တဲလိုင်းနံပါတ် ၁ နှင့် ၂ မှ ခွေးတပ်သား ၆၀၀ ကျော်တို့မှာလည်း အထက်စခန်းတစ်ခုသို့ ရွှေ့ပြောင်းသွားခဲ့လေသည်။ ၎င်းတို့ ရွှေ့ပြောင်းသွားရသောစခန်းမှာ 'ဘုရား ၃ ဆူစခန်း' ဟူ၍ ကိုစံခက ကျွန်တော့်အား ပြောလေသည်။ ထိုရွှေ့ပြောင်း သွားရသောဂျပန်စစ်တပ်နှင့်အတူ စကားပြန်ကိုလုဖေမှာလည်း လိုက်ပါသွားရလေသည်။

ကျွန်တော်သည် သိပ်ဟောင်းကျွမ်းဟောင်း တစ်ယောက်ဖြစ်သော စကားပြန်သူငယ်ကလေး မောင်အေးချိန်နှင့် ထပ်မံကာတွေ့ကြရသောကြောင့် အတော်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

မောင်အေးချိထံမှ ကျွန်တော်သိရသည်မှာ ယခုရောက်ရှိလာသော ဂျပန်အင်ဂျင်နီယာတပ်သည် မီးရထားလမ်း ဖောက်လုပ်ရာတွင် တံတားဆောက်လုပ်ရေးအတွက်ရောက်ရှိလာခြင်း ဖြစ်ကြောင်း။ သို့ရာတွင် ယခုမိုးရာသီအတွင်း ၌မူ တံတားများကိုဆောက်လုပ်ခြင်း ပြုကြဦးမည်မဟုတ်ဘဲ မိုးအကုန်ဆောင်းအကူးရာသီ၌ ဆောက်လုပ်လိမ့်မည် ဖြစ်ကြောင်း။ ယခုလောလောဆယ်တွင်မူ စမ်းချောင်းကူးလမ်းများ, ချိုင့်ဝှမ်းနှင့် ချောက်ကမ်းပါးများကို အခြေအနေ လေ့လာတိုင်းထွာခြင်း, တံတားအတွက် သစ်ပင်ကြီးများခုတ်လှဲခြင်း စသည်များကို ပြုလုပ်လိမ့်မည်ဖြစ်ကြောင်းနှင့် သိရှိရပါသည်။

ကျောက်တစ်လုံးစခန်းသို့ ကျွန်တော်တို့ရောက်ရှိလာခဲ့သည်မှာ တနင်္ဂနွေတစ်ပတ် ကျော်လွန်ခဲ့ပြီဖြစ်သောကြောင့် လည်း ကျွန်တော်တို့သည် စခန်းအခြေအနေကို လည်းကောင်း, စခန်းရှိ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများ၏အခြေအနေကို လည်းကောင်း, အခြားသောတဲတန်းလျားများရှိ ခွေးတပ်အဖွဲ့များမှ ခွေးတပ်သားတို့၏အခြေအနေကို လည်းကောင်း အတော်အတန်လေ့လာမိကြပြီး ဖြစ်လေသည်။ ထို့ပြင် ကျွန်တော်တို့ခွေးတပ်သားများသည် အလုပ်ခွင်၏သဘော သဘာဝကိုလည်း အတော်ပင် သဘောပေါက်နားလည်လာကြလေသည်။

ဥပမာ ကျွန်တော်တို့သည် မည်သည့်အချိန်တွင် အိပ်ရာမှထလျက်၊ မည်သည့်အချိန်တွင် လုစုဝေး တန်းစီကြ ရမည်ဆိုသည်ကို လည်းကောင်း, မည်သည့်အချိန်တွင် နံနက်စာထမင်း ယူ၍၊ မည်သည့်အချိန်တွင် အလုပ်မှ တက်ကြရမည်ဆိုသည်ကို လည်းကောင်း။ အလုပ်နှင့်ပတ်သက်သောလက်နက်ပစ္စည်းများကို အဘယ်ပုံထုတ်ယူ၍၊ အဘယ်နည်း ပြန်လည်အပ်နှံကြရမည်ဆိုခြင်းကို လည်းကောင်း။ ညရေးညတာအတွက်လိုအပ်သော ထင်းမီးများကို အဘယ်ပုံ သိုမှီးကြရမည် ဆိုခြင်းကို လည်းကောင်း။ ရေမိုးကိစ္စမှစလျက် ညရေးညတာကိစ္စများအထိ မည်သို့ စီမံဆောင်ရွက်ကြရမည်, မည်သို့ တာဝန်ခွဲဝေကြရမည်ဆိုခြင်းကိုလည်းကောင်း တဖြည်းဖြည်း တစ်စစ မှဆိုးစိုင်သင် နားလည်လာကြရလေသည်။

http://mmteashop.com



ဤလို တောတွင်းချွေးတပ်စခန်းများနှင့် အလုပ်တာဝန်၏အကြောင်းများ, သဘောသကန်များကို နားလည်ထားပါမှလည်း ကျွန်တော်တို့အဖို့ ထိုက်သင့်သလောက် ကိုယ်, စိတ် ၂ ပါး၏သက်သာရာသက်သာကြောင်းကို ရရှိနိုင်မည်သာ ဖြစ်လေသည်။ ထိုသို့မှ သဘောပေါက်နားလည်ထားခြင်းမရှိပါက ကျွန်တော်တို့အားလုံးအဖို့ ပို၍ပို၍ စိတ်ဆင်းရဲ, ကိုယ်ဆင်းရဲခြင်းဖြစ်ကြရမည်သာ ဖြစ်လေသည်။

ပို၍ ရှင်းလင်းရန် ထပ်မံ၍ ဥပမာတင်ပြလိုပါသည်။ အလုပ်တာဝန်အရ မနက်ခင်းတွင် ကျွန်တော်တို့ တန်းစီရမည့်အချိန်မှာ ၆ နာရီတိတိတွင် ဖြစ်လေသည်။ ထိုအခါ သက်ဆိုင်ရာဘွန်ထိုက်ချိုနှင့် ဟန်ချို စသူများသည် ၅ နာရီထက်နောက်မကျဘဲ အိပ်ရာမှ ထကြရလေသည်။ ပြီးလျှင် သူတို့သည် သက်ဆိုင်ရာသက်ဆိုင်ရာချွေးတပ်သားများအား အိပ်ရာမှ နှိုးကြရလေသည်။ ထိုအခါ ချွေးတပ်သားများမှာလည်း အိပ်ရာမှလူးလဲ၍ ထကြရလေသည်။ မျက်နှာသစ်ခြင်း၊ အခင်းကလေး, အခင်းကြီးသွားလာကြခြင်း၊ ဆေးလိပ်အစ, ရေနွေးအစသောက်ကြခြင်း စသည်များကို ပြုကြရလေသည်။ ရေနွေးသောက်ကြရသည်ဆိုသော်လည်း လက်ဖက်ခြောက်ခတ်ထားသောရေနွေး မဟုတ်ပေ။ ရေနွေးရိုးရိုး အဖြူထည် ဖြစ်လေသည်။ သို့ရာတွင် တစ်ခါတစ်ခါ၌လည်း လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းကို သောက်နိုင်ကြပါသည်။ ဤသို့သောက်နိုင်ကြသည်မှာ မွန်ဈေးသည်လုည်းများလာ၍ ဝယ်ခြမ်းရနိုင်သောအခါမျိုးတွင် ဖြစ်လေသည်။ ပြီးလျှင် မွန်ဈေးသည်များထံမှဝယ်ယူထားသော ကြံသကာကလေးများနှင့် ညစာထမင်းစားစဉ်က ခြိုးခြံသိမ်းဆည်းထားသော ထမင်းကြမ်းကလေးများကိုပင် စားသောက်ခြင်းပြုနိုင်ကြလေသည်။

ဤတွင် ဘွန်ထိုက်ချို, ဟန်ချို စသူများက အလုပ်သဘောနှင့် တောတွင်းချွေးတပ်စခန်းများအကြောင်းကို မသိသဖြင့် ထင်သလိုအိပ်နေမည်ဆိုပါမူ၊ တန်းစီသည့်အခါ နောက်ကျနေပါက ပါးနားအရိုက်ခံရခြင်း, စစ်ဖိနပ်နှင့် အကန်အကျောက်ခံရခြင်း, ကျင်ကြီးကျင်ငယ်ပင် မစွန့်ရခြင်း စသောအဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ဖြစ်လေသည်။

အကယ်၍ ချွေးတပ်သားတစ်ဦးတစ်ယောက်သည် မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ မနက်ပိုင်း တန်းစီချိန်တွင် နောက်ကျနေမည်ဆိုပါက လူစစ်ဆေးသောဂျပန်သည် ဦးစွာပထမ ဘွန်ထိုက်ချိုနှင့် ဟန်ချိုကို ပါးနားရိုက်နက်ခြင်း, ထိုင်ချည်ထချည်အလုပ်ခိုင်းခြင်း, စစ်ဖိနပ်နှင့်ကန်ကျောက်ခြင်း ပြုလေသည်။ ပြီးလျှင် အိပ်ရာထနောက်ကျသော ချွေးတပ်သားအား ကြီးမားသောကျောက်တုံးကြီးကို ဦးခေါင်းပေါ်တွင်ရွက်စေလျက် အချိန်ကြာမြင့်စွာ မတ်တတ်ရပ်နေစေသည်။ ထိုကဲ့သို့ အပြစ်ပေးခံရသည့်အခါ ချွေးတပ်သားမှာ မကြာမီအချိန်အတွင်း တဆတ်ဆတ်တုန်လျက် ဗိုင်းခနဲ ပစ်လဲလေတော့သည်။ သို့ရာတွင် ထိုကိစ္စမှာ ထိုမျှနှင့်မပြီးပါချေ။ ဒုတိယအကြိမ်, တတိယအကြိမ် ထပ်တလဲလဲ လုပ်ခိုင်းလေသည်။ တစ်ခါတစ်ခါ၌မူ ထိုအဖြစ်ထက်ပို၍ဆိုးရွားသော ညှဉ်းပန်းနှိပ်စက်မှုကို ပြုလေသည်။

တန်းစီနောက်ကျသောချွေးတပ်သားများအား ခါးတောင်းကို မြှောင်အောင်ကျိုက်ထားစေသည်။ ပြီးလျှင် ခြေ ၂ ချောင်းကို ကားစေပါသည်။ ထို့နောက် ဝါးလုံးများကိုမီးရှို့ကာ ခြေ ၂ ချောင်းအောက်မှနေလျက် မီးတိုက်ခြင်းပြုလေသည်။ လူအရှင်လတ်လတ်ကို မီးရှို့မီးမြှိုက်သည့်သဘောပင် ဖြစ်လေသည်။ ထိုအခါ ချွေးတပ်သားခမျာ အဘယ်မျှ ထွန့်ထွန့်လူး၍နေရှာလေမည်နည်း။ တွေးကြည့်ရုံမျှနှင့်ပင် ကြက်သီး မွေးညင်းထလောက်သည့် လူမဆန်သည့်ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်လေသည်။

တစ်ဖန် လိုအပ်သော ထင်းမီးကိစ္စ, ရေမိုးကိစ္စများကိုလည်း သူ့အထာနှင့်သူ သဘာဝကျအောင် ဆောင်ရွက်တတ်ရန် လိုလေသည်။ ကျွန်တော်တို့သည် တဲလိုင်းကြီးများအတွင်း၌ မီးဖိုကြီးများဖိုလျက်၊ မီးကို မပြတ်မလပ် ထည့်ထားရလေသည်။ နေ့ဘက်အလုပ်ဆင်းနေခိုက် မီးမပြတ်ရုံ, မီးမသေရုံထားခဲ့ကြပြီး၊ ညနေ အလုပ်ကတက်လာသည့်အချိန်များတွင်မူ မီးဖိုကြီးများတွင် မီးတောက်မီးလျှံဟုန်းဟုန်းတောက်သည်အထိ မီးအားကောင်းကောင်း ထည့်ကြရလေသည်။ တဲတန်းလျားကြီးတစ်လုံးတွင် မီးဖို ၂ ဖိုမှ ၃ ဖိုအထိ ပြုလုပ်ထားကြရလေသည်။

http://mmteashop.com



ဤလို ထင်းမီးများကိုထည့်နိုင်စေရေးအတွက် သက်ဆိုင်ရာဘွန်ထိုက်ချိုနှင့် ဟန်ချိုများသည် မိမိတို့ ယော်သားများအား အလှည့်ကျ လူသတ်မှတ်လျက် ညနေအလုပ်မှအပြန်တွင် တောသစ်ပင်များကို ခုတ်လှဲစေလျက် ထင်းအလို့ငှာ ယူဆောင်ခိုင်းရလေသည်။ စင်စစ် ဤကိစ္စ ဤတာဝန်မှာလည်း ညနေအလုပ်သိမ်းချိန်ရောက်မှ ထင်းခုတ်၍ မဖြစ်ပေ။ တာဝန်ကျသော ချွေးတပ်သားအုပ်စုသည် နံနက်စာ ထမင်းစားချိန်ကပင် ထမင်းကို ကမန်းကတန်းစားသောက်ပြီးနောက် သင့်လျော်ရာရာသစ်ပင်များကို ထင်းအလို့ငှာ ခုတ်လှဲထားရလေသည်။

ညနေပိုင်းအလုပ်သိမ်းချိန်မှာ ၅ နာရီတွင်ဖြစ်လေရာ၊ ထိုအချိန်မှာ တောကြီးမြိုင်ကြီးများအတွင်း၌ ဖြစ်လေသောကြောင့် မကြာမီ အမှောင်ထုက ဖုံးလွှမ်းလာမည့်အချိန် ဖြစ်လေသည်။ ထို့ကြောင့်ပင် ထင်းအတွက် အချိန်ကြိုတင်ကာ စီစဉ်လုပ်ကိုင်ထားရခြင်းဖြစ်လေသည်။

တဲတန်းလျားများအတွင်း၌ ဤလိုမီးဖိုကြီးများဖိုလျက် ညနေ အလုပ်စခန်းမှအပြန်တွင် မီးဟုန်းဟုန်းတောက် ထည့်နိုင်သောကြောင့်လည်း အဝတ်တစ်ထည် ကိုယ်တစ်ခုဖြစ်နေကြသော ချွေးတပ်သားများအနေဖြင့် မိုးရေများ စိုရွှဲလာသော ခါးဝတ်ပုဆိုးများကို ကိုယ်ပေါ်မှချွတ်ချွတ်လျက် ခြောက်သွေ့အောင် မီးကင်နိုင်ကြလေသည်။ ပြီးသော် ချမ်းချမ်းစီးစီးဖြစ်လာရခြင်းကိုလည်း မီးငွေ့လှုံကာကုစားရလေသည်။ နောက်တစ်ဖန် ရေနွေးကျိုရသည့်ကိစ္စ, ညမှုညတာကိစ္စ, ထမင်းစားသောက်ကြရသောကိစ္စ စသည်တို့မှာလည်း မီးရှိမှ အဆင်ပြေသည့်ကိစ္စများ ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့သည် တဲတန်းလျားများတွင် မီးထင်းအပြတ်မခံနိုင်ကြခြင်းပင် ဖြစ်လေသည်။ မွန်ဈေးသည်လုည်းများထံတွင် ကညင်ဆီမီးတိုင်များဝယ်၍ရသည်မှာ မှန်သော်လည်း၊ ကညင်ဆီချောင်းများမှာ မီးပုံကြီးများကဲ့သို့ ခရီးမရောက်ပါချေ။ မွန်တို့ထံမှ ကျွန်တော်တို့လိုသလောက် ကညင်ဆီချောင်းများလည်း ဝယ်မရနိုင်ပေ။

တဲတန်းလျားကြီးများအတွင်း ဤလိုမီးဖိုကြီးများဖိုလျက်၊ နေ့မီး,ညမီးမပြတ်တမ်းထည့်ထားသော အပြုအမူကိုလည်း ကျွန်တော်တို့သည် ဗြိတိသျှစစ်သုံ့ပန်းများထံမှ အတုယူရခြင်းပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ အဘယ့်ကြောင့်ဆိုရပါမူ ကျောက်တစ်လုံးစခန်းတွင် ကျွန်တော်တို့အရင်ရောက်နေသော ချွေးတပ်သားများသည် သူတို့သူတို့၏ တဲတန်းလျားကြီးများအတွင်း၌ ပြောပလောက်အောင် မီးဖိုခြင်း, မီးထင်းများထည့်ခြင်းကို မတွေ့ရချေ။ ညဘက်များတွင် အမှောင်နှင့်မည်းမည်းဖြစ်နေလေတော့သည်။ သူတို့တစ်တွေ မီးထည့်ထားသည်မှာလည်း တော်စွလျော်စွ ဆေးလိပ်မီးညှိ၍ရလောက်ရုံ သစ်ကိုင်းခြောက်, ဝါးခက်ခြောက်ကလေးများနှင့် ထင်းတုံးအတိုအစကလေးများလောက်သာ ဖြစ်လေသည်။ အကယ်၍ သူတို့ကိုယ်ပေါ်ရှိအဝတ်အထည်များ မိုးကြောင့်စိုရွှဲလာခဲ့လျှင်လည်း ကိုယ်လုံးတီးချွတ်လျက်ရေညှစ်ချကာ သစ်ကိုင်းခြောက်အတိုအစကလေးများ အမှိုက်သရိုက်များလောက်ကိုသာမီးပုံရှို့လျက် တော်ရုံသဖြင့်မီးကင်ခြင်း ပြုကြလေသည်။

ဤသို့ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း။ သူတို့တစ်တွေ အလုပ်ပင်ပန်းဆင်းရဲလွန်းသောကြောင့်ပေလော။ သို့တည်းမဟုတ် ချွေးတပ်သားများအပေါ်တွင် စီမံအုပ်ချုပ် လူကြီးလုပ်ရသောဘွန်ထိုက်ချို, ဟန်ချို စသူတွေကပင် အမြင်မကျယ်၍ မအုပ်ချုပ်မစီမံတတ်သောကြောင့်ပေလော။ မည်သို့ဟူ၍ မပြောတတ်ပါချေ။

ကျောက်တစ်လုံးစခန်းတွင် အရပ်သားချွေးတပ်သားများနေထိုင်ရန်အတွက် ဆောက်လုပ်ထားသော တဲလိုင်းကြီးပေါင်း ၆ ခု ရှိလေသည်။ တဲလိုင်းတစ်လိုင်းတွင် ချွေးတပ်သား ၃၀၀.ခန့် နေထိုင်နိုင်သည်။ ၃၀၀ ခန့်အထိလည်း ဂျပန်တို့က ထားလေသည်။ သို့ရာတွင် အမှန်အကန်နည်းနှင့် ထားသင့်ထားထိုက်သည်မှာ ၂၀၀ ခန့်သာ ဖြစ်သင့်သည်ဟု ကျွန်တော်ယူဆမိပါသည်။

http://mmteashop.com



ကျွန်တော်တို့ တဲတန်းလျားနှင့် ကိုက် ၃–၄၀ ခန့်အကွာတွင် တဲလိုင်းကြီးတစ်လုံး ရှိပြန်ပါသည်၊ ထိုတဲလိုင်းကြီးမှာလည်း ကျွန်တော်တို့တဲလိုင်းကြီးများကဲ့သို့ မြေစိုက်ဆောက်လုပ်ထားသောတဲကြီး ဖြစ်သည်။ အလျားအရှည်သည်မှာလည်း ကျွန်တော်တို့တဲကြီးများနည်းတူဖြစ်လေသည်။ ထိုတဲကြီးထဲတွင် စစ်သုံ့ပန်း ၂၀၀ ခန့် ရှိလေသည်။

ကျွန်တော်သည် ကျောက်တစ်လုံးစခန်းသို့ရောက်ရှိသွားပြီးနောက်၊ ၁ ရက်–၂ ရက်အကြာ၌ပင် စစ်သုံ့ပန်းများ၏သွားလာလှုပ်ရှားမှုကိုလည်းကောင်း, သူတို့အနေအထိုင်ကိုလည်းကောင်း ခပ်လှမ်းလှမ်းမှနေလျက် အကဲခတ်လေ့လာကြည့်မိလေသည်။ ဗြိတိသျှစစ်သုံ့ပန်းများတွင် အင်္ဂလိပ်, ဩစတေးလျ, ဒတ်ချ်, အိန္ဒိယအမျိုးသားများဟူ၍တွေ့ရလေသည်။ ထိုအထဲတွင် အိန္ဒိယအမျိုးသားမှာ အတော်ကလေးနည်းလေသည်။ ဂျပန်တို့သည် ထိုဗြိတိသျှစစ်သုံ့ပန်းများအား စင်ကာပူ, ဟောင်ကောင် စသောတိုက်ပွဲများမှ ဖမ်းဆီးရမိလာခြင်းပင် ဖြစ်လေသည်။

ထိုတဲလိုင်းကြီးရှိ သုံ့ပန်းစစ်သားများသည် သူတို့၏တဲကြီးတွင် အမြဲမပြတ် မီးထည့်ထားလေသည်။ ညဘက်တွင် ပို၍ မီးထည့်လေသည်။ သူတို့သည် အလုပ်ကပြန်လာတိုင်း ထင်းတုံးများ, ထင်းကိုင်းများကို သယ်ဆောင်ထမ်းပိုးလာကြလေသည်။ ရေကိုဆိုလျှင်လည်း ချွေးတပ်သားများကဲ့သို့ပင် ဝါးကျည်တောက်ဘူးများနှင့် ထမ်းပိုးသယ်ဆောင်လာကြလေသည်။

အနေအထိုင်, အစားအသောက်မှစ၍ သွားလာလှုပ်ရှားမှုမှန်သမျှမှာ စစ်တပ်တစ်တပ်၏ဖွဲ့စည်းအုပ်ချုပ်မှုပုံသဏ္ဌာန်အတိုင်း ဖြစ်လေသည်။ ရာထူးအဆင့်အတန်းအလိုက် ကြီးသူက ငယ်သူကို အဆင့်ဆင့်အုပ်ချုပ်သွားလေသည်။ ထမင်းစားလျှင်သော်လည်းကောင်း, အလုပ်ဆင်းလျှင်သော်လည်းကောင်း, အလုပ်တက်လာလျှင်သော်လည်းကောင်း, အလုပ်လုပ်ရာ၌သော် လည်းကောင်း စနစ်တကျရှိလေသည်။ စစ်တပ်ပုံစံအတိုင်း ဖြစ်လေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချီများသည် ထိုသုံ့ပန်းစစ်သားများ၏အပြုအမူကိုလေ့လာလျက် သူတို့ကဲ့သို့ ပုံစံကျမနေတတ်သည့်တိုင် ထင်းမီးကိစ္စ, ရေမိုးကိစ္စကိုမူ သူတို့နှင့်မခြား အတုယူလျက်နေထိုင်ခြင်းပြုရန် တိုင်ပင်ကြကာ ထိုကိစ္စကို စီမံဆောင်ရွက်ကြရခြင်းဖြစ်လေသည်။ ထို့ကြောင့်လည်း အရပ်သားချွေးတပ်သားများနေထိုင်သည့် တဲလိုင်းကြီး ၆ လိုင်းရှိသည့်အနက် ကျွန်တော်တို့ခရိုင်မှအဖွဲ့သားများနေထိုင်သော တဲလိုင်းအမှတ် ၅ နှင့် ၆ သည် အခြားတဲလိုင်းများထက် အသန့်ရှင်းဆုံး, စနစ်အကျဆုံး, ပြဿနာအနည်းဆုံး ဖြစ်လေသည်။

ဗြိတိသျှစစ်သုံ့ပန်းများနှင့်ပတ်သက်၍ နောက်ထပ် ကျွန်တော် သတိပြုလေ့လာမိသောအကြောင်းအချက်များလည်း ရှိလေသည်။ ဂျပန်များ၏လက်တွင်း၌ စစ်သုံ့ပန်းအဖြစ် အဖမ်းအဆီးခံနေကြရရှာသော ဗြိတိသျှစစ်သည်တော်များ၏ဘဝမှာလည်း မသက်သာလှပါချေ။ အချို့နေရာများတွင်မူ သူတို့သည် ချွေးတပ်သားများထက် အခြေအနေ ပို၍ဆိုးရွားလှသည်ကို တွေ့ရလေသည်။ ဥပမာ ကျွန်တော်တို့အရပ်သားချွေးတပ်သားများမှာ မီးရထားလမ်းဖောက်လုပ်ရာ၌ လုပ်ခငွေရကြသော်လည်း စစ်သုံ့ပန်းချွေးတပ်သားအနေဖြင့်မူ လုပ်ခကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မျှ မရရှိကြပါချေ။ ကျွန်တော်တို့အတွက်မှာမူ လုပ်ခကို တစ်ပတ်တစ်ကြိမ်ကျ ရှင်းလင်းပေးလေသည်။

ဤတွင် 'တောကြီးတောင်ကြီးများအတွင်း၌ဖြစ်လေသောကြောင့် အခကြေးငွေရရှိခြင်းကြောင့် အကြောင်းတစ်စုံတစ်ရာ ထူးခြားသလား' ဟူ၍ မေးစရာရှိလေသည်။ အမှန်အားဖြင့်မူ တောကြီးတောင်ကြီးများအတွင်း၌ ဖြစ်သော်လည်း ချွေးတပ်သားများရရှိသော ဂျပန်စက္ကူများသည် သူ့နေရာနှင့်သူ ထိုက်သင့်သလောက်ခရီးရောက်သည် ဟူ၍လည်း ဆိုနိုင်လေသည်။

မွန်ဈေးလှည်းများသည် ကျွန်တော်တို့၏ တောတွင်းချွေးတပ်စခန်းများသို့ မကြာခဏ ရောက်ရှိလာတတ်လေသည်။ ထိုဈေးသည်လှည်းများတွင် ပဲကြီးလှော်, ကုလားပဲလှော်, ကြံသကာ, မြေပဲယို, အပေါစားအညံ့စား တရုတ်မုန့်, ဖွဲနုမုန့်, ကွမ်းသီးဖက်ဆေးလိပ်, ဖယောင်းတိုင်, မီးခြစ်, ဆေးတံသောက်ဆေးမှုန့်, ဆေးရွက်ကြီး,

http://mmteashop.com



လက်ဖက်ခြောက်, ကညင်ဆီချောင်း, ကောက်ညင်း, အရက် စသည်များ ပါရှိလာလေသည်။ ထိုအခါ လုပ်ခငွေအဖြစ် ဘုရားနီစက္ကူကလေးများရရှိထားသော အရပ်သားချွေးတပ်သားများအနေဖြင့် အလိုရှိရာပစ္စည်းကလေးများကို ဝယ်ခြမ်းနိုင်ကြသော်လည်း၊ စစ်သုံ့ပန်းချွေးတပ်သားများအနေဖြင့်မူ တစ်စုံတစ်ရာ ဝယ်ခြမ်းနိုင်ခြင်း မရှိပါချေ။ သူတို့ခမျာများသည် အရပ်သားချွေးတပ်သားများ ဝယ်ခြမ်းစားသောက်ကြခြင်းကိုသာ တမျှော်မျှော်တငေးငေး ဖြစ်နေရှာရလေသည်။ ချွေးတပ်စခန်းနှင့် မွန်ရွေးသည်လှည်းများအကြောင်းကို နောက်ပိုင်းတွင် ကျွန်တော် ဆက်လက်၍ ဖော်ပြပါမည်။

ပြီးလျှင် များစွာသောသုံ့ပန်းစစ်သားတို့မှာလည်း ယူနီဖောင်းများ အစုတ်စုတ်, ဖိနပ်များအပေါက်ပေါက် ဖြစ်လျက်၊ မုတ်ဆိတ်မွေး,ပါးသိုင်းမွေးများ ထူလပျစ်နှင့် ဗိုက်ပူနံကား ခြေသလုံးသိမ်ဒူးကြီးလျက်ရှိနေကြလေသည်။ သူတို့အထဲတွင် အလုပ်သက်သာ၍ သတိကြီးစွာထားလျက်ဆင်ခြင်စဉ်းစားနေထိုင်သော စစ်ဗိုလ်များလောက်သာ မူလကိုယ်ခန္ဓာအချိုးအစားမှ အတော်အတန်သာချို့ယွင်းသော်လည်း၊ ကျန်သောနောက်လိုက်ငယ်သားများမှာမူ နံရိုးကျဲကျဲ မျက်ကွင်းဟောက်ပက်နှင့် ပိန်ချုံးချည့်နဲ့လျက် ရှိကြလေတော့သည်။ သို့ရာတွင် သူတို့သည် အလုပ်ဆင်းသည့်အခါ၌သော်လည်းကောင်း၊ အလုပ်ခွင်မှ ပြန်လည်တက်ရောက် လာသည့်အခါ၌သော်လည်းကောင်း၊ ၂ ယောက် ၁ တွဲ စနစ်တကျတွဲလျက် စစ်ချီတက်သလို ချီတက်ကြလေသည်။ ဤသို့ ချီတက်ကြသည်ဆိုသော်လည်း သူတို့သူတို့၏ခြေလှမ်း, ခြေချမှုများတွင် အားမာန်ဟူ၍ အလျဉ်းမပါတော့ချေ။ ဟိုယိမ်းသည်ယိုင်နှင့် မကြာမီ လဲပြိုတော့မည့်ဟန်အမူအရာမျိုး ဖြစ်လေသည်။ ပမာဆောင်ရလျှင် သူတို့သူတို့၏ ခြေလှမ်းများသည် တိုက်ပွဲတစ်ခုဆီသို့ အားနှင့်မာန်နှင့်ချီတက်သော စစ်သည်တော်များ၏ခြေလှမ်းမျိုး မဟုတ်။ အကြီးအကျယ်တိုက်ပွဲရှုံးနိမ့်သဖြင့် အားအင်ကုန်ခမ်းကာ နောက်ကြောင်းကိုပြန်ဆုတ်ခွာလာရသော ခြေလှမ်းမျိုးဖြစ်လေသည်။

သူတို့သည် အလုပ်ခွင်၏လက်နက်ကိရိယာများဖြစ်သော ပေါက်ချွန်း, ပေါက်ပြား, လွှ, သံတူရွင်း, သံတူကြီးများကိုလည်း ရိုင်ဖယ်သေနတ်များကို ပခုံးထက်တွင်ထမ်းပိုးလာသည့်အလား သယ်ဆောင်ထမ်းပိုးလာတတ်ကြလေသည်။ သူတို့၏အကြီးအကဲဖြစ်သူမှာမူ တုတ်ငယ်တစ်ချောင်းကိုကိုင်ဆောင်လျက် ရှေ့ဆုံးမှနေ၍သော်လည်းကောင်း, နောက်ဆုံးမှနေလျက်သော်လည်းကောင်း လိုက်ပါလေ့ရှိလေသည်။

တစ်ဖန် သုံ့ပန်းချွေးတပ်သားများထဲတွင် အချို့မှာ ဖိနပ် ဟူ၍အလျဉ်းမရှိတော့ချေ။ အချို့မှာလည်း ဦးထုပ် ဟူ၍မရှိတော့ချေ။ အချို့ကား အမြှာမြှာစုတ်ပြဲနေသောအင်္ကျီနှင့်။ အချို့မှာမူ ဘောင်းဘီများစုတ်ပြဲနေချေပြီ။

ထိုအခါ ဖိနပ်မရှိသောသုံ့ပန်းစစ်သားများသည် အများတကာကိုမီအောင် ခြေထောနင်းထောနင်းနှင့် ခြေလှမ်းကိုအားတင်းကာ လှမ်းရရှာလေသည်။ ဦးထုပ်မပါသောသူမှာလည်း မိုးရွာရွာ, နေပူပူ နီကြန်ကြန်ဦးခေါင်းဆံပင်ဖြင့် အအေးဒဏ်,အပူဒဏ်ကို ခံရရှာလေသည်။ ဘောင်းဘီထည်လဲ မရှိ, အင်္ကျီထည်လဲ မရှိသောသုံ့ပန်းချွေးတပ်သားများမှာလည်း ကျွန်တော်တို့အရပ်သားချွေးတပ်သားများကဲ့သို့ပင် မိုးရာသီတွင် အဝတ်ကို မီးကင်မီးမြှိုက်ရလေသည်။

အရပ်သားချွေးတပ်သားများနှင့် စစ်သုံ့ပန်းချွေးတပ်သားများတွင် မတူညီသောအကြောင်းအချက်များရှိလေသည်။ ဂျပန်များသည် သုံ့ပန်းချွေးတပ်သားများအား နံနက်စာနှင့် ညစာအတွက် ရိက္ခာကိုဒေါင်မှ ဆန်, ဆား, အာလူး, ပဲ, သကြား စသည်များကို အချိုးကျထုတ်ပေးခြင်း ပြုလေသည်။

သုံ့ပန်းအကြီးအကဲသည် ထိုရိက္ခာပစ္စည်းများကို နေ့စဉ်ထုတ်ယူပြီးနောက် ၎င်း၏လူများထဲမှ သင့်တော်ရာလူကိုရွေးချယ်လျက် အချက်အပြုတ်တာဝန် ပေးလေသည်။ ချက်ပြုတ်စားသောက်သည့်ကိစ္စ၌မူ ၎င်းတို့သဘောအလျောက် ကြိုက်နှစ်သက်သလို ချက်ပြုတ်စားသောက်နိုင်ခွင့် ရှိလေသည်။ ထို့ကြောင့်လည်း ချွေးတပ်သားသုံ့ပန်းများသည် နံနက်စောစောတွင် အလုပ်မဆင်းမီ ဆန်ပြုတ်ခပ်ကျဲကျဲကို တစ်ကြိမ်သောက်နိုင်ကြလေသည်။ သို့သော်

သူတို့ရရှိသောစားနပ်ရိက္ခာဆိုသည်မှာလည်း လောက်လောက်ငငမဟုတ်ပါချေ။ မနက်စောစော ဆန်ပြုတ်ကျဲသောက်သည့်အတွက် မနက်ထမင်းနှင့် ညထမင်းကိုမူ လျှော့ပေါ့၍စားသောက်ကြရရှာလေသည်။

ဤနေရာတွင် စစ်သုံ့ပန်းများနှင့်ပတ်သက်၍ ဂျပန်တို့၏အပြုအမူမှာ စစ်မက်ရေးရာနှင့်ပတ်သက်သည့် အပြုအမူတစ်ရပ်ပေလားဟု၍လည်း ကျွန်တော် တွေးလိုက်မိလေသည်။

ဂျပန်များသည် ၎င်းတို့လက်တွင်း၌ ဖမ်းဆီးရမိထားသော စစ်သုံ့ပန်းများအား တမင်သက်သက် မဝရေစာ ကျွေးမွေးထားခြင်း ဖြစ်ဟန်တူပါသည်။ လူ၏ကိုယ်ခန္ဓာတွင် အဓိကလိုအပ်သည့် ဆားကဲ့သို့သော အာဟာရဓာတ်မျိုးကိုလည်း တမင်တကာလျှော့ပေါ့လျက် မလောက်မငပေးခြင်းပင် ဖြစ်ဟန်ရှိလေသည်။

ဖမ်းဆီးရမိထားသော်ရန်သူများအား ဝဝလင်လင်ကျွေးမွေးခြင်းဖြင့် တစ်နေ့နေ့တွင် ၎င်းတို့အား တော်လှန်တိုက်ခိုက်လာမည်ကိုလည်း ဂျပန်များ စိုးရိမ်ဟန်တူလေသည်။ စင်စစ်အားဖြင့် စိုးရိမ်ထိုက်သည့်အချက်လည်းရှိပေသည်။ ယှဉ်ပြိုင်တိုက်ခိုက်ဖက်ဖြစ်သောရန်သုသုံ့ပန်းအား ထိန်းသိမ်းထားရခြင်းဆိုသည်ကပင် မြွေပွေး၊ မြွေဟောက်ကို ခါးပိုက်ပိုက်ထားရခြင်းနှင့် မည်သို့မျှမခြားနားပါချေ။

ဤနေရာမျိုးတွင်မူ လူသားအချင်းချင်း တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး ငဲ့ညှာထောက်ထားရမည်၊ ကြင်နာသနားရမည် ဟူသောစိတ်ထားမျိုးကိုမူ မည်သည့်စစ်တပ်ကမျှ သဘောထားလိမ့်မည်မဟုတ်ပေ။ ထိုကဲ့သို့သဘောထားလိုက်လျှင်လည်း မိမိလည်မျိုကို တစ်နေ့နေ့တွင်အညှစ်ခံရမည်သာ ဖြစ်ပေလိမ့်မည်။

သုံ့ပန်းချွေးတပ်သားများအား ယိုးဒယား–မြန်မာမီးရထားလမ်းဖောက်လုပ်ရာတွင် တာဝန်ပေးစေခိုင်းသည့်ကိစ္စမှာလည်း အရပ်သားချွေးတပ်သားများနှင့်မတူဘဲ ကွဲလွဲမှုရှိလေသည်။

ဂျပန်များသည် စစ်သုံ့ပန်းချွေးတပ်သားတို့အားစေခိုင်းသည့်အခါ ဂျပန်စစ်ဗိုလ်မှတစ်ဆင့် သုံ့ပန်းများထဲမှ အကြီးအကဲဖြစ်သူတစ်ဦးကိုသာ ခေါ်ယူလျက် အမိန့်ပေးခြင်းပြုလေသည်။ ဤတွင် သုံ့ပန်းအကြီးအကဲဖြစ်သော စစ်ဗိုလ်သည် သူ့လူများအား ဂျပန်စစ်ဘက်မှညွှန်ကြားသည့်အတိုင်း စေခိုင်းခြင်း၊ သူကိုယ်တိုင်ဝင်ရောက်လျက် အလုပ်တာဝန်ကို လုပ်ကိုင်ဆောင်ရွက်ခြင်း စသည်ဖြင့် ပြုလုပ်လေသည်။

ထိုသဘောကြောင့်လည်း လက်နက်ကိုင်ဂျပန်စစ်သားများသည် သုံ့ပန်းချွေးတပ်သားများ အလုပ်လုပ်သောနေရာအနီးပတ်ဝန်းကျင်၌ အစောင့်အကြပ်ပြုသည့် သဘောမျိုးလောက်သာဖြစ်လေတော့သည်။ သုံ့ပန်းချွေးတပ်သားများ၏အလုပ်နှင့်ပတ်သက်၍ ဝင်ရောက်စွက်ဖက်ခြင်း၊ အမိန့်ညွှန်ကြားပေးခြင်း၊ စိတ်အခန့်မသင့်တိုင်း ရိုက်နှက်ကန်ကျောက်ခြင်းစသည်များကို အရပ်သားချွေးတပ်သားများအပေါ်ပြုမူသည့်နည်းတူ မပြုလုပ်နိုင်ကြပါပေ။

သို့ရာတွင် ဤလို စိတ်ထင်တိုင်းမပြုကျင့်နိုင် ဆိုသောကြောင့် ဂျပန်စစ်သားများနှင့် သုံ့ပန်းစစ်သားများမှာ အခါခပ်သိမ်း အဆင်ပြေနေသည်၊ ငြိမ်းငြိမ်းချမ်းချမ်းရှိနေသည် ဟု မယူဆစေလိုပါပေ။ ဂျပန်များနှင့် ဗြိတိသျှစစ်သုံ့ပန်းတို့၏ပဋိပက္ခမှာလည်း ရံဖန်ရံခါ မမျှော်လင့်ဘဲဖြစ်ပေါ်လာတတ်လေသည်။ ဤလို ပဋိပက္ခဖြစ်လာသည့်အခါများ၌မူ ဒဏ်ရာအနာတရရှိမှု၊ သွေးထွက်သံယိုဖြစ်ပွားရမှုမှ အသက်သေရသည်အထိ အကြီးအမားဖြစ်ပွားတတ်လေသည်။ ဤအကြောင်းကို စာအုပ်နောက်ပိုင်းတစ်နေရာတွင် ဖော်ပြပါမည်။

ရံဖန်ရံခါများ၌လည်း ဂျပန်စစ်သားများသည် ဗြိတိသျှစစ်သုံ့ပန်းများအပေါ်၌ မထေမဲ့မြင်ပြုတတ်ကြလေသည်။ အချို့သောဂျပန်စစ်သားများကလည်း သုံ့ပန်းစစ်သားများအပေါ် လှောင်ပြောင်သရော်ခြင်း၊ မထိတထိကန်ကျောက်ရိုက်နှက်ခြင်းစသည်များကို ပြုမူတတ်ကြလေသည်။ သို့ရာတွင် ဤလိုအပြုအမူမျိုး၊ ဤလိုဖြစ်ရပ်မျိုးဆိုသည်မှာလည်း အရပ်သားချွေးတပ်သားများနှင့်ဖြစ်ပွားသော အကြိမ်အခါပေါင်းလောက်ကား များပြားလှသည်တော့ မဟုတ်ပါချေ။ ပြီးလျှင် ဂျပန်စစ်သားများသည် ဤလိုအပြုအမူမျိုး၌လည်း အရပ်စကားနှင့်ပြောရသော်

http://mmteashop.com



'လူကြည့်လုပ်သည့်သဘောမျိုး' ဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် သာမန်ဂျပန်စစ်သားများ သို့တည်းမဟုတ် တပ်ကြပ်ကြီးအဆင့်လောက်ရှိသော ဂျပန်စစ်သားသည် သုံ့ပန်းထဲမှ အကြီးအကဲဖြစ်သောစစ်ဗိုလ်များကိုမူ တော်ရုံတန်ရုံအကြောင်းမျှလောက်နှင့် ထိုးကြိတ်ကန်ကျောက်ခြင်း, ပါးနားရိုက်နက်ခြင်းစသည်ဖြင့် မပြုကြပါပေ။ ၎င်းတို့ လက်စွမ်းပြ, ခြေစွမ်းပြကြသည်မှာ သုံ့ပန်းများထဲမှ သာမန်စစ်သားလောက်ကိုသာ ဖြစ်လေသည်။

ချွေးတပ်စခန်းများတွင် အကြီးအကဲဖြစ်သောဂျပန်စစ်ဗိုလ်သည် လည်းကောင်း, အလုပ်နှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရသော ဂျပန်စစ်ဗိုလ်သည် လည်းကောင်း၊ စစ်သုံ့ပန်းတို့၏လုပ်ငန်းနှင့်ပတ်သက်၍ ၎င်းညွှန်ကြားသည့်အတိုင်း ဖြစ်မဖြစ်, မှန်မမှန်ကိုမူ မကြာခဏပင် အလုပ်ခွင်သို့လာရောက်၍ ကြည့်ရှုခြင်းပြုလေသည်။ တစ်ခါတစ်ခါ၌မူ ဂျပန်စစ်ဗိုလ်ကိုယ်တိုင်ပင် အလုပ်ခွင်အတွင်း၌ တစ်နေကုန်သည့်တိုင် စောင့်ကြပ်ကြည့်ရှုခြင်း, အမိန့်ပေးညွှန်ကြားခြင်းများ ပြုလေသည်။ များသောအားဖြင့်ကား ဂျပန်စစ်ဗိုလ်များသည် ဗြိတိသျှစစ်သုံ့ပန်းစစ်ဗိုလ်များနှင့် ညှိနှိုင်းတိုင်ပင်ကာ အလုပ်လုပ်ကြသည်က များပေသည်။ ဤနေရာ၌လည်း စာဖတ်သူ ပို၍သဘောပေါက်စေရန် ဥပမာတင်၍ ပြလိုပါသည်။

ဥပမာ ရထားလမ်းအတွက် ဇလီဖားတုံးချခြင်း, သံလမ်းခင်းခြင်း, သံလမ်းဆက်ခြင်း, ချောက်ကမ်းပါးကူး တံတားကြီးများ ဆောက်လုပ်ခြင်း, စမ်းချောင်းတံတားများဆောက်လုပ်ခြင်း, ရေလွှဲတမံကြီးများ တည်ဆောက်ခြင်း, လမ်းမလွှတ်သောကျောက်တောင်ကြီးများအား ဒိုင်းနမိုင်းဖြင့်ဖောက်ခွဲဖြိုခွင်းခြင်း စသော အဓိကအရေးပါသည့် လုပ်ငန်းရပ်များ၌မူ အင်ဂျင်နီယာတပ်ဖွဲ့များမှဂျပန်စစ်ဗိုလ်များနှင့် သုံ့ပန်းချွေးတပ်သားထဲမှ စစ်ဗိုလ်အကြီးအကဲ များသည် တိုင်တိုင်ပင်ပင်လုပ်ဆောင်ကြသည်က များပေသည်။ ဤနေရာတွင် သုံ့ပန်းစစ်ဗိုလ်ကလည်း အင်ဂျင်နီယာဗိသုကာအတတ်ကို တတ်ကျွမ်းထားသူတစ်ယောက်ဖြစ်ခဲ့လျှင် ပို၍အဆင်ပြေသည်ကို တွေ့ရလေသည်။ ထိုအခါ ဂျပန်စစ်ဗိုလ်နှင့် အင်္ဂလိပ်စစ်ဗိုလ်မှာ တတွဲတွဲဖြစ်နေလေတော့သည်။ သုံ့ပန်းစစ်ဗိုလ်မှာလည်း အခွင့်အရေး ပို၍ရလေသည်။ သုံ့ပန်းစစ်ဗိုလ်သည် ထိုအခါများတွင် သာမန်ဂျပန်စစ်သားများပင်မသောက်နိုင်သော 'ကူးဝါး စီးကရက်' (ဖိလစ်ပိုင်ဖြစ်)ကို သောက်ရလေသည်။ ဂျပန်စစ်ဗိုလ်ပေးသော 'ဆာကေ'အရက်ကိုလည်း သောက်ရလေသည်။ အကြောင်းအခွင့်သင့်လျှင် ဝက်သားကလေးများနှင့် ဂျုံမှုန့် စသည်ကလေးများကိုပင် ရိက္ခာရာရှင်အဖြစ် ရရှိတတ်ပေသည်။

ဗြိတိသျှသုံ့ပန်းများသည် အလုပ်လုပ်ကိုင်ရာ၌ စနစ်ဇယားကျနကြောင်းနှင့် အထက်တွင် ကျွန်တော် ဖော်ပြပြီးခဲ့ပါပြီ။ သို့ရာတွင် မည်သို့မည်ပုံစနစ်ဇယားကျသည်ဆိုခြင်းကိုလည်း ဖြည့်စွက်လျက်ဖော်ပြလိုပါသည်။

ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာ၌ မြေပြင်လမ်းများကို အချို့နေရာများတွင် ဖောက်လုပ်၍ ပြီးစီးသွားသည့်အခါ၊ စိတ်ချရသော မြေအသားသေသွားသည့်နေရာများတွင် ဇလီဖားတုံးများခင်းခြင်း, သံလမ်းများ ချခြင်း ပြုလုပ်လေသည်။ ထိုလုပ်ငန်းများကိုမူ ကျွန်တော်တို့အရပ်သားချွေးတပ်သားများ မလုပ်မကိုင်ရသလောက် ဖြစ်လေသည်။ ဗြိတိသျှသုံ့ပန်းများသာ လုပ်ဆောင်ကြရလေသည်။

ကျွန်တော့်အား ဂျပန်စစ်ဗိုလ်ကိတကျိမှ ခေါ်သည့်အတွက် ကျွန်တော်သည် စစ်သုံ့ပန်းများ ဇလီဖားချ, သံလမ်းခင်းနေသော ရထားလမ်းတစ်နေရာသို့ ရောက်ရှိသွားပါသည်။ ထိုနေရာသည် တပ်ဒိန်စခန်းနှင့် ကျောက်တစ်လုံးစခန်းကြားတွင် ဖြစ်လေသည်။ ကျွန်တော်တို့ ရောက်ရှိသွားသောအချိန်တွင် ဗြိတိသျှသုံ့ပန်းများသည် ချခင်းပြီးသောဇလီဖားတုံးများနှင့် မီးရထားသံလမ်းကို သံစို့ကြီးများနှင့်ရိုက်နက်ကုပ်တွယ်ရန်လုပ်ဆောင်နေခိုက် ဖြစ်လေသည်။

အမှန်စင်စစ် ကိတကျိမသည် မီးရထားသံလမ်းခင်းသောလုပ်ငန်းနှင့် မည်သို့မျှ မသက်ဆိုင်ပါချေ။ သူသည် ချွေးတပ်စခန်းတစ်ခုလုံးကိုအုပ်ချုပ်ရသူ စစ်ဗိုလ်တစ်ယောက်သာဖြစ်သေလည်။ သို့ရာတွင် ကိတကျိမမှာလည်း

တစ်ခါတစ်ရံတွင် သုံ့ပန်းချွေးတပ်သားများ အလုပ်လုပ်သည့်နေရာသို့ လည်းကောင်း၊ အရပ်သားချွေးတပ်သားများ အလုပ်လုပ်သည့်နေရာသို့ လည်းကောင်း သွားရောက်ကြည့်ရှုခြင်း ပြုလေ့ပြုထရှိပေသည်။

ကျွန်တော်တို့ရောက်ရှိသွားသည့်အခါ လမ်းခင်းလမ်းချရန်တာဝန်ယူဆောင်ရွက်ရသော ဂျပန်စစ်ဗိုလ်မှာ ထည်း ထိုနေရာတွင် ရောက်ရှိနေလေသည်။ သေနတ်ကိုင်ဂျပန်စစ်သားများကလည်း သုံ့ပန်းချွေးတပ်သားများအား စောင့်ကြပ်လျက်ရှိလေသည်။ သေနတ်ကိုင်စစ်သားများသည် ၃ ယောက် ၁ တွဲ – ၄ ယောက် ၁ တွဲပြုလျက် သစ်ပင်ကြီးများအောက်တွင် လည်းကောင်း၊ ကျောက်တုံးကြီးများအနီးတွင် လည်းကောင်း၊ အင်ဂျင်နီယာဂျပန်စစ်ဗိုလ် အနီးတွင် လည်းကောင်း ရှိနေကြလေသည်။ ဂျပန်စစ်သားများသည် သေနတ်ကို ပခုံးထက်တွင်ချိတ်လွယ်ထားခြင်း မဟုတ်။ လက်တွင် အသင့်ကိုင်ဆောင်ထားခြင်းဖြစ်လေသည်။

ကျွန်တော်သည် စစ်သုံ့ပန်းချွေးတပ်သားများ၏လုပ်ပုံကိုင်ပုံကို လှမ်းကြည့်လိုက်လေသည်။

ထိုနေရာတွင် သုံ့ပန်းချွေးတပ်သား ၆၀ ကျော်ကျော် ရှိလေသည်။ သူတို့သည် လက်ထဲတွင် ၃ ပေ–၄ပေ ထက်မနည်း အရှည်ရှိသော လွန်ပူကြီးများကိုကိုင်လျက် မီးရထားသံလမ်း၏ဘေးတစ်ဘက်တစ်ချက်တွင် လူခွဲ ရပ်နေကြသည်။ သုံ့ပန်းစစ်ဗိုလ်မှာမူ မီးရထားသံလမ်း ၂ လမ်း၏အလယ်တွင် ရပ်လျက်ရှိလေသည်။

ထိုအတွင်း သုံ့ပန်းစစ်ဗိုလ်က လက်မြှောက်၍ အချက်ပေးလိုက်သည့်အခါ လွန်ပူကိုင်ထားသောသုံ့ပန်း စစ်သားများသည် တစ်ချိန်တည်း၊ တစ်ချက်တည်း ဇလီဖာတုံးများပေါ်တွင် လွန်ပူများကို ထိုးစိုက်ကြလေသည်။

သံလမ်း ၂ လမ်းကြားမှရပ်နေသော သုံ့ပန်းစစ်ဗိုလ်သည် ပေကြိုးတစ်ချောင်းကိုဆွဲ၍ လည်းကောင်း၊ သူ့ ခါးကို ခပ်ကိုင်းကိုင်းညွှတ်၍ လည်းကောင်း သူ၏သုံ့ပန်းစစ်သားများ ဇလီဖားတုံးများပေါ်တွင် ထိုးစိုက်ထားသော လွန်ပူများ နေရာမှန်မမှန်၊ ဖြောင့်ဖြောင့်မတ်မတ်ရှိမရှိ ကြည့်ရှုစစ်ဆေးခြင်းပြုလေသည်။

အားလုံး ညီညာဖြောင့်တန်းနေသည့်အခါ သုံ့ပန်းစစ်ဗိုလ်က မြှောက်ထားသောလက်ကို အောက်ချလျက် အချက်ပေးခြင်းပြုလိုက်သည်။ ထိုအခါ သုံ့ပန်းစစ်သားများသည် 'ဝမ်း၊တူး၊သရီး' ဟု တစ်ခွန်းချင်းဆိုလျက် လွန်ပူကို ၁ ပတ်ချင်းလှည့်လေသည်။ ၃ ပတ်ပြည့်သည့်အခါ ရပ်လိုက်လေသည်။

တစ်ဖန် သုံ့ပန်းစစ်ဗိုလ်က လက်မြှောက်လျက်အချက်ပြလိုက်သည့်အခါ စစ်သားများသည် လွန်ပူများကို တစ်ပတ်ချင်းပြန်လှည့်ထုတ်လေသည်။ ပြီးလျှင် သံမှိုကြီးများကို ထိုအပေါက်များအတွင်းသို့ ထိုးစိုက်လိုက်ကြ လေသည်။

ဤကိစ္စပြီးသည့်အခါ လွန်ပူကိုင်သော သုံ့ပန်းချွေးတပ်သားများ၏နေရာတွင် သံတူကြီးများကိုင်ဆောင်သော ချွေးတပ်သားများက တစ်လှည့်ဝင်ရောက်လာလေသည်။ ပြီးသော် သူတို့စစ်ဗိုလ် အချက်ပေးသည့်အတိုင်း သံတူကြီး များကိုပင့်မြှောက်လျက် 'ဝမ်း၊တူး၊သရီး'ဟုဆိုကာ အရှိန်မှန်မှန် အချက်ကျကျ ထုရိုက်ခြင်းပြုကြလေသည်။

သုံ့ပန်းချွေးတပ်သားများသည် သူတို့စစ်ဗိုလ်၏အမိန့်ပေးချက်မှန်သမျှကို တညီတညွတ်နာခံပြီးနောက် အလုပ် ကို စနစ်တကျ ဤသို့ပင်လုပ်ဆောင်ခြင်း ရှိကြလေသည်။ ထို့ကြောင့်လည်း ဂျပန်စစ်သားများက ၎င်းတို့အပေါ်တွင် ခတ်ရံ တန်ရံကိစ္စနှင့် နှိပ်စက်ကလူပြုမှုခြင်း မရှိနိုင်ခြင်းပင် ဖြစ်လေသည်။

ယိုးဒယား–မြန်မာ မီးရထားလမ်းဖောက်လုပ်ရာ၌ ဂျပန်များ ချွေးတပ်သားအဖြစ်အသုံးချခဲ့သော စစ်သုံ့ပန်း များအနက် ထို ယိုးဒယား–မြန်မာ မီးရထားလမ်းတစ်လျှောက်ရှိ တောကြီးတောင်ကြီးများအတွင်း၌ပင် ပင်ပန်းဆင်းရဲ ကြီးမားလှစွာဖြင့် သေဆုံးခဲ့ကြရရှာသောစစ်သုံ့ပန်းချွေးတပ်သားများ၏စာရင်းဇယားကို 'မြန်မာနိုင်ငံ သံဖြူဇရပ် စစ်သင်္ချိုင်းကော်မရှင်နှင့် လန်ဒန် ဗြိတိသျှနိုင်ငံခြားရေးရုံး' ၁၉၄၇ အောက်တိုဘာ ၇ ရက်နေ့စွဲထုတ်ပြန်ကြေညာချက် တွင် အောက်ပါအတိုင်းဖော်ပြထားလေသည်။

http://mmteashop.com



မှတ်ချက်။ ။ဤစာရင်းကိုမူ စာရေးသူသည် 'သေမင်းတမန်လမ်းပေါ်ဝယ်' စာအုပ်တွင် ရေးသားဖော်ပြခဲ့ ဖြစ်ပါသည်။ ယခု ဤစာအုပ်၌ ထပ်မံဖော်ပြသည်မှာ အရေးပါ၍ သိသင့်သိထိုက်သော အချက်အလက်တစ်ခုအနေဖြင့် ထပ်မံဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

စစ်သင်္ချိုင်းကော်မရှင်နှင့် ဗြိတိသျှနိုင်ငံခြားရေးရုံးသည် စစ်သုံ့ပန်းချွေးတပ်သားများ သေဆုံးရမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြလေသည်။

'သံဖြူဇရပ်စစ်သင်္ချိုင်းတွင် စစ်သုံ့ပန်းချွေးတပ်သားများဖြစ်ကြသော ဗြိတိသျှစစ်သည်တော် ပေါင်း၁၇၂၈ (တစ်ထောင့်ခုနစ်ရာနှစ်ဆယ့်ရှစ်)ယောက်၊ ဩစတြေးလျစစ်သည်တော်ပေါင်း ၁၁၆၃ (တစ်ထောင့်တစ်ရာခြောက်ဆယ့်သုံးယောက်)၊ ဒတ်ချ်စစ်သည်ပေါင်း ၆၂၁ (ခြောက်ရာ နှစ်ဆယ့်တစ်ယောက်)၊ အစုစုပေါင်း ၃၅၁၂ (သုံးထောင့်ငါးရာတစ်ဆယ့်နှစ်ယောက်)၏ အလောင်းများကို မြှုပ်နှံခဲ့ရကြောင်း' ဖော်ပြခြင်းပြုလေသည်။

ဤသည်မှာ မြန်မာနိုင်ငံ သံဖြူဇရပ်စစ်သင်္ချိုင်းတွင် မြှုပ်နှံခြင်းပြုရသော စစ်သုံ့ပန်းချွေးတပ်သားများ၏ စာရင်းကိုသာ ဖော်ပြထားခြင်းဖြစ်လေသည်။ ယိုးဒယားနိုင်ငံဘက်ရှိ စစ်သင်္ချိုင်းတွင် မြှုပ်နှံခြင်းပြုရသော စစ်သုံ့ပန်း ချွေးတပ်သားများ၏ စာရင်း မပါရှိသေးချေ။

ယိုးဒယားနိုင်ငံ စစ်သင်္ချိုင်းတွင် ဗြိတိသျှ၊ ဩစတြေးလျ၊ ဒတ်ချ်စစ်သည်တော်ပေါင်း ၈၄၀၀ (ရှစ်ထောင့်လေးရာ) မြှုပ်နှံခြင်းပြုခဲ့ရကြောင်း စစ်သင်္ချိုင်းကော်မရှင်က ဖော်ပြခဲ့လေ သည်။

တစ်ဖန် စစ်သင်္ချိုင်းကော်မရှင်က 'ယိုးဒယားနိုင်ငံစစ်သင်္ချိုင်း၌ လည်းကောင်း၊ မြန်မာ နိုင်ငံ သံဖြူဇရပ်စစ်သင်္ချိုင်း၌ လည်းကောင်း မြှုပ်နှံခြင်းပြုရသော စစ်သည်တော်ချွေးတပ်သား များအပြင်၊ အလောင်းကိုပင် ရှာဖွေမတွေ့ရှိရသဖြင့် စစ်သင်္ချိုင်းများ၌ မြှုပ်နှံခြင်းမပြုရသော ချွေးတပ်သားစစ်သည်တော်များအားလုံးပေါင်း၏ အပျက်အစီးစာရင်းသည် စုစုပေါင်း ၁၃၅,၀၀ (တစ်သောင်းသုံးထောင့်ငါးရာ)ထက်မနည်းရှိသည်'ဟု ဖော်ပြလေသည်။

မှတ်ချက်။ ။အထက်ဖော်ပြချက်စာရင်းမှာ မြန်မာနိုင်ငံတိုက်ပွဲများနှင့် မသက်ဆိုင်ချေ။ ဂျပန်များဖောက် လုပ်သော ယိုးဒယား–မြန်မာ မီးရထားလမ်းကိုအကြောင်းပြုလျက် သေကျေပျက်စီးခဲ့ရရှာ သည့် စစ်သုံ့ပန်းချွေးတပ်သားများ၏ စာရင်းမျှသာ ဖြစ်လေသည်။

ဤလို စစ်သုံ့ပန်းချွေးတပ်သားများ၏အသေအပျောက်စာရင်းကိုလည်းကောင်း၊ စစ်သင်္ချိုင်းကော်မရှင်၊ ဗြိတိသျှနိုင်ငံခြားရေးရုံး စသောအဖွဲ့အစည်းများနှင့် အစိုးရဘက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ချက်စသည်များကို လည်းကောင်း ထုတ်ဖော်တင်ပြခြင်းပြုသည့်အခါ၊ အရပ်သားချွေးတပ်သားများ၏ဘဝနှင့် စစ်သုံ့ပန်းချွေးတပ်သား များ၏ ဘဝချင်းမတူညီသည့်အချက်ကို လည်းကောင်း၊ စနစ်ဖယားကွာခြားမှုကို လည်းကောင်း ဤနေရာတွင် တစ်ဆက်တည်းဖော်ပြရန် လိုလာပြန်ပါသည်။ ထို့ကြောင့် ကွဲလွဲသော အဖြစ် ၂ ရပ်ကို တင်ပြခြင်းပြုရပေမည်။

တောတွင်းချွေးတပ်စခန်းများရှိ စစ်သုံ့ပန်းချွေးတပ်သားများသည် ၎င်းတို့အထဲမှ စစ်သည်တော်တစ်ဦးတစ် ယောက်သေဆုံးခဲ့လျှင် သော်လည်းကောင်း၊ အများအပြားသေဆုံးခဲ့လျှင် သော်လည်းကောင်း၊ မည်သည့်အကြောင်း မည်သည့်ရောဂါဝေဒနာနှင့် သေဆုံးသည်ဖြစ်စေ၊ သက်ဆိုင်ရာဂျပန်များကို အကြောင်းကြားပြီးသည့်နောက် တောကြီး အတွင်း၌ပင် ဖြစ်သလိုနည်းနှင့် မြှုပ်နှံသင်္ဂြိုဟ်ခြင်း ပြုကြလေသည်။

ထိုကဲ့သို့ မြှုပ်နှံသင်္ဂြိုဟ်ခြင်းပြုပြီးနောက် ၎င်းတို့၏ဘာသာရေးအထိမ်းအမှတ်အဖြစ် သေသူ၏အလောင်း မြေပုံတွင် လက်ဝါးကပ်တိုင်ကလေးများကို စနစ်တကျစိုက်ထူထားခြင်း၊ အလောင်းမြေပုံအနီးရှိ သစ်ပင်ကြီးများတွင်

ဆွန်ထက်သောအရာဝတ္ထု၊ သို့မဟုတ် ဓား စသည်များနှင့် အမှတ်အသားပြုခြင်း စသည်များကို လုပ်ကိုင်ထားခဲ့ကြလေသည်။

လက်ဝါးကပ်တိုင်ကိုမူ ခိုင်ခံ့၍ ရာသီဥတုဒဏ်ကို ကြာရှည်ကြာမြင့်ခံမည့်သစ်သားများနှင့် ပြုလုပ်ကြလေသည်။ အချို့ချွေးတပ်စခန်းများရှိ စစ်သုံ့ပန်းချွေးတပ်သားများကဆိုပါလျှင် အလွန်တရာမှသေသပ်မာကျောလှသော သစ်သားလက်ဝါးကပ်တိုင်များပေါ်တွင် ကွယ်လွန်သူ၏နာမည်အတိုကောက်, ကိုယ်ပိုင်နံပါတ်, စစ်တပ်အမှတ်အသား, တပ်နံပါတ် စသည်များကိုပါ စိတ်ရှည်လက်ရှည်ထွင်းထုရေးထိုးခြင်း ပြုလေသည်။ သစ်ပင်ကြီးများတွင်လည်း ဤနည်းအတိုင်း ရေးထွင်းခြင်းပြုလေသည်။ သူတို့သည် ကွယ်လွန်သူ သူတို့၏ရဲဘော်ရဲဘက်အား နောက်ဆုံးပြုစုခြင်းအနေဖြင့် ဂရုတစိုက်ပြုစုလိုက်ကြခြင်းပင် ဖြစ်ဟန်တူလေသည်။

ဝမ်းရောဂါများ ကျရောက်သဖြင့် အမြောက်အမြားသေဆုံးခြင်းဖြစ်ခဲ့သည့်အခါ၌လည်း စစ်သုံ့ပန်းချွေးတပ်သားများသည် တစ်ဦးချင်း တစ်ယောက်ချင်း၏အမည်များကို ရေးထိုးမနေနိုင်သည့်တိုင်၊ အလောင်းများ စုပေါင်းမြှုပ်နှံခြင်းပြုရသော ကျင်းကြီးများအနီး၌ ဆိုင်းဘုတ်များ စိုက်ထူခဲ့ခြင်း, လူဦးရေ မည်မျှကျဆုံးကြောင်း သစ်ပင်ကြီးများတွင် စာတမ်းရေးထွင်းခြင်း, ကျောက်တုံးကျောက်ခဲများကို အတိုကောက် စာလုံးပုံသဏ္ဍာန်များပြုလုပ်လျက် မြေကျင်းကြီးများပေါ်တွင် ဖိထားခဲ့ခြင်း စသည်များကို ဂရုတစိုက် ပြုလုပ်ခဲ့ကြလေသည်။

ကျွန်တော်တို့ အရပ်သားချွေးတပ်သားများအနေဖြင့်မူ မည်သူပင်သေသေ, မည်ရွေ့မည်မျှပင်သေသေ အလောင်းကို တောစပ်ရှိရာသို့ ထမ်းယူသွားပြီးနောက် မြေမြှုပ်ပစ်လိုက်ကြလေသည်။ ပြီးလျှင် အမျှအတန်းပေးဝေခြင်း၊ "လွတ်ပြီဟေ့။ မင်း သွားလိုရာ သွားပေတော့"ဟူသော စကားလောက်ကိုသာ ဝတ်ကျေတန်းကျေ ပြောဆိုပြီးနောက် ပြန်ခဲ့ကြလေသည်။

ဝမ်းရောဂါအကြီးအကျယ်ဖြစ်ပွား၍ လူပေါင်းအမြောက်အမြား သေဆုံးကြရစဉ်အခါကဆိုပါလျှင် ထိုစကားမျှလောက်ကိုပင် မပြောနိုင်ပါချေ။ ကျွန်တော်တို့အရပ်သားချွေးတပ်သားများ၏အဖြစ်မှာ 'သေဆုံး လောင်တုံး' ဆိုသောအဖြစ်ဟု ဆိုရပါမည်။

[ချွေးတပ်စခန်းများနှင့် ကြောက်မက်ဖွယ်ဆိုးရွားလှသော ဝမ်းရောဂါကျရောက်ဖြစ်ပွားမှုကိုလည်း နောက်ပိုင်းတစ်နေရာ၌ ဖော်ပြထားပါသည်။]

သို့နှင့် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားသည့်အခါ ဗြိတိသျှအစိုးရတို့သည် သက်ဆိုင်ရာနိုင်ငံရှိ အစိုးရအဖွဲ့များနှင့်တိုင်ပင်ဆွေးနွေးပြီးနောက် 'စစ်သင်္ချိုင်းကော်မရှင်'တစ်ရပ်ကို ဖွဲ့စည်းခဲ့လေသည်။

ထိုအခါ စစ်သချိုင်းကော်မရှင်သည် တောတွင်း ယိုးဒယား–မြန်မာ မီးရထားလမ်းတစ်လျှောက်ရှိ ကျဆုံးသူစစ်သည်တော်များ၏အလောင်းမြေပုံများကို တူးဖော်ပြီးနောက် အရိုးများကိုယူဆောင်ကာ 'သံဖြူဇရပ် စစ်သချိုင်း' တွင် မြှုပ်နှံခြင်းပြုခဲ့လေသည်။

မှတ်ချက်။ ။တနင်္သာရီခရိုင် သံဖြူဇရပ်မြို့အပြင်ရှိ စစ်သချိုင်းဖွင့်ပွဲကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၈ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့လေသည်။

ထိုစစ်သချိုင်းဖွင့်ပွဲ အခမ်းအနားသို့ လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်၍ မိန့်ခွန်းမြွက်ကြားခဲ့လေသည်။

## ချွေးတပ်စခန်းနှင့် မွန်ဈေးသည်လှည်းများ

ကျောက်တစ်လုံးစခန်းသို့ ကျွန်တော်တို့ရောက်ရှိခဲ့ပြီးနောက် ၁ လ ကျော် ၂ လခန့်အချိန်အတွင်း၌ပင် ကျွန်တော်တို့သည် မွန်ဈေးသည်များနှင့် ပထမဆုံးအကြိမ်အဖြစ် ဆက်ဆံခြင်းပြုကြရလေသည်။ ထိုအခါမှလည်း ကျွန်တော်တို့သည် မွန်ဈေးသည်များ၏စိတ်နေသဘောထားကို လည်းကောင်း၊ ၎င်းတို့၏လှည်းများတွင်ပါရှိလာသော ရောင်းကုန်ပစ္စည်းများကို လည်းကောင်း၊ မည်သို့မည်ပုံ ဝယ်ခြမ်းရသည်ဆိုခြင်းကို လည်းကောင်း၊ ထိုဈေးလှည်းများ၏ သက်စွန့်ဆံဖျားလာရောက်ရောင်းချမှုကို လည်းကောင်း တစ်စတစ်စ သိရှိရလေသည်။ ကျွန်တော့်အနေဖြင့်မူ မွန်ဈေးသည်များနှင့်ပတ်သက်၍၊ ကျွန်တော်သိလိုသောအကြောင်းအချက်များရှိပါက ထမင်းချက်ခေါင်း ကိုစံခအား မေးမြန်းခြင်းပြုရလေသည်။

ကျောက်တစ်လုံးစခန်းတွင် ၁ လကျော် ၂ လခန့်နေထိုင်မိသောအချိန်၌မူ၊ ထမင်းချက်ခေါင်း ကိုစံခနှင့် ကျွန်တော်မှာ ရေးကထက်တိုး၍ ခင်မင်ရင်းနှီးခြင်း ရှိလာလေတော့သည်။ ထို့ကြောင့်လည်း ထမင်းချက်ခေါင်း ကိုစံခ၊ ဘွန်ထိုက်ချိုကိုကောင့်းစိန်၊ ကိုသာမြိုင်နှင့် ကရင်အမျိုးသားကလေး သာဆင် စသူတို့မှာ ကျွန်တော့်အတွက် ဆိုးတိုင်ပင်ကောင်းတိုင်ပင်သူများ ဖြစ်နေပါလေတော့သည်။ ဤသူများထဲမှ ကိုစံခနှင့် ကိုသာမြိုင်တို့ ၂ ဦးမှာမူ ကျောက်တစ်လုံးစခန်းရောက်မှ ရင်းနှီးခင်မင်ရသူ ၂ ဦး ဖြစ်ကြလေသည်။

မွန်ဈေးသည်လှည်းများ၏အကြောင်းကိုဆိုရလျှင် ထိုဈေးသည်လှည်းများသည် ကျိုက္ကမိ၊ မုဒုံ၊ မော်လမြိုင်၊ သံဖြူဇရပ် စသောမြို့ကြီးများမှနေလျက် ချွေးတပ်သားများရှိရာ တောတွင်းချွေးတပ်စခန်းများသို့လာရောက်၍ ဈေးရောင်းချသူများ ဖြစ်ကြလေသည်။ မွန်ဈေးသည်လှည်းများသည် ထိုကဲ့သို့ လာရောက်ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ ဂျပန်စစ်ဘက် အာဏာပိုင်တို့ထံတွင် ခွင့်တောင်းခြင်းပြုရလေသည်။ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်တို့ထံမှ ခွင့်ပြုကြောင်းလက်မှတ်များ ရရှိမှသာလျှင်၊ တောတွင်းချွေးတပ်စခန်းများသို့ လာရောက်ရောင်းချခြင်း ပြုနိုင်လေသည်။

ဈေးသည်လှည်းများသည် ကြမ်းတမ်းဆိုးရွားသော ရာသီဥတုနှင့် ပင်ပန်းခက်ခဲသောလှည်းလမ်းခရီးကို ညအိပ်ညနေပြုလျက် လာရောက်ကြရခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ဈေးလှည်းများသည် တစ်လှည်း တစ်စီးတည်း လာရောက်ဝံ့ကြသည်တော့ မဟုတ်။ ၃ စီးမှ ၅ စီး၊ ၆ စီး စသည်ဖြင့် စုပေါင်းအဖော်ဖွဲ့လျက် လာရောက်ရောင်းချကြခြင်း ဖြစ်လေသည်။ ပြီးလျှင် သူတို့သည် ကြုံရာသင့်ရာနေရာတွင် စခန်းချရပ်နားခြင်း ပြုကြလေသည်။ ထိုနေရာ၌ပင် ချက်ပြုတ်လျက်စားသောက်ကြသည်။ တစ်ညပတ်လုံး မီးထင်းပုံကြီးများထည့်လျက် ညရေးညတာကို အလှည့်ကျစောင့်ကြရလေသည်။ ကြမ်းတမ်းဆိုးရွားသော တောလမ်းခရီးဖြစ်ခြင်းကြောင့်လည်း သူတို့၏လှည်းများတွင် မိန်းမသား ဟူ၍ကား တစ်ယောက်တလေမျှမပါရှိပါချေ။

ဤလို ခရီးလမ်းကကြမ်းတမ်း၍၊ ညအိပ်ညနေလာရခြင်း စသောအကြောင်းများသာမက စိတ်အခန့်မသင့်သောဂျပန်များနှင့်တွေ့ရလျှင်လည်း ထုထောင်းရိုက်နက်ခြင်း၊ လှည်းပေါ်တွင်ပါရှိလာသော မုန့်ပဲသရေစာနှင့်

http://mmteashop.com



အရက်, ဆေးလိပ် စသည်များကို အနိုင်အထက်လုယက်ယူငင်ခြင်း စသောအဖြစ်ဆိုးနှင့်လည်း ကြုံတွေ့ရတတ်လေသည်။ ဒီအတွင်းကပင် တောတွင်းချွေးတပ်စခန်းများရှိရာသို့ ဖြစ်သလိုနည်းနှင့်လာရောက်လျက် ဈေးအရောင်းအချပြုကြလေသည့်။ သူတို့၏ဇွဲသတ္တိကား အံ့တစ်ပါးချီးကျူးလောက်ပေသည်။

ချွေးတပ်စခန်းများသို့ မွန်ဈေးသည်များ ရောက်လာကြသည့်အခါ ချွေးတပ်သားများမှာလည်း အုံးအုံးကျွက်ကျွက်စုစုရုံးရုံးနှင့် ဈေးလှည်းများရှိရာသို့ ပြေးလွှားဝိုင်းအုံကြလေသည်။ မွန်ဈေးလှည်းများသည် ချွေးတပ်စခန်းအတွင်းသို့ကား မည်သည့်အခါမျှ ဝင်ရောက်ရောင်းချခြင်းမပြုပေ။ စခန်းနှင့် အတန်ငယ်လှမ်းသောသစ်ပင်ကြီးများအောက်တွင် လှည်းကိုနွားဖြုတ်လျက် ရပ်တန့်ထားတတ်လေသည်။

ချွေးတပ်သားများသည် မွန်ဈေးလှည်းများတွင်ပါရှိလာသောကုန်ပစ္စည်းများကို သူတစ်မျိုးငါတစ်ဖုံနှင့် အလုအယက်ဝယ်ခြမ်းကြလေသည်။ ပွဲတော်ကြီးကြုံတုန်း အလကားဝေနေသလား ဟူ၍ပင် ထင်ရလေသည်။ ဤသို့ဖြစ်ရသည့်အတွက် ချွေးတပ်သားများကိုလည်း အပြစ်မဆိုထိုက် ဟု ထင်ပါသည်။ နေ့စဉ်နေ့တိုင်း မနပ်သော ထမင်းနှင့် စိမ်းဆတ်ဆတ် ပဲဟင်း, အခွံမသင် ဆိပြားအလျှဉ်းမပါသော ဗိန်းဥ, မျောက်ဥဟင်းတို့ကို စားနေရသည့်ချွေးတပ်သားများအဖို့ ရရာရကြောင်းဖြစ်သော အညံ့စားအပေါစားပဲကြီးလှော်, ဖွဲနုမုန့်များကိုပင် အလုအယက်ဝယ်ခြမ်းစားသောက်ကြမည်သာ ဖြစ်လေသည်။

ဤသို့နှင့် နောက်ဆုံးတွင် လှည်းပေါ်ပါပစ္စည်းအားလုံးမှာလည်း တက်တက်စင်ပြောင်လေတော့သည်။ သို့ရာတွင် ထိုပစ္စည်းများအနက် ကျွန်တော်တို့ တောတွင်းချွေးတပ်စခန်းများ၌ တကယ်တမ်းအသုံးဝင်အရာရောက်သော ဖယောင်းတိုင်, မီးခြစ်, ဆေးတံသောက်ဆေး ဆေးရွက်ကြီး, လက်ဖက်ခြောက်, ကညင်ဆီချောင်း, ကောက်ညှင်းအရက်, ကြံသကာအရက် စသည်များမှာမူ မွန်ဈေးလှည်းများတွင် အများအပြားပါရှိလာခြင်း မဟုတ်ပေ။ သူတို့ထံတွင် အများအပြားပါရှိလာတတ်သည်မှာ ပဲကြီးလှော်, ကုလားပဲလှော်နှင့် ကြံသကာ စသည်များသာဖြစ်လေသည်။ ကြံသကာမှာမူ ၁ ပိဿထုပ်, ၅၀ သားထုပ်စသည်ဖြင့် အင်ဖက်ခြောက်များနှင့် ထုပ်ထားတတ်လေသည်။

မွန်ဈေးသည်လှည်းများ ရောက်ရှိလာသည့်အခါ အတော်အတန်လူရည်လည်သော ချွေးတပ်သားများသည် ပဲကြီးလှော်, ကြံသကာ စသောအစားအစာများထက် အရက်ကို အလုအယက်ဝယ်ယူကြလေသည်။

မွန်ဈေးသည်များသည် အရက်ကို ရေနံဆီသံပုံးကြီးများတွင် ထည့်ယူလာတတ်လေသည်။ သို့ရာတွင် သူတို့ယူဆောင်လာသောအရက်မှာလည်း များများစားစားမဟုတ်ပေ။ လှည်းတစ်စီးတွင် အများဆုံး သံပုံး တစ်လုံးလောက်သာ ဖြစ်လေသည်။ ထိုအရက်ကိုလည်း ဂျပန်များမသိအောင် တင်ဆောင်လာကြခြင်းဖြစ်ကြောင်းနှင့် မွန်ဈေးသည်အဘိုးကြီးက ကျွန်တော့်ကို ပြောပြပါသည်။ မွန်အဘိုးအို၏ အဆိုမှာမူ ဂျပန်စစ်သားများကလည်း အရက်ကိုမြင်လျှင် အလုအယက် တောင်းတော့သည်ဟု ဆိုလေသည်။

ဈေးလှည်းများ ရောက်လာသည်ဆိုလျှင်ပင် အထက်ကကျွန်တော်ဆိုခဲ့သည့်အတိုင်း လူရည်လည်သော ချွေးတပ်သားများသည် ဝါးဆစ်ဘူးများကိုယူဆောင်လျက် လှည်းရှိရာသို့ပြေးလေတော့သည်။ မွန်ဈေးသည်က ပုလင်းတစ်လုံးနှင့် ချင်တွယ်၍ရောင်းချသောအရက်ကို ချွေးတပ်သားများက ဝါးဆစ်ဘူးတွင်ထည့်ယူရခြင်းပင် ဖြစ်လေသည်။ ဤနေရာတွင် ရောင်းသူရော ဝယ်ယူသူပါ ဂျပန်များကို အထူးသတိထားရလေသည်။

ချွေးတပ်သားများသည် တောတွင်းချွေးတပ်စခန်းများ၌ အနေကြာလာသည့်အခါ၊ ဝါးဆစ်ဘူးအမျိုးမျိုးကို လက်ရာပြောင်မြောက်စွာဖြင့် စနစ်တကျလုပ်တတ်ကြလာလေသည်။ ရေထည့်သောဝါးဆစ်ဘူး, အရက်ထည့်သော ဝါးဆစ်ဘူး, ရေနွေးထည့်သောဝါးဆစ်ဘူး, ပိုက်ဆံထည့်သောဝါးဆစ်ဘူး ဟူ၍ ဖြစ်လေသည်။

ရေထည့်သုံးသောဝါးဆစ်ဘူးမှာ ထိပ်ပွင့်ဖြစ်သည်။ ရိုးရိုးဝါးဆစ်ဘူးတစ်လုံးပင် ဖြစ်လေသည်။ ပိုက်ဆံ

http://mmteashop.com



[ဂျပန်စက္ကူကို ဆိုလိုပါသည်။] ထည့်သောဝါးဆစ်ဘူးမှာ ခပ်သေးသေးဖြစ်သည်။ ကြုတ်သဖွာနက်အဖုံးအပိတ်လုစ် လျက်ထိပ်တွင် အပေါက်ငယ်ကလေးဖောက်ထားသည်။ ချွေးတပ်သားတိုင်း၏လည်ပင်းတွင် တစ်လုံးကျ စွပ်ဆွဲထား လေသည်။ မည်မျှလောက် မိုးရွာသည်ဖြစ်သော်လည်း အတွင်းသို့ မိုးရေမဝင်နိုင်ပေ။ ရေနွေးထည့်သော ဝါးဆစ်ဘူး နှင့် အရက်ထည့်သောဝါးဆစ်ဘူးမှာမူ အတူတူလိုပင် ဖြစ်လေသည်။ ထိုဝါးဆစ်ဘူးမှာလည်း အဖုံးအပိတ်နှင့် ဖြစ်လေသည်။ အဖုံးကိုဖွင့်လိုက်လျှင် ထိုအဖုံးမှာ အရက်ထည့်သောက်သည့်ခွက်ငယ် ဖြစ်လေသည်။ ဥပမာပြော ရလျှင် ဓာတ်ဘူးနှင့် ဓာတ်ဘူးအဖုံးကဲ့သို့ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ အရပ်သားချွေးတပ်သားများမှာ လုပ်ခအဖြစ်ရရှိထားသော ဘုရားနီစက္ကူကလေးများ ရှိသောကြောင့် မွန်ဈေးသည်များမှ စားစရာပစ္စည်းကလေးများနှင့် ဆေးလိပ်, အရက် စသည်များကို ဝယ်ယူနိုင်ကြ သော်လည်း၊ အချိုကလေးစားလိုက်, ပဲလှော်ကလေးဝါးလိုက်, ဆေးလိပ်ကလေးဖွာလိုက်, အချို့ကလည်း အလုပ်မှ ပြန်တက်လာသော မိုးအေးသည်နေ့များတွင် အရက်သောက်လိုက်နှင့် ထိုပစ္စည်းကလေးများမကုန်မချင်း အတော် ကလေးဇိမ်ကျသလို ဖြစ်နေကြလေသည်။

စစ်သုံ့ပန်းချွေးတပ်သားများမှာမူ အရပ်သားချွေးတပ်သားများကဲ့သို့ 'ဘုရားနီစက္ကူ' ဟူ၍လည်းမရှိ။ ဝယ်ခြမ်း စားသောက်နိုင်သည့် အခွင့်အရေးလည်း မရှိသဖြင့်၊ မွန်ဈေးလှည်းများလာသည့်တိုင် ပါးစပ်အဟောင်းသားဖြင့် အငေးအမောရှိနေကြရသည်မှလွဲ၍ မည်သို့မျှ အကျိုးမထူးရှာကြပါချေ။

ထိုဖြစ်ရပ်ထဲမှ အဆိုးဝါးဆုံးအဖြစ်မှာ ဆေးလိပ်ပြဿနာပင် ဖြစ်လေသည်။ အရပ်သား ချွေးတပ်သားများ သည် မွန်ဈေးလှည်းများမှဝယ်ယူရရှိလိုက်သော ကွမ်းသီးဖက်ဆေးလိပ် ကလေးများကို အလုပ်ခွင်အတွင်း၌ မီးခိုး ထောင်းထောင်းထအောင်သောက်ကြလေသည်။ ထိုအခါ အလုပ်ခွင်အလုပ်စခန်းများတွင် ရုံဖန်ရံခါ အနီးကပ် တွဲလျက် အလုပ်လုပ်ကြသော စစ်သုံ့ပန်း ချွေးတပ်သားများမှာ ဆေးလိပ်သောက်ချင်မှုကြောင့် ဏှာခေါင်းပျက်, သိက္ခာပျက်ပင် ဖြစ်ကြရရှာလေသည်။

အလုပ်ခွင်အတွင်း၌ အရပ်သားချွေးတပ်သားများ ဆေးလိပ်သောက်ကြသည်ကိုမြင်သည့်အခါ၊ ခပ်လှမ်းလှမ်းရှိ စစ်သုံ့ပန်းချွေးတပ်သားများသည် အသံပြုလျက် သော်လည်းကောင်း, လက်ဟန်အမူအရာပြုလျက် သော်လည်း ကောင်း ဂျပန်စစ်သားများမမြင်အောင် ဆေးလိပ်တောင်းကြလေသည်။ ဤတွင် အရပ်သားချွေးတပ်သားများကလည်း ဂျပန်များအလစ်တွင် ဆေးလိပ်များကို ပစ်၍ပစ်၍ ပေးတတ်လေသည်။

အရပ်သားချွေးတပ်သားများဖြစ်ကြသော မြန်မာအမျိုးသားများသည် ဘဝတူဖြစ်သည့် ဆင်းရဲဒုက္ခခံစား နေကြရရှာသော စစ်သုံ့ပန်းချွေးတပ်သားများအပေါ်၌ သနားကရုဏာဖြစ်ကြလေသည်။ ထို့ကြောင့်လည်း မြန်မာ ချွေးတပ်သားများသည် ကြီးမားသောစေတနာ, ထောက်ထားညှာတာသောမေတ္တာစိတ်ဓာတ်ကြောင့် ဂျပန်စစ်သား များကိုပင် ကြောက်ရလန့်ရစကောင်း ဟူ၍မေ့ပျောက်လျက် ထိုကဲ့သို့ပေးကမ်းကြခြင်းပင် ဖြစ်လေသည်။

ချွေးတပ်စခန်းသို့ မွန်ဈေးလှည်းများရောက်ရှိလာသည့်အခါ၊ ကျွန်တော်တို့ထက် ချွေးတပ်ဝါရင့်နေပြီဖြစ် သော ထမင်းချက်ခေါင်းကိုစံခနှင့် ဘွန်ထိုက်ချိုကိုသာမြိုင်တို့က ကျွန်တော့်အား 'မွန်ဈေးလှည်းမှအရက်တစ်ပုလင်း ကို ဝယ်ဖြစ်အောင်ဝယ်ထားပါ' ဟူ၍ပြောလေသည်။

"ဆေးဝါးဆိုတာက သိပ်စိတ်ချရတာ မဟုတ်ဘူးဗျဆရာလေး။ ဒီတော့ အရက်တစ်ပုလင်းတော့ ဝယ် ဖြစ်အောင် ဝယ်ဆောင်ထားပေတော့။ သိပ်ပြီးမိုးများလာလို့ အေးလာမယ်ဆိုရင် တစ်ခွက်လောက်သောက်လိုက် ပေါ့ဗျာ။ နောက်ပြီး ဖျားချင်သလိုလိုဖြစ်လာရင်လည်း တစ်ခွက်လောက်သောက်လိုက်။ ခုလို တောကြီးတောင်ကြီး ထဲမှာ မီးတောက်အရက်ဟာ အကောင်းဆုံးဗျ"

ကျွန်တော်သည် ကိုစံခနှင့် ကိုသာမြိုင်တို့၏တိုက်တွန်းချက်အရ ကိုသာမြိုင်ပေးလိုက်သော အရက်ထည့်ရ

http://mmteashop.com



ဘောင်ဝါးဆစ်ဘူးကို ယူငင်ကာ၊ သာဆင်နှင့် ၂ ယောက်အတူ မွန်ဈေးလှည်းများစခန်းချရာ စမ်းချောင်းအနီးရှိ သစ်ပင်ကြီးများအောက်သို့ ထွက်ခဲ့ပါသည်။

အချိန်မှာ ည ၆ နာရီထိုးပြီး၍ အတော်ပင်မှောင်နေလေပြီ။

ဤအချိန်ဆိုလျှင် ဈေးတပ်သားများမှာ စခန်းအပြင်အပသို့ မထွက်ရတော့ပါချေ။ ကျွန်တော်မှာ ဝါဒ စိုးနိုင်ရေးမှူးတစ်ယောက်ဖြစ်သည်က တစ်ကြောင်း၊ စစ်ဗိုလ် ကိတဂျိမ၏အမိန့်လက်မှတ်ကို ရရှိထားသူတစ်ယောက် ဖြစ်သောကြောင့် တစ်ကြောင်း၊ အကြောင်းကိစ္စတစ်စုံတစ်ရာရှိခဲ့လျှင် ဈေးတပ်စခန်း၏အပြင်အပသို့ ခပ်လွယ်လွယ်ထွက်ခွင့်ရသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်နှင့်သာဆင်သည် အခန်းတွင်းမှထွက်ခဲ့သည့်တိုင် အပေါက်ဝတစ်နေရာတွင်ရှိနေသော ကင်းစောင့် ဂျပန်စစ်သားကိုကား မတွေ့အောင် ရှောင်ကွင်း၍ထွက်ခဲ့ကြပါသည်။ အမှန်အားဖြင့်မူ ကျွန်တော်တို့ ၂ ယောက်သည် ထွက်ပေါက်မဟုတ်သော ဝါးရုံပင်ကြီးများအကြားမှထွက်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

အတော်ပင် မှောင်ရိပ်များဖုံးလွှမ်းနေပြီဖြစ်သော်လည်း ဤနေရာဤခရီးမှာ နေ့စဉ်သွားနေကျလမ်းဖြစ်သောကြောင့်လည်း ကျွန်တော်တို့သည် ကားလမ်းပေါ်သို့ အခက်အခဲမရှိ ရောက်ရှိခဲ့ကြလေသည်။ ထိုနေရာမှနေ၍ မျှော်ကြည့်လိုက်လျှင် စမ်းချောင်းအနီးသစ်ပင်ကြီးများအောက်မှ မီးရောင်တစ်ခုကို ခပ်ဝါးဝါးမြင်နေရပါသည်။ ထိုမီးရောင်မှာ မွန်ဈေးသည်များထည့်ထားသော မီးဖိုမှမီးအလင်းရောင်ဖြစ်လေသည်။

ကျွန်တော်နှင့်သာဆင်သည် မီးရောင်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့ကြလေသည်။

မကြာမီပင် မွန်းဈေးလှည်းများရှိရာသို့ ကျွန်တော်တို့ ရောက်ရှိခဲ့ကြသည်။ ဆူဆူညံညံပြောနေသော မွန်စကားသံများကို ကြားလိုက်ရသည်။ မွန်လိုပြောဆိုခြင်းဖြစ်သောကြောင့် ဘာတွေပြောနေကြောင်း ကျွန်တော်တို့ မသိပါ။ အနားရောက်မှပင် သံ့ပန်းစစ်သား ၂ ယောက်နှင့် မွန်ဈေးသည်ယောကျ်ားကြီးများ ပြဿနာပေါ်နေကြောင်း သိရလေသည်။

သံ့ပန်းစစ်သား ၂ ယောက်သည် ကျွန်တော့်ကိုမြင်လိုက်သည့်အခါ၊ မွန်ဈေးသည်များအပါးမှ နောက်သို့ ဆုတ်ခွာသွားလေသည်။ ထိုအခိုက် ကျွန်တော်နှင့်သာဆင်ကိုမြင်သွားသော မွန်အဘိုးအိုက ကျွန်တော့်ကို မြန်မာသံမပီမပြင်နှင့် စကားတစ်ခွန်းပြောပါသည်။

“ဒီ ၂ ကောင် ဘာလိုချင်မှန်းလည်း ငါမသိဘူး။ သူတို့မှာ ပိုက်ဆံလည်းမပါဘူးတဲ့။ သူတို့ပေးတာလည်း ငါမယူချင်ပါဘူးဟယ်”

ကျွန်တော်က ရှေ့သို့အတန်ငယ်တိုးလျက် လှမ်းကြည့်လိုက်သည့်အခါ၊ သံ့ပန်းစစ်သား ၂ ယောက်သည် ကျွန်တော့်ကို နဖူးပေါ်လက်တင်လျက် အလေးပြုကြပါသည်။

ကျွန်တော်သည် မီးဖိုမှ မီးအလင်းရောင်ဖြင့် သူတို့ ၂ ဦး၏အဖြစ်ကို အသေအချာကြည့်လိုက်မိလေသည်။ တစ်ဦးသောသံ့ပန်းသည် ခါးပေါ်တွင် တိုနံ့နံ့မျှသာရှိသော အတွင်းခံဘောင်းဘီကလေးကို ဝတ်ထားသည်။ အပေါ်ဝတ် ဘောင်းဘီရှည်မှာမူ သူ့လက်ထဲတွင် မသေမသပ်ခေါက်လျက် ကိုင်ထားသည်။ ကျန်တစ်ယောက်မှာမူ လက်ထဲတွင် ဝါးဆစ်ဘူးကို ကိုင်ထားလေသည်။

ချက်ချင်းလိုပင် သံ့ပန်းစစ်သား ၂ ဦးသည် တစ်ဦးက လက်ထဲရှိ ဘောင်းဘီကို မြှောက်ပြ၍ လည်းကောင်း၊ တစ်ဦးက ဝါးဆစ်ဘူးကို မြှောက်ပြ၍ လည်းကောင်း နှုတ်မှလည်း တတွတ်တွတ်ပြောဆိုကာ သူတို့အား ဆေးလိပ်နှင့်အရက်ကိုပေး၍၊ ဘောင်းဘီကို ယူပါမည့်အကြောင်း ကျွန်တော့်ကိုပြောလေသည်။

“အဘိုး၊ သူတို့က ပြောနေတယ်။ သူတို့ကို အရက်နှင့်ဆေးလိပ် ပေးပါတဲ့။ ဘောင်းဘီကို ယူပါတဲ့”

ကျွန်တော်က မွန်ဈေးသည်များထဲမှ မွန်အဘိုးအိုကို ပြောလိုက်ပါသည်။

http://mmteashop.com



"မဖြစ်ဘူး၊ မဖြစ်ဘူး။ ခင်းတို့ဘောင်းဘီကိုယူလိုက်ရင် ဂျပန်က ငါ့ကိုသတ်မှာပေါ့။ သွား-သွား၊ မရဘူး

မွန်အဘိုးကြီးက အော်လေသည်။ အခြားသောမွန်အမျိုးသားများကလည်း မွန်လို ခေါင်းခါခါလည်ခါခါနှင့် ပြောလျက် မီးပုံရှိရာသို့ထွက်ခွာသွားကြလေသည်။

ကျွန်တော်သည် သုံ့ပန်း ၂ ဦးကို ကြည့်လိုက်မိပြန်ပါသည်။ ၂ ဦးစလုံး အရိုးပေါ် အရေတင်လျက် လှုရုပ်မပေါ်သည့်အခြေအနေမျိုး ဖြစ်နေကြရှာသည်။ သူတို့တွင် အားမာန်ဟူ၍လည်း ရှိကြတော့မည်ဟု မထင်ပါ။ မကြာမီ လူ့အဖြစ်, လူ့ဘဝမှ စွန့်ခွာသွားကြရမည့် ပုံပန်းမျိုး ဖြစ်လေသည်။

သူတို့ကိုကြည့်၍ ကျွန်တော် စိတ်မကောင်း ဖြစ်မိလေသည်။ အငတ်ငတ်အပြတ်ပြတ်နှင့် ဆင်းရဲဒုက္ခရောက်ရှိလွန်းသောကြောင့်လည်း၊ ခါးပေါ်တွင် ဝတ်ဆင်ထားသောဘောင်းဘီကိုပင် ဆေးလိပ်, အရက် စသည်များနှင့် အလဲအလှယ်ပြုခြင်း ဟူ၍လည်း ကျွန်တော် တွေးမိလိုက်ပါသည်။ ဤအထဲ ပို၍စိတ်မကောင်းဖြစ်မိသည်မှာ ဘောင်းဘီချွတ်၍ အလဲအလှယ်ပြုရသောစစ်သုံ့ပန်းအဖို့ မည်သည့်နည်းနှင့်မျှ ဘောင်းဘီအစား ပြန်၍ရရှိနိုင်မည် မဟုတ်ကြောင်းပင် ဖြစ်လေသည်။ စစ်သုံ့ပန်းသည် ဘောင်းဘီ သော်လည်းကောင်း၊ အင်္ကျီ, ဦးထုပ်, ဖိနပ် စသည်များကို လည်းကောင်း ဂျပန်များထံမှ ရရှိစရာအကြောင်း မမြင်ပါချေ။ တောတွင်းချွေးတပ်စခန်းများတွင် ကြီးကြီးမားမားဂျပန်စစ်ဗိုလ်များမှလွဲလျှင် ဂျပန်စစ်သားများပင် ဘောင်းဘီအစုတ်စုတ်, အင်္ကျီအပြဲပြဲ ဖြစ်နေကြလေသည်။

သုံ့ပန်းစစ်သား ၂ ယောက်သည် သနားစဖွယ် တတွတ်တွတ်ပြောလျက်၊ သူတို့လိုချင်သော အရက်နှင့် ဆေးလိပ်ကို ထပ်တလဲလဲတောင်းခံနေလေသည်။ အမှန်အားဖြင့် သူတို့ ၂ ဦးသည် ဂျပန်များမသိအောင် စခန်းအတွင်းမှ တိတ်တဆိတ်နိုးထွက်လာကြခြင်း ဖြစ်လေသည်။

အကယ်၍ ဂျပန်စစ်သားများသာ တွေ့ခဲ့သော်၊ ဤအဖြစ်သည် သုံ့ပန်းစစ်သား ၂ ယောက်အဖို့ တွေးဝံ့စရာ အကြောင်းမရှိသော ကြီးမားသောအန္တရာယ်တစ်ခုပင် ဖြစ်လေသည်။

"အရက်ရောရှိရဲ့လား အဘိုး"

ကျွန်တော်က မေးလိုက်ပါသည်။

မွန်အဘိုးအိုသည် ကျွန်တော့်မျက်နှာကို မော့်ကြည့်လေသည်။ သူသည် လက်ပတ်ကိုလည်းကောင်း, မျက်နှာကို လည်းကောင်း အတန်ကြာ စူးစူးစိုက်စိုက်ကြည့်လေသည်။ ပြီးလျှင် မီးဖိုအနီးရှိ မွန်အမျိုးသားတစ်ယောက် အား တစ်စုံတစ်ရာလှမ်းမေးလိုက်သည်။ ထိုအထဲမှ တစ်ယောက်ကပြန်ပြောလိုက်မှပင်-

"နည်းနည်းတော့ ရှိတယ်"ဟု ခပ်ပြတ်ပြတ်ဖြေလေသည်။

"ကျွန်တော့်ဘူးထဲကို ၂ ပုလင်းထည့်ပါ။ သူတို့ဘူးထဲကိုလည်း ၂ ပုလင်းထည့်ပေးပါ။ ဆေးလိပ်စည်း တစ်စည်းလည်း သူတို့ကို ပေးလိုက်ပါ"

ကျွန်တော်သည် ထိုစကားပြောရင်း မွန်အဘိုးအိုအား ဂျပန်ငွေစက္ကူများကိုလှမ်းပေးလိုက်သည်။ ပြီးလျှင် သုံ့ပန်းစစ်သား၏လက်ထဲမှ ဝါးဆစ်ဘူးကိုလှမ်းယူကာ မွန်အဘိုးအို၏လက်သို့ ပေးလိုက်သည်။

မကြာမီပင် မွန်အဘိုးအိုသည် ကျွန်တော်ပေးသောဂျပန်ငွေစက္ကူများကို ရေတွက်ပြီးနောက် လှည်းဆီသို့ လျှောက်သွားပြီး ဝါးဆစ်ဘူးများထဲသို့ အရက်များကိုခြင်တွယ်ကာ ထည့်လေသည်။

ဘောင်းဘီကို လက်ထဲတွင်ကိုင်ထားသောစစ်သုံ့ပန်းသည် ကျွန်တော့်ထံသို့ သူ့လက်မှဘောင်းဘီကို လှမ်းပေး နေပြန်သည်။ ကျွန်တော်က မယူလိုကြောင်းငြင်းဆန်သည့်တိုင် အတန်တန်ပေးနေသဖြင့် အကြိမ်ကြိမ် ငြင်းပယ် ရလေသည်။

သုံ့ပန်းစစ်သား ၂ ဦးစလုံးပင် နောက်ဆုံး၌ ကျွန်တော်၏စေတနာကို သဘောပေါက်နားလည်သွားကြလေ

http://mmteashop.com



သည်။ သူတို့အတွက် ကျွန်တော်ကငွေစိုက်ထုတ်လျက် ဝယ်ခြမ်းပေးကြောင်း နားလည်သွားကြလေသည်။ ထိုအခါ သုံ့ပန်း ၂ ယောက်စလုံးသည် ကျွန်တော်နှင့်သာဆင်အား ထိုင်၍ရှိခိုးတော့မလောက် အကြိမ်ကြိမ် ထပ်တလဲလဲ အရိုအသေပြုနေပါသည်။

ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းတို့ရောယှက်နေသောအရိပ်အရောင်သည် သူတို့ ၂ ဦး၏ မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေသည်။ မီးဖိုမှမီးအလင်းရောင်သည် သူတို့ ၂ ဦး၏မျက်နှာပေါ်သို့ တစ်ဝက်တပျက် ထင်ဟပ်နေသည်။ ထိုအခါ ပြုံးနေသောနှုတ်ခမ်းနှင့် ရီဝေမှုန်မှိုင်းနေသော ပြာလဲ့လဲ့မျက်လုံး ၄ လုံးသည် ကျွန်တော်၏ နှလုံးသားကို ကြေကွဲချောက်ချားစေပါသည်။

ကျွန်တော်သည် အကြောင်းတစ်ခုကို ချက်ချင်းပင် သတိရလိုက်ပါသည်။ 'စစ်သုံ့ပန်းများနှင့် မပတ်သက်ရ။ စစ်သုံ့ပန်းများအား ကူညီအားပေးခြင်း :မပြုရ။ စစ်သုံ့ပန်းများအား ကူညီအားပေးလျှင် အပြစ်ကြီးလေးစွာပေးခြင်းကို ခံရမည်' ဟူသော ရှေ့တပ်သားများနှင့်ပတ်သက်သည့် ထိပ်တန်းပညတ်ချက်ကို ကျွန်တော် တွေးလိုက်မိလေသည်။

ပိုက်ဆံကုန်ရသည်က အရေးမကြီး။ 'ခုနေ ဂျပန်စစ်သားများလာခဲ့လျှင်' ဟူသောအတွေးတစ်ခုကလည်း ကျွန်တော့်ခေါင်းထဲသို့ ဝင်ရောက်လာပြန်ပါသည်။

ကျွန်တော်သည် မွန်အဘိုးအို၏လက်တွင်းမှ အရက်ထည့်ထားသော ဝါးဆစ်ဘူးနှင့် ကွမ်းသီးဖက် ဆေးလိပ် စည်းကို လျင်မြန်စွာလှမ်းယူလိုက်ရသည်။ ပြီးလျှင် စစ်သုံ့ပန်းရှေ့တပ်သား ၂ ဦး၏လက်သို့ ခပ်သွက်သွက် ခပ်မြန်မြန်လှမ်း၍ပေးလိုက်ရသည်။ ပြီးသော် သူတို့ ၂ ဦးအား ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားစေရန် လက်ပြ၍ နှင်ထုတ်ရလေသည်။

စစ်သုံ့ပန်းရှေ့တပ်သား ၂ ဦးမှာလည်း ကျွန်တော်၏ဝမ်းတွင်းစိတ်ကို နားလည်ရိပ်မိသွားဟန်တူလေ သည်။ သူတို့သည် ကျွန်တော်နှင့်သာဆင်အား အကြိမ်ကြိမ်အထပ်ထပ်အလေးပြုပြီးနောက် ထိုနေရာမှ ထွက်ခွာ သွားကြလေသည်။

"ဂျပန်မာစတာသိရင် အားကြီးစိတ်ဆိုးမယ်"

အသက် ၃၀ ကျော်အရွယ် ဟုခန့်မှန်းရသော မွန်ဈေးသည်ထဲမှတစ်ယောက်က ကျွန်တော်၏အပြုအမူကို မကျေမနပ်လှမ်းပြောလိုက်ခြင်း ဖြစ်လေသည်။

"သနားပါတယ်ဗျာ"

သာဆင်က ပြောလေသည်။

ကျွန်တော်သည် မွန်ဈေးသည်၏စကားကို မကြားယောင်ပြုလျက် ထွက်ခွာသွားသောစစ်သုံ့ပန်း ၂ ဦးကို လှမ်းမျှော်ကာကြည့်နေမိလေသည်။ သုံ့ပန်းစစ်သား ၂ ယောက်သည် ကျွန်တော်နှင့် သာဆင်တို့ထွက်လာကြသော ဝါးရုံတောများဘက်သို့လျှောက်သွားပြီးနောက် အမှောင်ထုအတွင်း ဝင်ရောက်ကွယ်ပျောက်သွားလေသည်။

ထိုအခါမှပင် ကျွန်တော်မှာ 'ဟင်းခနဲ' သက်ပြင်းချလိုက်မိပါသည်။

"သူတို့ကိုသနားတာ အရေးမကြီးဘူး။ ဂျပန်မာစတာသိရင် ကျုပ်တို့ကို ကြိုးတုပ်မှာ။ သူတို့ကို မရောင်း ရဘူးလို့ ပြောထားတယ်။ သူတို့ဆီကပစ္စည်းကို မယူရဘူးလို့လည်း ပြောထားတယ်"

ခပ်စောစောက မွန်အမျိုးသားသည် အတော်ပင်မကျေမနပ်ဖြစ်ကာ တဖျစ်တောက်တောက် ရေရွတ်နေပြန် ပါသည်။ ထိုသူသည် ကျွန်တော်တို့နားမလည်သော မွန်စကားဖြင့်လည်း ကျွန်တော်တို့ကို ကျိန်ဆဲရေရွတ်နေသည်ဟု ကျွန်တော်ထင်ပါသည်။

"အိုဗျာ။ ခင်ဗျား အတော်လျှာရှည်တဲ့လူ"

သာဆင်က စိတ်တိုသလိုပြောလိုက်လေသည်။

http://mmteashop.com



"ဘာရှည်ရမလဲ။ မင်း ဘာသိတဲ့ကောင်လဲ။ တစ်ခါတည်း ငါတို့နွားရော လှည်းရော ဂျပန်သိမ်းသွားမယ်။ သိလား။ လူကိုလည်း ကြိုးတုပ်မယ်။ နွားကိုလည်း သိမ်းသွားမယ်။ လှည်းကိုလည်း မီးရှို့ပစ်မယ်"

မွန်အဘိုးအိုကလှမ်းအော်လိုက်မှပင် ထိုသူမှာ မီးပုံအနီးရှိ သူ့အဖော်ထံ စိတ်ဆိုးမာန်ဆိုးနှင့် ထွက်ခွာသွားလေသည်။ သို့တိုင်အောင် သူသည် မကြားတကြားလေသံနှင့် ဆက်လက်ရေရွတ်နေဆဲဖြစ်လေသည်။

ကျွန်တော်နှင့်သာဆင်တို့က ဆေးလိပ်နှင့် မုန့်ပဲကလေးများကို ဝယ်ခြမ်းခြင်းပြုနေသောအချိန်၌ပင် ဈေးလှည်းမှ မွန်အဘိုးအိုသည် ဂျပန်များနှင့်ဆက်ဆံရသော သူတို့မွန်ဈေးလှည်းများ၏အဖြစ်ကို ပြောကြားခြင်းပြုလေသည်။

သူတို့မွန်လှည်းများသည် တောတွင်း ချွေးတပ်စခန်းများ၌ ဈေးနာရောင်းချခြင်းပြုရန် အမိန့်တောင်းခံစဉ်အခါကပင်၊ 'တောတွင်းချွေးတပ်စခန်းများရှိ ဗြိတိသျှစစ်သုံ့ပန်းတို့အား ရောင်းချခြင်းမပြုပါ' ဟူ၍ လည်းကောင်း၊ 'စစ်သုံ့ပန်းများထံမှ ပစ္စည်းတစ်စုံတစ်ရာကို ဝယ်ယူခြင်းမပြုပါ' ဟူ၍ လည်းကောင်း တာဝန်ခံကြရသည်ဟု ဆိုလေသည်။

ပြီးလျှင် စစ်သုံ့ပန်းများနှင့် အဆက်အသွယ်ပြုလုပ်ခြင်း၊ တစ်စုံတစ်ရာစကားပြောဆိုခြင်း၊ စားစရာပစ္စည်းများ အလကားပေးခြင်း စသည်များကိုလည်း ကြပ်တည်းစွာ တားမြစ်သတိပေးထားသည်ဟု ဆိုပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ တစ်ကြိမ်သောအခါက အကြောင်းတစ်ခု ဖြစ်ပွားခဲ့ဖူးသည်ဟု ဆိုပါသည်။ ထိုအကြောင်းမှာ တခြားမဟုတ်ပေ။ မွန်ဈေးလှည်းတစ်စီးမှ မွန်အမျိုးသား ၃ ယောက်တို့သည် ချွေးတပ်စခန်းတစ်ခုတွင် စစ်သုံ့ပန်းများအား အစားအသောက်နှင့် ဆေးလိပ်များရောင်းချခြင်း ပြုမိသည်။ စစ်သုံ့ပန်းများက ငွေကြေးပေး၍ ဝယ်ခြမ်းခြင်း မဟုတ်။ ပစ္စည်းပေး၍ အလဲအလှယ်ပြုခြင်းသာ ဖြစ်လေသည်။

ထိုကိစ္စကို ဂျပန်များသိသွားသဖြင့်၊ မွန်ဈေးလှည်းမှ ဈေးသည် ၃ ဦးအား ဖမ်းဆီးလျက် ကြိုးတုပ်ချည်နှောင်လေသည်။ ပြီးလျှင် လှည်းကိုလည်း မီးရှို့ဖျက်ဆီးပစ်လိုက်လေသည်။ နွား ၂ ကောင်ကိုလည်း ကိစ္စတုံးပစ်လိုက်လေသည်။ ကြိုးတုပ်ချည်နှောင်ထားသော မွန်ဈေးသည် ၃ ယောက်တို့ကိုလည်း ထမင်းမကျွေး၊ ရေမတိုက်ဘဲ ပစ်၍ ထားသည်ဟုဆိုလေသည်။ ဤသို့နှင့် ဂျပန်များက ကြိုးပြည်လိုက်သောအခါ၌မူ၊ မွန်ဈေးသည် ၃ ဦးအနက် တစ်ဦးသာလျှင် အသက်ရှင်တော့သည်ဟု ဆိုလေသည်။ ထိုအသက်ရှင်သူ တစ်ဦးမှာလည်း စိတ်နှလုံးချောက်ချားလျက် ရူးသွပ်သွားတော့ကြောင်းနှင့် မွန်အဘိုးအိုက ပြောပြပါသည်။

မွန်အဘိုးကြီး၏ ထိုစကားကိုကြားရသည့်အခါမှပင် ကျွန်တော်သည် ခပ်စောစောက စိတ်တိုလျက် ရေရွတ်နေသော မွန်ဈေးသည်၏အဖြစ်ကို သဘောပေါက်မိပါသည်။ ကျွန်တော်တို့၏အပြုအမူအတွက် ထိုသူမကျေမနပ်ဖြစ်သည်မှာလည်း ဖြစ်သင့်ဖြစ်ထိုက်ပါပေသည်ဟု သဘောပေါက်မိလေသည်။

ကျွန်တော်တို့သည် မွန်အဘိုးကြီးအား နောက်ထပ်ပေးရန်ရှိသော ဆေးလိပ်ဖိုးနှင့် မုန့်ဖိုးများကို ရှင်းလင်းပေးပြီးနောက်၊ အဘိုးအိုအား နှုတ်ဆက်လျက် ထိုနေရာမှထွက်ခဲ့ကြသည်။

ပတ်ဝန်းကျင်မှာ အမှောင်ထုများ ဖုံးလွှမ်းနေလေပြီ။ တောနက်ရာမှ တောကောင်တိရစ္ဆာန်များ၏အော်ဟစ်သံ၊ ပြေးလွှားသံများကိုလည်း ကြားနေရသည်။ အနီးတစ်ဝိုက်ရှိ ဝါးပင်ဝါးတောများမှ အပင်ချင်း ပွတ်တိုက်သံ၊ အကိုင်းအခက်ချင်း ထိရိုက်သံများကလည်း တဖျပ်ဖျပ်တရှဲရှဲ အသံထွက်နေလေသည်။ ခပ်လှမ်းလှမ်းရှိ မျှော်ကြည့်လျှင် ကားလမ်းတစ်လျှောက်လုံးသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အမှောင်ထုဖြင့် ဖုံးအုပ်နေလေသည်။

http://mmteashop.com

## ဆင်နှင့် ဆင်ဦးစီးချေးတပ်သားများ

မိုးလယ်ရာသီတွင်မှ တံတားဆောက်လုပ်မည့်ဂျပန်အင်ဂျင်နီယာတပ်သည် အလုပ်ကို ခပ်လောလော လုပ်ကိုင်ခြင်းပြုလေသည်။ ထိုအခါ ကျွန်တော်တို့သည် ဂျပန်အင်ဂျင်နီယာတပ်နှင့် တွဲကြရလေတော့သည်။ ကျွန်တော်တို့ချေးတပ်အဖွဲ့သားများသည် ခပ်စောစောအချိန်ကထက် အလုပ်ကြမ်းဒဏ်ကို ပိုရှိခံကြရလေတော့သည်။

ကျွန်တော်တို့တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းနေသည် ဟူ၍ လည်းကောင်း၊ လေပြင်းမှန်တိုင်းတိုက်ခတ်နေသည် ဟူ၍ လည်းကောင်း၊ သို့မဟုတ် တစ်နေ့မပြတ် မိုးဆက်ကာဆက်ကာ ရွာသွန်းနေသည် ဟူ၍လည်းကောင်း အလုပ်မှ အနားမရကြပါချေ။ ကျွန်တော်တို့တွင် စနေနေ့တစ်ဝက်ဟူ၍လည်း အနားမရချေ။ တနင်္ဂနွေဟူ၍လည်း အလုပ်မဆင်းဘဲ မနေကြရပေ။ နေ့စဉ် နိစ္စဓူဝဖြစ်သောဝတ္တရားမှာ မနက် ၅ နာရီတွင် အိပ်ရာမှထ်ကျက်၊ ညနေ ၆ နာရီ အလုပ်ကတက်ရသော ဝတ္တရားတစ်ခုပင် ဖြစ်လေသည်။

အင်ဂျင်နီယာတပ်နှင့် တွဲကြရသည့်အခါ ဦးစွာပထမ ကျွန်တော်တို့သည် တပ်ဒိန်စခန်းနှင့် ကျောက်တစ်လုံးစခန်းအကြားတစ်နေရာ၌ တောခုတ်တောရှင်းခြင်းလုပ်ကြလေသည်။ ထိုအခါ အင်ဂျင်နီယာတပ်မှ ဂျပန်စစ်ဗိုလ်သည် ၁ ချက်ခုတ် ၂ ချက်ပြတ်သဘောဖြင့် အလုပ်အစီအစဉ်ကိုချမှတ်ပေးခြင်း ပြုလေသည်။

ကျွန်တော်တို့ တောခုတ်တောရှင်းရသည်မှာ အင်ဂျင်နီယာတပ်အတွက် လိုအပ်သောအဆောက်အဦများကို ဆောက်လုပ်ပေးရန် ဖြစ်လေသည်။ ဂျပန်စစ်ဗိုလ်သည် ထိုကဲ့သို့ တောခုတ်တောရှင်းခြင်းပြုရာမှ ဆောက်လုပ်ရမည့် တံတားများအတွက် သစ်ပင်ကြီးများကိုခုတ်လှဲခြင်း ပြုစေပါသည်။ သစ်ပင်ကြီးများသည် တံတားတိုင်များ၊ တံတားဘောင်များ၊ လက်ရန်း စသည်များနှင့် အောက်ခံတန်းကြီးများအဖြစ် အသုံးချရန်ဖြစ်လေသည်။

ထိုအခါ ကျွန်တော်တို့ ချေးတပ်အဖွဲ့သားများနှင့်အတူ ဆင်များ၊ ဆင်ဦးစီးများ၊ ဆင်တာဝန်ခံများ [ဆင်ဦးစီးခေါင်းဟူ၍လည်း ခေါ်လေသည်။]စသူတို့လည်း ပါဝင်လာကြလေသည်။

ဂျပန်တို့သည် ယိုးဒယား–မြန်မာ ရထားလမ်းကြီးကို ဖောက်လုပ်ခြင်းပြုရာ၌ တနင်္သာရီတိုင်းတစ်လျှောက်ရှိ ဆင်နှင့်ဆင်ဦးစီးများကိုလည်း ချေးတပ်ဆွဲခဲ့ကြလေသည်။ ဆင်အင်အား၊ ဆင်ဦးစီးအင်အားမှာလည်း မနည်းလှပါချေ။ တောတွင်းချေးတပ်စခန်းတိုင်းလိုလို၌ပင် ဆင်စခန်းများရှိကြလေသည်။ ဆင်ဦးစီးများသည် သူ့လူ၊ သူ့အုပ်စုနှင့် နေကြစားကြလေသည်။

ဂျပန်အင်ဂျင်နီယာတပ်အတွက် တောခုတ်တောရှင်းရသောအလုပ်မှာလည်း ချေးတပ်သားများနှင့် ဆင်သမားများအဖို့ မသက်သာလှပါချေ။

ရွှံ့ထဲရေထဲ မိုးလေထဲ၌ပင် ချေးတဒီးဒီးကျဆင်းအောင် လုပ်ကိုင်ကြရလေသည်။ ချေးတပ်သားများက သစ်ပင်ကြီးများကိုခုတ်လှဲခြင်း၊ သစ်မြစ်ကြီးများကိုပေါက်ထုတ်ပစ်ရခြင်း၊ ဝါးတောများနှင့် ဝါးမြစ်များကို ခုတ်ထွင်ရှင်းလင်းရခြင်း၊ ကျောက်တုံးကျောက်ကမှ စသည်များကို တူးဖော်ရွှေ့ပြောင်းပစ်ရခြင်း၊ ချိုင့်ဝှမ်းကျသော နေရာများကို ကျောက်တုံးနှင့်မြေများ ဖို့ရခြင်း၊ မို့မောက်နေသောနေရာများရှိ ကျောက်သားမြေပြင်ကို တူးထုတ်

http://mmteashop.com



ပစ်ရခြင်း စသည်စသည်ဖြင့် အင်တိုက်အားတိုက် လုပ်ကြရလေသည်။

တောတောင်က ထူနက်လွန်းလှသည်က တစ်ကြောင်း၊ မြေပြင်မှာလည်း ကျောက်တောင်ကျောက်တုံးများ ရောပြွမ်းသောနေရာဖြစ်ခြင်းကြောင့် တစ်ကြောင်း၊ ချွေးတပ်သားများမှာ အလုပ်ခွင်အလုပ်စခန်းအတွင်း၌ ထိခိုက်ဒဏ်ရာရမှု, သွေးထွက်သံယိုမှု, အနာတရဖြစ်မှု စသည်များမှာလည်း နေ့စဉ်နေ့တိုင်းဖြစ်ကြရလေသည်။

သို့ရာတွင် ထိုကဲ့သို့ ဒဏ်ရာအနာတရဖြစ်ရသောချွေးတပ်သားအတွက် ဆေးဝါးဟူ၍ လုံးဝမရရှိပါချေ။ သွေးထွက်သံယိုဖြစ်ရသောဒဏ်ရာများပေါ်တွင် ဝါးရွက်မှအရည်ကို ညှစ်ချရခြင်း၊ တောသစ်ပင်ကြီးများမှ အရွက်များကို ကျောက်တုံးကျောက်ခဲများနှင့်ထောင်းထုကာ သိပ်၍ထားရခြင်း၊ ဆေးရွက်ကြီးများကို တံတွေးဆွတ်၍လည်းကောင်း, မီးကင်၍လည်းကောင်းကပ်ထားရခြင်းစသော ပြီးကပစ်ပြီးစလွယ်အဖြစ်မျိုးကိုသာ လက်လှမ်းမီသလောက် လုပ်ကြရလေသည်။

တောခုတ်တောရှင်းပြုရာမှ ချွေးတပ်သားများ တူးဖော်၍မနိုင်မနင်းဖြစ်သောကျောက်တုံးကြီးများကိုလည်းကောင်း, တံတားဆောက်လုပ်ရာတွင်အသုံးပြုရမည့် သစ်ပင်သစ်တုံးကြီးများကို လည်းကောင်း, သစ်ဆွဲဆင်ကြီးများက လွတ်ကင်းရာတစ်နေရာရာသို့ ရွှေ့ပြောင်းသယ်ဆောင်ရခြင်း၊ ကျောက်တုံးကြီးများကိုမူ ဦးကင်းနှင့်တွန်းလျက် ရွှေ့ပြောင်းရခြင်း စသည်များကိုလည်း ဆင်ဦးစီးနှင့် ဆင်ကြီးများက မနိုင်မနင်းလုပ်ကြကိုင်ကြရသည်။ တစ်ခါတစ်ခါ၌မူ အလွန်တရာကြီးမားလေးလံသော ကျောက်တုံးကျောက်ကမူကြီးများကို ရွှေ့ပြောင်းရခြင်း, တွန်းရထိုးရခြင်းများကြောင့် ချွေးတပ်သားဆင်ကြီးများသည်ပင် ဝမ်းခေါင်းသံပါသည်အထိ တအားကျုံးအော်ဟစ်ခြင်းပြုရှာကြလေသည်။

အမှန်စင်စစ် ကျွန်တော်လေ့လာမိသလောက်ပြောရမည်ဆိုပါလျှင် ကျွန်တော်တို့ချွေးတပ်သားများလုပ်ကြရသော အလုပ်များတွင် အချို့အချို့သောအလုပ်များသည် လူအင်အားနှင့်ချည်း လုပ်၍မဖြစ်နိုင်သော, စက်ကိရိယာစသည်များနှင့် တွဲဖက်၍လုပ်ကိုင်သင့်သော အလုပ်များ ဟူ၍ ကျွန်တော်သဘောရပါသည်။

သို့ရာတွင် ဂျပန်များကမူ မည်သည့်စက်ကိရိယာပစ္စည်းကိုမျှ အသုံးမပြုဘဲ လူအင်အားတစ်ခုတည်းကိုသာ မညှာမတာ ဖိလျက်စေခိုင်း အသုံးပြုခြင်းဖြစ်လေသည်။ ထို့ကြောင့်လည်း အလုပ်ခွင်အတွင်း၌ နေ့စဉ်နှင့်အမျှ ထိခိုက်ဒဏ်ရာရရှိကြခြင်း, သွေးထွက်သံယို ဖြစ်ကြရခြင်း, လူ၏အားအင်ကို မတန်တဆအသုံးပြုရခြင်း စသည်ဖြင့် သဘာဝထက်လွန်ကျူးသောအဖြစ် မဖြစ်သင့်မဖြစ်ထိုက်သော နစ်နာဆုံးရှုံးရသည့် အဖြစ်မျိုးများကို ဖြစ်ကြရလေသည်။

ပြီးလျှင် ရာသီဥတုကလည်း မိုးရာသီမိုးဥတုဖြစ်ပေရာ ခြေခင်းလက်ခင်းအနေနှင့် ကြည့်ပြန်ပါကလည်း သွေ့ခြောက်ကောင်းမွန်ခြင်း အလျဉ်းပင်မရှိပါချေ။ တစ်ဖန် တောနက်တောင်ခေါင်ခေါင် လူသူ ၄ ပါးတို့အရောက်အပေါက်နည်းပါးလှသည့် အရပ်ဒေသတစ်ခုဖြစ်ခြင်းကြောင့် နှစ်ပေါင်းများစွာက ထုတက်လျက်ရှိသော ရေညှိများ, မျှော့ကြီးကျွတ်ကြီးများ, ကြီးထွားချင်တိုင်းကြီးထွားနေသော တောခြင်ကြီးများ, ဖြုတ်ကောင်နှင့် မှက်သတ္တဝါများကလည်း အမျိုးမျိုးအဖုံဖုံ အနှောင့်အယှက်ပေးပြန်ပါလေသည်။

ထိုအခါ လုပ်ငန်းနှင့်ပတ်သက်၍ ကိုင်ကြတွယ်ကြရခြင်းမှာလည်း ခြေမြဲလက်မြဲမဖြစ်တော့ချေ။ သွားလာလှုပ်ရှားကြရခြင်းမှာလည်း စိတ်သွားတိုင်းကိုယ်မပါဘဲ မှန်းချေမပေါက်တော့ပါချေ။ ပြီးလျှင် မိုးက တဝုန်းဝုန်းတဖြုန်းဖြုန်းရွာသွန်းနေသည့်အထဲမှ ညနေ ၃ နာရီလောက်ရောက်လာသည်ဆိုလျှင်ပင် အနှစ်နှစ်အလလက တော်ပြတ်နေကြဟန်တူသော ခြင်များ, ဖြုတ်များ, မှက်များသည် အတင်းတရကြမ်းဝင်ရောက်လျက် ချွေးတပ်သားများ၏သွေးသားကို ကိုက်ခဲစုပ်ယူလေတော့သည်။

ဤလို ခြင်များ, ဖြုတ်များ, မှက်များက ကိုက်ခဲနေသည့်အကြားမှ ဂျပန်စစ်သားများကလည်း တမှောင့်ပင်ဖြစ်ရပြန်ပါသည်။ တာဝန်ကျဂျပန်စစ်သားများသည် ထိုမျှလောက် ပင်ပန်းဆင်းရဲစွာလုပ်ကိုင်နေကြရရှာသော

http://mmteashop.com



ချွေးတပ်သားအလုပ်သမားများအပေါ်၌ အနည်းငယ်မျှ သက်ညှာထောက်ထားခြင်းမရှိကြပါချေ။ အနည်းငယ် လေးကွေးသွားသည်ဆိုလျှင် သော်လည်းကောင်း၊ ကျင်ကြီးစွန့်သွားသည်မှာ အချိန်ကြာမြင့်သည်ဟုယူဆလျှင် သော်လည်းကောင်း၊ အင်တိုက်အားတိုက်မလုပ်ဘဲ နိကပ်နေသည်ဟုထင်လျှင် သော်လည်းကောင်း၊ သူတို့သူတို့၏ လက်တွင်းရှိ ဝါးစိမ်းချောင်းများ, ဝါးရင်းတုတ်များ, သစ်ကိုင်းသစ်ခက်အစရှိသည်များနှင့် တဘုံးဘုံးတအုံးအုံး ရိုက်နှက်ညဉ်းပန်းခြင်း ပြုပြန်ပါတော့သည်။

ထိုအဖြစ် ထိုအကြောင်းများကို စာရှုသူများ ထင်ထင်ရှားရှားနှင့် ကွက်ကွက်ကွင်းကွင်းရှိနေစေရန်အတွက် မအူပင်ခရိုင်မှ ချွေးတပ်သားတစ်စု၏ လုပ်ကိုင်လှုပ်ရှားနေသောလုပ်ငန်းတစ်ကွက်ကို အောက်ပါအတိုင်း တင်ပြခြင်း ပြုလိုက်ပါသည်။

ထိုနေ့နံနက်သည် မိုး ပြင်းထန်စွာရွာသွန်းနေသော နံနက်ခင်းတစ်ခု ဖြစ်လေသည်။ မိုးရွာသွန်းနေသည်မှာ အဆက်မပြတ်ပါပေ။ ၃-၄ ရက်ခန့်ရှိနေပြီတော့ ဖြစ်လေသည်။ ယမန်နေ့ညကလည်း မိုးသည် အပြင်းအထန် ရွာသွန်းခဲ့လေသည်။ ယခုလည်း ရပ်တန့်မသွားပါပေ။ ရွာကောင်းတုန်း ရွာကောင်းဆဲပင် ဖြစ်လေသည်။

ကျွန်တော်တို့ မအူပင်ခရိုင်မှ ချွေးတပ်အဖွဲ့သားများသည် အပြင်းအထန် ရွာသွန်းနေသော မိုးရေမိုးပေါက်များအောက်၌ပင် စခန်းအတွင်းမှ အလုပ်ခွင်ရှိရာသို့ ထွက်ခွာလာခဲ့ကြလေသည်။ ဂျပန်အင်ဂျင်နီယာတပ်အတွက် တောများခုတ်ထွင်ရှင်းလင်းရခြင်းနှင့် အဆောက်အအုံများဆောက်လုပ်ပေးခြင်းပြုရသော အလုပ်ခွင်နေရာမှာ ကျွန်တော်တို့နေရသော ကျောက်တစ်လုံးစခန်းနှင့်ဆိုလျှင် ခရီးအကွာအလှမ်းအားဖြင့် မိုင်ဝက်ခန့် အကွာအဝေး ရှိလိမ့်မည်ဟု ခန့်မှန်းရလေသည်။ ထိုခရီးလမ်းအကွာအဝေးရှိရာသို့ ကျွန်တော်တို့ချွေးတပ်သားများသည် စိတ်အား တက်ကြွမှုအလျဉ်းကင်းမဲ့သော ခြေလှမ်းများနှင့် လျှောက်ခဲ့ကြခြင်းပင်ဖြစ်လေသည်။

ချွေးတပ်သားများအားလုံးသည် ခပ်စောစောပိုင်းဖြစ်သော လွန်ခဲ့သည့် ၃ လကျော်လောက်က ခြေလှမ်းမျိုးတွေ, မျက်နှာအမူအရာမျိုးတွေ, စကားအပြောအဆိုမျိုးတွေ မဟုတ်ကြတော့ပါချေ။ ဘယ်သူ ဘယ်ချွေးတပ်သားကိုပင် ကြည့်လိုက်ကြည့်လိုက် အင်အားဆုတ်ယုတ်လျက် မကြာမီယိုင်လဲတော့မည့်အဖြစ်မျိုးသို့ ဆိုက်ရောက်ခဲ့ကြလေပြီ။

သူတို့သူတို့သည် အချင်းချင်းပင်ဖြစ်သော်လည်း တစ်ဦးကိုတစ်ဦး၊ တစ်ယောက်ကိုတစ်ယောက် နှုတ်သွက်လျှာသွက်နှင့် စကားပြောခြင်းကိုမျှ မပြုကြပါချေ။ စကားတစ်ခွန်းပြောရမည့်အရေးမှာ အလွန်တရာဝန်လေးနေကြဟန်, ပင်ပန်းနေကြဟန်မျိုးတွေသာ ဖြစ်နေကြရှာလေသည်။ ထို့ကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် တစ်စုံတစ်ရာ စကားမဆိုကြ၊ လှည့်စောင်း၍သော်မျှပင် ကြည့်ဖော်ရှုဖော် မရကြ။ ဦးခေါင်းကြီးများ အောက်သို့ ငုံ့လျှိုးကာ မိုးထဲလေထဲတွင် တအိအိတနဲ့နဲ့သွားနေကြလေသည်။

"ခူးရား-ဘိမဟာ-မကောင်းဘူးကသွားတက-သွားတက"

မိုးကာအင်္ကျီကြီးတဖားဖားနှင့် တုတ်ကြီးများတကားကားဖြစ်နေသော ဂျပန်စစ်သားများသည် သူတို့၏ လက်တွင်ရှိသော တုတ်များကိုဝင့်လျက် သော်လည်းကောင်း, ချွေးတပ်သားများ၏ကျောပြင်ထက်သို့ တဘုံးဘုံး ထုထောင်းရိုက်နှက်လျက်သော်လည်းကောင်း အလုပ်ခွင်ရှိရာသို့ ခြေလှမ်းခပ်သွက်သွက်လျှောက်ကြစေရန် အတင်း အဓမ္မ မောင်းနှင်ခြင်း ပြုလေသည်။

ထိုအခါ လူအုပ်၏နောက်ပိုင်းတွင် အတန်ငယ်ပြတ်ကျန်ရစ်သော အင်အားချည့်နဲ့သည့်ချွေးတပ်သားများ, အတော်အတန်မမာမကျန်းဖြစ်နေသော ချွေးတပ်သားများ, သက်ကြီးရွယ်အိုဖြစ်နေသော ချွေးတပ်သားကြီးများမှ စလျက် အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိထားသောချွေးတပ်သားခများများသည် တတ်နိုင်သလောက်အားစွမ်း ဏလေးမျှနှင့် ခြေလှမ်းကို ခပ်သွက်သွက်လျှောက်ကြပြန်လေသည်။

http://mmteashop.com



ထိုကဲ့သို့ မချိတရိနှင့် ခြေလှမ်းကို ခပ်သွက်သွက်လျှောက်ကြရာမှ အချို့အချို့သော အားအင်ကုန်ခမ်းလု ဖြစ်နေသည့် ချေးတပ်သားခများများမှာ ခြေချော်၍ သော်လည်းကောင်း၊ ကျောက်တုံးများ၊ သစ်ငုတ်များနှင့် တိုက်မိ၍ သော်လည်းကောင်း တဘိုင်းဘိုင်းလဲကျကြလေသည်။

"ဘိမော–မကောင်းဘူးက–မကောင်းဘူးက ခွီးရှိတက၊ ခွီး–ခွီး"

ဂျပန်စစ်သားများသည် တဘိုင်းဘိုင်း လဲကျသွားသော ချေးတပ်သားကြီးများအား နှုတ်မှတဖွဖွ ဆဲရေး တိုင်းထွာလျက် သူ့လက်တွင်းရှိ ဝါးစိမ်းချောင်းဖြင့် တဖြန်းဖြန်း ရိုက်နှက်လေသည်။ အချို့သော ဂျပန်စစ်သားများက လည်း လဲနေသောချေးတပ်သား၏ကျောပြင်နှင့် ဦးခေါင်းကို စစ်ဖိနပ်ဖြင့် ကန်ကျောက်ခြင်း ပြုလေသည်။

"ကြည့်စမ်းဗျာ။ ရိုက်လိုက် နက်လိုက်တာ ခွေးမသားဂျပန်။ ဒီအဘိုးကြီးတော့ မကြာခင် သေမှာပဲဗျ"

ကျွန်တော်နှင့်အတူလျှောက်လာသော ဘွန်ထိုက်ချိုကိုကောင်းစိန်က ပြောလေသည်။

"ကြည့်စမ်း–ဆရာလေး။ ဟိုမှာကြည့်စမ်း။ ဒီလူကြီးဟာ ကောင်းကောင်းမမာရှာဘူးဗျ"

ဘန်ထိုက်ချိုကိုမောင်စိန်ကလည်း တစ်နေရာသို့ လက်ညှိုးထိုးညွှန်ပြလျက် ပြောလေသည်။

ကျွန်တော်သည် တဘုံးဘုံး အသံကြားနေသော လူအုပ်ကြီး၏နောက်ပိုင်းတစ်နေရာသို့ လှမ်းကြည့်လိုက်သည်။ ရွှံ့ထဲ, ဗွက်ထဲတွင် လဲကျနေသော ချေးတပ်သားကြီးတစ်ယောက်အား ဂျပန်စစ်သားက သူ့လက်ရှိဝါးရင်းတုတ်နှင့် တဖုန်းဖုန်းရိုက်နှက်နေခြင်း ဖြစ်လေသည်။

"သူ ဘယ်သူလဲဗျ"

ကျွန်တော်က မေးလိုက်သည်။

"ဦးထွန်းရုံလေ။ ကောင်းကောင်းမမာနေတဲ့ ဦးထွန်းရုံပေါ့။ ကိုမောင်စိန်အုပ်စုထဲက။ ဆရာလေး သွားပြောပါ ဦးဗျာ။ အဘိုးကြီးသေလိမ့်မယ်"

ကိုချစ်တီးက ပြောလေသည်။

ကျွန်တော်သည် ဂျပန်စစ်သားနှင့် လဲကျနေသောဦးထွန်းရုံရှိရာသို့ ခြေကိုထိန်းလျက် ခပ်သွက်သွက် ပြေးသွားရလေသည်။ အနီးသို့ရောက်သည့်အခါ ဂျပန်စစ်သားကို အနူးအညွတ်တောင်းပန်လျက် လဲနေသော အဘိုးကြီးဦးထွန်းရုံကို ရွှံ့ထဲဗွက်ထဲမှ ဆွဲထူလိုက်ရသည်။ ဦးထွန်းရုံမှာ တဟီးဟီး ညည်းတွားနေလေသည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။ မိုးရေများ ရွှဲနေသည့်ကြားမှ သူ့တစ်ကိုယ်လုံးမှာ ခြစ်ခြစ်တောက်ပူ နေသည်။ ထိုအခါမှ ဦးထွန်းရုံအဖျားတက်နေကြောင်း ကျွန်တော်သိရလေသည်။ ဂျပန်စစ်သားသည် တခူးခူးဆဲဆို ရေရွတ်လျက် ထိုနေရာမှထွက်ခွာသွားလေသည်။

"ဘကြီးထွန်းရုံ ဖျားနေပါကလားဟင်။ ဖျားနေလျက်နှင့် ဘာလို့ အလုပ်ထဲလိုက်ခဲ့ရတာလဲ။ ဟိုတုန်းက ကျွန်တော့်ကိုပြောပါလား"

"လမ်းရောက်မှဖျားတာ ဆရာလေးရာ"

ဦးထွန်းရုံသည် တဟီးဟီးတဟွတ်ဟွတ်ချောင်းဆိုးရင်းညည်းရင်းမှ အဖြေပေးလေသည်။

"ခု စခန်းကို ပြန်မလား"

ကျွန်တော်က မေးလိုက်သည်။ သူ ပြန်မည်ပြောလျှင် ကျွန်တော်က ပြန်လွှတ်ပေးနိုင်ပါသည်။ ပြီးလျှင် စစ်ဗိုလ်ကုမေကာထံ ချေးတပ်သားတစ်ယောက်ဖျားနာကြောင်းနှင့် ကျွန်တော်နှင့် သက်ဆိုင်ရာဘွန်ထိုက်ချိုက အကြောင်းကြားခြင်းပြုရပေမည်။

"ဟီး–ဟီး မပြန် မပြန်ဘူး။ ဘယ်လိုမှ မပြန်ဘူး။ ကျုပ် ကျုပ်လုပ်နိုင်ပါတယ် ဆရာလေး"

ဦးထွန်းရုံသည် စခန်းသို့ပြန်ရန်အတွက် ခါးခါးသီးသီးငြင်းဆန်ခြင်းပြုလေသည်။ သူ့တစ်ကိုယ်လုံး တဆတ်

http://mmteashop.com



ဆက်တုန်နေရာမှ အလုပ်ကိုလုပ်နိုင်ကြောင်းနှင့် ပြောရှာလေသည်။

"ဖြစ်ပါ့မလားဘကြီးထွန်းရုံရယ်။ ဒီထက် ပိုဖျားနေပါ့မယ်။ စခန်းကိုပြန်ပါလားဗျာ"

"မပြန်ဘူး။ မပြန်ဘူး။ ကျုပ် ကျုပ်လုပ်နိုင်ပါတယ်"

ထိုအတွင်း သူ့ဘွန်ထိုက်ချိုကိုမောင်စိန်သည် ကျွန်တော်တို့အပါးသို့ ရောက်ရှိလာလေသည်။

"သူ့ကို ကျွန်တော် ပြောပါတယ်ဆရာလေး။ သူဆေးရုံအပို့ခံရမှာ သိပ်ကြောက်တယ်တဲ့။ ဒါကြောင့် မဆင်းနိုင်ဆင်းနိုင်နှင့် ဆင်းလိုက်လာတာ"

ချွေးတပ်သား ဘကြီးထွန်းရုံမှာ အသက် ၆၀ မှ ၁ နှစ်–၂ နှစ် ကျော်လွန်ခဲ့ပြီဖြစ်လေသည်။ သူသည် ညောင်တုန်းမြို့နယ် ကွမ်းသီးပင်ကျေးရွာမှ တောင်သူလယ်သမားကြီးတစ်ယောက် ဖြစ်လေသည်။ ယခုကား ဘကြီးထွန်းရုံမှာ အဖျားဝေဒနာ ဝင်ရောက်နေလေသည်။ သို့ရာတွင် အလုပ်ခွင်ရှိရာသို့မလိုက်မပါဘဲ စခန်းသို့ပြန်ရန် ပြောသော်လည်း ပြောမရဘဲဖြစ်နေလေသည်။ သူ့ဘွန်ထိုက်ချိုကိုမောင်စိန်ကလည်း စခန်းသို့ပြန်ရန် တဖွဖွ ပြောလေသည်။ ကျွန်တော်ကလည်း ပြောပါသည်။ မည်သို့မျှ ပြော၍မရပါပေ။

"ကျုပ် ကျုပ် လုပ်နိုင်အောင်ကြိုးစားလုပ်ပါ့မယ်"

ဘကြီးထွန်းရုံသည် ပြောပြောဆိုဆိုနှင့် ခြေလှမ်းစ ပြုလေသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုမောင်စိန် ဘကြီးထွန်းရုံ၏ဆန္ဒကို မည်သို့မျှ တားမြစ်၍မရဘဲ ပေးပေးမပြုကာ အလုပ်ခွင်အရောက် ခေါ်ခဲ့ရလေသည်။

ချွေးတပ်သားအတော်ခပ်များများသည် အတော်အတန်ဖျားနာရုံမျှဖြင့် စခန်းရှိတဲလိုင်းများပေါ်တွင် မနေခဲ့လိုကြပါပေ။ ဤသို့ဖြစ်ရသည်မှာလည်း အကြောင်းရှိလေသည်။ ထိုအကြောင်းမှာ တခြားမဟုတ်ပေ။ ချွေးတပ်သား တစ်ဦးတစ်ယောက် ဖျားနာ၍ အလုပ်မဆင်းနိုင်သည်နှင့်တစ်ပြိုင်နက်၊ ဂျပန်များသည် 'ထိုချွေးတပ်သားအား လုံးဝ ထမင်းမကျွေးရ'ဟု အမိန့်ထုတ်လိုက်လေသည်။ ပြီးလျှင် ထိုချွေးတပ်သားအား တဲလိုင်းပေါ်တွင် ၃ ရက်ထက် ပိုမထားတော့ပါပေ။ ၃ ရက်ပြည့်မြောက်၍ ၄ ရက်နေ့ရောက်လျှင်ပင် တောတွင်းဆေးရုံရှိရာသို့ ပို့ပစ်လေတော့သည်။

တောတွင်းဆေးရုံသို့အပို့ခံရသော ချွေးတပ်သားဆိုပါလျှင် မပြန်လမ်းသို့သွားရခြင်းနှင့် မည်သို့မျှ မခြားတော့ပါချေ။ ချွေးတပ်သားပေါင်းများစွာသည် တောတွင်းဆေးရုံများသို့အပို့ခံရပြီးနောက် ပြန်မလာသည်က များလှပေသည်။ ၁၀၀ လျှင် ၁ ယောက်ပင် မပြန်လာနိုင်ကြ ဟူ၍ဆိုရချေမည်။ ထိုအခါ အတော်အတန် ချွေးတပ်အဝါးဝလာသောသူများသည် တောတွင်းဆေးရုံများသို့အပို့ခံရမည်ကို ကြောက်လန့်သည့်အတွက် ထူထူထောင်ထောင်နှင့် ထနိုင်ကြွနိုင်အခြေအနေရှိနေသရွေ့ကာလပတ်လုံး ဖျားသည်ဖြစ်စေ, နာသည်ဖြစ်စေ, အလုပ်ခွင်အတွင်းသို့ လိုက်ပါခဲ့ကြလေသည်။ အလုပ်ခွင်အတွင်းသို့ ရောက်ရှိသည့်အခါ၌မူ မိမိတို့အချင်းချင်းဖြစ်ကြသောကြောင့် ဖြစ်နိုင်သမျှ တတ်နိုင်သလောက် ကူညီပေးမပေးနိုင်ကြလေသည်။

တစ်ဖန် အကြောင်းတစ်ခု ရှိပြန်ပါသည်။ ချွေးတပ်သားတစ်ဦးတစ်ယောက်ဖျားနာလျှင် တဲလိုင်းတွင် ၃ ရက်ထားသည် ဟုဆိုရသော်လည်း၊ တစ်ခါတစ်ရံ၌မူ တဲလိုင်းအတွင်းသို့ ဂျပန်များ လာရောက်စစ်ဆေးခိုက်နှင့် ဖက်ပင်းတိုးနေပါက ချက်ချင်းပင် တောတွင်းဆေးရုံများရှိရာသို့ အပို့ခံရလေတော့သည်။ မည်သူက မည်မျှလောက် ဝင်ရောက်ပြောဆိုကာမူ အကြောင်းမထူးပါချေ။ ဝင်ရောက်၍ပြောကြားသူကိုပင် ပါးနားကိုရိုက်လေတော့သည်။ ခပ်ရှင်းရှင်းဆိုရလျှင် ဤလိုကိစ္စမျိုးတွင် ကျွန်တော်လည်း မတတ်နိုင်ပါ။ ဘွန်ထိုက်ချို, ဟန်ချို စသူများကလည်း မည်သို့မျှ အကာအကွယ် မပေးနိုင်ကြပါချေ။

[ချွေးတပ်သားများ အဘယ်ကြောင့် တောတွင်းဆေးရုံများသို့ မသွားလိုကြသည် လည်းကောင်း၊ တောတွင်းဆေးရုံများအကြောင်းကို လည်းကောင်း နောက်ပိုင်းတွင် အသေးစိတ်ဖော်ပြထားပါသည်။]

http://mmteashop.com



ဤကဲ့သို့ လဲသူလဲ၊ ကွဲသူကွဲ၊ နာသူနာနှင့်ပင် ကျွန်တော်တို့သည် အလုပ်ခွင်ရှိရာသို့ ရောက်ခဲ့ကြလေသည်။

ဆင်နှင့် ဆင်ဦးစီးများမှာလည်း အလုပ်ခွင်အတွင်းသို့ ရောက်နှင့်နေကြပေပြီ။ သို့ရာတွင် ထိုနေ့အဖို့ ရောက်ရှိလာကြသော ဆင်နှင့် ဆင်ဦးစီးများမှာ အခါတိုင်းနေ့များကလောက် မများပါချေ။ အားလုံးပေါင်းမှ ဆင် ၆ ကောင်၊ ဆင်ဦးစီး ၆ ယောက်နှင့် 'သာဂျမ်း'အမည်ရှိ ဆင်ခေါင်းတစ်ယောက်တို့သာ ဖြစ်လေသည်။

ဆင်ဦးစီးနှင့် ဆင်ခေါင်း စသူတို့မှာ အားလုံးလိုလိုပင် ကရင်အမျိုးသားများနှင့် မွန်အမျိုးသားများသာလျှင် ဖြစ်ကြလေသည်။ ကရင်အမျိုးသားများမှာ တောင်ရိုးကရင်များ၊ တောင်ပေါ်နေကရင်များ ဟူ၍ပြောပါသည်။ အချို့အချို့သောဆင်ဦးစီး ကရင်အမျိုးသားများနှင့် မွန်အမျိုးသားများမှာမူ မြန်မာစကားကို လုံးဝမပြောတတ်ကြောင်း တွေ့ရလေသည်။ မြန်မာစကားတတ်သော မွန်နှင့် ကရင်အမျိုးသားဆင်ဦးစီးများသည် ငါးပိ မစားရသောကြောင့် တည်းညည်းတညူညူဖြစ်နေကြလေသည်။

ဆင်ခေါင်းသာဂျမ်းမှာ မြန်မာစကားပြောတတ်သူ ဖြစ်သဖြင့်၊ ဆင်အရေအတွက် နည်းနေသည့်အကြောင်းကို မေးကြည့်သည့်အခါ အခြားသောအလုပ်ခွင်များသို့ ခွဲပို့ရကြောင်း။ ဆင်များ ပင်ပန်းလှပြီဖြစ်ကြောင်း။ ယခုအတိုင်း သာဆိုပါလျှင် ဆင်တွေ မကြာခင် သေကုန်လိမ့်မည်ဖြစ်ကြောင်းနှင့် ပြောပါလေသည်။

တောတွင်းချွေးတပ်စခန်းများတွင် ဆင်ခေါင်း ဆိုသူများမှာလည်း တစ်ဒုက္ခပင်ဖြစ်လေသည်။ ဆင်ခေါင်း ဘွန်ထိုက်ချီသည် ဆင်ဦးစီးများနှင့် ဆင်များကို ထိန်းသိမ်းကွပ်ကဲခြင်းပြုရသူဖြစ်လေသည်။ သူ့လူဆင်ဦးစီးများမှာ မတန်တဆေး အလုပ်ပင်ပန်းလွန်းသည်အခါ ဂျပန်များကို မတော်လှန်ဝံ့သော်လည်း၊ ဆင်ခေါင်းနှင့်ကား တဆူဆူ တပူပူဖြစ်နေတတ်လေသည်။ တစ်ခါတစ်ခါ မကျေနပ်၍ဆူကြပူကြလျှင် ထ၍ပင် သတ်ကြလေမလား ဟူ၍ ထင်ရလေသည်။ ပြီးလျှင် သူတို့အားလုံး၏လက်ထဲတွင် ဓားမြှောင်၊ ချွန်း၊ ဓားမ စသော လက်နက်များကလည်း အဆင်သင့် အမြဲတမ်းရှိနေကြလေသည်။ သူတို့တစ်တွေ ပြောကြဆိုကြသောစကားများမှာလည်း ကျွန်တော်တို့ နားမလည်သောစကားများ ဖြစ်ကြလေသည်။

ဂျပန်များကိုလည်း သူတို့ ဆဲကြဆိုကြ ကျိန်စာတိုက်ကြမည်မှာကား ယုံမှားဖွယ်မရှိပါချေ။ ဂျပန်သည် ဆင်ဦးစီးများနှင့် ဆင်ခေါင်းများအတွက် ချွေးတပ်အဖွဲ့သားများအားပေးသည့်နည်းတူ ဆန်၊ ဆား၊ ပဲ၊ ပိန်းဥ စသည်များကိုသာ ပေးလေသည်။ အခြားမည်သည့်အရာကိုမျှ မပေးချေ။ ဆင်များအတွက်လည်း အစားအစာ ဟူ၍လည်းကောင်း၊ ဆေးဝါးပစ္စည်း ဟူ၍လည်းကောင်း တစ်စုံတစ်ရာမရပေ။

အမှန်စင်စစ် ခပ်နင့်နင့်ဆိုရလျှင် ချွေးတပ်စခန်းများတွင် လူတွေကိုရော၊ တိရစ္ဆာန်များကိုပါ မသေရုံကျွေးမွေး လျက် အစွမ်းကုန်စေခိုင်းခြင်းပေတည်း။

ဂျပန်ဖက်ဆစ်တွေနားလည်ထားသည်မှာ ယိုးဒယား-မြန်မာ ရထားလမ်းကြီးပြီးစီးရေး ကိစ္စတစ်ခုတည်းသာ ဖြစ်လေသည်။ ဆင်ဦးစီးများနှင့် ချွေးတပ်သားများ ငါးပိကလေးမျှ မြက်မြက်မစားရခြင်း၊ ဆီကလေးပြားကလေး များမှ မမြင်မတွေ့ရခြင်းသည် အရေးတကြီးကိစ္စမဟုတ်။ ထိုထိုပစ္စည်းများကို မမှီဝဲမစားသောက်ရသဖြင့် အားအင် ကုန်ခမ်းလျက် မိုင်းခနဲသေသွားလျှင်လည်း၊ ဤသူဤသူများအား မြေမြုပ်ပစ်လိုက်ရုံရှိသည် ဟူ၍ သဘောထား ကြလေသည်။

ကျွန်တော်တို့ချွေးတပ်သားများသည် မကြာမီ လူစုတွဲလျက် သက်ဆိုင်ရာရာလက်နက်ကိရိယာများကို ကိုင်ဆောင်ကြရပြီးနောက် လုပ်ငန်းအတွင်းသို့ဝင်ရောက်ခြင်း ပြုကြရလေသည်။

ကျွန်တော်တို့တစ်တွေ လုပ်ကြကိုင်ကြရသည့်အလုပ်များမှာ ယမန်နေ့ရက်များက မပြီးပြတ်ဘဲကျန်ရစ်နေ သောလုပ်ငန်းများပင် ဖြစ်လေသည်။ ဤတွင် တူးလက်စနှင့် မပြီးမပြတ်ရှိနေသေးသော သစ်မြစ်၊ ဝါးမြစ်ကြီးများကို ဆက်လက်၍ တူးဖော်ခြင်း ပြုသူများက ပြုရလေသည်။ ခုတ်လှဲထားသောသစ်ပင်ကြီးများကို ဆင်များအကူအညီနှင့်

http://mmteashop.com



အပြင်သို့တွန်းထုတ်သူများက တွန်းထုတ်ရလေသည်။ အချို့ကလည်း ကျောက်ခဲကြီးများကို သံတူရွင်းများ၊ ကုတ်များနှင့်ကော်လျက် ချောက်ကမ်းပါးကြီးများအတွင်းသို့ တွန်းချရလေသည်။ အချို့သောအုပ်စုများမှာမူ ဂျပန်များနေထိုင်ရန် တဲအိမ်များ၊ ရွက်ဖျင်တဲများ၊ လက်နက်ကိရိယာပစ္စည်းများ သိုလှောင်ရန် ဂိုဒေါင်တန်းလျားများ၊ စားနပ်ရိက္ခာထားသိုရန် နေရာများ စသည်များကို ဆောက်လုပ်ခြင်းပြုလုပ်ကြရလေသည်။

အဆိုပါလုပ်ငန်းရပ်များအားလုံးမှာ သက်သက်သာသာလုပ်ကိုင်ကြရသော အလုပ်ဟူ၍ကား တစ်ခုမျှ မရှိပါချေ။ လုပ်ငန်းအားလုံး အားတိုက်အင်တိုက်လုပ်ကြရသည်သာ ဖြစ်လေသည်။ ဆင်ကြီးများနှင့်တွဲဖက်၍ လုပ်ကြရသည့်အခါ၌လည်း ချွေးတပ်သား ၁၄–၅ ယောက်မှာ ထိုဆင်ကြီးများကဲ့သို့ အားသွန်ခွန်စိုက်လုပ်ကြရလေသည်။ ခုတ်လှဲပြီးနောက် အကိုင်းအခက်များဖယ်ရှားပြီးသောသစ်တုံးကြီးများ၊ တံတားတိုင်ကြီးများကို အပြင်အပသို့ သယ်ထုတ်သည့်အခါ၊ ဆင်ကြီးများက သူတို့စွမ်းအားရှိသလောက် တစ်ဘက်မှနေလျက် တွန်းရွှေ့သည်နှင့်အမျှ ချွေးတပ်သားများကလည်း သံတူရွင်းကြီးများ၊ ကုတ်များနှင့်ကော်လျက် အားကုန်တွန်းရွှေ့ခြင်း ပြုရလေသည်။ ဤသို့မဟုတ်ပါဘဲ မိမိဘက်က ရေသာခိုနေလိုက်မည်၊ ညာဝါးနေလိုက်မည်ဆိုပါက ဂျပန်၏တုတ်ချက်က မိမိတို့ကျောပြင်ထက်သို့ မဆိုင်းမတွ ကျရောက်လာပေမည်။ သို့မျှမဟုတ်လျှင်လည်း သစ်တုံးကြီးကလည်ထွက်လာကာ မိမိတို့အဖို့ ထိခိုက်ဒဏ်ရာ ရရှိပေလိမ့်မည်။ ထို့ကြောင့် ချွေးတပ်သားများအနေဖြင့် အလုပ်တာဝန်ကို မခိုမကပ် လုပ်ကြရသည်သာမက၊ ရှိရှိသမျှအားစွမ်းကို ဖျစ်ညှစ်ထုတ်လျက် အကြိတ်အနယ်လုပ်ကြရသည်သာ ဖြစ်လေသည်။

ကျန်သော သစ်မြစ်တူးရသူများ၊ ကျောက်တုံးကြီးများကိုကော်ထုတ်ရသူများမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်လေသည်။ တစ်ဖန် တဲလိုင်းဆောက်သူများမှာလည်း သက်သာလှသည် မဟုတ်ပါပေ။ ဂျပန်များ၏ အဆိုအဆဲ အကန်အကျောက်ကိုခံရကာ၊ ခပ်သွက်သွက်ခပ်မြန်မြန်နှင့် ခပ်ကြမ်းကြမ်းလုပ်နေကြရလေသည်။ ထိုကဲ့သို့ ခပ်သွက်သွက်၊ ခပ်ကြမ်းကြမ်းလုပ်သူကိုမှလည်း ဂျပန်များက သဘောကျလေသည်။

တောတွင်း ချွေးတပ်စခန်းတွင် ဤလို အလုပ်ကို ကြမ်းကြမ်းတမ်းတမ်းလုပ်ကြရသည်၌ ကျွန်တော်မှတ်မိသော ချွေးတပ်သား ၃ ယောက်နှင့် ဆင်ဦးစီး ၁ ယောက် ရှိလေသည်။

ဆင်ဦးစီးမှာ 'အုန်းသာ' ဆိုသူ မွန်တစ်ယောက်ဖြစ်လေသည်။ သူ့ဆင်မကြီး၏အမည်မှာ 'ပုလဲစိန်' ဟူ၍ ဖြစ်သည်။ မော်လမြိုင်သစ်စက်တစ်စက်မှ တရုတ်သူဌေးတစ်ဦးပိုင်ဆင်မကြီးဖြစ်ကြောင်း' သိရလေသည်။

အုန်းသာသည် ဂျပန်များ၏အဆဲအဆို၊ အရိုက်အနှက်ကိုမခံ ဟူသော စိတ်ထားရှိသူတစ်ယောက် ဖြစ်လေသည်။ သူ့အသက်မှာ ၂၇–၂၈ နှစ်လောက် ရှိပေမည်။ ဂျပန်များသည် ဆင်ဦးစီးများအား စိတ်တိုင်းမကျလျှင် အောက်မှနေလျက် ဆဲဆိုအော်ဟစ်ကာ တွေ့ရာတုတ်များ၊ ကျောက်တုံးကျောက်ခဲများနှင့် ပစ်ပေါက်ခြင်းပြုလေသည်။

ထိုအပြုအမူကိုမခံချင်သော အုန်းသာသည် သူ့ဆင်မကြီးပုလဲစိန်ကို ခပ်ကြမ်းကြမ်းခိုင်းလေသည်။ အလုပ်ပင်ပန်းလှ၍ ဆင်မကြီးက ပေကတ်ကတ်လုပ်နေလျှင် သူ့လက်တွင်းရှိခားမြှောင်နှင့် ဆင်မကြီး၏ဦးကင်းကို တစ်အားတစ်အားထိုးစိုက်လေသည်။ တစ်ခါတစ်ခါ ဆင်မကြီးပုလဲစိန်နှင့် ဆင်ဦးစီးအုန်းသာ၏အဖြစ်မှာ ကြောက်စရာလန့်စရာကောင်းလှသည်။ အသည်းထိတ်ရင်တုန်စရာ ဖြစ်ရသည်နှင့်အမျှ၊ အုန်းသာအနေဖြင့်ကလည်း အသက်အန္တရာယ်နီးကပ်လှလေသည်။

သို့ရာတွင် ဆင်မကြီးပုလဲစိန်မှာ အုန်းသာကိုကား မည်သို့မျှ အန္တရာယ်မပြုရှာပေ။ ကြီးမားလေးလံသော ကျောက်တုံးကြီးများ၊ သစ်တုံးကြီးများ၊ သစ်မြစ်ကြီးများကိုသာ စိတ်ဆိုးဆိုးနှင့် တစ်အားကော် တစ်အားဆွဲပစ်လေသည်။ မချိမဆံ့နှင့် မနိုင်မနင်းလုပ်ရသောအခါ၌မူ၊ ဆင်မကြီးပုလဲစိန်သည် တစ်တောလုံးဆူညံသွားအောင် မိုးချုန်းသည့်အလား တအားကုန်အော်ဟစ်ခြင်း ပြုလေသည်။ အလွန်တရာမာကျော၍ အလွန်တရာကြမ်းတမ်းသော

http://mmteashop.com



ဦးကင်း အရေများပင် စုတ်ပြတ်လျက် ဖူးဖူးရောင်ရောင်ဖြစ်လာရှာလေသည်။

ထိုကဲ့သို့ဖြစ်ရသည့်အတွက် အုန်းသာကို ဆင်ခေါင်းက သော်လည်းကောင်း၊ ကျွန်တော်က သော်လည်းကောင်း ဆင်မကြီးပုလဲစိန်အား သက်သက်ညှာညှာစေခိုင်းရန် ပြောသော်လည်း၊ အုန်းသာက မနာယူပါချေ။ 'မြန်မြန်သေ မြန်မြန်အေးမည်။ ဒါမှ ဒုက္ခငြိမ်းမည်'ဟုသောသဘောမျိုးကို အုန်းသာက ပြောတတ်လေသည်။

ဆင်ဦးစီးအုန်းသာကဲ့သို့ပင် စိတ်သဘောထားသည့် ချွေးတပ်သား ၃ ယောက်မှာ ကိုဇတော်၊ ရွှေလုကြီးနှင့် ကိုချန်ထွန်း ဆိုသူများဖြစ်လေသည်။ သူတို့ ၃ ယောက်စလုံး ညောင်တုန်းနယ် ငါးကြီးအိုင်ရွာသားများချည်း ဖြစ်ကြလေသည်။ ၃ ယောက်စလုံး ကရင်အမျိုးသားလယ်သမားကြီးများ ဖြစ်လေသည်။

သူတို့ ၃ ယောက်ကလည်း 'ဂျပန်များ၏အရိုက်အနှက်ကို မခံ။ အလုပ်ကို သေသေကြေကြေ အင်တိုက် အားတိုက်လုပ်မည်' ဆိုသောအစားထဲက ဖြစ်ကြလေသည်။ လုပ်လည်း တကယ်တမ်းလုပ်ကြလေသည်။ ထို ၃ ယောက်သည် ချွေးတပ်သား ၁၀ ယောက်လောက်ထမ်းရမည့်တိုင်ကြီးများကို သူတို့ ၃ ကောက်တည်း ထမ်းပိုးလေ သည်။ ကျောက်တုံးကျောက်ကမ္ဘူကြီးများကိုလည်း မချိမဆံ့တူးဖော်ရွှေ့ပြောင်းပစ်ကြလေသည်။ ဝါးမြစ်ကြီးများ၊ သစ်မြစ်ကြီးများကိုလည်း ခါးတွင်ကြိုးချည်လျက်၊ ကျွဲရုန်း၊နွားရုန်း ရုန်းပစ်ကြလေသည်။ သူတို့ ၃ ယောက် လုပ်ကြပြီဆိုလျှင် မတန်မဆအလုပ်များချည်း ဖြစ်လေသည်။

ထိုအခါ ဂျပန်များက လက်ခုပ်လက်ဝါးတီးလျက် သြဘာပေးကြလေသည်။ "အဘိဓမ္မာ ကောင်းတကား၊ အားကြီးကောင်းတကား။ နွားရှိတက"ဟူ၍ပင် ကျွဲ၊ နွားနှင့်နှိုင်းလျက် ချီးမွမ်းထောပနာပြုကြလေသည်။

ရွှေလုကြီး၊ ကိုဇတော်၊ ကိုချန်ထွန်း၊၊ ဤ ၃ ယောက်စလုံးမှာ အသက် ၄၀ ကျော်အရွယ်များချည်း ဖြစ်ကြလေသည်။ ၃ ယောက်စလုံး ဒေါင်ကောင်းကောင်း ဗလကောင်းကောင်းနှင့် ကျန်းမာရေးအလွန်ကောင်းကြ သူတွေ ဖြစ်လေသည်။ ပုံစံနှင့်ဝေမျှပေးသောထမင်းကိုလည်း သူတို့ ဘယ်အခါမှ မဝကြပါချေ။ ထိုကဲ့သို့ဖြစ်ရ သော်လည်း တစ်ခု တော်ပေးသေးသည်။ နောက်ပိုင်းတွင် ပုံစံအတိုင်းရရှိသောထမင်းကိုပင် ကုန်အောင်မစားနိုင်သည့် ချွေးတပ်သားများ အတော်ကလေးများပြားလာသည့်အတွက် ထိုအပိုအလျှံ ထမင်းဟင်းများမှာ သူတို့ ၃ ယောက် အတွက် ဖြစ်လာလေတော့သည်။

သို့ရာတွင် ရွှေလုကြီး၊ ကိုဇတော်နှင့် ကိုချန်ထွန်းတို့ ၃ ယောက်မှာ ဤအတိုင်း ရေရှည်မခံတောပါချေ။ သူတို့ ၃ ယောက်၏ အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ အားအင်ဆုတ်ယုတ်လာသည်ကို ကျွန်တော် သတိထား မိပါသည်။ ကိုဇတော်မှာ မျက်နှာများ တစ်နေ့တခြားချောင်ကျလာသည်။ အလွန်တရာတောင့်တင်းမာကျောနေ သော လက်မောင်းလက်ရုံးကြီးများ၊ ရင်အုပ်ကြီးများမှာလည်း ပျော့ပျော့အိအိ ဖြစ်လာသည်။ သူ့မျက်လုံးများသည် တဖြည်းဖြည်း အရောင်အဆင်းကင်းမဲ့လျက် ခပ်မှုန်မှုန်ခပ်မှိုင်းမှိုင်း ဖြစ်လာသည်။ ကျန်သူ ၂ ယောက်မှာလည်း သူ့လောက်မဟုတ်သည့်တိုင် အထလေး၊အသွားလေး ဖြစ်လာသည်။ သူတို့ အရင်ကလောက် ထမင်းမစားနိုင်တော့ပေ။

ဤလိုနှင့် မကြာမီရက်ပိုင်းအတွင်း၌ပင် ကိုဇတော်နှင့် ဘကြီးထွန်းရုံတို့ ၂ ယောက် သေဆုံးခဲ့ရလေသည်။

ကျွန်တော်တို့သည် "ဘကြီးထွန်းရုံနှင့် ကိုဇတော်တို့သေဆုံးကြောင်းကို ဂျပန်စစ်ဗိုလ် ကုမေကာအား အကြောင်းကြားပြီးနောက်၊ တောစပ်တစ်နေရာတွင် သွားရောက်မြှုပ်နှံခြင်း ပြုလိုက်ကြပါသည်။

နာရီပိုင်းအချိန်ကလေးလောက်သာခြား၍ သေဆုံးသွားသော ထို ၂ ယောက်၏ အသုဘအတွက် ကျွန်တော် တို့သည် ဖျာအစုတ်ကလေးတစ်ချပ်ကိုသာ အလဲအလှယ်ပြုလျက်ရစ်ပတ်ကာ တောစပ်အရောက် ထမ်းသွားကြရ လေသည်။ လူ ၂ ယောက် သေဆုံးရသောကိစ္စနှင့်ပတ်သက်၍ကား ဂျပန်များထံမှ မည်သည့်အကူအညီ၊ မည်သည့် အခွင့်အရေးကိုမျှ မရပါချေ။ တဲလိုင်းသို့လာရောက်၍ပင် ကြည့်ဖော်ရှုဖော်မရပေ။ 'သေရင် ခပ်မြန်မြန်မြှုပ်ပစ် လိုက်' ဆိုသောသဘော ရှိလေသည်။

http://mmteashop.com

## တပ်ဒိန်စခန်းနှင့် ဝမ်းရောဂါ

နောက်ရက်များမကြာမီအတွင်း၌ပင် ကျွန်တော်တို့တဲလိုင်းအမှတ် ၃၊ ၄၊ ၅၊ ၆ ရှိ ချွေးတပ်သားအဖွဲ့များသည် ကျောက်တစ်လုံးစခန်းမှ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းခြင်း ပြုခဲ့ကြရလေသည်။ ကုမကောအပါအဝင်ဖြစ်သော ဂျပန်စစ်သားအချို့မှာလည်း ကျွန်တော်တို့ထက် တစ်ရက်စော၍ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းသွားကြလေသည်။ ဂျပန်စစ်သားများ၏ အိပ်ရာလိပ်များ၊ ဝန်စည်အထုပ်အပိုးများကိုမူ ဆင်များနှင့် တင်ဆောင်သွားလေသည်။ အချို့သော ဂျပန်စစ်ဗိုလ်များနှင့် စစ်သားများမှာ ကျောက်တစ်လုံးစခန်းရှိချွေးတပ်သားများနှင့် ကျန်ရစ်ခဲ့လေသည်။

ကျောက်တစ်လုံးစခန်းမှ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းလာရသည့်အခါ၌မူ၊ ကျွန်တော်အနေဖြင့် တစ်ခုတော့ လေ့လာမိပါသည်။ ကျွန်တော့်တို့စခန်း ရွှေ့ပြောင်းရသည်ဆိုခြင်းမှာ အောက်ဘက်သို့ပြန်ဆင်းရခြင်း မဟုတ်။ အထက်သို့ တစ်ဆင့်ပြန်တက်ခဲ့ရခြင်းသာ ဖြစ်လေသည်။

ထိုအခါ ကျွန်တော်တို့ချွေးတပ်သားများသည် '၃-၄ လနှင့် နေရပ်သို့ ပြန်ခွင့်ရလိမ့်မည်၊ ပြန်လွှတ်ပေးလိမ့်မည်ဆိုသော စကားမှာ မည်သည့်နည်းနှင့်မျှ အမှန်အကန်မဖြစ်နိုင်ကြောင်း ကျွန်တော် ရိပ်စားမိလာသည်။ ကျွန်တော်ကဲ့သို့ပင်လေ့လာမိသော ဘွန်ထိုက်ချို၊ ဟန်ချို အစရှိသူများကလည်း ထိုအတိုင်း သဘောထားကြလေသည်။ ဘွန်ထိုက်ချို ကိုကောင်းစိန်၊ ကိုသာမြိုင်နှင့် ကိုမောင်စိန်တို့ကမူ 'ကျွန်တော်တို့တစ်တွေသည် ဤတောကြီးမြိုင်ကြီးထဲ၌ပင် သေဆုံးကြရလိမ့်မည်' ဟု ယူဆထားကြလေသည်။ ဘွန်ထိုက်ချိုများထဲမှ ခပ်အအခပ်ထိုင်းထိုင်း ဘွန်ထိုက်ချိုတစ်ယောက်ဖြစ်သော ကိုစိန်မောင် ဆိုသူတစ်ယောက်ကသာ '၆ လပြည့်လျှင် ပြန်ခွင့်ပေးလိမ့်မည်' ဟု ယူဆထားသူဖြစ်လေသည်။

ကျွန်တော်တို့ စခန်းပြောင်းရာတွင် ထမင်းချက်ရုံခေါင်း ကိုစံခတို့လူစုမှာမူ မပါလာတော့ပေ။ သူနှင့်သူ့အဖွဲ့သားများမှာ ကျောက်တစ်လုံးစခန်း၌ပင် ကျန်ရစ်ခဲ့ကြလေသည်။ သို့ရာတွင် သူတို့အဖွဲ့သားများမှာလည်း မကြာမီပင် စခန်းတစ်ခုခုသို့ ရွှေ့ပြောင်းရလိမ့်မည်ဖြစ်ကြောင်းနှင့် ကိုစံခက ပြောပါသည်။

တပ်ဒိန်စခန်းသည် ကျွန်တော်တို့ ပထမဆုံးအဖြစ်နေခဲ့ရသော ကျောက်တစ်လုံးစခန်းထက် ကျယ်ဝန်းလေသည်။ စခန်းအနေအထားကျယ်ဝန်းသည်နှင့်အမျှ တဲတန်းလျားကြီးများမှာလည်း ကျောက်တစ်လုံးစခန်းထက် ရှည်လျားကျယ်ဝန်းသောတဲတန်းလျားကြီးများ ဖြစ်လေသည်။ ဂျပန်စစ်ဗိုလ်၊ စစ်သား စသူများ၏အနေအထိုင်မှာလည်း ကျောက်တစ်လုံးစခန်းထက် ကောင်းလေသည်။

ဂျပန်စစ်ဗိုလ်အကြီးအကဲနေထိုင်ရန် ဆောက်လုပ်ထားသောအိမ်ငယ်ကလေးမှာလည်း ကျောက်တောင်ကုန်းထက်တွင်ရှိလျက်၊ ဂျပန်အိမ်ငယ်ကလေးတစ်အိမ်၏ပုံစံအချိုးအစား ဖြစ်လေသည်။

ကျွန်တော်တို့ရောက်ရှိသွားသည့်အခါ တဲတန်းလျားကြီးများအတွင်း၌ ချွေးတပ်သားများကို မတွေ့ရသော်လည်း၊ ထိုတဲတန်းလျားများမှ မကြာမီကပင် ချွေးတပ်သားများ ထွက်ခွာရွှေ့ပြောင်းသွားကြောင်းကိုမူ ခြေရာလက်ရာကို

http://mmteashop.com



ကြည့်ခြင်းအားဖြင့် သိရလေသည်။ သူတို့တစ်တွေ မည်သည့်စခန်းသို့ ရွှေ့ပြောင်းသွားရလေသည်ဆိုခြင်းကိုကား ကျွန်တော်တို့ မသိပါချေ။

တပ်ဒိန်စခန်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရသော်လည်း ကျွန်တော်တို့ချွေးတပ်သားများအနေဖြင့် မည်သို့မျှ ထူးခြားကောင်းမွန်သည့်အဖြစ်မျိုးကို မခံစားရပါချေ။ ပိုမိုကာ ကြမ်းတမ်းခါးသီးသောအလုပ်ခွင်၏ ဆင်းရဲ ပင်ပန်းမှုဒဏ်ကိုသာ တွေ့ကြုံကြရပါတော့သည်။

ဂျပန်များသည် တပ်ဒိန်စခန်းနှင့် ၃–၄ ဖာလုံခန့် အကွာအဝေး၌ရှိသော မီးရထားလမ်းတစ်နေရာ၌ စမ်း ချောင်းကူးတံတားကြီးတစ်ခုကို မိုးအကုန် ဆောင်းအကူးရာသီလောက်တွင် ဆောက်လုပ်ရန်စီစဉ်ထားကြလေသည်။ ထိုစမ်းချောင်းတံတားကြီးသည် သံဖြူဇရပ်မှ ဘုရား ၃ ဆူစခန်းအထိ ဂျပန်များဆောက်လုပ်ကြရမည့်တံတားများ အနက် အကြီးဆုံးနှင့် အရှည်ဆုံးတံတားကြီးတစ်ခုပင် ဖြစ်လေသည်။

ကျွန်တော်တို့ချွေးတပ်သားများသည် ထိုတပ်ဒိန်တံတားသစ်ကြီးဆောက်လုပ်ရေးအတွက် လိုအပ်သော တိုင်ကြီးများ, အောက်ခံတံတားပေါင်ကြီးများနှင့် အခြားသော တံတားနှင့်သက်ဆိုင်ရာရာ သစ်တိုင်, သစ်သား များကို ဂျပန်များစေခိုင်းသလို လုပ်ကိုင်ပေးရမည်လည်း ဖြစ်လေသည်။ ပြီးလျှင် ရထားလမ်းအတွက် တောရှင်း ခြင်း, မြေညှိမြေဖို့ခြင်း, ကျောက်တုံးကျောက်ခဲများဖို့ပေးခြင်း ပြုရပေမည်။ ကျောက်တုံးကျောက်ခဲများကိုမူ တံတားဆောက်လုပ်မည့် စမ်းချောင်းကမ်းခြေအနီးတစ်ဝိုက်တွင် မြေများမပြိုစေရန်အတွက် ရေကာတာသဘောမျိုး လောင်းဖို့ပေးခြင်း, ဝါးများ သစ်များကို ရေကာတာတည်ဆောက်လျက် ကျောက်များလောင်းသွန်ချပေးခြင်း စသည်များကို လုပ်ကိုင်ကြရမည် ဖြစ်လေသည်။

တစ်ဖန် မီးရထားသံလမ်းများကိုလည်း ကားများနှင့်သယ်ယူလာပြီးနောက် လမ်းဘေးတွင်ချထားခဲ့သည် ဖြစ်လေရာ၊ တံတားဆောက်လုပ်မည့်နေရာအရောက် တစ်နေရာနှင့်တစ်နေရာ ထမ်းပိုးသယ်ဆောင်ရသည်။ ပြီးသော် အချို့သောသံလမ်းများကို ဂျပန်အင်ဂျင်နီယာတပ်ကပေးသည့် အတိုင်းအထွာအတိုင်း သံဖြတ်လွှများနှင့် ဖြတ်တောက်ခြင်းပြုရသည်။ တံတားပေါင်များ, တံတားလက်ရန်း စသည်များကိုလည်း ဂျပန်များကစေခိုင်းသည့် အတိုင်း ဖြတ်တောက်ရခြင်း, ရွှေဘော်ထိုးရခြင်း, ပဲကွပ်ဖြင့် ရွေရခြင်း စသောအလုပ်များကိုလည်း လုပ်ကိုင်ခြင်း ပြုကြရသည်။

ကြမ်းတမ်းသောအလုပ်များကို နေ့ရှိသရွေ့ လုပ်ကိုင်လာကြသော ချွေးတပ်သားများမှာလည်း တစ်နေ့ထက် တစ်နေ့ တိုး၍တိုး၍ အလုပ်ဒဏ်သင့်လာလေတော့သည်။ ဘယ်သူ့ကိုကြည့်လိုက်ကြည့်လိုက် ခြေမသယ်ချင် လက်မလှုပ်ချင်ဖြစ်နေသည့် အမူအရာမျိုးတွေသာ ဖြစ်လာကုန်ကြပါသည်။

ဤတွင် အဆိုးရွားဆုံးဖြစ်သည့်ပြဿနာများနှင့်လည်း ကြုံရပြန်လေသည်။ ကျွန်တော်တို့ချွေးတပ်သားများမှာ များသောအားဖြင့် အဝတ်တစ်ထည် ကိုယ်တစ်ခုအဖြစ်နှင့် ချွေးတပ်ထဲသို့ပါလာကြသူများသာလျှင် ဖြစ်ကြပေသည်။ တစ်မိုးတွင်းလုံး ရွှံ့ထဲ, မိုးထဲတွင် အလုပ်ကြမ်းကို လုပ်ကိုင်ကြရသူများ ဖြစ်သောကြောင့်လည်း ခါးဝတ်ခါးစားများမှာ ရိပြဲစုတ်ပြတ်ကုန်ကြလေသည်။ အချို့သောချွေးတပ်သားများမှာလည်း ဂုန်နီပိုင်းများကို ခါးတွင်ရစ်ပတ်ထားရသည့် အဖြစ်မျိုး ဆိုက်ရောက်ကုန်ကြပါသည်။

ပို၍ ရင်နာရင်နင့်ဖြစ်စရာကောင်းသည်မှာ ထိုဂုန်နီပိုင်းများကိုပင် ချွေးတပ်သားများမှာ ခပ်လွယ်လွယ် ရကြသည် မဟုတ်ချေ။ ဂျပန်များသည် အလုပ်ကို ကြိုးစားပန်းစားလုပ်ကိုင်သူ ချွေးတပ်သားများကိုသာလျှင် ထို ၁ လံ ၁ မိုက်သာသာမျှရှိသော ဂုန်အိတ်ပါးကလေးများကို ဆုချခြင်းပြုလေသည်။ သို့ရာတွင် ထို ၁ လံ ၁ မိုက် သာသာမျှရှိသော ဂုန်နီအိတ်ပါးကလေးတစ်ခုကို ရရှိနိုင်ရေးအတွက် တော်ရုံသဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင်သည် ဆိုရုံမျှနှင့်လည်း မရရှိနိုင်ပြန်ပါချေ။ ချွေးတပ်သားတစ်ယောက်သည် ထိုဂုန်နီအိတ်ပါးကလေးကိုရရှိနိုင်ရေးအတွက်

http://mmteashop.com



တစ်လသေသေ တစ်လဆန်ဆန်းဆိုသလိုပင် နေ့စဉ်နေ့တိုင်း အလုပ်ကြမ်းများကို မတန်တဆလုပ်ကိုင်ရလေသည်။

တစ်ဖန် တစ်ခုခက်ပြန်သည်မှာလည်း ချွေးတပ်သားအတော်များများသည် ဂုန်နီအိတ်ပါးကလေးများကို လိုချင်သောကြောင့် အလုပ်ကို ကြိုးကြိုးစားစားနှင့် သေသေကျေကျေလုပ်ကိုင်မည်ဆိုပါကလည်း ထိုကဲ့သို့ လုပ်ကိုင်သူ ချွေးတပ်သားတိုင်းပင် ဂုန်နီအိတ်ပါးကလေးများကို ရရှိနိုင်လိမ့်မည်တော့ မဟုတ်ပြန်ပါပေ။ အဘယ်ကြောင့်ဆိုရပါမူ ဂျပန်များထံ၌ပင် ချွေးတပ်သားများအား လူစေ့တက်စေ့ ပေးရန် သော်လည်းကောင်း, လူများစုအတွက်ပေးရန် သော်လည်းကောင်း ဂုန်နီအိတ်ပါးကလေးများ အလုံအလောက်မရှိသောကြောင့်ပင် ဖြစ်လေသည်။

ထို ၁ လုံး ၁ မိုက်သာသာမျှသာရှိသော ဂုန်နီအိတ်ပါးကလေးများမှာလည်း ကျွန်တော်တို့ တောတွင်းချွေးတပ်စခန်းများတွင် အင်မတန်တန်ဖိုးရှိ၍ အလွန်တရာ အသုံးဝင်အရာရောက်လုပါသည်။ အဘယ့်ကြောင့်ဆိုရပါမူ ကြမ်းတမ်းသောအလုပ်ခွင်အလုပ်စခန်းများအတွင်းမှ မိုးအရွှဲရွှဲ, ရွှံ့ညွန်အလိမ်းလိမ်းပေကျံစိုစွတ်လျက် မောမော ပန်းပန်းနှင့်တက်ရောက်လာရသော ချွေးတပ်သားတိုင်းပင်လျှင် ဆာလောင်မွတ်သိပ်လာကြသူများချည်း ဖြစ်လာသောကြောင့် သူတို့သူတို့၏ခါးဝတ်ပုဆိုးများကို ချက်ချင်း မီးကင်း–မီးမြှိုက်လုပ်နိုင်ကြသည်တော့ မဟုတ်ပါချေ။

ပြီးလျှင် ဖိုထားသောမီးဖိုကြီးက ၃–၄ ဖိုသာရှိသည်။ လူအင်အားက အလွန်တရာများပြားလှသည့်အတွက် ပထမ ခါးဝတ်ပုဆိုးများကို မီးကင်မီးမြှိုက်ကာ အခြောက်ပြုလုပ်နိုင်ရေးထက် ချမ်းခိုက်ခိုက်တုန်လာသော မိမိတို့၏ ကိုယ်ခန္ဓာကို အပူဓာတ်ရရှိရေးက အဓိကဖြစ်နေလေတော့သည်။ ထိုအခါ မိမိတစ်ဦးတစ်ယောက်၏အကျိုးကို ကြည့်လုပ်၍မဖြစ်ပါချေ။ ထိုကဲ့သို့ တစ်ကိုယ်ကောင်းလုပ်လျှင်လည်း မည်သူကမျှ သည်းညည်းခံလိမ့်မည် မဟုတ်ပါချေ။ ထိုအကြောင်းကြောင့်လည်း ဂုန်နီအိတ်ပါးကလေးများရရှိထားသော ချွေးတပ်သားများအနေဖြင့်က တဲတန်းလျားသို့ ပြန်ရောက်သည်ဆိုလျှင်ပင် စိုရွှဲလာသောခါးဝတ်ကိုချွတ်လျက် ဂုန်နီအိတ်ပိုင်းကလေးကို ခဏတဖြုတ် လဲလှယ်ဝတ်ဆင်ထားနိုင်လေသည်။ ထမင်းစားသောက်ပြီးမှသာ စိုလာသောခါးဝတ်ပုဆိုးကို မီးကင်ခြင်းပြုကြလေသည်။

ဤလို ဂုန်နီအိတ်ပါးကလေးများပင် ရှားပါး၍တန်ဖိုးရှိသလို၊ ဂုန်နီအိတ်ပါးကို မည်သူမည်ဝါ မည်သည့်တဲလိုင်းက ခိုးယူထားပါသည် ဆိုသောကိစ္စ၊ မိမိ၏ဂုန်နီအိတ်ပါးကို မည်သူ့ထံ၌ အတိုးမရှိ ၁၀ နှင့်ပေါင်နှံထားရာမှ သွားရောက်ရွေးယူသည့်အခါ ဂုန်နီအိတ်ပြန်မပေးသောကိစ္စ စသည်စသည်များမှာလည်း တစ်နေ့မဟုတ် တစ်နေ့ဆိုသလို ဖျန်ဖြေရှင်းလင်းပေးရပါလေသည်။

တချို့တချို့သော စိတ်ဓာတ်ခက်ထန်သည့်ချွေးတပ်သားများမှာလည်း ဂုန်နီအိတ်ပါးကိစ္စနှင့် တစ်ယောက်နှင့်တစ်ယောက် ထိုးကြသတ်ကြဖြစ်လျက်၊ နောက်ဆုံး ဂျပန်များထံသို့ပင် ပြဿနာက ရောက်ရှိသွားလေသည်။ ထိုကဲ့သို့ဖြစ်ရလျှင်မူ ချွေးတပ်သား ၂ ဦးစလုံး မည်သူမျှ မသက်သာတော့ပါချေ။ ဂျပန်က ၂ ဦးစလုံးကို ရိုက်နှက်ခြင်း, ဒဏ်ပေးခြင်းစသည်ဖြင့် ညှဉ်းဆဲခြင်းပြုလေသည်။ ပြီးလျှင် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများကိုလည်း ခေါ်ယူကြိမ်းမောင်းခြင်း ပြုတတ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချိုများသည် တော်ရုံသဖြင့် ချွေးတပ်သားများအချင်းချင်း ဖြစ်ပွားသောကိစ္စများကို ဂျပန်များထံ အရောက်မခံဘဲ ကျွန်တော်တို့အချင်းချင်း ညှိနှိုင်းဖြေရှင်းပေးကြရလေသည်။

ချွေးတပ်သားများကိုလည်း 'တော်ရုံသဖြင့်ကိစ္စများတွင် ဂျပန်ထံ သွားရောက်တိုင်ကြားခြင်းမပြုရန်နှင့် ကြီးမားသောကိစ္စများဖြစ်ပွားခဲ့လျှင်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချိုများအား အသိပေးပြောကြားပြီးမှသာ ဂျပန်များထံ တိုင်ကြားခြင်းပြုရမည်' ဟု အမိန့်ထုတ်သလို ပညတ်ထားရလေသည်။

ထိုကဲ့သို့ရှိနေခဲ့ရာမှ တစ်နေ့တွင် ကျွန်တော်တို့တပ်ဒိန်စခန်းရှိ ဂျပန်စစ်ဗိုလ်ထံသို့ အဝတ်အထည်များ ရောက်ရှိလာပါသည်။ အဝတ်အထည်များဆို၍ အများအပြားမဟုတ်ပါပေ။ ချွေးတပ်သားအင်အားနှင့်ဆိုပါလျှင်

http://mmteashop.com



ဆင့်ပါးစပ် နှမ်းပက်သည့်အနေလောက်သာ ဖြစ်လေသည်။ ရောက်ရှိလာသောအထည်များမှာ အရောင်အသွေးအားဖြင့် နီနီရဲရဲကြီးတွေ, စိမ်းစိမ်းပြာပြာကြီးတွေ, ဝါဝါဝင်းဝင်းနှင့် နနွင်းရောင်ကြီးတွေ ဖြစ်လေသည်။ ပြီးသော် ထိုအထည်များမှာ ချည်ထည်များ မဟုတ်ပါ။ ပါးပါးလုပ်လုပ်နှင့် နာနတ်လျှော်, ငှက်ပျောလျှော်ကဲ့သို့သောအထည်များသာ ဖြစ်လေသည်။ ထိုအဝတ်အထည်များသည် 'အလုပ်ကြိုးစားသောချွေးတပ်သားများအား ဆုလာဘ်အဖြစ်ပေးလိမ့်မည်' ဟူ၍လည်း ဂျပန်များကြေညာခြင်းပြုလေသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့ချွေးတပ်သားများထဲမှ အချို့သောသူတို့ကမူ ဂျပန်များကပေးမည်ဆိုသော ထိုအဝတ်အထည်များကိုပင် လိုချင်မှုရှိကြသောကြောင့်လည်း၊ အလုပ်ကို အစွမ်းရှိသလောက် ကြိုးစားလုပ်ကိုင်ကြလေသည်။ အချို့အချို့သောချွေးတပ်သားများမှာမူ မည်သို့မျှ ထူးခြားလာခြင်းမရှိကြောင်း ကျွန်တော် အကဲခတ်လေ့လာမိပါသည်။ အမှန်စင်စစ် သူတို့သည် ဂျပန်များကပေးမည်ဆိုသော အဝတ်အထည်များကို မလိုချင်၍တော့ မဟုတ်ကြပါ။ သူတို့သူတို့တွင် ထိုအဝတ်အထည်များကို ရရှိစေရန်အတွက် ကြိုးစားလုပ်ကိုင်နိုင်လောက်သည့် အားအင်ဟူ၍ မရှိရှာကြတော့ပြီ ဖြစ်သောကြောင့်ပေတည်း။ သူတို့ကိုယ်ခန္ဓာမှ ရှိသမျှသာဖြစ်သောလုပ်အားစွမ်းများကို ယိုးဒယား–မြန်မာမီးရထားလမ်းမကြီးက စားသောက်မျိုဝါးလိုက်ပြီဖြစ်သောကြောင့်ဟူ၍သာဆိုရပေမည်။

တနင်္ဂနွေတစ်ပတ်ခန့်ကြာသည့်အခါ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် ကျွန်တော်တို့ တပ်ဒိန်စခန်း၌ရှိ ချွေးတပ်သားများအားလုံးကို ကွက်လပ်တွင်တန်းစီစေပြီးနောက် အထက်က ကျွန်တော်တင်ပြခဲ့သောအထည်များကို 'အလုပ်ကြိုးစားသည်'ဟု ၎င်းတို့အထင်ရှိသည့်ချွေးတပ်သားများအား ဆုလာဘ်အဖြစ်ပေးလေသည်။

ဤသို့ပေးရာတွင် ဂျပန်များက မှတ်စုသတ်မှတ်လျက် ပေးဝေခြင်းဖြစ်လေသည်။ ထိုမှမှာ အလုပ်ခွင်တွင် တာဝန်ယူ၍ ချွေးတပ်သားများကို ကြပ်မတ်စေခိုင်းခြင်းပြုရသော ဂျပန်စစ်သားများက တန်းစီနေသောလူအုပ်ထဲမှ ၎င်းနှစ်သက်သဘောကျသည့်ချွေးတပ်သားကို တန်းအပြင်သို့ ဆွဲထုတ်လိုက်လေသည်။ ထိုသူများအားလုံးကို ရွေးထုတ်ပြီးနောက် ဂျပန်စစ်ဗိုလ်ရှေ့မှောက်တွင် သွားရောက်ယူငင်ရခြင်းပင်ဖြစ်လေသည်။

ကျွန်တော့်ကိုလည်း ဂျပန်စစ်ဗိုလ် ရာမာမိုတိုက စကားပြန်သူငယ်မှတစ်ဆင့် ချွေးတပ်သားများအားပြောကြားရမည့်စကားများကို ပြောဆိုမှာကြားထားပြီး ဖြစ်ပါသည်။

ကျွန်တော်ပြောရသောစကားများမှာ 'အဝတ်အထည်မရရှိသော ချွေးတပ်သားများသည် အဝတ်အထည်ရရှိသော ချွေးတပ်သားများကဲ့သို့ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကြိုးစားလုပ်ပါက နောက်တစ်ကြိမ်ပေးဦးမည့် အဝတ်အထည်များကို ရရှိလိမ့်မည်ဖြစ်ကြောင်း။ နောက်ထပ်၍ ဂျပန်နိုင်ငံမှ အဝတ်အထည်များ အများအပြားလာလိမ့်ဦးမည်ဖြစ်ကြောင်း။ ဤမီးရထားလမ်းကြီးပြီးစီးသွားခဲ့လျှင် မြန်မာနိုင်ငံတွင် အဝတ်အထည်, အစားအသောက်များမှစ၍ လူသုံးကုန်ပစ္စည်းများ, စက်ကိရိယာပစ္စည်းများ ပေါများကြွယ်ဝလာမည်ဖြစ်ကြောင်း' စသော ဝါဒဖြန့်စကားများပင်ဖြစ်လေသည်။

ဂျပန်များထံမှ ဆုလာဘ်အဖြစ်ရရှိခဲ့သော အဝတ်အထည်များကို ချွေးတပ်သားများသည် အချို့က လုံကွင်းလုပ်၍ဝတ်သည်။ အချို့သောချွေးတပ်သားများကလည်း ကျောပေါ်တွင် အကျီကဲ့သို့သဘောထားလျက် လက်ကန့်တော့ထိုးလျက် ခြုံကြလေသည်။ အချို့ကလည်း ညအိပ်ရာဝင်သည့်အခါ စောင်ကဲ့သို့သဘောထားလျက် ခြုံကြလေသည်။ အချို့သော်ချွေးတပ်သားများမှာ လုံကွင်းလုပ်၍ဝတ်ကြသည်ဆိုရသော်လည်း အပ်ချည်မရှိ, အပ်မရှိသောတောကြီးထဲတွင်ဖြစ်သည့်အတွက် မည်သူမျှ ကွင်းချုပ်ကာ ဝတ်နိုင်ကြသည်တော့မဟုတ်ပေ။ ခါးပေါ်တွင် ပတ်ထားရုံသက်သက်မျှသာဖြစ်လေသည်။

ယခင်အခါများကဆိုပါလျှင် ချွေးတပ်စခန်းများသို့ မွန်ဈေးသည်လှည်းများ မကြာခဏ လာရောက်လေ့ရှိသည်။ ယခုလို မိုးအားကောင်းသောနောက်ပိုင်းရက်, နောက်ပိုင်းအချိန်များ၌မူ မွန်ဈေးလှည်းများမှာလည်း

http://mmteashop.com



ရောက်လာတော့ပါပေ။ ထိုအခါ ကျွန်တော်တို့သည် အပ်နှင့် အပ်ချည်ကို မဆိုထားဘိ၊ ကွမ်းသီးပက်ဆေးလိပ်ကလေးများကို အလျှဉ်မီအောင် မရှုရမရှိုက်ရပါတော့ချေ။ ကျွန်တော့်အနေဖြင့် ယခင်အခါများကရခဲ့သော စီးကရက်ရာရှင်ဆိုသည်မှာလည်း လုံးဝမရတော့ချေ။ ကျွန်တော်သာ မဟုတ်။ ဂျပန်စစ်သားများနှင့် ဗြိတိသျှစစ်သုံ့ပန်းဗိုလ်မှာလည်း မရတော့ပါချေ။

တပ်ဒိန်စခန်းသို့ ရောက်ခဲ့သည့်အခါ၌မူ ဘွန်ထိုက်ချိုအုပ်စုအသီးသီးမှ ချွေးတပ်သားအတော်များများပင် မကျန်းမမာဖြစ်လာကြတော့သည်။ အချို့မှာလည်း ညနေဘက် အလုပ်ကတက်လာစဉ်အခါတွင် အတော်အတန်ဖျားနာခြင်းဖြစ်ပြီး၊ နောက်တစ်နေ့မနက် အလုပ်ဆင်းခါနီးအချိန်၌မူ အိပ်ရာမှနိုးမရဘဲ အသက်ပျောက်နေသည်ကိုသာ ဝမ်းနည်းဖွယ်ရာတွေ့ရှိရလေသည်။

တောတွင်းဆေးရုံများသို့ သွားရမည်ကိုကြောက်ရွံ့လှသဖြင့် ဖျားနာနေသည့်အထဲကပင် အလုပ်ခွင်အတွင်းသို့ ဆင်းသက်လိုက်ပါလာခဲ့ကြသော ချွေးတပ်သားမျိုးဆိုသည်မှာလည်း ခပ်စောစောပိုင်းအချိန်များကသာ ရှိခဲ့ဖူးလေသည်။ နောက်ပိုင်းအချိန်များတွင်မူ မည်သည့်ချွေးတပ်သားမျှ ဤလိုစိတ်ထားမျိုး၊ ထိုကဲ့သို့သောအမူအကျင့်မျိုး မရှိနိုင်ကြရှာတော့ပါပေ။ သူတို့သူတို့သည် နာမကျန်းမှုဖြစ်သည်ဆိုလျှင်ပင် တဲလိုင်းထက်တွင် ဗုန်းခနဲ ပစ်လဲပါလေတော့သည်။ ဤလိုပစ်လဲပြီးသည့်နောက်ပိုင်း ၁ ရက်–၂ ရက်အတွင်း၌ပင် အသက်ပျောက်သွားကြရှာပါတော့သည်။ အချို့မှာလည်း တောတွင်းဆေးရုံများသို့မသွားလိုပါဘဲ အတင်းအဓမ္မ အပို့အလွှတ်ခံကြရရှာလေသည်။

ချွေးတပ်သားမျှား ဤလို ကြက်ကလေးပျောက်၊ ငှက်ကလေးပျောက်ဖြစ်ကာ သေဆုံးရခြင်းနှင့် တောတွင်းဆေးရုံများစခန်းများရှိရာသို့ အပို့အလွှတ်ခံကြရခြင်း စသောအဖြစ်များမှာလည်း အလွန်တရာ ရင်ဆို့စရာ၊ တရားသံဝေဂရစရာ ကောင်းလှသောအဖြစ်များပင် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင်လည်း ကမ္ဘာ့စစ်မက်ဘေးဆိုးကြီးတစ်ခု၏ ကြောက်ဖွယ်လိလိရှိအပ်သောအဖြစ်ဆိုးကို အထင်အရှားဆုံးပြသလိုက်ခြင်းပင်ဖြစ်သည် ဟု ဆိုလောက်ပေသည်။ ဥပမာ ချွေးတပ်သားအချို့မှာ နေ့ဘက်တွင် အလုပ်ခွင်အတွင်းသို့ တုန်တုန်ချည့်ချည့်နှင့် ဆင်းသက်လိုက်ပါခဲ့သော်လည်း၊ နောက်တစ်နေ့မနက်တွင် အိပ်ရာမှနိုးသည့်အခါ အသက်မရှိဘဲ ဖြစ်နေပါတော့သည်။ အနီးရှိချွေးတပ်သားသည် ထိုသူနှင့် ပူးပူးကပ်ကပ်အိပ်နေသည်မှာမှန်သော်ငြားလည်း၊ ထိုချွေးတပ်သားသူ့အဖော်သည် မည်သည့်အချိန်၊ မည်သည့်နာရီက သေဆုံးသွားသည်၊ အသက်ထွက်သွားသည် ဟူ၍ပင် မသိရှိလိုက်ပါချေ။ ဖြစ်ရသောအဖြစ်မှာ တစ်နေ့လုံး ကျွဲ၊နွားပမာရုန်းကန်လုပ်ကိုင်ခဲ့ရသူချင်းဖြစ်သောကြောင့်လည်း အိပ်မိပြီဆိုလျှင် ဘာမှန်းမှုမသိတော့ပေ။ တစ်ဦးကိုတစ်ဦး ဖေးဖေးမမ မေးလားမြန်းလားလုပ်မနေနိုင်တော့ပေ။ လုပ်လိုစိတ်လည်း မရှိပါချေ။

ဤလိုနှင့် သေဆုံးသူချွေးတပ်သားမှာ မနက်မိုးလင်းသည့်အခါ တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေပါတော့သည်။ သူ့ကိုယ်ပေါ်၌လည်း အင်္ကျီ ဟူ၍ အလျှင်းမရှိ။ ခါးပေါ်တွင်မူကား ဓိုနန့်နန့်ဖြစ်သောဂုန်နီအိတ်ပိုင်းကလေးမျှကိုသာ မလုံမလဲဝတ်ဆင်ထားလျက် ဖြစ်သည်။ ပြီးသော် သူ့ရင်ဘတ်ပေါ်တွင် ပိုး.ဲဆံထည့်သော ဝါးဆစ်ဘူးကလေးမှာ ခလောက်ဆွဲထားသည့်အလား တွဲလောင်းကလေးရှိနေလေတော့သည်။

တဲတန်းလျားပေါ်၌ ချွေးတပ်သား ၁၀၀ သေဆုံးပျက်စီးခဲ့လျှင်၊ ၇၅ ယောက်သောချွေးတပ်သားတို့၏ အလောင်းပုံစံမှာ ဒီအတိုင်းပင်ကြုံခဲ့ရလေသည်။

ထိုအတွင်းကပင် ချွေးတပ်သားများတွင် ‘နွားရာဝဲစွဲ လဲရာသူခိုးထောင်း’ဆိုသကဲ့သို့ ဖက်ခွက်အနာကြီးများကလည်း ဖြစ်လိုက်ချေသေးသည်။ ထိုအနာအဆာကြီးများဖြစ်ရသည့်သဘောမှာ အလုပ်ခွင်အတွင်း တစ်စုံတစ်ရာနှင့် ထိခိုက်မိရာမှ မပြောပလောက်သောပွန်းပဲ့မှုများကပင် စတင်ဖြစ်ပွားရခြင်း ဖြစ်လေသည်။

ပွန်းပဲ့ထိခိုက်ခဲ့ရသောအနာကလေးအတွင်းသို့ ထုံးကျောက်ရေများဝင်ရာမှ ထိုအနာကလေးမှာ နေ့ချင်း

http://mmteashop.com



ညချင်း ဟောင်းလောင်းပေါက်ကြီးဖြစ်လာလေသည်။ အနံ့အသက်မှာလည်း အပုပ်နံ့ထွက်လာလေသည်။ ဤတွင် ဆေးဝါးဟူ၍ကလည်း တစ်ရွေးသားမျှ မရှိ၊ အလုပ်ကလည်း အပြင်းအထန်ပင်ပန်းဆိုးရွားလှ၍ ဂရုတစိုက်မရှိဘဲ ဖြစ်သလိုနေလိုက်သည့်အခါ အနာထဲတွင် လောက်ကောင်များတွယ်လာလေတော့သည်။ ထို့နောက် တဖြည်းဖြည်း တစ်စတစ်စကြီးလာပြီး၊ အချို့အချို့သောချွေးတပ်သားများမှာ ထိုအနာကြောင့်ပင် အသက်သေဆုံးကြရပါလေသည်။

နောက်ပိုင်းအချိန်များသည် ချွေးတပ်သားများအဖို့ အကြီးအကျယ် ကံဆိုးမိုးမှောင်ကျရောက်သည့်အချိန်ပင် ဖြစ်လေသည်။ ဂျပန်များသည် ချွေးတပ်သားများအတွက် ကျန်းမာရေးကိုလည်း ဂရုမစိုက်နိုင်တော့ပေ။ စားရေးသောက်ရေးအတွက်လည်း ထို့အတူပင်ဖြစ်လေသည်။ အဝတ်အထည်ဆိုလျှင်လည်း တစ်ကြိမ်တစ်ခါသာလာပြီး နောက် နောက်ထပ်၍ မမြင်မတွေ့ရတော့ချေ။ ဆေးဝါးမှာလည်း ကွီနိုင်ဆေးပြားလောက်ကိုပင် မမြင်ရတော့ချေ။ တောတွင်းချွေးတပ်စခန်းများသည် ပုတ်ဝင်နေသောသရဲတစ္ဆေများ လှုပ်ရှားသွားလာနေသည့် နေရာဒေသတစ်ခု ကဲ့သို့ အမင်္ဂလာအပေါင်းနှင့်ပြွမ်းတီးနေလေတော့သည်။

ထိုကဲ့သို့ရှိနေခဲ့ရာမှ မိုးကုန်လုလုအချိန်သို့ ရောက်ရှိခဲ့သည့်အချိန်၌မူ ဂျပန်များသည် တပ်ဒိန်တံတားကြီး၏ တိုင်ကြီးများကို စမ်းချောင်းအတွင်း စတင်ကာစိုက်ထူခြင်း ပြုလေသည်။

တံတားတိုင်ကြီးများစိုက်ထူရသည်မှာ တသွင်သွင်တဟောဟောစီးဆင်းနေသော စမ်းချောင်းရေအတွင်း၌ စိုက်ထူရခြင်းဖြစ်လေရာ၊ တကယ်တမ်းအနေနှင့်မူ သက်သာလွယ်ကူသည့်အလုပ်တစ်ခု မဟုတ်ပါချေ။

စမ်းချောင်းရေအတွင်း အောက်ခံမြေသားမှာလည်း မြေရိုးရိုး မဟုတ်။ အလွန်တရာမာကျောလှသည့် ကျောက်တုံးကျောက်ခဲကျောက်မြေများဖြစ်လေသည်။ ရေစီးမှာလည်း မိုးအခါ တောင်ကျရေများကျဆင်းနေသည့် အချိန်အခါ ဖြစ်ခြင်းကြောင့် စမ်းချောင်းရေ၏အစီးအလျင်နှုန်းသည် လူတစ်ယောက်ကို အလွယ်နှင့်ဆွဲဆောင် သွားနိုင်သည့်အစွမ်းသတ္တိ ရှိလေသည်။ တော်ရုံတန်ရုံ ရေကူးတတ်သူတစ်ဦးတစ်ယောက်သည် စမ်းချောင်းရေစီးတွင် မျောပါသွားမည်ဟုဆိုပါက မည်သည့်နည်းနှင့်မျှ အသက်ရှင်နိုင်ဖွယ် အကြောင်းမရှိပါချေ။ ထိုသူ၏အလောင်းကိုပင် ပြန်လည်၍ရနိုင်စရာ အကြောင်းမမြင်ပါချေ။

ထို့ကြောင့်လည်း ကျွန်တော်သည် 'စမ်းချောင်းအတွင်း ရေနက်ရာ၌ဆင်းသက်၍ အလုပ်လုပ်ကြရမည် ဖြစ်သောချွေးတပ်သားများကို မြစ်ဝကျွန်းပေါ်သား ရေကူးရေငုပ်ကျွမ်းကျင်သူများအား စေခိုင်းတာဝန်ပေးပါရန်' စကားပြန်ကလေးမောင်အေးချိုနှင့် မောင်ပြုံးတို့မှတစ်ဆင့် ဂျပန်စစ်ဗိုလ်ရာမာမိုတိုနှင့် သဘောပေါက်အောင် ဆွေးနွေးပြောကြားခြင်း ပြုရလေသည်။ ထိုကိစ္စကိုမူ ဂျပန်စစ်ဗိုလ်ရာမာမိုတိုက အလွယ်တကူပင် သဘောပေါက် လက်ခံခြင်း ပြုပါသည်။ ဤလို ခပ်လွယ်လွယ် သဘောပေါက် လက်ခံခြင်းပြုသည်မှာလည်း အကြောင်းရှိထားတာကြောင့် ဖြစ်လေသည်။'

တံတားတိုင်များကိုစိုက်ထူကြရန် စတင်စီမံကြသော ပထမဦးဆုံးနေ့တစ်နေ့တွင် မွန်ချွေးတပ်သားတစ်ယောက်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်၏အုပ်စုထဲမှ ချွေးတပ်သားသန်းမောင်ဆိုသူမှာ စမ်းချောင်းရေစီးတွင် မျောပါသွားခဲ့လေသည်။ မိုးသက်ကလည်း အပြင်းအထန် ရွာသွန်းနေခိုက် ဖြစ်လေသည်။ ထိုသူ ၂ ယောက် ရေထဲမျောပါသွားသည်မှာ မြုပ်ချည်ပေါ်ချည် အတန်ကြာဖြစ်နေပါသေးသည်။ ကမ်းပေါ်ရှိနေသော ကျွန်တော်တို့ချွေးတပ်သားများရော၊ စစ်သုံ့ပန်းချွေးတပ်သား ဗြိတိသျှစစ်သားများကပါ ထိုသူ ၂ ယောက်၏အသက်ကို ကယ်တင်ရန် ကြိုးစားကြသော်လည်း အကြောင်းမထူးတော့ချေ။ ကျွန်တော်တို့နှင့် သုံ့ပန်းစစ်သားများက ကြိုးခွေများပစ်ချပေးလိုက်သော်လည်း လိုရာသို့မရောက်ဘဲ ဖြစ်နေရလေသည်။

မိုးသက်က အပြင်းအထန်ရွာသွန်းနေပြီး၊ လေပြင်းကလည်း တဟဲဟဲမြည်လျက် အပြင်းအထန်တိုက်ခတ်နေသည့်အခါ ကျောက်တုံးကျောက်ဆောင်များထက်မှ မိမိကိုယ်ကိုပင် လိမ့်ကျမသွားစေရန် အထူးသတိထားရ

http://mmteashop.com



လေသည်။ ဤလိုနှင့် မွန်အမျိုးသားချွေးတပ်သားရော၊ 'သန်းမောင်'အမည်ရှိ ချွေးတပ်သားတို့ပါ ရေလုံးရေယက်ကြီးများ၏ ရိုက်ခတ်ဖိနှိပ်မှုအောက်တွင် ထွေးလုံးပါသွားပြီး နောက်ဆုံး၌မူ စုန်းစုန်းမြုပ်သွားလေတော့သည်။

ဂျပန်စစ်ဗိုလ်ရာမာမိုတို သည်လည်းကောင်း၊ 'အိနားမတ်ဆု' ဆိုသော ကပ္ပတိန်အဆင့်ရှိ ဂျပန်စစ်ဗိုလ်သည်လည်းကောင်း၊ အင်္ဂလိပ်သုံ့ပန်းစစ်ဗိုလ်နှင့် ကျွန်တော်တို့ချွေးတပ်သားများသည် လည်းကောင်း မည်သို့မျှ မတတ်နိုင်ကြတော့ပါချေ။ အားလုံးပင် လက်လျှော့လိုက်ကြရလေသည်။

ထိုအဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသောကြောင့်လည်း ဂျပန်စစ်ဗိုလ်ရာမာမိုတိုသည် ကျွန်တော်ပေးသည့်အကြံဉာဏ်ကို လက်ခံခြင်းပင် ဖြစ်လေသည်။

ပြီးလျှင် သုံ့ပန်းစစ်ဗိုလ်သည် ဂျပန်စစ်ဗိုလ်ကိုပြောကြားလျက် တံတားတိုင်များထူရမည့်အောက်ဘက်ကိုက် ၂၀–အစိတ်အကွာလောက်တွင် ဝါးပိုးဝါးလုံးကြီးများကိုကြိုးချည်လျက် တန်းသဘောများ ပြုလုပ်ပေးလေသည်။ သူ့အကြံသူ့စိတ်ကူးမှာလည်း မဆိုးပါပေ။ အကယ်၍ တစ်စုံတစ်ယောက်သောချွေးတပ်သားသည် ခြေချော်လက်ချော်ဖြစ်ကာ ရေစီးတွင်မျောပါသွားမည်ဆိုပါက ထိုဝါးပိုးဝါးလုံးကြီးများကိုဖက်တွယ်ထားပြီးနောက် ကမ်းခြေအရောက်ကူးနိုင်သောကြောင့်ပင် ဖြစ်လေသည်။

ကျွန်တော်တို့သည် တံတားတိုင်ကြီးများကို စိုက်ထူခြင်းပြုရန်အတွက် ဦးဆုံးပထမ စက်သီးတပ်ကြိုးများနှင့်တိုင်များကို ခက်ခဲပင်ပန်းစွာဆင်ကြရလေသည်။ ထိုကဲ့သို့ စက်သီးကြိုးများ ဆင်ပြီးနောက်မှ အလေးချိန်အင်အားအလွန်တရာကြီးမားသော သံတုံးကြီးတစ်တုံးကို ကြိုးတွင်ဆွဲချည်ထားရသည်။ ပြီးမှ စိုက်ထူလီသော သစ်သားတိုင်ကြီးကို ကြိုးများဆိုင်းကြပြီးနောက် ချွေးတပ်သားအချို့က ကုန်းပေါ်မှနေလျက် စက်သီးကြိုးကို ဆွဲလိုက်၊ ချလိုက်လုပ်ကြရလေသည်။ ထိုအခါ ကြိုးတွင်တပ်ဆင်ထားသောသံတုံးကြီးက စိုက်ထူသောတိုင်၏ ထိပ်တည့်တည့်ကို တဒုန်းဒုန်းထုနက်ခြင်းဖြင့် မာကျောလှသောကျောက်မြေအတွင်းသို့ တအိအိ ဝင်သွားလေသည်။ စိုက်ထူသောတိုင်၏အောက်ခြေကိုမူ အချွန်ပြုလုပ်ထားလေသည်။

တံတားတိုင်ကြီးများကို ဤလိုစိုက်ထူခြင်းပြုရာ၌ ရေစီးအလွန်ကြမ်းသော နေရာများတွင်မူ တစ်လုံးတည်းစိုက်ထူခြင်းမဟုတ်ပါပေ။ တစ်နေရာတွင် တိုင် ၃ တိုင်ကျ စိုက်ထူခြင်း ပြုလေသည်။ စိုက်ထူရာ၌မူ ၁ တိုင်ပြီး ၁ တိုင် စိုက်ထူလေသည်။

သို့ရာတွင် စမ်းချောင်းတံတားကူးအတွက် အောက်ခံတိုင်မကြီးများကို စိုက်ထူခြင်းပြုရာ၌ လည်းကောင်း၊ တံတားဘောင်များကို သံစို့ရိုက်ခြင်း၊ မူလီတွယ်ခြင်းပြုရာ၌ လည်းကောင်း စစ်သုံ့ပန်းချွေးတပ်သားများမှာ အများဆုံးတာဝန်ယူလျက် လုပ်ကိုင်ကြရလေသည်။ ဤအလုပ်များမှာ အတိုင်းအထွာမှုစလျက် ပညာပါသော အလုပ်များဖြစ်လေသည်။ သို့ရာတွင် သူတို့အနေဖြင့်လည်း မသက်သာလှချေ။ အားလုံးပင် ဆင်းရဲပင်ပန်းစွာဖြင့် ခပ်ကြမ်းကြမ်းလုပ်ကိုင်ကြရလေသည်။

ကျွန်တော်တို့သည် တံတားဆောက်လုပ်ခြင်းအလုပ်ကိုလုပ်ကြရသည့်အခါ၌ ယခင်အခါများကလို ညနေ ၆ နာရီအလုပ်သိမ်း၍ စခန်းသို့ပြန်ရသည့်အဖြစ်မျိုး မဟုတ်တော့ပါချေ။ မိုးမရွာသောနေ့များဆိုပါလျှင် ည ၁၀ နာရီ၊ တစ်ခါတစ်ရံ ၁၂ နာရီအထိ ခိုင်းစေခြင်းပြုလေသည်။ တစ်ခါတစ်ခါ၌ မိုးစင်စင်လင်းသည်အထိ စေခိုင်းခြင်းပြုလေသည်။ သည်လို တစ်ညလုံး မိုးအလင်းခိုင်းစေသောကြောင့် နောက်တစ်နေ့မနက်တွင် စခန်းသို့ ပြန်လွှတ်ခြင်းကိုလည်း မပြုချေ။ တစ်နေ့လုံးအလုပ်ခိုင်းပြီး ညနေ ၆ နာရီ ၇ နာရီအချိန်ရောက်မှ ပြန်လွှတ်လေသည်။

ညတစ်ညလုံး တံတားဆောက်လုပ်ခြင်းပြုသည့်အခါ၌မူ အလင်းရောင်ရရှိစေရန်အတွက် ကာဘွန်မီးတိုင်ကြီးများကို ထိန်လင်းစွာထွန်းညှိထားလေသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းအဖြစ်မှ မိုးအတော်ကလေး အရှာအသွန်းရပ်စဲသွားသည့်အချိန်တစ်ချိန်တွင်မူ

http://mmteashop.com



ဂျပန်တို့သည် တံတားဆောက်ခြင်းကိစ္စကို အပူတပြင်းလုပ်ဆောင်ခြင်း ပြုပါလေတော့သည်။ စစ်သုံ့ပန်းများကိုလည်းကောင်း၊ ချွေးတပ်သားများကိုလည်းကောင်း တဲတန်းလျားစခန်းရှိရာသို့ လုံးဝပြန်ခွင့်မပေးဘဲ စေခိုင်းခြင်း ပြုလေသည်။

ကျွန်တော်တို့ချွေးတပ်အဖွဲ့သားများသည် ၂ နေ့နှင့် ၂ ညတိုင်တိုင်ကြာရှိခဲ့သည့်တိုင် စခန်းရှိရာသို့လည်း မပြန်ကြရ၊ အိပ်လည်းမအိပ်ရ ဖြစ်ကြရလေသည်။ သို့ရာတွင် တချို့တချို့သော ချွေးတပ်သားများသည် ညဘက်အချိန်သို့ရောက်လာသည်ဆိုလျှင်ပင် လူအုပ်ထဲမှလစ်ထွက်သွားလျက် သစ်ပင်ကြီးများအောက်၌လည်းကောင်း၊ စမ်းချောင်းကျောက်ဆောင်များထက်၌လည်းကောင်း ဂျပန်များမသိအောင် သွားရောက်လျက်အိပ်စက်ကြလေသည်။

ဤအဖြစ်ကိုမူ လူအင်အား အလွန်တရာများပြားလှခြင်းကြောင့် ဂျပန်များမှာ ရုတ်တရက်မသိဘဲ ဖြစ်နေကြလေသည်။ ပြီးသော် တပ်ဒိန်တံတားကြီးကို မိုးကုန်၍ ဆောင်းလယ်ရာသီအရောက်တွင် အပြီးအစီး ရောက်လုပ်ကြရန် ဂျပန်များ ရည်ရွယ်သတ်မှတ်ထားကြလေသည်။ ထိုတံတားကြီးပြီးလျှင်လည်း နောက်ထပ်လျက် တံတားကလေးများ အမြောက်အမြားဆောက်လုပ်ရပေဦးမည်။ တစ်ဖန် ဆောက်လုပ်ပြီးတံတားများ အတော်အတန်အသားကျသွားလျှင် ဇလီဖားခင်းခြင်း၊ သံလမ်းချခြင်း ပြုရပေလိမ့်မည်။ ရထားလမ်းအားလုံး ပြီးစီးရမည့်အချိန်သည် ဆောင်းရာသီလောက် ဟူ၍ ဂျပန်များ ခန့်မှန်းသတ်မှတ်ထားလေသည်။ ထို့ကြောင့် ဂျပန်စစ်သားအချို့မှာလည်း သူတို့နှင့် တန်ရာတန်ရာဖြစ်သောကိစ္စများကို ဝင်ရောက်လုပ်ကိုင်ကြလေသည်။ ထို့ကြောင့်လည်း ချွေးတပ်သားအချို့ ပုန်းလျှိုးအိပ်ကြသည်ကို ဂျပန်များမသိရှိကြခြင်းပင် ဖြစ်လေသည်။

ထိုကဲ့သို့ ချွေးတပ်သားများအား ၂ ရက်–၃ ရက် နေ့ညမအိပ်မနားရဘဲ ဆက်တိုက်စေခိုင်းခြင်းပြုသည့်အခါ၌ကား၊ ဂျပန်စစ်ဗိုလ်ရာမာမိုတိုသည် ကျွန်တော်တို့ချွေးတပ်သားများအား ၂ ဆိုင်း ခွဲထားလေသည်။ ဤသို့ အဆိုင်း ၂ ဆိုင်း ခွဲလိုက်သည်မှာလည်း စောစောပိုင်းအချိန်ကမဟုတ်ပေ။ နောက်ပိုင်းအချိန်၌သာ ဖြစ်လေသည်။

နောက်ပိုင်းအချိန်၌မူ တံတားတိုင်ကြီးများအားလုံးလိုပင် စိုက်ထူ၍ပြီးစီးသွားပေပြီ။ တံတားပေါင်ကြီးများလည်း တချို့တစ်ဝက်ပြီးစီးသွားပြီတော့ ဖြစ်လေသည်။ ထိုအခါ လူအင်အားက အလွန်တရာများပြားနေသောကြောင့် ၂ ဆိုင်းခွဲလိုက်ခြင်းဖြစ်လေသည်။ တစ်ဆိုင်းက တံတားဆောက်လုပ်ခြင်းကိစ္စကို လုပ်နေရသည့်အချိန်တွင် ကျန် ၁ ဆိုင်းက ကျောက်ထုခြင်း၊ မီးရထားထင်းအတွက် သစ်ပင်များကိုခုတ်လှဲလျက် ထင်းတုံးများဖြတ်တောက်စုပုံခြင်း ပြုရလေသည်။ ထိုအဆိုင်းမှာမူ ညနေ ၆ နာရီဆိုလျှင် အလုပ်ခွင်မှ တဲလိုင်းစခန်းရှိရာသို့ ပြန်ကြရစမြဲပင် ဖြစ်လေသည်။

ကျွန်တော်မှာ မအူပင်ခရိုင်ချွေးတပ်သားအဖွဲ့နှင့် လိုက်သည့်အခါလိုက်ရလျက် ဘွန်ထိုက်ချို ကိုသာမြိုင်တို့အဖွဲ့နှင့် လိုက်သည့်အခါ လိုက်ရလေသည်။ ဤသို့ အလှည့်ကျလိုက်နေရသည်မှာလည်း စင်စစ် ကျွန်တော့်သဘောနှင့်ကျွန်တော် မဟုတ်ပါပေ။ ကုမကော၏အစီအစဉ်အတိုင်း လိုက်နေရခြင်းသာဖြစ်လေသည်။

ထိုနေ့မှာ မအူပင်ခရိုင်မှချွေးတပ်သားများ တံတားဆောက်လုပ်ရာ၌တာဝန်ကျနေသည်မှာ ၃ ရက်ပြည့်မြောက်သောနေ့ပင် ဖြစ်လေသည်။ အချိန်မှာ ညနေ ၆ နာရီမှပင် ကျော်လွန်ခဲ့ပေပြီ။

အခါတိုင်းကဆိုပါလျှင် ဂျပန်စစ်ဗိုလ် ရာမာမိုတိုသည် တံတားဆောက်လုပ်သည့် ချွေးတပ်သားအဆိုင်းအား ၃ ရက်ထက်ပို၍ မခိုင်းပေ။ ၃ ရက်ပြည့်လျှင် ကျန်သောအဆိုင်းနှင့် အလှည့်ချင်းပြောင်းပေးလေ့ ရှိလေသည်။ ထိုအခါ တံတားဆောက်ရာလုပ်ငန်းခွင်သို့ ဝင်ရောက်ရမည့်အဆိုင်းသည် ညနေ ၅ နာရီလောက်ကပင် တံတားဆောက်လုပ်သည့်နေရာသို့ ရောက်ရှိလာစမြဲဖြစ်သော်လည်း၊ ယနေ့တွင်မူ ၆ နာရီကျော်လွန်ခဲ့သည်အထိ မရောက်လာကြသေးဘဲ ရှိလေသည်။

ထိုအခါ ၃ ရက်လုံးလုံး နေ့မနားညမနားလုပ်ကိုင်ခဲ့ကြရသော ချွေးတပ်သားများမှာလည်း အလွန်တရာပင်ပန်းနွမ်းနယ်ကြကာ တညည်းညည်းတညူညူ ဖြစ်လာကြပါတော့သည်။ အချို့မှာလည်း တောင်ကပ်မြောက်ကပ်

http://mmteashop.com



တောင်ရောင်မြောက်ရောင် လုပ်လာကြပါတော့သည်။ ချွေးတပ်သားများသာ မဟုတ်။ ဘွန်ထိုက်ချို ဟန်ချို စသူများပင်လျှင် ဟိုလိုလိုဒီလိုလိုလုပ်နေကြလေတော့သည်။

ဤကဲ့သို့ဖြစ်နေခိုက်၌ပင် စကားပြန်ကလေးမောင်အေးချိုသည် ဂျပန်စစ်ဗိုလ်က ခေါ်ငင်ကြောင်းနှင့် ကျွန်တော့်အား လာရောက်၍ပြောကြားခြင်း ပြုလေသည်။ ကျွန်တော်သည် ဘွန်ထိုက်ချိုကိုကောင်းစိန်တို့လူစုအား ထိုအကြောင်းကိုပြောကြားခဲ့ပြီးနောက် မောင်အေးချိုနှင့်အတူ ဂျပန်စစ်ဗိုလ်ရှိရာသို့ လိုက်ပါခဲ့ရလေသည်။

တံတားဆောက်လုပ်နေသည့်အချိန်အတွင်း ဂျပန်စစ်ဗိုလ် ရာမာမိုတို နေထိုင်သည်မှာ ရွက်ဖျင်တဲငယ် တစ်လုံးအတွင်း၌ ဖြစ်ပါသည်။ ထိုတဲငယ်မှာ ဆောက်လုပ်နေသောတပ်ဒိန်တံတားကြီးနှင့် အနီးကပ်ဆုံးနေရာတွင် ရှိပါသည်။ ဂျပန်စစ်သားများနေသော တဲတန်းလျားများနှင့် လက်နက်ကိရိယာကိုဒေါင်, စားနပ်ရိက္ခာကိုဒေါင် စသည်များမှာမူ ရာမာမိုတို၏ရွက်ဖျင်တဲကလေးနှင့် အတန်ငယ်မျှအကွာအလှမ်းတွင် ဖြစ်လေသည်။

ရွက်ဖျင်တဲကလေးအတွင်းရှိ ဂျပန်စစ်ဗိုလ်ရာမာမိုတို၏ရှေ့သို့ ရောက်ရှိသည့်အခါ၌မူ ကျွန်တော်သည် ကုမေကာနှင့်အတူ အခြားသောဂျပန်စစ်ဗိုလ်နှင့် စစ်သား ၄-၅ ယောက်ကိုလည်း တွေ့မြင်ရလေသည်။ ဂျပန်စစ်ဗိုလ်များထဲတွင် ကျွန်တော် တစ်ခါမျှမတွေ့မမြင်ဘူးသော ဂျပန်ဆရာဝန် ၂ ယောက်ကိုလည်း တွေ့မြင်ရလေသည်။

ဤတစ်ကြိမ်တွင် ဂျပန်စစ်ဗိုလ် ရာမာမိုတို မျက်စိမျက်နှာမကောင်းသလို ဖြစ်နေသည်ဟူ၍လည်း ကျွန်တော် ယူဆမိပါသည်။ ကျွန်တော်၏ယူဆချက် မှန်ကန်ကြောင်းကိုလည်း မကြာမီအချိန်ကလေးအတွင်း၌ပင် သိရပါသည်။

တပ်ဒိန်စခန်းရှိ ချွေးတပ်တဲလိုင်းများတွင် ဝမ်းရောဂါဖြစ်နေကြောင်း ရာမာမိုတိုက ပြောပါသည်။ ပြီးလျှင် ချွေးတပ်သားများအား ရေကိုမကျိုမချက်ဘဲ သောက်သုံးခြင်းမပြုရန်နှင့် တဲတန်းလျားများအတွင်း မီးမပြတ် ထည့်ထားရန်နှင့် ဖြစ်နိုင်ခဲ့လျှင် ရေနွေးများကျိုပြီးနောက် တဲလိုင်းများကိုဆေးကြောပစ်ရန် ချွေးတပ်သားများအား နိုင်းစေရဖို့ ပြောကြားခြင်းပြုပါသည်။

ပြီးလျှင် ဂျပန်စစ်ဗိုလ်ကုမေကာက 'ဆေးများပေးလိမ့်မည်ဖြစ်ကြောင်း။ ထို ပေးသောဆေးရည်များကို ရေနွေးနှင့်ရောစပ်ပြီးနောက် တဲတန်းလျားများ၏ အတွင်းအပြင်များကို ပက်ဖျန်းရမည်ဖြစ်ကြောင်း။ စားကြွင်းစားကျန်များနှင့် အမှိုက်သရိုက်များကို ရှင်းလင်းမီးရှို့ပစ်ရမည်ဖြစ်ကြောင်း။ ချွေးတပ်သား တစ်ဦးတစ်ယောက် သေဆုံးခဲ့လျှင် အမြန်ဆုံးမြှုပ်ပစ်ရမည်ဖြစ်ကြောင်း။ ဂျပန်မာစတာများထံ အကြောင်းကြားခြင်းပြုနေရန်မလိုကြောင်း' စသည်များကို ပြောလေသည်။ ထို့နောက် ကျွန်တော်တို့ တပ်ဒိန်စခန်းရှိ ချွေးတပ်သားများအား အလုပ်မှ ၃ ရက် အနားပေးလိုက်ကြောင်း ပြောပါသည်။

ဤကိစ္စများပြီးစီးသည့်အခါ ကျွန်တော့်ကို သွားခွင့်ပြုလိုက်ပါသည်။ ကုမေကာနှင့် အခြားသောဂျပန်စစ်ဗိုလ် ဆရာဝန် ၂ ဦးနှင့် ဂျပန်စစ်သားများမှာမူ ရွက်ထည်တဲကလေးအတွင်း၌ပင် ကျန်ရစ်ခဲ့ပါသည်။

ကုမေကာကမူ ရွက်ဖျင်တဲကလေးအတွင်းမှ ကျွန်တော်ထွက်တော့မည့်ဆဲဆဲ၌ပင် 'ချွေးတပ်သားများအားလုံး အလုပ်မှ ရပ်နားခွင့်ပေးလိုက်ကြောင်း။ အားလုံး စခန်းရှိရာသို့ပြန်ကြရန်အတွက် စီစဉ်ထားရမည်ဖြစ်ကြောင်း။ ထင်းချောင်းများ ဝါးချောင်းများကိုလည်း မီးစည်းမီးတိုင်များ အသင့်လုပ်ထားရမည်ဖြစ်ကြောင်း' ပြောဆိုအမိန့်ပေးခြင်း ပြုလိုက်ပါသည်။

ကျွန်တော်သည် ကုမေကာအမိန့်ပေးလိုက်သည့်အတိုင်း ချွေးတပ်သားများအားလုံးကို စုစည်းခြင်းပြုလိုက်ပြီးနောက် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကိုလည်း 'စခန်းတွင် ဝမ်းရောဂါဖြစ်နေသည့်အကြောင်းနှင့် မကြာမီ စခန်းသို့ ပြန်ကြရန်အတွက် မီးစည်းမီးတုတ်များပြုလုပ်ထားရမည်ဖြစ်ကြောင်း' ပြောကြားခြင်းပြုရပါလေသည်။

စခန်းတွင် ဝမ်းရောဂါဖြစ်နေကြောင်း သတင်းကိုကြားသိရသော ဘွန်ထိုက်ချိုနှင့် ဟန်ချိုတို့ပင် မျက်စိမျက်နှာ မကောင်းဘဲ ဖြစ်ကြပါလေသည်။ သို့ရာတွင် ကျွန်တော်တို့သည် ချွေးတပ်သားများကိုမူ ထိုသတင်းထိုအကြောင်းကို

http://mmteashop.com



လုံးဝမပြောကြားဘဲ တညီတညွတ်ပင် အုပ်ဆိုင်းထားကြပါသည်။ ကျွန်တော်တို့၏ရည်ရွယ်ချက်မှာ 'ဝမ်းရောဂါဖြစ်နေကြောင်း ခွေးတပ်သားများသိရှိသွားလျှင်လည်း မည်သို့မျှ အကြောင်းထူးလိမ့်မည်မဟုတ်။ စခန်းရောက်မှပင် အသိပေးပြောကြားမည်။ ယခုကား စိတ်သက်သာခွင့် ရှိသလောက်ရှိကြပါစေတော့' ဟူသောသဘောပင်ဖြစ်ပါသည်။

သို့နှင့် နောက်ထပ် နာရီဝက်လောက်ကြာသွားသောအချိန်တွင် ကုမေကာနှင့် အခြားဂျပန်စစ်ဗိုလ်, စစ်သားများ ကျွန်တော်တို့ရှိရာသို့ ရောက်လာကြလေသည်။ ဂျပန်စစ်သား ၂ယောက်၏လက်တွင် ကညင်ဆီချောင်းများ ၂၀-အစိတ်ခန့် ပါရှိလာလေသည်။ ဂျပန်စစ်သားသည် ကုမေကာ၏အမိန့်အရ ကညင်ဆီချောင်းအချို့ကို ဘွန်ထိုက်ချို နှင့် ဟန်ချိုဖြစ်သူများအား တစ်ဦးလျှင်တစ်ချောင်းကျ ဝေငှပေးလေသည်။

မကြာမီ ကျွန်တော်တို့အားလုံးသည် မီးစည်းမီးတိုင်များကိုင်ဆောင်ခြင်းပြုကြလျက် ဂျပန်များက ရှေ့ဆောင် စခန်းရှိရာသို့ထွက်ခွာခဲ့ကြလေသည်။

အမှောင်နှင့်မည်းမည်းဖြစ်နေသော တောကြီးတောင်ကြီးထဲ၌ မီးတိုင်မီးစည်းများကိုကိုင်ဆောင်ကာ တဖြည်းဖြည်းချင်းထွက်ခွာလာကြသော ကျွန်တော်တို့ခွေးတပ်သားအုပ်စုကြီးမှာ ကြည့်ရမြင်ရသည်ကပင် တစ်မျိုးတစ်ဖုံ စိတ်ချောက်ချားဖွယ်ရှိလိမ့်မည်ဟု ကျွန်တော်ယူဆမိပါသည်။ ကျွန်တော်တို့သည် အကြောင်းတစ်ခုခုကြောင့် ပျက်စီးဆိတ်သုဉ်းသွားသောမြို့ကြီးရွာကြီးများကို စွန့်လွှတ်လျက်၊ ထွက်ပြေးတိမ်းရှောင်လာကြသောလူအုပ်လူဝေးကြီးနှင့်ပင် တူနေသယောင်ရှိသည်ဟု ကျွန်တော်တွေးလိုက်မိပါသည်။

ကုမေကာ အမှူးရှိသော ဂျပန်စစ်ဗိုလ်, စစ်သားများမှာမူ ကညင်ဆီချောင်းများကိုမီးထွန်းညှိလျက် ကျွန်တော်တို့ ရှေ့မှ အလျင်သွားနှင့်ကြလေသည်။ ကျွန်တော်တို့ ခွေးတပ်သားများသည် သူတို့၏ခြေလှမ်းများကို အမီမလိုက်နိုင်ကြပါပေ။ မကြာမီ သူတို့သည် ကျွန်တော်တို့၏အမြင်မှ ကွယ်ပျောက်၍သွားကြလေသည်။

ဘွန်ထိုက်ချိုကိုကော်င်းစိန်, ဟန်ချိုကိုချစ်တီးနှင့် ကိုအောင်သိန်း စသူများသည် ကျွန်တော့်အနီးသို့ ကပ်လာပြီးနောက် စခန်းတွင်ဖြစ်ပွားနေသော ဝမ်းရောဂါနှင့်ပတ်သက်သည့် အခြေအနေကိုမေးမြန်းခြင်း ပြုကြပါလေသည်။ သို့ရာတွင် သူတို့မေးမြန်းသောကိစ္စကို ကျွန်တော်ကလည်း ဘာတစ်ခုမျှ အတိအကျအဖြေမပေးနိုင်ပါချေ။ ကျွန်တော့်အနေဖြင့်ကလည်း ဂျပန်စစ်ဗိုလ် ရာမာမိုတိုထံမှ ပြောကြားချက်များ, ညွှန်ကြားချက်များကိုသာ မောင်အေးချိုထံမှတစ်ဆင့် ကြားခံသိခဲ့ရခြင်းသာလျှင်ဖြစ်လေသည်။

ကျွန်တော်တို့ခွေးတပ်သားများသည် တပ်ဒိန်စခန်းအနီးသို့ တဖြည်းဖြည်းနှင့် ရောက်ရှိခဲ့ကြလေသည်။ စခန်းအနီးသို့ရောက်သည်ဆိုလျှင်ပင် အခါတိုင်းနှင့်မတူ ထူးခြားနေသော စခန်း၏အနေအထားကို လှမ်းမြင်ကြရလေသည်။ စခန်းတစ်ခုလုံး မီးပုံများ, မီးရောင်များဖြင့် ထိန်ထိန်တောက်လျက်ရှိလေသည်။

မီးပုံမီးအလင်းရောင်များသည် ခွေးတပ်သားများနေထိုင်သည့် တဲတန်းလျားများရှိရာမှလည်းကောင်း, စစ်သုံ့ပန်း ခွေးတပ်သားများနေထိုင်သည့် တဲတန်းလျားများမှလည်းကောင်း, ဂျပန်စစ်သားများနေထိုင်ကြသည့် တဲအိမ်ငယ်များနှင့် စစ်တန်းလျားအဆောက်အအုံများမှလည်းကောင်း, စခန်းတစ်ခုလုံး ဟိုနေရာသည်နေရာ စသည်များမှလည်းကောင်း အနှံ့အပြားလင်းထိန်နေပါသည်။

မကြာမီ ကျွန်တော်တို့သည် စခန်းအဝင်ပေါက်ဝသို့ ရောက်ရှိသွားကြလေသည်။ ဂျပန်စစ်သားအချို့သည် အဝင်ပေါက်ဝမှစောင့်လျက်၊ ကျွန်တော်တို့အား သစ်သားခွက်ကြီးများအတွင်း၌ လက်ဆေးခြင်းပြုစေပါသည်။ သစ်သားခွက်ကြီးများအတွင်း၌မူ ကာဘော်လစ်ဆီများကို ရေနှင့်ရောစပ်လျက်ဖျော်ထားခြင်းပင် ဖြစ်ပါသည်။

လက်ဆေးကြောပြီးသောခွေးတပ်သားများသည် တဲတန်းလျားအဝင်ပေါက်ဝသို့ ၂ယောက် ၁တွဲ သွားကြရပြန်ပါသည်။ ဤသို့သွားကြရပြီးနောက် စခန်းအဝင်ပေါက်ဝသို့ရောက်သည် ဟုဆိုလျှင်ပင် ခါးပေါ်တွင် ဝတ်ဆင်ထားသော လုံကွင်းကို လည်းကောင်း, သို့မဟုတ် ဂုန်နီပိုင်းဖြစ်လျှင် ဂုန်နီပိုင်းနံ့ယိုကို လည်းကောင်း ခါးအထိ

http://mmteashop.com



မ,တင်လျက် ရှေ့သို့ကုန်ပေးလိုက်ရပါသည်။ ထိုအခါ အပေါက်ဝတွင်အသင့်စောင့်ဆိုင်းနေသော ဆေးတပ်ဖွဲ့မှ ဂျပန်စစ်သားက ချွေးတပ်သား၏ စအိုအတွင်းသို့ ကာပေါ်လစ်ရည်စိမ်ထားသော ဝါးချောင်းကလေးကို ပြွတ်ခနဲ ထိုးသွင်းလိုက်ပါသည်။ ပြီးလျှင် စအိုတွင်းမှပြန်နုတ်လျက် ကာဘော်လစ်ရည်နှင့် ရေများရောစပ်ထားသော သံပုံး အတွင်းသို့ ပြန်ပစ်ချလိုက်လေသည်။

သံပုံးအတွင်း၌လည်း ထိုကဲ့သို့ဆေးရည်စိမ်ထားသည့် ဝါးချောင်းကလေးများ အမြောက်အမြားရှိနေပါသည်။ ထိုဝါးချောင်းကလေးများမှာ ထိပ်များမှ ဓားဖြင့်ချွန်ထားလေသည်။ ဝါးချောင်းကလေးများသည် အတွင်းမှ အူတိုင် အခေါင်းပေါက်ပါရှိလေရာ၊ သံပုံးထဲမှ ဆေးရည်မှာ ထိုအူချောင်းကလေးများအတွင်း စိမ့်ဝင်နေလေသည်။ ချွေးတပ်သား၏စအိုတွင်းသို့ ထိုဝါးချောင်းကလေးကိုထိုးသွင်းလိုက်သည့်သဘောမှ ထိုဆေးရည်များ စအိုအတွင်းသို့ ဝင်သွားစေရန်ပင် ဖြစ်လေသည်။

များပြားလှသော တောတွင်းချွေးတပ်စခန်းရှိ ချွေးတပ်သားများအား ဂျပန်တို့သည် 'ဝမ်းရောဂါကာကွယ်ဆေး' ဟူ၍ကား စနစ်တကျထိုးမပေးနိုင်ပါပေ။ ထိုးပေးရန်လည်း ဆေးဝါး ဟူ၍ အလုံအလောက်ရှိဟန်မတူပါချေ။ ထို့ကြောင့်လည်း မဖြစ် ဖြစ်သည့်နည်း မရ ရသည့်ဆေးဝါးပစ္စည်း စသည်များနှင့် လုပ်ကိုင်ကာကွယ်ပေးရသည့် သဘောပင် ဖြစ်လေသည်။

## အသေအပျောက် များပြားလှခြင်း

စခန်းသို့ရောက်ရှိခဲ့ပြီးနောက် တစ်ဘက်သောတဲတန်းလျားမှ ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ဦးဘအုန်း, ဦးခွေးလေး စသူများသည် ကျွန်တော်တို့ရှိရာသို့ အမူယားဖားယား ပေါက်လာကြသည်။ ၃ ယောက်စလုံး၏ မျက်နှာအမူအရာသည် ထိတ်လန့်ကြောက်ရွံ့ခြင်း ကြီးမားစွာဖြစ်လျက်ရှိကြောင်း ထင်ရှားလှပါသည်။ သူတို့သည် ကျွန်တော့်ကိုလည်း တစ်စုံတစ်ရာသောအကြောင်းကိစ္စကို ပြောလိုဟန်ရှိနေကြပါသည်။

"ကျွန်တော့်လူအုပ်ထဲကတော့ အားလုံးပေါင်း ၆၀ ကျော်လောက်ချောသွားပြီ ဆရာလေး။ တစ်နေ့က တစ်နေ့တည်း လူ ၃၀ ကျော်တယ်ခင်ဗျ"

ဘွန်ထိုက်ချို ကိုသာမြိုင်သည် ကျွန်တော့်အခန်းကလေးထဲသို့ဝင်မိသည်ဆိုလျှင်ပင် မျက်စိမျက်နှာပျက်လျက် ထိုစကားကို စတင်ကာပြောလေသည်။

တပ်ဒိန်စခန်းသို့ ရောက်သည့်အချိန်ကစ၍ပင် ကျွန်တော့်မှာ တဲလိုင်းထိပ်တစ်နေရာရှိ ၁၀ ပေပတ်လည် စခန်းကလေးတစ်ခုကို သီးသန့်ရရှိထားပါသည်။ ထိုအခန်းငယ်တွင် ကျွန်တော့်အရင် ဝါဒဖြန့်ချိရေးမှူးတစ်ယောက် နေထိုင်သွားကြောင်း သိရလေသည်။

"ကျုပ်တို့ တဲ ၂ လုံးကတော့ ၉၀ ကျော်သွားပြီ ဆရာလေး။ မနေ့ညက အများဆုံးပဲ" ဟု ဦးဘအုန်းက ပြောပါသည်။ ထိုကဲ့သို့ပြောရင်းမှ ဦးဘအုန်းသည် နောက်ကြောင်းမအေးသလို သူ့တဲတန်းလျားရှိရာသို့ လှမ်းကြည့်လိုက်လေသည်။

"မွန်ချွေးတပ်သားတွေနေတဲ့ တဲလိုင်းကရော"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟာ-သူတို့က ပိုများမှာပေါ့။ ဟောတစ်ယောက် ဟောတစ်ယောက်ပဲဗျ။ ခု ကျုပ်တို့ ဒီဘက်လာတုန်းမှာပဲ ၃-၄ လောင်းထမ်းချနေသေးတယ်"

ကျွန်တော်သည် ဘွန်ထိုက်ချို ၃ ယောက်ထံမှ စိတ်မချမ်းသာစရာအလွန်ကောင်းလှသော စကားများကို တုန်လှုပ်ချောက်ချားဖွယ်ကြားလိုက်ရလေသည်။

ကျွန်တော်က သူတို့ ၃ ယောက်အား ရာမာမိုတိုမှာကြားလိုက်သောညွှန်ကြားချက်များကို တစ်ဆင့်ပြန်လည်ပြောကြားနေခိုက်၌ပင် တစ်ဘက်တန်းလျားများမှ ဟန်ချို ၄-၅ ယောက် အရေးတကြီးရောက်လာကြပြန်ပါသည်။ သူတို့တစ်တွေလိုက်လာကြသည်မှာ နောက်ထပ်သေဆုံးသော လူသေအလောင်းကောင်များကို မြှုပ်နှံရေးကိစ္စအတွက်ပင် ဖြစ်လေသည်။

"ဟာကွာ-ကြည့်ရှုပြီးတော့ပဲ မြှုပ်လိုက်ကြပါကွာ။ ငါတို့များ လာပြောနေလို့ ဘာအကြောင်းထူးမှာလဲ"

ဘွန်ထိုက်ချိုဦးခွေးလေးက သူ့လူများကို လှည့်မာန်နေလေသည်။

"မကြည့်ချင်တော့ဘူး ဆရာလေးရာ။ ကြာရင် သွေးပျက်ပြီး ရူးလိမ့်မယ်ဗျ" ဟူ၍လည်း ရွံ့ရွံ့မဲ့မဲ့ ညည်းညူလေသည်။

http://mmteashop.com



"ထမ်းမယ့်လူမရှိဘူးဗျ။ ဘယ်သူမှ မထမ်းချင်ဘူး"

ဟန်ချိုတချို့က ပြောလေသည်။

"တယ်ခက်တာပဲကိုး"

ဦးခွေးလေးက ရေရွတ်ခြင်းပြုရှာလေသည်။ ပြီးလျှင် သူသည် ကျွန်တော်ရှိရာသို့ လှမ်း၍ "ဆရာလေးမှာ အရက်ရှိသေးသလားဗျ" ဟု မေးနေပြန်ပါသည်။

သူပြောမှပင် ကျွန်တော် သတိရပါသည်။ ကျွန်တော့်အခန်းကလေးထဲတွင် ခပ်စောစောက ကျွန်တော်ဝယ်ထားသောအရက်များ ရှိနေပါသည်။ လိုရမည်ရဖြစ်စေရန် သာဆင်က ဝါးကျည်တောက်များနှင့်ထည့်လျက် သိမ်းဆည်းထားခြင်းဖြစ်လေသည်။ ပြီးလျှင် ဂျပန်စစ်ဗိုလ် ရာမာမိုတိုကပေးသော ရာရှင်အရက်တစ်လုံးလည်း ရှိနေပါသည်။

"ကဲ-သာဆင်။ လုပ်စမ်းပါဦးကွာ"

ကျွန်တော်က သာဆင်ကို ပြောရလေသည်။ သာဆင်ကိုမူ ကျွန်တော်က အခန်းကလေးထဲတွင် အတူခေါ်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်အတွက်ရရှိသော ရာရှင်ပစ္စည်းကလေးများကိုလည်း ဆားမှစ၍လျက် သာဆင်သည် သိမ်းသိမ်းဆည်းဆည်းထားသူ သူငယ်ကလေးတစ်ယောက် ဖြစ်လေသည်။

"ကဲ-သွားကြကွာ။ ငါတို့ ခုပဲလိုက်လာခဲ့မယ်"

ဦးဘအုန်းနှင့် ဦးခွေးလေးက သူတို့ဟန်ချိုများကို ပြန်လွှတ်လိုက်ပါသည်။ ဟန်ချိုအုပ်စုများသည် ကညင်ဆီမီးချောင်းများကိုထွန်းလျက် တဲလိုင်းအတွင်းမှ ထွက်ခွာသွားကြလေသည်။

မကြာမီ ကိုကောင်းစိန်, ကိုမောင်စိန်, ကိုချစ်တီး, ကိုအောင်သိန်း စသူများမှာလည်း ကျွန်တော့်အခန်းကလေးဆဲသို့ ရောက်လာကြလေသည်။ သူတို့ကလည်း အရက်တောင်းရန်အတွက် ရောက်လာကြသူများဖြစ်လေသည်။ ဘွန်ထိုက်ချို ကိုကောင်းစိန်ကမူ 'ဂျပန်များသည် ချွေးတပ်သားများအတွက် ဝမ်းရောဂါကာကွယ်ဆေးများကို မပေးနိုင်ခဲ့လျှင် အရက်ကိုပေးသင့်သည်' ဟု ဝေဖန်ပြောဆိုနေကြလေသည်။ အချို့ကလည်း မှန်ချေးသည်လှည်းများ ရောက်လာခဲ့လျှင် အလွန်တရာ ကောင်းလေစွဟု တမ်းတနေကြလေသည်။

မကြာမီ သာဆင်ချပေးသော အရက်ဝါးကျည်တောက်တစ်လုံးမှာလည်း တစ်ယောက်လျှင် နည်းနည်းကျစီနှင့် ချောသွားလေသည်။

ပြီးနောက် ကျွန်တော်နှင့် ဘွန်ထိုက်ချို့ဟန်ချိုများအားလုံး တစ်ဘက်သောတဲတန်းလျားများရှိရာသို့ မီးစည်းမီးတိုင်များကိုင်လျက် ထွက်ခဲ့ကြပါသည်။ မဖြစ်မကျယ် အရက်ကလေးသောက်ထားသဖြင့် သွေးအနည်းငယ်ပူနေသောကြောင့် ကျွန်တော့်ကိုယ်ကို ကျွန်တော် 'အတော်ကလေးပင်သတ္တိကောင်းလိမ့်မည်' ဟု အထင်ရောက်နေသော်လည်း တစ်ဘက်တဲတန်းလျားကိုရောက်ရှိ၍ သေဆုံးနေရသော ချွေးတပ်သားဓမ္မာများ၏ အလောင်းများကိုမြင်တွေ့လိုက်ရသည့်အခါ၌မူ အတော်ပင် သွေးလန့်ချောက်ချားသွားမိပါသည်။

တဲတန်းလျားပေါ်တွင် စန့်စန့်ကြီးသေဆုံးနေသော ချွေးတပ်သား, ခွေခွေကလေးသေနေရှာသော ချွေးတပ်သား, ကိုယ်တစောင်းဖြစ်လျက် သေနေသောချွေးတပ်သား, မှောက်ခုံကြီးသေနေသော ချွေးတပ်သားများ၏အလောင်းများကို ဟိုနေရာတွေ့သည်နေရာတွေ့ တွေ့လိုက်ရပါလေသည်။ သို့ရာတွင် ထိုသေဆုံးသူ ချွေးတပ်သားများ၏အလောင်းတွေကို ကြာရှည်ကြာမြင့်ကြည့်နေ၍ကား မဖြစ်သေးချေ။ အကြောင်းမထူးသည့်ကိစ္စကို အမြန်ဆုံးရှင်းလင်းပစ်ရန် တွေးလိုက်မိပါသည်။

ထို့ကြောင့် တဲလိုင်းနှင့် မီးပုံကြီးအေးတစ်ဝိုက်ရှိချွေးတပ်သားများကို စုရုံးခေါ်ငင်ပြီးနောက် အမြန်ဆုံးဆီစွပြတ်အောင် စီစဉ်နိုင်းရလေသည်။ ဘွန်ထိုက်ချို ဦးခွေးလေးကိုလည်း တောစပ်သို့ သွားရောက်လျက် ချွေးတပ်သားအချို့နှင့် ကျင်းအတူးခိုင်းရလေသည်။

http://mmteashop.com



"လူစေ့ကျင်းစေ့တူးနေလို့တော့ မဖြစ်ဘူးဆရာလေး။ ကျုပ်တို့ ကျင်းကြီးတစ်ခုတည်း ခပ်ကြီးကြီး တူးလိုက်မယ်။ အားလုံးစုမြှုပ်လိုက်မယ်"

ဦးချွေးလေးသည် တဲလိုင်းအပြင်ဘက်မှနေလျက် အော်ဟစ်သွားလေသည်။

ကျွန်တော်နှင့် ကိုကောင်းစိန်, ကိုသာမြိုင်တို့မှာ သေဆုံးရှာသူ ချွေးတပ်သားတို့၏ အလောင်းများကို ချွေးတပ်သားအချို့က နွယ်ကြိုးများ, ဝါးလုံးများနှင့် တုပ်စည်းချည်နှောင်နေသည်ထိ ကြည့်မနေကြတော့ဘဲ တစ်ဘက်သော တဲလိုင်းသို့ ကူးခဲ့ကြလေသည်။

ထိုတဲလိုင်းသို့ ကျွန်တော်တို့ရောက်ရှိသွားသည့်အခါမှု၌မူ ချွေးတပ်သား ၃-၄ ယောက်၏အလောင်းများကိုပင် ထမ်းထုတ်သွားကြလေပြီ။ အချို့က မီးစည်းမီးတုတ်များကိုင်လျက် ဘေးတစ်ဘက်တစ်ချက်က လိုက်ကြသည်။ ထမ်းသူများက တောစပ်သို့ရောက်သည်အထိ တစ်ယောက်တလဲပြုလျက် ရှေ့တစ်ယောက်နောက်တစ်ယောက် ထမ်းသွားကြသည်။ သေဆုံးသူချွေးတပ်သားများ၏အလောင်းများကို ဖျာစုတ်ကလေးများနှင့်မျှ မပတ်မလိပ်နိုင်ကြပါ။ ဝက်များကို ကြိုးနှင့်တုပ်သလို ခြေ ၂ ဖက်, လက် ၂ ဖက်ကိုကြိုးတုပ်လျက် အလယ်မှ ဝါးလုံးလျှိုကာ ထမ်းသွားရခြင်းပင် ဖြစ်လေသည်။

ထိုညက အဖြစ်မှာ စိတ်နှလုံးမချမ်းသာစရာ အကောင်းဆုံးသောအဖြစ် ဟူ၍ ဆိုရပါတော့မည်။ ညဉ့်သန်းခေါင်ကျော်ခဲ့၍ အရုဏ်အချိန်ဘက်သို့ ကူးပြောင်းဝင်ရောက်လာခဲ့သည်အထိ ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုကောင်းစိန်တို့လူစုမှာ တစ်မှေးကလေးမျှ မအိပ်စက်ကြရချေ။ ဟန်ချိုများမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်ရလေသည်။ မီးပုံများအတွင်းသို့ မီးထင်းထည့်သူက ထည့်ရသည်။ သေဆုံးသူများ၏အလောင်းကို သွားရောက်မြှုပ်နှံခြင်းပြုသူများက ပြုကြရသည်။

ဝမ်းရောဂါမဖြစ်သော သို့မဟုတ် ကူးစက်ခြင်းမခံရသော ချွေးတပ်သားအတော်များများ၏အဖြစ်မှာလည်း အံ့သြစရာကောင်းလှလေသည်။ သူတို့သည် မီးပုံကြီးများဘေးပတ်ပတ်လည်တွင် တရှုးရှုးအိပ်စက်ကြသည်။ အချို့ကလည်း တဲတန်းလျားပေါ်၌ပင် အကြောက်အရွံ့ကင်းမဲ့စွာနှင့် တခေါခေါဟောက်လျက် အိပ်စက်ကြသည်။ အဘယ်ထိ အိပ်ကြပါသနည်းဆိုလျှင် သူတို့ဘေးမှချွေးတပ်သား သေဆုံးသည်ကိုပင် ထ၍ကြည့်ဖော်မရတော့ပေ။ သူတို့ကိုပြောလျှင်လည်း အကြောက်အလန့်မရှိကြ။ "မြန်မြန်သေရင် အေးတာပဲဗျ" ဟု ဆိုကြလေသည်။

မနက်စောစောတွင် စကားပြန်သူငယ်သည် ကျွန်တော်ရှိရာတဲလိုင်းသို့ ရောက်လာလေသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချိုများအား ကုမေကာက ခေါ်ကြောင်း ပြောလေသည်။

ကျွန်တော်သည် ကိုကောင်းစိန်, ကိုသာမြိုင် စသူများကိုစုရုံးခေါ်ငင်ပြီးနောက် စကားပြန်သူငယ်နှင့်အတူ ဂျပန်စစ်ဗိုလ် ကုမေကာရှိရာသို့ လိုက်ပါခဲ့ရလေသည်။

"ဆရာလေးတို့ ကြိုးတန်းထားတဲ့ဟိုဘက်ကို မဝင်နှင့်နော်"

စကားပြန်သူငယ်က ပြောပါသည်။ သူဆိုလိုချက်သဘောကို ကျွန်တော် ရုတ်တရက် နားမလည်ပါ။ သို့ရာတွင် ကုမေကာရှိရာ စစ်ရုံးအဆောက်အအုံရှေ့သို့ လှမ်းကြည့်လိုက်သည့်အခါ၌မူ စကားပြန်သူငယ်၏ဆိုလိုချက်ကို ချက်ချင်းပင် နားလည်ရလေသည်။

စစ်ရုံးအဆောက်အအုံရှေ့ မြေကွက်လပ်တစ်ဝိုက်တွင် ငုတ်တိုင်ရိုက်လျက် ကြိုးတွေတားထားလေသည်။ ချွေးတပ်သားများနေသော တဲတန်းလျားကြီးများတွင် ဝမ်းရောဂါကျရောက်နေသဖြင့် ချွေးတပ်သားများ ဂျပန်စစ်ရုံးအဆောက်အအုံအနီးသို့မချဉ်းကပ်စေရန်ပင် ဖြစ်လေသည်။ ဂျပန်များသည် သူတို့ကို ဝမ်းရောဂါပိုးကူးစက်မှာကြောက်၍သဖြင့် ကာကွယ်ထားခြင်းပင် ဖြစ်လေသည်။ 'စည်း ၃ တန်တားသည်' ဆိုသောသဘောပင် ဖြစ်လေသည်။

"ကိုကောင်းစိန်တို့အားလုံး ကြိုးဝိုင်းအထဲကို မဝင်မိကြစေနှင့်နော်"

http://mmteashop.com



ကျွန်တော်က အားလုံးကို ပြောလိုက်ရသည်။

မကြာမီ ကျွန်တော်တို့အားလုံးသည် စစ်ရုံးအဆောက်အအုံရှေ့မြေကွက်လပ်တွင် စီတန်းရပ်လိုက်ကြသည်။ အားလုံးပေါင်းမှ ကျွန်တော်အပါအဝင် လူ ၁၀ ယောက်ခန့်သာဖြစ်လိမ့်မည် ဟုထင်ပါသည်။

ကျွန်တော်တို့သည် ကြိုးစည်းဝိုင်းအပြင်တွင်ရပ်နေကြခြင်း ဖြစ်ပါသည်။ သည်လို စီတန်းရပ်နေကြရာမှ ကျွန်တော်သည် ဂျပန်များ၏အနေအထိုင်အပြုအမူကို လည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း အကဲခတ်ကြည့်လိုက်မိပါသည်။

နေ့ခင်းပိုင်းအချိန်ပင်ဖြစ်သော်လည်း အဆောက်အအုံများပတ်ပတ်လည်တွင် မီးများထည့်ထားသည်ကို တွေ့ရလေသည်။ တငွေ့ငွေ့လောင်နေသောမီးပုံများမှာ ဟိုနေရာတစ်ပုံ သည်နေရာတစ်ပုံ ဖြစ်လေသည်။ ပြီးလျှင် ကာဘော်လစ် ရည်များထည့်ထားသော ဝါးဆစ်ခွက်များကိုလည်း နေရာအနှံ့အပြား တွေ့ရသည်။ ကာဘော်လစ်နံ့များကလည်း ထောင်းထောင်းထနေသည်။

ကုမကောသည် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများအား 'ညက ချွေးတပ်သားအသေအပျောက်ကို ဘယ်ရွှေ့ ဘယ်မျှ' ဟူ၍မေးလေသည်။ သို့ရာတွင် အလေးအနက်ထား၍ မေးမြန်းသည့်သဘောမျိုး မဟုတ်ပေ။ ပြီးလျှင် ကျွန်တော်တို့အား ချွေးတပ်သားများသေဆုံးခဲ့လျှင် အမြန်ဆုံးမြှုပ်နှံပစ်ရန် ပြောလေသည်။ တစ်ဖန် ကျွန်တော်တို့ တဲတန်းလျားများတွင် ပက်ဖျန်းရန်အတွက် ကာဘော်လစ်ဆေးရည်များကို ပေးသည်။ တဲတန်းလျားများနှင့် အနီးတစ်ဝိုက်ကိုလည်း သန့်ရှင်းရေးပြုလုပ်ရန်နှင့် အမှိုက်သရိုက်များကိုမီးရှို့ပစ်ရန် အမိန့်ပေးလေသည်။

သည်တစ်ကြိမ် ဂျပန်စစ်ဗိုလ်ကုမကော စကားပြောကြားသည်မှာ အခါတိုင်းကလို အချိန်မကြာမြင့်ပေ။ ခပ်မြန်မြန်ပြောလေသည်။ ပြီးလျှင် သူတို့ဂျပန်များအားလုံးပင် ကျွန်တော်တို့အနီးသို့ မချဉ်းကပ်ကြပါချေ။

ကြောက်မက်ဖွယ်ကောင်းသောဝမ်းရောဂါဆိုးသည် နောက်တစ်နေ့ညနေ၌ပင် တစ်ဘက်တဲလိုင်းများမှ ကျွန်တော်တို့တဲလိုင်းသို့ ကူးစက်လာလေသည်။ အစပထမ၌မူ ၁ ယောက်စ–၂ ယောက်စသာဖြစ်သော်လည်း နောက်ပိုင်းတွင်ကား ၄ ယောက်–၅ ယောက် တစ်ပြိုင်တည်းဖြစ်ရာမှ အစုလိုက်အပြုံလိုက် သေကျေကြလေသည်။ အံ့သြစရာကောင်းသည်မှာ ဝမ်း ၁ ခါ–၂ ခါသွားပြီးလျှင် အသက်ပါ ပါသွားခြင်းပင်ဖြစ်လေသည်။ ငါးကြီးအိုင် ရွာသားများဖြစ်သော ရွှေလုကြီး၊ ဦးချန်ထွန်း စသူများမှာလည်း နေ့မြင်ညပျောက် ဖြစ်ကြကုန်သည်။ ဘွန်ထိုက်ချို ကိုကောင်းစိန်မှာလည်း သေဆုံးရရှာလေသည်။

အခြေအနေမှာ တစ်စတစ်စဆိုးရွားလာလေသည်။ အသေအပျောက် များပြားလာသည့်အခါ ရောဂါမဖြစ်ပွား သောချွေးတပ်သားများသည် သေဆုံးသောချွေးတပ်သားများ၏အလောင်းကိုပင် မသယ်ချင်မမြှုပ်ချင်အောင် ဖြစ်နေ ကြသည့်အတွက် အတော်ပင်ဖျောင်းဖျလျက် နားဝင်အောင်ချော့မော့ပြောရလေသည်။

ကျွန်တော်၊ ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ကရင်ကလေး သာဆင်တို့မှာလည်း တတ်နိုင်သမျှ တစ်ယောက်နှင့် တစ်ယောက်သတိပေးလျက် တဲတန်းလျားကြီးအတွင်း ထင်းမီးမပြတ်လပ်ရအောင် လုပ်ကြရလေသည်။

ထိုအတွင်း အချို့သောချွေးတပ်သားများသည် သေဆုံးသူချွေးတပ်သားများ၏ကိုယ်ပေါ်မှ ဂုန်နီအိတ်ပိုင်း ကလေးများကို လည်းကောင်း၊ စုတ်ပြတ်ရိပြဲနေပြီဖြစ်သောအဝတ်အထည်များကို လည်းကောင်း ချွတ်ခွာယူငင်ခြင်း ပြုကြလေသည်။

အစဉ်သော် ကျွန်တော်မှာလည်း ဟိုတဲပြေးရ၊ ဒီတဲပြေးရဖြစ်နေသောကြောင့် ထိုအဖြစ်ထိုကိစ္စကို လုံးဝ မသိရှိပါပေ။ ဂုန်နီအိတ်ပိုင်းကိုသော်မျှ တစ်ထည်စီ၍ တစ်ထည်လဲစရာမရှိဖြစ်နေသော ချွေးတပ်သားများမှာမူ ဘာကိုမျှ ကြောက်ရလန့်ရကောင်းမှန်း မသိကြပေ။ ၎င်းတို့အဖို့ 'အလဲအလှယ်ပြုရန် ဂုန်နီအိတ်စုတ်နံ့ယဲပိုင်း ကလေးလောက်ကိုရလျှင်ပင် တော်လှပြီ' ဟူသောသဘောနှင့် ယခုကဲ့သို့ချွတ်ခွာလျက် ယူငင်ထားခြင်းပင်ဖြစ်လေ သည်။

http://mmteashop.com



ထိုအဖြစ်, ထိုကိစ္စကို ဘွန်ထိုက်ချိုကိုသာမြိုင်ကပြောရှိသိရသဖြင့် 'သေဆုံးသူများ၏ကိုယ်ပေါ်မှ ဂုန်နီအိတ်ပိုင်းများကိုဖြစ်စေ၊ အထည်အဝတ် တစ်စုံတစ်ရာကိုဖြစ်စေ ချွတ်ခွာယူငင်ခြင်းမပြုရ' ဟု အပြင်းအထန်တားမြစ်ခြင်းပြုရပါသည်။

ဟန်ချိုနှင့် ဘွန်ထိုက်ချိုများအားလုံးကို စုရုံးခေါ်ငင်၍လည်း သေဆုံးသူချွေးတပ်သားများ၏ကိုယ်ပေါ်မှ ဂုန်နီအိတ် သို့မဟုတ် အဝတ်အထည် တစ်စုံတစ်ရာနှင့် ထိုသူ၏အသုံးအဆောင်ပစ္စည်းမှန်သမျှကို မီးရှို့ဖျက်ဆီးပစ်ရမည်။ ဤလိုမဟုတ်ပါဘဲ ဝမ်းရောဂါဖြစ်ပွားသူ၏ပစ္စည်းပစ္စယများကို အသုံးပြုခဲ့လျှင် ဝမ်းရောဂါပိုးမွှားများကူးစက်၍ မိမိတို့ပင် ဝမ်းရောဂါဖြစ်ပွားနိုင်ကြောင်း ပြောရပါလေသည်။

တပ်ဒိန်စခန်းတွင် ဝမ်းရောဂါကျရောက်ဖြစ်ပွားလိုက်သည်မှာ အလွန်ဆုံး တနင်္ဂနွေတစ်ပတ်ခန့်သာ ကြာမြင့်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ သို့ရာတွင် လူအသေအပျောက်ကား မနည်းလှချေ။ ၃၀၀ နှင့် ၅၀၀ အကြားဟူ၍ ထင်ပါသည်။ ဝမ်းရောဂါသည် ကျွန်တော်တို့တပ်ဒိန်စခန်းတစ်ခုတည်းသာမက၊ ကျောက်တစ်လုံးစခန်း၊ ဘုရား ၃ ဆူစခန်းနှင့် ၇ ခွေစခန်းများ၌လည်း ဖြစ်ပွားကြောင်း၊ လူအသေအပျောက်များပြားလှကြောင်းနှင့် နောင်အခါမှ သိရလေသည်။

ဂျပန်တို့ကား ဝမ်းရောဂါအခြေအနေကို သော်လည်းကောင်း, ထိုရောဂါဝေဒနာကြောင့် လူပေါင်းမည်မျှသေဆုံးရသည်ဆိုခြင်းကိုသော်လည်းကော

င်း မေးမြန်းစစ်ဆေးခြင်းပင်မပြုပါပေ။ ကြောက်ရွံ့ကြသဖြင့် ခပ်ဝေးဝေး ရှောင်နေကြလေသည်။

## ကျောက်ပေါက်သောခွေးတပ်သား

ဂျပန်များသည် ဝမ်းရောဂါကိုသာကြောက်ကြသည် မဟုတ်။ ကျောက်ရောဂါဖြစ်ပွားခဲ့လျှင်လည်း အလွန်တရာ ကြောက်ရွံ့ကြသူများဖြစ်လေသည်။

ကျောက်ရောဂါဖြစ်ပွားသော ခွေးတပ်သားကလေးတစ်ယောက်နှင့်ပတ်သက်၍ တာဝန်မဲ့သည့် ဂျပန်များ၏ ရင်နာစရာကောင်းလှသောအပြုအမူကို ကျွန်တော်သည် ယခုထက်တိုင် မှတ်မိ၍နေပါသေးသည်။

ထိုအဖြစ်မှာ တပ်ဒိန်စခန်းနှင့် ကျောက်တစ်လုံးစခန်း တစ်ခုခုတွင်ဖြစ်သည်ဟု ထင်ပါသည်။ စခန်းကိုကား ကျွန်တော အတိအကျမမှတ်မိတော့ပါ။ အချိန်မှာမူ ဆောင်းနှောင်းရာသီဖြစ်ပါသည်။

ခွေးတပ်သားများအဖို့ စွတ်စိုထိုင်းမှိုင်းသည့်မိုးရာသီနှင့် ဆောင်းရာသီ၏အအေးဒဏ်ကို ခံစားခဲ့ကြရပြီး နောက်၊ ပူလောင်ခြောက်သွေ့သည့် ရာသီဥတုဒဏ်ကို ခံစားကြရပြန်သည့်အခါသမယ ဟူ၍ဆိုရပါမည်။

တောတွင်းခွေးတပ်စခန်းများတွင် လပေါင်းအတော်ကြာညောင်းခဲ့ပြီဖြစ်လျက်၊ အလုပ်၏ပင်ပန်းဆင်းရဲမှု ဒဏ်ကိုလည်း တစ်နေ့မပြတ်ခံစားခဲ့ကြရသူများဖြစ်ခြင်းကြောင့် ပိန်လှီခြောက်ကပ်လျက် လူလုံးလူရုပ်မပေါ်သော အခြေအနေမျိုး ရောက်ရှိနေကြရှာပေသည်။ သူတို့ကိုကြည့်လိုက်လျှင် ကရုဏာသက်စရာကောင်းလှသည်ထက် ရွံ့ရှာစက်ဆုပ်စရာအဖြစ် ဦးစွာပထမ မြင်ရပေမည်။ ကြည့်ပါ။

သူတို့သူတို့၏ကျောပြင်ပေါ်တွင် အင်္ကျီဟူ၍ အလျှင်းမရှိ၊ ခါးထက်တွင်လည်း ဂုန်နီပိုင်းကို လံကွတ်တီ သဖွယ် ရစ်ပတ်ထားရလေသည်။ အသားအရေမှာ မည်းကြုတ်ခြောက်သယောင်းကာ မိုက်ပွန်ကားနှင့် ခြေသလုံး ကြွက်သား မရှိ၊ ဒူးဆစ်က ကြီးထွားနေလေသည်။

အသေအချာထပ်၍ကြည့်လျှင် ဆံပင်က ရှည်ချင်တိုင်းရှည်နေသည်။ အချို့ကား မုတ်ဆိတ်မွေး၊ ချိုင်းမွေး၊ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေးထူလပျစ်နှင့်။ တစ်ကိုယ်လုံး၌လည်း အပ်ချစရာ နေရာမရှိလောက်အောင် အဖုအပိမ့်များ၊ အနာအဆာများ တင်းကြမ်းပြည့်လျှက်ရှိလေသည်။ ဟောင်စော်၊ ပုပ်စော်၊ ချဉ်စော်သောအနံ့အသက်မျိုးစုံကလည်း သူတို့သူတို့၏ကိုယ်မှ ထောင်းထောင်းထနေလေသည်။

ထိုအတွင်း တစ်နေ့တွင် ဟန်ချိုကိုချစ်တီးသည် သူ့အုပ်စုထဲမှ အလုပ်သမားကလေးတစ်ယောက် အပြင်း အထန်ဖျားနေကြောင်းနှင့် ကျွန်တော့်အား လာရောက်ပြောပါသည်။ အချိန်မှာ ည ၈ နာရီခန့် ဖြစ်လေသည်။

"ဖျားနေရင် ဆေးဝါးမျှမရှိတာ။ ဘယ့်နှယ်လုပ်မလဲဗျ။ မနက်ကျတော့ ဆေးရုံစခန်းပို့လိုက်ပေါ့။ ဂျပန်ကို ကျွန်တော်ပြောလိုက်မယ်"

ကျွန်တော်ကကိုချစ်တီးကို စိတ်ပျက်စွာဖြင့် ပြောလိုက်ပါသည်။

"ခက်တာက ဆေးရုံစခန်းကို မသွားချင်ဘူးဖြစ်နေတယ်ဗျ။ 'သေရင်လည်း ဒီအလုပ်သမားလိုင်းပေါ်မှာပဲ သေပါစေ။ မသွားရပါစေနှင့်' လို့ ဇွတ်ငိုပြီးပြောနေတယ်"

http://mmteashop.com



ကိုချစ်တီးသည် ကျွန်တော့်ရှေ့တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း ချူသံပါအောင်ညည်းပါသည်။

"ဟုတ်တော့ဟုတ်တာပဲဗျာ။ ဆေးရုံစခန်းကိုဆိုရင် ဘယ်သူဘယ်ချွေးတပ်သားကမှ မသွားချင်ကြဘူး။ သွားချင်စရာလည်းမရှိဘူး"

"ဟုတ်ပါတယ်ဗျာ။ အဲဒါ ဆရာလေး တစ်ဆိတ်လောက်လိုက်ကြည့်စမ်းပါဦးဗျာ"

ကိုချစ်တီးက တောင်းတောင်းပန်ပန်ပြောပြန်ပါသည်။ သူတို့အလုပ်သမားအဖွဲ့ စုနေကြသည်မှာ ကျွန်တော်နေသောတဲတန်းလျား၏ မြောက်ဘက်တဲကြီးတွင် ဖြစ်လေသည်။

ကျွန်တော့်အား ကိုချစ်တီး မရမကခေါ်နေခြင်းမှာလည်း သူ့အဖို့ အကြောင်းရှိလေသည်။ ချွေးတပ်သား တစ်ဦးတစ်ယောက်များနာမှု အကြီးအကျယ်ဖြစ်ခဲ့သော် သူတို့ ဟန်ချို့နှင့် ဘွန်ထိုက်ချို့များတွင် တာဝန်ရှိလေသည်။ ထိုတာဝန်မှာ ပြုစုစောင့်ရှောက်ရမည့်တာဝန်တော့ မဟုတ်။ သက်ဆိုင်ရာဂျပန်အား အကြောင်းကြားပြီးနောက် ဆေးရုံစခန်းသို့ အမြန်ဆုံးပို့ရန်ဖြစ်လေသည်။

အချို့အချို့သော စိတ်ကောင်းသဘောကောင်း ရှိကြသည့် ဘွန်ထိုက်ချို့နှင့် ဟန်ချို့ စသူများသည် မိမိတို့ ချွေးတပ်သားတစ်ဦးတစ်ယောက် နေထိုင်မကောင်းဖြစ်ခဲ့လျှင် ဂျပန်များအားမပြောဘဲ ဖုံးဖိထားလျက်၊ အလုပ်တာဝန် ချထားခြင်းပြုသည့်အခါ၌လည်း သက်သာသည့်နေရာများတွင် ရွေး၍ချထားပေးတတ်လေသည်။ ပြီးလျှင် တတ်နိုင်သမျှလည်း ပြုစုမှုရှိလေသည်။ ဤလိုနှင့် အချို့သော နာမကျန်းမှုကလေးများမှာလည်း ပျောက်ကင်းသွားတတ်ကြပါသည်။

"ကဲ–ထပါဆရာလေးရာ။ လိုက်ပါဦးဗျာ။ သိပ်မကြာပါဘူး။ ခဏကလေးပါ"

ကျွန်တော်သည် 'ဝတ္တရားတစ်ခု' ဟူ၍သဘောထားကာ သူခေါ်ရာနောက်သို့ လိုက်ခဲ့ရလေသည်။

အပြင်တွင် လရောင်က မှိုင်းပျပျသာနေသည်။ ထိုအချိန်၌မူ တဲတန်းလျားများအသီးသီးရှိ ချွေးတပ်သားများ၏ အသံကို သိပ်မကြားရပါချေ။ အလုပ်ခွင်၌ တစ်နေကုန်တစ်နေခန်းပင်ပန်းနွမ်းနယ်ခဲ့ကြသူများဖြစ်သဖြင့် အိပ်မောကျနေဟန် ရှိလေသည်။

ကိုချစ်တီးနှင့် ကျွန်တော်သည် တစ်ယောက်နှင့်တစ်ယောက်စကားမဆိုကြဘဲ နှုတ်ဆိတ်လျက်လျှောက်ခဲ့ကြသည်။

ပတ်ဝန်းကျင်ခပ်လှမ်းလှမ်းရှိ တောတန်းညို့ညို့ကြီးသည် မှိုင်းပျပျလရောင်အောက်၌ မချောက်မလှပ် ငြိမ်သက်နေသည်။ တဲတန်းလျားကြီးများအနီးရှိ မြင့်မားသီခေါင်သောသစ်ပင်ကြီးများသည် ချွေးတပ်သားများ အဖြစ်ကို စိတ်မချမ်းမြေ့စွာ ဦးခေါင်းငုံ့ကြည့်နေဘိသည့်အလား မားမားမတ်မတ်ဖြင့် ငြိမ်သက်စွာရပ်တည်နေကြသည်။

ကျွန်တော်နှင့်ကိုချစ်တီးသည် မြောက်ဘက်တဲတန်းလျားကြီးရှိရာသို့ ဆက်လက်ကာလျှောက်ခဲ့ကြသည်။ ကျောက်တောင်ကုန်းတစ်ခုထက်မှ ဂျပန်ကင်းသမား၏ခြေလှမ်းသံသည် ကျွန်တော့်နားတွင်းသို့ မကွဲမပြားဝင်ရောက်လာသည်။

မှုန်မွှားမွှားလရောင်အောက် တောကြီးမျက်မည်းထဲ၌ ဤလိုပတ်ဝန်းကျင်တစ်ခုလုံး ကြီးမားစွာတိတ်ဆိတ်နေလျက် ကြိုကြားကြိုကြား စက္ကန့်ပိုင်းအချိန်ကလေးအတွင်း၌သာ ဂျပန်စစ်သား၏ဖိနပ်သံ တဖျောက်ဖျောက်ကို ကြားနေရသည့်အခါ၊ လျှို့ဝှက်သည်းဖိုဇာတ်လမ်းတစ်ခုမှ ဇာတ်ကွက်တစ်ကွက်နှင့် တူနေလေတော့သည်။

မကြာမီ ကျွန်တော်နှင့် ကိုချစ်တီးတို့သည် တဲလိုင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။ ပြီးလျှင် ကျွန်တော်သည် တဖျစ်ဖျစ်တောက်လောင်နေသော ကညင်ဆီမီးချောင်း၏အလင်းရောင်ဖြင့် လူမမာ၏မျက်နှာကို အကဲခတ်ကြည့်ရလေသည်။ ကျွန်တော်သည် ချက်ချင်းပင် နောက်သို့ဆုတ်လိုက်ရလေသည်။ ကျွန်တော်၏နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်ကိုလည်း ချက်ချင်းပိတ်ထားလိုက်ရလေသည်။

http://mmteashop.com



လုမမာသည် ၁၇ နှစ်–၁၈ နှစ်ဟုခန့်မှန်းရသည့် လူငယ်တစ်ယောက် ဖြစ်လေသည်။ ထိုသူငယ်မှာ ကျောက်ပေါက်နေသည်။ နံစော်သောအနံ့အသက်တို့ကြောင့် သူ့အနီးတွင် မည်သူမျှမနေနိုင်ကြချေ။ အချို့မှာ နံစော်သောတဲလိုင်းပေါ်တွင် မအိပ်လိုကြသဖြင့် တဲလိုင်းဘေးမြေကြီးပေါ်တွင် သစ်ရွက်များခင်းလျက် ဆင်းအိပ်နေကြလေသည်။

"သူ့နာမည် မောင်ထွန်းရွှေ။ နေရပ်က အိမ်မဲ"

ကိုချစ်တီးက ပြောရှာလေသည်။

သူက ဒါပဲပြောနိုင်ပေမည်။ ထိုထက်ပို၍ ပြောနိုင်လိမ့်မည်မဟုတ်ကြောင်း ကျွန်တော် သိပါသည်။ အကယ်၍များ မောင်ထွန်းရွှေမှာ သူနှင့် တစ်မြို့တည်းတစ်ရွာတည်းအတူနေ ဖြစ်ခဲ့ပါမူ အဖအမည်၊ အမိအမည်စသည်လောက်ကို ဖြည့်စွက်လျက် ပြောနိုင်ကောင်းပြောနိုင်ပါလိမ့်မည်။ ဒီထက်ပို၍ကား ဘာမျှပြောနိုင်လိမ့်မည် မဟုတ်ပါချေ။

လူနာသည် ကယောင်ကတန်းပြောလျက် အပြင်းအထန်ညည်းလေသည်။ သူ့မျက်နှာတစ်ပြင်လုံးမှာလည်း ပြည်ဖုကလေးများ၊ ပြည်စေးများနှင့် တွတ်တွတ်ရဲနေသည်။ ပြည်ပေါက်ပြီးအနာများနှင့် အိုင်းထနေသည်။

"နေစမ်းပါဦး။ ဖြစ်တာ ဘယ်လောက်ကြာသွားပြီလဲ။ ခင်ဗျား ကျွန်တော့်ကို မှန်မှန်ပြောစမ်းဗျာ။ မညာနှင့်နော်"

ကျွန်တော်က ကိုချစ်တီးကိုမေးရလေသည်။

အမှန်ဆိုရသော် ဂျပန်များသည် အခြားအခြားသောရောဂါဘယများထက် ကျောက်ရောဂါနှင့် ဝမ်းရောဂါဆိုလျှင် ထူးထူးခြားခြားကြောက်ကြလေသည်။ ချွေးတပ်သားတစ်ဦးတစ်ယောက် ကျောက်ပေါက်လေသော်၊ ချွေးတပ်စခန်း၌ သော်လည်းကောင်း၊ ဆေးရုံ စခန်း၌ သော်လည်းကောင်း မည်သည့်နေရာမှာမျှ မထားလိုတော့ပါချေ။ ထိုချွေးတပ်သားအတွက် နေစရာမရှိ ဖြစ်ရရှာတော့သည်။ "ပြန်တော့"ဟူ၍ ခပ်တိုတိုပြောလျက် ထိုချွေးတပ်သားအား ချွေးတပ်စခန်းများအတွင်းမှ အပြင်းအထန် မောင်းနှင်ထုတ်လိုက်လေသည်။

"ဖြစ်တာတော့ ၁၀ ရက်လောက်ရှိပါပြီ ဆရာလေး။ ဒါပေမယ့် ဖြစ်စကတော့ သူကလည်း အလုပ်ထဲဆင်းလိုက်နေသေးတယ် ခင်ဗျ။ ကျွန်တော်လည်း သနားတာနှင့် ဆေးရုံစခန်းကို မပို့မိတာပါ။ ဒီလို ကျောက်ပေါက်တယ်ဆိုတာလည်း အစကမသိလို့ပါ"

"အင်း–ခက်တာပဲဗျာ။ ခု ဘယ့်နှယ်လုပ်မလဲ။ ဒီတဲပေါ်ဆက်ထားလို့ ဂျပန်မိသွားရင်လည်း ခက်တယ်။ ခုမှ ဆေးရုံစခန်းကိုပို့မယ်ဆိုရင်လည်း ခက်တယ်"

ကျွန်တော့်စကားကြောင့် ကိုချစ်တီးရော အနီးရှိချွေးတပ်သားများပါ ငိုင်ကျသွားကြပါသည်။

ဤတွင် တစ်ခုပြောရန် ရှိပြန်ပါသည်။ နောက်ပိုင်းအချိန်များ၌မူ (ဝမ်းရောဂါအကြီးအကျယ်ဖြစ်သည့် နောက်ပိုင်းကို ဆိုလိုပါသည်။) ဂျပန်များသည် ချွေးတပ်သားများနေထိုင်ရာတဲတန်းလျားကြီးများရှိရာသို့ အဝင်အထွက် အသွားအလာ နည်းပါးသွားသည်။ ပြီးလျှင် အလုပ်ခွင်အတွင်း၌လည်း ယခင်ကလောက် အစစ်အဆေး အမေးအမြန်းမထူတော့ပါချေ။ သို့ရာတွင် တဲလိုင်းကြီးများအတွင်းသို့မူ မသင်္ကာစရာအကြောင်းရှိလာခဲ့ပါက အလစ်အလစ်တွင် ဝင်ရောက်စစ်ဆေးခြင်းပြုတတ်ပြန်ပါသည်။

"ခင်ဗျားတို့ကိုယ်တိုင် အသိပဲ။ ကိုယ့်လူကို ကိုယ်က ဘယ်လိုပဲဝှက်ထားဝှက်ထား။ ဂျပန်ကမသင်္ကာရင် နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် အလစ်–အလစ် ဝင်စစ်တာဗျ"

မောင်ထွန်းရွှေကိစ္စမှာ ကျွန်တော်ကိုယ်တိုင်ပင် အတော်အကြံရကျပ်နေပါသည်။

အမှန်စင်စစ် ကျွန်တော်ထံသို့ မောင်ထွန်းရွှေကိစ္စကို ကိုချစ်တီးလာရောက်ပြောခြင်းကပင် သူ့အနေဖြင့် ကြံရာမရသောကြောင့်ဟု ကျွန်တော် နားလည်သည်။ တစ်နည်းပြောရလျှင် အကူအညီတောင်းခြင်း၊ အကာအကွယ်

http://mmteashop.com



ရှာခြင်းပင်ဖြစ်သည်။ ဂျပန်က သူ့အပေါ်တွင် လူနာထိမ်ဝှက်မှုနှင့် အရေးယူခဲ့သော် ကျွန်တော်က တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုကာ အကာအကွယ်ပေးခြင်းဖြင့်၊ သူ့အဖို့ သက်သာမှုရရှိနိုင်သည် ဟူ၍လည်း ကိုချစ်တီး အတွေး ပေါက်ဟန်တူလေသည်။

"ဒီလိုလုပ်ရင် မကောင်းဘူးလားဆရာလေး။ ကျွန်တော်တို့"

ကိုချစ်တီး စကားဆုံးအောင်မပြောနိုင်တော့ပေ။ တဲလိုင်း၏ဟိုမှာဘက်ထိပ်နှင့် သည်မှာဘက်ထိပ်မှ ၂ ဘက် ညှပ်ပိတ်လျက် ကညင်ဆီမီးချောင်းများကိုင်ကာ ဆူဆူညံညံဝင်ရောက်လာသောဂျပန်များကို တွေ့မြင်လိုက်ရသော ကြောင့် ဖြစ်လေသည်။

သူတို့ကို မြင်လိုက်သည်နှင့် လိုင်းစစ်ရန်လာကြသော ဂျပန်တွေဖြစ်ကြောင်း ချက်ချင်းပင် ကျွန်တော် နားလည်လိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားသလို၊ ကိုချစ်တီးတစ်ကိုယ်လုံး သိမ့်သိမ့်ခါလှုပ်ရှားသွားသည် ကိုလည်း ကျွန်တော် သတိပြုလိုက်မိလေသည်။

ပြဿနာတစ်ရပ်နှင့် ကျွန်တော်တို့ ရင်ဆိုင်ကြရပေတော့မည်။ ကျွန်တော်သည် ထူထူပူပူနှင့် စိတ် လှုပ်ရှားနေသည့်ကြားကပင် 'ထိုကိစ္စ၊ ထိုအခက်အခဲကို အဘယ်ပုံ ကျော်လွှန်ရပါမည်နည်း' ဟူ၍ ထွက်ပေါက်ရှာမိ လေသည်။ ယခုအချိန်၌မူ ကျွန်တော်တို့အဖြစ်မှာ ကျောက်ပေါက်နေသော ချွေးတပ်သားကလေး မောင်ထွန်းရွှေအတွက် သာမက၊ ဟန်ချိုအတွက်ရော၊ ကျွန်တော့်အဖို့ပါ အန္တရာယ်ရှိနေပြီဖြစ်ကြောင်း ကျွန်တော် သတိပြုလိုက်မိလေသည်။

ဂျပန်များသည် ကျောက်ပေါက်နေသည့် မောင်ထွန်းရွှေကိုတွေ့ခဲ့လျှင် မောင်ထွန်းရွှေတစ်ယောက်တည်းကိုသာ ချွေးတပ်စခန်းအတွင်းမှ မောင်းနှင်ထုတ်လိမ့်မည် မဟုတ်ပါချေ။ ဟန်ချိုကိုချစ်တီးနှင့် ကျွန်တော့်ကိုပါ အပြင်းအထန် အရေးယူပေလိမ့်မည်။ ဤကိစ္စ ဤအပြုအမူမှာ မုချဆတ်ဆတ် မြေကြီးလက်ခတ်မလွဲဖြစ်ရမည့် ကိစ္စဟူ၍လည်း ကျွန်တော် နားလည်ပါသည်။

'ဂျပန်က အရေးယူခဲ့သော်'

ကျွန်တော့်ဦးနှောက်သည် ထိုအတွေးကိုလည်း လျင်မြန်စွာတွေးလိုက်မိသည်။

ဤတွင် ချွေးတပ်စခန်းများ၌ ဂျပန်တွေ လုပ်လေ့လုပ်ထရှိသော အပြစ်ဒဏ်ခတ်သည့်ငရဲခန်းများအကြောင်း ကိုလည်း အလျဉ်းသင့်၍ ဖော်ပြလိုပါသည်။

ချွေးတပ်သား တစ်ဦးတစ်ယောက်တွင် တစ်စုံတစ်ရာ အပြစ်ရှိပြီဟု ဆိုကြပါစို့။ ဂျပန်များသည် ထိုချွေး တပ်သားအား တောစပ်တစ်နေရာရာ သော်လည်းကောင်း၊ စစ်ရုံးအဆောက်အဦရှေ့ သော်လည်းကောင်း ကြိုးတုပ်ချည်နှောင်ကာ ရိုက်နှက်လျက်ခေါ်ဆောင်သွားပေလိမ့်မည်။ ပြီးလျှင် ကြိုးတုပ်လျက် စမ်းချောင်းအတွင်း ပစ်ချ၏။ ထိုသူ ရေမွန်းသတိမေ့မျောသည်အထိ ဂျပန်စစ်သား ၂ ယောက်–၃ ယောက်က အပေါ်မှတက်နင်းထား၏။ မေ့မျောလောက်ပြီဆိုလျှင် ကမ်းထက်သို့ဆွဲတင်လျက် ဗိုက်ပေါ်၊ ရင်ဘတ်ပေါ်ကို ခုန်၍ခုန်၍ နင်း၏။ သတိရပြန် သော် နောက်တစ်ဖန်ရေသို့ချလျက် ရှေ့နည်းအတိုင်း ပြုကြပြန်လေသည်။ ဤအတိုင်း စိတ်ရှိသလောက်ညှဉ်းပန်းပြီးမှ ကမ်းစပ်တွင်ထားခဲ့ကြလေသည်။ ဤသည်မှာ အကြင်ချွေးတပ်သားအား ရေတွင်ချ၍ နှိပ်စက်ညှဉ်းဆဲသောနည်းပင် ဖြစ်၏။

ထို့ကြောင့် တစ်ခါတစ်ရံ ချွေးတပ်သားအချင်းချင်း အကြောင်းတစ်စုံတစ်ရာဆိုက်သဖြင့် ပြောင်လှောင် ပြက်ရယ်ပြုလိုသည့်အခါ "ဟေ့ကောင်။ စမ်းချောင်းထဲဆင်းပြီး ပုစွန်ငုပ်ချင်သလားကွ" ဟု ဆိုတတ်ကြလေသည်။

တစ်ဖန် ဒုတိယနှိပ်စက်နည်းမှာ အထက်ပါအပြုအမူကဲ့သို့ပင် ယုတ်မာရိုင်းစိုင်းလှလေသည်။ အကြင် ချွေးတပ်သားတစ်ဦးတစ်ယောက်သည် စမ်းချောင်းရှိရာသို့ခေါ်ဆောင်သွားခြင်းကို မခံရဘဲ၊ တောစပ်တစ်နေရာရာသို့

http://mmteashop.com



ခေါ်ဆောင်သွားခြင်းကို ခံရသူဖြစ်ပြီးဖြစ်ပြားဒံ့။ ထိုသူအား လက် ၂ ဖက်ကို နောက်ပြန်ထားလျက် လက်ကောက်ဝတ်တွင် ကြိုးတစ်ချောင်းနှင့် သီးသန့်ချည်နှောင်၏။ ပြီးလျှင် လက်ကောက်ဝတ်ကိုချည်သည့်နည်းတူ ခြေ ၂ ချောင်းကိုလည်း ပူးတွဲလျက်ချည်နှောင်၏။ ပြီးနောက် တစ်ကိုယ်လုံးကို သစ်ပင်နှင့်ကပ်လျက် ချည်နှောင်ထားလိုက်လေသည်။ ထိုသူ၏ကိုယ်ပေါ်တွင် အင်္ကျီ၊ ပုဆိုးရှိလျှင် လည်းကောင်း၊ ဂုန်အိတ်ပိုင်းလန်ကွတ်တီရှိခဲ့လျှင် လည်းကောင်း ဘာတစ်ခုမျှမထား။ အားလုံး ချွတ်ခွာထားလေသည်။ ကိုယ်လုံးတီးဖြစ်နေသည့် ထိုချွေးတပ်သားအား အပြစ်ကြီးသည်ဟုထင်လျှင် ထင်သလောက် ၃ ရက်မှ ၇ ရက် သော်လည်းကောင်း၊ မသေမချင်း သော်လည်းကောင်း အစာငတ်ရေငတ်ပစ်ထားလေသည်။

ထိုအခါ အကြင်ချွေးတပ်သားသည် ထမင်းမစားရ၊ ရေမသောက်ရ ဒုက္ခဆင်းရဲကိုသာမက၊ တောခြင်၊ တောမှက်ကြီးများ၊ ပုရွက်ဆိတ်၊ ခါချဉ် စသော သတ္တဝါများ၏ ကိုက်ခဲခြင်းကိုလည်း သွေးစက်စက်ယိုစီးကျသည်အထိ အလူးအလဲခံရရှာလေသည်။ ထိုသူ ထိုချွေးတပ်သားများအနေဖြင့် ကျင်ကြီးကျင်ငယ်စွန့်ရသောမမွှတာမှုကိုပင် မတ်တတ်ကပြုရရှာလေသည်။

အကယ်လို့ ထိုသူအား ၃ ရက်နှင့် ကြိုးပြည်ပေးလိုက်သည့်တိုင် ထိုသူမှာ တဲလိုင်းရှိရာသို့ မလျှောက်နိုင်တော့ချေ။ အခြားသောချွေးတပ်သားများက လာရောက်ကာတွဲခေါ်ခြင်း ပြုရလေသည်။ ထိုသူမှာ တဲပေါ်သို့ရောက်သည့်အခါ၌လည်း ၁၄–၅ ရက်နှင့် အိပ်ရာထက်မှမထနိုင်တော့ပေ။ ပြီးသော် ထိုသူ၏လက်ကောက်ဝတ် ၂ ဖက်နှင့် ခြေချင်းဝတ် ၂ ဖက်မှာလည်း ဂျပန်တို့က အပြင်းအထန် ကြိုးတုပ်ချည်နှောင်လိုက်သည့်ဒဏ်ကြောင့် အပေါ်အရေပြားများစုတ်ပြတ်လျက် သွေးချင်းချင်းရဲကာ၊ အကွင်းလိုက် အရစ်လိုက်ဖြစ်သောအနာကြီးများသည် လက်ကောက်ဝတ်နှင့် ခြေချင်းဝတ်ပေါ်တွင် ကြည့်ရက်စရာမြင်ရက် စရာမရှိအောင် ဖြစ်နေရရှာလေသည်။

ထိုချွေးတပ်သားအဖို့ ကံကောင်းထောက်မသဖြင့်၊ ထိုအနာများပျောက်ကင်းသွားသည့်တိုင် ခရသင်းစွဲသလိုဖြစ်သော အကွင်းအရစ်ဖြူဖြူကြီးများသည် သေရာပါမည့်အမွေအနှစ်အဖြစ် စွဲထင်ကျန်ရစ်ခဲ့လေသည်။

ထိုသူအား အပြစ်ပေးကြိုးချည်ထားစဉ်က အခြားသောချွေးတပ်သားများက သော်လည်းကောင်း၊ ဟာန်ချို၊ ဘွန်ထိုက်ချို၊ စကားပြန်နှင့် ဝါဒဖြန့်ချိရေးမှူးစသူများက သော်လည်းကောင်း မည်သို့မျှ သွားရောက်၍အကူအညီမပေးဝံ့ကြပါချေ။ အဘယ့်ကြောင့်ဆိုရပါမူ အမြဲထာဝစဉ် အလဲအလှယ်ဖြင့်ရှိနေသော ကျောက်တောင်ကုန်းထက်မှ ဂျပန်ကင်းစောင့်သည် ထိုသူနှင့် ထိုသူ၏အနီးပတ်ဝန်းကျင်ကို အထင်းသားမြင်နေရသောကြောင့် ဖြစ်လေသည်။

တစ်စုံတစ်ယောက်သော ချွေးတပ်သားသည် ကြိုးတုပ်ထားသူ၏အနီးသို့ချဉ်းကပ်သွားမိလျှင် သေနတ်ကို မောင်းတင်လျက် အသံကုန်အော်ဟစ်ဆဲရေးလေသည်။ ထိုမျှနှင့်မကျေနပ်လျှင် ထိုသူအား ချက်ချင်းခေါ်စစ်၏။ ကျေနပ်လောက်သောအဖြေကို မရခဲ့ပါမူ ထိုသူထိုချွေးတပ်သားသည် ဒုတိယမြောက်ကံဆိုးသူပေတည်း။

ထို့ကြောင့်လည်း ဂျပန်များလက်တွင်းတွင် လက်နက်မဲ့များသာဖြစ်ကြရသည့် ချွေးတပ်သားများအနေဖြင့် ဂျပန်များကို မဆန့်ကျင်ဝံ့၊ စိတ်ကူးယဉ်သည့်အလုပ်မျိုးကိုလည်း မည်သည့်ချွေးတပ်သားကမျှ မလုပ်ရဲကြ။

ဤအကြောင်းကို ဤမျှနှင့်ဖြတ်ကာ မောင်ထွန်းရွှေနှင့် ကျွန်တော်တို့တစ်စု၏အဖြစ်ကို ဆက်လက်၍ တင်ပြရပေမည်။

မီးတုတ်မီးစည်းနှင့် ဝါးရင်းတုတ်များ၊ သေနတ်များကိုကိုင်လွယ်ထားသော ဂျပန်စစ်သားများနှင့် စကားပြန်သူငယ်ကလေး ၂ ယောက်တို့သည် တဲလိုင်းကြီး၏အဝင်ပေါက်တစ်ဘက်တစ်ချက်ထိပ်ရှိ ချွေးတပ်သားများအား အိပ်ရာမှနှိုးလျက် စတင်စစ်ဆေးခြင်းပြုနေကြလေသည်။

မောင်ထွန်းရွှေနှင့် ကျွန်တော်တို့ရှိနေကြသည်မှာ တဲလိုင်း၏အလယ်ခေါင်လောက်တွင် **ဖြစ်၏။ တဲလိုင်း**

http://mmteashop.com



တစ်ခု၏အရှည်မှာ ပေ ၁၀၀ နီးပါးခန့် ရှိလေသည်။ အနံမှာ ပေ ၃၀-၃၅ ပေခန့်ဖြစ်လေသည်။

ထိုတဲလိုင်းအတွင်းတွင် အလယ်မှ လူသွားလမ်းချန်လုပ်လျက် လက်ဝဲ, လက်ယာ တစ်ဘက်တစ်ချက်တွင် ဝါးများနှင့် အဆင့်ထိုးထားလေသည်။ ထိုအဆင့်၏အမြင့်မှာ ၄ ပေခွဲကျော်ကျော်-၅ ပေခန့်ရှိအံ့ ထင်၏။ ထို အဆင့်များပေါ်၌ ချွေးတပ်သားများအိပ်ကြရ, နေထိုင်ကြရခြင်း ဖြစ်လေသည်။

တိုတောင်းလှသောအချိန်ကလေးအတွင်း၌ပင် ကျွန်တော်သည် ထွက်ပေါက်တစ်ခုကို တွေးလိုက်မိလေသည်။ ထိုမည်သော အကျပ်အတည်းမှ လွတ်မြောက်သည်ဖြစ်စေ, မလွတ်သည်ဖြစ်စေ၊ ကျွန်တော်တို့အဖို့ ဤတစ်လမ်းသာ လုပ်ဆောင်နိုင်မည့်နည်း ဖြစ်လေသည်။ ငြိမ်ခံခြင်း, ငုတ်တုတ်မဲတဲနေခြင်းထက် ကြံဖန်ကြိုးစားခြင်းသည် အကောင်း ဆုံး ဟူ၍လည်း ကျွန်တော်ယူဆမိလေသည်။

ပြီးလျှင် ဤအတွေးအတောသည် စိတ်ကူးယဉ်သည့်အတွေးအတော မဟုတ်။ သဘာဝကျ၍ လက်တွေ့အား ဖြင့်လည်း ကျွန်တော်နှင့် ကိုချစ်တီးအဖို့ အကျပ်အတည်းထဲမှလွတ်မြောက်နိုင်သော လမ်းပေါက်တစ်ခုဖြစ်လေ သည်။ ထို့ကြောင့်-

"ကိုဖိုးမှီ။ ခင်ဗျားမီးတိုင်ကို တစ်နေရာရာ ယူသွား။ ခပ်မြန်မြန်လုပ်ဗျာ။ ခပ်မြန်မြန်ရင်လည်း မီးငြိမ်းပစ် လိုက်" ဟု ကျွန်တော့်အနီးတွင် မီးချောင်းကိုကိုင်ကာ တွေတွေငိုင်ငိုင်ကြီးရပ်နေသော ချွေးတပ်သားဖိုးမှီအား ကျွန်တော်က ပြောလိုက်ပါသည်။

"ကဲ-ကိုချစ်တီး။ ဒီလိုလုပ်ဗျာ။ မောင်ထွန်းရွှေကို လု ၂ ယောက်-၃ ယောက်ကပွေ့ပြီး၊ ဟောဒီအဆင့် အောက်ကို သွင်းထားကြရအောင်။ ဂျပန်တွေ ဒီနားမရောက်ခင် ခပ်မြန်မြန်လုပ်ကြမှဖြစ်မယ်။ ကျွန်တော်တို့အဖို့ ဒီတစ်လမ်းပဲရှိတယ်"

ကညင်ဆီမီးချောင်းကိုင်ထားသော ဖိုးမှီသည် ကျွန်တော်တို့အနီးမှ ခပ်သုတ်သုတ်ထွက်ခွာသွားလေသည်။ သူသည် ခပ်လှမ်းလှမ်းတစ်နေရာအရောက်တွင် ဂျပန်များ၏အရိပ်အခြည်ကိုကြည့်လျက် မီးတိုင်ကိုငြိမ်းသတ်လိုက် သည်။

ကျွန်တော်တို့တစ်စုမှာလည်း မောင်ထွန်းရွှေအား ဦးခေါင်းနှင့်ခြေမှ ပွေ့မလျက် အဆင့်အောက်သို့ ခဲရာခဲဆစ် သွင်းရလေသည်။ မီးရောင်မရှိသည့်အခါ ကျွန်တော်တို့တစ်စု၏အနီးတစ်ဝိုက်၌ အမှောင်ရိပ်ကဖုံးလွှမ်းထားလေ သည်။ တဲလိုင်းကြီး၏ဟိုမှာဘက်ထိပ်နှင့် သည်မှာဘက်ထိပ်တွင် ဂျပန်စစ်သားများ၏ မီးတုတ်မီးတိုင်များက ရှိနေသော်လည်း၊ သူတို့လက်တွင်းမှ ကညင်ဆီမီးတိုင်များ၏အလင်းရောင်သည် ကျွန်တော်တို့လူစုရှိရာသို့ ပြောပလောက်အောင် အရောင်ဟပ်မလာပါချေ။

ကျွန်တော်တို့သည် မောင်ထွန်းရွှေအား မညည်းမညူဘဲ ခေတ္တ အောင့်အည်းကြိတ်မှိတ်နေရန်ကိုလည်း သတိပေးပြောကြားရလေသည်။ မောင်ထွန်းရွှေ၏တစ်ကိုယ်လုံးသည် အထိအကိုင်မခံနိုင်လောက်အောင် နာကျင် နေဟန်တူပါသည်။ ကျွန်တော်တို့တစ်စုက သူ့ကိုပွေ့မလျက် တဲလိုင်း၏အဆင့်အောက်သို့ ခဲရာခဲဆစ်သွင်းသည့် အခါ မောင်ထွန်းရွှေသည် တဟီးဟီးညည်းတွားရှာပါသည်။ သို့ရာတွင် ဂျပန်များ လာရောက်စစ်ဆေးကြောင်း သိသည်နှင့် မောင်ထွန်းရွှေမှာ အညည်းရပ်သွားပါသည်။ သူသည် ရှိသမျှအင်အားဖျစ်ညှစ်လျက်၊ သူ့အလိုအလျောက် လည်း အဆင့်၏အတွင်းဘက်ခပ်ကျကျသို့ သူ့ကိုယ်ကို လိမ့်ဝင်လိုက်လေသည်။

"ဖြစ်ပါ့မလား ဆရာလေး"

ကိုချစ်တီးက ကျွန်တော့်ကိုမေးလေသည်။

"ဖြစ်ပါတယ်ဗျာ။ အသာဏ္ဍန်ြမပျက်နေပေါ့။ မဖြစ်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ။ လုပ်ဖို့က ဒီတစ်လမ်းပဲ ရှိတယ်။ ခင်ဗျား ဂျပန်တွေလိုက်စစ်တာကလည်း 'နေမကောင်းတဲ့လူရှိလား။ ညစာစားဖို့ ထမင်းယူထားတဲ့လူ

http://mmteashop.com



ရှိသလား။ မသင်္ကာစရာအကြောင်း ရှိသလား' ဆိုတာလောက် လိုက်စစ်တာပါ။ လူ ၁၀၀ ကျော်-၂၀၀ လောက်ကို ပြည့်တယ်,မပြည့်ဘူးလိုက်ရေနေတာ မဟုတ်ပါဘူးဗျ"

ထိုအခိုက်၌ပင် ဂျပန်စစ်သားများရှိရာ တစ်ဘက်သောတဲလိုင်းထိပ်မှ "ဟန်ချီတွေ၊ ဟန်ချီတွေ"ဟူသော စကားပြန်သူငယ်၏အသံကို ကြားလိုက်ရလေသည်။ ကိုချစ်တီးတို့တဲကြီးတွင် ဟန်ချီ ၅ ယောက်ရှိသည်။ တစ်ဘက်သောတဲကြီးမှ ဘွန်ထိုက်ချီကိုမောင်စိန်မှာ ထိုအချိန်၌ ဂျပန်တွေနှင့်အတူရှိနေသည်။

"လာ လာ၊ သွားကြရအောင်"

ကျွန်တော်သည် ကိုချစ်တီးကိုခေါ်ငင်ကာ တဲလိုင်းတစ်ဘက်ထိပ် ဂျပန်များရှိရာသို့ ခပ်သွက်သွက်လျှောက်ခဲ့လေသည်။ အခြားဟန်ချီ ၄ ယောက်တို့မှာလည်း ကျွန်တော်တို့နောက်ပါးမှ လိုက်လာကြလေသည်။

"မင်းတို့အထဲမှ လူမမာ ရှိသလား။ ထွက်ပြေးဖို့ကြံစည်တဲ့လူ ရှိသလား။ မာစတာက မေးတယ်"

ဂျပန်များအနီးသို့ ကျွန်တော်တို့ရောက်သွားသည့်အခါ၌ပင် စကားပြန်သူငယ်က မေးလေသည်။

ဟန်ချီ ၅ ယောက်စလုံးက 'မရှိကြောင်း' ဖြေလေသည်။

ဂျပန်စစ်သားများသည် အိပ်နေသော ချွေးတပ်သားများအား တစ်ယောက်ပြီးတစ်ယောက်နှိုးလျက် "ကောင်းတကား-ကောင်းတကား"နှင့် တွင်တွင်ကြီးမေးလေသည်။ ထိုအထဲမှ စိတ်ယနမကောင်းသူများဖြစ်ခဲ့လျှင် မျက်နှာကို ကညင်ဆီမီးတိုင်ထိုးတော့မတတ်ကပ်လျက် ဘီလူးသရဲစီးသည့်အလား မေးမြန်းခြင်းပြုလေသည်။

တဲလိုင်းများကိုလာရောက်စစ်ဆေးသော ဂျပန်များအထဲတွင် ကုမေကာမှာ ခေါင်းဆောင်အကြီးအမှူးဖြစ်လေသည်။ သူက ချွေးတပ်စခန်းတစ်ခုလုံးရှိ ချွေးတပ်သားများအပေါ်အုပ်ချုပ်ရာ၌လည်း တာဝန်အရှိဆုံး ဂျပန်စစ်ဗိုလ်တစ်ယောက် ဖြစ်လေသည်။

ကုမေကာကို ချွေးတပ်သားများက ခပ်လွယ်လွယ်ခေါ်တတ်သလိုနည်းဖြင့် 'သုမေဓာ' ဟု ခေါ်ကြသည်။ သို့ရာတွင် ကုမေကာသည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ကဲ့သို့ သူတော်ကောင်းသူမြတ်လောင်း တစ်ယောက်တော့ မဟုတ်ချေ။ ဒေဝဒတ်ထက် ၂ ပြန်လောက်ဆိုးဝါးလှသည့်ကုမေကာ ဖြစ်လေသည်။

ကုမေကာနှင့် ဂျပန်စစ်သားများ၊ စကားပြန်ကလေး ၂ ယောက်တို့ပါ တဲတစ်လျှောက်ရှိချွေးတပ်သားများကို တစ်ယောက်ပြီးတစ်ယောက်, တစ်စုပြီးတစ်စု စစ်ဆေးလာသည်။

တဖြည်းဖြည်းနှင့် တဲလိုင်းအလယ်လောက်သို့ ဟိုဘက်ထိပ်သည်ဘက်ထိပ်မှ ညပ်ပူးညပ်ပိတ်ဝင်လာသော ဂျပန်များ ရောက်လုနီးလေပြီ။ ထိုအခါ ဟန်ချီကိုချစ်တီးအနေဖြင့် မည်သို့ရှိလိမ့်မည် ဟူ၍မဆိုနိုင်သော်လည်း ကျွန်တော့်ရင်ထဲတွင်မူ တဒိတ်ဒိတ်ခုန်နေပါတော့သည်။

ကျွန်တော်နှင့် ဟန်ချီများသည် ဂျပန်စစ်သားများ၏နောက်ပါးမှ ကပ်၍လိုက်ခဲ့ကြလေသည်။ ဂျပန်စစ်ဗိုလ် ကုမေကာ, ဘွန်ထိုက်ချီ ကိုမောင်စိန်, စကားပြန်ကလေး မောင်အေးချို၊ ဤ ၃ ယောက်မှာ ရှေ့ဆုံးမှဖြစ်လေသည်။

ကျွန်တော်သည် မောင်ထွန်းရွှေအားဝှက်ထားသည့် တဲအဆင့်အောက်ရှိရာသို့ လှမ်းကြည့်လိုက်မိလေသည်။ ကျွန်တော့်နား ၂ ဖက်ကိုလည်း အာရုံစိုက်လျက်သတိပြုလိုက်မိလေသည်။ ဘာကိုမျှ မမြင်ရ။ မည်သည့်ညည်းတွားသံကိုမှလည်း မကြားရ။ အခြေအနေအရပ်ရပ်သည် ပုံမပျက် ပန်းမပျက် ပကတိအတိုင်းရှိနေသည်။

မကြာတော့ပါချေ။ မောင်ထွန်းရွှေအားသိုဝှက်ထားသည့် နေရာတည့်တည့်သို့ရောက်လာကြပါသည်။ ဂျပန်စစ်သား ၃-၄ ယောက်သည် ထိုနေရာရှိချွေးတပ်သားများအား အိပ်ရာမှထစေလျက် စုံစမ်းစစ်ဆေးခြင်း ပြုလေသည်။

ထိုအခိုက် ရှေ့ဆုံးမှ ခြေလှမ်းမှန်မှန်နှင့်လျှောက်နေသော ဂျပန်စစ်ဗိုလ် ကုမေကာ၏ခြေထောက်များသည် တုံ့ခနဲရပ်ဆိုင်းသွားလေသည်။ ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်ရပြန်ပါသည်။ ကုမေကာရပ်တန့်သည့်နေရာမှ

http://mmteashop.com



မောင်ထွန်းရွှေအား ကျွန်တော်တို့ဝှက်ထားသည့်နေရာတည့်တည့်တွင် ဖြစ်လေသည်။

တဖျစ်ဖျစ် တောက်လောင်နေသော ကညင်ချောင်းမီးအလင်းရောင်ဖြင့် ကုမေကာမျက်နှာကို ကျွန်တော် လှမ်းကြည့်လိုက်မိလေသည်။ ဂျပန်စစ်ဗိုလ်ကုမေကာသည် တစ်စုံတစ်ရာကိုအနံ့ခံနေသလို သူ့နှာခေါင်းကိုလည်း ဖွစိဖွစိလုပ်လေသည်။ သူသည် အနီးတစ်ဝိုက်ရှိချေးတပ်သားများကိုလည်း စူးစူးတောက်သောမျက်လုံးအစုံဖြင့် ကြည့်ရှုလေသည်။

ကျွန်တော်ထင်သည်မှာ ဂျပန်စစ်ဗိုလ်ကုမေကာ၏နှာခေါင်းထဲတွင် ညှီစို့စို့အနံ့အသက်များ ဝင်ရောက်နေသောကြောင့် တစ်စုံတစ်ရာကိုမသင်္ကာခြင်း ဟု ကျွန်တော်ထင်ပါသည်။ အမှန်အားဖြင့်လည်း ကျောက်ပေါက်နေသော မောင်ထွန်းရွှေ၏အနံ့အသက်များသည် အော်ဂလီဆန်လောက်အောင် ညှီဟောင်ဟောင်ရှိလှလေသည်။ ကုမေကာကဲ့သို့သော ချေးတပ်သားများနှင့်အတူတွဲနေသော ကျွန်တော်အဖို့ပင် မခံမရပ်နိုင်လောက်အောင် ညှီစော် ဟောင်စော် နံလှပါသည်။

ကုမေကာသည် အတော်ပင်မသင်္ကာမကင်းဟန် ရှိနေလေသည်။ သူ့နှာခေါင်းကိုလည်း လက်နှင့်ပိတ်ထားသည်။ မျက်လုံးများကလည်း ကျီးငှက်တစ်ကောင်၏မျက်လုံးကဲ့သို့ တစ်စုံတစ်ခုကို လှည့်ပတ်ရှာဖွေနေဟန် ဖြစ်လေသည်။

ဤလိုအချိန်နှင့် ဤလိုအခြေအနေမျိုးတွင် မောင်ထွန်းရွှေကသာ အနည်းငယ်မျှ ညည်းတွားခြင်းပြုလိုက်လျှင် ကိစ္စအားလုံးမှာ ဘူးပေါ်သည့်အဖြစ်မျိုးသို့ ရောက်ရချေမည်။

သို့ရာတွင် မကြာမီ ဂျပန်စစ်ဗိုလ် ကုမေကာနှင့် ဂျပန်စစ်သားများသည် ကိုချစ်တီးတို့တဲလိုင်းအား စစ်ဆေး၍ ပြီးစီးသွားလေသည်။ ထိုအခါ တဲလိုင်းအတွင်းမှ ထွက်ခွာသွားကြလျက် တဲလိုင်းအပြင်တွင် အိပ်နေကြသော ချေးတပ်သားများအား စစ်ဆေးခြင်းပြုပြီးနောက်၊ တစ်ဘက်သောတဲလိုင်းအတွင်းသို့ ညပ်ပူးညပ်ပိတ်ပြုလျက် ဝင်ရောက်သွားကြပြန်လေသည်။

အမှန်အားဖြင့် ကျွန်တော်မှာ ထိုတဲလိုင်းများစစ်ဆေးခြင်းပြုရာနောက်သို့ ဝတ္တရားအနေနှင့် လိုက်သွားသင့်သူ တစ်ယောက်ဖြစ်ကြောင်း သတိပြုမိပါသည်။

ဤနေရာတွင် တစ်ခုဖော်ပြရမည်မှာ ဂျပန်များနှင့် ဘွန်ထိုက်ချီများ၊ စခန်းမှူးများ၊ ဝါဒဖြန့်ချိရေးမှူးများ၏ ဆက်ဆံရေးပုံစံပင် ဖြစ်လေသည်။ အဆိုပါ လူ ၃ စားသည့် ယခုကဲ့သို့ ဂျပန်များလိုင်းစစ်ခြင်း၊ လုစီတန်း စစ်ဆေးခြင်း စသောကိစ္စများရှိသည့်အခါ၊ သူတို့နှင့်အတူ ဝင်ရောက်လျက် ပူးပေါင်းဆောင်ရွက်ခြင်းပြုပါမှ ဂျပန် များက သဘောကျလေသည်။

သူတို့တစ်တွေ ယခုလို တဲလိုင်းများကိုစစ်ဆေးနေပါလျက် ကျွန်တော်လို ဝါဒဖြန့်ချိရေးမှူးတစ်ယောက်က ရှောင်ဖယ်ဖယ်လုပ်နေခဲ့လျှင်မူ အပြစ်မရှိ အပြစ်ရှာ လုပ်လာတတ်လေသည်။

နိပ္ပွန်တို့၏ မဟာစစ်ပွဲကြီးအောင်မြင်ရေးကို မလိုလားသောကြောင့်လော။

ဒုတိယစစ်မျက်နှာတစ်ရပ်ကဲ့သို့ အရေးပါလှသော ဤယိုးဒယား–မြန်မာ မီးရထားလမ်းမကြီး အောင်မြင် ပြီးစီးရေးကို မလိုလားသောကြောင့်လော။

သင်သည် အင်္ဂလိပ်တို့၏ သူလျှို(စပိုင်)တစ်ယောက် ဖြစ်သောကြောင့်ပေလော။

ဤမေးခွန်းများဖြင့် ကျွန်တော်တို့အပေါ်တွင် ကောက်ကျစ်စဉ်းလဲစွာ အပြစ်ပြုလာတတ်ပါသည်။ ထိုအခါ ကျွန်တော်တို့အဖို့ (အပြစ်ရှာခံရသူအဖို့)ဝံပုလွေနှင့် သိုးငယ်ပမာ လည်ကိုစင်း၍ ခံကြဖို့ရန်သာ ရှိလေသည်။ စစ်ကာလစစ်အတွင်း ဂျပန်ဖက်ဆစ်များ၏လက်တွင်း၌ 'စပိုင် သူလျှို' ဟူ၍အဖွပ်အစွဲခံရသူတစ်ယောက်အနေဖြင့် သေလမ်းသို့သွားရမည်မှလွဲ၍ အခြားမဲ့ဖြစ်သောလမ်းတစ်လမ်းသည် လုံးဝမရှိနိုင်တော့ပါပေ။

http://mmteashop.com



"ကဲ- ဆရာလေး ဒီကိစ္စ ဘယ်လိုဆက်လုပ်ကြမလဲဗျ"

ဂျပန်များ တဲတန်းလျားအတွင်းမှထွက်ခွာသွားလျှင်ပင် ကိုချစ်တီးက ကျွန်တော့်ကို မေးမြန်းခြင်းပြုလေသည်။

"ဆေးရုံစခန်းကို တစ်နည်းနည်းနှင့်ပို့မှဖြစ်မယ်။ ခင်ဗျား ဘွန်ထိုက်ချီကိုမောင်စိန်ကို ဒီကိစ္စ ပြောမပြဘူးလား"

ကိုချစ်တီးတို့တဲလိုင်းရှိ ဟန်ချို ၅ ယောက်အပေါ်တွင် ကိုမောင်စိန်မှာ ကွပ်ကဲအုပ်ချုပ်ရသူဖြစ်လေသည်။

"သူ့ကို ကျွန်တော် အစကတည်းက ပြောပါတယ်ဗျာ။ သူကိုယ်တိုင်က ကြောက်နေတယ်။ ကျွန်တော့်ကိုလည်း တဆူဆူဆူနေတယ်။ ကဲပါ ဆရာလေးရာ။ ခုညတွင်းချင်းပဲ ဆေးရုံစခန်းကိုပို့လိုက်ရရင် မကောင်းဘူးလား။ မနက်ကျမှ ဂျပန်ကိုပြောတာပေါ့။ အင်း-ဒုက္ခပါပဲဗျာ"

ကိုချစ်တီးကား ညည်းရှာလေသည်။

"ခုမှတော့ ညည်းမနေနှင့်တော့ဗျာ။ ကျွန်တော် ဂျပန်တွေနောက်ကို လိုက်သွားလိုက်ဦးမယ်။ ပြီးတော့ ပြန်လှည့်ခဲ့မယ်။ ဟုတ်လား။ ကိုမောင်စိန်ရယ်, ကိုသာမြိုင်ရယ်, ကျွန်တော်ရယ်, ခင်ဗျားရယ်တိုင်ပင်ပြီး တစ်နည်းနည်းလုပ်ကြတာပေါ့"

ကျွန်တော်သည် ကိုချစ်တီးကို အားပေးစကားပြောကြားပြီးနောက် ဂျပန်များရှိရာ တစ်ဘက်သောတဲလိုင်းကြီးသို့ ခပ်သုတ်သုတ်ထွက်ခွာခဲ့ပါသည်။

ထိုညက ချွေးတပ်သားများနေထိုင်သည့် တဲလိုင်းကြီးများအားလုံးကို စစ်ဆေးပြီးသည့်အခါ၊ ဂျပန်များသည် စစ်သုံ့ပန်းချွေးတပ်သားများနေထိုင်ရာ တဲလိုင်းကြီးကို သွားရောက်စစ်ဆေးခြင်းပြုကြလေသည်။

အင်္ဂလိပ်, ဩစတြေးလျ, ဒတ်ချ် စသောစစ်သုံ့ပန်းများနေထိုင်သည့် တဲလိုင်းကြီးကို စစ်ဆေးရန်သွားရောက်သည့်အခါ၌မူ၊ ဂျပန်စစ်ဗိုလ်ကုမေကာသည် စကားပြန်သုငယ်ကလေးများနှင့် သူ့နောက်ပါဂျပန်စစ်သားများမှအပ ကျွန်တော်နှင့် ဘွန်ထိုက်ချီများကို မခေါ်တော့ပေ။

ဂျပန်များသည် မြန်မာအမျိုးသားချွေးတပ်သားများနှင့် ဗြိတိသျှစစ်သုံ့ပန်းတို့ ကူးလူးဆက်ဆံခြင်းမရှိစေရန် တတ်နိုင်သလောက်သတိကြီးစွာထားကြကြောင်း ထင်ရှားလေသည်။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်ကုမေကာက ပြန်ခွင့်ပြုလိုက်သည့်အခါ၌ပင် ကိုသာမြိုင်, ကိုမောင်စိန် စသူများအား မောင်ထွန်းရွှေကိစ္စကိုဖွင့်ဟတိုင်ပင်ပြီးနောက်၊ ကိုချစ်တီးရှိရာတဲလိုင်းအတွင်းသို့ သူတို့ ၂ ဦးကို ခေါ်ဆောင်ခြင်း ပြုခဲ့လေသည်။ ဘွန်ထိုက်ချီ ကိုမောင်စိန်မှာ ခပ်စောစောက ကိုချစ်တီးပြောထားသည့်အတိုင်း ထိုကိစ္စအတွက် သူ့အပေါ်တွင် တာဝန်ကျရာရောက်လာမည်ကို အလွန်တရာစိုးရိမ်ထိတ်လန့်ကြောင်း ကျွန်တော် သိရလေသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချီ ကိုသာမြိုင်, ဟန်ချိုကိုချစ်တီးနှင့် ကျွန်တော်တို့က အကြောင်းအကျိုး အမျိုးမျိုးပြလျက် ပြောကြားခြင်းပြုရပါသည်။ အမှန်စင်စစ် မောင်ထွန်းရွှေမှာ ကိုမောင်စိန်၏ဟန်ချိုအုပ်စုထဲမှ ချွေးတပ်သားကလေးတစ်ယောက်ဖြစ်လေရာ၊ ထိုအစီအစဉ်ထိုကိစ္စထဲတွင် ဘွန်ထိုက်ချီကိုမောင်စိန် ပဲ့ကျန်နေလျှင်လည်း ကောင်းလိမ့်မည်မဟုတ် ဟု ကျွန်တော် တွေးလိုက်မိသောကြောင့် ဖြစ်ပါသည်။ ပြီးလျှင် ကိုယ့်လူကိုယ့်အချင်းချင်းပင်ဖြစ်သော်လည်း တစ်နည်းမဟုတ်တစ်နည်းဆိုသလို ဂျပန်ကိုသတင်းပေးခဲ့လျှင်လည်း ကျွန်တော်တို့တွင် ဒုက္ခရောက်ရန် အကြောင်းရှိသောကြောင့်ပင်။

ဤလိုနှင့် နောက်ဆုံးတွင် ကိုမောင်စိန်မှာမနေသာတော့ဘဲ ကျွန်တော်တို့၏အစီအစဉ်ထဲတွင် ပါဝင်ရလေသည်။ ကျွန်တော်တို့သည် မောင်ထွန်းရွှေနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့်ကိစ္စတစ်ခုကိုလည်း တညီတညွတ်တည်း ဆုံးဖြတ်ချက်ချလိုက်ကြပါသည်။ ကျွန်တော်တို့၏အစီအစဉ်မှာ နံနက်မိုးလင်းစ ချွေးတပ်သားများ တန်းစီခြင်း မပြုသေးမီအချိန်အတွင်း မောင်ထွန်းရွှေအား ဆေးရုံစခန်းသို့ ဂျပန်များအလစ်တွင် ပို့ဆောင်ကြရန်ပင်ဖြစ်လေသည်။

http://mmteashop.com



ထိုအချိန်ဆိုလျှင် ကျောက်တောင်ကုန်းထက်မှ ကင်းစောင့်တာဝန်ကျ ဂျပန်စစ်သားသည် ကင်းစောင့်အိမ်ငယ်ကလေးအတွင်း၌ သော်လည်းကောင်း, အနီးအနား၌ သော်လည်းကောင်း ရှိနေလိမ့်မည်မဟုတ်တော့ပေ။ သူသည် ကင်းစောင့်ခြင်းအလုပ်ကို ခေတ္တရပ်နားလျက် အခြားသောဂျပန်စစ်သားများနှင့်အတူ ဆန်ပြုတ်သောက်ခြင်း, ရေနွေးသောက်ခြင်း, အစားအစာတစ်စုံတစ်ခုကို စားသောက်ခြင်း ပြုရန်အတွက် တောင်ကုန်းမြင့်အောက်ခြေရှိ ဂျပန်များစုဝေးရာတဲတန်းလျားရှည်ကြီးအတွင်းသို့ ဆင်းသက်၍လာပေလိမ့်မည်။ ပြီးလျှင် တောတွင်းချွေးတပ်စခန်းများတွင် ဖြစ်သောကြောင့်လည်း၊ မနက်လင်းလာသည့်အချိန်၌မှ ညအမှောင်အချိန်ကဲ့သို့ ဂရုတစိုက် သိပ်မရှိပေ။ ဤအချိန် ဤအခွင့်အရေးကလေးကို မလွှတ်တမ်းအရယူကာ မောင်ထွန်းရွှေအား တဲလိုင်းအတွင်းမှ တွဲ၍ထုတ်သွားကြရန်ပင် ဖြစ်လေသည်။

ကျွန်တော်သည် ကိုချစ်တီးတို့လူစုနှင့် ဤအတိုင်းစီစဉ်ပြီးနောက် ကျွန်တော်နေထိုင်ရာတဲလိုင်းရှိရာသို့ ပြန်ခဲ့လေသည်။

ကျွန်တော်နေထိုင်သေသာ တဲလိုင်းသို့ပြန်ရောက်သည့်အခါ၌မှ ကျွန်တော်သည် အိပ်ရာသို့မဝင်ရသေးဘဲ၊ ချွေးတပ်သားအချို့စုဝေးထိုင်နေသော မီးပုံကြီးတစ်ပုံအနီးသို့ ဆက်လက်၍လျှောက်ခဲ့လေသည်။ မီးပုံမှာ တဲလိုင်းအပြင်ဘက် တဲလိုင်းနှင့်ဝါးတစ်ရိုက်ခန့်အကွာအဝေးရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဖြစ်လေသည်။ ဆောင်းရာသီဖြစ်သောကြောင့်လည်း ချွေးတပ်သားများသည် တစ်ညမပြတ်ဆိုသလို မီးဖိုကာ မီးထင်းများထည့်ထားကြသည်။

ကျွန်တော် မီးပုံဘေးသို့ ဝင်ရောက်၍ထိုင်လိုက်မိသည့်အခါ၌ပင်၊ ချွေးတပ်သားများသည် မောင်ထွန်းရွှေအကြောင်းကို အမေးအမြန်းထူကြပါသည်။ ကျွန်တော်ကလည်း ပြောသင့်ပြောထိုက်သမျှကို ပြန်လည်ကာပြောကြားခြင်း ပြုရလေသည်။ မီးပုံဘေးတွင်ထိုင်နေကြသော ချွေးတပ်သားအုပ်စုမှာ ၂ အုပ်စုလို ဖြစ်နေကြပါသည်။ ၆ ယောက်–၇ ယောက်မှာ ဗမာချွေးတပ်သားများဖြစ်လျက်၊ တစ်စုမှာ ၁၀ ယောက်ထက်မနည်းသော မွန်အမျိုးသားချွေးတပ်သားများ ဖြစ်ကြလေသည်။ ကျွန်တော်သည် ကွမ်းသီးဖက်ဆေးလိပ်တစ်လိပ်ကို မီးညှိသောက်ရင်း မွန်အမျိုးသားချွေးတပ်သားများ၏ အပြုအမူကို ကြည့်လိုက်မိသည်။

ဗမာချွေးတပ်သားများသည် နောက်ပိုင်းအချိန်များ၌ ထိုတောတွင်းအရပ်၌ပင် ရရာရကြောင်းဖြစ်သော အိုးပဲ့ခွက်ပဲ့များ, ပုံးစုတ်ပုံးဟောင်းများဖြင့် ၎င်းတို့အတွက် ညစာအဖြစ်ရရှိထားသော ထမင်းဟင်းများကို သိုဝှက်သိမ်းဆည်းခြင်းပြုကာ၊ ထိုကဲ့သို့ အချိန်မတော်ညဥ့်နက်သန်းခေါင် ဂျပန်များအလစ်တွင် ပြန်လည်ကာချက်ပြုတ်စားသောက်ကြလေသည်။

မွန်အမျိုးသားများမှာမူ ထမင်းများကို အလုံးအဆုပ်ကြီးများပြုလုပ်လျက် မီးထဲတွင်ထည့်၍ ဖုတ်နေကြလေသည်။ ဤထမင်းဟင်းများသည် ညနေပိုင်းက ညစာအတွက်ရရှိထားသော ထမင်းဟင်းများပင် ဖြစ်သော်လည်း၊ မနူးမနပ်ဖြင့် စိမ်းဆတ်ဆတ်ဖြစ်နေသောကြောင့်လည်း ယခုကဲ့သို့ ပြန်လည်ချက်ပြုတ်ခြင်း, မီးဖုတ်ခြင်းများကို ပြုလုပ်ကြခြင်းပင် ဖြစ်လေသည်။ မွန်အမျိုးသားကမူ ထိုထမင်းများကို မီးကျွမ်းအောင် ဖုတ်ပြီးနောက် အပေါ်သားကို ဖယ်ရှားပစ်ကာ အတွင်းသားကို ဆားဖြူး၍စားသောက်ကြလေသည်။

မိုးတွင်းတုန်းကဆိုပါလျှင် ကျွန်တော်တို့ချွေးတပ်သားများသည် တောကြီးများအတွင်းမှ မျှစ်များကိုချိုးဖွဲ့ယူငင်လာကြပြီးနောက်၊ ထိုမျှစ်များကိုပြုတ်ကာ ဆားရည်နှင့်တို့လျက် စားသောက်ခြင်းပြုကြလေသည်။ ဤသည်မှာ မိမိတို့၏အသက်တစ်ချောင်းကို တည်မြဲနေနိုင်စေရေးအတွက် ဖြစ်ရာဖြစ်ကြောင်း, ရရာရကြောင်း နည်းမျိုးစုံဖြင့် ကြံဖန်လျက် အသက်မွေးကြရခြင်းပင်ဖြစ်လေသည်။

ထမင်းကိစ္စကို ထပ်၍ဆိုရပါသော်၊ ထမင်းဟင်းများကို နူးနူးနပ်နပ်ဖြစ်သည်အထိ ပြန်လည်ကာချက်ပြုတ်စားသောက်ခြင်းပြုရသည်မှာလည်း ခပ်ပေါ့ပေါ့ခပ်လွယ်လွယ်ကိစ္စတစ်ခုတော့ မဟုတ်ပါချေ။ အကယ်တန္တု ထိုအလုပ်,

http://mmteashop.com



ထိုအပြုအမူကို ဂျပန်စစ်ဗိုလ်ကုမေကာ သိရှိသွားခဲ့လျှင် အရိုက်အနှက်အကန်အကျောက်ခံကြရခြင်း၊ စားအိုး စားခွက်များကို ကန်ကျောက်ပစ်ခြင်း၊ ထမင်းဆုပ်ထမင်းခဲများကို ခြေနင့်နင်းလျက် ဖျက်ဆီးပစ်ခြင်း၊ ဟန်ချို ဘွန်ထိုက်ချိုများအားခေါင်းကာ ပါးရိုက်ခြင်း စသည်များကိုပင် ပြုလုပ်တတ် လေသည်။

ကျွန်တော်သည် မီးပုံဘေးတွင် ဆေးလိပ်တစ်လိပ်ကို ကုန်သည်အထိထိုင်သောက်ပြီးနောက် တဲလိုင်း ကျွန်တော့်အခန်းရှိရာသို့ ပြန်ခဲ့သည်။ သို့ရာတွင် အိပ်ရာတွင်းသို့ရောက်သည့်အခါ၌လည်း တော်တော်နှင့်အိပ်မပျော် ပါ။ ကျောက်ပေါက်နေသော မောင်ထွန်းရွှေ၏အကြောင်းကို စဉ်းစားတွေးတောနေမိလေသည်။ သို့နှင့် နောက် ထပ်လျက် အချိန် ၁ နာရီလောက် ကုန်လွန်သွားမှ ကျွန်တော်သည် အိပ်ပျော်သွားပါသည်။

အချိန်မည်မျှကြာအောင် ကျွန်တော်အိပ်ပျော်သွားသည် မသိ။ ကျွန်တော့်ဘေးရှိ သာဆင်က "ဆရာလေး၊ ဆရာလေး"ဟု အတွင်ခေါ်လျက် ကျွန်တော့်အား ကိုင်လှုပ်၍နှိုးလိုက်သည့်အတွက် အထိတ်တလန့်ဖြင့် အိပ်ရာမှ လူးလဲကာ ထလိုက်ရလေသည်။

"ထွန်းရွှေကို ဂျပန်တွေတွေ့သွားပြီဆရာလေး။ ကိုချစ်တီးကိုလည်း ဂျပန်တွေရိုက်နှက်နေတယ်ဗျ"

သာဆင်က ပြောပါသည်။

"ဟေ-ဟုတ်လား"

ကျွန်တော်သည် ထိုင်ရာမှထလျက် သာဆင်ကိုခေါ်ငင်ပြီးနောက် တဲလိုင်းအတွင်းမှထွက်ခွာခြင်း ပြုခဲ့လေ သည်။ တဲလိုင်းအပြင်သို့ရောက်သည့်အခါ ကျွန်တော်သည် ရှေ့ဆက်၍မသွားဝံ့သေးဘဲ ဟန်ချိုကိုချစ်တီးတို့ တဲကြီးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိလေသည်။

အပြင်တွင် လရောင်မှာ ညဦးပိုင်းကလို မှိုင်းပျပျမှုန်ဝါးဝါး မဟုတ်။ ထိန်ထိန်သာနေလေသည်။ သက်ရှိ သက်မဲ့ ရုပ်ဝတ္ထုဒြပ်အားလုံးသည် ထိန်လင်းသောလရောင်အောက်၌ လှုပ်ရှားမှုမရှိ။ ပကတိအတိုင်း ငြိမ်သက်လျက် ရှိနေကြလေသည်။ ထိုအတွင်း ဂရုတစိုက်နားထောင်လျှင်ကြားနိုင်လောက်သော ဂျပန်စစ်သားများ၏အသံဗလံ များကိုလည်း ကြားလိုက်ရလေသည်။

ဤသို့ ကျွန်တော်နှင့် သာဆင်တို့ကြည့်နေခိုက်၌ပင် လူ ၂ ယောက် သဏ္ဌာန်သည် တဲအတွင်းမှထွက်လျက် ကျွန်တော်နှင့်သာဆင်တို့ရှိရာသို့ တည့်မတ်စွာလျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ သိပ်အချိန်မကြာလှ။ ဘွန်ထိုက်ချိုကိုမောင်စိန်နှင့် စကားပြန်ကလေးသည် ကျွန်တော်နှင့် သာဆင်တို့ရှိရာသို့ ရောက်လာလေသည်။

"ခင်ဗျားကို မာစတာခေါ်နေတယ်"

စကားပြန်သူငယ်က ပြောလေသည်။

"အေး-အေး။ လာခဲ့မယ်"

စကားပြန်သူငယ်သည် ကျွန်တော်တို့အနီးမှ ထွက်ခွာသွားလေသည်။ ဘွန်ထိုက်ချိုကိုမောင်စိန်မှာ ကျွန်တော့် အနီးတွင် ရပ်ကျန်ခဲ့လေသည်။

"ဘယ်လိုဖြစ်တာလဲ ကိုမောင်စိန်"

ကျွန်တော်က မေးလိုက်လေသည်။

"ဘယ်လိုလဲဆိုတော့ ကုမေကာက အင်မတန်ပါးတာပဲဗျ။ ခပ်စောစောတုန်းက လာစစ်ကတည်းက မသင်္ကာ ဘူးထင်ပါတယ်ဗျာ။ အဲဒီတော့ အိပ်ပျော်နေတုန်း နောက်တစ်ချီ အလစ်ဝင်ဖမ်းတာပေါ့"

ကိုမောင်စိန်က ပြောလေသည်။

မှန်ပေသည်။ ဂျပန်စစ်ဗိုလ်ကုမေကာသည် ခပ်စောစောကပင် ဟန်ချိုကိုချစ်တီးအုပ်စုက လူများအပေါ်တွင် စိတ်ယနမကင်း ဖြစ်သွားကြောင်း ထင်ရှားလှပါသည်။ ဤကိစ္စကိုလည်း ခုမှပင် ကျွန်တော်က သဘောပေါက်မိ

http://mmteashop.com



လေသည်။ ထိုစဉ်က ကညင်ဆီမီးရောင်အတွင်းမှ မြင်တွေ့လိုက်ရသော ဂျပန်စစ်ဗိုလ်ကုမေကာ၏ နှာခေါင်းတရှုံ့ရှုံ့ မျက်နှာကိုလည်း ချက်ချင်းပင် ကျွန်တော် သတိရလိုက်မိလေသည်။

"ခု–ဘယ်လိုလုပ်ထားလဲ ကိုမောင်စိန်"

ကျွန်တော်က ကိုမောင်စိန်ကို မေးရမြန်းရပြန်ပါသည်။

"မောင်ထွန်းရွှေကို တဲအပြင် ခပ်ဝေးဝေးထုတ်ထားတယ်။ ကိုချစ်တီးကိုတော့ ရိုက်နက်ပြီးကြိုးတုပ်လိုက်ပြီ"

'ကြိုးတုပ်လိုက်ပြီ' ဆိုသောစကားသည် ကျွန်တော်တို့ချွေးတပ်သားများအဖို့ 'ကြိုးမိန့်ပေးလိုက်ပြီ'ဆိုသော အဓိပ္ပာယ်နှင့် ထပ်တူထပ်မျှပင်ဖြစ်ပါသည်။

ကျွန်တော်နှင့် ကိုမောင်စိန်သည် သာဆင်ကိုထားခဲ့ကြပြီးနောက် ကိုချစ်တီးနှင့် ဂျပန်စစ်ဗိုလ်ကုမေကာ တို့ရှိရာသို့ ထွက်ခဲ့ကြလေသည်။ ၂ ဦးစလုံးပင် နောက်ထပ်လျက် စကားတစ်စုံတစ်ရာမဆိုနိုင်ကြသော်လည်း အသီးသီး၏ရင်ထဲတွင်မူ စိုးရိမ်စိတ်များဖုံးလွှမ်းနေကြပါသည်။

'မောင်ထွန်းရွှေကိစ္စသည် ဟန်ချီကိုချစ်တီးအပေါ်၌သာမက ဘွန်ထိုက်ချီကိုမောင်စိန်နှင့် ကျွန်တော့်အပေါ် တွင်လည်း အပြစ်တစ်စုံတစ်ရာကျရောက်လာလေမလား' ဟူသော တွေးတောစိုးရိမ်မှုပင် ဖြစ်လေသည်။

မကြာမီ ကျွန်တော်နှင့် ကိုမောင်စိန်သည် ဂျပန်စစ်ဗိုလ်ကုမေကာနှင့် ဂျပန်စစ်သားများရှိရာသို့ ရောက်ခဲ့ ကြသည်။ တွေ့လိုက်ရသည်ဟုဆိုလျှင်ပင် ကုမေကာသည် ကိုမောင်စိန်နှင့် ကျွန်တော့်ကို မျက်နှာကြောတင်းတင်းနှင့် မျက်လုံးပြူးကြည့်လေသည်။ ပြီးလျှင် စကားပြန်သူငယ်မှတစ်ဆင့် မောင်ထွန်းရွှေ ကျောက်ပေါက်သည့်ကိစ္စကို သိ,မသိ မေးမြန်းစစ်ဆေးခြင်းပြုလေသည်။

ကျွန်တော်နှင့် ကိုမောင်စိန်တို့ကလည်း 'လုံးဝမသိကြောင်း' ဘူးကွယ်ရလေသည်။ သို့ရာတွင် ကုမေကာ သည် ကျွန်တော်တို့ ၂ဦး၏ပြေကြားချက်ကို လုံးဝကျေနပ်ဟန်မရှိချေ။ လက်ပူးလက်ကျပ်မမိသောကြောင့်လည်း ကောင်း, ဟန်ချီကိုချစ်တီးကိုယ်တိုင်ကလည်း ကျွန်တော်နှင့်ပတ်သက်လျက် တစ်စုံတစ်ရာ မပြောကြားသောကြောင့် တစ်ကြောင်း၊ နောင်အခါတွင် ချွေးတပ်သားများ၏အခြေအနေကို ဂရုတစိုက်စစ်ဆေးကြည့်ရှုခြင်းပြုရန် ပြောရုံ လောက်နှင့်ပင် ထိုကိစ္စမှာ ပြီးစီးသွားလေသည်။

ဟန်ချီကိုချစ်တီးကိုမူ တဲလိုင်းကြီးအပြင် ခပ်လှမ်းလှမ်းတစ်နေရာရှိ သစ်ပင်တစ်ပင်တွင် ကြိုးတုပ်ချည်နှောင် ထားကြောင်းသိရလေသည်။' သည်အတိုင်းဆိုလျှင် ဟန်ချီကိုချစ်တီးအဖို့ အတော်ကလေးကုသိုလ်ကောင်းသည် ဟု ကျွန်တော် တွေးလိုက်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ကြိုးတုပ်ကြိုးချည်ခြင်းခံရသော်လည်း တောစပ်ရာရှိရာသို့ ခေါ်ဆောင်သွားခြင်းသော်လည်းကောင်း, စမ်းချောင်းရှိရာသို့ ခေါ်ဆောင်သွားခြင်းသော် လည်းကောင်း ခံရသူတစ်ဦးမဟုတ်သောကြောင့်ပင်။ သို့ဆိုလျှင် ကုမေကာစိတ်ဆိုးပြေခဲ့သော် ကြိုးဖြည်ပေးကောင်း ပေးလိမ့်မည်ဟု ကျွန်တော်ကိုမောင်စိန်နှင့် ကိုသာမြိုင်တို့က ယူဆလိုက်ကြလေသည်။

အချိန်မှာ မိုးလင်းလုနီးပေပြီ။ လင်းရောင်ခြည်သည် အရှေ့လောကဓာတ်တစ်ခွင်မှ နီမြန်းဝင်းစို့လာလေသည်။

ကျွန်တော်တို့သည် ဆက်လက်၍အိပ်ချိန် မရကြတော့ပေ။ ၅ နာရီ–၅ နာရီခွဲဆိုလျှင် တဲလိုင်းအသီးသီးရှိ ချွေးတပ်သားများအားလုံးပင် အိပ်ရာမှ ထကြပေလိမ့်မည်။

ဤလိုနှင့်သာ လင်းရောင်ကလေးများယုက်ဖြာကျဆင်းလာ၍ တောကျေးတောငှက်ကလေးများ တစာစာ မြည်ကြွေးနေသောအချိန်၌ပင် ဂျပန်စစ်ဗိုလ် ကုမေကာနှင့် ဂျပန်စစ်သား ၆ ယောက်တို့မှာ စကားပြန်သူငယ်ကလေး နှင့်အတူ ရောက်ရှိလာလေသည်။

ထို့နောက် မကြာမီပင် ကျွန်တော်အပါအဝင်ဖြစ်သော ဘွန်ထိုက်ချီများအားလုံး, ဟန်ချီများအားလုံးကို ခေါ်ငင်ပြီးနောက်၊ ချွေးတပ်သားကလေးမောင်ထွန်းရွှေအား စခန်းအတွင်းမှ မောင်းနှင်၍ထုတ်လေသည်။

http://mmteashop.com



နံနက်ခင်း၏ အေးမြလန်းဆန်းသော လင်းရောင်ခြည်သည် တစ်စထက်တစ်စ ပို၍ပို၍ တောက်ပပွင့်သစ်လာသည်။

ထိုအချိန်၌ပင် ကျောက်ရောဂါသည်ကလေး မောင်ထွန်းရွှေမှာလည်း ဝါးတောင်ဝှေးတစ်ချောင်းကို တနဲ့နဲ့ထောက်လျက် ဆန်ထုပ်ကလေးနှင့် ဝါးကျည်တောက်ရေဘူးကို ပခုံးတစ်ဖက်တွင်ချိတ်လျက် ချွေးတပ်စခန်းအတွင်းမှ ကားလမ်းရှိရာသို့ တဖြည်းဖြည်းချင်း၊ တရွေ့ရွေ့ချင်း၊ တလှုပ်လှုပ်ချင်း၊ တစ်လှမ်းချင်းလျှင် ထွက်ခွာသွားရှာလေတော့သည်။

ဤသူငယ်သည် သူ့ဇာတိအိမ်မဲသို့ ပြန်ရောက်ပါလေမည်လော။ သို့တည်းမဟုတ် တောကြီးခေါင်ခေါင်ဖြစ်သော ကားလမ်းဘေးတစ်နေရာ၌ သော်လည်းကောင်း၊ ရထားလမ်းဘေးတစ်နေရာရာ၌ သော်လည်းကောင်း သူ့ဘဝ သူ့အသက်ကို စွန့်လွှတ်ရလေမည်လော။ 'မည်သို့' ဟူ၍ကား အတိအကျမပြောနိုင်ပေ။ ကျွန်တော်တို့အားလုံးသည် သူ့ရေ့ဖြစ်ကို မခန့်မှန်းနိုင်ကြ။

ကျွန်တော်သည် တစ်စတစ်စ ဝေးမှန်းမသိဝေးသွားပြီဖြစ်သော မောင်ထွန်းရွှေ၏ကျောပြင်ကို လှမ်းမျှော်ကြည့်ရင်းမှ နောက်ဆုံး လုံးလုံးပျောက်ကွယ်သွားသည့်အခါ၌မှ 'ဟင်း'ခနဲ သက်ပြင်းချလိုက်မိလေသည်။

## တောတွင်းရောက် ဂျပန်မကလေးများ

ဤလိုနှင့် မောင်ထွန်းရွှေကိစ္စ ပြီးသည့်နောက် ဟန်ချိုကိုချစ်တီးအား ဂျပန်စစ်ဗိုလ်ကုမကောက ညနေဘက်တွင် ကြိုးဖြည်၍ပေးလိုက်လေသည်။ ဘွန်ထိုက်ချို၊ ဟန်ချိုများနှင့် ချွေးတပ်သားအားလုံးတို့ကပင် 'ဟန်ချိုကိုချစ်တီးမှာ အလွန်ကသိလ်ကောင်းသူတစ်ယောက်' ဟူ၍ ပြောကြလေသည်။ အမှန်အားဖြင့်လည်း ထိုအချိန်ထိုအခါက ဂျပန်စစ်ဗိုလ်ကုမကောမှာ စိတ်ကောင်းဝင်နေသောကြောင့် ဖြစ်ဟန်တူပါသည်။

ဟန်ချိုကိုချစ်တီးအား ကြိုးဖြည်၍လွှတ်ပေးလိုက်ခြင်း၊ ကုမကောစိတ်ကောင်းဝင်ခြင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ ချွေးတပ်စခန်းတွင် ထိုနေ့က ကြုံတွေ့ရသော ဖြစ်ရပ်တစ်ခုကိုလည်း အဆက်အစပ်ပြုလျက် ကျွန်တော် တွေးလိုက်မိလေသည်။

ဤနေရာတွင် ကျွန်တော် အထက်ကဖော်ပြခဲ့ပြီးသည့်အတိုင်း ကုမကောမှာ ကျွန်တော်တို့ချွေးတပ်စခန်းတွင် အကြီးဆုံးသောဂျပန်စစ်ဗိုလ်တစ်ယောက် မဟုတ်ပါပေ။ သူတို့ဂျပန်များအားလုံးထဲတွင် ရာမာမိုတိုမှာ အကြီးဆုံး ဖြစ်လေသည်။ ရာမာမိုတိုမှာ အမူအရာမှစလျက် ရုပ်ရည်ရူပကာအထိ အခြားအခြားသောဂျပန်စစ်ဗိုလ်၊ စစ်သား များနှင့် ကွဲပြားခြားနားသောအမူအကျင့်ရှိသူတစ်ယောက် ဟုဆိုရပါမည်။

သူသည် အရပ်ပုသလောက် အသားအရေနုညံ့သည့်အသွင် ရှိလေသည်။ ဝန်းဝိုင်းသောမျက်နှာတွင် တောက်ပ ကြည်လင်သောမျက်လုံးနှင့် ပိပြားနီမြန်းသောနှုတ်ခမ်း ရှိလေသည်။ ခက်ထန်မာကြောသည့်အမူအရာသည် သူ့တွင် မရှိ။ ပြုံးပြုံးရယ်ရယ်လည်း မဟုတ်။ ချိုချိုသာသာနှင့် ခပ်အေးအေးခပ်တည်တည်ပင် ဖြစ်လေသည်။ ပြီးသော် ကျွန်တော် သတိပြုမိသလောက်ပြောရလျှင် သူသည် ချွေးတပ်သားများအပေါ်၌ ကြိမ်းမောင်း ဆဲရေးခြင်းလည်း မရှိ။ ရိုက်နက်ကန်ကျောက်ခြင်းဆို၍လည်း မည်သည့်အခါမျှ မပြုတတ်ပေ။ စစ်သုံ့ပန်း အကြီးအကဲနှင့် ဆက်ဆံ ခြင်းပြုရာ၌ပင် အလေးအနက်ထားလျက်ဆက်ဆံတတ်ပေသည်။

ကျွန်တော်တို့စခန်းနှင့် ဘုရား ၃ ဆူစခန်းတွင်ရှိကြသော ဂျပန်စစ်ဗိုလ်၊ စစ်သားအားလုံးတို့ကမူ ရာမာမိုတိုအား အလွန်တရာလေးစားကြပါသည်။ ချွေးတပ်သားတို့အပေါ် ရိုက်နက်ညှဉ်းပန်းသောအပြုအမူကိုလည်း ရာမာမိုတို၏ ရှေ့မှောက်တွင်ဆိုလျှင် တန့်ရုံသဖြင့်သာပြုမူကြလေသည်။

သို့ရာတွင် တစ်ခုဆိုရန်ရှိပြန်ပါသည်။ လူက မည်မျှလောက်ကောင်းပါသည်ဆိုသော်လည်း စနစ်က မူမမှန် မကောင်းသည့်အတွက် ကိုလူကောင်းသူကောင်းတစ်ယောက်၏အပြုအမူဆိုသည်မှာလည်း ခရီးမရောက်ဟူ၍ ဆိုရပေမည်။ ပြီးလျှင် ယိုးဒယား–မြန်မာ မီးရထားလမ်းဖောက်လုပ်သည့်ကိစ္စမှာလည်း သာမန်ရထားလမ်းတစ်လမ်း အနေဖြင့် ဖောက်လုပ်ခြင်းမဟုတ်။ စစ်မက်၏အရေးအခင်းအတွက် ဖောက်လုပ်ခြင်းသာဖြစ်လေသည်။

ထိုအခါ 'စစ်မက်နှင့် ဖက်ဆစ်စနစ်'တို့ ပေါင်းစပ်မိသောကြောင့်လည်း ဝက်ဝက်ကွဲအောင် ရုန့်ရင်းကြမ်း တမ်းမှုတွေ၊ နှိပ်စက်ကလူညှဉ်းဆဲမှုတွေက ရလဒ်အဖြစ် အဖြေထွက်လာလေသည်။

ကျွန်တော်ဆိုချင်သည်မှာ 'ဂျပန်တွေအားလုံး မကောင်း' ဟူ၍တော့ မဟုတ်။ စိတ်ကောင်း စေတနာကောင်း

http://mmteashop.com



ရှိသော ဂျပန်များလည်း ရှိသင့်သလောက် ရှိပါ၏။ သို့ရာတွင် ဤလို စိတ်ကောင်း စေတနာကောင်းရှိသော ဂျပန်က အင်မတန်မှ နည်းပါးလှလေသည်။ ပြီးလျှင် မြန်မာနိုင်ငံအတွင်းသို့ ဂျပန်များဝင်ရောက်လာကြသည်မှာ 'မိတ်ဆွေဖြစ်ရေး, ချစ်ကြည်ရေး, ယဉ်ကျေးမှုဖလှယ်ရေး, စီးပွားရေးပူးပေါင်းဆောင်ရွက်မှု' စသော ကောင်းသော အကြောင်းတရားများနှင့် ဝင်ရောက်လာကြခြင်း မဟုတ်ပါပေ။ စစ်ရေးစစ်ကိစ္စနှင့်ပတ်သက်၍ ဝင်ရောက်လာကြခြင်းသာ ဖြစ်၏။ ပြီးသော် ၎င်းသူတို့၏စနစ်, ဝါဒ စသည်ကလည်း မြန်မာနိုင်ငံသူနိုင်ငံသားများ လုံးဝမနှစ်မြို့နိုင်, လက်မခံနိုင်သည့် ဖက်ဆစ်ဝါဒ, ဖက်ဆစ်စနစ် ဖြစ်လေသည်။

ထို့ကြောင့်လည်း စစ်နှင့် ဖက်ဆစ်ဝါဒတို့ပူးပေါင်းမိသည့်အခါ အလွန်တရာနည်းပါးလှစွာသော ဂျပန်လူကောင်းသူကောင်းတို့၏ ကောင်းသောအပြုအမူသည်ပင် တိမ်မြုပ်ပျောက်သွားရသည် ဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်။

ဤကိစ္စပြီးသည်နောက် ထိုနေ့က ချေးတပ်စခန်းတွင် ကြုံရသောဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

ကျွန်တော်တို့စခန်းမှ ကျောက်ပေါက်သော ချေးတပ်သားကလေးမောင်ထွန်းရွှေအား ဂျပန်စစ်ဗိုလ်ကုမကောက မောင်းနှင်ထုတ်လိုက်ပြီးသည့်နောက် မကြာမီအချိန်ကလေးအတွင်း၌ပင် စကားပြန်ကလေး မောင်အေးချို့သည် ဂျပန်စစ်ဗိုလ်ကုမာမိုတိုက ခေါ်နေကြောင်းဖြင့် ကျွန်တော့်ကို လာရောက်ပြောကြားခြင်းပြုပါသည်။

ထိုအတွက် ကျွန်တော့်ရင်ထဲတွင် အတော်ကလေး တုန်လှုပ်ချောက်ချားခြင်းဖြစ်ရပါသည်။ မောင်ထွန်းရွှေကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်အတွက်တွင် ရာမာမိုတိုက အရေးယူအပြစ်ပေးခြင်းများ ပြုလေမလား၊ သို့တည်းမဟုတ် ထိုကိစ္စ ထိုအကြောင်းကြောင့်ပင် ကျွန်တော့်အား အခြားသောစခန်းတစ်ခုခုသို့ ရွှေ့ပြောင်းပစ်ရန်ပင် ဖြစ်လေမည်လား ဟူသောအတွေးအတောဖြင့် ကျွန်တော်တွေးလိုက်မိသောကြောင့် ဖြစ်ပါသည်။

"ငါ့တစ်ယောက်တည်းကိုခေါ်တာလား မောင်အေးချို့။ ဘာအကြောင်းလဲကွ"

ကျွန်တော်က မောင်အေးချို့ကို မေးလိုက်ပါသည်။ မောင်အေးချို့မှာ ကျွန်တော်တို့စခန်းတွင် ဂျပန်စစ်ဗိုလ်ရာမာမိုတို၏ သီးသန့်စကားပြန်ကလေး ဖြစ်ပါသည်။

"ဆရာလေးတစ်ယောက်တည်းကို ခေါ်တာပဲဗျ။ ဘာအကြောင်းဆိုတာတော့ ကျွန်တော်မသိဘူး"

မောင်အေးချို့က ပြောလေသည်။

သို့နှင့်သာ တိုတောင်းသော အချိန်ကလေးအတွင်း၌ပင် ကျွန်တော်သည် ဂျပန်စစ်ဗိုလ် ရာမာမိုတိုနေထိုင်သော ကျောက်တောင်ကုန်းကလေးဘက်ရှိနေအိမ်ငယ်သို့ စကားပြန်သူငယ်နှင့်အတူ ထွက်လာခဲ့ပါသည်။

ထိုအချိန်တွင် ချေးတပ်သားများမှာ အလုပ်စခန်းသို့ပင် မသွားကြသေးပါပေ။ ကျောက်တောင်ကုန်းအောက်ခြေရှိ မြေပြောင်ပြောင်ကွက်လပ်တွင် လူစီတန်းလျက် အလုပ်တာဝန်ခွဲဝေနေကြဆဲဖြစ်လေသည်။

ဘွန်ထိုက်ချို, ဟန်ချို စသည့် အလုပ်သမားအုပ်စုခေါင်းဆောင်များသည် မိမိတို့နှင့်တွဲ၍ အလုပ်တာဝန်ကျသည့် ဂျပန်စစ်သားများအမိန့်အရ လက်နက်ကိရိယာဂိုဒေါင်အဆောက်အအုံအတွင်းမှ ပေါက်တူး, ပေါက်ချွန်း, သံတူရွင်း, သံဂေါ်ပြား; လွှ, ပုဆိန် အစရှိသည်များကို စာရင်းအင်းနှင့်ရေးသားလျက် ထုတ်ယူနေကြဆဲဖြစ်ပါသည်။

ထိုပစ္စည်းများကို ဂိုဒေါင်တာဝန်မှူးဂျပန်များက အလုပ်စခန်းအတွင်းသို့ ဆင်းသက်လိုက်ပါသွားမည့် ဂျပန်စစ်သားများအား အရေအတွက်နှင့် စနစ်ဇယားကျကျထုတ်ပေးခြင်း ဖြစ်လေသည်။

တစ်ဖန် အလုပ်တာဝန်ကျဂျပန်စစ်သားများက အလုပ်သမားခေါင်းဖြစ်သော ဘွန်ထိုက်ချို, ဟန်ချို စသူများလက်သို့ စာရင်းအရေအတွက်နှင့်ပေးအပ်ပြန်လေသည်။ ထိုမှတစ်ဆင့် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများက ဆိုင်ရာဆိုင်ရာ ချေးတပ်သားများ၏လက်တွင်းသို့ ပေးအပ်ခြင်းပြုလေသည်။ ဤအတိုင်း ညနေအလုပ်စခန်းမှ ပြန်တက်လာသည့်အခါ၌လည်း စာရင်းအင်းနှင့် ပြန်လည်အပ်နှံခြင်း ပြုရလေသည်။ မှန်ကန်တိကျမှုရှိပါမှလည်း

http://mmteashop.com



ဂိုဒေါင်မှူး ဂျပန်များက လက်ခံခြင်း ပြုလေသည်။

မကြာမီ ကျွန်တော်နှင့် စကားပြန်သူငယ်ကလေးမောင်အေးချိုတို့သည် ရာမာမိုတိုနေထိုင်သော ကျောက်တောင်ကုန်းထက်အိမ်ကလေးသို့ ရောက်ရှိခဲ့ကြလေသည်။ ထုံးစံအတိုင်းပင် ကျွန်တော်နှင့် မောင်အေးချိုတို့သည် ရာမာမိုတိုအား အလေးပြုလျက် သူ့ရှေ့တွင် ရပ်လိုက် ကြပါသည်။

ဂျပန်စစ်ဗိုလ် ရာမာမိုတို၏အိမ်ငယ်သည် ကျောက်တောင်ကုန်းထက်တွင် ဆောက်လုပ်ထားသော အိမ်ငယ်ကလေးတစ်အိမ် ဖြစ်ရုံသာမက၊ သပ်ရပ်သန့်ရှင်းသောအိမ်ကလေး ဖြစ်လေသည်။ အဆောက်အအုံပုံသဏ္ဌာန်သည် ဂျပန်အိမ်ငယ်တစ်အိမ်ပုံသဏ္ဌာန်ပင် ဖြစ်သည်။ သစ်နှင့် ဝါးကိုအသုံးပြုလျက်ဆောက်လုပ်ထားသော်လည်း ဆေးရောင်ကလေးများသုတ်ထားသဖြင့် ကြည့်နူးစဖွယ်ရှိလေသည်။ အိမ်ငယ်၏ အမိုးနှင့်အကာမှာလည်း ဝါးကပ်များဖြစ်လေသည်။ သို့ရာတွင် အမိုးမှာ မိုးအားကောင်းသော အရပ်ဒေသတစ်ခု ဖြစ်ခြင်းကြောင့် ၂ ထပ်မိုးထားလေသည်။

အိမ်ငယ်အတွင်း၌ စားပွဲများ၊ ကုလားထိုင်များ၊ မြေပုံလိပ်များ၊ ဓားရှည်များ၊ မှန်ပြောင်းများ၊ မြေတိုင်းကိရိယာနှင့် မှန်ပြောင်း စသည်များ အမျိုးပေါင်းစုံ တွေ့ရလေသည်။ သူ့အိမ်ကလေးအတွင်းသို့ ရောက်ရှိခဲ့သည့်အခါ၌မူ ချေးတပ်စခန်းတောကြီးမြက်မည်းထဲသို့ ရောက်နေသည် ဟုမထင်ရ။ 'ဂျပန်နိုင်ငံရှိ ရွာကလေးတစ်ရွာသို့ ရောက်နေလေသလား' ဟုပင် ထင်မှတ်ရလေသည်။

ကျွန်တော်ရောက်ရှိသွားသောအချိန်တွင် ကုမေကာနှင့် အခြားသော ဂျပန်စစ်ဗိုလ် ၂ ယောက်တို့ကိုလည်း ရာမာမိုတိုနှင့်အတူ တွေ့ရလေသည်။ တစ်ယောက်မှာ မျက်နှာစိမ်းဂျပန်ဖြစ်သော်လည်း၊ ကျန်တစ်ယောက်မှာ ကျွန်တော်တို့စခန်းမှ ဂျပန်စစ်ဗိုလ်ပင် ဖြစ်လေသည်။ သူသည် ကုမေကာနှင့် တန်းတူဖြစ်သည်။ သူ့ကို ကျွန်တော်တို့ ချေးတပ်သားများက 'ရွှေမျက်မှန်'ဟူ၍ ခေါ်ကြလေသည်။ သူသည် မျက်မှန်တပ်ထားရသောဂျပန်တစ်ယောက် ဖြစ်သောကြောင့်ပင်။

ရာမာမိုတိုသည် ထိုင်ရာမှထလိုက်ပြီးနောက် ကျွန်တော်နှင့် စကားပြန်သူငယ်တို့ရပ်နေရာသို့ လျှောက်လာသည်။ ရာမာမိုတို စားပွဲမှထလိုက်သည့်အခါ မျက်နှာစိမ်းစစ်ဗိုလ်မှာလည်း ထိုင်ရာမှထလိုက်လေသည်။ ရွှေမျက်မှန်နှင့် ကုမေကာတို့မှာမူ မြေပုံလိပ်တစ်ခုကို ဖြန့်ကြည့်နေကြလေသည်။

ရာမာမိုတိုသည် ကျွန်တော်နှင့် မောင်အေးချိုကိုခေါ်ငင်ပြီးနောက် အိမ်ငယ်၏ တစ်ဘက်သောပြတင်းပေါက်ရှိရာသို့ လျှောက်ခဲ့ပြန်သည်။ ပြီးလျှင် ပြတင်းပေါက်တွင်ရပ်လျက် တောင်ကုန်းအောက်ခြေတစ်နေရာသို့ လက်ညှိုးထိုးညွှန်ပြခြင်း ပြုလေသည်။

ကျွန်တော်မြင်လိုက်ရသည်မှာ သစ်ပင်ကြီးများအောက်တွင်ဆောက်လုပ်ထားသော ဂျပန်အိမ်ငယ်ကလေး ၃ လုံးပင် ဖြစ်လေသည်။ အိမ်ငယ်ကလေးများမှာ စမ်းချောင်းဘေးတွင် ဖြစ်လေသည်။ စမ်းချောင်းရေတသွင်သွင်စီးဆင်းနေသည်ကိုပင် လှမ်း၍မြင်နေရသည်။ ကြည့်ရုံသည်ကပင် စိတ်ဘဝင် ကြည်မြဖွယ် ကောင်းလှပါသည်။

အစက သည်နေရာတွင် သည်အိမ်ကလေးတွေရှိမှန်း ကျွန်တော်မသိ။ ကျွန်တော်သာမဟုတ်။ ဘွန်ထိုက်ချို၊ ဟန်ချို စသူများနှင့် ချေးတပ်သားများလည်း သိရှိကြဟန်မတူ။ ဘွန်ထိုက်ချို ကိုသာမြိုင်၊ ကိုမောင်စိန်၊ ဟန်ချို ကိုချစ်တီးစသော ကျွန်တော်နှင့်အရင်းနှီးဆုံးသူများကလည်း တစ်ခါမျှစကားစပ်၍ မပြောကြပါပေ။

အိမ်ငယ်ကလေးများသည် သစ်ပင်တောအုပ်များအကြား၌ ဆောက်လုပ်ထားခြင်းဖြစ်သောကြောင့်လည်း နေပြောက်ပင် မထိုးသလောက်ဖြစ်၏။ ကားလမ်းနှင့် ဖောက်လုပ်နေဆဲ မီးရထားလမ်း၏အတွင်းဘက်ခပ်ကျကျတွင် ဖြစ်လေသည်။

ရာမာမိုတိုသည် ထိုအိမ်ငယ်ကလေး ၃ လုံးကို လက်ညှိုးထိုးညွှန်ပြပြီးနောက် စကားပြန်သူငယ်မှတစ်ဆင့် ကျွန်တော့်အား စကားဆိုခြင်း ပြုလေသည်။ ဤတွင် အိမ်ငယ်ကလေးများကို တွေ့မြင်လိုက်ရသည့်အခါ အံ့ဩခြင်း

http://mmteashop.com



ဖြစ်ရသကဲ့သို့၊ ရာမာမိုတိုစကားများကို ကြားသိရသောအခါ၌လည်း ကျွန်တော့်အနေဖြင့် အံ့သြခြင်းဖြစ်ရပြန်ပါသည်။

သူ့အဆိုအားဖြင့်မူ 'ထိုနေ့ မကြာမီအချိန်အတွင်း ဂျပန်အမျိုးသမီးဧည့်သည်များသည် ဤစခန်းသို့ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း။ အားလုံး ၁၀ ယောက် ရှိလိမ့်မည်ဖြစ်ကြောင်း။ ထိုအမျိုးသမီးဧည့်သည်များသည် ဤအိမ်ကလေးများတွင် တည်းခိုနေထိုင်ကြလိမ့်မည်ဖြစ်ကြောင်း။ သူတို့တစ်တွေ နေထိုင်ကြမည်မှာ တစ်လခန့် ကြာလိမ့်မည် ဖြစ်ကြောင်း။ ထို့ကြောင့် ဂျပန်အမျိုးသမီးဧည့်သည်များရောက်ရှိလာသည့်အခါ ဤအိမ်ကလေးများ၏ အနီးအနားသို့ ချွေးတပ်သားများ၊ ဘွန်ထိုက်ချို့များ၊ ဟန်ချို စသူများ တစ်ဦးတစ်ယောက်မျှ ဖြတ်သန်းသွားလာမှု မပြုစေရန် သတိပေးပြောကြားထားစေလိုကြောင်း' ပြောလေသည်။

ရာမာမိုတိုက ကျွန်တော့်အား ထိုစကားများပြောကြားခြင်းပြုနေခိုက်တွင် မျက်နှာစိမ်းစစ်ဗိုလ်မှာလည်း အနီးတွင်ရပ်လျက် ခပ်ပြုံးပြုံးဖြစ်နေသည်။ မနီးမဝေးစားပွဲတွင် ရှိနေကြသော ကုမေကာနှင့် ရွှေမျက်မှန်တို့မှာလည်း ရာမာမိုတို၏နောက်ကွယ်မှနေလျက် ပြုံးစိစိဖြစ်နေကြလေသည်။

ဤအချက်ကို ကျွန်တော်သည် သဘောလည်း မပေါက် ရိပ်စားမိခြင်းလည်းမရှိဘဲ အတွေးခေါင်နေမိပါသည်။ 'ဒီနေ့အဖို့ ဂျပန်တွေကိုကြည့်ရသည်မှာ တစ်မျိုးကြီးပဲ' ဟူ၍သာ ကျွန်တော်တွေးလိုက်မိပါသည်။ ပြီးလျှင် ကျွန်တော့် အတွေးက တစ်မျိုးဖြစ်သည်။ 'ဂျပန်စစ်ဗိုလ်များသည် သူတို့ဂျပန်နိုင်ငံမှ စစ်ထွက်လာခဲ့သည်မှာ အချိန်ကာလ အတော်ပင် ကြာညောင်းလှပြီဖြစ်သောကြောင့် သူတို့သူတို့၏ဇနီးမယားများ ဂျပန်နိုင်ငံမှလိုက်ပါလာခြင်း' ဟူ၍သာ ထင်မှတ်မိလေသည်။ သို့ရာတွင် အမှန်စင်စစ် ထိုသို့မဟုတ်ပါချေ။ ဂျပန်မများသည် ပြည့်တန်ဆာမများသာဖြစ်ကြောင်း နောင်အခါမှ သိရလေသည်။ ထိုပြည့်တန်ဆာမများအား မည်သည့်အရပ်၊ မည်သည့်နေရာမှနေလျက် မည်သူက မည်သို့မည်ပုံ ပို့လိုက်သည် ဟူ၍ကားမသိ။

ထိုနေ့နံနက် ၁၀ နာရီခန့်လောက်တွင် ဂျပန်မ ၁၀ ယောက်တို့သည် ကားကြီး တစ်စီးဖြင့် ကျွန်တော်တို့ ချွေးတပ်စခန်းသို့ ရောက်ရှိလာလေသည်။ သူတို့တွင် အိပ်ရာလိပ်များ၊ အဝတ်အထည်သေတ္တာများလည်း ပါရှိလာလေသည်။ ကားထက်မှဆင်းလာကတည်းက ဣန္ဒြေသိက္ခာ မရှိကြ။ တဟားဟားတခစ်ခစ်နှင့် ကားထက်မှ ဝရုန်းသုန်းကားဆင်းသက်လာကြလေသည်။

ထိုအချိန်ကလည်း ကျွန်တော်မှာ ရာမာမိုတိုကခေါ်ယူထားသောကြောင့် စကားပြန်ကလေးမောင်အေးချို့နှင့် အတူ ရာမာမိုတို၏အနီးတွင် ရှိနေပါသည်။

ဂျပန်မများသည် သူမတို့၏ ဝန်စည်ပစ္စည်း အိပ်ရာလိပ်စသည်များကို ကိုယ့်ဟာကိုယ် သယ်ယူကြပြီးနောက် မျက်နှာစိမ်းစစ်ဗိုလ်၏ရှေ့ဆောင်မှုဖြင့် အိမ်ငယ်ကလေးများရှိရာသို့ သွားကြလေသည်။

ကျွန်တော်သည် ထိုနေ့က ရာမာမိုတို၏အမိန့်ပေးချက်အတိုင်း ဘွန်ထိုက်ချို့များနှင့် ဟန်ချို့များက ချွေးတပ်သားများအားစုရုံးစေပြီးနောက်၊ 'ဂျပန်မများနေထိုင်သော အိမ်ငယ်ကလေးများအနီးသို့ သွားရောက်ခြင်းမပြုကြရန်နှင့် တတ်နိုင်သလောက် ထိုနေရာအနီးအနားကို ရှောင်ကွင်းခြင်းပြုကြရန်' ပြောကြားခြင်းပြုရလေသည်။

ဤလိုနှင့်သာ တနင်္ဂနွေတစ်ပတ်ခန့် အချိန်ကြာမြင့်လာသည်အထိ မည်သို့မျှအကြောင်းထူးခြားခြင်း မဖြစ်ပေါ်ခဲ့ပါချေ။ ဘွန်ထိုက်ချို့၊ ဟန်ချို့များနှင့် ချွေးတပ်သားများလည်း အသွားမပျက်၊ အစားမပျက် နဂိုအနေအထား အတိုင်းရှိနေကြလေသည်။

သို့ရာတွင် တနင်္ဂနွေတစ်ပတ်မှ ကျော်လွန်လာသည့်အချိန်၌မူ ချွေးတပ်သားအချို့သည် ဂျပန်မများ ရေချိုးသည်ကို တိတ်တဆိတ်သွားရောက်လျက် ချောင်းမြောင်းကြည့်ရှုကြကြောင်း၊ ဂျပန်မများသည် ရေချိုးခြင်းပြုကြသည့်အခါ ဂျပန်စစ်သားများကဲ့သို့ ကိုယ်လုံးတီးချွတ်လျက်ရေချိုးလေ့ရှိကြောင်းနှင့် ချွေးတပ်သားအချို့ထံမှ ကျွန်တော် သိကြားရလေသည်။

http://mmteashop.com



ဤတွင် ထိုသတင်းထိုစကားအတွက် ကျွန်တော့်တွင် စိတ်ပူခြင်း ဖြစ်ရပြန်ပါသည်။ ကျွန်တော့်အတွက်သာမက ချွေးတပ်သားများအတွက်ပါ စိုးရိမ်မကင်းဖြစ်ရလေသည်။ 'ချွေးတပ်သားများသည် ရာမာမိုတိုကိုယ်တိုင်က ကြိုတင်ပြောကြားထားပါလျက်၊ ဤလိုအပြုအမူမျိုးကိုပြုမူ၍ ဂျပန်များတွေ့ရှိခဲ့လေသော် အကြီးအကျယ်ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံကြရပေလိမ့်မည်။ ကျွန်တော့်အပေါ်၌လည်း ချွေးတပ်သားများအား မထိန်းသိမ်းရကောင်းလားဟူ၍ အပြစ်ပြောခြင်း, အပြစ်ပေးခြင်းခံရပေလိမ့်မည်' ဟူသောအတွေးအတောများသည် ကျွန်တော့်ဦးခေါင်းထဲသို့ ဝင်ရောက်လာပါသည်။

ထို့ကြောင့် ကျွန်တော်သည် ဘွန်ထိုက်ချိုကိုသာမြိုင်, ကိုအုန်းကျော်, ကိုမောင်စိန် စသူများအား ထိုအကြောင်းကို ဖွင့်ဟပြောကြားလျက် သူတို့နှင့် တိုင်ပင်ခြင်းပြုရလေသည်။ ကျွန်တော်သည် ချွေးတပ်သားများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အကြောင်းကိစ္စပေါ်ပေါက်လာတိုင်း သက်ဆိုင်ရာဘွန်ထိုက်ချိုများ, ဟန်ချိုများနှင့်ဆွေးနွေးတိုင်ပင်ပြီးမှ ထိုသူထိုသူများ၏အကူအညီကို ရယူကာ လုပ်ကိုင်ဆောင်ရွက်မြဲ ဖြစ်ပါသည်။

အမှန်အတိုင်းဆိုလျှင် 'ချွေးတပ်သား'ဆိုသူများမှာ အရပ်ဒေသပေါင်းစုံ, မြို့နယ်ပေါင်းစုံတို့မှ မ ၁၀၀ သားများ ဖြစ်ကြပါသည်။ လူမျိုးစုံ၍လည်း စရိုက်အမူအကျင့်ပေါင်း ထွေပြားလှလေသည်။ ဂျပန်စစ်သားများအနေဖြင့် လက်နက်ကိုင်ထားသူများဖြစ်သောကြောင့် တစ်ကြောင်း, ကြမ်းကြုတ်ရက်စက်ခြင်းရှိသောကြောင့် တစ်ကြောင်း အုပ်ချုပ်ရလွယ်ကူသလောက် ကျွန်တော့်အနေဖြင့်မူ အုပ်ထိန်းရမလွယ်လှပါချေ။ တစ်ခါတစ်ခါ ဘာမဟုတ်သော ကိစ္စကလေးလောက်နှင့် ပြဿနာတက်နေတတ်လေသည်။ ထိုအခါ သက်ဆိုင်ရာ ဘွန်ထိုက်ချိုများ, ဟန်ချိုများနှင့် ဆွေးနွေးတိုင်ပင်လျက် ထိုသူထိုပုဂ္ဂိုလ်များ၏ အကူအညီကိုရယူကာ အရေးယူဆောင်ရွက်ခြင်းမှာ အကောင်းဆုံးသော လုပ်ဆောင်မှု ဖြစ်ခဲ့ရလေသည်။

ဘွန်ထိုက်ချို ၃ ယောက်နှင့် ကျွန်တော်သည် သတင်းရရှိထားသည့်အတိုင်း ထိုနေ့ညနေဘက်တွင် ၂ ယောက် တစ်တွဲလမ်းခွဲကြပြီး၊ ဂျပန်စစ်ဗိုလ်, စစ်သားများမသိရအောင် သစ်ပင်ကြီးများနှင့် ကျောက်တောင်ကြီးများကို အကာအကွယ်ယူလျက် ဂျပန်မများရှိရာအိမ်ငယ်ကလေးများအနီးသို့ ချဉ်းကပ်ခြင်းပြုခဲ့ကြလေသည်။

၂ ယောက်တစ်တွဲ လူစုခွဲကြသည့်အခါ ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်က တစ်တွဲ, ကိုမောင်စိန်နှင့် ကိုအုန်းကျော်တို့ကတစ်တွဲ ဖြစ်ကြလေသည်။

ဘွန်ထိုက်ချို ကိုသာမြိုင်မှာ အလွန်တရာအေးဆေးစွာနေတတ်သူတစ်ယောက် ဖြစ်လေသည်။ သူ့အသက်သည် ၄၀ ထက်မကျော်သေးဟု ခန့်မှန်းရလေသည်။ ဆံပင်အရှည်သမားတစ်ယောက်ဖြစ်လျက် သူ့ခေါင်းကို တဘက်တစ်ထည်နှင့် အမြဲတမ်းရစ်ပေါင်းထားတတ်လေသည်။ စကားပြောလျှင် ခပ်လေးလေးခပ်ဆိုင်းဆိုင်း ပြောတတ်သည်။ အလွန်ရိုးသားလျက် အလွန်တရာကြောက်တတ်သူတစ်ယောက် ဖြစ်လေသည်။ ဂျပန်မများ ရှိရာသို့သွားရောက်လျက် ချောင်းမြောင်းကြည့်ရှုကြသည်ဆိုသော ချွေးတပ်သားများအား သွားရောက်၍ စောင့်ဖမ်းရမည့်ကိစ္စ၌ပင် ကျွန်တော်နှင့် ဘွန်ထိုက်ချို ၂ ယောက် ဖွတ်အစမ္ပခေါ်သဖြင့်သာ ခမျာသည် တာဝန်ကိုကြောက်သဖြင့် မလိုက်ပါလိုဘဲ လိုက်ပါလာခဲ့ရခြင်းဖြစ်လေသည်။

ထို့ကြောင့်လည်း ကိုသာမြိုင်သည် ကျွန်တော့်ရှေ့မှမသွားဘဲ ကျွန်တော့်နောက်ပါးမှ ကုပ်ချောင်းချောင်း လိုက်ပါလာခဲ့လေသည်။ သူ့အဖြစ်ကို ကြည့်ရသည်မှာလည်း အားမရစရာနှင့် သမားစရာကောင်းနေပါတော့သည်။

သူနှင့်ကျွန်တော်သည် မကြာမီပင် အင်ပင်ကြီးများ အုပ်ဆိုင်းနေသောနေရာတစ်ခုသို့ ရောက်ရှိခဲ့ကြလေသည်။ ကျွန်တော်သည် ဤနေရာမှ ရှေ့ဆက်၍မသွားသေးဘဲ ရပ်တန့်လိုက်ကြလေသည်။ ၂ ဦးသားသည် အင်ပင်ကြီး တစ်ပင်၏ပင်ခြေရင်းသို့ ဝင်ရောက်၍ခိုကပ်လိုက်ကြသည်။

"ကျွန်တော်တို့ကို ဂျပန်ကတွေ့သွားလို့လည်း ဒုက္ခဖြစ်နေဦးပါမယ်ဆရာလေး"

http://mmteashop.com



ကိုသာမြိုင်ကပြောပါသည်။ သူ့အသံမှာ သိသိသာသာကြီးတုန်ယင်နေရှာပါသည်။

"ကိစ္စမရှိပါဘူး ကိုသာမြိုင်။ ဒါလောက်တောင် ကြောက်မနေပါနှင့်ဗျာ။ ဂျပန်နှင့်တွေ့တော့လည်း 'ကျွန်တော်တို့ဟာ ချွေးတပ်သားတွေများလာသလားလို့ လိုက်ချောင်းတယ်' ပြောရမှာပေါ့။ ကျွန်တော် ပြောပါမယ်ဗျာ"

ဘွန်ထိုက်ချို့ ကိုမောင်စိန်နှင့် ကိုအုန်းကျော်တို့ ၂ ယောက်ကိုတော့ မတွေ့ရ။ သူတို့က စမ်းချောင်း၏ အရှေ့ဘက်ကမ်းမှသွားကြ၍၊ ကျွန်တော်နှင့် ကိုသာမြိုင်တို့က အနောက်ဘက်ကမ်းမှလာခဲ့ကြခြင်း ဖြစ်လေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်တို့ရောက်ရှိနေသော သစ်ပင်ကြီးများအောက်မှနေ၍ ကြည့်လျှင်၊ စမ်းချောင်းအနီးရှိ ဂျပန်မများနေသောအိမ်ငယ်ကလေး ၃ လုံးကို တွေ့မြင်နေရပေသည်။ တသွင်သွင်တလက်လက်စီးဆင်းနေသော စမ်းချောင်းရေအလျဉ်ကိုလည်း အတိုင်းသားမြင်နေရသည်။ တောင်ကုန်းငယ်ထက်ရှိ ဂျပန်စစ်ဗိုလ် ရာမာမိုတို နေထိုင်သော အိမ်ငယ်ကို လည်းကောင်း၊ ဂျပန်စစ်သားများနေထိုင်သော စစ်တန်းလျားအဆောက်အအုံအချို့ ကိုလည်းကောင်း သစ်ပင်တောအုပ်များအကြားမှ လှမ်းမြင်နေရသည်။

ထိုအမြင်များအားလုံးကိုမြင်နေရသော်လည်း ကျွန်တော်နှင့်ကိုသာမြိုင်တို့ ရောက်ရှိနေသောနေရာမှာမူ စိတ်ချလောက်သော နေရာတစ်နေရာပင် ဖြစ်လေသည်။ သစ်ပင်ကြီး၊ ဝါးပင်ကြီးများနှင့် ကျောက်တုံးကျောက်ခဲမှု များစွာသည် ကျွန်တော်တို့ ၂ ဦးအား ကောင်းစွာပင် အကာအကွယ်ပြုလျက်ရှိပေသည်။

ကျွန်တော်သည် ဂျပန်မများနေသော အိမ်ငယ် ၃ လုံးရှိရာသို့လှမ်းကြည့်လိုက်မိလေသည်။ အစ၌သော် အိမ်ငယ်ကလေး ၃ လုံးစလုံးပင် လူသူမရှိသလို တိတ်ဆိတ်ငြိမ်သက်နေသော်လည်း မကြာမီအချိန်ကလေးအတွင်း၌ပင် ဂျပန်မများ၏ စီစီညံညံအသံများကို ကြားလိုက်ရသည်။

ကျွန်တော်သည် ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက်ကိုလည်း မျက်လုံးလည်ပတ်လျက်ကြည့်လိုက်မိသည်။ 'ချွေးတပ်သား' ဟူ၍ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပေ။ သို့ရာတွင် ခပ်လှမ်းလှမ်း စမ်းချောင်းအနီးရှိဝါးရုံတောများမှာမူ တလှုပ်လှုပ်တရွရွဖြစ်နေသည်ကို မြင်လိုက်ရလေသည်။ အလုပ်တာဝန်ပြီးသည့်အခါ ဆင်ဦးစီးများသည် သူတို့၏ဆင်ကြီးများကိုလွှတ်ထားတတ်ပေရာ ဆင်ကြီးများသည် ဝါးရွက်၊ ဝါးညွန့်များ၊ မျှစ်များကို ချိုးယူစားသောက်နေကြခြင်းပင် ဖြစ်လေသည်။

ကျွန်တော်၏မျက်လုံးများသည် ဂျပန်မများရှိရာ အိမ်ငယ်ကလေး ၃ လုံးဆီသို့ လှမ်းကြည့်လိုက်ပြန်ပါသည်။

သည်တစ်ကြိမ်၌ တဘက်ကြီးများကို ခါးတွင်ရစ်ပတ်လျက် ရေချိုးရန် အိမ်ငယ်ထက်မှ ဆင်းသက်လာသော ဂျပန်မ ၂ ယောက်ကို တွေ့လိုက်ရလေသည်။ ဂျပန်မ ၂ ယောက်စလုံး ခါးပေါ်တွင် တဘက်ကြီးများပတ်ထားသည်မှ လွဲ၍ ကိုယ်ခန္ဓာအထက်ပိုင်းတွင် မည်သည့်အဝတ်အထည်မျှ မရှိ။ ထိုအခါ ဖွံ့ဖွံ့ကားကား သူတို့၏ရင်သားများသည် ထိုးထိုးထောင်ထောင်ဖြစ်နေလေသည်။

သူတို့ရေချိုးကြသည်မှာ စမ်းချောင်းအတွင်းသို့ဆင်းသက်၍ ချိုးကြသည်မဟုတ်ပါချေ။ စမ်းချောင်းကမ်းစပ်တစ်နေရာတွင် ခါးပြတ်သံစည်ပိုင်းကြီးများရှိသည်။ ထိုသံစည်ပိုင်းကြီးများထဲတွင် စမ်းချောင်းရေကို ကျိုချက်ပြီးမှ ချိုးကြခြင်း ဖြစ်လေသည်။

ဂျပန်မ ၂ ယောက်သည် ကျွန်တော်နှင့်ကိုသာမြိုင်တို့ကြည့်နေခိုက်၌ပင် ခါးထက်တွင်ပတ်ထားသော တဘက်ကြီးများကို ချွတ်ပစ်ခြင်းပြုလိုက်ကြသည်။ ပြီးလျှင် ရေစည်ကြီးများထဲမှ ရေများကို တဖွမ်းဖွမ်းခပ်၍ ချိုးကြလေသည်။ သူတို့ရေချိုးကြသည်မှာ မည်သည့်အကာအကွယ်မျှ မရှိ။ ကိုယ်ပေါ်တွင်လည်း ဘာအဝတ်အထည်ကိုမျှ ဝတ်ထားခြင်းမရှိ။ ထို့ကြောင့်လည်း သူတို့၏ဝတ်လစ်စလစ်ရေချိုးကြခြင်းအမှုကို ချွေးတပ်သားအချို့က လာရောက်လျက်ချောင်းမြောင်းကြည့်ရှုကြခြင်းပင် ဖြစ်ဟန်တူလေသည်။

ဤနေရာတွင် ချွေးတပ်သားများ၏အဖြစ်၊ ချွေးတပ်သားများ၏ဘဝကိုလည်း ကျွန်တော် အနည်းငယ် ထပ်မံတင်ပြချင်ပါသည်။

http://mmteashop.com



ချွေးတပ်သားဆိုသူများမှာ သားကွဲ, မယားကွဲနှင့် တောကြီးမြက်မည်းထဲသို့ ရောက်ရှိလာကြသူများပါဝင်သလို၊ အချို့မှာလည်း အိမ်ထောင်ရက်သားမရှိသော လူပျိုလူလွတ်ဘဝနှင့် ချွေးတပ်ထဲသို့ ပါရှိလာကြသူများ ဖြစ်ကြလေသည်။ မည်သို့ပင်ဖြစ်စေ၊ တောတွင်း ချွေးတပ်စခန်းများသို့ သူတို့တစ်တွေ ရောက်ရှိနေကြသည်မှာလည်း တိုတောင်းသောနေ့ရက် မဟုတ်၊ လပေါင်းများစွာ ကြာရှိနေကြသူများနှင့် နှစ်နှင့်ချီလျက် ကြာရှိခဲ့ကြသူများ ဖြစ်ကြလေသည်။

ထိုအခါ သူတို့သူတို့မှာလည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ် လူများဖြစ်ကြပေရာ လူသားတိုင်းတွင် ဖြစ်ပေါ်တတ်သောဆန္ဒမျိုး ရှိနေကြမည်သာ ဖြစ်လေသည်။ ထိုအတွက် သူတို့အပေါ်တွင် အပြစ်တင်, အပြစ်ပြောရန်မသင့်ဟူ၍ ကျွန်တော် ယူဆမိလေသည်။

သည်အတွင်း နောက်ထပ်လျက် ဂျပန်မ ၃ ယောက်တို့ အိမ်ငယ်ကလေးတစ်လုံးထက်မှ ဆင်းသက်လာကြပြန်ပါသည်။ ထို ၃ ယောက်အနက် တစ်ယောက်ကသာ ခါးထက်တွင် ပိတ်ဖြူအဝတ်ကြီးပတ်ထားသော်လည်း၊ ၂ ယောက်မှာ တစ်စုံတစ်ရာအဝတ် ဟူ၍ မပါပါချေ။ တစ်ကိုယ်လုံးဗလာကျင်းလျက် ထွက်လာကြခြင်းဖြစ်လေသည်။

သူမတို့ကိုကြည့်ရသည်မှာ ထိုအပြုအမူအတွက် တစ်စုံတစ်ရာ စိတ်စနိုးစနောင့်ဖြစ်ဟန် မရှိ။ သူတို့အချင်းချင်းကိုလည်း အနည်းငယ်မျှ ဂရုစိုက်ရန်မတူ။ ပတ်ဝန်းကျင်ဆိုသည်ကိုလည်း လှည့်စောင်း၍သော်မျှ ကြည့်ဖော်မရ။ သူတို့သူတို့၏ကိုယ်ကာယများကို ကျီးထိုးထိုးခွေးစားစား ဟူ၍ သဘောထားကြဟန်တူလေသည်။

ရေစည်ကြီးများအနီးတွင် ၅ ယောက်သားဆုံမိကြသည့်အခါမှာလည်း တစ်ယောက်တစ်ပေါက် စကားတွေပြောလျက် သောသောညံနေကြသည်။ သူတို့ ဘာတွေပြောနေကြသည်ကို ကျွန်တော်မသိရသော်လည်း တဟားဟားတဝါးဝါး ဖြစ်နေကြပုံနှင့် တစ်ယောက်တပေါက်ပြောဆိုနေကြပုံကိုထောက်ချင့်၍လည်း တစ်ယောက်တစ်မျိုးစီ၏ အတွေ့အကြုံများကို ဖောက်သည်ချနေကြဟန်တူလေသည်။

ထိုအခိုက်မှာပင် ကျွန်တော့်ဘေးမှ ကိုသာမြိုင်သည် ကျွန်တော့်ကိုလက်ကုတ်လိုက်ပြီး “ဟိုမှာ–ဟိုမှာ ဆရာလေး”ဟု ခပ်အုပ်အုပ် အသံပြုလိုက်လေသည်။ သူသည် ကျွန်တော့်ကို တစ်စုံတစ်ရာလက်ညှိုးထိုး၍လည်း ပြလေသည်။

သူညွှန်ပြရာသို့ ကျွန်တော်ကြည့်လိုက်ပါသည်။ ချွေးတပ်သားတစ်စုတို့သည် ကျောက်တုံးကြီးများနှင့် သစ်ပင်ချုံနွယ်များကို အကာအကွယ်ပြုလျက် ဂျပန်မတစ်စု ရေချိုးနေကြသည်ကို အလုအယက်ချောင်းမြောင်းကြည့်ရှုနေကြသည်ကို တွေ့လိုက်ရပါသည်။

သူတို့တစ်စုသည် ကျွန်တော်နှင့်ကိုသာမြိုင်ကို တွေ့ပင်တွေ့ကြလေသလား၊ ဂျပန်မတွေအပေါ်တွင် အာရုံရောက်နေသဖြင့် မတွေ့ဘဲ မတွေ့ကြလေသလားမပြောတတ်။ ကျွန်တော်တို့ရှိနေကြသည့်နေရာနှင့် ၁၀ကိုက်အကွာလောက်သာဖြစ်သော်လည်း ကျွန်တော်နှင့် ကိုသာမြိုင်အပေါ် လုံးဝ သတိထားအရေးစိုက်ဟန် မရှိကြပေ။ ဂျပန်မများအပေါ်၌သာ သဲသဲမဲမဲ စိတ်ဝင်စားနေကြလေသည်။

“လာဗျာ ကိုသာမြိုင်”

ကျွန်တော်သည် ကိုသာမြိုင်အား လက်တို့ခေါ်ငင်ပြီးနောက် ချွေးတပ်သားများရှိရာဘက်သို့ထွက်ခဲ့သည်။

သူတို့နှင့် ကျွန်တော်တို့ ၂ ဦးမှာ ၁၀ ကိုက်လောက်အကွာအဝေးဟုဆိုသော်လည်း ထိုအကွာအဝေးမှာ ခပ်လွယ်လွယ်သွား၍ရောက်သည့် အကွာအဝေးမဟုတ်။ ကျွန်တော်တို့ရောက်ရှိနေသောနေရာသည် မြေညီမြေပြန့်မဟုတ်။ အချွန်အတက်များ တင်းကြမ်းပြည့်လျှမ်းနေသော ကျောက်တောင်, ကျောက်ကမူများထူပြောလှသည့်နေရာတစ်နေရာ ဖြစ်လေသည်။ ပြီးလျှင် ကျောက်ကမူ, ကျောက်တုံးများပေါ်၌ ရေညှိများသည် အမွေးပေါက်လျက် အင်မတန်ချောချောကျိုကျို ဖြစ်နေလေသည်။ ထို့ကြောင့် ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်သည် သူတို့လူစုရှိရာသို့ ကွေ့ကောက်လျက်လမ်းရွေးကာ သွားနေရလေသည်။

http://mmteashop.com



"ရွှေမျက်မှန်နှင့် ဂျပန်တစ်ယောက် ဆရာလေးရေ့။ ဒီဘက်များ လာနေသလားမဆိုနိုင်ဘူး"

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်။ သူ့စကားအဆုံးတွင် သူနှင့်ကျွန်တော် ၂ ယောက်စလုံး ကျောက်တုံးကြီးတစ်တုံးဘေးတွင် ထိုင်ချလိုက်ရသည်။

၂ ယောက်စလုံး အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ကြ။ ကားလမ်းဘေးမှ စကားတပြောပြော လျှောက်လာနေသော 'ရွှေမျက်မှန်'ဟု ကျွန်တော်တို့ခေါ်သည့် ဂျပန်စစ်ဗိုလ်နှင့် အခြားဂျပန်စစ်သားတစ်ယောက်ကို လှမ်းကြည့်လိုက်မိပါသည်။ သူတို့ ၂ ဦးမှာ ကျွန်တော်တို့ရှိရာသို့လာနေကြခြင်းတော့ မဟုတ်ပါ။ အလုပ်သိမ်းချိန်ဖြစ်သောကြောင့် အလုပ်ခွင်မှစခန်းသို့ ပြန်လာကြခြင်းပင် ဖြစ်လေသည်။ ကားလမ်းဘေးမှ သူတို့ ၂ ဦးကပ်လျှောက်လာသည့်အခါ ကျွန်တော်တို့ရောက်ရှိနေသောတောစပ်နှင့်ဆိုသော် အတော်ကလေးနီးကပ်နေလေသည်။

သို့ရာတွင် သာမန်အကြည့်မျိုးဖြင့်လှမ်းကြည့်၍ကား ခွေးတပ်သားများနှင့် ကျွန်တော်တို့ ၂ ယောက်ကို မြင်နိုင်လိမ့်မည် မဟုတ်ပေ။ သစ်ပင်ချုံနွယ်များ, ကျောက်တုံးကျောက်ကမူများသည် ကာဆီးဝိုင်းရံနေလေသည်။ လူရိပ်လူသံကြား၍ စေ့စေ့စပ်စပ်ကြည့်ပါမှ မြင်တွေ့ပေလိမ့်မည်။

ရွှေမျက်မှန်နှင့် သူ့အဖော်ဂျပန်စစ်သားသည် စကားတပြောပြောနှင့် ဆက်လက်၍ လျှောက်ကြလေသည်။ သူတို့ ၂ ယောက် အတော်ကလေးလွန်သွားမှပင် ကျွန်တော်နှင့် ကိုသာမြိုင်မှာ နေရာမှထလိုက်ကြသည်။ ပြီးနောက် ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းတွင်ရှိနေသော ခွေးတပ်သားများရှိရာသို့ အရောက်သွားမနေကြတော့ဘဲ သူတို့ကို အသံပြုလျက် လှမ်းခေါ်လိုက်ပါသည်။

ထိုအခါမှပင် ကိုယ်တော်မြတ်တစ်စုမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကြလျက် ကျွန်တော်တို့ ရှိရာသို့ မျက်စိမျက်နှာ အမူအရာပျက်ပျက်နှင့် လျှောက်လာကြသည်။ ဤတွင်မှလည်း ဂျပန်မများ ကိုယ်လုံးတီး ချွတ်လျက်ရေချိုးကြသည်ကို ချောင်းမြောင်းကြည့်ရှုကြသူတွေမှာ ထိုတစ်စုသာမကဘဲ၊ သူတို့နှင့်ခပ်လှမ်းလှမ်းမှ ထွက်လာသော ခွေးတပ်သားတစ်အုပ်စုကိုပါ ထပ်မံလျက်တွေ့လိုက်ရလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်သည် သူတို့အားလုံးကို စုရုံးခေါ်ငင်ပြီးနောက် ကားလမ်းရှိရာသို့ ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ ကားလမ်းအနီးရောက်သည့်အခါ၌မူ ကျွန်တော်တို့ရှိရာတောစပ်ဘက်သို့ ခြေဦးတည်လာနေကြသော ခွေးတပ်သား ၄–၅–၆ ယောက်တို့ကိုလည်း တွေ့နေရပြန်သည်။ သူတို့ ၄–၅–၆ ယောက်တို့မှာလည်း ဂျပန်မများအားချောင်းမြောင်းကြည့်ရန် လာရောက်ကြသူများပင် ဖြစ်လေသည်။ သူတို့သည် ကျွန်တော့်ကိုတွေ့မြင်လိုက်ရသည့်အခါ ရှက်အမ်းအမ်းအမူအရာဖြင့် မလုံမလဲဖြစ်နေကြလေသည်။

ကျွန်တော်တို့လူစု ကားလမ်းပေါ်သို့ရောက်ခဲ့ကြ၍ အချိန်အနည်းငယ်အတွင်း၌မှာပင် ဘွန်ထိုက်ချိုကိုမောင်စိန်, ကိုအုန်းကျော်တို့နှင့်အတူလာနေသော ခွေးတပ်သားအချို့ကိုလည်း တွေ့လိုက်ရသည်။ ထိုခွေးတပ်သားတစ်စုတို့ မှာလည်း ဂျပန်မများကို ကမ္ဘာ့ဌာန်းစီးဖြန်းကြသူများပင် ဖြစ်လေသည်။

ကျွန်တော်နှင့် ကိုမောင်စိန်, ကိုသာမြိုင်, ကိုအုန်းကျော်စသော ဘန်ထိုက်ချို ၃ ယောက်တို့သည် ဖမ်းမိလာသော ခွေးတပ်သားများအား ကားလမ်းဘေးတစ်နေရာ၌ပင် စုရုံးစေရပါသည်။ ဤကိစ္စကား စခန်းရောက်မှ ဖြေရှင်း၍မဖြစ်။ တောစကား တောပျောက်, တောင်စကား တောင်ပျောက် ပွဲပြီးမီးသေလုပ်ရပေမည်ဟု ကျွန်တော် ယူဆလိုက်ပါသည်။

ကျွန်တော်သည် ခွေးတပ်သားများအား 'နောင်အခါတွင် ဤလိုအပြုအမူမျိုးကို မပြုလုပ်ကြရန်နှင့် အကယ်၍ ဂျပန်စစ်ဗိုလ် ကုမေကာ တွေ့ရှိသွားခဲ့လျှင် ကြီးတုပ်ကြိုးချည်ခြင်းကို ခံရလိမ့်မည်ဖြစ်ကြောင်း၊ ယခုကိစ္စကိုလည်း စခန်းသို့ပြန်ရောက်လျှင် မည်သည့်ခွေးတပ်သားကိုမှ ပြောကြားခြင်းမပြုကြရန်' သတိပေးစကားဆိုပြီးနောက်၊ တစ်စု တဝေးပင် စခန်းရှိရာသို့ပြန်ခဲ့ကြလေသည်။

http://mmteashop.com

## ခါးသီးသောဒဏ်ခတ်မှု

အထက်၌ ကျွန်တော်ရေးသားတင်ပြခဲ့သောအကြောင်းများထဲတွင် 'အပြစ်ရှိသည်'ဟု ဂျပန်တို့ကထင်မြင်ယူဆသော ချွေးတပ်သားများအား ကြိုးချည်ကြိုးတုပ်ပြုလုပ်ခြင်း, စမ်းချောင်းရေထဲသို့နစ်မြှုပ်ထားစေခြင်း, ကျောက်တုံးအလေးကြီးများကို ထမ်းရွက်ထားစေခြင်း, မီးတုတ်မီးလျှံဖြင့်ရှို့မြိုက်ခြင်းစသည်တို့ကို အလျဉ်းသင့်သလို ရေးသားတင်ပြခဲ့ပါသည်။

ယခုတစ်ဖန် အလုပ်ခွင်များအတွင်း၌ ပစ္စည်းတစ်စုံတစ်ခု မတော်တဆပျောက်ရှခြင်းနှင့်ပတ်သက်၍ ချွေးတပ်သားများအပေါ်တွင်ပြုမူသော ဂျပန်တို့၏ရက်စက်ကြမ်းကြုတ်မှုတစ်ခုကိုလည်း ဖြည့်စွက်လျက် တင်ပြခြင်းပြုလိုပါသည်။ ဤအဖြစ်, ဤကိစ္စမှာ မိုးအခါမိုးရာသီက ကျွန်တော်တို့ချွေးတပ်စခန်းတွင်ကြုံခဲ့ရသော 'ဓားမကြီးတစ်ချောင်း ပျောက်ဆုံးရသည့်ကိစ္စ'ပင် ဖြစ်ပါသည်။

'ဓားမကြီးတစ်ချောင်းပျောက်ဆုံးရသော ကိစ္စ'ဟုဆိုသဖြင့် စာရှုသူများစိတ်၌ ထူးခြားသောအကြောင်းတစ်ရပ်မဟုတ်ဟူ၍ ယူဆကောင်းယူဆမိကြပါလိမ့်မည်။ အမှန်မှာ 'ဓားမကြီးတစ်ချောင်း ပျောက်ဆုံးရသောကိစ္စ' မှာလည်း မမေ့နိုင်လောက်သော ချွေးတပ်စခန်း၏အတွေ့အကြုံဖြစ်ရပ်တစ်ခုပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ပြည့်စုံသော 'ချွေးတပ်မှတ်တမ်း' တစ်ခုအဖြစ်သို့ရောက်ရှိစေရန် ထည့်သွင်းတင်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

ထိုကိစ္စဖြစ်ရသည့်အချိန်မှာ မိုးအား အလွန်အမင်းကောင်းနေသော ဝါဆို, ဝါခေါင်လအတွင်း ဖြစ်ပါသည်။ ထိုလ၂လအနက် တစ်လလ ဖြစ်ပါလိမ့်မည်။ မည်သည့်လ ဟူ၍ကား အတိအကျမမှတ်မိတော့ပါ။

ထိုအချိန်ထိုလများအတွင်းက ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတစ်လျှောက်၌ နေ့ဆက်ရက်ဆက်ပင် မိုးရွာသွန်းလျက်ရှိနေလေသည်။ စမ်းချောင်းရေများကလည်း ပေါင်းလန်လျက် အဟုန်အရှိန်ကြီးမားစွာ စီးဆင်းနေသည့်အခါ ဖြစ်လေသည်။ တောင်ကျရေများသည် တောင်ပေါ်မှ ဝါးလုံးကိုထိုးချလိုက်သည့်အလားအရှိန်ပြင်းစွာ အော်ဟစ်လျက်စီးကျလာသည်။ လျှိုမြောင်ချိုင့်ဝှမ်းများအတွင်း၌လည်း မိုးရေများပြည့်လျက် ဖွေးဖွေးလျှံလျှံ ရှိနေသည်။ ကျောက်တုံးကျောက်ခဲများ, တောကောင်သတ္တဝါများသည်ပင် တောင်ကျရေတွင် တလိမ့်တိုက်လျက် စမ်းချောင်းအတွင်းသို့ စီးဆင်းမျောပါလာလေသည်။

ထိုအခါ ကျွန်တော်တို့ချွေးတပ်သားများနေထိုင်သော တဲတန်းလျားကြီးများ၏ ဘေးပတ်ပတ်လည်ရှိ တောအုပ်တောတန်းကြီးများသည်ပင် ဘယ်အခါကြည့်လိုက် ကြည့်လိုက် မိုးရေမိုးပေါက်များအောက်တွင် မှုန်မှုန်ဝါးဝါးမှိုင်းမှိုင်းညို့ညို့ဖြင့် ငြိမ်သက်စွာရပ်တည်လျက်ရှိနေကြသည်။ မိုးကောင်းကင်ကို မော့ကြည့်လိုက်သည့်အခါတွင်လည်း သာယာကြည်လင်သည် ဟူ၍မရှိ။ တိမ်တောင်တိမ်လိပ်များဖြင့် မည်းမည်းချိပ်ချိပ်ရှိနေလေတော့သည်။

"ဘိမော-မကောင်းဘူးတကား။ မိုး-မိုး-အားကြီးရှိတကား"

မိုးတသဲသဲရွာသွန်းနေသည့်အခါ ရွှေမျက်မှန်ဂျပန်သည် ကျွန်တော့်ကို ဤသို့ပြောတတ်လေသည်။

ထိုအခါ ကျွန်တော်ကလည်း 'မိုးရွာသည်မှာအလွန်ကောင်းကြောင်း၊ မြန်မာနိုင်ငံတွင် မိုးရွာမှသာ ဆန်ရေ

http://mmteashop.com



စပါးများစိုက်ပျိုးနိုင်ကြောင်း’ ပြန်လည်ကာ တတ်သလောက်မှတ်သလောက်ပြောကြားခြင်း ပြုရလေသည်။

ရွှေမျက်မှန်ဂျပန်မှာ မိုးရွာလာပြီဆိုလျှင် ဂျပန်စစ်မိုးကာအင်္ကျီကြီးကိုဝတ်ပြီး သစ်ပင်ကြီးကြီးအောက်၌ သွားရောက်လျက် ခိုလှုံနေတတ်လေသည်။ သူထိန်းကွပ်စေခိုင်းရသောအလုပ်သမားများအား ထိုသစ်ပင်ကြီး အောက်မှနေလျက် ကြည့်ရှုလေ့ရှိပေသည်။

သူသည် တဖြုန်းဖြုန်းရွာသွန်းနေသော မိုးရေမိုးပေါက်များကြားလို့ လှမ်းမျှော်ငေးတွေကြည့်ရင်း သီချင်း ကလေးတညည်းညည်း ရှိနေတတ်သည်။ သူ့သီချင်း၏အဓိပ္ပာယ်ကိုကား ကျွန်တော် တစ်စုံတစ်ရာ နားမလည်ပါ။ သို့ရာတွင် သူ့မျက်နှာအမူအရာသည် ထိုသီချင်းသံနှင့်အတူ ပူဆွေးလောင်ကျွမ်းနေသော သူ့ဝမ်းတွင်းနှလုံးသား၏ ဝေဒနာတစ်ရပ်ကိုကား အထင်အရှားဖော်ပြလျက်ရှိလေသည်။ သူသည် သူ့တိုင်းပြည် သူ့နိုင်ငံနှင့် ဝေးကွာခဲ့ပြီ ဖြစ်သောသံယောဇဉ်နှောင်ဖွဲ့မှုများအား တအောက်မေ့မေ့ တလွမ်းတတ, ဖြစ်နေဟန်တူလေသည်။

ထိုနေ့သည် မိုးသည်းထန်စွာရွာသွန်းနေသောနေ့တစ်နေ့ပင် ဖြစ်လေသည်။

ကျွန်တော်တို့ချေးတပ်အလုပ်သမားများမှာလည်း သည်းထန်စွာရွာသွန်းနေသော မိုးရေမိုးပေါက်များ အောက်၌ပင် သက်ဆိုင်ရာသက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အသီးသီးလုပ်ကိုင်နေကြရလျက် ရှိလေသည်။

ဤနေရာတွင် တစ်ခုတော့ ကျွန်တော်ပြောချင်ပါသည်။ ကျွန်တော်က ရွှေမျက်မှန်ဂျပန်စစ်သား၏ မိုးတစိမ့် စိမ့်၌ သူ့အိမ်, သူ့နိုင်ငံသို့ လွမ်းဆွတ်တသကြောင်းဖော်ပြသည့်အခါ ကတ်ကတ်သတ်သတ်နှင့် အပြစ်ပြော ဝေဖန်လိုသူ အချို့က ‘ဤနေရာတွင် ဂျပန်စစ်သားတစ်ယောက်၏အလွမ်းအဆွေးဝေဒနာကို ဖော်ပြနေရမည်လော၊ မြန်မာချေးတပ်သားတစ်ယောက်၏အလွမ်းအဆွေးကိုမူ အဘယ့်ကြောင့်မဖော်ပြရလေသနည်း’ ဟူ၍ အပြစ်ဆိုကောင်း ဆိုကြပါလိမ့်မည်။

ကျွန်တော်ပြောချင်သည်မှာ ကျွန်တော်ရေးသားတင်ပြနေသောအကြောင်းအချက်များသည် ဖြစ်ရပ်မှန်နှင့် နီးစပ်နိုင်သလောက်နီးစပ်စေရန် ကျွန်တော်မှတ်သားမိသမျှကို ကြိုးပမ်းတင်ပြနေခြင်းသာဖြစ်ပါသည်။

နောက်တစ်ကြောင်းအားဖြင့်လည်း ‘ဂျပန်စစ်သားဆိုသည်မှာ သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖွဲ့စည်းပေါင်းစပ် ထားသော လူသားတစ်ဦးတစ်ယောက်ပင် ဖြစ်ပါသည်။ ထိုလူသားသည် လူသားနှင့်စပ်ဆိုင်သော သုခ,ဒုက္ခဝေဒနာ များကို လူပီပီတွေးတောတတ်, ခံစားတတ်ခြင်းရှိပါသည်’ ဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။

တစ်ဖန် ယခုလိုအခါမျိုးတွင် ချေးတပ်သားခများများအနေဖြင့် အလွမ်းအဆွေးစိတ်တွေ ပိုမနေနိုင်ကြရှာ ပါပေ။ တဖြုန်းဖြုန်းတဝုန်းဝုန်းနှင့် အပြင်းအထန်ရွာသွန်းနေသော မိုးသက်မှန်တိုင်းများအောက်၌ ကျွဲတွေ, နွားတွေ ပမာ ကုန်းရုန်းလုပ်နေကြရရှာသူများသာ ဖြစ်လေသည်။ ထိုအခါ ကိုယ့်အရပ်ကိုယ့်ဌာနီသို့ လွမ်းဖို့ဆွေးဖို့ဆိုသော စိတ်ဓာတ်မှာလည်း ဘယ်လိုမှ ဖြစ်ပေါ်မလာနိုင်ကြရှာပါပေ။

ဤလိုနှင့် ထိုနေ့က တစ်နေ့လုံးလုံး မိုးရေမိုးပေါက်များအောက်၌ အလုပ်ကိုလုပ်ကြရလေသည်။ ထမင်း စားသောက်ရသည်မှာလည်း သစ်ပင်ကြီးများအောက်နှင့် ဝါးပင်ကြီးများအောက် မိုးထဲလေထဲ၌ပင် ဖြစ်သလိုနည်းနှင့် စားသောက်ခြင်းပြုကြရပါသည်။

ကျွန်တော်တို့သာမဟုတ်။ သာမန်ဂျပန်စစ်သားများမှာလည်း အလုပ်ခွင်နှင့် လူနေစခန်း ဝေးကွာခဲ့လျှင် ကျွန်တော်တို့ကဲ့သို့ပင် သစ်ပင်, ဝါးပင်များအောက်၌ ဖြစ်သလိုကြုံသလို စားသောက်ကြရသည်။ အလုပ်စခန်းနှင့် လူနေစခန်းနီးကပ်ခဲ့လျှင်မူ ဂျပန်များသည် စခန်းတွင် ပြန်လည်စားသောက်ပြီးပါမှ အလုပ်ခွင်ရှိရာသို့ ပြန်လာကြ လေသည်။

ထမင်းစားချိန်နာရီဝက်ခန့်သည် ကျွန်တော်တို့ချေးတပ်သားများနှင့် စစ်သုံ့ပန်းချေးတပ်သားများအဖို့ အနား ရကြသောအချိန်ပိုင်း, နာရီပိုင်းကလေး ဟူ၍လည်း ဆိုနိုင်ပါသည်။

http://mmteashop.com



'ရွှေမျက်မှန်' ဟု ကျွန်တော်တို့ကအမည်ပေးထားသောဂျပန်သည် လိုင်း ၁ လိုင်းနှင့် ကြယ်ပွင့် ၂ပွင့်ရှိသော ဂျပန်စစ်သားတစ်ယောက် ဖြစ်လေသည်။ သူနှင့်အတူတွဲ၍တာဝန်ကျသော ဂျပန်စစ်သားမှာ လိုင်း ၁ လိုင်းနှင့် ကြယ်ပွင့် ၁ ပွင့် ဖြစ်သည်။

ဂျပန်စစ်သားများသည် ၂ယောက် ၁တွဲပြုလျက် ဘွန်ထိုက်ချိုအုပ်စုတစ်စုမှ ချွေးတပ်သားများကို ဘွန်ထိုက်ချို ဖြစ်သူနှင့်အတူ ကြီးကြပ်စေခိုင်းခြင်းပြုရလေသည်။ ထို့ကြောင့် အလုပ်ခွင်တစ်နေရာသို့ ကြည့်လိုက်လျှင် ဘွန်ထိုက်ချို ၁ ယောက်, ဂျပန် ၂ ယောက်, ဟန်ချို ၃ ယောက်မှ ၅ ယောက်အထိ ပေါင်းစပ်ပါဝင်သည်ကို တွေ့ရလေသည်။ ဤသည်မှာ ခပ်စောစောအချိန်နှင့် ခပ်စောစောရက်ပိုင်း,လပိုင်းများကအခြေအနေ ဖြစ်လေသည်။ နောက်ပိုင်း အချိန်များ၌မူ ဤလိုမဟုတ်တော့ပါချေ။

ရွှေမျက်မှန်ဂျပန်မှာ မြန်မာစကားကို ၁ လုံးစ–၂ လုံးစနားလည်၍ ကျွန်တော်နှင့် အတော်အတန် သဘောပေါက်အောင်ပြောဆိုနိုင်သည့်ဂျပန်တစ်ယောက် ဖြစ်ပါသည်။ ဂျပန်စစ်သားများထဲတွင် အတော်အတန် စိတ်သဘောကောင်းသူတစ်ယောက် ဖြစ်လေသည်။ ထို့ကြောင့် သူနှင့်ကျွန်တော်မှာ တစ်ခါတစ်ခါ အလုပ်ခွင် သစ်ပင်ကြီးများအောက်၌ လည်းကောင်း, ကျောက်ကမ္ဘူကျောက်တုံးကြီးများထက်တွင် လည်းကောင်းထိုင်ကြရင်း စပ်မိစပ်ရာစကားများကို ပြောတတ်ကြလေသည်။

မိုးတွေ သိပ်ရွာလာသည့်အခါ ကျွန်တော်က သူ့ကိုမေးကြည့်မိသည်။ ဂျပန်နိုင်ငံတွင်ရှိနေသော သားမယား များနှင့် ဂျပန်နိုင်ငံသို့ပြန်လိုစိတ် ရှိ,မရှိဆိုသောအကြောင်းပင် ဖြစ်ပါသည်။

ရွှေမျက်မှန်သည် သူ့အင်္ကျီအိတ်ထဲမှ ဓာတ်ပုံ ၂ ပုံကို ထုတ်ပြသည်။ ထိုဓာတ်ပုံ ၂ ပုံကို စက္ကူအထူများ, ပလတ်စတစ်အိတ်များဖြင့် အသေအချာရစ်ပတ်ထားသည်။ တစ်ပုံမှာ သားသယ်မိခင် အမျိုးသမီးတစ်ဦး၏ပုံ ဖြစ်သည်။ ကလေးတစ်ယောက်ကို ရင်ခွင်တွင်ပွေ့ချီထား သည်။ ဘေးတွင်လည်း ကလေး ၂ယောက်က ရပ်လျက်၊ ရှေ့မှာလည်း ကလေး ၂ယောက်ကထိုင်လျက်ဖြစ်လေသည်။

ထိုပုံမှာ ရွှေမျက်မှန်၏ ကြင်ရာသက်ထားနှင့် သားသမီးငယ်ကလေးများ၏ပုံပင် ဖြစ်လေသည်။ ဘေးတွင် ရပ်နေသော ကလေး ၂ ယောက်နှင့် ရင်ခွင်ထဲမှကလေးသည် သားကလေးများဖြစ်၍၊ ရှေ့မှ ၂ ယောက်သည် သမီးကလေးများဟု ပြောပါသည်။ သို့ရာတွင် ရင်ခွင်ထဲမှကလေးမှာ သူ ဂျပန်နိုင်ငံမှထွက်ခဲ့ရ၍ စင်ကာပူရေတပ်ကို သိမ်းပြီးသည့် ၂ ရက်အကြာ၌ မွေးဖွားခြင်းဖြစ်ကြောင်း ပြောလေသည်။ သို့ဆိုလျှင် ဖခင်ဖြစ်သူရွှေမျက်မှန်သည် ထိုသားငယ်၏မျက်နှာကိုပင် မမြင်မတွေ့ရသေး ဟု ဆိုရပေမည်။ မိခင်၏ရင်ခွင်တွင်း၌ ရှိနေသည်မှာလည်း အဝတ်များနှင့်ထွေးလျက် ချီပွေ့ထားသောပုံသာ ဖြစ်သည်။ ကလေး၏မျက်နှာတစ်ခြမ်းကိုသာ ခပ်ဝါးဝါးတွေ့ရ လေသည်။

နောက်တစ်ပုံမှာ ရွှေမျက်မှန်တို့မိသားစုပုံ ဖြစ်လေသည်။ ထိုလူစုထဲတွင် ရွှေမျက်မှန်ကိုယ်တိုင် ပါဝင်နေ သည်။ အားလုံးပေါင်း ၉ ယောက် ဖြစ်သည်။ ဂျပန်လယ်သမား အိမ်ထောင်စုတစ်စုပင်ဖြစ်ကြောင်း သူတို့အားလုံး၏ ဝတ်စားဆင်ယင်ထားမှုကပင် သိသာနိုင်ပေသည်။

'အရှေ့တောင်အာရှမှာ ဂျပန်အာဏာပိုင်တို့ စစ်စိတ်စိတ်သွေးကြွလျက် စစ်ရေးစစ်ရာခင်းကျင်းသည့်အခါ ဂျပန်ပြည်သူတောင်သူလယ်သမားများမှာလည်း ကောက်ဆွနှင့် တံစဉ်ကိုလက်လွှတ်လျက် လုသတ်လက်နက်ကို ကိုင်ဆောင်ကာ စစ်မြေပြင်ရှိရာသို့ထွက်ခဲ့ရရှာပါကလား' ဟူ၍ တွေးစရာ ဖြစ်ခဲ့ရလေသည်။

ထိုနေ့က တစ်နေ့လုံးပင် မိုးရွာသွန်းနေလေသည်။ ညနေပိုင်းသို့ရောက်ခဲ့သည့်တိုင် မိုးမှာ ရပ်စဲမသွားဘဲ တစိမ့်စိမ့်တဖွဲဖွဲ ရွာသွန်းနေဆဲပင်ဖြစ်သည်။ ဤလို မိုးတစိမ့်စိမ့်တဖွဲဖွဲ ရွာသွန်းနေသည့်အခါ၌လည်း အခြေအနေမှာ ပိုမိုကာ ဆိုးရွားလာသည်။ မိုးသည်းထန်စွာရွာသွန်းနေစဉ်အခါက မည်သို့မျှမဖြစ်သော်လည်း မိုးပါးသွား၍ တစိမ့်စိမ့်

http://mmteashop.com



တဖွဲဖွဲလောက်ရွာသွန်းသည့်အခါမှ ဖြုတ်များနှင့်တောခြင်ကြီးများသည် တစီစီပျံသန်းလာလျက် ကျွန်တော်တို့အား ကိုက်ခဲခြင်းပြုကြလေသည်။ ထိုအခါ ချွေးတပ်သားများအနေဖြင့် အလုပ်ကိုလုပ်ကြရသည်က တစ်ဘက်, ဖြုတ်နှင့် ခြင်များကို ရိုက်နှက်ရသည်ကတစ်ဘက် ဖြစ်နေလေတော့သည်။

ဤလိုနှင့် ၅ နာရီခွဲသည့်အခါ ကျွန်တော်တို့အားလုံးပင် ကိုယ့်အဆိုင်းနှင့်ကိုယ် လူတွဲလျက် အလုပ်ခွင်အတွင်းမှ တက်ရောက်ခဲ့ကြလေသည်။

စခန်းရောက်သည့်အခါ ချွေးတပ်သားများအားလုံးပင် တဲတန်းလျားကြီးများရှိရာသို့ ချက်ချင်းမသွားရသေး။ ထုံးစံအတိုင်း လက်နက်ပစ္စည်းဂိုဒေါင်ရှေ့ရှိ မြေကွက်လပ်တွင် အတွဲလိုက်, အုပ်စုအလိုက် လူစုခွဲလျက် တန်းစီနေကြရသည်။

နံနက်ပိုင်းက မိမိတို့ထုတ်ယူသွားကြသော ရဲဒင်း, ပုဆိန်, လွ, ဓားမ, ပေါက်ချွန်း, သံတူရွင်း စသော ပစ္စည်းများကို သက်ဆိုင်ရာအလုပ်ခွင်ကြီးကြပ်ရေး ဂျပန်စစ်သားများနှင့်အတူ ဂိုဒေါင်တာဝန်ခံဂျပန်များထံ ပြန်လည်အပ်နှံခြင်း ပြုကြရလေသည်။ ဤလို ပစ္စည်းအပ်နှံခြင်းပြုကြသည့်အခါ၌ပင် အလုပ်ဆိုင်းတစ်ဆိုင်းမှ ဓားမကြီး တစ်ချောင်းလိုနေသည့် အတွက် ပြဿနာပေါ်ပါလေတော့သည်။

ဂိုဒေါင်တာဝန်ကျ ဂျပန်စစ်သားမှာ 'ရာတာနာရှိ'ဟူ၍ ကျွန်တော်ထင်သည်။ ကောင်းစွာ မမှတ်မိတော့ပါ။ ၁ လိုင်း ကြယ် ၂ ပွင့်အဆင့် ဟူ၍ထင်သည်။

အစဦး၌သော် ထိုဓားမကြီးတစ်ချောင်းလိုနေခြင်းအတွက် သူတို့ဂျပန်အချင်းချင်း ပြဿနာပေါ်လေသည်။ နောက်တော့ အချင်းချင်း ပြဿနာပြီးငြိမ်းသွားလျက် သိုးငယ်များဖြစ်ကြသောချွေးတပ်သားများဘက်သို့ ထုံးစံအတိုင်း မြားဦးလှည့်လာလေသည်။

ထိုအချိန်က ကျွန်တော့်နှင့် ဘွန်ထိုက်ချိအချို့တို့မှာ တဲလိုင်းကြီးများသို့ပင် ရောက်ရှိနေကြလေပြီ။ သို့ရာတွင် ထိုဓားမကြီးတစ်ချောင်းကိစ္စအတွက် ကျွန်တော်နှင့် ဘွန်ထိုက်ချိများကို စကားပြန်သူငယ်က လာရောက်၍ခေါ်ငင်သဖြင့် ချွေးတပ်သားများစုဝေးနေရာမြေကွက်လပ်သို့ လိုက်ခဲ့ရပြန်ပါသည်။

ဂျပန်စစ်သားများသည် ကျွန်တော်နှင့် ဘွန်ထိုက်ချိ ဟန်ချိ စသူများကိုလည်းကောင်း၊ ချွေးတပ်သားများအားလုံးကိုလည်းကောင်း အုပ်စုခွဲလိုက်ပြီးနောက် ဂိုဒေါင်အဆောက်အအုံရှေ့ မြေကွက်လပ်တွင် ရပ်တန့်နေစေပါသည်။

ထိုအချိန်က မိုးမှာ သဲလိုက်ဖွဲလိုက်ဖြစ်နေပါသည်။ အမှောင်ရိပ်များကလည်း ဝင်ရောက်စပြုလေပြီ။ ထိုအမှောင်ရိပ်များနှင့်အတူ ခြင်များ, ဖြုတ်များ, မှက်များကလည်း တစီစီရောနှောလိုက်ပါလာလျက် ကျွန်တော်တို့အား ကိုက်ခဲခြင်းပြုကြလေသည်။

ဂျပန်များသည် ကုမေကာကိုစောင့်ဆိုင်းနေကြခြင်း ဖြစ်ဟန်တူလေသည်။ သို့ရာတွင် သူတို့အားလုံးသည် ကျွန်တော်တို့ကို မိုးရေအောက်၌ မဟုတ်ကြပါ။ စစ်တန်းလျားပုံဆောက်လုပ်ထားသော ဘေးကာမရှိသည့် တဲလိုင်းထဲတွင် တချို့, ဂိုဒေါင်ရှေ့မျက်နှာစာအမိုးအောက်တွင် တချို့ ဖြစ်လေသည်။ ထိုနေရာများတွင် ဝါးကိုလုပ်ထားသော တန်းလျားထိုင်ခုံများ, မီးဖိုကြီးများရှိလေသည်။ အချို့သော ဂျပန်များသည် တန်းလျားထိုင်ခုံထက်တွင် ဆေးလိပ်ထိုင်သောက်နေကြသည်။ တချို့မှာ ဖိနပ်နှင့် မိုးကာများကို မီးကင်လျက်ရှိနေကြသည်။

ထိုအချိန်၌ပင် မိုးမှာလည်း အပြင်းအထန်ရွာသွန်းလာပြန်သည်။ ကျွန်တော်တို့အားလုံးသည် မိုးရေမိုးပေါက်များအောက်ဝယ် ခြင်ကိုက်, ဖြုတ်ကိုက်ကိုခံရလျက် ရပ်နေကြရလေသည်။ ကျွန်တော်တို့အဖြစ်သည် အရှင်လတ်လတ် ငရဲရောက်နေသလား ထင်ရလေသည်။

ကျွန်တော်တို့အားလုံးမှာ မိုးရေမိုးပေါက်များအောက်၌ ရပ်မြဲရပ်နေကြရလေသည်။ ကျွန်တော့်အထင်ပြောရသော် ဤအဖြစ်သည် ကျွန်တော်တို့အားလုံးအဖို့ တစ်နာရီထက် အချိန်မနည်းလေတော့ဟု ကျွန်တော်တွက်ဆ

http://mmteashop.com



မိပါသည်။ သို့ရာတွင် ဂျပန်စစ်သားများအနေဖြင့်မူ ကျွန်တော်တို့တစ်စုအား သူတို့မျက်မှောက်၌ရှိနေသည်ဟူ၍ပင် သဘောပိုက်ဟန်မတူပါချေ။

ယခင်ယခင်အခါများကမူ ချွေးတပ်သားများတွင် အပြစ်တစ်စုံတစ်ရာရှိသဖြင့် ဒဏ်ပေးဒဏ်ခတ်ခြင်း ပြုသည့်အခါ အပြစ်ရှိသူချွေးတပ်သားများကိုသာ ဒဏ်ပေးဒဏ်ခတ်ခြင်းပြုတတ်ကြသော်လည်း ယခုမူကား ဤသို့မဟုတ်လေတော့။ ဓားမကြီးတစ်ချောင်းပျောက်ရှရခြင်းအတွက် ကျွန်တော်တို့စခန်းတစ်ခုလုံးရှိ ဘွန်ထိုက်ချိုများ၊ ဟန်ချိုများ၊ ချွေးတပ်သားများကိုသာမက၊ ဝါဒပြန့်ချိရေးမှူးဖြစ်သော ကျွန်တော့်ကိုပင် အပြစ်ဒဏ်ခတ်ခြင်း ပြုပါလေတော့သည်။

ထို့ကြောင့်လည်း ချွေးတပ်စခန်းများ၌ လက်နက်ကိရိယာ တစ်စုံတစ်ရာပျောက်ရှခဲ့လေသော်၊ ဂျပန်များအဘယ်အထိ အရေးတကြီးသဘောထားကြသည်။ ချွေးတပ်သားများအပေါ် အဘယ်အတိုင်းအတာအထိ အပြစ်ဒဏ်ပေးကြသည်ဆိုခြင်းကို စာဖတ်သူများသဘောပေါက်လေအောင် အဖြစ်အမှန်အတိုင်း တင်ပြရခြင်းသာဖြစ်လေသည်။

အချိန်ကြာညောင်းလာသည့်အခါ ကျွန်တော်တို့အားလုံးပင် ခိုက်ခိုက်တုန်အောင် ချမ်းစီးလာလေသည်။ ခြေသလုံးကြွက်သားများပင် တောင့်လျက်ကိုက်ခဲလာရတော့သည်။

ကျွန်တော့်မှာ ဂျပန်ကပေးထားသော မိုးကာအင်္ကျီကြီးကို ကိုယ်ပေါ်တွင်လွှမ်းခြုံထားနိုင်သော်လည်း အချိန်ကြာလာသောအခါ၌မူ ထိုအဖြစ်သည်ပင် ပို၍မသက်မသာရှိလှသည်ဟု ထင်မြင်မိလေသည်။ စင်စစ် ကျွန်တော့်ကိုယ်ပေါ်ရှိ ဂျပန်မိုးကာကြီးကပင် တစ်ချိန်ထက်တစ်ချိန်မ တစ်စထက်တစ်စ ပို၍ပို၍ လေးလံလာလေသည်။ ထိုအခါ ကျွန်တော့်မှာ ကြီးမားသောဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းပိုးထားရသူတစ်ယောက်ပမာလည်း ဖြစ်နေပါလေတော့သည်။

အမှောင်ရိပ်များသည် ခပ်စောစောအချိန်ကထက် ပိုမိုရင့်ကျက်လာသည်။ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်ကြီး၊ ဝါးပင်ကြီးများမှာလည်း ပြင်းထန်သောမိုးသက်လေပြင်း၏အဟုန်အရှိန်ကြောင့် တသိမ့်သိမ့်တရှုံ့ရှုံ့ ရိုက်ခတ်မြည်ဟည်းလျက်ရှိလေသည်။

ထိုကဲ့သို့ရှိနေစဉ်၌ပင် ကျောက်တောင်ကုန်းထက်ရှိ ဂျပန်စစ်ဗိုလ်ရာမာမိုတို၏အိမ်ငယ်ဆီမှ ဆင်းသက်လာသော ကုမေကာကို မြင်လိုက်ရသည်။ မကြာမီအချိန်ကလေးအတွင်း၌မှာပင် ကုမေကာသည် ကျောက်တောင်ကုန်းခြေအောက်ခြေရှိ စစ်တန်းလျားအတွင်းသို့ ရောက်ရှိလာလေသည်။

ဂျပန်စစ်သားများသည် ထိုင်ရာမှထလျက် ကုမေကာအား အလေးပြုလိုက်ကြသည်။ ပြီးလျှင် သူတို့သည် ကုမေကာအား အကြောင်းတစ်စုံတစ်ရာကို အစီရင်ခံပြောကြားခြင်း ပြုကြသည်။ သူတို့ပြောကြားသောအကြောင်းအရာသည် ဓားမကြီးပျောက်ဆုံးကြောင်းပင် ဖြစ်လိမ့်မည်ဟု ကျွန်တော်ကယူဆလိုက်မိပါသည်။

အချိန် သိပ်မကြာလှ။ ဂျပန်စစ်ဗိုလ် ကုမေကာသည် သူ၏နောက်ပါ ဂျပန်စစ်သားများအတွ စကားပြန်သူငယ်ကိုပါခေါ်ဆောင်လျက် ကျွန်တော်တို့အားလုံး စီတန်းရပ်နေသည့်နေရာသို့ လျှောက်လာလေသည်။

ကုမေကာသည် လူအုပ်အတွင်းမှ ပထမဦးစွာ ကျွန်တော့်ကိုရွေးထုတ်လိုက်သည်။ ပြီးလျှင် စစ်တန်းလျားအဆောက်အအုံအတွင်းသို့ ဝင်ရောက်၍နေစေပါသည်။ သဘောမှာ 'ကျွန်တော်သည် ဝါဒဖြန့်ချိရေးမှူးတစ်ယောက်သာလျှင်ဖြစ်သောကြောင့် ဓားမကြီးပျောက်ဆုံးသောကိစ္စ၌ မည်သို့မျှ အကျုံးမဝင် မသက်ဆိုင်' ဟူသောသဘောပင် ဖြစ်ဟန်တူလေသည်။

ပြီးလျှင် ဟန်ချိုနှင့် ဘွန်ထိုက်ချို စသူများကိုလည်း လူအုပ်ထဲမှ ခွဲထုတ်လိုက်ပြန်သည်။ သူတို့ကိုမူ တသီးတခြားရပ်နေစေပါသည်။ ထို့နောက် စကားပြန်သူငယ်မှတစ်ဆင့် ဟန်ချိုနှင့် ဟန်ထိုက်ချိုများအား ဓားမပျောက်ဆုံးခြင်းအကြောင်းကို စစ်ဆေးမေးမြန်းခြင်းပြုလေသည်။ သို့ရာတွင် မည်သည့် ဟန်ချို၊ ဘွန်ထိုက်ချိုကမျှ ၎င်းတို့အဆိုင်းအတွဲကြောင့် ပျောက်ရှရခြင်း ဖြစ်ပါသည်' ဟူ၍ကား ဝန်ခံခြင်းမပြုကြပေ။ အားလုံးကပင် မိမိတို့

http://mmteashop.com



အပေါ်သို့ကျရောက်လာမည့်အပြစ်အတွက် 'ဘူး'ကွယ်ခြင်းပြုကြလေသည်။

စင်စစ် ဤသို့ဖြစ်ရသည်မှာလည်း တခြားကြောင့် မဟုတ်ပေ။ မူလပထမ လက်နက်ကိုင် စတိုအတွင်းမှ ပစ္စည်းများကို ထုတ်ပေးခြင်းပြုလိုက်စဉ်အခါကပင် စာရင်းအင်း ဟူ၍ရှိပင်ရှိသော်လည်း ထိုစာရင်းသည် စုပေါင်းလျက် ရေးမှတ်ယူငင်ထားလိုက်သည့် စာရင်းမျှသာဖြစ်လေသည်။ 'မည်သည့်ဟန်ချို့, မည်သည့်ဘွန်ထိုက်ချို့ အဆိုင်းက ဓားအဘယ်မျှထုတ်သည်။ လွှအဘယ်နှစ်ချောင်းယူသည်။ ပေါက်ဆိန်, ပေါက်ပြား, ပေါက်ချွန်း အဘယ်မျှအဘယ်မျှ ယူသည်, ဆိုခြင်းကိုမူ ခွဲခြားရေးမှတ်လိုက်သောစာရင်း မဟုတ်ခြင်းကြောင့်ပင် ဖြစ်လေသည်။

ဤတွင် ၁ ကြိမ်က ၂ကြိမ်, ၂ကြိမ်က ၃ကြိမ်, ၃ ကြိမ်က ၄ကြိမ် စသည်ဖြင့် ထပ်တလဲလဲ မေးမြန်း စစ်ဆေး၍ တရားခံမပေါ်သည့်အခါ ဂျပန်စစ်ဗိုလ် ကုမေကာသည် သူ့ထုံးစံအတိုင်း မျက်နှာကြီးနီးမြန်းလာလေ သည်။ ကုမေကာ၏ နှုတ်ဖျားမှ ဆဲရေးတိုင်းထွာသော အသံများမှာလည်း ကျားတစ်ကောင်၏ ဟိန်းဟောက်သံနှင့် မခြား ပေါ်ထွက်လာသည်။ ကုမေကာ၏လက်တစ်ဖက်သည် ဘွန်ထိုက်ချို့နှင့် ဟန်ချို့များ၏ပါးပေါ်သို့ တဖျန်းဖျန်း ကျရောက်လေတော့သည်။

ဤသို့နှင့် အားမရသောကုမေကာသည် သူ့အနီးတွင်ရှိသော ဂျပန်စစ်သားများအား တစ်စုံတစ်ရာကို အမိန့်ပေး ပြောကြားလိုက်လေသည်။ ထိုအခါ ဂျပန်စစ်သား ၃ယောက်သည် တဲတန်းလျားအတွင်းသို့ ခပ်သွက်သွက် ဝင်ရောက် သွားကြလေသည်။ သူတို့တဲအတွင်းမှပြန်ထွက်လာသည့်အခါ၌မူ လက်ထဲတွင် ဝါးရင်းတုတ်တစ်ချောင်းကျစီ ပါရှိလာလေသည်။

သို့ရာတွင် တစ်ခုရှိသည်မှာ ဤအချိန်အထိအောင်ပင် ဘွန်ထိုက်ချို့နှင့် ဟန်ချို့များ နောက်ပိုင်းတွင် တန်းစီ ရပ်နေကြရရှာသော ချွေးတပ်သားအများစုကြီးကိုမူကား တစ်စုံတစ်ရာမေးမြန်းစစ်ဆေးခြင်း, ရိုက်နှက်ခြင်းမပြုသေးချေ။

မကြာမီပင် ကုမေကာသည် ဟန်ချို့နှင့် ဘွန်ထိုက်ချို့များအား တစ်ယောက်စီတစ်ယောက်စီ ထပ်မံစစ်ဆေးခြင်း ပြုပြန်ပါသည်။ ထိုအခါ ဟန်ချို့နှင့် ဘွန်ထိုက်ချို့များကလည်း သူတို့အုပ်စု, သူတို့အဆိုင်းကြောင့် ပျောက်ရှရခြင်း မဟုတ်ကြောင်း၊ ရှေးနည်းတူ ဖြေကြားခြင်းပြုကြပြန်လေသည်။

ဤသို့ ဖြေကြားသူတိုင်းကိုလည်း ဝါးရင်းတုတ်ကိုင်ထားသော ဂျပန်စစ်သား ၃ ယောက်တို့က တစ်အားလွှဲ၍ လွှဲ၍ ၃ ချက်တိတိ တင်ပါးထက်သို့ရိုက်နှက်ခြင်း ပြုလေသည်။ အရိုက်အနှက်ခံရရှာသူ ဟန်ချို့နှင့် ဘွန်ထိုက်ချို့ များကလည်း ငယ်သံပါအောင်အော်ဟစ်ကြလေသည်။

ထိုအဖြစ် ဖြစ်စဉ်အခါက ကျွန်တော်တို့ချွေးတပ်စခန်းတွင် ဟန်ချို့ ၁၄–၅ ယောက်နှင့် ဘွန်ထိုက်ချို့ ၅ ယောက် –၆ ယောက်ခန့်ရှိလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

သည်လိုနှင့်ပင် ဟန်ချို့နှင့် ဘွန်ထိုက်ချို့များ လူစေ့တက်စေ့ တစ်ပတ်ပြီးသွားတော့သည်။

အချိန်မှာလည်း လုံးဝပင် အမှောင်ဖုံးသွားလေပြီ။ မီးသည် အပြင်းအထန်ရှာသွန်းခြင်းမှရပ်စဲလျက် တစိမ့်စိမ့်တဖွဲဖွဲရွာသွန်းနေဆဲပင် ဖြစ်လေသည်။

ဂျပန်စစ်ဗိုလ် ကုမေကာမှာလည်း ဟန်ချို့နှင့် ဘွန်ထိုက်ချို့များအား နောက်ထပ်တစ်ဖန် စစ်ဆေးမေးမြန်းခြင်း ပြုပြန်လေသည်။ သူသည်' ဘွန်ထိုက်ချို့များထဲမှ ထိပ်ဆုံးတွင်ရှိနေသောဘွန်ထိုက်ချို့တစ်ယောက်အား စတင် မေးမြန်းခြင်း ပြုပြန်လေသည်။ အမေးအမြန်းခံရသူမှာ ဘွန်ထိုက်ချို့ လူရိုးကြီးကိုသာမြိုင်ပင် ဖြစ်လေသည်။

ကိုသာမြိုင်ကလည်း ရှေးနည်းအတိုင်းပင် သူ့အဖွဲ့မှလူများကြောင့် ဓားမကြီးပျောက်ဆုံးရခြင်းမဟုတ်ကြောင်း ထပ်မံပြောဆိုခြင်း ပြုပြန်လေသည်။ ဤတွင် ဝါးရင်းတုတ်ကိုင် ဂျပန်စစ်သားများထဲမှ တစ်ဦးသောဂျပန်စစ်သား ကလည်း ရှေးနည်းအတိုင်း ကိုသာမြိုင်၏တင်ပါးထက်သို့ ချိန်ရွယ်လျက် ဝါးရင်းတုတ်ဖြင့် တဖုံးဖုံးရိုက်နှက်ခြင်း ပြုပြန်လေသည်။ သည်လိုနှင့် တစ်ယောက်ပြီးတစ်ယောက်, တစ်ယောက်ပြီးတစ်ယောက် လူကုန်သွားပြန်လေသည်။

http://mmteashop.com



ဤအချိန် အထိအောင်လည်း စားမကြီးကိစ္စမှာ တရားခံမပေါ်ဘဲရှိနေဆဲပင် ဖြစ်ပေသည်။

'ဂျပန်စစ်ဗိုလ် ကုမေကာသည် ဤလိုပင် စားမကြီးပျောက်ဆုံးမှု တရားခံမပေါ်သမျှ နိပ်စက်ညှဉ်းပန်းနေလေမလား။ ဤလိုနှင့် မိုးစင်စင်လင်းသည့်တိုင် မိုးရေမိုးပေါက်များအောက်၌ ဝဋ်ဒုက္ခအခံခိုင်းထားလေမလား' ဟူ၍ ကျွန်တော် တွေးလိုက်မိလေသည်။

ကျွန်တော်သည် စစ်တန်းလျားထဲတွင် တစ်ယောက်တည်းထိုင်နေရာမှ ထိုဖြစ်ရပ်ထိုကိစ္စအတွက် ထွက်ပေါက်ရလိုရငြား၊ အပြေ တွေ့လိုတွေ့ငြား အကြံဉာဏ်ထုတ်လိုက်မိလေသည်။

'တရားခံသည် ကျွန်တော်ပင်ဖြစ်ကြောင်း။ ကျွန်တော့်ကြောင့်ပင် ထိုစားမကြီးသည် စမ်းချောင်းအတွင်းသို့ ကျသွားသည်' ဟုပြောရလျှင် ကောင်းလေမလား။ ဤလိုလည်း ကျွန်တော်တွေးလိုက်မိပါသည်။

စိတ်ကူးယဉ်မဟုတ်သော လက်တွေ့လုပ်ဆောင်ရမည့်အရေးကိစ္စများသည် စိတ်ကူးသလို ခပ်လွယ်လွယ်နှင့် လုပ်ဆောင်၍ကား မဖြစ်နိုင်ပါချေ။

ကျွန်တော်က ထိုကဲ့သို့ပြောသည့်တိုင် ဂျပန်စစ်ဗိုလ်ကုမေကာသည် ခပ်လွယ်လွယ်လက်ခံပါမည်လော။ ပြီးလျှင် ထိုကိစ္စတွင် ကျွန်တော့်ထက်တာဝန်ပိုရှိ၍ ကျွန်တော့်ထက် ဖြစ်နိုင်၊ ယုံကြည်နိုင်ရန် အကြောင်းယုတ္တိရှိကြသော ဘွန်ထိုက်ချိများကပင် သူတို့အပေါ်ကျရောက်လာမည့်အပြစ်အတွက် ခါးခါးသီးသီးငြင်းဆန်လျက်ရှိနေကြလေသည်။

ကျွန်တော့်စိတ်အထင်ကို ပြောရပါလျှင် 'ထိုကိစ္စ၌ ဘွန်ထိုက်ချိတစ်ယောက်ယောက်က သော်လည်းကောင်း၊ ဟန်ချိတစ်ယောက်ယောက်က သော်လည်းကောင်း တစ်နည်းနည်းဖြင့် 'သူ့အပြစ်ပါ' ဟူ၍ စားစာခံလုပ်လိုက်လျှင်လည်း ကျန်သောချေးတပ်သားပေါင်းမြောက်မြားစွာနှင့် ကျန်သော ဘွန်ထိုက်ချိ၊ ဟန်ချိ စသူများမှာ ယခုလို မိုးရေမိုးပေါက်အောက်တွင် အချိန်ကြာမြင့်လှစွာ ဆင်းရဲဒုက္ခခံစားနေရသောအပြစ်မှ လွတ်မြောက်သွားပေလိမ့်မည်'ဟူ၍လည်း ကျွန်တော် တွေးလိုက်မိပါသည်။

သို့သော် ဤလို ထင်မြင်ယူဆချက်ဟူသည်မှာလည်း ကျွန်တော်အထင်၊ ကျွန်တော့်အတွေးမျှသာ ဖြစ်လေသည်။ ကျွန်တော်စိတ်ကူးသလို ပြောလိုက်သည့်အတွက် ထိုတရားခံအဖြစ် တာဝန်ယူလိုက်သူအပေါ်တွင် နောက်ထပ်လျက်ကျရောက်လာမည့်အန္တရာယ်မှာမူ အဘယ်ထိနက်ရှိုင်းလိမ့်မည်၊ အဘယ်ထိ ကြောက်ဖွယ်ဖြစ်လိမ့်မည်ဆိုခြင်းကိုကား ကျွန်တော်ကိုယ်တိုင်မှာလည်း တပ်အပ်သေချာ မတွေးတောမသိရှိနိုင်သည့်အဖြစ်မျိုးသာ ဖြစ်လေသည်။

ကျွန်တော်တို့အားလုံးသည် ခုချိန်ထိ တဲလိုင်းများပေါ်သို့ မတက်ရောက်ကြရသေးချေ။ ညစာထမင်းလည်း မစားသောက်ရသေးချေ။ ဘွန်ထိုက်ချိနှင့် ဟန်ချိအပါအဝင်ဖြစ်ကြသော ချေးတပ်သားများအားလုံးမှာလည်း မိုးရေမိုးပေါက်များအောက်၌ အကြောအချဉ်များတောင့်လျက် သွေးအသွားအလာများရပ်ဆိုင်းမလောက် ရပ်နေကြရတုန်းပင် ဖြစ်လေသည်။

ထိုအတွင်း ကုမေကာသည် နောက်ထပ်၍ အစီအစဉ်တစ်ခုကိုပြုလုပ်ပြန်လေသည်။

သူသည် ဘွန်ထိုက်ချိ၊ ဟန်ချိစသူများနှင့် ကျွန်တော့်ကိုပါ ကညင်ဆီချောင်းများနှင့် ဝါးလုံးများကို မီးရှို့မီးညှိခြင်းပြုစေပြီးနောက် အလုပ်တာဝန်ကျသောဂျပန်စစ်သားများနှင့်အတူ နေ့ဘက်က ကျွန်တော်တို့တစ်တွေ အလုပ်လုပ်ခဲ့သော တောကြီးမြက်မည်းထဲသို့ စားမပျောက်ကိုရှာဖွေခြင်းပြုစေရန် စေလွှတ်လိုက်လေသည်။

ချေးတပ်သားများမှာမူ တဖွဲဖွဲရွာသွန်းနေသော မိုးရေမိုးပေါက်များအောက်၌ပင် မူလအတိုင်း ရပ်ကျန်ရစ်ခဲ့ကြလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိ၊ ဟန်ချိများသည် ကျောက်တောင်ကြီးများအနီးတစ်ဝိုက်၌ လည်းကောင်း၊ ရထားလမ်းဖောက်လုပ်ခဲ့သော နေရာတစ်ဝိုက်၌ လည်းကောင်း၊ ဇလီဖားတုံးများနှင့် တံတားတိုင်များခုတ်ထွင်

http://mmteashop.com



ဖြတ်တောက်သောနေရာတစ်ဝိုက်၌ လည်းကောင်း ဓားမပျောက်ကို လှုစုခွဲလျက် လိုက်လံရှာဖွေခြင်း ပြုကြရလေသည်။

ကျွန်တော်, ဘွန်ထိုက်ချိုကိုသာမြိုင်, ကိုမောင်စိန်နှင့် ဟန်ချိုကိုချစ်တီး, မောင်အေး, ထွန်းကြိုင် စသူများမှာ အတွဲတစ်တွဲ ဖြစ်လေသည်။ မိုးက တဖွဲဖွဲရွာသွန်းနေသည့်အခါ ကျွန်တော်၏လက်တွင်းရှိ ကညင်ဆီမီးချောင်းများနှင့် ဝါးစည်းမီးတုတ်များမှာလည်း တဖျစ်ဖျစ်တရှဲရှဲ အသံမြည်တောက်လောင်လျက်ရှိလေသည်။

ဝါးလုံးအခြောက်များနှင့် သစ်ကိုင်းအခြောက်များကို မီးရှို့ထားသော မီးစည်းများမှာမူ ကြာရှည်စွာမခံပါချေ။ မကြာခဏအတွင်း၌ပင် မီးငြိမ်းမီးသေ၍သွားလေသည်။ ထိုအခါ ကျွန်တော်တို့သည် ကညင်ဆီမီးချောင်းများကို အားကိုးအားထားပြုရလျက် စမ်းတဝါးဝါး မမြင်မစမ်းနှင့်ပင် ဓားမပျောက်ကို လိုက်လံရှာဖွေခြင်း ပြုကြရလေသည်။

မိုးက တဖွဲဖွဲရွာသွန်းနေသည်။ ဖြုတ်များ, ခြင်များကလည်း တဝီဝီပျံသန်းလာလျက် ကိုက်ခဲခြင်းပြုလေသည်။ ကျွန်တော်တို့နှင့် အတူလိုက်ပါလာသော အလုပ်တာဝန်ကျဂျပန်စစ်သားများကလည်း ဝါးရင်းတုတ်များကိုယ်စီကိုင်လျက် တရူးရူးတကားကား ဆဲဆိုရေရွတ်ခြင်းပြုလေသည်။

ကျွန်တော်တို့သည် အချိန်တစ်နာရီခန့်နီးနီး ဓားမပျောက်ကို လိုက်လံရှာဖွေခြင်းပြုကြရသည်။ သို့ရာတွင် မည်သို့မျှ အကြောင်းထူးခြားခြင်းမရှိပါချေ။ အချည်းနှီးအဖြစ်နှင့်ပင် စခန်းသို့ နောက်ဆုံး ပြန်ခဲ့ကြရလေသည်။

ဤလိုနှင့် ကျွန်တော်တို့ ပြန်ရောက်သွားသောအချိန်၌ပင် ခပ်စောစောကကွက်လပ်ကြီးတွင် တန်းစီနေကြရသော ချွေးတပ်သားများကို မတွေ့ရတော့ချေ။ သူတို့အားလုံးပင် တဲတန်းလျားကြီးများအတွင်းသို့ ရောက်ရှိနေကြပေပြီ။

ချွေးတပ်သားများ တဲတန်းလျားပေါ်သို့ ပြန်လည်ရောက်ရှိသွားကြသည်မှာလည်း ဂျပန်စစ်ဗိုလ် ကုမေကာသဘောနှင့် ပြန်လွှတ်လိုက်ခြင်းမဟုတ်ပါချေ။ စစ်ဗိုလ်ရာမာမိုတို၏ အမိန့်ပေးပြောကြားချက်အရ သွားခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း စကားပြန်ကလေးမောင်အေးချိုထံမှတစ်ဆင့် ကျွန်တော် သိရလေသည်။

ကုမေကာသည် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအား ဆဲဆိုရေရွတ်ခြင်းပြုပြီးနောက် သွားခွင့်ပေးလိုက်လေသည်။ 'ပျောက်နေသောဓားမကြီးကို မနက်ဖြန်တွင် ပြန်လည်ရရှိအောင် ရှာဖွေခဲ့ရမည်' ဟူ၍လည်း စကားပြန်သူငယ်မှ တစ်ဆင့် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအား ပြောကြားခြင်းပြုလေသည်။

အထက်ပါဖြစ်ရပ်သည် ကျွန်တော်နှင့်အတူ ချွေးတပ်သားများ ယိုးဒယား-မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်ရာတွင်ကြုံတွေ့ခဲ့ကြရသော ဓားမကြီးတစ်ချောင်းပျောက်ရှသည့်ကိစ္စပင် ဖြစ်လေသည်။

http://mmteashop.com

## ချွေးတပ်သားနှင့် စစ်သုံ့ပန်းများ

မိုးကုန်ပြီး၍ ဆောင်းဦးပေါက်သို့ရောက်ခဲ့သောညတစ်ညပင် ဖြစ်လေသည်။

အချိန်မှာ ည ၁၁ နာရီထက်မနည်းတော့ဟု ကျွန်တော်ထင်ပါသည်။ ချွေးတပ်သားများအားလုံးမှာလည်း ထိုအချိန်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသောအချိန်ပင် ဖြစ်လေသည်။

ထိုအချိန်၌ ကျွန်တော်တို့စခန်းတွင် မိုးရာသီနှင့် နွေရာသီကလောက် ချွေးတပ်သားများ မများတော့ပါပေ။ *ဆောင်းဦးရာသီသို့ ဝင်ရောက်လာသည်ဆိုလျှင်ပင် ဂျပန်တို့သည်* ချွေးတပ်သားများအား အသုတ်လိုက် အသုတ်လိုက် လူစုခွဲလျက် အလုပ်စခန်းအသီးသီးသို့ ဖြန့်ပို့ကြလေသည်။

ဂျပန်တို့၏သဘောမှာ မိုးကုန်၍ ဆောင်းပေါက်လာပြီဖြစ်သောကြောင့်လည်း မီးရထားလမ်းကြီးကို အားတိုက် ခွန်တိုက်ဖောက်လုပ်ခြင်းပြုကြမည်သဘောပင် ဖြစ်လေသည်။ ထို့ကြောင့်ပင် အလုပ်များပြားသည့်စခန်းများသို့ ချွေးတပ်သားများအား နေ့စဉ်နေ့တိုင်းအပြောင်းအလဲလုပ်လျက် လူစုခွဲပို့နေခြင်းသာ ဖြစ်လေသည်။

ကျွန်တော်နေထိုင်သော တပ်ဒိန်စခန်းရှိ တဲလိုင်းကြီးများပေါ်၌လည်း ယခင်မိုးရာသီတုန်းအခါကလောက် ချွေးတပ်သားများနှင့် ပြွတ်သိပ်ကျပ်မနေတော့ပါချေ။ အတော်ပင်လူနည်းပါးသွားလျက် အတော်အတန် အသက်ရှူ ပေါက် ချောင်ချိသွားလေသည်။

ကျွန်တော်တို့စခန်း၏အနီးအပါးတစ်ဝိုက်တွင်မူ တံတားကြီးများဆောက်လုပ်ရန် ကျန်ရှိနေသေးခြင်းနှင့် ဇလီဖားတုံးများချခြင်း၊ သံလမ်းခင်းခြင်း၊ ကျောက်တုံးများခင်းခြင်းစသောအလုပ်များ ကျန်ရှိနေလေသည်။

သို့ရာတွင် 'သံလမ်းချခြင်းနှင့် ဇလီဖားချခြင်း အလုပ်တာဝန်များကိုမူ ချွေးတပ်သားများကလုပ်ရသည် နည်းလျက်၊ စစ်သုံ့ပန်းများနှင့် ဂျပန်များကိုယ်တိုင်လုပ်ကိုင်သည်က များလေသည်' ဟု အထက်က ကျွန်တော် ဆိုခဲ့ပါသည်။ တစ်ဖန် တံတားကြီးများဆောက်လုပ်သည့်ကိစ္စ၌မူ ဂျပန်များနှင့် စစ်သုံ့ပန်းတို့ချည်း ပြီးစီးသောကိစ္စ မဟုတ်ပြန်ပါချေ။ ကြီးမားလေးလံသော တံတားတိုင်ကြီးများကိုစိုက်ထူခြင်း၊ သယ်ယူခြင်း၊ ထမ်းပိုးခြင်းပြုရာ၌မူ အလုပ်ကြမ်းသမားများဖြစ်ကြသော ချွေးတပ်သားများနှင့် ဆင်ဦးစီးများ၊ ဆင်ကြီးများကို အသုံးချခြင်းပြုကြရလေ သည်။

ဆိုခဲ့သည့်အတိုင်း ည ၁၁ နာရီကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ကျွန်တော်သည် အိပ်ရာထက်တွင်လှဲလျက် အိပ်ပျော်တစ်ချက် မပျော်တစ်ချက် ရှိနေလေသည်။ ထိုအခိုက်၌ပင် ကျွန်တော်နေသော တဲတန်းလျားကြီး၏အဝင် ပေါက်ဝ တစ်ဘက်မှနေလျက် မီးစည်းမီးတိုင်များ ကိုင်ဆောင်ဝင်ရောက်လာသော ဂျပန်များနှင့်အတူ စစ်သုံ့ပန်းချွေး တပ်သားများကို တွေ့မြင်လိုက်ရလေသည်။

ကျွန်တော်တို့စခန်းရှိ စကားပြန်သူငယ်ကလေးကလည်း ကျွန်တော်၏အမည်ကို တကြော်ကြော်အော်ဟစ် ခေါ်လျက် ဝင်ရောက်လာပါသည်။

ကျွန်တော်သည် အိပ်ရာမှ လူးလဲထလိုက်ရသည်။ ပြီးလျှင် ဂျပန်စစ်ဗိုလ်ကုမေကာရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ပါသည်။

http://mmteashop.com



"စစ်သုံ့ပန်းတွေအတွက် နေရာပေးရလိမ့်မယ်။ ဆရာလေးတို့လူတွေကို တစ်ဘက်ပြောင်းပေးပါ လို့ မာစတာက ပြောတယ်"

စကားပြန်သူငယ်က ကျွန်တော့်ကို ပြောပါသည်။ သူ့အနီးတွင်ရပ်နေသောကုမကောကလည်း ဦးခေါင်းဆတ်လိုက်သည်။

ထိုအချိန်တွင် ဘွန်ထိုက်ချိုကိုသာမြိုင်, ကိုမောင်စိန် စသူများလည်း ရောက်ရှိလာပြီဖြစ်သည့်အတွက် တစ်ဘက်တဲတန်းလျားကပြင်ပေါ်တွင်အိပ်ပျော်နေကြသော ချွေးတပ်သားများအား လိုက်လံကာနှိုးပြီးနောက် တစ်ဘက်ကပြင်ပေါ်သို့ စုပေါင်းပေးလိုက်ကြပါသည်။

ဂျပန်စစ်ဗိုလ်ကုမကောသည် စစ်သုံ့ပန်းထဲမှ အကြီးအကဲဖြစ်သူအား တစ်ဘက်ကပြင်ကို လက်ညှိုးညွှန်လျှက် စစ်သုံ့ပန်းများနေထိုင်ရန် ပြောကြားခြင်းပြုလေသည်။

အင်္ဂလိပ်အမျိုးသားဖြစ်သော သုံ့ပန်းစစ်ဗိုလ်သည် ၎င်း၏ နောက်ပါသုံ့ပန်းစစ်သားများအား တဲလိုင်းအတွင်းသို့ ဝင်ရောက်ခြင်းပြုကြရန် အော်ဟစ်လျက်အမိန့်ပေးလိုက်လေသည်။ ထိုအခါ တဲလိုင်းအပြင်တွင်ရပ်ကျန်နေကြသော သုံ့ပန်းစစ်သားများသည် ၂ ယောက်တစ်တွဲပြုလျက် တဲလိုင်းအတွင်းသို့ ဝင်ရောက်လာကြလေသည်။

သူတို့သည် စုစုပေါင်း လူ ၅၀ လောက်ရှိလိမ့်မည် ဟု ခန့်မှန်းရလေသည်။ သူတို့၌ အိပ်ရာလိပ် ဟူ၍လည်းကောင်း, စောင် ဟူ၍လည်းကောင်း, အခြားတစ်ပါးသော အသုံးအဆောင်အဝတ်အထည်ဟူ၍လည်းကောင်း အထူးအထွေမပါရှိ။ စစ်သုံ့ပန်းတိုင်းတွင် ပါရှိလာကြသည်မှာ ထမင်းစားချိုင့်ကလေးများနှင့် သံပန်းကန်ပြားကလေးများကအစ, ရေဘူးကလေးများအစသာ ဖြစ်လေသည်။ အချို့စစ်သုံ့ပန်းများလက်တွင်ပါရှိလာသော ရေဘူးကလေးများမှာ ချွေးတပ်သားများအသုံးပြုသည့် ဝါးဆစ်ရေဘူးကလေးမျိုးတွေပင် ဖြစ်လေသည်။

ထိုအထဲတွင် စစ်သုံ့ပန်း ၅၀ လောက်အနက် ၁၀ ယောက်တွင်သာ လောင်းကုတ်အင်္ကျီအစ, စစ်လွယ်အိတ်ကလေးအစ ပါရှိလာပေသည်။ ၅ ယောက်–၆ ယောက်သော စစ်သုံ့ပန်းများ၏လက်ထဲတွင်မူ ကျပ်ခိုးများ မီးခိုးမှိုင်းများထုတက်နေသော ရေနံဆီသံပုံးကြီးများနှင့် နှုတ်ခမ်းသားများစုတ်ပြတ်ပိန်လိမ်နေသော သတ္တုချိုင့်ကြီး ၃ လုံး ပါရှိလာလေသည်။

ကျွန်တော်သည် သူတို့အားလုံးလောက်ကိုပင် သိမ်းကျုံးလျက်အကဲခတ်လိုက်မိပါသည်။

သူတို့ကိုကြည့်ရသည်မှာ တစ်ယောက်ဆို တစ်ယောက်မျှ လူချင်းမတူတော့။ ခါးထက်တွင် ဝတ်ဆင်ထားသော ဘောင်းဘီများသည် လည်းကောင်း၊ ရှပ်အင်္ကျီများသည် လည်းကောင်း၊ ခါးတို အပေါ်ဝတ်စစ်အင်္ကျီများသည် လည်းကောင်း၊ ခြေထောက်မှ ဖိနပ်များ, ခြေအိတ်များသည်လည်းကောင်း အစုတ်စုတ်အပြဲပြဲ အမြွာမြွာအပေါက်ပေါက် ဖြစ်နေကြပေပြီ။

တချို့မှာ ဖိနပ်ပင် မရှိကြတော့ချေ။ လမ်းလျှောက်ရာ၌ပင် ထော့နင်းထော့နင်း ဖြစ်နေလေသည်။ တချို့မှာ ဘောင်းဘီအရှည်နှင့်ဖြစ်သော်လည်း၊ တချို့ကား ဘောင်းဘီအတိုနှင့် ဖြစ်လေသည်။ ဘောင်းဘီအရှည်သမားများမှာလည်း ဒူးဆစ်မှနေ၍ လည်းကောင်း, ပေါင်လယ်မှ လည်းကောင်း, အနားနပတ်များသည် လည်းကောင်း ပေါက်ပြဲစုတ်ပြတ်လျက် ရှိချေးနေလေပြီ။

သူတို့၏မျက်နှာပေါ်တွင် မုတ်ဆိတ်မွေးများ, ပါးမြိုင်းမွေးများ, နှုတ်ခမ်းမွေးများ ထူလပျစ် ဖြစ်နေလေသည်။ သူတို့အားလုံးမှာ ဗိုက်ပူပူ မှုခြသလုံးသိမ်သိမ် ဒူးခေါင်းကြီးကြီးဖြစ်လေသည်။

သူတို့အထဲတွင် တစ်ခုကွက်၍ပြောရမည်ဆိုလျှင် အကြီးအကဲသုံ့ပန်းစစ်ဗိုလ်တစ်ယောက်သာ မုတ်ဆိတ်မွေး, ပါးမြိုင်းမွေးရှည်သော်လည်း သူ့ရုပ်ရည်မှာ ကြည့်ရှု၍ကောင်းသူတစ်ယောက် ဟု ဆိုရပေမည်။ သူသည် ဥပမိရုပ်အားဖြင့် ခံ့ညားသူတစ်ယောက် ဖြစ်လေသည်။

http://mmteashop.com



ဤနေရာတွင် ခွေးတပ်သားချင်းအတူတူဖြစ်ပါလျက် အကြီးအကဲဖြစ်သူ၏ကျန်းမာရေးအခြေအနေက တခြားတစ်ပါးသော ခွေးတပ်သားများနှင့်မတူဘဲ ကွဲလွဲချက်ရှိနေခြင်းမှာလည်း တခြားကြောင့်မဟုတ်ပေ။ အကြီးအကဲဖြစ်သူမှန်လျှင် တောတွင်းခွေးတပ်စခန်းများ၌ အလုပ်ကြမ်း၏ဒဏ်မှ သက်သာမှုရရှိသောကြောင့် ဖြစ်လေသည်။

စစ်သုံ့ပန်းခွေးတပ်သားများသည် ကျွန်တော်တို့ အရပ်သားခွေးတပ်သားများထက် အချိန်စော၍ပင် ဂျပန့်လက်တွင်းသို့ ကျရောက်ခဲ့ကြရသူများ ဖြစ်လေသည်။ ဗြိတိသျှစစ်သုံ့ပန်းများအား ဟောင်ကောင်တိုက်ပွဲ, စင်ကာပူတိုက်ပွဲ, ပုလဲဆိပ်ကမ်းတိုက်ပွဲ စသည်များမှ ဂျပန်တို့ဖမ်းဆီးရမိလာခြင်းပင် ဖြစ်လေသည်။ ထိုအခါ အချိန်ကာလကြာမြင့်လာခဲ့ပြီဖြစ်ခြင်းကြောင့်လည်း လူရုပ်လူယောင်မပေါ်ဘဲ လူစဉ်မမီသည့်အဖြစ်မျိုးရောက်ခဲ့ရခြင်းပင် ဖြစ်လေသည်။ သူတို့ကို ယခု ကျွန်တော်မြင်တွေ့ရသည်မှာ အနီးကပ်မြင်တွေ့ရခြင်းဖြစ်လေသည်။ တဲတန်းလျားတစ်လုံးတည်း အတူနေလေ့လာရချက်လည်း ဖြစ်လေသည်။ ထို့ကြောင့် သုံ့ပန်းများ၏အခြေအနေကို အနီးကပ်လေ့လာရချက်အဖြစ် ထပ်မံ၍တင်ပြရခြင်းပင် ဖြစ်လေသည်။

ခွေးတပ်သားများမှာမူ အချိန်မတော်တွင်ရောက်ရှိလာကြသော စစ်သုံ့ပန်းများအပေါ်၌ အထူးအထွေစိတ်ဝင်စားခြင်း, ဂရုပြုနိုင်ခြင်းမရှိကြပါချေ။ သူတို့သည် တစ်ဘက်သောတဲကပြင်အဆင့်ထက်မှ တစ်ဘက်သောတဲကပြင်အဆင့်ထက်သို့ ဂမူးရှူးထိုးနေရာရွှေ့ပြောင်းခြင်းပြုကြပြီးနောက် တရှူးရှူးနှင့်ပြန်အိပ်ကြလေသည်။

ဂျပန်စစ်ဗိုလ် ကုမေကာသည် စကားပြန်သူငယ်ကလေးမှတစ်ဆင့် ကျွန်တော့်အား ‘မြန်မာအမျိုးသားခွေးတပ်သားများနှင့် ဗြိတိသျှသုံ့ပန်းခွေးတပ်သားများ ကူးလူးဆက်ဆံခြင်းမပြုစေရန်’ ကိုလည်းကောင်း, ‘အကြောင်းတစ်စုံတစ်ခုထူးခြားခဲ့သော် သူ့ထံသို့ အလျင်အမြန်အကြောင်းကြားသတင်းပို့ရန်’ ကိုလည်းကောင်း အမိန့်ပေးခြင်းပြုပါသည်။

ထို့နောက် စစ်သုံ့ပန်းခွေးတပ်သားများအား နောက်ပါဂျပန်စစ်သားများနှင့်အတူ လိုက်လံစစ်ဆေးခြင်းပြုပြီးမှ တဲလိုင်းကြီးအတွင်းမှ ထွက်ခွာ၍ သွားလေသည်။

ဂျပန်စစ်ဗိုလ်ကုမေကာနှင့် သူ့နောက်ပါဂျပန်စစ်သားများ ထွက်ခွာသွားပြီးနောက် ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်တို့သည် သုံ့ပန်းစစ်ဗိုလ်နှင့် သုံ့ပန်းစစ်သားများ၏အခြေအနေကို တစေ့တစောင်းလေ့လာခြင်း ပြုမိကြလေသည်။

မကြာမီကမှ ကျွန်တော်တို့၏တဲလိုင်းအတွင်းသို့ရောက်ရှိ၍လာကြသော သုံ့ပန်းများအနက် အကြီးအကဲဖြစ်သူ စစ်ဗိုလ်နှင့် ၄-၅ ယောက်သော စစ်သုံ့ပန်းတို့မှာမူ အခြားသောသုံ့ပန်းများကဲ့သို့ အိပ်စက်မှုမပြုကြသေးဘဲရှိလေသည်။ သုံ့ပန်းစစ်ဗိုလ်နှင့် သူလူ ၄-၅ ယောက်သည်လည်း တစ်ဘက်သောတဲအဆင့်ထက်တွင် တုံးလုံးပက်လက်အိပ်စက်နေကြသော ကျွန်တော်တို့ခွေးတပ်သားများ၏ အရိပ်အခြည်ကို ကြည့်ရှုအကဲခတ်ခြင်း ပြုလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်သည် တဲလိုင်း၏အလယ်ရှိ မီးပုံကြီးအနီးတွင်ထိုင်ကာ ကွမ်းသီးဖက်ဆေးလိပ်ကလေးများကို တစ်ယောက်တစ်လိပ်မီးညှိသောက်ရင်း ထွေရာ ၄ ပါးစကားပြောနေကြပါသည်။

ထိုအခိုက်၌ပင် သုံ့ပန်းစစ်ဗိုလ်မှာလည်း ကျွန်တော်နှင့် ကိုသာမြိုင်ရှိရာသို့ ခြေလှမ်းမှန်မှန် လျှောက်လာနေလေသည်။ သူသည် ခပ်လှမ်းလှမ်းမှနေ၍ပင် ပါးမြိုင်းမွေးများနှင့် မုတ်ဆိတ်မွေးများအကြားမှ ဖြူဖွေးသောသွားများကိုအဆင်းသားပေါ်စေလျက် ကျွန်တော်နှင့်ကိုသာမြိုင်အား ခပ်ပြုံးပြုံးနှုတ်ဆက်ခြင်းပြုလေသည်။

“အင်္ဂလိပ်ကြီး ကျွန်တော်တို့ဆီကိုလာနေတယ်ဆရာလေး”

ကိုသာမြိုင်က မတိုးမကျယ်လေသံပြု ပြောလေသည်။

“လာပေ့စေဗျာ။ သူ့ဟာသူ လာတာပဲ။ ကြောက်စရာမလိုပါဘူး”

“ဂျပန်က ကျွန်တော်တို့ကို ကြိုးတုပ်နေဦးမယ်ဆရာလေး”

http://mmteashop.com



ကိုသာမြိုင်သည် 'သုံ့ပန်းများနှင့်အဆက်အဆံမလုပ်ရ' ဟူသော ဂျပန်စစ်ဗိုလ်ကုမေကော၏အမိန့်ကို တွေးတော၍ ကြောက်လန့်စိုးရိမ်ဟန်တူလေသည်။

"ဘာဆိုင်လဲဗျာ။ ဘာဖြစ်လို့ ကြိုးတုပ်ရမှာလဲ။ တဲလိုင်းတစ်လိုင်းတည်းနေရတဲ့ဟာ။ သူ့သဘောနှင့်သူလာတာပဲ။ ဒီလောက်တော့ ကိစ္စမရှိတန်ပါဘူး"

ထိုအခိုက်၌ပင် အင်္ဂလိပ်စစ်ဗိုလ်မှာလည်း ကျွန်တော်တို့ရှိရာမီးပုံအနီးသို့ ရောက်လာသည်။ သူသည် နဖူးထက်သို့ လက်တစ်ဖက်ကိုတင်လျက် အလေးပြုနှုတ်ဆက်လေသည်။

ကျွန်တော်ကလည်း ထိုင်ရာမထ သူ့နည်းတူ ပြန်လည်၍နှုတ်ဆက်လိုက်သည်။ ကျွန်တော့်စိတ်ထဲ၌ ရုတ်ခြည်းပင် အတွေးအတောတစ်ခုကလည်း လျှပ်ပြက်သည့်နှယ် ဝင်ရောက်လာသည်။

သစ်ငုတ်မြင့်တုံမြက်မြင့်တုံနှင့် မတည်မြဲသောပြောင်းလဲတတ်သည့် လောကဓံတရားသဘောကိုလည်း ချက်ချင်းခဏ၌ပင် သတိသံဝေဂရလိုက်မိလေသည်။ တစ်ကြိမ်တစ်လည့်သောအခါကမူ သည်လို အင်္ဂလိပ်မျက်နှာဖြူကြီးများသည် ကျွန်တော်တို့မြန်မာတွေအပေါ်၌ ဗိုလ်ကျကာအုပ်စိုးခဲ့သူတွေပင် မဟုတ်ပါလား။ ယခုကား သူတို့ကိုယ်တိုင်ပင် ဖက်စစ်ဂျပန်များလက်တွင်း၌ အဟိတ်တိရစ္ဆာန်လောက်မျှ မလွတ်လပ်သော အဖြစ်မျိုးနှင့် ကြုံတွေ့နေရပါချေပြီ။ ပြီးလျှင် သူတို့သည် တောတွင်းချွေးတပ်စခန်းများတွင် အငတ်ငတ်အပြတ်ပြတ် ဖြစ်နေကြရရှာသော ချွေးတပ်သားများကိုပင် စတင်နှုတ်ဆက်လျက် အလေးပြုဆက်ဆံနေရလေသည်။

မုတ်ဆိတ်, ပါးမြိုင်းမွေးများထူပြောသော အင်္ဂလိပ်စစ်ဗိုလ်သည် ခပ်ပြုံးပြုံးပြုလျက်ကပင် ကျွန်တော်နှင့် ကိုသာမြိုင့်အနီးတွင် ထိုင်ချလိုက်လေသည်။

ကျွန်တော်သည် မီးပုံမှအလင်းရောင်ဖြင့် အင်္ဂလိပ်စစ်ဗိုလ်၏မျက်နှာကို အသေအချာ စူးစူးစိုက်စိုက်ကြည့်လိုက်မိပြန်ပါသည်။ ပါးမြိုင်းမွေးနှင့် မုတ်ဆိတ်မွေးများအကြားမှ ဥပမိရုပ်သွင်ကောင်းမွန်သော ထိုစစ်ဗိုလ်၏မျက်နှာသည် ဆင်းရဲဒုက္ခပေါင်း မြောက်မြားလှစွာကို အတော်ပင် ကြံ့ကြံ့ခိုင်ခိုင် စိတ်အားတင်းလျက် ခံနိုင်ရည်ရှိဟန် ဖြစ်လေသည်။ ပြီးလျှင် ထိုသုံ့ပန်းစစ်ဗိုလ်သည် စိတ်နေသဘောထား ကောင်းမွန်ဖော်ရွေပုံရသော အမူအရာမျိုးဟူ၍လည်း ကျွန်တော် ယူဆလိုက်မိသည်။

သို့ရာတွင် ဟောက်ပက်နေသောမျက်ကွင်း, ပြာလဲ့သောမျက်လုံးနှင့် ပင်ပန်းဆင်းရဲခြင်းဒဏ်ကြောင့် နေလောင်ခံထားရသောအသွင်များမှာလည်း သူ့မျက်နှာပြင်၌ ပေါ်လွင်နေလေသည်။ သူ၏ မုတ်ဆိတ်မွေး, ပါးသိုင်းမွေးများမှာလည်း သူ့မျက်နှာအသားအရောင်ကဲ့သို့ပင် နီကျင်ကျင်ဖြစ်လေသည်။ သူ့၌ ပေါ်လွင်သောနှာတံနှင့် ကားသော မေးရိုးရှိလေသည်။

သူသည် ကျွန်တော့်လက်ကြားထဲမှ သောက်လက်စဖြစ်သောကွမ်းသီးဖက် ဆေးလိပ်တိုကို တပ်မက်သော မျက်လုံးပြာလဲ့လဲ့ဖြင့် စူးစိုက်ကြည့်လေသည်။ သူ၏နှုတ်ခမ်းကိုလည်း လျှာဖြင့်လိမ်းသပ်သည်။ သူသည် 'စီးကရက် စီးကရက်'ဟူ၍ နှုတ်မှုးကရေရွတ်လျက် ကျွန်တော့်ထံတောင်းခံခြင်း ပြုလေသည်။

သူ၏အလိုဆန္ဒကို ကျွန်တော်သည် ချက်ချင်းပင်သိလိုက်ပါသည်။ သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော့်ထံမှ ဆေးလိပ်ကိုတောင်းခံနေခြင်းပင် ဖြစ်လေသည်။

ကျွန်တော်၏လက်သည် လျင်မြန်သွက်လက်စွာပင် အိတ်ထဲရှိကွမ်းသီးဖက်ဆေးလိပ်ကလေး ၃ လိပ်ကို ထုတ်၍ ပေးလိုက်သည်။ ထိုအခါ ဘွန်ထိုက်ချိုကိုသာမြိုင်ကလည်း ကျွန်တော့်နည်းတူပင် သူ့အိတ်ထဲမှ ဆေးလိပ် ၂ လိပ်ကို တစ်လိပ်ပြီး တစ်လိပ်ထုတ်လျက် ပေးလိုက်သည်။

အင်္ဂလိပ်စစ်ဗိုလ်သည် အလွန်အမင်းကျေးဇူးတင်လျက် ကျွန်တော်နှင့် ကိုသာမြိုင်တို့အား အကြိမ်ကြိမ်အခါခါ ဆလံပေးသလို ပြုလေသည်။ နှုတ်မှအသံထွက်ကာ "ကျေးဇူးတင်ဒယ်-ကျေးဇူးတင်ဒယ်" ဟု အာလုတ်သံကြီးနှင့် ပြောလေသည်။

http://mmteashop.com



သူ့အပြုအမူသည် ကျွန်တော်နှင့်ကိုသာမြိုင်တို့ ၂ ဦးအား အလွန်တရာ စိတ်မကောင်းခြင်းဖြစ်စေပါသည်။ အားတုံ့အားနာမှုကိုလည်း ရင်နင့်စွာဖြစ်စေပါသည်။ ကျွန်တော်တို့သည် ဘေးဒုက္ခကို အတူတကွ ကြုံတွေ့နေကြရသည့်အခါ၌ လူမျိုးကွဲ ဟူ၍လည်းကောင်း, တစ်ကြိမ်တစ်လည့်က မတရားသဖြင့် အုပ်ချုပ်စိုးမိုးသည့် လူတန်းစားများ ဟူ၍လည်းကောင်း ဘာဘာညာညာမတွေးမိကြ။ ကျွန်တော်တို့နှလုံးသား၌ ဖြစ်ပေါ်နေသည်မှာ လူသားအချင်းချင်း ကြင်နာသနားခြင်းစိတ်ဓာတ်သာလျှင် ဖြစ်လေသည်။

မကြာမီပင် သုံ့ပန်းစစ်ဗိုလ်သည် ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာပြီးနောက် ချက်ချင်းပင် ထိုင်ရာမှထွက်ခွာသွားလေသည်။

ကျွန်တော်ရော ကိုသာမြိုင်တို့ပါ သူ့အပြုအမူကို လှမ်းကြည့်လိုက်ကြသည်။

သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော်တို့ထံမှရရှိသွားသော ကွမ်းသီးဖက်ဆေးလိပ်ကလေးများကို မအိပ်သေးဘဲ ငုတ်တုတ်ထိုင်နေကြသောသူ့လူများအား တစ်လိပ်ကျစီ ဝေမျှပေးလိုက်သည်။ ပြီးလျှင် တစ်စုံတစ်ရာကိုလည်း နှုတ်ကတဖွဖွပြောနေသည်။ နောက်ဆုံးတွင် သူသောက်နေသောလက်ကြားမှဆေးလိပ်တိုကိုပင် ၃-၄ ကြိမ် ခပ်ပြင်းပြင်း ဖွာလိုက်ပြီးနောက် တစ်ဦးသောသုံ့ပန်းလက်သို့ လှမ်းပေးလိုက်လေသည်။

"သူက အားလုံးထဲမှာ အကြီးဆုံးနဲ့တူတယ်"

ကိုသာမြိုင်က ကျွန်တော့်ကိုပြောလေသည်။

"ဟုတ်တာပေါ့။ သုံ့ပန်းအားလုံးထဲမှာ သူဟာ အကြီးအကဲပေါ့။ ဒါကြောင့် သူရသွားတဲ့ ဆေးလိပ် ၄-၅ လိပ်ကို ဝေပေးလိုက်တာပေါ့"

ဗြိတိသျှစစ်သုံ့ပန်းများကိုမူ ကျွန်တော်တို့သည် တောတွင်းချွေးတပ်စခန်းများသို့ရောက်ခဲ့သည့်အချိန်မှ စတင်လျက် တွေ့ဖူးမြင်ဖူးပြီးဖြစ်ကြောင်းနှင့် ၎င်းတို့နှင့် အတူတွဲ၍ပင် အလုပ်ကိုလုပ်ကိုင်ခဲ့ရပြီးဖြစ်ကြောင်း အထက်၌လည်း ကျွန်တော်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

စစ်သုံ့ပန်းများ၏အနေအထိုင်အပြုအမူနှင့် တပ်ဖွဲ့သဘောမျိုး အုပ်ချုပ်ထိန်းကွပ်ထားခြင်း စသည်များကိုလည်း တင်ပြခဲ့ပါသည်။

နောက်တစ်ချက် ကျွန်တော် လေ့လာမိသလောက်ပြောရလျှင် သူတို့သည် ရန်သူများ၏လက်တွင်း၌ စစ်သုံ့ပန်းများအဖြစ်ရှိနေကြရသည့်အခါ ပို၍ပင် စည်းကမ်းစနစ်ကျစွာနေထိုင်ကြပေသည် ဟု ကျွန်တော် ထင်ပါသည်။ ပြီးသော် တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ပို၍ပို၍သက်ညှာထောက်ထားခြင်း ရှိကြသည် ဟူ၍လည်း ဆိုရပေမည်။

သူတို့အထဲတွင် နာမကျန်းဖြစ်စပြုနေသော အားအင်ကုန်ခမ်းနေသည့်သူများလည်း ပါရှိလေသည်။ သည်လို နာမကျန်းဖြစ်စပြုနေသော အားအင်ကုန်ခမ်းနေသူသုံ့ပန်းများမှာလည်း အများနည်းတူပင် အလုပ်ကိုလုပ်ကိုင်ကြရရှာလေသည်။ ထိုအဖြစ်မျိုး၌လည်း သူတို့သည် တာဝန်ကိုအလစ်ဟင်းမခံဘဲ တတ်နိုင်စွမ်းသလောက် စိတ်အားတင်းလျက်လုပ်ကြကိုင်ကြသူများပင် ဖြစ်ကြလေသည်။

ဤတွင် အားအင်ကုန်ခမ်းနေသော နာမကျန်းဖြစ်နေသော စစ်သားတစ်ဦးတစ်ယောက်အတွက် ကျန်ရှိသော ရဲဘော်ရဲဘက်များက ပို၍တာဝန်ယူကာ ထိုစစ်သားအတွက်အလုပ်ကို ပို၍လုပ်ကြလေသည်။ သူတို့သူတို့သည် ရန်သူများလက်တွင်း၌ ပို၍ပို၍ ရဲဘော်စိတ်ရှိကြသည် ဟုဆိုရပေမည်။

ဂျပန်များဖမ်းဆီးရမိထားသော ဗြိတိသျှစစ်သုံ့ပန်းများထဲတွင် သာမန်စစ်သားများချည်း မဟုတ်ပေ။ စစ်ဗိုလ်များ, တပ်ကြပ်များ စသည်များဖြင့်လည်း အဆင့်အတန်းအနိမ့်အမြင့်အမျိုးမျိုးပင် ရှိကြလေသည်။ ဤသို့ဖြစ်ကြသော

http://mmteashop.com



ကြောင့်လည်း စစ်သုံ့ပန်းများသည် ၎င်းတို့အချင်းချင်း စစ်တပ်တစ်တပ်၏ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းအတိုင်း အုပ်ချုပ်ထွပ်ကဲသွားကြသည်ဟု အထက်ကကျွန်တော်ဆိုခဲ့ပါသည်။ ထို့ကြောင့်လည်း စစ်သုံ့ပန်းများသည် ဂျပန်တို့၏ လက်တွင်း၌ အညှဉ်းပန်းအနှိပ်စက်ခံရခြင်းမှ အတော်အတန်သက်သာမှု ရရှိကြခြင်း ဟူ၍လည်း ကျွန်တော်ထင်ပါသည်။

ပြီးလျှင် ဤလိုကွပ်ကဲခြင်းနှင့် ဤလိုစီစဉ်ထားခြင်းမှာလည်း အင်္ဂလိပ်စစ်သုံ့ပန်းများအဖို့ရော ဂျပန်များအဖို့ပါ ပို၍အလုပ်လုပ်ရအဆင်ပြေခြင်း ရှိလေသည်။ သုံ့ပန်းစစ်ဗိုလ်, စစ်သားများအနေဖြင့်လည်း ပို၍ နှစ်ခြိုက်စရာကောင်းသောအပြုအမူပင် ဖြစ်လေသည်။

ခပ်စောစောပိုင်း နွေဦးပေါက်စအချိန်ကမူ ဗြိတိသျှစစ်သုံ့ပန်းအချို့သည် ဓွေးတပ်စခန်းတစ်ခုမှ ထွက်ပြေးလွတ်မြောက်သွားခြင်း ရှိခဲ့ဖူးလေသည်။

ထိုအဖြစ်သည် ‘ကျောက်တစ်လုံးစခန်း’၌ ဖြစ်ပွားခဲ့ခြင်းပင် ဖြစ်လေသည်။ အင်္ဂလိပ်အမျိုးသား ၃ ယောက်, ဒတ်ချ်အမျိုးသား စစ်သား ၂ ယောက်နှင့် ဩစတြေးလျအမျိုးသား ၂ ယောက်တို့သည် အလုပ်တာဝန်ကျရာစခန်းမှ ဂျပန်စစ်သားများအလစ်တွင် ထွက်ပြေးလွတ်မြောက်သွားခြင်းပင် ဖြစ်လေသည်။

ဂျပန်တို့သည် စစ်သုံ့ပန်းများထွက်ပြေးသွားသည့်အကြောင်းကို တစ်နာရီခန့်အချိန်အတွင်း၌ပင် သိရှိသွားကြလေသည်။ ထိုအခါ ဓွေးတပ်စခန်းအသီးသီးတွင်ရှိနေသောသူတို့၏ စစ်စခန်းများသို့လည်းကောင်း, ကင်စခန်းကင်းဂိတ်အသီးသီးသို့လည်းကောင်း, သံဖြူဇရပ်ရှိ ကင်ပေတိုင်စစ်ရုံးနှင့် ဂျပန်စစ်ရုံးချုပ်သို့လည်းကောင်း ဖုန်းအဆက်အသွယ်ပြုလုပ်လျက် သတင်းပေးပို့လေသည်။

ကျောက်တစ်လုံးစခန်းရှိ ဂျပန်စစ်တပ်ကလည်း စစ်သုံ့ပန်းများထွက်ပြေးလိမ့်မည် ဟုယူဆရသောနေရာများသို့ လူစုခွဲကာတောနင်းလျက် တရကြမ်းလိုက်ကြလေသည်။

ဤလို စစ်သုံ့ပန်းဓွေးတပ်သားများ ထွက်ပြေးခြင်းပြုသည့်အခါ ဂျပန်များသည် အရပ်သားဓွေးတပ်သားများအပေါ်၌ ဂရုတစိုက်မရှိနိုင်ကြတော့ဘဲ တောအထပ်ထပ်တောင်အထပ်ထပ်ကိုကျော်ဖြတ်လျက် စစ်သုံ့ပန်းဓွေးတပ်သားများနောက်သို့လိုက်ကြလေသည်။

ဤကိစ္စမှာ သူတို့ဂျပန်များအနေဖြင့် အလွန်တရာအရေးကြီးသည့်ကိစ္စတစ်ရပ် ဖြစ်လေသည်။ စခန်းရှိဂျပန်စစ်သားများ, စစ်ဗိုလ်များအားလုံးပင် မျက်စိပျက်နှာပျက်ကုန်ကြလေသည်။ ခေါင်းမီးတောက် ဖြစ်ကုန်ကြလေသည်။ စခန်းရှိ ဂျပန်စစ်ဗိုလ်အကြီးအကဲဖြစ်သူမှာလည်း ထိုသုံ့ပန်းစစ်သားများ ထွက်ပြေးခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသော ဂျပန်စစ်သားများအား တန်းစီစေပြီးနောက် ပါးနားကို ဘယ်ပြန်ညာပြန်ရိုက်နှက်ခြင်း ပြုလေသည်။

ဂျပန်စစ်ဗိုလ်က ဤကဲ့သို့ရိုက်နှက်ခြင်းပြုသည့်အခါ အရိုက်ခံရသော ဂျပန်စစ်သား ၅ ယောက်သည် ခြေကိုစုံရပ်လျက် တုပ်တုပ်မျှမလှုပ်ရှားဝံ့ဘဲ ငြိမ်သက်တောင့်မတ်စွာ ခံနေကြရလေသည်။ စစ်သား ၅ ယောက်လုံးပင် တစ်ကိုယ်လုံး အသားများတဆတ်ဆတ်တုန်နေသည်။ သူတို့ ၅ ယောက် တဆတ်ဆတ်တုန်နေသည်မှာ လဲကျသွားလေမလား ဟူ၍ ထင်ရလေသည်။ ဂျပန်စစ်သားများသည် သူတို့အထက်အကြီးအကဲများအား အလွန်တရာကြောက်ရွံ့လေးစားကြရလေသည်။

ကျွန်တော်သည် အင်္ဂလိပ်စစ်သုံ့ပန်းများ၏ အခြေအနေနှင့် သူတို့တစ်တွေ၏ အမူအရာကိုလည်း မသိမသာအကဲခတ်ကြည့်မိလေသည်။

စစ်သုံ့ပန်းများအားလုံးပင် ထိုနေ့က အထူးသဖြင့်ငြိမ်သက်နေကြလေသည်။ သူတို့သည် အခါတိုင်းနေ့များကလို သွက်သွက်လက်လက်လှုပ်ရှားခြင်းမရှိကြ ဟုကျွန်တော်ထင်သည်။ သုံ့ပန်းများအားလုံးပင် ရင့်ကျက်တည်ငြိမ်သောအသွင် ရှိနေကြသည်။

http://mmteashop.com



သူတို့သည် အခါတိုင်းနေ့များကလောက် တစ်ယောက်ကိုတစ်ယောက် စကားပြောခြင်း, ပြုံးဟယ်ရယ်ဟယ် ပြုမူခြင်းများကိုပင် မတွေ့ရပေ။ ခပ်တည်တည်ခပ်ငြိမ်ငြိမ် ရှိနေကြလေသည်။

ဤသည်မှာ ဗြိတိသျှစစ်သုံ့ပန်းများ၏ ဗဟိဒ္ဓရုပ်အမြင်အတွေ့ကို လေ့လာသိရှိသလောက်သာ ဖြစ်လေသည်။ အမှန်စင်စစ် သူတို့သူတို့၏အဇ္ဈတ္တအတွင်းသန္တာန်၌မူ ထွက်ပြေးသွားကြသော ဘဝတူဖြစ်သည့် သူတို့သူတို့၏ရဲဘော်ရဲဘက်များအတွက် 'လွတ်ပါစေ, ကျွတ်ပါစေ' ဟူ၍ ဝမ်းတွင်းကျိတ် ဆုတောင်းနေကြလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ဗြိတိသျှစစ်သုံ့ပန်းအကြီးအကဲဖြစ်သူ၏မျက်နှာမှာ ထိုနေ့ထိုအချိန်က ပို၍ပင် တည်ငြိမ်လေးနက်သော အမူအရာ ရှိလေသည်။ ထိုစစ်ဗိုလ်သည် သူ့အပေါ်၌ကျရောက်လာမည့် အန္တရာယ်တစ်စုံတစ်ခုအတွက်လည်း ကြိုတင်က စိတ်အားတင်းထားဟန်ရှိသည်။ သူသည် လှုပ်ရှားမှုမှန်သမျှကို အထူးသတိထားလျက် ပြုမူနေကြောင်း ထင်ရှားလှလေသည်။ ယုတ်စွအဆုံး လမ်းလျှောက်သည်ကပင် ခြေလှမ်းကိုမှန်မှန်လှမ်းလျက် တည်ငြိမ်လေးနက်သော အမူအရာဖြင့် လျှောက်သည်။ တောင်မြောက်ဝဲယာကိုလည်း လှည့်စောင်း၍မျှ သူ မကြည့်။ သူ့မျက်လုံးအစုံသည် သူ့ခရီးလမ်း၏ရှေ့တူရူသို့သာ စူးစိုက်၍ကြည့်လေသည်။

ထိုကိစ္စနှင့်ပတ်သက်၍ စခန်းရှိဂျပန်စစ်ဗိုလ်က သုံ့ပန်းစစ်ဗိုလ်အား ခေါ်ယူစစ်ဆေးခြင်းပြုလေသည်။ တစ်ဦးချင်းတစ်ယောက်ချင်း စစ်ဆေးမေးမြန်းခြင်းတော့ မဟုတ်။ သုံ့ပန်းစစ်ဗိုလ်အကြီးအကဲအား ဂျပန်စစ်ဗိုလ်အကြီးအကဲနှင့် စစ်ဗိုလ် ၃–၄ ယောက်က စစ်ဆေးမေးမြန်းခြင်းပင် ဖြစ်လေသည်။ တစ်ဖန် သံဖြူဇရပ်မှ ဂျပန်စစ်ဗိုလ်ကြီးများ ကားနှင့်ရောက်လာသည်။ သူတို့ကလည်း သုံ့ပန်းစစ်ဗိုလ်အား စစ်ဆေးမေးမြန်းခြင်းပြုလေသည်။

ကျွန်တော့်ရင်ထဲတွင် သုံ့ပန်းစစ်ဗိုလ်အတွက် စိုးရိမ်မကင်းစိတ် ဖြစ်ပေါ်မိသည်။ 'ကြမ်းကြုတ်ရက်စက်သော ဂျပန်များသည် ဗြိတိသျှသုံ့ပန်းစစ်ဗိုလ်နှင့် စစ်သားများအား မသေရုံတစ်မည် နှိပ်စက်ညှဉ်းဆဲကြတော့မည်မှာ မလွဲ' ဟူ၍ယူဆလိုက်မိသည်။ သို့ရာတွင် သုံ့ပန်းစစ်ဗိုလ်နှင့် စစ်သားများမှာ ထိုကိစ္စအတွက် မည်သို့မျှ အထွေအထူး အရေးယူအပြစ်ပြုခြင်း မခံရပါပေ။ သူ့အတွက် ဘုရားသခင်စောင်မခြင်း ဟူ၍ဆိုရပေမည်။

စင်စစ် ထွက်ပြေးသွားကြသော စစ်သုံ့ပန်း ၇ ယောက်တို့မှာ စစ်သုံ့ပန်းများထားရာတဲလိုင်းကြီးမှ ထွက်ပြေးကြခြင်း မဟုတ်ပေ။ အလုပ်ခွင်တွင် အလုပ်ဆင်းနေရာမှထွက်ပြေးလွတ်မြောက်သွားခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် အင်္ဂလိပ်စစ်ဗိုလ်အကြီးအကဲပေါ်တွင် မည်သို့မျှ တာဝန်သက်ရောက်ခြင်းမရှိဘဲ အလုပ်ခွင်အတွင်း၌အစောင့်တာဝန်ကျသည့် ဂျပန်စစ်သားအချို့အပေါ်၌သာ အပြစ်မကင်းဖြစ်ရခြင်းပင် ဖြစ်လေသည်။

ဤလိုနှင့်သာ အချိန်မှာလည်း တဖြည်းဖြည်းတစစ နေဝင်မိုးချုပ်သို့ ရောက်ရှိလာလေသည်။

စခန်းမှထွက်ခွာသွားကြသော ဂျပန်စစ်သားများမှာလည်း တပ်စုအလိုက်, တပ်စိတ်အလိုက် စခန်းသို့ပြန်လည်ကာ ရောက်ရှိလာကြသည်။ သို့ရာတွင် နေ့လယ်ပိုင်းအချိန်ကထွက်ပြေးသွားကြသော စစ်သုံ့ပန်းများကိုမူ တစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးရမိလာခြင်းမရှိပါချေ။

ဤလိုဖြစ်ပွားခဲ့သည့်နောက်ပိုင်းရက်များ၌မူ ဂျပန်များသည် စစ်သုံ့ပန်းချွေးတပ်သားတို့၏အပေါ်၌ တင်းတင်းကျပ်ကျပ် ပြုလုပ်လာသည်ကို တွေ့ရလေသည်။ အလုပ်ခွင်စခန်းများ၌လည်း သေနတ်အတွင်းသို့ ကျည်ဆံအသင့်ထိုးလျက် လည်းကောင်း, သေနတ်ဖျားတွင် လှံစွပ်တပ်လျက် လည်းကောင်း စောင့်ကြပ်ခြင်းပြုလာကြလေသည်။

ထွက်ပြေးလွတ်မြောက်သွားသော စစ်သုံ့ပန်း ၇ ယောက်တို့နှင့်ပတ်သက်၍မူ ထိုသူများအား ဖမ်းဆီးပေးနိုင်ပါက ဆုငွေအမြောက်အမြားချီးမြှင့်မည်ဖြစ်ကြောင်းနှင့် သစ်သားပြားပေါ်တွင် စာတန်းရေးထိုးလျက် ကားလမ်းဘေးတစ်နေရာရှိ တောင်ကမူငယ်ထက်တွင် စိုက်ထူထားလိုက်လေသည်။

(ထိုအကြောင်းမှာ ဗြိတိသျှသုံ့ပန်းများနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအကြောင်းတစ်ချက်ကို ကြားညှပ်လျက်တင်ပြလိုက်ခြင်းပင်ဖြစ်လေသည်။)

http://mmteashop.com



ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်တို့ ၂ဦးသည် မီးပုံးတွဲအတွင်ထိုင်ကာ ဆေးလိပ်သောက်ရင်းမှ စကားတပြောပြောရှိနေကြပါသည်။ ထိုအချိန်ထိုအခိုက်၌ပင် ခပ်စောစောကသံ့ပန်းစစ်ဗိုလ်မှာလည်း ကျွန်တော်နှင့်ကိုသာမြိုင်တို့ရှိရာသို့ ထပ်မံကာ ရောက်လာပြန်လေသည်။

သည်တစ်ကြိမ်ရောက်လာသည့်အခါမူ သူ့လက်ထဲတွင် သစ္စာ့ရေခွက်ငယ် ၂ လုံး၊ သစ္စာ့ဇွန်း ၂ ချောင်း၊ သားလှီးဓားငယ်ကလေး ၃' ချောင်းနှင့် စီးကရက်ထည့်သော ရွှေရောင်ဘူးကလေးတစ်ဘူးတို့ ပါရှိလာသည်ကို ကျွန်တော် သတိပြုလိုက်မိလေသည်။

သံ့ပန်းစစ်ဗိုလ်သည် ရှေးနည်းအတိုင်း ခပ်ပြုံးပြုံးအမူအရာဖြင့် ဦးခေါင်းတစ်ချက်ညွှတ်လိုက်ပြီးနောက် မီးပုံးတွဲအတွင်ထိုင်ချလိုက်ပြန်ပါသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်တို့သည် သံ့ပန်းစစ်ဗိုလ်၏မျက်နှာကို တစ်စုံတစ်ရာနားမလည်သလို ၂ ယောက်ပြိုင်တူ မော့်ကြည့်လိုက်မိကြသည်။

သံ့ပန်းစစ်ဗိုလ်သည် သူ့လက်တွင်ပါရှိလာသော ပစ္စည်းကလေးများကို ပြုံးရွှင်သောအမူအရာအပြည့်ဖြင့် ကျွန်တော့်ကို လှမ်းပေးနေပါသည်။ သံ့ပန်းစစ်ဗိုလ်သည် ခပ်စောစောပိုင်းအချိန်က သူ့အား ဆေးလိပ် ၄–၅လိပ် ပေးလိုက်သောကြောင့် ကျေးဇူးတုံ့ပြန်သည့်သဘောဖြင့် ထိုပစ္စည်းကလေးများကို ကျွန်တော်နှင့် ကိုသာမြိုင်အား ပေးနေခြင်းဖြစ်ကြောင်း ကျွန်တော်နားလည်ရပါသည်။ ပြီးလျှင် ထိုပစ္စည်းကလေးများကိုလည်း ကျွန်တော်နှင့် ကိုသာမြိုင်တို့ ၂ ဦး ခွဲဝေ၍ယူကြပါ ဟူသော သဘောကိုလည်း လက်ဟန်အမူအရာပြလျက်ပြောရှာပါသည်။

သို့ရာတွင် ကျွန်တော်က သော်လည်းကောင်း၊ ဘွန်ထိုက်ချိုကိုသာမြိုင်က သော်လည်းကောင်း သူပေးသော ပစ္စည်းများကို တစ်ဦးတစ်ယောက်မျှ လက်လှမ်းယူငင်ခြင်းမပြုကြပါ။ ကျွန်တော်တို့ ၂ ယောက်သည် ကြိုတင်လျက် တိုင်ပင်ထားကြသည့်အလား ၂ ယောက်စလုံးကပင် ခေါင်းခါငြင်းဆန်ကြပါသည်။

ဤတွင် သံ့ပန်းစစ်ဗိုလ်ကလည်း သူယူဆောင်လာသောပစ္စည်းကလေးများကို အကြိမ်ကြိမ်အတန်တန် ပေးလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်တို့ကလည်း အခါခါငြင်းပယ်သည်။ သို့နှင့် ကျွန်တော်တို့ ၃ ယောက်မှာ မီးပုံးတွဲအတွင် ပြဿနာရှုပ်နေကြလေသည်။

ခပ်လှမ်းလှမ်းတဲလိုင်းပေါ်ရှိ သံ့ပန်းစစ်သား ၄–၅ ယောက်သည် ကျွန်တော်တို့ပေးလိုက်သော ကွမ်းသီးဖက်ဆေးလိပ်ကလေးများကိုသောက်ဖွာရင်း ကျွန်တော်တို့ ၃ ဦးရှိရာသို့ လှမ်းကြည့်နေကြလေသည်။

သံ့ပန်းစစ်ဗိုလ်သည် ကျွန်တော်တို့ ၂ ယောက် အားနာစိတ်မကောင်းခြင်းဖြစ်လောက်အောင် သူယူဆောင်လာသောပစ္စည်းကလေးများကို ဇွတ်အတင်းပေးနေရှာလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်တို့ကလည်း ဇွတ်အတင်းပင် ငြင်းနေမိလေသည်။ သည်လို ကျွန်တော်တို့ ၂ ယောက်က အကြိမ်ကြိမ်အခါခါ ငြင်းဆန်နေသည့်အခါ သံ့ပန်းစစ်ဗိုလ်၏မျက်နှာမှာလည်း ခပ်စောစောအချိန်ကလို ပြုံးပြုံးရွှင်ရွှင်မဟုတ်တော့ဘဲ အင်တော်ကလေး ညှိုးနွမ်းသွားသည်ကိုလည်း ကျွန်တော်သတိပြုလိုက်မိလေသည်။

စင်စစ် သံ့ပန်းစစ်ဗိုလ်၏အယူအဆမှာ သူကကျေးဇူးတုံ့ပြန်သောပစ္စည်းကလေးများကို ကျွန်တော်နှင့် ကိုသာမြိုင်က လက်မခံသည့်အတွက် ခများမှာ စိတ်မကောင်းခြင်းဖြစ်ရှာဟန်တူပါသည်။

ဤတွင် ကျွန်တော့်ဘေးတွင်ရှိနေသော ကိုသာမြိုင်မှာလည်း သံ့ပန်းစစ်ဗိုလ်၏အဖြစ်ကို သဘောပေါက်သွားဟန်ရှိလေသည်။ ကိုသာမြိုင့်သည် သံ့ပန်းစစ်ဗိုလ်၏မျက်နှာကိုကြည့်လျက် သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ကိုသာမြိုင်သည် ကျွန်တော်ကိုယ်တိုင်က သံ့ပန်းစစ်ဗိုလ်၏ပစ္စည်းကလေးများကို လက်ခံယူငင်ခြင်းမပြုဘဲ ဇွတ်အတင်းငြင်းဆန်နေသည့်အခါ သူ့အနေဖြင့်ကလည်း မည်သည့်နည်းနှင့်မျှ လက်ခံဝံ့လိမ့်မည် မဟုတ်ပါပေ။

ကျွန်တော်တို့သည် သံ့ပန်းစစ်ဗိုလ်၏လက်ဆောင်ပစ္စည်းကလေးများကို အဘယ့်ကြောင့် ထိုမျှလောက်

http://mmteashop.com



ခါးခါးသီးသီးငြင်းဆန်နေရလေသနည်း။ မည်သည့်အကြောင်းကြောင့် အားနာမှုမဖက်ရလေသနည်း ဆိုသော ကိစ္စမှာလည်း အကြောင်းအချက်ရှိလေသည်။

သူယူဆောင်လာသော သစ္စာ့ဂရုခွက် ၂လုံး၊ သစ္စာ့ဇွန်း ၂ချောင်း၊ သားလိုးဓားငယ်ကလေး ၃ ချောင်းနှင့် ရွှေရောင်စီးကရက်ဘူးကလေးတစ်ဘူး စသည်တို့သည် သူ့အနေဖြင့် ကျွန်တော်တို့ ၂ ယောက်အပေါ် မေတ္တာထားလျက် ကျေးဇူးဥပကာယတုံ့ပြန်သော ပစ္စည်းပစ္စယကလေးများ၊ တစ်နည်းဆိုရသော် 'လက်ဆောင်မွန်ကလေးများ'သာလျှင် ဖြစ်ကြောင်း ကျွန်တော်တို့စဉ်းစားမိပါသည်။

သို့ရာတွင် ကျွန်တော်တို့သည် သူပေးသောပစ္စည်းကလေးများကို မက်မောရှုပင်ဖြစ်စေ၊ သူ၏စေတနာ၊ မေတ္တာကို အားနာခြင်းကြောင့်ပင်ဖြစ်စေ လက်ခံယူငင်ခြင်းပြုလိုက်ကြမည်ဆိုပါက မကြာမီအချိန်ကလေးအတွင်း၌ပင် ကြောက်မက်ဖွယ်ကောင်းလှသော ဘေးအန္တရာယ်တစ်စုံတစ်ရာသည် ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်တို့ အပေါ်၌ မုချဆတ်ဆတ်ကျရောက်လာမည်မှာ မလွဲပါချေ။

ဤကဲ့သို့အဖြစ်မျိုးကိုကား ကျွန်တော်နှင့်ကိုသာမြိုင်မှာ ကိုယ်တိုင်ကိုယ်ကျမခံစားခဲ့ရဖူးသည့်တိုင်၊ မျက်မြင် ကိုယ်တွေ့အဖြစ်၌ကား ၂ ယောက်စလုံး ကြုံခဲ့ကြရဖူးလေပြီ။

ထိုအကြောင်းနှင့် ဆက်စပ်လျက် ယိုးဒယား–မြန်မာ မီးရထားလမ်းမကြီးဖောက်လုပ်ရာတွင် မြန်မာအမျိုးသား ချွေးတပ်သားများ၏အနေအထားကို လည်းကောင်း၊ ဗြိတိသျှစစ်သုံ့ပန်းများ၏အနေအထားကို လည်းကောင်း အတန်ငယ်မျှ ထပ်မံလျက်ဖော်ပြလိုပါသည်။

ဗြိတိသျှစစ်သုံ့ပန်းများအား တောတွင်းချွေးတပ်စခန်းများ၌ ဂျပန်များကပေးကမ်းခြင်းပြုသည်မှာ စားနပ် ရိက္ခာရာရှင်ပစ္စည်းမျှသာ ဖြစ်လေသည်။ လုပ်ခကြေးငွေ ဟူ၍ကား အလျှင်းပင်ပေးခြင်း မရှိပါချေ။ တစ်ဖန် ထိုပစ္စည်းများကိုပေးခြင်းပြုသည်မှာလည်း လောက်လောက်ငငပြည့်ပြည့်ဝဝပေးကမ်းခြင်းတော့ မဟုတ်။ မလောက်မင မမျှမတဖြစ်သော မဝရေစာပစ္စည်းမျှကိုသာ ထုတ်ပေးခြင်းဖြစ်သေလည်။

ပြီးသော် ကျွန်တော်တို့ တောတွင်းချွေးတပ်စခန်းများ၌ နောက်ပိုင်းအချိန်၊ နောက်ပိုင်းရက်များတွင် အစားအစာပစ္စည်းများမှာ အကြောင်းအမျိုးမျိုးကြောင့် သိသိသာသာရှားပါးချို့တဲ့လာပါသည်။

ထိုအခါတွင်လည်း စစ်သုံ့ပန်းတို့မှာ အများဆုံးပင် ဒဏ်သင့်ကြသည်ဟု ကျွန်တော်ထင်ပါသည်။ ယုတ်စွ အဆုံး သုံ့ပန်းစစ်သားများသည် ဆားကိုပင် လုံလောက်ပြည့်ဝအောင်မစားရသည့်အခြေမျိုးသို့ ဆိုက်ရောက်စေ ခဲ့ပါသည်။

ကမ္ဘာ့လူသားအားလုံးအတွက် ကြောက်မက်ဖွယ်ရာနှင့် ရွံရှာစက်ဆုပ်စရာကောင်းလှသော စစ်မက်၏ဒဏ်ရာ ဒဏ်ချက်များသည် လည်းကောင်း၊ ဆင်းရဲငြိုငြင်မှုများသည် လည်းကောင်း၊ လူမဆန်သော ညှဉ်းပန်းနှိပ်စက်မှုများ သည် လည်းကောင်း ကျွန်တော်တို့တောတွင်းချွေးတပ်စခန်းများ၌ဖြစ်ရပ်ကို မီးမောင်းထိုးပြသည့်အလား ကွက်ကွက် ကွင်းကွင်းနှင့် အထင်အရှားမြင်တွေ့နိုင်သည်ဟု ဆိုချင်လှပါသည်။

အထက်ကလည်း ကျွန်တော် ဆိုခဲ့ပြီးပါပြီ။ အာဟာရဓာတ်ကင်းမဲ့လှသော၊ သြဇာရသာဓာတ် ချို့တဲ့လှသော အစားအသောက်များကိုသာ မနှုးမနပ်စားသောက်ရခြင်း၊ ဆားကိုပင်ပြည့်ဝလောက်ငအောင် မမှီဝဲကြရခြင်း စသော အကြောင်းများကြောင့် ချွေးတပ်သားအတော်ခပ်များများပင် သူ့အိုသူနာရုပ်ပေါက်နေကြလေသည်။

ဥပမာ ထိုသူ ထိုချွေးတပ်သားတစ်ယောက်သည် ပိုးဟပ်ဖြူတစ်ကောင်ကဲ့သို့ လည်းကောင်း၊ ကြွေလုလုဆဲ အမှည့်လွန်သစ်သီးကဲ့သို့ လည်းကောင်း၊ ဆေးရုံပေါ်မှ ဆင်းသက်လာသော နာလန်ထူစ လူမမာကဲ့သို့ လည်းကောင်း၊ တစ်ကွက်ကလေးမျှ ကြည့်ကောင်းရှုကောင်းမရှိပါချေ။ သူတို့သူတို့ကိုမြင်ရသည်မှာ အနိဋ္ဌာရုံအတိသာလျှင် ဖြစ်ချေသည်။

http://mmteashop.com



ဤနေရာတွင် ဗြိတိသျှစစ်သုံ့ပန်းတို့နှင့်ပတ်သက်၍ တစ်နည်းအားဖြင့် တွေးစရာအကြောင်းတစ်ချက် ရှိပြန်လေသည်။ ဂျပန်များသည် ၎င်းတို့လက်တွင်း၌ဖမ်းဆီးရမိထားသော 'စစ်သုံ့ပန်းများအား တမင်သက်သက်ပင် မစဝရေစာ ကျွေးခြင်းပေလား' ဟူ၍ ဖြစ်လေသည်။

ဖမ်းဆီးရမိထားသောရန်သူများအား ဝဝလင်လင်ကျွေးမွေးခြင်းဖြင့် တစ်နေ့နေ့တွင် ၎င်းတို့အား တော်လှန် တိုက်ခိုက်လာမည်ကိုလည်း ဂျပန်တို့ စိုးရိမ်ဟန်တူလေသည်။ ထိုစိုးရိမ်စိတ်ကြောင့်ပင် ကြိုတင်ကာကွယ်ခြင်းလား မပြောတတ်။ ပြီးလျှင် ထိုကိစ္စထိုအပြုအမူများသည် စာရေးသူမသိ နားမလည်သည့် စစ်ရေးစစ်ရာနှင့် အကျုံးဝင် သက်ဆိုင်အကြောင်းခြင်းများလည်း ဖြစ်တန်ကောင်းပေသည်။

ဤနေရာတွင်မူ မြန်မာချွေးတပ်သားနှင့် ဗြိတိသျှစစ်သုံ့ပန်းများ၏အခြေအနေမှာ အတော်ပင် ကွဲပြား ခြားနားလှပါသည်။

ဤ ယိုးဒယား–မြန်မာ မီးရထားလမ်းမကြီးကိုဖောက်လုပ်ခြင်းပြုရာ၌ ဂျပန်စစ်အာဏာပိုင်များနှင့် ဒေါက်တာ ဘမော်အစိုးရတို့ မည်သို့မည်ပုံ သဘောတူညီမှုရှိခဲ့ကြသည်ဟူ၍ကား ကျွန်တော်စာရေးသူ မသိရှိပါပေ။

သို့ရာတွင် ယိုးဒယား–မြန်မာ မီးရထားလမ်းမကြီးကိုဖောက်လုပ်ခြင်းပြုရာ၌ မြန်မာချွေးတပ်သား အမည်ခံ ရထားဖောက်လုပ်ရေးအလုပ်သမားများမှာမူ ဂျပန်တို့ထံမှ လုပ်ခငွေအဖြစ် ဂျပန်စက္ကူများရရှိခဲ့သည်မှာကား အမှန်ပင် ဖြစ်ပါသည်။ ထို ဂျပန်စက္ကူများဆိုသည်မှာ ဂျပန်ခေတ်က တစ်ပြည်လုံးတွင် ဂျပန်တို့ထုတ်ဝေဖြန့်ဖြူးလိုက်သော ဘုရားနီတံဆိပ်စက္ကူများပင် ဖြစ်လေသည်။

တောတွင်းချွေးတပ်စခန်းများ၌ ထုတ်ပေးသောထိုစက္ကူများသည် ထိုစဉ်အခါက မြို့ကြီးပြကြီးများပေါ်ရှိ လူတိုင်း၏ပါးစပ်ဖျား၌ ပြောလေ့ပြောထရှိကြသော 'ထောင်မလဲ သဲကော်'စက္ကူတွေပင် ဖြစ်လေသည်။ တောတွင်း ချွေးတပ်စခန်း၌ ကျွန်တော်တို့ရရှိသောထိုစက္ကူများမှာ အချို့သည် ဆေးပင် ကောင်းကောင်းမခြောက်သေး။ စက္ကူများအပေါ်တွင် ဝါးမျှင်ဝါးကြောကလေးများနှင့်ခပ်ဆင်ဆင်တူသော အမွေးအမျှင်ကလေးတွေပင် ထိုးထိုး ထောင်ထောင်ရှိနေတတ်ပေသည်။ (ဒုတိယကမ္ဘာစစ်ကြီးပြီးစီးသွားသည့်အခါ မြန်မာတစ်မျိုးလုံးသားပင် ထိုဘုရားနီ စက္ကူများ၏ဒဏ်ကို အကြီးအကျယ်ခံလိုက်ရပေသည်။)

အရပ်သားချွေးတပ်သားများသည် ဘဝတူဖြစ်သည့် ဆင်းရဲဒုက္ခခံစားနေကြရရှာသော စစ်သုံ့ပန်းချွေးတပ်သား များအပေါ်၌ သနားကရုဏာပိုကြလေသည်။ အရပ်သားချွေးတပ်သားများသည် ကြီးမားသောငဲ့ညာထောက်ထား စိတ်ဖြင့် ဂျပန်များကိုပင် ကြောက်ရ,လန့်ရကောင်းမှန်းမသိကြဘဲ ဗြိတိသျှစစ်သုံ့ပန်းများအား ဆေးလိပ်များ ပေးခြင်း, မုန့်ပဲသရေစာ စသည်များကိုပေးကမ်းခြင်း စသည်ဖြင့်ပြုကြလေသည်။

ဤတွင် မြန်မာချွေးတပ်သားများ၏ စိတ်ကောင်းစေတနာကောင်းရှိမှုကိုတုံ့ပြန်သော ဗြိတိသျှစစ်သုံ့ပန်း တို့ကလည်း ၎င်းတို့ထံတွင်ရှိနေသော စီးကရက်စွပ်တံကလေးများ, ရင်ထိုးတံဆိပ်ကလေးများ, ဆေးတံ, ရေဘူး စသောပစ္စည်းကလေးများကို လက်ဆောင်ပစ္စည်းအဖြစ် ပြန်လည်ကာ ပေးကမ်းခြင်းပြုကြလေသည်။ ထိုပစ္စည်း ကလေးများထဲမှ အချို့အချို့သောပစ္စည်းကလေးများမှာမူ စစ်တပ်တစ်တပ်နှင့်သက်ဆိုင်သော ရင်ထိုးတံဆိပ် ကလေးများပင်ပါရှိသည်ဟု ကျွန်တော်ထင်ပါသည်။

ဒီလိုနှင့် ကျွန်တော်တို့အားလုံး မမျှော်လင့်သောနေ့တစ်နေ့ ညအချိန်မတော်တွင်မူ ဂျပန်စစ်ဗိုလ် ကုမေကာ သည် သူ့နောက်ပါစစ်သားများနှင့်အတူ ကျွန်တော်တို့ချွေးတပ်သားများနေထိုင်သော တဲတန်းလျားကြီးများပေါ်သို့ တက်ရောက်လျက် ရှာဖွေစစ်ဆေးခြင်းပြုပါလေတော့သည်။ ဤတွင် စစ်သုံ့ပန်းချွေးတပ်သားများထံမှ တောက်တိုမည်ရ ပစ္စည်းကလေးများကို ရရှိသိမ်းဆည်းထားသော ဘွန်ထိုက်ချီများ, ဟန်ချီများနှင့် ချွေးတပ်သားအချို့တို့မှာလည်း အကြီးအကျယ်ပင် ပြဿနာပေါ်ပါလေသည်။

http://mmteashop.com



ဂျပန်စစ်ဗိုလ်ကုမကောသည် ထိုသူ ထိုချွေးတပ်သားများအားလုံးကို တဲလိုင်းကြီးများအပြင်သို့ ထုတ်ထားလျက် တန်းစီကာရပ်နေစေပါသည်။ တွေ့ရှိသောပစ္စည်းပစ္စယကလေးများကို မည်သို့မည်ပုံ ရရှိကြောင်း, မည်သူ့ထံမှ ရရှိခြင်းဖြစ်ကြောင်း စသည်များကိုလည်း စစ်ဆေးမေးမြန်းခြင်းပြုလေသည်။

စင်စစ် ကုမကောမေးမြန်းသော မေးခွန်း ၂ ခုစလုံးသည်ပင် ချွေးတပ်သားများအနေဖြင့် အတော်ပင် အဖြေပေးရ ကျပ်လှသော မေးခွန်း ၂ ခု ဟူ၍လည်း ဆိုရပါမည်။ ထိုမေးခွန်း ၂ ခုကို အဘယ်ပုံ သူတို့ဖြေကြားခြင်း ပြုကြလေမည်နည်း။ အနှောင့်အသွားမလွတ်သော မေးခွန်း ၂ ခုပင် ဖြစ်လေသည်။ ပြီးသော် မည်သည့်စစ်သုံ့ပန်းထံမှရရှိပါသည် ဟူ၍ အဘယ်နည်းနှင့် သူတို့ ပြောတတ်လေမည်နည်း။

ထိုအခါ ချွေးတပ်များကလည်း ယေဘုယျသဘောမျိုးဖြင့် 'ထိုပစ္စည်းကလေးများသည် သုံ့ပန်စစ်သားများထံမှ ရရှိခြင်းသာ ဖြစ်ကြောင်း' မကွယ်မထောက် ဖြေကြားခြင်းပြုကြလေသည်။ သူတို့သူတို့၏အဖြေမှာ အမှန်အတိုင်း ဖြေကြားခြင်းဟူ၍ပင် ဆိုရပါမည်။ ချွေးတပ်သားများ၏အဖြေကိုကြားရသော ဂျပန်စစ်ဗိုလ်ကုမကောသည် ထိုသူများ အားလုံးအား (၁၄-၅ ယောက်ခန့်ရှိလိမ့်မည် ထင်ပါသည်။) ကြိုးချည်ကြိုးတုပ်ခြင်း ပြုစေပါသည်။

နောက်ဆုံးတွင်မူ ကုမကောသည် ထိုသူ ထိုချွေးတပ်သားများအပေါ်၌ စွဲချက်တစ်ရပ်ကို တင်လိုက်လေသည်။ ကုမကောတင်သော စွဲချက်မှာ-

'ထိုသူများသည် နိပွန်တပ်မတော်ကြီးကိုဆန့်ကျင်လျက်၊ ရန်သူ ဗြိတိသျှသုံ့ပန်းတို့နှင့် အဆက်အသွယ်ပြုသည်။ ရန်သူတို့ကိုအားပေးအားမြှောက်ပြုသည်'ဟူသော စွဲချက်ပင်ဖြစ်လေသည်။

ဤစွပ်စွဲချက်သည် တရားဥပဒေမဲ့နယ်မြေဒေသပမာဖြစ်နေသော တောတွင်းချွေးတပ်စခန်းများ၌ အဘယ်မျှကြောက်မက်ဖွယ်ကောင်း၍ အဘယ်ထိ အန္တရာယ်ကျရောက်နိုင်သည်ဆိုခြင်းကိုမူ ချွေးတပ်သားအားလုံးလောက်နီးနီး သိရှိသဘောပေါက်ထားကြပြီးပင် ဖြစ်လေသည်။

ကုမကော၏ ထိုစွပ်စွဲချက်သည် စကားပြန်သူငယ်ကပြောကြားလိုက်သည့်အခါ၊ သက်ဆိုင်သူကာယကံရှင် ချွေးတပ်သားများ, ဘွန်ထိုက်ချီနှင့် ဟန်ချီများကိုမဆိုထားဘိ။ ကြားလိုက်ရသောကျွန်တော်တို့အားလုံးပင် ကြက်သီးထလျက် ကျောချမ်းမိကြလေသည်။

ကုမကောသည် ထိုချွေးတပ်သားများကို ထိုအချိန် ထိုညမှစ၍ပင် တဲတန်းလျားများနှင့်မနီးမဝေးရှိ မြေကွက်လပ်ကြီး၌ ကြိုးချည်ကြိုးတုပ်ထားလိုက်လေသည်။

ဤတွင် ထိုသူထိုချွေးတပ်သားများအား ကြိုးချည်ကြိုးတုပ်ပုံကိုလည်း အတန်ငယ် ကျွန်တော် ဖော်ပြလိုပါသည်။

မြေကွက်လပ်အတွင်း၌ ဝါးလုံးတိုင် ၂ တိုင်ကို တစ်တိုင်နှင့်တစ်တိုင် ခပ်လှမ်းလှမ်းခပ်ကွာကွာစိုက်ထူထားလေသည်။ ပြီးလျှင် ထိုဝါးလုံးတိုင် ၂ တိုင်တွင်တန်းစီလျက် ဝါးလုံးတစ်လုံးကို အလျားလိုက်ချည်နှောင်ထားလိုက်လေသည်။ ခပ်လွယ်လွယ်ပြောရပါမူ အဝတ်လှမ်းသောတန်းကဲ့သို့ ဖြစ်သည်။ အမြင့်မှာ ၇ ပေ-၈ ပေခန့် ဖြစ်လေသည်။ ထို့နောက် လက် ၂ ဖက်ကို ကန့်လန့်တန်းထားသောဝါးလုံးထက်တွင် ၂ ဖက်စလုံးတင်ထားစေပြီးနောက် လက်ကောက်ဝတ်မှနေလျက် ကြိုးတစ်ချောင်းဖြင့်ချည်နှောင်လိုက်လေသည်။

ထိုအခါ ကြိုးချည်ခံရသော ချွေးတပ်သားခများသည် မတ်တပ်ရပ်လျက် လက် ၂ ဖက်စလုံးကို အထက်သို့မြှောက်ထားရသလို ဖြစ်နေသည်။ ထိုသူမှာ ထိုင်ချင်၍လည်း ထိုင်မရ၊ သူ့ကိုယ်ကို လှည့်ပတ်၍လည်း မရနိုင်ပေ။ ကုန်ကုန်ပြောရလျှင် ယားယံ၍မျှလည်း ကုတ်လို့မရ။ ခါးဝတ်ပုဆိုးကျွတ်၍မျှလည်း ဝတ်မဖြစ်ပေ။ ထိုသူ၏ လက် ၂ဖက်စလုံးကို လက်ကောက်ဝတ်မှနေလျက် ဝါးလုံးတန်းထက်တွင်ပူးချည်ထားခြင်းဖြစ်လေရာ လက် ၂ဖက်စလုံးမှာ အသုံးမဝင်အရာမရောက် ဖြစ်နေလေတော့သည်။

http://mmteashop.com



ကုမေကာသည် ထိုသူများအားလုံးကို ထိုညတစ်ညလုံးမှနေလျက် နောက်တစ်နေ့ညမိုးချုပ်ထိ ဤလိုပင် ကြိုးတုပ်ထားလေသည်။ ကြိုးတုပ်ထားစဉ်အချိန်အတွင်း အချို့သူများမှာ မတ်တတ်ကပင် သေးတဖျန်းဖျန်း ပါကြလေတော့သည်။ အချို့တို့ကား ခါးဝတ်ပုဆိုးများပင် ကွင်းလုံးကျွတ်ကျလျက် အမြင်မတော်အောင်ရှိလေသည်။ အချို့ကား မတ်တတ်ကြီး ဦးခေါင်းကို ပခုံးနှင့်လက်မောင်းရင်းတွင်မှေးတင်ကာ မျက်စိကိုစုံမှိတ်လျက် တဟီးဟီး ညည်းတွားရှာလေသည်။ ထိုသူများသည် ကြိုးချည်ကြိုးတုပ်ခံနေရစဉ်အတွင်း အစားအသောက် ဟူ၍ အလျှင်းမစားကြရချေ။ ရေကိုပင် သောက်ခွင့်မရကြပါပေ။

သုံ့ပန်းစစ်သားများပေးကမ်းသော ပစ္စည်းကလေးများကို ယူမိခြင်းနှင့်ပတ်သက်၍ ထိုအဖြစ်မျိုးမြင်ဖူးကြသောကြောင့်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်မှာ သုံ့ပန်းစစ်ဗိုလ်ကမ်းလာသောပစ္စည်းကလေးများကို ခါးခါးသီးသီးငြင်းပယ်နေကြခြင်းပင် ဖြစ်ပါသည်။

"သူပေးတဲ့ပစ္စည်းကလေးတွေမယူလို့ စိတ်မကောင်းရှာဘူးနှင့် တူပါတယ်"

ကိုသာမြိုင်ကပြောလေသည်။

"ဟုတ်မှာပေါ့ဗျာ။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဘယ်လိုလုပ်ပြီး ယူဝံ့မှာလဲဗျ။ ခင်ဗျားကိုယ်တိုင်ပဲ ကိုချစ်တီးတို့အဖြစ်ကို မြင်ဖူးတယ်မဟုတ်လား"

"သိပါတယ် ဆရာလေး။ ဟို ဘုရား ၃ ဆူစခန်းကိုပြောင်းသွားတဲ့ စစ်သုံ့ပန်းတွေပေးတဲ့ ပစ္စည်းကလေးနှင့် ပတ်သက်ပြီး ကြိုးတုပ်ခံရတဲ့ကိစ္စမဟုတ်လား"

ကိုသာမြိုင်မှာလည်း ထိုကိစ္စထိုအဖြစ်ကို အမှတ်ရနေဆဲပင်ဖြစ်လေသည်။

"ဟုတ်တာပေါ့ကိုသာမြိုင်"

ကျွန်တော်နှင့် ကိုသာမြိုင်သည် တစ်ယောက်နှင့်တစ်ယောက် ထိုစကားများကိုပြောနေသည့်အခါ သုံ့ပန်းစစ်ဗိုလ်မှာလည်း ကျွန်တော်တို့ ၂ ယောက်ကိုစူးစိုက်ကြည့်လျက် ခပ်ငေးငေးရှိနေပါသည်။

သူသည် ကျွန်တော်တို့ပြောနေသောစကားများကို နားမလည်သောကြောင့်လည်း အတွေးတစ်မျိုးပေါက်နေဟန်တူပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့စကားအပြတ်တွင် အားတက်သရောအမူအရာဖြင့် သူ့လက်တွင်းမှ ပစ္စည်းကလေးများကို လက်ကမ်းလျက်ပေးပြန်ပါလေသည်။ သူ့မျက်နှာမှာလည်း မျှော်လင့်ချက်အသစ်ဖြင့် ထပ်မံရွှင်ပြုံးလာပြန်လေသည်။ သုံ့ပန်းစစ်ဗိုလ်၏အဖြစ်ကို မြင်လိုက်ရသောအခါ ကျွန်တော့်ရင်ထဲတွင် နင့်ခနဲ စိတ်မကောင်းဖြစ်မိသည်။ ခပ်စောစောကလိုဦးခေါင်းခါလျက် မငြင်းဆန်ရက်လောက်အောင်လည်း ဖြစ်ရလေသည်။

ထို့ကြောင့်ပင် နောင်ခါလာမှ 'နောင်ခါရောက်ရား သူပေးသောပစ္စည်းကလေးများကို လက်ခံလိုက်ရသော် ကောင်းလေမလား' ဟူ၍လည်း ကျွန်တော့်စိတ်တွင် အတွေးဖြစ်ပေါ်မိလေသည်။ သို့ရာတွင် လက်တွေ့အားဖြင့်ကား ဒီအပြုအမူကိုမပြုဝံ့ကြောင်း ခပ်ရိုးရိုးဝန်ခံရပေမည်။ ကြောက်စရာ ကောင်းသော ဂျပန်စစ်ဗိုလ်ကုမေကာ၏မျက်နှာသည် ထိုအတွေးကို ကျွန်တော်တွေးလိုက်မိသည့်အခါ၌ပင် ကျွန်တော်၏စိတ်များကို ကြိုးမားစွာချောက်ချားစေပါသည်။

ဤသို့ဖြစ်ရခြင်းအတွက် ကျွန်တော့်ကိုယ် ကျွန်တော် အားမလိုအားမရ ဖြစ်မိပါသည်။ စိတ်မကောင်းခြင်းလည်း ဖြစ်မိပါသည်။ ဤကိစ္စတွင် သူပေးသောပစ္စည်းကလေးများကို ကျွန်တော်နှင့်ကိုသာမြိုင်သည် လက်ခံခြင်း မပြုနိုင်ဟုဆိုလျှင်လည်း ထိုအဖြစ်ထိုအကြောင်းကို သုံ့ပန်းစစ်ဗိုလ်သဘောပေါက်နားလည်အောင် ရှင်းလင်းပြောပြလိုက်လေသည်။ လူ့ယဉ်ကျေးမှုအရ ပြောပြရန်ဝတ္တရားလည်း ကျွန်တော်နှင့်ကိုသာမြိုင်တွင် တာဝန်ရှိလေသည်။ သို့ရာတွင် ကျွန်တော်သည်လည်းကောင်း, ဘွန်ထိုက်ချိုကိုသာမြင်သည် လည်းကောင်း အင်္ဂလိပ်စကား တတ်ကြ

http://mmteashop.com



သူများမဟုတ်သလို၊ သုံ့ပန်းစစ်ဗိုလ်ကိုယ်တိုင်မှာလည်း မြန်မာစကားတတ်သူတစ်ဦးမဟုတ်ကြောင်း ထင်ရှားလှလေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ ၂ ယောက်နှင့် သုံ့ပန်းစစ်ဗိုလ်တို့၏ အဆက်အဆံကိစ္စမှာ မပြေမလည် မရှင်းမလင်းနှင့် စိတ်မချမ်းမြေ့စရာကြုံတွေ့နေကြရခြင်းပင် ဖြစ်လေသည်။

ကျွန်တော်တို့ ၃ ယောက်၏အလယ်တွင်ရှိနေသော မီးပုံမီးသည် အရှိန်ကောင်းစွာရလျက် တောက်လောင်နေလေသည်။ မီးပုံအတွင်းမှ ရှန်းကန်လှုပ်ရှားထွက်လာသော မီးပွင့်မီးပွားကလေးများသည် မီးခိုးတန်းနှင့်အတူ ရောထွေးလျက် တဲတန်းလျား၏အမိုးရှိရာသို့ လွင့်တက်သွားသည်။ အပြင်အပတွင်မူ ဆောင်းနှင်းများက ရီဝေသိပ်သည်းလျက် ဆောင်းနတ်သမီးသည် 'နှင်းဝတ်ကမ္ဗလာကြီးကို လွှမ်းခြုံထားလေသည်။

ကျွန်တော်သည် ဘာသာခြားစကားတွင် ဟိန္ဒူစတန်နီစကားကို အတော်အသင့်ပြောတတ်သူတစ်ဦးဖြစ်ပါသည်။ သုံ့ပန်းစစ်ဗိုလ်မှာ ကျွန်တော်ကဲ့သို့ပင် ဟိန္ဒူစတန်နီစကားကို ပြောကြားနိုင်သူတစ်ယောက်ဖြစ်မည်ဆိုပါက ကျွန်တော်တို့ ၂ ဦး ၂ ဘက်၏ဆက်ဆံရေးသည် ထိုက်သင့်သလောက် အဆင်ပြေသွားနိုင်စရာအကြောင်းရှိသည်ဟူသော အတွေးတစ်ခုကို ကျွန်တော်တွေးလိုက်မိလေသည်။

ထိုအတွေး ကျွန်တော့်ခေါင်းထဲသို့ဝင်ရောက်လာသည်မှာလည်း တခြားကြောင့်မဟုတ်။ ခပ်စောစောပိုင်းအချိန်က 'ဘုရား ၃ ဆူ'စခန်းသို့ရွှေ့ပြောင်းသွားကြသော ဗြိတိသျှစစ်သုံ့ပန်းများထဲမှ အကြီးအကဲစစ်ဗိုလ်နှင့် စစ်သား ၄–၅ ယောက်တို့သည် ဟိန္ဒူစတန်နီစကားကို ကောင်းမွန်စွာပြောနိုင်ကြသဖြင့် သူတို့နှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ အတော်ပင်အဆင်ပြေခဲ့သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်ရှေ့မှောက်တွင်ရှိနေသော သုံ့ပန်းစစ်ဗိုလ်အား "ဟိန္ဒူစတန်နီစကားတတ်ပါသလား"ဟု မေးမြန်းခြင်းပြုလိုက်ပါသည်။ သုံ့ပန်းစစ်ဗိုလ်သည် သူ့ဦးခေါင်းကို ခပ်လွှယ်လွှယ်ညိတ်လိုက်သည်။ သူ့နှုတ်မှလည်း ဟိန္ဒူစတန်နီစကားတတ်ကြောင်း ပြောလေသည်။ ဟိန္ဒူစတန်နီစကားပြောသောသူ့အသံသည် ခပ်အစ်အစ်ခပ်သြသြနှင့် လုံးကြီး ခဲကြီးပြောသောလေယူလေသိမ်း ဖြစ်သည်။

အနီးတွင်ရှိနေသော ဘွန်ထိုက်ချိုကိုသာမြိုင်သည် ကျွန်တော်နှင့် အင်္ဂလိပ်စစ်ဗိုလ်၏ အဆက်အဆံကို ချက်ချင်းပင် သဘောပေါက်သွားလေသည်။ ကျွန်တော် ဟိန္ဒူစတန်နီစကားပြောတတ်ကြောင်း ကိုသာမြိုင်သိသည်။ သူသည် ကျွန်တော့်အနီးသို့ ထိုင်ရာမှ မထ တိုးကပ်လာသည်။ ကျွန်တော်နှင့် အင်္ဂလိပ်စစ်ဗိုလ်တို့၏ရှေ့အဆက်အဆံကို သိချင်စိတ်ထက်သန်နေဟန် ရှိလေသည်။

ထိုအခါမှ ကျွန်တော်ကလည်း သုံ့ပန်းစစ်ဗိုလ်အား သူပေးသောပစ္စည်းကလေးများကို အဘယ်ကြောင့်လက်ခံယူငင်ခြင်းမပြုဝံ့ကြောင်းနှင့် ရှင်းလင်းပြောကြားရလေသည်။ ပြီးလျှင် ကျွန်တော်တို့တပ်ဒိန်စခန်းတွင် ယခင်ကဖြစ်ပျက်ခဲ့ဖူးသော စစ်သုံ့ပန်းများနှင့် ချွေးတပ်သားများ၏အဖြစ်ကိုလည်း ကျွန်တော်တတ်သလောက် ဟိန္ဒူစတန်နီဘာသာဖြင့် ပြောဆိုခြင်းပြုရလေသည်။

ထိုကဲ့သို့ပြောလိုက်မှလည်း သုံ့ပန်းစစ်ဗိုလ်မှာ ဦးခေါင်းတဆတ်ဆတ်ညိတ်လျက် စိတ်ကျေနပ်သွားဟန်ရှိလေသည်။ သို့ရာတွင် လက်ဆောင်ပစ္စည်းကလေးများကို မပေးနိုင်သည့်အတွက်ကြောင့် စိတ်မကောင်းဟန်တော့ ရှိရှာလေသည်။

ကျွန်တော်တို့သည် မီးပုံကြီးဘေးတွင်ထိုင်ကာ ဤလိုစကားတောင်းကြနေခိုက် တဲလိုင်းအတွင်းသို့ ဝင်ရောက်လာသော ဂျပန်စစ်သားတစ်ယောက်အား အနီးသို့ရောက်မှပင် သတိပြုလိုက်မိကြလေသည်။

ဂျပန်စစ်သားသည် ရိုင်ဖယ်သေနတ်ကို ပခုံးထက်တွင် ချိတ်လွယ်ထားသည်။ သေနတ်ဖျားတွင် လှံစွပ်တပ်ထားသည်။ သူသည် တဲလိုင်းတစ်ဝိုက်တွင် ကင်းတာဝန်ကျနေသော စစ်သားတစ်ယောက်ဖြစ်ကြောင်း မြင်ရုံမျှနှင့် သိရလေသည်။ ထိုစစ်သား၏ခြေထောက်တွင် ဂျပန်စစ်သားစီးကင်းဘတ်ဖိနပ်ကို စီးထားသည်။ ထို့ကြောင့်လည်း ထို စစ်သား၏ခြေလှမ်းသံ, ခြေချသံကို ကျွန်တော်တို့မကြားမိခြင်း ဖြစ်လေသည်။

http://mmteashop.com



ဤနေရာတွင် 'ဂျပန်စစ်သားစီးကင်းဘတ်ဖိနပ်' ဟု ဆိုထားသဖြင့်၊ ထိုကင်းဘတ်ဖိနပ်အကြောင်းကိုလည်း အနည်းငယ်ပြောလိုပါသည်။

ဂျပန်စစ်သားများစီးနင်းသော ကင်းဘတ်ဖိနပ်များသည် ကျွန်တော်တို့တစ်တွေ ယခုအသုံးပြု တွေ့မြင်နေကြရသည့် ကင်းဘတ်ဖိနပ်များနှင့် မတူချေ။ ထိုစဉ်အခါက ဂျပန်စစ်သားများအသုံးပြုသော ကင်းဘတ်ဖိနပ်သည် အနက်ရောင်များ ဖြစ်သည်။ ဖိနပ်၏ဦးခေါင်းပိုင်းမှာလည်း ယခု ကျွန်တော်တို့အသုံးပြုနေသောကင်းဘတ်ဖိနပ်များနှင့် ကွဲလွဲလေသည်။

ဂျပန်စစ်သားများစီးသော ကင်းဘတ်ဖိနပ်ဦးပိုင်းလည်း ခြေချောင်း ၅ ချောင်းနေရာ၌ ခြေမနှင့်ကျန်သော ခြေချောင်း ၄ ချောင်းနေရာတွင် အကွဲအဟိုက်ကြောင်းတစ်ကြောင်း ပါရှိလေသည်။ ဖိနပ်ဦးသည် အချွန်း သို့မဟုတ် အဝိုင်းဟူ၍ တပြေးညီတစ်သားတည်းမဟုတ်ပေ။ ပြီးလျှင် အောက်ခံရာဘာမှာလည်း ဟီးလ်ခေါ် ဖနောင့်ခုံမြင့်မရှိပေ။ အားလုံး တစ်သားတည်းတပြေးညီဖြစ်လေသည်။

ဂျပန်တို့သည် သာမန်စစ်သားများအတွက် စစ်ယူနီဖောင်းများကို လည်းကောင်း, စားနပ်ရိက္ခာစသည်များကို လည်းကောင်း နည်းနည်းကျဲကျဲ အသုံးပြုကြသူများ ဖြစ်လေသည်။ သူတို့သည် စစ်ပွဲတစ်ပွဲအတွက် စစ်အောင်နိုင်ရေးတစ်ခုတည်းကိုသာ အဓိကထားဟန်တူလေသည်။ ဗြိတိသျှစစ်သားများလို ယူနီဖောင်းအကျအန, စားနပ်ရိက္ခာရာရှင်ပစ္စည်းအကျအန ဟူ၍လည်း ဇိမ်ခံချဲ့နေခြင်းမရှိပေ။

ကျွန်တော်လေ့လာမိသလောက်ပြောရလျှင် တိုက်ပွဲတွင်အသုံးပြုသော လက်နက် ဟူသည်မှာလည်း အပေါ့စား, အသေးစားလက်နက်များသာလျှင် ဖြစ်လေသည်။ ဂျပန်စစ်သားများကိုင်ဆောင်သော ရိုင်ဖယ်သေနတ်များမှာ ဗြိတိသျှစစ်သားများအသုံးပြုသော ရိုင်ဖယ်သေနတ်များထက် ပေါ့ပါးလေသည်။

ကင်းဘတ်ဖိနပ်ကိုစီးနင်းကာ ခြေသံမကြားအောင်ဝင်ရောက်လာသော ဂျပန်စစ်သားကိုတွေ့လိုက်ရသောကြောင့်လည်း သုံ့ပန်းစစ်ဗိုလ်မှာ အတော်အတန် မျက်စိမျက်နှာပျက်သွားလေသည်။ ကျွန်တော်ကိုယ်တိုင်ပင် အနည်းငယ် စိတ်ထင့်လိုက်မိသည်။ ကျွန်တော့်ဘေးတွင် လူချင်းကပ်လုမတတ်ရှိနေသော ဘွန်ထိုက်ချိုကိုသာမြိုင်မှာလည်း မျက်နှာပျက်လျက် ကျွန်တော့်ကိုလက်ကုတ်လိုက်သည်။

အမှန်ပြောရသော် ဂျပန်စစ်သားသည် ကျွန်တော်တို့ရှိရာမီးပုံသို့ အဘယ့်ကြောင့်ဝင်လာသည်ဆိုခြင်းကိုလည်း ကျွန်တော်တစ်ယောက်သာ သဘောပေါက်နားလည်လေသည်။ ကျွန်တော်ရှိရာသို့ ဂျပန်စစ်သားဝင်ရောက်လာသည်မှာ 'ဆေးလိပ်တောင်းရန်အတွက် ဝင်ရောက်လာခြင်း' ဟူ၍လည်း ကျွန်တော်တွက်ဆမိပြီး ဖြစ်လေသည်။ ဂျပန်စစ်သားများသည် မကြာခဏဆိုသလိုပင် ကျွန်တော့်ထံတွင် ဆေးလိပ်တောင်းခံခြင်း ပြုတတ်ကြလေသည်။

သို့ရာတွင် ဂျပန်စစ်သားကို မြင်လိုက်သဖြင့် ကျွန်တော့်စိတ်ထဲကထင့်မိသည်မှာ သုံ့ပန်းဖြစ်သော အင်္ဂလိပ်စစ်ဗိုလ်မှာ ကျွန်တော်တို့အနီးတွင်ရှိနေသောကြောင့် ဖြစ်သည်။ ဂျပန်စစ်သားသည် ထိုအမြင်ထိုအတွေ့ကြောင့် 'ကျွန်တော်နှင့် ကိုသာမြိုင်အပေါ်၌ သော်လည်းကောင်း, သုံ့ပန်းဖြစ်သော အင်္ဂလိပ်စစ်ဗိုလ်အပေါ်၌ သော်လည်းကောင်း ရန်ရှာလေမလား' ဟူသော ပူပန်ကြောင့်ကြမှုဖြစ်မိလေသည်။

ဂျပန်စစ်သားသည် အင်္ဂလိပ်စစ်ဗိုလ်ကိုမျက်နှာမူလျက် ကျွန်တော့်ဘေးတွင် ဝင်၍ရပ်လိုက်လေသည်။ သူသည် လက်တစ်ဖက်ကို ခါးတွင်ထောက်ထားသည်။ ပါးလျားသောမျက်ခုံးမွေးများအောက်မှ ပြူးကြောင်သေးငယ်သောမျက်လုံးအစုံသည် အင်္ဂလိပ်စစ်ဗိုလ်အား စူးစူးတောက်တောက်ကြည့်လေသည်။

အင်္ဂလိပ်စစ်ဗိုလ်ကလည်း ထိုင်ရာမှနေလျက် ဂျပန်စစ်သားအား တစ်ချက်မျှမော့်ကြည့်လေသည်။ ပြီးသော်ချက်ချင်းပင် မျက်နှာကို အောက်ပြန်၍ ငုံ့ပစ်လိုက်သည်။ အင်္ဂလိပ်စစ်ဗိုလ်အနေဖြင့် ဂျပန်စစ်သားကို တွေ့လိုက်ရသော်လည်း မီးပုံဘေးမှထွက်ခွာသွားရန်ကိုကား ရည်ရွယ်ဟန်မတူပေ။

http://mmteashop.com



ထိုအဖြစ်ကိုကြည့်လျက် ကျွန်တော်မှာ တိုတောင်းသောအချိန်ကလေးအတွင်း၌ပင် အတွေးအတောပေါင်း မြောက်မြားစွာတို့ကို တွေးတောခြင်းပြုလိုက်မိပါလေသည်။

ဂျပန်စစ်သားနှင့် အင်္ဂလိပ်စစ်ဗိုလ်။

အင်္ဂလိပ်စစ်ဗိုလ်နှင့် ဂျပန်စစ်သား။

အောင်နိုင်သူနှင့် ရှုံးနိမ့်သူ

ဤအတွေး ကျွန်တော့်ခေါင်းထဲ ဝင်ရောက်လာသည်။ သာမန်စစ်သားတစ်ယောက်နှင့် စစ်ဗိုလ်တစ်ယောက် ဖြစ်သောကြောင့်လည်း ရာထူးအဆင့်အတန်းအားဖြင့်မူ အတော်ပင်ကွာခြားလှပေသည်။

ပြီးလျှင် လူပုံပန်းကွာခြားမှုကိုလည်း ကျွန်တော် သတိပြုလိုက်မိပါသည်။ တစ်ဦးက ကိုယ်ကာယဖွံ့ဖြိုးပြီး ကြံ့ခိုင်မှုတွင် လည်းကောင်း, ဥပမိရုပ်ခံ့ညားမှုတွင်လည်းကောင်း ရည်မွန်သောသွင်ပြင်ရှိပါသည်။ တစ်ယောက်က ပိန်ပိန်သေးသေး ပုကွကွကလေးဖြစ်လေသည်။

အင်္ဂလိပ်စစ်ဗိုလ်နှင့် ဂျပန်စစ်သားတို့၏ရင်ထဲတွင် မည်သို့မည်ပုံရှိနေကြမည် ဟူ၍ကား ကျွန်တော် မပြောတတ်။ မသိနိုင်ပါ။ ကျွန်တော့်ရင်ထဲတွင်မူ 'ဆန်းကြယ်သောဖြစ်ရပ်တစ်ခု'ဟူ၍ အထင်ရောက်နေမိပါသည်။

ဂျပန်စစ်သားသည် ဦးခေါင်းငိုက်စိုက်ကျနေသောအင်္ဂလိပ်စစ်ဗိုလ်ကို လည်းကောင်း, မလှမ်းမကမ်း တဲတန်းလျားထက်တွင် ငုတ်တုတ်မဲတဲ ထိုင်နေကြသော သုံ့ပန်းစစ်သား ၄-၅ ယောက်ရှိရာသို့လည်းကောင်း အပြန်အလှန်ကြည့်လိုက်ပြီးနောက် ခပ်မဲ့မဲ့ပြုံးလိုက်လေသည်။

ပြီးလျှင် "အင်္ဂလိပ် အင်္ဂလိပ်"ဟု အသံမပီမသပြသည်။ ခြေ ၂ ချောင်းကို ခုန်ဆွခုန်ဆွလုပ်လျက် ဖိနပ်သံ တဘုံးဘုံးမြည်အောင် ပြုလေသည်။

ကျွန်တော်သည် ဂျပန်စစ်သား၏ ထိုအပြုအမူကို ရုတ်တရက် သဘောမပေါက်မိပေ။ နောက်မှ သူ့အပြု အမူကိုသိရသည်မှာ သူသည် ဖိနပ်သံတဘုံးဘုံးမြည်စေလျက် အင်္ဂလိပ်စစ်ဗိုလ်အား မော့်ကြည့်စေရန်ပြုလုပ်ခြင်း ဖြစ်ကြောင်း နားလည်ရလေသည်။

ဂျပန်စစ်သား၏ ထိုအပြုအမူကြောင့် အင်္ဂလိပ်စစ်ဗိုလ်မှာလည်း ဦးခေါင်းငုံ့ထားရာမှနေလျက် ဂျပန်စစ်သား အား မော့်ကြည့်လိုက်သည်။ ထိုအခါ ဂျပန်စစ်သားသည် တဲလိုင်းပေါ်သို့လက်ညှိုးညွှန်ပြလျက် "ဂိုး ဂိုး"ဟူ၍ နှုတ်မှရွတ်ဆိုလေသည်။ သူဆိုလိုသည်မှာ မီးပုံအနီးတွင်ထိုင်နေသော အင်္ဂလိပ်စစ်ဗိုလ်အား တဲလိုင်းထက်ရှိ သူ၏နေရာသို့ ထွက်ခွာသွားရန် မောင်းနှင်လွှတ်သည့်သဘောပင် ဖြစ်လေသည်။

အင်္ဂလိပ်စစ်ဗိုလ်သည် ချက်ချင်းပင် ဂျပန်စစ်သား၏ဆိုလိုချက်ကို သဘောပေါက်သွားလေသည်။ သူသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ သူ့မျက်နှာအမူအရာမှာ ခပ်စောစောက ကျွန်တော်တို့နှင့်ဆက်ဆံသည့်အသွင်မျိုး မဟုတ်တော့ပေ။ တင်းမာတည်ငြိမ်သော အမူအရာမျိုးသို့ ရုတ်ခြည်းပြောင်းလဲသွားလေသည်။

အင်္ဂလိပ်စစ်ဗိုလ်က ထိုင်နေရာမှထရပ်လိုက်သည့်အခါ ဂျပန်စစ်သားနှင့် အင်္ဂလိပ်စစ်ဗိုလ်မှာ ကိုယ်လုံး ကိုယ်ထည်ရော, အနိမ့်အမြင့်ပါ အပြတ်အသတ်ကွာခြားလှကြောင်း ပို၍ထင်ရှားနေလေသည်။ ထိုအတွင်းကပင် ကျွန်တော်သည် သူတို့ ၂ ဦး၏ အခြေအနေကိုကြည့်ရင်း 'တစ်စုံတစ်ရာများဖြစ်ကြမည် လောဟူသော' အတွေးဖြင့် စိုးရိမ်မကင်းရှိမိလေသည်။ သူတို့ ၂ ယောက်ယှဉ်ရပ်နေကြသည်မှာ တစ်ယောက်နှင့် တစ်ယောက် ခြေတစ်လှမ်းအကွာ လက်တစ်ကမ်းအလိုမျှသာဖြစ်လေသည်။

ထိုအချိန်တွင် ဂျပန်စစ်သား၏လက်သည် အင်္ဂလိပ်စစ်ဗိုလ်၏ပါးပေါ်သို့ကျရောက်သွားပါက အင်္ဂလိပ် စစ်ဗိုလ်မှာ သုံ့ပန်းအကျဉ်းသမားပင်ဖြစ်သော်လည်း၊ မည်သည့်နည်းနှင့်မျှ ခေါင်းငုံ့မခံ ဟု ကျွန်တော်ယူဆမိပါသည်။ ထို့ထက်ပို၍သေချာသည်မှာ ခပ်လှမ်းလှမ်းတဲလိုင်းထက်တစ်နေရာတွင် စုစုဝေးဝေးနှင့် ဆေးလိပ်ထိုင်သောက်နေသော

http://mmteashop.com



သုံ့ပန်းစစ်သား ၄–၅ ယောက်တို့၏အခြေအနေပင် ဖြစ်လေသည်။

ဆေးလိပ်ထိုင်သောက်နေကြသော သုံ့ပန်းစစ်သား ၄–၅ ယောက်သည် အနည်းငယ်လှုပ်ရှားလျက် အချင်းချင်း စကားတီးတိုးပြောကာ မီးပုံဘေးတွင်ဖြစ်ပွားလာမည့်အရေးအခင်းကို စူးစိုက်လျက် အကဲခတ်နေကြခြင်းပင်ဖြစ်လေသည်။ သူတို့သည် မိမိတို့၏အကြီးအကဲဖြစ်သောစစ်ဗိုလ်အား စော်ကားမော်ကားပြုလုပ်ပါက ငြိမ်ခံနေကြလိမ့်မည်မဟုတ် ဟူ၍လည်း ကျွန်တော်ယူဆမိပါသည်။

ထိုအခါ ဂျပန်စစ်သားမှာလည်း တစ်ဦးတည်းတစ်ယောက်တည်းမဟုတ်ပါပေ။ သူ့အဖော် ၂ ယောက်သည် တဲတန်းလျားပေါက်ဝတွင် ရပ်လျက်ရှိနေလေသည်။ ထိုဂျပန်စစ်သား ၂ ယောက်သည် ရိုင်ဖယ်ကို လက်တွင် ကိုင်ထားလေသည်။ ထို ၂ ဦးသောစစ်သားတို့၏အနေအထားမှာလည်း အရေးအခင်းကြုံခဲ့သော် အသင့်ဖြစ်နေစေရန်ပြုလုပ်ထားသော အနေအထားမျိုးဟူ၍ ကျွန်တော်ယူဆမိလေသည်။

ဤတွင် ကျွန်တော်တွေးထင်မိသည်မှာ အကယ်၍များ မီးပုံဘေးမှအင်္ဂလိပ်စစ်ဗိုလ်နှင့် ဂျပန်စစ်သားသာ ပဋိပက္ခ ဖြစ်ပွားမှုရှိခဲ့သော်၊ တဲလိုင်းပေါ်မှ ဗြိတိသျှစစ်သုံ့ပန်းများကလည်း လှုပ်လှုပ်ရှားရှားနှင့် ပြေးလွှားလာကြမည်မှာ သေချာပါသည်။ ထိုအခါ တဲပေါက်ဝတွင်ရှိနေသော သေနတ်ကိုင်ဂျပန်စစ်သား ၂ ယောက်တို့ကလည်း လှုပ်လှုပ်ရှားရှားနှင့် ပစ်လားခတ်လား လုပ်လေမည်။ သို့ကြောင့် 'ထိုအခြေအနေမျိုး မကျရောက်ပါစေနှင့်'ဟု ကျွန်တော်ရင်ထဲက ဆုတောင်းမိလေသည်။

ဂျပန်စစ်သားသည် လက်ညှိုးတယမ်းယမ်းပြုလျက် သူ့ပါးစပ်မှ တံတွေးစက်တံတွေးပေါက်များ တဖွားဖွားစဉ်ထွက်လာသည်ထိ "ဂို း ဂို း"ဟု အဆက်မပြတ်ရေရွတ်သည်။

အင်္ဂလိပ်စစ်ဗိုလ်သည် မျက်မှောင်ကုတ်လျက် ဂျပန်စစ်သား၏မျက်နှာကို ရွံရှာစက်ဆုပ်သောအကြည့်ဖြင့် ကြည့်လေသည်။ သူသည် စက္ကန့်အတန်ကြာမျှ ခပ်တည်တည်ခြေစုံရပ်နေပြီး၊ ဘောင်းဘီအိတ်တွင်းသို့ လက်တစ်ဖက်ကိုထိုးသွင်းလျက် သူ့လူများရှိရာသို့ ချာခနဲ လှည့်ထွက်သွားလေသည်။

သို့နှင့် ထိုကိစ္စပြီးသွားပါမှ ဂျပန်စစ်သားသည် ကျွန်တော့်ဘက်သို့မျက်နှာမူလိုက်ပြီး "ဘီမော၊ ဆေးလိပ်ရှိတကား"ဟူ၍ ထုံးစံအတိုင်းဆိုပါလေသည်။ ကျွန်တော်က သူ့အမေးကို ခေါင်းဆတ်လျက် အဖြေပေးလိုက်သည်။ ပြီးလျှင် 'ခဏနေပါဦး' ဟု လက်ဟန်ပြလိုက်သည်။

"ကဲ–ကိုသာမြိုင်။ ဆေးလိပ် ၃–၄ လိပ် သွားယူပါဦးဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။

ကိုသာမြိုင်မှာ ကျွန်တော်ကစေလွှတ်သည်ကိုမငြင်းဆန်သာ၍ ထိုင်ရာမှထသွားရသော်လည်း ထိုကိစ္စအတွက် သိပ်ကျေနပ်ပုံ မပေါ်ပါချေ။ စေတနာရှိဟန်လည်း မရ။ မပြောသာ မငြင်းသာသော အခြေအနေကြောင့်သာ မျိုသိပ်ထားရဟန်တူလေသည်။

အမှန်ကိုပြောရလျှင် ကျွန်တော်ကိုယ်တိုင်ကလည်း ဂျပန်စစ်သားကို ဆေးလိပ်ပေးရမည့်ကိစ္စ၌ အခါတိုင်းကလို စေတနာမထက်သန်ဘဲ ဖြစ်နေရလေသည်။ မပေးဘဲနေလို့ရလျှင်လည်း မပေးဘဲနေလိုက်ချင်လေသည်။ ထို့ကြောင့်လည်း ကိုသာမြိုင်တွင်ဖြစ်ပေါ်လာသောစိတ်ထားကို ကျွန်တော် အပြစ်မတင်လိုပါချေ။

ဒုတိယကမ္ဘာစစ်ကြီးတွင် ဖက်ဆစ်စနစ်သည် ပီပီပြင်ပြင်ရုပ်လုံးပေါ်ခဲ့လေသည်။ ကမ္ဘာ့လူသားပေါင်းများစွာတို့အား ဖက်ဆစ်ဝါဒများသည် အမျိုးမျိုးအဖုံဖုံညှဉ်းပန်းနှိပ်စက်ခြင်း ပြုခဲ့လေသည်။ ထိုအခါ ဖက်ဆစ်ဝါဒီခေါင်းဆောင်များနှင့် ဖက်ဆစ်တပ်သားများအား ကမ္ဘာ့လူသားထုကြီးက တစ်နေရာမဟုတ်တစ်နေရာ, တစ်ကြောင်းမဟုတ်တစ်ကြောင်း, တစ်နည်းမဟုတ်တစ်နည်းဆိုသလို အော့နလုံးနာခဲ့ကြလေသည်။ စက်ဆုပ်ရွံရှာခဲ့ကြသည်။ နောက်ဆုံး တွန်းလှန်တိုက်ခိုက်ခဲ့ကြလေသည်။

http://mmteashop.com



တောတွင်းချွေးတပ်စခန်းများ၌လည်း ထိုနည်းထိုသဘောမျိုးပင် ဖြစ်လေသည်။ ချွေးတပ်သားများသည် ဖက်ဆစ်တော်လှန်ရေးတွင် လက်နက်ကိုင်လျက်တော်လှန်တိုက်ခိုက်ကြရန် အခြေအနေကမပေးသဖြင့် မတိုက်ခိုက်ခဲ့ကြရသော်လည်း၊ ဖက်ဆစ်ဝါဒီများအပေါ်၌ကား ရွံရှာစက်ဆုပ်ခြင်း, အကြည်ညိုကင်းမဲ့ခြင်း, စိတ်ဓာတ်အားဖြင့် ဆန့်ကျင်တော်လှန်ခြင်းမျိုးကား အပြည့်အဝရှိခဲ့ကြလေသည်။

အချိန်သိပ်မကြာမီအတွင်း၌ပင် ကိုသာမြိုင်သည် ကွမ်းသီးဖက်ဆေးလိပ် ၂ လိပ်ကိုယူဆောင်လျက် ကျွန်တော်နှင့် ဂျပန်စစ်သားတို့ရှိရာသို့ ရောက်လာလေသည်။ ကျွန်တော်သည် ကိုသာမြိုင်၏လက်တွင်းမှ ဆေးလိပ် ၂ လိပ်ကိုလှမ်းယူလိုက်ပြီးနောက် ဂျပန်စစ်သား၏ လက်သို့ ပေးလိုက်သည်။ ဂျပန်စစ်သားသည် ဆေးလိပ်တစ်လိပ်ကို မီးညှိပြီးနောက် တစ်စုံတစ်ရာစကားမဆိုဘဲ မီးပုံအနီးမှ ထွက်ခွာသွားလေသည်။

"ဂျပန်တွေဟာ သိပ်ဆိုးတာပဲဆရာလေး။ ချွေးတပ်သားတွေအပေါ်မှာရော စစ်သုံ့ပန်းတွေအပေါ်မှာရော နည်းနည်းလေးမျှ သနားကြင်နာစိတ်မရှိကြဘူးနော်"

ကျွန်တော်တို့အနီးမှ ဂျပန်စစ်သား ထွက်သွားသည့်အခါ ကိုသာမြိုင်က စတင်၍စကားဆိုလေသည်။

"ဂျပန်တွေဆိုးတယ်ဆိုတာထက် သူတို့တစ်တွေ လိုက်နာကျင့်သုံးနေရတဲ့စနစ်ကိုက ဆိုးတယ်ဆိုရင် ပိုပြီးမှန်တယ်ကိုသာမြိုင်။ ခင်ဗျား တစ်ခုတွက်ကြည့်မှပေါ့။ ကျွန်တော်တို့နှင့် စစ်သုံ့ပန်းတွေလောက်သာ ဒီတောကြီးမျက်မည်းထဲမှာ ဒုက္ခတွေ့နေကြတာမဟုတ်ပါဘူး။ သူတို့ဂျပန်စစ်သားတွေကိုယ်တိုင်ဟာလည်း အင်မတန်ဆင်းရဲဒုက္ခ ရောက်နေကြတာပဲဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။ ကိုသာမြိုင်သည် ကျွန်တော့်စကားကြောင့် ဦးခေါင်းတဆတ်ဆတ်ပြုလေသည်။ သူသည် ကျွန်တော်၏ဆိုလိုချက်ကို သဘောတူလက်ခံဟန်ရှိလေသည်။

တောတွင်းချွေးတပ်စခန်းများတွင် ကျွန်တော်တို့သာလျှင် မဟုတ်။ ဂျပန်စစ်သားများမှာလည်း ဘောင်းဘီအပြဲပြဲ, အင်္ကျီအစုတ်စုတ်, ဖိနပ်အပေါက်ပေါက်နှင့် ဖြစ်သလိုကျသလို စားသောက်နေထိုင်ကြရသူများသာ ဖြစ်ကြလေသည်။

"စစ်ကြီး ဘယ်တော့ပြီးမှာလဲဆရာလေး"

ကိုသာမြိုင်သည် မည်သို့ စိတ်ကူးရလေသည်မသိ။ မည်သည့်အတွေးအတောကို တွေးတောလိုက်မိသည်မသိ။ ကျွန်တော့်အား အထက်ပါမေးခွန်းကို ရုတ်တရက်မေးမြန်းခြင်းပြုလိုက်ပါသည်။

ကိုသာမြိုင်၏မေးခွန်းသည် ကျွန်တော့်နှလုံးသားကို ဖျပ်ခနဲ လှုပ်ရှားသွားစေပါသည်။ ဒီကိစ္စကို ကျွန်တော့်အနေဖြင့် တစ်ကြိမ်တစ်ခါမျှ မစဉ်းစားမတွေးတောမိ။

'စစ်ကြီး ဘယ်တော့ပြီးသွားမလဲ။ ငြိမ်းချမ်းရေး ဘယ်အချိန်ရမလဲ'

ဤသည်ကို ကျွန်တော်က တွေးတောစဉ်းစားသင့်ပေသည်။

ဘွန်ထိုက်ချိုကိုသာမြိုင်၏အမေးမှာ လေးနက်သည်။ ကျယ်ဝန်းနက်နဲသောသဘောကို ဆောင်သည်။ ဤအချက်ကိုကား ကျွန်တော်သတိပြုလိုက်မိပါသည်။

တောတွင်း ချွေးတပ်စခန်းများ၌ များလှစွာကုန်သောချွေးတပ်သားများ, ဘွန်ထိုက်ချိုနှင့် ဟန်ချို စသူများသည် ထိုမေးခွန်းမျိုးကို မည်သူတစ်ဦးတစ်ယောက်ကမျှ ကိုသာမြိုင်လို မမေးမြန်းခဲ့ကြ။ သူတို့တစ်တွေ မေးလေ့မေးထရှိကြသည်မှာ–

"မီးရထားလမ်း ဘယ်တော့ပြီးမှာလဲ"

"ကျွန်တော်တို့တစ်တွေ ဘယ်တော့ပြန်ရမှာလဲ"

ထပ်တလဲလဲ သူတို့မေးကြမြန်းကြသည်မှာ ဤမေးခွန်း ၂ မျိုးသာဖြစ်လေသည်။

http://mmteashop.com



"ကိစ္စတစ်ခုဟာ အစရှိရင်အဆုံးရှိရမှာပေါ့ဗျာ။ စစ်ကြီးဖြစ်ခဲ့တဲ့အကြောင်းတွေရှိသလို၊ စစ်ကြီးပြီးတဲ့ နေ့တစ်နေ့၊ အချိန်တစ်ချိန်ဟာလည်း မလွဲမသွေရှိရပေမှာပေါ့"

ကိုသာမြိုင်ထံမှ နောက်ထပ်လျက် စကားတစ်စုံတစ်ရာထွက်မလာတော့ပေ။

အမှန်စင်စစ် ကျွန်တော်တို့ ၂ ဦးစလုံးသည် မီးဖွေ့ကိုလှုံရင်း အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြခြင်းသာ ဖြစ်လေသည်။

ထိုညက ကျွန်တော်နှင့်ကိုသာမြိုင်မှာ အင်္ဂလိပ်စစ်ဗိုလ်နှင့် နောက်ထပ်လျက် မဆုံကြတော့ပေ။ ကျွန်တော်နှင့်ကိုသာမြိုင်သည် မီးပုံဘေးတွင် အချိန်အတန်ကြာ ဆက်လက်၍ထိုင်နေကြသော်လည်း၊ အင်္ဂလိပ်စစ်ဗိုလ်မှာမူ ကျွန်တော်တို့ထံသို့ နောက်ထပ်မလာတော့ပါချေ။ သူသည် တစ်စုံတစ်ရာပြဿနာပေါ်လာမည်ကို တွေးတော စိုးရိမ်သောကြောင့် ဖြစ်ဟန်တူပါသည်။ ပြီးလျှင် ကျွန်တော်ကိုယ်တိုင်က အင်္ဂလိပ်စစ်သုံ့ပန်းများနှင့် ချွေးတပ်သားများ၏ လွန်ခဲ့သောတစ်ချိန်ကဖြစ်ရပ်များကို ပြောလိုက်သောကြောင့်လည်း၊ ကျွန်တော်တို့အပေါ်တွင်ကျရောက် ဖြစ်ပေါ်လာမည့်အန္တရာယ်အတွက် စိုးရိမ်စိတ်ဖြစ်သွားဟန် ရှိလေသည်။

ဤလိုနှင့် ကျွန်တော်တို့၏တဲကြီးပေါ်သို့ရောက်ရှိလာသော စစ်သုံ့ပန်းများမှာလည်း ကျွန်တော်တို့တဲကြီးပေါ်တွင် အကြာအရှည် မနေကြရပါချေ။ ဂျပန်တို့သည် ဗြိတိသျှစစ်သုံ့ပန်းများအား နောက်တစ်နေ့မနက်၌ပင် ယခင်စစ်သုံ့ပန်းများနေထိုင်သွားရာတဲလိုင်းကြီးအား ထပ်မံကာပြုပြင်စေပြီးနောက် ထိုတဲလိုင်းကြီးသို့ ရွှေ့ပြောင်းပေးလိုက်လေသည်။

## ချွေးတပ်စခန်းနှင့် အဓိပတိမင်းကြီး

နောက်ရက်များသည် ဆောင်းလယ်ရာသီအတွင်းသို့ဝင်ရောက်ခဲ့သောရက်များပင် ဖြစ်လေသည်။

ဒီမိုးရာသီမိုးကာလမှလွန်မြောက်လျက် ဆောင်းရက်များဖြစ်သောကြောင့်လည်း တောတောင်ရေမြေအားလုံးသည် တစ်မျိုးတစ်ဖုံ ကြည်နူးနှစ်သိမ့်ဖွယ်ရှိနေလေသည်။

နံနက်လင်းသည်ဟုဆိုလျှင်ပင် ယခင်မိုးရာသီတုန်းကလို တအုန်းအုန်းတဖြုန်းဖြုန်း ရွာသွန်းနေသော မိုးရေမိုးပေါက်များ၏ဒဏ်ကို ချွေးတပ်သားများမခံစားရတော့ပါချေ။ တောတောင်ရှိရေမြောင်းအားလုံးအား ရီဝေမှုန်မှိုင်းစွာလွှမ်းခြုံရစ်သိုင်းထားသော ဆောင်းနှင်းများနှင့်ပိတ်ဖုံးနေသည့် အမြင်အထိအတွေ့များကိုသာ ချွေးတပ်သားများ မြင်တွေ့ခံစားရလေသည်။

နံနက်စောစောဆိုလျှင် မည်သည့်အရပ်, မည်သည့်နေရာကိုပင် ကြည့်ကြည့်၊ ထုထဲသိပ်သည်းသောငွေသားကမ္ဘလာနှင့်တူသည့် ဆောင်းနှင်းထုကြီးများကိုသာ မိုးသားဖြူဖြူကြီးများအလား အတိုင်းသားမြင်တွေ့နေရလေသည်။

ဤလို ဆောင်းလယ်ရာသီ၏ရက်များ၌မှု ချွေးတပ်သားသည် မနက်အရုဏ်တက်ချိန်လောက်ကပင် အိပ်ရာမှနိုးကြလေသည်။ သူတို့သည် မီးငွေ့ကိုလှုံရန်အတွက် မီးပုံများရှိရာသို့ တစ်ယောက်ပြီးတစ်ယောက် အလုအယက်ရောက်လာတတ်ကြလေသည်။

မီးပုံကြီးများအနီးသို့ ရောက်ကြသည့်အခါ၌လည်း သူတို့သူတို့သည် မိမိတို့နှင့်သက်ဆိုင်ရာသက်ဆိုင်ရာဖြစ်ကြသော ရပ်ရွာဒေသအကြောင်းများကို လည်းကောင်း၊ လုပ်ခင်းဆောင်တာများအကြောင်းကို လည်းကောင်း၊ သားမယား, သားသမီး စသော ဆွေမျိုးသားချင်းများ၏အကြောင်းကို လည်းကောင်း လူစုမွဲ့လျက် ပြောကြားခြင်းပြုတတ်ကြလေသည်။

အချို့အချို့သောချွေးတပ်သားများကဆိုပါလျှင် ချွေးတပ်ထဲသို့ ၎င်းတို့ပါလာသည့်အချိန်က ကျန်ရစ်ခဲ့သောသားသမီးငယ်ကလေးများ၏အကြောင်းကို လည်းကောင်း, မမွေးမဖွားသေးဘဲ ကိုယ်ဝန်နှင့်ကျန်ရစ်ခဲ့ရသော သားသမီးကလေးများ၏အကြောင်းကို လည်းကောင်း, မပြီးမပြတ်ဘဲကျန်ရှိနေသော စိုက်ပျိုးခင်းထွန်ယက်ခင်းများ၏အကြောင်းကိုလည်းကောင်း လွမ်းလွမ်းဆွေးဆွေးနှင့် တသသပြောတတ်ကြလေသည်။

အချို့အချို့သော ချွေးတပ်သားများသည် မိုးကုန်၍ဆောင်းပေါက်လာသည့်အချိန်ကပင် ၎င်းတို့၏ဒေသရပ်ရွာများ၌ ကျင်းပပြုလုပ်မြဲဖြစ်သော ကျောင်းကန်ဘုရားပွဲတော်များအကြောင်း၊ ကထိန်ပွဲ, မီးထွန်းပွဲတော်များအကြောင်း၊ ဆွမ်းတော်ကြီးတင်ပွဲ, ဆွမ်းကြီးလောင်းလှူပွဲများအကြောင်းမှစလျက် ထိုပွဲတော်လမ်းတော်များသို့ အိမ်သူသက်ထားများနှင့် သွားလာခဲ့ကြပုံ, ဆင်နွှဲပျော်မြူးခဲ့ကြပုံများကိုပါ စီကာပတ်ကုံးပြောတတ်ကြလေသည်။

ထိုအခါ သူတို့သူတို့၏စကားများကိုကြားရသော ကျွန်တော့်အနေဖြင့် အလွန်တရာ စိတ်မကောင်းခြင်းဖြစ်ရပါသည်။ သူတို့ကဲ့သို့ပင် ကိုယ့်အဖြစ်ကို ကိုယ်ပြန်တွေး၍လည်း စိတ်မချမ်းမြေ့ခြင်းဖြစ်ရလေသည်။

http://mmteashop.com



လွမ်းစရာဆွေးစရာရှိ၍ လွမ်းတတ်ဆွေးတတ်သူများအဖို့ ဆောင်းဥတုဆောင်းရာသီမှာ ပို၍အလွမ်းကြွယ်ဝစေသည်ဟု ကျွန်တော်ထင်ပါသည်။

မီးပုံကြီးဘေးတွင် စုပြုံကာထိုင်နေကြသောချွေးတပ်သားများသည် မီးဇွေ့ကိုလှုံရင်းမှ သူတို့၏အိမ်ရာများအကြောင်းကို အချိန်အတန်ကြာမျှသာ တစ်ယောက်လျှင်တစ်မျိုးပြောနိုင်ကြလေသည်။ အတော်ကလေးအချိန်ကြာသည့်အခါ နှုတ်ဆိတ်လျက် ငြိမ်သက်သွားကြရှာလေသည်။ သူတို့ခများများသည် သိပ်သည်းရီဝေနေသော နှင်းထုများအတွင်းသို့ အငေးအမောကြည့်ရင်း တဖျောက်ဖျောက် ကျဆင်းနေသော နှင်းပေါက်သံကို နားစွင့်ရင်း အတွေးရေယဉ်ကြောဝယ် နစ်မျောလျက်ရှိရှာကြလေသည်။

ယိုးဒယား-မြန်မာ မီးရထားလမ်းမကြီးဖောက်လုပ်ရာ တောတွင်းချွေးတပ်စခန်းများ၌ နေ့စဉ်နှင့်အမျှ ကြုံတွေ့ခဲ့ရသော ဖြစ်ကြောင်းဖြစ်ရပ်ကလေးများသည် ကျွန်တော့်အဖို့တစ်သက်သာတွင် မေ့ပျောက်မရနိုင်သော အကြောင်းရပ်များ ဟူ၍ဆိုချင်ပါသည်။

ဤတွင် 'ဖြစ်ကြောင်းဖြစ်ရပ်ကလေးများ' ဟူ၍ ဆိုရသော်လည်း၊ အချို့အချို့သော ကိစ္စရပ်များမှာမူ ပေါ့ပေါ့ဆဆသဘောထားရမည့် သေးငယ်သောကိစ္စရပ်များ မဟုတ်ပါပေ။ ကိုယ်တွေ့ကြုံရသူအဖို့ တစ်သက်တာတွင် မေ့ပျောက်၍ မရနိုင်လောက်သည့် သက်စွန့်ဆံဖျားကြုံဆုံရချက်များပင် ဖြစ်လေသည်။

ဝမ်းရောဂါဆိုးကြီးများနှင့် ကြုံတွေ့ရခြင်း၊ တဲတန်းလျားကြီးများအတွင်းသို့ ညအခါ ကျားများ ဝင်ရောက်လာတတ်ခြင်း၊ ကျောက်တောင်ကြီးများကို ဒိုင်းနမိုင်းဖောက်ခွဲရခြင်း၊ ကျောက်ရောဂါများဖြစ်ခြင်း စသည် စသည်တို့မှာ အသက်ဘေးနှင့်နီးကပ်လှသောအဖြစ်များ ဟု ဆိုရပါမည်။

ထိုအတွင်း ရံဖန်ရံခါ မလွဲမရှောင်သာကြုံရတတ်သော လုပ်မှားကိုင်မှားနှင့် ခြေလှမ်းမှားသောအဖြစ်များကြောင့် ဂျပန်များနှင့် ပြဿနာပေါ်ရသောကိစ္စဟူသည်မှာလည်း တကယ်တမ်းတွေးကြည့်လျှင် သေးငယ်သော၊ အမှုမထားလောက်သော အဖြစ်သနစ်များဟူ၍ ပြောမဖြစ်ပါချေ။

အဆိုးဆုံးမှာ တောတွင်းချွေးတပ်စခန်းများရှိဂျပန်တို့သည် (အားလုံးမဟုတ်သည့်တိုင် အများစုမှာ) ချွေးတပ်သားများအဖို့ ကျားနှင့် တောဆင်ရိုင်းများထက် သော်လည်းကောင်း၊ ဝမ်းရောဂါနှင့် ကျောက်ရောဂါထက် သော်လည်းကောင်း ပို၍ပို၍ကြောက်စရာကောင်းနေခြင်းပင် ဖြစ်လေသည်။

ချွေးတပ်များအပေါ်တွင် ဂျပန်တို့၏ရက်စက်ကြမ်းကြုတ်မှုနှင့်ပတ်သက်၍ကား အထက်ကလည်း ကျွန်တော် တဖွဖွဆိုခဲ့ပြီးပါပြီ။ ယခုလည်း ထပ်မံ၍ဆိုရပါဦးမည်။ ဂျပန်များသည် ချွေးတပ်သားတို့အပေါ်၌ အနည်းငယ်မျှ အကြင်နာသနားမဖက်ဘဲ သူမတူအောင်ရက်စက်ကြမ်းကြုတ်ကြသူများသာ ဖြစ်လေသည်။

ထို့ကြောင့်လည်း ချွေးတပ်စခန်းများ၌ အလုပ်လုပ်ကြရသည်မှာ အခြားသောအလုပ်ကို လုပ်ကြရသည်ထက် ပို၍စိတ်ဆင်းရဲခြင်းဖြစ်ကြရသည် ဟူ၍လည်း ကျွန်တော်ယူဆမိပါသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးသည် ဂျပန်တစ်ခေတ်လုံး၌ ဆေးဝါးရှားပါးခြင်း၊ အစားအသောက် ရှားပါးခြင်း၊ အဝတ်အထည် ရှားပါးခြင်း စသော ဆင်းရဲကျပ်တည်းမှုများနှင့် တစ်နိုင်ငံလုံးရင်ဆိုင်ကြရပေရာ တောတွင်းချွေးတပ်စခန်းများ၌လည်း ထိုအဖြစ်ထိုဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ကြရပေသည်။

ထိုမျှမက ဤလို ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ကြရသည့်အတွင်းမှ ဖက်ဆစ်စနစ်၏ ရက်စက်ကြမ်းကြုတ်မှုက ပို၍လွှန်ကဲလာသည့်အခါ ချွေးတပ်သားများအဖို့ ပြေးစရာ မြေမရှိ၊ ပေးစရာလည်းငွေမရှိ ဆိုသည့်စကားကဲ့သို့ အားကိုးစရာကင်းမဲ့လျက် အထူးပင် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ကြရလေသည်။

ထိုအကြောင်းမှာလည်း ချွေးတပ်သားများကြုံတွေ့ရသော ဆင်းရဲဒုက္ခပေါင်းမြောက်မြားစွာအနက် တစ်ကြောင်းအပါအဝင်ဟူ၍ ဆိုရပေမည်။

http://mmteashop.com



ဒီနေရာတွင် အကြောင်းတစ်ခုကို စကားဖြတ်လျက်ဆိုရပေဦးမည်။

ရက်,လကိုကား ကျွန်တော် အသေအချာမမှတ်မိတော့ပါ။ နွေဦးပေါက်ရာသီ တစ်နေ့တွင် ကျွန်တော်တို့ တောတွင်းချွေးတပ်စခန်းများရှိရာသို့ မြန်မာနိုင်ငံ၏ ထိုစဉ်အခါက 'အဓိပတိအရှင်မင်းကြီး ဒေါက်တာဘမော် ကြွရောက်လာလိမ့်မည်။ ချွေးတပ်သားများအား လှည့်လည်စစ်ဆေးခြင်း ပြုလိမ့်မည်'ဟု သတင်းစကားကြားသိရလေသည်။ ဤသတင်းသည် သံဖြူဇရပ်ချွေးတပ်စခန်းမှနေလျက် ဘုရား ၃ ဆူစခန်းအထိ တောမီးလောင်သည့်ပမာ ပျံ့နှံ့လာလေတော့သည်။

ယိုးဒယား–မြန်မာ မီးရထားလမ်းမကြီး ဖောက်လုပ်ရာတွင် မြန်မာနိုင်ငံဘက်မှ တာဝန်ယူရသည်မှာ သံဖြူဇရပ်မှနေလျက် ဘုရား ၃ ဆူစခန်းအထိ ဖြစ်လေသည်။ တစ်နည်းဆိုရသော် သံဖြူဇရပ်သည် မြန်မာနိုင်ငံ၏ ချွေးတပ်စခန်း အစဖြစ်လျက် ဘုရား ၃ ဆူစခန်းမှ မြန်မာနိုင်ငံဘက်မှ ချွေးတပ်စခန်း အဆုံးဖြစ်လေသည်။

တစ်ဖန် ယိုးဒယား (BAN PONG)ဘန်ပေါင်မှ မြန်မာနိုင်ငံ ဘုရား ၃ ဆူ စခန်းအထက်အထိ ယိုးဒယားဘက်မှ တာဝန်ယူရလေသည်။

၁၇၅ မိုင် ရှည်လျားသော ယိုးဒယား–မြန်မာမီးရထားလမ်းမကြီး ဖောက်လုပ်ရာတွင် မြန်မာနှင့် ယိုးဒယားနိုင်ငံတို့သည် 'ဘုရား ၃ ဆူစခန်း'ကို ဗဟိုထားလျက် တာဝန်ခွဲဝေယူကြရခြင်းပင် ဖြစ်လေည်။

ယိုးဒယားနိုင်ငံဘက်မှ ချွေးတပ်သားများမှာ ယိုးဒယားနိုင်ငံသူ နိုင်ငံသား ဆင်းရဲသားများနှင့် မလေးရှားလူမျိုးများ များပြားသည်ဟု သိရလေသည်။ သို့ရာတွင် ထိုချွေးတပ်သားများသည် ဘုရား ၃ ဆူစခန်း၏ သည်မှာဘက်သို့ ကူးသန်မလာရသလို၊ မြန်မာနိုင်ငံဘက်မှ ချွေးတပ်သားများမှာလည်း ဘုရား ၃ ဆူစခန်း၏ ဟိုမှာဘက်သို့ မကူးသန်းရပါချေ။ ထိုကိစ္စကိုမူ ဂျပန်အာဏာပိုင်တို့သည် တင်းတင်းကျပ်ကျပ် ပိတ်ပင် တားမြစ်ခြင်းပြုလေသည်။

ဤတွင် အထက်က စကားကို ဆက်လက်၍ ဆိုရပါမည်။

အဓိပတိ အရှင်မင်းကြီး ဒေါက်တာဘမော် ချွေးတပ်စခန်းသို့ လာရောက်၍ ကြည့်ရှုလိမ့်မည်ဆိုသော သတင်းကို ကျွန်တော်တို့တတွေ ကြားသိရသည်မှာ ဂျပန်စစ်သားများနှင့် စကားပြန်ကလေးများထံမှတစ်ဆင့် ကြားသိရခြင်းပင် ဖြစ်လေသည်။

ထိုအခါ ချွေးတပ်သားများနှင့် ဘွန်ထိုက်ချို့, ဟန်ချို့ စသူများက ထိုသတင်း ဟုတ်,မဟုတ် ကျွန်တော့်အား မေးကြမြန်းကြပါသည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း ထိုသတင်းကို ဂျပန်စစ်သားများနှင့် စကားပြန်များထံမှ ကြားသိရခြင်းသာ ဖြစ်သည်။ အဘယ်မျှ မှန်ကန်၍၊ အဘယ်မျှ တိကျလိမ့်မည် ဆိုခြင်းကိုမူ အသေအချာ မပြောနိုင်ဘဲ ဖြစ်ရလေသည်။

ချွေးတပ်သားများမှာမူ တောတွင်း ချွေးတပ်စခန်းများသို့ အဓိပတိမင်းကြီး လာရောက်၍ ကြည့်ရှုစစ်ဆေးခြင်း ပြုလိမ့်မည်ဆိုသည့်အတွက် တလှုပ်လှုပ် တရွရွ ဖြစ်နေကြလေသည်။

သူတို့တတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်မှာလည်း အကြောင်းရှိသောကြောင့် ဖြစ်လေသည်။ သူတို့သူတို့ ခများများသည် သူတို့၏အနေဆင်းရဲခြင်း ဒုက္ခ, အစားဆင်းရဲခြင်းဒုက္ခ, အဝတ်ဆင်းရဲခြင်း ဒုက္ခမှစ၍ ဖြစ်ဖြစ်သမျှသော ဒုက္ခပေါင်းသောင်းခြောက်ထောင်ကို အဓိပတိ အရှင်မင်းကြီးအား တင်ပြ တိုင်ကြားကြမည်ဟု အားခဲထားကြလေသည်။

ဒီအထဲတွင် ကျွန်တော်၏ ဘွန်ထိုက်ချို့ ကိုသာမြိုင်တစ်ယောက်မှာလည်း အပါအဝင်ပင် ဖြစ်နေပါတော့သည်။

သူသည် အဓိပတိ အရှင်မင်းကြီး လာရောက်မည်ဆိုသည့်အတွက် စိတ်ဓာတ်တက်ကြွနေရုံမျှမက သူကဲ့သို့ ချွေးတပ်စခန်း၌ ၁ နှစ်ကျော်အချိန်ကြာမြင့်ခဲ့သူများကိုလည်း စုစည်းလျက်သွေးထိုးပေးနေပါလေတော့သည်။

http://mmteashop.com



"အဓိပတိအရှင်မင်းကြီးကြွလာရင်တော့ ကျွန်တော်တို့အဖြစ်ကို တိုင်ကြားရမှာပဲ ဆရာလေး။ ကျွန်တော် ဒီပြင်လူတွေကိုလည်း ပြောထားတယ်။ ကျွန်တော်တို့အားလုံးစုပြီးတော့ တညီတညွတ်တည်းတိုင်ကြမယ်ခင်ဗျ"

ဘွန်ထိုက်ချိုကိုသာမြိုင်က စိတ်ဓာတ်တက်ကြွစွာဖြင့် ထိုစကားကိုဆိုပါသည်။

ကျွန်တော်သည် ကိုသာမြိုင်မျက်နှာကို တအံ့တသြကြည့်လိုက်မိသည်။ မည်သည့်စကားကိုမျှ ကျွန်တော်က ပြန်မဆိုသေးပါ။ အခါတိုင်းနှင့်မတူသော လန်းဆန်းတက်ကြွနေသည့်သူ့အမူအရာသည် တောတွင်းချွေးတပ်စခန်းတွင် ၁ နှစ်နီးပါး အတူတွဲလျက်နေခဲ့ရသောကျွန်တော့်အဖို့ အံ့သြမကုန်ဖြစ်ရလေသည်။

အလွန်တရာရိုးအလျက် အင်မတန်တည်ငြိမ်အေးစက်လှသော ကိုသာမြိုင်၏စိတ်လှုပ်ရှားနေမှုကိုလည်းကောင်း, ရွှင်ပျလန်းဆန်းနေမှုကိုလည်းကောင်း ဒီတစ်ကြိမ်ဒီတစ်ခါသာ ကျွန်တော်တွေ့ရဖူးပါသည်။

"ကျွန်တော့်လူတွေကိုလည်း အားလုံးကို ဂုန်နီပိုင်းတွေပဲအပတ်ခိုင်းထားတယ်။ ဒါမှ ကျွန်တော်တို့ရဲ့ ဆင်းရဲဒုက္ခကို အဓိပတိမင်းကြီးသိသွားမယ်။ မျက်မြင်ကိုယ်တွေ့လည်းဖြစ်သွားမယ်"

ဘွန်ထိုက်ချိုကိုသာမြိုင်သည် ရွှင်လန်းဝမ်းမြောက်သောကလေးသူငယ်တစ်ယောက်အလား ထိုစကားကို ထပ်၍ပြောပြန်ပါသည်။

ကျွန်တော်သည် သူ့မျက်နှာကို ခပ်တွေတွေငေးကြည့်နေမိသည်။ သူနှင့်အတူပါလာသော ချွေးတပ်သား ၄–၅ ယောက်တို့မှာလည်း သူ့လိုပင် အားတက်ရွှင်လန်းနေကြပါသည်။

သူတို့သည် မမြင်ဖူးမတွေ့ရသေးသောကိစ္စတစ်ခုအတွက် ကြီးစွာသောမျှော်လင့်အားထားချက်တစ်စုံတစ်ရာဖြင့် စိတ်ဓာတ်တက်ကြွနေသည်ဆိုခြင်းမှာမူ အထူးပင်ထင်ရှားလှပါသည်။ သူတို့အားလုံးသည် တစ်ညီတည်းသော ယူနီဖောင်းများကို ဝတ်ဆင်ထားကြသလို ဂုန်နီပိုင်းများကို ဝတ်ဆင်ထားကြပါသည်။

ခါးပေါ်တွင်ဝတ်ထားသည်မှာ ဂုန်နီပိုင်းဖြစ်သလို၊ ကျောပေါ်တွင်လွှမ်းခြုံထားသည်မှာလည်း ဂုန်နီပိုင်း စုတ်ပင် ဖြစ်လေသည်။ အားလုံးပင် ဂုန်နီအိတ်ဝတ်, ဂုန်နီအိတ်ခြုံလျက် ဆံရှည်သမားများချည်းသာဖြစ်ကြလေသည်။ မွဲမွဲပြောင်ပြောင်အသားအရောင်များနှင့်ချည်းဖြစ်လေရာ၊ မသိလျှင် တောင်ပေါ်နေ 'နာဂများ'ဟု၍ အထင်မှားလောက်ပေသည်။

"ကျွန်တော်တို့ကိုခေါ်လာတုန်းက ၆ လပဲကြာမယ် ပြောတာ။ ခုဆိုရင် ၁ နှစ်နှင့် ၂ လ ရှိပြီ ဆရာလေး"

ကိုသာမြိုင်က ဆိုပြန်ပါသည်။ သူ့နောက်ပါလူများကလည်း တညီတည်းပင် ဦးခေါင်းညိတ်လိုက်ကြသည်။

"အဓိပတိကြီးကြွလာရင်တော့ ကျွန်တော်တို့ကိုပြန်ခွင့်ပေးဖို့ ပြောရမှာပဲ။ အဲလိုပြောတဲ့အတွက် ဂျပန်က ရိုက်လို့ သေချင်သေပါစေဗျာ"

ကိုသာမြိုင်နှင့်အတူပါလာသော ချွေးတပ်သားတစ်ယောက်က ပြောလေသည်။

ကျွန်တော်သည် သူတို့အားလုံးကိုကြည့်ကာ စိတ်မကောင်းဖြစ်ရပြန်ပါသည်။ အတွေးအတောတစ်ခုကိုလည်း ကျွန်တော် တွေးလိုက်မိလေသည်။

'အဓိပတိအရှင်မင်းကြီးသည် သူတို့သူတို့၏ ဆင်းရဲဒုက္ခကို တကယ်တမ်း သိပါမည်လော။ တကယ်တမ်း ကယ်တင်နိုင်ပါမည်လော။ အဓိပတိ အရှင်မင်းကြီးဆိုသူသည်ပင် ဂျပန်များအား အဘယ်မျှကြောက်ရွံ့နေရလေသနည်း။ သွေး, ချွေး, မျက်ရည်တို့ဖြင့်ဖုံးလွှမ်းအပ်သော ဤနိုင်ငံတွင် အဓိပတိအရှင်မင်းကြီးနှင့်အပေါင်းပါတို့သည် အဘယ်မျှ အစွမ်းထက်မြက်ကြသူတွေပေနည်း။'

ကျွန်တော့်အနီးမှ ဘွန်ထိုက်ချိုကိုသာမြိုင်တို့လူစု ထွက်ခွာသွားသည့်တိုင် ကျွန်တော်သည် ထိုအတွေးများကို ကာရွတ်ကင်းလျှောက်တွေးတောရင်း ကျန်ရစ်ခဲ့ပါသည်။

http://mmteashop.com



ဤသို့နှင့် နောက်တစ်နေ့ နေ့လယ်ခင်းအချိန်တွင် ဂျပန်စစ်ဗိုလ်ရာမမိုတိုက စကားပြန်သူငယ်ကလေးအား စေလွှတ်လျက် သူရှိရာစစ်ရုံးအဆောက်အဦသို့ ကျွန်တော့်အားခေါ်ငင်ခြင်း ပြုလေသည်။

ရာမာမိုတိုရှိရာသို့မရောက်မီ လမ်းခုလတ်တစ်နေရာတွင် စစ်သုံ့ပန်းများအလုပ်လုပ်နေသည်ကို တွေ့ရလေသည်။ သူတို့သည် မိုးကုန်ပြီးစက ကျွန်တော်တို့ချွေးတပ်သားများနှင့် ဆင်သမားများခုတ်လှဲထားသော သစ်ပင်သစ်လုံးကြီးများကို လွှများ, ပုဆိန်များနှင့် ဖြတ်တောက်လျက်ရှိနေကြလေသည်။ ထိုသစ်တိုင်သစ်လုံးကြီးများသည် မကြာမီ ဆောက်လုပ်တော့မည်ဖြစ်သော 'တပ်ဒိန်တံတားကြီး'အတွက်ပင် ဖြစ်လေသည်။

အလုပ်လုပ်နေကြသော သုံ့ပန်းစစ်သားများထဲတွင် တစ်ညက ကျွန်တော်နှင့်ကိုသာမြိုင်တို့တွေ့ကြုံခဲ့ရသော စစ်ဗိုလ်မှာလည်း အပါအဝင်ဖြစ်လေသည်။ သူသည် အလုပ်တာဝန်ကို ပင်ပန်းကြီးစွာမလုပ်ရသော်လည်း၊ တံတားတိုင်ဖြတ်တောက်ခြင်း, တံတားတိုင်ရွှေ့ခြင်း, မူလီစုပ်ရန်အတွက် လွန်ပူပေါက်ဖောက်ရခြင်းစသော အတိုင်းအထွာအားလုံးမှာမူ သုံ့ပန်းစစ်ဗိုလ်၏အစီအမံအားလုံးပင် ဖြစ်လေသည်။ သူသည် ဆောက်လုပ်ရေးဘက်၌ ကျွမ်းကျင်သော အင်ဂျင်နီယာစစ်ဗိုလ်တစ်ယောက် ဖြစ်ဟန်တူလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ဂျပန်များသည် 'ယိုးဒယား-မြန်မာ မီးရထားလမ်းမကြီး'ကို ဖောက်လုပ်ခြင်းပြုရာ၌ နည်းနည်းနှင့်ကျဲကျဲဗိုင်းသည့်သဘောမျိုး ဖောက်လုပ်ခြင်းပြုသည်မှာ မှန်၏။ တစ်နည်းဆိုရလျှင် 'ပြီးကပစ်ပြီးစလွယ်'ဟု ဆိုနိုင်၏။ သို့ရာတွင် တပ်ဒိန်တံတားကြီးကဲ့သို့ ရှည်လျားကြီးမားသော တံတားကြီးတစ်ခုကို ဆောက်လုပ်ခြင်းအမှု၌မူ ပြီးစလွယ်လုပ်၍မရနိုင်ကြောင်း ထင်ရှားလှလေသည်။

ရှည်လျားကြီးမားသော တံတားကြီးတစ်ခုပေါ်မှ မီးရထားကြီးတစ်စင်းလုံး ဖြတ်သန်းခုတ်မောင်းခြင်း ပြုရမည့်ကိစ္စ၌မူ ဘယ်နည်းနှင့်မျှ ပေါ့ပေါ့တန်တန်လုပ်၍မရနိုင်ကြောင်း ဂျပန်များသဘောပေါက်ထားပြီးဖြစ်လေသည်။

တစ်ဖန် နောက်တစ်ကြောင်း ဆိုရန်ရှိသည်မှာ ဒီလိုတံတားကြီးမျိုးသည် သံပေါင်များ, သံယက်မကြီးများ, ကွန်ကရစ်တိုင်ကြီးများနှင့် အခိုင်အခံ့အကျအန ဆောက်လုပ်ခြင်းပြုရမည့်ကိစ္စ ဖြစ်သော်ငြားလည်း၊ ရရာရကြောင်းလျှင်ဖြစ်သော တောသစ်ပင်ရိုင်းများကိုသာ အသုံးချလျက် ဆောက်လုပ်ရသည့်ကိစ္စဖြစ်နေလေရာ ဂျပန်တို့၏ ထိုတံတားကြီးဆောက်လုပ်ရေးတာဝန်မှာ အဘယ်မျှကြီးမားလှကြောင်း သိလာလောက်ပေသည်။

ထို့ကြောင့်လည်း ဂျပန်တို့၏ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်သည် ၎င်းတို့အတွက်အထောက်အကူရရှိစေမည့် ဗြိတိသျှသုံ့ပန်းများထဲမှ ဆောက်လုပ်ရေးတွင်ကျွမ်းကျင်နားလည်သော အင်ဂျင်နီယာသုံ့ပန်းစစ်သားများအား တမင်ရွေးချယ်လျက် တပ်ဒိန်စခန်းသို့ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်းမှာလည်း ထင်ရှားလှလေသည်။

သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော့်ကိုမြင်သည့်အခါ လက်မှပေကြိုးကိုကိုင်လျက် ဟိန္ဒူစတန်နီဘာသာစကားဖြင့် ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်ခြင်းပြုလေသည်။ ကျွန်တော်ကလည်း သူ့ကိုပြန်လည်ကာ နှုတ်ဆက်ရလေသည်။ အနီးတွင်ရှိနေသောသုံ့ပန်းစစ်သား ၄-၅ ယောက်သည် သူတို့၏အကြီးအကဲစစ်ဗိုလ်နှင့် ကျွန်တော်၏အပြုအမူကို ခပ်ပြုံးပြုံးရပ်ကြည့်နေကြလေသည်။ ထို ၄-၅ ယောက်သည် လွန်ခဲ့သောညတစ်ညက သုံ့ပန်းစစ်သားများပင် ဖြစ်ကြလေသည်။ သူတို့အားလုံးသည် တစ်ညသောအခါက ဆေးလိပ်ကလေးများပေးကမ်းသည့်ကျေးဇူးတရားကို ယခုထိ သတိရနေကြဟန်တူလေသည်။

ကျွန်တော်သည် ထိုနေရာမှ ကျော်လွန်ခဲ့ပြီးနောက် ရာမာမိုတိုရှိရာ စစ်ရုံးအဆောက်အဦအတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။

စားပွဲပေါ်တွင် မြေပုံလိပ်ကြီးတစ်ခုကိုဖြန့်ကာ ခဲတံတစ်ချောင်းဖြင့် အလုပ်များနေသော ဂျပန်စစ်ဗိုလ် ရာမာမိုတိုကို တွေ့ရလေသည်။ ကျွန်တော်သည် သူ့ရှေ့တွင် ခြေစုံရပ်လျက် အလေးပြုလိုက်သည်။ ထိုအခါ

http://mmteashop.com



ရာမာမိုတိုသည် ကျွန်တော့်ကို ခေါင်းမော့ကြည့်လေသည်။ ပြီးလျှင် စကားပြန်သူငယ်မှတစ်ဆင့် ကျွန်တော့်ကို စကားဆိုလေသည်။

ဦးစွာပထမ ကျွန်တော်သိရသည်မှာ 'မနက်ဖြန်တွင် ချွေးတပ်စခန်းများအားလုံးအား အလုပ်မှ တစ်ရက် အနားပေးမည်'ဆိုသောစကားပင်ဖြစ်လေသည်။ အံ့ဩဖွယ်ကောင်းလေစွ။

တောတွင်း ချွေးတပ်စခန်းများသို့ ကျွန်တော်ရောက်ခဲ့သည်မှာ ၁ နှစ်ပြည့်လုနီးလေပြီ။ 'အလုပ်မှ အနားပေးမည်' ဆိုသောစကားကို (ဝမ်းရောဂါ ဖြစ်ပွားခဲ့သည့်အချိန်မှအပ) ဒီတစ်ကြိမ်ဒီတစ်ခါသာ ကျွန်တော်ကြားရဖူးသည်။ 'ဂျပန်တွေ ဘယ်လိုဖြစ်တာပါလိမ့်' ဟု ကျွန်တော် တွေးမရဖြစ်နေလေသည်။

"ဒါပေမယ့် ချွေးတပ်သားအားလုံး တဲတန်းလျားတွေထဲမှာပဲ နေကြရမယ်။ ထမင်းစားရင်လည်း တဲထဲမှာပဲ စားကြရမယ်။ မာစတာတွေအမိန့်မပေးဘဲ ဘယ်သူမှ အပြင်ကိုမထွက်ရဘူး။ အဲဒါနားလည်အောင် ပြောထားရမယ်"

စကားပြန်ကလေးမောင်အေးချိုက ပြောလေသည်။ ထိုစကားများသည် စင်စစ် မောင်အေးချို၏စကားများ မဟုတ်ပါ။ ဂျပန်စစ်ဗိုလ် ရာမာမိုတိုကပြောသော စကားများကို မောင်အေးချိုက နှုတ်တိုက်ပြန်လည်ကာ ရွတ်ဆိုနေရခြင်းပင် ဖြစ်လေသည်။

"နောက်ပြီး သန်ဘက်ခါကျရင် ချွေးတပ်သားတွေနှင့် ဆရာလေးပါ ဒီစခန်းကပြောင်းရမယ်တဲ့။ ပြောင်းရမယ့် စခန်းက 'ခုနစ်ချွေစခန်း'။ အဲဒါ အားလုံးစီစဉ်ထားပါတဲ့။ လမ်းခင်းဖို့ကျောက်တွေ အရေးတကြီးလိုတယ်။ မီးရထား ထင်းတွေ ခုတ်ရမယ်။ ကျောက်ထုရမယ်တဲ့"

ရာမာမိုတို၏စကားအတိုင်း မောင်အေးချိုက ပြောလေသည်။

'ခုနစ်ချွေစခန်းသို့ ပြောင်းရမည်'ဆိုသည့်အတွက် ကျွန်တော်သည် အတော်ပင် စိတ်ပျက်မိပါသည်။ ခုနစ်ချွေ စခန်းသည် တောနက်ရာကျ၏။ ဈေးလှည်းများ အရောက်အပေါက်နည်းပါးလှ၏။ ရောဂါဝေဒနာလည်း ထူပြော လှလေသည်။ သို့ရာတွင် အမိန့်ကား အမိန့်ပင်ဖြစ်လေသည်။

ကျွန်တော်တို့အားလုံးသည် ဂျပန်စစ်သားများ၊ စစ်တပ်များ၏အုပ်ချုပ်ကွပ်ကဲမှုအောက်၌ နေထိုင်ကြရသူ များသာ ဖြစ်လေသည်။ ကျွန်တော်တို့ကိုပေးသောအမိန့်သည် စစ်တပ်ကပေးသောစစ်မိန့်ပင် ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် ကျွန်တော်တို့အားလုံးသည် ဂျပန်ဖက်ဆစ်များ၏လက်တွင်း၌ 'စေသည့်ကျွန်၊ ထွန်သည့်နွား' ဗမာ မဟုတ်ပါလား။

"မာစတာက မေးနေတယ်။ ခုပြောတာတွေ နားလည်သလားတဲ့"

အဘယ်မျှ ကျွန်တော် ငိုင်တွေငေးမောနေမိသည် မသိ။ စကားပြန်ကလေးမောင်အေးချိုက ၂ ခါထပ်လျက် ပြောလိုက်သည်ဟု ထင်ပါသည်။ ထိုအခါမှပင် ကျွန်တော်သတိဝင်လျက် သူ့စကားကိုကြားလိုက်မိပါသည်။

"ဟိုက် မာစတာ၊ ဟိုက်"

ကျွန်တော်သည် ကိုယ်ကို ခပ်တောင့်တောင့်ပြင်ရပ်လိုက်သည်။ အသံ ခပ်ပြတ်ပြတ်ဖြေလိုက်သည်။

ဂျပန်စစ်ဗိုလ် ရာမာမိုတိုသည် ကျွန်တော့်ကိုကြည့်လျက် ပြုံးလေသည်။ သို့ရာတွင် သူ့အပြုံး၏နောက်ကွယ် တွင် အဓိပ္ပာယ်ဆောင်ချက်ကိုကား ကျွန်တော်နားမလည်ပါချေ။ သူသည် ကျွန်တော့်ကို ခပ်ပြုံးပြုံးကြည့်ပြီးနောက် မောင်အေးချိုဘက်သို့လှည့်လျက် တစ်စုံတစ်ရာ စကားဆိုပြန်ပါသည်။ ပြီးလျှင် မောင်အေးချို ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီး ထပ်မံလျက်စကားဆိုပြန်ပါသည်။

"ချွေးတပ်သားတွေအားလုံး အပြင်မထွက်ဖို့ကိုတော့ ကြပ်ကြပ်မတ်မတ်ပြောထားပါတဲ့။ နားမထောင်တဲ့ လူကို အရေးယူမယ်တဲ့"

http://mmteashop.com



ကျွန်တော်သည် နောက်ထပ်ပြောလိုက်သော ရာမာမိုတို၏ထိုစကားအတွက် အံ့ဩသည်ထက်အံ့ဩခြင်း ဖြစ်ရပြန်ပါသည်။ စင်စစ် ရာမာမိုတိုမှာ 'ထိုက်သင့်သလောက် စိတ်နှလုံးကောင်းရှိသော ဂျပန်စစ်ဗိုလ်တစ်ယောက်' ဟူ၍ ကျွန်တော် နားလည်ထားပါသည်။ သူသည် ကျွန်တော်တို့စခန်း၌သာမက၊ အခြား ကျန်သောချွေးတပ်စခန်းများကို အုပ်ချုပ်ရာ၌လည်း အတော်ပင်သက်ညှာသူ စစ်ဗိုလ်တစ်ယောက်ဖြစ်လေသည်။

သူသည် ရံဖန်ရံခါ အနည်းငယ်ပြုံးတတ်သည်မှာအပ၊ ကျန်သောအချိန်တွင် မျက်နှာထားတည်ကြည်စွာ နေတတ်သည်။ သို့ရာတွင် သူ၏တည်ငြိမ်သော မျက်နှာပေါ်၌ ကြောက်မက်ဖွယ်အသွင်မရှိ။ သူ့တွင် ကုမေကာကဲ့သို့ ကျားတစ်ကောင်လို ကြမ်းကြုတ်သည့်အသွင်မရှိ။ စကားပြောလျှင်လည်း ညင်းညင်းညှံ့ညှံ့ ပြောတတ်လေသည်။ ကုမေကာမှာမူ ဟောင်ဖွာဟောင်ဖွာပြောတတ်သည်။ စကားပြောလျှင် ခြေ၊ လက်များသည် ဘယ်တော့မျှ အငြိမ်တရမရှိ။ ဤသည်မှာ သူတို့ ၂ ဦး၏ ကွဲလွဲချက် တစ်စိတ်တစ်ဒေသ ဖြစ်လေသည်။

နောက်ဆုံး ရာမာမိုထိုသည် ကျွန်တော့်အား သွားခွင့်ပြုလိုက်သည်။ ကျွန်တော်သည် ဂျပန်စစ်ရုံးအဆောက်အဦရှိရာ တောင်ကုန်းငယ်ထက်မှ ဆင်းသက်ခဲ့ပါသည်။ သို့ရာတွင် ကျွန်တော့်ဦးနှောက်ထဲ၌မူ ဝေခွဲမရနိုင်သော အတွေးအတောတစ်ခုမှာ ပါရှိလာပါသည်။ ထို အတွေးကြောင့်လည်း ကျွန်တော်၏ခြေလှမ်းများသည် အလွန်တရာ နှေးကွေးလေးလံနေသည်ဟု ကျွန်တော် သတိပြုလိုက်မိပါသည်။

မနက်ဖြန်တွင် ကျွန်တော်တို့ချွေးတပ်စခန်းရှိအလုပ်သမားအားလုံးကို အလုပ်ခွင်မှ ၁ ရက်တာမျှ အနားယူခွင့်ပြုပါပေမည်။

ကြုံတောင့်ကြုံခဲရရှိသော ထိုအခွင့်အရေးတစ်ခုကိုပေးလိုက်သည့်တိုင် ဂျပန်စစ်ဗိုလ်ရာမာမိုတိုသည် ကျွန်တော်တို့တစ်တွေအား အဘယ်အကြောင်းဖြင့် အပြင်အပသို့ထွက်ခွင့်မပြုလေသနည်း။ ဤမျှ တင်းကျပ်သောစည်းကမ်းသတ်မှတ်ချက်ကိုမူ မည်သို့မျှ ကျွန်တော်စဉ်းစား၍မရပါ။

တောတွင်းချွေးတပ်စခန်းရှိ ဂျပန်များနှင့်ပတ်သက်၍ ကျွန်တော်တို့တွင် တစ်ခုပြောရန်ရှိလေသည်။ ကျွန်တော်တို့ချွေးတပ်သားများသည် ဂျပန်များအား အလွန်တရာကြောက်ရသူများသာ ဖြစ်လေသည်။ ဂျပန်တို့၏စကားကို 'ဘုရင့်စကား မိုးကြိုးသွား' ဟူသောအဖြစ်လောက်နီးနီး ချွေးတပ်သားများမှာ ကြောက်ရွံ့နာခံကြရလေသည်။ အဘယ်မျှကြောက်ရွံ့နာခံကြရသည်ဆိုခြင်းကိုမူ အထက်က ကျွန်တော်ရေးသားတင်ပြခဲ့သော အကြောင်းအချက်များအရ အဓိပ္ပာယ်ရှင်းလင်းလောက်ပေပြီ။

ကျောက်တောင်ကုန်းအောက်ခြေရှိ မြေပြင်ညီသည့်နေရာသို့ရောက်သည်အထိ ကျွန်တော်သည် ဂျပန်စစ်ဗိုလ်ရာမာမိုတို၏စကားများကို တွေးလာမိပါသည်။ ပြီးလျှင် '၇ ခွေစခန်း'သို့ ရွှေ့ပြောင်းရမည့်ကိစ္စကိုလည်း ကျွန်တော် စဉ်းစားခြင်းပြုလိုက်မိပါသည်။

ထိုအခိုက် ကျွန်တော့်အားလှမ်း၍ နှုတ်ဆက်လိုက်သော သုံ့ပန်းစစ်ဗိုလ်၏အသံကိုကြောင့် တွေးလာသော ကျွန်တော့်အတွေးမှာ ပျက်ပြယ်သွားရလေသည်။ ကျွန်တော်သည် ဦးခေါင်းကို ဆတ်ခနဲမော့ကြည့်လိုက်သည်။ အနီးပတ်ဝန်းကျင်တစ်ဝိုက်ကိုလည်း ကျွန်တော်၏မျက်လုံးများက လှည့်ပတ်ကာကြည့်လိုက်မိသည်။ ကျွန်တော့်ရှေ့တွင်ရပ်နေသောသုံ့ပန်းစစ်ဗိုလ်ကိုမူ စကားတစ်ခွန်းမျှ မပြောနိုင်သေးပါပေ။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့၏ဘဝကား အန္တရာယ်ကို ပထမဆုံးကြည့်ရမည် ဖြစ်လေသည်။ ကျွန်တော်တို့၏သွားမှု၊ လာမှု၊ စားမှု၊ သောက်မှု၊ လှုပ်ရှားမှုအရပ်ရပ်မှန်သမျှ၌ ကျရောက်လာမည့်ဘေးအန္တရာယ်ကို ဦးစွာ ပထမသတိထားဆင်ခြင်ခြင်း ပြုရပေမည်။ ကျွန်တော်တို့ကား ရန်သူများပတ်ပတ်လည်တွင် ကျရောက်နေသော သားကောင်များသာ ဖြစ်လေသည်။

လက်နက်ကိုင် ဂျပန်စစ်သား ၁၀ ယောက်လောက်ခန့် ၃ နေရာ–၄ နေရာခွဲလျက် ဟိုတစ်စုဒီတစ်စုနှင့်

http://mmteashop.com



သစ်ပင်အောက်များတွင် ရှိနေကြလေသည်။ သူတို့သည် စကားတပြောပြောနှင့် ဆေးလိပ်သောက်သူသောက်လျက် သုံ့ပန်းစစ်သားများ အလုပ်လုပ်နေကြသည်ကို စောင့်ကြပ်ကြည့်ရှုနေကြခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် သူတို့အားလုံးကို ကျွန်တော်သတိပြုမိသည်မှာ သူတို့သည် အားလုံးထိုင်နေကြသည်တော့ မဟုတ်။ မတ်တထ်ရပ်လျက် ရှိနေကြခြင်းပင် ဖြစ်လေသည်။

ကျွန်တော်နှင့် သုံ့ပန်းစစ်ဗိုလ်တို့တွေ့ကြသောနေရာသည် ဂျပန်စစ်သားများရှိနေကြသည့်နေရာနှင့် အနည်းဆုံး ကိုက် ၃–၄၀ ခန့်အကွာအဝေး ဖြစ်လေသည်။ ပြီးလျှင် ကျွန်တော်တို့ ၂ ဦးမှာလည်း ကြီးမားသော သစ်ပင်ကြီး တစ်ပင်အောက်တွင် ဖြစ်လေသည်။

သုံ့ပန်းစစ်ဗိုလ်သည် ဂျပန်စစ်ရုံးမှ ကျွန်တော်ပြန်ဆင်းလာမည်ကို ဤသစ်ပင်ကြီးအောက်မှ ကြိုတင် စောင့်ဆိုင်းနေခြင်း ဖြစ်ဟန်တူပါသည်။ သူသည် ကျွန်တော့်အား ခပ်ပြုံးပြုံးနှုတ်ဆက်လေသည်။ ထို့နောက် ဘောင်းဘီအိတ်ထဲမှ 'ကူးဝါး'စီးကရက် ဘူးကို ထုတ်ပေးလေသည်။ တစ်ဖန် ကျန်သောလက်တစ်ဖက်မှ ဘောင်းဘီ အိတ်ကိုနှိုက်လိုက်ပြီး၊ စက္ကူဖြင့် ရစ်ပတ်ထုတ်ထားသော ဂျပန်မုန့်လုံးကြီးတစ်လုံးကို ပေးခြင်းပြုပြန်ပါသည်။

ဤတွင် ကူးဝါးစီးကရက်အကြောင်းကို အထက်တွင်ရေးသားဖော်ပြခဲ့ပြီးဖြစ်၍၊ ဂျပန်မုန့်လုံးကြီးအကြောင်း ကိုမူ စာရှုသူများအား ပြောကြားရပေဦးမည်။

လွန်ခဲ့သော ၂ လကျော် ၃ လလောက်အချိန်က ကူးဝါးစီးကရက်များကို ဂျပန်စစ်သားများအတွက်ပင် ရာရှင်မရခဲ့သော်လည်း၊ ယခုမူ သုံ့ပန်းစစ်ဗိုလ်ကိုပင် ကူးဝါးစီးကရက်များ ပြန်လည်ကာထုတ်ပေးနေပြန်လေသည်။ ဤအချက်မှာလည်း အခြားကြောင့်မဟုတ်ဘဲ၊ တပ်ဒိန်တံတားကြီး ဆောက်လုပ်ရေးမှာ လွန်စွာအရေးကြီးလှသဖြင့် သုံ့ပန်းစစ်ဗိုလ်ကိုပင် စီးကရက်ရာရှင်ထုတ်ပေးနေခြင်း ဖြစ်ဟန်တူပါသည်။

ဂျပန်မုန့်လုံးကြီးအကြောင်း ပြောရမည်ဆိုလျှင် ဂျပန်မုန့်လုံးကြီးမှာ တောတွင်းချွေးတပ်စခန်း၌ပင် ဂျပန်တို့ လုပ်ကိုင်သော မုန့်တစ်မျိုး ဖြစ်လေသည်။ ကောက်ညင်းနှင့် ဆန်ကြမ်းကို ရောနှောကြိတ်နယ်ပြီးနောက် အတွင်းမှ ကြံသကာနှင့် ကုလားပဲ၊ သို့တည်း မဟုတ် သကြားနှင့် ကုလားပဲကို ဌာပနာအဖြစ်ထည့်ထားသော ပေါက်စီကဲ့သို့ ဖြူဖြူဖွေးဖွေး မုန့်အလုံးကြီး ဖြစ်လေသည်။ မြန်မာမုန့်လုံးကြီးကဲ့သို့ ဆီနှင့်ကြော်ထားခြင်းတော့ မဟုတ်။ ပေါက်စီ များပေါင်းသလို ပေါင်းထားခြင်း ဖြစ်လေသည်။

ချွေးတပ်သားတစ်ဦးတစ်ယောက်သည် အလုပ်ကို အလွန်အမင်းကြိုးစား၍လုပ်မည်ဆိုပါက တနင်္ဂနွေ ၁ ပတ်ပြည့်သည့်အခါ ထိုမုန့်လုံးကြီးတစ်လုံးကို ဘောက်ဆူးအဖြစ်ရရှိလေသည်။

ဤဖြစ်ရပ် ဤအခွင့်အရေးမှာလည်း ခပ်စောစောပိုင်းအချိန်ကသာ ဖြစ်လေသည်။ နောက်ပိုင်းအချိန်တွင်ကား ချွေးတပ်သားများအဖို့ မုန့်လုံးကြီးကိုဝေး၍၊ ထမင်းကိုပင် ဝဝလင်လင်မစားရတော့ပါချေ။ ချွေးတပ်သားများမှာ တောကြီးတောင်ထဲတွင် အငတ်ငတ်အပြတ်ပြတ်နေရရှာသူများသာ ဖြစ်လေရာ၊ အချို့အချို့သော ချွေးတပ်သား များသည် ထိုဂျပန်မုန့်လုံးကြီးတစ်လုံးကို စားချင်လွန်းလှသဖြင့် အလုပ်ခွင်တွင် ၇ ရက်တိတိ အားတိုက်ခွန်တိုက် လုပ်ကိုင်တတ်ကြလေသည်။ သို့ရာတွင် သူတို့များ၏ ပင်ပန်းဆင်းရဲခံရမှုနှင့် ဂျပန်မုန့်လုံးကြီးတစ်လုံးကိုစားသောက် ရမှုမှာ 'အိုးခါမှ ငွေ ၁၀၀ ရ'ဆိုသကဲ့သို့ မတန်တဆရှိလှပေသည်။

ထို့ကြောင့်လည်း ဤလိုအဖြစ်မျိုးမဖြစ်ရလေအောင် ကျွန်တော်က ဘွန်ထိုက်ချီများအား လက်သိပ်ထိုး ပြောကြားထားရလေသည်။

ကျွန်တော်သည် သုံ့ပန်းစစ်ဗိုလ်ပေးသော စီးကရက်ဘူးကိုသာ လှမ်းယူပြီးနောက်၊ မုန့်လုံးကြီးကိုမူ မယူလိုကြောင်းနှင့် ငြင်းဆန်ခြင်းပြုရလေသည်။

ကျွန်တော့်အနေဖြင့် စဉ်းစားမိပါသည်။ ဂျပန်များသည် ယခုနောက်ပိုင်း တပ်ဒိန်တံတားကြီးကို ဆောက်လုပ်

http://mmteashop.com



ခြင်းပြုသည့်အခါမှပင် စစ်သုံ့ပန်းများအား မုန့်လုံးကြီးကလေးတစ်ခုတလေမျှ ကျွေးမွေးလာခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဤမုန့်ကြီးကလေးတစ်လုံးရရှိရေးအတွက် သုံ့ပန်းစစ်ဗိုလ်ခများ အဘယ်မျှ ဆင်းရဲပင်ပန်းခြင်းခံရရှာလေသနည်း။ သူ့အတွက်ရရှိသော ထိုမုန့်ကလေးတစ်လုံးကိုမူ ကျွန်တော်သည် ဘယ်နည်းနှင့်မျှ မစားရက်မယူရက်ပါပေ။ သို့ရာတွင် သူ့ကိုကား ကျွန်တော့်ဝမ်းထဲမှ ချီးကျူးမိပါသည်။ တစ်ဘက်သား၏ ပြုမူသောဆေးလိပ်ကလေးကျေးဇူးကြောင့် သူ့ခမျာသည် သူစားမည့်အစာကိုပင်မစားသောက်ဘဲ ကျွန်တော့်အားပေးခြင်းပြုလေသည်။

သို့နှင့် ကျွန်တော်တို့ ၂ ဦးသည် သစ်ပင်ကွယ်တွင်ရပ်လျက်၊ စကား ၁ ခွန်းစ–၂ ခွန်းစ ပြောလိုက်မိကြလေသည်။ ကျွန်တော်က သန်ဘက်ခါတွင် ကျွန်တော်တို့ခုနစ်ခွေစခန်းသို့ ပြောင်းရွှေ့ရတော့မည်ဖြစ်ကြောင်း ပြောမိလေသည်။ သူက ဝမ်းနည်းစိတ်မကောင်းကြောင်းနှင့် မကြာမီ ၁ ရက်–၂ ရက်အတွင်း အဓိပတိမင်းကြီးဒေါက်တာ ဘမော် ချွေးတပ်စခန်းမီးရထားလမ်းကို လာရောက်ကြည့်ရှုလိမ့်မည်ဟု ကြားသိရကြောင်းပြောပါသည်။

အဓိပတိမင်းကြီး လာရောက်မည့်အကြောင်းကို ကျွန်တော်တို့ချွေးတပ်သားများသာမက၊ စစ်သုံ့ပန်းချွေးတပ်သားများပင် သိရှိနေကြပေပြီ။ ပြီးလျှင် သုံ့ပန်းစစ်ဗိုလ်၏စကားကြောင့်လည်း ကျွန်တော့်တွင် အသိတစ်ခု ဝင်လာခဲ့ရပေသည်။ ထိုအသိကား တခြားမဟုတ်။ အဓိပတိအရှင်မင်းကြီး ကြွရောက်လာမည့်ကိစ္စမှာ ချွေးတပ်သားများ၏အစားအသောက်၊ အနေအထိုင်နှင့်အလုပ်အကိုင်ကို ကြည့်ရှုလေ့လာခြင်းပြုရန် လာရောက်ခြင်းတော့မဟုတ်။ မီးရထားလမ်း၏အခြေအနေကို ကြည့်ရှုရန်အတွက်လာရောက်ခြင်းသာဖြစ်ကြောင်း ကျွန်တော် သဘောပေါက်မိခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်နှင့် သုံ့ပန်းစစ်ဗိုလ်သည် အချိန်အနည်းငယ်မျှစကားစမြည်ပြောကြားခြင်းပြုကြပြီးနောက်၊ ကျွန်တော်သည် တဲလိုင်းများရှိရာသို့ ထွက်ခွာခြင်းပြုခဲ့လေသည်။ အချိန်မှာ ညနေစောင်းနေပေပြီ။

ထိုအချိန်တွင် ချွေးတပ်သားအသီးသီးတို့မှာလည်း အလုပ်ခွင်စခန်းမှ ပြန်လည်တက်ရောက်လာကြပေပြီ။ ကျွန်တော်သည် ဘွန်ထိုက်ချီများအားလုံးနှင့် ဟန်ချိုများ၊ ချွေးတပ်သားများအား မြေကွက်လပ်ကြီးတစ်ခု ရှိရာသို့ စုစည်းခြင်းပြုလိုက်ပါသည်။ အားလုံးလူစုံသလောက်ရှိသည့်အခါ၊ ဂျပန်စစ်ဗိုလ်ရာမာမိုတို ပြောလိုက်သည့် 'မနက်ဖြန်အလုပ်မှ ၁ ရက်တာ အနားရမည့်အကြောင်း' ကြေညာခြင်းပြုလိုက်ပါသည်။ သို့ရာတွင် ကျွန်တော် ကြိုတင်တွက်ဆထားသည်နှင့် မျက်မြင်အဖြစ်မှာမူ တခြားစီဖြစ်နေပါသည်။ ထိုအဖြစ်ကိုကြည့်လျက် ကျွန်တော့်မှာ အံ့သြခြင်းဖြစ်ရပြန်ပါသည်။

ကျွန်တော်ကထင်ထားသည်မှာ ချွေးတပ်သားများသည် အလုပ်ခွင်မှ တစ်နေ့တာ အနားရကြမည်ဆိုသောသတင်းကို ကြားလိုက်ရလေလျှင် ဝမ်းမြောက်ဝမ်းသာနှင့် အော်ကြဟစ်ကြ၊ လက်ခုပ်လက်ဝါးတီးလျက် သြဘာပေးကြလိမ့်မည်ဟု အထင်ရှိထားပါသည်။ သို့သော် သူတို့သူတို့သည် ကျွန်တော့်စကားကိုကြားရ၍ ဝမ်းမြောက်ရွှင်လန်းဟန် မပြ။ နှစ်သိမ့်အားတက် ဟန်လည်း မရှိ။ သူတို့ကိုကြည့်ရသည်မှာ မတုန်မလှုပ် ကျောက်သားကျောက်ရုပ်များကဲ့သို့ပေတည်း။

လူပေါင်း ၅၀၀ ကျော်ကျော် ၆၀၀ ခန့်သည် ကျွန်တော့်မျက်စိအောက်၌ ငြိမ်သက်စွာ ရပ်နေကြလေသည်။ ချွေးတပ်သားများကို မဆိုထားဘိ။ သူတို့သူတို့အပေါ်တွင် အုပ်ချုပ်ကွပ်ကဲရသူများဖြစ်ကြသော ဘွန်ထိုက်ချီ၊ ဟန်ချိ စသူတွေသည်ပင် စကားတစ်ခွန်းမျှ မဟ။ ငြိမ်သက်နေကြလေသည်။ အားလုံးကို ကြည့်ရမြင်ရသည်မှာ ဘားမရစရာလိုလို၊ စိတ်မချမ်းသာစရာလိုလို၊ စိတ်ချောက်ချားစရာလိုလို တစ်မျိုးကြီးဖြစ်နေသည်။ စင်စစ် သူတို့သူတို့၏အဖြစ်ကို တကယ်တမ်းသိရှိရသည့်အခါ၌မူ ရင်နာစရာကောင်းလှ ပေသည်။

သူတို့သူတို့သည် အလုပ်ခွင်မှ တစ်ရက်တာအနားရကြမည်ဆိုသော်လည်း ဝမ်းသာအယ်လဲ မဖြစ်နိုင်ရှာကြ။ အမှန်စင်စစ် သူတို့တစ်တွေ တကယ်တမ်းအလိုရှိကြ၊ တောင့်တကြသည်မှာလည်း အလုပ်ခွင်မှ တစ်ရက်တာ

http://mmteashop.com



အနားရရှိရေး မဟုတ်။ သူတို့သူတို့၏သားမယားများ၊ သားသမီးများ၊ ဆွေမျိုးညာတိများရှိရာ နေရင်းဇာတိသို့ ပြန်လည်ခွင့်ရရှိရေးကိုပင် ဖြစ်သည်။

တောကြီးတောင်ကြီးထဲတွင် ဆင်းရဲပင်ပန်းကြီးလှစွာဖြင့်နေထိုင်ခဲ့ကြသည်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့လှပြီမဟုတ်ပါလား။ ထိုအခါ သူတို့ပြန်ချင်ကြပေပြီ။

"ကျွန်တော်ပြောတာ အားလုံး ကြားတယ်မဟုတ်လား"

ကျွန်တော်က အော်ဟစ်၍မေးလိုက်သည်။

"ကြားပါတယ်။ ကြားတယ်ဗျို့"

အားလုံးက ဝိုင်းအော်ကြလေသည်။ ထိုအထဲတွင် အသံများအားလုံးစဲသွားသည့်အခါ လူတစ်ယောက် အသံက အော်ကြီးဟစ်ကြီး ပေါက်ကွဲ ထွက်လာလေသည်။

"ဆရာလေး။ ကျုပ်တို့ ဘယ်တော့ပြန်ရမှာလဲဗျ"

ထိုသူကို ကျွန်တော့် လှမ်းကြည့်လိုက်ပါသည်။ ဟသ်ာတနယ်သား ကိုသံချောင်း ဆိုသူဖြစ်လေသည်။ သူသည် သာမန်ချွေးတပ်သားတစ်ယောက်တော့ မဟုတ်။ ယခုနောက်ပိုင်းတွင် ချွေးတပ်သား ၆၀ ခန့်အပေါ်၌ အုပ်ချုပ်ကွပ်ကဲနေရသော ဟန်ချိုတစ်ယောက် ဖြစ်လေသည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါကိုပြောစမ်းပါ ဆရာလေး။ ကျုပ်တို့ ဘယ်တော့ပြန်ရမှာလဲ"

"အဲဒီကိစ္စ ဂျပန်မာစတာတွေဆီမှာမေးပေးပါလား ဆရာလေး"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ပြန်ရမယ့်ရက်ကို အတိအကျမေးပေးစမ်းပါ"

တစ်ယောက်တစ်မျိုး အော်ကြဟစ်ကြလေသည်။

ကျွန်တော်သည် ကွက်လပ်အစွန်ဆုံးတစ်နေရာရှိ သစ်ငုတ်တိုပေါ်တွင်ရပ်နေရာမှ အတန်ကြာငိုင်နေမိသည်။ စိတ်ပျက်စရာ၊ အားငယ်စရာ၊ စိတ်နှလုံးမချမ်းမြေ့စရာကောင်းသော အကြောင်းအချက်များသည် ကျွန်တော့် ဦးခေါင်းထဲသို့ တစ်ခုပြီးတစ်ခု ဝင်ရောက်လာသည်။ ကျွန်တော် မည်သို့ဖြေရလေမည်နည်း။ တာဝန်အရ ကျွန်တော် ပြောရမည့်စကားသည် သူတို့အားလုံးအဖို့ စိတ်နှလုံးချမ်းသာရာ ရစေမည့်စကား မဟုတ်ပါပေ။ သူတို့သူတို့ကြား လိုသော စကားနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် စကားကိုသာ ကျွန်တော်ကပြောရမည် ဖြစ်လေသည်။ ထိုစကားကို ကျွန်တော် ရုတ်တရက် ပြောလို့မထွက်။ ပြောလည်း မပြောချင်။ ပြောလည်း မပြောရက် ပါပေ။ ထို့ကြောင့်လည်း အချိန်အတန်ကြာ ကျွန်တော် ငိုင်နေမိခြင်းဖြစ်လေသည်။

ကျွန်တော်တို့တစ်တွေ ဤသို့ရှိနေကြစဉ်အတွင်း၌ပင် ဂျပန်စစ်ဗိုလ်ကုမေကာသည် ဂျပန်စစ်သား ၂ ယောက်၊ စကားပြန်ကလေး မောင်အေးချို့တို့နှင့်အတူ ကျွန်တော်တို့လူစုရှိရာသို့လာနေသည်ကို တွေ့လိုက်ရလေသည်။

ကုမေကာလာနေသည်ကိုတွေ့လိုက်ရသည့်အခါ ချွေးတပ်သားအားလုံးပင် အတန်ငယ် လှုပ်လှုပ်ရှားရှား ဖြစ်နေရာမှ ငြိမ်သက်သွားကြလေသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း ထိုအခါမှပင် ကျွန်တော်ရှေ့ဆက်၍ ပြောကြား ရမည့်စကားများကို ပြောရလေတော့သည်။

"နောက်တစ်ခု ကျွန်တော်ပြောချင်တာက ခင်ဗျားတို့အားလုံး မနက်ဖြန် အနားရကြတယ်။ ဒါပေမယ့် အားလုံး တဲတန်းလျားထဲမှာပဲ နေကြရမယ်။ အပြင်အပကို ဘယ်သူမျှမထွက်ကြရဘူး။ ထမင်းစားရင်လည်း တဲတန်းလျားထဲမှာပဲ စားကြရမယ်"

စကားအဆုံး၌ပင် ကုမေကာမှာလည်း ကျွန်တော်တို့အနီးသို့ ရောက်ရှိလာလေသည်။

ထိုအခါ ကျွန်တော်သည် နောက်ထပ်ပြောကြားရမည်ဖြစ်သော စခန်းပြောင်းရွှေ့ရမည့်ကိစ္စကိုလည်း တစ်ပါ တည်းဆက်လျက် ပြောကြားခြင်းပြုလိုက်ရလေသည်။ ကျွန်တော့်အနေဖြင့် ဤသို့ပြောစရာရှိသောကိစ္စများ

http://mmteashop.com



ပြောဆို၍ပြီးစီးသွားသော်လည်း၊ ဂျပန်စစ်ဗိုလ်ကိုမကော ရောက်ရှိလာပြန်သည့်အတွက် ချွေးတပ်သားများမှာ ကုမကော၏စကားများကို နားမထောင်ချင်ပါဘဲနှင့် ဆက်လက်၍ နားထောင်နေကြရပြန်ပါသည်။

ဂျပန်စစ်ဗိုလ် ကုမကောပြောသောစကားများကိုမှု ထုံးစံအတိုင်း စကားပြန်သူငယ်က ပြန်လည်ပြောကြားခြင်း ပြုရလေသည်။ ကုမကော၏စကားများမှာ ချွေးတပ်သားများအဖို့ မည်သို့မျှ စိတ်ဝင်စားဖွယ်မရှိပါချေ။ နေမျိုးနွယ်နိပ္ပန်တို့၏ မဟာအရှေ့အာရှစစ်ပွဲကြီးအောင်မြင်စေရန်အတွက် ချွေးတပ်သားများအနေဖြင့် အစွမ်းကုန်ကြိုးပမ်းလျက် အလုပ်ကို လုပ်ကြရမည်။ ယိုးဒယား–မြန်မာ မီးရထားလမ်းမကြီးအောင်မြင်ပြီးစီးသွားပါက မြန်မာနိုင်ငံအတွက် ဂျပန်ပြည်မှ အဝတ်အထည်များ၊ အစားအစာများ၊ စက်ကိရိယာပစ္စည်းစသည်များ တောင်ပုံရာပုံရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် ပစ္စည်းပစ္စယ အလွန်တရာပေါများကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း စသည်များ ဖြစ်လေသည်။

ပြီးလျှင် နောက်ဆုံးသတိပေးစကားပြောကြားသွားသော ကုမကော၏စကားများမှာ 'မနက်ဖြန် တဲလိုင်းများအပြင်သို့ နိပ္ပန်မာစတာများ၏ အမိန့်ပေးချက် တစ်စုံတစ်ရာမရဘဲ မထွက်ကြရ'ဟူသောအမိန့်ပင်ဖြစ်လေသည်။

ထိုစကားကိုမှု ကုမကောသည် ၃–၄ ကြိမ်ထက်မနည်း ပြောလေသည်။ ဤကိစ္စပြီးသည့်အခါ ကျွန်တော်တို့အားလုံးပင် လူစုခွဲလိုက်ကြလေသည်။

နောက်တစ်နေ့သည် ကျွန်တော်တို့အားလုံး အလုပ်မှအနားရကြသောနေ့ပင် ဖြစ်လေသည်။

ကျွန်တော်တစ်ယောက်မှလွဲ၍ ကျန်နေသူများအားလုံးတို့ပင် တဲတန်းလျားကြီးများထဲတွင် ငြိမ်သက်စွာရှိနေကြလေသည်။ လူတွေရှိနေကြသော်လည်း စကားသံဆူဆူညံညံဟူ၍ မကြားရချေ။ အထူးပင်ငြိမ်သက်တိတ်ဆိတ်နေလေသည်။ ချွေးတပ်သားများအားလုံးလိုလိုပင် အလုပ်ခွင်မှအနားရသော ထိုတစ်နေ့တစ်ရက်တာမို့ မှေးမှိတ်အိပ်စက်နေကြသည်သာ များလေသည်။ ထမင်းစားရုံ၊ အခင်းကြီးအခင်းလေးသွားလာကြရုံမှလွဲလျှင် တုံးလုံးပက်လက်လဲလျောင်းနေကြသူကသာ များလေသည်။

ဤလိုနှင့် နေ့လယ်တစ်နာရီအချိန်တွင် ကျွန်တော်သည် တစ်ယောက်ထီးထီးပင် စမ်းချောင်းငယ်ရှိရာသို့ ရေချိုးရန် ထွက်လာခဲ့ပါသည်။

တဲတန်းလျားများရှိစခန်းအတွင်းမှ စမ်းချောင်းရှိရာသို့သွားသည့်အခါ ဦးစွာပထမ ဖောက်လုပ်နေဆဲရထားလမ်းကိုဖြတ်ကျော်ခြင်း ပြုရလေသည်။ ပြီးလျှင် ကားလမ်းကိုကျော်ဖြတ်ခြင်း ပြုရလေသည်။ ထို့နောက် အတန်ငယ်သွားမိမှ စမ်းချောင်းသို့ရောက်ရှိလေသည်။

ဤနေရာတွင် တစ်ခုပြောစရာရှိလေသည်။ ကျွန်တော်မှာ သာမန်ချွေးတပ်သားတစ်ဦး မဟုတ်ဘဲ၊ ဝါဒဖြန့်ချိရေးမှူးတစ်ယောက် ဖြစ်သောကြောင့်လည်း ချွေးတပ်သားများလိုမနေရဘဲ ထိုက်သင့်သလောက် လွတ်လပ်စွာ သွားလာနေရခြင်းပင် ဖြစ်လေသည်။

ဒီလိုနှင့် ကားလမ်းကို ကျွန်တော် ဖြတ်ကျော်ကူးလိုက်မိသည့်အခါ 'ဘုရား ၃ ဆူစခန်း'ဘက်မှ မောင်းနှင်ဆင်းသက်လာသော ကား ၄–၅ စင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုကားများသည် ယခင်သွားလာနေကျကားများနှင့် မတူပေ။ တစ်မျိုးတစ်ဖုံထူးခြားနေသည်ဟု ကျွန်တော်သတိပြုလိုက်မိပါသည်။ ရှေ့ဆုံးကားတစ်စီးနှင့် နောက်ဆုံးကားတွင် လက်နက်ကိုင်အစောင့်စစ်သားများပါရှိလာလေသည်။ အလယ်ကားတစ်စီးတွင်မူ နေတံဆိပ် ဂျပန်အလံများနှင့် ၃ ရောင်ခြယ် ဒေါင်းအလံများထိုးထားသည်ကို တွေ့ရလေသည်။ ပြီးလျှင် ထိုကားကြီးမှာ လော်လီကားကြီးဖြစ်လျက်၊ ကားပေါ်တွင် ကုလားထိုင်များ၊ အမိုးအကာများနှင့် လှလှပပပြင်ဆင်ထားလေသည်။ ထိုကားကြီးကို ပြင်ဆင်ထားသည်မှာ တရုတ်နှစ်သစ်ကူးပွဲတော်များတွင်

http://mmteashop.com



ပြင်ဆင်ထားခြင်းနှင့် တူလှပေသည်။ ကားများသည် ကျွန်တော်ရပ်ကြည့်နေခိုက်၌ပင် အရှိန်ခပ်ပြင်းပြင်း မောင်းနှင်သွားကြလေသည်။

ထိုအခိုက် ဘယ်က ပေါ်လာမှန်းမသိရသော စကားပြန်သူငယ်ကလေး မောင်အေးချိုအသံကို ကျွန်တော်ကြားလိုက်ရလေသည်။

"ဆရာလေး၊ ဆရာလေး။ တွေ့လိုက်လားဗျ"

"ဘာလဲ မောင်အေးချို၊ ဘာကိုတွေ့ရမှာတုန်း"

ကျွန်တော်သည် အသံလာရာသို့လှည့်ကြည့်ရင်း မောင်အေးချိုကို ပြန်၍မေးလိုက်ပါသည်။

"ဟိုဒင်းလေ ဆရာလေး။ အဓိပတိမင်းကြီးဆိုဟာ"

မောင်အေးချို၏ ထိုစကားမျှလောက်နှင့်ပင် ကျွန်တော်သည် ခပ်စောစောကဖြတ်သန်းမောင်းနှင်သွားသော ကားများ၏အကြောင်းကို သဘောပေါက် နားလည်လာမိပါတော့သည်။ အဓိပတိအရှင်မင်းကြီးသည် ယိုးဒယား-မြန်မာ မီးရထားလမ်းကို ဤပုံဤနည်းဖြင့် လာရောက်ကြည့်ရှုခြင်းသာ ဖြစ်လေသည်။

သို့ရာတွင် ကျွန်တော်သည် စမ်းချောင်းအတွင်း၌ ရေမိုးချိုးပြီး၍ တဲတန်းလျားပြန်ရောက်ခဲ့သည့်အချိန်အထိ ဘွန်ထိုက်ချိုကိုသာမြင်ကို သော်လည်းကောင်း၊ အခြား တစ်စုံတစ်ယောက်သောရွှေးတပ်သားကို သော်လည်းကောင်း ထိုအဖြစ်အပျက်ကို ပြောကြားခြင်းမပြုခဲ့ပါပေ။ နောက်ဆုံး သူနှင့်ကျွန်တော် လူချင်းခွဲခွာသည့် အချိန်အထိလည်း ထိုအကြောင်းကို မပြောဖြစ်ခဲ့ပါပေ။

အမှန်စင်စစ် လူတစ်ဦးတစ်ယောက်အဖို့ မျှော်လင့်ချက်တစ်စုံတစ်ရာ ရှိနေခြင်းသည်ပင် အကောင်းဆုံးသော အခြေအနေ ဟူ၍ ဆိုရမည်ဖြစ်လေသည်။

ကျွန်တော်သည် ထိုအခါမှပင် ဂျပန်များက ရွှေးတပ်သားများအား အလုပ်မှ တစ်နေ့တာအနားပေးခြင်း၏ သဘောကိုလည်းကောင်း၊ ထိုကဲ့သို့ အနားရရှိသောအချိန်ကလေးအတွင်း 'တဲထဲမှ အပြင်အပသို့မထွက်ရ' ဟူသော ကြပ်တည်းစွာတားမြစ်ထားခြင်းကိုလည်းကောင်း ကောင်းစွာပင်သဘောပေါက်နားလည်ရလေသည်။

ရွှေးတပ်သားအများစုကြီးမှာမူ ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာသို့ အဓိပတိအရှင်မင်းကြီး လာရောက်ခဲ့သည်ဆိုခြင်းကို လုံးဝပင်မသိလိုက်ကြပါချေ။

http://mmteashop.com

## စခန်းပြောင်းရွှေ့ခြင်း

ကျွန်တော်တို့သည် နောက်တစ်နေ့မနက်၌ပင် ဂျပန်စစ်သားအစောင့်အရှောက်များနှင့် 'ခုနစ်ခွဲစခန်း'သို့ ရွှေ့ပြောင်းခြင်းပြုခဲ့ကြရလေသည်။ လူပေါင်း ၅၀၀ ကျော်သည် တပ်ဒီနိစခန်းအတွင်းမှ ၄ ယောက် ၁ တွဲ၊ ၅ ယောက် ၁ တွဲပြုလျက်၊ ကားလမ်းရှိရာသို့ ထွက်ခဲ့ကြလေသည်။

ဤတွင် အချို့အချို့သောချွေးတပ်သားများမှ မပြောပလောက်သော ၎င်းတို့၏အဝတ်စုတ်အထုပ်ကလေးများ၊ ဝါးပိုးဝါးကိုပြုလုပ်ထားသော ထမင်းစားခွက်ကလေးများနှင့် ဝါးကျည်တောက်၊ ရေဘူးစသည်ကလေးများကို လည်းကောင်း၊ ရပ်ရွာဒေသမှ ထွက်ခွာလာစဉ်အခါကပင်ပါရှိလာသော သင်ဖျာအစုတ်၊ သဖော့ဖျာအစုတ်၊ အိပ်ရာလိပ် စသည်ကလေးများကိုလည်းကောင်း ထမ်း၍ယူဆောင်လာကြလေသည်။

အချို့အချို့သော ချွေးတပ်သားများမှာမူ တောတွင်းချွေးတပ်စခန်းများသို့ရောက်ရှိလာမှ ၎င်းတို့ရှာဖွေ ရရှိထားသော နလင်ကျော်တုံးများ၊ တောင်တန်ကတိုးတုံးများကို တပင်တပန်းနှင့် ထမ်းပိုးလျက် သယ်ဆောင်လာကြ လေသည်။

ဒီအဖြစ်ကိုတွေ့မြင်ရသည်မှာလည်း တစ်မျိုးအားဖြင့် ရင်နင့်စရာကောင်းလှပေသည်။ အဖြစ်မှာ တောတွင်း ချွေးတပ်စခန်းများသို့ရောက်ရှိလာကြသော ချွေးတပ်သားများသည် တောသစ်ပင်ကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်း ပြုကြရပေရာ တောင်တန်ကတိုး၊ နလင်ကျော်စသည့် ဆေးပင်ဝါးပင်များကို တွေ့ရှိကြရသဖြင့် နေရပ်သို့အပြန်တွင် ယူဆောင်သွားကြရန်အတွက် ခုတ်ယူသိမ်းဆည်းထားကြခြင်းပင် ဖြစ်လေသည်။ အိမ်အဝင်တွင် 'သားပြမယားပြ မျက်နှာပန်းလှအောင်'ဟူသော သဘောမျိုးဖြစ်ဟန်တူလေသည်။

သို့ရာတွင် ချွေးတပ်စခန်းများ၌ နေထိုင်ခဲ့ကြရသည်မှာ ၎င်းတို့မျှော်လင့်ထားသည်ထက် နေ့တွေ, လတွေ ကြာညောင်းလာခဲ့သည်မျှမက အစားဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ အလုပ်ကြမ်းဒဏ်ကို တစ်နေ့မပြတ်ကြုံတွေ့ခံစားလာခဲ့ရခြင်းများကြောင့် ခပ်စောစောအချိန်က လောဘတကြီးခုတ်ယူသိမ်းဆည်း ထားကြသော ထိုနလင်ကျော်၊ တောင်တန်ကတိုးစသောပစ္စည်းများကိုပင် မမက်မောနိုင်ကြတော့ပါချေ။ ဟိုလူကို ပေးဒီလူကိုပေး ပေးပစ်ကြလေတော့သည်။ စခန်းတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းရတိုင်း မသယ်နိုင်မပိုးနိုင်ဖြင့် လွှင့်ပစ်သူကလွှင့်ပစ်လေသည်။ မီးရှို့မီးတိုက်ပစ်သူကလည်း မရှားပေ။

တစ်နေ့တခြား အင်အားချည့်နဲ့လျက် အရိုးပေါ်အရေတင်ဖြစ်လာသော နောက်ပိုင်းအချိန်၌မူ စခန်းတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းကြရသည်အခါ၌ပင် အချို့အချို့သော ချွေးတပ်သားများမှာ တောင်ဝှေးကို တဒေါက်ဒေါက် ထောက်လျက် သွားကြရရှာလေသည်။ အချို့ကား ခြေလှမ်းကို ရေတွက်၍လျှောက်သလို၊ တလှမ်းချင်း တရွေ့ရွေ့ ချင်း တအိအိတနဲ့နဲ့ လျှောက်လျှောက်နေကြရရှာလေသည်။ ထိုအခါ မည်သည့်ချွေးတပ်သား တစ်ဦးတစ်ယောက် ကမျှ လေးလံသောအရာဝတ္ထုတစ်စုံတစ်ခုကို သယ်ပိုးယူဆောင်ချင်စိတ် မရှိကြတော့ပါချေ။ သူတို့သူတို့များသည် အသက်နှင့် ခန္ဓာကိုယ်မှလွဲ၍လည်း အခြားအခြားသော မည်သည့်ပစ္စည်းကိုမျှ တပ်မက်ခြင်းရှိလိမ့်မည်မဟုတ်ဟူ၍ ကျွန်တော်ထင်ပါသည်။

http://mmteashop.com



ကျွန်တော်၏ ရင်းနှီးသောမိတ်ဆွေကြီးဖြစ်သည့် ဘွန်ထိုက်ချိုကိုသာမြိုင်၏ တောင်တန်ကတိုးတုံးကိုလည်း ကျွန်တော် သတိထားလျက်အကဲခတ်မိလေသည်။ အစပထမ ကိုသာမြိုင်၏တောင်တန်ကတိုးတုံးမှာ ယောကျ်ားကြီး တစ်ယောက်၏ ပေါင်လုံးသာသာဖြစ်သည်။ အရှည်မှာ ၂ တောင်သာသာဖြစ်လေသည်။ ကိုသာမြိုင်သည် ထို တောင်တန်ကတိုးတုံးကို ဂုန်နီအိတ်အပေါ်တစ်ခုနှင့်ရစ်ပတ်လျက် အမြဲတမ်းပင် ခေါင်းအုံးလျက် အိပ်လေသည်။ (တောင်တန်ကတိုး ဟု သူတို့တစ်တွေပြောရှိသာ သိရပါသည်။ ဟုတ်,မဟုတ်ကိုကား ကျွန်တော် မပြောတတ်ပါ။ အနည်းငယ်တော့ မွှေးသလိုလိုရှိလေသည်။) ကိုသာမြိုင်၏ ထိုတောင်တန်ကတိုးတုံးမှာ ရက်တွေ, လတွေ အတော် ကြာညောင်း၍ ချွေးတပ်စခန်းပေါင်း တစ်ခုမှတစ်ခု, တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းရပေါင်း များလာသည့်အခါ၊ တဖြည်းဖြည်းနှင့် သေး၍သေး၍ လာလေတော့သည်။ တစ်စနှင့်တစ်စလည်း တို၍တို၍ လာလေတော့သည်။ ဤလိုဖြစ်ရသည်မှာ တောင်တန်ကတိုးက ခြောက်သွေ့ကြုံလှီလာသောကြောင့်လည်း မဟုတ်။ အလိုလိုနေရင်း တို၍တို၍သွားသောကြောင့်လည်း မဟုတ်။ စိတ်အပျက်ကြီးပျက်လျက် ဟိုလူဒီလူကို ဖြတ်တောက်လျက် ပေးပစ် ခြင်းကြောင့် ဖြစ်လေသည်။

တပ်ဒိန်စခန်းနှင့် ခုနစ်ခွေစခန်းမှာ ကျွန်တော့်စိတ်ခန့်မှန်းချက်အရ ပြောရလျှင် ၆ မိုင်သာသာ ၇ မိုင်ခန့် အကွာအဝေးရှိလိမ့်မည်ဟု ထင်သည်။ အချိန်မှာ မိုးရာသီ, မိုးကာလမဟုတ်သောကြောင့်လည်း ကားလမ်းသည် အတော်ကလေးပင် သာယာကောင်းမွန်နေလေသည်။

စစ်အတွင်းအချိန်လည်းဖြစ်လျက် တောတွင်းကားလမ်းတစ်ခုလည်းဖြစ်သောကြောင့် ကမူကထစ်များ ကုန်းဆင်းကုန်းတက်များ, ချိုင့်ဝှမ်းများ ရှိသည်မှန်သော်လည်း၊ လမ်းဘေး ဝဲနှင့်ယာ တစ်ဘက်တစ်ချက်ရှိ သစ်ပင် ဝါးပင်ကြီးများသည် ကားလမ်းတစ်လျှောက်ကို အေးမြသောအရိပ်အာဝါသဖြင့် ဖုံးအုပ်ကာကွယ်လျက်ရှိနေပေ တော့သည်။ တောတောင်ပတ်ဝန်းကျင်သဘာဝမှာလည်း တိတ်ဆိတ်လျက်ငြိမ်သက်နေလေသည်။

ထို့ကြောင့်လည်း ချွေးတပ်သားများသည် စကားတပြောပြောပြုကြလျက် တလှုပ်လှုပ်တနဲ့နဲ့နှင့် သွားနေ ကြလေသည်။ ကျွန်တော်တို့ချွေးတပ်သားများအား စောင့်ကြပ်လိုက်ပါလာကြသော ဂျပန်စစ်သားများမှာလည်း ၃ ယောက် ၁ တွဲ, ၄ ယောက် ၁ တွဲပြု၍ စကားတပြောပြောလျှောက်နေကြလေသည်။

စင်စစ် ဂျပန်စစ်သားများသည် ရိုင်ဖယ်သေနတ်ကို ပခုံးထက်တွင် ချိတ်လွယ်ထားလျက်၊ လက်ထဲတွင်မူ ဝါးစိမ်းချောင်းများနှင့် သစ်ကိုင်းသစ်ခက်များကို ကိုင်ဆောင်ထားကြလေသည်။ ရံဖန်ရံခါ သူတို့သည် အလွန်အမင်း နှေးကွေးလေးလံလွန်းလှသော ချွေးတပ်သားများအား တုတ်တဝင့်ဝင့်လုပ်လျက် သော်လည်းကောင်း, တဟေးဟေး တဝါးဝါးအော်ဟစ်ရေရွတ်ခြင်း သော်လည်းကောင်း ပြုလုပ်ကြလေသည်။

တပ်ဒိန်စခန်းမှ နံနက်စောစောထွက်လာသော ကျွန်တော်တို့ချွေးတပ်သားများမှာ ခုနစ်ခွေစခန်းသို့ရောက်မှပင် နံနက်စာထမင်းကို စားကြရပေမည်။ ထမင်းချက်တာဝန်ကျသော ထမင်းချက်ခေါင်း အိုးသူကြီးနှင့် သူ့လူများမှာမူ ယမန်နေ့ညကပင် လော်လီကားကြီးတစ်စင်းနှင့် ဆင်ချားပေါ်တွင် ဆန်အိတ်များ, ဆီများ, ဆားအိတ်များကို တင်ဆောင်ကာ တပ်ဒိန်မှ ထွက်ခွာသွားနှင့်ကြပြီး ဖြစ်လေသည်။

ယနေ့အဖို့မှာလည်း ကျွန်တော်တို့သည် အလုပ်ခွင်သို့ ဆင်းသက်ကြရဦးမည်တော့ မဟုတ်ချေ။ စခန်း ပြောင်းရွှေ့ခြင်း, ခုနစ်ခွေစခန်းသို့ရောက်သည့်အခါ တဲတန်းလျားအပျက်အစီးများကို ပြင်ဆင်ခြင်း, အခြားအခြား သောလုပ်စရာရှိသည့် စခန်းတွင်းကိစ္စများကို ပြုလုပ်ခြင်း စသည်များလောက်နှင့် တစ်နေ့တာအဖို့ ပြီးစီးရမည် ဖြစ်လေသည်။

သို့နှင့် ကျွန်တော်တို့သည် ၁၁ နာရီကျော်ကျော်အချိန်၌ ခုနစ်ခွေစခန်းသို့ ရောက်ရှိခဲ့ကြလေသည်။ သို့ရာတွင် တပ်ဒိန်စခန်းမှထွက်ခွာလာခဲ့သည့်အတိုင်း လူစုံတက်စုံတော့မဟုတ်တော့ပေ။ အချို့အချို့သော ချွေးတပ်သားများမှာ

http://mmteashop.com



နောက်တွင် ပြတ်ကျန်ခဲ့ကြလေသည်။ ဂျပန်စစ်သားများ ဘွန်ထိုက်ချို့၊ ဟန်ချို အစရှိသူများနှင့် တာဝန်ရှိသော ကျွန်တော်မှာ ရောက်ရှိလာသော ချေးတပ်သားများအား စစ်ဆေးရေတွက်ခြင်း ပြုရလေသည်။ ကျွန်တော်တို့တစ်တွေ တစ်နာရီလောက်နီးနီး စောင့်ကြပ်ကြည့်ရှုလျက်စစ်ဆေးနေသည့်တိုင် လူမစုံသေး မပြည့်သေးပါ။ လူ ၄၀ နီးနီး လိုနေလေသည်။

သို့ရာတွင် ဂျပန်စစ်သားများမှာလည်း ထိုအချိန်ထိအောင် ဆက်လက်၍ စောင့်ဆိုင်းမနေကြတော့ပါချေ။ ဂျပန်များသည် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများကို တာဝန်ပေးလွှဲအပ်လျက် ညနေပိုင်းတွင် လူစေ့မစေ့ ဂျပန်စစ်ရုံးငယ်သို့ လာရောက်၍ပြောကြားခြင်းပြုရန် ကျွန်တော့်အား မှာကြားခြင်းပြုပြီးနောက်၊ ၎င်းတို့နေထိုင်ကြရမည့် စစ်ရုံးအဆောက်အဦနှင့် အိမ်ငယ်ကလေးများရှိရာသို့ ထွက်ခွာသွားကြလေသည်။

ဤတွင် ဂျပန်စစ်သားများ၏အပြုအမူကိုလည်း ကျွန်တော် သတိထားလျက်လေ့လာမိပါသည်။ ယခုနောက်ရက်ပိုင်းများ၌ကား ဂျပန်စစ်သားများကိုယ်တိုင်ကပင် အထက်ကပေးအပ်သည့် အမိန့်တာဝန်အရ ထမ်းဆောင်နေကြရသော်လည်း၊ ချေးတပ်သားများအပေါ်၌ ယခင်အခါများကလောက် တင်းတင်းကျပ်ကျပ် မပြုကြတော့ချေ။ သူတို့သည် အိုနာကျိုးကန်းနှင့် တောကြီးမျက်မည်းထဲတွင်ရောက်ရှိနေကြသော ချေးတပ်သားများအနေဖြင့် မည်သည့်နည်းနှင့်မျှ ထွက်ပြေးနိုင်ကြလိမ့်မည်မဟုတ် ဟု ယူဆထားကြသောကြောင့်ပင် ဖြစ်ဟန်တူလေသည်။

စင်စစ်အားဖြင့်လည်း ယခုလို နောက်ပိုင်းအချိန် နောက်ပိုင်းရက်များတွင်မူ ချေးတပ်သားအတော်များများပင် တောတွင်းချေးတပ်စခန်းများမှ ထွက်ပြေးခြင်းပြုလိုကြတော့မည် မဟုတ်ပါချေ။ အဘယ်ကြောင့်ဆိုရပါမူ ၎င်းတို့တွင် ဂျပန်များ၏လက်တွင်းမှ လွတ်မြောက်အောင်ထွက်ပြေးနိုင်လောက်သည့် အားခွန်ဗလဆို၍လည်း မရှိကြတော့ပါချေ။ တစ်နည်းပြောရလျှင် ထိုမျှလောက် ဝေးလံနက်ရှိုင်းသော တောကြီးခေါင်ခေါင်အရပ်မှ လွတ်မြောက်အောင် ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့ပါချေ။

ကြည့်ပါ။ အကြင်ချေးတပ်သားတစ်ဦးတစ်ယောက်သည် ဤတောတွင်းချေးတပ်စခန်းတစ်ခုခုမှနေလျက် ထွက်ပြေးခြင်းပြုသည် ဆိုကြပါစို့။ ထိုသူထိုချေးတပ်သားအဖို့ တစ်နေရာမဟုတ်တစ်နေရာ၊ တစ်စခန်းမဟုတ် တစ်ခန်းတွင် ဂျပန်များလက်တွင်းသို့ သက်ဆင်းရောက်ရှိရမည်မှာ မလွဲပါပေ။ ထိုအခါ ၎င်းချေးတပ်သားအဖို့ ကြိုးတုပ်ကြိုးချည်ခံရပေမည်။ တစ်ဖန် နောက်တစ်ကြောင်း ရှိပြန်သည်။ ထိုချေးတပ်သားသည် ဂျပန်တို့ရန်မှ လွတ်ကင်းသည် ထားဘိဦး။ တစ်နေရာရာတွင် အစာရေစာငတ်လျက် အားပြတ်ကာ သေပွဲဝင်ရပေလိမ့်မည်။ ထိုအကြောင်းကို နားလည်ရိပ်စားမိသောကြောင့်လည်း ဂျပန်များကိုယ်တိုင်ကပင် နောက်ပိုင်းရက်များ၌ ချေးတပ်သားများအား အတော်ပင် လျစ်လျူရှုထားခဲ့ခြင်းသာဖြစ်လေသည်။

ကျွန်တော်သည် ဘွန်ထိုက်ချိုများနှင့် ဟန်ချိုများကို ခုနစ်ခွေစခန်း၏အဝင်ပေါက်ဝရှိသစ်ပင်ကြီးများအောက်တွင် နေခဲ့စေပြီးနောက် ထမင်းချက်တဲရုံကြီးများသို့ ထွက်ခဲ့လေသည်။ ထမင်းချက်ရုံကြီးအနီးသို့ ကျွန်တော် ရောက်ရှိသွားသောအချိန်၌မူ အချို့သောချေးတပ်သားအုပ်စုများသည် ၎င်းတို့အတွက် နံနက်စာထမင်းကိုပင် ယူငင်ကာ စားသောက်ခြင်းပြုနေကြလေပြီ။

ကျွန်တော်သည် ထမင်းချက်ခေါင်းကိုထွန်းမောင်နှင့် တွေ့ဆုံပြီးနောက် ချေးတပ်သားများအတွက် ထမင်းဟင်းလျာများကို လည်းကောင်း၊ အဝင်ပေါက်ဝတွင်ရှိနေသော ဟန်ချိုနှင့် ဘွန်ထိုက်ချိုများအတွက် ထမင်းများသွားရောက်ပို့ပေးစေရန် အစီအစဉ်များကို လည်းကောင်း ကိုထွန်းမောင်နှင့် တိုင်ပင်လုပ်ဆောင်ခြင်း ပြုရလေသည်။

"တဲလိုင်းတွေကတော့ အားလုံး ဖရိုဖရဲချည်းပဲဆရာလေး။ ပြန်ပြင်ပြီးမှနေလို့ရမှာပဲခင်ဗျ"

ထမင်းချက်ခေါင်းကိုထွန်းမောင်က ပြောပါသည်။

ကိုထွန်းမောင်မှာ မီးဖိုကြီးများအနီးတွင် ချေးတလုံးလုံးဖြစ်နေလေသည်။ ကျွန်တော်ရှိရာသို့ စကားလှမ်း

http://mmteashop.com



ပြောရင်းမှ သူ့လူများကိုလည်း အော်ဟယ်ဟစ်ဟယ်နှင့် အမိန့်ပေးနေလေသည်။

"အေးဗျာ။ တဲတန်းလျားတွေကတော့ တစ်ခုမျှမကောင်းဘူးဗျ။ ပြင်သင့်သလောက်တော့ ပြင်ရမှာပဲ။ ဒီလူတွေ ထမင်းစားပြီးလို့ ခဏတဖြုတ်နားပြီးမှ အလုပ်ခိုင်းရမှာပဲဗျ"

ကျွန်တော်သည် ကိုထွန်းမောင်ရှိရာ မီးဖိုကြီးတစ်ဖိုအနီးသို့လျှောက်ခဲ့ပြီးနောက် ဆေးလိပ်တစ်လိပ်ကို မီးညှိ ဖွာရှိုက်ခြင်း ပြုလေသည်။ ကိုထွန်းမောင်သည် ကျွန်တော်နှင့် စကားဆက်လက်မပြောနိုင်သေးဘဲ၊ သူ့ကိစ္စ သူ့တာဝန်များကို စီစဉ်လုပ်ဆောင်နေရလေသည်။

"အားလုံး ကိုထွန်းမောင် လူဘယ်နှစ်ယောက်လဲဗျ"

ကျွန်တော်က ကိုထွန်းမောင်ကိုမေးလိုက်လေသည်။

"အားလုံး ၂၀ ခင်ဗျ။ ကျွန်တော်နှင့်မှ ၂၁ ယောက်။ ဆရာလေးတို့က အားလုံး လူ ၅၀၀ ကျော် မဟုတ်လား။ ကျွန်တော်တို့မှာ လူ ၂၀ တည်းနှင့်ဆိုတော့ ဘယ်မှာ ထောင့်စေ့ပါ့မလဲ။ နေ့မီးညမီးဆက်နေမှာပဲ"

ကိုထွန်းမောင်ပြောစကား ဟုတ်မှန်ပေမည်။ သူတို့တွင် အားလုံးပေါင်း လူ ၂၀ သာဖြစ်လေသည်။ ချက်ရပြုတ်ရသည်မှာ လူပေါင်း ၅၀၀ ကျော်အတွက် ဖြစ်လေသည်။ သူတို့တစ်တွေမှာလည်း ရထားလမ်းဖောက် လုပ်သော ချွေးတပ်သားများနည်းတူပင် ပင်ပန်းမှုကြီးမားလှပေသည်။ သူတို့အဖို့ အဆိုးဆုံးသောအလုပ်မှာ ထင်းခုတ်ရသောအလုပ်ပင် ဖြစ်လေသည်။ ရေမိုးကိစ္စမှာမူ စမ်းချောင်းအနီးတွင် မီးဖိုတဲများဆောက်လုပ်ထားခြင်း ကြောင့် သက်သာရာရပေသည်။

ကျွန်တော်သည် ကိုထွန်းမောင်နှင့် စကားစမြည်ပြောကြားရင်းမှ မီးဖိုတဲများကို လည်းကောင်း၊ ချွေး တပ်သားများနေထိုင်ကြရမည့် တဲလိုင်းကြီးများကို လည်းကောင်း၊ ဂျပန်များနေထိုင်ကြရမည့် အိမ်ငယ်ကလေး များနှင့် စစ်ရုံးငယ်အဆောက်အဦများကို လည်းကောင်း လှမ်းကြည့်ကာအကဲခတ်မိလေသည်။

ခပ်တိုတိုပြောရလျှင် မြင်မြင်သမျှအရာအားလုံးမှာ စိတ်ပျက်စရာတွေချည်းဖြစ်လေသည်။ ခုနစ်ခွေ စခန်းတစ်ခုလုံး၏အနေအထားမှန်သမျှသည် တပ်ဒိန်စခန်း၏အနေအထားကို လုံးဝမမှီပါပေ။ တဲတန်းလျားများ အားလုံးပင် ယိုင်လဲတော့မလောက်အခြေအနေတွင် ဖြစ်လေသည်။ ဝါးထရံဟူ၍လည်း တစ်ချပ်တလေမျှ မတွေ့ ရပေ။ အင်ဖက်အမိုးနှင့် အကာအရံ ဟူသမျှသည် စုတ်ပြတ်ပေါက်ပြဲနေလေသည်။ တဲတန်းလျားကြီးများမှာလည်း ခါးကျိုးလျက် လည်းကောင်း၊ ခွေယိုင်လျက် လည်းကောင်း၊ တစ်ဘက်စောင်း နိမ့်ကျလျက် လည်းကောင်း ရှိလေသည်။

ကိုထွန်းမောင်တို့၏ မီးဖိုကြီး ၂ လုံးမှာလည်း အပေါက်အပြဲများနှင့် ဖရိုဖရဲပင် ဖြစ်လေသည်။ သို့ရာတွင် မီးဖိုတဲကြီးများမှာ အမိုးသာရှိလျက် အကာအရံ ဟူ၍ကားလုံးဝမရှိသော တဲကြီးများဖြစ်လေသည်။

ဂျပန်များနေသည့်တဲအိမ်ကလေးများမှာလည်း တပ်ဒိန်စခန်းနှင့် ကျောက်တစ်လုံးစခန်းမှ တဲအိမ်ငယ် များကို မမှီပါချေ။ ထိုတဲအိမ်ကလေးများနှင့် ဂျပန်စစ်ရုံးပြုလုပ်ထားသောနေရာမှာလည်း တပ်ဒိန်စခန်းကလို ကျောက်တောင်ကုန်းမြင့်ထက်တွင် မဟုတ်ပေ။ မြေညီမြေပြန့်တွင်ဖြစ်လေသည်။

ဂျပန်စစ်ရုံးအဆောက်အဦရှေ့၌လွှင့်ထူထားသော နေတံဆိပ်အလံသည်ပင် အရောင်အဆင်းကင်းမဲ့လျက် ဖြူရော်ရော်မွဲခြောက်ခြောက်ရှိလေသည်။ ထိုမြင်ကွင်းများအားလုံးသည် အနိဋ္ဌာရုံမြင်ကွင်းများချည်းဖြစ်သည် ဟူ၍ ကျွန်တော်ယူဆမိလေသည်။

ကျွန်တော်နှင့် ထမင်းချက်ခေါင်း ကိုထွန်းမောင်တို့သည် ထွေရာ ၄ ပါးသောစကားများကို နောက်ထပ် လျက် မဆက်နိုင်ကြသေးဘဲ၊ ချွေးတပ်သားများ၏ထမင်းကိစ္စများကို လည်းကောင်း၊ စခန်းပေါက်ဝတွင်ကျန် ရှိနေခဲ့ကြသော ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအတွက် နံနက်စာထမင်းကို လည်းကောင်း စီမံခန့်ခွဲလျက် ပေးနေ

http://mmteashop.com



ရလေသည်။ ထိုကိစ္စပြီးစီးသွားမှပင် ကျွန်တော်တို့ စကားဆက်နိုင်ကြလေသည်။

ယခုတစ်ကြိမ်၌ကား ကျွန်တော်တို့ ၂ ဦးမှာ မီးဖိုတဲကြီးများအတွင်း၌ မဟုတ်ကြတော့ပါပေ။ မီးဖိုတဲ ၂ တဲနှင့် ခပ်လှမ်းလှမ်းတစ်နေရာရှိ ထင်းတုံး ၂ တုံးထက်တွင် တစ်ယောက်တစ်တုံးကျထိုင်လျက် ဖြစ်လေသည်။

"ဒီစခန်းတစ်ခုလုံးကိုကြည့်ရတာ နည်းနည်းလေးမျှ ကျက်သရေမင်္ဂလာမရှိဘူးဗျ။ ကျွန်တော်တို့လူစုဆိုရင် မနေ့ညက တစ်ညလုံး မအိပ်ကြရသလောက်ပါပဲ။ ဟောဟို တဲတန်းလျားပေါ်မှာလေ"

ကိုထွန်းမောင်သည် ခပ်လှမ်းလှမ်းရှိ တဲတန်းလျားတစ်လုံးကိုညွှန်ပြရင်း ကျွန်တော့်အား ပြောလေသည်။ ထိုတဲလိုင်းသည် အားလုံးသောတဲလိုင်းများအနက် အတော်ကလေးကောင်းမွန်သော တဲတန်းလျားတစ်လုံးဖြစ်လေသည်။ အမှန်ဆိုထိုက်သည်မှာ 'အဆိုးထဲမှ အကောင်းဆုံး' ဟူ၍ဆိုထိုက်လေသည်။

"ဘာယ်လိုဖြစ်လို့လဲ။ ဒါထက် လူဟောင်းတွေ တစ်ယောက်မျှမကျန်ရစ်ခဲ့ဘူးနော်"

ကျွန်တော်သည် ကိုထွန်းမောင်အား မေးခွန်း ၂ ခုကို တစ်ကြိမ်တည်းမေးလိုက်လေသည်။

ထိုအခိုက် ကျွန်တော်တို့ရှိရာသို့ ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ကိုမောင်စိန်တို့ ပေါက်လာကြလေသည်။ ထို၂ ယောက်သည် ကျွန်တော်နှင့် ကိုထွန်းမောင်တို့အနီးရှိ ထင်းတုံးကြီးများပေါ်တွင် ဝင်ရောက်ထိုင်လိုက်ကြသည်။ ထိုအခိုက်၌ပင် ကိုထွန်းမောင်ကလည်း ကျွန်တော့်အမေးကို ဖြေကြားခြင်းပြုလေသည်။

"လူဟောင်းထဲက တစ်ယောက်ပဲတွေ့ရတယ်ဆရာလေး။ ဟောဟိုဘက် အစွန်ဆုံးတဲလိုင်းပေါ်မှာလေ။ ဒါပေမယ့် ဒီလူဟာ အသက်မရှိတော့ပါဘူး။ လောက်ကောင်တွေတဖွားဖွားကျနေတဲ့ အသုဘအလောင်းကောင်ကြီးပဲ ဆိုပါတော့။ ပုပ်စော်နံလိုက်တာ နှာခေါင်းမခံနိုင်ဘူး"

"ဘာဗျ။ လူသေအလောင်းကောင်ကြီး။ ဟုတ်လား"

ဘွန်ထိုက်ချို ကိုမောင်စိန်က မျက်လုံးအပြူးသားဖြင့် မေးလေသည်။ အမှန်ပင် သူ့မျက်လုံး ၂ လုံးသည် ပုစွန်မျက်လုံးကဲ့သို့ ပြူးထွက်လာသည်။ သူ့တစ်ကိုယ်လုံးသည် တုန်တုန်ရင်ရင်ဖြစ်သွားသည်။ အတော်အတန်သတ္တိကောင်းလှပါသည်ဆိုသော ကိုသာမြိုင်သည်ပင် မျက်နှာပျက်သွားလေသည်။

"ဟုတ်တယ်ဗျာ။ ဒီလူဟာ မကျန်းမမာဖြစ်ပြီးကျန်ရစ်ခဲ့တာနှင့် တူပါတယ်"

ကိုထွန်းမောင်က ပြောလေသည်။

ထမင်းချက်ခေါင်း၏စကားသည် မှန်ကောင်းမှန်လိမ့်မည်ဟု ကျွန်တော် တွေးမိလေသည်။ တစ်ခါတစ်ခါ ချွေးတပ်သားများသည် စခန်းတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းခြင်းပြုကြရာ၌ နာမကျန်းဖြစ်နေသောချွေးတပ်သား ၁ ယောက်စ–၂ ယောက်စသည် တဲစခန်းများတွင် ကျန်ရစ်နေတတ်လေသည်။ ဤသည်မှာလည်း နောက်ပိုင်းအချိန်တွင် ဖြစ်တတ်ကြတတ်လာသည့်အခြေအနေ ဖြစ်လေသည်။ ကျွန်တော် အထက်ကလည်း ဆိုခဲ့ပြီးပါပြီ။ ဂျပန်များသည် ခပ်စောစောပိုင်းအချိန်များကသာ လူမမာချွေးတပ်သားများအား တောတွင်းဆေးရုံများသို့ မသွားမနေ ပို့လွှတ်ကြသော်လည်း၊ နောက်ပိုင်းအချိန်၌မူ သေချင်သေ ကျေချင်ကျေ သိပ်ပြီးအရေးမစိုက်တော့ပါချေ။ ထိုအခါ နာကောင်တုံးလုံးဖြစ်နေသော ချွေးတပ်သားများကလည်း ဆေးရုံစခန်းသို့မသွားတော့ဘဲ၊ တဲတန်းလျားအလုပ်စခန်း၌ပင် လူကောင်းများနှင့် အရောရောအနှောနှောပြုလျက် နေလေတော့သည်။

ထိုကိစ္စကို ဂျပန်များက မသိမဟုတ်။ သိလေသည်။ သို့ရာတွင် ဂျပန်များကိုယ်တိုင်ပင် ဖြစ်သလိုကျသလို နည်းနှင့် အတော်တော်အပြတ်ဖြတ်၊ အစုတ်အစုတ်အပြုံပြုဖြစ်နေသောကြောင့်လည်း ချွေးတပ်သားများ၏အရေးကိစ္စကို သိပ်ဂရုမစိုက်ကြခြင်းပင် ဖြစ်လေသည်။ စင်စစ် ယိုးဒယား–မြန်မာ မီးရထားလမ်းမကြီးဖောက်လုပ်ရာ တောတွင်း ချွေးတပ်စခန်းများသို့ တာဝန်ကျရောက်နေသောဂျပန်တို့ကိုယ်တိုင်ပင်လျှင် အနည်းနှင့်အများ စိတ်ဓာတ်ကျဆင်းနေကြခြင်းပင် ဖြစ်လေသည်။

http://mmteashop.com



"ဆရာလေး။ ကျုပ်လူတွေနှင့် ကျုပ်တော့ အဲဒီတဲလိုင်းမှာ မနေပါရစေနှင့်ဗျာ"

ကိုမောင်စိန်က အထိတ်တလန့်ပြောလေသည်။

"အားလုံး မဲချယူရမှာကိုယ့်လူ။ ကံအတိုင်း ကျရာပဲဗျ"

ကိုသာမြိုင်က ဆိုလေသည်။

လူတစ်ယောက် သေဆုံးလျက် လောက်ကောင်တွေတဖွားဖွားကျနေသော တဲတန်းလျားပေါ်တွင်မှ ဘွန်ထိုက်ချီ ကိုမောင်စိန်သာ မဟုတ်။ မည်သည့်ဘွန်ထိုက်ချီအဖွဲ့သားများမှ နေလိုကြလိမ့်မည် မဟုတ်ပါပေ။

"နေစမ်းပါဦး။ အဲဒီအလောင်းကြီးက ခုထိရှိနေသေးလို့လား"

ကျွန်တော်က ကိုထွန်းမောင်ကိုမေးလိုက်သည်။

"ဘယ်ရှိတော့မှာလဲ ဆရာလေးရာ။ လေသင့်တိုင်း အပုပ်နံ့ကတထောင်းထောင်းထွက်နေတော့ ကျွန်တော်တို့လူစုတွေပဲ သွားပြီးမြှုပ်လိုက်ရတယ်"

"ဒီလိုဆို တော်သေးတာပေါ့"

ကိုမောင်စိန်သည် သက်ပြင်းချရင်း ပြောလေသည်။

"မတော်သေးနင့် ကိုယ်လူ။ ညဘက်ကျရင် အကြောင်းသိရမယ်။ ကျုပ်တို့တော့ မနေ့ညက တစ်ညလုံး မအိပ်ရဘူး"

ကိုထွန်းမောင်က ပြောပြန်လေသည်။

"အဲဒါက ဘယ်လိုကြောင့်လဲကိုထွန်းမောင်"

ကိုသာမြိုင်က မေးလိုက်လေသည်။

"အဲဒီတဲတန်းလျားပေါ်က တစ်ညလုံးလိုလိုပဲ ညည်းသံညူသံတွေကြားရတယ်ဗျဆရာလေး။ ဒါနှင့် ကျွန်တော့်လူတွေက မီးတုတ်ကိုယ်စီနှင့် သွားကြည့်ကြတယ်။ အဲဒီတော့လည်း ဘာမှမတွေ့ရဘူးခင်ဗျ။ ဒီလိုနှင့်သာ ကျွန်တော်တို့ဟာ တစ်ညလုံးမိုးလင်းတော့တာပါပဲဗျာ"

"ခင်ဗျားစိတ်ထင်လို့နှင့် တူပါတယ်ဗျာ"

ကျွန်တော်က ပြောလိုက်ပါသည်။

"ဟာ–ကျွန်တော်တစ်ယောက်တည်းကြားရတဲ့ကိစ္စ မဟုတ်ဘူးဗျ ဆရာလေးရ။ ကျွန်တော်တို့လူတွေ အားလုံးကြားရတဲ့ ညည်းသံတွေခင်ဗျ။ နောက်ပြီး ဒီစခန်းနှင့်ပတ်သက်လို့ ကျွန်တော်ကြားထားရသလောက် ဆိုရင် ခပ်စောစောပိုင်းက ဒီစခန်းမှာ ကျောက်ရောဂါတွေ အကြီးအကျယ်ဖြစ်လိုက်တယ်။ လူ ၂၀၀ ကျော်–၃၀၀ လောက်သေသွားတယ်။ နောက်ပြီး ဝမ်းရောဂါဖြစ်တယ်။ လူ ၄–၅၀၀ ထက်မနည်း သေသွားတယ်။ ဒီလိုနှင့်သာ ဒီစခန်းဟာ ပျက်သလောက်ဖြစ်သွားတာပဲ။ ဂျပန်တွေတောင် မနေဝံ့ကြဘူးမဟုတ်လားဗျာ။ ခုမှ ကျောက်ထုရမယ့်အလုပ်တွေ, ထင်းဖြတ်ရမယ့်အလုပ်တွေပေါ်လာလို့ ကျွန်တော်တို့တစ်တွေကို ဒီစခန်း ပြောင်းလိုက်တာ မဟုတ်လားဗျာ"

ထမင်းချက်ခေါင်းက ပြောလေသည်။

သူပြောသည့်အတိုင်းလည်း ဟုတ်ပေသည်။ ယမန်နှစ် မိုးအကုန်ဆောင်းအကူးနှင့် နွေအကူးတွင် သည်ခုနှစ်ခွေစခန်း၌ ရောဂါဘယတွေ သောက်သောက်လဲဖြစ်ပွားလိုက်သည်။ ဝမ်းရောဂါမှာမူ ခုနစ်ထွေစခန်း၌သာမက ကျွန်တော်တို့ပြောင်းရွှေ့လာခဲ့သော တပ်ဒိန်စခန်း, ကျောက်တစ်လုံးစခန်း, ဘုရား ၃ ဆူစခန်း အစရှိသော တောတွင်း ချွေးတပ်စခန်းပေါင်းများစွာသို့လည်း အနည်းနှင့်အများဆိုသလို ကူးစက်ဖြစ်ပွားခဲ့လေသည်။ အသေအပျောက်ဆိုသည်မှာလည်း ဝမ်းရောဂါဖြစ်ပွားလိုက်သည့်အခါ အနည်းဆုံး လူ ၁၀၀ ကျော်–၂၀၀ မှ ၅၀၀

http://mmteashop.com



ကျော်–၆၀၀ အထိ သေကျေပျက်စီးခြင်းရှိခဲ့ကြလေသည်။ ထို့ကြောင့်လည်း ခုနစ်ခွေစခန်းနှင့်ပတ်သက်၍ ထမင်းချက်ခေါင်း၏ပြောကြားချက်များ မှန်ကန်သည်ဟု ဆိုရပေမည်။

သို့နှင့် ကျွန်တော်တို့သည် တိုင်ပင်စရာရှိသည်များကို တိုင်ပင်ပြောကြားကြပြီးနောက် ချေးတပ်သားများ ထမင်းစားသောက်ပြီးစီးသည့်အခါ ယိမ်းယိုင်ပျက်စီးနေသောတဲတန်းလျားကို ချေးတပ်သားအချို့နှင့် ပြင်ဆင် လုပ်ကိုင်ခြင်းပြုကြရလေသည်။ သို့ရာတွင် ဤအချိန်ထိအောင်ပင် တပ်ဒိန်စခန်းမှထွက်ခွာလာခဲ့ကြသော ချေးတပ်သားအချို့တို့မှာလည်း ခုနစ်ခွေစခန်းသို့ ရောက်မလာကြသေးပါချေ။ ခပ်စောစောက လူ ၄၀ကျော်–၅၀ ခန့်လိုနေရာမှ လူ ၁၅ ယောက်တိတိ လိုနေပြန်လေသည်။ အချိန်မှာလည်း နေ့လယ် ၂ နာရီခန့်သို့ ရောက်ရှိနေလေပြီ။

ထို့ကြောင့်လည်း ကျွန်တော်သည် ဘွန်ထိုက်ချီအချို့နှင့် ဟန်ချီအချို့ကို စခန်းအဝင်ပေါက်ဝတွင် အစောင့် အဖြစ်ထားလျက် ကျန်လူများနှင့် တဲတန်းလျားများကို ပြင်ဆင်လုပ်ကိုင်ခြင်းပြုရလေသည်။

ထိုအချိန်၌ပင် ခုနစ်ခွေစခန်းအတွက် အကြီးအမှူးအဖြစ်တာဝန်ကျလာသော ဂျပန်စစ်ဗိုလ်နှင့် စစ်သား ၄–၅ ယောက်တို့သည် ကျွန်တော်နှင့် ချေးတပ်သားများရှိရာသို့ ရောက်လာကြလေသည်။ သူတို့နှင့်အတူ မောင်ချစ် ဆိုသော စကားပြန်သူငယ်ကလေးပါ ပါရှိလာလေသည်။ ထိုသူငယ်မှာ တပ်ဒိန်စခန်းမှ ဂျပန်စစ်ဗိုလ် ရာမာမိုတို၏ စကားပြန်ကလေး မောင်အေးချိုထက်ပင် အသက်ငယ်ရွယ်သူ သူငယ်ကလေးတစ်ယောက် ဖြစ်လေသည်။ ထိုသူငယ် သည် မောင်အေးချိုလောက် စကားပြောမသွက်လက်ပေ။

ခုနစ်ခွေစခန်းသို့ အကြီးအကဲအဖြစ်တာဝန်ယူလာသောဂျပန်စစ်ဗိုလ်သည် လိုင်း ၂ လိုင်း ကြယ် ၁ ပွင့် အဆင့်အတန်းရှိသည့်စစ်ဗိုလ်တစ်ယောက် ဖြစ်လေသည်။ သူ့အမည်မှာ 'အီနားမတ်ဆု'ဟူ၍ ဖြစ်လေသည်။ သူ့အမည်ကိုသိနေသော ဘွန်ထိုက်ချီနှင့် ဟန်ချီအချို့တို့ကမူ 'အီးနမ်း–အီးနမ်း' ဟူ၍ ပြက်ရယ်ပြုလျက် ခေါ်တတ် ကြလေသည်။ သို့ရာတွင် သူ၏ရှေ့မှောက်၌မူ ဤသို့မခေါ်ဝံ့ကြပါပေ။

အီနားမတ်ဆုသည် ကုမကောကဲ့သို့ကား သဘောထားမဆိုးရွား။ ကြည့်လိုက်လျှင် ခပ်ပြုံးပြုံးခပ်ရွှင်ရွှင် နေတတ်သည်။ သူတို့ဂျပန်စစ်သားများနှင့်လည်း လိုက်လိုက်လျောလျောဆက်ဆံနေထိုင်တတ်သည်။ ပြီးလျှင် သူ့တွင် အခြားဂျပန်များနှင့်မတူသော ကွဲလွဲချက်တစ်ခု ရှိလေသည်။ ထိုအချက်မှာ အခြားမဟုတ်၊ စာဖတ်ဝါသနာ ပါခြင်းပင် ဖြစ်လေသည်။ သူသည် အခါခပ်သိမ်းဆိုသလိုပင် စာအုပ်တစ်အုပ်ကို လက်တွင်ကိုင်ထားတတ်လေသည်။ နေ့လယ်နေ့ခင်းအချိန်များ၌လည်း ချေးတပ်သားများကျောက်ထုရာ၊ ထင်းခုတ်ရာသို့ လာရောက် ကြည့်ရှုတတ်လေသည်။ ထိုအခါ သစ်ပင်ရိပ်ကောင်းကောင်းနှင့် စမ်းချောင်းနံဘေးရှိကျောက်တုံးများထက်တွင် ထိုင်လျက် အေးအေးလူလူစာဖတ်နေလေသည်။

တပ်ဒိန်မှ ခုနစ်ခွေစခန်းသို့ရွှေ့ပြောင်းရသည့်အခါ ကျွန်တော်တို့ ချေးတပ်သားများကို ကြပ်မတ်ကွပ်ကဲ လျက် စေခိုင်းရန်အတွက် ဂျပန်စစ်သား အစိတ်ခန့် ပါရှိလာလေသည်။ ထိုအထဲတွင် အီနားမတ်ဆုမှာ အကြီးအကဲ ဖြစ်လေသည်။

သူသည် တပ်ဒိန်စခန်းတွင်နေစဉ်အခါကပင် စကားပြန်ကလေးမောင်အေးချိုနှင့် မောင်ချစ်တို့ထံမှ မြန်မာစကားနှင့် မွန်စကားများကို သင်ကြားမှတ်သားနေသော ဂျပန်တစ်ယောက် ဖြစ်လေသည်။ သူ့လက်ထဲတွင် ဂျပန်စာအုပ်ကလေးတစ်အုပ်ကို အမြဲလိုကိုင်ဆောင်ထားသလို ဘောင်းဘီအိတ်ထဲ၌လည်း မှတ်စုစာအုပ်ငယ်တစ်အုပ်ကို အခါခပ်သိမ်းတွေ့ရလေသည်။ ခုနစ်ခွေစခန်းသို့ရောက်မှ ကျွန်တော်သိရသည်မှာ အီနားမတ်ဆုသည် ကဗျာဝါသနာ ပါသော စစ်သားတစ်ယောက် ဟူ၍ ဖြစ်လေသည်။ ကျွန်တော်တို့ မြန်မာ့အတွေးနှင့်ပြောရလျှင် သူသည် နဝဒေး၊ ကင်းသျှင်နောင်တို့ကို အားကျဟန်တူသည်ဟူ၍ ဆိုရပေမည်။

"အားလုံးလာတာက၊ အားလုံးကောင်းကောင်းရှိတာက"

http://mmteashop.com



အိနားမတ်ဆုက ကျွန်တော့်ကိုမေးလေသည်။ သူဆိုလိုချက်ကို ကျွန်တော် ချက်ချင်းပင် သဘောပေါက်ပါသည်။ တပ်ဒီနိစခန်းမှ ထွက်ခွာလာသော ချွေးတပ်သားအားလုံး ကောင်းမွန်စွာရောက်ကြပြီလား'ဟူ၍ သူ မေးမြန်းလိုခြင်းပင်ဖြစ်လေသည်။

ကျွန်တော်က ချွေးတပ်သား ၁၅ ယောက် ရောက်မလာသေးကြောင်းနှင့် ထိုသူများအား စောင့်ဆိုင်းရန်အတွက် ဘွန်ထိုက်ချိန့်နှင့် ဟန်ချိအချို့တို့အား အဝင်ပေါက်ဝတွင် အစောင့်နိုင်းထားရကြောင်း ပြောရလေသည်။

အိနားမတ်ဆုသည် ကျွန်တော့်စကားကိုကြားလိုက်သည့်အခါ ပြုံးပြုံးရွှင်ရွှင်ကြီးဖြစ်သွားလေသည်။ ကျွန်တော်ပြောသည်ကို သဘောကျ၍ပြုံးခြင်းတော့ ဟုတ်ဟန်မတူ။ သူ မြန်မာလိုပြောသောစကားကို ကျွန်တော်နားလည်သဖြင့် အားရကျေနပ်လျက်ပြုံးခြင်းပင် ဖြစ်ဟန်တူလေသည်။ ပြီးလျှင် သူသည် စကားပြန်သူငယ်မှတစ်ဆင့် လုပ်ငန်းအစီအစဉ်များကို ပြောကြားခြင်းပြုလေသည်။

ကျွန်တော်တို့ချွေးတပ်သားများသည် 'နောက်နေ့မနက်တွင် အလုပ်ခွင်သို့ဝင်ရောက်ကြရမည်'ဟု ဆိုလေသည်။ 'ထင်းဖြတ်ကြရမည်၊ ကျောက်ထုကြရမည်၊ ဒိုင်းနမိုင်းဖောက်ခွဲကြရမည်'ဟု ဆိုလေသည်။ ပြီးလျှင် 'အလုပ်ကို ၃ ဆိုင်းကျလျက် လုပ်ကြရမည်'ဟု ဆိုလေသည်။ 'ချွေးတပ်သားများအားလုံး နောက်တစ်နေ့မနက်တွင် ဂျပန်စစ်ရုံးရှေ့ရှိ မြေကွက်လပ်၌ တန်းစီကြရမည်'ဟု ပြောလေသည်။ တစ်ဖန် 'စမ်းချောင်းအတွင်းမှရေကို အစိမ်းမသောက်ရ။ ကျိုချက်လျက် သောက်ကြရမည်၊ ကျွန်တော်နှင့် ဘွန်ထိုက်ချိုများက ပြောကြားခြင်းပြုကြရမည်'ဟု ဆိုလေသည်။

နောက်ဆုံး 'တပ်ဒီနိစခန်းမှထွက်ခွာလာသော ချွေးတပ်သား ၁၅ ယောက်သည် ညနေစောင်း၍မှ မရောက်ခဲ့သော် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများ လိုက်သွားကြရမည်ဖြစ်ကြောင်း' နှင့် အမိန့်ပေးခြင်းပြုလေသည်။

ဤသို့နှင့် ကျွန်တော်တို့သည် ထိုနေ့တစ်နေ့လုံး တဲတန်းလျားအပျက်အစီးများကို လူအုပ်စုနှင့်ချီလျက် ပြင်ဆင်တန်သလောက်ပြင်ဆင်ခြင်း ပြုကြရလေသည်။ ညရေးညတာအတွက်လည်း ထင်းမီးများဖိုကြရခြင်း၊ ကိုယ့်တဲလိုင်းနှင့်ကိုယ် ထင်းခုတ်စုဆောင်းရခြင်း၊ ရေမိုးခပ်ထားရခြင်းများ ပြုကြရသည်။ သောက်ရေအတွက်ကိုကား ကျွန်တော်တို့သည် စမ်းချောင်းရေကို သံပုံးကြီးများတွင်ထည့်ကျိုပြီးနောက် အအေးခံလျက် ဝါးဆစ်ဘူးများဖြင့် သိမ်းထားကြရလေသည်။

ကျွန်တော်တို့သည် ဘွန်ထိုက်ချိုအုပ်စုများကို တဲတန်းလျားပေါ်၌ နေရာချထားခြင်းပြုသည့်အခါ မဲချလျက် နေရာချထားခြင်း ပြုကြရလေသည်။ ဘွန်ထိုက်ချို ကိုမောင်စိန်နှင့် ဟန်ချို အုန်းမောင်တို့လူစုမှာ လူသေအလောင်းတွေ့ထားသဖြင့် 'သူတို့မနေချင်ပါဘူး'ဆိုသော တဲတန်းလျားကိုမှ တမင်ရွေးလျက်ပေးသလို မဲကျသဖြင့် ထိုတဲတန်းလျားတွင် သွားရောက်၍နေရာယူကြရလေသည်။

"ဒုက္ခပါပဲဗျာ။ ကျုပ်တို့မနေချင်တဲ့တဲလိုင်းကိုမှ မဲလာပေါက်နေတယ်။ အဲဒီတဲက အစွန်ဆုံးလည်းကျတယ်။ တောစပ်နှင့်လည်း နီးတယ်"

ကိုမောင်စိန်က ညည်းညည်းတွားတွားပြောလေသည်။

"အများနှင့်ဟာပဲဗျာ။ ကြောက်စရာမဟုတ်ပါဘူး။ ကျုပ်တို့အထဲမှာ ခင်ဗျားအုပ်စုက လူအများဆုံးဗျ"

"ည,ညကျရင် ကျားလာတယ်လို့လည်း ကိုထွန်းမောင်ကပြောတယ်။ မတော်တဆကျားဝင်ဆွဲမှဖြင့် သရဲထက်ဆိုးမယ်"

ဟန်ချိုကိုအုန်းမောင်က ရှုံ့ရှုံ့မဲ့မဲ့ပြောလေသည်။ ဘွန်ထိုက်ချိုကိုမောင်စိန်နှင့် ဟန်ချိုကိုအုန်းမောင်တို့သည် အတော်ပင်စိတ်ပျက်လျက် အတော်ကြီး ကြောက်ရွံ့ထိတ်လန့်နေကြောင်း ထင်ရှားလှလေသည်။ သူတို့ ၂ ယောက် နေရာယူထားသည်ကပင် တဲလိုင်းအလယ် လူအုပ်ကြားထဲတွင် ဖြစ်လေသည်။

"တဲလိုင်းထိပ်မှာ မီးဖိုထားပေါ့ဗျာ။ ထင်းတုံးခပ်ကြီးကြီးကို မပြတ်ထည့်ပေးထား။ နောက်ပြီး ဝါးပိုးဝါး

http://mmteashop.com



အဆစ်ပိတ်တွေကိုလည်း အသင့်ဆောင်ထား။ တကယ်လို့ ကျားလာမယ်ထင်ရင် မီးဖိုထဲထည့်ပေး၊ ဝါးကွဲပြီး ထပေါက်တော့ သေနတ်သံမြည်သလို မြည်မှာပဲ။ ပြီးတော့ လူ အလှည့်နှင့်စောင့်ပေါ့"

ကျွန်တော်က နည်းပေးလမ်းပြပြောရလေသည်။

"ဆရာလေးပေးတဲ့အကြံဉာဏ် ကောင်းတယ်ဗျ။ ငါတို့များ အဲဒီအတိုင်းလုပ်ရမှာပဲအုန်းမောင်"

ကိုမောင်စိန်က သူ့လူအုန်းမောင်ကိုပြောလေသည်။

ဤလိုနှင့် အချိန်မှာလည်း ညနေ ၄ နာရီထိုးခဲ့ပေပြီ။ လမ်းခုလတ်တွင်ကျန်ရစ်ခဲ့သောချွေးတပ်သား ၁၄-၅ ယောက်တို့အနက် ၁၃ ယောက်တို့ကား ၂ ယောက် ၁ တွဲ, ၃ ယောက် ၁ တွဲ ရောက်ရှိလာကြလေသည်။ ကျန် ၂ ယောက်မှာ လမ်းတွင်ကျန်ရစ်ခဲ့ကြောင်း သိရလေသည်။

ထို ၂ ယောက်မှာ တစ်ယောက်က ဟန်ချီကိုချစ်တီးအုပ်စုမှ 'ဖိုးမှိ'ဆိုသူ ချွေးတပ်သား ဖြစ်သည်။ မအူပင်နယ်သား ဖြစ်လေသည်။ တစ်ယောက်မှာ ဘွန်ထိုက်ချီ ကိုဘအုန်းအုပ်စုထဲမှ 'မြသိန်း'ဆိုသောသူငယ် ဖြစ်သည်။ ထို ၂ ယောက်စလုံး ကောင်းစွာကျန်းမာကြသူများမဟုတ်ကြောင်း ကျွန်တော်သိပါသည်။

"ကျွန်တော်တို့ လိုက်ကြဦးမှထင်တယ်ဆရာလေး"

ကိုဘအုန်းက ပြောလေသည်။ ကိုဘအုန်းသည် မင်းဘူးနယ်သားတစ်ယောက် ဖြစ်သည်။ ဆံပင်ရှည်ချောင် သမားတစ်ယောက် ဖြစ်လေသည်။ ကစားပြောလျှင် ခပ်သွက်သွက် ပြောတတ်သည်။ ရယ်စရာမောစရာရှိလျှင်လည်း အားပါးတရရယ်မောတတ်လေသည်။ တပ်ဒိန်စခန်းမှ ခုနစ်ချွေစခန်းသို့ပြောင်းရွှေ့ကြရမည်ဟု ဆိုစဉ်အခါကမှ "ဒီတစ်သက်တော့ အိမ်ပြန်ရောက်တော့မှာ မဟုတ်ပါဘူး"ဟုဆိုလျက် တဟီးဟီးငိုကြွေးပါလေတော့သည်။

"ကျွန်တော့်အထင်တော့ ဖိုးမှိဟာ လမ်းမှာတင် သေချင်သေနေလိမ့်မယ် ဆရာလေး။ မောတယ်-မောတယ် ဆိုပြီး လမ်းခုလတ်ကကျောက်တုံးတစ်တုံးပေါ်မှာ လှဲအိပ်ကျန်ရစ်ခဲ့တာပဲ"

ကိုချစ်တီးက ပြောလေသည်။

"ကျုပ်ကောင်လေးလည်း ဒီအတိုင်းပဲဖြစ်လိမ့်မယ်ထင်တယ်။ မြသိန်းဟာ ကောင်းကောင်းမမာဘူးဗျ ဆရာလေး"

ကိုဘအုန်းက ပြောပြန်လေသည်။

"အေးဗျာ။ ကျွန်တော်တို့တစ်တွေ လူစုပြီးလိုက်သွားကြတာပြီ။ ည ထမင်းဝေချိန်တောင်ရောက်နေပြီ။ ကဲ-ဘွန်ထိုက်ချီ ၄-၅ ယောက်ရယ်, ဟန်ချီ ၄-၅ ယောက်ရယ် သွားကြတာပေါ့"

ကျွန်တော်တို့အားလုံး လူပေါင်း ၁၀ ယောက်ခန့်ရှိမည် ဟုထင်ပါသည်။ မီးတုတ်များ, ဝါးချွန်များ ကိုင်ဆောင်လျက် ခုနစ်ချွေစခန်းအတွင်းမှ တစ်စုတဝေးကြီးပင် ထွက်ခဲ့ကြလေသည်။

ဟန်ချီ ကိုချစ်တီးနှင့် ဘွန်ထိုက်ချီ ကိုဘအုန်းတို့၏ပြောစကားအရ အချို့သောဟန်ချီများသည် လိုရမည်ရ ဟူသောသဘောဖြင့် ပေါက်တူး, ပေါက်ချွန်း စသောလက်နက်များကိုလည်း ယူဆောင်လာကြောင်း လမ်းရောက်မှ ကျွန်တော် သိရပါလေသည်။

အချိန်မှာ ညနေ ၄ နာရီသာသာဖြစ်သော်လည်း တောလမ်းခရီးဖြစ်သည်ကတစ်ကြောင်း၊ ဆောင်းရာသီ ဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ညနေ ၅ နာရီခွဲ-၆ နာရီဆိုလျှင်ပင် လမ်းခရီးမှာ အမှောင်ထုဖြင့်ပိတ်ဖုံးနေ လိမ့်မည်တော့ ဖြစ်လေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့လူစုသည် ခြေလှမ်းသွက်သွက်လှမ်းလျက် ကားလမ်း အတိုင်း လျှောက်ခဲ့ကြလေသည်။

တောရိပ်တောင်ရိပ်ထူထပ်ပိတ်ဆီးနေသော နေရာဒေသတစ်ခုဖြစ်ခြင်းကြောင့်လည်း ကားလမ်းပေါ်တွင် နေ၏အလင်းရောင်မှာ ကွယ်ပျောက်လျက်ပင်ရှိလေပြီ။ ဤနေရာဤဒေသကား 'စိမ့်ကြီးမြိုင်ကြီးရိပ်ကြီးတောတောင်'

http://mmteashop.com



ဟူသော အရပ်ဒေသတစ်ခုပင် ဖြစ်လေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်မှလွဲ၍ ကျန်သောဟန်ချိုနှင့် ဘွန်ထိုက်ချိုများသည် ခုနစ်ခွေစခန်းမှ ထွက်လာခဲ့စဉ်ကအတိုင်း ရှေ့မှနေလျက် ခြေလှမ်းခပ်သွက်သွက်သွားနေကြလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်မှာ စကားပြောတစ်လှည့်၊ မပြောတစ်လှည့်နှင့် ထိုသူများနောက်ပိုင်းမှ ခြေလှမ်း မှန်မှန်လှမ်းလျက် လိုက်ပါလာခဲ့လေသည်။ ထိုအတွင်း ကျွန်တော်၏စိတ်ထဲတွင် ချွေးတပ်သားဖိုးမှိုနှင့် မြသိန်းအကြောင်းကို တွေးလိုက်မိလေသည်။

ဖိုးမှိုနှင့် မြသိန်းတို့ ၂ ယောက်သည် ခပ်စောအချိန်က ကိုဘအုန်းပြောသလို 'လမ်းခုလတ်တွင် အားပြတ်၍များ သေလေပြီလား။ ထိုသို့မဟုတ်ပါကလည်း အားပြတ်၍လဲနေကြခိုက် ကျားဆွဲကိုပင် ခံရလေပြီလား။' ထိုအတွေး ကြောင့် ကျွန်တော့်တွင် စိုးရိမ်စိတ်ဝင်ရောက်လာပါသည်။

စင်စစ် ကျွန်တော်တို့ချွေးတပ်သားများသည် နေ့ကြောင်တောင်အချိန်များပင် ဖြစ်သော်လည်း၊ ဤခရီး ဤလမ်း၌ ၁ ယောက်ချင်း-၂ ယောက်ချင်းအနေဖြင့် အသွားအလာမပြုဝံ့ကြပါပေ။ ဤခရီးဤလမ်းသည် အခြားတစ်ပါးသောဘေးအန္တရာယ်များကို မစိုးရိမ်ရပေမင့်၊ တောဆင်ရိုင်းနှင့် ကျားများအား ရင်ဆိုင်ရမည့်အဖြစ်ကိုမူ ကျွန်တော်တို့ စိုးရိမ်ရလေသည်။ ဤကိစ္စမှာ ကျွန်တော်တို့ချွေးတပ်သားများသာ မဟုတ်။ ဂျပန်များအနေဖြင့်လည်း စိုးရိမ်သတိထားရသောကိစ္စတစ်ခု ဖြစ်လေသည်။

ကျွန်တော်၏ခေါင်းထဲတွင် ထိုအတွေး ပေါ်ပေါက်လာသောကြောင့်လည်း ကျွန်တော်က ကိုသာမြိုင်အား 'ဖိုးမှိုနှင့် မြသိန်းတို့ ၂ ယောက် ကျားဆွဲများပင် ခံရလေမလား'ဟူ၍ ပြောလိုက်မိလေသည်။

"ဖြစ်နိုင်တယ်ဗျ ဆရာလေး။ ကျားတွေဟာ ဒီကားလမ်းဘေးအနီးတစ်ဝိုက်ကို တစ်ခါတစ်ခါရောက်လာ တတ်တယ်။ ဟိုတလောကတောင် ဂျပန်စစ်သား ၄-၅ ယောက်နှင့်တွေ့သေးတယ်မဟုတ်လား"

ကိုသာမြိုင်က ပြောလေသည်။

"ဒါပေမယ့် သူတို့က သေနတ်ပါလေတော့ ကိစ္စမရှိဘူးပေါ့ဗျာ"

ကျွန်တော်က ပြောပါသည်။

"ခုနစ်ခွေစခန်းဟာလည်း ကျားဆွဲတတ်တယ်လို့တော့ သတင်းကြီးနေတာပဲ ဆရာလေး။ ညရေးညတာကို ကျွန်တော်တို့ သတိဝီရိယထားကြမှ ဖြစ်လိမ့်မယ်"

"အေးပေါ့ဗျာ။ အားလုံး နီးနီးကြားကြားကြားရှိကြရမှာပေါ့လေ။ ညဘက် အပြင်ကိုထွက်ရင်လည်း တစ်ယောက်တည်းမထွက်နှင့်ပေါ့။ ပြီးတော့ မီးမပါဘဲလည်း မထွက်ကြစေနှင့်ပေါ့"

သို့နှင့် ကျွန်တော်တို့တစ်စုသည် ခရီးမိုင်ဝက်ခန့်ပေါက်ခဲ့ကြပေပြီ။ သို့ရာတွင် ထိုခရီးအကွာအဝေးသို့ ရောက်ခဲ့ကြသည်အထိကား တစ်စုံတစ်ရာ အကြောင်းမထူးခြားသေးပါပေ။ ဖိုးမှိုကို သော်လည်းကောင်း၊ မြသိန်းကို သော်လည်းကောင်း မတွေ့ရသေးဘဲရှိလေသည်။

ကျွန်တော်သည် ခုနစ်ခွေစခန်းမှထွက်လာ၍ ခရီး ၁ ဖာလုံသာသာအရောက်၌ပင် ကျွန်တော်တို့လူစုအား ၂အုပ်စုခွဲလိုက်ပြီး ဖြစ်လေသည်။ ကားလမ်းမှာ အတော်ပင်ကျယ်ပြန့်စွာဖောက်လုပ်ထားသည့် လမ်းတစ်လမ်း ဖြစ်ပါသည်။ လော်လီကားကြီးများပင် ၂ စီး လွတ်လွတ်ကျွတ်ကျွတ် မောင်းနှင်ရှောင်တိမ်းခြင်းပြုနိုင်သည့်အကျယ် အဝန်း ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် အတူတူပါလာသူ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအား ၂ အုပ်စုခွဲစေလျက် ကားလမ်းဘေး ဝဲနှင့်ယာ တစ်ဘက်တစ်ချက်တွင် ဖိုးမှိုနှင့် မြသိန်းတို့အား ကြည့်ရှုရှာဖွေစေခြင်းဖြစ်လေသည်။

ဤလိုနှင့် နောက်ထပ် ခရီး ၁ ဖာလုံကျော်ကျော် ၂ ဖာလုံခန့် ဆက်လက်၍ သွားမိကြသည်။ အမှောင်ရိပ်များ ကလည်း တစ်စထက်တစ်စ ဝင်ရောက်စပြုလာလေတော့သည်။ ဤအချိန်၌ပင် ကျွန်တော်နှင့် ကိုသာမြိုင်တို့ရှေ့မှ

http://mmteashop.com



သွားနေကြသော ဘွန်ထိုက်ချိုကိုဘာအုန်းတို့လူစုဆီမှ အသံတစ်သံကို ကြားလိုက်ရလေသည်။

"တွေ့ပြီဆရာလေး။ တွေ့ပြီခင်ဗျ။ ဖိုးမှိခင်ဗျ–ဖိုးမှိ"

အသံမှာ ဘွန်ထိုက်ချို ကိုဘာအုန်း၏အသံပင် ဖြစ်လေသည်။ ထိုအသံကြောင့် ဟန်ချိုနှင့် ဘွန်ထိုက်ချိုများအားလုံး ကိုဘာအုန်းရှိရာသို့စုရုံးပြေးလွှားသွားကြသည်။ ကျွန်တော်နှင့် ကိုသာမြိုင်မှာလည်း ထိုလူစုရှိရာသို့ ပြေးလွှားလာခဲ့ကြပါသည်။

ကျွန်တော်တို့သည် ကားလမ်းမကြီးဘေးတစ်နေရာတွင် ခွေခွေကလေး လဲနေသော ဖိုးမှိအား တွေ့လိုက်ရလေသည်။

"ဖိုးမှိ–ဖိုးမှိ–ဖိုးမှိ–"

ဟန်ချိုကိုချစ်တီးသည် သူ့ခါးကိုကိုင်းညွတ်လျက် ဖိုးမှိ၏ပခုံးတစ်ဖက်ကို အသာအယာကိုင်လှုပ်ကာ တွင်တွင်ခေါ်လေသည်။

"ဖိုးမှိ–ဖိုးမှိ–"

ကိုချစ်တီးက ထပ်မံလျက်ခေါ်လေသည်။ ပခုံးကိုလည်း ခပ်စောစောကထက် ကိုင်၍လှုပ်လေသည်။ သို့ရာတွင် ဖိုးမှိသည် လုံးဝပင် မလှုပ်မရှား။ သူ့ပခုံးကို ကိုင်လှုပ်နေသည်ကိုလည်း လုံးဝပင်သိပုံမပေါ်။ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေလေသည်။

"အသက်မျှ ရှိသေးရဲ့လားဗျာ"

ဘွန်ထိုက်ချို ကိုဘာအုန်းက ပြောလေသည်။

"ကြည့်ရတာတော့ တယ်ပြီးမဟန်ဘူးဗျ။ တောင့်တောင့်ကြီးဖြစ်နေသလားပဲ"

ဟန်ချိုအုန်းမောင်က ထင်မြင်ချက်ပေးလေသည်။

အုန်းမောင်ထမင်မြင်ချက်ပေးသည်မှာ မဆိုးလှပါပေ။ သူပြောသလိုပင် 'ဖိုးမှိသည် တောင့်တောင့်ကြီးဖြစ်နေပြီ' ဟူ၍လည်း ကျွန်တော်ကိုယ်တိုင်ကယူဆမိလေသည်။

ထိုအချိန်တွင် အမှောင်ထုကလေးလည်း ခပ်စောစောကထက် ပို၍နက်ရှိုင်းလာလေသည်။ လေမတိုက်သည့်အတွက်ကြောင့်လည်း ကားလမ်းဘေးတစ်ဘက်တစ်ချက်ရှိ သစ်ပင်ကြီးသစ်ပင်ငယ်တို့မှာ ပကတိငြိမ်သက်လျက်ရှိနေကြလေသည်။ တောအလုံးတောင်အလုံးသည် ထိတ်လန့်ကြောက်ရွံ့ဖွယ်အတိသာ ဖြစ်သည်ဟု ကျွန်တော့်စိတ်တွင် ယူဆမိလေသည်။

"ဖိုးမှိ–ဖိုးမှိ"

သည်တစ်ကြိမ်တွင် ဟန်ချိုကိုချစ်တီးသည် ဖိုးမှိ၏ဘေးတွင်ထိုင်ချလိုက်လေသည်။ သူ့အသံမှာလည်း ငိုသံပါနေလေတော့သည်။

"ဖိုးမှိရယ်။ တောက်–အသေဆိုးနှင့် သေရလေခြင်းကွာ။ ဖိုးမှိ အသက်မရှိတော့ဘူးဗျဆရာလေး"

ကိုချစ်တီးအသံသည် ကျွန်တော်တို့အားလုံး၏ရင်ကို ဆို့နင့်သွားစေပါသည်။

ရုတ်တရက်သော် ကျွန်တော်တို့အားလုံးမှာလည်း မည်သည့်စကားကိုမျှ ပြန်လည်ကာ မပြောကြားနိုင်ကြပါ၊ ခပ်တွေတွေခပ်ငိုင်ငိုင်ကြီး ဖြစ်နေကြလေသည်။ အမှန်အားဖြင့် ကျွန်တော်တို့အားလုံးသည်ပင် ချွေးတပ်သားပေါင်းမြောက်မြားစွာတို့၏သေဆုံးရပုံများကို အမျိုးမျိုးအဖုံဖုံ တွေ့ကြုံကြဖူးသူများချည်း ဖြစ်ကြလေသည်။ ချွေးတပ်စခန်းများတွင် ဝမ်းရောဂါဖြစ်ပွားသဖြင့်လည်းကောင်း၊ ကျောက်ရောဂါဖြစ်ပွားသဖြင့်လည်းကောင်း လူပေါင်းအမြောက်အမြား သေဆုံးခြင်းရှိခဲ့ကြဖူးလေသည်။ တစ်နေ့တည်း၊ တစ်ညတည်းအတွင်း၌မှာပင် လူပေါင်း ၅၀–၁၀၀ အထိ သေကျေပျက်စီးကြသည်ကိုလည်း ကျွန်တော်တို့ကြုံခဲ့ဖူးကြပြီ။ ဝမ်းရောဂါဖြစ်ပွားစဉ်အခါကဆိုပါလျှင်

http://mmteashop.com



ညအိပ်ရာဝင်စဉ်အခါက လှုံချင်းပူးကပ်လျက် အိပ်နေခဲ့ကြရာမှ နံနက်လင်း၍ အလုပ်ခွင်သို့ဆင်းသက်ရန် လှုပ်၍နှိုးသည့်အခါမှ မိမိဘေးရှိချွေးတပ်သားများမှာ အသက်မရှိတော့သည့်အဖြစ်မျိုးကိုလည်း ကိုယ်တွေ့မျက်တွေ့ ကြုံခဲ့ရဖူးလေပြီ။

သို့ရာတွင် ထိုစဉ်အခါက ကြုံခဲ့ရသည့်အဖြစ်မှာ ကျွန်တော်တို့အားလုံးအဖို့ ယခုလောက် ရင်နင့်ရင်နာမဖြစ်မိကြပါပေ။ ယခု ဖိုးမှိုသေဆုံးနေပုံကို မြင်ကြရသည့်အခါ၌ကား ကျွန်တော်တို့အားလုံးပင် ရင်နင့်ရင်နာဖြစ်ကြရရုံမျှမက၊ ဖက်ဆစ်ဂျပန်များအပေါ်၌လည်း နာကျည်းစိတ်ဖြစ်မိကြလေသည်။

ကျွန်တော်တို့သည် တစောင်းခွေခွေကလေးသေဆုံးနေပြီဖြစ်သော ဖိုးမှို၏အဖြစ်ကိုကြည့်ကာ သက်ပြင်းကိုယ်စီချလိုက်မိကြပါသည်။ ကိုချစ်တီးဆိုပါလျှင် မျက်လုံးအိမ်အတွင်းမှ မျက်ရည်ပေါက်ပေါက်ကျဆင်းလျက် အံတကြိတ်ကြိတ် တက်တခေါက်ခေါက် ဖြစ်နေပါတော့သည်။

“အချိန်သိပ်မရှိတော့ဘူးဗျာ။ ဖိုးမှိုကိစ္စကို ခပ်သုတ်သုတ်လုပ်ကြမှပဲ။ မြသိန်းကိုရှာဖို့ကလည်း လိုသေးတယ်။ ခုတောင် အတော်မှောင်လာပြီ”

ကျွန်တော်က အခြေအနေအရပ်ရပ်ကို ချင့်ချိန်သုံးသပ်လျက် ပြောရလေသည်။ ကျွန်တော်တွေးမိသည်မှာ ဖိုးမှိုကိစ္စကား ကျွန်တော်တို့အားလုံးအနေဖြင့် ထူးတော့မည်မဟုတ်ပါပေ။ ကျွန်တော်တို့တစ်တွေက ပူဆွေးငိုကြွေးနေကြပေမယ့် ဖိုးမှိုတစ်ယောက် ရှင်ပြန်ထမြောက်လာလိမ့်မည်လည်း မဟုတ်။ အချိန်ရှိခိုက် နောက်တစ်ဦးကို ရှာဖို့က အရေးကြီးလေသည်။

“ဘယ်လိုလုပ်ကြမလဲ ဆရာလေး”

ဘွန်ထိုက်ချို ကိုဘအုန်းက မေးလေသည်။

“ဟောဟို လမ်းဘေးသစ်ပင်ကြီးအောက်မှာ မြှုပ်လိုက်ကြတာပေါ့ဗျာ။ အုန်းမောင် မီးတုတ်တွေထွန်းကြမှ ထင်တယ်”

ကျွန်တော်တို့တစ်စုသည် ဖိုးမှို၏ကိစ္စကို ခပ်လောလောခပ်သုတ်သုတ် စီစဉ်ခြင်းပြုကြရလေသည်။ ဟန်ချို ၃ ယောက်နှင့် ကိုဘအုန်းသည် ကျွန်တော်တို့ယူဆောင်လာသော မီးတုတ်များထဲမှ မီးတုတ် ၂ချောင်းကို မီးထွန်းညှိခြင်းပြုလေသည်။ သန်းရွှေ ဆိုသောဟန်ချိုသူငယ်ကလည်း ကညင်ဆီချောင်းတစ်ခုကို မီးထွန်းညှိခြင်း ပြုလေသည်။ ကျန်လူများသည် ကျွန်တော်ညွှန်ပြသောသစ်ပင်ကြီးများအောက်တွင် ဖိုးမှိုအတွက် ကျင်းတူးခြင်းပြုကြလေသည်။

“ကျင်းအနက်ကြီးတူးဖို့ မလိုပါဘူးဗျာ။ အကြောင်းသိပ်ထူးမယ့်ကိစ္စမှ မဟုတ်တာ”

ကျွန်တော်တို့သည် တစ်ယောက်တစ်လက်ဆိုသလို ၃–၄ တောင်ခန့်အနက်ရှိသောကျင်းတစ်ကျင်းကို တူးကြရလေသည်။ သို့ရာတွင် ကားလမ်းဘေးမြေပြင်မှာ မြေပျော့ မဟုတ်ပေ။ ရိုးရိုးမြေကြီးလည်း မဟုတ်ပေ။ ကျောက်တုံးကျောက်ခဲများ ထူထပ်ပေါများလှသည့်နေရာတစ်နေရာ ဖြစ်လေသည်။ ထို့ကြောင့်လည်း အတော်ကြီး အပင်ပန်းခံလျက်တူးကြရလေသည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း ပေါက်တူးတစ်လက်ကိုကိုင်လျက် အခြားသူများနည်းတူ ဝင်ရောက်လျက် တူးလေသည်။ ကျွန်တော်တို့သည် ‘ဖိုးမှိုအား နောက်ဆုံးပြုစုရခြင်းအဖြစ်’ ဟူ၍လည်းကောင်း သဘောထားလိုက်ကြပါသည်။ ယင်းကိစ္စပြီးစီးသည့်အခါ လမ်းဘေးမှ ဖိုးမှိုအလောင်းကို ကျင်းရှိရာသစ်ပင်ကြီးအောက်သို့ ရွှေ့ပြောင်းသယ်ယူကြရလေသည်။ ပြီးလျှင် ကျင်းထဲသို့ တချိုးတကျထည့်လျက် အပေါ်မှ မြေသားကျောက်သားများဖြင့် ဖုံးဖိခြင်းပြုကြရလေသည်။

“သွားတော့ ဖိုးမှိုရေ။ သွားတော့–သွားတော့။ မင်းဒေသ မင်းရပ်ရွာကို ရောက်အောင်ပြန်ပေတော့။ ဒီနေ့ ဒီအချိန်ကစပြီး မင်းဟာ ချွေးတပ်သားအဖြစ်, ချွေးတပ်သားဘဝက လွတ်ပြီကျွတ်ပြီပေါ့ကွာ”

http://mmteashop.com



ဟန်ချိုကိုချစ်တီး၏အသံမှာ တုန်ယင်နေပါသည်။ သူ့ထဲမှလူတစ်ယောက် တောတွင်းချွေးတပ်စခန်းတွင် တိရစ္ဆာန်တစ်ကောင်လို သေကျေပျက်စီးရခြင်းကြောင့်လည်း ကိုချစ်တီး စိတ်ထိခိုက်လှဟန် တူလေသည်။

စင်စစ် ကိုချစ်တီးနှင့် ဖိုးမိုတို့မှာ တစ်ရွာတည်းသားများဖြစ်ကြောင်း နောင်အခါတွင် ကျွန်တော် သိရပါသည်။ ဤလိုနှင့် ဖိုးမိုကိစ္စပြီးစီးသည့်အခါ မိုးစုပ်စုပ်ချုပ်လေတော့သည်။

၄ ဘက် ၄ တန်မှဝင်ရောက်လာသော အမှောင်ထုကြီးနှင့်အတူ ခပ်လှမ်းလှမ်းတောနက်ရာအရပ်ဆီမှ တောကောင်တိရစ္ဆာန်များ၏အော်ဟစ်သံများကိုလည်း ကြားလိုက်ရလေသည်။ ဤအတွင်းမှ တစ်ခါတစ်ခါ ကျားဟိန်းသံများကိုလည်း မကွဲမပြားကြားရလေသည်။ ထိုအခါ ကျွန်တော်တို့အားလုံးပင် စိတ်အားငယ်မိကြသည်မှာကား အမှန်ပင်ဖြစ်လေသည်။

ကျွန်တော်သည် ဖိုးမို၏မြေပုံအနီးမှ မထွက်ခွာမီ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများ၏မျက်နှာများကို လှစ်စေ့တက်စေ့ဆိုသလို သတိထားလျက်အကဲခတ်ကြည့်မိသည်။ အားလုံး၏မျက်နှာများပေါ်တွင် ဝမ်းနည်းခြင်းနှင့် စိတ်အားငယ်ခြင်းအရိပ်အယောင်များက အထင်းသားပေါ်လွင်လျက်ရှိနေသည်။

ကျွန်တော်တို့အားလုံးပင် ဖိုးမိုအတွက် ဝမ်းနည်းကြရသည်။ စိတ်လက်မချမ်းမသာ ဖြစ်ကြရသည်။ ပြီးလျှင် ဟုန်လှုပ်ချောက်ချားခြင်း ဖြစ်ကြရလေသည်။ ရှေ့ခရီးကို ဆက်လက်သွားကြရမည့်အရေး၌လည်း စိတ်အားငယ်မိကြလေသည်။ သို့ရာတွင် ကျွန်တော်တို့မည်သို့မျှ မတတ်နိုင်။ ရှေ့ခရီးကိုတော့ ဆက်လက်ကြရပေဦးမည်သာ။ ကျန်သော လူတစ်ယောက်၏အသက်တစ်ချောင်းအတွက် ကျွန်တော်တို့တစ်တွေ ခပ်လွယ်လွယ်ဥပေက္ခာမပြုနိုင်ကြပါပေ။

"ကဲ–သွားကြမယ်"

ကျွန်တော်က ပြောလိုက်ပါသည်။

"ဖိုးမိုရေ၊ နေရစ်ခဲ့တော့ကွာ"

ဘွန်ထိုက်ချိုကိုသာမြိုင်က ကြေကွဲစွာဆိုလေသည်။

ဤလိုနှင့်သာ ကျွန်တော်တို့တစ်စုသည် ဖိုးမို၏မြေပုံအနီးမှ ခြေလှမ်းလေးစွာဖြင့်ထွက်ခွာခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုနိုင်ကြပေ။ အားလုံးပင် ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေကြလေသည်။

မီးတုတ်နှင့် ကညင်ဆီမီးချောင်းမှ အလင်းရောင်သည် ကြီးမားသော သည်အမှောင်ထုအား စိတ်လိုသလောက် မဖောက်ထွင်းနိုင်ပါချေ။ အလင်းရောင်အားသည် အလွန်တရာနည်းပါးလှလေသည်။ ပတ်ဝန်းကျင်ခပ်လှမ်းလှမ်း တောကောင်သတ္တဝါများ၏ပြေးလွှားလှုပ်ရှားသံ၊ အော်ဟစ်မြည်ကြွေးသံများကိုလည်း ကျွန်တော်တို့တစ်တွေ ကြားနေရလေသည်။ ထိုအခါ ကျွန်တော်တို့လူစုမှာ ပို၍စိတ်အားငယ်မိကြလေသည်။

ကျွန်တော်တို့လူစုတွင် ရှိးရှိးကညင်ဆီမီးချောင်း ၃ ချောင်းနှင့် ကညင်ဆီမီးချောင်းကို ဝါးခြမ်းများ ဝါးလုံးများကိုဖက်တွဲပြုလုပ်ထားသော မီးတုတ် ၄ ချောင်းသာ ပါရှိလာပါသည်။ ထိုမီးချောင်းနှင့် မီးတုတ်များကို အသွားခရီးတွင် အားလုံးထွန်းညှိပစ်လိုက်ပါက အပြန်ခရီးတွင် ကျွန်တော်တို့ အခက်အခဲတွေ့ပေမည်။ ထို့ကြောင့် ကျွန်တော်တို့သည် မီးတုတ်နှင့်ကညင်ဆီမီးတိုင်များကို အားလုံးမထွန်းညှိဘဲ တချို့ကိုချန်ထားရလေသည်။

ဤလိုနှင့် ကျွန်တော်တို့သည် ရှေ့ခရီးကို တစ်နာရီလောက် ဆက်လက်ခဲ့ကြသော်လည်း မြသိန်း၏အရိပ်အယောင်ကိုမူ အစအနမျှမတွေ့ကြရပါပေ။ ထိုအတွင်း နောက်ထပ်လျက် ထွန်းညှိခြင်းပြုရသဖြင့် ကျွန်တော်တို့ အပြန်ခရီးအတွက် မီးတုတ်တစ်ချောင်းနှင့် ကညင်ဆီတစ်ချောင်းသာ ကျန်လေတော့သည်။ ဤတွင်မှ ကျွန်တော်တို့ အားလုံး ခရီးကိုရပ်တန့်ခြင်း ပြုလိုက်ကြပါသည်။

"ကဲ–ကျွန်တော်တို့ပြန်လှည့်ကြမှပဲ။ ရှေ့ဆက်သွားလို့တော့ ဘယ်နည်းနှင့်မျှ ဖြစ်တော့မှာမဟုတ်ဘူး ဆရာလေး"

http://mmteashop.com



ဘွန်ထိုက်ချိုကိုမောင်စိန်က ပြောလေသည်။

"ဟုတ်တယ်ဆရာလေး။ ကျွန်တော်တို့ ပြန်ကြမှပဲ။ သူ့ကုသိုလ်ကံအတိုင်းပဲ သဘောထားရမှာပဲဗျာ"

'ကိုအောင်ပွင့်'ဆိုသောဟန်ချိုက ပြောလေသည်။

ကျွန်တော်သည် မြသိန်းနှင့်ပတ်သက်၍ အတွေးအတောတစ်ခုကိုစဉ်းစားမိလေသည်။ အမှန်အားဖြင့် ကျွန်တော်တို့တစ်စုသည် ရှေ့ဆက်သွားကြရန် မလိုတော့ ဟူ၍လည်း ကျွန်တော် ယူဆမိလေသည်။ အဘယ့်ကြောင့်ဆိုသော် မြသိန်းသည် မနက်ပိုင်း တပ်ဒိန်စခန်းမှထွက်ခွာလာစဉ်အခါက ဤနေရာသို့ရောက်သည်အထိ လိုက်ပါလာနိုင်လိမ့်မည် ဟူ၍လည်း ကျွန်တော် တွက်မိသည်။

ယခု ကျွန်တော်တို့တစ်တွေပေါက်ရောက်လာသော ခရီးအကွာအဝေးမှာလည်း သိပ်မနည်းလှတော့ပေ။ စင်စစ် ယခု ကျွန်တော်တို့ရောက်ရှိခဲ့သောခရီးသည် မြသိန်းအား တွေ့နိုင်လောက်သည့်နေရာပင် ဖြစ်လေသည်။

ယခုမူ မြသိန်းတစ်ယောက် အစအန ပျောက်နေတော့သည်။ ခပ်ရှင်းရှင်းတွက်ဆရသော် မြသိန်းသည် အခြားသူများနှင့် ကွဲကွာကျန်ရစ်ခဲ့သည့်တိုင် လမ်းခရီး၌တစ်စုံတစ်ရာ ဘေးအန္တရာယ်မရှိခဲ့သော် မျက်စိလည်လမ်းမှားသွားနိုင်စရာ အကြောင်းမရှိနိုင်ပေ။

ခုနစ်ခွေစခန်းဟူသည်မှာလည်း ကားလမ်းဘေးတွင် ဖြစ်လေသည်။ ဖောက်လုပ်ထားသော ကားလမ်းမှာလည်း တစ်လမ်းတည်းသာ ဖြစ်လေသည်။ သို့ဆိုလျှင် မြသိန်းတစ်ယောက် ဘယ်ရောက်သွားလေသနည်း။ ခပ်တိုတို တွေးရလျှင် 'မြသိန်းအား ကျားဆွဲသွားလိမ့်မည်' ဟုသာ ဆိုရန်ရှိလေသည်။

ဤလိုနှင့် ကျွန်တော်တို့သည် ရှေ့ခရီးကိုမဆက်လက်နိုင်ကြတော့သည့်အဆုံး၌ မြသိန်းနှင့်ပတ်သက်၍ ကမ္ဘသကာ သဘောထားလိုက်ကြရလေသည်။ ကျွန်တော်တို့အားလုံးပင် စိတ်လက်မကောင်းစွာနှင့် ထိုနေရာမှလှည့်၍ ပြန်ခဲ့ကြရလေသည်။

သို့နှင့် ခုနစ်ခွေစခန်းသို့ ကျွန်တော်တို့ရောက်သည့်အခါ ည ၉ နာရီထိုးလုနီးပေပြီ။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ်အိနားမတ်ဆုအား အကြောင်းစုံကို ရှင်းလင်းပြောကြားခြင်းပြုရလေသည်။

အိနားမတ်ဆုသည် စာအုပ်ငယ်တစ်အုပ်ကို လက်ထဲတွင်ကိုင်ထားရာမှ ကျွန်တော်၏ပြောကြားချက်များကို စိတ်ပါဝင်စားမှုနည်းလှစွာဖြင့် နားထောင်ခြင်းပြုလေသည်။ ကျွန်တော်သည် ဝတ္တရားရှိသည့်အတိုင်း ဖိုးမှိုကိစ္စနှင့် မြသိန်းကိစ္စကို ဂျပန်စစ်ဗိုလ်အိနားမတ်ဆုအား တင်ပြပြောဆိုခြင်းပြုပြီးနောက် ကိုသာမြိုင်နှင့်အတူ တဲလိုင်းများရှိရာသို့ ပြန်ခဲ့လေသည်။

ထိုညက ကျွန်တော်နှင့် ကိုသာမြိုင်တို့မှာ တော်တော်နှင့် အိပ်၍မပျော်ကြပါ။ ညဦးပိုင်းအချိန်ကမူ ကျွန်တော်၊ ကိုသာမြိုင်၊ ကိုချစ်တီး၊ ကိုဘအုန်း စသူများသည် တဲတန်းလျားထိပ် မီးဖိုကြီးဘေးတွင်ထိုင်လျက် ထွေရာ ၄ပါးစကားများကို ပြောကြားလျက်ရှိနေကြပါသည်။ ကျွန်တော်တို့ ပြောကြားသည့်စကားများမှာလည်း လောလောဆယ်စိတ်မကောင်းစရာဖြစ်သော ဖိုးမှိုနှင့် မြသိန်းတို့အကြောင်းပင် ဖြစ်လေသည်။

ဖိုးမှိုတစ်ယောက် သေဆုံးသွားရရှာသည်မှာမူ ကျွန်တော်တို့မျက်မြင်ဒိဋ္ဌပင် ဖြစ်လေသည်။ ကျွန်တော်တို့က သင့်တော်လျောက်ပတ်သည့် သစ်ပင်ကြီးအောက်တစ်နေရာတွင် ကျင်းတူးလျက်မြှုပ်နှံခြင်း ပြုနိုင်ခဲ့ကြလေသည်။ မြသိန်းတစ်ယောက်ကား ဘယ်အရပ်ဘယ်ဌာနသို့ ရောက်လေသည်ဟု မပြောတတ်။

ဤတွင် လူတစ်ယောက် အရှင်လတ်လတ် ကျားဆွဲခံရသည့်အဖြစ်ဆိုးကို ကျွန်တော်သည် အမျိုးမျိုးအဖုံဖုံ တွေးတောကြည့်မိပါသည်။ ထိုအတွေးကိုတွေးလိုက်မိသည့်အခါ နှလုံးတုန်ရင်ခုန်ဖြစ်လိုက်မိလေသည်။ မြသိန်း၏ သနားစဖွယ်ကောင်းသော မျက်နှာနှင့် ကျားဆွဲရာသို့ တစာစာရုန်းကန်အော်ဟစ်ရင်း တရွတ်တိုက်ပါသွားမည့် အဖြစ်ကိုလည်း အိပ်ရာထဲရောက်သည့်အခါ တစ်ယောက်တည်းတွေးနေမိလေသည်။ ထိုအတွေးအာရုံကပ်ငြိမှုကြောင့်

http://mmteashop.com



ထင်ပါသည်။ မေးခနဲအိပ်ပျော်သွားသည့်အခါ ကျွန်တော်တို့တဲလိုင်းများအတွင်းသို့ ကျားများဝင်ရောက်လာသည်ဟု အိပ်မက်မက်ပါလေတော့သည်။

ကျွန်တော့်အိပ်မက်သည် အဘယ်ထိစင်းလျက် အဘယ်မျှမှန်ကန်လေသနည်းဆိုသော် ကျွန်တော့်နားထဲတွင် တဖျောင်းဖျောင်းတဒိန်းဒိန်းပေါက်ကွဲမြည်ဟီးသံများကိုလည်း ကြားလိုက်ရလေသည်။ ဆူဆူညံညံအော်ဟစ်လိုက်သောအသံဗလံများကိုလည်း တဝေါဝေါကြားလိုက်ရလေသည်။ ပြီးလျှင် ကျွန်တော်နှင့် ဘေးချင်းယှဉ်အိပ်နေသော ကိုသာမြိုင်ကလည်း ကျွန်တော့်တစ်ကိုယ်လုံးကို အထိတ်တလန့်နှင့် ဆွဲကိုင်လှုပ်ယမ်းလျက်နှိုးခြင်းကို ခံလိုက်ရလေသည်။

"ဆရာလေး ဆရာလေး။ ထဗျ။ ထထ–ကျားဝင်လာတယ်ဗျ။ ကျား–ကျား"

ကျွန်တော်သည် အိပ်ရာမှ လူးလဲထလိုက်သည်။ ကျွန်တော့်နားထဲတွင်လည်း ဝါးဆစ်ဘူးပေါက်ကွဲသံများ၊ ဝါးလုံးကိုတီးခေါက်သံများ၊ တဲတန်းလျား၏ကြမ်းပြင်ကိုထုနှက်သံများ၊ ချွေးတပ်သားများ၏ တဟေးဟေးတဝါးဝါး အော်ဟစ်သံများကိုလည်း ကြားနေရဆဲ ဖြစ်လေသည်။

"ဘာဖြစ်တာလဲ ကိုသာမြိုင်"

ကျွန်တော်က မေးလိုက်လေသည်။

"ကိုမောင်စိန်တို့၊ အုန်းမောင်တို့ထဲထဲကို ကျားဝင်ဆွဲတာတဲ့ဗျ"

ထိုအခိုက်၌ပင် ချွေးတပ်သား ၁၄–၅ ယောက်နှင့် ဘွန်ထိုက်ချီးများ၊ ဟန်ချီးများသည် ကျွန်တော်ရှိရာသို့ စုရုံးရောက်လာကြလေသည်။ ထိုအထဲတွင် ကျွန်တော်နှင့် တစ်တဲတည်းအတူနေ ချွေးတပ်သားများလည်း ပါရှိကြလေသည်။ သူတို့အားလုံး၏လက်ထဲတွင် ဝါးချွန်များနှင့် ဝါးရင်းတုတ်များ ကိုင်ဆောင်ထားကြလေသည်။

ဤအချိန်ထိအောင်ပင် ကိုမောင်စိန်တို့တဲတန်းလျားရှိရာမှ ဆူပူအော်ဟစ်သံများမှာ ရပ်စဲမသွားသေးပါချေ။ အော်မြဲဟစ်မြဲ ဟစ်နေကြလေသည်။

"ကျွန်တော်တို့ သွားကြရအောင်ဗျို့"

ကျွန်တော်သည် ထိုင်ရာမှထလိုက်ပါသည်။ အနီးတွင် ညဉ့်ဦးပိုင်းကအသင့်ချထားသော ဝါးချွန်တစ်ချောင်းကိုလည်း ဆွဲကိုင်လိုက်မိလေသည်။ ပြီးလျှင် ကျွန်တော်တို့တဲလိုင်းမှ ချွေးတပ်သား ၂၀–အစိတ်ခန့်ကိုခေါ်ဆောင်လျက်၊ ဘွန်ထိုက်ချီးများ၊ ဟန်ချီးများ စုစုပေါင်း ၄–၅၀ ခန့်နှင့်အတူ မီးတိုင်မီးတုတ်များ၊ ဝါးရင်းတုတ်များ၊ ဝါးချွန်များကို အသီးသီးစွဲကိုင်ကြလျက် တဲလိုင်းအတွင်းမှထွက်ခဲ့ကြပါသည်။ ထိုကမှတစ်ဖန် ကျွန်တော်တို့လူစုသည် ဘေးပတ်ဝန်းကျင်ကို အထူးသတိချပ်လျက် ဆူဆူညံညံအသံများကြားနေရသော ကိုမောင်စိန်တို့တဲတန်းလျားကြီးရှိရာသို့ ထွက်ခွာခဲ့ကြလေသည်။

တဲတန်းလျားတစ်လုံးနှင့် တစ်လုံးမှာ ကိုက် ၄–၅၀ ထက်မနည်း အကွာအလှမ်းရှိလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်တို့လူစု ထွက်လာသည့်အခါ အခြား ကျွန်သောတဲတန်းလျား ၂ ခုမှချွေးတပ်သားအချို့ကလည်း ကျွန်တော်တို့နည်းတူပင် ဝါးရင်းတုတ်များ၊ မီးတုတ်များစွဲကိုင်ကာ ထွက်လာကြလေသည်။ ဤလိုနှင့် ကိုမောင်စိန်တို့ တဲတန်းလျားအတွင်းသို့ ကျွန်တော်တို့တစ်စုတဝေး စုပြုံဝင်ရောက်ခဲ့ကြလေသည်။

"ဘယ်လိုဖြစ်တာလဲ ကိုမောင်စိန်"

ကျွန်တော်က မေးလိုက်သည်။

"ဟာ–မပြောပါနှင့်တော့ ဆရာလေးရေ။ ကျားရော–သရဲရောဗျာ"

ကိုမောင်စိန်က မျက်လုံးပြူးမျက်ဆံပြူးပြောလေသည်။

"ဘာဗျ"

http://mmteashop.com



"ကျားရော–သရဲရော ဆရာလေး"

ကိုမောင်စိန်က ထပ်ပြောလေသည်။

"ကျားရော–သရဲရော။ မဟုတ်သေးပါဘူးဗျာ။ ခင်ဗျားစကားကို ရှင်းအောင်ပြောစမ်းပါ။ ခင်ဗျားကိုယ်တိုင်တွေ့လိုက်တာလား"

ကျွန်တော်က မေးလိုက်ပါသည်။

ကိုမောင်စိန် ရုတ်တရက် စကားထွက်မလာပေ။ ပြူးကြောင်ကြောင်မျက်လုံးနှင့် ကျွန်တော်တို့လူစုအားပါးစပ်အဟောင်းသားငေးကြည့်နေလေသည်။

"ပြောစမ်းပါဦး။ ခင်ဗျားကိုယ်တိုင် မြင်လိုက်တာလား"

ကျွန်တော်က သဲကွဲအောင် ထပ်မံလျက်မေးလိုက်ပါသည်။

"ဒီလိုဗျ ဒီလို။ ညက ကျွန်တော်အိပ်ရာဝင်တော့ မီးပုံကို မီးထည့်ဖို့နှင့် အလှည့်ကျစောင့်ဖို့ လူ ၃ ယောက်ကို တာဝန်ချထားခဲ့တယ်။ အဲ–အဲဒါ ပန်းမောင်နှင့် လုကျော်ရယ်, စံတင်ရယ်အလှည့်ရောက်တော့ တောစပ်ကညည်းညည်းညူသံတွေကို ကြားရတယ်တဲ့။ ဒါနှင့် သူတို့လည်း မီးပုံထဲကို ထင်းတွေတရကြမ်းထည့်ပြီး ဆက်စောင့်နေကြတာ အတော်လေးနေတော့ တောစပ်က ကျားဟိန်းသံတွေနှင့် မီးလုံးကြီးတွေလို တဝင်းဝင်းတောက်နေတဲ့ ကျားမျက်လုံးကြီးတွေ မြင်ရတာပဲတဲ့ ဆရာလေး"

စကားအဆုံးတွင် ဘွန်ထိုက်ချိုကိုမောင်စိန်သည် သူ့အနီးတွင်ရှိနေသော အလှည့်ကျသမား ၃ ယောက်တို့ကိုစောင်းငဲ့၍ကြည့်လေသည်။

"ဟုတ်ပါတယ်ဆရာလေး။ အဲဒီအတိုင်း ကျွန်တော်တို့မြင်ရတာပဲခင်ဗျ"

ပန်းမောင်ဆိုသောချွေးတပ်သားက ပြောလေသည်။

"ဒါနှင့် ကျွန်တော်တို့လည်း အသင့်ဖြတ်ထားတဲ့ဝါးဆစ်လုံးတွေကို မီးဖိုးထဲစုထည့်ပြီး ဖြောသံပေးအော်ရတာဗျ"

ထိုစကားကို လုကျော်က ဆက်၍ပြောလေသည်။

ဤတွင် ကျွန်တော့်အနေဖြင့် တွေးလိုက်ပါသည်။ စင်စစ် သူတို့တစ်တွေ ကျားကိုတွေ့ရသည်, သရဲကိုတွေ့ရသည်ဆိုသောကိစ္စမှာ ဘာမှ မည်မည်ရရ ရေရေရာရာမရှိချေ။ သူတို့သူတို့၏စိတ်ထဲတွင် ညဦးပိုင်းအချိန်ကနင့်တစ်နေ့ခင်းလုံးလိုလိုပင် ကျားနှင့်သရဲကို အမှတ်ထင်စွဲလမ်းနေကြဟန် တူလေသည်။

ဤအတွင်း လူခြေတိတ်သောညဥ့်နက်သန်းခေါင်သို့ရောက်သည့်အခါ စိတ်ချောက်ချားခြင်းဖြစ်ကြဟန်တူလေသည်။ ထိုအဖြစ်ကြောင့်လည်း 'မည်းမည်းမြင်လျှင် သရဲ, ချွတ်ချွတ်သံကြားလျှင် ကျား' ဟူသောအစွဲဖြင့်အထိတ်အလန့်ဖြစ်ကြဟန်ရှိလေသည်။

ယခုလည်း အချိန်မှာ ညဥ့် ၂ နာရီကျော်နေပေပြီ။ ထိုအခါ မည်သို့ပင်ဖြစ်စေ၊ သူတို့သူတို့တစ်တွေ၏စိတ်ထဲတွင် ကျားနှင့်သရဲကို ထိတ်လန့်နေကြသည်တော့ ဖြစ်လေသည်။ ဤဥပါဒါန်အစွဲအလမ်းတစ်ခုကပင်သူတို့သူတို့၏စိတ်ဝမ်းကို ချောက်လှန့်ဖမ်းစားထားဟန် ရှိလေသည်။

"အလကားပါဗျာ။ ခင်ဗျားလူ ၃ ယောက် စိတ်ချောက်ချားပြီး အစွဲအလမ်းလွန်းလို့ ကျားထင်ပြီးလန့်အော်တာဖြစ်မှာပဲ ကိုမောင်စိန်။ သရဲတစ္ဆေ ဆိုတာကလည်း လူတွေ ဒါလောက်တောင်များပြားနေတဲ့အထဲကို မလာဝံ့ပါဘူးဗျာ"

သူတို့တစ်တွေကြောက်စိတ်ပြေအောင် ကျွန်တော်ကပြောရလေသည်။

"ကျားလာတယ်ဆိုတာတော့ ဟုတ်မယ်ဗျာ ဆရာလေး။ သရဲဆိုတာတော့ ကျွန်တော်တို့လည်း သိပ်မယုံပါဘူး"

http://mmteashop.com



ကိုဘအုန်းက ပြောလေသည်။

"ကျွန်တော်တို့က မျက်မြင်နားကြားဗျ"

စံတင့်က ပြောပြန်ပါသည်။

ဤလိုနှင့် အချိန်အတန်ကြာ တစ်ယောက်တစ်ပေါက် အငြင်းပွားနေကြလေသည်။ သို့ရာတွင် တစ်ခုရှိသည်မှာ ကျွန်တော်တို့တစ်တွေ မည်မျှအငြင်းအခုံ ဖြစ်နေကြသော်လည်း အချို့အချို့သောချွေးတပ်သားများအနေဖြင့်မူ အိပ်ရာကပင် မထကြပါချေ။ သူတို့သည် 'သေဆုံး လောင်တုံး' ဆိုသောလူစားမျိုးတွေပေလော။ သို့မဟုတ် ကံကိုပင် ရိုးမယ်ဖွဲ့လျက်နေကြသူတွေများပေလော။ ထိုသို့မှမဟုတ်ပါက သူတို့အဖြစ် သူတို့ဘဝကို စိတ်အနာကြီး နာကျည်း နေကြသူများပေလော။ ဒါကိုတော့ ကျွန်တော် မဝေခွဲနိုင်ပါချေ။

"ကျွန်တော်ပြောချင်တာ တစ်ခုရှိတယ်ဗျာ"

ကျွန်တော်က စကားစလိုက်ပါသည်။ ထိုအခါ သူတို့အားလုံး ငြိမ်သက်သွားကြလေသည်။

" 'ကျားနှင့်ဘီလူး ထို ၂ ဦးကို ထူး၍ကျပ်ကျပ် တွေ့တိုင်းသတ်မှ သူမြတ်ပီသတယ်'လို့ စလေဆရာကြီး ဦးပုညက ဆိုထားတယ်ဗျ။ ဒီတော့ ကျားပဲဖြစ်ဖြစ်၊ သရဲပဲဖြစ်ဖြစ် တွေ့တဲ့နေရာမှာသတ်ကြပေါ့ဗျာ။ ဒါမှ ခင်ဗျားတို့တစ်တွေဟာ သူမြတ်ပီသမှာဗျ"

ကျွန်တော်က အတည်ပေါက်လိုလို ခပ်ရွှန်းရွှန်းလိုလို ပြောလိုက်ပါသည်။ ဤစကားပြောလိုက်သည်မှာလည်း ကျွန်တော့်တွင် ရည်ရွယ်ချက်ရှိပါသည်။ သူတို့တစ်တွေ သရဲစွဲလမ်းစိတ်၊ ကျားစွဲလမ်းစိတ် ပြေပျောက်သွားပါစေတော့ ဟူသောသဘောပင်ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ ဆူဆူညံညံစကားပြောနေခိုက် ဂျပန်စစ်ဗိုလ်အိနားမတ်ဆုသည် ရိုင်ဖယ်ကိုင် ဂျပန်စစ်သား ၂ ယောက်၊ စကားပြန်သူငယ်ကလေး မောင်ချစ်တို့နှင့်အတူ ကျွန်တော်တို့လူစုရှိရာသို့ ရောက်ရှိလာလေသည်။

ကျွန်တော်သည် အိနားမတ်ဆုကိုကြည့်လျက် အတော်ပင် အံ့သြခြင်းဖြစ်ရပါသည်။ အချိန်မှာ ညဦး ၂နာရီကျော်လွန်နေပြီဖြစ်သော်လည်း အိနားမတ်ဆု၏လက်ထဲတွင် ကဗျာစာအုပ်ငယ်ကို ကိုင်လျက်သားတွေ့လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

အိနားမတ်ဆုက စကားပြန်သူငယ်မှတစ်ဆင့်မေးသဖြင့် ကျွန်တော်က တဲလိုင်းအတွင်းမှ ကျားဝင်သည့်အကြောင်း၊ ထို့ကြောင့် ဆူဆူပူပူဖြစ်ရကြောင်း ရှင်းလင်းပြောကြားရလေသည်။ သရဲကိစ္စကိုမူ ကျွန်တော်ကိုယ်တိုင်ကပင် အယုံအကြည်မရှိသဖြင့် ပြောမပြတော့ပါပေ။

ထိုအတွင်းကပင် အိနားမတ်ဆုသည် မည်ကဲ့သို့စိတ်ကူးပေါက်လေသည် မသိ။ နောက်တစ်နေ့မနက်တွင် 'တပ်ဒိန်စခန်းသို့သွားကြမည်'ဟု ဆိုလေသည်။ 'ဘွန်ထိုက်ချိုတစ်ယောက်ကိုလည်း အဖော်အဖြစ်ခေါ်ခဲ့ပါ' ဟု ပြောလေသည်။ ပြီးသော် သူက ထင်မြင်ချက်ပေးသည်မှာ 'ချွေးတပ်သားမြသိန်းသည် တပ်ဒိန်စခန်း၌ပင် ကျန်ရစ်လိမ့်မည်' ဟု ဆိုသည်။ 'သို့မဟုတ်ကလည်း လမ်းခုလတ်မှနေလျက် တပ်ဒိန်စခန်းသို့ပြန်လှည့်ပြေးလိမ့်မည်' ဟု ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ ဂျပန်စစ်ဗိုလ် အိနားမတ်ဆု၏အယူအဆကား 'ချွေးတပ်သားမြသိန်းတစ်ယောက် တပ်ဒိန်စခန်းတွင်ရှိနေပေလိမ့်မည်' ဟူသောအယူအဆပင် ဖြစ်လေသည်။

http://mmteashop.com

## ကျားနှင့် ချွေးတပ်သား

နောက်တစ်နေ့မနက် ခပ်စောစောအချိန်၌ပင် ဂျပန်စစ်ဗိုလ်အီနားမတ်ဆု၊ စကားပြန်သူငယ်ကလေး မောင်ချစ်၊ ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ကျွန်တော်၊ ဤ ၄ ဦးတို့သည် တပ်ဒိန်စခန်းသို့ ထွက်ခဲ့ကြရပြန်ပါသည်။

ဤလိုထွက်လာကြသည့်အခါ အီနားမတ်ဆုနှင့်မောင်ချစ်က တစ်တွဲ၊ ကျွန်တော်နှင့် ဘွန်ထိုက်ကျို ကိုသာမြိုင်က တစ်တွဲ ဖြစ်လေသည်။ လူချင်းမှာလည်း ရှေ့ဆင့်နောက်ဆင့်ဖြစ်ကြသည်။ အီနားမတ်ဆုနှင့် မောင်ချစ်က ရှေ့မှ ဖြစ်သည်။ သို့ရာတွင် လူထွဲချင်းကား သိပ်အလှမ်းမဝေးကွာလှပါ။ ၁၀ ကိုက်ကျော့်ကျော့် အကွာအဝေးမျှသာ ဖြစ်လေသည်။

ဤတစ်ကြိမ်၌လည်း ကျွန်တော်သည် အီနားမတ်ဆုကို သတိထားလျက်ကြည့်လိုက်မိပြန်ပါသည်။ သူ၏ ကဗျာစာအုပ်ကလေးသည် သူနှင့်မကွာ ပါရှိလာမြဲအတိုင်း ဖြစ်လေသည်။ သို့ရာတွင် လက်တွင်ကိုင်လျက် ဖတ်ရွတ်လာခြင်းတော့မဟုတ်ပါ။ ဘောင်းဘီအိတ်တွင်း၌ ဖြစ်လေသည်။ ဘောင်းဘီအိတ်ပေါ်၌ တစ်ဝက်တစ်ပျက်ပေါ် ထွက်နေသော တွေ့နေကျစာအုပ်ငယ်ပင်ဖြစ်ကြောင်း ကျွန်တော်သည် အမှတ်ပြုမိလေသည်။

ပြီးသော် သည်တစ်ကြိမ် တပ်ဒိန်စခန်းကိုသွားကြရာ၌ အီနားမတ်ဆုနှင့်ပတ်သက်၍ ထူးခြားသောအပြုအမူ တစ်ခုကိုလည်း ကျွန်တော် သတိပြုမိလေသည်။ သူသည် ဂျပန်ရိုင်ဖယ်ကို အသင့်ပြင်ဆင်၍ လက်တစ်ဖက်မှတစ်ဘက်သို့ပြောင်းလဲလျက်ကိုင်ဆောင်လာခြင်းပင် ဖြစ်လေသည်။ အခါတိုင်းကဆိုလျှင် ဂျပန်စစ်သားများသည် တောတွင်းချွေးတပ်စခန်းများကို သွားလာခြင်းပြုကြရာ၌ ရိုင်ဖယ်ကို ပခုံးထက်တွင်ချိတ်လွယ်လျက် ခပ်အေးအေး ခပ်ပေါ့ပေါ့သွားလာခြင်းသာ ဖြစ်လေသည်။

"အီနားမတ်ဆုကိုကြည့်ရတာ တစ်မျိုးပဲဗျဆရာလေး"

ဘွန်ထိုက်ချိုကိုသာမြိုင်က ပြောလေသည်။

"ခင်ဗျားက ဘယ်လိုထင်လို့လဲ"

ကျွန်တော်က မေးလိုက်ပါသည်။ ကျွန်တော့်စိတ်ထဲ၌လည်း 'ကိုသာမြိုင်နှင့် ကျွန်တော်မှာ အတွေးချင်း အမြင်ချင်း တစ်တပ်တည်းများဖြစ်နေလေရော့သလား' ဟူ၍ တွေးလိုက်မိလေသည်။

"ကျွန်တော်တို့ နောက်ချန်ပြီး သိပ်အလှမ်းဝေးဝေးလိုက်ရင် မကောင်းဘူးထင်တယ်။ ကျားတွေဘာတွေနှင့် တွေ့ချင်တွေ့နေမှာဗျ။ ဒီတော့ သူတို့နောက်က ကပ်ပြီးလိုက်မှ"

ကိုသာမြိုင်က တစ်စုံတစ်ခုကိုစိုးရိမ်ဟန်နှင့် ပြောလေသည်။

"အေးပါဗျာ။ ခုအတိုင်းဆိုရင်လည်း လူချင်း သိပ်မလှမ်းပါဘူးကိုသာမြိုင်"

ကျွန်တော်တို့ ၂ ယောက်က နောက်ပိုင်းမှ စကားတပြောပြောလျှောက်နေကြသလို၊ အီနားမတ်ဆုနှင့် စကားပြန်သူငယ်မှာလည်း ရှေ့မှစကားတပြောပြောသွားလျက် ရှိကြလေသည်။ စင်စစ် စကားတပြောပြောသွားနေကြသည်ဆိုသော်လည်း အီနားမတ်ဆုသည် စကားပြန်သူငယ်ကလေးမောင်ချစ်ထံမှ စကားသင်နေခြင်းသာ ဖြစ်လေသည်။

http://mmteashop.com



"ဒီအချိန်ဟာ ကျွန်တော်တို့ ရပ်ရွာဒေသမှာ မြေပဲဦးပေါ်ချိန်ပေါ့ ဆရာလေးရာ"

ဘယ်ကဘယ်လို စကားရောက်သွားသည်မသိ။ ဘွန်ထိုက်ချိုကိုသာမြိုင်သည် လွမ်းသလိုသလိုဆွေးသလိုလို အသံဩကြီးနှင့် ကျွန်တော့်ကိုပြောလိုက်လေသည်။ သူ့ရင်ထဲတွင် မည်သို့ရှိသည်ဟူ၍ကား တပ်အပ်သေချာ ကျွန်တော်မသိပါ။ သို့ရာတွင် သူ့အသံကို ကြားလိုက်ရသည်ကပင် ကျွန်တော့်ရင်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရပါသည်။

ဘွန်ထိုက်ချိုကိုသာမြိုင်မှာ အထက်အညာသားတစ်ဦးဖြစ်သည်။ ကျွန်တော်မှာ မြစ်ဝကျွန်းပေါ် အရပ်သားတစ်ယောက် ဖြစ်ပါသည်။ သူတို့အညာဒေသတွင် 'မြေပဲဦးပေါ်ချိန်' ဟုဆိုသည့်အခါ၊ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ရှိ ကိုင်းသမား ယာသမားများအနေဖြင့်လည်း ထိုအချိန်မှာ 'ကောက်သစ်ပေါ်ချိန်' စိမ်းစား, ကန်စွန်း, ပြောင်းစသော သီးနှံများပေါ်ချိန်ဟုပင် ကျွန်တော် အမှတ်ပြုလိုက်မိလေသည်။

ကျွန်တော်သည် အတူယှဉ်ကာလမ်းလျှောက်နေရာမှ ကိုသာမြိုင်၏မျက်နှာကို မော့်ကြည့်လိုက်သည်။ သူ့မျက်လုံးအိမ်များအတွင်း၌ မျက်ရည်များရစ်ဝိုင်းနေသည်ကို ကျွန်တော် သတိပြုလိုက်မိသည်။

"ကျွန်တော်တို့ဆီမှာလည်း ဒီအတိုင်းပဲပေါ့ဗျာ။ မုန်လာဥတို့, ဂေါ်ဖီတို့, ခရမ်းချဉ်သီးတို့, နံနံပင်တို့ သိပ်ပေါတဲ့ရာသီပေါ့"

"ဆရာလေးက ညောင်တုန်းမြို့ပေါ်ကဆို"

တစ်ကြိမ်က ကျွန်တော်၏ဇာတိဇစ်မြစ်ကို ပြောထားဖူးသောကြောင့်လည်း ထိုမေးခွန်းကို ကိုသာမြိုင်က မေးမြန်းခြင်း ဖြစ်လေသည်။

"ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အမေဘက်ကတော့ ဆွေဆွေမျိုးမျိုးတွေအားလုံးဟာ လယ်လုပ်ကျွဲကိုင်တွေချည်းပဲပေါ့။ အဲ–အဖေ့ဘက်ကျတော့ ကုန်သည်ယောင်ယောင် ဈေးသည်ယောင်ယောင်နှင့် မဖြစ်ညစ်ကျယ်တွေပေါ့ဗျာ"

"မဖြစ်ညစ်ကျယ်။ ဟုတ်လား။ ဟား–ဟား–ဟား"

ကျွန်တော့်စကားကို ကိုသာမြိုင်က သဘောကျသလိုရယ်မောလေသည်။ ပြီးလျှင် ချက်ချင်းပင် စကားဆက်ပြန်လေသည်။

"ဆရာလေးက အိမ်ထောင်ရက်သားမရှိတဲ့လူတစ်ယောက်ဆိုတော့ တော်သေးတာပေါ့ဗျာ။ ကျွန်တော့်မှာ ကလေး ၅ ယောက် ရှိတယ်။ အကြီးဆုံးသမီးလေးက ကျွန်တော် ချွေးတပ်ထဲပါလာတော့ ၁၃ နှစ်ပဲ ရှိသေးတယ်။ ကျွန်တော့်မှာ ဆွေရယ်မျိုးရယ်လို့လည်း အားထားစရာသိပ်မရှိဘူး။ ခုဆိုရင် သင်းတို့မိသားစုတွေ ဘယ်လိုလုပ်ကိုင်စားသောက်နေကြသလဲ မပြောတတ်ဘူး။ ဒီအကြောင်းကို ထမင်းစားတိုင်း, အိပ်ရာဝင်တိုင်း ကျွန်တော် အမြဲသတိရတယ်ဆရာလေး"

ကျွန်တော်တို့ ၂ ယောက်သည် ရှေ့စကားကို ဆက်၍မပြောနိုင်ကြပါပေ။ ၂ ယောက်စလုံး အတွေးအတောကိုယ်စီနှင့် နှုတ်ဆိတ်လျက် ဆက်လက်လျှောက်ခဲ့ကြလေသည်။ ကျွန်တော်တို့ခြေလှမ်းများသည် အတော်ပင်နှေးကွေးလေးလံသွားသည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော့်ခေါင်းထဲသို့လည်း ကိုယ့်မြို့ကိုယ့်ရပ်နှင့်ပတ်သက်သော၊ မိဘ, ညီအစ်ကို, မောင်နှမ စသူများနှင့် ပတ်သက်သော စိတ်ခမျမ်းမြေ့စရာ အတွေးအတောပေါင်းမြောက်မြားစွာက တစ်သီကြီး ဝင်ရောက်လာပါသည်။ ကိုသာမြိုင်တွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

စင်စစ် ကျွန်တော်တို့ချွေးတပ်သားများမှာ များသောအားဖြင့် တောသူတောင်သားများနှင့် မြို့ပေါ်နေလူဆင်းရဲများ, လူ့အောက်တန်းလွှာများသာ ဖြစ်ကြလေသည်။ မြေရှင်, ငွေရှင် ကြေးရည်တတ်များ၏သားသမီးများ ဟူ၍ကား ချွေးတပ်သားများထဲတွင် တစ်ယောက်တလေမျှ မပါလာပါချေ။

http://mmteashop.com



စစ်မက်ကြီးတစ်ခုဖြစ်ပွားလိုက်လျှင် ထိုစစ်မက်ကိုအကြောင်းပြုလျက် အများဆုံးဒဏ်ခံရသည့်လူတွေမှာ တောင်သူလယ်သမားများ, အလုပ်သမားများနှင့် မြို့နေဆင်းရဲသားလူတန်းစားများသာ များလှသည်ဟု ကျွန်တော် ဆိုချင်ပါသည်။

"ခက်တာက ကိုယ့်အရေးထက် သင်းတို့အရေးက ပိုပြီးစိတ်ပူရတယ်ဆရာလေး။ နောက်ပြီး မဝတ်ရ, မစားရတဲ့အရေးတို့၊ ဗုံးမှန် စက်သေနတ်မှန်ပြီး သေမယ့်အရေးတို့ထက် သမီးမိန်းကလေးအပျိုအရွယ်အတွက်က သာပြီးတော့တောင် ပူရသေးတယ်ဗျာ။ ဂျပန်စစ်သားတွေဆိုတာက ရမ်းကားလှမဟုတ်လားဗျာ"

ကိုသာမြိုင်ခမျာ ရွာတွင်ကျန်ရစ်ရှာသောသမီးအပျိုအရွယ်ကလေးအတွက် ကြောင့်ကြပူပန်မှု ကြီးမားဟန် တူလေသည်။

ဤသို့နှင့် စကားတပြောပြောလျှောက်ခဲ့ကြသောကျွန်တော်တို့သည် ယမန်ညကရောက်ရှိခဲ့သော ခရီးအကွာ အလှမ်းသို့ ရောက်ခဲ့ကြလေသည်။ ကိုသာမြိုင်နှင့် ကျွန်တော်သည် မနေ့ညက ဗိုးမိုအားမြှုပ်နံထားခဲ့သော မြေပုံ မို့မို့ကလေးရှိရာသို့လည်း ငြိုင်တူပင် လှမ်းကြည့်မိကြပါသည်။

အိနှားမတ်ဆုနှင့် စကားပြန်ကလေးမောင်ချစ်တို့မှာမူ ကျွန်တော်တို့ ၂ ဦးနှင့် ခပ်စောစောကထက် အလှမ်းကွာဝေးသွားလေသည်။ သူတို့ ၂ ယောက်သည် တောင်ကြားလမ်းချိုးကွေ့တစ်ခုအကွယ်တွင် လူလုံးပျောက် သွားတော့သည်။

အချိန်သည် မနက် ၈ နာရီ ထိုးလုနေလေပြီ။ နေလုံးသည် အတော်ပင် မြင့်တက်လာလေသည်။ သို့ရာတွင် နေ၏အပူရှိန်မှာ ကျွန်တော်တို့သွားရာလမ်းပေါ်သို့ကား ထိုးကျလာခြင်းမရှိပါချေ။

ကားလမ်းဘေး ဝဲနှင့်ယာ တစ်ဘက်တစ်ချက်သည် ကြီးမားအုပ်ဆိုင်းသောသစ်ပင်တောရိပ်များ ကာဆီးလျက် ရှိလေသည်။ တစ်ခါတစ်ရံ တောကျေးတောငှက်ငယ်ကလေးများ၏မြည်ကြွေးသံကို ကြားရသည်။ စမ်းချောင်းအနီးသို့ ရောက်သည့်အခါများတွင်မူ စမ်းရေစီးသံကို တသွင်သွင်ကြားနေရလေသည်။

စင်စစ် ကျွန်တော်တို့တွင် ဘေးဒုက္ခတစ်စုံတစ်ရာ မရှိသူများ ဟုဆိုလျှင်သော်လည်းကောင်း, ချွေးတပ်သားများ အဖြစ်၌ မဟုတ် ဟုဆိုလျှင်သော်လည်းကောင်း, ကျွန်တော်တို့၏နိုင်ငံသည် စစ်ဘေးစစ်ဒဏ်ကျရောက်နေသော နိုင်ငံတစ်နိုင်ငံမဟုတ် ဟုဆိုလျှင်သော်လည်းကောင်း, ဤခရီးဤလမ်းနှင့် ဤတောတောင် ရေမြေဝန်းကျင်အရပ် သည် အလွန်လျှင် မွေ့လျော်ဖွယ်, ကြည်နူးဖွယ်ကောင်းလှသော တောလည်ခရီးထွက်ခြင်းတစ်မျိုး ဟူ၍ ဆိုနိုင်လောက် ပေသည်။

ယခုကား ဤသို့ မဟုတ်ပါချေ။ သာယာသောတောလမ်းခရီးသည် ကျွန်တော်တို့အဖို့ ကြောက်မက်ဖွယ် ကောင်းလှသည့် ကန္တာရကြီး ဖြစ်နေလေသည်။ တသွင်သွင်စီးကျနေသော စမ်းချောင်းရေစီးသံများမှာလည်း သေမင်း၏ စုတ်ထိုးသံနှင့် တူလှသည်။

ထိုအခါ ကျွန်တော်တို့ချွေးတပ်သားများအနေဖြင့် ချောက်ချားခြင်း, ပူပန်ခြင်း, ကြောက်ရွံ့ခြင်း, လွမ်းဆွတ် ကြေကွဲရခြင်းစသော သောကပရိဒေဝနှင့် ဒုက္ခဒေါမနဿများကိုသာ ခံစားရလေတော့သည်။

"ကျွန်တော်ဖြင့် ကိုယ့်အဖြစ် ကိုယ်တွေးမိတိုင်း ရွှေလှကြီးကို သွားသွားသတိရမိတယ်"

ကိုသာမြိုင်က ဆိုပြန်ပါသည်။

"ဘယ်ရွှေလှကြီးလဲ။ ငါးကြီးအိုင်ရွာသား ကိုရွှေလှကြီးလား"

ကျွန်တော်က မေးလိုက်ပါသည်။ ငါးကြီးအိုင်ရွာသား ရွှေလှကြီးမှာ ဘွန်ထိုက်ချို မောင်စိန်၏အုပ်စုထဲမှ ချွေးတပ်သားကြီး ဖြစ်ပါသည်။ ယခု သူ မရှိလေတော့ပြီ။ ငါးကြီးအိုင်ရွာသည် ကျွန်တော်တို့ညောင်တုန်းမြို့ အရှေ့ဘက်ကွင်းမှ လယ်သမားရွာတစ်ရွာ ဖြစ်လေသည်။

http://mmteashop.com



အရပ်အမောင်းထောင်ထောင်မောင်းမောင်းနှင့် အသားအရောင်နီစပ်စပ်ရှိသော ရွှေလှကြီးသည် ခွန်အားဗလကောင်းသလောက် စိတ်ထားသဘောထားလည်း ကောင်းမွန်လှလေသည်။ စိတ်ကောင်းနှလုံးကောင်းရှိသော ရွှေလှကြီးတွင် ရိုးသားသောသဘောလည်း ရှိလေသည်။ သူသည် မြှောက်ပင့်၍ပြောလျှင် သေအောင်အလုပ်လုပ်မည့် လူစားထဲက ဖြစ်လေသည်။ ဂျပန်ကမြှောက်ပေးလျှင် သူက ဆင်နှင့်ဖက်လျက် သစ်တုံးကြီးများကို ခါးကြိုးချည်ဆွဲသူဖြစ်ကြောင်း အထက်က ကျွန်တော်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ရွှေလှကြီး တောထဲတွင်သေရလေသည်။

"သူကဆိုကျွန်တော့်ထက်တောင် ကလေး ၂ ယောက် ပိုသေးတယ်။ သားအကြီးဆုံးအကောင်က အိမ်ထောင်ကွဲနေပြီလို့ ပြောတယ်။ သူ့သမီးပျိုက အသက် ၁၈ နှစ် ရှိပြီတဲ့။ ကျွန်တော့်သမီး ခင်သိန်းထက် ၄-၅ နှစ်ကြီးတာပေါ့"

ကိုသာမြိုင်က ပြောပြန်ပါသည်။

ချွေးတပ်သားများသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်လာကြသည့်အခါ စကားစပ်မိကြလျှင် မိမိတို့၏ အိမ်ထောင်ရေး, သားရေးသမီးရေးနှင့် လယ်ယာလုပ်ငန်းခွင် အစရှိသည်များကို ပြောပြတတ်ကြလေသည်။ ထိုသဘောကြောင့်လည်း ကိုသာမြိုင်သည် ရွှေလှကြီးနှင့်ပတ်သက်သောအကြောင်းများစွာတို့ကို ပြောပြနိုင်ခြင်းပင် ဖြစ်လေသည်။

"သူဟာလည်း သေခါနီးဆဲဆဲကို သူ့သမီးကလေးအတွက် စိတ်မဖြောင့်ဘဲဖြစ်သွားရှာတယ်။ သေမယ့်ဆဲဆဲညကများဆိုရင် သူ့သားမယားအကြောင်းတွေ, သူ့သမီးကလေးကို စိတ်မချတဲ့အကြောင်းတွေ, သူ့လယ်လုပ်ခွင်အကြောင်းတွေကို ကယောင်ကတန်းပြောသွားတာပဲဆရာလေး"

"ဟုတ်တာပေါ့ဗျာ။ ကိုရွှေလှကြီး ဆုံးတော့မယ်ဆိုတဲ့ညက သန်းခေါင်လောက်ကြီးမှာ ထအော်သေးတယ်လေ။ 'နွားတွေ, နွားတွေ။ သူ့နွားတွေ ဂျပန်ဆွဲသွားပါတယ်'လို့။ အဲတော့မှ ကျွန်တော်လည်း အိပ်ပျော်နေရာက လန့်နိုးပြီး ခင်ဗျားတို့ရှိရာကို ပြေးလာခဲ့ရတယ်။ ကျွန်တော်ရောက်ပြီးလို့ တအောင့်လောက်ကြာတော့ ရွှေလှကြီးဟာ အသက်ထွက်သွားတာပဲ"

ကျွန်တော်ကိုယ်တိုင်ကလည်း တပ်ဒိန်စခန်းတွင် ကိုရွှေလှကြီးသေဆုံးရသည့်ညက အဖြစ်အပျက်များကို ပြောပြမိလေသည်။

"ဆရာလေးက အဲဒါလောက်သာသိတာဗျ။ ကျွန်တော့်ကိုပြောသွားတဲ့အဖြစ်တွေဟာဆိုရင် အင်မတန်သနားစရာကောင်းတဲ့အဖြစ်တွေပေါ့။ သူ့ကို ချွေးတပ်ထဲထည့်ဖို့ ဂျပန်တွေနှင့် သူကြီးရယ်, သူကြီးလူတွေရယ် လာဖမ်းတော့ သူဟာ သလင်းထဲမယ် စပါးနယ်နေတဲ့အချိန်တဲ့ဗျ။ အဲဒါ 'နွား ၂ ကောင်ကို အိမ်ပြန်ပို့ပါရစေဦး။ သားမယားကို မှာစရာရှိတဲ့ကိစ္စလေးတွေ မှာခဲ့ပါရစေဦး'လို့ ရှိခိုးဦးတင်တောင်းပန်တာတောင် မရဘူးတဲ့ဗျ။ သူကြီးအိမ်ကနေ ချက်ချင်းပဲ ညောင်တုန်းဂတ်တဲကိုပို့လိုက်တာပဲတဲ့"

ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်သည် စကားတပြောပြောနှင့်လျှောက်လာခဲ့ကြလေသည်။ သို့နှင့် ကျွန်တော်တို့ တောင်ကြားလမ်းကွေ့ကလေးသို့ ရောက်ကြသည့်အခါ၊ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုနှင့် စကားပြန်ကလေးမောင်ချစ်တို့ကို လှမ်းကြည့်လိုက်ကြသည်။ သို့ရာတွင် ၂ ဦးစလုံးကိုပင် အရိပ်အရောင်မျှ မတွေ့ရဘဲ ရှိလေသည်။

"ကျွန်တော်တို့ ခပ်သုတ်သုတ်လျှောက်ကြမှဆရာလေး"

ရှေ့က ၂ ယောက်ကို မတွေ့ရသည့်အခါ ကိုသာမြိုင်ခမျာ စိုးရိမ်သွားဟန်တူပါသည်။ သူသည် တောလမ်းခရီးကို ၂ ယောက်-၃ ယောက်တည်းသွားရသည့်အခါ၌ အိနားမတ်ဆု၏ရိုင်ဖယ်သေနတ်ကို အားကိုးလိုဟန်ရှိလေသည်။

http://mmteashop.com



ဤအဖြစ်မှာ မှန်သင့်သလောက် မှန်ပါသည်။ နေ့ဘက်၌ပင် ဖြစ်သော်လည်း တောလမ်းခရီးကြမ်းကို လက်နက်မပါဘဲ၊ ၂ ယောက်တည်းသွားရသည့်အခါ အတော်အတန်စိုးရိမ်ရလေသည်။ ကျွန်တော်တို့ မနေ့က စခန်း ပြောင်းရွှေ့ရသည်မှာမူ လူအများနှင့် အုပ်စုသင်းပင်းဖွဲ့လျက် သွားခဲ့ရခြင်းဖြစ်သောကြောင့် မစိုးရိမ်ရသော်လည်း၊ ၂ ယောက်တည်း နောက်ကျန်နေသည့်အခါ ကျွန်တော်ကိုယ်တိုင်မှာပင် ထိတ်လန့်သလို ဖြစ်မိလေသည်။ လက်နက်ဟူ၍ ကျွန်တော်နှင့် ကိုသာမြိုင်တို့၏လက်ထဲတွင် တုတ်တစ်ချောင်းနှင့် ဝါးချွန်တစ်ချောင်းမျှသာ ပါရှိလေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်သည် ခြေလှမ်းခပ်သွက်သွက်လျှောက်ကြပြန်ပါသည်။ ကျွန်တော်တို့လျှောက်နေသောလမ်းသည် အမြင့်မှ အနိမ့်သို့ဆင်းသက်ရာ လမ်းတစ်ခုဖြစ်လေသည်။ လမ်း၏ တစ်ဘက်သည် ဝါးရုံတောကြီးများဖြစ်လျက်၊ အခြားတစ်ဘက်မှာ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော သစ်တောကြီး ဖြစ်လေသည်။ ထိုကုန်းမြင့်အဆင့်မှလွန်မြောက်၍သွားလျှင်မူ စမ်းချောင်းငယ်တစ်ခုစီးဆင်းနေသော မြေညီပိုင်းသို့ ရောက်လိမ့်မည်ဖြစ်သည်။

"လမ်းဘေးတွေကိုလည်း ဂရုစိုက်ကြည့်ပေးဗျာ။ မြသိန်းကို တွေ့လိုတွေ့ငြားပေါ့"

ကျွန်တော်က ပြောလိုက်သည်။

ကျွန်တော်ကိုယ်တိုင်မှာလည်း လမ်းဘေးဝဲ‌ယာ တစ်ဘက်တစ်ချက်ကို အထူးသတိထားလျက် ကြည့်ပါသည်။

"ဆရာလေးက ထင်သလားဗျာ"

"ဘာကိုလဲ ကိုသာမြိုင်"

"မြသိန်းလေ။ မြသိန်းကို ပြောတာပေါ့။ မနေ့ညတုန်းကလည်း ကျွန်တော် လိုက်မယ့်သာလိုက်ခဲ့ရတယ်။ တွေ့လိမ့်မယ်တော့ လုံးလုံးကိုမထင်ဘူး"

"ဘယ်လိုလဲ။ ခင်ဗျားက ဘယ်လိုထင်လို့လဲ။ မြသိန်းကို ထွက်ပြေးပြီ ထင်လို့လား။ ဒါမှမဟုတ် အိနားမတ်ဆုထင်သလို တပ်ဒိန်စခန်းရောက်နေတယ်ထင်လို့လား"

ကျွန်တော်က မေးလိုက်လေသည်။

"ဒီလိုလည်း ကျွန်တော်မထင်ပါဘူး"

"ဒါဖြင့် ခင်ဗျားအထင် ဆိုစမ်းပါဦး"

"ဒီသူငယ် တပ်ဒိန်စခန်းမှာလည်း ရှိမယ်မထင်ဘူး။ ထွက်ပြေးဖို့ဆိုတာကလည်း မလွယ်ပါဘူး ဆရာလေးရယ်။ သူ့မှာ ထွက်ပြေးနိုင်လောက်တဲ့ခွန်အားဗလလည်း မရှိတော့ပါဘူးဆရာလေးရာ"

"အေးပါဗျာ။ ခင်ဗျားအထင်ကိုသာ ခပ်ရှင်းရှင်းပြောစမ်းပါဗျာ"

"ကျွန်တော့်အထင်တော့ မြသိန်းဟာ ကျားစာဖြစ်သွားပြီထင်တယ်"

ကျွန်တော်သည် ဘွန်ထိုက်ချိုကိုသာမြိုင်စကားကြောင့် စိတ်ထဲမှ ဇဝေဇဝါဖြစ်မိလေသည်။ မြသိန်းတစ်ယောက် ကိုသာမြိုင်ထင်သည့်အတိုင်း ကျားဆွဲကျားစားခံရလေပြီလော။

ထိုအတွေးကို ကျွန်တော်တွေးမိသော အခိုက်အတန့်ကလေးအတွင်း၌ပင်၊ ကျွန်တော်တို့ပတ်ဝန်းကျင် တောကြီးတစ်တောလုံးမြည်ဟီးသွားသည့် သေနတ်သံ ၃–၄ ချက်ကို ဆင့်ကာဆင့်ကာကြားလိုက်ရလေသည်။

သေနတ်သံကြားရသည်မှာ အိနားမတ်ဆုနှင့် စကားပြန်ကလေးမောင်ချစ်တို့ရှိရာမှ ဖြစ်လေသည်။

ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ကျွန်တော်သည် သေနတ်သံကြားရာသို့ အပြေးအလွှားလာခဲ့ကြသည်။ ကုန်းမြင့်ကလေး၏အဆင်းသို့ ရောက်နေပြီဖြစ်သောကြောင့်လည်း၊ ကျွန်တော်တို့ ၂ ယောက်စလုံးပင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုနှင့် စကားပြန်ကလေးမောင်ချစ်တို့ရှိရာသို့ လျင်မြန်စွာရောက်ရှိခဲ့ကြလေသည်။

"ကျား–ဆရာလေး။ ကျားဗျ၊ ကျား–ကျား"ဟူ၍ မောင်ချစ်က စမ်းချောင်းငယ်တစ်နေရာသို့ လက်ညှိုးညွှန်ပြရင်းပြောလေသည်။

http://mmteashop.com



ဂျပန်စစ်ဗိုလ်အိနားမှတ်ဆုကိုယ်တိုင်မှာလည်း ရိုင်ဖယ်ကိုင် တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားလျက်၊ တစ်စုံတစ်ရာကိုချောင်းမြောင်းနေသလို စမ်းချောင်းဆီသို့ မျက်လုံးစူးစိုက်ကြည့်နေသည်။

ကျွန်တော်သည် အိနားမတ်ဆုကိုလည်းကောင်း, စမ်းချောင်းငယ်ရှိရာသို့လည်းကောင်း တစ်လှည့်စီ ကြည့်လိုက်မိသည်။

"ထိတော့ ထိသွားတယ်ဆရာလေး။ ဟောဟိုဝါးရုံတောကြီးထဲ ဝင်သွားတယ်။ ၂ ကောင်ဗျ၊ ၂ ကောင်။ ဟောဟော– ဟိုမှာဟိုမှာ ဝါးပင်တွေလှုပ်တုတ်လှုပ်တုတ်နှင့်။ မာစတာ မာစတာ"

စကားပြန်သူငယ်သည် ကျွန်တော့်အားပြောရာမှ ဝါးရုံတောတစ်နေရာသို့လက်ညှိုးထိုးလျက် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုအားလည်း ပြောလေသည်။

အိနားမတ်ဆုသည် လက်တွင်းမှ ရိုင်ဖယ်သေနတ်နှင့် လှုပ်လှုပ်ရှားရှားဖြစ်နေသောဝါးရုံတောအတွင်းသို့ တစ်ချက်လှမ်း၍ပစ်လိုက်လေသည်။ အိနားမတ်ဆု၏ ထိုအပြုအမူကို ကျွန်တော် သတိထားမိပါသည်။ အမှန်စင်စစ် အိနားမတ်ဆု သေနတ်နှင့် လှမ်း၍ပစ်လိုက်သည်မှာ ကျားက ၂ ကောင်ဖြစ်နေသောကြောင့် သေနတ်သံပေးလျက် ချောက်လှန့်ပစ်ခတ်လိုက်သည့် သဘော ဟူ၍ယူဆရပါသည်။

ကျားမှာ တစ်ကောင်တည်းဆိုလျှင် မထောင်းတာလှသော်လည်း၊ ၂ ကောင် ဖြစ်၍နေသည့်အခါ ကျွန်တော်တို့ အဖို့ စိုးရိမ်ရပါသည်။ ကျွန်တော်တို့သည် လူပေါင်း ၄ ယောက်ဖြစ်သော်လည်း သေနတ်တစ်လက်သာ အားထားစရာ ရှိလေသည်။ ဤလိုတောနက်ကြီးအတွင်း၌ မည်သို့ပင် သေနတ်ပါသည်ဆိုရပေမယ့်၊ လူတစ်ယောက်တည်းက ကျား ၂ ကောင်ကိုရင်ဆိုင်လျက် ခုခံတိုက်ခိုက်ရမည်မှာကား စင်စစ်အားဖြင့်မလွယ်ကူပါချေ။ ထို့ကြောင့် အိနားမတ်ဆုသည် ကျည်ဆံတစ်တောင့်ကိုဖြုန်းလိုက်ခြင်း ဖြစ်ဟန်တူလေသည်။

အိနားမတ်ဆုသည် လက်ဟန်ပြလျက် တားမြစ်ထားသောကြောင့်လည်း ကျွန်တော်တို့သည် ရှေ့မတိုးဝံ့ဘဲ ငြိမ်သက်စွာရပ်နေကြရပါသည်။ ဘွန်ထိုက်ချိုကိုသာမြင့်မှာလည်း ဘေးပတ်ဝန်းကျင်အနီးတစ်ဝိုက်ကို လှည့်စောင်း ကြည့်လေသည်။ သူ့စိတ်ထဲတွင် 'ကျားက အလစ်ဝင်တွယ်လေမလား'ဟု ကြောင့်ကြဟန်ရှိလေသည်။

ဒီလိုနှင့် အချိန်အတော်ကလေးကြာသွားလေသည်။ ခပ်စောစောက လှုပ်ရှားနေသော ဝါးရုံတောရှိရာမှာမူ တစ်စုံတစ်ရာလှုပ်ရှားခြင်း မရှိတော့ချေ။

ထိုအခါ အိနားမတ်ဆုက ကျွန်တော်တို့ကို လက်ဟန်ပြလျက် ရှေ့မှနေ၍သွားလေသည်။ ကျွန်တော်တို့က သူ့နောက်ပါးမှ လိုက်ခဲ့ကြသည်။

ကျွန်တော်တို့သွားနေသည်မှာ ကားလမ်းအတိုင်းမဟုတ်။ စမ်းချောင်းငယ်ရှိရာသို့ ဖြစ်လေသည်။ စမ်းချောင်း သည် ကျွန်တော်တို့ရောက်ရှိနေသောနေရာနှင့်ဆိုလျှင် ကိုက် ၃၀ ထက်မနည်း အကွာအဝေးရှိလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော်သည် ရှေ့ဆုံးမှသွားနေသောအိနားမတ်ဆုကို သတိထားကြည့်လိုက်သည်။ အိနားမတ်ဆုသည် ရိုင်ဖယ်ကို အသင့်ကိုင်လျက်၊ ခြေလှမ်းကို တစ်လှမ်းချင်းလှမ်းရင်း မျက်စိနှင့်နားကိုကောင်းစွာအသုံးချလျက် သတိကြီးစွာထား၍ သွားနေကြောင်း ထင်ရှားလှပါသည်။ ထိုအခါ ကျန်သူကျွန်တော်တို့ ၃ ယောက်ကလည်း အိနားမတ်ဆုနည်းတူပင် ခြေကိုခပ်ဖွဖွနင်းလျက် နောက်ပါးမှလိုက်ကြရသည်။ ဘွန်ထိုက်ချိုကိုသာမြင့်သည် သူ့လက်ရှိဝါးချွန်ကို အဆင်သင့်မြောက်ကိုင်ထားလေသည်။

"ဟော၊ ဟိုမှာ"

စမ်းချောင်းငယ်နှင့် အတော်ကလေးနီးကပ်သော နေရာတစ်နေရာသို့ရောက်သည့်အခါ၊ အိနားမတ်ဆု၏ နောက်မှ စကားပြန်ကလေးမောင်ချစ်၏အသံ ထွက်ပေါ်လာပြန်သည်။ သူငယ်က တစ်စုံတစ်ရာကိုလက်ညှိုးထိုး ပြနေသည်။

http://mmteashop.com



ကျွန်တော်သည် မောင်ချစ်လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ မြင်လိုက်ရသည်မှာ စမ်းချောင်းဘေး တစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ပက်လက်ကြီးလန်နေသော လူတစ်ယောက်၏အလောင်းပင် ဖြစ်လေသည်။

ထိုမြင်ကွင်းသည် ကျွန်တော်တို့အားလုံးအဖို့ မည်သူမည်ဝါ ဟူ၍ အငြင်းပွားနေစရာမလိုပါချေ။ ကိုသာမြိုင်၏ နှုတ်ဖျားမှ လည်းကောင်း၊ ကျွန်တော့်နှုတ်ဖျားမှ လည်းကောင်း ပြိုင်တူ တစ်သံတည်းရေရွတ်လိုက်မိကြလေသည်။

"မြသိန်း၊ မြသိန်း။ ဖြစ်မှဖြစ်ရလေကွာ"

ကျွန်တော်နှင့် ကိုသာမြိုင်သည် နှုတ်ဖျားမှပြောပြောဆိုဆိုပင် မြသိန်း၏အလောင်းရှိရာသို့ ပြေးသွားရန် ဟန်ပြင်လိုက်ကြသည်။

ဤတွင် အိနားမတ်ဆုသည် ကျွန်တော်တို့ ၂ ဦး၏ လှမ်းတော့မည်ဆဲဆဲခြေဟန်ကို ရိုင်ဖယ်နှင့်ဆီးကာ လျက် ဟန့်တားခြင်း ပြုလိုက်သည်။

"ကျား၊ ကျား ရှိတကား"ဟူ၍လည်း မပီမသမြန်မာစကားဖြင့် ပြောလေသည်။ ထို့နောက် ဝါးရုံ တောကြီးအတွင်း တောင်မြောက် ၄ ပါးကို အကဲခတ်ကြည့်ရှုလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်တို့ ၂ ဦးစလုံးပင် အိနားမတ်ဆု၏အပြုအမူကို သဘောပေါက်ကြပါသည်။

အိနားမတ်ဆုသည် 'မြသိန်း၏အလောင်းအနီးအနား၌ ကျားရှိလေဦးမည်လား' ဟူသောစိုးရိမ်မှုကြောင့် ကျွန်တော်နှင့်ကိုသာမြိုင်အား ဟန့်တားလိုက်ခြင်းပင် ဖြစ်လေသည်။

ဤလိုနှင့် အခြေအနေကို စိတ်ချလောက်သည်အထိလေ့လာပြီးမှ ကျွန်တော်တို့သည် အိနားမတ်ဆု၏ ရှေ့ဆောင်မှုဖြင့် မြသိန်းအလောင်းအနီးသို့ ချဉ်းကပ်ခဲ့ကြလေသည်။ မြသိန်း၏အလောင်းမှာ ကျားစားထားသဖြင့် မျက်နှာတစ်ခြမ်း မရှိတော့။ ရင်ဘတ်သားတချို့နှင့် ပေါင်သား အချို့လည်းမရှိတော့။ ဝမ်းဗိုက်နေရာအနံ့တွင် ကုတ်ရာဖဲ့ရာကိုက်ရာများဖြင့် သွေးအလိမ်းလိမ်းကျံလျက် ရှိလေသည်။ မြင်ရက်စရာ, ရှုရက်စရာမရှိ ဟူ၍သာ ဆိုရပေမည်။

ဂျပန်စစ်ဗိုလ် အိနားမတ်ဆုကိုယ်တိုင်မှာပင် မြသိန်း၏အဖြစ်ကိုကြည့်လျက် စိတ်မကောင်းဖြစ်သွားလေသည်။ သူသည် ဂျပန်စကားဖြင့် တစ်စုံတစ်ရာကို ပြောဆိုရေရွတ်လိုက်သည်။ သို့ရာတွင် သူ့အသံသည် ခက်ထန်မာကျော ခြင်း မရှိ။ ညည်းတွားသည့်လေသံမျိုး ဖြစ်လေသည်။ ပြီးသော် အိနားမတ်ဆုသည် သူ့ခေါင်းကို ခပ်လေးလေး ယမ်းခါခြင်းပြုလေသည်။

မကြာမီ အိနားမတ်ဆုသည် မြသိန်၏အလောင်းကို မြှုပ်နှံခြင်းပြုရန် ကျွန်တော်တို့အား အမိန့်ပေးလေသည်။

ကျွန်တော်တို့သည် တိုတောင်းသော အချိန်ကလေးအတွင်း မြသိန်း၏အလောင်းကို ကျင်းကလေးခပ်တိမ်တိမ် တူးလျက် မြှုပ်နှံခြင်းပြုကြရလေသည်။ စမ်းချောင်းအနီးမှမြေသည် အတော်ကလေးပင် ပျော့လျက် ခပ်ပွပွမြေဖြစ်သော ကြောင့်သာ ကျွန်တော်တို့အဖို့ တော်သေးသည်ဟု ဆိုရပါမည်။ ကျွန်တော်တို့ မြေကျင်းတူးကြရသည်မှာ ပေါက်တူး, ပေါက်ချွန်း စသည့် လက်နက်များနှင့် အကျအန တူးကြရသည်တော့ မဟုတ်ပါ။ ဓားချွန်တစ်ချောင်း, ဝါးမတို တစ်ချောင်းဖြင့် ချွေးဒီးဒီးကျအောင်တူးဆွကြရခြင်းသာ ဖြစ်လေသည်။

ပြီးလျှင် မြသိန်း၏အလောင်းကို မြှုပ်နှံခြင်းပြုရာ၌လည်း ကျွန်တော်တို့အဖို့ စိတ်တိုင်းကျမဖြစ်ပါချေ။ ကျင်းမှာ အတော်ပင်တိမ်နေလေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် အလောင်းပေါ်မှမြေများဖို့ခြင်း, စမ်းချောင်းအနီးတစ်ဝိုက်နှင့် ကားလမ်းဘေးအနီးတစ်ဝိုက်တွင်ရှိသော ကျောက်တုံးကျောက်ခဲများကိုထမ်းပိုးမချီလျက် အလောင်းမြေပုံပေါ်တွင်ဖို့ခြင်းများကို ပြုလုပ်ကြရပြန်ပါသည်။ ဤလိုလုပ်ရခြင်းကြောင့်လည်း မြသိန်း၏အလောင်း မြေပုံမှာ ကျောက်ဂူသွင်းလျက်မြှုပ်နှံထားသော မြေပုံ တစ်ခုကဲ့သို့ ဖြစ်နေပါတော့သည်။

http://mmteashop.com



ထိုကိစ္စများပြီးစီးသည့်အခါ ကျွန်တော်တို့ ၃ ယောက်သည် စမ်းချောင်းအတွင်းသို့ဆင်းသက်လျက် ခြေ,လက်များကို ဆေးကြောသုတ်သင်ခြင်းပြုရလေသည်။

ကျွန်တော်, ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် စကားပြန်ကလေး မောင်ချစ်တို့က ဤသို့လုပ်ကိုင်နေကြသည့်အခါ၊ ဂျပန်စစ်ဗိုလ်အိနားမတ်ဆုသည် အလွန်တရာတာဝန်ဝတ္တရားကျေပွန်စွာဖြင့် သေနတ်ကိုအသင့်ကိုင်လျက် တောကောင်သတ္တဝါများ၏ဘေးရန်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း ပြုလေသည်။ ဤအချက်ကိုမူ ဂျပန်စစ်ဗိုလ်အိနားမတ်ဆုအပေါ်၌ ကျွန်တော် လွန်စွာပင်ကျေးဇူးတင်မိပါသည်။ ကျွန်တော့်စိတ်ထဲကလည်း အိနားမတ်ဆုအား များစွာပင်ချီးကျူးမိပါသည်။

အချိန်မှာ နံနက် ၁၀ နာရီ ကျော်လွန်ခဲ့လေပြီ။

မြသိန်း၏အလောင်းကို တွေ့ရသောကြောင့်လည်း အိနားမတ်ဆုသည် တပ်ဒိန်စခန်းသို့ ဆက်လက်မသွားတော့ချေ။ ကျွန်တော်တို့အားလုံး ခုနစ်ခွေစခန်းသို့ပြန်လှည့်ခဲ့ကြလေသည်။

"ဆရာလေးကို ကျွန်တော်ပြောတဲ့အတိုင်း မှန်နေပြီမဟုတ်လားဗျ"

၂ ယောက်အတူလျှောက်လာရာမှ ဘွန်ထိုက်ချိုကိုသာမြိုင်က ပြောလေသည်။

"ဘာလဲ ကိုသာမြိုင်"

ကျွန်တော်က မေးလိုက်ပါသည်။ သူ ဘာဆိုလိုကြောင်း ကျွန်တော် ရုတ်တရက် နားမလည်သောကြောင့် ဖြစ်ပါသည်။

"မြသိန်းကို ကျားဆွဲသွားပြီလို့။ ခု ကျွန်တော်ထင်တဲ့အတိုင်းပဲမဟုတ်လား"

"အင်း–အင်း။ ဟုတ်ပါတယ်ဗျာ။ ဒီကောင်တစ်ယောက်တည်းနောက်ကျန်နေလို့ ကျားဆွဲခံရတာလား။ မောမောနှင့်နားနေတုန်း ကျားကခုန်အုပ်လိုက်တာပဲလား။ ဒီ ၂ခု တစ်ခုခုဖြစ်မှာပဲပေါ့။ ဒီတစ်ချီစခန်းအပြောင်းမှာ ကျွန်တော်တို့လူ ၂ ယောက် ဆုံးရတာပေါ့"

ကျွန်တော်က ပြောလိုက်လေသည်။

"အဲဒါက လမ်းခုလတ်မှာသေရတာ ရှိသေးတယ်။ ခုနစ်ခွေစခန်းမှာ ဘယ်လောက်သေကြကျေကြဦးမလဲပဲ။ ဒီစခန်းက ခပ်ဆိုးဆိုးဗျဆရာလေး"

ကိုသာမြိုင်က သူ၏ယူဆချက်ကိုပြောလေသည်။

"တောတွင်းချွေးတပ်စခန်းတွေ ဆိုးတယ်ဆိုတာကတော့ ဒီတစ်နေရာတည်းဆိုးတာတော့ မဟုတ်ပါဘူး ကိုသာမြိုင်။ စခန်းတွေအားလုံး ဆိုးတာပဲ။ ခုဆိုရင် ကျွန်တော်တို့ချွေးတပ်သားတွေရဲ့ကျန်းမာရေးအခြေအနေဟာလည်း တစ်နေ့တခြားပိုဆိုးလာတယ်မဟုတ်လားဗျာ"

"ဟုတ်တာပေါ့ ဆရာလေးရာ"

ကျွန်တော်နှင့် ကိုသာမြိုင်က ရှေ့မှနေလျက် စကားတပြောပြောလျှောက်ကြသလို၊ အိနားမတ်ဆုနှင့် မောင်ချစ်တို့ကလည်း နောက်မှ စကားတပြောပြောလိုက်လာကြလေသည်။ အပြန်ခရီးလမ်း၌မူ ကျွန်တော်နှင့် ကိုသာမြိုင်သည် နောက်ချန်လျက်မနေဝံ့ကြပါပေ။ ကျားအန္တရာယ်ကြောင့် ဖြစ်လေသည်။

"မနေ့ညက ကျွန်တော်တို့ ဒီနေရာထိရောက်ရင် မြသိန်းအလောင်းကို တွေ့ချင်မှတွေ့မှာဗျဆရာလေး"

"ရုတ်တရက်တွေ့ဖို့ မလွယ်ဘူးဗျ။ ကားလမ်းနှင့် ခုတွေ့ရတဲ့နေရာနှင့်က အတော်လေးဝေးသားပဲ။ ခု အိနားမတ်ဆုတွေ့တာတောင် ကျားကိုစတွေ့တာ ဖြစ်မယ်"

ကျွန်တော်က ပြောလိုက်သည်။

"အင်း၊ ဒါလည်း ဟုတ်တာပဲ"

http://mmteashop.com



"ဘာပဲပြောပြောပေါ့ဗျာ။ ဖိုးမိုသေရတာဟာ မြသိန်းသေရတာထက်တော့ တော်သေးတယ်ဆိုရမှာပေါ့။ ဖိုးမိုက အားပြတ်သေရတာ။ မြသိန်းကတော့ အရှင်လတ်လတ်ကျားဆွဲခံရတာ။ သေရပုံချင်းက အကွဲပြားသား"

ကျွန်တော်က ပြောပါသည်။

သို့နှင့် ကျွန်တော်တို့သည် မကြာမီပင် ၇ ခွေစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြလေသည်။ စခန်းအပြင် တစ်နေရာတွင် ထင်းခုတ်ထင်းပြတ်လုပ်နေကြသော ချွေးတပ်သားအချို့တို့သည် ကျွန်တော်နှင့် ဘွန်ထိုက်ချို ကိုသာမြိုင်ကို တွေ့လိုက်ရသည့်အခါ မြသိန်းအကြောင်းကို မေးမြန်းကြလေသည်။ ကျွန်တော်တို့ကလည်း ဖြစ်ကြောင်း ကုန်စင်ကို ပြန်လည်ကာပြောကြားရလေသည်။

မြသိန်းအကြောင်းကိုသိရသော ချွေးတပ်သားအားလုံးပင် မြသိန်းအတွက် စိတ်လက်မကောင်းဖြစ်ကြရရှာလေသည်။ သူတို့သူတို့သည် လုပ်ဖော်ကိုင်ဖက်တစ်ယောက်၏ အသေဆိုးသေရရှာသည်ကို စိတ်ထိခိုက်ခြင်း ဖြစ်ကြရှာလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်သည် စခန်းသို့ပြန်လည်ရောက်ရှိခဲ့ပြီးနောက် 'ထိုနေ့အဖို့ ချွေးတပ်သားများရှိရာအလုပ်ခွင်စခန်းသို့ လိုက်သွားခြင်းမပြုတော့' ဟူသောဆုံးဖြတ်ချက်ဖြင့် စခန်း၏တဲတန်းလျားအတွင်း၌ပင် အနားယူလျက်ရှိနေကြပါသည်။

ဤလိုရှိနေခဲ့ရာမှ ညနေ ၃ နာရီအချိန်ခန့်တွင်မူ စကားပြန်သူငယ်ကလေးမောင်ချစ်သည် ကျွန်တော်နှင့် ကိုသာမြိုင်ရှိရာသို့ ပေါက်လာလေသည်။

"ဆရာလေးနှင့် ဦးသာမြိုင်ကို မာစတာကခေါ်နေတယ်"

စကားပြန်သူငယ်က ပြောလေသည်။

"ဘာကိစ္စလဲကွယ့်"

ကျွန်တော်သည် တုံးလုံးလှဲနေရာမှထထိုင်လိုက်လေသည်။

"ဒိုင်းနမိုင်းခွဲရဖို့နှင့် တူတယ်"

မောင်ချစ်က ပြောလေသည်။

"ဟေ–ဒိုင်းနမိုင်းခွဲရမယ်။ ဟုတ်လား"

ကျွန်တော်က အံ့ဩသလိုမေးလိုက်ပါသည်။

ကျွန်တော့်အနီးတွင်ရှိနေသော ဘွန်ထိုက်ချို ကိုသာမြိုင်ကလည်း "ဘယ်လိုလဲကွ။ တို့များ ခွဲရမှာလား"ဟု မျက်လုံးပြူးမျက်ဆံပြူးမေးလိုက်လေသည်။

"ကျွန်တော်ထင်တာ ပြောတာလေ"

စကားပြန်သူငယ်က မရှင်းမလင်းပြောလေသည်။

"မင်းသိမှာပေါ့ကွာ။ ဟုတ်ရင်ဟုတ်တယ်ပေါ့"

ကျွန်တော်က အစ်လိုက်ပါသည်။ သို့ရာတွင် စကားပြန်သူငယ်ကလေးမောင်ချစ်သည် နောက်ထပ်လျက်မည်သည့်စကားကိုမျှ မဟာတော့ပါချေ။ နှုတ်ဆိတ်သွားလေသည်။ ကျွန်တော်သည် အကြောင်းတစ်ခုကို စဉ်းစားလိုက်မိလေသည်။ စကားပြန်သူငယ်မှာ အသက်အရွယ်အားဖြင့် ၁၄ နှစ်ထက်ကြီးလိမ့်ဦးမည်မဟုတ် ဟုထင်ပါသည်။ သို့သော် သူတို့ကလေးတွေသည် ဂျပန်စစ်သားများနှင့် ကာလအတန်ကြာ အတူတကွနေထိုင်လာသည့်အခါ သူတို့ကိုယ်တိုင်မှာလည်း စစ်မှုထမ်းများ၏ဘဝနှင့် ကျင့်ဝတ်ကို ကြောက်ရွံ့လေးစားလာဟန်တူပါသည်။ ထို့ကြောင့် ...ည်း မောင်ချစ်သာ မဟုတ်။ အခြားအခြားသော စကားပြန်သူငယ်ကလေးများသည်ပင် အလွန်တရာ နှုတ်လုံခြင်း ရှိကြလေသည်။

http://mmteashop.com



ခပ်စောစောအချိန်ကမှ မောင်ချစ်သည် ကျွန်တော်နှင့် ကိုသာမြိုင်အား လွှတ်ခနဲပြောလိုက်မိခြင်းသာ ဖြစ်ဟန်တူလေသည်။ စင်စစ် ဂျပန်များနှင့် အတူနေထိုင်ကြရသည့်အခါ၌ သူတို့သူတို့ခမျာကလေးတွေမှာလည်း အလွန်တရာ အနေရကျပ်တီးကြဟန် တူလေသည်။ နောက်တစ်ကြောင်းမှာလည်း ဂျပန်များကိုယ်တိုင်ကပင် နှုတ်လုံစေရန် ပြောကြားထားကြဟန် တူလေသည်။

"ကဲပါလေ။ ဟိုရောက်တော့ အကြောင်းစုံသိရမှာပေါ့ကွာ။ သွားကြမယ်ကိုသာမြိုင်"

ကျွန်တော်က ပြောပြောဆိုဆိုထိုင်ရာမှထလိုက်သည်။ ထိုအခါမှ ဘွန်ထိုက်ချိုကိုသာမြိုင်မှာလည်း ကျွန်တော့်နည်းတူ ထိုင်ရာမှထလေသည်။

ကျွန်တော်တို့သည် မကြာမီပင် အိနားမတ်ဆုရှိရာ စစ်ရုံးအဆောက်အအုံသို့ရောက်ခဲ့ကြလေသည်။

ကျွန်တော်သည် အိနားမတ်ဆုထံမှ တစ်စုံတစ်ရာ မသိရသေးမီ 'မောင်ချစ်ပြောသည့်အတိုင်း ဒိုင်းနမိုင်းဖောက်ခွဲသောအလုပ်အတွက်ပေလား' ဟူ၍လည်း တွေးလိုက်မိလေသည်။ စင်စစ် ဒိုင်းနမိုင်းခွဲသောအလုပ်မှာ ကျွန်တော်တို့ ချွေးတပ်သားများ၏တာဝန်ကား မဟုတ်ပေ။ ဂျပန်စစ်သားများ၏အလုပ်သာ ဖြစ်လေသည်။

ဒိုင်းနမိုင်းဖောက်ခွဲရသည့်အလုပ်မှာ အတော်အတန်အန္တရာယ်ရှိသောအလုပ်တစ်ခု ဖြစ်လေသည်။ ကျွန်တော်မှာ ကျောက်တစ်လုံးစခန်းတွင် နေရစဉ်အခါကပင် ကျောက်တောင်ကြီးများအား ဒိုင်းနမိုင်းခွဲရသည့်အလုပ်ကို တွေ့ဖူးမြင်ဖူးပြီးဖြစ်လေသည်။ ထို့ကြောင့်လည်း အလုပ်၏သဘောကို လည်းကောင်း, အန္တရာယ်၏အဖြစ်ကို လည်းကောင်း တွက်ဆမိပြီးဖြစ်လေသည်။

ကျွန်တော်တို့သည် အိနားမတ်ဆု၏ရှေ့မှောက်တွင် ရပ်လိုက်မိကြလေသည်။ ထိုအခါ အိနားမတ်ဆုနှင့်အတူရှိနေသော ဂျပန်စစ်သားတစ်ယောက်နှင့် ကျွန်တော်တို့အထဲမှ ချွေးတပ်သား ၂ ယောက်တို့ကိုလည်း တွေ့လိုက်ရလေသည်။

ဤတစ်ကြိမ်၌လည်း အိနားမတ်ဆုသည် ထွေထွေထူးထူးစကားမပြောပေ။ တွေ့လိုက်သည်လျှင်ပင် ကျွန်တော့်အား ကွမ်းသီးဖက်ဆေးလိပ်စည်းတစ်စည်းကို လှမ်းပေးလေသည်။ ထို့နောက်မှပင် စကားပြန်သူငယ်မှ တစ်ဆင့် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများ ယနေ့ညနေတွင် ကျောက်တောင် ကြီးများကို ဒိုင်းနမိုင်းဖောက်ခွဲရမည့် အကြောင်း ပြောလေသည်။ ပြီးလျှင် 'ဂျပန်စစ်သားနှင့်အတူ အလုပ်ခွင်ရှိရာသို့ လိုက်သွားရမည်' ဟု အမိန့်ပေးခြင်းပြုလေသည်။

ကျွန်တော်သည် အိနားမတ်ဆုပြောသည်ကို တစ်စုံတစ်ခု ငြင်းဆန်မှုမပြုနိုင်ပါချေ။ ငြင်းဆန်သော်လည်း ရနိုင်မည်မဟုတ်ကြောင်း သဘောပေါက်ပြီးဖြစ်ပါသည်။ ထို့ကြောင့် သူ့အမိန့်ကိုနာခံလျက် ကိုသာမြိုင်နှင့်အတူ အလုပ်ခွင်ရှိရာသို့ လိုက်ခဲ့ရလေသည်။ ခပ်စောစောက ချွေးတပ်သား ၂ ယောက်မှာလည်း ယမ်းဘီလူးသေတ္တာကို တစ်ယောက်တစ်လုံး ထမ်းပိုးလျက် သယ်ဆောင်ခဲ့ကြရလေသည်။

http://mmteashop.com

## အသေဆိုး သေရပြန်ခြင်း

"ဖြစ်ပါ့မလားဆရာလေး"

လမ်းခရီးတွင် ကိုသာမြိုင်ကမေးလေသည်။

"ဖြစ်ပါတယ်ဗျ။ ဂျပန်တောင်လုပ်နိုင်ရင် ကျွန်တော်တို့ ခင်ဗျားတို့အနေဖြင့်လည်း လုပ်နိုင်ရမှာပေါ့"

"ဒီပြင် လူတွေက မဖောက်ရဲဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"အဲတော့လည်း ခင်ဗျားနှင့် ကျွန်တော်ပေါ့ဗျာ"

ကိုသာမြိုင်သည် အတော်ကြာ စကားမဟသေးဘဲငြိမ်သက်နေလေသည်။

"လုပ်လေ။ ဆရာလေးလုပ်ရင် ကျွန်တော်လည်းလိုက်လုပ်မှာပဲ"

အတန်ကြာသွားမှ ကိုသာမြိုင်စကားဆိုလေသည်။

"ခက်တာက မလုပ်ပြန်ရင်လည်း 'ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေ အသုံးမကျဘူး။ ဗမာတွေအလကားပဲ'လို့ ထင်မယ်ဗျ"

"သူတို့က ခြေထောက်မှာဖိနပ်စီးထားတယ်။ ဆရာလေးတို့ ကျွန်တော်တို့က ဖိနပ်မရှိဘူး။ ကျောက်ခဲကျောက်တုံးအချွန်ကလေးတွေပေါ်စွပ်ပြေးရတော့ ခြေထောက်က သွေးဝေါက်ဝေါက်ပန်းထွက်တာ။ ဖောက်ရခွဲရမယ်ဆိုရင်တော့ အဲဒီဒဏ်ခံရမှာ အနည်းဆုံးသေချာတယ်"

"ဖြစ်သမျှအကြောင်း၊ အကောင်းချည်းပေါ့"

မကြာမီ ကျွန်တော်တို့သည် အလုပ်သမားများရှိရာသို့ ရောက်ခဲ့ကြလေသည်။ ထိုအလုပ်သမားအဆိုင်းများသည် ကျောက်တောင်ကြီးများအား ဖောက်ထွင်းရသော အလုပ်သမားအဆိုင်းများ ဖြစ်လေသည်။

ကျွန်တော်တို့သည် ရောက်မဆိုက်၌ပင် အလုပ်ခွင်တွင်ရှိနေသော ဂျပန်စစ်သား ၃ ယောက်နှင့်အတူ ကျောက်တောင်ကြီးများအား အပေါက်ငယ်ကလေးများဖောက်ထွင်းနေကြသော အလုပ်သမားများရှိရာသို့ လိုက်လံကြည့်ရှုရလေသည်။

ဤသို့လိုက်လံကြည့်ရှုလျက် စစ်ဆေးခြင်းအမှုပြုသည့်အခါ ဂျပန်စစ်သား ၃ ယောက်တို့၏လက်ထဲတွင် တစ်ပေသာသာအရှည်ရှိသော ဝါးချောင်းကလေးများကို တစ်ယောက်လျှင်တစ်ချောင်းကျ ကိုင်ဆောင်ထားကြလေသည်။

ဒိုင်းနမိုင်းခွဲရန်အတွက် ကျောက်တောင်ကြီးများအား အပေါက်ဖောက်ထွင်းခြင်းပြုကြရသည်မှာ အလုပ်သမား ၄ ယောက်လျှင် တစ်ဆိုင်းကျ တစ်တွဲကျဖြစ်လေသည်။ သူတို့သည် မနက်လင်း၍ အလုပ်ဆင်းလာကြသည့်အချိန်မှစတင်လျက် ဂျပန်စစ်သားများက သတ်မှတ်ပေးထားသောနေရာများ၌ အပေါက်တစ်ခုကျစီ ဖောက်ထွင်းခြင်းပြုကြရလေသည်။ ဖောက်ထွင်းရပုံမှာ ဤသို့ဖြစ်လေသည်။

ချွေးတပ်သား ၄ ယောက်အနက် ၂ ယောက်တို့က သံတူရှင်းအချွန်းကြီးတစ်ခုကို ဂျပန်စစ်သားများ

http://mmteashop.com



သတ်မှတ်ပေးထားသော ကျောက်တောင်ကြီး၏ တစ်နေရာထက်၌ လက်မှကိုင်လျက် စိုက်ပေးထားကြရလေသည်။ ဤတွင် ၂ ဦးသောချွေးတပ်သားတို့က ကြီးမားသောသံတူကြီးများဖြင့် တစ်အားကုန်လွှဲလျက် သံတူရှင်း၏ အနောင့်ပေါ်သို့ ထုနှက်ခြင်းပြုကြရလေသည်။ ဤလိုနှင့် ညနေစောင်း ၅ နာရီထိုးသည့်အခါ၌မှ ၁ ပေသာသာ ၂ ပေနီးနီးခန့်ရှိသော ကွက်တွင်းပေါက်ကဲ့သို့သော ကျင်းကလေးတစ်ခုဖြစ်လာလေသည်။ ထုနှက်ဖောက်ထွင်းနေစဉ် အချိန်အတွင်း၌လည်း မကြာခဏဆိုသလို ကျောက်မှုန့်ကလေးများကို သေးငယ်သောဝါးခြမ်းပြားတစ်ချောင်းဖြင့် အပြင်သို့ကော်ထုတ်ပစ်ရလေသည်။

သည်အလုပ်မှာ အချောင်ခိုလျက် ဟန်လုပ်လုပ်နေ၍လည်းမဖြစ်ပါချေ။ အလွန်တရာမာကျောသော ကျောက်တောင်, ကျောက်ကမ္ဘူကြီးများကိုဖောက်ထွင်းရသည့် ကိုယ့်တာဝန်နှင့်ကိုယ် လုပ်ကိုင်ရသောကိစ္စဖြစ်ခြင်းကြောင့်လည်း ရှေသာခိုနေ၍မဖြစ်ပါပေ။ အကယ်၍ အချိန်ကျ၍မှ အများနည်းတူမပြီးခဲ့သော် အထုအရိုက်အညှဉ်းအပန်းခံရလေသည်။ ပြီးလျှင် ထိုလူ ထိုအဆိုင်းအားစခန်းရှိရာသို့ပြန်မလွှတ်ဘဲ မိုးချုပ်သည်အထိ မှောင်မည်းလာသည်အထိ ပြီးစီးအောင် အလုပ်ခိုင်းလေသည်။ ဤသို့ဖြစ်လာသည့်အခါ ဂျပန်များစိတ်အခန့်မသင့်လျှင် ထို ၄ ယောက်အဆိုင်းသာမက တခြားသောချွေးတပ်သားများမှာလည်း မသက်မသာဖြစ်ရတတ်လေသည်။

ထိုကြောင့်လည်း ကျောက်တောင်ကြီးအား အပေါက်ငယ်ကလေးတစ်ပေါက်ဖြစ်အောင် ဖောက်ထွင်းရသည့်အခါ နဂိုကပင် အားအင်ကုန်ခမ်းနေသောခများများအနေဖြင့် များစွာပင်ပန်းရှာကြလေသည်။ တူထုသမား ၂ ယောက်မှာ ချွေးပြိုက်ပြိုက်ကျဆင်းလျက် ဟောဟဲလိုက်နေသလို၊ တူရှင်းကိုင်၍ပေးရသော ချွေးတပ်သား ၂ ယောက်တို့မှာလည်း လက်ဖဝါးများပေါက်ပြဲလျက် သွေးချင်းချင်းရဲရှာကြလေသည်။

ရံဖန်ရံခါ၌မူ သံတူရှင်း၏အနောင့်တည့်တည့်ပေါ်သို့ သံတူမထုမိဘဲ နေရာလွဲသွားသည့်အခါ တူရှင်းကိုင်ထားသောချွေးတပ်သားခများ၏လက်ပေါ်သို့ ထုမိတတ်လေသည်။ သို့ဖြစ်ရသည့်အခါ သူတို့သည် သွေးထွက်သောဒဏ်ရာဒဏ်ချက်များပေါ်သို့ဖုန်သိပ်၍ သော်လည်းကောင်း တောသစ်ရွက် သစ်ခေါက်တို့၏အရည်များကို ညှစ်ချ၍ သော်လည်းကောင်း၊ အလုပ်တာဝန်ကိုပြီးစီးသည်အထိ ဆက်လက်၍လုပ်ကြရလေသည်။

ဤနေရာတွင် ကြားဖြတ်လျက် တစ်ခုဖော်ပြချင်ပါသည်။ ဂျပန်များသည် အလုပ်နှင့်ပတ်သက်၍ ဒဏ်ခတ်ခဲ့လျှင် တစ်ဦးတစ်ယောက်တည်း၊ တစ်ဆိုင်းတည်းသာမက အားလုံးကိုအပြစ်ပေးတတ်လေသည်။ ဥပမာ– ကျောက်တောင်ကြီး၏တစ်နေရာကို အပေါက်ဖောက်ရန်အတွက်တာဝန်ကျသော ၄ယောက်တွဲ အဆိုင်းတစ်ဆိုင်းသည် အများနည်းတူ အလုပ်ပြီးစီးရမည့်အချိန်၌မပြီးစီးပါက ဂျပန်များ၏အရိုက်အနှက် အကန်အကျောက်ကိုခံရကာ ကျင်းငယ်ပြီးသည်အထိ ဆက်လက်၍တူးကြရလေသည်။ ထိုအခါ အလုပ်တာဝန်ပြီးစီးသွားသောချွေးတပ်သားများ၊ ဟန်ချိုနှင့် ဘွန်ထိုက်ချိုများမှာလည်း အလုပ်မပြီး စီးသော ထိုချွေးတပ်သား ၄ ဦးအပေါ်၌ အမျက်မာန်ပွားကြလေသည်။ 'သူတို့ကြောင့် တို့ အပြစ်ပေးခံရတာပဲ။ ဒီကောင် ၄ ယောက်ကြောင့် ခုလို တို့ဖြစ်ရတာပဲ'ဟု အမျိုးမျိုးရေရွတ်ခြင်း ပြုတတ်လေသည်။

ဂျပန်များက ဤလိုပြုမူတတ်သောကြောင့်လည်း ချွေးတပ်သားများအချင်းချင်းသည် လည်းကောင်း၊ ဘွန်ထိုက်ချို ဟန်ချို စသူများက လည်းကောင်း၊ အလုပ်တွင်ခိုကပ်နေသော ချွေးတပ်သားအဆိုင်းများအား ဝိုင်းဝန်းပြောဆိုခြင်း၊ ကူညီသင့်သည်ကိုကူညီလုပ်ကိုင်ပေးခြင်းစသည်ဖြင့် ပြုမူကြလေသည်။

ညနေ ၅ နာရီထိုးသည့်အခါ ဂျပန်စစ်သားများသည် ချွေးတပ်သားများဖောက်ထွင်းထားသော ကျောက်တောင်များရှိကျင်းပေါက်ငယ်များကို ၎င်းတို့ထံတွင်အသင့်ရှိနေသော အတိုင်းအထွာတုတ်ချောင်းကလေးများနှင့် လိုက်လံတိုင်းထွာကြည့်လေသည်။ ဤတွင် အချို့ အတန်ငယ်တိမ်နေသောကျင်းများကိုလည်း ဆိုင်ရာဆိုင်ရာ ချွေးတပ်သားတို့အား ထပ်မံ၍လျက်ဖောက်ထွင်းခိုင်းလေသည်။

http://mmteashop.com



ဤလိုနှင့် ၅ နာရီခွဲလောက်တွင် အားလုံးပြီးစီးသွားလေသည်။ ဂျပန်စစ်သားများသည် ကျင်းငယ်များအတွင်းသို့ အသင့်ပြင်ဆင်ထားသော ယမ်းဘီလူးများကိုထည့်ပြီးနောက် ဆေးပတ်ပတ်လည်မှ ကျောက်မှုန့်, ကျောက်ခဲကလေးများကို ထိုးသိပ်ပေးလေသည်။ စနက်တံကိုမူ တစ်မိုက်, တစ်ထွာခန့်အပြင်တွင်ထုတ်ထားလေသည်။ ထိုကိစ္စပြီးသည့်အခါတွင်မူ ကျွန်တော်ကိုယ်တိုင်မှာလည်း ကျွန်တော့်ဝတ္ထုရားများကို စတင်လျက်ဆောင်ရွက်ခြင်းပြုရလေသည်။

ကျွန်တော်သည် ဟန်ချီနှင့် ဘွန်ထိုက်ချီများအားစုရုံးခေါ်ငင်ပြီးနောက် ဒိုင်းနမိုင်းဖောက်ခွဲခြင်းပြုရမည့်အကြောင်းကိုလည်းကောင်း၊ မည်သူမည်ဝါ ဖောက်နိုင်, မဖောက်နိုင်ဆိုသည်ကို လည်းကောင်း မေးမြန်းခြင်းပြုရလေသည်။ ဤလို ကျွန်တော်ကမေးမြန်းသည့်အခါ မည်သည့်ဟန်ချီနှင့် ဘွန်ထိုက်ချီကမျှ ဖောက်ခွဲလိုကြောင်း မပြောကြပါပေ။ ဘွန်ထိုက်ချီ ကိုသာမြိုင်မှုလွဲလျှင် အားလုံးကပင် ထိုအလုပ်ကိုမလုပ်လိုကြောင်း ငြင်းဆန်ခြင်းပြုကြလေသည်။

"မဖောက်ပါရစေနှင့်ဗျာ။ ကျွန်တော်တို့မပေးနိုင်ဘူး"

"ဟာ–မဖောက်ချင်ဘူးဗျာ။ ဒီအလုပ်က သိပ်ပြီးအန္တရာယ်များတယ်"

အားလုံးတို့ကပင် ထိုစကားကိုပြောကြားကြလေသည်။ မှန်ပါသည်။ သူတို့သူတို့တွင် ပြေးနိုင်လွှားနိုင်သည့်အင်အားဟူ၍ ဟုတ္တိပတ္တိမရှိရှာကြတော့ပါချေ။ သူတို့ သူတို့အားလုံးပင် ဘားအင်ကုန်ခမ်းနေကြသူများ ဟူ၍ဆိုရမည်ဖြစ်လေသည်။

ဒိုင်းနမိုင်းဖောက်ခွဲရမည့်အလုပ်ကိုမူ ကျွန်တော်ကိုယ်တိုင်ကလည်း သူတို့ကို အတင်းအကျပ်တိုက်တွန်းလှုံ့ဆော်ခြင်းတော့မပြုပါ။ အတင်းအဓမ္မစေခိုင်းခြင်းပြုရန်လည်း မသင့် ဟု ကျွန်တော်ကယူဆမိပါသည်။

အဘယ့်ကြောင့်ဆိုရပါမူ ခမျာများအနေဖြင့်က ခရီးတစ်လျှောက်လုံး အလွန်တရာပင်ပန်းဆင်းရဲခြင်းကိုကြုံတွေ့ခဲ့ရသူများ ဖြစ်လေသောကြောင့်ပင်။ ထို့ကြောင့်လည်း ဤအလုပ်မျိုးကို လုပ်ကိုင်သင့်သူများသည် ကျွန်တော်အပါအဝင် ဘွန်ထိုက်ချီအချို့သာဖြစ်သည် ဟု ကျွန်တော်ယူဆမိလေသည်။

ဤနေရာတွင် နောက်ပိုင်းအချိန်များ၌ တောတွင်းချွေးတပ်စခန်းများနှင့် ချွေးတပ်သားများ၏အခြေအနေကိုလည်း ထပ်မံ၍တင်ပြလိုပါသည်။

တောတွင်းချွေးတပ်စခန်းများတွင် လပေါင်း,ရက်ပေါင်းများစွာ နှစ်နှင့်ချီလျက်၊ အလုပ်ကြမ်းများကိုတစ်နေ့မပြတ်လုပ်ကိုင်လာရခြင်း၊ ရောဂါဝေဒနာဆိုးများကြောင့် လူအသေအပျောက် အလွန်တရာများပြားလာခြင်း၊ အချို့မှာလည်း (အချို့ဆိုသော်လည်း ချွေးတပ်သား အတော်ခပ်များများ) 'ဆေးရုံ'ဟု အမည်ပေးထားသောတောတွင်းတဲတန်းလျားကြီးများသို့ အတင်းအကျပ်အပို့ခံရခြင်း စသောအကြောင်းများကြောင့် အလုပ်စခန်းများ၌အလုပ်လုပ်နိုင်သောချွေးတပ်သား ဟူ၍ အတော်ပင်လျော့နည်းလာလေသည်။

ပြီးသော် ချွေးတပ်သားအဖွဲ့အစည်းများမှာလည်း ယခင်အခါများကလို မိမိတို့မြို့နယ်, မိမိတို့အုပ်စုနှင့်မဟုတ်တော့ပါချေ။ ဟိုလူဒီလူ ရရာရကြောင်းလူများကို ဖြစ်သလိုနည်းနှင့် စုပေါင်းဖွဲ့စည်းလျက်လုပ်ကိုင်သွားကြရခြင်းသာ ဖြစ်လေသည်။ ထိုအခါ မူလပုံသဏ္ဌာန်မှာ ပျက်ပြားသွားခဲ့ရလေသည်။

တစ်ဖန် နောက်ပိုင်းအချိန်များတွင် အလုပ်လုပ်နိုင်သူအင်အားက နည်းပါးလာခြင်းကြောင့် ဟန်ချီများနှင့်ဘွန်ထိုက်ချီအချို့တို့ကိုပါ ဂျပန်များက စေခိုင်းလာလေတော့သည်။ သဘောမှာ 'မင်းတို့လူအတွက် မင်းတို့ပင်လူစားအဖြစ် လုပ်ကြရမည်' ဆိုသည့်သဘောထားပင် ဖြစ်လေသည်။

ခပ်စောစောပိုင်းအချိန်ကဆိုပါလျှင် ဟန်ချီနှင့် ဘွန်ထိုက်ချီများသည် ချွေးတပ်သားများနှင့်အတူ အလုပ်ခွင်အတွင်းသို့ လိုက်ပါရလျက် ချွေးတပ်သားများအပေါ်တွင် အလုပ်သမားခေါင်းများအဖြစ် ကြီးကြပ်ရုံ, ထိန်းသိမ်းကွပ်ကဲရုံသက်သက်မျှသာ ဖြစ်သော်လည်း နောက်ပိုင်း၌ကား လက်ပတ်တံဆိပ်များကို အပြုတ်အသိမ်းခံကြရလျက်

http://mmteashop.com



ချွေးတပ်သားများနှင့်အတူ ကျောက်ထုရခြင်း၊ ကျောက်သယ်ရခြင်း၊ တောထွင်တောခုတ်ရခြင်း၊ မြေသယ်မြေဖို့ ပြုလုပ်ရခြင်း စသော အလုပ်များကို လုပ်ကိုင်ကြရလေသည်။ ထို့ကြောင့်လည်း ဘွန်ထိုက်ချို၊ ဟန်ချို စသူများသည် သူတို့သူတို့၏လက်ပတ်တံဆိပ်များ အဖြုတ်အသိမ်းခံကြရမည့်အရေးကိုမူ သေရတော့မလောက်ကြောက်ရွံ့စိုးရိမ်ကြလေသည်။

ကောင်းလေပြီ။ သို့ဆိုပါလျှင် လက်ပတ်တံဆိပ်များ အဖြုတ်အသိမ်းမခံကြရလေအောင် သူတို့တစ်တွေ အဘယ်ပုံလုပ်ဆောင်ကြရလေမည်နည်း။ ဤအတွက် နည်းလမ်းတစ်ခုရှိလေသည်။

ထိုနည်းလမ်းမှာ အခြားမဟုတ်ပါ။ ဟန်ချိုနှင့် ဘွန်ထိုက်ချိုများသည် သူတို့သူတို့၏ချွေးတပ်သားများ အပေါ်၌ မထောက်မညှာ ရက်စက်ကြမ်းကြုတ်စွာဖြင့် ဂျပန်များပြုမူနှိပ်စက်သည့်နည်းတူ တဘုံးဘုံးတဒိုင်းဒိုင်း ထုရိုက်ကန်ကျောက်လျက် ညှဉ်းပန်းနှိပ်စက်စေခိုင်းပေးကြရန်ပင် ဖြစ်လေသည်။ သို့ဆိုလျှင် ထိုဟန်ချို၊ ဘွန်ထိုက်ချို၏ လက်မောင်းပတ်တံဆိပ် အဖြုတ်မခံရရေး(ဝါ) ရာထူးအဆင့်အတန်း မလျှော့ကျရေးမှာ အများကြီးသေချာစိတ်ချရလေသည်။

ဂျပန်များသည် ဟန်ချိုနှင့် ဘွန်ထိုက်ချိုများက ချွေးတပ်သားများအပေါ်တွင် ဤလိုရိုက်နက်ညှဉ်းပန်းလျက် စေခိုင်းခြင်းပြုနေလျှင်လည်း မည်သို့မျှဟန့်တားလိမ့်မည်တော့ မဟုတ်ပါပေ။ ပို၍ပို၍ပင် ဝမ်းသာလျက်၊ ပို၍ပို၍ပင် အားပေးအားမြှောက်ပြုလေသည်။ အဘယ့်ကြောင့်ဆိုသော် ချွေးတပ်သားများအား ဟန်ချို၊ ဘွန်ထိုက်ချိုများက ခပ်ကြမ်းကြမ်းဖိနှိပ်စေခိုင်းခြင်းပြုနေသည့်အခါ ဂျပန်စစ်သားများကလည်း သစ်ပင်ရိပ်ကောင်းကောင်း၊ ကျောက်တောင်ခြေရင်းကောင်းကောင်းနှင့် ကျောက်တောင်ကမူများခြေရင်းတွင် အေးအေးလူလူစကားစမြည်ပြောနိုင်ခြင်း၊ ငိုက်မျဉ်းနေနိုင်ခြင်း၊ သီချင်းကလေးတအေးအေးရွတ်ညည်းနေနိုင်ခြင်းကြောင့်ပင် ဖြစ်လေသည်။

ကျွန်တော် အထက်ကဆိုခဲ့သည့်အတိုင်း ချွေးတပ်အဖွဲ့အစည်းများတွင် ဤလို ပုံသဏ္ဌာန်ချွတ်ယွင်းလာသည်နှင့်အမျှ ဂျပန်များဘက်ကလည်း ပုံသဏ္ဌာန်တစ်မျိုးဖြစ်လာလေတော့သည်။

ယခင်အခါများက တောတွင်းအလုပ်ခွင်များသို့ ဆင်းသက်လိုက်ပါလာကြရသော ဂျပန်စစ်သားဦးရေမှာ ထောင့်ရေအောင်များပြားသော်လည်း၊ ယခု ဂျပန်အနည်းအကျဉ်းသာ လိုက်နိုင်လေတော့သည်။ ယခင်က ဂျပန်စစ်သား ၂၀-အစိတ်လိုက်သည့်နေရာတွင် ယခုအခါ ၃-၄ ယောက်၊ ၄-၅ ယောက်သာ လိုက်နိုင်လေတော့သည်။ ပြီးသော် ထိုသို့လိုက်ပါလာသောဂျပန်စစ်သားတိုင်းမှာလည်း အမြဲတမ်းပင် သေနတ်ကိုကိုင်ဆောင်ထားကြလေသည်။ သို့ရာတွင် ကျွန်တော်တို့ တောတွင်းရောက်ချွေးတပ်သားတို့ကမူ ဂျပန်များ၏ စစ်ရေးစစ်ရာအခြေအနေကို မည်သို့မျှ မသုံးသပ်တတ်ရိုးအမှန်ပင် ဖြစ်ပါသည်။

ဂျပန်တွေ စစ်နိုင်နေသလား၊ ရှုံးနေသလား။ ဒါကို ကျွန်တော်တို့ မသိ။ သိနိုင်လောက်သောအခြေအနေနှင့် သိရကြားရလောက်သောပတ်ဝန်းကျင်အနေအထားမျိုး ဟူ၍ကလည်း ကျွန်တော်တို့ဘဝတွင် မရှိ။ အားလုံးနေကြထိုင်ကြရသည်မှာ တောကြီးတောင်ကြီးများ ၄ ဘက် ၄ တန်ကာဆီးနေသည့်အရပ်သာလျှင် ဖြစ်လေသည်။

မကြာမီ စကားပြန်သူငယ်ကလေးသည် ဂျပန်စစ်သား ၃ ယောက်နှင့်အတူရပ်နေရာမှနေလျက်၊ '၁၂ယောက်၊ ၁၃ယောက်' ဟုအော်၍ ပြောလေသည်။

ကျွန်တော်က မည်သို့မျှပြန်မပြောဘဲ ဘွန်ထိုက်ချိုကိုသာမြင်ကိုခေါ်ငင်လျက် ဂျပန်စစ်သား ၃ ယောက်နှင့် စကားပြန်သူငယ်တို့ရှိရာသို့ ခပ်သွက်သွက်လျှောက်ခဲ့လေသည်။

သူတို့ ၄ ယောက်ရှိနေသည်မှာ ကျောက်ကမူငယ်တစ်ခု၏ဆင်ခြေလျှောတစ်နေရာတွင် ဖြစ်လေသည်။ ကြီးမားသောသစ်ပင်ကြီး ၂ပင်သည် တောင်ကမူဘေးတွင်ရှိလေသည်။ ဖွင့်ပြီးဖြစ်သောယမ်းဘီလူးသေတ္တာ ၂လုံးနှင့် စနက်တံအပိုင်းအပြတ်များ၊ ခွေထားသောစနက်တံကြိုးများကိုလည်း တွေ့ရလေသည်။

http://mmteashop.com



"တို့မှာ အားလုံးပေါင်းမှ ဘွန်ထိုက်ချို ၃ ယောက် ရှိတာကွ။ ငါပါမှ ၄ ယောက် ရမယ်။ ဘယ်လိုလုပ်ပြီး ၁၂ ယောက်ပေးနိုင်မှာလဲ။ မင်းမာစတာတွေကို ပြောစမ်းပါဦး"

ကျွန်တော်က မောင်ချစ်ကိုပြောရလေသည်။ တစ်ဖန် မောင်ချစ်က ဂျပန်ကို ပြန်ပြောပြလေသည်။ ဘွန်ထိုက်ချို အချို့နှင့် ဟန်ချိုအချို့, ချွေးတပ်သားအချို့တို့မှာ ထင်းခုတ်,ထင်းဖြတ်ရသောအလုပ်တာဝန်တွင် ကျရောက်နေလေသည်။

"ဟန်ချိုတွေကော မဖောက်နိုင်ဘူးလားတဲ့"

"ဘယ်ဖြစ်မလဲကွာ။ လမ်းတောင် ကောင်းကောင်းလျှောက်နိုင်ကြတာမှ မဟုတ်တာ။ မင်းကြည့်လေကွာ။ ရေညှိတွေကလည်း သိပ်များတဲ့နေရာ။ ပြီးတော့ ကျောက်တုံးကျောက်ခဲတွေဆိုတာကလည်း ချွန်မြနေတာပဲ။ လဲလိုက်ရင် နည်းနည်းမှုသက်သာမှာမဟုတ်ဘူး"

စကားပြန်သူငယ်သည် ကျွန်တော်ပြောကြားသည့်စကားများကို ဂျပန်များအား ပြန်လည်ပြောကြားပြန်လေသည်။ ဂျပန်စစ်သား ၃ ယောက်သည် အတန်ကြာတွေနေသည်။ ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် စကားကွိကွိကွကွပြောကြလေသည်။ ထို့နောက် သူတို့ ဂျပန် ၂ ယောက်ပါနှင့်မှ အားလုံးပေါင်း ၆ ယောက်ဆိုလျှင် ၃ ကြိမ်ထက်မနည်း ဖောက်ခွဲရမည်ဖြစ်ကြောင်း၊ မိုးချုပ်လုနီးနေပြီဖြစ်ကြောင်း ပြောပြန်လေသည်။

သို့ရာတွင် မိုးချုပ်သော်မှချုပ်စေ၊ ကျွန်တော်တို့ဘက်ကလည်း လူတိုး၍ မပေးနိုင်တော့ပါချေ။ သူတို့အနေဖြင့်လည်း မည်သို့မျှ မတတ်သာတော့ပါချေ။ နောက်ဆုံး လူ ၄ ယောက်ကိုပင် သူတို့ လက်ခံကြရလေသည်။

ဤတွင် ဂျပန်စစ်သား ၃ ယောက်သည် ကျွန်တော်တို့ ၄ ယောက်အတွက် တာဝန်ပေးရမည်ဖြစ်သော မီးရှို့ဖောက်ခွဲရမည်ဖြစ်သည့် စနက်တံများကို လိုက်လံပြသခြင်းပြုလေသည်။

ပထမအချီအဖြစ် ကျွန်တော်တို့ ၄ ယောက်သည် တစ်ယောက်လျှင် ၅ လုံးကျ ဖြစ်လေသည်။ စနက်တံ တစ်ခုနှင့်တစ်ခု၏အကွာအဝေးမှာ ခန့်မှန်းခြေအားဖြင့် ၁၀ ပေမှ ၁၅ ပေ ဟုထင်ပါသည်။ စနက်တံ ၅ ခုဆိုလျှင် ထို ၅ ခုသောစနက်တံတို့ကို တစ်နေရာတည်း၌ စုပြုံမြှုပ်နှံထားခြင်းတော့ မဟုတ်ပါပေ။ ဖောက်ခွဲရမည့်သူသည် မိမိတာဝန်ကျသည့် စနက်တံ ၅ ခုကို ကြိုက်ရာတစ်ခုခုမှ စတင်လျက်၊ တစ်ခုပြီးတစ်ခု မီးရှို့ဖောက်ခွဲရမည် ဖြစ်လေသည်။

တစ်ဖန် 'မီးရှို့ရမည်' ဟုဆိုသဖြင့် စနက်တံ၏ထိပ်ဖျားကလေးကို ဆေးလိပ်ဖြင့် တို့ကဆိတ်တို့ကနန်းလုပ်ထားခဲ့၍မရပေ။ ဆေးလိပ်မီးဖြင့် စနက်တံထိပ်ဖျားကိုထိထားပြီးနောက်အတွင်းရှိ ယမ်းမှုန့်ထဲသို့ မီးစွဲဝင်သွားအောင် ဆေးလိပ်ဖင်ကို ပါးစပ်နှင့် တစ်အားကုန်းလျက်မှုတ်ရလေသည်။ ဤတွင် ပထမဆုံးစနက်တံက မီးနှင့်ယမ်းမှုန့် တွေ့ထိသဖြင့် ရှီးခနဲပန်းထွက်လာသော်၊ ဒုတိယစနက်တံရှိရာသို့ ပြေး၍မှုတ်ရပြန်လေသည်။ တစ်ဖန် ဒုတိယ စနက်တံက ရှီးခနဲတောက်လောင်ပြန်သော်၊ တတိယစနက်တံသို့ ပြေးရပြန်သည်။ ဤလိုနှင့် စတုတ္ထစနက်တံ, ပဥ္စမစနက်တံ စသည်စသည်ဖြင့် တစ်ခုပြီးတစ်ခုဖြစ်လေသည်။ မပေါက်မကွဲဘဲ ကျန်မနေရစ်စေရန်ကိုလည်း အထူးသတိပြုရလေသည်။ အကယ်၍များကျန်နေခဲ့သော် ထိုတာဝန်ကျသူအား ဂျပန်စစ်သားများက ပါးရိုက်ခြင်း ပြုလေသည်။

စာရေးသူက ထိုမျှလောက် အသေးစိတ်ကာဖော်ပြနေခြင်းအတွက် 'ဒိုင်းနမိုင်းစနက်တံကို ဆေးလိပ်မီးဖြင့် ကုန်းမှုတ်ရသည့်အလုပ်မှာ ခက်ပါသလား' ဟူ၍ မေးစရာဖြစ်လာပါသည်။ အဖြေမှာ အမှန်တော့ 'မခက်လှပါ' ဟူ၍သာ ဖြေရပေမည်။ သို့ရာတွင် ထိုအလုပ်မှာ အသည်းထိတ်စရာ ကောင်းလှပါသည်။ ဥပမာ စနက်တံတစ်ခုကို မီးရှို့နေချိန်၌ အခြား ရှို့ပြီးဖြစ်သောစနက်တံတစ်ခုခုက ထ၍ပေါက်ကွဲလိုက်လျှင်မူ ထိုသူသည် ဖြစ်စေ, အခြား တစ်ယောက်ယောက်သည် ဖြစ်စေ နေရာတွင် အသက်ပျောက်သွားရန်သာအကြောင်း ရှိလေသည်။

http://mmteashop.com



ကျွန်တော်တို့သည် ၄ ယောက်, ဂျပန်က ၂ ယောက်၊ အားလုံးပေါင်း ၆ ယောက် ဖောက်ခွဲရမည်ဖြစ်လေသည်။ ဂျပန်စစ်သား ၃ ယောက်အနက် ၁ ယောက်မှာ မဖောက်ခွဲပေ။ ဘာကြောင့် သူ မဖောက်ခွဲသည်ဆိုခြင်းကိုလည်း ကျွန်တော် သဘောပေါက်နားလည်ပါသည်။ ထိုဂျပန်စစ်သားသည် ယမန်နေ့က ဒိုင်းနမိုင်းဖောက်ခွဲရာတွင် ခြေတစ်ဖက်ထိခိုက်သွားခြင်းကြောင့် ဖြစ်လေသည်။

"မာစတာကပြောမှ ခင်ဗျားတို့ စရို့ရမယ်နော်"

ဂျပန်စစ်သားပြောသည့်အတိုင်း မောင်ချစ်ကပြောလေသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချို ၃ ယောက်တို့က နားလည်ကြောင်း ခေါင်းညိတ်လိုက်ကြသည်။

မကြာမီ ကျွန်တော်တို့အားလုံး လူစုခွဲလိုက်ကြလေသည်။ ဂျပန်စစ်သား ၂ ယောက်သည် သူတို့နေရာသို့ ကျွန်တော်တို့ထက် အလျင်ဦးအောင် စတင်လျက်ထွက်ခွာသွားကြလေသည်။ ကျွန်တော်သည် ကိုသာမြိုင်နှင့် ကျန်သော ဘွန်ထိုက်ချို ၂ ယောက်တို့အား သတိထား၍ ဖောက်ခွဲခြင်း ပြုကြရန် ပြောကြားရလေသည်။

ကျွန်တော်တို့လူစုခွဲလိုက်သည့်အခါ ဘွန်ထိုက်ချို ၃ ယောက်အနက် ၂ ယောက်ကိုသာ ကျွန်တော် လှမ်းမြင်နေရလေသည်။ တစ်ယောက်မှာမူ ကျောက်တောင်ကြီးကွယ်နေသဖြင့် မမြင်ရပါပေ။ ကျွန်တော်မြင်နေရသော ၂ ယောက်မှာတစ်ယောက် ကိုသာမြိုင်, တစ်ယောက်က ကိုဖိုးရင် ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်စစ်သား ၂ ယောက်ကို လှမ်းကြည့်လိုက်လေသည်။ သူတို့ ၂ ဦးစလုံး စနက်တံ ထိပ်ဖူးဟာလေးများကို မီးကုန်းမှုတ်နေကြလေပြီ။

ငင်စစ် ဂျပန်စစ်သား ၂ ယောက် လုပ်ပုံ မတရားဟူ၍ ကျွန်တော် ယူဆပါသည်။ အမှန်မှာ စနက်တံများ ရှိနေသည့်အနေအထားအရ ကျွန်တော်နှင့် ကိုဖိုးရင် ဆိုသောဘွန်ထိုက်ချိုတို့ကသာ စတင်မီးရှို့ထိုက်သူ ၂ ဦး ဟူ၍ ကျွန်တော်ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ဒိုင်းနမိုင်းမြှုပ်ထားရာနေရာသည် ကိုဖိုးရင်နှင့် ကျွန်တော် ကသာ ရှေ့ဆုံးမှကျနေသောကြောင့် ဖြစ်လေသည်။ ပြီးလျှင် ကျွန်တော်တို့၏ ပြေးပုန်းရမည့်နေရာသည် ရှေ့ဘက်တွင် မရှိ။ နောက်ဘက်၌သာ ဖြစ်လေသည်။ ကျွန်တော် ကြည့်မြဲ ဆက်လက်၍ကြည့်နေပါသည်။

ဂျပန်စစ်သား ၂ ယောက်သည် ဒိုင်းနမိုင်းစနက်တံ ၂ ခုကို မီးရှို့ပြီးသည့်တိုင် သစ်ပင်အောက်တွင်ရှိနေသော သူတို့အဖော် ဂျပန်စစ်သားသည် ကျွန်တော်တို့အား အော်ဟစ်အချက်ပေးခြင်း မပြုသေးပါချေ။ သူ့လူ ဂျပန် ၂ ယောက်၏ အပြုအမူကိုသာ အကဲခတ်ကြည့်ရှုနေလေသည်။ ထိုအဖြစ်ကြောင့်လည်း ကျွန်တော်က ကိုဖိုးရင်ကို ထပ်မံလျက် သတိပေးအော်ဟစ်ရလေသည်။

"ကိုဖိုးရင်။ သတိထားနော်။ သစ်ပင်ကြီးကြီးတစ်ပင်ကို ကြည့်ထားဗျို့"

ထိုအချိန်၌ပင် သစ်ပင်အောက်ရှိဂျပန်စစ်သားအသံကို ကြားလိုက်ရလေသည်။

ကျွန်တော်သည် ပထမဆုံးစနက်တံ၏ထိပ်ဖျားကို ဆေးလိပ်မီးဖြင့် ကုန်း၍မှုတ်လိုက်ပါသည်။ ပြီးနောက် ချွန်မြသောကျောက်တုံးကျောက်ခဲကလေးများပေါ်တွင် တတ်နိုင်သလောက် ခြေထောက်ကိုခပ်ဖော့ဖော့ဖွလျက် ပြေးလွှားရလေသည်။ ပြီးလျှင် ဒုတိယစနက်တံ, တတိယစနက်တံ စသည်စသည်များကို ပြေး၍ပြေး၍မီးမှုတ် မီးရှို့ခြင်းပြုရလေသည်။ သို့နှင့် နောက်ဆုံးပိတ်ဖြစ်သော ပဥ္စမစနက်တံကို မီးရှို့ခြင်းပြုတော့မည်ဆဲဆဲ၌ပင် ပြင်းထန်မြည်ဟီးသော ပေါက်ကွဲသံကြီးတစ်ခုကို နားကွဲထွက်မတတ်ကြားလိုက်ရလေသည်။

ဂျပန် ၂ ယောက်တို့မှာမူ ထိုအချိန်တွင် သူတို့အဖော်ရှိရာကျောက်တောင်ကမူကလေးအနီး သစ်ပင်ကြီး အောက်သို့ပင် ရောက်ရှိနေကြပါလေပြီ။

ကျွန်တော်သည် ကျွန်တော့်တာဝန်အရ ကျန်ရှိနေသေးသောစနက်တံကို ဆေးလိပ်မီးဖြင့် တစ်အားကုန်မှုတ် လိုက်လေသည်။ တရှီးရှီးနှင့် ယမ်းငွေ့များမီးလောင်တက်လာသည်ဆိုလျှင်ပင် အနီးကပ်ဆုံးဖြစ်သောသစ်ပင်ကြီး

http://mmteashop.com



တစ်ပင်၏ခြေရင်းသို့ ပြေးဝင်ကာဝပ်ချလိုက်ရလေသည်။ ပေါက်ကွဲမြည်ဟီးသံများသည် ဆက်တိုက်ဆက်တိုက် ပေါ်ထွက်လာလေသည်။

ကျောက်တုံးကျောက်ခဲများ၊ သဲပွင့်သဲမှုန့်များ၊ ကျောက်ပွင့်ကျောက်မှုန့်များ၊ အပိုင်းပိုင်းအဆစ်ဆစ် ပြတ်ကျလာသော သစ်ကိုင်းသစ်ခက်များ ခါးလည်မှ လည်းကောင်း, ထိပ်ဖျားအညွန့်ဖျားများမှ လည်းကောင်း လွင့်စဉ်ကျိုးပဲ့ကျလာသောဝါးကိုင်းဝါးညွန့်များ။ ဤအရာများနှင့်အတူ ဝမ်းခေါင်းသံပါအောင်အော်ဟစ်လိုက်သော သစ်ဆွဲဆင်ကြီးများ၏ အသံများကိုပါ ကြုံကြုံပါအောင်ကြားလိုက်ရလေသည်။

ထိုအချိန် ထိုခဏအတွင်း၌မူ တောကြီးတစ်တော့လုံးပျက်စီးတော့မလား ဟူ၍ပင် ထင်မှတ်ရလေသည်။ ကျောက်ပွင့်ကျောက်မှုန့်ကလေးများ၏ လေထဲတွင်လွင့်ပါပျံ့နှံ့နေသောကြောင့်လည်း ထိုအချိန် ထိုတစ်ခဏတွင် မည်သည့်အရာကိုမှ သဲသဲကွဲကွဲကြည့်၍ မမြင်ရဘဲရှိလေသည်။

ဝါးရုံတောအတွင်းတွင် ဝါးညွန့်ဝါးရွက်များ, ဝါးနု ဝါးညှောင့်များကို စိတ်အေးလက်အေးချိုးဖဲ့စားသောက်၍နေကြသော သစ်ဆွဲဆင်ကြီးများပင် ပေါက်ကွဲပွင့်ထွက်လာသောကျောက်တောင်ကြီးမှ အစအနများ, ကျောက်တုံးကျောက်ခဲများထိမှန်သဖြင့် ဦးကင်းကြီးများလည်ထွက်သွားလျက် အသံကုန်အော်ဟစ်ကာ ဝါးရုံတောကြီးများအတွင်းသို့ စွတ်ပြေးကြလေသည်။

ဤလို အနီးပတ်ဝန်းကျင်တစ်ဝိုက်၌ ဝရုန်းသုန်းကားဖြစ်ပေါ်နေခိုက် ခပ်လှမ်းလှမ်းမှ "အမယ်လေးဗျ"ဟူသော ဘွန်ထိုက်ချိုကိုဖိုးရင်၏အသံဆိုးကြီးကို တုန်လှုပ်ချောက်ချားစရာကောင်းလောက်အောင် ကျွန်တော် ကြားလိုက်ရလေသည်။ ကျွန်တော်သည် သစ်ပင်ရင်းကိုခေါင်းထိုးဝပ်နေရာမှ အသံကြားရာသို့ဦးခေါင်းမော့လျက် လှမ်းကြည့်လိုက်လေသည်။ ကျွန်တော်နှင့် ၁၄–၅ ကိုက်အကွာအဝေးတွင် ရှေ့သို့ဟပ်ထိုးကြီးလဲကျသွားသော ဘွန်ထိုက်ချိုကိုဖိုးရင်၏အဖြစ်ကို တွေ့လိုက်ရလေသည်။ ပြီးလျှင် ကျောက်တုံးကျောက်ခဲများ, ကျောက်ပွင့်ကျောက်မှုန့် စသည်များသည် လဲကျသွားသောကိုဖိုးရင်၏ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ်ဆိုရမလောက် ကျရောက်ထိမှန်လျက်ရှိလေသည်။

ထိုအဖြစ်ကို မြင်တွေ့နေရသော်လည်း ကျွန်တော်သည် ကိုဖိုးရင်ရှိရာသို့ အကူအညီအဖြစ် မသွားရောက်နိုင်ဘဲဖြစ်ရလေသည်။ ဒိုင်းနမိုင်းပေါက်ကွဲသံများသည် လည်းကောင်း၊ ဆင်အော်သံများသည် လည်းကောင်း၊ ကျောက်တုံးကျောက်ခဲများသည် လည်းကောင်း မိုးသီးမိုးပေါက်ကျသည့်အလား, မှန်တိုင်းဆင်တိုက်ခတ်သည့်အလား တဖွားဖွားကျဆင်းနေဆဲပင် ဖြစ်လေသည်။ သို့နှင့် ၁၀ မိနစ်လောက်ကြာသွားမှပင် ပေါက်ကွဲသံများရပ်စဲသွားလျက် သစ်ပင်အောက်ရှိ ဂျပန်စစ်သားများ၏ အော်ဟစ်အမိန့်ပေးသံကို ကြားလိုက်ရလေသည်။ ဂျပန်စစ်သားက ဤသို့အော်ဟစ်လျက်အမိန့်ပေးလိုက်မှပင် ကျွန်တော်တို့အားလုံး နေရာမှထကြလေသည်။

ကျွန်တော်သည် ဘွန်ထိုက်ချိုကိုဖိုးရင် လဲကျသွားရာသို့ ခပ်သုတ်သုတ်ပြေးဝင်သွားပါသည်။ ဘွန်ထိုက်ချိုကိုဖိုးရင်မှာ ဦးခေါင်းနောက်ဘက်တစ်နေရာတွင် ကျောက်တုံးမှန်ထားသောဒဏ်ရာဖြင့် သွေးအိုင်ထဲတွင် မရှုမလှလဲနေလေသည်။ သူ့နှုတ်ဖျားမှလည်း အသံခပ်သဲ့သဲ့နှင့် တဟင်းဟင်းညည်းတွားလျက်ရှိလေသည်။

"ကိုဖိုးရင်–ကိုဖိုးရင်"

ကျွန်တော်သည် ကိုဖိုးရင်အားပွေ့ထူလိုက်သည်။ ထိုအခိုက် ကျွန်တော့်အနီးသို့ ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ကိုမောင်စိန်တို့ အပြေးအလွှားရောက်ရှိလာလေသည်။

"ကိုဖိုးရင် ဘယ်ထိသွားလဲ။ ဘယ်ထိသွားလဲဗျ ဆရာလေး"

ကိုမောင်စိန်က မေးလေသည်။

"ဟာ–ခေါင်းတစ်ခေါင်းလုံး ရစရာမရှိပါလား။ သွေးတွေရဲလို့။ သွေးတွေ"

http://mmteashop.com



ကိုသာမြိုင်သည် ပြောပြောဆိုဆိုပင် သူ့အဖော်ကိုဖိုးရင်အား ကျွန်တော့်နည်းတူ ဝင်ရောက်ပွေ့လိုက်လေသည်။

မကြာမီ ကျွန်တော်တို့ရှိရာသို့ ချွေးတပ်သားအချို့ ပြေးလွှားရောက်ရှိလာကြလေသည်။ ပြီးလျှင် ဂျပန်စစ်သား ၃ ယောက်နှင့် စကားပြန်လူငယ်မောင်ချစ်တို့ ရောက်လာကြလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်သည် အပြင်းအထန် ဒဏ်ရာရရှိသွားသဖြင့် သွေးများ ဒလဟောထွက်နေသော ဘွန်ထိုက်ချိုကိုဖိုးရင်အား ပြုစုနေကြသော်လည်း ဂျပန်စစ်သား ၃ ယောက်တို့မှာမူ အနီးတွင် ခါးထောက်ရပ်လျက် တကွဲကွဲတကွကွလှုပ်နေကြလေသေသည်။

ထိုအခိုက်၌ပင် ဒဏ်ရာရနေသော ကိုဖိုးရင်မှာလည်း အသက်ကို ပြင်းထန်စွာရှူရှိုက်လိုက်သည်။ သူ့အသက်ရှုသံကြီးမှာ ထိတ်လန့်ကြောက်မက်ဖွယ်ရာကောင်းလှလေသည်။

"ကိုဖိုးရင်–ကိုဖိုးရင်"

ဘွန်ထိုက်ချိုကိုသာမြိုင်က ခေါ်ကြည့်လေသည်။ သို့ရာတွင် ကိုဖိုးရင်မှာ အသက်ရှုမမှန်တော့ပါ။ မြန်လိုက်၊ နှေးလိုက်ဖြစ်နေသည်။ ရံဖန်ရံခါ နှာခေါင်းပေါက်မှမရှူဘဲ ပါးစပ်ဟလျက်ရှူလေသည်။ ငါးထွေများ ကုန်းပေါ်ရောက်၍အသက်ရှူသကဲ့သို့ပင်။

ကျွန်တော် အစကထင်သည်မှာ ကိုဖိုးရင်၌ရရှိသောဒဏ်ရာသည် ဦးခေါင်းနောက်ဆက်တွင်သာဖြစ်သည်ဟု ထင်သော်လည်း ပက်လက်လှန်ထူလိုက်သည့်အခါတွင်မူ နဖူးပေါ်တွင်လည်း ကျောက်တုံးနှင့်တိုက်မိသဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိနေကြောင်း တွေ့မြင်ရလေသည်။

"ကဲ–ဆရာလေး။ သွေးမထွက်အောင် ဒဏ်ရာကို အဝတ်နှင့်စည်းပေးထားမှပဲ"

ကိုသာမြိုင်သည် ပြောပြောဆိုဆို သူ့ခါးပေါ်ရှိလုံကွင်းကို အောက်ပိုင်းမှနေလျက်ဆုတ်ဖြဲလိုက်ပြီးနောက် ကျွန်တော့်အားပေးလေသည်။

"လုပ်ဦးလေဗျာ ကိုမောင်စိန်။ ခင်ဗျားနှင့် တစ်ယောက်ယောက်က ကိုဖိုးရင်ကို အသာပွေ့ထားမှပေါ့"

ကျွန်တော်ကပြောလိုက်လေသည်။ မကြာမီ ကျွန်တော်တို့တစ်စုသည် သွေးများဒေါက်ဒေါက်ပန်းထွက်နေသော ကိုဖိုးရင်၏ဒဏ်ရာပေါ်သို့ ဖြစ်သလိုနည်းနှင့် ပတ်တီးစည်းနှောင်ခြင်းပြုလိုက်ကြရလေသည်။

"ကဲ–ဆရာလေး။ သူ့ကို ဟိုလွှတ်တဲ့နေရာ ရွှေ့သွားပါတဲ့။ နောက်ပြီးတော့မှ စခန်းကိုယူသွားဖို့ မာစတာက ပြောတယ်"

ဂျပန်စစ်သားများ၏ဆနအရ စကားပြန်သူငယ်ကပြောလေသည်။

အချိန်ကလည်း မိုးချုပ်လုနီးနေပေပြီ။ ထို့ကြောင့်လည်း ကျွန်တော်နှင့်ဘွန်ထိုက်ချို၊ ဟန်ချိုများသည် ကိုဖိုးရင်အား ဝိုင်းဝန်းပွေ့မ,ကြလျက် လွတ်ရာလွတ်ကြောင်းနေရာသို့ ရွှေ့ပြောင်းခြင်းပြုကြရလေသည်။

ထိုအချိန်၌ပင် ဘွန်ထိုက်ချို ကိုဖိုးရင်မှာလည်း တစ်ခွန်းတည်းသာ ညည်းညူခြင်းပြုနိုင်တော့လျက် တစ်ဘက်သို့ ဦးခေါင်းလည်ကျသွားရှာလေသည်။

"သွားရှာပြီဆရာလေ.။ ့သွားရှာပြီ"

ဘွန်ထိုက်ချိုကိုသာမြိုင်သည် ဆို့နင့်ကြေကွဲစွာနှင့် ပြောလိုက်လေသည်။

ကျွန်တော်နှင့် ကိုမောင်စိန်တို့သည် ပြိုင်တူပင် သက်ပြင်းချလိုက်မိကြလေသည်။

ကားပြန်သူငယ်ကလေးသည် ကိုဖိုးရင်သေဆုံးသွားပြီဖြစ်ကြောင်း ဂျပန်စစ်သား ၃ ယောက်တို့အား ပြောကြားခြင်းပြုလေသည်။

"အဲဒီလူသေအလောင်းကို ချွေးတပ်သားတွေနှင့် တစ်နေရာရာမှာသွားမြှုပ်လိုက်ပါတဲ့"

ဂျပန်စစ်သားများကပြောသည့်အတိုင်း စကားပြန်သူငယ်က ပြောလေသည်။

http://mmteashop.com



သို့နှင့်သာ ကျွန်တော်တို့သည် မည်သို့မျှထပ်မံ၍ အကြောင်းထူးခြားလာတော့မည်မဟုတ်သော ကိုဖိုးရင်၏ အလောင်းကို တောစပ်တစ်နေရာသို့ ယူဆောင်သွားကြရလေသည်။

"ကဲ–အားလုံးပဲဗျို့။ တစ်ယောက်တစ်လက်ဆိုသလို ကိုဖိုးရင်အတွက် ကျင်းနက်နက်တစ်ကျင်း တူးကြပါဗျာ" ကျွန်တော်က ပြောလိုက်လေသည်။

ကျွန်တော်တို့သည် မြေတွင်းခပ်နက်နက်တစ်တွင်းကို အချိန်လုလျက် လျင်မြန်စွာတူးကြပြီးနောက်၊ အမှောင်ထု လုံးလုံးမပိတ်ဖုံးမီ ကိုဖိုးရင်၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခြင်းပြုလိုက်ကြရလေသည်။

http://mmteashop.com

## ဘုရား ၃ ဆူစခန်း

ခုနစ်ခွေစခန်းတွင် ဘွန်ထိုက်ချိုကိုဖိုးရင် သေဆုံးပြီး၍ တနင်္ဂနွေတစ်ပတ်ခန့်ကျော်လွန်သွားသောအချိန်၌ပင် ကျွန်တော်တို့ခွေးတပ်သားများမှာလည်း 'ဘုရား ၃ ဆူ'စခန်းသို့ ရွှေ့ပြောင်းခြင်းပြုခဲ့ရပြန်လေသည်။

ဘုရား ၃ ဆူစခန်းအကြောင်းမှာလည်း အတော်ကလေးပင် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ 'ဘုရား ၃ ဆူစခန်း' ဟူသောအမည်မှာ ဘုရားစေတီ ၃ ဆူ ရှိသည်ကိုအစွဲအမှတ်ပြုလျက် မှည့်ခေါ်ထားခြင်းပင် ဖြစ်လေသည်။ ကိုးနဝင်းစေတီတော်ခန့်မျှ ဉာဏ်တော်အမြင့်ရှိသည့် စေတီ ၃ ဆူရှိလေသည်။ အုတ်အင်္ဂတေတို့နှင့် တည်ထားသော စေတီ ၃ ဆူမဟုတ်မူဘဲ၊ ထိုအရပ်, ထိုဒေသတွင်ရှိသော ကျောက်တုံးကျောက်ခဲ ကျောက်ချပ်များနှင့်တည်ထားသော စေတီ ၃ ဆူတို့သာ ဖြစ်လေသည်။ ရေညှိများအထပ်ထပ်တက်လျက် ညိုမှိုင်းနေသည်။ ထိုစေတီတော် ၃ ဆူကို အလောင်းဘုရားလက်ထက်တွင် ယိုးဒယားသို့ချီစဉ် မြန်မာတပ်များစခန်းချစဉ်အခါက တည်ထားခဲ့သည် ဟူ၍ အဆိုရှိလေသည်။

ခွေးတပ်သားများ၏စခန်းမှာမူ ထိုစေတီ ၃ ဆူနှင့် အတန်ငယ်ကွာလှမ်းသော အတွင်းဘက်ခပ်ကျကျတွင် ဖြစ်လေသည်။ ဘုရား ၃ ဆူမှာကား မီးရထားလမ်းနှင့်နီးကပ်လေသည်။

ကျွန်တော်တို့ ခွေးတပ်သားများသည် ထိုဘုရား ၃ ဆူစခန်းသို့ ရောက်ရှိသွားကြသည့်အခါ စေတီ ၃ ဆူ အနီးရှိ တောပန်းတောင်ပန်းများကို လိုက်လံကာချိုးယူကြပြီးနောက် စေတီတော် ၃ ဆူတွင် ပန်းကပ်ခြင်း, ရှိခိုးပူဇော်ခြင်း, ဆုတောင်းမေတ္တာပို့သခြင်းများကို တညီတညွတ်တည်းပြုလုပ်ကြလေသည်။

ကျွန်တော်သည် စေတီတော် ၃ ဆူအားဝတ်ပြုပြီးနောက် ခပ်လှမ်းလှမ်းသစ်ပင်အောက်တစ်နေရာတွင် ရပ်လျက် ခွေးတပ်သားများ၏အပြုအမူကို စောင့်ဆိုင်းကြည့်ရှုနေမိပါလေသည်။ ခွေးတပ်သားအားလုံးတို့သည်ပင် အနီးအပါးမှ ရရာရကြောင်းလျှင်ဖြစ်သော သစ်ညွန့်များ, တောပန်းများကို အလုအယက်ချိုးယူလာကြပြီးနောက် စေတီတော်များရှေ့တွင်ထိုင်ကာ ရှိခိုးပူဇော်ခြင်းပြုလေသည်။ သူတို့သူတို့၏ နှုတ်ဖျားများမှလည်း တလှုပ်လှုပ်တရွရွ ဆုတောင်းခြင်းပြုကြလေသည်။ ဘာတွေကို သူတို့သူတို့တစ်တွေ ဆုတောင်းကြလေမလဲ။

ဤသည်ကိုလည်း ကျွန်တော် တွေးကြည့်မိပါသည်။ အိမ်ပြန်ဖို့မှလွဲ၍ကား အခြားအကြောင်းမရှိနိုင်ပါပေ။ လူ ၁၀၀ လျှင် ၁၀၀ ဝ်ုံး, လူ ၁၀၀၀ လျှင် ၁၀၀၀ စလုံးသည်ပင် ဤမည်သောဆုတောင်းမှုကိုကား မချွတ်လျှင် ပြုကြပေလိမ့်မည်။ ကျွန်တော်၏ ရင်းနှီးလှစွာသောရဲဘော်ကြီး ကိုသာမြိုင်သည်ပင်လျှင် ဤမည်သောဆုတောင်း ပတ္ထနာကို မချွတ်မလွဲပြုပေလိမ့်မည်ဟု ကျွန်တော် ထင်မှတ်မိပါသည်။

ထိုအတွင်းမှပင် အချို့အချို့သောခွေးတပ်သားများမှာ စေတီတော်များအား ရှိခိုးကန်တော့ရင်းမှ မျက်ရည်များ ဖြိုင်ဖြိုင်စီးကျနေသည်ကို မြင်တွေ့ရပါလေသည်။ ထမင်းချက်ခေါင်းကြီး ကိုစံခ ကိုယ်တိုင်ပင် ရှိုက်ကြီးငင်ကြီးနှင့် ငိုကြွေးလျက်ရှိလေသည်။ ခများကိုယ်တိုင်မှာလည်း နေရပ်သို့ ပြန်ချင်ရှာပေရော့မည်။

ထမင်းချက်ရုံစားဖိုမှူးကြီးကိုစံခမှာ ကျွန်တော်တို့တစ်တွေနှင့် ပြန်လည်ကာ ရေစက်ဆုံစည်းရခြင်းပင်

http://mmteashop.com



ဖြစ်လေသည်။ ကျွန်တော်တို့လုစု တပ်ဒိန်စခန်းမှ ခုနစ်ခွေစခန်းသို့ရွှေ့ပြောင်းရစဉ်အခါက ကိုစံခတို့ ထမင်းချက်သမား တစ်စုမှာ တပ်ဒိန်စခန်း၌ ကျန်ရစ်ခဲ့ကြလေသည်။ ထိုစဉ်က ခုနစ်ခွေစခန်းတွင် ကျွန်တော်တို့နှင့်တွဲရသောထမင်းချက်ရုံမှူးမှာ ကိုထွန်းမောင် ဆိုသူ ဖစ်လေသည်။

ယခုတစ်ဖန် ဘုရား ၃ ဆူစခန်းတွင် ကိုစံခတို့လုစုနှင့် ကျွန်တော်တို့ပြန်လည်ကာ တွဲကြရပြန်လေသည်။

ကိုစံခတို့ ထမင်းချက်သမားတစ်စုသည် ဘုရား ၃ ဆူစခန်းသို့ ကျွန်တော်တို့မပြောင်းရမီ တစ်ရက်စောလျက် ခုနစ်ခွေစခန်းသို့ ရောက်ရှိလာခဲ့လေသည်။

"ဖိုးမှီရေ–အမျှပေး–အမျှ–အမျှ–"

"မြသိန်းရေ–အမျှပေး–အမျှ–အမျှ–"

"ကိုဖိုးရင်ရေ–အမျှယူ–အမျှ–အမျှ–"

တစ်ယောက်တစ်ပေါက်အော်ဟစ်လိုက်ကြသော ဘွန်ထိုက်ချိုနှင့် ဟန်ချိုများ၏အသံသည် ကျွန်တော်၏ နားတွင်းသို့ စိတ်နှလုံးမချမ်းမြေ့ဖွယ် ဝင်ရောက်လာပါတော့သည်။

အချိန်ကလည်း ညနေစောင်း ဖြစ်လေသည်။ နေလုံးမကွယ်ပျောက်သေးသည့်တိုင် တောရိပ်တောင်ရိပ်များက ခပ်မှိုင်းမှိုင်းခပ်ဝေဝေဖြစ်လျက် ရှိလေသည်။ တိုက်ခတ်သည့်လေ၏အရှိန်ကြောင့်လည်း ပတ်ဝန်းကျင်တစ်ဝိုက်ရှိ သစ်ပင်ကြီးများ, ဝါးပင်ကြီးများသည် တဖျတ်ဖျတ်တရှဲရှဲမြည်လျက် ရှိလေသည်။ ထိုကဲ့သို့ရှိနေသည့်အတွင်းမှ သက်ဆိုင်ရာသက်ဆိုင်ရာဖြစ်သော ကွယ်လွန်ကြကုန်သည့်ရွှေးတပ်သားများအား အမည်နာမကိုထုတ်ဖော်လျက် အမျှအတန်းပေးဝေသည့်အသံဗလံများကို ကြားလိုက်ရသည့်အခါ ကျွန်တော်မှာ စိတ်နှလုံးများပင် ရှုံ့သွပ်ချင်လောက်အောင်ဖြစ်ရပါလေသည်။

ကျွန်တော်သည် ထိုအဖြစ်ကို အငေးအငိုင်သားကြည့်ရင်းမှ သစ်ပင်အောက်တွင် တွေတွေကြီးရပ်နေမိပါသည်။ ကျွန်တော်မြင်နေရသမျှ, ကြားနေသမျှသည်အားလုံးပင် ဝမ်းနည်းစရာတွေ, ကြေကွဲစရာတွေသာ ဖြစ်လေသည်။

ကျွန်တော်ရပ်နေသည့် သစ်ပင်ကြီးအောက်မှနေ၍ ကြည့်သည့်အခါ ဘုရားစေတီ ၃ ဆူနှင့် ရွှေးတပ်သားအုပ်စုများကိုသာမက ခပ်လှမ်းလှမ်းတောင်ကမူထက်တွင်စိုက်ထူထားသော ဆိုင်းဘုတ်ကြီး ၃ ခုကိုလည်း တွေ့ရလေသည်။ ထိုဆိုင်းဘုတ်ကြီး ၃ စုမှာ တစ်ခုက ဂျပန်စာ ရေးထိုးထားသည်။ တစ်ခုက အင်္ဂလိပ်လို ဖြစ်သည်။ တစ်ခုက မြန်မာလို ရေးသားထားပါသည်။ 'ဤနေရာမှနေ၍ ကျော်လွန်မသွားရ။ ကျပ်တည်းစွာတားမြစ်သည်'ဟူသော အမိန့်ပင် ဖြစ်လေသည်။ ထိုအမိန့်ကို ယိုးဒယား–မြန်မာမီးရထားလမ်းဖောက်လုပ်ရေးဆိုင်ရာဂျပန်စစ်ဘက်မှ အာဏာပိုင်တို့က ထုတ်ထားခြင်းပင်ဖြစ်လေသည်။

အမှန်အားဖြင့် ယိုးဒယား–မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် ဘုရား ၃ ဆူစခန်းမှာ အလယ်ဗဟိုအဖြစ်သတ်မှတ်ထားသောနေရာပင် ဖြစ်လေသည်။ ထိုအခါ မြန်မာပြည်ဘက်မှ ရွှေးတပ်သားများနှင့် စစ်သုံ့ပန်းများသည် ဘုရား ၃ ဆူစခန်းမှလွန်၍ တစ်ဘက်သို့ မကူးသန်းရတော့ပေ။ တစ်ဖန် ယိုးဒယားပြည်ဘက်မှ ရွှေးတပ်သားများနှင့် စစ်သုံ့ပန်းတို့သည်လည်း ဘုရား ၃ ဆူ စခန်းမှလွန်၍ ဤမှာဘက်သို့ အကူးအသန်းမပြုရတော့ပါပေ။ မီးရထားသံလမ်း ၂ လမ်း ပေါင်းဆုံရာသည် ဘုရား ၃ ဆူစခန်းတွင် ဖြစ်လေသည်။

ဘုရား ၃ ဆူစခန်း၏ဟိုမှာဘက်နှင့်သည်မှာဘက်သို့ စစ်သုံ့ပန်းများ သော်လည်းကောင်း၊ အရပ်သားရွှေးတပ်သားများ သော်လည်းကောင်း၊ ဘွန်ထိုက်ချို, ဟန်ချိုမှစလျက် အခြားအခြားသောပုဂ္ဂိုလ်များ သော်လည်းကောင်း အကူးအသန်းအသွားအလာမပြုရေးကိုမူ ဂျပန်စစ်အာဏာပိုင်များသည် အခြားတစ်ပါးကိစ္စများထက် ကျပ်တည်းစွာ တားမြစ်ထားလေသည်။

ယိုးဒယား–မြန်မာ မီးရထားလမ်းကြီးဖောက်လုပ်စအချိန်ကမူ ဘုရား ၃ ဆူစခန်းနှင့် အတန်ငယ်လှမ်းသော

http://mmteashop.com



နေရာတစ်နေရာတွင် ဂျပန်စစ်ရုံးတစ်ခုဆောက်လုပ်ထားကြောင်း သိရလေသည်။ နောက်ဆုံး မီးရထားလမ်း အတော်အတန်ပြီးစီးသွားသည့်အခါနှင့် ဂျပန်များ စစ်ရေးစစ်ရာအခြေအနေဆိုးရွားလာသည့်အခါမှပင် ဤနေရာ စစ်ရုံးအဆောက်အအုံကို ဖျက်သိမ်းခြင်းပြုလိုက်ကြောင်းနှင့် သိရှိရလေသည်။

ကျွန်တော်သည် သစ်ပင်ကြီးတစ်ပင်အောက်၌ရပ်ကာ ချွေးတပ်သားများ၏အပြုအမူကို တွေဝေငေးမော ကြည့်ရှုနေခိုက် ကျွန်တော်ရှိရာသို့ ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ချွေးတပ်သားကိုချို ဆိုသူတို့ ပေါက်လာကြပါသည်။ 'ကိုချို'ဆိုသူမှာ ဟင်္သာတနယ်သားတစ်ယောက်ဖြစ်လေသည်။ အသက် ၄၀ ခန့်အရွယ် ဖြစ်သည်။ သူ၏အသက် မွေးဝမ်းကျောင်းအလုပ်မှာ လက်သမားဆရာတစ်ယောက်ဖြစ်ကြောင်း သိရပါသည်။

ကိုချိုမှာ ချွေးတပ်ထဲပါလာစဉ်အခါ ကျန်းမာသန်စွမ်းသူတစ်ယောက်, ခြေလက်အင်္ဂါကောင်းသူတစ်ယောက် ဖြစ်လေသည်။ ယခုကား ခြေတစ်ဖက် မသန်စွမ်းရှာတော့ပါချေ။ ဝါးတောင်ဝှေးတစ်ချောင်းကိုအားပြုလျက် ထော့နင်း ထော့နင်းလျှောက်နေရရှာပါသည်။ ဤသို့ဖြစ်ရသည်မှာ လွန်ခဲ့သောမိုးရာသီအတွင်းက တံတားဆောက်လုပ်ရန် အတွက် သစ်ပင်ကြီးများကိုခုတ်လှဲရာမှ သစ်တုံးပိသောကြောင့် ဘယ်ခြေတစ်ဘက် မသန်မစွမ်းဖြစ်ရရှာခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် ဂျပန်တို့သည် ထိုချွေးတပ်သား ကိုချိုကိုလည်း ပြန်မလွှတ်ပါချေ။ 'ခြေတစ်ဘက် မသန်စွမ်းသော်လည်း လက် ၂ဖက်နှင့် ခြေတစ်ချောင်းတို့ ကောင်းနေသေးသည်။ အလုပ်ကို လုပ်နိုင်သေးသည်' ဟူသော အယူအဆနှင့် ချွေးတပ်စခန်းတွင်ဆက်လက်၍ စေခိုင်းနေသည်မှာ ယခုအချိန်ထိပင်ဖြစ်လေသည်။

"ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲဆရာလေးရေ"

ကျွန်တော့်အနီးသို့ရောက်ရှိလာသည့်အခါ ကိုချိုက ဝမ်းနည်းသံကြီးနှင့်ပြောကြားပါလေသည်။

သူ ဘာကိုတွေး၍ဆိုလိုသည် မသိ။ သူ့စကားအဓိပ္ပာယ်ကို ကျွန်တော် နားမလည်ပါ။

"ဘာလဲကိုချို။ ခင်ဗျား ဘာကိုပြောတာလဲ"

ကျွန်တော်က သဲကွဲအောင်မေးလိုက်ပါသည်။

"ဩော်–ဒီနေရာရောက်ပြီး ဒီဘုရား ၃ ဆူကိုဖူးရတော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျဆရာလေး။ ဘယ်တုန်းကနှင့်မျှ မတူဘူး။ အိမ်ကို သိပ်လွမ်းတာပဲ"

"ဩော်–ဩော်–"

ကျွန်တော်သည် ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ချွေးတပ်သားကိုချိုတို့၏မျက်နှာကို တစ်လှည့်စီကြည့်လိုက် မိသည်။ ၂ ဦးစလုံး၏မျက်လုံးအိမ်ထဲတွင် မျက်ရည်များရစ်ဝဲနေလေသည်။

"ဟုတ်တယ်ဗျာ။ ကျုပ်စိတ်ထဲမှာလည်း တစ်မျိုးကြီးပဲဗျာ။ ဒီစခန်းရောက်လာတာ တခြားစခန်းတွေတုန်းကနှင့် မတူဘူး။ စိတ်မကောင်းစရာ လွမ်းစရာကြီးပဲဗျာ။ ကျွန်တော်တို့ချွေးတပ်သားတွေအားလုံး မျက်ရည်မကျတဲ့လူ မရှိသလောက်ပဲဆရာလေး"

ကိုသာမြိုင်သည် ကိုချိုကိုပြောနေရင်းမှ ကျွန်တော့်ဘက်သို့ တစ်ဖန်လှည့်ကာပြောရှာပါသည်။

ကျွန်တော်က သူတို့ ၂ယောက် ပို၍စိတ်မကောင်းဖြစ်မည်စိုးသဖြင့် တစ်စုံတစ်ရာစကားမဆိုဘဲ ခပ်လှမ်း လှမ်းသို့ငေးမျှော်ကြည့်ရှုနေပါသည်။ ကျွန်တော်မျက်စိစူးစိုက်ထားရာ မြင်ကွင်းအောက်၌မူ စေတီ ၃ ဆူကိုဝတ်ပြု ကန်တော့နေကြသော ချွေးတပ်သားများ၊ မတ်တတ်ရပ်လျက်ဆုတောင်းမေတ္တာပို့နေသော ချွေးတပ်သားများ၊ စေတီတော်များအောက်ခြေရှိ ရေညှိများ, သစ်ပင်ချုံနွယ်များကို နုတ်ထွင်ဖယ်ရှားပစ်နေကြသောချွေးတပ်သားများ စသည်ဖြင့် လှုပ်ရှားမှုအမျိုးမျိုးအဖုံဖုံကိုမြင်နေရလေသည်။

"ခုပုံအတိုင်းသာဆိုရင် ကျွန်တော်တို့တစ်တွေဟာ စွန့်စွန့်စားစားနှင့် ထွက်ပြေးကြမှပဲ အိမ်ပြန်ရောက်မလား မဆိုနိုင်ဘူးဆရာလေး။ ဆရာလေး တွေးကြည့်စမ်းပါဗျာ။ ကျွန်တော်တို့, ဆရာလေးတို့ဟာဆိုရင် တစ်နေ့ထက်

http://mmteashop.com



တစ်နေ့, တစ်လထက်တစ်လဆိုသလိုပဲ သံဖြူဧရပ်နှင့် ဝေးသထက်ဝေးဝေးလာတယ်နော်။ ဟော–ခုဆိုရင် ယိုးဒယားနယ်စပ်ကိုရောက်လုနီးနေပြီ။ နေရပ်ပြန်ရဖို့ ဘယ်ဆီနေမှန်းမသိကြရဘူး”

ကိုချို့က ပြောလေသည်။ ကျွန်တော်က မည်သို့မျှပြန်မပြောဘဲ ငြိမ်နေမိသည်။

“သိပ်တော့ မကြာတော့ဘူးထင်ပါတယ်ဗျာ။ ခု ကျုပ်တို့ရောက်လာတာ နောက်ဆုံးစခန်းပဲဗျ။ ကျုပ်အထင်တော့ ဒီစခန်းကအလုပ်တာဝန်တွေပြီးတာနှင့် ကျုပ်တို့ကို ပြန်လွှတ်လိမ့်မယ်လို့ ထင်တာပဲ။ အဲဒါကို ပြန်လွှတ်ခါနီးဆဲဆဲမှာ ထွက်ပြေးလို့ဖမ်းမိသွားရင်တော့ ကျုပ်တို့ သက်သာမှာမဟုတ်ဘူးဗျ။ ကြိုးချည်ကြိုးတုပ်နှင့် အထုအရိုက်လည်းခံကြရဦးမယ်။ ပြန်မလွှတ်ဘဲထားတာကိုလည်း ခံရဦးမယ်။ အဲဒီတော့မှ ပိုပြီး အထိနာမယ်”

ကိုသာမြိုင်ကပြောပါသည်။

ကျွန်တော်က သူတို့ ၂ ဦး စကားထဲတွင် တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ ကျွန်တော့်အတွေးနှင့် ကျွန်တော် ငြိမ်နေပါသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း နေရပ်သို့ပြန်နိုင်ရေးနှင့်ပတ်သက်၍ စွန့်စားရမည့် ကိစ္စတစ်ရပ်ကို စခန်းပြောင်းရွှေ့လာရစဉ်အခါကပင် ဝမ်းတွင်းကြိတ်တွေးနေမိသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်စဉ်းစားမိသည်မှာ ‘ဂျပန်တို့ကား ရထားလမ်းပေါက်စပြုနေသည့်တိုင် ကျွန်တော်တို့ချွေးတပ်သားအားလုံးကိုမူ တစ်ယောက်မကျန်ပြန်လွှတ်လိမ့်မည် မဟုတ်’ဟု ကျွန်တော်ထင်ပါသည်။ သူတို့က ‘ပြန်လွှတ်မည့်သူများ’ ဟူသည်မှာလည်း ‘လုံးလုံးလျားလျားအလုပ်မလုပ်နိုင်သည့် အိုနာကျိုးကန်းလူများသာ ဖြစ်လိမ့်မည်’ဟူ၍ ကျွန်တော် ထင်မြင်မိပါသည်။ အဘယ့်ကြောင့်ဆိုရပါမူ ရထားလမ်းကြီးတစ်လမ်းလုံး အောင်မြင်ပြီးစီးသွားသည့်တိုင် နောက်ပိုင်းတွင် လမ်းများကိုပြင်ဆင်ရန်အတွက် လည်းကောင်း, ထင်းအတွက် ရေအတွက် လည်းကောင်း, ပစ္စည်းပစ္စယအတင်အချအတွက် လည်းကောင်း ဤတောတွင်းဘူတာရုံစခန်းများ၌ အလုပ်သမားများ ရှိနေရဦးမည် ဖြစ်လေသည်။ ထိုအခါ ကျွန်တော်တို့ချွေးတပ်သားများထဲမှ ကံဆိုးသူများ၊ တစ်နည်းပြောရလျှင် အလုပ်လုပ်ကိုင်နိုင်သေးသူများသည် တောတွင်းချွေးတပ်စခန်းများ၌ နေရစ်ကြရလိမ့်ဦးမည်တော့ ဖြစ်လေသည်။

ဤအကြောင်းများကို တွေးလိုက်မိသောကြောင့်လည်း ကျွန်တော်ကိုယ်တိုင်ကပင် ‘ထွက်ပြေးရသော် ကောင်းလေမည်လား’ ဟူ၍ စိတ်ကူးနေမိခြင်းဖြစ်လေသည်။

“အင်း– ထွက်ပြေးလို့ ဖမ်းမိပြန်ရင်လည်းမသက်သာဘူးဗျ။ ဒီလိုမှ မပြေးပြန်ရင်လည်း ဘယ်နေ့ဘယ်ရက်မှ ပြန်ရမယ် မပြောတတ်ဘူးဗျ။ ကျွန်တော်တို့တစ်တွေအဖြစ်က ရှေ့တိုးရအခက် နောက်ဆုတ်ရအခက်ပါဗျာ”

ကိုချို့က ညည်းညည်းတွားတွားရေရွတ်ရှာပါသည်။

ထိုအခိုက်၌ပင် ဘုရားဝတ်ပြုပြီးသော ချွေးတပ်သားအချို့ ကျွန်တော်တို့ရှိရာသစ်ပင်ကြီးအောက်သို့ ရောက်ရှိလာကြလေသည်။ ထိုနည်းတူစွာပင် အောက်ဘက်ချိုင့်ဝှမ်းထဲမှ တက်ရောက်လာကြသော ချွေးတပ်သား ၄–၅ ယောက်မှာလည်း ကျွန်တော်ရှိရာသို့ရောက်လာကြပါသည်။

ချွေးတပ်သားများ၏ တဲတန်းလျားများသည် အောက်ဘက်ချိုင့်ဝှမ်းထဲတွင် ဖြစ်လေသည်။ စေတီ၃ဆူရှိရာနှင့်ဆိုလျှင် ၂ ဖာလုံခန့်ဝေးလိမ့်မည် ထင်ပါသည်။ စေတီတော် ၃ ဆူရှိရာနေရာမှာ ကုန်းမြင့်ပိုင်းတွင်ဖြစ်လျက်၊ တဲတန်းလျားများမှာ အောက်ချိုင့်ထဲတွင် ဖြစ်လေသည်။ သို့ရာတွင် ကုန်းမြင့်ပိုင်းမှနေ၍ကြည့်သော်လည်း တဲတန်းလျားကို မမြင်ရပါချေ။ သစ်ပင်တောအုပ်များ, ဝါးရုံပင်များက ကြီးမားထူထပ်စွာ ပိတ်ဆီးကာကွယ်ထားလေသည်။

ထိုကုန်းမြင့်ထက်မှ အောက်ဘက်ချိုင့်ဝှမ်းရှိရာသို့ ဆင်းသက်သွားမိမှသာလျှင် ချွေးတပ်စခန်းတဲတန်းလျားများသို့ ရောက်မည်ဖြစ်လေသည်။ တဲတန်းလျားနှင့်မနီးမဝေးတွင်မူ စမ်းချောင်းရှိလေသည်။ ကျွန်တော်အထက်ကဆိုခဲ့ဖူးသည့်အတိုင်း ဂျပန်တို့သည် ချွေးတပ်သားများနှင့် ၎င်းတို့နေထိုင်ရန်အတွက် တဲတန်းလျားနှင့်

http://mmteashop.com



အဆောက်အအုံများကိုဆောက်လုပ်ခြင်းပြုရာ၌မှ စမ်းချောင်းနှင့်နီးကပ်သောနေရာများ၌ ဆောက်လုပ်ကြစမြဲပင် ဖြစ်လေသည်။

"ဆရာလေး။ တဲတွေကတော့ ဟုတ္တိပတ္တိတစ်လုံးမျှ မကောင်းဘူးခင်ဗျ။ နောက်ပြီး တဲတစ်တဲပေါ်မှာလည်း လူနာ ၂ ယောက် တွေ့ခဲ့သေးတယ်။ ၂ ယောက်စလုံး သေမှာပါပဲဗျာ"

ချိုင့်ဝှမ်းရှိရာမှတက်ရောက်လာသည့် ချွေးတပ်သားများထံမှ အမင်္ဂလာသတင်းစကားကို စိတ်မကောင်းစရာ ကြားသိရပါလေသည်။ သို့ရာတွင် ဤလိုသတင်းစကားမျိုးမှာမူ ကျွန်တော်တို့ချွေးတပ်သားများအဖို့ရာ၌ အဆန်းတကြယ်မဟုတ်တော့ပါချေ။ ကြားနေကျသတင်းစကားပင် ဖြစ်လေသည်။ ထို့ကြောင့် မည်သူကမျှ တအံ့တဩ မဖြစ်ကြပါပေ။ ထိတ်လန့်တုန်လှုပ်ခြင်း ဟူ၍လည်း လုံးဝမဖြစ်ကြပါချေ။ ဤသတင်းစကားကိုပြောကြားသော ချွေးတပ်သားကိုယ်၌ကလည်း ထူးထူးခြားခြား ပြောနေခြင်း မဟုတ်ပါချေ။

ဤလိုအဖြစ်မျိုးကိစ္စများ၌မူ ဗြိတိသျှသုံ့ပန်းချွေးတပ်သားများနှင့် ကျွန်တော်တို့ အရပ်သားချွေးတပ်သားများ ကွာခြားနေပါသည်။

ကျွန်တော်တို့ ချွေးတပ်သားများမှာ နောက်ပိုင်းအချိန်ကာလများတွင် စခန်းတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းခြင်း ပြုကြရသည့်အခါ၌ မကျန်းမမာဖြစ်နေသူများအား စွန့်ပစ်ထားခဲ့ကြပါသည်။ မိမိတို့၏သွေးသားညီအစ်ကိုမှလွဲလျှင် မည်သူကမျှ ဒုက္ခဆင်းရဲခံလျက် ထမ်းပိုးသယ်ဆောင်သွားကြခြင်း မရှိပါချေ။ ထိုသူထိုချွေးတပ်သား၏ကံတရား အတိုင်း 'ကံစီမံရာ' ဟူ၍သဘောထားကာ စွန့်ပစ်ခဲ့ကြလေသည်။ အမှန်စင်စစ် ကျွန်တော်မှစ၍ ဘွန်ထိုက်ရှို့, ဟန်ချို စသူများကလည်း ထိုချွေးတပ်သားအား သယ်ဆောင်သွားရန်အတွက် အစီအမံမပြုလုပ်ခဲ့ကြပါချေ။

ဤသို့ဖြစ်ရသည်မှာလည်း ကျွန်တော်တို့ကိုယ်တိုင်က ရက်စက်လှခြင်းကြောင့် တစ်ကြောင်း, အကြင်နာ သနားစိတ်နည်းပါးလှခြင်းကြောင့် တစ်ကြောင်း မိမိတို့မိတ်ဆွေအဖွဲ့ဝင်အပေါ်၌ တာဝန်မယူချင်သောကြောင့် တစ်ကြောင်းတော့ မဟုတ်ပါပေ။ လူမမာချွေးတပ်သားများအား ကျွန်တော်တို့ကခေါ်ဆောင်ခြင်းပြုသည်ကို ဂျပန်များက သဘောမတူခြင်းကြောင့် ဖြစ်လေသည်။

အစဦးပိုင်းအချိန်များကဆိုပါလျှင် မမာမကျန်းဖြစ်သောချွေးတပ်သားများအား ဂျပန်တို့က တောတွင်း ဆေးရုံစခန်းများသို့ ပို့သောအဖြစ်ကိုလည်း ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါသည်။ နောက်ပိုင်းအချိန်တွင်မူ ဂျပန်များ ကလည်း ထိုကဲ့သို့ပို့ပေးခြင်း မပြုတော့ပါပေ။ တောတွင်းဆေးရုံစခန်းများ ဟူသည်မှာလည်း ပျက်စီးပျောက်ကွယ် ...ပမတတ် ဖြစ်ကုန်လေတော့သည်။ ထိုအခါ မကျန်းမမာဖြစ်ကုန်ကြသောချွေးတပ်သားများ ဟူသည်မှာလည်း ...န်းလျားများပေါ်တွင် ဖြစ်သလိုနည်းနှင့် စွန့်ပစ်ထားခြင်းကို ခံကြရရှာလေသည်။

ဗြိတိသျှစစ်သုံ့ပန်းချွေးတပ်သားများမှာကား ဤလိုမဟုတ်ပါချေ။ သူတို့သူတို့၏ရဲဘော်ရဲမက်လူနာများအား စခန်းတစ်ခုမှတစ်ခု, တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခြင်းပြုသည့်အခါ ဝါးများကိုထမ်းစင်ပြုလုပ်လျက် ပင်ပန်းဆင်းရဲခြင်းခံကာ ထမ်းပိုးခေါ်ဆောင်သွားကြစမြဲပင် ဖြစ်လေသည်။

ဗြိတိသျှစစ်သုံ့ပန်းချွေးတပ်သားများ၏ ဤအပြုအမူနှင့်ပတ်သက်၍ကား ဂျပန်တို့က ကန့်ကွက်ခြင်းပြု,မပြု ဆိုသည်ကိုမူ ကျွန်တော် လုံးဝမသိရှိပါချေ။ ကျွန်တော့်စိတ်အထင်ပြောရလျှင် 'ကန့်ကွက်တားမြစ်ခြင်းမပြု' ဟူ၍သာ ထ...ပါသည်။ ဤသည်မှာ ဂျပန်များက ဗြိတိသျှစစ်သုံ့ပန်းချွေးတပ်သားများအပေါ် အထူးအခွင့်အရေးပေးခြင်း ဖြစ်လျှင်လည်း ဖြစ်နိုင်ပါသည်။ ထိုသို့မှမဟုတ်လျှင်လည်း သုံ့ပန်းများနှင့်ပတ်သက်သော စည်းကမ်းဥပဒေ ရှိသောကြောင့် ဖြစ်လျှင်လည်း ဖြစ်နိုင်ပါသည်။ ဤကိစ္စမျိုးတွင်မူ ဗြိတိသျှသုံ့ပန်းချွေးတပ်သားများမှာ ကျွန်တော်တို့ အရပ်သား ချွေးတပ်သားများထက် ပိုမိုကာအခွင့်အရေးရရှိကြောင်း ထင်ရှားလှလေသည်။

"ကဲ–ကျွန်တော်တို့အားလုံး စခန်းကိုသွားကြရအောင် ကိုသာမြိုင်။ မိုးချုပ်လုနီးနေပြီ"

http://mmteashop.com



ကျွန်တော်က ဘွန်ထိုက်ချိုကိုသာမြင်ကို ပြောလိုက်ပါသည်။ အချိန်မှာလည်း နေ၏အလင်းရောင် ကွယ်ပျောက်လုနီးလေပြီ။

"အားလုံးသွားကြစို့ဟေ့။ လာကြ လာကြ။ သွားကြမယ်ဟေး။ သွားကြမယ်"

ဘွန်ထိုက်ချိုကိုသာမြင်က သစ်ပင်အောက်မှနေ၍ အသံကုန်အော်ဟစ်ခြင်းပြုလေသည်။ သူနည်းတူပင် အခြားသော ဘွန်ထိုက်ချို၊ ဟန်ချိုတို့ကလည်း စေတီ ၃ ဆူရှေ့မှောက်ရှိချွေးတပ်သားများအား အော်ဟစ်ခေါ်ငင်ခြင်း ပြုလေသည်။

ယခုအချိန်၌မူ ကျွန်တော်တို့ချွေးတပ်သားများမှာ စခန်းရွှေ့ပြောင်းခြင်းပြုရာ၌ ကိုယ့်လူကိုယ့်တပ်ကို ကိုယ်ထိန်းကျောင်းသည့်သဘောမျိုး ဖြစ်နေရလေသည်။ ခုနစ်ခွေစခန်းမှပြောင်းရွှေ့ကြသော ဂျပန်စစ်သားများမှာ ဘုရား ၃ ဆူစခန်းအတွင်းသို့ ကျွန်တော်တို့ထက်အချိန်စောစွာ ရောက်ရှိနေကြပြီး ဖြစ်လေသည်။

မကြာမီ ကျွန်တော်တို့ ချွေးတပ်အဖွဲ့သားများသည် တဲတန်းလျားကြီးများရှိရာချိုင့်ဝှမ်းဆီသို့ စီတန်းလျက် ဆင်းသက်လာခဲ့ကြလေသည်။ လမ်းမှာ အတန်ငယ်ကျဉ်းမြောင်းသော်လည်း တစ်ဘက်တစ်ချက်ရှိဝါးတောကြီးများ၊ သစ်ပင်ကြီးများကြောင့် အလွန်တရာ အရိပ်အာဝါသကောင်းမွန်ခြင်း ရှိလှလေသည်။ ကွေ့ကောက်ကျဉ်းမြောင်းသော ထိုလမ်းကလေးအတိုင်း ကျွန်တော်တို့ချွေးတပ်သားများ ဆင်းသက်လာသည့်အခါ ဝါးတောကြီးများအတွင်းနှင့် သစ်ပင်တောအုပ်များအတွင်းသို့ တောကြောင်များ၊ တောဝက်များသည် ထိတ်လန့်တကြား ဝင်ရောက်ပြေးသွားကြလေသည်။

ကျွန်တော်သည် လမ်းလျှောက်နေရင်းမှ ချွေးတပ်သားများ၏ ယခင်နှင့် ယခု မတူသောအဖြစ်ကိုလည်း တွေးတောလိုက်မိပါသည်။ ယခင်အချိန်ယခင်အခါများကသာဆိုပါလျှင် မာကျော၍ အရသာအလျှင်းကင်းမဲ့လှသော ဆင်သားကိုပင် နွားဝေတ်ရေကျစားသောက်လာကြသည့် ချွေးတပ်သားများသည် ယခုလို တောကြောင် တောဝက် စသောသတ္တဝါများကိုမြင်တွေ့ပါက ဝိုင်းဝန်းလျက် ကြွေသံပေးကာ လိုက်လံပစ်ခတ်ကြပေမည်။ ယခုမူ ဤလို မဟုတ်ကြတော့။ အားလုံးပင် ငြိမ်ငြိမ်သက်သက်နှင့် စခန်းရှိရာသို့ ခြေလှမ်းလေးတွဲ့စွာလျှောက်နေကြလေသည်။ လူအုပ်ထဲမှ ၁ယောက်–၂ယောက်လောက်ကသာလျှင် 'ဟိုမှာ–ဟိုမှာ–တောဝက် တောဝက်' ဟုလည်းကောင်း၊ 'တောကြောင်ဟေ့–တောကြောင်ဟေ့' ဟူ၍လည်းကောင်း လက်ညှိုးထိုးပြရုံ၊ ပါးစပ်ကပြောရုံမျှ ပြောနိုင်လေတော့သည်။

ချွေးတပ်သားအားလုံးတို့သည်ပင် အားအင်ကုန်ခမ်း ပင်ပန်းနွမ်းနယ်ရှိကြသည့်မျှမက စိတ်ဓာတ်များပင် ဆုတ်ယုတ်ကျဆင်းလျက်ရှိနေကြပြီဖြစ်ကြောင်း ထင်ရှားလှပါသည်။

နောက်ပိုင်းတွင် ထူးထူးခြားခြားဖြစ်လာသော ချွေးတပ်သားအချို့၏အပြုအမူကိုလည်း ကျွန်တော် တင်ပြချင်ပါသည်။ ထိုအပြုအမူမှာ အခြားမဟုတ်ပါ။ ချွေးတပ်သားများထဲမှ အသက်အရွယ် အတော်အတန်ကြီးမားသူများသည် ဝါးစိပ်ပုတီးကုံးများပြုလုပ်လျက် ပုတီးစိပ်ကြခြင်းပင်ဖြစ်လေသည်။

ထိုဝါးစိပ်ပုတီးကလေးများကို သူတို့သူတို့သည် အတော်ပင် လက်ရာကောင်းမွန်အောင်ပြုလုပ်နိုင်ကြသည် မှာလည်း ချီးကျူးအံ့သြစရာ ကောင်းလှပါသည်။ ဝါးကို ပုတီးစေ့အလုံးချောကလေးများဖြစ်လာအောင် ကျောက်ကြမ်းကျောက်ချောဖြင့် စိတ်ရှည်လက်ရှည် ပွတ်သွေးကြသည်။ ပြီးသော် အလယ်မှ အပေါက်ကလေးများဖောက်ကြသည်။ ထိုမှပြီးလျှင် ပုတီးကုံးသီပြီးနောက် ပုတီးထိပ်ဖျားမှ နဂါးရုပ်၊ ဂဠုန်ရုပ်ကလေးများဖြစ်အောင်ပင် လုပ်တတ်ကြလေသည်။ ကျွန်တော်၏မိတ်ဆွေ ဘွန်ထိုက်ချိုကိုသာမြင်နှင့် ထမင်းချက်ခေါင်းကိုစံခတို့၏လည်ပင်း၌ပင် ထိုဝါးပုတီးကလေးများ တစ်ကုံးကျစီဆွဲထားကြပါသည်။

ကိုသာမြင်နှင့် ကိုစံခတို့သည် ညနေပိုင်းအားလပ်သောအချိန်များ၌ ဘုရား ၃ ဆူသို့သွားရောက်ကြလျက် အတန်ငယ်အမှောင်ပျိုးချိန်အထိ စိပ်ပုတီးစိပ်လေ့ရှိကြပါသည်။ နောက်တော့ သူတို့ ၂ ဦးကဲ့သို့ပင် အခြားသော

http://mmteashop.com



ချွေးတပ်သားကြီးများလည်း ပုတီးသွားစိပ်ကြောင်း သိရှိရပါသည်။

ဘုရား ၃ ဆူစခန်းရှိ တဲတန်းလျားများသို့ရောက်ရှိကြသည့်အခါ၌လည်း ကျွန်တော်တို့အဖို့ ခုနစ်ခွေ့စခန်းရှိ တဲတန်းလျားများကဲ့သို့ပင် အပျက်အစီးများချည်းဖြစ်လျက်ရှိသည်ကို ကြုံရပြန်ပါသည်။ သို့ရာတွင် ထိုနေ့အဖို့ အတော်ပင်မိုးချုပ်နေပြီဖြစ်ခြင်းကြောင့်လည်း ကျွန်တော်တို့သည် တဲတန်းလျားများကို ပြုပြင်မနေနိုင်ကြတော့ပါချေ။ ချွေးတပ်သားများအား ဖြစ်သလိုသာ နေရာချထားပေးခြင်း ပြုရပါသည်။

ကျွန်တော်သည် ဘွန်ထိုက်ချုံအုပ်စုအသီးသီးအား နေရာချထားပေးပြီးနောက်၊ ထမင်းဟင်းကိစ္စများကိုလည်း စိစဉ်ပြောကြားခြင်းပြုခဲ့ပြီးလျှင် အိနားမတ်ဆုရှိရာ ဂျပန်စစ်ရုံးအဆောက်အအုံသို့ ကရင်ကလေးသာဆင်နှင့် ၂ယောက်အတူ ထွက်လာခဲ့ပါသည်။

ဘုရား ၃ ဆူစခန်း၌ ဂျပန်များနေထိုင်ရန်ဆောက်လုပ်ထားသော အိမ်ငယ်ကလေးများနှင့် ဂျပန်စစ်ရုံးပြုလုပ်ထားသည့်အဆောက်အအုံရှိသည့်နေရာမှာ စမ်းချောင်း၏တစ်ဘက်ကမ်းတွင် ဖြစ်လေသည်။ ထိုနေရာကို ကူးသန်းသွားလာခြင်းပြုရန်အတွက် ဝါးတံတားကလေးကို ထိုးထားလေသည်။ ထိုဝါးတံတားကလေးမှာမူ ဂျပန်များစိတ်ကြိုက် ဂျပန်များကိုယ်တိုင်ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။ ထို့ကြောင့်လည်း စမ်းချောင်းကူးတံတားကလေးမှာ ဂျပန်ဆန်လှသည်။ ဂျပန်ပုံသဏ္ဌာန် ပေါ်လွင်နေပေသည်။

ကျွန်တော်နှင့် သာဆင်သည် စမ်းချောင်းကလေး၏တစ်ဘက်သောကမ်းခြေမှနေလျက် ဝါးတံတားကလေးအတိုင်း တစ်ဘက်သောကမ်းခြေသို့ဖြတ်ကူးခဲ့ကြလေသည်။ တံတားကလေးပေါ်သို့ ကျွန်တော်တို့မရောက်မီ ခပ်လှမ်းလှမ်းကနေ၍ပင် ဂျပန်တို့၏အိမ်ငယ်ကလေးများတွင်ထွန်းညှိထားသော ကညင်ချောင်းမီးတိုင်များကို လှမ်းမြင်နေရသလို စစ်ရုံးအဆောက်အအုံနှင့် ၁၀ ကိုက်ခန့်အကွာအဝေးတွင်လည်း မီးပုံတစ်ပုံအနီးတွင် ဂျပန်စစ်သားများစုရုံးစုရုံးဖြစ်နေသည်ကို လှမ်းမြင်လိုက်ရလေသည်။

ကျွန်တော့်စိတ်အထင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် ထိုဂျပန်အုပ်စုထဲ၌ပင် ရှိနေလိမ့်မည် ဟုယူဆမိသောကြောင့်လည်း ထိုဂျပန်စစ်သားများရှိရာမီးပုံဆီသို့ ဆက်လက်ကာလျှောက်လာခဲ့လေသည်။

"ဆရာလေး–လာဗျ။ လာလာ။ ခင်ဗျားကို မာစတာမေးနေတယ်။ ခပ်စောစောက ကျွန်တော် ၂ ခေါက်တောင် သွားကြည့်သေးတယ်"

ကျွန်တော်နှင့် သာဆင်တို့ မီးပုံနားအရောက်တွင် စကားပြန်သူငယ်ကလေးမောင်ချစ်က လှမ်းခေါ်ပါသည်။

မီးပုံအနီးတွင် ဂျပန်စစ်သား ၆ ယောက်–၇ ယောက်ခန့် ဝိုင်းနေသည်။ အိနားမတ်ဆုနှင့် အခြားဂျပန်စစ်သား ၂ ယောက်တို့မှာမူ မီးပုံနှင့်ခပ်လှမ်းလှမ်းရှိ ကွပ်ပျစ်ပေါ်တွင်ထိုင်လျက် စကားပြောနေကြသည်။ သူတို့ရှေ့တွင်လည်း ဂျပန်စစ်သားများအသုံးပြုသည့် ထမင်းစားခွက်များ၊ ဝါးကျည်တောက်များ၊ ခင်းထားသောအင်ဖက်များပေါ်တွင်ပုံထားသည့် ကောက်ညှင်းမုန့်များ၊ အငွေ့ထောင်းထောင်းထွက်နေသောထမင်းများကို တွေ့ရလေသည်။

"ဘီမော–လာလာ။ ဝက်ရှိတက။ အများကြီးကောင်းတကား"

အိနားမတ်ဆုသည် ကျွန်တော့်ကိုမြင်သည့်အခါ ထိုကဲ့သို့ပြောရင်းထိုင်ရာမှထလေသည်။

ထိုအခါမှ ကျွန်တော် မီးပုံရှိရာသို့လှမ်းကြည့်လိုက်မိပါသည်။ တောဝက်တစ်ကောင်ကို ခေါင်းဖြတ်၊ ခြေထောက်ဖြတ်လျက် တံစို့ထိုးကာမီးကင်နေကြခြင်းပင် ဖြစ်လေသည်။ မီးပုံဘေးတွင်လည်း ဝါးတန်းပစ်လိုက်ခဲလံကျည်တောက်များကဲ့သို့ ဝါးဆစ်ကျည်တောက်ကြီးများဖြင့် ထမင်းများချက်ထားသည်ကို တွေ့ရပါသည်။

"ဝက်၊ အားကြီးကောင်းတကား–ဘီမော စားတယ်ကား"

အိနားမတ်ဆုသည် ကျွန်တော့်ပခုံးကို ပြင်းစွာပုတ်ခတ်လျက် ပြောပါသည်။ ပြီးလျှင် တဟားဟားရယ်မောလေသည်။ ထိုခါမှ အိနားမတ်ဆု ဆာကေအရက်သောက်ထားကြောင်း ကျွန်တော်သိရပါလေသည်။

http://mmteashop.com



ပြီးသော် အိနားမတ်ဆုသည် ကျွန်တော့်ပခုံးကို ခပ်တင်းတင်းကိုင်လျက် ဝါးရုံပင်များအောက်သို့ခေါ်ဆောင်သွားပါသည်။ စကားပြန်ကလေး မောင်ချစ်, ကရင်ကလေး သာဆင်နှင့် ဂျပန်စစ်သားတစ်ယောက်လည်း ကျွန်တော်တို့နောက်မှ လိုက်ပါလာပါသည်။

ကျွန်တော်တို့သည် မကြာမီပင် ဝါးရုံပင်များအောက်သို့ ရောက်ရှိလာကြလေသည်။ ထိုအခါမှ အိနားမတ်ဆု မည်သည့်အတွက် ကျွန်တော့်ကိုခေါ်ဆောင်လာသည်ဆိုခြင်းကိုလည်း ကျွန်တော် သိရပါတော့သည်။

"ဘိဓော–ကောင်းတကား။ အများကြီးကောင်းတကား"

"ဟိုက်၊ မာစတာ–အများကြီးကောင်းတဲ့ယ်မာစတာ–"

အိနားမတ်ဆုသည် ကျွန်တော့်ပခုံးကိုကိုင်လှုပ်လျက် ဝါးရုံပင်အောက်သို့ လက်ညှိုးထိုးပြလေသည်။ သူ့ဘေးရှိ ဂျပန်စစ်သားကလည်း တခွီးခွီးရယ်လေသည်။ ထိုဂျပန်စစ်သားများလည်း အိနားမတ်ဆုလိုပင် ဆာကေသောက်ထားကြောင်းသိရလေသည်။ ဝါးရုံပင်အောက် အင်ဖက်များပေါ်တွင် ဝက်ခေါင်းတစ်ခေါင်း, ခြောက်ထောက် ၄ ချောင်းနှင့် အူများ, အသည်းနှလုံးများကိုတွေ့ရလေသည်။

အိနားမတ်ဆုသည် တဟားဟားရယ်မောနေရာမှ စကားပြန်သူငယ်ကလေးဘက်သို့လှည့်လျက် တစ်စုံတစ်ရာသောစကားကိုပြောလေသည်။

"ဆရာလေး။ အဲဒါတွေယူသွားပြီးချက်စားတဲ့ဗျ"

မောင်ချစ်က ကျွန်တော့်ကိုပြောပါသည်။

စကားပြန်သူငယ်၏စကားအဆုံးတွင် အိနားမတ်ဆုသည် ကျွန်တော့်ကိုကြည့်ကာ ဦးခေါင်းတစ်ချက်ညိတ်ပြပြီးနောက် ဂျပန့်စစ်သားနှင့်အတူ ကွပ်ပျစ်ရှိရာသို့ထွက်ခွာသွားလေသည်။

"ကဲ–ဆရာလေးတို့ ယူသွားကြပေတော့။ ဒီညတော့ ဂျပန်မာစတာတွေ တော်တော်မူးနေကြလိမ့်မယ်ဗျ။ မနေ့က သူတို့အတွက် အရက်တွေ, စီးကရက်တွေ, ကောက်ညင်းဆန်တွေ, သကြားတွေ ရလာကြတယ်"

ကျွန်တော့်ကို စကားပြန်သူငယ်ကပြောနေပါသည်။

"ဂျပန်တွေအားလုံး မူးနေသလားကွယ့်"

ကျွန်တော်က မေးလိုက်ပါသည်။ ထိုကဲ့သို့မေးရင်းမြန်းရင်းမှလည်း ကျွန်တော်နှင့် သာဆင်တို့သည် ဝက်ခေါင်း, ဝက်ခြေထောက်များ, ဝက်အူ, ဝက်အသည်းများကို အင်ဖက်များနှင့် ထုပ်နေကြရလေသည်။

"၃–၄ ယောက်တော့မသောက်ဘူးဗျ။ မာစတာအိနားမတ်ဆုတို့ဟာ သိပ်မကြာတော့ဘူးဗျ။ စစ်တိုက်ထွက်ရလိမ့်မယ်နှင့် တူတယ်"

စကားပြန်သူငယ်က ပြောပါသည်။

"ဘယ်တော့ထွက်ရမှာလဲ။ ဘယ်နေရာထွက်ရမှာလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"အဲဒါတော့ ကျွန်တော်လည်း အသေအချာမပြောတတ်ဘူးဗျာ။ ထွက်တော့ထွက်ရမှာပဲ"

ထိုကိစ္စနှင့်ပတ်သက်၍ကား စကားပြန်သူငယ်အား ထပ်မံမေးမြန်း၍ ရလိမ့်မည်မဟုတ်ကြောင်း ကျွန်တော်နားလည်လိုက်ပါသည်။ ထို့ကြောင့်လည်း ထိုအရေးထိုကိစ္စကို နောက်ထပ်လျက် ကျွန်တော်မမေးမြန်းတော့ပါ။ အခြားအကြောင်းတစ်ခုကိုသာ ကျွန်တော်မေးမြန်းလိုက်ပါသည်။

"မနက်တော့ တို့တစ်တွေ အလုပ်ဆင်းရမလားကွ"

"ဆင်းရမှာပေါ့ဗျာ။ ဒီတစ်ခါစခန်းပြောင်းတာ သိပ်ဝေးတာမှမဟုတ်ဘဲ။ နောက်ပြီး အလုပ်ကလည်း သိပ်ပင်ပန်းမှာမှမဟုတ်တာ"

http://mmteashop.com



မောင်ချစ်က ပြောပါသည်။

"ဘာတွေလုပ်ရမယ်လို့ ပြောလဲကွ"

ကျွန်တော်က မေးကြည့်ပါသည်။

"ထင်းဖြတ်ရမယ်။ ကျောက်ထုရမယ်"

"ကဲ-ကဲ-ငါတို့သွားမယ်ဟေ့။ ဒါတွေ ပြန်ချက်ရဦးမယ်။ တို့ လူ ၆၀ ကျော် ဝေမျှစားရမယ်"

ကျွန်တော်နှင့် သာဆင်သည် မောင်ချစ်ကိုနှုတ်ဆက်ပြီးနောက် စမ်းချောင်းကူးတံတားရှိရာသို့လျှောက်ခဲ့ကြသည်။ တံတားထိပ်သို့ ကျွန်တော်တို့ရောက်သည့်အခါ ကျွန်တော်တို့ကိုလာစောင့်နေသော ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ကိုစံခတို့ကိုတွေ့ရလေသည်။

"ကိုယ့်လူတွေ ဒီညတော့ ဝက်သားဟင်း စားရမယ်။ ရော့ ဗျို။ အိနားမတ်ဆုကပေးလိုက်တယ်။ ကိုစံခ ဆီမှာ ငရုတ်သီးလေးများရှိသေးရင်တော့ အဆင်ပြေပေါ့ဗျာ"

ကျွန်တော်သည် ပြောပြောဆိုဆိုပင် လက်ထဲမှဝက်ခေါင်းကြီးကို ဘွန်ထိုက်ချိုကိုသာမြိုင်လက်သို့ လှမ်းပေးလိုက်ပါသည်။

"ဟာ-လာဘ်တိုက်တာပဲ ဆရာလေးရေ။ ကျွန်တော်တို့ ဒီတစ်ချိစခန်းပြောင်းရတာ ဟန်ကျသားဗျ။ ရှိတယ်-ရှိတယ်။ ကျွန်တော့်ထဲကအကောင်တွေဆီမှာ ငရုတ်သီးခြောက်ရှိလိမ့်ဦးမယ်"

ထမင်းချက်ခေါင်းကိုစံခက ပြောလေသည်။ ဝက်ခေါင်းနှင့် ဝက်ခြေထောက်များ ရလာသည့်အတွက်ကြောင့်လည်း သူတို့ ၂ ယောက် အူမြူးနေကြလေသည်။ 'သူတို့သာ မဟုတ်။ ချွေးတပ်သားများလည်း ဝမ်းသာရွှင်မြူးကြလိမ့်မည်'ဟု ကျွန်တော် တွေးလိုက်မိပါသည်။ နှစ်နှင့်ချီကာ ဝက်သားဟင်းမစားခဲ့ရသော ကျွန်တော်တို့အားလုံးအဖို့ ဝက်ခေါင်းနှင့် ဝက်ခြေထောက်များရရှိလာသည်မှာ မဟာလာဘ်လာဘကြီးတစ်ခုပင် ဖြစ်နေပါတော့သည်။

မကြာမီ ကျွန်တော်တို့လူစုသည် တစ်ဘက်ကမ်းသို့ကူးခဲ့ကြသည်။

"ချွေးတပ်သားတွေကို ညထမင်း ဝေပြီးပြီလားဗျ"

ကျွန်တော်က ကိုစံခကို မေးလိုက်ပါသည်။

"ဆရာလေးပြန်အရောက် စောင့်နေတာ။ အတော်ပဲကျသွားတာပေါ့ဗျာ"

"ဘာဟင်းလဲဗျ"

"ဟိုဒင်းဗျ-မတ်ပဲရေလုံပြုတ်တာလေ။ မနက်ကျရင်တော့ အာလူးစားရမယ်ဗျ"

ကိုစံခက ပြောပါသည်။

"အတော်ပဲဗျို့။ ခုည ဝက်သားဟင်းထဲမှာ အာလူးရောချက်ဗျာ။ ဒါမှလည်း ဒီလူစုနှင့်လောက်ငမှာ ကိုစံခ"

ကျွန်တော်က အကြံပေးလိုက်ပါသည်။

"အဲဒါကောင်းတယ်ဗျ"

ကိုသာမြိုင်က ပြောလေသည်။

"ဒါထက်ကိုသာမြိုင်။ တဲပေါ်က လူနာ ၂ ယောက်ဆိုတာ ခင်ဗျားတို့ သွားကြည့်ကြသေးလားဗျ"

ကျွန်တော်က မေးလိုက်ပါသည်။ တဲတစ်လုံးပေါ်တွင် ရှိနေကြသည်ဆိုသော လူမမာ ၂ယောက်ကို ကျွန်တော် သွားမကြည့်ရသေးပါ။ ယခုမှပင် သတိရ၍မေးကြည့်ရပါလေသည်။

"သွားကြည့်တယ် ဆရာလေး။ ဟိုတောင်ဘက် ဝါးရုံပင်တွေအောက်က တဲတန်းလျားပေါ်မှာဗျ။ ဒီစခန်းမှာ အဲဒီတဲလိုင်းကို ဆေးရုံသဘော လုပ်ထားဟန်တူပါတယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ သူက ဒိပြင်တဲတန်းလျားတွေနှင့် အတော်ကလေးလှမ်းတယ်ဗျ။ နောက်ပြီး ကြက်ခြေခတ်အနီကြီးလည်း ရေးထားတယ်"

http://mmteashop.com



ဘွန်ထိုက်ချိုကိုသာမြိုင်က ပြောပါသည်။

"အခြေအနေကော ဘယ်လိုနေလဲဗျ"

"တစ်ယောက်ကတော့ သေမှာပဲဆရာလေး။ တစ်ယောက်ကတော့ ကုသိုလ်ကံကောင်းရင် မသေဘူး ထင်ရတာပဲ။ ကျွန်တော်တို့ တဲပေါ်တက်သွားတယ်ဆိုရင်ပဲ ရေတောင်းလို့ ဝါးဆစ်ဘူးနှင့် ရေနွေးထည့်ပေးခဲ့ရတယ်။ အဲ–တစ်ယောက်ကတော့ စကားတောင်မပြောနိုင်ဘူး။ မျက်ကွင်းဟောက်ပက်နှင့် အသက်ဖုတ်လှိုက်ဖုတ်လှိုက် ရှူနေရတယ်"

ကျွန်တော်တို့သည် မီးရောင်များမြင်နေရသော စမ်းချောင်းဘေးတစ်နေရာရှိ ထမင်းချက်ရုံဆီသို့ ဆက်လက်၍ လျှောက်ခဲ့ကြလေသည်။ ထမင်းချက်ရုံမှာလည်း အခြားအခြားသောစခန်းများရှိ ထမင်းချက်ရုံများကဲ့သို့ပင် ချွေးတပ်သား များနေထိုင်ရာတဲတန်းလျားနှင့် အတော်အတန်ခပ်ကွာကွာတွင်ဖြစ်လေသည်။

ဤသို့နှင့် ထမင်းချက်ရုံအနီးသို့ ကျွန်တော်တို့ရောက်ရှိသွားကြသည့်အခါ ထမင်းချက်ရုံအနီးတစ်ဝိုက်တွင် ညစာထမင်းယူငင်ကြရန် စောင့်ဆိုင်းနေသောချွေးတပ်သားများနှင့် ဟန်ချိုများကို တွေ့ရလေသည်။ သူတို့သည် ကညင်ချောင်းမီးတိုင်များ, မီးစည်းမီးတုတ်များကို ထွန်းညှိလျက် ဟိုစုစုသည်စုစုထိုင်ကာ စောင့်နေကြခြင်း ဖြစ်လေသည်။ အားလုံးပင် ဆာလောင်မွတ်သိပ်နေကြပြီဖြစ်ကြောင်း ကျွန်တော်အကဲခတ်မိပါသည်။

သူတို့သည် ကျွန်တော်တို့ကို မြင်လိုက်သည့်အခါ ထိုင်နေရာမှ စုရုံး စုရုံး ထလိုက်ကြလေသည်။

"မင်းတို့ ထမင်းမရသေးဘူးဟေ့။ အားလုံး နောက်ထပ်ပြီး ၁ နာရီကျော်ကျော်–၂ နာရီလောက် စောင့် လိုက်ကြဦး။ တဲလိုင်းပေါ် ပြန်နေကြဦးဟေ့"

ဘွန်ထိုက်ချိုကိုသာမြိုင်က ကြွေးကြော်လိုက်ပါသည်။

"ဟာ–ဆာလှပြီဗျ။ သေရောပေါ့ဗျာ"

"ဘယ်အချိန် ရှိပြီလဲဗျာ"

တစ်ယောက်တစ်ပေါက်အော်ဟစ်ညည်းတွားလိုက်ပါသည်။

"ဒီမယ်ကြည့်စမ်း။ ဒါ ဘာလဲဆိုတာ။ ဝက်သားဟင်းချက်ရဦးမယ်ကွ။ ဝက်သား။ ဝက်သား အဲဒါကြောင့် စောင့်ကြဦးလို့ပြောတာ။ မင်းတို့ ခုဆာလှရင် ပဲရေလုံပြုတ်ပဲရမယ်"

ကိုသာမြိုင်သည် သူ့လက်မှဝက်ခေါင်းကြီးကို မီးရောင်ရှေ့သို့ထိုးမြှောက်ကာ ပြလိုက်လေသည်။

ထိုအခါ ညည်းညည်းညူညူဖြစ်နေသောချွေးတပ်သားများမှာလည်း ဝမ်းမြောက်ဝမ်းသာအော်ဟစ်ကြ လေသည်။ သူတို့သည် တဲတန်းလျားများရှိရာသို့ပင် မပြန်ကြတော့ပါချေ။ ထမင်းချက်ရုံရှေ့ခပ်လှမ်းလှမ်းတွင် မီးပုံများဖိုလျက် စကားဝိုင်းဖွဲ့နေကြလေသည်။

ထမင်းချက်ခေါင်း ကိုစံခမှာလည်း သူ့ရဲဘော်ထမင်းချက်သမားများနှင့်အတူ ဝက်ခေါင်းနှင့် ဝက်ခြေထောက် များကိုသာ ချက်ပြုတ်ကြရန် အဆောတလျင် စီမံလျက်ရှိနေကြရလေသည်။

ထိုကဲ့သို့ ကိုစံခနှင့် သူ့လူများ ဟင်းချက်ပြုတ်ရန်စီစဉ်နေကြခိုက် ကျွန်တော်သည် ဘွန်ထိုက်ချို ကိုသာမြိုင် နှင့် သာဆင်တို့ကိုခေါ်ဆောင်ခဲ့ပြီးနောက် လူမမာ ၂ ယောက်ရှိနေသော တဲတန်းလျားရှိရာသို့ထွက်ခဲ့ပါသည်။

ထိုတဲငယ်မှာ ကျွန်တော်တို့ချွေးတပ်သားများနေထိုင်သော တဲတန်းလျားများနှင့် အတော်ကလေး အလှမ်း ဝေးလေသည်။ ကျွန်တော်တို့သည် ကညင်ဆီမီးချောင်းတစ်ချောင်းကို ထွန်းညှိခြင်းပြုခဲ့ကြသည်။ တစ်ယောက်လျှင် ဝါးချွန်တစ်ချောင်းကျစီကိုလည်း အသင့်ဆွဲကိုင်လျက်လာခဲ့ကြပါသည်။ ဤနေရာမှာ လူနေတဲတန်းလျားများ ဖြစ်သည့်တစ်ကြောင်း, မီးအလင်းရောင်များလည်း ရှိသည့်တစ်ကြောင်း ဖြစ်သောကြောင့် ကျား၏ဘေးအန္တရာယ်ကို စိုးရိမ်ကြောင့်ကြစရာမရှိသော်လည်း၊ တောဝက်များနှင့် အခြားသောသတ္တဝါတို့၏အန္တရာယ်ကို စိုးရိမ်ရလေသည်။

http://mmteashop.com



ထို့ကြောင့် ညရေးညတာဆိုလျှင် သတိဝီရိယထားရခြင်းပင် ဖြစ်လေသည်။

သို့နှင့် မကြာမီအချိန်ကလေးအတွင်း ကျွန်တော်တို့သည် တဲငယ်အနီးသို့ရောက်ရှိလာခဲ့ကြပါသည်။ ထိုကဲ့သို့ တဲငယ်အနီးရောက်သည်ဟုဆိုလျှင်ပင် တဲပေါ်မှ လူတစ်ဦးတစ်ယောက်၏ညည်းတွားသံကို ကြားရပါတော့သည်။ ထိုအသံကို ကြားလိုက်ရသောကြောင့်လည်း ကျွန်တော်မှာ အလွန်တရာပင်စိတ်မကောင်းခြင်း ဖြစ်ရပါသည်။ လူကောင်းသူကောင်း ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပါဘဲ မမာမကျန်းသော လူ ၂ ယောက်တည်းအားသာလျှင် ဤလိုတောကြီးမျက်မည်းအလယ်ရှိ တဲအိုတဲပျက်အပေါ်၌ စွန့်ပစ်ထားခြင်းခံရရှာသည်မှာ 'သေရသည်ကမှ ကောင်းလှ၏' ဟူ၍ ကျွန်တော်တွေးလိုက်မိပါသည်။

နောက်တစ်ကြောင်းကိုလည်း ကျွန်တော်တွေးလိုက်မိသည်။ ထိုအတွေးမှာ အခြားမဟုတ်ပါ။ ထိုနေ့အဖို့ ကျွန်တော်တို့တစ်စုရောက်ရှိလာ၍ တော်သေးသည်။ အကယ်၍သာ ဤဘုရား ၃ ဆူစခန်းသို့ ကျွန်တော်တို့ မရောက်ဟုဆိုပါက ထိုလူမမာ ၂ ယောက်အဖို့ သေမည်, ရှင်မည်ကိုအပထား၍ ရေတိုက်ရေပေးမည့်သူသော်မျှ ရှိလိမ့်မည်မဟုတ်ပါပေ။

ထိုအတွေးကိုတွေးရင်း ကျွန်တော်သည် ရှေ့ဆုံးမှနေလျက် တဲငယ်အတွင်းသို့ဝင်ရောက်ခဲ့သည်။ သာဆင်သည် မီးတိုင်ကိုကိုင်လျက် ကျွန်တော်နှင့်ယှဉ်လျက်သားဖြစ်လေသည်။ ကိုသာမြိုင်မှာ နောက်ဆုံးမှဖြစ်လေသည်။

တဲငယ်သည် အမိုးအကာများ, အခင်းများ ဖရိုဖရဲကျိုးပဲ့ပျက်စီးလျက် တစ်ဘက်သို့ယိမ်းယိုင်နေလေသည်။ မှောင်မည်းနေသောတဲငယ်အတွင်းသို့ ခြေချလိုက်သည့်အခါ၌ပင် ခပ်စောစောကကြားနေသော ညည်းညူသံမှာလည်း ပို၍ကျယ်လောင်လာသည်။ ကျွန်တော့်ကျောထဲကလည်း စိမ့်ခနဲဖြစ်လိုက်မိလေသည်။

"သာဆင်။ မီးမြှောက်ပြစမ်းဟေ့"

ကျွန်တော်က ပြောလိုက်ပါသည်။

စင်စစ် သာဆင်မှာ လူငယ်ငယ်သော်လည်း သတ္တိကားမသေးငယ်လှပါ။ ရှေ့သို့ ခြေ ၂ လှမ်း-၃ လှမ်း တိုးသွားသည်။ သူ့လက်ရှိ ကညင်ဆီတိုင်ကိုလည်း မြှောက်ပြလေသည်။

ကျွန်တော်တို့မျက်စိ ၆ လုံးအောက်တွင် တွေ့မြင်လိုက်ရသောသတ္တဝါမှာ လူစင်စစ်မှ ပါလေစဟူ၍ ကျွန်တော် သံသယဝင်မိပါသည်။ ထိတ်လန့်တုန်လှုပ်သွားသည့်အဖြစ်ကြောင့်လည်း "ဟင်-"ခနဲ အာမေဋိတ်ပြုလျက် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိလေသည်။

ကျွန်တော်တို့တွေ့မြင်လိုက်ရသည်မှာ ငုတ်တုတ်ကြီးထိုင်နေသော ဇက်ကျိုးကျနေသည့်လူတစ်ယောက် ဖြစ်လေသည်။ ထိုသူ၏ကိုယ်အထက်ပိုင်းတွင် အဝတ်ဟူ၍ လုံးဝမရှိ။ ကိုယ်အောက်ပိုင်းတွင် တစ်မိုက်တစ်ထွာ သာသာခန့်မျှဖြစ်သော ဂုန်နီအိတ်ပါးကလေးမှာ တင်ပါးရောက်သည်အထိ ပုံကျနေ၏။ ထိုသူ၏ဝမ်းဗိုက်သားမှာလည်း ပြားချပ်နေ၏။ နံရိုးများသည် ပါးလွှာသောအရေကို ဖောက်ထွင်း၍ထွက်လာတော့မလောက် အပြိုင်းပြိုင်း ငေါထွက်နေ၏။ သူ့ခေါင်းထက်မှ တစ်မိုက်သာသာအရှည်ရှိသောဆံပင်တို့သည် နဖူးမှနှာခေါင်းဖျားအထိ ဖွာလန်ကြဲ ကျဆင်းနေ၏။ ငုတ်တုတ်ကြီးဖြစ်နေသည်မှာ သူ့နောက်ကျောက တဲငယ်၏အကာကိုမှီထားခြင်းကြောင့် ဖြစ်လေသည်။ ဆင်းထားသော ခြေ ၂ ချောင်းမှာလည်း မည်းမည်းမြောင်းမြောင်းနှင့် တုတ်ချောင်းကြီး ၂ ချောင်းကိုချထားသည့်အလား ရှိလေသည်။

ညကြီးအချိန်မတော် ဤလို တောကြီးခေါင်ခေါင်ထဲတွင် ဤအဖြစ်မျိုးကို အခြားသူများသာမြင်တွေ့ရပါက ယဲသံပါအောင်ပင် လန့်ဖျပ်၍အော်လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ ယခုလည်း 'ဤတဲငယ်ပေါ်တွင် လူမမာ ၂ ယောက်ရှိနေသည်' ဟု ကြိုတင်သိရှိထားသော ကျွန်တော်သည် ပင်လျှင် အထိတ်တလန့်ဖြစ်မိပါလေသည်။

"ဒီလူ အသက်မရှိတော့ဘူးထင်တယ် ဆရာလေး"

http://mmteashop.com



ဘွန်ထိုက်ချိုကိုသာမြိုင်က ပြောလေသည်။

"သေပြီထင်ပါတယ်ဗျာ။ ဒီကောင် ညမိုးချုပ်လို့ ခင်ဗျားတို့ပြန်သွားကတည်းက သေမှာပေါ့ဗျာ"

ညောင်နာနာအသံနှင့် တုန်တုန်ယင်ယင်ပြောလိုက်သော ညည်းညူနေသူလူမမာ၏အသံ ဖြစ်လေသည်။ ထိုသူမှာ တဲတန်းလျား၏တစ်ဘက်သောအစွန်မှ ဖြစ်လေသည်။

ကျွန်တော်မှာလည်း အသံကြားလိုက်မှပင် ထိုသူရှိရာသို့ လှမ်းကြည့်လိုက်မိလေသည်။ အမှောင်ထဲတွင် ဖြစ်လေသည်။ ကညင်ဆီမီးရောင်သည် ထိုသူထံသို့ မပေါက်ရောက်ပါချေ။ ထိုသူကိုယ်တိုင်မှာလည်း ထိုစကားမျှကိုပင် အနိုင်နိုင်အားတင်းပြောပြီးနောက် ဆက်လက်၍ညည်းတွားနေပြန်ပါသည်။ သူ့အသံမှာ ခပ်စာစာက လောက်မပြင်းထန်ပါချေ။

ကျွန်တော်တို့သည် ညည်းညူနေသော လူမမာရှိရာသို့မသွားနိုင်ကြသေးဘဲ၊ ငုတ်တုတ်ကြီးဖြစ်နေသောလူကိုသာ အသက်ရှိသည်, မရှိတော့ဟူသည်ကို စူးစမ်းခြင်းပြုကြရလေသည်။

သာဆင်သည် သူ့လက်မှဝါးချွန်ကို တဲယယ်အဆင့်ပေါ်သို့ ချထားလိုက်ပြီးနောက် ကညင်ဆီမီးချောင်းကို ကိုင်လျက် ထိုငုတ်တုတ်ကြီးလူအား လက်တစ်ဖက်နှင့် ဆွဲကိုင်လှုပ်ယမ်းကြည့်လေသည်။ မည်သို့မျှ အကြောင်း မထူးပါပေ။ တောင့်တောင့်ကြီး ဖြစ်နေလေသည်။

"သေနေပြီထင်တယ်။ လှုပ်ကြည့်ရတာ တောင့်တောင့်ကြီးပဲ အစ်ကိုရ"

သာဆင်က ပြောပါသည်။ ထိုအခါမှ နောက်တွင်ရပ်နေသော ကိုသာမြိုင်သည် ရှေ့သို့တိုးလာပြီး ထိုငုတ်တုတ်ကြီး၏ပခုံးကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်လိုက်သည်။ ဤတွင်မှ ငုတ်တုတ်ဖြစ်နေသော အလောင်းကောင်ကြီးမှာ တစ်ဘက်သို့ ဘုံးခနဲ လဲကျသွားလေသည်။

"ဟယ်–နင့်မေကလွှား"

ကိုသာမြိုင်သည် လန့်အော်လျက် ယောင်ယမ်းကာခုန်ပေါက်လိုက်လေသည်။ ကျွန်တော်နှင့်သာဆင်မှာ သူ့အဖြစ်ကိုကြည့်ရာမှ ငိုအားထက်ရယ်အားသန်ဆိုသလို တဟားဟားရယ်လိုက် မိကြပါသည်။

"သေနေပါပြီဗျာ။ သေနေပါပြီ"

ခပ်လှမ်းလှမ်းရှိလူမမာက ညောင်ညဲ့ညဲ့လေသံနှင့် ပြောလေသည်။

ဤတွင်မှလည်း ကျွန်တော်တို့သည် ထိုမမာရှိရာသို့ လျှောက်ခဲ့ကြလေသည်။ ထိုမမာနေသောသူမှာ သေဆုံးနေသူထက် အတော်အတန်အခြေအနေသင့်သေးသည်ဟု ဆိုရပါမည်။ ထိုသူ့ကိုယ်ပေါ်တွင် ချေးအထပ်ထပ် တက်နေသော ဖျင်ကြမ်းအင်္ကျီကိုဝတ်ထားသည်။ ခါးပေါ်၌လည်း ချည်ပွ ပုဆိုးကြမ်းနှင့်ဖြစ်သည်။ ပြီးလျှင် ထိုသူသည် ဂုန်နီအိတ်ပိုင်းတစ်ခုကို ခြုံထားသည်။ ထိုသူ၏ အနီးပတ်ဝန်းကျင်တွင် ဝါးရေကျည်တောက်, ထမင်းစားဝါးဆစ်ခွက်တစ်ခွက်, ဆားအနည်းငယ် ထည့်ထားသော ဝါးဆစ်ဘူးငယ်တစ်လုံး၊ ဤအရာများကို တွေ့ရလေသည်။ ထိုသူသည် သူ့အနီးသို့ ကျွန်တော်တို့ရောက်ရှိသွားသည့်အခါ၌ပင် အညည်းရပ်သွားလေသည်။

"ခင်ဗျားအခြေအနေ ဘယ်လိုနေလဲ။ ခင်ဗျား ဘာလိုချင်လဲ။ ထမင်းစားချင်လား"

ဘွန်ထိုက်ချိုကိုသာမြိုင်က မေးလေသည်။

"ထမင်းနည်းနည်းလောက် စားချင်တယ်ဗျာ။ ကျုပ်အခြေအနေက လမ်းကောင်းကောင်းမလျှောက်နိုင်ဘူး။ ဒါကြောင့် ကျုပ်နေရစ်ခဲ့တာ။ ဆေးလိပ်ကလေးများပါရင်လည်း ပေးခဲ့ကြပါဗျာ"

ထိုသူသည် လှနာ အမဲခြောက်တောင်းသောလေသံမျိုးနှင့် ပြောပါသည်။ ကျွန်တော်တို့ကိုတွေ့ရသောကြောင့်လည်း သူသည် အတော်အားတက်သွားပုံရပါသည်။

"ဆရာလေး။ သူ့ကို ထမင်းယူပေးလိုက်ရရင်ကောင်းမလားဗျ"

http://mmteashop.com



ကိုသာမြိုင်က မေးလေသည်။

"ထမင်းက ကိစ္စမရှိဘူး။ သူ့ကို ဒီအတိုင်းထားပစ်ခဲ့လို့ ကောင်းပါ့မလားကိုသာမြိုင်"

ကျွန်တော်က ကိုသာမြိုင်ကို ပြောလိုက်ပါသည်။ သူ့အလိုရှိသော ထမင်းနှင့်ဆေးလိပ်ကိုမူ ကျွန်တော်တို့က အလွယ်တကူပင် ပေးနိုင်စွမ်းရှိကြပါသည်။ သို့ရာတွင် 'ထိုသူအား ထိုညအဖို့ ဤတဲငယ်ပေါ်တွင် လူသေအလောင်းကောင်ကြီးနှင့် တစ်ယောက်တည်းထားခဲ့ရမည်မှာမူ မသင့်တော်လွန်းလှ'ဟု ကျွန်တော် တွေးလိုက်မိပါသည်။

"ထားပစ်ခဲ့ရင်တော့ လူသေအလောင်းကြီးနှင့် သူ ၂ ယောက်တည်းနေရမှာပဲအစ်ကို"

သာဆင်က ပြောလေသည်။

ကိုသာမြိုင်ကိုယ်တိုင်မှာလည်း အတန်ကြာငိုင်နေပါလေသည်။

"ခင်ဗျား လုံးလုံးမလျှောက်နိုင်ဘူးလား"

ကျွန်တော်ကမေးလိုက်ပါသည်။

"လူတွဲခေါ်ရင်တော့ နည်းနည်းပါးပါးလျှောက်နိုင်ပါလိမ့်မယ်ဗျာ"

ထိုသူက ပြောပါသည်။

"ကဲ-ကိုသာမြိုင်။ ဒီလိုလုပ်ရအောင်ဗျာ။ သူ့ကို ဟိုဘက်တဲရောက်အောင် ကျွန်တော်တို့ တွဲခေါ်သွားကြတာပေါ့။ ဟို သေနေတဲ့အလောင်းကြီးကိုတော့ မနက်ကျမှ ကြည့်လုပ်ကြတာပေါ့ဗျာ"

"လုပ်လေ။ လုပ်ပေါ့။ ကဲ-ဆရာလေးက မီးတိုင်ကိုင်ပြီးလမ်းပြပေး။ ကျွန်တော်နှင့် သာဆင်ကတွဲမယ်"

မကြာမီ ကျွန်တော်တို့ ၃ ယောက်သည် ထိုအစီအစဉ်အတိုင်းလုပ်ကြရလေသည်။ ကျွန်တော်က ရှေ့မှနေလျက် ကညင်ဆီမီးတိုင်ကိုကိုင်ကာ လမ်းပြပေးရလေသည်။ ကိုသာမြိုင်နှင့် သာဆင်တို့ ၂ ယောက်က၊ လူမမာချွေးတပ်သားအား တစ်ယောက်တစ်ဘက်တွဲရလေသည်။

တဲတစ်လုံးနှင့် တစ်လုံးမှာ သိပ်ဝေးကွာလှသည်တော့ မဟုတ်ပါ။ အစွန်ဆုံးအနီးဆုံးဖြစ်သော တဲသည် ခရီးတစ်ဖာလုံလောက်သာ ရှိပေမည်။ သို့ရာတွင် လူနာချွေးတပ်သားမှာ ခြေတစ်ရွတ်ဆွဲလျက် တညည်းညည်းတညူညူ ဖြစ်နေသဖြင့် အတော်ပင်ခရီးမတွင်ကျယ်ဘဲ ဖြစ်နေရလေသည်။

ဤလိုနှင့် ခရီးတစ်ဝက်လောက်အရောက်တွင် ကျွန်တော်တို့ရှိရာသို့ ဘွန်ထိုက်ချိုကိုမောင်စိန်အုပ်စုမှ ချွေးတပ်သား ၄-၅ ယောက် ပေါက်လာလေသည်။ သူတို့ထံ၌လည်း ဆီမီးတိုင်တစ်ခုပါရှိလာလေသည်။ ကျွန်တော်က ပြောလိုက်သည့်အခါ သူတို့အထဲမှ ၃-၄ ယောက်က ထိုလူမမာအား ဝင်ရောက်၍တွဲကြပြန်ပါသည်။

"ကဲပါဗျာ။ ဒီလိုလုပ်မနေပါနှင့်။ ကြာလှပါတယ်။ ဖယ်ကြစမ်း။ ကျုပ်တစ်ယောက်တည်း ဒီလူကိုထမ်းစမ်းမယ်"

ကိုမာဒင် ဆိုသောချွေးတပ်သားက ပြောလေသည်။ ထိုသူမှာ အတော်ကလေးကျန်းမာသန်စွမ်းသေးသူ တစ်ယောက် ဖြစ်လေသည်။

ကိုမာဒင်သည် ပြောပြောဆိုဆိုပင် အခြားသူများကိုဖယ်ရှားစေပြီး ထိုချွေးတပ်သားလူမမာအား ထမ်းပိုးခြင်း ပြုလေသည်။

ထိုအခါမှပင် ကျွန်တော်တို့တစ်စုမှာလည်း တဲတန်းလျားရှိရာသို့ လျင်မြန်ချောမောစွာ ရောက်ရှိခဲ့ကြပါလေသည်။

ကျွန်တော်တို့ ချွေးတပ်သားများ ညစာထမင်းစားကြသည့်အချိန်မှာမူ ၁၀ နာရီကျော်နေပါလေပြီ။ စမ်းချောင်း၏တစ်ဘက်ကမ်း ဂျပန်စစ်သားများရှိရာမှလည်း ထိုအချိန်အထိ မီးပုံများထည့်လျက် သီချင်းဆိုသံများကို ကြားနေရလေသည်။

http://mmteashop.com

## ထူးခြားသောသရဏဂုံတင်ခြင်း

နောက်တစ်နေ့မနက်တွင် ကျွန်တော် အိပ်ရာမှထပြီး စမ်းချောင်းရေစပ်၌ မျက်နှာသစ်နေခိုက်၌ပင် စကားပြန်သူငယ်သည် ကျွန်တော်ရှိရာသို့ပေါက်လာပါလေသည်။

“ဘာလဲဟေ့ မောင်ချစ်”

ကျွန်တော်က စကားပြန်သူငယ်ကို လှမ်းမေးလိုက်ပါသည်။

“ဆရာလေးကို မာစတာ ခေါ်နေတယ်ဗျ။ ဆရာလေးတို့ ဒီနေ့ အလုပ်မဆင်းရဘူးတဲ့”

စကားပြန်သူငယ်က ကျွန်တော့်ကိုပြောပါလေသည်။

“အေး–အေး။ ငါလာခဲ့မယ်။ မင်းသွားနှင့်”

ကျွန်တော်က ထိုကဲ့သို့ပြောလိုက်သည့်တိုင် စကားပြန်သူငယ်သည် ထွက်ခွာမသွားသေးဘဲ ကျွန်တော့်အနီး၌ပင် ရပ်နေပါသည်။ ကျွန်တော်ကလည်း နောက်ထပ်၍ မည်သို့မျှမပြောတော့ဘဲ စမ်းချောင်းရေစပ်မှ တက်လာခဲ့ပါသည်။

ဘုရား ၃ ဆူစခန်း၏စမ်းချောင်းရေစပ်မှာ အခြားသောစခန်းများရှိ ကမ်းစပ်များနှင့် မတူပါ။ အတော်ပင်သာယာလျက် အလွန်တရာလည်း စိတ်ကြည်နူးဖွယ်တော့ကောင်းလှပါသည်။ စမ်းချောင်းကုန်းမြင့်ထက်တွင် ကျောက်မြေကျောက်တောင်များဖြစ်သော်လည်း ကမ်းစပ်မြေမှာ သဲနှင့်ကျောက်များ ရောပြွမ်းနေသောနေရာဖြစ်လေသည်။ ပြီးလျှင် သစ်ပင်သစ်ရိပ်များကလည်း အတော်ပင်ကောင်းလှပါသည်။ စမ်းချောင်းရေလယ်ရှိ ပေါ်ထွန်းနေသောကျောက်တန်းကျောက်ဆောင်ကလေးများမှာလည်း တစ်ဘက်ကမ်းမှ တစ်ဘက်ကမ်းသို့ ခုန်ကျော်ကူးသန်းသွား၍ရောက်ရှိနိုင်လေသည်။ ဂျပန်များနေသောဘက်မှာမူ အထူးပြောဖွယ် မရှိ။ ကျွန်တော်တို့ချွေးတပ်သားများနေသည့်ဘက်ထက် ပို၍ကောင်းပြီး၊ ပို၍သာယာသည်။ သန့်လည်းသန့်ရှင်းလှပေသည်။

ကျွန်တော်သည် စကားပြန်သူငယ်နှင့်အတူ တဲတန်းလျားရှိရာသို့လျှောက်ခဲ့ပါသည်။ တဲအနီးအရောက်၌ပင် ကိုသာမြိုင်, ကိုမောင်စိန်, ကိုဘအုန်း စသောဘွန်ထိုက်ချိုများကို တွေ့ရလေသည်။ ထိုအချိန်တွင် ချွေးတပ်သားများလည်း အိပ်ရာမှနိုးကုန်ကြလေပြီ။ အချို့သည် တဲတန်းလျားအပြင်ရှိ မြေကွက်လပ်တွင် တန်းစီနေကြလေပြီ။ သူတို့က ထိုနေ့အဖို့ ‘အလုပ်ဆင်းရလိမ့်ဦးမည်’ ဟူ၍ပင် ထင်နေကြဟန်တူလေသည်။

“ဒီနေ့ အလုပ်မဆင်းရဘူးတဲ့ကိုသာမြိုင်။ ကျွန်တော့်ကို ဂျပန်စစ်ဗိုလ်ခေါ်နေလို့ သွားလိုက်ဦးမယ်။ အားလုံးချွေးတပ်သားတွေကိုတော့ တန်းစီထားပေါ့ဗျာ။ ဂျပန်က လာစစ်ချင် စစ်နေမှာ”

ကျွန်တော်က ဘွန်ထိုက်ချို ကိုဘမြိုင်ကို ပြောလိုက်ပါသည်။ ပြီးလျှင် ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအား မှာကြားသင့်သည်များကိုမှာကြားပြီးနောက် မောင်ချစ်နှင့်အတူ ဂျပန်စစ်ရုံးရှိရာသို့ ထွက်လာခဲ့ပါသည်။

သည်တစ်ကြိမ် ကျွန်တော်တို့ချွေးတပ်အဖွဲ့ စခန်းပြောင်းရွှေ့ခြင်းပြုခဲ့ရသည်မှာ လူပေါင်း ၆၀ ကျော်ကလေးသာဖြစ်လေသည်။ ကျွန်တော်တို့လူအချို့မှာ ခုနစ်ခွဲစခန်းတွင် ကျန်ရစ်ခဲ့ကြလေသည်။ လူနည်းသည့်အတွက် တစ်ခုတော့

http://mmteashop.com



ကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဤကောင်းသည့်အချက်မှာ ထမင်းဟင်းများကို နူးနူးနပ်နပ်ကျက်သည်အထိ စားသောက်ရခြင်းပင် ဖြစ်ပါသည်။ လူအင်အားနည်းလေလျှင် ထမင်းချက်သမားများကလည်း ထမင်းဟင်းကို ကျက်အောင်နပ်အောင် ချက်ပြုတ်နိုင်ကြလေသည်။

"ဒီစခန်းမှာ အလုပ်တော့နည်းမယ်။ ဒါပေမယ့် ဆရာလေးတို့ အတော်ကြာကြာနေရလိမ့်မယ်ထင်တယ်"

မောင်ချစ်၏နှုတ်ဖျားမှပွင့်ထွက်လာသောစကား ဖြစ်လေသည်။

"ဘယ်လိုကြောင့်လဲ မောင်ချစ်"

ကျွန်တော်က သူ့ပခုံးကို ညင်သာစွာဆုပ်ကိုင်လျက်မေးလိုက်ပါသည်။

"ဆရာလေး။ ဘယ်သူ့ကိုမှ မပြောနှင့်နော်"

စကားပြန်သူငယ်သည် ကျွန်တော့်မျက်နှာကို မော့်ကြည့်လေသည်။

"စိတ်ချပါညီလေးရာ။ အစ်ကို ဘယ်သူ့ကိုမှ မပြောပါဘူးကွာ"

"ဆရာလေး စဉ်းစားကြည့်လေဗျာ။ ရထားလမ်းက ခုဆိုရင်ပြီးနေမှပဲဗျ။ အဲ–ဒါပေမယ့် ပြီးသွားတဲ့ ရထားလမ်းအတွက် တစ်စခန်း, တစ်စခန်းမှာ အလုပ်သမား ၄–၅၀ တော့ထားရဦးမှာပေါ့ဗျာ။ ဒါမှလည်း နောက်တော့ လမ်းပြင်ဖို့အလုပ်တို့, တံတားပျက်ရင်ပြင်ဖို့ အလုပ်တို့ကျတော့ ဖြစ်မှာပေါ့ဗျ။ နောက်ပြီး ထင်းဆိုရင် လည်း အမြဲတမ်းလိုနေမှာမဟုတ်လားဗျာ"

စကားပြန်သူငယ်က ပြောပါသည်။ ဒီနေ့ဒီရက်ရောက်မှ စကားပြန်သူငယ် ထူးထူးခြားခြားပြောသော စကားကြောင့်လည်း ကျွန်တော် အလွန်တရာအံ့သြခြင်း ဖြစ်ရပါသည်။ ကျွန်တော် အထက်ကဆိုခဲ့သည့်အတိုင်း ဤသူငယ်ကလေးများသည် အလွန်တရာပင် နှုတ်လုံကြသောကြောင့် ဖြစ်ပါသည်။

တံတားကလေးထိပ်သို့ ကျွန်တော်တို့ ၂ ယောက် ရောက်ရှိခဲ့ကြပါသည်။ ထိုအခါ ကျွန်တော်သည် စကားပြန်သူငယ်၏ပခုံးကို ခပ်တင်းတင်းကိုင်ထားရာမှ ခြေလှမ်းကိုလည်း ခပ်လေးလေးပြင်လျှောက်ရပါသည်။

"ကျွန်တော်တို့ မကြာခင် မော်လမြိုင်မှာရှိတဲ့စစ်ဌာနချုပ်ကို ပြောင်းရမယ်အစ်ကို"

စကားပြန်သူငယ်က ပြောပါသည်။

"ဘာဖြစ်လို့ ပြောင်းရမှာလဲကွ။ ညီလေးပြောင်းသွားတော့ တို့အတွက် ဘယ်သူက စကားပြန်လုပ်ပေးမှာလဲ"

ကျွန်တော်က မေးလိုက်ပါသည်။ စင်စစ် ကျွန်တော့်အနေဖြင့် စကားပြန်သူငယ်အား မေးလိုမြန်းလိုသော အခြားအကြောင်း, အခြားကိစ္စများ ရှိနေပါသည်။ သို့ရာတွင် ရုတ်တရက်မမေးရဲပါ။ သူတို့ကလေးတွေနှင့် ဆက်ဆံရသည်ကပင် အတော်ပါးနပ်လိမ္မာစွာ ဆက်ဆံရသည့်အနေအထားမျိုး ဖြစ်ပါသည်။

"မာစတာ အိနားမတ်ဆုတို့ပြောင်းရင် ကျွန်တော်လည်း ပြောင်းရဖို့သေချာပါတယ်အစ်ကို။ အစ်ကိုတို့ဆီကို နောက်ထပ် ဂျပန်လူသစ်တွေ လာမှာပဲ။ အဲ–ဲသူတို့အထဲမှာ ဗမာလိုတတ်တဲ့ဂျပန်တွေ ပါချင်ပါလာမှာပေါ့။ အဲလိုမှမဟုတ်ရင် ကုလားကပြားစကားပြန်တွေ ပါလာမှာပေါ့အစ်ကို"

မောင်ချစ်က ပြောပြန်ပါသည်။ မောင်ချစ်ကိုကြည့်ရသည်မှာလည်း အရင်ကလောက် မျက်စိမျက်နှာ မသာယာပါ။

"အစ်ကိုတို့တစ်တွေကို ဒီမှာ အကြာကြီးထားလိမ့်မယ်လို့ မင်းထင်သလားကွယ်"

ကျွန်တော်က သူ့စကားကို ပြန်ကောက်မေးရပါသည်။ ဤလိုမေးရသည်မှာ အခြားကြောင့်မဟုတ်ပေ။ ပို၍သေချာအောင် ဖြစ်လေသည်။ အကယ်၍များ ကျွန်တော်တို့တစ်တွေ 'တော်တော်နှင့် မပြန်ရသေး'ဟုဆိုလျှင်ကား ကျွန်တော်ကိုယ်တိုင် ထိုသေမင်း၏ခံတွင်းပေါက်မှ လွတ်မြောက်ရေးအတွက် တိတ်တဆိတ်ထွက်ပြေးကောင်း ပြေးရပေလိမ့်မည်။ ဤသို့လည်း ကျွန်တော် သဘောပိုက်ထားပါသည်။

http://mmteashop.com



"ကျွန်တော့်အထင်တော့ ဆရာလေးတို့ နောက် ၁ နှစ်နှင့် မပြန်ရသေးပါဘူးဗျာ"

စကားပြန်သူငယ်က ပြောပါသည်။ သူ့စကားကြောင့် ကျွန်တော့်ရင်ထဲတွင် အမောကြီးမောသွားရပါသည်။ ရှေ့ဆက်၍လည်း စကားမပြောချင်လောက်အောင် ဖြစ်မိပါသည်။

မကြာမီ ကျွန်တော်တို့သည် စမ်းချောင်းကူးတံတားငယ်ကို ကျော်လွန်ခဲ့သည်။ ထိုကမှတစ်ဆင့် နေတံဆိပ်အလံထူထားရာ စစ်ရုံးအဆောက်အအုံရှိရာသို့ ဆက်လက်၍လျှောက်ခဲ့ကြသည်။ နောက်ထပ်၍ကား ၂ ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် တစ်စုံတစ်ရာမပြောကြတော့ပါ။

စစ်ရုံးအဆောက်အအုံအတွင်းသို့ရောက်သည့်အခါ စားပွဲတွင်ထိုင်နေသော အိနာမတ်ဆုနှင့် အခြားဂျပန် ၃–၄ ယောက်တို့ကို တွေ့ရပါသည်။ အိနာမတ်ဆုကိုတွေ့ရသည်မှာ ပြုံးပြုံးရွှင်ရွှင်ပင်ဖြစ်လေသည်။

'တော်ပေသေးရဲ့'ဟု ကျွန်တော့်စိတ်ထဲက မှတ်ချက်ချလိုက်မိသည်။ ဂျပန်စစ်ဗိုလ်များခေါ်သည်ဆိုလျှင် အလိုလိုနေရင်း စိတ်ထဲက တွေးတောစိုးရိမ်နေရပါသည်။ အိနာမတ်ဆုမှာ ယမန်နေ့ညက အရက်သောက်ထားသောကြောင့် ယခုမနက်အထိ တစ်မျိုးတစ်ဖုံဖြစ်နေပေဦးမည်လား ဟူ၍လည်း တွေးတောပူပန်မိခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ဘုရား ၃ ဆူစခန်းသို့ရောက်သည့်အခါ ဂျပန်များထဲတွင် အိနာမတ်ဆုမှာ အကြီးဆုံးတစ်ယောက် ဖြစ်ပါသည်။ ကျန်သောဂျပန်များအားလုံးသည် အိနာမတ်ဆုထက် အဆင့်အတန်းငယ်သူများ ဖြစ်ကြလေသည်။ သို့ရာတွင် အသက်အရွယ်အားဖြင့်မူ အိနာမတ်ဆုထက်ကြီးသူတွေ ဖြစ်ကြလေသည်။ ထမင်းချက်ဂျပန်စစ်သားတစ်ယောက်သာလျှင် အိနာမတ်ဆုထက်ငယ်ရွယ်သူ ဖြစ်လေသည်။ ဘုရား ၃ ဆူစခန်းသို့ ရွှေ့ပြောင်းလာကြသည်မှာ ဂျပန်စစ်သား စုစုပေါင်း ၁၁ ယောက် ဖြစ်လေသည်။

"ဘိမော–ဝက်သားကောင်းတယ်ကား"

ကျွန်တော့်ကိုတွေ့လျှင်ပင် အိနာမတ်ဆုက ထိုစကားကို စတင်ပြောပါသည်။ အိနာမတ်ဆုသည် မြန်မာစကားကို အတော်အတန် ပီပီသသပြောနိုင်နေလေပြီ။ 'ကား'နှင့် 'လား'ကွဲလွဲနေသည်မှအပ အတော်ကလေးနားထောင်၍ ကောင်းနေပါသည်။

"သိပ်ကောင်းတယ် မာစတာ"

ကျွန်တော်က ပြန်လည်ဖြေကြားလိုက်ပါသည်။

"သိပ်ကောင်းတယ် ဟုတ်တကား"

"ဟုတ်တယ်မာစတာ–သိပ်ကောင်းတယ်"

အိနာမတ်ဆုသည် သဘောကျစွာတခစ်ခစ်ရယ်လေသည်။ သူ့အနီးရှိ ဂျပန် ၃–၄ ယောက်ကလည်း သဘောကျသလို ရယ်မောကြလေသည်။

"အင်း–အင်း–ဘိမော–အားလုံးထိုင်ပါ–ထိုင်ပါ–ရှိတကား။ အင်း–အားလုံး အလုပ်ကား ထိုင်ပါ–ထိုင်ပါ–ရှိတယ်–နားလည်တကား"

"ဟိုက် မာစတာ–ဟိုက်"

ကျွန်တော်က နားလည်ကြောင်းပြောရလေသည်။ အမှန်အားဖြင့် ယနေ့မနက် အလုပ်မဆင်းရသေးကြောင်းကိုမူ စကားပြန်သူငယ်ကလေးထံမှ ကျွန်တော် ကြိုတင်သိထားရပြီးဖြစ်ပါသည်။

ပြီးသော် ကျွန်တော်သည် စကားပြန်သူငယ်မှတစ်ဆင့် ချွေးတပ်သား ၂ ယောက် စခန်းတွင်ကျန်ရစ်ခဲ့ကြောင်းကို လည်းကောင်း,၊ တစ်ယောက်မှာ သေဆုံးသွားသည်အကြောင်းကို လည်းကောင်း အိနာမတ်ဆုအား ပြောကြားခြင်း ပြုရလေသည်။

ထိုအခါ အိနာမတ်ဆုထံမှ သေဆုံးသူချွေးတပ်သားကို မြှုပ်နှံပစ်လိုက်ရစ်နှင့် ကျွန်တော်တို့ချွေးတပ်သား

http://mmteashop.com



အဖွဲ့သားများအားလုံး စေ့စေ့ငငရောက်,မရောက် မေးမြန်းခြင်းပြုပါသည်။ ပြီးလျှင် ပျက်စီးနေသောတဲတန်းလျားများကို ပြုပြင်နေထိုင်ကြရန်၊ ရေကိုကျိုချက်သောက်ရန်၊ ညဘက်များတွင် သူတို့တစ်တွေက အခေါ်မရှိဘဲ ချွေးတပ်သားများ တစ်ဘက်ကမ်းသို့ကူးသန်းမလာကြရန်၊ ကျွန်တော်ပင် ကိစ္စရှိ၍လာပါက မီးတုတ်ထွန်း၍ လာရန်၊ တဲတားထိပ်ရှိကင်းရုံတွင် ကင်းတာဝန်ကျဂျပန်စစ်သားအား ကိစ္စကိုပြောကြားရန် မှာကြားခြင်း ပြုပါသည်။

ထိုကိစ္စများပြီးသည့်အခါ ကညင်ဆီမီးတိုင် ၁၀ ချောင်း၊ ကွမ်းသီးဖက် ဆေးလိပ် ၂ စည်း၊ ကြံသကာတစ်ထုပ်နှင့် မြေပဲဆံတစ်ပြည်သားခန့်ကို ကျွန်တော့်အတွက် ရိက္ခာဂိုဒေါင်တွင် မောင်ချစ်နှင့်အတူ သွားရောက်ထုတ်ယူရန် စာရေးပေးလိုက်ပါသည်။

ကျွန်တော်သည် အိနားမတ်ဆုအား အလေးပြုပြီးနောက် ကျေးဇူးတင်ကြောင်း ပြောဆိုကာ စစ်ရုံးအဆောက်အဦအတွင်းမှ စကားပြန်သူငယ်နှင့် ၂ ယောက်အတူထွက်ခဲ့ကြပါသည်။ အိနားမတ်ဆုသည် နှုတ်ဖျားမှ 'ကျေးဇူးတင်တယ်' 'ကျေးဇူးတင်တယ်'ဟု ကြက်တူရွေးစကားသင်သလို တတွတ်တွတ်ရွတ်ဆိုရင်း ကျန်ရစ်ခဲ့လေသည်။

ရိက္ခာပစ္စည်းများနှင့် အလုပ်လက်နက်ရိက္ခာများထားသောဂိုဒေါင်သည် ဂျပန်များနေသော ကမ်းခြေများဘက်၌ပင် ဖြစ်လေသည်။ ဂျပန်တို့၏အိမ်ငယ်အဆောက်အဦများနှင့်ဆိုလျှင် အတန်ငယ်လှမ်းလှမ်းတွင် ဖြစ်လေသည်။ သစ်ပင်ကြီးများအောက်တွင်ဆောက်လုပ်ထားသော အင်ဖက်မိုးထားသည့် ရှည်မျောမျောအဆောက်အဦများပင် ဖြစ်လေသည်။

"မနေ့ညနေကတောဝက်ဟာသေနတ်နှင့်ပစ်လို့ရတာလားကွ"

ရိက္ခာဂိုဒေါင်ရှိရာသို့ ၂ ယောက်အတူ လျှောက်လာရင်းမှ ကျွန်တော်က စကားပြန်သူငယ်ကို မေးလိုက်ပါသည်။

"သေနတ်နှင့်ပစ်တာမဟုတ်ဘူး အစ်ကို။ ဟို ဂျပန်သွားခေါ်ကြီးက ကျော့ကွင်းလုပ်ပြီးထောင်တာဗျ။ ဟိုတဲအိမ်တွေရဲ့ နောက်ဘက်မှာပေါ့။ ကျော့ကွင်းတွေလုပ်ထားပြီး ထမင်းတွေပစ်ထားတယ်။ အဲဒါ ဝက်ကလာတော့ ကျော့ကွင်းထဲဝင်တိုးမိတာပဲ။ အဲဒီဂျပန်သွားခေါ်ကြီးက ဒီဘက်က သိပ်ပြီးကျွမ်းကျင်တယ်"

စကားပြန်သူငယ်က ကျွန်တော့်ကို အသေအချာပြောလေသည်။

"ညတုန်းက အားလုံးမူးနေကြလားကွ"

ကျွန်တော်က အတွေးအတောတစ်ခုဖြင့် မေးလိုက်ပါသည်။

"ကင်းစောင့်တဲ့ ဂျပန် ၂ ယောက်ကတော့ သိပ်မမူးပါဘူး။ ကျန်တဲ့ဂျပန်တွေတော့ မူးနေတာပဲ။ မာစတာအိနားမတ်ဆုလည်း မူးတာပဲဗျ"

"ဒါပေမယ့် ညတိုင်းတော့ သူတို့ သောက်မှာမဟုတ်ပါဘူးနော်"

ကျွန်တော်က စူးစမ်းလိုက်ပါသည်။

"ညတိုင်းတော့ ဘယ်သောက်ပါ့မလဲအစ်ကိုရယ်။ သောက်ရင်လည်း ဒါလောက်မူးနေအောင်လည်း ဘယ်မှာသောက်ပါ့မလဲ။ ကင်ပေတိုင်စစ်သားက ရောက်ချင်ရောက်လာတာ။ သူတို့ကတော့ တစ်စခန်းနှင့် တစ်စခန်းကို ညဘက်လည်းသွားတာပဲဗျ"

ကျွန်တော်နှင့်စကားပြန်သူငယ်သည် စကားတပြောပြောလျှောက်ခဲ့ကြရာမှ မကြာမီအချိန်၌ပင် ရိက္ခာဂိုဒေါင်ရှိရာသို့ ရောက်ခဲ့ကြလေသည်။ ကျွန်တော်တို့သည် ဂိုဒေါင်မှူးဂျပန်စစ်သားအား အိနားမတ်ဆု၏စာကို ထုတ်ပေးလိုက်ပါသည်။

ဂိုဒေါင်မှူးသည် ကျွန်တော်နှင့် စကားပြန်သူငယ်တို့အား ဂိုဒေါင်အတွင်းသို့ခေါ်ဆောင်သွားပါသည်။ ဂိုဒေါင်အတွင်းသို့ရောက်သည့်အခါ ကျွန်တော်သည် အတွင်းရှိအခြေအနေကို တစေ့တစောင်းအကဲခတ်လေ့လာမိပါသည်။

http://mmteashop.com



ပဲအိတ်များ၊ ဆန်အိတ်များ၊ အာလူးခြင်းတောင်းကြီးများ၊ သကြားအိတ်၊ ကြံသကာပုတ်မှစလျက် ပစ္စည်းအတော်ခပ်များများရှိနေသည်ကို တွေ့ရပါလေသည်။ ဖရောင်းပုံးနှင့် ရေနံဆီပုံးများကိုလည်း တွေ့ရလေသည်။ ထိုပစ္စည်းများ မည်သည့်နေရာတွင်အသုံးပြုသည်ကိုကား ကျွန်တော်မပြောတတ်ပါ။ ချွေးတပ်သားများအဖို့ကား မဟုတ်ကြောင်း ထင်ရှားလှပါသည်။

ကျွန်တော်သည် ရိက္ခာကိုဒေါင်မှပစ္စည်းများကို ထုတ်ယူခဲ့ပြီးနောက်၊ စကားပြန်သူငယ်ကလေးအား နှုတ်ဆက်လျက် တစ်ဘက်ကမ်းသို့ ပြန်ကူးခဲ့ပါသည်။ တဲတန်းလျားရှိရာသို့ ကျွန်တော်ရောက်သွားသည့်အခါ၊ ကျွန်တော့်အား စောင့်ကြိုနေကြသော ဘွန်ထိုက်ချို၊ ဟန်ချို စသူများကို လည်းကောင်း၊ မြေကွက်လပ်တွင် တန်းစီထိုင်နေကြသော ချွေးတပ်သားများကို လည်းကောင်း အဆင်သင့်တွေ့ရပါလေသည်။

ကျွန်တော်သည် ချွေးတပ်သားများအား 'ထိုနေ့အဖို့ အလုပ်ဆင်းရလိမ့်မည် မဟုတ်ကြောင်း'နှင့် တဲတန်းလျားများကို တတ်နိုင်သမျှ ပြုပြင်ခြင်းပြုကြရန် ပြောကြားရလေသည်။ ပြီးလျှင် ရေကို ကျိုချက်၍သောက်ကြရန်နှင့် ညရေးညတာအတွက် ထင်းများရှာဖွေစုဆောင်းထားကြရန်ကိုလည်း သတိပေးပြောကြားခြင်း ပြုရလေသည်။

"ဆရာလေး။ ဟို သေတဲ့လူကိစ္စ ဘယ်လိုလုပ်ကြမလဲဗျ"

ချွေးတပ်သားများအားလုံး နေရာမှထသွားကြသည့်အခါ ဘွန်ထိုက်ချိုကိုသာမြင့်က ကျွန်တော့်ကို မေးလေသည်။

"ထုံးစံအတိုင်းပေါ့ဗျာ။ မြှုပ်ပစ်လိုက်ကြတာပေါ့"

ကျွန်တော်က ပြောလိုက်ပါသည်။ ဟုတ်ပါသည်။ ချွေးတပ်သားတစ်ဦးတစ်ယောက်သေဆုံးခဲ့လျှင် မြေမြှုပ်ပစ်လိုက်ရုံမျှလွဲ၍ မည်သို့မျှ ပြုလုပ်စရာအကြောင်းမရှိပါပေ။

ထိုအချိန်မှာ ချွေးတပ်သားများ ကျွန်တော်တို့အနီးတွင်မရှိကြသော်လည်း၊ ဘွန်ထိုက်ချို၊ ဟန်ချို ၇ ယောက်–၈ ယောက်ခန့်မှာကား ကျွန်တော့်အနီး၌ပင် ရှိနေကြပါသည်။

"ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်"

ဘွန်ထိုက်ချိုကိုမောင်စိန်က ပြောပါသည်။ သူသည် အသုဘကိစ္စနှင့်ပတ်သက်၍လည်း အကြံဉာဏ်တစ်ခုတလေ ပေးလိုဟန်တူပါသည်။

"ဆိုစမ်းကိုမောင်စိန်။ ဘယ်လိုလဲ"

ဟန်ချိုကိုချစ်တီးနှင့် ဘွန်ထိုက်ချိုကိုသာမြင့်က ပြိုင်တူလိုမေးလေသည်။ သူတို့ ၂ ဦးစလုံးက ဘွန်ထိုက်ချိုကိုမောင်စိန်အား ရယ်စရာလူတစ်ယောက်လို ပြုံးစိစိမေးလိုက်ကြခြင်းဖြစ်လေသည်။

ကျွန်တော်တို့လူစုထဲတွင် ဘွန်ထိုက်ချိုကိုမောင်စိန်မှာ လူရွှင်တော်တစ်ယောက်လို ဖြစ်နေပါသည်။ သူက ရွှတ်နောက်နောက်လည်း ပြောတတ်သည်။ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောလည်းနေတတ်သည်။

ကိုမောင်စိန်မှာ လူပုံလူပန်းအားဖြင့်လည်း ပွဲကျလောက်သည်။ အသားအရေက ဖြူစပ်စပ်၊ မျက်ပေါက်ကကျဉ်းကျဉ်း၊ ပါး ၂ ဖက်ကချိုင့်လျက်၊ နဖူးပြောင်ပြောင်၊ ဦးခေါင်းဘိုကေမှာ ခပ်ပါးပါးဆံပင်ရှိလေသည်။ နောက်ပြီး လူမှာ အရပ်ပု၍၊ လမ်းလျှောက်လျှင်လည်း ကားယားကားယားဖြစ်လေသည်။

ဘွန်ထိုက်ချိုကိုသာမြင့်တို့လူစုက အမေးအမြန်းရှိသော်လည်း၊ ကိုမောင်စိန်မှာ ရုတ်တရက် စကားသံမထွက်သေးပါ။ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေပါသည်။

"ဆိုပါဗျ။ ဘယ်လိုလဲ"

ကျွန်တော်ကမေးလိုက်သည်။

"ဟိုဗျာ၊ ဟိုဒင်းလေ။ အဲ–အဲဒီလူ အသုဘကို ကျွန်တော်တို့ သရဏဂုံတင်ကြရင် ကောင်းမယ်ဗျ။ ဒါမှလည်း သူဟာ ဒီနေရာဒီအရပ်က ကျွတ်လွတ်သွားမယ်"

http://mmteashop.com



ကိုမောင်စိန်က မရဲတရဲမပွင့်မလင်းပြောပါတော့သည်။

"ဟာဗျာ။ သရဏဂုံတင်ရအောင် ဘုန်းကြီးက ဘယ်မှာရှိလို့လဲဗျ။ ခင်ဗျားဟာ ကြံကောင်းစည်ရာဗျာ"

ဘွန်ထိုက်ချို ကိုသာမြိုင်က ပြောလိုက်ပါသည်။ အခြားသော ဟန်ချိုနှင့် ဘွန်ထိုက်ချိုများသည် ကိုမောင်စိန်အား ဝိုင်းဝန်းရယ်မောနေကြပါသည်။ သို့ရာတွင် ကိုမောင်စိန်ကမူ မျက်နှာတစ်ချက်ကလေးမျှမပျက်ဘဲ ခပ်တည်တည် ဆက်၍ပြောပါသည်။

"တစ်ခုရှိတယ်ဗျာ။ သရဏဂုံတင်တယ်ဆိုတာ ဘုန်းကြီးပါမှ, ဘုန်းကြီးရှိမှ မဟုတ်ပါဘူးဗျ။ သရဏဂုံတင်ရင်လည်း ပြီးတာဖြစ်တာပါပဲဗျာ။ ကျွန်တော်ပြောချင်တာက ဒီအတိုင်းကြီးမြုပ်ပစ်တာထက်တော့ သရဏဂုံတင်ပွဲလေးဘာလေးလုပ်ပြီးမှ မြုပ်မှ ပိုကောင်းမယ်မဟုတ်လားဗျာ။ အဲဒီလုပ်ပြီး အမျှအတန်းလေးဝေလိုက်ရင် သူ့အဖို့လည်း ကျွတ်ကျွတ်လွတ်လွတ် သွားလိုရာသွားနိုင်တာပေါ့ဗျာ"

ဤလို ကိုမောင်စိန်ကပြောလိုက်သည့်အခါ ဘွန်ထိုက်ချို, ဟန်ချိုများအားလုံးပင် ငြိမ်သက်သွားကြပါသည်။ ခပ်စောစောကလို ပြုံးစိစိရယ်မောမော မျက်နှာနေမျက်နှာထားမျိုးလည်းမဟုတ်တော့ဘဲ ခပ်တည်တည်ဖြစ်သွားကြပါသည်။

"ကျွန်တော်ပြောတာ ဟုတ်,မဟုတ် ခင်ဗျားတို့စဉ်းစားကြည့်လေ။ ဟို သုံ့ပန်းစစ်သားတွေကမှ သူတို့လူတစ်ယောက်သေရင် သူတို့ဟာသူတို့ ရွတ်ကြဖတ်ကြသေးတယ်။ ကျွန်တော်တို့ကတော့ ဘာမျှလုပ်ကြတာ မဟုတ်ဘူး။ သူတို့လို ကျွန်တော်တို့လည်း ရွတ်ကြဖတ်ကြရင် ဖြစ်နိုင်တာပဲဗျာ"

ချွေးတပ်သား ဘွန်ထိုက်ချို, ဟန်ချိုများအားလုံးပင် သူ့ပြောစကားကို အတော်ပင် သဘောကျလက်ခံလိုက်ကြဟန်ရှိကြလေသည်။ သူတို့အားလုံး ခပ်တွေတွေနှင့် ငြိမ်ငြိမ်ငြိမ်နေကြလေသည်။ ကျွန်တော့်ရဲဘော်ကြီးကိုသာမြိုင်ကိုယ်တိုင်ပင် ကျွန်တော့်မျက်နှာကို လှမ်းကြည့်နေပါသည်။ သူ့အမူအရာမှာ 'ဘယ်လိုလဲ ဆရာလေး' ဟူသော အမူအရာမျိုးဖြစ်လေသည်။

"ဒီနေ့လည်း ကျွန်တော်တို့ အအားရတဲ့နေ့ပဲဗျ။ ဒီအသုဘကို အသုဘနှင့်တူအောင် သင်္ဂြိုဟ်လိုက်ကြရအောင်ဗျာ ဆရာလေး။ ဗုဒ္ဓဘာသာပီပီ သရဏဂုံလေးဘာလေးတင်လိုက်ကြရအောင်"

ကိုမောင်စိန်က ကျွန်တော့်ကို လှမ်းပြောပါသည်။

"ဘယ်သူက ရွတ်မှာဖတ်မှာလဲကိုမောင်စိန်"

ကျွန်တော်က မေးလိုက်ပါသည်။

"ဖြစ်ပါတယ်ဆရာလေး။ သူ့ကို ရွတ်ခိုင်းဖတ်ခိုင်းတာပေါ့ဗျာ"

ကိုမောင်စိန်က လူအုပ်ထဲမှတစ်ယောက်ကို လက်ညှိုးထိုးပြပါသည်။ သူညွှန်ပြသောသူမှာ မအူပင်နယ်မှ ဦးဘကောင်း ဆိုသူဖြစ်လေသည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ ဦးဘကောင်းကြီးလည်းရှိသားပဲ။ သူ့ကို ဘုန်းကြီးများလိုရွတ်ခိုင်းပြီး ရေစက်ချ အမျှဝေခိုင်းရင်ဖြစ်ပါတယ်။ သူက တရားလည်းဟောတတ်တာပဲ"

ဘွန်ထိုက်ချို, ဟန်ချိုများက ဝိုင်းပြောကြလေသည်။

ကျွန်တော်သည် ဦးဘကောင်းကို လှမ်းကြည့်လိုက်သည်။ ဦးဘကောင်းမှာ ညတိုင်းညတိုင်း အိပ်ရာဝင်ချိန်တွင် ဘုရား,တရား ရွတ်ဖတ်သရဇ္ဈာယ်သူဖြစ်သည်။ ပရိတ်တရားများကိုရွတ်လျက် ရံဖန်ရံခါ သံနေသံထားဖြင့် တရားဟောတတ်သည်။ အလုပ်သက်သာသော ဘွန်ထိုက်ချိုတစ်ယောက်ဖြစ်လေသောကြောင့်လည်း လပြည့်, လကွယ်နေ့များတွင် ဥပုသ်များပင် စောင့်လိုက်သေးသည်။ ကျွန်တော်တို့တစ်တွေမှာ တောကြီးတောင်ကြီးအလယ်တွင် ရောက်နေသူများဖြစ်ကြသောကြောင့်လည်း နေ့,လ,ရက်စသည်များကိုမသိလျှင် ဦးဘကောင်းကိုပင်

http://mmteashop.com



မေးကြမြန်းကြရပါသည်။ အငြင်းပွားကြလျှင်လည်း ဦးဘကောင်းထံ အဆုံးအဖြတ်ခံကြရပါသည်။

"ဘယ့်နှယ်လဲ ဦးဘကောင်း"

ကျွန်တော်က ဦးဘကောင်း၏သဘောထားကို မေးလိုက်ပါသည်။

"ဖြစ်ပါတယ်ဗျာ၊ ဖြစ်ပါတယ်။ ကျုပ်က ရဟန်း ၇ ဝါ-၈ ဝါရလာတဲ့ လူပဲဟာ။ အားလုံးသိပါတယ်"

ကျွန်တော်သည် ဦးဘကောင်း၏ပြောပုံဆိုပုံနှင့် သူ့အမူအရာ, သူ့ပုံသဏ္ဍာန်ကိုကြည့်လျက် ပြုံးရပါသည်။ ဦးဘကောင်းသည် သူ့အင်္ကျီ, သူ့ပုဆိုးများကို ယောဂီရောင်သစ်ခေါက်ဆိုးလျက် ဝတ်ဆင်ထားသူတစ်ယောက်ဖြစ်လေသောကြောင့်ပင်။

"ခင်ဗျားတို့အားလုံးက သဘောတူရင်လုပ်ကြပေါ့ဗျာ"

ကျွန်တော်က အဆုံးအဖြတ်ပေးသလိုပြောလိုက်ပါသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချို့, ဟန်ချိုတစ်စုတို့က ကြီးမှူးလျက်၊ ထို ကွယ်လွန်သူချွေးတပ်သား၏အသုဘကို နေ့လယ်ဘက်တွင် သရဏဂုံတင်ခြင်းပြုကြပါလေသည်။

သူတို့တစ်တွေ သရဏဂုံတင်ကြသည်မှာ ဤသို့ဖြစ်လေသည်။ ဘွန်ထိုက်ချိုဦးဘကောင်းက ဘုန်းတော်ကြီးတစ်ပါးကဲ့သို့ တဲတန်းလျားအမြင့်ထက်မှ နေရာယူလျက် ထိုင်လေသည်။ ဘွန်ထိုက်ချို့, ဟန်ချိုများက မြေကြီးပေါ်မှာထိုင်ကြသည်။ သူတို့လူစုက ရှေ့မှဖြစ်လျက်၊ ကျန်သော ချွေးတပ်သားအများစုတို့က နောက်မှဖြစ်လေသည်။ ပြီးသော် အသုဘအလောင်းကောင်ကြီးကိုလည်း ယခင်သေဆုံးသူ ချွေးတပ်သားများကဲ့သို့ မဟုတ်ဘဲ၊ ထမ်းစင်များလုပ်လျက် အကျအနပြင်ဆင်ထားလေသည်။

ဤလို ပြင်ဆင်ထားသည်မှာ ဝါးများနှင့် ဖြစ်လေသည်။ လူ ၄ ယောက်တို့ အလွယ်တကူ ထမ်းပိုးနိုင်စေရန်လည်း ပြုလုပ်ထားပါသည်။ သစ်ရွက်,သစ်ခက်များကိုလည်း အသုဘအလောင်းပေါ်မှ လိုက်ပေါင်းပမာ ပြုလုပ်ထားလေသည်။

မကြာမီ ဘွန်ထိုက်ချိုဦးဘကောင်းက ၅ ပါးသီလ ပေးသည်။ အသုဘကို သရဏဂုံတင်ပေးသည်။ ပြီးလျှင် သင်္ခါရသဘောတရားကို အသံနေအသံထားနှင့်ရွတ်လျက် တရားဟောခြင်းပြုလေသည်။

ထိုကိစ္စများပြီးလေသော် သေဆုံးသူချွေးတပ်သား၏အလောင်းကို တဲတန်းလျားအတွင်းမှ ချွေးတပ်သား ၄ ယောက်တို့က ထမ်းထုတ်သွားကြလေသည်။ အတော်ပင်အလှမ်းကွာဝေးသော တောတွင်းတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် မြှုပ်နှံခြင်းပြုလိုက်ကြပါသည်။ ထိုကိစ္စများပြီးသည့်အခါ ဟန်ချိုကိုချစ်တီးက ကွယ်လွန်သူချွေးတပ်သားအား အမျှအတန်းပေးဝေလျက် အမိန့်ပြန်တမ်းထုတ်ပြန်ခြင်း ပြုလေသည်။ သို့ရာတွင် ဘွန်ထိုက်ချိုကိုသာမြိုင်တို့လူစု၏ဖြစ်ပုံမှာ အံ့ဩစရာတော့ကောင်းလှပါသည်။ သူတို့သည် ကွယ်လွန်သူချွေးတပ်သား၏ အမည်နာမကိုမျှ မသိရှိကြပါချေ။ ထိုသူ၏အမည်ကို သိရှိနိုင်ရန်မှာလည်း မလွယ်ကူပါပေ။ ထိုချွေးတပ်သား၏ အဖွဲ့မှာ ဘုရား ၃ ဆူစခန်းသို့ ကျွန်တော်တို့မရောက်မီကပင် ပြောင်းရွှေ့သွားကြပြီးဖြစ်သည်။ ထိုသူနှင့်အတူ တဲတန်းလျားပေါ်တွင်တွေ့ရသော လူမမာချွေးတပ်သားကလည်း ကွယ်လွန်သူချွေးတပ်သား၏ အမည်နာမကိုသော်မျှ မပြောတတ်ဘဲရှိလေသည်။

http://mmteashop.com

## နောက်ဆုံးတွေ့ခဲ့ရသောသုံ့ပန်းများ

ဘုရား ၃ ဆူစခန်းတွင် ကျွန်တော်တို့တစ်တွေလုပ်ကိုင်ရသောအလုပ်မှာ ကျောက်ထုရခြင်း၊ ထင်းခုတ်ရခြင်းနှင့် ဝါးခုတ်ကြရသောအလုပ်များပင် ဖြစ်လေသည်။

ဤစခန်းသို့ရောက်သည့်အခါ ဝါးခုတ်ရသောအလုပ်တစ်ခု ပိုလာသည်ဟု ဆိုရပါမည်။ ချွေးတပ်သားများသည် ဝါးများကိုခုတ်ကြရပြီးနောက်၊ မီးရထားတွဲပက်လက်များပေါ်သို့ တင်ပေးရပါသည်။ ထိုဝါးများကို သံဖြူဇရပ် သို့မဟုတ် မော်လမြိုင်သို့ယူဆောင်သွားလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ထုပြီးသောကျောက်များနှင့် ဖြတ်တောက်ပြီးသောထင်းများကိုမူ မီးရထားသံလမ်းဘေးသို့ စုပုံပေးခြင်း၊ စနစ်တကျ အလံထိုးပေးခြင်းများ ပြုရပါသည်။ ပြီးလျှင် ရထားလာသည့်အခါ ထင်းနှင့်ဝါးများကို သွားရောက်တင်ပေးကြရပါသည်။ ရထားလာသည်မှာ အချိန်မှန်တော့မဟုတ်ပါ။ ည ၁ နာရီ-၂ နာရီအချိန်များတွင် ရောက်လာလေ့ရှိပါသည်။ နေ့အခါများတွင်မူ လုံးဝ ရထားမလာပါချေ။

ဘုရား ၃ ဆူစခန်း၌မူ ကျွန်တော်တို့ချွေးတပ်သားများမှာ စကားပြန်သူငယ် ပြောကြားသည့်အတိုင်း အတော်အတန် အလုပ်သက်သာမှု ရှိကြပါသည်။ သို့ရာတွင် တစ်ခုဆိုးသည်မှာ ညအချိန်မတော်တွင် ရောက်ရှိလာသော ရထားပေါ်သို့ ဝါးနှင့်ထင်းများ သွားရောက်လျက် တင်ပေးရခြင်းပင် ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ဂျပန်များ၏ အထိုးအနှက်၊ အကန်အကျောက်မှာမူ ဘုရား ၃ ဆူစခန်းရောက်သည့်အခါ အတော်ပင် သက်သာမှု ရကြပါသည်။

ဂျပန်စစ်သားများသည် အလုပ်ခွင်အတွင်းသို့လည်း အချိန်ပြည့်မလိုက်တော့ပါချေ။ ကျွန်တော်နှင့် ဘွန်ထိုက်ချို့၊ ဟန်ချိုများကိုသာ တာဝန်လွှဲထားကြလေသည်။

ဂျပန်များသည် မနက်ပိုင်းတစ်ခေါက် အလုပ်ခွင်အတွင်းသို့လိုက်လာကြပြီးနောက်၊ အလုပ်တာဝန်များကို ကျွန်တော်နှင့် ဘွန်ထိုက်ချိုများအား ခွဲဝေချထားလျက် ၁ နာရီ၊ ၂ နာရီလောက် အများဆုံးနေကာ ပြန်သွားတတ်ကြလေသည်။ ပြီးလျှင် နေ့လယ်နေ့ခင်းအချိန်၌ တစ်ခေါက်လာကြည့်သည်။ တစ်ဖန် ခဏနှင့်ပြန်သွားကြပြီး၊ ညနေပိုင်းရောက်သည့်အခါ၌ အလုပ်ပြီး၊မပြီး တစ်ခါလာရောက်လျက် ကြည့်ရှုစစ်ဆေးခြင်းပြုလေသည်။

ယိုးဒယား-မြန်မာရထားလမ်းသည် သွားလမ်း၊ပြန်လမ်း ၂ လမ်း မဟုတ်ပါ။ တစ်လမ်းတည်း ဖြစ်လေသည်။ ထိုအခါ သံဖြူဇရပ်ဘက်မှ ရထားလာသည့်နေ့တွင် ယိုးဒယားဘက်မှ ရထားမလာပါ။ ယိုးဒယားဘက်မှလာလျှင် သံဖြူဇရပ်မှ မလာပါ။ သို့ရာတွင် ရထား ၂ စင်း လမ်းပြောင်းလမ်းလွှဲ လုပ်နိုင်ရန်အတွက်မှာမူ တပ်ဒိန်စခန်းအထက်နားတွင် ဘူတာတစ်ခုဆောက်လုပ်ထားပါသည်။ ရထားခေါင်းတွဲများအတွက် ရေကိုလည်း ထိုဘူတာအရောက်မှာ ထည့်ကြရလေသည်။

စကားပြန်သူငယ်မောင်ချစ်သည် ကျွန်တော့်အား ဘုရား ၃ ဆူစခန်းတွင် ဘူတာတစ်ခုဆောက်လုပ်ခြင်းပြုလိမ့်မည် ဆိုသည့်အကြောင်းပြောပါသည်။ ထိုဘူတာရုံဆောက်လုပ်ရေးအတွက် မကြာမီ ဗြိတိသျှသုံ့ပန်း

http://mmteashop.com



၄–၅၀ ခန့် ရောက်ရှိလာလိမ့်မည်ဟုလည်း ပြောထားပါသည်။ စကားပြန်သူငယ်၏စကားသည် ဟုတ်မှန်လိမ့်မည်ဟု၍လည်း ကျွန်တော်ယူဆပါသည်။ အဘယ့်ကြောင့်ဆိုလျှင် ဘုရား ၃ ဆူစခန်း သံလမ်းဘေးတစ်နေရာတွင် သစ်ပင်များကိုခုတ်ထွင်လျက် မြေညှိထားပါသည်။ သစ်များကိုလည်း ခုတ်ထွင်ကာရှင်းလင်းထားပါသည်။ ကျွန်တော်တို့ ချေးတပ်အဖွဲ့သားများကိုယ်တိုင်မှာလည်း ထိုနေရာတစ်ဝိုက်တွင် ကျောက်များစုပုံနေရသောကြောင့် ဖြစ်လေသည်။

ကျွန်တော်တို့ ချေးတပ်အဖွဲ့သားများသည် ဘုရား ၃ ဆူစခန်းသို့ရောက်ခဲ့ကြ၍ တစ်လကျော် ကြာမြင့်ခဲ့ကြသည်အထိ မည်သည့်ထူးခြားမှုမျှမရှိကြဘဲ ကျောက်ထု, ထင်းခုတ်, ဝါးခုတ် စသောအလုပ်များကိုပင် လုပ်ကိုင်လျက်ရှိနေကြရပါသေးသည်။ ထိုအချိန်ထိအောင်လည်း မောင်ချစ်ပြောသော သုံ့ပန်းစစ်သားများ ရောက်လာခြင်းမရှိသေးပါချေ။

ရထားလမ်း ပေါက်သွားလေပြီဖြစ်သောကြောင့် ဂျပန်များအတွက် စားနပ်ရိက္ခာနှင့် ကျွန်တော်တို့ချေးတပ်သားများအတွက် စားနပ်ရိက္ခာများမှာလည်း ရထားများနှင့်ပါရှိလာတတ်လေသည်။ တစ်ခါတစ်ခါ၌လည်း ကျွန်တော်တို့သည် ရထားတွဲများပေါ်၌ ဂျပန်စစ်သားများကို အမြောက်အမြားတွေ့ရသည်။ တစ်ခါတစ်ခါ သံဖြူဇရပ်ဘက်မှလာသောရထားတွဲများပေါ်၌လည်း မြန်မာအမျိုးသမီးများလိုလိုလူများကို တွေ့ရလေသည်။ သို့ရာတွင် ညအမှောင်နှင့်မည်းမည်းဖြစ်သည်ကတစ်ကြောင်း, ရထားတွဲများမှာလည်း လုံးဝ မီးမရှိသောကြောင့်တစ်ကြောင်း သဲသဲကွဲကွဲမသိရဘဲဖြစ်ရလေသည်။

ဤသို့ရှိနေခဲ့ရာမှ တစ်နေ့တွင် ဂျပန်စစ်ဗိုလ်အိနားမတ်ဆုက ကျွန်တော့်အား ခေါ်သည်ဆိုသဖြင့် သူရှိရာ ချောင်းတစ်ဘက်ကမ်းသို့ သွားရောက်ခြင်းပြုရလေသည်။

ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် ကျွန်တော့်အား မကြာမီရက်အတွင်း ဗြိတိသျှသုံ့ပန်းများရောက်ရှိလာလိမ့်မည် ဖြစ်ကြောင်း၊ ထို သုံ့ပန်းစစ်သားများနေထိုင်ရန်အတွက် ယခင်က ဆောက်လုပ်ထားသော တဲတန်းလျားကို ပြုပြင်ပေးရန် ပြောကြားခြင်းပြုပါသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် နောက်တစ်နေ့မနက်၌ ချေးတပ်သားလူ ၂၀ တို့ကို အလုပ်ခွင်အတွင်းသို့ လိုက်သွားခြင်းမပြုစေဘဲ၊ တဲတန်းလျားကြီးများကိုပြင်ဆင်ခြင်း ပြုစေရပါသည်။ ကျွန်တော်တို့တစ်တွေ တဲတန်းလျားကြီးကို ပြင်ဆင်ပြီးသည့်နောက်၌မူ ဂျပန်စစ်သားအချို့ ရောက်ရှိလာပြီးနောက်၊ ဘေးပတ်ပတ်လည်မှ ဝင်းခြံတိုင်များ စိုက်ထူခိုင်းသဖြင့် စိုက်ထူပေးကြရပြန်ပါသည်။ နောက်တစ်နေ့တွင်မူ ဂျပန်များသည် ထိုနေရာကို ဝင်ပေါက်, ထွက်ပေါက် တစ်ခုတည်းသာထားပြီးနောက် သံဆူးကြိုး ကာရံလိုက်ကြလေသည်။ ထိုတဲတန်းလျားနှင့် မလှမ်းမကမ်း ၂ နေရာတွင်လည်း ဂျပန်ကင်းစောင့်အိမ်ငယ်ကလေး ၂ လုံးကို ဆောက်လုပ်ထားလိုက်ကြလေသည်။

နောက် တနင်္ဂနွေတစ်ပတ်ခန့်ရှိသွားသော နေ့တစ်နေ့တွင်မူ စစ်သုံ့ပန်းချေးတပ်သား ၂၈ ယောက်တို့သည် ဘုရား ၃ ဆူစခန်းသို့ ရောက်ရှိလာကြလေသည်။ သူတို့ကိုခေါ်ဆောင်လာသည်မှာ လော်လီကားကြီး ၂ စီးနှင့်ဖြစ်သည်။ လက်နက်အပြည့်အစုံကိုင်ဆောင်ထားသော ဂျပန်စစ်သား ၁၂ ယောက်တို့ လိုက်ပါလာလေသည်။ ထိုသုံ့ပန်းစစ်သားများမှာလည်း အထက်က ကျွန်တော်တို့တွေ့ခဲ့ရသောစစ်သားများကဲ့သို့ပင် အစုတ်စုတ်အပြတ်ပြတ် နွမ်းနယ်လျက်ရှိကြလေသည်။ သူတို့အထဲတွင် အင်္ဂလိပ်အချို့နှင့် ဩစတေးလျလူမျိုးအချို့ ပါဝင်လေသည်။ အကြီးအကဲဖြစ်သူမှာကား အင်္ဂလိပ်အမျိုးသား စစ်ဗိုလ်တစ်ယောက်ပင် ဖြစ်လေသည်။

အိနားမတ်ဆုသည် ကျွန်တော့်ကို ခေါ်ပါသည်။ ကျွန်တော်နှင့် စကားပြန်သူငယ် မောင်ချစ်တို့လည်း အိနားမတ်ဆုနှင့်အတူ သုံ့ပန်းစစ်သားများနေထိုင်ကြရမည့် တဲတန်းလျားကြီးသို့လိုက်ခဲ့ရသည်။ ခပ်စောစောက လူမရှိသေးသော အစောင့်အိမ်ငယ် ၂ လုံးတွင် လက်နက်ကိုင်ဂျပန်စစ်သား ၄ ယောက်တို့ ရောက်ရှိနေကြပြီတော့ဖြစ်သည်။

http://mmteashop.com



အိနားမတ်ဆုသည် ဖြိတိသျှစစ်သုံ့ပန်းများထဲမှ ဗိုလ်ဖြစ်သူကိုခေါ်ငင်ပြီးနောက် နေရာထိုင်ခင်းအတွက်လည်းကောင်း၊ နေထိုင်ရမည့်စည်းမျဉ်းများကိုလည်းကောင်း ပြောကြားခြင်းပြုလေသည်။ အိနားမတ်ဆုသည် အင်္ဂလိပ်စကားကို ကောင်းမွန်စွာပြောနိုင်သူတစ်ယောက် ဖြစ်လေသည်။ အင်္ဂလိပ်စစ်ဗိုလ်နှင့် စကားပြောသည့်အခါ မျက်နှာခပ်တည်တည်ထားလျက် ပြောလေသည်။ တစ်စုံတစ်ရာစိုးရိမ်ဟန် အလျှင်းပင်မရှိပါပေ။

မကြာမီပင် အိနားမတ်ဆုသည် သုံ့ပန်းစစ်ဗိုလ်နှင့် သုံ့ပန်းစစ်သားအချို့ကိုခေါ်ငင်ပြီးခဲ့နောက် စမ်းချောင်းတစ်ဘက်ကမ်း ရိက္ခာဂိုဒေါင်ရှိရာသို့လာခဲ့လေသည်။

ကျွန်တော်နှင့် မောင်ချစ်တို့မှာလည်း သူတို့နှင့်အတူတကွ လိုက်ပါလာခဲ့ရလေသည်။ ကျွန်တော်သည် ထိုကဲ့သို့လိုက်ပါလာရင်းမှ သုံ့ပန်းစစ်ဗိုလ်နှင့် သူ၏စစ်သားများကို တစေ့တစောင်းကြည့်ရှုကာ အတော်ပင်စိတ်မကောင်း ဖြစ်ရလေသည်။

"ဒီသုံ့ပန်းတွေက ယိုးဒယားဘက်ကခေါ်လာတာဗျ"

၂ ယောက်အတူယှဉ်တွဲလျှောက်နေရာမှ စကားပြန်သူငယ်က ပြောပါသည်။

"ဘူတာရုံအဆောက်အအုံဆောက်ဖို့ ဆိုတာလားကွ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟုတ်လိမ့်မယ်ထင်တယ် အစ်ကို။ ဒါပေမယ့် အထက်ကတော့ ဘာအမိန့်မျှ မလာသေးဘူး။ သူတို့လောလောဆယ်လုပ်ရမှာကတော့ ချေးတပ်သားတွေထုထားတဲ့ကျောက်တွေကို သံလမ်းထဲ ဖြည့်ခင်းရမယ်။ နောက်ပြီး တချို့ဇလီဖာတုံးတွေကို အသစ်လဲရမယ်လို့ ပြောသံကြားတယ်"

စကားပြန်သူငယ်မှာ ဂျပန်များနှင့် အတူနေရသူဖြစ်သောကြောင့်လည်း သတင်းအတော်များများကို သိကြားထားသူတစ်ယောက် ဖြစ်လေသည်။

ကျွန်တော်တို့တစ်တွေ စမ်းချောင်းကူး တံတားကလေးထိပ်သို့ရောက်သည့်အခါ တစ်ဘက်သောကင်းစောင့်အိမ်ငယ်ရှေ့မှ ဂျပန်စစ်သား ၃ ယောက်တို့သည် အထိတ်တလန့်ဟစ်အော်လျက် အိနားမတ်ဆုအား အလေးပြုလေသည်။ သူတို့ ၃ ယောက်စလုံး လက်နက်ကိုယ်စီ ကိုင်ထားကြသည်။ သူတို့ဂျပန်များကို ကြည့်ရသည်မှာ ယခင်နေ့များကနှင့်မတူကြောင်း ထင်ရှားလှပါသည်။ သူတို့သည် ဖြိတိသျှစစ်သားများ၏ရှေ့တွင် ပို၍ အသားလုပ်ကြဟန်တူပါသည်။ သူတို့၏အကြီးအကဲကိုလည်း အခါတိုင်းထက် ပို၍လေးစားကြောင်း ပြသကြဟန်တူပါသည်။

အိနားမတ်ဆုကိုယ်တိုင်မှာလည်း ထိုနေ့ထိုအချိန်က အခါတိုင်းနေ့၊ အခါတိုင်းအချိန်များထက် မျက်နှာတည်ထားပါသည်။ အခါတိုင်း လက်တွင်ကိုင်ဆောင်နေကျဖြစ်သော ကဗျာစာအုပ်ကလေးကိုမူ သည်နေ့သည်အချိန်တွင် အိနားမတ်ဆု၏လက်ထဲတွင် မတွေ့ရပါချေ။

မကြာမီ ရိက္ခာဂိုဒေါင်သို့ ရောက်ခဲ့ကြလေသည်။ အခါတိုင်း ဂျပန် ၂ ယောက်-၃ ယောက်သာရှိသော ဂိုဒေါင်တွင် ဂျပန်စစ်သား ၆ ယောက်တို့ကို တွေ့ရလေသည်။ ထိုအထဲမှ ဂျပန် ၄ ယောက်မှာ လက်နက်ကိုင်လျက်ရှိကြလေသည်။ တစ်ယောက်သောဂျပန်စစ်သားသည် စက်သေနတ်အသေးစားကို ကိုင်တွယ်ထားလေသည်။

သုံ့ပန်းများအား ရိက္ခာထုတ်ပေးသည်မှာ ဆန်၊ ဆား၊ ပဲ၊ အာလူးနှင့် ကညင်ဆီမီးချောင်းများ ဖြစ်လေသည်။ သုံ့ပန်းအကြီးအကဲဖြစ်သူကိုမူ ကျွန်တော့်ကိုပေးသည့်အတိုင်း ကြံသကာအနည်းငယ်၊ မြေပဲဆံအနည်းငယ်နှင့် ကောက်ညှင်းဆန်အနည်းငယ် ပေးလေသည်။ ဆေးလိပ် ဟူ၍ကား မပေးပါချေ။

သုံ့ပန်းစစ်သားများသည် ဆန်အိတ်နှင့် ပဲအိတ် စသည်များကို ဝါး ၂ လုံးပေါ်တွင် ကန့်လန့်ဖြတ်တင်ပြီးနောက် ရှေ့က ၂ ယောက်၊ နောက်က ၂ ယောက်ထမ်းပိုးလျက် သယ်ဆောင်ခြင်းပြုကြသည်။ အားအင်ကုန်ခမ်း

http://mmteashop.com



နေကြသူများဖြစ်ခြင်းကြောင့်လည်း ဆန်တစ်အိတ်ကို လူ ၄ ယောက်ထမ်းနေရခြင်း ဖြစ်လေသည်။

ဤကိစ္စများ အားလုံးပြီးစီးသွားသည့်အခါ အိနားမတ်ဆုသည် သုံ့ပန်းစစ်ဗိုလ်နှင့် ကျွန်တော့်အား တစ်ဘက်ကမ်းသို့ ပြန်ခွင့်ပြုလိုက်ပါသည်။

တဲတားကလေး၏အလယ်သို့ရောက်သည့်အခါ သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော့်အား 'မြန်မာလူမျိုးတစ်ယောက်ပါလား' ဟူ၍ မြန်မာလိုမပီမသမေးပါသည်။ ကျွန်တော်က သူ့ကို အံ့သြစွာကြည့်လျက် ဟုတ်မှန်ကြောင်း ဖြေလိုက်ပါသည်။

ထိုအခါတွင် သူ့အဖြစ်ကို တိုတောင်းစွာ ပြောပြလေသည်။ သူသည် မေမြို့တွင် ၅ နှစ်ကျော်နေခဲ့ဖူးကြောင်း၊ မြန်မာအမျိုးသားများထဲမှ သူ့မိတ်ဆွေ လူကြီးလူကောင်းများ, အရာရှိအရာခံများသည် မေမြို့, မန္တလေးနှင့် စစ်ကိုင်းတွင်ရှိကြောင်း၊ မြန်မာစာနှင့် မြန်မာစကားကို ၃ နှစ်ခန့် သင်ကြားခဲ့ဖူးကြောင်း၊ စစ်ကြီးဖြစ်တော့မည့်ဆဲဆဲ ၁ နှစ်မရှိတရှိအချိန်လောက်တွင် စင်ကာပူသို့ရောက်ရှိခဲ့ရကြောင်း၊ ယိုးဒယား–မြန်မာ လမ်းဖောက်လုပ်သည့်ကိစ္စတွင် ယိုးဒယားနိုင်ငံ ကရာ(KRA)ကျွန်းဆွယ်ဘက်၌ တာဝန်ထမ်းဆောင် လုပ်ကိုင်ခဲ့ရကြောင်းမှစလျက် မြန်မာလူမျိုး နိုင်ငံရေးပုဂ္ဂိုလ်များထဲမှ သခင်အောင်ဆန်း, သခင်မြ စသူတို့ကို သူ ကောင်းစွာသိရှိကြောင်း ပြောပါလေသည်။

မကြာမီ ကျွန်တော်နှင့် သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော်တို့ချွေးတပ်သားများနေရာ တဲတန်းလျားကြီးအနီးသို့ ရောက်ခဲ့ကြပါသည်။

ကျွန်တော်တို့ ၂ ဦး လူချင်းခွဲရတော့မည့်ဆဲဆဲတွင် ကျွန်တော်သည် အိတ်ထဲမှ ကွမ်းသီးဖက်ဆေးလိပ် ၂ လိပ်ကိုထုတ်လိုက်ပြီးနောက် သုံ့ပန်းစစ်ဗိုလ်၏လက်သို့ ကမ်းပေးလိုက်ပါသည်။ ကျွန်တော်၏အပြုအမူကိုလည်း ဂျပန်များမမြင်အောင် သတိထားလျက် ပေးလိုက်ရခြင်းဖြစ်လေသည်။

သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော်ပေးသောဆေးလိပ်ကို လျှင်မြန်သွက်လက်သောလက်ဖြင့် လှမ်းယူလိုက်သည်။ ပြီးလျှင် ဘောင်းဘီအိတ်ထဲသို့ ကမန်းကတန်းထိုးထည့်လိုက်သည်။ ပြီးသော် ရွှင်ပြုံးသောမျက်နှာဖြင့် ကျေးဇူးတင်ကြောင်း ပြောလေသည်။ သူ့အပြုံးသည် တက်ကြွတောက်ပသောအမူအရာတော့ မဟုတ်။ နွမ်းလျသောအပြုံးမျှသာ ဖြစ်ကြောင်း ကျွန်တော် သတိပြုလိုက်မိပါသည်။

သူက မြန်မာလူမျိုး, မြန်မာတိုင်းရင်းသားများသည် လူတစ်ဘက်သားတို့အပေါ်တွင် ကြင်နာတတ်သူများ, ငဲ့ညာတတ်သူများဖြစ်ကြောင်းကိုလည်း ပြောလေသည်။ ထိုစကားနှင့်တစ်ဆက်တည်းမှာပင် နောက်ထပ်လျက် အခါအခွင့်သင့်ပါက ကျွန်တော်နှင့်တွေ့လိုသေးကြောင်း၊ ထိုအတွက် ဘုရားသခင်က အခွင့်ပေးလိမ့်မည် ဟုထင်ကြောင်း ပြောကြားပြီးနောက်၊ ကျွန်တော့်ကိုလက်ဆွဲနှုတ်ဆက်လျက် တဲတန်းလျားကြီးများရှိရာသို့ ခပ်သုတ်သုတ်ထွက်ခွာသွားလေသည်။

http://mmteashop.com

## ဆေးရုံသို့ တစ်ခေါက်သွားရခြင်း

နောက်ထပ်လျက် တနင်္ဂနွေတစ်ပတ် ကုန်လွန်ခဲ့ပြန်လေသည်။ ထိုအချိန်သို့ရောက်ခဲ့သည့်တိုင် ကျွန်တော်တို့ ချွေးတပ်သားများ၏လုပ်ငန်းမှာလည်း အပြောင်းအလဲမရှိသော ကျောက်ထု, ကျောက်သယ်ရခြင်း, ဝါးခုတ်ရခြင်း, ထင်းခုတ်ရခြင်း စသောအလုပ်များကိုသာ နိစ္စဓူဝ လုပ်ကိုင်နေကြရလေသည်။

သို့ရာတွင် ဘုရား ၃ ဆုစခန်းသို့ ကျွန်တော်တို့ရောက်ရှိပြီး၍ တနင်္ဂနွေ ၂ ပတ်ခန့်ကျော်လွန်ခဲ့သည့်အခါမှ ဂျပန်တို့၏ ထူးခြားပြောင်းလဲလာသော အနေအထိုင်, အပြုအမူများကိုလည်း ကျွန်တော် သတိပြုမိလေသည်။

ဂျပန်များသည် သုံ့ပန်းစစ်သားများအပေါ်၌ ရေးကထက်တိုးလျက် ဂရုစိုက်ကြပ်မတ်လာပါသည်။ စည်းကမ်းများကိုလည်း တင်းတင်းကျပ်ကျပ်ထုတ်ပြန်ခြင်း ပြုလာသည်။ သဘောသကာယကောင်းမွန်သော ဂျပန်စစ်ဗိုလ်ကလေးအိနားမတ်ဆုကိုယ်တိုင်ကပင် ကျွန်တော့်အား သုံ့ပန်းများနှင့် အရောတဝင်မပြုလုပ်ရန်၊ ဆေးလိပ်ပေးခြင်း, မုန့်ပဲသရေစာပေးခြင်း မပြုလုပ်ရန် ထပ်မံသတိပေးခြင်း ပြုလည်း လာပါသည်။ ချိုသာကြည်လင်သော အိနားမတ်ဆု၏ မျက်နှာမှာခပ်တည်တည် ခပ်ထန်ထန်အသွင်မျိုးဆောင်လျက်ရှိပါသည်။

ဤအဖြစ်သည် အိနားမတ်ဆုသာလျှင်မဟုတ်။ အခြားသောဂျပန်စစ်သားများ၌လည်း ထူးထူးခြားခြား ပြောင်းလဲလာသည်ဟု ကျွန်တော်မြင်ပါသည်။ ပြီးလျှင် ဂျပန်များသည် ယခင်ရက်များတုန်းကလို ထုံထုံထိုင်းထိုင်း လေးတွဲ့တွဲ့ကြီးတွေမဟုတ်ကြတော့ပေ။ အတော်ပင် ဖျတ်လတ်သွက်လက်သည့်အသွင်မျိုးကို ဆောင်လျက် နေထိုင်သွားလာ လှုပ်ရှားကြလေသည်။ သူတို့သည် သေနတ်ကိုလည်း မကြာခဏ ပွတ်တိုက်ပြုပြင်သည်။ အမြဲတမ်း ယမ်းတောင့်ထိုးထားသည်။ သေနတ်နှင့် သူတို့ကိုယ်သည် ပူးတွဲချည်နှောင်ထားသလို အမြဲတမ်းရှိနေသည်။ သူတို့သည် ယခင်ကလို ၁ ယောက်ချင်း-၂ ယောက်ချင်းနေလေ့မရှိဘဲ၊ ၄ ယောက်တစ်တွဲ, ၅ ယောက်တစ်တွဲ အုပ်စုဖွဲ့လျက် နေထိုင်တတ်ကြသည်။ ယုတ်စွအဆုံး ရေချိုးသည့်ဂျပန်က ချိုးနေလျှင်ပင် အနီးတွင် ၃-၄ ယောက် သေနတ်ကိုယ်စီ ကိုင်လျက် ကျီးကန်းတောင်းမှောက် မျက်လုံးဖြင့် စောင့်ကြပ်ကြည့်ရှုကြလေသည်။ ကျွန်တော်တို့ချွေးတပ်သားများ ညဘက်ရထားတွဲများပေါ်သို့ ထင်းများ, ဝါးများတင်သည့်အခါ၌ပင် ယခင်ကလို စောင့်ရှောက်ပုံမျိုးမဟုတ်တော့ပါချေ။ ၃ ယောက် ၁ တွဲ-၄ ယောက် ၁ တွဲ လူစုခွဲလျက် ဟိုနေရာသည်နေရာမှ ခပ်ကျဲကျဲလူစုခွဲကာ စောင့်ကြည့်ကြည့်ရှုခြင်းပြုကြလေသည်။

သူတို့ဂျပန်များကိုကြည့်ရသည်မှာ သားကောင်ကိုချောင်းမြောင်းသော ကျားကဲ့သို့ လည်းကောင်း, ကျားနှင့် တွေ့ဆုံရမည်ကို သတိကြီးစွာထားသော မုဆိုးကဲ့သို့ လည်းကောင်း ရှိနေကြလေသည်။

ဂျပန်တို့၏ဤအဖြစ်ကို ကျွန်တော်သာမဟုတ်။ ဘွန်ထိုက်ချိုကိုသာမြိုင်ကိုယ်တိုင်ကပင် သတိပြုမိလာဟန် တူပါသည်။

"ဆရာလေး။ ဂျပန်တွေကိုကြည့်ရတာ တစ်မျိုးကြီးပဲဗျ"ဟု တစ်နေ့တွင် ဆိုပါသည်။

"ခင်ဗျားက ဘယ်လိုထင်လို့လဲကိုသာမြိုင်"

http://mmteashop.com



ကျွန်တော်က ပြန်၍မေးလိုက်ပါသည်။ ကိုသာမြိုင်သည် ကျွန်တော့်အမေးကို ချက်ချင်းအဖြေမပေးပါ။ အတော်ကြာ တွေနေလေသည်။ ပြီးမှ သူ့ ထင်မြင်ချက်ကို ပြောလေသည်။

"ကြည့်ရတာတစ်မျိုးပဲ။ အရင်ရက်တွေကနှင့် နည်းနည်းမျှ မတူဘူး။ ဆရာလေးလည်း သတိထားမိချင် ထားမိမှာပေါ့ဗျာ။ ခုတလော ဂျပန်တွေဟာ သေနတ်ကို ဘယ်တော့မျှ လက်ကမချဘူး။ အိပ်ရင်တောင် ဖက်အိပ် သလားမသိဘူး။ နောက်ပြီး ထမင်းစားရင်လည်း အလှည့်နှင့်၊ ရေချိုးရင်လည်း အလှည့်နှင့် ကုန်ကုန်ပြောရရင် ချေးယိုသေးပေါက်တာတောင် *စောင့်တဲ့ဂျပန်က စောင့်ပေးတယ်ဗျာ*"

ကိုသာမြိုင်ကပြောလေသည်။

"အင်း။ သူတို့ကို အထက်ကအမိန့်ပေးထားလို့ ဖြစ်မှာပေါ့"

ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

ကျွန်တော်တို့ ဘုရား ၃ ဆူစခန်းတွင် တယ်လီဖုန်းဆက်သွယ်ရေးဌာနတစ်ခု ရှိလေသည်။ ထိုအဆောက်အအုံ မှာ ဂျပန်တွေနေသောကမ်းခြေတစ်ဘက်တွင် ဖြစ်လေသည်။ ထိုအဆောက်အအုံကလေးအတွင်းသို့ကား ကျွန်တော် သည် မရောက်ဖူးပါ။ ချွေးတပ်သားများ, သုံ့ပန်းစစ်သားများသည် မည်သည့်အကြောင်း, မည်သည့်ကိစ္စနှင့်မျှ ထိုအဆောက်အအုံအနီးသို့ ချဉ်းကပ်ခွင့်မရှိပါချေ။ အဆောက်အအုံငယ်ကိုလည်း ဘေးပတ်ပတ်လည်မှ သံဆူးကြိုး ဝိုင်းထားလေသည်။ ဝင်ပေါက်, ထွက်ပေါက် တစ်ခုတည်းရှိလေသည်။ ထိုအပေါက်ကိုပင် ဂျပန်စစ်သား ၂ ယောက် စောင့်လေသည်။ ညဘက်ဆိုလျှင် မီးနီ ထွန်းထားသည်။ ဂျပန်စစ်ဗိုလ်ကြီးများဖြစ်ကြသော ရာမာမိုတို, ဟိတချိမ စသူတို့သည် ရံဖန်ရံခါ ညဘက်များ၌ပင် အဆောက်အအုံကလေးသို့ ရောက်ရှိလာတတ်လေသည်။

ကျွန်တော့်အထင်ပြောရလျှင် ထိုအဆောက်အအုံငယ်ထဲတွင် တယ်လီဖုန်းလိုင်း အဆက်အသွယ်များသာမက ကြိုးမဲ့ကြေးနန်းစက်များလည်း ရှိလိမ့်မည်ဟု ထင်ပါသည်။ ယိုးဒယားပြည် ဘန်ပေါင်စခန်းနှင့် မြန်မာနိုင်ငံဘက်မှ သံဖြူဇရပ်စခန်းတို့၏အလယ်ဗဟိုစခန်းသည် ဘုရား ၃ ဆူစခန်း ဖြစ်ဟန်တူလေသည်။ ထို့ကြောင့် ဘုရား ၃ ဆူ စခန်းသည် ယိုးဒယားနိုင်ငံရှိ ဂျပန်စစ်ဘက်နှင့် မြန်မာနိုင်ငံရှိ ဂျပန်စစ်ဘက်တို့၏ စစ်ရေးစစ်ရာအဆက်အသွယ်ကို အလဲအလှယ်ပြုလုပ်ပေးရာ နေရာဒေသတစ်ခု ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

ဤလိုနှင့် နောက်ပိုင်းအချိန်များတွင် ဂျပန်တို့၏ ထူးခြားတင်းကျပ်သောပညတ်မှုကြောင့် နီးစပ်တော့မလို ဖြစ်ခဲ့သော ချွေးတပ်သားများနှင့် စစ်သုံ့ပန်းများမှာလည်း ခပ်ဝေးဝေးခပ်ကွာကွာဖြစ်သွားကြလေသည်။

ယခင်က စားနပ်ရိက္ခာပစ္စည်းများထုတ်ကြသည့်အခါ တစ်နေ့တည်း, တစ်ချိန်တည်းဖြစ်သော ထမင်းချက် ခေါင်း ကိုစံခနှင့် သုံ့ပန်းစစ်ဗိုလ်တို့မှာလည်း တစ်နေ့စီ, တစ်ချိန်စီပြောင်းလဲသွားလေသည်။ နေ့စဉ်အလုပ်ခွင် အတွင်း၌ အတူတွဲလျက်အလုပ်လုပ်ကြရသော သုံ့ပန်းချွေးတပ်သားများနှင့် ကျွန်တော်တို့အရပ်သားချွေးတပ်သား များမှာလည်း အတူတကွမဟုတ်တော့ပါချေ။ များစွာမှ အလှမ်းကွာဝေးသွားလေသည်။

ထိုအခါ ကျွန်တော်နှင့် သုံ့ပန်းစစ်ဗိုလ်တို့မှာလည်း နောက်ထပ်လျက် အဆက်အသွယ်မပြုရတော့ပါပေ။ တစ်ခါတစ်ခါ အလုပ်ဆင်း, အလုပ်တက်သောအချိန်များ၌သာ တစ်ယောက်နှင့်တစ်ယောက် ခပ်ဝေးဝေးခပ်လှမ်းလှမ်းမှ ရိပ်ခနဲဖျပ်ခနဲ တွေ့လိုက်ကြရခြင်းရှိလေသည်။

ပြီးလျှင် ယခင်က အလုပ်သွားအလုပ်ပြန်သည့်အခါများ၌လည်းကောင်း, ရိက္ခာထုတ်သွားသည့်အခါများတွင် လည်းကောင်း ဗြိတိသျှစစ်သုံ့ပန်းများသည် ကျွန်တော်တို့ချွေးတပ်သားများ၏တဲတန်းလျားကြီးများဘေးမှ ဖြတ် သန်းလျက် သွားလာဝင်ထွက်ကြရသော်လည်း၊ ယခုနောက်ပိုင်းရက်များတွင်မူ ထိုလမ်းထိုနေရာမှ သွားလာရခြင်း မရှိကြတော့ပါချေ။ သူတို့သုံ့ပန်းများအတွက် အဝင်အထွက်လမ်းတစ်လမ်းကို သီးခြားဖောက်လုပ်ပေးထားလေ သည်။ တစ်ဘက်ကမ်းရိက္ခာဂိုဒေါင်များရှိရာသို့ ကူးသန်းသွားလာရန်ကိုလည်း တံတားသစ်တစ်ခုကို ဆောက်လုပ်

http://mmteashop.com



ပေးထားပါသည်။ သို့ရာတွင် ထိုလမ်းသစ်နှင့် ထိုတံတားသစ်များမှာ ဂျပန်စစ်ဗိုလ်၏အစီအမံအရ သုံ့ပန်းများ ကိုယ်တိုင်ကိုယ်ကျ ဖောက်လုပ်တည်ဆောက်ရသောလမ်းသာလျှင် ဖြစ်လေသည်။

ဤတွင် မြေပြင်လမ်းကလေး ဖောက်လုပ်ရခြင်းနှင့်ပတ်သက်၍မူ အထူးဆိုဖွယ်ရာမရှိသော်လည်း စမ်းချောင်းကူးတံတားကလေးဆောက်လုပ်သည့်ကိစ္စနှင့် ပတ်သက်၍ကား ဗြိတိသျှစစ်သုံ့ပန်းများ၏ကျွမ်းကျင်မှုနှင့် စိတ်ကူးဉာဏ်ကူးကောင်းမှုကို ကျွန်တော်တို့ အထူးပင်ချီးကျူးမိကြပါသည်။

ဗြိတိသျှစစ်သုံ့ပန်းများသည် စမ်းချောင်းကူးတံတားအတွက် တောတွင်းရှိသစ်ပင်ဝါးပင်များကို ကောင်းနိုးရာရာ ရွေးချယ်ခုတ်ထွင်ကြပါသည်။ ကြိုးအတွက် ကြိမ်နွယ်ပင်များ, လျှော်ပင်များကို ခုတ်ထွင်ခွာယူကြပါသည်။ ပြီးလျှင် တံတားဘောင်များ, တံတားတိုင်များ, အောက်ခံတံတားများအတွက် သစ်များကို ရွေးချယ်ကြပြီး၊ တိုတောင်းသော အချိန်အတွင်း၌ပင် လုပနိုင်ခဲ့သော ခုံးတံတားတစ်ခုကို သေသေသပ်သပ်ဆောက်လုပ်ခြင်းပြုလိုက်ကြလေသည်။

ထိုကဲ့သို့ သူတို့ဆောက်လုပ်လိုက်သောတံတားကလေးမှာ ခိုင်ခံ့သပ်ရပ်ရုံမက သူတို့လက်ရာအစွမ်းအစကိုလည်း ဖော်ပြထားသည့်နယ်ရှိလေသည်။ ဂျပန်စစ်ဗိုလ် ကိတချိမနှင့် ရာမာမိုတိုတို့ရောက်ရှိလာသည့်အခါ၌ပင် ထိုတံတားကလေးပေါ်တွင် ၃–၄ ခေါက်လျှောက်ကြည့်ကြလေသည်။

နောက်ထပ် တနင်္ဂနွေတစ်ပတ်ကုန်လွန်သွားပြန်လေသည်။

ထိုအချိန်တွင် ဂျပန်စစ်ဗိုလ်လေး အီနားမတ်ဆုက ကျွန်တော့်ကို တွေ့လိုကြောင်းခေါ်သည့်အတွက် ကျွန်တော်သည် စကားပြန်သူငယ်နှင့်အတူ တစ်ဘက်ကမ်း ဂျပန်များရှိရာသို့ လိုက်ခဲ့ရပါသည်။ အီနားမတ်ဆုနှင့် ကျွန်တော်တို့ တွေ့ကြသည့်အခါ အီနားမတ်ဆုက နောက်တစ်နေ့မနက်စောစောတွင် သူနှင့်အတူ တောတွင်းဆေးရုံသို့လိုက်ခဲ့ ရမည်ဟု ပြောပါသည်။

ကျွန်တော် ရောက်ရှိနေသော ဘုရား ၃ ဆူစခန်းတွင် တောတွင်းဆေးရုံတစ်ခု ရှိပါသည်။ ဆေးရုံရှိရာနေရာသည် လူနေစခန်းနှင့် တစ်မိုင်ခန့် အကွာအဝေးရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ စခန်း၏အရှေ့ရှူးရှူးအရပ်တွင် စိစ်လျက် တော အတော်အနက်ပါသည်။ ထိုဆေးရုံစခန်းတွင် ချွေးတပ်သားလူနာ မည်ရွေ့မည်မျှရှိသည်ကို ကျွန်တော် မသိပါ။ တစ်ကြိမ်တစ်ခေါက်မျှလည်း ကျွန်တော် မရောက်ဖူးသေးပါ။ ထို့ကြောင့် အခြေအနေအရပ်ရပ်ကို ကျွန်တော် မသိရဘဲရှိပါသည်။ အီနားမတ်ဆုက ကျွန်တော့်ကို ဆက်လက်၍ပြောသည်မှာ ဤသို့ဖြစ်ပါသည်။ 'တောတွင်းဆေးရုံသို့ သွားရောက်ပြီးနောက် ဆေးရုံရှိလူနာချွေးတပ်သားများ၏အခြေအနေကို ကြည့်ရှုစစ်ဆေးမည်။ ထိုလူနာများထဲမှ အတော်အတန် ကျန်းမာလာသူများနှင့် အလုပ်လုပ်နိုင်သူများအား အလုပ်စခန်းသို့ ရွှေ့ပြောင်းခေါ်ငင်ရန်အတွက်ဖြစ်ကြောင်း' ပြောပါသည်။ ပြီးလျှင် 'တကယ်တမ်း မကျန်းမမာဖြစ်နေသူများအား တောတွင်းဆေးရုံတွင်မထားတော့ဘဲ မော်လမြိုင် ဆေးရုံကြီးများသို့ ပို့ပေးမည်ဖြစ်ကြောင်း' ပြောလေသည်။

ကျွန်တော်သည် အီနားမတ်ဆု၏စကားကြောင့် အတော်ပင်အံ့သြမိပါသည်။ ကျွန်တော့်ရင်ထဲတွင် ဝမ်းမြောက်သလိုလည်း ဖြစ်မိပါသည်။ အဘယ့်ကြောင့်ဆိုရပါမူ ကျွန်တော် ချွေးတပ်စခန်းသို့ရောက်ရှိခဲ့သည်မှာ အချိန်အားဖြင့် ၁ နှစ်နီးနီးရှိခဲ့ပြီဖြစ်သော်လည်း တောတွင်း ဆေးရုံစခန်းများမှ လူနာချွေးတပ်သားများအား မော်လမြိုင်ဆေးရုံကြီးများသို့ ပို့ပေးမည်ဆိုသောစကားမှာ သည်တစ်ကြိမ်, သည်တစ်ခါသာ ကြားဖူးသောကြောင့် ဖြစ်ပါသည်။ ဤတွင် ကျွန်တော်တွေးလိုက်မိသည်မှာ ထိုကိစ္စ ထိုအစီအမံသည် အီနားမတ်ဆု၏သဘောအလျောက်ပြုလုပ်သော အစီအမံ မဟုတ်နိုင်။ အထက်ဂျပန်စစ်ဗိုလ်ကြီးများ၏ အစီအမံဖြစ်မည် ဟူသောအကြောင်းပင် ဖြစ်လေသည်။

သို့နှင့် ကျွန်တော်သည် အီနားမတ်ဆု၏ပြောကြားချက်များကို ခံယူပြီးနောက် တဲတန်းလျားများရှိရာဘက်သို့ ပြန်ထွက်လာခဲ့ပါသည်။ ကျွန်တော်၏ဦးခေါင်းထဲ၌လည်း အကြောင်းပေါင်းများစွာတို့ကို တွေးတောလာခဲ့မိပါသည်။ ဤလိုနှင့် စမ်းချောင်းကူးတံတားကလေးထိပ်သို့ ကျွန်တော်ရောက်သည့်အခါ ကျွန်တော်၏နောက်ပါးမှ စကားပြန်

http://mmteashop.com



သူငယ်ကလေးမောင်ချစ်၏အသံကို ကြားလိုက်ရပါသည်။ မောင်ချစ်သည် ကျွန်တော့်နောက်သို့လိုက်လာခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်တော်သည် ခြေလှမ်းကို ဆက်မလှမ်းသေးဘဲ နောက်သို့လှည့်ကြည့်ရင်း မောင်ချစ်ကို စောင့်နေသည်။

"ဆရာလေးတို့ဆေးရုံက လူနာတွေတော့ဟန်ကျတာပဲ"

ကျွန်တော်က တစ်စုံတစ်ရာမမေးမမြန်းရသေးမီ မောင်ချစ်ကပြောလေသည်။ သူငယ်သည် ကျွန်တော်၏ လက်တစ်ဖက်ကိုလည်း တရင်းတနှီးဆုပ်ကိုင်လိုက်ပါသည်။

"ဘာလဲကွ။ ဘယ်လိုဟန်ကျတာလဲ။ ပြောစမ်းပါဦး"

ကျွန်တော်ကလည်း သူ့ပခုံးကို ခပ်သာသာပုတ်ရင်းမေးလိုက်ပါသည်။ ကျွန်တော်တို့ ၂ ယောက်စလုံးပင် ရှေ့ဆက်မလျှောက်ကြသေးဘဲ တံတားထိပ်တွင်ရပ်နေကြခိုက် ဖြစ်ပါသည်။

ထိုအခိုက်၌ပင် တစ်ဘက်ကမ်း ဂျပန်စစ်သားများ၏ စစ်ရုံးအဆောက်အအုံကလေးရှေ့မှနေလျက် ဂျပန်စစ်သားတစ်ယောက်က ကျွန်တော့်ကိုလှမ်းအော်ခေါ်ပါသည်။ မောင်ချစ်ကိုလည်း ဂျပန်စကားဖြင့် တစ်စုံတစ်ရာကို လှမ်းအော်ပြောနေပါသည်။

"ဆရာလေးကို မာစတာအိနားမတ်ဆု ပြန်ခေါ်နေတယ်"

မောင်ချစ်က ပြောပါသည်။

ဂျပန်စစ်သားဦးထုပ်ကလေးကို ခေါင်းတွင်ဆောင်းကာ မျက်နှာသုတ်တဘက်တစ်ထည်ကို လည်ပင်းတွင် ပတ်ထားသော စကားပြန်သူငယ်ကလေး၏မျက်နှာကို ကျွန်တော်က စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးနောက် "ဘာလဲ ဆိုတာ နောက်ပြီးတော့ အစ်ကို့ကိုပြောပါဦးကွာ။ လာကွာ–စစ်ရုံးကို လိုက်ခဲ့ပါဦး"ဟုပြောလျက် သူ့ကိုပါ ခေါ်ငင်ခဲ့ရပါသည်။

ကျွန်တော်သည် တောတွင်းချွေးတပ်စခန်းများ၌ ၁ နှစ်နီးနီးခန့်နေထိုင်ခဲ့ရသောအချိန်အတွင်း အထူး သတိထားခဲ့သော အကြောင်းတစ်ခုရှိလေသည်။ ထိုအကြောင်းမှာ အခြားမဟုတ်ပါ။ ဂျပန်စစ်ဗိုလ်များနှင့် စကား ပြောရမည်ဆိုသည့်အခါများတွင် တတ်နိုင်သလောက် အနီးတွင် စကားပြန်သူငယ်ကလေးများရှိနေစေခြင်းပင် ဖြစ်ပါသည်။ ယခုလည်း ထိုရည်ရွယ်ချက်ကြောင့်ပင် မောင်ချစ်ကို အပါခေါ်ခဲ့ခြင်းဖြစ်ပါသည်။

မကြာမီ ကျွန်တော်နှင့် စကားပြန်သူငယ်သည် အိနားမတ်ဆုရှိရာ စစ်ရုံးအဆောက်အအုံအတွင်းသို့ ရောက်ရှိ ခဲ့ကြပါသည်။

အိနားမတ်ဆုသည် လက်ထဲတွင်အသင့်ကိုင်ထားသော မျက်နှာသုတ်တဘက်အသစ်တစ်ထည်ကို ကျွန်တော့် အား လှမ်းပေးပါသည်။ ပြီးသော် ခပ်စောစောက ကျွန်တော့်ကိုပြောကြားရာတွင် မေ့ကျန်ခဲ့ဟန်တူသော စကား တစ်ခွန်းကိုလည်း ထပ်မံပြောကြားခြင်း ပြုပါသည်။ ထိုစကားမှာမူ 'သူပြောကြားသော တောတွင်းဆေးရုံမှ လူနာများအား မော်လမြိုင်ဆေးရုံကြီးသို့ ရွှေ့ပြောင်းပို့ဆောင်ပေးမည်ဆိုသောသတင်းကို ဘွန်ထိုက်ချို၊ ဟန်ချို နှင့် ချွေးတပ်သားတစ်ဦးတစ်ယောက်ကိုသော်မျှ မပြောကြားရ' ဟူသော သတိပေးချက်ပင် ဖြစ်ပါသည်။ ထိုကိစ္စပြီး သည့်အခါ ကျွန်တော်နှင့်မောင်ချစ်သည် စစ်ရုံးအဆောက်အအုံအတွင်းမှ ပြန်လည်ထွက်ခဲ့ကြပါသည်။

"ဟော့–ညီလေး။ မင်း မျက်နှာသုတ်တဘက်နှင့် ငါရလာတဲ့ တဘက်ကလေးဟာ တစ်ဆင်တည်း တစ်သွေး တည်းပါလားကွ"

စမ်းချောင်းကူးတံတားငယ်ရှိရာသို့ ၂ ယောက်အတူလျှောက်လာသည့်အခါ ကျွန်တော်ကပြောလိုက်ပါသည်။

"ဟုတ်တယ်အစ်ကို။ မာစတာအိနားမတ်ဆုက ကျွန်တော့်ကိုလည်း မနေ့ညနေကမှ ဘောက်ဆူးချတာ"ဟု စကားပြန်သူငယ်ကပြောပါသည်။

"ဒါထက် ခပ်စောစောကစကားကို ဆက်စမ်းပါဦးကွ။ ငါတို့ ဈေးတပ်သားလူမမာတွေ ဘယ်လိုဟန်ကျတာလဲကွ"

ကျွန်တော်က ခပ်စောစောကစကားကို ပြန်ကောက်လိုက်ပါသည်။ ကျွန်တော်တို့ ၂ ဦးသည် စမ်းချောင်းကူးတံတားထိပ်သို့ ပြန်ရောက်ခဲ့ကြပါသည်။

"ဒီလိုလေဆရာလေးရ။ မော်လမြိုင်ဆေးရုံကြီးကိုပို့ပေးမယ်ဆိုတော့ ဆရာလေးတို့လူနာတွေအတွက် အများကြီးကောင်းတာပေါ့ဗျာ။ တောထဲကဆေးရုံအကြောင်းကို ဆရာလေးလည်း အသိသားပဲမဟုတ်လား။ ဆေးဝါးလည်း မရှိ၊ ဆရာဝန် ဆရာမလည်း မရှိ၊ ထမင်းတောင် နပ်မှန်အောင်စားရတာမှ မဟုတ်ဘဲ။ မော်လမြိုင် ဆေးရုံကြီးမှာဆိုတော့ အစစအရာရာ ဒီတောထဲမှာထက်သာတာပေါ့"

စကားပြန်သူငယ်ကလေး၏ပြောစကားမှာ များစွာပင်မှန်ကန်လှပါသည်။ ကျွန်တော်တို့ ဈေးတပ်သားလူနာများအနေဖြင့် မော်လမြိုင်ဆေးရုံကြီးသို့ ရောက်ရှိသွားမည်ဆိုပါက အခြေအနေသည် တောတွင်းခေါင်ခေါင်ကြီးထက် အဆပေါင်းများစွာသာလွန်နိုင်ပါသည်။ နောက်ဆုံး အစားအသောက်ကို မိမိတို့ငွေကြေးနှင့် ဝယ်ခြမ်းစားသောက်မှုမပြုနိုင်ကြသည့်တိုင် လူပေးသူပေးအစားအသောက်ကလေးများကိုကား မျှော်လင့်နိုင်စရာအကြောင်းရှိပါသည်။ ပြီးလျှင် ဆေးဝါးအစ, ဆရာဝန်ဆရာမအစရှိသဖြင့်လည်း မော်လမြိုင်ဆေးရုံကြီးတွင် ရှိနေပေလိမ့်မည်။ နောက်တစ်နည်းပြောရလျှင် အတော်အတန် ကျန်းမာလာ၍ ဂျပန်များလက်တွင်းမှ ထွက်ပြေးခြင်းပြုလိုပါကလည်း မော်လမြိုင်လိုမြို့ကြီးပေါ်ကဆိုလျှင် အတော်ကလေးလွယ်ကူပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ မော်လမြိုင်ဆေးရုံကြီးဆိုသည်မှာ တောတွင်း 'ဆေးရုံ'အမည်ခံ တဲအိုတဲပျက်များထက်တော့ သာလွန်မည်မှာ မုချဖြစ်လေသည်။

"ဒါကြောင့် ဆရာလေးကို မာစတာအီနားမတ်ဆုက ထပ်ခေါ်ပြီးပြောတာပေါ့ဗျ။ 'ဒီအကြောင်း ဘယ်သူ့မှ မပြောရဘူး'လို့"

စကားပြန်သူငယ်က ထပ်ပြောပါသည်။

ကျွန်တော်တို့ ၂ ယောက် လျှောက်လာကြသည်မှာ တံတားကလေး၏အလယ်သို့ပင် ရောက်ရှိခဲ့ကြလေပြီ။

"အဲဒါက ဘယ်လိုကြောင့်လဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဩော်–ဆရာလေးကလဲဗျာ။ တွေးကြည့်ပါလားဗျ။ တောထဲကလူနာတွေကို မော်လမြိုင်ပို့မယ်ဆိုတော့ ဘယ်သူမဆို သွားချင်မှာပေါ့။ အဲဒီတော့ ထမင်းမစားရချင်နေပါစေ။ အလကားနေရင်း 'နေမကောင်းဘူး, မမာဘူး, ဆေးရုံပို့ပေးပါ'လို့ ပြောကြမှာပေါ့"

မောင်ချစ်ကပြောပါသည်။

"အေး–အေး။ မင်းအတွေးလည်း မညံ့ဘူးကွ။ ဒါပေမယ့် မင်းမာစတာတွေကလည်း တကယ့်ကို သေလောက်အောင်မမာတဲ့လူကိုမှ တောထဲဆေးရုံကိုပို့တာပါကွာ။ တော်ရုံတန်ရုံ မမာတာလောက်နှင့် မပို့ပါဘူး"

ကျွန်တော်က မောင်ချစ်ကိုပြောလိုက်ပါသည်။

"ဒါပေမယ့် ဆရာလေးတို့လူတွေဟာလည်း အတော်ပန်းနေကြပြီ မဟုတ်လားဗျာ။ စိတ်တင်းထားလို့ နေနိုင်ကြတာပါ။ စိတ်လျှော့လိုက်ရင် အားလုံး လူမမာတွေချည်းဖြစ်ကုန်ကြမှာပဲ"

ကျွန်တော်သည် ထိုသူငယ်၏စကားကြောင့် ထိုသူငယ်၏မျက်နှာကို အံ့သြစွာလှည့်ကြည့်မိပါသည်။ 'အရွယ်ကလေးနှင့်မလိုက်အောင်ပင် မောင်ချစ်သည် တွေးဆတတ်ပါကလား' ဟူ၍လည်း ဝမ်းတွင်းကျိတ်ချီးကျူးမိပါသည်။ ပြီးမှ ကျွန်တော် ချက်ချင်းသတိပြုလိုက်မိပါသည်။ 'ဤစကားနှင့်ဤအတွေးများသည် စင်စစ် မောင်ချစ်၏ ဦးနှောက်မှထွက်ပေါ်လာခြင်း မဟုတ်တန်ရာ။ သူနှင့် အတူနေအတူစားဂျပန်များထံမှတစ်ဆင့် ကူးစက်ခြင်းသာ ဖြစ်လိမ့်မည်' ဟု တွေးလိုက်မိခြင်းဖြစ်ပါသည်။

http://mmteashop.com



စကားပြန်သူငယ်သည် ကျွန်တော်နှင့်စကားပြောရင်း ကျွန်တော်တို့ချေးတပ်သားများနေထိုင်ရသော တဲတန်းလျားရှိရာအထိ လိုက်ပါလာပါသည်။ သူတွင် ဘာအကြောင်းဟူ၍ ထူးထူးထွေထွေမရှိသော်လည်း တစ်ခါတစ်ရံတွင် ကျွန်တော်တို့တဲတန်းလျားရှိရာသို့လာရောက်ကာ စကားစမြည်ပြောကြားနေတတ်လေသည်။ ထိုသူငယ်မှာ အချိန်ရှိသရွေ့, နေ့ရှိသမျှ ဂျပန်စစ်သားများနှင့်သာနေထိုင်ရလျက် ဂျပန်စကားကိုသာပြောကြားနေရခြင်းကြောင့်လည်း ကာလကြာသော် သူ့အဖြစ်သူ့ဘဝကို သူငြီးငွေ့လာဟန်တူပါသည်။ သူသည် မြန်မာတိုင်းရင်းသားမွန်မြန်မာကလေးတစ်ယောက်ဖြစ်သောကြောင့် မြန်မာစကားကိုပြောလျက် မြန်မာတွေနှင့်သာရောနှောနေထိုင်လိုဟန်ရှိလေသည်။ သို့ရာတွင် ကလေးသူငယ်လူရွယ် ကလေးတစ်ယောက်သာဖြစ်သဖြင့် သူ့အဖြစ်ကိုသူ နက်နက်နဲနဲမတွေးတောမသုံးသပ်တတ်ဟု ဆိုရပါမည်။ လူဆိုသည်မှာ ဇီဇမျိုးနွယ်၏ဝေလေ့စရိုက်သဘာဝကို စွန့်လွှတ်မေ့ချန်နိုင်ရန် အလွန်တရာခဲယဉ်းလှသည်ဟု ကျွန်တော်တွေးမိပါသည်။

စကားပြန်သူငယ်ကလေးများနှင့်ပတ်သက်၍ တောတွင်းချေးတပ်စခန်းများတွင် ကျွန်တော် လေ့လာသတိထားမိသောအကြောင်းအချက်ပေါင်း များစွာရှိပါသည်။ များစွာသော စကားပြန်သူငယ်ကလေးများသည် အသက်အရွယ်အားဖြင့်လည်း အလွန်တရာနုနယ်ငယ်ရွယ်ကြပါသည်။ လူမျိုးအားဖြင့်လည်း မြန်မာစစ်စစ်ကနည်းလျက် မွန်အမျိုးသားကလေးများနှင့် ကုလားကပြားကလေးတွေသာ ဖြစ်ကြလေသည်။ ထိုအထဲတွင် အချို့အချို့သောစကားပြန်သူငယ်ကလေးများမှာ သနားစရာကောင်းလောက်အောင် ကလေးဆန်ကြလျက်၊ အချို့ကား ချဉ်စရာရွံစရာကောင်းလောက်အောင်ပင် လုလည်, လူကလိမ်ကလေးများဖြစ်ကြပါသည်။ သနားစရာကောင်းသော အချို့စကားပြန်သူငယ်ကလေးများမှာ ဂျပန်စစ်ဗိုလ်ကြီးများအနီးတွင်ကပ်လျက် ဂျပန်စစ်တပ်ကြီးများ ချီတက်ရာနောက်သို့ မျက်စိသူငယ်နားသူငယ်နှင့် တကောက်ကောက်လိုက်ပါနေရသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့နေရလေသည်။

ကျွန်တော်တို့တစ်တွေ တပ်ဒိန်စခန်းမှနေ၍ ဘုရား ၃ ဆူစခန်းသို့မရောက်မီ 'အပလုံ'ဆိုသော စခန်းတစ်ခု၌ တစ်လကျော်ကျော် ၂ လခန့် နေထိုင်ခဲ့ကြပါသည်။ ထိုစခန်းတွင် ကျွန်တော်ရှိစဉ်က ခေတ္တကြုံခဲ့ရသော မွန်အမျိုးသား စကားပြန်သူငယ်ကလေးတစ်ယောက်၏အဖြစ်မှာလည်း အတော်ပင် ရင်နာစရာ, သနားစရာကောင်းလှပါသည်။

အပလုံစခန်းသည် မွန်အမျိုးသားချေးတပ်သားများကို အများဆုံးတွေ့မြင်ခဲ့ရသော စခန်းတစ်ခုဖြစ်လေသည်။ တဲတန်းလျားကြီးပေါင်း ၇ လုံးရှိသည့်အနက် တဲကြီး ၅ လုံးသည် မွန်အမျိုးသားချေးတပ်သားများ ထောင်နှင့်ချီကာ ပြည့်သိပ်ပြွတ်ခဲနေပါသည်။ ထိုမျှလောက်များပြားလှသော မွန်အမျိုးသားအစုအဝေးကြီးကိုလည်း ကျွန်တော်သည် ဤတစ်ကြိမ်တစ်ခါသာလျှင် ဟုတ်ဟုတ်ငြားငြားမြင်တွေ့ဖူးပါသည်။ ညမိုးချုပ်ပြီဆိုလျှင် မီးပုံထင်းပုံတွေ တငွေ့ငွေ့တရဲရဲတောက်လောင်လျက် မွန်စကားသံများဖြင့် ပွက်ပွက်ညံကာရှိလေသည်။

ကျွန်တော်တို့ တပ်ဒိန်စခန်းမှ အပလုံစခန်းသို့ရွှေ့ပြောင်းကြရသည်မှာလည်း ကျွန်တော်တို့အဖွဲ့မှ လုကုန်မဟုတ်ပါချေ။ ဘွန်ထိုက်ချီအဖွဲ့တစ်ဖွဲ့တည်းသာဖြစ်သောကြောင့် လူပေါင်း ၁၀၀ ကျော်ကလေးသာ ဖြစ်ပါသည်။ ဂျပန်စစ်ဗိုလ်ကုမေကာက အပလုံစခန်းသို့ ကျွန်တော်တို့ဘွန်ထိုက်ချီတစ်ဖွဲ့ တစ်ညလောက်သာသွားရမည်' ဟု ဆိုပါသည်။ ပြီးလျှင် 'ထိုအပလုံစခန်းသို့ ကျွန်တော်ပါလိုက်ပါသွားရန်နှင့် အပလုံစခန်းတွင်ရှိနေသော မွန်ချေးတပ်သားများကိုလည်း ဝါဒဖြန့်တရားများဟောပြောရမည်၊ ကြပ်မတ်ကြည့်ရှုရမည်' ဟု ဆိုပါသည်။

သို့ရာတွင် လက်တွေ့အားဖြင့်မူ အပလုံစခန်းသို့ရောက်သည့်အခါ မွန်ချေးတပ်သားများ၏အနီးသို့ပင် ကျွန်တော်မှာ မကပ်နိုင်ပါချေ။ အဘယ့်ကြောင့်ဆိုရပါမူ ထိုစခန်းတွင်တွေ့ကြုံရသော မွန်အမျိုးသားအများစုမှာ မြန်မာလို လုံးဝမတတ်သလောက် ဖြစ်နေခြင်းကြောင့်ပါပေ။ ပြီးလျှင် မွန်အမျိုးသားချေးတပ်သားများမှာ ရွတ်တိ

http://mmteashop.com



ရွတ်ထိုးသမားတွေများလှပေသည်။ ဂျပန်စစ်သားကလွဲလျှင် မည်သည့်အုပ်ချုပ်ကွပ်ကဲမှုကိုသော်မျှ မနာခံလိုကြပါပေ။ သူတို့အချင်းချင်းလည်း မကြာခဏ ရန်ဖြစ်လိုက်၊ ထိုးလိုက်ကြိတ်လိုက်ကြ ဖြစ်နေကြလေသည်။ ညဘက်များတွင်လည်း အိပ်သည့်အချိန်ကနည်း၍ ဆူဆူညံညံစကားပြောနေခြင်း၊ ထမင်းထုပ်ကို မီးဖုတ်မီးကင်စားခြင်း၊ တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်သတ်ပုတ်ကြခြင်းဖြင့်သာ အချိန်ကုန်နေကြလေသည်။ သို့ရာတွင် တစ်ခုဆိုရန်ရှိသည်မှာ သူတို့အချင်းချင်းရန်ပွဲဆင်ကြသည်မှာ ပွဲပြီးမီးသေဆိုသလို ပြီးပြီးပျောက်ပျောက်ဖြစ်ကြလေသည်။ ဂျပန်စစ်သားများရှေ့တွင်မူ သူတို့ချင်း ရန်မဖြစ်ဝံ့ကြပါချေ။ ရန်ဖြစ်ကြသည်ဆိုရာ၌လည်း တစ်ယောက်နှင့်တစ်ယောက် ထထိုးခြင်း၊ ဖက်၍နပန်းလုံးခြင်းစသည်လောက်သာ ဖြစ်ကြလေသည်။ တစ်စုံတစ်ရာ ကြီးမားသောဒဏ်ရာအနာတရဖြစ်အောင်တော့ မလုပ်ကြပါချေ။ ပြီးနောက် တစ်ခုရှိသေးသည်၊ လူ ၂ ယောက် ရန်သတ္တုရဖြစ်လျက်တစ်ယောက်နှင့်တစ်ယောက် ထိုးကြိတ်နေလျှင် သော်လည်းကောင်း၊ နပန်းလုံးနေလျှင် သော်လည်းကောင်း ဘေးဘီမှလူများက ဖျန်ဖြေခြင်းမပြုကြချေ။ ဝိုင်းအော်လျှင် အော်နေမည်။ သို့မဟုတ် သူတို့ချင်း စကားပြောပင်မပျက်ဘဲ၊ လှည့်၍မျှမကြည့်ဘဲ ဟသာလဝါရှိနေတတ်လေသည်။

သူတို့အဖြစ်မှ စိတ်ပျက်စရာလည်းကောင်းပါသည်။ ရယ်စရာလည်း ကောင်းလှသည်။ သို့ရာတွင် ကျွန်တော့်အနေဖြင့် ဝင်ရောက်ဖျန်ဖြေခြင်း၊ တားမြစ်ခြင်းတော့မပြုဝံ့ပါချေ။ အကြောင်းမသိခင်က ၁ကြိမ် ၂ကြိမ်ဝင်ရောက်ဖျန်ဖြေမိသည်ကိုပင် သူတို့အားလုံး၏ဝိုင်းဝန်းငြိုငြင်မှုကို ခံယူခဲ့ရဖူးပါသည်။

ဤအဖြစ်မှာ မွန်ချေးတပ်သားများသာမက မွန်အမျိုးသားဆင်ဦးစီးများမှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်ကြလေသည်။ ကျောက်တစ်လုံးစခန်းနှင့် တပ်ဒီနိစခန်းတွင် ဆင်ပေါင်းမြောက်မြားစွာနှင့် အလုပ်လုပ်ကြရစဉ်အခါကလည်း အလုပ်သိမ်းပြီဆိုလျှင် မွန်ဆင်ဦးစီးများမှာ အချင်းချင်း စကားများရန်ဖြစ်နေတတ်ကြလေသည်။ ဆင်ခေါင်းကြီး ဦးနမ့်လွေ့မှာလည်း အလုပ်ခွင်အတွင်း၌သာ သူ့လူဆင်ဦးစီးများကိုအပြောအဆိုရှိလျက် အလုပ်ခွင်အပြင်ပသို့ရောက်သည့်အခါ၌ကား သူနှင့် တစ်စုံတစ်ရာမသက်ဆိုင်သလို မျက်နှာလွှဲလျက် နှုတ်ဆိတ်နေတတ်လေသည်။

ပြီးသော် ဆင်ဦးစီးမွန်အမျိုးသားများမှာ အသောက်သမားများဖြစ်လေသည်။ ဈေးလည်းများလာရောက်သည့်အခါ အရက်ကို ရသလောက် ဝယ်ယူထားကြသူများလည်း ဖြစ်ကြလေသည်။ ဂျပန်စစ်ဗိုလ်များကလည်း ဆင်သမားများကို အထူးအခွင့်အရေးတစ်ရပ်အနေနှင့် အရက်များပေးလေသည်။ ထိုအခါ ဆင်ဦးစီးများသည် ညနေတိုင်းအရက်မူးနေတတ်ကြလေသည်။ နဂိုက ဆူဆူညံညံလုပ်တတ်သူများမှာ အရက်မူးသည့်အခါ ပို၍ဆိုးတတ်ကြပါသည်။

ဆင်ဦးစီးများနှင့်ပတ်သက်၍ ကျွန်တော်က ဆင်ခေါင်းကြီးဦးနမ့်လွေ့ကိုပြောဖူးပါသည်။

"ဦးနမ့်လွေ့-ခင်ဗျားလူတွေ ညနေတိုင်း ဆူဆူပူပူလုပ်တယ်။ အဲဒါ တစ်ဆိတ်ပြောစမ်းပါဦးဗျ"

"မပြောနှင့်ဆရာလေးရေ့-သူတို့ကို ဘယ်သူမျှ ပြောလို့ရမှာမဟုတ်ဘူး၊ မောရုံပဲရှိတယ်။ ဂျပန်လာပြောရင်လည်း ခဏပဲရမှာပဲ"ဟု ဦးနမ့်လွေ့က ဆိုပါသည်။

"သူတို့ ဘာအကြောင်းတွေပြောနေကြတာလဲဗျ။ နေ့တိုင်းညတိုင်းပဲ ပြောရတာမဆုံးနိုင်ဘူးလား"ဟု ကျွန်တော်က ထပ်မေးကြည့်ပါသည်။

"အို-သူတို့ပြောတာတွေလား။ စုံနေတာပဲ။ ဘယ်တော့မျှလည်း ဆုံးမှာမဟုတ်ဘူး။ ပါလာတဲ့အကြောင်းတွေရော၊ အိမ်မှာကျန်ရစ်ခဲ့တဲ့သားမယားအကြောင်းတွေရော၊ သစ်စက်ထဲက အလုပ်လုပ်ပြီးပိုက်ဆံမရတဲ့ အကြောင်းတွေရော၊ ယိုးဒယားဘက်မှာ သွားလုပ်ရင် ဒီမှာထက် ပိုကောင်းမယ်ဆိုတဲ့အကြောင်းတွေရော ပြောနေကြတာပဲ"

ဆင်ခေါင်းကြီးကိုယ်တိုင်မှာလည်း သူ့လူများကို သူကိုယ်တိုင် နိုင်နိုင်နင်းနင်းရှိဟန်မတူပါချေ။ စကားပြောလွန်း၍ နားငြီးလာသည့်အခါ တစ်နေရာရာသို့ရှောင်ထွက်သွားတတ်ပါသည်။ သို့မဟုတ်လျှင်လည်း သစ်ပင်

http://mmteashop.com



ကောင်းကောင်း တစ်နေရာတွင် ဂုံအိတ်တစ်ထည်ကိုဖြန့်ခင်းလျက် မိုးစင်စင်လင်းသည်အထိ သွားရောက်ကာ အိပ်စက်နေတတ်ပါသည်။ သူ့လက်မောင်းပေါ်တွင်ပတ်ထားသော ဂျပန်လက်ပတ်ကြီးမှာလည်း ထိုအခါများတွင် မည်သို့မျှ ခရီးမရောက်ဘဲရှိနေတတ်ပါသည်။

အပလုံစခန်းသို့ ကျွန်တော်တို့ရောက်ရှိပြီးနောက် တနင်္ဂနွေ ၂ ပတ်ခန့်ကြာသည့်အခါ၊ ဂျပန်စစ်ဗိုလ် တစ်ယောက်နှင့် စစ်သား ၄-၅ဝ ခန့် အပလုံစခန်းသို့ရောက်ရှိလာပါသည်။ သူတို့သည် အပလုံစခန်းတွင် နေထိုင်ရန်တော့မဟုတ်ပါ။ ကားလမ်းအတိုင်း သံဖြူဇရပ်မှ ဘုရား ၃ ဆူစခန်းသို့သွားကြရန် ဖြစ်ပါသည်။ သို့ရာတွင် အပလုံစခန်း၌ ၁ ရက်-၂ ရက် အနားယူနေကြဦးမည်ဟု ဆိုပါသည်။ သူတို့နှင့်အတူ အသက် ၁၃ နှစ်အရွယ် မွန်စကားပြန်ကလေးတစ်ယောက်လည်း ပါရှိလာပါသည်။ ထိုစကားပြန်သူငယ်ကလေးမှာ မြန်မာစကားကို ပြောတတ်သော်လည်း အသံမှာ အတော်ပင်ဝဲလှပါသည်။ ကျွန်တော်သည် သူ့စကားလုံးများကိုနားလည်အောင် မနည်းပင်နားထောင်ဆက်စပ်ယူရပါသည်။

ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် အပလုံစခန်းသို့ရောက်ရှိလာကြသည့်အခါ၊ သူတို့ဂျပန်များနေထိုင်ရာ တဲအိမ်ငယ်များတွင် သွားရောက်နေထိုင်ကြပါသည်။ ထုံးစံအတိုင်း စားသောက်သည့်အခါ၌လည်း သူတို့ဂျပန် စစ်သားများနှင့်ပင် အတူတွဲလျက်ချက်ပြုတ်စားသောက်ခြင်းပြုကြပါသည်။ အထက်က ကျွန်တော်ဆိုခဲ့သော မွန်အမျိုးသားစကားပြန်သူငယ်ကလေးမှာလည်း ထိုဂျပန်စစ်သားများနှင့်ပင်အတူတွဲကာ ဂျပန်များနည်းတူ နေထိုင် စားသောက်ခြင်းပြုရလေသည်။

သို့ရာတွင် ထိုသူငယ်မှာ နောက်တစ်နေ့ညနေဘက်သို့ရောက်၍၊ ချွေးတပ်သားများ အလုပ်ခွင်မှတက် ရောက်လာသည့်အခါ၌မူ၊ ဂျပန်များနေထိုင်ရာ တောင်ကုန်းထက်တဲအိမ်မှနေလျက် မွန်အမျိုးသားချွေးတပ်သားများ နေထိုင်ရာတဲတန်းလျားများရှိရာသို့ ဆင်းသက်လာပါသည်။ ပြီးလျှင် ချွေးတပ်သားများနှင့် စကားစမြည်ပြောလျက် ချွေးတပ်သားများအတွက်ပေးသော ပုံစံထမင်းကို အတူတကွဝင်ရောက်စားသောက်ခြင်းပြုလေသည်။

ဤတွင် ကသိုလ်ကံဆိုးရှာသောထိုသူငယ်မှာ ချွေးတပ်သားများနှင့်အတူ ထမင်းစားနေခိုက်၌ပင် ဂျပန် စစ်ဗိုလ်နှင့် စစ်သား ၃-၄ ယောက်တို့ ရောက်ရှိလာကြလေသည်။ အချိန်မှာ ညနေစောင်း မိုးချုပ်လုဆဲဆဲဖြစ်လေ သည်။

ချွေးတပ်သားများမှာ မိုးရာသီဆိုလျှင် ညစာထမင်းကို တဲတန်းလျားကြီးအတွင်း၌သာ စားလေ့စားထ ရှိသော်လည်း နွေနှင့်ဆောင်း ကာလများတွင်မူ တဲတန်းလျားကြီးများအတွင်း၌ စားလေ့စားထမရှိကြဘဲ၊ တဲအပြင် ဘက်ရှိ သစ်ပင်ကြီးများအောက်၌လည်းကောင်း၊ မီးပုံကြီးများအနီး၌လည်းကောင်း အုပ်စုဖွဲ့ကာစားသောက်လေ့ ရှိကြလေသည်။ ဤသည်မှာ မွန်အမျိုးသားချွေးတပ်သားများသာ မဟုတ်။ မြန်မာချွေးတပ်သားများလည်း ထိုနည်း အတိုင်းပင် ဖြစ်ကြလေသည်။

ယခုလည်း နွေရာသီအချိန်အခါဖြစ်သောကြောင့် မွန်အမျိုးသားချွေးတပ်သားများသည် သစ်ပင်ကြီးများ အောက်၌ လည်းကောင်း၊ ကွင်းပြင်များ၌ လည်းကောင်း အုပ်စုဖွဲ့လျက်စားသောက်နေခြင်းဖြစ်လေရာ မွန်အမျိုးသား စကားပြန်သူငယ်ကလေးသည် သစ်ပင်ကြီးတစ်ပင်အောက်ရှိ ချွေးတပ်သားများအုပ်စုတွင် ပါဝင်ရောနှောကာ ဝင်ရောက် စားသောက်နေခြင်းဖြစ်လေသည်။

ထိုအခါ မွန်ချွေးတပ်သားများတဲတွင် ဝင်ရောက်ရောနှောနေသော စကားပြန်သူငယ်ကလေးအား အဝေး အလှမ်းကနေကြည့်၍ပင် သိသိသာသာကြီးမြင်နိုင်လေသည်။ ချွေးတပ်သားများနှင့် စကားပြန်သူငယ်ကလေး၏ အသွင်အပြင်မှာ ထူးထူးခြားခြားကွဲပြားလှရုံသာမက၊ ဂျပန်စစ်သားဦးထုပ်ကလေးကို ဆောင်းထားသောကြောင့် လည်းသာ၍ပင် ထင်ရှားနေပါတော့သည်။

http://mmteashop.com



ထို့ကြောင့်လည်း ဂျပန်စစ်ဗိုလ်နှင့် သူနောက်ပါ စစ်သား ၃-၄ ယောက်သည် ခြေလှမ်းသွက်သွက်နှင့် ထိုမွန်ချွေးတပ်သားအုပ်စုရှိရာသို့ တည့်တည့်မတ်မတ်ကြီးလျှောက်သွားလေသည်။ ပြီးလျှင် ထိုသူငယ်အား ကုပ်ပိုးမှ ကိုင်လျက် ဆွဲမလိုက်သည်။ ထိုအပြုအမူနှင့် တစ်ချိန်တည်းလိုပင် စကားပြန်သူငယ်၏ ပါး ၂ ဘက်ကို ဂျပန်စစ်ဗိုလ်က ဘယ်ပြန် ညာပြန်ရိုက်နှက်ခြင်း ပြုလေသည်။ စကားပြန်သူငယ်၏ပါးစပ်ထဲတွင်ရှိသော ထမင်းလုတ်သည် အပြင်အပသို့ လွင့်စဉ်ထွက်ကျလာလေသည်။ ဂျပန်စစ်ဗိုလ်သည် ဒေါသတကြီးနှင့် အော်ဟစ်ဆဲရေးလေသည်။ သူနောက်ပါဂျပန်စစ်သားများကိုလည်း တစ်စုံတစ်ရာအမိန့်ပေးခြင်း ပြုလိုက်သည်။

ထိုအခါ ကျားချောင်းသလိုချောင်းမြောင်းနေသော ဂျပန်စစ်သား ၃-၄ ယောက်သည် ဂျပန်စစ်ဗိုလ်၏နည်းတူ အော်ဟစ်ဆဲဆိုလျက် ထမင်းဝိုင်းစားနေကြသောမွန်ချွေးတပ်သားများအား ဝင်ရောက်ကန်ကျောက်လေသည်။ ထိုးကြိတ်ရိုက်နှက်ခြင်းလည်း ပြုလေသည်။ ဝါးဆစ်ခွက်များ, ထမင်းထည့်ထားသောတောင်းများ ပလုံးများ, ဖက်ထဲတွင်ပုံထားသော ဟင်းကျွေးများနှင့် ထမင်းဆုပ်များကိုလည်း ခြေနှင့် ကန်ကျောက်ပစ်ကြလေသည်။ ပြီးသော် အနီးတွင်ရှိနေသောမီးဖိုမှ ထင်းချောင်းများကို တစ်ချောင်းပြီးတစ်ချောင်းဆွဲယူလျက်၊ မွန်ချွေးတပ်သားများအား ရိုက်နှက်ခြင်း, မီးစနှင့်ထိုးခြင်းများပြုလုပ်လေသည်။

ဤတွင် ထမင်းဝိုင်းတွင်ရှိနေသော မွန်ချွေးတပ်သားများမှာလည်း ခြေဦးတည့်ရာသို့ စွတ်ပြေးကြလေသည်။ အချို့ကား ထမင်းခွက်များကိုကိုင်လျက် စားရင်းတန်းလန်းကထပြေးသည်။ တချို့မှာလည်း ထမင်းခွက်များ လွတ်ကျလေသည်။ တချို့သောချွေးတပ်သားများမှာ ဂျပန်စစ်သားများ၏အကန်အကျောက်ကို မရှောင်တိမ်းနိုင်သည့်အတွက် မြေပေါ်တွင် ၃-၄ ပတ်လိမ့်သွားရာလေသည်။

တိုတောင်းသောအချိန်ကလေး၌ပင် ထိုနေရာအနီးတစ်ဝိုက်၌ ကုလားသိုက် ကျားဝင်ကိုက်သလို ဆူညံလှုပ်ရှားသွားလေသည်။ အင်ပင်ကြီးအောက်ရှိ မွန်ချွေးတပ်သားများ၏ထိုထမင်းဝိုင်းမှာလည်း ပျက်သွားပါလေတော့သည်။ မြေပြင်ပေါ်တွင် ထမင်းများ, ပဲဟင်းများ, တောင်းပလုံးများ, ထမင်းစားဝါးဆစ်ခွက်များ, ဖက်များသာလျှင် ပြန့်ကြဲကြေမွလျက် ဖရိုဖရဲကျန်ခဲ့လေသည်။

ကျွန်တော်သည် တဲပေါက်ဝမှနေလျက် ဂျပန်စစ်ဗိုလ်နှင့် စကားပြန်သူငယ်ကလေးရှိရာသို့ လှမ်းကြည့်မိပါသည်။ ဂျပန်စစ်ဗိုလ်သည် လက်တစ်ဖက်နှင့် စကားပြန်သူငယ်ကလေး၏လည်မျိုကို ညှစ်လျက်၊ ကျန်သောလက်တစ်ဖက်က ဓက်ပိုးကို လက်ဝါးစောင်းခုတ်လေသည်။ ကျောပြင်ကိုလည်း တဗုန်းဗုန်းထုနှက်ခြင်း ပြုလေသည်။ ထိုအခါ စကားပြန်သူငယ်၏လည်ချောင်းထဲမှ ထမင်းများသည် အတောင့်လိုက် အန်ကျလာလေသည်။ စကားပြန်သူငယ်ကလေးမှာ ကြောင်တစ်ကောင်၏လက်တွင်ဖမ်းမိထားသော ကြွက်ငယ်အလား တွန့်လိမ်တွန့်လိမ်ဖြစ်နေရှာပါသည်။ နောက်မကြာမီ ဂျပန်စစ်သားများသည် ထိုသူငယ်အား တောင်ကုန်းထက် တဲအိမ်များရှိရာသို့ ခွေးသေကောင်ဆွဲသလို ဆွဲခေါ်သွားလေသည်။

ဤလိုနှင့် နောက်တစ်နေ့မနက်စောစောတွင် ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် အပလုံစခန်းမှ ထွက်ခွာသွားကြလေသည်။ ကျွန်တော်သည် စမ်းချောင်းငယ်တွင်မျက်နှာသစ်နေရင်း လှမ်းကြည့်လိုက်သည်။ ယမန်နေ့ညနေက အရိုက်အနှက်ခံထားရသော စကားပြန်သူငယ်မှာ ဂျပန်စစ်ဗိုလ်၏ဘေးတွင် ကပ်လျက်၊ ဂျပန်စစ်သားများ ချီတက်ရာသို့ လိုက်ပါသွားရရှာလေသည်။

ဒီလို စကားပြန်သူငယ်ကလေးများကိုတွေ့ရသည့်အခါ၌လည်း ကျွန်တော်တို့တွင် စိတ်မကောင်းဖြစ်ကြရပါသည်။ ဘွန်ထိုက်ချိုကိုသာ့မြိုင်, ဆင်ခေါင်းကြီးဦးနမ့်လွေ့ စသူတို့မှာလည်း ကျွန်တော်ကဲ့သို့ပင် စိတ်လက်မကောင်းဖြစ်ရှာကြပါသည်။ ဦးနမ့်လွေကိုယ်တိုင်ပင် မွန်အမျိုးသားကြီးတစ်ယောက်ဖြစ်သော်လည်း၊ သူ့မှာ ထိုစကားပြန်သူငယ်ကလေးနှင့် စကားတစ်ခွန်းတစ်ရာမပြောလိုက်ရသဖြင့် ဘာမျှ စစ်စစ်မြစ်မြစ်မသိလိုက်ရဘဲ ရှိပါသည်။

http://mmteashop.com



ကျွန်တော်သည် ထိုစကားပြန်သူငယ်ကလေး၏အဖြစ်ကို တွေးတောကြည့်မိပါသည်။ စင်စစ် စကားပြန်သူငယ်ကလေးသည် ဂျပန်များနှင့် အတူနေ၊အတူသွားလျက် ဂျပန်တွေစားသည့်အစားအစာများကို စားရသည်မှာ တောတွင်းချွေးတပ်စခန်းရှိ ချွေးတပ်သားများ၏အစားအစာများကိုစားသောက်ရသည်ထက် ပို၍ကောင်းမွန်တော့မည် ဖြစ်လေသည်။

ချွေးတပ်သားများ၏အစားအစာနှင့်ပတ်သက်၍ကား အထက်တွင် ကျွန်တော် ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။ ထမင်းမနပ်တနပ်၊ ဆီ၊ ငရုတ်သီး၊ ငံပြာရည်အလျှင်းမပါသော စိမ်းဆတ်ဆတ်ပဲဟင်း ဖြစ်ပါသည်။ အပလုံစခန်းတွင် ထိုနေ့ကစားရသော ထမင်းဟင်းဆိုသည်မှာလည်း ဒီအတိုင်းပင်ဖြစ်ပါသည်။ ဂျပန်စစ်သားများအနေဖြင့်မူ တောထဲတောင်ထဲ၌ပင်ဖြစ်သော်လည်း၊ ချွေးတပ်သားများလောက် အစားအသောက်မဆိုးရွားလှပါ။ သူတို့ကား ဆန်ဖြူဆန်ကောင်းကိုစားရပါသည်။ နပ်သောထမင်းလည်း ဖြစ်သည်။ ကျွန်တော်တွေ့ဖူးသလောက် ဟင်းမှာ အချိုသက်သက်ချက်သောဟင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဟင်းထဲ၌ပင် သကြားထည့်ချက်လေသည်။ သူတို့၏ဟင်းလျာသည် အာလူး၊ ရွှေဖရုံ၊ ကန်စွန်းဥ၊ မုန်လာဥ၊ ကုလားပဲများဖြစ်သည်က များပါသည်။ သို့ရာတွင် ထိုဟင်းလျာသည် မနူးမနပ်စိမ်းဆတ်ဆတ် မဟုတ်ပါ။ သန့်သန့်ပြန့်ပြန့်လည်းဖြစ်ပါသည်။

စကားပြန်သူငယ်သည် ထိုထမင်းဟင်းမျိုးကိုမစားဘဲ၊ ချွေးတပ်သားများနှင့်အတူ မနပ်သောချွေးတပ်ပုံစံထမင်းကို လာရောက်စားသောက်သည်မှာ အစားအသောက်ကိုမက်မောခြင်းထက် သူ့အမျိုး၊ သူ့မလေ့စရိုက်ကို ခင်တွယ်သောသဘောပါဟု ဆိုရမလို ရှိလေသည်။ ကျွန်တော်ကတော့ ဒီအတိုင်းတွေးကြည့်မိပါသည်။ ကိုသာမြိုင်ကိုလည်း ထိုအတွေးအတိုင်းပြောမိပါသည်။ မည်သို့ပင်ဖြစ်စေ၊ လူမျိုးဆိုသည်မှာ မိမိ၏ဓလေ့စရိုက် အမူအကျင့်ကိုသာ ခင်မင်မြတ်နိုးရိုးဖြစ်လေသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော် အိပ်ရာမှ ခပ်စောစောထခဲ့ပါသည်။ အိန္ဒိယာမတ်ဆုက ဆေးရုံစခန်းသို့ သွားရမည်ဟု ကြိုတင်မှာကြားထားခြင်းကြောင့် ဖြစ်ပါသည်။ လွယ်အိတ်ကိုလွယ်ပြီးနောက်၊ လွယ်အိတ်ထဲတွင် ဆားဝါးကျည်တောက်တစ်လုံးနှင့် ဆေးလိပ်အနည်းငယ်ကိုလည်း ထည့်ယူခဲ့ပါသည်။ ရေနွေးဝါးကျည်တောက်နှင့် ဝါးချွန်တစ်ချောင်းကိုလည်း ယူခဲ့ပါသည်။ ပြီးလျှင် ဂျပန်စစ်သားများနေထိုင်ရာ စမ်းချောင်းတစ်ဘက်သို့ ထွက်ခဲ့ပါသည်။

ကျွန်တော်ရောက်ရှိသွားသည့်အခါ အိန္ဒိယာမတ်ဆုနှင့် ဂျပန်စစ်သား ၂ ယောက်အပြင်၊ စကားပြန်သူငယ်တို့ပါ ခရီးအတွက်ပြင်ဆင်ပြီးဖြစ်သည်ကို တွေ့ရလေသည်။ သူတို့ ဘယ်အချိန်က အိပ်ရာထကြသည် မသိ။ ကျွန်တော်ရောက်သွားသည့်အခါ အားလုံး ဆန်ပြုတ်သောက်ပြီးနေကြလေပြီ။ ကွပ်ပျစ်သဖွယ်ပြုလုပ်ထားသော ဝါးတန်းလျားပေါ်တွင် ဆန်ပြုတ်ခွက်များကို ထမင်းချက်ဂျပန်စစ်သားက လိုက်လံကာသိမ်းဆည်းခြင်းပြုနေလေသည်။

အိန္ဒိယာမတ်ဆုသည် ကျွန်တော့်ကိုမြင်သည့်အခါ "ဘွန်ထိုက်ချို-ဘွန်ထိုက်ချို"ဟု အော်ပြောပါသည်။ အနီးတွင်ရှိနေသော စကားပြန်သူငယ်ကိုလည်း တစ်စုံတစ်ရာပြောလိုက်ပါသည်။

"ဘွန်ထိုက်ချိုတစ်ယောက် ခေါ်ခဲ့ပါတဲ့"

မောင်ချစ်က ကျွန်တော့်ကိုလှမ်းပြောလေသည်။

ကျွန်တော်သည် သူတို့ရှိရာသို့ ဆက်လက်မသွားတော့ဘဲ၊ တဲတန်းလျားရှိရာသို့ ပြန်လှည့်ခဲ့ပါသည်။ ထို့နောက် ဘွန်ထိုက်ချိုကိုသာမြိုင်အားခေါ်ငင်ကာ ဂျပန်များကို စမ်းချောင်းတံတားထိပ်မှ ရပ်စောင့်ရလေသည်။ ဤလိုနှင့် ကျွန်တော်တို့လူစုသည် မကြာမီအချိန်အတွင်း ဘုရား ၃ ဆူစခန်းမှထွက်ခဲ့ကြပါသည်။

http://mmteashop.com



အိန္ဒြာမတ်ဆုခေါင်းဆောင်သော ကျွန်တော်တို့ လူပေါင်း ၆ ယောက်သည် ဘုရား ၃ ဆူစခန်းမှ တောတွင်းဆေးရုံစခန်းသို့ ထွက်ခဲ့ကြပါသည်။ ဆေးရုံစခန်းသို့သွားရာလမ်းသည် ဖြောင့်ဖြူးညီညာသောလမ်း မဟုတ်ပါ။ ချုံနွယ်ပိတ်ပေါင်းများ, တောင်ကမူများ, ချိုင့်ဝှမ်းများ ထူထပ်လှလေသည်။ ခရီးလမ်း၏အနေအထားကို လေ့လာရခြင်းအားဖြင့်ပင် ဆေးရုံစခန်းမှာ လူသွားလူလာနည်းပါးလှကြောင်း အကဲခတ်နိုင်လေသည်။ ဂျပန်တို့သည် ဆေးရုံစခန်းရှိလူမမာများအတွက် စားနပ်ရိက္ခာပေးပို့ရာ၌ ၁၅ ရက်လျှင် တစ်ကြိမ်၊ ၁ လလျှင် တစ်ကြိမ်ကျ လောက်သာ သွားရောက်ပေးပို့ခြင်းရှိလေသည်။ ထိုကဲ့သို့ပေးပို့ရာတွင် ဆေးရုံစခန်းနှင့်အနီးကပ်ဆုံးဖြစ်သော ချွေးတပ်စခန်းများရှိ ဂျပန်ရိက္ခာကိုဒေါင်မှူးနှင့် ထမင်းချက်ခေါင်းတို့က တာဝန်ယူကြရလေသည်။ ဥပမာ ဘုရား ၃ ဆူစခန်းမှ ရိက္ခာကိုဒေါင်မှူးဂျပန်နှင့် ထမင်းချက်ခေါင်းကိုစံတို့က တာဝန်ယူရလေသည်။ ထို့ပြင် လူမမာများအားပေးသော စားနပ်ရိက္ခာ ဆိုသည်မှာလည်း အထွေအထူးမဟုတ်ပေ။ ဆန်နှင့် ဆားသာလျှင် ဖြစ်လေသည်။ ထိုအထဲက ဆန်မှာလည်း ထမင်းချက်စားသောက်လောက်အောင် ပေးသည်တော့မဟုတ်ပေ။ ဆန်ပြုတ်ကျိုသောက် ရရုံမျှသာ ဖြစ်လေသည်။

စင်စစ်တွေးကြည့်လျှင် ချွေးတပ်စခန်းရှိဆေးရုံစခန်းများ၌ နေကြရသောချွေးတပ်သားလူမမာဆိုသူများမှာ ပင်လယ်ကြီးများအတွင်းရှိ မီးပြတိုက်များတွင် နေကြရသောသူများနှင့် ခပ်ဆင်ဆင်တူပါသည်။ သူတို့သည် လူ့လောကကြီးထဲတွင် နေထိုင်ကြပါလျက်၊ လူသားအများနှင့် အဆက်အသွယ်ပြတ်နေသူများပမာ ဖြစ်ရလေသည်။ ၁၅ ရက်လျှင် တစ်ကြိမ်, ၁ လလျှင် တစ်ကြိမ်လောက်သာ အခြားသူများနှင့်တွေ့ကြရလေသည်။ တွေ့ကြရသည် ဆိုရာ၌လည်း အချိန်ကြာမြင့်စွာမဟုတ်ဘဲ ခဏတာမျှသာဖြစ်လေသည်။

'ဆေးရုံ' ခေါ်တဲတန်းလျားများရှိချွေးတပ်သားများ၏ဘဝမှာ အထူးကြေကွဲစရာကောင်းလှလေသည်။ သူတို့၏အဖြစ်မှာ ဆန်ပြုတ်ကိုပင် ဝဝလင်လင်မသောက်ရသောအဖြစ်၊ ဆားပြားကိုပင် စိတ်ထင်သလို မသုံးဆောင် ရသောအဖြစ်ပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း အချို့သောချွေးတပ်သားလူမမာတို့မှာ ဆေးရုံစခန်းသို့ ရောက်သည် အတွက် ရောဂါဝေဒနာမပျောက်ကင်းရုံမျှမက စိတ်ဓာတ်များဂယောက်ချောက်ချားနှင့် ခပ်ကြောင်ကြောင်ပင် ဖြစ်ကုန်ကြပါသည်။ တချို့တို့မှာလည်း မသေသင့်မသေထိုက်ပါဘဲနှင့် သေကျေပျက်စီးကြရရှာလေသည်။ တချို့ မှာလည်း ထိုဆေးရုံစခန်းများ၏ စိတ်ပျက်ချောက်ချားရာအတွေ့အကြုံများကို မခံစားလိုသောကြောင့် သူတို့ကိုယ် သူတို့ အနိုင်နိုင်အားတင်းလျက် အလုပ်စခန်းရှိရာသို့ ပြန်လာတတ်ကြပါလေသည်။

ကျွန်တော်တို့သည် ၂ မိုင် သာသာခန့်အကွာအလှမ်းရှိသော တောတွင်းဆေးရုံစခန်းရှိရာသို့ တစ်နာရီခန့်လောက် သွားနေရပါသည်။ ဤသည်မှာ လမ်းခရီးမကောင်းသောကြောင့် ဖြစ်လေသည်။ လမ်းကောင်းလမ်းဖြောင့်သာဆိုလျှင် ထိုမျှအချိန်ကြာကြာ သွားရမည်မဟုတ်ပါချေ။

ဘုရား ၃ ဆူဆေးရုံစခန်းသည် တဲတန်းလျား ၃ တန်းလျားသာရှိလေသည်။ ထိုတန်းလျား ၃ လုံး အနက် တစ်လုံးသည် ဗုန်းဗုန်းပြိုလဲနေလေသည်။ တစ်လုံးမှာလည်း တစ်ဘက်သို့ယိမ်းယိုင်လျက် ပြိုလဲမတတ် ဖြစ်လေသည်။ ကျန်တစ်လုံးသည်သာ အတော်အသင့်ကောင်းမွန်ခြင်း ရှိပါသည်။ သို့ရာတွင် ထိုကောင်းမွန်ပါသည် ဆိုသော တစ်လုံးမှာလည်း မယိမ်းမယိုင်ရုံမျှသာဖြစ်လေသည်။ အခင်းနှင့် အကာ,အမိုးများမှာမူ အပေါက်ပေါက် အပြဲပြဲဖြစ်နေလေသည်။

စုစုပေါင်း ၅၀ ကျော်မျှဖြစ်သောလူမမာများသည် ထိုတဲတန်းလျားများပေါ်တွင် စုရုံးနေထိုင်ကြလေသည်။ သူတို့အထဲမှ အတော်အတန် ကျန်းမာမှုရှိနေကြသူများက ကျန်လူမမာအားလုံးကို ခေါင်းဆောင်မှုပေးလျက် စီမံအုပ်ချုပ် ရလေသည်။ လူမမာအားလုံးစားသောက်ရန်အတွက် ဆန်ပြုတ်ခြင်း, ထင်းမီးစသည်များကို ရှာဖွေစုဆောင်းခြင်း ပြုလေသည်။ အားလုံးအတွက်ရရှိသော ဆန်, ဆား စသည်များကိုလည်း ထို ကျန်းမာသော လူ ၃-၄ ယောက်ကပင်

http://mmteashop.com



သိမ်းဆည်းခြင်း, အချိုးကျချက်ပြုတ်ခြင်းစသည်ဖြင့် ပြုလေသည်။ ဘုရား ၃ ဆုဆေးရုံစခန်းရှိ လူနာများ အားလုံးကို ဦးဘစောနှင့် ကိုဘတင် ဆိုသော ချွေးတပ်သား ၂ ယောက်က ခေါင်းဆောင်ခြင်းပြုလေသည်၊ ဂျပန်များကလည်း ထိုသူ ၂ ယောက်ကိုပင် အသိအမှတ်ပြုထားလေသည်။

အိနားမတ်ဆုသည့် ဂျပန်စစ်သား ၂ ယောက်နှင့်အတူ စကားပြန်သူငယ်မောင်ချစ် ကိုခေါ်ဆောင်ကာ တဲတန်းလျားပေါ်ရှိ လူမမာအားလုံးကို လိုက်လံကြည့်ရှုခြင်း ပြုလေသည်။ ကျွန်တော်, ဘွန်ထိုက်ချို ကိုသာမြိုင်နှင့် ဦးဘစောတို့မှာ တဲတန်းလျားအပြင်ဘက်ရှိ မီးဖိုကြီးအနီးတွင် ကျန်ရစ်ခဲ့ကြလေသည်။ မီးဖိုပေါ်တွင် သံပုံးတစ်လုံးနှင့် ဆန်ပြုတ်ပြုတ်ထားသည်။ ပြီးလျှင် ဝါးဆစ်ကျည်တောက် ၃–၄ ခုနှင့်ဆန်များထည့်လျက် မီးဖိုဘေးတွင်ကပ် ထောင်ထားသည်ကိုလည်း တွေ့ရသည်။

"ကျွန်တော်တို့ နေထိုင်ကောင်းစ လူ ၃–၄ ယောက်ကတော့ ထမင်းလေး နည်းနည်းပက်စားမှဖြစ်တယ် ဆရာလေး။ ဒါကြောင့် ဆန်ကို ဝါးကျည်တောက်ထဲထည့်ပြီး ကောက်ညှင်းကျည်တောက်ဖုတ်သလို ဖုတ်ထား ရတယ်"

ဦးဘစောက ကျွန်တော်တို့ကိုပြောပါသည်။

"ထမင်းချက်ဖို့ အိုးလေးဘာလေးမရှိဘူးလား"

ကျွန်တောက်က မေးလိုက်ပါသည်။

"ခပ်စောစောက မြေအိုးကလေးတစ်လုံးရှိတယ် ဆရာလေး။ အဲဒီအိုးလေးကို စိတ်နောက်နေတဲ့အကောင်က ရိုက်ခွဲပစ်လိုက်တာ ကိစ္စပြီးပါလေရော"

"ဘယ်က စိတ်နောက်နေတဲ့လူလဲ။ ခင်ဗျားတို့အထဲကလား"

ကျွန်တော်က ထပ်မံစပ်စုလိုက်ပါသည်။ ဤတွင် ဦးဘစောက အကြောင်းစုံကို အောက်ပါအတိုင်း ပြောပြပါသည်။

သူတို့ဆေးရုံစခန်းတွင် ခပ်စောစောအချိန်က လူနာ ၂၀၀ ကျော်ကျော်–၃၀၀ခန့်ရှိသည်ဟု ဆိုပါသည်။ ထိုလူနာများထဲတွင် အချို့မှာ လွန်စွာ ရောဂါဝေဒနာပြင်းထန်သူများဖြစ်သောကြောင့် ဆေးရုံစခန်းသို့ ရောက်ရှိ ပြီးနောက်၊ မကြာမီအချိန်အတွင်း၌ပင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်ကြသည်။ တချို့မှာကလည်း ဆေးရုံစခန်းတွင်မနေလိုသောကြောင့် အလုပ်စခန်းရှိရာသို့ ပြန်လည်သွားရောက်ကြသည်။ အချို့ကား 'ဖြစ်လိုရာ ဖြစ်စေ' ဟူသောစိတ်ထားနှင့် ထွက်ပြေးကြခြင်းပြုကြသည်ဟု ဆိုပါသည်။ ဤအတွင်းမှပင် အချို့သော ချွေးတပ်သား လူမမာများစွာ စိတ်ဖောက်ပြန်ရူးသွပ်လျက် ခြေဦးတည့်ရာ တောတွင်းသို့ဝင်ရောက်သွားကြကာ၊ အချို့မှာလည်း ကျောက်တောင်ကြီးများထက်မှ ချောက်ကမ်းပါးထဲသို့ ခုန်ချသေခြင်း, စမ်းချောင်းအတွင်းသို့ ခုန်ဆင်းသေခြင်း စသောအပြုအမူတို့ကို ပြုကြကြောင်းနှင့် ပြောပြပါသည်။ ဦးဘစောသည် ဤဆေးရုံစခန်းသို့ မိုးအကုန် ဆောင် အကူးအချိန်လောက်ကပင် ရောက်ရှိလာခဲ့သည်ဟု ဆိုပါသည်။ ဦးဘစော ရောက်ရှိသည့်အချိန်၌ပင် ချွေးတပ်သား တစ်ယောက်မှာ နာမကျန်းဖြစ်နေရာမှ ငန်းဝင်ကာ ရူးကြောင်ကြောင်ဖြစ်သွားသည်ဟု ဆိုပါသည်။ ထိုချွေးတပ်သား လူမမာသည် ၁ လကျော်–၂ လလောက် ဤစခန်းတွင် အနှောင့်အယှက်ပေးခဲ့ပြီးနောက် စမ်းချောင်းအတွင်းသို့ ခုန်ဆင်းကာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ကြောင်းပြောပြပါလေသည်။

"ကျွန်တော်တို့ထမင်းအိုးကို ရိုက်ခွဲလိုက်တယ်ဆိုတာ အဲဒီချွေးတပ်သားပေါ့ခင်ဗျာ။ ထိန်းလို့မနိုင် သိမ်းလို့ မရနှင့် တော်တော်ဒုက္ခပေးတဲ့သတ္တဝါပေါ့"

"အဲလိုတွေကျတော့ကော ဂျပန်က ဘာမှမပြောဘူးလား။ ဘာမှ လုပ်မပေးဘူးလားဗျ"

ကျွန်တော့်အနီးတွင်ရှိနေသော ဘွန်ထိုက်ချိုကိုသာမြိုင်က မေးလိုက်လေသည်။

http://mmteashop.com



“ဂျပန်တွေအကြောင်းကို ခင်ဗျားလည်းအသိသားပဲဗျာ။ ဘာလုပ်ပေးမလဲ။ ဘာမျှလုပ်မပေးဘူး။ ကျုပ်တို့ ဆေးရုံစခန်းရောက်နေတဲ့ ချေးတပ်သားတွေဟာ ဘာနှင့်တူလဲဆိုတော့ နွားသတ်ရုံထဲရောက်နေတဲ့ နွားတွေထက် ဆိုးတာပေါ့။ နွားသတ်ရုံရောက်နေတဲ့နွားကမှ မသေခင် ဝဝလေးစားရဦးမယ်။ ကျုပ်တို့က ဆန်ပြုတ်တောင် ဝအောင်သောက်ရတာမဟုတ်ဘူး။ အဲဒီထဲ တစ်ခါတစ်ခါ ဆားပြတ်နေလို့ ဆန်ပြုတ်ကို ဆားမပါဘဲ ပေါ့ရွတ်ရွတ် သောက်ရတယ်။ ခုလည်း ဆားပြတ်နေတုန်း ဆရာလေးက ဆားယူလာတာ အတော်ပဲဖြစ်သွားတာပေါ့။ မနေ့ မနက်ကလည်း ဆန်ပြုတ်ထဲ ဆားမထည့်ရဘူး။ အဲ စိတ်နောက်နေတဲ့လူတွေကလည်း ဂျပန်ကျတော့ အကြောက် သားဗျ။ ဂျပန်တွေလာပြီဆိုမှဖြင့် မျက်လုံးကြီးတွေအကြောင်သားနှင့် ငြိမ်နေတာပဲ။ ဂျပန်ကတော့ စိတ်နောက်တဲ့ လူကောဘာကော ချမ်းသာမပေးဘူး။ ပါးနားရိုက်တော့ အကြီးအကျယ်လန့်နေတာပေါ့ဗျာ”

ဦးဘစောက သူတို့၏ဆေးရုံစခန်းအကြောင်းကို စီကာပတ်ကုံးပြောပြပါသည်။ ဦးဘစောမှာ သာမန် ချေးတပ်သားတစ်ယောက်တော့ မဟုတ်ချေ။ ဘွန်ထိုက်ချိုတစ်ယောက် ဖြစ်လေသည်။ ဦးဘစောနှင့် ကိုဘတင်တို့မှာ အတော်အတန်ကျန်းမာလာပြီ ဖြစ်သော်လည်း၊ ဂျပန်များကိုယ်တိုင်က အလုပ်စခန်းရှိရာသို့ ရုတ်တရက် ပြန်ခွင့် မပေးသေးဘဲ ထားခြင်းဖြစ်လေသည်။ သဘောမှာ အတော်အတန်ကျန်းမာနေသူ ၂ ဦး သို့မဟုတ် ၃–၄ ဦး လောက်တို့ကို ဆေးရုံစခန်းများတွင် အကြီးအမှူးအဖြစ်နှင့် ရှိနေစေခြင်းပင်ဖြစ်လေသည်။

ထိုအခါ ဦးဘစောနှင့် ကိုဘတင်တို့လို လူကောင်းများအတွက်မှာမူ စားနပ်ရိက္ခာအတွက် ဆန်,ဆား,ပဲ စသည်များကို လူကောင်းချေးတပ်သားများနည်းတူ အပြည့်အဝရရှိကြလေသည်။ သို့ရာတွင် တစ်ဦးအပေါ်တစ်ဦး မရက်စက်နိုင်သောသဘောဖြင့် ဝေခြမ်းမျှကာစားသောက်ရခြင်းဖြစ်လေရာ သူတို့အတွက်ရရှိသော စားနပ်ရိက္ခာ ကလေးများမှာလည်း လောက်သည်ဟူ၍မရှိဘဲ ဖြစ်ရလေသည်။

ယိုင်လဲပြိုကျတော့မည်ဖြစ်သော တဲတန်းလျားစုတ်များပေါ်တွင်ရှိနေကြသည့် လူမမာချေးတပ်သားများအနက် အချို့ကား ဆန်ပြုတ်ကိုပင် အနည်းအကျဉ်းလောက်သာစားသောက်နိုင်ကြသော်လည်း၊ အချို့မှာမူ သူတို့အတွက် ပေးသော အချိုးကျဆန်ပြုတ်လောက်နှင့် မတင်းတိမ်ဘဲရှိကြလေသည်။ ထိုအခါ အစားပစ် အသောက်ပစ်ဖြစ် နေသော လူမမာများ၏ဆန်ပြုတ်ကို ထို စားနိုင်သောက်နိုင်သူများအား ဝေခြမ်းပေးရလေသည်။ သို့နှင့်လည်း ထိုသူထိုချေးတပ်သားများမှာ မတင်းတိမ်ဘဲဖြစ်ကြရရှာသည်ဟု ဆိုပါသည်။ ထိုကဲ့သို့ဖြစ်ရသည်မှာ နာလန်ထစ လူမမာများက စားလုံးသောက်လုံးကြီးမားခြင်းကြောင့် ဟူ၍မဆိုသာချေ။ ဂျပန်များပေးဝေသော လူတစ်ယောက် အတွက် ဆန် ၂ ဆုပ်ကပင် အတော်ကြီးနည်းပါးသောကြောင့် ဟုဆိုရပါမည်။

လူနာစခန်းရှိတဲများပေါ်တွင် ချိုးကျိုးဖွယ်တွေ့မြင်ရသည်မှာ ဆန်ပြုတ်သောက်သောဇွန်းကလေးများပင် ဖြစ်လေသည်။ ထိုဇွန်းကလေးများသည် ဝါးပိုးဝါးကို အခွက်ကလေးဖြစ်အောင်ပြုလုပ်ထားသော ဇွန်းကလေးများ ဖြစ်လေသည်။ သံဇွန်းကလေးများနှင့် တစ်ပုံစံတည်းတူလျက် ချောမွေ့နေအောင် ကျောက်နှင့်စားထားခြင်းဖြစ် လေသည်။

နောက်တစ်ခုတွေ့ရသည်မှာ အင်ကြင်းကျောက်ကိုပြုလုပ်ထားသော မီးခတ်ကလေးများပင်ဖြစ်လေသည်။ ဦးဘစောထံတွင် လည်းကောင်း, ကိုမောင်တင်ထံတွင် လည်းကောင်း ထိုမီးခတ်ကျောက်များကို တွေ့ရပါသည်။ တစ်ခါတစ်ရံ မီးဖိုများ မီးငြိမ်းမီးပြတ်သွားခဲ့သော် ထိုမီးခတ်ကိုပင်အသုံးပြုသည်ဟု ပြောပါသည်။ ဂျပန်ခေတ် တောတွင်းချေးတပ်စခန်းများတွင် ဤလိုကျောက်မီးခတ်များမှာ လွန်စွာမှ အသုံးဝင်အရာရောက်လှလေသည်။

ချေးတပ်သားများမှာ မီသား၁၀၀ လူပေါင်းစုံလှသည်။ ထို့ကြောင့်လည်း ချေးတပ်ထဲတွင် လူပေါင်းစုံ တွေ့ရပါသည်။ ဆံပင်ညှပ်တတ်သူ, စက်ချုပ်တတ်သူ, လက်သမားလုပ်တတ်သူ, ပန်းရံလုပ်တတ်သူ, တောင်းပလုံး ရက်လုပ်တတ်သူ, အရုပ်ထုတတ်သူ, ပန်းချီဆရာ, ကျောက်ထိုးဆရာ, ကျောင်းဆရာ မှစလျက် တောင်သူလယ်သမား

http://mmteashop.com



များအထိ ဖြစ်ကြလေသည်။ ထို့ကြောင့်ပင် ဤလိုပုဂ္ဂိုလ်အသီးသီးတို့၏ လက်စွမ်းလက်စကလေးများကို အခွင့်သင့်သည့်အချိန်, အခွင့်သင့်သည့်နေရာတွင် တွေ့ရတတ်သေးသည်။

အချို့ကား ထောင်အကြိမ်ကြိမ်ကျဖူးသူများ, ကျွန်းရောက်ဖူးသူများ ဖြစ်လေသည်။ ဤလို လူတွေများပြားသည့်အုပ်စုနှင့် တဲတန်းလျားများတွင်မူ ထောင်ပုံစံဆေးလိပ်များ, အဝတ်ပုတီး, ဝါးပုတီး စသည်များကို တွေ့ရတတ်လျက်၊ ဗိန္ဓောဆရာများပါသည့် အုပ်စုအဖွဲ့များတွင်မူ ဆင်ချေးမှိုစုသူများ, ကတိုးနှောနှင့် လျက်ဆား, ချေးထုပ်ဆေး စသည်များကို ကတ်ကတ်သတ်သတ်ဖော်စပ်၍ ချေးတပ်သားအချင်းချင်းရောင်းချသူများကိုလည်း တွေ့ကြုံရပါရေလသည်။ တပ်ဒိန်စခန်းတွင် ကျွန်တော်တို့ရှိစဉ်က ဆံပင်ညှပ်ဆရာတစ်ယောက်ကိုလည်း တွေ့ခဲ့ရလေသည်။ ထိုသူမှာ ဆံပင်ညှပ်နေရင်းတန်းလန်းမှ ချေးတပ်ထဲသို့ ပါရှိလာခြင်းဖြစ်လေရာ၊ သူ့ထံတွင် လက်ဆွဲအိတ်တစ်လုံးနှင့် ဆံပင်ညှပ်ပစ္စည်းများ အစုံအလင်ပါရှိလာလေသည်။ ကျွန်တော်တို့သည် အလုပ်အားလပ်သောအချိန်များ၌ ထိုဆရာထံတွင် ဆံပင်ညှပ်ရပါလေသည်။ တစ်ခါညှပ်လျှင် ဂျပန်စက္ကူ ၁ ကျပ် ပေးရလေသည်။

ဤအကြောင်းနှင့်ဆက်စပ်လျက် အလျဉ်းသင့်သဖြင့် ဖော်ပြရန် အကြောင်းတစ်ခုရှိလာပါသည်။ ကျွန်တော်တို့အဖွဲ့ ကျောက်တစ်လုံးစခန်းတွင်နေကြရစဉ်က ဖြစ်လေသည်။ တစ်ခါသော် ကျွန်တော်မှာ လူမှန်းသူမှန်းမသိအောင် ဖျားပါလေတော့သည်။ အပြင်းအထန်ဖျားသည်က တစ်ကြောင်း၊ တောကြီးခေါင်ခေါင်တွင် ဆေးမရှိ, ဝါးမရှိ ဆွေမျိုးသားချင်းဟူ၍လည်း တစ်စုံတစ်ယောက်မျှမရှိသဖြင့်တစ်ကြောင်း အလွန်တရာစိတ်အားငယ်ခြင်း ဖြစ်မိပါသည်။ ဤတွင် အဖျားကြီးလှ၍ အပူလွန်ကာ ငန်းဝင်လာသည်ဟု ကျွန်တော့်အဖော်များက ပြောပါသည်။

ကျွန်တော် လူမှန်းမသိအောင် အလူးအလဲဖြစ်လျက် ကယောင်ကတမ်းတွေပြောသည်ဟု ကျွန်တော့်လူများက ပြန်ပြောပါသည်။ ဤတွင် ကျွန်တော့်အဖော်များနှင့် ဘွန်ထိုက်ချိုကိုမောင်စိန်သည် ကျွန်တော့်အတွက် ဆေးဆရာတစ်ယောက်ကို ပင့်ခေါ်လာလေသည်။

ထိုဆေးဆရာမှာ ကျွန်တော်တို့နှင့် တဲတန်းလျားနီးချင်းဖြစ်လေသည်။ မြန်အောင်မှဖြစ်၍ လူနာအိမ်က အပြန်တွင် ချေးတပ်ထဲဖမ်းခေါ်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။ သူ့အမည်မှာ 'ဦးထွန်းမောင်' ဟူ၍ သိရပါသည်။ ဦးထွန်းမောင်တွင် ဆေးလွယ်အိတ်နှင့် ဆေးပုလင်းအမျိုးစုံ ပါရှိလာပါသည်။ သူသည် ကျွန်တော့်ကို ဆေး ၂ မျိုးလောက်တိုက်ပါသည်။ ၄–၅ ရက်လောက် လာ၍ကုသပေးလေသည်။ သူ့ကို ဆေးဖိုးဝါးခအဖြစ် ငွေ ၂၀–အစိတ် ပေးလိုက်ရသည်။ ကျွန်တော်နေကောင်း၍ အိပ်ရာမှထနိုင်သည့်အခါ၊ ဦးထွန်းမောင်ကို မတွေ့ရတော့ပါချေ။ ဦးထွန်းမောင်ပါသောအုပ်စုမှာ စခန်းပြောင်းသွားရလေသည်။ ကျွန်တော် သူ့ကိုအမှတ်ရ၍ စခန်းပြောင်းရွှေ့ရတိုင်း စုံစမ်းသော်လည်း သတင်းအစအနပင်မရရှိပါချေ။ နောင်အခါများ၌လည်း မတွေ့ရတော့ပါချေ။

ချေးတပ်စခန်းများတွင် ထိတ်လန့်ကြောက်မက်ဖွယ်ရာတွေ, စိတ်ပျက်အားငယ်စရာတွေ ကြုံရဆုံရသည်နှင့်အမျှ၊ ရယ်ဖွယ်ရာများ, တရားသံဝေဂရစရာများ, မခံချင်စရာများကိုလည်း တွေ့ရကြုံရပါလေသည်။ တစ်မြို့နှင့်တစ်မြို့, တစ်နယ်နှင့်တစ်နယ်ပင် ဖြစ်သော်လည်း၊ တောတွင်းချေးတပ်စခန်းရောက်မှ ခင်မင်ကြရသူများနှင့်လည်း တွေ့ရသည်။ တစ်ဖန် နေ့မြင်ညပျောက်ဆိုသလို ထိုသူများနှင့် ခွဲကြရသည်လည်းရှိသည်။

မကြည့်ချင်မမြင်ချင်ဖွယ်လောက်အောင် မှန်းတီးစက်ဆုပ်နေသူဖြစ်သော်လည်း အရှည်သဖြင့်တွဲနေရသည်လည်းရှိလေသည်။ ဂျပန်စစ်ဗိုလ် ကုမေကာဆိုလျှင် ကျွန်တော်တို့ချေးတပ်သားတိုင်းက အသေအလဲ ရွံမုန်းနေသော်လည်း၊ သူ့စက်ကွင်းမှ ကျွန်တော်တို့ တစ်တွေ မလွတ်အောင်ဖြစ်နေရလေသည်။ ကုမေကာနှင့် မကြာခဏ ကျွန်တော်တို့ ပြန်လည်ကြုံဆုံနေရပါ လေသည်။ ယခုလည်း ဘုရား ၃ ဆူစခန်းသို့ရောက်၍ 'ကုမေကာနှင့် ကျွန်တော်တို့ ဝေးခဲ့ရပြီ။ ကုမေကာလက်တွင်းမှ ကျွန်တော်တို့တစ်တွေ လွတ်ခဲ့ကျွတ်ခဲ့ကြလေပြီ' ဟု ဝမ်းသာနေကြရလေသည်။ သို့ရာတွင် ရှေ့တွင်မည်ကဲ့သို့ ဖြစ်လေဦးမည်ဟူ၍ကား ကျွန်တော်တို့ တပ်အပ်သေချာ မပြောနိုင်သေးပါချေ။

http://mmteashop.com



ကျွန်တော်တို့စကားပြောနေခိုက်၌ပင် အိန္ဒိယမတ်ဆုသည် စကားပြန်သူငယ်အား ကျွန်တော်တို့ကို အခေါ် လွှတ်လိုက်လေသည်။ ကျွန်တော်တို့ ၃ယောက်သည် ပြောလက်စ စကားကိုဖြတ်လျက်၊ အိန္ဒိယမတ်ဆုတို့ရှိရာ တဲတန်းလျားအတွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။

မကြာမီ အိန္ဒိယမတ်ဆု၏အစီအစဉ်အရ တဲတန်းလျားပေါ်ရှိလူနာများအားလုံးကို တဲအပြင်သို့ အထွက် ခိုင်းလေသည်။ ပြီးလျှင် ထိုသူများအားလုံးကို တဲရှေ့မြေကွက်လပ်တွင် အထိုင်ခိုင်းပြီးနောက်၊ ထိုလူပေါင်း ၅၀ ကျော်ထဲမှ လူ ၁၄-၅ယောက်တို့အား ၁ ယောက်စီ-၁ ယောက်စီ ရွေးထုတ်လျက် တစ်သီးတခြား ထားလိုက်လေ သည်။ အိန္ဒိယမတ်ဆုနှင့်အတူပါလာသော ဂျပန်စစ်သား ၂ယောက်သည် လူများစုဖြစ်သော လူနာများအား အသေ အချာလိုက်လံစစ်ဆေးခြင်းပြုသည်။ အထိုင်ခိုင်းသည်။ အထခိုင်းသည်။ ပြီးလျှင် ရှေ့နောက် ဝဲယာသို့ လှည့်ပတ် အကြည့်ခိုင်းသည်။

လူနာများမှာ များသောအားဖြင့်ကား အားအင်ကုန်ခမ်းဆုတ်ယုတ်ကာ ချည့်နဲ့နေကြသူများသာ ဖြစ်ကြလေ သည်။ ထို့ကြောင့်ပင် ဂျပန်စစ်သား ၂ ယောက်က ထိုင်ချည်ထချည်ခိုင်းသည့်အခါ အတော်ပင်အားယူကာ ထိုင်ကြ၊ ထကြရရှာလေသည်။ လူအတော်များများပင် ဝါးတောင်ဝှေးကိုအားပြုကာ ထိုင်ကြ၊ထကြရလေသည်။ ပြီးလျှင် သူတို့တစ်တွေ မောပန်းနေသည့် ပါးစပ်ဟကာ ထွက်သက်နှင့် ဝင်သက်လေကို ဖိုလှိုက်ဖိုလှိုက် ရှူလေ သည်။

အချို့ကား မည်မျှလောက်ပင်စေခိုင်းသော်လည်း ၃-၄ကြိမ်ထက်လွန်၍ အထအထိုင်မလုပ်နိုင်ကြတော့ ပါချေ။ ဂျပန်စစ်သားက မည်မျှလောက် ဆဲရေးရေရွတ်နေသည့်တိုင် အသက်ကို ပါးစပ်ပြဲအောင်ရှူလျက် ဖွတ် ပေကာ ထိုင်နေလေတော့သည်။ စမ်းချောင်းထဲမှငါးအရှင်လတ်လတ်ကို နေပူပူကုန်းခေါင်ခေါင် ပစ်တင်ထား သည်နှင့် တူလှလေသည်။

ဤအတွင်းကပင် တချို့လူမမာများမှာ ၃-၄ ကြိမ် ထချည်၊ထိုင်ချည်လုပ်ပြီးနောက် နေရာတွင်ပင် ခွေကျ သွားလေသည်။ အချို့မှာလည်း သေးတဖျန်းဖျန်းပါကျလာသည်။ အချို့ကား မောဟိုက်ပင်ပန်းစွာဖြင့် တဟီးဟီး ညည်းတွားလေသည်။ လပေါင်းများစွာ ရောဂါဝေဒနာခံစားနေကြရရှာသော သူတို့သူတို့၏ကိုယ်ခန္ဓာတွင် 'ဇီဝ' ဟူသော အသက်ကလေးရှိနေသေးသည့်တိုင်၊ အသွေးအသားများမှာမူ အလွန်အမင်း ချို့တဲ့နေလေပြီ။ မော်လမြိုင် ဆေးရုံကြီးသို့ရောက်သည့်တိုင် ကျန်းမာအသက်ရှင်လာမည့်သူမှာ အတော်ပင် နည်းပါးပေလိမ့်မည်ဟု ကျွန်တော် တွေးလိုက်မိပါသည်။

ဂျပန်စစ်သား ၂ ယောက်သည် လူမမာလူများစုအား ထိုကဲ့သို့စမ်းသပ်စစ်ဆေးပြီးနောက် ကျန်သော သတ်သတ်ဖယ်ထုတ်ထားသည့်လူမမာများအား စစ်ဆေးခြင်းပြုပြန်ပါသည်။ ထိုသူများကိုမူ တန်းစီနေစဉ်ကပင် အရပ်ခိုင်းထားလေသည်။ ထို့ကြောင့်လည်း ထိုသူ ၁၄-၅ ယောက်အနက် ထိပ်ဆုံးတွင်ရပ်နေသောသူမှ စတင်လျက် ၁ ယောက်စီ-၁ ယောက်စီတန်းစီနေသည့် နေရာမှနေကာ တဲတန်းလျားရှိရာသို့ ၁၀ ခေါက်တိတိ အပြေးခိုင်း လေသည်။ ၁၀ ခေါက်ပြေးရသည့်အခါ အသွားအပြန် အခေါက် ၂၀ တိတိဖြစ်လေသည်။ တန်းစီနေရာနှင့် တဲတန်း၏အပေါက်ဝမှာ ပေ ၁၀၀ ထက်မနည်း အကွာအဝေးဖြစ်ပါလိမ့်မည်။

ထိုကဲ့သို့ ပြေးရသည့်အခါ အချို့မှာ ၂ ခေါက်လောက်နှင့် မောနေလေသည်။ အချို့လည်း ၃-၄ ခေါက်၊ အချို့လည်း ၄-၅ ခေါက်နှင့် မောနေကြပါသည်။ ၁၀ ခေါက်တိတိပြည့်သည့်အခါ၌မူ အားလုံးပင် ဟောဟဲလိုက်ကာ အမောဆို့နေကြပါလေသည်။

စင်စစ် ဂျပန်များသည် ဤလိုနည်းဖြင့် မော်လမြိုင်သို့ပို့ရမည့်သူနှင့် ချွေးတပ်အလုပ်စခန်းတွင် ပြန်လည်

http://mmteashop.com



စေခိုင်းရမည့်သူ ဟူ၍ ၂ မျိုး ၂ စား ခွဲခြားစိစစ်ခြင်းပင် ဖြစ်လေသည်။ ဆရာဝန်မဟုတ်သော ဂျပန်စစ်သားများသည် ဆရာဝန်များကဲ့သို့ စစ်ဆေးစမ်းသပ်ခြင်းမပြုနိုင်ကြောင်း ထင်ရှားလှလေသည်။ ချွေးတပ်သားလူနာများအနေဖြင့်မူ မည်သည့်အတွက် ဤလိုစစ်ဆေးစမ်းသပ်သည်ဟူ၍ မသိရှာကြပါချေ။ သူတို့တစ်တွေမှာ ဂျပန်စစ်သားများက ထခိုင်းလျှင် ထကြရမည်။ ထိုင်ခိုင်းလျှင် ထိုင်ကြရမည့်သူတွေသာ ဖြစ်ကြလေသည်။

ဤလိုနှင့် နောက်ဆုံးတွင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုက ပြောပြသည့်စကားများကို စကားပြန်သူငယ်က ချွေးတပ်သားလူမမာများအား တစ်ဆင့်ပြန်လည်ကာ ပြောကြားခြင်းပြုရလေသည်။ စကားပြန်သူငယ်ပြောကြားသော အိနားမတ်ဆု၏ အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

'ဆေးရုံစခန်းရှိ လူနာများအားလုံးအနက် အတော်အတန်ကျန်းမာနေပြီဖြစ်သော လူ ၁၅ ယောက်သည် (ထိုအချိန်၌ တစ်သီးတခြားခွဲထုတ်လိုက်သောချွေးတပ်သားများမှာ ၁၅ ယောက်တိတိရှိကြောင်း ရေတွက်ပြီးလေပြီ။ ကျန်သူများမှာလည်း ဦးဘစောနှင့် ကိုဘတင်အပါအဝင် ၄၃ ယောက် ဖြစ်လေသည်။) ဘုရား ၃ ဆူ စခန်းသို့ ကျွန်တော်တို့နှင့် တစ်ပါတည်းလိုက်ပါခဲ့ရမည်။ ကျန်သောလူများစုမှာမူ နံနက်စာအတွက် ဆန်ပြုတ်သောက်ပြီးလျှင် ဦးဘစောနှင့် ကိုဘတင်တို့ကခေါင်းဆောင်ကာ ဘုရား ၃ ဆူစခန်းသို့ တဖြည်းဖြည်းချင်း လာခဲ့ကြရမည်' ဟု ဆိုပါသည်။

ပြီးလျှင် 'ထိုနေ့မှစလျက် မည်သည့်ချွေးတပ်သားလူနာမျှ ဤဆေးရုံတဲတန်းလျားတွင် မနေခဲ့ရ။ နေခဲ့ကျန်ခဲ့ပါက မိမိတို့တာဝန် မဟုတ်။ ဆန်,ဆား စသော ပစ္စည်းများကိုလည်း လာရောက်ပေးလိမ့်မည် မဟုတ်။ ဤတဲတန်းလျားများကိုလည်း မကြာမီ ၁ ရက်–၂ ရက်အတွင်း မီးရှို့ဖျက်ဆီးပစ်လိမ့်မည်' ဟူသော အကြောင်းပင် ဖြစ်လေသည်။

စကားပြန်သူငယ်မောင်ချစ်က ဤကဲ့သို့ပြောနေသောအချိန်တွင် ကျွန်တော့်အနီးတွင် ဦးဘစော ရှိနေပါသည်။ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုမှာလည်း ကျွန်တော်နှင့်ခပ်လှမ်းလှမ်းတွင် ရောက်ရှိနေလေသည်။

ထိုအခါ ဦးဘစောသည် ကျွန်တော့်အနီးသို့တိုးကပ်လာကာ တီးတိုးလေသံဖြင့် "ကျွန်တော်တို့ကို ဘာလုပ်မလို့လဲ ဆရာလေး"ဟု မေးလေသည်။ ကျွန်တော်သည် ဦးဘစောအမေးကို ရုတ်တရက် အဖြေမပေးသေးဘဲ အသာအယာ လက်ကုတ်လိုက်ရပါသည်။ ပြီးလျှင် အိနားမတ်ဆုနှင့် ဂျပန်စစ်သား ၂ ယောက်၏အခြေအနေကို လှမ်းကြည့်လိုက်ပါသည်။ အိနားမတ်ဆုရော, ဂျပန်စစ်သား ၂ ယောက်တို့ပါ ထိုအချိန်တွင် ကျွန်တော်တို့ကို ကျောခိုင်းလျက်ရှိနေလေသည်။

"လူမမာတွေကို မော်လမြိုင်ပို့လိမ့်မယ်"

ကျွန်တော်က အတိုဆုံးနှင့်အမြန်ဆုံး ပြောလိုက်ပါသည်။

"ကျွန်တော်တို့ ပါလားဆရာလေး"

ဦးဘစောကထပ်မေးပြန်ပါသည်။ သို့ရာတွင် ဦးဘစော၏အမေးကိုမူ ကျွန်တော် မည်သို့မျှအဖြေမပေးနိုင်တော့ပါ။ အိနားမတ်ဆုသည် ကျွန်တော်နှင့် ဦးဘစောတို့အား လှမ်းခေါ်လိုက်သောကြောင့်ဖြစ်ပါသည်။

အိနားမတ်ဆုသည် စကားပြန်သူငယ်မှတစ်ဆင့် ဦးဘစောနှင့် ကိုဘတင်တို့ကို 'လူမမာချွေးတပ်သားများအား ဘုရား ၃ ဆူစခန်းသို့ စောင့်ရှောက်ခေါ်ဆောင်ခဲ့ရန် ပြောလေသည်။ ဘုရား ၃ ဆူစခန်းသို့ရောက်လျှင် လူမမာချွေးတပ်သားများအား စခန်းအပြင် မီးရထားလမ်းတစ်နေရာတွင်ထားခဲ့ပြီးနောက် ဦးဘစောနှင့် ကိုဘတင်တို့က သူ့ထံ လာရောက်အကြောင်းကြားရမည်'ဟု အိနားမတ်ဆုက ပြောလေသည်။

ထိုအစီအစဉ်များ ပြီးစီးသွားသည့် အခါ၊ ကျွန်တော်တို့သည် လူနာ ၁၅ ယောက်ကို ခေါ်ဆောင်ခဲ့ပြီးနောက် ဘုရား ၃ ဆူစခန်းသို့ ပြန်ခဲ့ကြပါသည်။

## ယိုးဒယားချွေးတပ်သား

ဘုရား ၃ ဆူစခန်းသို့ ကျွန်တော်တို့ပြန်ရောက်ကြသည့်အချိန်မှာ နံနက်ထမင်းစားချိန်သို့ပင် ရောက်ရှိနေလေပြီ။ ဂျပန်စစ်ဗိုလ် အိနာ့းမတ်ဆု, ဂျပန်စစ်သား ၂ ယောက်နှင့် စကားပြန်သူငယ်မောင်ချစ်တို့မှာကား ကျွန်တော်တို့ထက် အလျင်စောစွာ စခန်းသို့ရောက်ရှိနေကြပါသည်။ အမှန်မှာ သူတို့က ကျွန်တော်တို့ရှေ့မှ သွားနှင့်နေကြခြင်းဖြစ်လေသည်။ ကျွန်တော်နှင့် ဘွန်ထိုက်ချိုကိုသာမြိုင်မှာ လူမမာ ၁၅ ယောက်တို့ကို စောင့်ရှောက်ခေါ်ဆောင်နေရခြင်းဖြစ်သောကြောင့် နောက်ကျကျန်ရစ်ခဲ့ခြင်းဖြစ်လေသည်။

ဤလို အိနာ့းမတ်ဆုတို့တစ်တွေ ကျွန်တော်တို့အလျင် ဘုရား ၃ ဆူစခန်းသို့ရောက်ရှိနေခြင်းမှာလည်း ကောင်းသည် ဟုဆိုရပါမည်။ အဘယ့်ကြောင့်ဆိုလျှင် အိနာ့းမတ်စု၏ အမိန့်ပေးချက်အရ ထမင်းချက်ခေါင်းကိုစံခက လူ ၁၅ စာအတွက်ထမင်းကို ထပ်မံချက်ထားခြင်းကြောင့် ဖြစ်ပါသည်။

ထို့နေ့အဖို့ ကျွန်တော်နှင့် ကိုသာမြိုင်တို့ ၂ ယောက်မှာ အလုပ်ခွင်ရှိရာသို့ မလိုက်ကြရတော့ချေ။ ကျွန်တော်တို့သည် အိနာ့းမတ်ဆု၏အမိန့်ပေးချက်အတိုင်း ကျွန်တော်တို့နှင့်အတူခေါ်ဆောင်လာသော ဆေးရုံစခန်းမှ ချွေးတပ်သား ၁၅ ယောက်တို့အား တဲတန်းလျားတစ်လုံးတွင် သီးသန့်နေရာချထားပေးခြင်း, ၎င်းတို့အား ထမင်းကျွေးမွေးခြင်းစသည်များကို ပြုရလေသည်။ ထိုကိစ္စများပြီးစီးသည့်အခါ ထမင်းချက်ခေါင်းကိုစံခအား နောက်ရောက်လာမည့် လူ ၄၀ ကျော်အတွက် ထမင်းချက်ပြုတ်စေရပါသည်။ ထိုလူ ၄၀ ကျော်အတွက်ထမင်းမှာ ညစာအဖို့ ဖြစ်ကြောင်းနှင့် ထိုသူများရောက်ရှိလာသည့်အခါ၊ မီးရထားလမ်းဘေးတစ်နေရာရာတွင် နေရာချထားပေးရန်နှင့် ထိုနေရာ၌ပင် ထမင်းကျွေးမွေးခြင်း ပြုရမည်ဟု အိနာ့းမတ်ဆုက ပြောကြားခြင်းပြုပါသည်။

ကျွန်တော်နှင့် ကိုသာမြိုင်, ထမင်းချက်ခေါင်း ကိုစံခတို့သည် အိနာ့းမတ်ဆု ပြောကြားသည့်အတိုင်း စီစဉ်ကြပြီးနောက် အိနာ့းမတ်ဆု၏အမိန့်ပေးချက်အတိုင်းပင် ရောက်ရှိလာမည့် ချွေးတပ်သားလူမမာများအား ဘုရား ၃ ဆူစခန်းပေါက်ဝတွင် သွားရောက်စောင့်ဆိုင်းရလေသည်။ 'စခန်းပေါက်ဝ' ဟု ဆိုသော်လည်း နိမ့်ဝှမ်းသော စခန်းတဲတန်းလျားများနှင့်ကား အတန်ငယ်အလှမ်းဝေးလေသည်။ ကျွန်တော်တို့စောင့်ရသည့်နေရာသည် မီးရထားလမ်းဘေးတွင် ဖြစ်လေသည်။ မီးရထားလမ်းသည် ဘုရား ၃ ဆူဘေးမှကပ်လျက် ဖောက်လုပ်ထားခြင်းဖြစ်သည်။ အလုပ်သမားများ နေထိုင်ရသော တဲတန်းလျားစုသည် အောက်ဘက်ချိုင့်ဝှမ်းတွင် ဖြစ်သည်။ စခန်းမှနေကြည့်လျှင် ရထားလမ်းကို လည်းကောင်း, ဘုရားစေတီ ၃ ဆူကို လည်းကောင်း မမြင်နိုင်။ ထို့နည်းတူ ကုန်းမြင့်ရထားလမ်းမှ နေ၍ကြည့်ပါကလည်း အလုပ်သမားတန်းလျားကိုမမြင်နိုင်။ ကြီးမားသောအင်ပင်ကြီးများ, ထူထပ်သော ဝါးတောကြီးများသည် အုတ်နံရံတံတိုင်းပမာ အကာအကွယ်ပြုလျက်ရှိလေသည်။

ကျွန်တော်, ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ထမင်းချက်ခေါင်းကိုစံခတို့သည် မီးရထားလမ်းဘေးတွင် မထိုင်ကြသေးဘဲ၊ ဘုရားစေတီ ၃ ဆူရှိရာဘက်သို့ ဆက်လက်လျှောက်ခဲ့ကြပါသည်။ ကျွန်တော်တို့သည် အခါအခွင့်သင့်၍ ဤနေရာသို့ရောက်ကြပြီဆိုလျှင် အနည်းဆုံး ဘုရား ၃ ဆူကို သွားရောက်ဝတ်ပြုကြလေ့ ရှိပါသည်။

http://mmteashop.com



ဂျပန်စစ်သားများနှင့်ဆိုလျှင်ကား ကျွန်တော်တို့သွားလေ့မရှိကြပါ။

"ဆေးရုံစခန်းကလူနာတွေကို ဘယ်ပို့မှာလဲ ဆရာလေး"

စေတီတော် ၃ ဆူအနီးအရောက်တွင် ကိုစံခက မေးပါလေသည်။ ကျွန်တော်နှင့်ရင်းနှီးသော မိတ်ဆွေကြီး ကိုသာမြိုင်မှာမူ မနက်ပိုင်းကပင် ကျွန်တော်ကပြောထားသဖြင့် သိပြီးဖြစ်လေသည်။

"အဲဒီလူတွေကို မော်လမြိုင်ပို့လိမ့်မယ်ဗျ။ ဘယ်သူ့မှတော့ ခင်ဗျား မပြောနှင့်နော်။ အိနားမတ်ဆုကိုယ်တိုင်က ဘယ်သူ့မှမပြောရဘူးလို့ ပိတ်ထားတယ်"

ကိုစံခကို ကျွန်တော်က ပြောလိုက်ပါသည်။ ကိုသာမြိုင်, ကိုစံခ စသူများမှာ ကျွန်တော့်အနေဖြင့် ဆိုးတိုင်းပင် ကောင်းတိုင်းပင်လူများ ဖြစ်ကြပါသည်။ စိတ်ချယုံကြည်ရမှုရှိသလို တစ်ဦးနှင့်တစ်ဦး ငဲ့ကွက်မှု, ခင်မင်မှုများလည်း ရှိကြပါသည်။ ထို့ကြောင့်ပင် ကိုစံခအား ကျွန်တော်က အမှန်အတိုင်းဖွင့်ထုတ်ပြောကြားလိုက်ခြင်းပင် ဖြစ်ပါသည်။

"မော်လမြိုင်ပို့မယ်။ ဟုတ်လား"

ကိုစံခသည် ကျွန်တော့်ကို တအံ့တသြနှင့်မေးပါသည်။ ခပ်သွက်သွက်လျှောက်နေသော သူ့ခြေလှမ်းများသည် အလိုလိုရပ်ဆိုင်းသွားသည်။ သူ့မျက်နှာလည်း အံ့သြခြင်း, ဝေခွဲမရခြင်းများဖြင့် ပြူးတူးကြောင်တောင်ဖြစ်နေပါသည်။

"ကိုယ့်လူက အတော်အံ့သြသွားတယ်ထင်တယ်"

ဘွန်ထိုက်ချိုကိုသာမြိုင်က မေးလိုက်ပါသည်။

ကျွန်တော်နှင့်ကိုသာမြိုင်က ခြေလှမ်းမပျက် ဆက်လက်၍လျှောက်ကြသည့်အခါ ကိုစံခမှာလည်း ကျွန်တော်တို့နောက်ပါးမှလိုက်လေသည်။

"ဟုတ်တယ်လေဗျာ။ မော်လမြိုင်ဆေးရုံကို ပို့လိမ့်မယ်"

ကျွန်တော်က ထိုကဲ့သို့ ထပ်မံကာပြောလိုက်သည့်တိုင် ကိုစံခကား မလှုပ်တော့ပါချေ။ တွေတွေငေးငေး ကြီးနှင့် ခြေလှမ်းခပ်လေးလေးလျှောက်လိုက်လာလေသည်။

မကြာမီ စေတီတော်များရှေ့မှောက်သို့ ရောက်လာသည်။ ကျွန်တော်နှင့် ကိုသာမြိုင်က ထိုင်ချလိုက်ကြကာ စေတီတော်များကို ဝတ်ဖြည့်ကြသည့်တိုင်၊ ကိုစံခမှာ မတ်တတ်ရပ်လျက် တွေတွေကြီးရှိနေဆဲ ဖြစ်လေသည်။

"ကျွန်တော်တို့, ဆရာလေးတို့ကောဗျ"

ကျွန်တော် ဘုရားဝတ်ပြည့်ပြီး၍ ထအရပ်လိုက်၌ပင် ဒီမေးခွန်းကို ကိုစံခက မေးပြန်ပါလေသည်။

ဤတစ်ကြိမ်၌မူ ကျွန်တော်ကိုယ်တိုင်ပင် ခပ်တွေတွေခပ်ငိုင်ငိုင်ဖြစ်ရပါလေသည်။ ကျွန်တော်သည် ကိုစံခမျက်နှာကိုသာ စူးစိုက်ကြည့်နေမိလေသည်။ သူ့အမေးကို ကျွန်တော် မဖြေနိုင်ပါ။ အဖြေလည်း မပေးတတ်ပါ။ သို့ရာတွင် ကျွန်တော့်ရင်တွင်း၌ကား အတွေးအတောတစ်ခုက လျှင်မြန်စွာပင် ပူးဝင်ကပ်ရောက်လာပါသည်။ ဒီမေးခွန်းမျိုးကို ကျွန်တော် အမေးအမြန်းမခံရလေသည်မှာ ကြာခဲ့လေပြီကော။

ဆေးရုံစခန်းမှ လူနာများအား မော်လမြိုင်သို့ပို့သည့်သတင်းမှာ ယခုအချိန်၌ဖုံးကွယ်ထား၍ ချွေးတပ်သားများ မသိရှိကြသည်မှာမှန်၏။ သို့သော် နောက်ပိုင်းအချိန်တွင်ကား သိကြလိမ့်မည်မှာ မလွဲပင်ဖြစ်၏။ ထိုအခါ ချွေးတပ်အလုပ်သမားပေါင်း များစွာထံမှ ဒီလိုမေးခွန်းပေါင်းများစွာကို ကျွန်တော် ကြားရပေလိမ့်ဦးမည်။ နောက်တစ်ကြောင်းမှာလည်း ကိုစံခ မေးသလိုပင် ကျွန်တော်တို့ကျန်သူများကော ဘယ်နေ့ဘယ်ရက်ရောက်ခါမှ မော်လမြိုင်ကို ရောက်ရလေမည်နည်း။ ဒီအတွေးကိုလည်း ကျွန်တော် တွေးမိပါသည်။ ခပ်ရိုးရိုးပြောရလျှင် ကျွန်တော်ကိုယ်တိုင် စိတ်အားငယ်မိလေသည်။

ကျွန်တော်တို့ ၃ ယောက်သည် စေတီတော်များရှေ့မှ မကြာမီ ထွက်ခွာကာ လာလမ်းသို့ပြန်လှည့်ခဲ့ကြ

http://mmteashop.com



လေသည်။ ဦးဘစောတို့လူစုကို ကျွန်တော်တို့ စောင့်ကြိုကြရမည်မှာ စခန်းတည့်တည့် ရထားလမ်းဘေးမှဖြစ်သည်။ စေတီတော် ၃ ဆူနှင့်ဆိုလျှင် ၁ ဖာလုံခွဲလောက်အကွာအလှမ်း ဖြစ်သည်။ စေတီတော် ၃ ဆူသည် တောင်ဘက်တွင် ဖြစ်၍၊ တားမြစ်ထားသောသတ်မှတ်ဧရိယာအတွင်းသို့ ရောက်ရှိနေလေသည်။

ကျွန်တော်တို့ကား အတွေးကိုယ်စီနှင့် လျှောက်လာကြသည်။ တစ်ယောက်ကိုတစ်ယောက် မည်သည့်စကားမျှ မပြော။ ထိုအခါ လေတိုးခတ်သဖြင့်တချွင်ချွင်မြည်သော ထီးတော်မှဆည်းလည်းသံကလေးများကို ကြားနေရလေသည်။

ရထားလမ်းဘေးအနီးတစ်ဝိုက်တွင်မူ သစ်ပင်ကြီးများ၊ ဝါးတောများ မရှိပါချေ။ ပြောင်တလင်းဖြစ်နေအောင် ခုတ်ထွင်ရှင်းလင်းထားလေသည်။ သို့ရာတွင် သံလမ်းနှင့် ကိုက် ၂၀–အစိတ်အကွာခြံကား သစ်တော,ဝါးတောကြီးများက ထူထဲသိပ်သည်းလှဘိသည်။ ပတ်ဝန်းကျင် မည်သည့်ဘက်ကိုကြည့်လိုက်ကြည့်လိုက် စိမ်းစိမ်းညို့ညို့ အုပ်အုပ်မှိုင်းမှိုင်းကြီးများသာဖြစ်လေသည်။

ရာသီမှာ နွေဦးကိုကျော်လွန်ခဲ့ပြီးနောက် နွေလယ်ရာသီအတွင်းသို့ ဝင်ရောက်စအချိန် ဖြစ်လေသည်။ တောတောင်ဝန်းကျင်မှာ ခြောက်ခြောက်သွေ့သွေ့ကြီးလည်း မဟုတ်၊ စိုစိုထိုင်းထိုင်းကြီးလည်း မဟုတ်။ နေကောင်းသွားကောင်း အချိန်မျိုး ဖြစ်လေသည်။ သစ်ပင်တောတောင်တို့၏ရှုခင်းသည် အစိမ်းရောင်နှင့် ရွှေဝါရောင် ရောစပ်ဖက်တွဲကာရှိနေသည်။ တောကျေးတောငှက်တို့၏မြည်ကြွေးသံသည် ပတ်ဝန်းကျင်နေရာအနှံ့မှ ကြားနေရလေသည်။

ကျွန်တော်တို့ ၃ ယောက်သည် ဦးဘစောတို့တစုအား စောင့်မျှော်ရမည့်နေရာသို့ရောက်ခဲ့ကြသည်။ ထိုအချိန်ထိအောင်လည်း ကျွန်တော်တို့ စကားမပြောကြသေး။ အတွေးနယ်ချဲ့၍ ကောင်းနေကြဆဲဖြစ်လေသည်။ ကျွန်တော်သည် ခုတ်လှဲထားသောသစ်ပင်ကြီးတစ်ပင်ထက်သို့ ထိုင်ချလိုက်သည်။ ဘွန်ထိုက်ချို ကိုသာမြိုင်ကလည်း ကျွန်တော့်နည်းတူ ကျွန်တော့်ဘေးတွင်ဝင်ရောက်ထိုင်လေသည်။ ထမင်းချက်ခေါင်းကြီး ကိုစံခမှာမူ သူ့လက်ရှိ ထင်းခုတ်ဓားမကြီးကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ မတ်တတ်ကြီးပင် ရှိနေသည်။

"အဲဒီလူတွေထဲမှာ ရောပြီးလိုက်သွားရရင် ကောင်းမှာပဲ။ ဂျပန်တွေသိရင်လည်း သိပ်တော့သက်သာလှမှာ မဟုတ်ဘူး"

ကိုစံခသည် ကျွန်တော်တို့ကိုပြောသလိုလိုနှင့် သူ့ဖာသာ ရေရွတ်လေသည်။ ပြီးလျှင် ကျွန်တော်တို့မျက်နှာများကို စူးစမ်းသလိုကြည့်လိုက်ပြီးမှ ကိုသာမြိုင်အနီးတွင် ဝင်ရောက်ထိုင်လေသည်။

"ဘယ်ရမလဲဗျာ။ ဂျပန်တွေက လူပေါင်းဘယ်လောက်ဆိုတာ စစ်ဆေးပြီးမှ တင်မှာပေါ့ဗျာ။ နောက်ပြီး ဂျပန်စစ်သားအစောင့်အရှောက်လည်း ပါမှာပဲ။ မော်လမြိုင်မရောက်မချင်း လမ်းမှာ ဘယ်နှစ်ဘူတာရပ်နေမှန်း မသိဘူး"

ကိုသာမြိုင်က ပြောလေသည်။

"ခုအတိုင်းဆိုရင် မမာတဲ့လူတွေကတောင် ခပ်ကောင်းကောင်းပဲဗျာ"

ကိုစံခက ညည်းညည်းညူညူပြောလေသည်။

ကျွန်တော်သည် သူတို့ ၂ ဦးစကားထဲတွင် ပါဝင်စွက်ဖက်ခြင်းမပြုဘဲ ဆက်လက်၍ တွေးကောင်းနေဆဲ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုရပါမူ ကိုစံခ ခပ်စောစောကပြောလိုက်သော 'လူမမာတွေနှင့်ရောလိုက်သွားရကောင်းမှာပဲ'ဟူသောစကားမှာ ကျွန်တော့်အဖို့ တွေးစရာဖြစ်လာရပြန်ပါသည်။ 'အခွင့်အရေးပေးခဲ့လျှင် ယခုလိုအခါမျိုး၌ ထွက်ပြေးရသော် အမှန်ပင်ကောင်းလေမလား' ဟု ကျွန်တော် စဉ်းစားနေမိလေသည်။ သို့ရာတွင် ထိုကိစ္စမှာ အခြားလူတစ်ဦးတစ်ယောက်အနေထက် ကျွန်တော်အနေဖြင့်ကား မလွယ်ကူလှပါချေ။ ယခုလိုကိစ္စမျိုးတွင် ကျွန်တော်သည် ဂျပန်စစ်ဗိုလ် အိနားမတ်ဆု၏အနီးတွင် အမြဲလိုရှိနေရသောကြောင့် ဖြစ်လေသည်။

http://mmteashop.com



"မော်လမြိုင်ရောက်တော့ ဒီလူတွေ ဘယ်လိုလုပ်မှာလဲဆရာလေး။ သူတို့နေရပ်ကို ပြန်လွှတ်ပေးမှာလား"

ကျွန်တော် အတွေးကောင်းနေခိုက် ကိုစံခကမေးပြန်ပါလေသည်။

"ဆေးရုံတင်ပြီး ဆေးကုပေးမယ်လို့ပြောတာပဲဗျ"

ကျွန်တော်က ဖြေရပြန်ပါသည်။

"ကျန်းမာတော့ ပြန်ရရောလား"

ကိုစံခက ထပ်မေးပြန်ပါသည်။ ထိုအမေးကိုမေးသူမှာ ကိုစံခသာဖြစ်သော်လည်း ကိုသာမြိုင်ကိုယ်တိုင်ကလည်း စိတ်ဝင်စားနေကြောင်း ကျွန်တော်သဘောပေါက်မိလေသည်။

"အဲဒါတော့ ကျွန်တော် အသေအချာ မပြောတတ်ဘူးဗျာ။ ပြန်လွှတ်ချင်လည်း လွှတ်မှာပဲ။ ဒီတောထဲ ပြန်ပို့ချင်လည်း ပို့မှာပဲ"

ကျွန်တော့်အဖြေကိုကြားရသည့်အခါ၊ သူတို့ ၂ ဦးစလုံး ကိုယ်စီကိုယ်င သက်ပြင်းချလိုက်ကြလေသည်။

[ထိုကိစ္စနှင့်ဖတ်သက်၍ နောင်အခါသိရသည်မှာ တောတွင်းဆေးရုံမှလူနာများကို မော်လမြိုင်တွင် ဆေးဝါးကုသပေးခြင်း မဟုတ်ပါချေ။ ၎င်းတို့၏နေရပ်များသို့ ပြန်လွှတ်လိုက်ခြင်းသာ ဖြစ်လေသည်။ သို့ကြောင့်လည်း ချွေးတပ်သားအတော်များများပင် လမ်းခရီး၌ တစ်ရွာဝင်တစ်ရွာ ထွက်တောင်းရမ်း စားသောက်ရလျက်၊ တချို့မှာလည်း လမ်းခုလတ်၌ပင် သေကျေပျက်စီးကုန်ကြလေသည်။

ရန်ကုန်–မော်လမြိုင် မီးရထားလမ်းတစ်လျှောက်ရှိ ပေါင်, ကျွဲခြံ, နှင်းပုလဲ, ဒုံးဝန်း, ဇင်းကျိုက်, ဘီးလင်း, ရွှေလှေ, စစ်တောင်း စသောကျေးရွာမြို့နယ်များတွင် ချွေးတပ်ပြန်များ အတော်ပင်သေဆုံးခဲ့ကြလေသည်။ သို့ရာတွင် မြို့ခံ,ရွာခံလူများက မြှုပ်နှံသဂြိုဟ်လိုက်ရသည်မှလွဲ၍ မည်သူမည်ဝါ, မည်သည့်အရပ်ဒေသ ကဟူ၍ကား အပ်ချမတ်ချမသိရသည်က များလေသည်။

ဖြစ်ရပ်အမှန်မှာ ဂျပန်တို့သည် တောတွင်းချွေးတပ်စခန်းများရှိလူနာများကို မော်လမြိုင်သို့ ခေါ်ဆောင်သွားပြီးနောက် မော်လမြိုင်တွင် ၄–၅ ရက် ၁ပတ် စသည်ဖြင့်ထားကာ 'နေရပ်သို့ ပြန်တော့' ဟူ၍လည်းကောင်း, 'သွားလိုရာသွားတော့' ဟူ၍လည်းကောင်း စေလွှတ်လိုက်ခြင်းသာ ဖြစ်လေသည်။ ဤတွင် မိကွဲဖကွဲ, သားကွဲမယားကွဲဖြစ်နေသောလူမမာများကလည်း ဂျပန်တို့၏ တာဝန်မဲ့အပြုအမူကိုပင် ဝမ်းမြောက်ဝမ်းသာခံယူကာ၊ ရှိသမျှ ခွန်အားကလေးဖြင့် နေရပ်သို့ ရည်မှန်းလျက် ခြေဦးတည့်ရာ ပြန်ကြလေသည်။ ထို့ကြောင့်လည်း အပြန်လမ်းခရီးတွင် ချွေးတပ်သားများမှာ အငတ်ငတ်အပြတ်ပြတ် ဖြစ်ကာ အသေအပျောက်များပြားလှလေသည်။

တချို့ချွေးတပ်သားများမှာလည်း ကံကောင်းထောက်မ၍ ရပ်ရွာသို့ မသေမပျောက် ပြန်ရောက်ကြသည်လည်း ရှိလေသည်။ အချို့မှာမူ ရပ်ရွာသို့မပြန်တော့ဘဲ၊ ရောက်သည့်နေရာ၌ပင် လုပ်ကိုင်စားသောက်လျက် အိမ်ထောင်ရက်သားများကျနေကြလေသည်။ စစ်ကြီးပြီးသွားသည့်အခါ ဤစာရေးသူသည် ဘီးလင်း, ကျိုက်ထို စသောနယ်ဘက်များ၌ လည်းကောင်း၊ သထုံ, ကျိုက္ကမီ စသောနယ်ဘက်များ၌ လည်းကောင်း ချွေးတပ်ပြန်များကို တွေ့ခဲ့ရလေသည်။ သူတို့ကား အိမ်ထောင်ရက်သားကျလျက် သားသမီးတွေရနေကြသည့်တိုင် ယိုးဒယား–မြန်မာမီးရထားလမ်း ချွေးတပ်အကြောင်းကို မမေ့ကြသေးဘဲ အရိုးစွဲအောင် နာကျည်းနေကြဆဲရှိလေသည်။]

http://mmteashop.com



ကျွန်တော်တို့ ၃ ယောက် စကားတပြောပြောနှင့်ရှိနေကြစဉ်တွင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုက စေလွှတ်လိုက်သော စကားပြန်သူငယ်သည် ကျွန်တော်တို့ရှိရာသို့ရောက်လာလေသည်။

"လူမမာတွေမရောက်သေးဘူးလားဆရာလေး။ မာစတာက အကြည့်ခိုင်းလိုက်တယ်"

ကျွန်တော်တို့အနီးသို့ရောက်လာသည့်အခါ မောင်ချစ်က ပြောလေသည်။

"မရောက်သေးဘူးကွ။ သူတို့ ဖြည်းဖြည်းချင်းလာနေမှာပေါ့။ လမ်းမှာလည်း ခဏခဏနားနေရမှာပါကွာ"

"ဟုတ်တယ်ဗျာ။ ခု ၂ နာရီတောင်ထိုးနေပြီ။ ဒီလူတွေ ၃ နာရီ–၄ နာရီနင့်မှ ရောက်ပါ့မလားပဲ"

စကားပြန်သူငယ်သည် အဝေးသို့လှမ်းမျှော်ကြည့်ရင်း ပြောနေလေသည်။

"ဒါတောင် လူကုန်ရောက်ချင်မှ ရောက်မယ်။ တချို့တော့ မိုးချုပ်မှရောက်မှာပဲ။ ၃–၄ လှမ်းလျှောက်လိုက်၊ မောလိုက်၊ နားလိုက်ဖြစ်နေမှာ"

ကိုသာမြိုင်က သူ့ထင်မြင်ချက်ကိုပြောပါသည်။

ထိုအခါမှ ကျွန်တော်ကိုယ်တိုင်ကလည်း စဉ်းစားမိလေသည်။ ဦးဘစောတို့လူစုသည် တစ်ချိန်တည်းနှင့် လူစုံတက်စုံရောက်ရန် မလွယ်။ အချို့လူမမာများမှာ လွန်မင်းစွာ အားအင်ကုန်ခန်းနေသူများ ဖြစ်သည့်အတွက် တောင်ကုန်းငယ်တစ်ခုလောက်ကို လည်းကောင်း၊ ချိုင့်ဝှမ်းအနိမ့်အမြင့်တစ်နေရာလောက်ကို လည်းကောင်း တစ်နာရီလောက် ကြာနေကြမည့်သူများ ဖြစ်လေသည်။ ထို့ကြောင့်ပင် ၂ မိုင်သာသာခရီးလမ်းကို ယခုအချိန်ထိ မရောက်ကြသေးခြင်းပင် ဖြစ်လေသည်။

စကားပြန်သူငယ်သည် ဦးဘစောတို့လူစု ရောက်ရှိလာခဲ့လျှင်၊ 'အိနားမတ်ဆုက သူ့ထံသို့ လာရောက်ပြောကြားရမည်' ဟုမှာကြားလိုက်ကြောင်းနှင့် ကျွန်တော့်ကိုပြောကြားပြီးနောက် စခန်းရှိရာသို့ ပြန်လည်သွားလေသည်။

ကျွန်တော်တို့ ၃ ဦးသားမှာလည်း စကားစပ်မိစပ်ရာကို ပြောလိုက်၊ ညောင်းညာလျှင် လမ်းလျှောက်လိုက်၊ သစ်တုံးပေါ်ပြန်ထိုင်လိုက်နှင့် ဦးဘစောတို့လူစုကို စောင့်မျှော်နေရပါလေသည်။

ဤသို့နှင့် ညနေ ၃ နာရီထိုးလုနီးမှပင် ကိုဘတင်နှင့် လူမမာချေးတပ်သားအချို့ တောတွင်းမှ ထွက်လာကြလေသည်။ 'ဦးဘစောနှင့် လူမမာအချို့မှာ နောက်တွင်ကျန်ရစ်နေကြောင်း' ပြောပါသည်။ 'သို့ရာတွင် သိပ်အဝေးအလှမ်းကြီးမဟုတ်သောကြောင့် မကြာမီပင်ရောက်လာလိမ့်မည်' ဟူ၍လည်းပြောပါသည်။

"ခင်ဗျားတို့ ကြာလှချည်းလာဗျ"

ဘွန်ထိုက်ချိုကိုသာမြိုင်က မေးလေသည်။

"ကြာဆို လမ်းမှာ အခါ ၁၀၀ လောက်နားရတာဗျ။ ဒီအချိန်ရောက်လာတာ ကံကောင်း"

ကိုဘတင်က ပြောလေသည်။

"ဘယ်အချိန်က ထွက်လာကြတာလဲ"

ကိုစံခက ဝင်၍မေးပါသည်။

"မွန်းတိမ်းကျော်ကျော်လောက်ကဗျ။ တချို့ဆိုရင် မလိုက်တော့ဘူး။ 'သေချင်သေပါစေတော့။ ထားသာထားပစ်ခဲ့ပါတော့' လို့တောင် ပြောတာဗျ။ ဦးဘစောနှင့်ကျွန်တော်က ချော့မော့ပြီးတွဲခေါ်လာရတယ်။ အဲ တစ်ယောက်တွဲခေါ်လို့မှ ၄–၅ လှမ်းလျှောက်ရသေး၊ နောက် ၂ ယောက်–၃ ယောက်က လဲချန်ခဲ့ပြန်ရောဗျ။ အဲဒီတော့ ပထမတွဲလာတဲ့လူကို သူမောလောက်တဲ့နေရာမှာအနားခိုင်းပြီး၊ ကျန်နေတဲ့လူတွေကို တစ်ယောက်ပြီး တစ်ယောက် ပြန်တွဲခေါ်နေရတယ်"

ကိုဘတင်က လမ်းခရီးတွင် သူတို့ဖြစ်ပျက်လာကြပုံကို ပြောပြပါသည်။ သူက ဤသို့ပြောနေနိုင်သေးသော်လည်း အတူပါလာသောလူမမာများမှာမူ စကားတစ်လုံးမျှ မပြောကြားနိုင်ကြချေ။ တောစပ်မြေပြင်ပေါ်တွင်

http://mmteashop.com



ခြေပစ်လက်ပစ်လဲသူလဲလျက် သစ်ပင်ရင်းတွင်ကျောမှီကာ ယောင်ယဲလိုက်သူလိုက် နေကြလေသည်။ သူတို့ကား ဂျပန်၏အမိန့်ဖြစ်သောကြောင့်သာ အားတင်း၍လာခဲ့ရခြင်း ဖြစ်လေသည်။ ထိုကဲ့သို့မဟုတ်ပါက ကျားဆွဲလိုက ဆွဲပေစေ၊ လဲရာနေရာတွင် မထဘဲနေကြမည့်သူတွေ ဖြစ်လေသည်။

"ဆရာလေးတို့က မတွေ့ရလို့ဗျ။ နည်းနည်းလေး ချောက်ထဲဆင်းရတာနှင့် တလိမ့်ခေါက်ကွေးကျကုန်တာပဲ။ လဲရင်လည်း တော်တော်နှင့်ပြန်မထတော့ဘူး။ ကုန်းမြင့်လေးတွေတက်ရင်လည်း တလိမ့်တလိမ့်နှင့် ပြန်လိမ့်ကျတာပဲ။ နောက်ဆုံး မတတ်သာတော့ ဦးဘစောနှင့် ကျွန်တော်က ခါးကြိုးချည်ပြီး ရှေ့ကနေတက်၊ သူတို့အထဲက ၅ ယောက်–၆ ယောက်က နောက်ကနေကြိုးကိုင်ပြီးတက်ရတယ်။ အဲဒါ ပြန်လျှောကျမယ်ဖြစ်ရင် အနီးအနားကသစ်ပင်ကို တွယ်မိတွယ်ရာတွယ်ထားရတယ်။ ဒါတောင် တချို့ဖင်ထိုက်ရက် တစ်မျိုး၊ ၄ ဖက်ထောက် တစ်မျိုး တက်ရတယ်"

ကိုဘတင်က သူတို့အဖြစ်ကို ဆက်လက်ပြောနေပြန်ပါသည်။

ဟုတ်လည်း ဟုတ်ပါသည်။ ချွေးတပ်သားလူမမာအချို့မှာ လမ်းခရီးတွင် လဲခဲ့ပြိုခဲ့သဖြင့် ခြေထောက်များ၊ လက်များ ပေါက်ပြဲနေလေသည်။ အချို့မှာလည်း ဒူးများပြဲ၊ နှုတ်ခမ်းများပေါက်လျက် ရှိလေသည်။ ဆေးရုံတဲတန်းလျားမှ ဘုရား ၃ ဆူစခန်းသို့လာရာလမ်းသည် အချို့နေရာ၌ ချိုင့်ဝှမ်းများ၊ တောင်ကမူများ ဖြစ်နေပါသည်။ တခြားတစ်လမ်းမှရှောင်လွှဲသွားရန်လည်း ခဲယဉ်းလှပါသည်။ ဘေးတစ်ဘက်တစ်ချက်တွင် ဝါးတောကြီးများ၊ သစ်တောကြီးများနှင့် မြင့်မားသောကျောက်တောင်ကြီးများရှိနေသောကြောင့် ဖြစ်လေသည်။

"ကျုပ်ရောက်ဖူးသမျှ ဆေးရုံစခန်းထဲမှာ ဒီဆေးရုံစခန်း အဆိုးဝါးဆုံးဗျ"

ကိုစံခက ပြောလေသည်။ သူသည် ထမင်းချက်ခေါင်းတစ်ယောက်အဖြစ် တောတွင်းဆေးရုံစခန်းပေါင်းအတော်များများကို ရောက်ဖူးသူတစ်ယောက်ဖြစ်လေသည်။

"ကဲ၊ ဦးဘစောတို့နောက်ကို ကျွန်တော်နှင့်ခင်ဗျား လိုက်ကြဦးမှ ကောင်းမယ်ထင်တယ် ကိုသာမြိုင်။ ကိုစံခ ဒီကစောင့်ပေါ့ဗျာ။ လူစုံတော့မှ အိနားမတ်ဆုကိုသွားပြောတာပေါ့"

ကျွန်တော်က ပြောလိုက်ပါသည်။ ကျွန်တော်၏စိတ်ကူးမှာ ဦးဘစောနှင့် လူမမာများကို အကူအညီပေးသင့်က ပေးရန်ပင်ဖြစ်ပါသည်။

"ခင်ဗျားလူတွေ တစ်နာရီလောက်နှင့် ရောက်ပါ့မလား"

ကိုသာမြိုင်က ကိုဘတင်ကိုလှမ်းမေးလေသည်။

"ရောက်တော့ရောက်ပါလိမ့်မယ်ဗျာ။ ဒါပေမယ့် အဲ့ဒီထဲက ကိုချစ်စိန်နှင့် ဦးမြသောင်းဆိုတဲ့ လူ ၂ယောက်ကတော့ အခြေအနေတော်တော်ဆိုးတယ်။ သူတို့ ၂ ယောက်က ထမ်းတောင်ခေါ်ရတယ်"

"ကဲ၊ လာဗျာကိုသာမြိုင်"

ကျွန်တော်သည် ကိုဘတင် စကားဆုံးလျှင်ပင် ဘွန်ထိုက်ချိုကိုသာမြိုင်ကို ခေါ်ငင်ကာ ဦးဘစောတို့နောက်သို့ လိုက်ခဲ့လေသည်။ သူတို့နောက်ကိုလိုက်ရန်အတွက် ကျွန်တော်တို့မှာ လမ်းမှားစရာ၊ လမ်းလွဲစရာအကြောင်း မရှိပါချေ။ ဆေးရုံစခန်းသို့သွားရာလမ်းသည် ဤတစ်လမ်းသာရှိလေသည်။ လမ်းပေါက်ဝတွင် ကြက်ခြေနီ အမှတ်အသားဆိုင်းဘုတ်ကြီးတစ်ခုနှင့် လမ်းကိုညွှန်ပြထားသော မြားဒုတ်တိုင် ၄–၅ တိုင်ရှိလေသည်။

ကျွန်တော်နှင့် ကိုသာမြိုင်တို့ထွက်လာသည့်အခါ ကိုစံခနှင့် ကိုဘတင်တို့ ၂ ယောက်မှာ သစ်တုံးထက်တွင်ထိုင်ကာ စကားပြောကျန်ရစ်ကြပါသည်။ ကိုဘတင်မှာ ဆေးရုံစခန်းတွင်မသောက်ခဲ့ရသော ဆေးလိပ်ကို ထမင်းချက်ခေါင်းကြီး ကိုစံခ၏ကောင်းမှုဖြင့် အားရပါးရသောက်ရှူနေလေသည်။ လူမမာချွေးတပ်သားများမှာမူ တောစပ်ဝ အင်ကြင်းပင် ၂ ပင်အောက်မြေပြင်ပေါ်တွင် အတုံးအရုံးလဲနေကြတော့သည်။

http://mmteashop.com



ကျွန်တော်တို့ ၂ ဦးသည် စကားတပြောပြောနှင့် လျှောက်ခဲ့ကြပါသည်။ ဤလိုနှင့် မိနစ် ၂၀–အစိတ်ခန့်သွားမိမှ ကျွန်တော့်ရှေ့မှ ဝါးတောင်ဝှေး ကိုယ်စီထောက်လာသော လူမမာ ၄–၅ ယောက်ကို စတင်တွေ့ရလေသည်။ ပြီးလျှင် သူတို့နောက်ခပ်လှမ်းလှမ်းမှ တစ်ယောက်ကို တစ်ယောက် အားပြုတွဲလာသော လူမမာများ, မြေပေါ်တွင် လက် ၂ ဖက်ထောက်ကာ တရွတ်ဆွဲလျက် ဖင်ရွှေ့ဖင်ရွှေ့လာနေသူတစ်ယောက်ကိုလည်းကောင်း, သစ်ပင်ကို တစောင်းမှီကာ သာခွေယိုင်နားနေသော လူ ၂ ယောက်ကို လည်းကောင်း တွေ့ရလေသည်။ ကျွန်တော်နှင့် ကိုသာမြိုင်သည် ထိုသူများအား ‘ရထားလမ်းသို့ ရောက်လုပြီဖြစ်ကြောင်း၊ အနည်းငယ်အားတင်း၍လျှောက်လိုက်လျှင် မကြာမီ ရောက်သွားမည်ဖြစ်ကြောင်း’ အားပေးစကားများ ပြောရပြီး၊ နောက်ပိုင်းတွင် ကျန်နေသေးသော ဦးဘစောတို့ရှိရာသို့ ဆက်လက်လိုက်ရပါလေသည်။ ဦးဘစောနှင့် မတွေ့မီ လမ်းတစ်လျှောက်၌လည်း တအိအိတနဲ့နဲ့ လျှောက်လာနေကြသော လူမမာများကို ဆက်လက်ကာ တွေ့ရလေသည်။ ကိုသာမြိုင်နှင့် ကျွန်တော်ကလည်း ရှေးနည်းတူ အားပေးစကားပြောရပါလေသည်။

သို့နှင့် ရှေ့ဆက်၍ အတန်ငယ်သွားမိကြသည့်အခါမှုပင် ကျောက်တောင်ကုန်းကလေးတစ်ခု၏ ဆင်ခြေလျှောတွင် ထိုင်ကာနားနေကြသော ဦးဘစောနှင့် လူ ၄–၅ ယောက်တို့ကို တွေ့မြင်ရလေသည်။ ဤလို ကျွန်တော်တို့ တွေ့ရသော လူ ၄–၅ ယောက်မှာ နောက်ပိတ်ဆုံးကျန်ရှိနေသူများပင် ဖြစ်လေသည်။ ထိုအထဲတွင် လူ ၂ယောက်မှာ အခြားသူများထက် ပိုမိုမောဟိုက်နေကြောင်း တွေ့ရလေသည်။ ထိုသူ ၂ ယောက်စလုံး၏ကျောပေါ်တွင် အင်္ကျီ ဟူ၍ အလျှင်းမရှိ။ ဂုန်အိတ်ပိုင်းအသီးသီးကို ခြုံထားလေသည်။ ကျွန်တော်သည် ထိုသူ ၂ ယောက်ကို တွေ့လိုက်ရကာမျှနှင့် ခပ်စောစောက ကိုဘတင်ပြောလိုက်သော အဆိုးရွားဆုံးလူမမာ ၂ ယောက်ဖြစ်ကြောင်း အကဲခတ်မိလေသည်။ ကျောက်တောင်ဆင်ခြေလျှောတွင် တစောင်းခွေခွေကလေးလဲနေကြပါသည်။

“ဟော–ဆရာလေးတို့တောင် လိုက်လာပြီဟေ့။ ကဲ–ထကြဦးကွာ၊ ထကြဦး။ တစ်ထောက်လောက်သွားလိုက်ကြဦးစို့။ ရောက်လည်း ရောက်ခါနီးပါပြီကွာ”

ဦးဘစောသည် ကျွန်တော်တို့ကိုမြင်သည့်အခါ အတော်အားတက်သွားဟန် တူပါသည်။ သူသည် သူ့လူမမာများကို ထိုကဲ့သို့ပြောလိုက်ပြီး ထိုင်ရာမှထရပ်လေသည်။

“ဟုတ်တယ်။ ရောက်လုနီးပြီဗျ။ ခင်ဗျားတို့ နောက်ထပ် မိနစ် ၂၀ လောက် အားတင်းသွားလိုက်ရင် ရထားလမ်းကိုရောက်ပြီ။ ဟိုကျတော့ စိတ်ချလက်ချနားကြပေါ့ဗျာ”

ကျွန်တော်က ဤသို့ပြောလိုက်သည့်အခါ ထိုင်နေသော လူ ၃ ယောက်က တောင်ဝှေးကို အားပြုထောက်ကာ ရှေ့ခရီးကို ထွက်ခွာသွားကြသော်လည်း၊ ဦးဘစောအနီးတွင် တုံးလုံးလဲနေသော လူမမာချွေးတပ်သား ၂ ယောက်မှာမူ လဲရာမှမထဘဲ တဟီးဟီးညည်းနေဆဲရှိလေသည်။

“တောင်ကုန်းအတက်နှင့် ချောက်ထဲကအတက်တွေမှာ သူတို့ ၂ ယောက်ကို ကျွန်တော်နှင့် ကိုဘတင်က တစ်ယောက်စီထမ်းတက်ခဲ့ရတယ်ဗျ။ ဒါကြောင့် ဒီအချိန်လောက်နှင့် ဒီနေရာကို ရောက်လာတာ”

ကျွန်တော်ရော ကိုသာမြိုင်ပါ ဦးဘစောမျက်နှာကို ပြိုင်တူလိုလှမ်းကြည့်လိုက်ကြပါသည်။ ကိုသာမြိုင့်စိတ်ထဲတွင် မည်သို့ရှိ၍ကြည့်သည်ကို မသိရသော်လည်း၊ ကျွန်တော့်အနေဖြင့်မူ ဦးဘစောအပေါ် အလွန်တရာ ချီးကျူးမိပါသည်။ ချွေးတပ်ထဲတွင် အရေးရယ်အကြောင်းရယ်ဆိုလျှင် ကိုယ်လွတ်ရုန်းနေကြသူတွေသာ များလှသည်။ တစ်ယောက်အပေါ်တစ်ယောက် အနစ်နာခံသော ဦးဘစောလို, ကိုသာမြိုင်လိုဘွန်ထိုက်ချိုမျိုးမှာ ရှားလှပါသည်။

မကြာမီ ကျွန်တော်နှင့် ကိုသာမြိုင်သည် ဦးဘစောအား အကူအညီပေးကြရလေသည်။ လဲနေသော လူနာ ၂ ယောက်ကို ကျွန်တော်တို့ကိုယ်တိုင် ဝင်ရောက်ပွေ့ထူပေးကြရလေသည်။ ပြီးလျှင် ထိုသူ ၂ ဦးအား ဝါးတောင်ဝှေးကို အားပြုထောက်စေကာ ကျွန်တော်တို့က တစ်ဘက်တစ်ချက်မှ ဝင်ရောက်တွဲရလေသည်။

http://mmteashop.com



လူနာ ၂ ဦးစလုံးမှာ အချိန်ကာလအတော်ကြာကပင် မမာမကျန်းဖြစ်နေသူ ၂ ဦး ဖြစ်ပါသည်။ ရေမိုးပင် မချိုးသောကြောင့် ၂ ယောက်စလုံး၏ကိုယ်နံ့များသည် ပုပ်ဟောင်နံစော်လှပါသည်။ ကျွန်တော် တွဲထားသော လူမမာများ၏ခေါင်းထက်မှ သန်းများသည် ထိုသူ၏ ကုပ်ဆက်ပေါ်နှင့် ခြုံထားသောဂုန်အိတ်ပေါ်တွင် တရွရွ လျှောက်သွားနေကြသည်မှာ အသည်းယားစရာ ကောင်းလှပါသည်။ အသားရေများမှာလည်း မွဲခြောက်လျက် ရှိသည်။ အရိုးပေါ်အရေတင် ဖြစ်နေသောကြောင့်လည်း ၄–၅ လှမ်းလောက်လှမ်းမိသော တစ်ခါ နားရပြန်ပါသည်။ ကျွန်တော်၏စိတ်ထဲကမူ 'ထိုသူ ၂ ယောက်မှာ မော်လမြိုင်ရောက်သည့်တိုင် အသက်ရှင်နိုင်စရာ အကြောင်းမရှိ။ သေလိမ့်မည်မှာမလွဲ' ဟု ယူဆမိပါသည်။

လူနာ ၂ ယောက်ကို ကျွန်တော်တို့က တွဲ၍ခေါ်သည့်အခါ အဆိုးဆုံးသောအဖြစ်တစ်ခုကို ကြုံရသည်။ ထိုအဖြစ်မှာ တခြားမဟုတ်ပါ။ လူမမာ ၂ ယောက်စလုံးတို့ပင် ကျောက်တုံးကျောက်ခဲကလေးပေါ်၌ ကြာရှည် လေးမြင့်စွာ ခြေမချနိုင်သောအဖြစ်ပင် ဖြစ်လေသည်။ ဤနေရာများသည် စောစောပိုင်းအချိန်က ကျောက်တောင် ကြီးများကို ဒိုင်းနမိုင်းဖောက်ခွဲထားသောနေရာများ ဖြစ်သည်။ ထို့ကြောင့်ပင် နေရာအနှံ့အပြားတွင် ချွန်မြသော ကျောက်တုံးကျောက်ကလေးများဖြင့် တင်းကြမ်းဖြစ်နေလေသည်။ ထိုအခါ လူနာ ၂ ဦးစလုံးပင် ခြေလှမ်း ၁၀လှမ်းခန့်လျှောက်မိလျှင် တဟီးဟီးညည်းတွားလာကာ တစ်ကြိမ်တစ်ကြိမ်နားနေကြရလေသည်။ ဒီလိုရပ်နားပြီ ဆိုလျှင်လည်း ခြေကိုစုံရပ်လျက် တောင့်တောင့်တင်းတင်းရပ်နားနိုင်သည်တော့ မဟုတ်။ တစ်ခါတည်း ဖင်ထိုင်ချ လိုက်ကြလေသည်။

တစ်ဖန် တအောင့်တနားနေပြီးနောက် ထလျှောက်သည့်အခါ၌လည်း ခြေလှမ်းတိုင်းလှမ်းတိုင်း 'အမလေး– အမလေး' ညည်းတွားရှာလေသည်။ ၂ ဦးစလုံး၏ခြေဖဝါးများသည် ချွန်ထက်သောကျောက်တုံးကလေးများကို နင်းမိတိုင်း ရှုံ့ရှုံ့မဲ့မဲ့နှင့် အသည်းခိုက်အောင် နာကျင်နေကြဟန်ရှိလေသည်။

သူတို့ကား လူမမာ တဲတန်းလျားပေါ်တွင် အချိန်ကာလကြာမြင့်စွာလဲနေကြသူများ ဖြစ်လေသည်။ ပြီးလျှင် ယမန်နှစ်က တစ်နွေလုံးလုံး, တစ်ဆောင်းလုံးလုံး နေပူစပ်ခါးတွင် ပင်ပန်းကြီးမားစွာ အလုပ်လုပ်ခဲ့ရသောကြောင့်လည်း အလုပ်ဒဏ်သင့်လျက် ခြေဖဝါးလက်ဖဝါးများမှာ အသားများ အလွှာလိုက်အဖတ်လိုက်ကွာကျကြလေသည်။ ကျန်းမာနေစဉ်က အလုပ်ကြမ်း၏ဒဏ်သင့်မှုများသည် မပေါ်လွင်သော်လည်း၊ ကျန်းမာရေးချို့တဲ့ လာ၍ အိပ်ရာထဲလဲသည့်အခါ ခန္ဓာကိုယ်အနှံ့အပြားမှ အနာရောဂါပေါင်းများစွာ ပေါ်ထွက်လာပါသည်။ ထိုအတွင်း အစာအာဟာရကောင်းကို မမှီဝဲရခြင်း, ဆေးဝါးမရှိခြင်း, အဝတ်အထည်မပြည့်စုံခြင်း စသောချို့တဲ့ချို့ယွင်းမှုများ ကလည်း ထိုထိုလူမမာအလုပ်သမားများအား သေမင်းနိုင်ငံသို့ တွန်းပို့ပေးသည်နှင့်တူလှပေသည်။

စင်စစ်အားဖြင့်မူ ထိုမျှလောက်အပြင်းအထန် ရောဂါဝေဒနာကပ်ရောက်နေသော လူနာ ၂ ဦးအား ကျွန်တော်တို့သည် ပခက်နှင့်သော်လည်းကောင်း, ထမ်းစင်နှင့် သော်လည်းကောင်း ခေါ်ဆောင်သယ်ယူရန်သင့်ကြောင်း ကျွန်တော်တို့တွေးမိကြပါသည်။ သို့ရာတွင် ထိုကိစ္စအတွက် မည်သူကတာဝန်ယူမည်နည်း။ ချွေးတပ်သား လူမမာအချင်းချင်းကလည်း တာဝန်မယူနိုင်ချေ။ ဂျပန်စစ်အာဏာပိုင်များကလည်း တာဝန်မဲ့ပြုမူကြခြင်းသာ ဖြစ်လေ သည်။ ဂျပန်များနာမကျန်းဖြစ်လျှင်ကား ဤသို့ မဟုတ်ပေ။ ထမ်းစင်နှင့် တစ်မျိုး၊, ကားနှင့်တစ်သွယ် သယ်ယူလျက် သူတို့အတွက် သီးသန့်ပြုလုပ်ထားသော ဆေးရုံ, သူတို့စစ်ဘက်ဆရာဝန်, ဆရာမ သူနာပြု စသည်များနှင့် အကျအန ပြုစုကုသကြလေသည်။

ကျွန်တော်တို့သည် ဤလို နားချည်တစ်ခါ သွားချည်တစ်လှည့်နှင့် စိတ်အရှည်ဆုံးထားကာ လူနာ ၂ ဦး ကို တွဲပိုးဆောင်ကြဉ်းကြရလေသည်။ ဤအဖြစ်မျိုး၌မူ လူလူချင်းကရုဏာစိတ်ထားတတ်သော ဘွန်ထိုက်ချိုကြီး ဦးဘစောအား များစွာပင်ချီးကျူးထိုက်လေသည်။ အကယ်၍ ဦးဘစောကသာ ထိုသို့သောစိတ်ထားမျိုးမရှိပါဘဲ၊

http://mmteashop.com



'ဘယ်လိုနည်းနှင့်မျှမလိုက်နိုင်၍ ထားပစ်ခဲ့ရပါသည်'ဆိုလျှင်လည်း ဂျပန်များက ဦးဘစောအပေါ်တွင် အပြင်းအထန် အရေးယူလိမ့်မည်တော့ မဟုတ်ချေ။ တောတွင်း၌ ချွေးတပ်သားတစ်ဦးတစ်ယောက် သေဆုံးမှုကိစ္စဟူသည် ဖက်ဆစ်ဂျပန်စစ်သားများအနေဖြင့် သေနတ်ကျည်ဆံတစ်တောင့်လောက်မျှ တန်ဖိုးမထားသောအဖြစ်ဟု ဆိုရပါမည်။

ကျွန်တော်တို့သည် ညနေ ၄ နာရီထိုးလုနီးမှပင် ရထားလမ်းရှိရာသို့ ရောက်ခဲ့ကြလေသည်။ ကျွန်တော်သည် ဦးဘစောနှင့် ကိုစံခတို့အား ချွေးတပ်သားလူမမာများကို တစ်နေရာတည်းတွင်စုဝေးထားရန် မှာကြားခဲ့ပြီးနောက်၊ ဘွန်ထိုက်ချိုကိုသာမြိုင်အားခေါ်ဆောင်ကာ လူမမာချွေးတပ်သားအားလုံး ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် အိနားမတ်ဆုကို သွားရောက်ပြောကြားရလေသည်။

ထိုအခါ အိနားမတ်ဆုသည် စစ်သား ၄ ယောက်နှင့် စကားပြန်သူငယ်တို့ကိုခေါ်ဆောင်ခဲ့ပြီးနောက် ကျွန်တော်တို့နှင့်အတူ ချွေးတပ်သားများရှိရာသို့လိုက်ပါလာလေသည်။

အိနားမတ်ဆုသည် ဂျပန်စစ်သားများနှင့်အတူ လူမမာချွေးတပ်သားများအား ရေတွက်စစ်ဆေးခြင်း ပြုလေသည်။ ပြီးလျှင် 'လူမမာချွေးတပ်သားများအား ယခုညရောက်လာမည့်ရထားနှင့် မော်လမြိုင်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ မော်လမြိုင်ရောက်သည့်အခါ ကောင်းမွန်စွာ ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း၊ ကျန်းမာလာသည့်အခါ နေရပ်သို့ ပြန်ပို့ပေးမည်ဖြစ်ကြောင်း၊ သို့မဟုတ် အလုပ်ပြန်လည်လုပ်လိုသူများကိုလည်း နီပွန်တပ်မတော်ကြီးက အလုပ်ပြန်လည်ပေးမည်ဖြစ်ကြောင်း၊ အရှေ့အာရှစစ်ပွဲကြီးအောင်မြင်ရေးအတွက် နိပွန်မြန်မာ လက်တွဲရမည်ဖြစ်ကြောင်း' စသည်များကို စကားပြန်သူငယ်မှတစ်ဆင့် တစ်ပုဒ်ချင်းတစ်ပိုဒ်ချင်း ပြောကြားခြင်းပြုလေသည်။

ကျွန်တော်သည် အိနားမတ်ဆုက ထိုကဲ့သို့ပြောကြားစဉ် လူမမာချွေးတပ်သားများ၏အရိပ်အခြည်ကို တစေ့တစောင်း အကဲခတ်လေ့လာမိပါသည်။ အိနားမတ်ဆု၏စကားအချို့ကြောင့် လူမမာချွေးတပ်သားအချို့မှာ ရှင်မြူးအားတက်လာဟန် ရှိလေသည်။ အချို့ကား ခပ်ယဲ့ယဲ့ပြုံးယောင်, ဝမ်းသာယောင် ရှိကြသည်။ အချို့မှာမူ မလှုပ် ငုတ်တုတ်ပင် ရှိကြလေသည်။ သို့ရာတွင် 'အလုပ်ပြန်လည်လုပ်လိုသူများအား အလုပ်ပေးမည်'ဆိုသောစကား, 'အာရှစစ်ပွဲကြီးအောင်မြင်ရေးအတွက် ဂျပန်မြန်မာ လက်တွဲရမည်ဖြစ်ကြောင်း' စသောစကားပိုဒ်များ၌မူ တစ်စုံတစ်ရာ စိတ်အားထက်သန်မှု မတွေ့ရပါချေ။ သူတို့အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်နေကြရုံသာ ဖြစ်လေသည်။ 'အလကားပါကွာ'ဟူသောအဓိပ္ပာယ်ဆောင်ချက်မျိုးသည် လူမမာတော်တော်များများ၏မျက်နှာတွင် ပေါ်လွင်နေသည်ဟူ၍ပင် ကျွန်တော်ထင်မိပါသည်။

ထိုအခိုက်၌ပင် ကျွန်တော့်အနီးတွင်ရှိနေကြသော ဦးဘစောနှင့် ကိုဘတင်တို့ကလည်း ကျွန်တော့်ကို မေးခွန်းထုတ်ပြန်ပါတော့သည်။

"ဆရာလေး။ မော်လမြိုင်ကို ကျွန်တော်တို့ ၂ ယောက် လိုက်ရမှာလား"

ကျွန်တော်သည် စိတ်ထဲတွင်ဖြစ်ပေါ်လာသောအတွေးတစ်ခုအတိုင်း အဖြေပေးလိုက်ပါသည်။

"လိုက်ရမှာပေါ့ဗျ။ ခင်ဗျားတို့ ၂ ယောက်လည်း လိုက်ရမှာပဲ။ ခု လူစစ်တဲ့အထဲမှာ ခင်ဗျား ၂ ယောက်ကိုပါ ထည့်တွက်ထားတာပဲ"

အမှန်အတိုင်းပင်ဖြစ်ပါသည်။ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် လူနာများကိုရေတွက်စစ်ဆေးခြင်းပြုစဉ်က ဦးဘစောရော ကိုဘတင်ကိုပါ ထည့်သွင်းရေတွက်ခြင်းပြုပါသည်။ အားလုံးပေါင်း ၄၃ ယောက်ဖြစ်သည်။ ထို ၄၃ ယောက်လုံးကိုပင် မော်လမြိုင်ကိုပို့ပေးလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

"ဟုတ်ပါ့မလား ဆရာလေး။ ဂျပန်စစ်ဗိုလ်ကို ဆရာလေး မေးကြည့်စမ်းပါလားဗျာ"

ဦးဘစောသည် တစ်စုံတစ်ရာ ဝေခွဲမရသောမျက်နှာဖြင့် ကျွန်တော့်ကို ထပ်ပြောနေပြန်ပါသည်။ လူမမာတချို့မှာအူမြူးနေကြသော်လည်း ဦးဘစောနှင့် ကိုဘတင်မှာ ခပ်တွေတွေခပ်ငိုင်ငိုင်ရှိနေကြလေသည်။

http://mmteashop.com



"မနက်တုန်းက ဆရာလေးတို့ခေါ်လာတဲ့ ၁၅ ယောက်ကရော၊ သူတို့လည်း မော်လမြိုင်သွားရမှာလား"

ကိုဘတင်က မေးပြန်ပါသည်။

စင်စစ် ထိုအမေးသည် မေးသင့်သောစကားပင် ဖြစ်လေသည်။ ကျွန်တော် သိထားရသလောက်ဆိုလျှင် မနက်က ကျွန်တော်တို့နှင့်အတူခေါ်ဆောင်ခဲ့သော ချွေးတပ်သား ၁၅ ယောက်သည် မော်လမြိုင်ကိုလိုက်ရမည့်သူများ မဟုတ်ချေ။ သူတို့သည် စခန်းတွင် ကျွန်တော်တို့နှင့်အတူတွဲကာ ဆက်လက်၍ အလုပ်လုပ်ကြရဦးမည့်သူများသာ ဖြစ်လေသည်။ သို့ဆိုလျှင် ဦးဘစောနှင့် ကိုဘတင်မှာ ထိုသူများထက်ကျန်းမာရေးကောင်းသည်ဟု ဆိုရသောကြောင့် သူတို့ ၂ ယောက် မော်လမြိုင်ပါရေး, မပါရေးမှာ တွေးတောစရာအကြောင်းတစ်ခု ဖြစ်နေပါသည်။ ဘွန်ထိုက်ချိုကိုသာမြိုင်နှင့် ထမင်းချက်ခေါင်းကိုစံခတို့သည်လည်း သည်အတိုင်းပင် ဝေခွဲမရ, တွေးမရ ဖြစ်နေကြသည်။

ကျွန်တော်တို့၏စေတနာကလည်း ဦးဘစောနှင့် ကိုဘတင်တို့ကို မော်လမြိုင် ပါစေချင်ပါသည်။ ကျွန်တော်တို့သည် နေ့ပေါင်းလပေါင်းကြာညောင်းလှစွာ ပင်ပန်းဆင်းရဲခြင်းဒုက္ခအမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရပြီးသူများသာ ဖြစ်သောကြောင့်လည်း ကိုယ်ချင်းစာနာစိတ်နှင့် အားလုံးအပေါ်တွင်သိမ်းကျုံးကာ စေတနာထားတတ်ကြပါသည်။ မိမိတို့အလှည့်မကျရောက်သေးသဖြင့် မိမိတို့ မပြန်ရသေးသည့်တိုင်၊ ဖြစ်နိုင်သမျှသော ဘဝတူများကိုကား ပြန်စေခွင့် ရစေချင်ကြပါသည်။ တောတွင်းချွေးတပ်စခန်းများနှင့်ပတ်သက်သော ဆိုးဝါးခါးသီးလှသည့်သတင်းစကားများကိုလည်း မြို့ပေါ်ရွာပေါ်ရှိ လူများကို လည်းကောင်း, ချွေးတပ်စုဆောင်းရေး ဂျပန်အလိုတော်ရိများကိုလည်းကောင်း ကြားသိစေချင်ပါသည်။ ကျွန်တော်တို့ တောတွင်းရောက်ချွေးတပ်သားအချို့မှာ ဂျပန်ထက်ပင် ချွေးတပ်စုဆောင်းရေးအရာရှိများနှင့် သူကြီး စသောသူများအပေါ် ပို၍ မကျေမနပ်ဖြစ်ကြလေသည်။ ချွေးတပ်သားများသည် ထိုသူများအပေါ် တက်တခေါက်ခေါက် အံတကြိတ်ကြိတ်နှင့် ကျိန်ဆဲရေရွတ်ခြင်းပြုကြလေသည်။

ကျွန်တော်သည် ကိုဘတင်အမေးကို ဟုတ်တိုင်းမှန်ရာအဖြေပေးလိုက်ပါသည်။

"ဟို ၁၅ ယောက်ကတော့ နေရစ်ခဲ့ရမယ့်လူတွေပဲ။ နောက်တစ်ခုကတော့ ခင်ဗျားတို့ကိစ္စကို မေးပေးပါဆိုရင် အိနားမတ်ဆုကို ကျွန်တော်မေးပေးမယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ် ကိုဘစော။ မေးလိုက်မှ သတိပေးသလိုဖြစ်နေရင်လည်း မကောင်းဘူး။ အသာ မသိလိုက်မသိဘာသာနေလိုက်ရင် ကောင်းမယ်ထင်တယ်"

ကျွန်တော်က စဉ်းစားမိသလောက် ပြောရလေသည်။ ကျွန်တော်ထင်သည်မှာ ဤဆေးရုံစခန်းမှ လူများ၏ 'မော်လမြိုင်ပါရေး, မပါရေး' အဆုံးအဖြတ်သည် ဂျပန်စစ်ဗိုလ် အိနားမတ်ဆု၏အဆုံးအဖြတ်ပေါ်တွင် တည်သည်ဟူ၍ပင် ထင်သည်။ ဦးဘစောနှင့် ကိုဘတင်တို့ကိစ္စသည် အိနားမတ်ဆုထည့်ပေးလျှင် ပါမည်။ သူ ထည့်မပေးလိုက ကျန်ရစ်မည်။ အိနားမတ်ဆုထက်အဆင့်အတန်းကြီးသော တပ်ဒိန်စခန်းနှင့် သံဖြူဇရပ်ရှိဂျပန်စစ်ဗိုလ်ကြီးများသည် ဤမျှအထိ အသေးစိတ်လိုက်လိမ့်မည်မဟုတ် ဟုကျွန်တော်ထင်ပါသည်။

ဤလို ကျွန်တော်တို့ ၅ ဦးအနေဖြင့် မရှင်းမလင်းဖြစ်နေသောကိစ္စသည် စကားပြန်သူငယ် ရောက်လာသောကြောင့် ချက်ချင်းပင်အဖြေပေါ်လာပါသည်။

စကားပြန်သူငယ် မောင်ချစ်အား ဦးဘစောတို့ကိစ္စကို ကျွန်တော်က ချော့မော့မေးမြန်းသည့်အခါ မောင်ချစ်က အောက်ပါအတိုင်း ပြောပါသည်။

'ဦးဘစောနှင့် ကိုဘတင်တို့သည် လူမမာများနှင့်အတူ မော်လမြိုင်သို့ လိုက်ရမည်ဖြစ်ကြောင်း၊ ထိုအကြောင်းကို အိနားမတ်ဆုက ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ ဤလိုဆုံးဖြတ်သည်မှာလည်း တခြားကြောင့်မဟုတ်။ ဦးဘစောနှင့် ကိုဘတင်တို့သည် လူနာများအား ဆေးရုံစခန်းတွင် ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းသောကြောင့် တစ်ကြောင်း၊ တောတွင်းဆေးရုံစခန်းမှာ ရထားလမ်းရောက်သည်အထိ စောင့်ရှောက်ခေါ်ဆောင်ခဲ့သောကြောင့် တစ်ကြောင်းပင်

http://mmteashop.com



ဖြစ်လေသည်။ ဦးဘစောနှင့် ကိုဘတင်မှာ 'စေတနာအကျိုးပေးခြင်း' ဟူ၍ပင်ဆိုရပါမည်။

ထိုအခါမှ ဦးဘစောနှင့် ကိုဘတင်တို့မှာလည်း ရယ်နိုင်ပြုံးနိုင်လာကြပါသည်။ ပြီးလျှင် သူတို့ ၂ ဦးက ကျွန်တော်တို့တစ်တွေကိုလည်း 'သည်ချွေးတပ်စခန်းမှ အမြန်ဆုံးလွတ်ပါစေ, ကျွတ်ပါစေ'ဟု ဆုတောင်းပါကြောင်းနှင့် မျက်ရည်များကျဆင်းကာ ပြောကြားခြင်းပြုရှာကြလေသည်။

ကျွန်တော်တို့ ၃ ယောက်မှာလည်း သူတို့ ၂ ဦးကိုကြည့်ကာ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါလေသည်။ သူတို့ပြန်ကြရတော့မည်ဆိုသည့်အတွက် ကျွန်တော်တို့ ဝမ်းသာရလေသည်။ သို့ရာတွင် ပြန်ရမည့်နေ့ရက်ကို အတိအကျ ဘာမျှမပြောနိုင်သေးသော ကိုယ်ရေးကိုယ်တာအတွက်လည်း ဝမ်းနည်းစိတ်မကောင်း ဖြစ်ရသည်တော့ အမှန်။

"တစ်ခုလည်းသတိထားနော် ဦးဘစော။ ခင်ဗျားတို့ ၂ ယောက်ဟာ မော်လမြိုင်ရောက်တဲ့အထိ သိပ်ပြီး လူသန်မာကြီးတွေလို လုပ်မနေကြနှင့်ဦး။ ဂျပန်တွေက အခက်သားဗျ။ တစ်ယောက်က တစ်နေရာကနေပြီး ဒီလို လုပ်ပေမယ့် တစ်နေရာရောက်တော့ တခြားတစ်ယောက်က တစ်မျိုးဖြစ်ချင်ဖြစ်နေတတ်တယ်။ မတွေ့ဘူးလားဗျ။ တချို့လူတွေဟာ သူတို့မြို့သူတို့နယ်ကလာတုန်းတော့ ဘွန်ထိုက်ချီ, ဟန်ချီပါပဲ။ အဲ–တောထဲလည်းရောက်ရော လက်ပတ်တံဆိပ်တွေ ပြုတ်ပစ်လိုပစ်, အလုပ်ကြမ်းထဲ ထည့်နိုင်းလိုနိုင်းနှင့် ဘလောင်းဘလဲဖြစ်ကုန်တာပဲ"

ကျွန်တော်က သူတို့ ၂ ဦးကို သတိပေးရပါသည်။ ဂျပန်တို့သည် ဤလိုအပြုအမူမျိုးကို တဖွတ်ထိုးပြုမူတတ်ကြပါသည်။ ကျွန်တော်တို့ကား မကြာခဏဆိုသလို ဤအဖြစ်မျိုးကို ကြုံတွေ့ခဲ့ရဖူးလေသည်။

"ဆရာလေးပြောတာ ဟုတ်တယ်ဗျ။ အဲဒါမျိုးတော့ ကျွန်တော်တို့ သတိထားရမယ်။ အတော်ကြာ ဒီစခန်းက လွှတ်လိုက်ပြီး တခြားစခန်းရောက်မှ 'ရထားပေါ်က ဆင်းခဲ့' ဆိုရင် သေဖို့ပဲကောင်းတယ်"

ကိုဘတင်က ပြောလေသည်။

ဤလို ကျွန်တော်တို့စကားပြောနေခိုက် ညနေ ၄ နာရီထိုးသွားပြီဖြစ်သောကြောင့်လည်း အလုပ်စခန်းများ ရှိရာမှ သုံ့ပန်းချွေးတပ်သားများရော အရပ်သားချွေးတပ်သားများပါ အလုပ်သိမ်းကာ တက်ရောက်လာကြလေသည်။ ထိုအခါ ကျွန်တော်တို့နှင့်အတူရှိနေသော ဂျပန်စစ်သားများသည် လက်များဝှေ့ယမ်းလျက် အလုပ်သိမ်းလာသော ဂျပန်စစ်သားများရှိရာသို့ လှမ်းအော်လေသည်။ သဘောမှာ 'အလုပ်သိမ်း၍တက်ရောက်လာသော ချွေးတပ်သားများအား ကျွန်တော်တို့ရှိရာဘက်သို့ မလာစေရန်နှင့် စခန်းရှိရာသို့ ခပ်သုတ်သုတ်သွားကြ' ဟူသော အော်ဟစ်အမိန့်ပေးခြင်းပင် ဖြစ်လေသည်။

ထိုအခါ ချွေးတပ်သားများကိုစောင့်ကြပ်ခေါ်ဆောင်လာသော ဂျပန်စစ်သားများသည် ရှေ့မှနေကာ ကျွန်တော်တို့ဘက်သို့လာသောလမ်းကို ပိတ်ဆို့ထားလိုက်လေသည်။ ကျန်သောဂျပန်စစ်သားများက သုံ့ပန်းချွေးတပ်သားများနှင့် အရပ်သားချွေးတပ်သားများကို ရထားလမ်းဘေးချောက်ထဲသို့ မောင်းချရလေသည်။ ထိုချောက်ထဲမှနေကာ ကုန်းမြင့်ကို တက်ရောက်ပြီးနောက် စခန်းရှိရာသို့သွားရောက်ကြရန် ဖြစ်လေသည်။

သို့နှင့် အလုပ်ခွင်မှချွေးတပ်သားအားလုံးကုန်တော့မှပင် အီနားမတ်ဆုသည် ကျွန်တော်နှင့် ကိုစံဝေတို့အား 'မော်လမြိုင်သို့ပို့မည့်လူမမာများအား ညစာထမင်းကျွေးရန်' အမိန့်ပေးပါသည်။ ပြီးလျှင် 'ကျွန်တော်နှင့် ကိုသာမြိုင်ကိုလည်း ဤနေရာတွင်ပင် ထမင်းများစားသောက်လျက် ရထားလာသည်အထိ စောင့်နေကြရမည်။ တဲတန်းလျားရှိရာသို့ မပြန်ရသေး' ဟုပြောပါသည်။ အီနားမတ်ဆုသည် ထိုအစီအစဉ်များအားလုံးကို စီစဉ်ညွှန်ကြားပြီးမှ စကားပြန်သူငယ်နှင့်အတူ စခန်းသို့ပြန်သွားလေသည်။ သေနတ်ကိုင်ဂျပန်စစ်သား ၄ ယောက်မှာမူ ကျွန်တော်တို့နှင့် အတူကျန်ရစ်ခဲ့လေသည်။

အမှောင်ရိပ်များထိုးကာ မိုးကြီးစုပ်စုပ်ချုပ်လေပြီ။ 'ည ၇ နာရီထက်မနည်း ရှိလိမ့်မည်' ဟု ကျွန်တော်

http://mmteashop.com



ထင်ပါသည်။ ဤအချိန်ထိအောင် အိနားမတ်ဆုလည်း မပေါ်လာသေး။ ရထား၏အရိပ်အယောင်ကိုမျှလည်း မတွေ့မမြင်ရသေး။ လူနာတွေမှာလည်း ရထားလမ်းဘေး ဘူမိကမ္ဗလာမြေမွေ့ရာပေါ်တွင် အတုံးအရုံး အိပ်စက်နေကြလေပြီ။ ဟောက်သံနှင့် ညည်းတွားသံများသည် ထိုနေရာမှထွက်ပေါ်နေ၏။ ဂျန်စစ်သား ၄ ယောက်မှာလည်း သေနတ်ကိုရင်ဝယ်ပိုက်လျက် ငိုက်မျဉ်းနေကြလေပြီ။ ကျွန်တော်တို့ ၅ ယောက်အစုမှာလည်း တသမ်းသမ်း တဝေဝေနှင့် ပျင်းရိငြီးငွေ့လာကြပါလေသည်။

ကျွန်တော်သည် မီးရထားသံလမ်းရှိရာသို့ မျှော်ကြည့်လိုက်သည်။ အမှောင်ထုသည် ကြီးမားစွာဖုံးလွှမ်းထားသည်။ မည်သည့်အရာကိုမျှ ကွဲကွဲပြားပြားမမြင်ရ။ ရထားလမ်းနှင့်ခပ်ကွာကွာရှိ သစ်ပင်ကြီးများသည် အမှောင်ထဲတွင် ဣန္ဒြေတစ်ခွဲသားလောက်နှင့် ချောက်လုန့်နေသလိုထင်ရလေသည်။ ၃ ဆုသောစေတီငယ်များမှာလည်း အမှောင်ထုအောက်တွင် ကွယ်ပျောက်လျက်ရှိလေသည်။ တစ်ခါတစ်ခါ ကျွန်တော်တို့နားထဲတွင်ကြားရသော အသံတစ်ခု ရှိလေသည်။ ထိုအသံမှာ ခပ်လှမ်းလှမ်းတောနက်ရာမှ ကျားဟိန်းသံပင် ဖြစ်လေသည်။

ဦးဘစောနှင့် ကိုသာမြိုင်တို့မှာ မီးပုံထဲသို့ သစ်ကိုင်းခြောက်, ဝါးကိုင်းခြောက်များကို ထိုးထည့်လျက်ရှိလေသည်။ ထမင်းချက်ခေါင်းကြီး ကိုစံခမှာမူ အိပ်ငိုက်လိုက်, ရထားလာ မလာလှမ်းမေးလိုက်, တစ်ဖန်ပြန်ငိုက်မျဉ်းလိုက် ဖြစ်နေလေသည်။

သည်လိုနှင့် ၈ နာရီကျော်ကျော်လောက်တွင် အိနားမတ်ဆု ရောက်လာလေသည်။ သူနှင့်အတူ စကားပြန်သူငယ်အပြင် ဂျပန်စစ်သား၊ ၂ ယောက်တို့ နောက်ထပ်ပါရှိလာလေသည်။ အိနားမတ်ဆုလက်တွင် အစိမ်းရောင်မီးအိမ်နှင့် အနီရောင်မီးအိမ်တစ်လုံးကျ ပါရှိလာသည်။ စကားပြန်သူငယ်၏လက်ထဲတွင် မီးအိမ်တစ်ဖက် ကညင်ဆီမီးချောင်းတစ်ဖက် ပါရှိလာလေသည်။

ကျွန်တော်တို့သည် အိနားမတ်ဆု၏ အမိန့်ပေးချက်အရ ဂျပန်စစ်သားများနှင့်အတူတွဲကာ သံလမ်းတစ်ဘက်ရှိ လူမမာချွေးတပ်သားများအား အခြားတစ်ဘက်သို့ ရွှေ့ပြောင်းခြင်းပြုရလေသည်။ ထိုအချိန်၌ကား လူမမာချွေးတပ်များမှာ အတန်ငယ်သွက်လက်စွာပင် လှုပ်ရှားမှုပြုကြပါသည်။ ပြီးလျှင် ထိုသူများအား သံလမ်းနှင့် အတန်ငယ်ကွာသည့်နေရာတွင် တန်းစီကာအထိုင်ခိုင်းထားလေသည်။ ဂျပန်စစ်သား ၆ ယောက်တို့သည် မီးအိမ်နှင့် မီးတိုင်များကိုကိုင်မြှောက်ကာ ချွေးတပ်သားများကို ရေတွက်စစ်ဆေးခြင်းပြုပြန်လေသည်။

မကြာမီ အမှောင်ထုကြီးအတွင်းမှ တရှိုးရှိုးခုတ်မောင်းလာသောရထားသံကို ကြားရလေသည်။ သို့ရာတွင် ရထားကိုကား မမြင်မတွေ့ရသေးချေ။ အိနားမတ်ဆုသည် ရထားလမ်းအနီးသို့ထွက်ရပ်ကာ လက်တစ်ဖက်က မီးနီကို ဝှေ့ယမ်းမြှောက်ပြလေသည်။

ကျွန်တော်တို့သည် စက္ကန့်ပိုင်း အချိန်အတန်ကြာမှ ရထားကို လှမ်းမြင်ကြရလေသည်။ သို့ရာတွင် ရှေ့မီးလုံးဝမပါသော ရထား၏သဏ္ဌာန်သည် ပြတ်ပြတ်သားသား မဟုတ်။ အမှောင်ထုအတွင်းမှ တအိအိခုတ်မောင်းလာသော ရှည်ရှည်မည်းမည်းအရာဝတ္ထုကြီး ဟူ၍သာ တွေ့မြင်ကြရခြင်းဖြစ်လေသည်။

ရထားသည် ဘုရား ၃ ဆူဘူတာတွင် စက်ရှိန်သတ်ကာ ရပ်တန့်လိုက်လေသည်။ ထိုအခါမှပင် ခေါင်းတွဲမောင်းလာသောဂျပန်နှင့် မီးထိုးသမားဂျပန်များ၏မျက်နှာများကို ကျွန်တော်တို့ တွေ့မြင်လိုက်ရလေသည်။ ရထားမောင်းသမားဂျပန်သည် မီးအိမ်ငယ်တစ်လုံးကိုမြှောက်ကိုင်ထားရင်းမှ အိနားမတ်ဆုအား တစ်စုံတစ်ခု လှမ်းမေးလေသည်။ ပြီးသော် ရထားထက်မှ ခုန်ဆင်းလိုက်သည်။

ရထားခေါင်းတွဲမှာ ထင်းမီးထိုးခေါင်းတွဲဖြစ်ပါသည်။ ထင်းမှာလည်း ကျွန်တော်တို့ချွေးတပ်သားများ ခုတ်လှဲဖြတ်တောက်ထားရသောတောထင်းများ ဖြစ်ပါသည်။ ဤတွင် 'တောထင်း' ဟူဆိုရာ၌ ီးအားကောင်းသော ကနစိုထင်းမျိုး, အင်ကညင်လိုထင်းမျိုးတော့ မဟုတ်ပေ။ တောသစ်ပင် ဟူသမျှ တွေ့ရာမြင်ရာကိုခုတ်လှဲဖြတ်

http://mmteashop.com



တောက်ထားခြင်းသာ ဖြစ်လေသည်။ ယုတ်စွအဆုံး ကြောင်လျှာသားများပင် ပါရှိတတ်လေသည်။

ရထားသည် ယိုးဒယားဘက်မှလာရသောရထား ဖြစ်လေသည်။ တွဲပေါင်းများစွာပါသည်တော့ မဟုတ်။ စုစုပေါင်းမှ တွဲ ၅ တွဲ ဖြစ်လေသည်။ ၃ တွဲမှာ အလုံပိတ်ထားသောအမိုးအကာနှင့် တွဲလုံးများဖြစ်သည်။ တွဲ ၂ တွဲမှာ ၂ ပေလောက်အမြင့်ရှိသော အကာမျှသာပါသည့်ကုန်တင်တွဲကလေးများ ဖြစ်လေသည်။ ဂတ်ဗိုလ်တွဲ ဟူ၍ကား အလျှင်းမပါရှိပေ။

ရထားကိုတွေ့ရသည့်အခါ ဦးဘစော အစရှိသောလူနာများ၏စိတ်ထဲတွင် အဘယ်ပုံရှိလေမည် မပြောတတ်သော်လည်း၊ ကျွန်တော်၏စိတ်ထဲတွင်မူ ဝမ်းနည်းသယောင်ယောင် လွမ်းဆွတ်သလိုလို ဖြစ်ရလေသည်။

ရထားမောင်းလာသောဂျပန်သည် အချိန်အတော်ကြာ အိနားမတ်ဆုနှင့် စကားပြောနေကြပါသည်။ ထိုအချိန်ထိအောင်ပင် လူနာချွေးတပ်သားများမှာလည်း ရထားပေါ်သို့ မတက်ကြရသေးပါ။ ကျွန်တော်သည် အိနားမတ်ဆု၏ နောက်ပါးမှနေကာ လူနာချွေးတပ်သားများ၏အရိပ်အကဲကို လည်းကောင်း၊ ဂျပန်စစ်သားများနှင့် စစ်ဗိုလ်အိနားမတ်ဆု ရထားမောင်းသမားဂျပန် စသူတို့၏လှုပ်ရှားမှုများကို လည်းကောင်း ကြည့်ရှုလေ့လာနေမိလေသည်။ ရထားမောင်းသမား ဂျပန်သည် အိနားမတ်ဆုနှင့် စကားပြောသည့်အခါ အတော်ပင် လေးလေးစားစားနှင့်ပြန်လည်ပြောကြားနေရသည်ကိုလည်း ကျွန်တော် သတိပြုမိပါသည်။ အိနားမတ်ဆု၏အဆိုအမိန့်ကို နာခံနေရဟန် တူလေသည်။ ဦးဘစော၊ ကိုတတင် စသော လူနာချွေးတပ်သားများမှာမူ တလပ်လှုပ်တရွရွ ဖြစ်နေကြလေသည်။ သေနတ်ကိုင်ဂျပန်စစ်သားများမှာမူ လူနာချွေးတပ်သားများအား ဝိုင်းပတ်ထားလေသည်။ ထို သေနတ်ကိုင်စစ်သား ၆ ယောက်အနက် အိနားမတ်ဆုနှင့် နောက်ထပ်ပါလာသောဂျပန်စစ်သား ၂ယောက်တို့မှာမူ ကျန်သူ ၄ ယောက်နှင့်မတူပါ။ သူတို့ ၂ ဦးမှာ လူနာချွေးတပ်သားများအား စောင့်ကြပ်ပို့ဆောင်ရမည့်သူ ၂ ယောက် ဟု ကျွန်တော်ထင်ပါသည်။ အဘယ့်ကြောင့်ဆိုရပါမူ သူတို့တွင် ရေဘူးမှစ၍ ခရီးဆောင်လွယ်အိတ် စသည်များ ပါရှိသောကြောင့် ဖြစ်လေသည်။

မကြာမီ ရထားမောင်းဂျပန်သည် ရထားခေါင်းတွဲပေါ်ရှိ သူ့အဖော် ၂ ယောက်ကို တစ်စုံတစ်ရာလှမ်းအော်ပြောလိုက်ပါသည်။ ထိုအခါ ၂ ယောက်စလုံး ခုန်ဆင်းလာကြလေသည်။ သူတို့သည် အိနားမတ်ဆုကို စစ်ထုံးစံအတိုင်း အလေးပြုကြသည်။ ပြီးလျှင် အိနားမတ်ဆုကိုခေါ်ဆောင်ကာ တွဲပက်လက် ၂ ခုရှိရာသို့ ထွက်ခွာသွားကြလေသည်။ စကားပြန်သူငယ်သည် မီးအိမ်ကိုလက်ကကိုင်ကာ အိနားမတ်ဆုဘေးမှ လိုက်ပါသွားလေသည်။

မကြာမီပင် တွဲပက်လက် ၂ ခုရှိရာမှ အိနားမတ်ဆု၏လှမ်းအော်သံကို ကြားလိုက်ရလေသည်။ အိနားမတ်ဆု၏ ထိုအော်ဟစ်သံကြောင့် သေနတ်ကိုင်ဂျပန်စစ်သား ၂ ယောက်သည် အိနားမတ်ဆုတို့ရှိရာသို့ ပြေးသွားလေသည်။ ထို့နောက်၌ကား တွဲပက်လက်ရှိရာဆီမှ အော်ဟစ်ဆဲရေးသံ၊ တဘုံးဘုံးထုရိုက်ကန်ကျောက်သံများကို ကြားလိုက်ရလေသည်။

ကျွန်တော်သည် အိနားမတ်ဆုတို့လူစုရှိရာသို့ အထိတ်တလန့်နှင့် လှမ်းကြည့်လိုက်သည်။ ခပ်မှုန်မှုန် ခပ်ဝါးဝါး မီးရောင်အောက်တွင် တွဲပေါ်မှတစ်စုံတစ်ယောက်ကို ဂျပန်စစ်သားက ကန်ချလိုက်သည်ကို မကွဲမပြား တွေ့မြင်လိုက်ရလေသည်။ တွဲပေါ်မှကန်ချခံရသူမှာ မြေပြင်ပေါ်ရောက်သည့်ထိ မထနိုင်ပါချေ။ ရထားလမ်းဘေးတွင် ခွေခွေကလေးလဲနေပါသည်။ ထိုသူကို ရထားမီးထိုးသမားဂျပန်က ဆဲရေးကန်ကျောက် နေပြန်ပါလေသည်။

"ဆရာလေး။ ဟိုမှာ ဆူဆူဆူဆူနှင့် ဘာတွေဖြစ်နေပြန်လဲမသိဘူးဗျ"

အနီးတွင်ရှိနေသော ကိုစံခက ပြောလေသည်။

"ကျွန်တော်တို့အထဲက တစ်ယောက်ယောက်များလား။ ဒါမှမဟုတ် မနက်ကခေါ်လာတဲ့ လုမမာထဲက များလား"

ကိုသာမြိုင်က ပြောလေသည်။

http://mmteashop.com



ကျွန်တော့်စိတ်ထဲတွင် ရုတ်တရက် တွေးလိုက်မိသည်မှာလည်း ကိုသာမြိုင်ယူဆသလိုပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ချွေးတပ်သားအုပ်စုထဲမှ တစ်စုံတစ်ယောက်သည် လူနာများအား မော်လမြိုင်ပို့မည့်ကိစ္စကို သိရှိသဖြင့် တိတ်တဆိတ်လာရောက်ကာ ရထားတွဲပေါ်သို့တက်နေခြင်းဖြစ်လိမ့်မည်ဟု ထင်မိပါသည်။

ထိုအခိုက်၌ပင် "ဘိရုမာမာစတာ–ဘိရုမာမာစတာ"ဟူသော အိနားမတ်ဆု၏အသံနှင့် "ဆရာလေး–ဆရာလေး"ဟူသော စကားပြန်သူငယ်၏ခေါ်သံကို ကြားလိုက်ရလေသည်။

ကျွန်တော်သည် အိနားမတ်ဆုတို့ရှိရာသို့ ခပ်သွက်သွက်လျှောက်လာခဲ့လေသည်။

ကျွန်တော် သူတို့အနီးသို့ရောက်သွားသည့်အခါ ဂျပန်စစ်သားက လဲနေသူအား ကုပ်ပိုးမှကိုင်ကာ ဆွဲထူလိုက်သည်။ အိနားမတ်ဆုသည် မောင်းချစ်၏လက်တွင်းမှ မီးအိမ်ကိုလှမ်းယူကာ ထိုသူ၏မျက်နှာအနီးသို့ ထိုးကပ်လိုက်ပြီး၊ "ဘိရုမာရှိတက–ဘိရုမာရှိတက"ဟူ၍ ကျွန်တော့်ကို ခပ်တွင်တွင် မေးပါလေသည်။

ကျွန်တော်သည် ထိုသူ၏မျက်နှာကို အသေအချာကြည့်ပါသည်။ ကျွန်တော့်အနီးသို့ ရောက်လာကြသော ကိုသာမြိုင်နှင့် ကိုစံခလည်း ထိုသူကို အသေအချာကြည့်ကြပါသည်။ ထိုသူမှာ အသက် ၃၀ ကျော်လောက် ဖြစ်ပါသည်။ ရှပ်အင်္ကျီလက်တိုကိုဝတ်ထားသည်။ ဘောင်းဘီခပ်ပွပွနှင့် ဘိုကေနှင့်ဖြစ်သည်။ ထိုသူ၏ အသားအရေမှာ တရုတ်တစ်ယောက်လိုလို၊ ကရင်လိုလို၊ ဗမာတစ်ယောက်လိုလို၊ ရှမ်းအမျိုးသား တစ်ယောက်လိုလိုနှင့် ကျွန်တော်တို့ ခွဲခြားမရပါ။ သူ့တစ်ကိုယ်လုံး ပေကျံညစ်ပတ်လျက် ကုပ်ချောင်းချောင်းကြောင်တောင်တောင် ဖြစ်လေသည်။

"ကျွန်တော်တို့အထဲကတော့ မဟုတ်ဘူးဗျ"

ကိုသာမြိုင်က ပြောပါသည်။

"ချွေးတပ်သားတော့ ချွေးတပ်သားပဲဗျ"

ကိုစံခက ပြောလေသည်။

'ထိုသူမှာ ကျွန်တော်တို့အထဲက မဟုတ်ကြောင်း' ချက်ချင်းပင် ကျွန်တော်တို့သိပါသည်။ ပြီးလျှင် ကိုစံခပြောသလို ချွေးတပ်သားတစ်ယောက်ဖြစ်လိမ့်မည်ဟုလည်း ကျွန်တော်တို့ ခန့်မှန်းမိကြပါသည်။

ထိုအခိုက် အိနားမတ်ဆုက ထိုသူသည် ကျွန်တော်တို့အထဲက ဟုတ်–မဟုတ် မေးမြန်းပါသည်။ ကျွန်တော်က မဟုတ်ကြောင်း ဖြေရလေသည်။ တစ်ဖန် 'ဗမာအမျိုးသားတစ်ယောက် ဟုတ်သလား'ဟု မေးမြန်းပါသည်။ ထိုအမေးကို ကျွန်တော်တို့ မဖြေတတ်ကြပါ။ ဤသို့ဖြစ်နေစဉ် ရထားမောင်းသမားဂျပန်သည် ကျွန်တော်တို့ရှိရာသို့ ရောက်လာလေသည်။ သူသည် ထိုသူနှင့် ကျွန်တော်တို့အဖြစ်ကို ခဏမျှငေးကြည့်နေပြီးနောက်၊ 'ထိုသူမှာ ယိုးဒယားချွေးတပ်သားတစ်ယောက်ဖြစ်ကြောင်း၊ ရထားပေါ်တွင် ခိုးလိုက်လာခြင်း ဖြစ်မည်ဖြစ်ကြောင်း၊ ကောင်းစွာလည်း စိတ်နှံ့ပုံမရကြောင်း' အိနားမတ်ဆုကို ပြောလေသည်။

ထိုအခါမှ အိနားမတ်ဆုသည် ဂျပန်စစ်သားတစ်ယောက်အား ထိုသူကို မီးရထားလမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ခေါ်ဆောင်သွားရန် အမိန့်ပေးလေသည်။ ဂျပန်စစ်သားသည် ထိုသူကို ရိုက်မောင်းပုတ်မောင်းလုပ်ကာ ဆွဲခုတ်သွားလေသည်။ ပြီးလျှင် အမှောင်ထုအတွင်းသစ်ပင်ကြီးအောက်၌ ထိုသူကို အထိုင်ခိုင်းထားခဲ့လေသည်။

ထိုကိစ္စပြီးမှပင် ကျွန်တော်တို့သည် အိနားမတ်ဆု အမိန့်ပေးသည့်အတိုင်း ဂျပန်စစ်သားနှင့်အတူ လူနာများကို စစ်ဆေးရေတွက်လျက် ရထားပေါ်သို့ တင်ဆောင်ပေးကြရလေသည်။ အတော်ကြီးမကျန်းမမာဖြစ်နေသော လူနာ ၂ ယောက်ကိုလည်း ပွေ့ချီကာတင်ကြရလေသည်။ ဦးဘစောနှင့် ကိုဘတင်တို့ ၂ ဦးမှာလည်း ကျွန်တော်တို့ကိုနှုတ်ဆက်ကာ ရထားတွဲပေါ်သို့ တက်ရောက်သွားကြလေသည်။ ခပ်စောစောက ကျွန်တော်ရေးသားခဲ့သည့်

http://mmteashop.com



အတိုင်းပင် လက်နက်ကိုင် ဂျပန်စစ်သား ၂ ယောက်တို့မှာလည်း တွဲပက်လက်တစ်ခုပေါ်တွင် တစ်ယောက်ကျစောင့်ကြပ်လိုက်ပါကြလေသည်။

ရထားသည် ချက်ချင်းတော့မထွက်နိုင်သေးပါ။ မီးပေါင်ပြည့်အောင် မီးထိုးနေရပါသေးသည်။ ဤလိုနှင့်အချိန် နာရီဝက်ခန့်ကြာမှပင် ဥသြတစ်ချက်ဆွဲကာ ရထား ထွက်ပါလေသတော့သည်။

ကျွန်တော်, ကိုသာမြိုင်နှင့် ထမင်းချက်ခေါင်းကြီး ကိုစံခတို့သည် ရထားဘေးတွင် ၃ ယောက်သားတန်းစီရပ်လျက် ရထားထွက်သွားသည်ကို တွေတွေငေးငေးကြီးကြည့်နေမိကြလေသည်။ ဂျပန်စစ်ဗိုလ်အိနားမတ်ဆုသည် မီးအိမ်စိမ်းဇော့ယမ်းပြနေဆဲ ဖြစ်သည်။

မကြာမီပင် ရထားသည် အမှောင်ထုကြီးအတွင်းသို့ တဖြည်းဖြည်းဝင်ရောက်ကာ ကွယ်ပျောက်သွား လေသည်။

http://mmteashop.com

## မိတ်ဆွေများနှင့်ဆုံတွေ့ခြင်း

ကျွန်တော်တို့သည် လူနာစစ်သားများ၏ကိစ္စ တာဝန်ပြီးဆုံးသည့်အခါ၊ အိန္ဒိယမှတ်ဆရာ၏ရှေ့ဆောင်မှုဖြင့် ခပ်စောစောအချိန်က ယိုးဒယားစစ်သားကိုအထိုင်ခိုင်းထားသော အင်ပင်ကြီးအောက်သို့ လာရောက်ခဲ့ကြလေသည်။ သို့ရာတွင် ကျွန်တော်တို့သည် ရထားခိုးစီးလာသော ထိုယိုးဒယားအမျိုးသားအား မတွေ့ရတော့ပါချေ။ ဂျပန်စစ်သားများနှင့် ကျွန်တော်တို့ သစ်ပင်ကြီးအောက်အနှံ့အပြားတွင် လည်းကောင်း, ဘေးပတ်ဝန်းကျင်နေရာတွင်လည်းကောင်း ကညင်ဆီမီးတိုင်များကိုထွန်းညှိလျက် လိုက်လံရှာဖွေခြင်းပြုရလေသည်။ သို့ရာတွင် ထိုသူကိုကား အစအနသော်မျှ မတွေ့ရတော့ပါပေ။

ဤတွင် ကျွန်တော်တို့အားလုံးပင် စိတ်မကျေနပ်ကြသဖြင့် စေတီ ၃ ဆူရှိရာ ရောက်သည်ထိလည်းကောင်း, မီးရထားလမ်းကိုဖြတ်ကျော်၍ တစ်ဘက်သောတောစပ်အနီးသို့ ရောက်သည်ထိလည်းကောင်း လူစုခွဲကာ ရှာဖွေခြင်း ပြုကြပြန်ပါသည်။ သို့ရာတွင် အရိပ်အရောင်သော်မျှ မမြင်။ အချည်းနှီးသာ ဖြစ်ကြရလေသည်။

ကျွန်တော်၏မိတ်ဆွေကြီးများဖြစ်သော ကိုသာမြိုင်နှင့် ကိုစံခတို့ကမူ ယိုးဒယားစစ်သားသည် ဂျပန်များနှင့် ကျွန်တော်တို့ အလုပ်ရှုပ်နေချိန်တွင် ယိုးဒယားဘက်သို့ ပြန်လည်ထွက်ပြေးသွားခြင်းဖြစ်လိမ့်မည်ဟု ပြောကြပါသည်။ စကားပြန်သူငယ် မောင်ချစ်ကမူ ထိုစစ်သားသည် ကျွန်တော်တို့အလစ်တွင် မီးရထားတွဲများကြားတွင်သော်လည်းကောင်း, အခြားတွဲလွတ်တစ်ခုခုပေါ်တွင်သော်လည်းကောင်း တက်ရောက်လိုက်ပါသွားခြင်းပင် ဖြစ်လိမ့်မည်ဟု ထင်ကြေးပေးပါသည်။ သို့ရာတွင် ထိုသူ၏ကိစ္စမှာ မည်သူ့ထင်မြင်ချက်က မှန်မည်ဟု မပြောနိုင်သော်လည်း ဂျပန်စစ်သားရော, ကျွန်တော်တို့ပါ ထိုစစ်သားကိုရှာဖွေ၍ကား မတွေ့ကြရတော့။ နောက်ဆုံး လက်လျှော့ကာ စခန်းသို့ပြန်ခဲ့ကြရပါလေသည်။

အထက်ပါ အကြောင်းများကိုကြုံတွေ့ခဲ့ရပြီး၍ နောက်ထပ် တနင်္ဂနွေ ၃ ပတ်ခန့် ကြာရှိသွားသည့် အချိန်၌မူ ကျွန်တော်တို့နေထိုင်ရာ ဘုရား ၃ ဆူစခန်းသို့ စစ်သားများ ထပ်မံကာရောက်ရှိလာကြပြန်ပါသည်။ ထိုစစ်သားများသည် မြို့ပေါ်ရွာပေါ်မှ အသစ်ထပ်မံရောက်ရှိလာကြသော စစ်သားလူသစ်များတော့ မဟုတ်ကြပါချေ။ စခန်းပြောင်းရွှေ့လာသော လူဟောင်းစစ်သားများသာ ဖြစ်ကြပါလေသည်။ ထိုသူများထဲ၌လည်း ကျွန်တော်၏သိဟောင်းကျွမ်းဟောင်းဖြစ်သော ဆင်ခေါင်းကြီး ဦးနမ့်လွေ့နှင့် ကျောက်တစ်လုံးစခန်းတွင် နေထိုင်စဉ်က သိကျွမ်းခင်မင်ခဲ့ရသော စားနပ်ရိက္ခာကိုဒေါင်စာရေး ကိုသန်းမောင်, လက်နက်ပစ္စည်းဂိုဒေါင်စာရေး ကိုချစ်ထွန်း စသူများပါရှိလာလေသည်။ သူတို့ပြောင်းရွှေ့လာရသောအုပ်စုထဲတွင် စစ်သားပေါင်း ၁၀၀ ကျော်နှင့် ဆင် ၁၀ စီးခန့် ပါဝင်လေသည်။

ကျွန်တော်မှာ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်းရသဖြင့် ဝမ်းသာသလိုလို ဖြစ်မိသော်လည်း၊ တစ်ဘက်က တွေးကြည့်သည့်အခါ၌မူ လူတွေများလာသဖြင့် အလုပ်တာဝန်ပိုမိုလာတော့မည်ကို လည်းကောင်း, ပြောရဆိုရ များလာတော့မည်ကို လည်းကောင်း တွေးတောမိကာ စိတ်မောရပြန်ပါသည်။

http://mmteashop.com



ကျွန်တော်သည် ဂိုဒေါင်စာရေးကိုသန်းမောင်နှင့် တွေ့ရသည့်အခါ ကိုသန်းမောင်နှင့်တွဲဖက်ဖြစ်သော ကိုခင်ရွှေအကြောင်းကို မေးမြန်းကြည့်မိပါသည်။ ထိုအခါ ကိုခင်ရွှေမှာ ကျောက်တစ်လုံးစခန်းတွင်ပင် အဖျား ဝင်ရောက်ရာမှ အူရောင်ရောဂါနှင့်သေဆုံးရှာပြီဖြစ်ကြောင်း သိရပါသည်။ ကိုချစ်ထွန်းနှင့်တွေ့ကြ၍ ကိုပွကြီး အကြောင်းမေးမြန်းကြည့်သည့်အခါ၌လည်း၊ သူနှင့် ကိုပွကြီးတို့လူချင်းကွဲသွားကြသည်မှာ ၄-၅ လခန့်ကြာမြင့်ပြီ ဖြစ်ကြောင်း၊ မည်သည့်စခန်း, မည်သည့်နေရာတွင် ရောက်ရှိနေသည်ဟု မသိရကြောင်း ပြောကြားလေသည်။

ဘုရား ၃ ဆူစခန်းတွင် ကိုသန်းမောင်နှင့် ကိုချစ်ထွန်းတို့အား ပြန်လည်ဆုံတွေ့ရသည့်အခါ၌မူ၊ ထိုသူ ၂ဦးစလုံးပင် ယခင်ကလို ရုပ်ရည်မျိုး, ယခင်ကလို အမူအရာမျိုးမဟုတ်တော့သည်ကိုလည်း ကျွန်တော် သတိပြု လိုက်မိလေသည်။ ထိုသူ ၂ ဦးစလုံးသည် ယခင် ကျွန်တော်နှင့်တွေ့ရစဉ်က အတော်ပင်ကျန်းမာဝဖြိုးလျက် ဖျတ်လတ်သွက်လက်သူများဖြစ်ကြလေသည်။ အလုပ်လုပ်ရာ၌ အမြဲပင် တက်တက်ကြွကြွနှင့် စိတ်ပါကိုယ်ပါ လုပ်ဆောင်ကြလေသည်။ သူတို့ရှေ့မှောက်တွင် ချွေးတပ်အလုပ်သမားများ မနိုင်မနင်းထမ်းပိုးချီမ,နေသည့်အခါ များ၌လည်း ဝင်ရောက်ဖေးမလျက် အကူအညီပေးကြသူများ ဖြစ်လေသည်။ သူတို့ကို ကြည့်လိုက်လျှင် အမြဲလိုပင် ရွှင်ရွှင်ပျပျနှင့် တက်တက်ကြွကြွနေထိုင်ကြသည်ကို တွေ့ရလေသည်။ ချွေးတပ်စခန်း တောကြီးတောင်ကြီးအတွင်း၌ပင်ဖြစ်သော်လည်း ခေါင်းကဘိုကေကို သပ်သပ်ရပ်ရပ်ဖီးသင်ထားတတ်ကြသည်။

ယခုတစ်ကြိမ်တွေ့ရသည့်အခါ ယခင်ကလို မဟုတ်ကြတော့ပါ။ ၂ ဦးစလုံး အချိုးအသွင် ပြောင်းလဲနေ ကြလေသည်။ ပြောင်းလဲသမျှ နည်းနည်းမဟုတ်။ အများကြီး ပြောင်းလဲနေပါတော့သည်။ ထိုကဲ့သို့ပြောင်းလဲသည် မှာလည်း အကောင်းဘက်သို့ပြောင်းလဲခြင်း မဟုတ်ချေ။ အဆိုးဘက်သို့ ပြောင်းလဲခြင်းသာ ဖြစ်လေသည်။

ကိုသန်းမောင်ရော, ကိုချစ်ထွန်းပါ ဆံပင်ရှည်ညှင်းဆိုးဆိုးကြီးတွေ ဖြစ်နေကြကာ ခေါင်းတွင် တဘက် ကိုယ်စီ ပတ်ထားကြလေသည်။ အသားအရေမှာလည်း မွဲခြောက်ခြောက်ကြီးတွေ ဖြစ်နေလေသည်။ သူတို့ကိုယ်ပေါ်မှ အဝတ်အထည်များမှာလည်း ယခင်ကလို ဖြူဖြူစင်စင်မဟုတ်ပါချေ။ ချေးအထပ်ထပ်တက်နေလေသည်။ လူမှာလည်း ပိန်လှီဖျော့တော့ကာ မျက်ကွင်းဟောက်ပက် ဖြစ်နေကြပါသည်။ ကျွန်တော့်ကို စတွေ့၍ ပြုံးကြသည်မှာလည်း အားတက်သရော မရှိ၊ ပြုံးပြကြခြင်းသာ ဖြစ်လေသည်။ သူတို့ အပြောင်းအလဲကြီးပြောင်းလဲသည်မှာ သူတို့၏ သွားလာလှုပ်ရှားမှုနှင့် သူတို့၏စရိုက်များပင် ဖြစ်ကြပါသည်။

၂ ယောက်စလုံး ယခင်ကလို တက်တက်ကြွကြွမရှိကြပေ။ ဖင့်ဖင့်နွဲ့နွဲ့ လေးလေးကန်ကန်ကြီးတွေ ဖြစ်နေ သည်။ သူတို့မျက်နှာသည် ယခင်လိုမပြုံးတော့ဘဲ၊ မှုန်တေတေအောက်သိုးသိုးနှင့် တစ်စုံတစ်ရာကို မကျေနပ်ကြသလို ငေးငေးငိုင်ငိုင်ဖြစ်နေကြလေသည်။ ပြီးလျှင် ချွေးတပ်သားများအပေါ်တွင်လည်း ယခင်ကလို အဆက်အဆံမျိုး မဟုတ်တော့ပါ။ အပြစ်တွေ့လျှင် အမြဲတမ်းကြိမ်းမောင်းရေရွတ်လျက် ရိုက်လားပုတ်လား လုပ်လာကြလေသည်။ သူတို့ ၂ ယောက် ဂျပန်စစ်သားစစ်ဗိုလ်များ၏ အတကို တုလာခြင်းပေလား။ သို့တည်း မဟုတ် တစ်စုံတစ်ရာကို စိတ်တိုင်းမကျတိုင်း နိုင်ရာလူကိုဖိထောင်းလာခြင်းပေလား မပြောတတ်ပါချေ။ အမူကျင့်တွေက ဒီမျှပင် ပြောင်းလဲ လာပါသည်။

အထူးပြု၍ပြောရမည်ဆိုလျှင် ထိုသူ ၂ ဦးတွင် ကိုသန်းမောင်မှာ ကျွန်တော်နှင့် ပိုကာရင်းနှီးကျွမ်းဝင်သူ တစ်ယောက် ဖြစ်ပါသည်။ သူသည် ကျွန်တော်ကဲ့သို့ပင် မြစ်ဝကျွန်းပေါ်သားတစ်ယောက် ဖြစ်လေသည်။ သူ့တွင် ပူပန်ကြောင့်ကြစရာ အဖြစ်မျိုး, နောက်ဆံတင်းစရာ အဖြစ်မျိုး မရှိလေရော့သလား ဟူ၍ပင် ထင်ရှာရလေသည်။ တစ်ဖန် ကိုသန်းမောင်မှာ ဟာသရှိသူ, အာဝဇ္ဇန်းရွှင်သူ ဖြစ်လေသည်။ ကျွန်တော်သည် အားလပ်သောအချိန်များတွင် ကိုသန်းမောင်ရှိရာ ဂိုဒေါင်သို့သွားရောက်ကာ စကားစမြည်ပြောလေ့ ရှိပါသည်။ ထိုအခါများတွင် ကျွန်တော်က စိတ်ပျက်စကားများ၊ ရပ်ရွာရှိဆွေမျိုးသားချင်းများ, မိဘညီအစ်ကိုမောင်နှမစသူများအား သတိရလွမ်းဆွတ်ကြောင်း

http://mmteashop.com



ပြောသည့်အခါများ၌ပင် ကိုသန်းမောင်က အားပေးစကားများ ပြောတတ်ပါသည်။ ရယ်စရာ မောစရာစကားများကို ခပ်သောသောပြောလျက်၊ ကျွန်တော်၏စိတ်ညစ်ညူးမှုများကို ဖြေဖျောက်မှုပေးလေ့ ရှိပါသည်။ ပြီးလျှင် ကျွန်တော့်ကိုပင်နောက်ပြောင်ကာ "ကိုယ့်လူက နေရပ်မှာ လွမ်းရဆွေးရမယ့်သူ ရည်းစားရှိနေပြီထင်တယ်။ ခင်ဗျားရည်းစားနှင့် စိတ်ဆိုးပြီး ချွေးတပ်ထဲလိုက်လာတာလား။ ကျုပ်တို့တော့ ခုချိန်ထိ ဒါမျိုး မကြုံဘူးသေးဘူးဗျ"ဟု ပြောရင်း တဝါးဝါးတဟားဟားလုပ်လေ့ရှိပါသည်။

ကျွန်တော် သတိထားအမှတ်ပြုမိသလောက်မှာ ထိုစဉ်က ကိုသန်းမောင်တို့လို၊ ကိုခင်ရွှေတို့လို လူစားမျိုးကို ဂျပန်က များစွာသဘောကျသည်ဟု ဆိုရပါမည်။ အင်မတန်စိတ်ထားကြမ်းကြုတ်သော ကုမေကာလို ဂျပန်စစ်ဗိုလ်မျိုးနှင့်ပင် ကိုသန်းမောင်သည် သင့်မြတ်အောင်ပေါင်းသင်းနိုင်သူ ဖြစ်လေသည်။ ကျွန်တော့်တွင် အခက်အခဲကိစ္စကြုံ၍ ကုမေကာကိုပြောမှ ပြီးမည့်အမှုမျိုးဆိုပါလျှင် ကိုသန်းမောင်နှင့်ကိုခင်ရွှေတို့၏အကူအညီကို ရယူကာ ပြောရလေ့ရှိပါသည်။ ကိုခင်ရွှေမှာ ပေါင်းတည်နယ်သား ဖြစ်လေသည်။ စင်စစ် ကိုသန်းမောင်တို့၊ ကိုခင်ရွှေတို့ကို ဂျပန်များကသဘောကျသည့်နည်းတူ ဂျပန်တွေအပေါ်တွင်လည်း ကိုခင်ရွှေတို့၊ ကိုသန်းမောင်တို့က အထင်ကြီးသူများ၊ လိုလိုလားလားရှိသူများ ဟူ၍ပင်ဆိုရပါမည်။ သို့ရာတွင် နောက်ပိုင်းအချိန်များတွင်ကား သူတို့သည် ဂျပန်များ၏အပြုအမူကို ရွံရှာစက်ဆုပ်လာကြဟန် တူလေသည်။ အမှန်က ဂျပန်တို့၏ဖက်ဆစ်စနစ်သည် ကြာကြာဝါးမှ ခါးမှန်းသိသောစနစ် ဖြစ်လေသည်။ လူသားတို့၏လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးမှန်သမျှကို အသိအမှတ်မပြု။ ရိုက်ချိုးဖျက်ဆီးပစ်သောစနစ်ဆိုးကြီးတစ်ခု ဖြစ်လေသည်။

ထို့ကြောင့်ပင် ဤစာအုပ်ရှေ့ပိုင်းတွင် ကျွန်တော်ဖော်ပြထားသည့်အတိုင်း နိုင်ငံရေးအမြင်ကျယ်သော၊ လွတ်လပ်ရေးခေါင်းဆောင်ကြီးလည်းဖြစ်၍၊ အမျိုးသားညီညွတ်ရေး ခေါင်းဆောင်ကြီးလည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက "နောက်ကို ဘယ်တော့မျှ ဒီလိုအဖြစ်မျိုး၊ ဒီလို ချွေးတပ်ဆွဲခံရတာမျိုး၊ ကျေးကျွန်ပြုခံရတာမျိုး၊ ဒီကမ္ဘာကြီးမှာမတွေ့ရအောင် ကျုပ်တို့အားလုံး သဘောပေါက်ထားကြရမယ်"ဟု အတိုဆိုးအရှင်းလင်းဆုံးနှင့် လေးလေးနက်နက်ပြောလိုက်ခြင်းပင် ဖြစ်လေသည်။

ကိုသန်းမောင်သည် ယခုတစ်ကြိမ် ကျွန်တော်နှင့် ဘုရား ၃ ဆူစခန်းတွင်တွေ့ဆုံကြရပြန်သည့်အခါ ခပ်ယဲ့ယဲ့ အပြုံးလောက်နှင့်သာ နှုတ်ဆက်ပြီးနောက်–

"ကိုယ့်လူ။ ခင်ဗျား အတော်ခွဲကောင်းသားပဲ။ ထွက်မပြေးသေးဘဲကိုး"ဟု ပြောပါလေသည်။

ကျွန်တော်က ရုတ်တရက် ဘာမျှပြန်မပြောသေးဘဲ တစ်စုံတစ်ရာသံသယရှိသလို သူ့မျက်နှာကို မော့်ကြည့်လိုက်ပါသည်။ ထိုအခါ ကျွန်တော် အံ့သြရပါသည်။ သူက ကျွန်တော့်ကို နောက်ပြောင်ပြောင်ဆိုနေခြင်းတော့ မဟုတ်။ ခပ်တည်တည်ပြောနေခြင်းကြောင့် ဖြစ်ပါသည်။

"ကျုပ်တို့တော့ အခွင့်အရေးမရလို့ကို မလစ်ပြေးရတာ ကိုယ့်လူ။ ဒီပုံပဲနေရင်တော့ ကျုပ်တို့ဘဝဟာ တောထဲတောင်ထဲမှာပင် မသာဖြစ်မယ့်ဘဝ"ဟု ကိုသန်းမောင်က ထပ်ပြောပြန်ပါသည်။

ပြီးလျှင် သူသည် အလွန်တရာနောင်တရသောစကားကို ဆိုပြန်ပါသည်။

"ကျုပ်တို့၊ ခင်ဗျားတို့က သူတကာလို အဖမ်းအဆီးခံရပြီး ပါလာတဲ့လူတွေ မဟုတ်ဘူးမို့လားဗျ။ သက်သက်မဲ့ ကမြင်းကြောထပြီး ဂျပန်ကိုအထင်ကြီးလို့ ချွေးတပ်ထဲပါလာတာ။ အဲဒါ ကျုပ်တို့ရဲ့အမှားပဲ"

"ကိုသန်းမောင် ပြန်ရဖို့ ပြောမကြည့်ဘူးလား"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟာ–မပြောဘဲနေပါ့မလား။ ၆ လပြည့်တဲ့နေ့မှာပဲ ပြောတာပေါ့။ တစ်ခါ မဟုတ်ဘူး။ ၂ ခါပြောတယ်။ ၂ ခါစလုံး ပါးရိုက်ခံရတာပဲ။ ကုမေကာအကြောင်း ခင်ဗျားလည်း အသိသားပဲဟာ။ အဲလိုနှင့် နောက် ၂ လ

http://mmteashop.com



ကြာတော့ ကျုပ်တို့ လူ ၃၀ လောက်ညှိပြီး ပြန်ဖို့ပြောတယ်။ ရိုက်လိုက်တဲ့ဖြစ်ခြင်း။ ကျုပ်တို့မျက်လုံးထဲက မီးကိုပွင့်ထွက် တာပဲ။ ဒါပေမယ့် အားမလျှော့ပါဘူး။ ဒီမပြောင်းရခင် တစ်လလောက်အလိုမှာ ကျုပ်က ခပ်စောစောက လူ ၃၀ လောက်ကို ပြန်ညှိကြည့်တယ်။ အားလုံးမှ လူ ၁၂ ယောက်လောက်ပဲရတော့တယ်။ အဲဒီ ၁၂ ယောက်နှင့်ပဲ တစ်ညတော့ ပြန်ကြမယ်။ သူတို့အခွင့်မပေးလည်း ဖွတ်ပြန်မယ်ဆိုပြီး စခန်းထဲကအထွက်မှာ ကျုပ်တို့ကို ကုမေကာ ကိုယ်တိုင် ဂျပန်စစ်သားတွေနှင့်လိုက်ဖမ်းတော့တာပဲ။ ကျုပ်တို့အားလုံးကို ကြိုးနှင့်တုပ်တော့တာပဲ။ ဒီ့ပြင်လူတွေကို ၃ ရက် ကျုပ်ကို ခေါင်းဆောင်ဆိုပြီး ၅ ရက်။ ရေပဲတိုက်တယ်။ ထမင်း လုံးလုံးမကျွေးဘူး။ ဒီမှာ ကြည့်ပါလား‌ဗျ။ လက်ကကြိုးတုပ်ရာ၊ ခုတောင် ကောင်းကောင်းမပျောက်ချင်သေးဘူး"

ကိုသန်းမောင်က သူ့လက်ပေါ်ရှိအမာရွတ်ကို ပြလေသည်။

ကျွန်တော်သည် ကိုသန်းမောင်၏ လက်ကောက်ဝတ် ၂ ဖက်ပေါ်တွင် အစင်းအရစ်ကြီးများထင်ရှိနေသော အမာရွတ်များကိုကြည့်ရင်းက သက်ပြင်းချလိုက်မိပါသည်။ သည်လို အမာရွတ်များကို ကြိုးတုပ်ကြိုးချည်ခံရသော ချွေးတပ်သားများ၏လက်ကောက်ဝတ်များပေါ်တွင် ကျွန်တော်သည် မြင်ဖူးခဲ့ပြီးသူ ဖြစ်ပါသည်။ ယခု ကိုသန်းမောင် လက်ကောက်ဝတ် ၂ ဖက်ပေါ်ရှိ အမာရွတ်များမှာလည်း ထိုနည်းအတိုင်း ဖြစ်ပါသည်။ သူ့အမာရွတ်များမှာ ကောင်းစွာပင်မကျက်တတ်သေးဘဲ မြစိစိဖြစ်နေဟန်ရှိလေသည်။ ဤအရာများသည် ဂျပန်ခေတ် တောတွင်း ချွေးတပ်စခန်း၏ဆုတံဆိပ်များ, သူရဲကောင်းအမှတ်အသားများ ဟူ၍ဆိုရလေမလားတော့ မပြောတတ်ပါချေ။

ဤတွင် ကျွန်တော်က သူနှင့် စကားစပ်မိသဖြင့် ဆေးရုံစခန်းမှလူနာများအား မကြာမီကပင် ရထားနှင့် မော်လမြိုင်သို့ပို့လိုက်ကြောင်းကို ပြောပြပါသည်။ ထိုအခါ၌လည်း ကိုသန်းမောင်က–

"ဒါ အဆန်းမဟုတ်ပါဘူးဗျာ။ ဒီပြင်စခန်းကလူတွေကိုလည်း ဒီလိုပဲ ပို့တာပဲဗျ။ ဒါပေမယ့် ခင်ဗျား တစ်ခုစဉ်းစားကြည့်ပါ။ မော်လမြိုင်ရောက်ရင် ဒီလူတွေထဲက ဘယ်လောက် အသက်ရှင်မှာလဲ။ အဲလို အခွင့်အရေးမျိုး ကြုံတုန်း ခင်ဗျား ပြေးဖို့ကောင်းတယ်"ဟု ဆိုပါသည်။

"အင်း။ ခင်ဗျားကပြောလာမှ ကျွန်တော်ကလည်း ပြောရဦးမယ်။ ကျွန်တော်ကိုယ်တိုင်လည်း ပြန်ချင်သမှ တစ်ပိုင်းသေနေတာပဲ။ ဒါပေမယ့် ပြန်ပြီးဖမ်းမိသွားရင် သက်သာမှာမဟုတ်ဘူး။ နောက်တစ်ခုကလည်း မော်လမြိုင် မရောက်မချင်း လမ်းမှာ ရထားက ဘယ်နေရာတွေမှာရပ်နေဦးမယ်။ ဘယ့်လောက်ကြာကြာနေဦးမယ်။ ဂျပန့်တွေ ဘယ်အထိ အစစ်အဆေးရှိတယ်။ အဲဒါတွေကို ကိုယ်က ဘာမျှသိတာမဟုတ်တော့ ထွက်မပြေးဘူးပေါ့ဗျာ။ ပြေးချင်တာတော့ ကြာလှပြီ"

ကျွန်တော်ကလည်း ထိုအခါမှပင် ကျွန်တော့်စိတ်ထဲရှိသမျှကို ဖွင့်ထုတ်ပြောရပါသည်။

"ဟုတ်တော့ဟုတ်တယ်ဗျ။ ပြေးချင်ပြေးရင် တပ်ဒိနံ့စခန်းလောက်က ပြေးဖို့ကောင်းတယ်။ ဒါတောင် ရထားခိုးစီးပြေးမှ ကောင်းမှာ။ ကုန်းကြောင်းသွားဖို့ဆိုရင်တော့ ဘယ်နည်းနှင့်မျှမဖြစ်နိုင်ဘူး။ တစ်နေရာမမိ တစ်နေရာမိမှာပဲ"

"တပ်ဒိနံ့ကနေ မော်လမြိုင်ကို ဘယ်အချိန်လောက်ရောက်လဲဗျ"

ကျွန်တော်က မေးလိုက်ပါသည်။ ဤနေရာတွင် ကိုသိန်းမောင်သည် ကျွန်တော့်ထက်နံ့စပ်သူတစ်ယောက် ဖြစ်လေသည်။ သူက စားနပ်ရိက္ခာ ကိုဒေါင်စာရေးတစ်ယောက်ဖြစ်လေရာ တပ်ဒိနံ့တွင် ကျွန်တော်တို့နှင့်နေရစဉ် အခါကပင် ကိုသန်းမောင်သည် ဂျပန်များနှင့်အတူတွဲကာ တစ်လလျှင် ၃–၄ ကြိမ်မျှ သံဖြူဇရပ်တွင် ရိက္ခာသွား၍ ထုတ်ယူရသောကြောင့် ဖြစ်လေသည်။

"ရထားနှင့်ဆိုရင် ညဘက်ထွက်၊ မနက်လင်းအားကြီးလောက်မှာ ရောက်သွားမှာပဲ။ သူတို့ရထားက သိပ် မငြင်းဘူးဗျ။ ဘူတာတစ်ခါရောက်ရင် ထင်းတစ်ခါထိုးနေရတာ"

http://mmteashop.com



ကိုသန်းမောင်က ပြောလေသည်။

တပ်ဒိန်စခန်းမှ ဘုရား ၃ ဆူစခန်းသို့ ရွှေ့ပြောင်းလာကြစဉ်က ချွေးတပ်သားများမှာ ကုန်းကြောင်းလာရခြင်း ဖြစ်သော်လည်း၊ ကိုသန်းမောင်မှာ ရိက္ခာကိုဒေါင်တာဝန်ကျဂျပန်များနှင့် အတူတွဲလျက် ရထားနှင့်လာခဲ့ရခြင်းဖြစ်လေသည်။ သူတို့နှင့်အတူ ရိက္ခာပစ္စည်းများလည်း ပါရှိလာလေသည်။ ကျွန်တော်မှာ ယခုအချိန်ထိအောင် သေမင်းတမန်လမ်း၏ရထားများကို မစီးဖူးသေးသော်လည်း ကိုသန်းမောင်နှင့် ကိုချစ်ထွန်းတို့ကား သံဖြူဇရပ်နှင့် တောတွင်းချွေးတပ်စခန်းများသို့ အကြိမ်ပေါင်း, အခေါက်ပေါင်းများစွာပင် စီးဖူး, ရောက်ဖူးကြလေပြီ။ သို့ရာတွင် ကိုသန်းမောင်မှာ ထွက်ပြေးရန် အခွင့်အလမ်းမရရှာဘဲ ဖြစ်နေရလေသည်။ သူ့ကို ဂျပန်စစ်ဗိုလ်ကုမေကာက မျက်ခြည်ပြတ်မခံသောကြောင့်ပင် ဖြစ်လေသည်။

သို့ရာတွင် ဘုရား ၃ ဆူစခန်းသို့ ကိုသန်းမောင်တို့ပြောင်းရွှေ့လာရသောအခါ၌ကား ကုမေကာတစ်ယောက် ပါမလာတော့ပါချေ။ ကုမေကာသည် ဘုရား ၃ ဆူစခန်းသို့ ကိုသန်းမောင်တို့ မရွှေ့ပြောင်းရခင် ၂ ရက်ကပင် မော်လမြိုင်သို့ရွှေ့ပြောင်းသွားရကြောင်း သိရလေသည်။

ကျွန်တော်သည် ဤလို ‘တောတွင်းချွေးတပ်စခန်းမှ ထွက်ပြေးဖို့ကောင်းသည်’ ဆိုသော အကြံဉာဏ်ပေးမှုကို ကိုသန်းမောင်ထံမှသာ မဟုတ်။ ကိုချစ်ထွန်းထံမှလည်း ရရှိခဲ့လေသည်။ ကိုချစ်ထွန်းကိုယ်တိုင်ကလည်း ‘အခွင့်သင့်လျှင် လစ်သာပြေးဗျ’ ဟူသောစကားကို အခါခပ်သိမ်းပင် ပြောကြားခြင်းပြုပါလေသည်။ သူတို့ကိုယ်တိုင်မှာလည်း သည်အတိုင်းပင်အကြံအစည်ရှိကြောင်း သိထားရပါလေသည်။

သို့ရာတွင် ကျွန်တော်တို့၌ တစ်ခုခက်သည်မှာ ထွက်ပြေးဖို့ဆိုရာ၌ လူစုလူဝေးနှင့်ပြေး၍တော့ မဖြစ်။ တတ်နိုင်လျှင် ၁ ယောက်ကောင်း–၂ ယောက်ကောင်း စိတ်တူကိုယ်တူတိုင်ပင်ပြီးမှ ထွက်ပြေးလျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးမိတောမိပါသည်။ ပြီးလျှင် အထက်က ကိုသန်းမောင်ပြောသည့်အတိုင်း ကျွန်တော်တို့ ထွက်ပြေးကြမည်ဆိုလျှင်လည်း တပ်ဒိန်စခန်းကဲ့သို့သော စခန်းလောက်ကသာ ထွက်ပြေးရန်ကောင်းလေသည်။ ရထားမှာ အကြောင်းကိစ္စ တစ်စုံတစ်ရာမရှိဘဲ စခန်းတိုင်းတွင် ရပ်တန့်ခြင်းလည်းမရှိချေ။ သို့ရာတွင် တပ်ဒိန်စခန်းကဲ့သို့သောစခန်းတွင်မူ အမြဲတမ်းရပ်တန့်လေသည်။ တပ်ဒိန်စခန်းမှာ ဘူတာအဆောက်အအုံလည်း ဆောက်လုပ်ပြီးစီးလေပြီ။ ချွေးတပ်စခန်းပေါင်းများစွာအနက် အကြီးဆုံးသောစခန်းတစ်ခုလည်း ဖြစ်လေသည်။ ထိုစခန်းတွင် ဂျပန်များလည်း အင်အားများပြားလှသည်။ ရထားအတွက် ထင်းကိစ္စ, ရေကိစ္စ စသည်များမှာလည်း အချိုးတကျ စီမံထားလေသည်။ တောတွင်းချွေးတပ်ဘူတာရုံစခန်းများအနက် တပ်ဒိန်ဘူတာရုံမှာလည်း အကောင်းဆုံးဘူတာ တစ်ခု ဖြစ်လေသည်။

နောက်ပိုင်းရက်များတွင်မူ ချွေးတပ်သားများမှာ အလုပ် ပို၍များပြားလာလေသည်။ လူတွေက ထပ်မံတိုးလာသည့်အတွက် ကျွန်တော်ကိုယ်တိုင်မှာလည်း အလုပ်များလာရလေသည်။ မိုးလင်းသည်ဆိုလျှင်ပင် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများသည် အိပ်ရာမှ အစောဆုံးထကြရသည်။ တဲတန်းလျားပေါ်ရှိ ချွေးတပ်သားများကို လိုက်လံနှိုးကြရသည်။ ပြီးလျှင် တကယ်တမ်း နေထိုင်မကောင်းသူများကို ချန်လုပ်ကာ ကျန်လူများကို တဲတန်းလျားရှေ့ မြေကွက်လပ်တွင် တန်းစီအုထိုင်ခိုင်းထားရလေသည်။

ဤကိစ္စများအားလုံး အဆင်သင့်ပြီးသည့်အခါ ကျွန်တော်က အိန္နားမတ်ဆုအား သွားရောက်၍ အကြောင်းကြားခြင်း ပြုရလေသည်။ ထိုအခါမှ အိန္နားမတ်ဆုနှင့် တာဝန်ကျဂျပန်စစ်သားများမှာလည်း ချွေးတပ်သားများ ရှိရာသို့ လိုက်ပါလာကာ လူစစ်ဆေးခြင်း, အလုပ်တာဝန်ခွဲဝေခြင်း, အိန္နားမတ်ဆုကိုယ်တိုင် မကျန်းမာသူများကို လိုက်လံစစ်ဆေးရေတွက်ခြင်း ပြုလေသည်။ ကျွန်တော်တို့က ဆေးရုံတဲတန်းလျားပေါ်မှ ခေါ်ဆောင်လာသော လူမမာ ၁၅ ယောက်အနက် တချို့တစ်ဝက်မှာ အလုပ်ဆင်းနိုင်လျက် တချို့တစ်ဝက်မှာမူ အလုပ်ခွင်အတွင်းသို့

http://mmteashop.com



လိုက်ပါနိုင်ခြင်း မရှိပါချေ။ ထို မလိုက်နိုင်သောလူမမာများမှာလည်း ယခင် ဆေးရုံတဲတန်းလျားပေါ်တွင်နေရစဉ် အခါကကဲ့သို့ပင် ထမင်းမကျွေးမွေးဘဲ ဆန်ပြုတ်ကိုသာတိုက်ကျွေးခြင်း ပြုလေသည်။

ဤနေရာတွင်လည်း သူတို့အဖြစ်ကို ထပ်မံကာ ကျွန်တော်တင်ပြလိုပါသည်။ အလုပ်မဆင်းနိုင်သော လူမမာများအတွက် ဆန်ပြုတ်တိုက်သည်ဟု ဆိုရာ၌ ထမင်းချက်ရုံတွင် ဆန်ပြုတ်၍ လာရောက်တိုက်ကျွေးခြင်း မဟုတ်ပါ။ လူနာတစ်ဦးလျှင် ဆန် ၂ ဆုပ်ကျပေး၍ ကိုယ်တိုင်ကိုယ်ကျကျိုသောက်စေခြင်းပင် ဖြစ်ပါသည်။ ဤသို့ပြုမှုသည်မှာ 'ထမင်းစားချင်လျှင် အလုပ်ဆင်းကြ' ဟူသော အဓိပ္ပာယ်ပင် ဖြစ်လေသည်။ သူတို့အတွက် ပေးသော ဆန် ၂ဆုပ်မှာ မနက်အတွက် တစ်ဆုပ်, ညအတွက် ၁ဆုပ် ဖြစ်လေသည်။

ဂျပန်တို့သည် အလုပ်ဆင်းနိုင်သော လူမမာများအတွက် ထမင်းကိုလည်း တစ်မျိုးတစ်ဖုံစီမံဖန်တီးပေး လေသည်။ ချွေးတပ်သားများအတွက် နံနက်စာထမင်းပုံစံမှာ အတော်အတန်ပြည့်စုံလောက်သေသည်ဟု ဆိုရမည် ဖြစ်သော်လည်း၊ ညစာထမင်းပုံစံမှာမူ နံနက်ဘက်နှင့် မတူချေ။ လျှော့နည်းပေးထားလေသည်။

ဤကိစ္စအတွက် ကျွန်တော်က ထမင်းချက်ခေါင်းကိုစခကို မေးမြန်းကြည့်သည့်အခါ ဂျပန်များသည် နံနက်စာအတွက် ဆန်, ပဲ စသည်များကို အပြည့်အဝပေးသော်လည်း၊ ညစာအတွက်ကို မည်သည့်အခါမျှ အပြည့်အဝ မပေးကြောင်း။ ထို့ကြောင့်လည်း သူ့အနေဖြင့် ပုံစံထမင်းကို ညဘက်တွင် လျှော့ပေါ့၍ပေးရခြင်းဖြစ်ကြောင်း ပြောပြပါလေသည်။

ယခုနောက်ပိုင်းရက်များ၌ သံ့ပန်းချွေးတပ်သားများသည် တောတွင်းရှိ ခုတ်လှဲထားသောသစ်ပင်များကို အပြင်သို့ဆွဲထုတ်ကာ ဘုရား ၃ ဆူဘူတာကို ဆောက်လုပ်ခြင်းပြုနေကြရလေသည်။ ဆင်များ, ဆင်ဦးစီးများနှင့် ဆင်ခေါင်းကြီး ဦးနမ့်လွေ့တို့မှာလည်း သံ့ပန်းချွေးတပ်သားများနှင့်အတူတွဲကာ အလုပ်ကို အပြင်းအထန်လုပ်ကိုင် နေကြရလေသည်။ ကျန်သောချွေးတပ်သားများမူ ဒိုင်းနမိုင်းခွဲကာဖြိုချထားသော ကျောက်တုံးများကို ရထားလမ်း ခင်းရန်အတွက် ထုခွဲခြင်း ပြုကြရလေသည်။ ဤလိုကျောက်မျိုးကိုထုခွဲကြရသည့်အခါ၌လည်း 'ဟန်ချိုတစ်ဆိုင်းလျှင် ကျောက်ကျင်းမည်ရွေ့မည်မျှ ပြီးစီးအောင်ထုခွဲခြင်းပြုကြရမည်' ဟူသောသတ်မှတ်ချက်ရှိလေသည်။ တစ်ဖန် ထိုကဲ့သို့ ထုခွဲပြီးစီးသောကျောက်ကျင်းများကို ထုခွဲသည့်တောတွင်းမှ ရထားလမ်းဘေးအရောက် ထမ်းပိုးသယ်ဆောင်ခြင်း ပြုကြရလေသည်။ ဤကိစ္စမှာ ညနေ ၄ နာရီမှ ၅ နာရီအချိန်အတွင်း ဖြစ်လေသည်။ ထိုကိစ္စပြီးလျှင် စခန်းရှိရာသို့ ခေတ္တပြန်လည်ကြရကာ ညစာထမင်းစားသောက်ရသည်။ ဤလို ထမင်းစားသောက်ပြီးလျှင် တအောင့်တဖြုတ်နား ကြပြီးနောက် ရထားလမ်းရှိရာသို့ ပြန်လည်ထွက်ခွာလာကြရကာ၊ ရထားရောက်လာသည်နှင့် တစ်ပြိုင်တည်း တွဲပက်လက်များပေါ်သို့ ကျောက်များကို တင်ဆောင်ပေးခြင်း ပြုကြရလေသည်။

ဗြိတိသျှ သံ့ပန်းများအနေဖြင့်ကား ညမိုးချုပ်သည်အထိ အလုပ်,မလုပ်ကြရပါချေ။ ညနေ ၅ နာရီဆိုလျှင် သူတို့စခန်းသို့ ပြန်ကြလေသည်။ သူတို့သည် တစ်ခါတစ်ရံမှသာ ၆ နာရီထိုးသည်အထိ အလုပ်, လုပ်နေတတ်ကြ လေသည်။ သို့ရာတွင် သူတို့အနေဖြင့်လည်း မသက်သာရှာကြပါချေ။ သူတို့အဖို့ ဘူတာရုံဆောက်လုပ်ရသည့်အလုပ် အပြင် ပျက်စီးသွားသော တံတားတိုင်များ, တံတားပေါင်များကိုလည်း အသစ်တစ်ဖန် အစားထိုးခြင်း, ပြုပြင်ခြင်း စသောအလုပ်များကို အပြင်းအထန်လုပ်ကိုင်ကြရပါလေသည်။

ဤတွင် ချွေးတပ်အလုပ်သမားများ၏ကျောက်ထုရသော အလုပ်, ရထားတွဲများပေါ်သို့ ကျောက်များကို တင်ဆောင်ပေးရသော အလုပ်, တောတွင်းမှကျောက်များကို ရထားလမ်းရောက်သည်ထိသယ်ဆောင်ရသော အလုပ် များတွင်လည်း ဟန်ချိုအဖွဲ့အားလုံးတို့ပင်လျှင် မိမိတို့အချိုးကျပုံစံအတိုင်း ပုံစံပြည့်ပုံစံကိုက် လုပ်ကြရလေသည်။ ဟန်ချိုအဖွဲ့တစ်ဖွဲ့သည် ဂျပန်တို့သတ်မှတ်ပေးထားသော စံချိန်ပုံစံကိုမကိုက်ညီပါက ကိုက်ညီပြည့်ဝသည်အထိ အချိန်ကာလအတိုင်းအတာမရှိ မပြီး,ပြီးအောင်လုပ်ဆောင်ခြင်း ပြုကြရလေသည်။

http://mmteashop.com



ထိုအခါ တောထဲတွင် မီးဖိုရခြင်း၊ မီးစည်းမီးတိုင်များပြုလုပ်ရခြင်း၊ သယ်ဆောင်ရမည့် လမ်းခရီးတစ်လျှောက် လမ်းကိုမြင်ရအောင် မီးစည်းမီးတုတ်ထွန်းညှိရခြင်း၊ ထမင်းစားနောက်ကျရခြင်း၊ ဂျပန်တို့၏အပြစ်ဒဏ်ပေးမှုကို ထပ်ဆင့်ခံကြရခြင်း စသော ဆင့်ပွားဖြစ်သည့်ပင်ပန်းဆင်းရဲမှုများကို ရင်ဆိုင်ကြရပြန်လေသည်။ အချို့မှာ ဤအဖြစ်မျိုးများကြောင့် ညစာထမင်းကိုပင် ရထားလာပြီး၍ ၁၂ နာရီ–၁ ချက်မှ စားသောက်ခြင်းပြုကြရလေသည်။

ဥပမာ–ဟန်ချီမောင်ဖြူ၏အဖွဲ့သည် သတ်မှတ်ပေးထားသော ကျောက်ကျင်းပုံစံ မပြည့်သည့်အခါ တောကြီးအတွင်း ကျောက်ထုသည့်နေရာတွင် မီးပုံများထည့်ကာ ပြီးစီးသည်အထိထုခွဲကြရလေသည်။ ဤအချိန်တွင် တာဝန်ပြီးစီးသွားသည့်အဖွဲ့များမှာမူ စခန်းသို့ပြန်သွားကြလျက် ရေမိုးချိုးခြင်း၊ ညစာထမင်းစားသောက်ခြင်းများပင် ပြုလုပ်နေကြပေပြီ။ ဤသို့နှင့် မောင်ဖြူ၏အဖွဲ့သည် တောတွင်းမှကျောက်များကို ရထားလမ်းဘေးရောက်အောင် တစ်ဖန် သယ်ဆောင်ကြရပြန်လေသည်။ ဤကိစ္စ၊ ဤအလုပ် တာဝန်ပြီးစီးသွားသည့်တိုင် မောင်ဖြူတို့အဖွဲ့သားများသည် စခန်းရှိရာသို့ မပြန်ကြရတော့ပါချေ။ ရထားလမ်းဘေးတွင်ပင်နေကြရလျက် ရထားလာ၍ ကျောက်များတင်ပြီးမှပင် အများနည်းတူ စခန်းရှိရာပြန်ခွင့်ရကြလေသည်။

ကျွန်တော်သည် အိနားမတ်ဆုအား ထိုအဖြစ်မျိုးကြုံလာသည့်အခါ ထိုဟန်ချီအဖွဲ့သားများအား ရထားလမ်းဘေး၌ပင် ညစာထမင်းစားသောက်ခွင့်ပြုပါရန် ပြောကြားဖူးလေသည်။ သို့ရာတွင် အိနားမတ်ဆုက လက်ခံခြင်း မပြုပါချေ။ ငြင်းဆန်ခြင်းပြုကာ 'ထိုသူများကို မှတ်လောက်သားလောက်ဖြစ်အောင် ထိုကဲ့သို့ပင် ပြုလုပ်ရမည်' ဟုဆိုလေသည်။

စင်စစ် အများနည်းတူအလုပ်မပြီးကြသော ဟန်ချီအဖွဲ့သည် အလုပ်ခွင်တွင် ခိုကတ်နေသောကြောင့်တော့ မဟုတ်ပါပေ။ များသောအားဖြင့်ဖြစ်တတ်သည်မှာ ပင်ပန်းနွမ်းနယ်ကာ အားအင်ကုန်ခမ်းနေကြခြင်းကြောင့်သာ ဖြစ်လေသည်။ သို့သော် ဂျပန်များ၏အယူအဆ၌မူ ခိုကပ်နေခြင်းကြောင့် အလုပ်မပြီးစီးခြင်း ဟူ၍ အထင်ရှိဟန်တူလေသည်။ ဤအဖြစ်မျိုးများကြောင့်ပင် မနက်ဘက်တန်းစီ၍ လူစုခွဲခြင်း၊ လူတွဲခြင်းများပြုသည့်အခါ ခပ်စောစောက ကျွန်တော်တင်ပြခဲ့သော အလုပ်ခွင်လိုက်နိုင်သည့် လူမမာတချို့ကို မည်သည့် ဟန်ချီအဖွဲ့ကမျှ မခေါ်ချင်ဘဲ တဆူဆူတပွက်ပွက်ဖြစ်နေတတ်လေသည်။ ထိုကိစ္စအတွက်လည်း ကျွန်တော်နှင့် ဘွန်ထိုက်ချိုများတွင် ဟိုပြောရ သည်ပြောရနှင့် ပြဿနာတွေတက်နေတတ်ပါသည်။

တစ်ဖန်ရှိပြန်သည်မှာ လူတွေများလာသည့်အခါ ဂျပန်တို့က စနစ်သစ်တစ်ခုကိုသုံးလာကြောင်း ကျွန်တော် သတိပြုမိပါသည်။ ထိုစနစ်မှာ တခြားမဟုတ်ပါ။ ဟန်ချီအဖွဲ့တစ်ခုခုက အလုပ်တာဝန်တွင် အများနည်းတူ မလုပ်မကိုင်နိုင်၍ အပြစ်ဒဏ်ပေးသည့်အခါများတွင် ကျွန်တော်နှင့် ဘွန်ထိုက်ချိုများအားလုံးတို့ကိုပါ စုရုံးခေါ်ငင်ကာ ဆဲဆိုကြိမ်းမောင်းခြင်း၊ ရိုက်လားပုတ်လားလုပ်လာခြင်းပင် ဖြစ်လေသည်။ ထိုအခါ သဘောသက်ရောက်လာပုံမှာ ဟန်ချီအဖွဲ့တစ်ဖွဲ့ အလုပ်တာဝန်ချို့ယွင်းမှုသည် ဘွန်ထိုက်ချိုအားလုံးက ဖိဖိစီးစီးမခိုင်းခြင်းကြောင့် ဖြစ်ကြောင်း။ တစ်ဖန် ဘွန်ထိုက်ချိုများပေါ့လျော့မှုသည် ကျွန်တော်ကိုယ်တိုင်က အုပ်ချုပ်ကွပ်ကဲမှုမရှိသောကြောင့်လည်းကောင်း၊ သွေးထိုးလှုံ့ဆော်မှု၊ ဝါဒဖြန့်မှုမပြုသောကြောင့်တစ်ကြောင်း ဟူ၍ ယူဆခြင်းမျိုးပင် ဖြစ်လေသည်။

ထို့ကြောင့် ဟန်ချီအဖွဲ့တစ်ခုတွင် ပြဿနာတစ်ရပ်ရပ်ပေါ်ပေါက်လာခဲ့သော် ကျွန်တော်ရော၊ ဘွန်ထိုက်ချို အားလုံးရော မသက်သာတော့ပါချေ။ ရှေ့ဆုံးမှတန်းစီရပ်ရကာ ဆဲဆိုကြိမ်းမောင်းခြင်း၊ ရိုက်နှက်ကန်ကျောက်ခြင်း စသည်များကို ခံကြရပါလေတော့သည်။

ဤသည်ကပင် ဘုရား ၃ဆူစခန်း၌ ဂျပန်များက နောက်ထပ်ကျင့်သုံးလာသော စနစ်သစ်တစ်ရပ် ဖြစ်လေသည်။

http://mmteashop.com

## မမေ့နိုင်သောလက်ဆောင်

ယခုတလောတွင် ကျွန်တော်တို့တစ်တွေ အသက်ရှုမှားလောက်အောင် အလုပ်များနေကြသည့်နည်းတူ စစ်သုံ့ပန်းချွေးတပ်သားများမှာလည်း ဂျပန်စစ်သားများနှင့်အတူတွဲကာ အလုပ်တာဝန်များကို မနားတမ်းလုပ်ကိုင်နေကြရလေသည်။ စင်စစ် သူတို့သည် ဂျပန်စစ်သားများနှင့် အတူတွဲနေကြသည်ဆိုသော်လည်း ဂျပန်စစ်သားများမှာ သူတို့လောက်ပင်ပန်းကြသည်တော့ မဟုတ်ပေ။ ဂျပန်စစ်သားများက သူတို့အပေါ် ကြပ်မတ်ကြည့်ရှုရုံ,ညွှန်ကြားစေခိုင်းရုံမျှသာ ဖြစ်လေသည်။

သုံ့ပန်းစစ်ဗိုလ်သည် တောကြီးအတွင်းမှ ကောင်းနိုးရာရာသစ်ပင်များကို သူ့လူများအားခုတ်လှဲစေလျက် အပြင်သို့ ဆင်များနှင့် ဆွဲထုတ်စေလေသည်။ တစ်ဖန် အပြင်သို့ရောက်လာသောသစ်များကို ခွဲစိတ်ခြင်း, အတိုင်းအတာနှင့် ဖြတ်တောက်ခြင်း, ရွှေ့ခြင်း စသည်များကိုလည်း သုံ့ပန်းစစ်ဗိုလ်ကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ခြင်းပြုလေသည်။ သူတို့သည် ဘူတာရုံအဆောက်အအုံဆောက်လုပ်သည့်ကိစ္စကိုမှ ခပ်ဖြည်းဖြည်းပင် လုပ်ကိုင်ကြပါသည်။ ထိုအထဲက အရေးပေါ်ဖြစ်လာသည့် တံတားတိုင်အသစ်လဲရခြင်း, တံတားပေါင်အစားထိုးရခြင်း, နိမ့်သွားသောနေရာများကို အသစ်တစ်ဖန်ပြုပြင်ရခြင်း စသောကိစ္စများကိုကား မီးရထားအချိန်မီအောင် အဆောတလျင် အင်တိုက်အားတိုက်လုပ်ကြရလေသည်။

တံတားပြင်ခြင်းကိစ္စ, နိမ့်ကျသွားသောသံလမ်းများကို ပြုပြင်ခြင်းကိစ္စများနှင့် ဘူတာရုံဆောက်လုပ်ခြင်းစသောကိစ္စများမှာမူ သုံ့ပန်းစစ်သားများသာလျှင် လုပ်ကိုင်ရသည်က များပါသည်။ နိမ့်ကျသွားသောနေရာများတွင် ကျောက်များလောင်းထည့်ခြင်း စသည်များတွင်လည်း ဗြိတိသျှသုံ့ပန်းများသာ လုပ်ကိုင်ခြင်းပြုကြလေသည်။ ဆင်ခေါင်းကြီးဦးနမ့်လွေ့တို့မှာမူ တောတွင်းမှ သစ်များကို အပြင်သို့ ဆင်နှင့်ဆွဲထုတ်ရခြင်း, ရံဖန်ရံခါ လူအားနှင့်မနိုင်သောဝန်များကို ဆင်များနှင့် ဆွဲရ, ချီမရခြင်းများ ပြုလုပ်ကြရလေသည်။ တချို့ နိမ့်ဝှမ်းသောချိုင့်ကြီးများအတွင်းသို့ ကျောက်တုံးကြီးများကို ဆင်နှင့် တွန်းကာဖို့ရခြင်း စသောအလုပ်များကိုလည်း လုပ်ကိုင်ခြင်းပြုကြရလေသည်။

ဂျပန်များသည် နောက်ပိုင်းအချိန်, နောက်ပိုင်းရက်များထိအောင်ပင် အရပ်သားချွေးတပ်အလုပ်သမားများနှင့် စစ်သုံ့ပန်းချွေးတပ်သားများအား ကူးလူးဆက်ဆံခြင်းမရှိရလေအောင် ပညတ်ခြင်းပြုထားပါလေသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ကား အလုပ်သဘောအရ နီးကပ်စွာ ဖြစ်သွားကြသည်များလည်း ရှိလေသည်။ ထိုအဖြစ်မျိုးတွင်ကား သတိထားကြည့်ရှုရုံမှလွဲ၍ မည်သို့မျှမတတ်နိုင်ပါချေ။

ကျွန်တော့်တွင် အလုပ်တာဝန်ပိုရာ၌ ထိုအဖြစ်, ထိုကိစ္စမှာလည်း တမှောင့်ပင် ဖြစ်ရပါလေသည်။ ချွေးတပ်သားများအား နံနက်တိုင်းပင် စစ်သုံ့ပန်းများနှင့်ကင်းရှင်းစွာနေစေရန် သတိပေးပြောကြားရပါသည်။ ‘ဆေးလိပ်မပေးနှင့်၊ အစားအသောက်မပေးနှင့်၊ စကားမပြောနှင့်၊ သုံ့ပန်းချွေးတပ်သားများအနီးတွင် ကြာမြင့်စွာရပ်မနေနှင့်’ ဟူသောစကားများမှာ နံနက်အလုပ်ခွင်ဆင်းတိုင်း ပြောကြားနေရသောကိစ္စတစ်ခု ဖြစ်လေသည်။

http://mmteashop.com



ဤကိစ္စတွင်မူ ကျွန်တော်တို့အရပ်သားချွေးတပ်အလုပ်သမားများဘက်ကသာ မဟုတ်။ စစ်သုံ့ပန်းချွေးတပ်သားများဘက်ကလည်း အတော်ပင် သတိထားစောင့်စည်းကြောင်း ကျွန်တော်အကဲခတ်မိပါသည်။ စင်စစ်ဤလို စစ်သုံ့ပန်းများဘက်ကစောင့်စည်းခြင်းမှာလည်း အကြီးအကဲဖြစ်သူစစ်ဗိုလ်၏ သတိပေးတားမြစ်ချက်ကြောင့်ဖြစ်ကြောင်း ကျွန်တော် သိရလေသည်။ သုံ့ပန်းစစ်သားများအနေဖြင့်မူ ကျွန်တော်တို့ ချွေးတပ်သားများထက် အစစအရာရာငတ်ရှာပြတ်ရှာလွန်းသဖြင့် ဆေးလိပ်တိုကလေးတစ်တို၊ မုန့်ပဲသရေစာကလေးတစ်ဖဲ့ကအစ သွားရည်ယိုနေကြသူများ ဖြစ်လေသည်။ ထို့ကြောင့် သူတို့သည် ရံဖန်ရံခါ ဂျပန်များလစ်လျှင်လစ်သလို ဆေးလိပ်တောင်းခြင်း၊ မုန့်ပဲသရေစာတောင်းခြင်း၊ ခပ်လှမ်းလှမ်းမှနေလျက် လက်ဟန်ခြေဟန်ပြခြင်း၊ အသံပေးခြင်းများကို ပြုလုပ်တတ်ကြလေသည်။

ဤအဖြစ်ကို သုံ့ပန်းစစ်ဗိုလ်ကတွေ့ခဲ့လျှင် တားမြစ်ပိတ်ပင်ခြင်း၊ ကြိမ်းမောင်းပြစ်တင်ခြင်း ပြုလေ့ရှိပေသည်။ ထိုအပြုအမူမျိုးကို ဂျပန်စစ်သားများကသာတွေ့ခဲ့လျှင်မူ သုံ့ပန်းစစ်သားအဖို့ မသက်သာပါချေ။ ပါးနားကို ဘယ်ပြန်ညာပြန်ရိုက်နက်လေတော့သည်။

သို့ရာတွင် သုံ့ပန်းစစ်သားများအနေဖြင့် ချီးကျူးရမည့်အချက်များကိုလည်း ကျွန်တော် သတိပြုမိပါသည်။ ထိုအကြောင်းမှာ တခြားမဟုတ်ပါ။ သုံ့ပန်းစစ်သားတစ်ဦးတစ်ယောက်သည် ချွေးတပ်သားတစ်ဦးတစ်ယောက်က လွှင့်ပစ်လိုက်သော ကွမ်းသီးဖက်ဆေးလိပ်တိုကို ကောက်ယူကာသောက်မည်ဖြစ်သော်လည်း ဂျပန်စစ်သားများ လွှင့်ပစ်လိုက်သော ကူးဝါးစီးကရက်ကိုမူ မည်မျှလောက်ပင်ရှည်နေပါစေ ကောက်ယူကာသောက်လိမ့်မည်တော့ မဟုတ်ပါပေ။ သူတို့သည် စစ်ပွဲကြီးတစ်ခုကို ယှဉ်ပြိုင်တိုက်ခိုက်ခြင်းပြုရာ၌ တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး အဘယ်မျှရန်ငြိုးကြီးမားကာ ရွံရှာမုန်းတီးနေကြသည်ဆိုခြင်းကို သိသာလောက်ပေသည်။

ပြီးလျှင် ဂျပန်စစ်သားများကိုယ်တိုင်ကလည်း သုံ့ပန်းစစ်သားများ၏ ထိုသဘောထိုစိတ်ထားကို ရိပ်မိသိရှိဟန်တူလေသည်။ ထို့ကြောင့်ပင် အချို့သောဂျပန်စစ်သားများက သုံ့ပန်းစစ်သားများမခံချင်အောင် ပြုမူတတ်ကြလေသည်။ သူတို့၏အပြုအမူမှာ တစ်ဘက်သားအပေါ်စော်ကားသော အပြုအမူဟူ၍လည်း ဆိုနိုင်လေသည်။ ၎င်းတို့ပြုမူပုံမှာ သူတို့တွင် စီးကရက်ရာရှင် ဖောဖောသီသီကလေးရရှိနေသောအခါမျိုး၌ စီးကရက်ကို ၃–၄ ဖွာမျှသာသောက်ဖွာပြီးနောက် အလုပ်,လုပ်နေသော သုံ့ပန်းစစ်သားများအနီးသို့ လွှင့်ပစ်တတ်လေသည်။ ထိုအခါ အလုပ်ကို ပင်ပန်းကြီးစွာလုပ်ကိုင်နေရရှာရသောသုံ့ပန်းစစ်သားအဖို့ အဘယ်မျှ သွားရည်ယိုနေဂေမည်နည်း။ မြေပြင်ပေါ်တွင် တငွေ့ငွေ့တောက်လောင်နေသောစီးကရက်မီးခိုးငွေ့ကလေးသည် သုံ့ပန်းစစ်သား၏ နှလုံးသားအား အဘယ်မျှကလိကာ ရှိချိမ့်မည်နည်း ဆိုသည်ကို ဆေးလိပ်သောက်တတ်သူတိုင်း သဘောပေါက်လိမ့်မည်ဟု ထင်ပါသည်။

တစ်ဖန် ဘုရား ၃ ဆူစခန်း၌ပင် ကျွန်တော်တို့တွေ့ကြုံရသောအဖြစ်တစ်ခုလည်း ရှိပါသေးသည်။ ထိုအပြုအမူမျိုးမှာမူ စစ်သုံ့ပန်းချွေးတပ်သားများသာမက ကျွန်တော်တို့ အရပ်သားချွေးတပ်သားများပါ နာကျည်းမှု ဖြစ်ရပါလေသည်။

တောတွင်း၌ ကျွန်တော်တို့ ချွေးတပ်သားများနှင့် စစ်သုံ့ပန်းများအတွက် ဂျပန်ကပေးသောဆန်မှာ ငစိန်ဆန်များ ဖြစ်ကြပါသည်။ ငစိန်ထမင်း ဟူသည် အဆာအလောင်ခံနိုင်သည်။ အလုပ်ကြမ်းလုပ်ရသူများနှင့် သင့်တော်သည် ဟူသောအယူအဆနှင့် ဂျပန်တို့က ပေးကျွေးခြင်းပင် ဖြစ်ဟန်တူပါသည်။ သို့တည်းမဟုတ် ချွေးတပ်သားများနှင့် စစ်သုံ့ပန်းများအတွက် ဆန်ကြမ်းသာလျှင် သင့်တော်သည် ဟူ၍ တစ်ဦးတစ်ယောက်သောပညာရှိက အကြံပေးဟန်တူပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဂျပန်တို့က ချွေးတပ်သားများအတွက် လူကောင်းဖြစ်စေ၊ လူမမာဖြစ်စေ ငစိန်ဆန်ကြမ်းကိုသာ ပေးလေသည်။

http://mmteashop.com



သို့ရာတွင် ထိုငစိန်ဆန်မှာ ကျွန်တော်တို့အဖို့ ဟင်းလျာမည်သော တွဲဖက်တစ်ခုခု၊ ဥပမာ–ချဉ်ပေါင်းဟင်းလို ဟင်းမျိုး သို့မဟုတ် ငံပြာရည်၊ ငါးပိရည်၊ ငရုတ်သီးတို့လို တွဲဖက်အာဟာရမျိုးနှင့် စားသောက်ရခြင်းမဟုတ်ဘဲ မနူးမနပ် ပဲရေပြုတ်၊ ဖရုံသီးရေပြုတ်၊ ပိန်းဥ ကန်စွန်းဥရေပြုတ်မျှလောက်နှင့်သာ စားသောက်ရသောကြောင့်လည်း စားမရ မျိုမရ ဖြစ်ကြရပါသည်။ ထိုအခါ ငစိန်ဆန်သည် ကျွန်တော်တို့အဖို့ အာဟာရဖြစ်ဖို့ ဝေးစွ၊ ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်ဘဲဖြစ်ရလေသည်။ ကျွန်တော့်ကိုယ်တွေ့ပြောရပါမူ ကျွန်တော်တို့အထဲတွင် ပါလာသော တောင်သူလယ်သမားကြီးတွေပင် ငစိန်ဆန်ကြမ်းထမင်းကို ရောက်စကသာ လွေးနိုင်ကြသော်လည်း နောက်ပိုင်းတွင် ညည်းတွားရေရွတ်လာကြပါသည်။ "ထမင်းလေးက ပျော့ပျော့ပျောင်းပျောင်းဆိုရင်လည်း ဟင်းမကောင်းပေမယ့် ဆားဖြူးပြီး မျိုချရရဲ့ဗျာ"ဟု ဆိုမြည်တမ်းလာကြပါသည်။ ပြီးလျှင် နောက်ပိုင်းတွင် သူတို့ကိုယ်တိုင် ငစိန်ထမင်းကြောင့် လည်တနင့်နင့်တဆို့ဆို့ဖြစ်လာကြလေသည်။

တောတွင်းချွေးတပ်စခန်းများ၌ ကြုံတွေ့ခဲ့ရသောငစိန်ဆန်ကြမ်းထမင်းသည် ကျွန်တော်တို့ချွေးတပ်အလုပ်သမားများအဖို့ ကောင်းကျိုးမပြုခဲ့ချေ။ တစ်ခါတစ်ရံ၌မူ ထိုငစိန်ဆန်ကြမ်းထမင်းသည် ပို၍ပင် ဆိုးဆိုးရွားရွားဖြစ်လာတတ်လေသည်။ ဖွဲနမ်းချင်း၊ ခဲနမ်းချင်း၊ စပါးလုံးချင်း အောက်သိုးသိုးနံစော်စော်ဆန်များပင် ဖြစ်လေသည်။

ထိုအခါ ကျွန်တော်တို့အားလုံးပင် ဆန်ဖြူဆန်ကောင်းထမင်းကလေးများကို တောင့်တလာတတ်ပါသည်။ "ဆန်ဖြူထမင်းဖကလေးများ ဆီဆမ်းဆားဖြူးစားလိုက်ရ ဘယ့်လောက်ကောင်းမလဲ"ဟူသော အာသာဆန္ဒသည် လုတိုင်းနှုတ်ဖျားက ရွတ်ဆိုလာတတ်လေသည်။

ဂျပန်ရွှေကိုယ်တော်များမှာမူ ကျွန်တော်တို့ကဲ့သို့ ငစိန်ဆန်ကြမ်းမဟုတ်ပါချေ။ သူတို့အတွက်မှာ ဆန်ဖြူဆန်ကောင်း ဖူးခေါင်ဖူးဖျားများ ဖြစ်လေသည်။ စင်စစ် ကျွန်တော်တို့ ချွေးတပ်အလုပ်သမားများကိုလည်းကောင်း၊ စစ်သုံ့ပန်းချွေးတပ်သားများကို လည်းကောင်း ငစိန်ဆန်ကြမ်းကို အဆာအလောင်ခံနိုင်အောင် ပေးသည်။ သို့မဟုတ် ကျန်းမာရေးနှင့်ညီညွတ်အောင်၊ အာဟာရဓာတ်ဖွံ့ဖြိုးအောင် ပေးပါကျွေးပါသည် ဟုဆိုခဲ့လျှင် သူတို့စစ်သားစစ်ဗိုလ်များလည်း ငစိန်ဆန်ကြမ်းကိုသာ စားသောက်သင့်ပေသည်။ ယခုကား စစ်တပ်သည် အခွင့်ထူးခံ လူ့အဖွဲ့အစည်းကြီး တစ်ရပ်လို ဖြစ်နေလေတော့သည်။ ချွေးတပ်သားများသည် အ,လှုပါသည်။ ထုံလှုပါသည်။ ထိုင်းလှုပါသည်ဆိုသော်လည်း ဤသဘောမျှလောက်ကိုကား သိရှိကြလေသည်။ ထိုအဖြစ်မျိုးကြောင့်လည်း ဂျပန်တို့အပေါ် ချွေးတပ်သားများက မကြည်ညိုခြင်း၊ မနှစ်မြို့ခြင်းဖြစ်ရလေတော့သည်။

ထိုအခါ မကြည်ညိုသူ၊ မနှစ်မြို့သူတို့၏ ဓမ္မတာအရ အလုပ်တာဝန်များကို ဝတ်ကျေတမ်းကျေလောက်သာ လုပ်ကြလေသည်။ သာသာထိုးထိုး ကြိုးကြိုးပမ်းပမ်း ဟူ၍ကား မရှိသလောက် ဖြစ်လေသည်။ တစ်နည်းပြောရလျှင် ဂျပန်များကို ချွေးတပ်အလုပ်သမားများက အနနည်းဆန့်ကျင်သည့်သဘောပင် ဖြစ်လေသည်။ ချွေးတပ်အလုပ်သမားများသည် ရာနှင့်ထောင်နှင့်ချီကာ ဂျပန်တို့ကိုမဆန့်ကျင်၊ မတော်လှန်ဝံ့၍ မဆန့်ကျင်၊မတော်လှန်သော်လည်း၊ ချွေးတပ်သားတစ်ဦး တစ်ယောက်ချင်းကို မေးကြည့်ပါမူ ပြောဝံ့သောသတ္တိရှိပါက ဂျပန်များအပေါ်တွင် မကျေနပ်ကြောင်း၊ မကြိုက်ကြောင်းပြောကြပေလိမ့်မည်။

ဤလို ဂျပန်တို့အပေါ်တွင် မကြည်ညိုမနှစ်မြို့၍ ချွေးတပ်အလုပ်သမားများက ဝတ်ကျေဝတ်ကုန်မျှ အလုပ်လုပ်ကြသည့်အခါ ဂျပန်တို့ကလည်း 'မြန်မာချွေးတပ်သားများသည် အလုပ်မကြိုးစား' ဟူသောအမြင်နှင့် ထုထောင်းရိုက်နှက်ခြင်း၊ နေရာတကာအာဏာပြ အကြမ်းဖက်လျက်စေခိုင်းခြင်း ပြုလာလေသည်။ တစ်ဖန် ဂျပန်တို့၏ ထိုအပြုအမူကြောင့်ပင် အထက်ကဆိုခဲ့သလို ချွေးတပ်အလုပ်သမားများဘက်ကလည်း ခိုကတ်လာကြပြန်လေသည်။ ဤလိုနှင့်သာ ချွေးတပ်စခန်းကြီးတစ်ခုလုံး၊ ယိုးဒယား–မြန်မာ မီးရထားလမ်းလုပ်ငန်းကြီးတစ်ခုလုံး သွေး၊ ချွေး၊ မျက်ရည်တို့နှင့် ဖုံးလွှမ်းခဲ့ရခြင်း ဖြစ်လေသည်။ လူ့သမိုင်းတွင် ကြီးမားသောအမည်းကွက်များအဖြစ်နှင့်လည်း စွန်းထင်းကျန်ရစ်ခဲ့ရခြင်းပင် ဖြစ်လေသည်။

http://mmteashop.com



တစ်ဖန် စောစောကတင်ပြခဲ့သော ငစိန်ဆန်ကြမ်းထမင်းနှင့် ဆန်ဖြူကောင်းထမင်းအကြောင်းကို ဆက်ရပေဦးမည်။

ဘုရား ၃ ဆူစခန်းတွင် အလုပ်တာဝန်ကျသော ဂျပန်စစ်သားများသည် ချွေးတပ်သားများနှင့် သုံ့ပန်းများကဲ့သို့ပင် နံနက်စာထမင်းကို အလုပ်ခွင်အတွင်း၌ စားသောက်ကြရလေသည်။ ဂျပန်စစ်သားများအတွက်ထမင်းကိုမူ ထမင်းချက်ဂျပန်စစ်သားက လိုက်ပို့ပေးလေသည်။

အချိန်တန်လျှင် ထမင်းချက်ဂျပန်စစ်သားသည် ရှေ့နောက်ထမင်းချိုင့်များကို ဝါးလုံးလျှိုထမ်းကာ ထမင်းလာရောက်ပို့မြဲပင် ဖြစ်လေသည်။ ထမင်းချိုင့်များသည် ဂျပန်စစ်သားသုံးထမင်းချိုင့်များ ဖြစ်လေသည်။ ထိုထမင်းချိုင့်များနှင့်အတူ ရေနွေးဘူး စသည်များလည်း ပါရှိလေသည်။ ဂျပန်စစ်သားများသည် ထမင်းစားသောက်သည့်အခါ ဇွန်း, သို့မဟုတ် တရုတ်များကဲ့သို့ တူနှင့် စားသောက်ခြင်းပြုလေသည်။ များသောအားဖြင့်ကား တူနှင့်စားသော ဂျပန်စစ်သားက များလေသည်။

ဂျပန်စစ်သားအချို့သည် ထမင်းစားသောက်ပြီးလျှင် ၎င်းတို့စားသောက်၍ကြွင်းကျန်သော ထမင်းဟင်းများကို သုံ့ပန်းစစ်သားများစားသောက်နေသော အနီးအနားရှိသစ်ငုတ်တိုများပေါ်တွင်သော်လည်းကောင်း, ကြွေကျနေသော သစ်ရွက်များပေါ်တွင်သော်လည်းကောင်း စုလိုက်စုပုံစွန့်ပစ်လေ့ရှိလေသည်။

အစ၌သော် ကျွန်တော်သည် ဤအပြုအမူမှာ အမှတ်မဲ့ပြုမူခြင်း ဟုထင်မိသော်လည်း နောင်အခါတွင်မှ ဂျပန်စစ်သားအချို့က တမင်သက်သက်အကွက်ဆင်ကာ လုပ်ခြင်းဖြစ်ကြောင်း သိရပါလေသည်။ ဤအပြုအမူမှာလည်း စီးကရက်တိုကိုလွှင့်ပစ်သောနည်းမျိုးနှင်နှင်ပင် ဖြစ်လေသည်။ ဆန်ဖြူဆန်ကောင်းကိုစားသောက်ရသော ဂျပန်တို့သည် ငစိန်ဆန်ကြမ်းကိုစားသောက်ရသော အရပ်သားချွေးတပ်အလုပ်သမားများနှင့် စစ်သုံ့ပန်းချွေးတပ်သားများအပေါ်တွင် စော်ကားမောက်မာပြုကျင့်ခြင်းပင် ဖြစ်လေသည်။ စင်စစ် ဂျပန်စစ်သားများစွန့်ပစ်သော ထမင်းကျန်ဟင်းကျန်သည် ချွေးတပ်သားများစားသောက်နေရသော ထမင်းဟင်းထက် သာလွန်သည်ဆိုခြင်းကိုမူ အထူးပြောစရာမလိုတော့ပါချေ။

ဘုရား ၃ ဆူစခန်းတွင် ကျွန်တော်တို့နေထိုင်ကြရစဉ် ကျွန်တော်တို့ချွေးတပ်သားများထဲက အလုပ်သမား ၂ ယောက်သေဆုံးခဲ့ရကာ သုံ့ပန်းစစ်သားများထဲက တစ်ယောက်သေဆုံးခဲ့လေသည်။ ကျွန်တော်တို့အထဲက သေဆုံးရသူ ၂ယောက်တွင် တစ်ယောက်မှာ ဘုရား ၃ဆူစခန်းသို့ ကျွန်တော်တို့ ရွှေ့ပြောင်းလာရစဉ်က တဲတန်းလျားပေါ်တွင်တွေ့ရသော လူမမာဖြစ်၍၊ တစ်ယောက်မှာ ဆေးရုံစခန်းမှ ကျွန်တော်တို့ခေါ်ဆောင်လာသော လူနာထဲက 'ကိုမဲ'ဆိုသူ ဖြစ်လေသည်။ ကိုမဲသည် ပခုက္ကူသားတစ်ယောက်ဖြစ်သည်ဟု သူ့အဖော်များက ပြောလေသည်။ ထိုသူ့အကြောင်းမှာလည်း ပခုက္ကူသားတစ်ယောက်ဖြစ်ကြောင်း သိရသည်မှလွဲ၍ အခြား ထူးထူးထွေထွေ ဘာတစ်ခုမျှ မသိရပါချေ။ ကျွန်တော်တို့တဲတန်းလျားပေါ်တွင်တွေ့ရသော သေဆုံးရရှာသူမှာမူ မည်သည့်မြို့ရွာသား ဟူ၍ပင် မပြောတတ်ပါချေ။

ကျွန်တော်တို့အထဲက လူ ၂ ယောက်သေဆုံးသည်မှာ နေ့ဘက်တွင်ဖြစ်သော်လည်း၊ စစ်သုံ့ပန်းချွေးတပ်သား သေဆုံးသည်မှာမူ ညဘက် ၁၁ နာရီချိန်လောက်တွင် ဖြစ်လေသည်။ ထိုအချိန်က ကျွန်တော်တို့အားလုံး ရထားပေါ်သို့ ကျောက်များတင်နေချိန်ဖြစ်လေသည်။ ထိုအခိုက် စကားပြန်သူငယ်သည် ကျွန်တော်ရှိရာသို့ ဂျပန်စစ်သား ၂ ယောက်နှင့်အတူ ရောက်ရှိလာပါသည်။

ထိုသူငယ်ရောက်ရှိလာသည်မှာ ဂျပန်စစ်ဗိုလ် အိနားမတ်ဆုက စေလွှတ်လိုက်သောကြောင့် ဖြစ်ပါသည်။ အိနားမတ်ဆုမှာ ကျွန်တော်တို့နှင့်အတူ မရှိပါ။ ညဘက် ရထားတွဲများပေါ်သို့ ကျွန်တော်တို့တစ်တွေ ကျောက်များ,

http://mmteashop.com



ထင်းများ, ဝါးများ တင်ဆောင်ရသည့်အခါ ကျွန်တော်တို့နှင့်အတူ ဂျပန်စစ်သား ၄–၅ ယောက်တို့သာ ရှိလေသည်။ အကြောင်းကိစ္စထူးမရှိလျှင် အိနားမတ်ဆုသည် ညဘက်များတွင် ရထားလမ်းသို့ လာရောက်လေ့မရှိပါချေ။

"ဘာကိစ္စလဲဟေ့ မောင်ချစ်"

ကျွန်တော်သည် ဘွန်ထိုက်ချို ၃–၄ ယောက်နှင့်အတူ ချေးတပ်သားများကျောက်တင်နေသည်ကို စောင့်ကြပ်ကြည့်ရှုနေရာမှ ကျွန်တော်ရှိရာသို့လာနေသော မောင်ချစ်ကို လှမ်းမေးလိုက်ပါသည်။

"ချေးတပ်သားတွေ ကျောက်တင်လို့ပြီးသွားရင် စခန်းကို ခပ်မြန်မြန်ပြန်လွှတ်ဖို့ မာစတာက ပြောလိုက်တယ်ဗျ"

စကားပြန်သုသည် ကျွန်တော့်အနီးသို့လာရပ်ရင်း ပြောလေသည်။

"ဘာအကြောင်း ထူးပြန်လဲကွ"

"သုံ့ပန်းစစ်သားတစ်ယောက် သေသွားတယ်ဗျ။ အဲဒါ ဆရာလေးတို့အလုပ်ပြီးရင် မသာလာချသာလိမ့်မယ်"

ကျွန်တော်တို့ ချေးတပ်သားများမှာ ထိုအချိန်တွင် ကျောက်များ, ထင်းများတင်ဆောင်၍ ပြီးစီးနေလေပြီ။ ထို့ကြောင့်လည်း ကျွန်တော်သည် ဟန်ချိုနှင့် ဘွန်ထိုက်ချိုများအား မိမိတို့လူများကိုစစ်ဆေးစေလျက် စခန်းရှိရာသို့ အမြန်ဆုံးဝင်ရောက်ကြရန် ပြောရလေသည်။

ခပ်စောစောက စကားပြန်သူငယ်နှင့်အတူပါလာသော ဂျပန်စစ်သား ၂ ယောက်မှာလည်း အလုပ်တာဝန်ကျ ဂျပန်စစ်သားရှိရာသို့သွားရောက်ကာ တစ်စုံတစ်ရာကို ပြောဆိုနေလေသည်။ သူတို့ပြောနေသောကိစ္စမှာလည်း သုံ့ပန်းစစ်သား၏အသုဘကိစ္စပင် ဖြစ်ပါသည်။ ထို့နောက် ရောက်လာသောဂျပန်စစ်သား ၂ ယောက်နှင့် ခပ်စောစောအချိန်ကရှိနေကြသော စစ်သား ၆ ယောက်တို့သည် အသုဘချလာမည့် သုံ့ပန်းစစ်သားအချို့ကို စောင့်ကြပ်ရန်အတွက် ဖြစ်လေသည်။ အသုဘချလာမည့်ကိစ္စတွင်မူ သုံ့ပန်းစစ်ဗိုလ်နှင့် စစ်သား ၆ ယောက်သာလျှင် လာလိမ့်မည်ဖြစ်ကြောင်း မောင်ချစ်က ပြောပြပါသည်။

"ဒီပြင်လူတွေအားလုံး ပြန်လွှတ်လိုက်ဗျာ။ ဆရာလေးတော့ မပြန်ပါနှင့်ဦး။ ကျွန်တော်တို့ ကြည့်ကြရအောင်"

စကားပြန်သူငယ်က ကျွန်တော့်လက်ကိုဆွဲကိုင်ထားရင်း ပြောလေသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း သုံ့ပန်းစစ်သားတို့၏အသုဘအခမ်းအနားကို အဘယ်ပုံပြုလုပ်ကြောင်း ကြည့်ချင်ပါသည်။ ပြီးလျှင် ကျွန်တော်နှင့်အတူ စကားပြန်သူငယ်ရှိနေခြင်းကြောင့်လည်း ကျွန်တော့်တွင် တစ်စုံတစ်ရာ ပြဿနာမပေါ်နိုင်ကြောင်း ကျွန်တော်စဉ်းစားမိလေသည်။ ဤသို့စဉ်းစားမိသောကြောင့်ပင် စကားပြန်သူငယ်၏အဖော်ညှိမှုကို အလွယ်နှင့် ကျွန်တော်သဘောတူလိုက်ပါသည်။

ဟန်ချို, ဘွန်ထိုက်ချိုနှင့် ချေးတပ်သားများမှာမူ ကျွန်တော်ကပြောလိုက်သောကြောင့် စခန်းရှိရာသို့ အားလုံးပင်ထွက်ခွာသွားကြလေပြီ။ ကြယ်ရောင်ကလေးများ၏အလင်းမျှသာရှိသော ည၏အမှောင်ထုကြားဝယ် ချေးတပ်အလုပ်သမားအုပ်စုကြီးသည် မညီညာသော ခြေလှမ်း, အချိုးအစားမကျသော ပုံသဏ္ဌာန်ဖြင့် တအိအိတလှုပ်လှုပ်သွားနေကြလေသည်။ သူတို့ကိုကြည့်ရသည်မှာ ဘေးဒုက္ခပေါင်းများစွာကိုရင်ဆိုင်ရပြီးနောက် သေတွင်းထဲမှလွတ်မြောက်လာသော အားအင်ကုန်ခမ်းနေသူများနှင့် တူလှလေသည်။ သည်အတွင်းကပင် သစ်ပင်တစ်ပင်အောက်၌ရပ်ကျန်နေရစ်သော ဂျပန်စစ်သား ၂ ယောက်က ချေးတပ်သားများရှိရာသို့ ခဲနှင့်လှမ်းပစ်လျက် လှမ်းအော်ဟစ်နေလေသည်။ သဘောမှာ ချေးတပ်သားအားလုံး တဲတန်းလျားရှိရာရောက်မှ စစ်သုံ့ပန်းအသုဘက ချလာရမည်ဖြစ်သောကြောင့် ချေးတပ်သားများကို ခပ်သွက်သွက်သွားခိုင်းနေခြင်းဖြစ်လေသည်။

စကားပြန်သူငယ်နှင့်ကျွန်တော်သည် အနီးရှိကညင်ကြီးအောက်သို့ ဝင်ရပ်လိုက်ကြသည်။ ဂျပန်စစ်သား ၆ ယောက်တို့မှာလည်း ရိုင်ဖယ်သေနတ်များကို လုံ့စွပ်တပ်လျက် ရထားလမ်းဘေးတွင် ရပ်နေကြလေသည်။

http://mmteashop.com



သူတို့သည် သေနတ်အတွင်းသို့ ကျည်ဆံများလည်း အသင့်ထိုးထားကြလေသည်။ ထိုအချိန်တွင် ရထားမှာလည်း ဘုရား ၃ ဆူဘူတာမှ ထွက်ခွာသွားလေပြီ။ အတန်ကြာသော် ရထားနှင့် စစ်သုံ့ပန်းများသယ်ဆောင်သည့် ကျွန်တော်တို့၏မျက်စိအောက်မှ ကွယ်ပျောက်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ဘာမျှ သဲသဲကွဲကွဲမရှိချေ။ မြင်မြင်သမျှအရာဝတ္ထုများသည် မည်းမည်းချွန်းချွန်း အုံ့အုံ့မှိုင်းမှိုင်းကြီးတွေသာ ဖြစ်လေသည်။ လေတဖြူးဖြူးတိုက်ခတ်လာသည့်အခါ ဝါးရုံတောများသည် အသံအမြည်ဆုံး ဖြစ်နေလေသည်။ လှမ်းကြည့်လိုက်သည့်အခါ ထိုဝါးရုံတောများ၏လှုပ်ရှားပုံသည် ဝိုးတဝါးကြယ်ရောင်အောက်၌ စိတ်အားငယ်စရာ, စိတ်ချောက်ချားစရာမျှသာ ဖြစ်လေသည်။

ထိုအချိန်တိုင်အောင် စစ်သုံ့ပန်းအသုဘမှာ မရောက်လာသေးပါချေ။ ကျွန်တော်တို့ ၂ ယောက်မှာလည်း အသုဘ ရောက်လာမည့်လမ်းကို မျှော်မှန်းကြည့်ရင်း သစ်ပင်အောက်တွင် မတ်တတ်ကြီးတွေပင် ဖြစ်နေကြသည်။ ဂျပန်စစ်သား ၈ ယောက်မှာလည်း နဂိုနေရာတွင်ပင် ရပ်နေကြသည်။ သို့ရာတွင် သူတို့ကား ငြိမ်သက်၍မနေကြချေ။ စကားပြောသူက ပြောလျက်၊ ဆေးလိပ်သောက်သူက သောက်လျက်။

"အသုဘက ဘယ်နေရာမှာမြုပ်မှာလဲကွ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟိုဘက်တောစပ်မှာ မြုပ်မှာပဲဗျ။ သုံ့ပန်းစစ်ဗိုလ်က ပထမတော့ တဲလိုင်းတွေနောက်ကတောစပ်မှာ မြုပ်မလို့ဗျ။ မာစတာအိနားမတ်ဆုက ဒီမှာလာမြုပ်ဖို့ ပြောတယ်။ ဟိုနေရာက လူတွေနေရတဲ့နေရာနှင့် နီးတယ် မဟုတ်လားဗျ"

မောင်ချစ်က ပြောပါသည်။

အမှန်မှာ ကျွန်တော်တို့ စစ်သုံ့ပန်း ၂ ဦး သေဆုံးခဲ့စဉ်ကပင် အတော်အလှမ်းဝေးသောရထားလမ်းဘေး တောထဲတွင် မြုပ်နှံကြရလေသည်။ ယခုလည်း ဤအတိုင်းပင် ဖြစ်လေသည်။

ကျွန်တော်တို့တစ်တွေ ဘုရား ၃ ဆူစခန်းသို့ ရွှေ့ပြောင်းလာကြစဉ်က တဲတန်းလျားများအနီးတွင် လူသေ အလောင်းများကို တွေ့ရလေသည်။ အလောင်းတချို့မှ မြေပေါ်တွင်ပေါ်လျက် ပုပ်ပွနံဟောင်နေလေသည်။ ဤသို့ ဖြစ်ရသည်မှာ မူလနေထိုင်သွားကြသည့် စစ်သုံ့ပန်းများကပင် ကျင်းတိမ်တိမ် မြုပ်ပစ်ခဲ့ကြသောကြောင့်ပေလော။ ဒါမှမဟုတ် တောတိရစ္ဆာန်များကပင် တူးဖော်စားသောကြောင့်ပေလော မပြောတတ်ပါ။ ထို့ကြောင့်ပင် အိနားမတ်ဆုက ဤမျှအဝေးအလှမ်းတွင် မြုပ်နှံခိုင်းခြင်းဖြစ်လေသည်။

သို့နှင့် မကြာမီပင် ကျွန်တော်တို့သည် သစ်ပင်ဝါးပင်များအကြားမှ မီးရောင် ၂ စုံကို လှမ်းမြင်လိုက်ရလေသည်။ ကျွန်တော်တို့တွေ့မြင်ရသောမီးရောင်သည် မီးတုတ် ၂ ခုဖြစ်ကြောင်း ခန့်မှန်းမိကြပါသည်။ သစ်ပင်သစ်ခက်များအကြားမှ ထိုမီးရောင် ၂ ခုသည် မြင့်လာလိုက်, နိမ့်သွားလိုက်, ပျောက်သွားလိုက်, ပြန်ပေါ်လာလိုက်နှင့် တအိအိတလှုပ်လှုပ်နှင့် မြင်နေရခြင်းဖြစ်လေသည်။ မသိသူများဆိုပါက သရဲမီးလား, တစ္ဆေမီးလား ဟူ၍ ထင်မှတ်ကြပေလိမ့်မည်။

"မသာချလာပြီ ဆရာလေး"

စကားပြန်သူငယ်သည် ကျွန်တော့်အနီးတိုးကပ်လာရင်း တုန်လှုပ်သလို ပြောလေသည်။ သူ့ရင်ထဲတွင် ကြည့်ချင်စိတ်ကို ကြောက်ရွံ့စိတ်က ဝင်နှောက်လိုက်ဟန်တူပါသည်။ သူငယ်သည် ပြောပြောဆိုဆိုပင် ကျွန်တော့် လက်တစ်ဖက်ကို ခပ်တင်းတင်းဆုပ်ထားလေသည်။ လေက ခပ်ပြင်းပြင်းတိုက်လိုက်သောကြောင့်လည်း သစ်ကိုင်း သစ်ခက်များသည် တသိမ့်သိမ့်တသဲသဲအသံပြုလေသည်။ စကားပြန်သူငယ်ကို မဆိုထားဘိ၊ ကျွန်တော်ကိုယ် တိုင်ပင် စိတ်ထဲက တစ်မျိုးတစ်ဖုံဖြစ်မိလေသည်။

http://mmteashop.com



မီးတုတ် ၂ခုသည် ခပ်စောစောကလိုပင် ပေါ်လိုက်ပျောက်လိုက် နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။ အသုဘချလာသောလမ်းသည် တဲငါန်းလျှားများရှိရာမှ ရထားလမ်းရှိရာသို့လာသောလမ်းအတိုင်းပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း လမ်းဘေးတစ်ဘက်တစ်ချက်တွင် သစ်ပင်, ဝါးရုံများက ကာဆီးထားသည်။ ပြီးလျှင် ကုန်းဆင်းကုန်းတက်ကလေးတွေနှင့် အကွေ့အကောက်ကလေးတွေလည်း ရှိသည်။ တဖြောင့်တည်းသောလမ်းမူကား မဟုတ်ပါချေ။ အနိမ့်ပိုင်းမှ အမြင့်ရှိရာသို့ အကွေ့အကောက်တက်ရောက်လာရသော လမ်းဖြစ်လေသည်။ ထို့ကြောင့်လည်း မီးရောင်ကိုတွေ့ရပြီးနောက် အသုဘချလာသူများသည် တော်တော်နှင့်မရောက်သေးခြင်း ဖြစ်လေသည်။

နောက်ထပ် မိနစ်ပိုင်းအတန်ကြာသွားမှပင် ကျွန်တော်တို့သည် ရှေ့ဆုံးမှတက်လာသော သံ့ပန်းစစ်ဗိုလ်ကို မြင်လိုက်ရသည်။ သူ့လက်တွင် မီးတုတ်ကိုင်ထားလေသည်။ ပြီးလျှင် သူ့နောက်ပါးတွင် ပေါက်တူးထမ်းလာသော သံ့ပန်းစစ်သား။ နောက် အလောင်းထမ်းလာသော စစ်သား ၄ ယောက်။ သူတို့နောက်မှ မီးတုတ်ကိုင်တစ်ယောက် ဖြစ်လေသည်။ စင်စစ် မီးတုတ် ၂ခု၏ အလင်းရောင်မျှဖြင့် လမ်းကို ကောင်းစွာမြင်ကြရသည်တော့ မဟုတ်နိုင်ချေ။ သို့ရာတွင် သူတို့သည် ဤလမ်းခရီးကို သွားလာဖူးကြသူများ ဖြစ်သောကြောင့်လည်း အမှန်းအဆဖြင့် လျှောက်နိုင်ခဲ့ကြခြင်းပင် ဖြစ်လေသည်။ သို့တိုင်အောင် အလောင်းထမ်းလာရသော သံ့ပန်း ၄ ယောက်တို့ကား ခြေလှမ်းခြေချ မမှန်ပါချေ။

ရထားလမ်းရှိရာသို့ သူတို့ရောက်လုလုတွင်မူ အမှောင်ထုအတွင်းရှိ ဂျပန်စစ်သားများသည် သေနတ်များကို အသီးသီးမောင်းထိုးလိုက်ပြီးနောက် ၂ ယောက်ကျ လူစုခွဲလိုက်လေသည်။ သူတို့ နေရာယူလိုက်ကြသည်မှာ သစ်ပင်ကြီးများအောက်တွင်ဖြစ်လေသည်။ တစ်ပင်လျှင် ၂ ယောက်ကျ နေရာယူထားခြင်းဖြစ်လေသည်။ ကျွန်တော်နှင့် စကားပြန်သူငယ်မှာမူ သစ်ပင်ကြီးအောက် အမှောင်တွင်းမှ မီးတုတ်အလင်းရောင်ရှိရာသို့ ထွက်ရပ်လိုက်ကြလေသည်။

သံ့ပန်းစစ်ဗိုလ်သည် ဂျပန်စစ်သားများကိုသတိထားမိသလို၊ ကျွန်တော်နှင့် စကားပြန်သူငယ်ကိုလည်း လှမ်းကြည့်လိုက်သည်။ သူသည် ကျွန်တော်တို့ကို မြင်လိုက်သည့်အခါ နဖူးနှင့်ရင်ဘတ် ၂ ဘက်ပေါ်သို့ လက်ကို ရွှေ့လျားတင်လျက် ဘာသာရေးအထိမ်းအမှတ်ကို ပြုလေသည်။ ထို့နောက် ကျွန်တော်တို့ရှေ့မှဖြတ်လျက် ရထားလမ်းကိုကျော်ကာ တောစပ်ရှိရာသို့ ဦးတည်သွားလေသည်။ ကျွန်တော်တို့ ၂ ယောက်သည် သူတို့နောက်ပါးမှ နေလျက် တောစပ်အထိလိုက်ပါသွားကြပါသည်။

သံ့ပန်းစစ်ဗိုလ်သည် တောစပ်မှနေလျက် အတွင်းဘက်သို့ အနည်းငယ်မျှသာဝင်ရောက်ပြီးနောက် ထိုနေရာတွင်ပင် သူ့စစ်သား၏အလောင်းကိုမြှုပ်နှံရန် ပြင်ဆင်ခြင်းပြုလေသည်။ အလောင်းမြှုပ်နှံမည့်နေရာကိုလည်း သူကိုယ်တိုင်ရွေးချယ်ကာ သူကိုယ်တိုင် မြေကျင်းကို စတင်ပေါက်လေသည်။ ပြီးမှ သူ့နောက်ပါစစ်သားများက တစ်ဦးပြီးတစ်ဦးပေါက်ကြသည်။ ထိုအခါ အလောင်းစင်ဝါးကပ်ပေါ်တွင် အဆင်သင့်ယူဆောင်လာသော လက်ဝါးကပ်တိုင်တစ်ခု, မြေကော်သည့်ဂေါ်ပြားတစ်လက်, ဓားတစ်ချောင်း စသည်တို့ကိုလည်း ကျွန်တော် သတိပြုမိပါသည်။

ကျင်းတူးနေခိုက် အလောင်းကို မြေပြင်ပေါ်တွင်ချထားကာ မီးတုတ်အသစ်တစ်ခုကို ထွန်းညှိလျက် အလောင်းအနီးတွင် စိုက်ထူထားသောကြောင့်လည်း ကျွန်တော်တို့သည် သေသူ၏သံ့ပန်း၏ပုံပန်းသဏ္ဌာန်ကို အတော်အတန်ပင် ကွဲပြားစွာ မြင်ရလေသည်။ သေဆုံးသူသံ့ပန်းစစ်သားမှာ လွန်မင်းစွာ ကြုံလှီဖျော့လျော့လျက် ရှိလေသည်။ သူ့ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသော ဘောင်းဘီသည် ဒူးဆစ်အထက်ကိုပင်ရောက်နေသော တိုနန့်နန့်ဘောင်းဘီ ဖြစ်သည်။ အထက်ပိုင်းတွင်ဝတ်ထားသည်မှာလည်း စစ်အင်္ကျီမဟုတ်။ စုတ်ပြဲနေသော ဝါကျင့်ကျင့် ညစ်ထပ်ထပ် စွပ်ကျယ်ဖြစ်သည်။

သံ့ပန်းစစ်သား၏မျက်နှာသည် ပါး ၂ ဖက်ချိုင့်ခွက်လျက်, မျက်ကွင်းဟောက်ပက်ဖြစ်လျက်, ပါးစပ်

http://mmteashop.com



အပေါင်းသားဟလျက်, မှတ်ဆိတ်ကျင်စွယ်များ ကျိုးတဲကျဲတဲထောင်လျက်, ဖြူဖပ်ဖြူရော်ဖြစ်လျက်၊ မည်သည့်တစ်ချက်မျှ ကြည့်မကောင်းပါချေ။ ထိုအတွင်းကပင် ရှုးသိမ်နေသောခန္ဓာကိုယ်အောက်ပိုင်းနှင့် မလိုက်ဖက်အောင် ဒူးခေါင်း ၂ ခုက ကြီးမားနေလေသည်။

မြေပြင်တွင်စိုက်ထောင်ထားသော အလောင်းအနီးရှိမီးတုတ်သည် အရှိန်ပြင်းစွာတောက်လောင်လျက်ရှိလေသည်။ မီးခိုးမှိုင်း, မီးခိုးတန်းများသည် အလိပ်အလိပ်ထကာ တလူလူလွင့်တက်နေလေသည်။ သုံ့ပန်းစစ်သားများသည် တစ်ယောက်တစ်လက်ဆိုသလိုပင် မြေကြီးများကိုတူးဆွလိုက်, ဂေါ်ပြားနှင့် ကော်တင်သူကတင်လိုက် လုပ်ကိုင်ကြလေသည်။

ထိုအချိန်၌မူ သုံ့ပန်းစစ်ဗိုလ်သည် အလောင်းကို ဦးတိုက်မြှုပ်နှံမည့် သစ်ပင်ကြီး၏ပင်လုံးပေါ်တွင် ဓားငယ်တစ်ချောင်းနှင့် တစ်စုံတစ်ရာကို ထွင်းမှတ်လျက်ရှိလေသည်။ သူ့အနီးတွင် စစ်သားတစ်ယောက်က မီးတုတ်ကို မြှောက်ပြထားလေသည်။ သုံ့ပန်းစစ်ဗိုလ်၏လှုပ်ရှားမှုသည် လေးလေးကွေးကွေးမဟုတ်ပေ။ ခပ်သွက်သွက်ခပ်မြန်မြန်ဖြစ်လေသည်။

ဤသို့နှင့် မကြာမီပင် ကိစ္စအားလုံးပြီးစီးသွားလေသည်။ ထိုအခါမှပင် သူတို့သည် အလောင်းမြေရင်းတွင် တညီတညွတ်တည်းတန်းစီရပ်ကြပြီးနောက် ကွယ်လွန်သူ သုံ့ပန်းစစ်သားအား အလေးပြုလိုက်ကြသည်။ စစ်ဗိုလ်ဖြစ်သူက တစ်စုံတစ်ရာကိုလည်း နှုတ်ဖျားမှ တတွတ်တွတ်ပြောသံကြားလိုက်ရသည်။ ဘာတွေပြောသည်ဟူ၍ကား ကျွန်တော်တို့ မသိပါပေ။

ထို့နောက် ထမ်းစင်ပေါ်မှအလောင်းကို ကျင်းထဲသို့ချကာ မြေဖို့ခြင်းပြုကြလေသည်။ သုံ့ပန်းစစ်ဗိုလ်နှင့် စစ်သားတစ်ယောက်မှာမူ မြေပုံ၏ခေါင်းရင်းဘက်တွင် အသင့်ယူဆောင်လာသော လက်ဝါးကပ်တိုင်ကလေးကို အတော်ပင်နက်အောင် ရိုက်သွင်းကာ စိုက်လိုက်ကြသည်။ ထိုကိစ္စများပြီးစီးသွားသည့်အခါတွင်လည်း သုံ့ပန်းစစ်ဗိုလ်ရောစစ်သားများအားလုံးပင် နောက်ဆုံးအဖြစ် အလေးပြုကြပြီးမှ ရထားလမ်းရှိရာသို့ ထွက်လာကြလေသည်။

ကျွန်တော်သည် စကားပြန်သူငယ်၏လက်ကိုဆွဲကာ သူတို့ရှေ့မှနေကာ မီးရထားသံလမ်းကိုဖြတ်ကျော်ခဲ့ပါသည်။

သည်တစ်ကြိမ် တဲတန်းလျားရှိရာသို့ ပြန်ခဲ့ကြသည့်အခါ၌မူ ကျွန်တော်နှင့် စကားပြန်သူငယ်တို့က ရှေ့ဆုံးမှဖြစ်လေသည်။ ကျွန်တော်တို့နောက် ခပ်လှမ်းလှမ်းတွင်မူ သုံ့ပန်းစစ်ဗိုလ်နှင့် မီးတုတ်ကိုင် သုံ့ပန်းစစ်သားတစ်ယောက်ဖြစ်လေသည်။ ထို့နောက်ပိုင်း ခပ်လှမ်းလှမ်းတွင် သုံ့ပန်းစစ်သားများဖြစ်လျက်၊ သူတို့နောက်ကမှ ဂျပန်စစ်သားများနှင့် မီးတုတ်ကိုင်သုံ့ပန်းစစ်သားတစ်ယောက်တို့ ဖြစ်ကြလေသည်။

အမှန်အားဖြင့်မူ ကျွန်တော်တို့နှင့် သုံ့ပန်းစစ်သားများသည် တဲစခန်းများရှိရာသို့ပြန်ကြသည့်အခါ သူ့လမ်းကိုယ့်လမ်းခွဲလျက် ပြန်ကြရမည်ဖြစ်သော်လည်း၊ ဂျပန်စစ်သားများက လမ်းမြင်ရရေးအတွက် မီးတုတ်များပါလာသောသုံ့ပန်းများအား သည်မှာဘက်လမ်းမှ ခေါ်ဆောင်ခဲ့သောကြောင့်လည်း အပြန်ခရီးတွင် ကျွန်တော်တို့အားလုံး တပေါင်းတစ်စည်းတည်းပြန်ခဲ့ကြခြင်း ဖြစ်လေသည်။

ဤသို့လျှောက်ခဲ့ကြ၍ ကျွန်တော်နှင့် စကားပြန်သူငယ်တို့ ကုန်းဆင်းကလေးတစ်နေရာသို့ ရောက်ခဲ့ကြသည့်အခါ၌မူ ကျွန်တော်တို့နောက်ပါးမှ သုံ့ပန်းစစ်ဗိုလ်နှင့်စစ်သားသည် ခပ်သုတ်သုတ်လျှောက်လာပြီး ကျွန်တော့်အပါးသို့ ချဉ်းကပ်လာလေသည်။ ပြီးလျှင် သုံ့ပန်းစစ်ဗိုလ်သည် ကျွန်တော့်ကိုအသံပြုလျက် တစ်စုံတစ်ရာသော အရာဝတ္ထုကို ကျွန်တော့်လက်သို့ လှမ်း၍ပေးလိုက်သည်။ ထို့နောက် ၂ ဦးစလုံးပင် ကျွန်တော်တို့ရှေ့မှ ဖြတ်တက်သွားကြလေသည်။

http://mmteashop.com



ကျွန်တော်သည် သုံ့ပန်းစစ်ဗိုလ်ပေးသွားသောပစ္စည်းကလေးကို ရုတ်တရက်မကြည့်ဝံ့သေးဘဲ ကျွန်တော့် အိတ်ထဲသို့ လျင်မြန်စွာထိုးထည့်လိုက်ပါသည်။ ကျွန်တော့်ဘေးတွင် စကားပြန်သူငယ်ပါလာသောကြောင့် တစ်ကြောင်း, နောက်ခပ်လှမ်းလှမ်းတွင် ဂျပန်စစ်သားများပါရှိလာသောကြောင့်တစ်ကြောင်း ဖြစ်ပါသည်။ သို့ရာတွင် ဂျပန်စစ်သား များမှာမူ ကျွန်တော်တို့နှင့် အတော်ပင် အလှမ်းဝေးကျန်ရစ်ခဲ့ကြပါသည်။

ရုတ်တရက် ကျွန်တော့်အိတ်ထဲသို့ထည့်လိုက်သောပစ္စည်းကလေးသည် မည်သည့်အရာဝတ္ထု, မည်သည့် ပစ္စည်းဖြစ်ကြောင်း မသိရသေးသော်လည်း၊ တစ်မိုက်ခန့်သာရှိမည့် မာကျောကျောပစ္စည်းကလေးတစ်ခုဖြစ်ကြောင်း ကိုကား ကျွန်တော့်လက်တစ်ဖက်က စမ်းသပ်ကြည့်၍သိရလေသည်။ ဤလိုနှင့် ကျွန်တော်နေသောတဲပေါ်သို့ ရောက်၍ မီးရောင်တွင် ကြည့်လိုက်သောအခါမှပင် ဖောင်တိန်ကလေးတစ်ချောင်းဖြစ်ကြောင်း သိရပါလေသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုဖောင်တိန်ကလေးသည်ပင် သုံ့ပန်းစစ်ဗိုလ်အပေါ်၌ ကျွန်တော့်အနေဖြင့် အချိန်ကာလ အတော်ကြာ မေ့မရနိုင်သော့လက်ဆောင်ပစ္စည်းကလေးတစ်ခု ဟူ၍ ကျွန်တော် ယူဆမိလေသည်။

သုံ့ပန်းစစ်ဗိုလ်နှင့် ကျွန်တော်မှာမူ ထိုည ထိုအချိန်ကတွေ့ကြရခြင်းသည် နောက်ဆုံးပင် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုပါမူ ကျွန်တော်နှင့် ဘွန်ထိုက်ချီအဖွဲ့အချို့သည် နောက်တစ်နေ့မနက် ဝေလီဝေလင်းအချိန်၌ပင် လုံးဝမမျှော်လင့်ပါဘဲ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းခဲ့ရသောကြောင့်ဖြစ်လေသည်။

http://mmteashop.com

## နှင်းစားရသောအပြန်ခရီး

တပ်ဒိန်စခန်းသို့ ပြောင်းရွှေ့ခဲ့ရသောကိစ္စနှင့်ပတ်သက်၍ကား ကျွန်တော့်အဖို့ များစွာစိတ်မကောင်းဖြစ်ရသော အဖြစ်တစ်ခု ရှိခဲ့ရပါလေသည်။ ထိုအဖြစ်မှာ တခြားမဟုတ်ပါ။ ကျွန်တော်တို့နှင့် အမြဲတမ်းတွဲလာခဲ့သော ဘွန်ထိုက်ချို ထိုမောင်စိန်တို့အဖွဲ့သည် ကျွန်တော်တို့နှင့် စခန်းပြောင်းရွှေ့ရာသို့ အတူတကွမပါလာဘဲ ဘုရား ၃ ဆူစခန်းတွင် ကျန်နေခဲ့သည့်ကိစ္စပင် ဖြစ်လေသည်။ ဆေးရုံစခန်းမှ ရွှေ့ပြောင်းခဲ့သော လူမမာချွေးတပ်သားများမှာလည်း ကျွန်တော် တို့နှင့်အတူပါမလာဘဲ ဘုရား ၃ ဆူစခန်း၌ပင် ကျန်ရစ်ခဲ့ပါလေသည်။ ထမင်းချက်ခေါင်းကြီး ကိုစံခမှာလည်း ဘုရား ၃ ဆူစခန်း၌ပင် ကျန်ရစ်ခဲ့လေသည်။

ဘွန်ထိုက်ချိုအဖွဲ့အချို့နှင့် ကျွန်တော်မှာ ဂျပန်စစ်ဗိုလ် အိနားမတ်ဆု၏အမိန့်နှင့် ဝေလီဝေလင်းအချိန်တွင် ရုတ်ခြည်းရွှေ့ပြောင်းရသောကြောင့်လည်း ကျွန်တော်မှာ မည်သူ့ကိုမျှ နှုတ်မဆက်ခဲ့ရပါချေ။ ဂိုဒေါင်စာရေး ကိုသန်းမောင်, ကိုချစ်ထွန်း, ဆင်ခေါင်းကြီး ဦးနမ်လွေ့ စသူတွေကိုလည်း ကျွန်တော် နှုတ်မဆက်ခဲ့ရပါချေ။ စကားပြန်သူငယ်ကလေး မောင်ချစ်ပင် ကျွန်တော်တို့ရွှေ့ပြောင်းရမည့်အဖြစ်ကို ကြိုတင်မသိ ဟုပြောပါသည်။ ကျွန်တော်တို့ ရွှေ့ပြောင်းရသောကိစ္စသည် ညအချိန်မတော်တွင် တပ်ဒိန်စခန်းရှိ အထက်စစ်ဗိုလ်ကြီးများက တယ်လီဖုန်းဆက်ကာ အမိန့်ပေးလိုက်ခြင်းဖြစ်ဟန်တူကြောင်းနှင့် စကားပြန်သူငယ်က ပြောလေသည်။ သူ့စကားသည် ယုတ္တိတန်သော စကားဖြစ်သည်ဟူ၍လည်း ကျွန်တော် ယူဆမိလေသည်။

ကျွန်တော်နှင့် ဘွန်ထိုက်ချိုအဖွဲ့အချို့ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းကြရမည့်ကိစ္စကို စကားပြန်သူငယ်ကလေးသည် ကြိုတင်၍မသိရှိခဲ့ကြောင်းမှာလည်း အမှန်အတိုင်းပင် ဖြစ်ပါလိမ့်မည်။ အကယ်၍ စကားပြန်သူငယ်ကလေးသာ ကြိုတင်သိရှိခဲ့ပါလျှင် ယမန်နေ့ည သုံ့ပန်းစစ်သား၏အသုဘမှအပြန်တွင် ပြောကြားခြင်းပြုလိမ့်မည်မှာ ယုံမှားသံသယဖြစ်စရာ မရှိပါပေ။ ပြီးလျှင် ဂျပန်စစ်ဗိုလ်အိနားမတ်ဆုကိုယ်တိုင်ပင် ညဉ့်ဦးပိုင်းအချိန်ထိ ထိုအကြောင်းကို မသိရှိရသေး ဟူ၍လည်း ကျွန်တော်ယူဆမိပါသည်။ အဘယ့်ကြောင့်ဆိုလျှင် ဂျပန်စစ်ဗိုလ် အိနားမတ်ဆုသည် ထိုအကြောင်းမျှလောက်ကိုကား ကျွန်တော့်အပေါ်တွင် ထိမ်ချန်လျှို့ဝှက်ထားစရာ မရှိသောကြောင့်လည်း ဖြစ်ပါသည်။ ပြီးလျှင် ဘုရား ၃ ဆူစခန်းမှ တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းရသောကိစ္စမှာ အောက်စခန်းမှ တောနက်ရာအထက်စခန်းတစ်နေရာသို့ ပြောင်းရွှေ့ရသည့်ကိစ္စမဟုတ်ပါ။ အထက်စခန်းမှနေကာ သံဖြူဇရပ်လို မြို့ကြီးများဖြင့်နီးကပ်ရာ အောက်စခန်းသို့ ပြောင်းရွှေ့ရသော ကိစ္စတစ်ခုသာဖြစ်လေသည်။ များသောအားဖြင့်လည်း ကျွန်တော်တို့ ချွေးတပ်သားများအနေနှင့် စခန်းပြောင်းရွှေ့ခြင်းပြုကြရသည့်အခါများတွင် အထက်စခန်းများကို ရွှေ့ကြ, ပြောင်းကြရသည်ထက် အောက်စခန်းများကို ရွှေ့ပြောင်းရခြင်းကသာ အတော်အတန် စိတ်သက်သာမှုရကြစမြဲပင် ဖြစ်လေသည်။

ကျွန်တော်သည် သည်တစ်ကြိမ် တပ်ဒိန်စခန်းသို့ ရွှေ့ပြောင်းရမည်ဖြစ်ကြောင်းနှင့် အိနားမတ်ဆုက အမိန့်ပေးပြောကြားလိုက်သည့်အခါ၌ပင် စိတ်ထဲက ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်လိုက်ပြီးပင် ဖြစ်လေသည်။

'တပ်ဒိန်စခန်းကိုရောက်လျှင် အခြေအနေအရပ်ရပ်ကိုသုံးသပ်ကြည့်ရှုပြီးနောက်၊ ထွက်ပြေးမည်' ဟူသော စိတ်ဆုံးဖြတ်ချက် ဖြစ်လေသည်။ ထိုဆုံးဖြတ်ချက်ကိုလည်း သန္နိဋ္ဌာန်တစ်ရပ်အနေနှင့် အပြီးအပိုင်ချမှတ်လိုက်

http://mmteashop.com



ပါသည်။ ကျွန်တော်တို့အဖို့ တောတွင်းချွေးတပ်စခန်း ဂျပန်များလက်တွင်းမှ လွတ်မြောက်ရေးလမ်းသည် ဤနည်းတစ်နည်းသာရှိကြောင်းကိုလည်း ကျွန်တော်သည် သဘောပေါက်နားလည်ခဲ့ရပါလေပြီ။

နောက်တစ်ကြောင်း ကျွန်တော်တွေးမိသည်မှာ စိတ်ပျက်အားလျော့ကာ ငုတ်တုတ်ထိုင်လျက် အသေခံမည်လော၊ လှုပ်ရှားရုန်းကန်ခြင်းဖြင့် လွတ်မြောက်ရေးကို စွန့်စားထုတ်မည်လော ဟူသော အကြောင်း ၂ ချက်ပင်ဖြစ်ပါသည်။ ထိုကိစ္စအတွက် ကျွန်တော်သည် ဒုတိယနည်းလမ်းကို ရွေးချယ်လိုက်လေသည်။ ဤနည်းလမ်းသည်သာ တောတွင်းချွေးတပ်စခန်းသို့ရောက်ရှိနေသော ကျွန်တော်လိုလူတစ်ယောက်အဖို့ အမှန်ကန်ဆုံးနှင့် အသင့်လျော်ဆုံး ဟူ၍လည်း ကျွန်တော် ယူဆမိပါသည်။

သည်တစ်ကြိမ် ဘုရား ၃ ဆူစခန်းမှ တပ်ဒိန်စခန်းသို့ရွှေ့ပြောင်းရသည်တွင် ဘွန်ထိုက်ချိုအဖွဲ့များကို ဂျပန်စစ်ဗိုလ် အိနားမတ်ဆုကိုယ်တိုင်ပင် ရွေးချယ်ခြင်းပြုပါသည်။ အိနားမတ်ဆုရွေးချယ်သောအဖွဲ့များသည် အတော်ပင်လုပ်နိုင်ကိုင်နိုင်အားရှိသေးသော 'အနုတော လူချော' ဆိုရမည့်အဖွဲ့များ ဖြစ်ပါသည်။ ထို့ကြောင့်လည်း မစွမ်းမသန်သူများ များနေသော ဘွန်ထိုက်ချိုကိုမောင်စိန်အဖွဲ့ ဟန်ချိုကိုချစ်တီးအဖွဲ့တို့မှာ ဘုရား ၃ ဆူစခန်း၌ပင် ကျန်ရစ်ခဲ့ခြင်း ဖြစ်ရလေသည်။ ကျွန်တော်၏မိတ်ဆွေကြီးများဖြစ်ကြသော ကိုသာမြိုင်၊ ကိုစိန်မောင် စသူများမှာမူ ကျွန်တော်နှင့်အတူ တပ်ဒိန်စခန်းသို့ ပါရှိလာခဲ့လေသည်။

. စခန်းပြောင်းရသည့်အခါ ကျွန်တော့်အဖို့ စိတ်မကောင်းဖြစ်ရသလို စိတ်ချမ်းသာရသောအကြောင်းများလည်း ရှိရပါလေသည်။ ဤလိုစိတ်ချမ်းသာရမှုမှာ ကျွန်တော်နှင့်ရင်းနှီးခင်မင်သော ကိုသာမြိုင်တစ်ယောက် ပါရှိလာခြင်းနှင့် ဘွန်ထိုက်ချိုကိုမောင်စိန်အဖွဲ့မှ ကရင်အမျိုးသားကလေး မောင်သာဆင် ပါရှိလာသောကြောင့်ပင် ဖြစ်ပါသည်။ သာဆင်မှာ ကျွန်တော့်အပေါ်တွင် အစ်ကိုအရင်းအချာတစ်ယောက်ပမာ ခင်မင်အားကိုးရှာသူ၊ ကျွန်တော့်အတွက် ဝတ်ကြီးဝတ်ငယ်ပြုစုရှာသူ၊ တစ်ရပ်တည်းတစ်နယ်တည်းသားဖြစ်သူ ကျွန်တော်တို့ချွေးတပ်အဖွဲ့သားများတွင် အသက်အငယ်ဆုံးဖြစ်ရှာသူ ချွေးတပ်သားကလေး ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော် ထွက်ပြေးသည့်အခါ ထိုသူငယ်ကိုပါ တစ်ပါတည်းခေါ်ဆောင်သွားရန် ကျွန်တော် စိတ်ဆုံးဖြတ်ထားခြင်း ဖြစ်ပါသည်။

ဘုရား ၃ ဆူစခန်းမှ အတော်အတန်လုပ်အားစွမ်းရှိသော ဘွန်ထိုက်ချိုအဖွဲ့များအား တပ်ဒိန်စခန်းသို့ အရေးတကြီးရွှေ့ပြောင်းပေးလိုက်ခြင်းသည် တပ်ဒိန်တံတားကြီးအနီးရှိ မီးရထားသံလမ်းများ အနည်းငယ်နိမ့်ကျသွားသောကြောင့်ဖြစ်ကြောင်း တပ်ဒိန်သို့ရောက်သည့်အခါ၌ ကျွန်တော်တို့ သိရှိရလေသည်။

တံတားကြီးတစ်ဘက် နိမ့်ကျသွားသောနေရာတွင် သံပန်းစစ်သားများနှင့် ကျွန်တော်တို့ချွေးတပ်အလုပ်သမားများက ဇလီဖားတုံးများ အသစ်လဲလှယ်ခြင်း၊ ကျောက်များဖို့ပေးခြင်း စသည်များကို လုပ်ကိုင်ကြရန် ဖြစ်လေသည်။ ကျောက်ဖို့ရမည့်ကိစ္စမှာမူ နိမ့်ကျသွားသောနေရာ၌သာမဟုတ်ဘဲ၊ တံတားကြီး၏ဟိုမှာဘက် တစ်ဖာလုံအကွာအဝေးခန့်နှင့် တံတားကြီး၏သည်မှာဘက် ၂ ဖာလုံကျော်ကျော်ဧရိယာအတွင်း ဖြစ်ပါသည်။ တပ်ဒိန်စခန်းသို့ နောက်ထပ်ရောက်ရှိနေသော ဂျပန်စစ်ဗိုလ်သည် ကျွန်တော်တို့လုပ်ကိုင်ရမည့်အလုပ်များကို ကျွန်တော့်အား ပြောကြားခြင်း ပြုလေသည်။

သူသည် ကျွန်တော်တို့ချွေးတပ်သားများအားလုံးက အမုန်းဆုံးဖြစ်သော ဂျပန်စစ်ဗိုလ်ကုမေကာ၏နေရာတွင် ပြောင်းရွှေ့လာရသော ဂျပန်စစ်ဗိုလ်တစ်ယောက် ဖြစ်ပါသည်။ သူ့နာမည်ကို ကျွန်တော် မသိခဲ့ရပါ။ ကျွန်တော်မှာ ကျွန်တော့်အကြံနှင့် ကျွန်တော်ဖြစ်သောကြောင့် ထိုဂျပန်စစ်ဗိုလ်၏အမည်နာမကိုလည်း သိလိုစိတ် မရှိလှပါ။ ကျွန်တော် အကဲခတ်မိသလောက်ဆိုပါမူ ထိုဂျပန်စစ်ဗိုလ်မှာ သဘောဆိုးလှသည်လည်း မဟုတ်။ ပြောပလောက်အောင် သဘောကောင်းလှသည်လည်း မဟုတ်။ ဖာသာလဝါနေတတ်သူ ဖြစ်လေသည်။ သူ့မျက်နှာပေါ်တွင် အခြားဂျပန်စစ်ဗိုလ်များနှင့်မတူသော ထူးထူးခြားခြားတွေ့မြင်ရသည်မှာ မုတ်ဆိတ်များပင် ဖြစ်လေသည်။ ထို့ကြောင့် သူ့ကို ချွေးတပ်သားများက 'ဗိုလ်မုတ်ဆိတ်' ဟူ၍ အမည်ပေးလိုက်ကြလေသည်။

http://mmteashop.com



ဗိုလ်မှတ်ဆိတ်၏စကားပြန်မှာလည်း မောင်ချစ်တို့ မောင်အေးချို့တို့လို မွန်အမျိုးသားကလေးတစ်ယောက်ပင် ဖြစ်လေသည်။ ထိုသူငယ်၏အမည်မှာ 'အောင်မောင်းစိန်' ဟူ၍ ဖြစ်လေသည်။ ထိုသူငယ်ကလေးမှာ ကျွန်တော်တွေ့ဖူးသော စကားပြန်သူငယ်ကလေးများအနက် အလွန်တရာမှ နှုတ်နည်းသူထုံထိုင်းထိုင်းနိုင်သူ စကားပြန်ကလေးတစ်ယောက် ဖြစ်လေသည်။ သူသည် မေးနိုင်မြန်းနိုင်ပါမှ မပြောချင်ပြောချင်နှင့် စကားတစ်ခွန်းပြောသူ ဖြစ်လေသည်။ 'အ,နေလေရောသလား'ဟူ၍ပင် ထင်ရလေသည်။ ပြီးလျှင် ထိုသူငယ်မှာ ဂျပန်စစ်ဗိုလ် ဗိုလ်မှတ်ဆိတ်၏အပါးမှ ခွာလှသည်ဟု မရှိပါချေ။ ဂျပန်စစ်ဗိုလ်က ခိုင်းလျှင်ခိုင်း, မခိုင်းလျှင် အနီးတွင် ငုတ်တုတ်ထိုင်နေတတ်လေသည်။

တပ်ဒိန်စခန်းသည် ကျွန်တော်တို့အဖို့ စခန်းဟောင်းတစ်ခုဖြစ်သောကြောင့်လည်း ကျွန်တော်တို့လူများအားလုံးပင် အနေအစား စိမ်းမနေကြပါပေ။ ဘယ်ကသွားလျှင် ဘယ်ကို ရောက်မည်၊ ဘယ်နေရာတွင် ဘာရှိသည်၊ ဘယ်ခရီးသည် ဘယ်မျှဝေးသည် ဆိုခြင်းကိုလည်း အစခပ်သိမ်းသိရှိနေကြပါသည်။ ထမင်းချက်ခေါင်းမှာမူ ကျွန်တော်တို့နှင့် ယခုမှဆက်ဆံဖူးသော 'ဦးဘသန်း'ဆိုသူ ဖြစ်ပါသည်။ မြန်မာ–ကရင် ကပြားတစ်ယောက်ဖြစ်ပါသည်။ လူမှာ ပုတိုတို, အသားနီစပ်စပ်ဖြစ်သည်။ သဘောကောင်းသော်လည်း စကားအပြောအဆို တိုတောင်းလှလေသည်။ သူက ဂျပန်ဆိုလျှင် ဘယ်ဂျပန်တွေ့တွေ့ 'မာစတာ, မာစတာ' ဟုတွင်တွင်ခေါ်ကာ၊ ဂျပန်များကတစ်ခုခုပြောလျှင်လည်း နားလည်သည်ဖြစ်စေ, နားမလည်သည်ဖြစ်စေ တစ်ဟိုက်တည်း ဟိုက်နေတတ်လေသည်။

တပ်ဒိန်စခန်းသို့ သည်တစ်ကြိမ်ပြန်ရောက်လာသည့်အခါ ယခင်က ကျွန်တော်တို့နေသွားခဲ့ဖူးသော တဲတန်းလျားများတွင် ကျွန်တော်တို့ မနေကြရတော့ပါချေ။ ယခင်နေသွားသောစခန်းနှင့် ကိုက် ၁၄၀ အကွာတွင် တဲကြီး ၂ လုံးရှိ၍ တစ်လုံးတွင် ကျွန်တော်တို့နေရသည်။ ကျန်တစ်လုံးတွင်မူ သုံ့ပန်းချွေးတပ်သား ၃–၄၀ ခန့်နေကြလေသည်။ ယခင်စခန်းနေရာဟောင်းမှာ ဝမ်းရောဂါများဖြစ်ပွားပြီး၍ ကျွန်တော်တို့တစ်တွေ ပြောင်းရွှေ့သွားသည့်နောက် မီးရှို့ဖျက်ဆီးပစ်လိုက်ကြောင်းနှင့် ထမင်းချက်ခေါင်းကြီးဦးဘသန်းက ပြောပြပါသည်။

ကျွန်တော်တို့နေရသောစခန်းနှင့် ကျွန်တော်တို့အလုပ်ဆင်းရသည့် အကွာအလှမ်းသည် ၂ မိုင်သာသာ အကွာအဝေးရှိလိမ့်မည်ဟု ကျွန်တော် ခန့်မှန်းပါသည်။ ထိုနေရာသည် တံတားကြီး၏တစ်ဘက်အစ ဖြစ်လေသည်။ တပ်ဒိန်ဘူတာမှာ တံတားကြီး၏သည်မှာဘက်တွင် မဟုတ်ဘဲ၊ ကျန်တစ်ဘက်တွင် ဖြစ်လေသည်။ တံတားနှင့် ဘူတာသည် ၁ ဖာလုံသာသာ–၂ ဖာလုံနီးနီးအကွာအဝေး ရှိလေသည်။ ဂျပန်များ အများဆုံးနေထိုင်ကြသည်မှာလည်း ဘူတာရှိရာဘက်တွင် ဖြစ်လေသည်။ သို့ရာတွင် ၎င်းတို့နေထိုင်ကြသည်မှာ ဘူတာအနီးတွင် မဟုတ်ပါ။ ဘူတာနှင့် အတန်လှမ်းသော တောစပ်ကလေးအခြေတွင် ဖြစ်လေသည်။

ယိုးဒယားဘက်ကလာသောရထားသည် တပ်ဒိန်တံတားကြီးကိုဖြတ်ကျော်ခုတ်မောင်းပြီးနောက် တပ်ဒိန်ဘူတာတွင် ဝင်ရောက်ရပ်နားခြင်းဖြစ်လျက်၊ သံဖြူဇရပ်မှလာသောရထားမှာမူ ဘူတာတွင်ရပ်နားပြီးနောက်မှ တံတားကို ဖြတ်ကျော်ခြင်းပင် ဖြစ်လေသည်။ သံဖြူဇရပ်မှ ဘုရား ၃ ဆူစခန်းအတွင်းရှိ တံတားများအနက် တပ်ဒိန်တံတားမှာ အကြီးဆုံးဖြစ်သော်လည်း အစောင့်အရှောက်ဟူ၍ကား အလျှင်းပင် မထားပါပေ။

ကျွန်တော်မှာ ထွက်ပြေးရန်အတွက် စိတ်နလုံး တုံးတုံးချထားသော်လည်း ထိုအကြောင်းကို မည်သူ့အားမျှ ဖွင့်ဟတိုင်ပင်ခြင်း, တစ်စုံတစ်ရာပြောကြားခြင်း မပြုသေးပါ။ ကျွန်တော်နှင့်အရင်းနီးဆုံးဖြစ်သော ဘွန်ထိုက်ချို ကိုသာမြိုင်ကိုလည်း မပြောသေးဘဲ နှုတ်ဆိတ်ထားပါသည်။ ကျွန်တော်၏လက်တိုလက်တောင်း တပည့်ကလေးလို ဖြစ်နေသော သာဆင်ကိုလည်း အရိပ်အမြွက်မျှမသိစေဘဲ ကျွန်တော်တစ်ဦးတည်းသာ ဝမ်းတွင်းကျိတ် ကြံစည်လျက်ရှိပါသည်။

စင်စစ် ချွေးတပ်စခန်းများမှထွက်ပြေးမည်ဆိုလျှင် ၂ ယောက်–၃ ယောက်ထက်ပို၍လူများခဲ့သော် မသင့်တော်ကြောင်း ကျွန်တော် စဉ်းစားမိပါသည်။ ကိုဒေါင်စာရေးကိုသန်းမောင်, ကိုချစ်ထွန်း စသူများကလည်း သည်

http://mmteashop.com



အတိုင်းပင် အကြံဉာဏ်ပေးကြပါသည်။ လူစုလူဝေးနှင့်ထွက်ပြေးခြင်းပြုမည်ဆိုပါက ဂျပန်များ ရိပ်မိသိရှိနိုင်လေသည်။ ပြီးလျှင် ဂျပန်များနှင့်တွေ့သည့်တိုင် အရောင်ရအတိမ်းရ ခက်လေမည်။ နောက်တစ်ကြောင်း ရှိသည်မှာလည်း ကျွန်တော်လိုလူတစ်ယောက်က ထွက်ပြေးတော့မည်ဆိုလျှင် နောက်မှ တစ်သီတစ်တန်းကြီးလိုက်ကြလေမည်ကိုလည်း စိုးရိမ်ရလေသည်။ ထိုအခါ ကျွန်တော်၏စိတ်ကူးအကြံအစည်ကြီးတစ်ခုလုံး ပျက်စီးရမည့်အရေးကိုလည်း ကျွန်တော် တွေးတောရလေသည်။ ထိုအကြောင်းများကြောင့်ပင် ကျွန်တော်သည် ကျွန်တော်၏ အကြံအစည်ကို မည်သူ့အားမျှ ဖွင့်ထုတ်ပြောကြားခြင်းမပြုဘဲ လျှို့ဝှက်ထားခြင်းသာဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်နှင့်သာဆင်တို့ ထွက်ခွာတော့မည့်ဆဲဆဲ၌မှ အရင်းနှီးဆုံးဖြစ်သော ကိုသာမြိုင်ကိုကား ဖွင့်ဟပြောကြားရန် ကျွန်တော့်တွင် ရည်ရွယ်ထားပြီး ဖြစ်ပါသည်။ ထိုအခါ၌ ကိုသာမြိုင်လိုက်လိုကလည်း ၃ ဦးသားပြေးကြရန်ပင် ဖြစ်လေသည်။

သည်တစ်ကြိမ် ကျွန်တော်တို့နေထိုင်ရသော တဲတန်းလျားသည် သုံ့ပန်းများနေထိုင်သည့်တဲကြီး၏နောက်ဘက်တွင် ဖြစ်လေသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့တစ်တွေသည် ရထားလမ်းရှိရာသို့သွားလိုပါက သုံ့ပန်းများနေထိုင်ရာ တဲကြီးအတွင်းမှနေ၍ ဖြတ်သန်းသွားကြရလေသည်။ တပ်ဒိန်စခန်းတွင် နောက်ဆုံးတွေ့ရသော ဗြိတိသျှစစ်သုံ့ပန်းများအပေါ်တွင်မူ ကျွန်တော့်အနေဖြင့် လုံးဝစိတ်မဝင်စားပါချေ။ ထိုသုံ့ပန်းများမှာလည်း များသောအားဖြင့် အလုပ်သိမ်း၍ ပြန်လာပြီဆိုလျှင်ပင် တဲတန်းလျားပေါ်တွင် ခွေအိပ်နေတတ်လေသည်။ ယခုတစ်ဖန် သုံ့ပန်းများနှင့် ပတ်သက်၍ တစ်မျိုးဖြစ်နေသည်ကို မြင်ရပြန်ပါသည်။ ထိုတစ်မျိုးမှာ တခြားမဟုတ်ပါ။ သုံ့ပန်းများအတွက် သီးခြားရိက္ခာရာရှင်ကိုမပေးတော့ဘဲ ထမင်းချက်ခေါင်းကြီး ဦးဘသန်းကပင် ထမင်းပုံစံပေးနေရခြင်း ဖြစ်လေသည်။

သုံ့ပန်းများနှင့်ပတ်သက်၍ ထမင်းချက်ခေါင်းကြီး ဦးဘသန်းထံမှ ကျွန်တော်သိရသည်မှာ သုံ့ပန်းစစ်သားများသည် ကျွန်တော်တို့မရောက်မီ တစ်ရက်ကမှ ရောက်လာခြင်းဖြစ်ကြောင်း၊ ပြီးလျှင် ၎င်းတို့သည် တနင်္ဂနွေ ၂ ပတ်–၃ ပတ်ခန့်သာ ဤတပ်ဒိန်စခန်းတွင်နေရမည်ဖြစ်၍ သံလမ်းများပြုပြင်ခြင်း, ကျောက်များဖို့ခြင်း, ဇလီဖားတုံးများလဲလှယ်ခြင်း စသည်တို့ပြီးစီးလျှင် ၎င်းတို့၏မူလစခန်းသို့ ပြန်လည်ပြောင်းရွှေ့ကြလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သုံ့ပန်းများအတွက် ရိက္ခာရာရှင်ကို သီးခြားထုတ်မပေးတော့ဘဲ အရပ်သားချွေးတပ်သားများလိုပင် ဦးဘသန်းကပင် ပုံစံပေးနေရကြောင်း သိရပါလေသည်။

ထိုအခါ ကျွန်တော်ကိုယ်တိုင်မှာလည်း ကျွန်တော်၏ထွက်ပြေးရေးအစီအစဉ်ကို တနင်္ဂနွေတစ်ပတ်အတွင်း၌ပင် ပြီးစီးအောင်စီစဉ်ရန် အားထုတ်ရပါသည်။ အကယ်၍ အပြေးအခွာနောက်ကျနေပါက ကျွန်တော်တို့ချွေးတပ်သားများကိုလည်း ဘုရား ၃ ဆူစခန်းသို့ပြန်ပို့နေမည်ဆိုပါက ကျွန်တော်၏အစီအစဉ် ပျက်သွားလေမည်ကို တွေးစိုးရိမ်ရပါသည်။ ထို့ကြောင့်ပင် ကျွန်တော်မှာ တပ်ဒိန်စခန်းသို့ရောက်ပြီး၍ ၄–၅ ရက်အတွင်း၌မှာပင် လေ့လာစရာကိစ္စများ, စုံစမ်းစရာကိစ္စများ, သိသင့်သိထိုက်သည်များကို အပူတပြင်းစုံစမ်းလေ့လာခြင်း ပြုရပါလေသည်။

ကျွန်တော်သည် တပ်ဒိန်ဘူတာသို့ ရထားဝင်တတ်သောအချိန်, ဘူတာမှ ရထားထွက်တတ်သောအချိန်, ညဘက်တွင် တဲတားပေါ်၌ အစောင့်ဂျပန်ရှိ မရှိ ဆိုသောကိစ္စ, တဲတန်းလျားမှနေကာ ဘူတာရှိရာသို့ အချိန်မတော် သွားရမည့်ကိစ္စ, ဂျပန်များ၏အနေအထား စသည်များကို အသေးစိတ်ကာလေ့လာစုံစမ်းခြင်း ပြုရပါလေသည်။ ထိုကိစ္စများကို အထပ်ထပ်စုံစမ်းလေ့လာပြီးသည့်နောက် ကျွန်တော်သည် သာဆင်အား မနက်ပိုင်း အလုပ်ဆင်းတော့မည့်ဆဲဆဲမှပင် ညဘက်တွင် ထွက်ပြေးမည့်အကြောင်း၊ မည်သူ့ကိုမျှမပြောရန်နှင့်, ဣန္ဒြေမပျက်ရှိစေရန်နှင့်, ကြိုတင်စီစဉ်ထားရန် မှာကြားပြောဆိုခြင်း ပြုရပါလေသည်။

ကျွန်တော်က ထိုကိစ္စ, ထိုအကြောင်းကိုပြောထားသည့်အခါ လူငယ်တစ်ယောက်ဖြစ်သောသာဆင်မှာ အတော်အတန် ဣန္ဒြေပျက်နေပါလေသည်။ သို့ရာတွင် အခါတိုင်းနေ့နှင့်မတူအောင် သွက်လက်ဖျတ်လတ်နေသော သာဆင်၏လှုပ်ရှားမှုများကိုကား ဘွန်ထိုက်ချီကိုသာမြိုင်တို့လူစုက မရိပ်မိကြပါချေ။ ပြီးနောက် သာဆင်မှာ

http://mmteashop.com



ထိုနေ့တစ်နေ့လုံး ကျွန်တော့်ကို မျက်ကြောပြတ်မခံဘဲ ဖြစ်နေပါလေသည်။ ကျွန်တော်ထွက်ပြေးလျှင် သူကျန်ရစ်ခဲ့မည်ကို သာဆင်သည် စိုးရိမ်ကြောင့်ကြဟန်တူလေသည်။

ညလိုနှင့်ပင် အချိန်သည် တဖြည်းဖြည်းကုန်လွန်လာလေသည်။ အလုပ်ခွင်မှတက်ရောက်လာကြသော ချွေးတပ်အလုပ်သမားများမှာလည်း ထုံးစံအတိုင်းပင် ထမင်းများစားသောက်ကြပြီးနောက် တဲတန်းလျားပေါ်တွင် တုံးလုံးပက်လက်လဲကုန်ကြလေပြီ။ ကိုသာမြိုင်ကိုယ်တိုင်မှာလည်း သူ့နေရာသူ့အိပ်ရာတွင် လှဲနေလေသည်။ တဲအတွင်းရှိ မီးပုံကြီးအနီး၌ထိုင်နေသူမှာ ကျွန်တော်နှင့် သာဆင်တို့ ၂ ယောက်တည်းသာဖြစ်လေသည်။

ကျွန်တော့်အနေဖြင့် ' စဉ်းစားစိတ်ကူးထားသည်မှာ ၉ နာရီအချိန်လောက်မှ စခန်းအတွင်းကထွက်ခွာရန် ဖြစ်ပါသည်။ သို့ရာတွင် အချိန်က အတော်လိုသေးသဖြင့် မီးပုံအနီးတွင် ဆေးလိပ်သောက်ရင်း ထိုင်၍စဉ်းစားနေမိခြင်း ဖြစ်ပါသည်။ တကယ်တမ်းထွက်ပြေးရတော့မည်ဆိုသည့်အခါ၌မူ ကျွန်တော်၏ရင်ထဲတွင် အတော်ပင် လှုပ်ရှားနေမိလေသည်။ ပြီးသော် နေ့ပေါင်းလပေါင်း အချိန်ကြာညောင်းစွာက သည်တောသည်တောင်ကြီးထဲတွင် ဆင်းရဲငြိုငြင်စွာ အတူတကွနေထိုင်လာခဲ့ကြသော ချွေးတပ်သားများနှင့်ခွဲခွာရတော့မည့်အရေးကို တွေးတောမိသောကြောင့်လည်း စိတ်မကောင်းခြင်းဖြစ်ရပါလေသည်။ သို့ရာတွင် ဤကိစ္စကား မည်သို့မျှ မတတ်နိုင်ပါချေ။ မိမိ၏ဘဝလွတ်မြောက်ရေး, အသက်တစ်ချောင်းတည်မြဲရေးအတွက်ကိုကား သူတို့တစ်တွေနှင့် ခွန့်စားခွဲခွာရမည်တော့ ဖြစ်လေသည်။

သို့နှင့် ၉ နာရီထိုးလုလုတွင်မူ ကျွန်တော်သည် ဘွန်ထိုက်ချိုကိုသာမြိုင်အား ကျွန်တော်၏အစီအစဉ်ကို ဖွင့်ထုတ်ကာ ပြောကြားရလေသည်။ "ဘယ်လိုလဲ။ ခင်ဗျားကောလိုက်မလား ကိုသာမြိုင်"ဟူ၍လည်း ကျွန်တော်က မေးလိုက်ပါသည်။ သို့ရာတွင် 'လိုက်မယ်, မလိုက်ဘူး'ဆိုသော ကိုသာမြိုင်၏အဖြေကိုကား ကျွန်တော်တစ်စုံတစ်ရာ မကြားရပါချေ။ မျက်လုံးအိမ်ထဲမှ မျက်ရည်များတွေတွေစီးကျလာသောအဖြစ်ကိုသာ ကျွန်တော် မြင်ရပါလေသည်။

"ကျွန်တော်တော့ အတိအကျဆုံးဖြတ်ပြီးပြီဗျာ။ ဒီတောကြီးထဲမှာ အသေမခံနိုင်ဘူး။ သာဆင်ကိုလည်း ကျွန်တော်ခေါ်သွားမယ်"ဟု၊ ကျွန်တော်က ပြောလိုက်ပါသည်။

ကိုသာမြိုင်သည် အတန်ကြာတွေနေပြီးမှ "ဆရာလေးတို့ ပြေးနှင့်ပေါ့ဗျာ။ ဆရာလေးမရှိရင် ကျွန်တော်လည်း ပြေးမှာပဲ။ ကျွန်တော်ကိုယ်တိုင်လည်း ပြေးချင်နေတာကြာလုပြီ။ ဒါပေမယ့် ကြောက်လည်း ကြောက်တယ်။ ကျွန်တော်ပြေးရင် ခေါ်ရမယ့်လူက ၃–၄ ယောက် ရှိသေးတယ်"ဟု မျက်ရည်များသုတ်ရင်းက ပြောပါလေသည်။

ကျွန်တော်သည် ကိုသာမြိုင်အား ကျွန်တော်တို့ကဲ့သို့ပင် ပြေးဖြစ်အောင် ထွက်ပြေးရန်ကိုလည်းကောင်း, ထိုကဲ့သို့ ပြေးမည်ဆိုပါကလည်း စခန်းမပြောင်းရွှေ့မီ ပြေးရန်ကိုလည်းကောင်း, ပြေးသည့်အခါ ၃–၄ ယောက် တစ်တွဲထက် ပို၍မပြေးရန်ကိုလည်းကောင်း တတ်နိုင်သလောက် အကြံဉာဏ်ပေးခဲ့ရလေသည်။

ထိုကိစ္စများပြီးသည့်အခါ ကျွန်တော်နှင့်သာဆင်သည် မယူမဖြစ်သော အသင့်ပြင်ဆင်ပြီးသည့် ကျွန်တော်တို့၏ပစ္စည်းကလေးများကို လွယ်ပိုးကြရသည်။ ကျွန်တော်သည် ထွက်ခွာရတော့မည့်ဆဲဆဲဖြစ်သောကြောင့်လည်း တဲတန်းလျားကြီးပေါ်ရှိ ချွေးတပ်သားများအား မျက်လုံးဝေ့ကြည့်လိုက်မိသည်။ သူတို့အားလုံးပင် တဲတန်းလျားကြီးပေါ်၌ တရှူးရှူးတမောမော အိပ်ပျော်နေကြပါလေပြီ။ အချို့ကား ခွေခွေ, အချို့ကား စောင်းစောင်း, အချို့ကား ခြေဆန့်လက်ဆန့်ဖြစ်ကြလေသည်။

မကြာမီ ကျွန်တော်နှင့်သာဆင်သည် ကိုသာမြိုင်ကို နောက်ဆုံးနှုတ်ဆက်ခြင်းအဖြစ်နှုတ်ဆက်ကြပြီးနောက်၊ ငရဲဘုံ ငရဲခန်းတမျှ ရက်စက်ဆိုးသွမ်းယုတ်မာလှသော ချွေးတပ်တဲတန်းလျားကြီးအတွင်းမှ ထွက်ခဲ့ကြလေသည်။ လူရိုးလူအ ဘွန်ထိုက်ချိုကြီးကိုသာမြိုင်မှာမူ တဲပေါက်ဝတွင်ရပ်ကာ ကျွန်တော်တို့ ၂ ယောက်ကို လှမ်းမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့ရှာလေသည်။

http://mmteashop.com

## မော်လမြိုင်တွင်ကြုံရသောအဖြစ်

တပ်ဒိန်ဘူတာရုံရှိရာသို့ ထွက်ခွာလာကြသည့်အခါ ကျွန်တော်တို့သည် ရထားလမ်းအတိုင်းမဟုတ်ကြဘဲ ရထားလမ်းကိုဖြတ်ကျော်လျက် ကားလမ်းမှ လာခဲ့ကြလေသည်။ ဤနေရာတွင် ကားလမ်းသည် မီးရထားလမ်းထက် ကွေ့ကောက်လေသည်။ ပြီးသော် ရထားလမ်းထက်လည်း ပို၍ အတန်ငယ်ဝေးလေသည်။ အစက ကျွန်တော်၏ အကြံအစည်မှာ 'ရထားလမ်းအတိုင်းသွားမည်' ဟူသောအစီအစဉ်ပင် ဖြစ်လေသည်။ နောက်တော့မှ စဉ်းစားမိ၍ ကားလမ်းအတိုင်းလာခဲ့ခြင်း ဖြစ်လေသည်။ ရထားလမ်းမှနေ၍သွားခဲ့သော် ဂျပန်များနှင့် တွေ့နိုင်သည်။ အကယ်၍ တွေ့ခဲ့လျှင်လည်း အရှောင်ရအတိမ်းရ ခက်လေသည်။ ကားလမ်းမှာမူ လမ်းဘေးတစ်ဘက်တစ်ချက်တွင် သစ်ပင်တောအုပ်ကြီးများ အနီးကပ်ရှိနေခြင်းကြောင့် အပုန်းရ, အရှောင်ရ လွယ်ကူလေသည်။ သို့ရာတွင် တောတိရစ္ဆာန်များနှင့်လည်း တွေ့နိုင်စရာအကြောင်းရှိပြန်လေသည်။

ကျွန်တော်နှင့် သာဆင်တို့ ၂ ဦးပေါင်းတွင် လွယ်အိတ်တစ်လုံး, ခရီးဆောင်အိပ်ရာလိပ်တစ်ခုသာ ပါရှိကြလေသည်။ ကျွန်တော့်လက်တွင်း၌မူ လိုရမည်ရ ယူဆောင်လာသော ဝါးချွန်တစ်ချောင်းပါရှိလေသည်။ ကျန်သော တောတွင်းရောက်ချေးတပ်သားများမှသာ အသုံးအစွဲပြုသည့် ပစ္စည်းမှန်သမျှကိုမူ ဘာတစ်ခုမျှ ကျွန်တော်တို့ မယူဆောင်ခဲ့ကြပါ။ ရေဘူးကစ၍ အားလုံးပင် ကိုသာမြိုင်ကိုပေးပစ်ခဲ့ကြလေသည်။

ကျွန်တော်တို့ထွက်လာခဲ့ကြသည်မှာ ကားလမ်းအတိုင်းဖြစ်သော်လည်း ထိုကားလမ်းသည် တပ်ဒိန်တံတားကြီး၏တစ်ဘက်သို့ရောက်သည့်အခါ ရထားလမ်းနှင့်ဆုံမိမည် ဖြစ်လေသည်။ ထိုအခါ၌မူ ကျွန်တော်တို့သည် ကားလမ်းအတိုင်း ဆက်လက်သွား၍ကား မရတော့ပါ။ ကားလမ်းကိုစွန့်လွှတ်လျက် ဘူတာရုံငယ်ရှိရာသို့ သွားရမည် ဖြစ်လေသည်။ ကျွန်တော်တွေးတောမိသလောက်, လေ့လာမိသလောက်ဆိုရပါမူ ထိုအကူးအသန်းနေရာသည် ကျွန်တော်တို့အဖို့ အန္တရာယ်ရှိနိုင်သောနေရာတစ်နေရာ ဖြစ်လေသည်။

ကျွန်တော်တို့ ၂ ယောက်သည် လဆန်းရက်၏ ခပ်မှုန်မှုန်ခပ်ပျပျမြင်ရသည့် လရောင်အလင်းကလေးမျှဖြင့် သတိကြီးစွာထားကာ ခြေလှမ်းသွက်သွက် လျှောက်ခဲ့ကြလေသည်။ မှုန်ပျပျလရောင်သည် နေရာတိုင်းကို အလင်းရောင် မပေးစွမ်းနိုင်ပါချေ။ ကားလမ်းဘေးအချို့နေရာများတွင် ကြီးမားအုပ်ဆိုင်းသော အင်ပင်, ကညင်ပင်ကြီးများက ပေါက်ရောက်လျက်ရှိလေရာ၊ ထိုနေရာများသို့ရောက်သည့်အခါ အလင်းရောင်လုံးဝကင်းမဲ့လျက် အမှောင်ထုက ဖုံးအုပ်ထားလေသည်။

ဤသို့နှင့် ကျွန်တော်တို့ ၂ ယောက်မှာ ခရီးအတော်အတန် ပေါက်ရောက်ခဲ့ကြသည့်တိုင် တစ်ယောက်ကို တစ်ယောက် စကားတစ်စုံတစ်ရာ မပြောကြားအားသေးဘဲ၊ ရှေ့ခရီးကိုသာ ခပ်တွင်တွင် ဆက်လက်၍လျှောက်နေကြရပါလေသည်။ ကျွန်တော်က ရှေ့မှနေလျက် ခပ်သုတ်သုတ်လျှောက်သည့်အခါ သာဆင်ကလည်း နောက်ပါးမှ ခပ်သွက်သွက် အမီလိုက်ရှာပါလေသည်။ ဤလိုနှင့်ပင် ကျွန်တော်တို့ ၂ ယောက်သည် တပ်ဒိန်တံတားကြီး၏ တစ်ဘက်ထိပ်ကိုလှမ်းမြင်နိုင်သော ကားလမ်း၏တစ်နေရာသို့ ရောက်ရှိခဲ့လေသည်။

http://mmteashop.com



ထိုအခါမှပင် ကျွန်တော်သည် လျှောက်နေသော ခြေလှမ်းများကိုရပ်တန့်လိုက်သည်။ တံတားကြီးကိုလည်း လှမ်းမျှော်ကြည့်လိုက်မိသည်။ လရောင်သည် ခပ်စောစောတုန်းကလောက် မလင်းတော့ချေ။ မကြာမီ ကွယ်ပျောက်တော့မည့်အသွင်မျိုးဖြစ်လေသည်။ မှုန်နေသောလရောင်အောက်တွင်မြင်နေရသော ရှည်လျားလှသည့် တံတားကြီး၏ သဏ္ဌာန်သည် ကြေကွဲစရာကောင်းသလိုလို၊ ရင်နာစရာကောင်းသလိုလို ရှိလှသည်ဟု ကျွန်တော်ထင်မိပါသည်။

စင်စစ်အားဖြင့်လည်း ကျွန်တော်၏စိတ်ဝေဒနာဖြစ်ပေါ်မှုသည် မလွန်ကျွံလှ ဟု ကျွန်တော်ယူဆမိပါသည်။ ဤတံတားကြီးတစ်ခုသည်ပင် ချွေးတပ်အလုပ်သမားပေါင်းများစွာတို့၏ အသက်နှင့်သွေးများကို စတေးကာ တည်ဆောက်ခဲ့ရသောတံတားကြီး မဟုတ်ပါလော။ ဤတံတားကြီးအတွက် ကျွန်တော်တို့ ချွေးများ၊ သွေးများ ကျဆင်းခဲ့ကြရလေသည်။ ကျွန်တော်တို့အမျိုးသားများ၏အသက်ကို ပေးခဲ့စွန့်ခဲ့ကြရလေသည်။ ထို့ကြောင့်ပင် ကျွန်တော်ရော သာဆင်ပါ တစ်ယောက်လက်ကိုတစ်ယောက်ကိုင်လျက် အချိန်အတော်ကြီးကြာသွားသည်အထိ တံတားကြီးကို ငေးငိုင်ကြည့်နေမိကြလေသည်။

ကျွန်တော်တို့ရောက်ရှိနေသောနေရာမှကြည့်သည့်အခါ ထိုကဲ့သို့ တပ်ဒိန်တံတားကြီးကိုတွေ့မြင်နေရသော်လည်း တပ်ဒိန်ဘူတာကိုကား မတွေ့မမြင်နိုင်သေးချေ။ တပ်ဒိန်ဘူတာကိုမြင်ရမည်မှာ တံတားကြီးထိပ်သို့ရောက်မှ ဖြစ်လေသည်။ ထိုတံတားကြီးထိပ်နှင့် ဟပ်ဒိန်ဘူတာသည် ၂ ဖာလုံသာသာခန့်အကွာအဝေးတွင် ဖြစ်လေသည်။

လရောင်မှာ တဖြည်းဖြည်း မှုန်သည်ထက် မှုန်ဝါးသွားသလို၊ ဆန်းစလကလေးသည်လည်း တစ်ဘက်သော တောအုပ်အတွင်းသို့ တရွေ့ရွေ့ကျဆင်းသွားလေသည်။ ကျွန်တော်သည် တံတားထိပ်သို့သွားရန်အတွက် လဝင်သည့်တိုင် ထိုနေရာတွင်ရပ်နားနေရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။ ထိုအကြောင်းကိုလည်း သာဆင်ကို ကျွန်တော်က ပြောပြရလေသည်။ လရောင်ကွယ်ပျောက်သွားသည့်တိုင် ကျွန်တော်တို့၏ခရီးလမ်းအတွက် ကြယ်ကလေးများက အလင်းရောင်ပေးစွမ်းနေဦးမည်တော့ ဖြစ်လေသည်။

ကျွန်တော်တို့သည် ထိုနေရာတွင်ရပ်တန့်လျက် တံတားကြီးထိပ်သို့ မျက်စိအားစွမ်းကုန် စူးစိုက်ကြည့်ရှုရလေသည်။ ကျွန်တော်တို့ ၂ ယောက်ရပ်နေသောနေရာသည် ဟာလာဟင်းလင်းနေရာ ပြောင်တလင်းတော့ မဟုတ်ချေ။ ကြီးမားသောသစ်ပင်ကြီးတစ်ပင်အောက်တွင် ဖြစ်လေသည်။ ထိုနေရာမှနေလျက် ဂျပန်များ၏ အရိပ်အခြည်ကို ကြည့်ရလေသည်။

သည့်လိုနှင့် လရောင် လုံးလုံးကွယ်ပျောက်သွားလေသည်။ ဂျပန်များ၏လှုပ်ရှားမှု ဟူ၍လည်း အရိပ်အယောင်သော်မျှ ကျွန်တော်တို့ မတွေ့ရပါချေ။ ထိုအခါ၌ပင် ကျွန်တော်နှင့် သာဆင်သည် ရှေ့ခရီးကို ဆက်လက်ခဲ့ကြလေသည်။

မကြာမီ ကျွန်တော်တို့ တပ်ဒိန်တံတားကြီးထိပ်သို့ ရောက်ခဲ့ကြလေသည်။ ထိုနေရာမှနေကာ ဘူတာရုံရှိရာသို့ လှမ်းကြည့်လိုက်ကြသည်။ ဘာဆိုဘာမျှ မမြင်ကြရ။ အရာခပ်သိမ်းပင် မှိုင်းမှုန်ရီဝေနေလေသည်။

ကျွန်တော်သည် သာဆင်၏လက်ကိုဆွဲလျက် ရထားလမ်းအတိုင်း ခပ်သွက်သွက်လျှောက်ခဲ့ကြသည်။ အတန်ကြာလျှောက်မိပြီးမှ သံလမ်းကိုစွန့်ပစ်ကာ သံလမ်းအနီးရှိ တောစပ်ကလေးဆီသို့ ဦးတည်လျှောက်ရပြန်လေသည်။ ထိုမှတစ်ဆင့် ဘူတာရှိရာသို့ တောစပ်ကလေးအတိုင်း အမှောင်ရိပ်ခိုကာ စမ်းတဝါးဝါးလျှောက်ရပြန်လေသည်။

ယခုအချိန်၌ကား ကျွန်တော်တို့သည် ဘူတာနှင့်အနီးဆုံးလည်း ဖြစ်၊ တည့်တည့်မတ်မတ်နေရာလည်း ဖြစ်၊ အန္တရာယ်အတွက် စိတ်အချရဆုံးလည်းဖြစ်သော တောစပ်သစ်ပင်ကြီးအောက်တွင် ရောက်ရှိနေကြပါလေပြီ။ ထိုအခါမှပင် ဘူတာတွင်ထွန်းညှိထားသော လက်ဆွဲမီးအိမ်ကလေး၏ ဝိုးတဝါးအလင်းရောင်ကိုလည်း ကျွန်တော်တို့ တွေ့ကြရလေသည်။ ကျွန်တော်တို့ ၂ ဦးအဖို့ ရထားလာသည်အထိ ထိုနေရာမှစောင့်ကြရန်သာ ရှိလေသည်။

http://mmteashop.com



ကျွန်တော်သည် ဤလို ရထားအလာကိုစောင့်ဆိုင်းနေရင်းမှပင် မျက်စိနှင့်နားများကို အလစ်မပေးဘဲ မြင်ကွင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင်အနေအထားများကိုလည်း အထူးဂရုစိုက်ကာ လေ့လာခြင်းပြုရပါလေသည်။ ဘူတာရုံအဆောက်အအုံကလေးကိုသတိပြုမိသည့်အခါ ထိုအဆောက်အအုံအတွင်း၌ ဂျပန်များရှိနေလိမ့်မည် ဆိုခြင်းကိုလည်း ကျွန်တော် သတိပြုမိပါသည်။ သို့ရာတွင် ယခုအချိန်၌မူ ဂျပန်များ၏လှုပ်ရှားမှုကို လုံးဝ မတွေ့ရသေးချေ။ သို့ရာတွင် ထိုအဆောက်အအုံကလေး၏အပြင်ဘက်တစ်နေရာရှိ အမိုးမိုးထားသော တန်းလျားထိုင်ခုံထက်တွင်မူ ၂ ယောက်၊ သို့မဟုတ် ၂ ယောက်ထက်မနည်းသော ဂျပန်စစ်သားအစောင့်တာဝန်ကျများ ရှိနေကြောင်းကိုကား အလွန်တရာမကွဲမပြားတွေ့နေရလေသည်။

စင်စစ် ဤနေရာသို့ ကျွန်တော်တို့ ၂ ယောက်ရောက်ရှိခဲ့သည်မှာ ကျွန်တော်၏ခန့်မှန်းတွက်ချက်မှု ကိုက်ညီခြင်း၊ သို့တည်းမဟုတ် ကြိုတင်လေ့လာထားချက်များ၏အကျိုးပြုခြင်း ဟူ၍ပင် ဆိုရပါမည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော်တို့ ၂ ယောက်သည် တပ်ဒိန်တံတားကြီးထိပ်မှနေလျက် ဘူတာရှိရာသို့ ရထားလမ်းအတိုင်း သွားရောက်ခြင်းပြုခဲ့လေသော် ဂျပန်ကင်းသမားများနှင့် ပက်ပင်းတိုးလိမ့်မည်မှာ မလွဲပါချေ။ ယခုကား ရထားလမ်းမှနေ၍ တစ်ဘက်သောတောစပ်သို့ကူးသန်းလာခဲ့ခြင်းကပင် ကျွန်တော်တို့အဖို့ လွတ်မြောက်မှုနယ်မြေသို့ ခြေချမိခြင်း ဟူ၍ဆိုရပေမည်။

ကျွန်တော်သည် ရထားမလာမီ တပ်ဒိန်ဘူတာကလေး၏ပတ်ဝန်းကျင်အခြေအနေများကို စေ့စပ်နိုင်သမျှ စေ့စပ်အောင် ထပ်မံလေ့လာခြင်းပြုပါသည်။ 'ရထားလာခဲ့သော် မည်သည့်နေရာလောက်တွင် ရပ်တန့်မည်။ မည်မျှအချိန်ကြာအောင် ရပ်တန့်မည်။ ထိုအခါ ကျွန်တော်တို့က ရထားရှိရာသို့ အဘယ်ပုံသွားမည်။ ဂျပန်များ၏ အနေအထားက မည်သို့ရှိနေသည်' စသည်စသည်များကိုလည်း တတ်အားသရွေ့လေ့လာရလေသည်။

ဤတွင် ကျွန်တော် တစ်ချက်သတိပြုမိသည်မှာ ရထားဘေးတစ်လျှောက်တွင်စုပုံထားသော ထင်းပုံများပင် ဖြစ်လေသည်။ ထိုထင်းပုံများသည် လူတစ်ရပ်ကျော်ကျော်ပင် အမြင့်ရှိလေသည်။ ကျွန်တော်တို့သည် ရထားဆိုက်သည်နှင့်တစ်ပြိုင်နက် ထိုထင်းပုံများရှိရာသို့ပြေးဝင်ခိုကပ်ပြီးမှ ဂျပန်တို့၏အခြေအနေကိုကြည့်ကာ ရထားထွက်တော့မည်ဆိုမှ ရထားတွဲတစ်ခုခုပေါ်သို့ပြေးတက်လျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးမိလေသည်။ ဤလိုမဟုတ်ဘဲ ကျွန်တော်တို့ ယခုရောက်ရှိနေသောနေရာမှ ရထားရှိရာသို့တိုက်ရိုက်ပြေးသွားမည်ဆိုပါက ကျွန်တော်တို့ကို ဂျပန်စစ်သားများက တွေ့သွားနိုင်လေသည်။

ထိုစိတ်ကူးတွက်ချက်မှုအပြင် နောက်ထပ်၍ စဉ်းစားတွက်ဆရသောအကြောင်းတစ်ရပ် ရှိပြန်ပါသည်။ ဤသည်မှာ တခြားမဟုတ်ပါ။ ကျွန်တော်တို့ရောက်ရှိနေသောနေရာသည် မီးရထားသံလမ်း၏ အရှေ့ဘက်တောစပ်တွင် ဖြစ်လေသည်။ ဂျပန်များရှိနေသော တပ်ဒိန်ဘူတာ၏အနေအထားမှာ အနောက်ဘက်တွင် ဖြစ်လေသည်။ ကျွန်တော်တို့နှင့် ဂျပန်များကို ရထားလမ်းနှင့် ထင်းပုံများက ကြားခြားထားခြင်း ဖြစ်လေသည်။ ထိုအခါ ဘူတာတွင် ရထားဝင်ရောက်ဆိုက်ကပ်ပြီးမှ ကျွန်တော်တို့ ၂ ယောက်က လှုပ်ရှားသွားလာခြင်းပြုမည်ဆိုလျှင် ရထားတစ်စင်းလုံးက ကာကွယ်ထားသောကြောင့် ကျွန်တော်တို့၏သွားလာလှုပ်ရှားမှုကို ဂျပန်စစ်သားများ ရုတ်တရက် မတွေ့နိုင်ခြင်းပင် ဖြစ်လေသည်။ ဤလိုမဟုတ်ဘဲ ရထားလာသည်ကိုလှမ်းမြင်တွေ့စဉ်ပင် ထင်းပုံများရှိရာသို့ ပြေးဝင်ခိုကပ်လိုက်မည်ဆိုပါက ဂျပန်စစ်သားက မတော်တဆ တွေ့သွားနိုင်လေသည်။ ဤအချက်ကိုလည်း ကျွန်တော်သည် သာဆင်ကို ကြိုတင်ပြောထားရပါသည်။

ကျွန်တော်ကား ဤသို့ပင် ချွေးတပ်စခန်း ဂျပန်များ၏လက်တွင်းမှ လွတ်မြောက်ရေးအတွက် သတိကြီးစွာထားကာ ကြိုတင်တွက်ဆခြင်း, ကြိုတင်လေ့လာခြင်း စသည်များကိုပါ ပြုရပါလေသည်။ ကရင်အမျိုးသားကလေး သာဆင်မှာ လူငယ်တစ်ယောက်သာဖြစ်သောကြောင့်လည်း ကျွန်တော့်လောက် တွေးတောပူပန်ဟန်မရှိပါ။

http://mmteashop.com



သူ့အနေဖြင့်က ကျွန်တော်ပြေးလျှင် ပြေးမည်။ ကျွန်တော်သွားလျှင် သွားမည်။ ကျွန်တော်စားလျှင် စားမည်။ အကယ်တည့် ဂျပန်များက ဖမ်းမိသွားခဲ့လျှင်လည်း ကျွန်တော်ခံရလျှင် သူခံရမည် ဟူသော စိတ်ထားမျိုး ဖြစ်လေသည်။ သို့ရာတွင် ထိုသူငယ်၌ စွန့်စားဝံ့၊ စွန့်စားရဲသောသတ္တိရှိကြောင်းကိုမူ ကျွန်တော် ကောင်းစွာသိရပါသည်။

တောစပ်သစ်ပင်ကြီးအောက်တွင် ကျွန်တော်တို့ရောက်ရှိနေသည်မှာ ၁ နာရီကျော်ကျော် ၂ နာရီနီးနီး ကြာမြင့်လေပြီဖြစ်သော်လည်း ရထား၏အရိပ်အခြည်ကိုကား မတွေ့ရသေးပါပေ။ ကျွန်တော့်စိတ်ထဲတွင် 'ရထားလာမှလာပါ့မလား' ဟူ၍ပင် စိုးရိမ်ရပြန်လေသည်။ အကယ်၍ အရုဏ်တက်ချိန်ရောက်၍မျှ ရထားမလာခဲ့သော် ကျွန်တော်တို့ ၂ ယောက်သည် မိုးမလင်းခင် စခန်းသို့ အချိန်မီ ပြန်ကြဖို့သာရှိလေသည်။ သည်ထက်ပို၍ကား ကျွန်တော်တို့ မည်သို့မျှမတတ်နိုင်ပါပေ။

ဝိုးတဝါးကြယ်ရောင်အလင်းမျှသာရှိသော အမှောင်ထုအတွင်း၌ အချိန်ကြာလာသောကြောင့်လည်း ကျွန်တော်၏ မျက်စိများက အကျင့် အတော်ရလာလေသည်။ တစ်ဘက်သောရထားဘူတာစကြံလမ်းကလေးပေါ်၌ ဂျပန်စစ်သားတစ်ယောက်သည် သေနတ်ကိုထမ်းကာ ဟိုလျှောက်သည်လျှောက် ခေါင်းတုံ့လှုးလာလျှောက်နေလေသည်။ ထိုစစ်သားဂျပန်သည် အတန်ကြာလျှောက်နေရာမှ ဘူတာအဆောက်အအုံကလေး၏အပေါက်ဝတွင်ဆွဲချိတ်ထားသော မီးအိမ်မှ မီးရောင်ကို မြှင့်တင်ပေးလိုက်သည်။ နီကျင့်ကျင့်အလင်းရောင်သည် ခပ်စောစောကထက် ပိုမိုပြတ်သားလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ဘာသံမျှ မကြားရ။ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှရထားသံကို ကြားလိုက်ရလေသည်။ ဂျပန်စစ်သားကိုယ်တိုင်ပင် ထိုအသံကို နားစွင့်နေလေသည်။ ရထားလာရာဆီသို့လည်း မျှော်ကြည့်လေသည်။ မကြာမီ ရထားအသံက ပို၍ပို၍ ကျယ်လောင်ပြတ်သားလာလေသည်။ ထိုအချိန်တွင် အဆောက်အအုံကလေးအတွင်းမှထွက်လာသော ဂျပန်စစ်ဗိုလ်၊ တန်းလျားကလေးထက်မှထလာသော ဂျပန်စစ်သား ၂ ယောက် သူတို့၏လှုပ်ရှားမှုများကို တွေ့မြင်လိုက်ရလေသည်။ ဂျပန်စစ်သားတစ်ယောက်သည် မီးနီကို တစ်ဘက်၊ မီးစိမ်းကို တစ်ဘက်ကိုင်လျက် အဆောက်အအုံအတွင်းမှ ထွက်လာသည်။ ပြီးလျှင် မီးစိမ်းကို တစ်နေရာတွင်ချထားပြီးနောက် မီးနီကိုကိုင်မြှောက်ကာ ရထားလမ်းဘေးတွင် ထွက်ရပ်လေသည်။

အချိန် သိပ်မကြာလှပါ။ ရထားသည် စက်ရှိန်လျှော့လျက် တပ်ဒိန်ဘူတာတွင် ဝင်ရောက်ရပ်တန့်လိုက်လေသည်။

ရထားရပ်တန့်၍ စိတ်ချလောက်သည့် အနေအထားသို့ရောက်လျှင်ပင် ကျွန်တော်သည် သာဆင်ကို လက်တို့လျက် ထင်းပုံကြီးတစ်ပုံအနီးသို့ ပြေးဝင်ချဉ်းကပ်လိုက်လေသည်။ ပြီးနောက် ထိုနေရာတွင် ငြိမ်သက်စွာရပ်လျက် ရထားတွဲများ၏အခြေအနေကို ကြည့်ရသည်။ ရထားတွဲများသည် အခါတိုင်းနှင့် မည်သို့မျှမခြားနား။ ကုန်တွဲတွေချည်းဖြစ်သည်။ ပက်လက် ၃ တွဲ၊ တွဲလုံး ၃ တွဲ။ ပက်လက် ၃ တွဲစလုံး မည်သည့်ပစ္စည်းမျှ မပါရှိချေ။ ဘုရား ၃ဆူစခန်းမှ ကျောက်တွဲများမပါလာသည်မှာ ၄-၅ ရက်ခန့် ရှိနေပေပြီ။

ထိုညက တပ်ဒိန်ဘူတာတွင် အချိန်ကြာကြာမရပ်တန့်ပါ။ ဂျပန်စစ်သား ၂ ယောက် ရထားပေါ်သို့ တက်လိုက်လာသည်မျှ ဖြစ်လေသည်။ သူတို့ ၂ ယောက်တက်လိုက်ကြသည်မှာလည်း ခေါင်းတွဲပေါ်သို့ ဖြစ်လေသည်။

သေးငယ်စူးရှသောဥဩသံကို ကြားလိုက်ရလေသည်။ ဥဩသံသည် တိတ်ဆိတ်ငြိမ်သက်သောညကို ဖောက်ထွင်းလျက် တောအထပ်ထပ်တောင်အထပ်ထပ် ပျံ့နှံ့သွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

ဂျပန်တစ်ယောက်သည် မီးအိမ်စိမ်းကို မြှောက်ယမ်းပြလေသည်။ ရထားမှာလည်း တဖြည်းဖြည်းထွက်ခွာစပြုလေသည်။ ထိုအချိန်အခိုက်အတန့်၌မှာပင် ကျွန်တော်သည် သာဆင်၏လက်ကို ခပ်တင်းတင်းဆွဲလျက် တွဲပက်လက်တစ်ခုရှိရာသို့ ပြေးတက်လိုက်သည်။ ပြီးလျှင် သာဆင်၏ကုပ်ပိုးကို လက်တစ်ဖက်နှင့်ဖိထားကာ

http://mmteashop.com



၂ဦးသား ဝပ်နေလိုက်ကြသည်။ တွဲပက်လက်၏ ၂ပေခန့်အမြင့်ရှိသောဘေးကာသည် ကျွန်တော်တို့ ၂ယောက်အား လုံခြုံအောင် ကာကွယ်ထားလေသည်။

ရထားသည် တဖြည်းဖြည်းတစစ အရှိန်လျှင်မြန်လာလေသည်။ မီးအိမ်စိမ်းသည် ကျွန်တော်တို့နှင့် ပို၍ပို၍ ဝေးဝေးကျန်ခဲ့လေသည်။ ထိုအချိန်က ကျွန်တော်တို့ ၂ ယောက်စလုံး ဦးခေါင်းထောင်ကာ ပတ်ဝန်းကျင်ကို ကြည့်နိုင်ကြပေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးသည် ညို့ညို့မှိုင်းမှိုင်းကြီးတွေသာ မြင်ရလေသည်။ နိမ့်သည့်နေရာက နိမ့်သည်။ မြင့်သည့်နေရာက မြင်သည်။ ဝိုင်းသည့်နေရာက ဝိုင်း, ချွန်သည့်နေရာ ချွန်။ အချို့မှာ တစ်ကိုယ်လုံးစိမ်းသောနဂါးကြီးတစ်ကောင်လို အတွန့်အလိမ် အကွေ့အကောက်တွေ ဖြစ်နေသည်။

ကျွန်တော်တို့ ၂ ယောက်စလုံး ချမ်းအေးလာလေသည်။ လေတိုးသံသည် နားထဲတွင် တဝီဝီဖြစ်နေသည်။ ၂ ယောက်စလုံး ပြိုင်တူပင် သက်ပြင်းချလိုက်မိကြလေသည်။

တစ်နာရီကျော်ကျော်လောက်ခုတ်မောင်းမိသည့်အခါ ရထားသည် စခန်းတစ်ခုတွင် ရပ်တန့်လိုက်လေသည်။ ထိုစခန်းသည် မည်သည့်စခန်းဟူ၍ကား ကျွန်တော် မပြောတတ်တော့ပါ။ ရထားရပ်လိုက်၍ မကြာမီပင် ချွေးတပ်သားပေါင်း ၂၀၀ ကျော် –၃၀၀ ခန့်သည် တွဲပက်လက်ပေါ်သို့ အလုအယက်တက်ရောက်လာကြလေသည်။ သူတို့နောက်ပါးမှလည်း ဂျပန်စစ်သားများက ရိုက်မောင်းပုတ်မောင်းလုပ်ကာ ဆဲရေးရေရွတ်လျက် တွဲပေါ်သို့ အတင်းတရကြမ်း အတက်ခိုင်းလေသည်။ ကျွန်တော်တို့လိုက်ပါလာသော တွဲပက်လက်ပေါ်သို့လည်း အလုအယက်တက်ရောက်လာကြလေသည်။ သူတို့သည် ကျွန်တော်နှင့် သာဆင်ကို သတိပြုမိဟန်မတူချေ။ မကြာမီ သူတို့နှင့် ကျွန်တော်တို့မှာ အရောရောအထွေးထွေး ဖြစ်သွားလေသည်။ သူတို့ကား ချွေးတပ်စခန်းတစ်ခုမှ မော်လမြိုင်သို့ ပို့သည့်သူများ ဖြစ်ကြလေသည်။

ရထားသည် ဥသြတစ်ချက်မှုတ်ကာ ထိုနေရာမှ ထွက်ပြန်ပါလေသည်။ ကျွန်တော်တို့ရှိရာတွဲပေါ်သို့ တက်ရောက်လာကြသော ချွေးတပ်သားများမှာလည်း ရထားထွက်သည်ဆိုလျှင်ပင် ငုတ်တုတ်ထိုင်ရင်း အိပ်ငိုက်ကုန်ကြလေသည်။ ကျွန်တော်နှင့် သာဆင်သည် ထိုသူများနှင့် လုံးဝမိတ်ဖွဲ့ခြင်း မပြုပါ။ ဤလို မိတ်မဖွဲ့မိအောင် စကားအပြောအဆိုမပြုမိအောင် သတိထားလိုက်ကြပါသည်။ သူတို့နှင့်မိတ်ဖွဲ့လျှင် ကျွန်တော်တို့တွင် ပြဿနာ တစ်စွန်းတစ်စပေါ်လာနိုင်ပါသည်။ ထို့ကြောင့်လည်း ခပ်မဆိတ်နေလိုက်ကြခြင်းဖြစ်လေသည်။ သာဆင်မှာ လူငယ် တစ်ယောက်ဖြစ်သောကြောင့် ရထားထွက်၍မကြာမီပင် ထိုသူများနည်းတူ အိပ်ပျော်သွားလေသည်။

မော်လမြိုင်ဘူတာသို့ ရထားဝင်ရောက်သည်မှာ နံနက် ၃ နာရီလောက်တွင်ဖြစ်လေသည်။ ဘူတာသို့ ရထားဝင်သည်ဆိုလျှင်ပင် ကျွန်တော်သည် ကျိုးကန်းတောင်းမှောက်မျက်စိဖြင့် အခြေအနေအရပ်ရပ်ကို အကဲခတ်ရလေသည်။ သာဆင်ကိုလည်း အိပ်ရာမှ နှိုးရလေသည်။ ရထားဘူတာတွင် မီးရောင်များကိုတွေ့ရသော်လည်း ကျယ်ကျယ်ပြန့်ပြန့်ထွန်းထားသောသဘော မဟုတ်ပါ။ မီးရောင်မှန်သမျှကို ကြီးစွာသောအဖုံးအအုပ်များနှင့် ထွန်းထားခြင်းဖြစ်လေသည်။ ထိုအခါ အလင်းရောင်သည် မီးရှိသည့်နေရာကွက်ကွက်ကလေးကိုသာ မြင်ရလေသည်။

ဘူတာတွင်းသို့ရထားဝင်မိသည်ဆိုလျှင်ပင် အသင့်ကြိုတင်စောင့်ဆိုင်းနေကြသော ဂျပန်စစ်သား ၂၀ ကျော်–အစိတ်ခန့်သည် ဆူဆူညံညံလှုပ်လှုပ်ရွရွဖြစ်နေပါတော့သည်။ သူတို့သည် သေနတ်ကိုယ်စီလွယ်ကာ၊ အချို့မှာ မီးအိမ်များ, လက်နှိပ်ဓာတ်မီးစသည်များကို ကိုင်ဆောင်ထားလေသည်။ ရထားရပ်လိုက်သည့်အခါ ရထားပေါ်တွင် လိုက်ပါသော ဂျပန်စစ်သားများမှာလည်း ရထားထက်မှ ခုန်ဆင်းလိုက်ကြလေသည်။ သူတို့သည် မကြာမီ ကျွန်တော်တို့ ရှိရာ တွဲပက်လက်များသို့ချဉ်းကပ်ပြီးနောက် တွဲပေါ်ရှိလူများအားလုံးကို အောက်သို့အဆင်း ခိုင်းလေသည်။ ပြီးလျှင် ရထားလမ်းဘေးစကြီပေါ်သို့ ၄ ယောက် ၁ တွဲ တန်းစီခိုင်းလေသည်။

ရထားနှင့်ပါလာသော ချွေးတပ်သားများအားလုံးမှာလည်း တရုန်းရုန်းဖြစ်နေကြလေသည်။ အော်သံဟစ်သံ

http://mmteashop.com



ဆူညံသံများကလည်း ပွက်လောရိုက်နေလေသည်။ ဂျပန်စစ်သားများသည် ထိုသူများကို တွန်းထိုးကန်ကျောက်ကာ အတင်းအထိုင်ခိုင်း, အတင်းတန်းစီခိုင်းနေလေသည်။

ကျွန်တော်သည် သာဆင်၏လက်ကိုဆွဲကာ၊ ထိုလူအုပ်ကြီး၏နောက်ဆုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။ လူပေါင်း ၂၀၀ ကျော်–၃၀၀ ခန့်ကို ၄ ယောက် ၁ တွဲအထိုင်ခိုင်းထားခြင်းဖြစ်လေရာ၊ ကျွန်တော်နှင့် သာဆင်တို့ ရောက်ရှိနေသောနေရာသည် အတော်ပင်အမှောင်ရိပ်ကျသောနေရာ ဖြစ်လေသည်။ သို့ရာတွင် မီးအလင်းရောင်ရှိနေသော ဘူတာအထွက်ပေါက်, အဝင်ပေါက်မှ ဂျပန်စစ်သားများ၏လှုပ်ရှားမှုကိုကား အတိုင်းသားမြင်နေရလေသည်။

ကျွန်တော်သည် ထိုင်ရာမထ ဘေးဘီပတ်ဝန်းကျင်ကိုကြည့်လိုက်လေသည်။ ကျွန်တော်တို့ထိုင်နေသောနေရာမှနေကာ ဘူတာဝင်းအပြင်သို့ထွက်သွားမည်ဆိုလျှင် အကာအရံမရှိသောကြောင့် ဖြစ်နိုင်ကြောင်း သိရလေသည်။ သို့ရာတွင် ဝင်းအပြင်တွင် မီးရောင်ဟူ၍ လုံးဝ မရှိသောကြောင့် ဂျပန်စစ်သားများ ရှိ,မရှိ မသိနိုင်သေးဘဲ ဖြစ်ရလေသည်။ ထိုင်ရာမှ ရုတ်တရက်မထဝံ့သေးသောကြောင့်လည်း အတန်ကြာငြိမ်နေရသည်။ ထလိုက်မှ ဂျပန်စစ်သားတစ်ဦးတစ်ယောက်က လှမ်း၍မြင်သွားလေမည်ကိုလည်း စိုးရိမ်ရလေသည်။ ဂျပန်စစ်သားတစ်ယောက်ကလည်း ကျွန်တော်တို့ရှိရာနောက်ပိုင်းသို့ မကြာမကြာ ဓာတ်မီးနှင့်ထိုးကြည့်နေလေသည်။ သို့ရာတွင် သူ့ဓာတ်မီးမှ ဓာတ်ခဲအားသည် အတော်ပင်ညှံ့ဖျင်းနေလေသည်။

သို့နှင့် မိနစ်ပိုင်းအတန်ကြာသွားသည့်အခါ တန်းစီမှုမှာလည်း စနစ်တကျဆိုရလောက်အောင် ပြီးစီးသွားလေသည်။ ထိုအခါမှပင် ရထားဘူတာရှိရာမှ ဂျပန်စစ်ဗိုလ်တစ်ယောက်သည် နောက်ပါ စစ်သား ၄–၅ ယောက်နှင့်အတူ တန်းစီထိုင်နေသောချွေးတပ်သားများအား ထိပ်ဆုံးမှစလျက် စစ်ဆေးရေတွက်ခြင်း ပြုလေသည်။ ထိုစစ်ဗိုလ်၏လက်ထဲတွင် စာရွက်တစ်ရွက်ကို ကိုင်ထားကြောင်း တွေ့ရလေသည်။

ဒီအတိုင်းဆိုလျှင် ဂျပန်များသည် ချွေးတပ်သားများအား စာရင်းအင်းအတိအကျဖြစ်စေရန် ရေတွက်စစ်ဆေးနေကြောင်း ကျွန်တော် သဘောပေါက်ရလေသည်။ ကျွန်တော်နှင့်သာဆင်မှာ စာရင်းပါ လူ ၂ ယောက်မဟုတ်ချေ။ တိတ်တဆိတ်ထွက်ပြေးလာသူ ၂ ယောက်သာဖြစ်လေသည်။ ထို့ကြောင့် အဘယ်ပုံပြုလုပ်ရမည်နည်းဟု ကျွန်တော့်မှာ အကြံထုတ်ရပြန်ပါသည်။

ဤအခိုက်၌ပင် ကျွန်တော်သည် စာရွက်ကိုင်ထားသောဂျပန်စစ်ဗိုလ်၏မျက်နှာကို အဝေးမှနေ၍ပင် အသေအချာကြည့်လိုက်မိလေသည်။ စစ်သားတစ်ယောက်၏လက်မှ မြှောက်ထားသောမီးအိမ်၏အလင်းရောင်သည် ထိုစစ်ဗိုလ်၏မျက်နှာကို မကွဲမပြားမြင်တွေ့နေရသည်။

ထိုစစ်ဗိုလ်၏မျက်နှာကို ကွက်ခနဲ မြင်လိုက်ရသောကြောင့် ကျွန်တော်၏ရင်တည်းမှ ဒိတ်ခနဲတုန်လှုပ်သွားရသည်။ ကျွန်တော့်တစ်ကိုယ်လုံး ငလျင်လှုပ်ခံရသလိုဖြစ်သွားပါသည်။ ခေါင်းနပန်းကြီးကာ ချက်ချင်းလောလောလတ်လတ် ချွေးစေးတွေပြန်ထွက်လာလေသည်။

ကျွန်တော်သည် သာဆင်ကိုလက်တို့လိုက်ရာမှ လေသံခပ်အုပ်အုပ်နှင့် "ဟော့–ဟိုမှာကုမေကာ၊ ကုမေကာ" ဟုပြောလိုက်မိသည်။

"ဟုတ်တယ် အစ်ကို။ ဟုတ်တယ်"

ကျွန်တော် နောက်ထပ်၍ ဘာမျှမပြောတော့ပါ။ သာဆင်ကိုလက်ကုတ်လျက် ထိုလူအုပ်ထဲမှ အမှောင်ရိပ်ရှိရာသို့ ပြေးကပ်လိုက်ပါသည်။ ပြီးလျှင် ရထားဘူတာဝင်းကိုဖြတ်ကျော်လျက် အပြင်သို့ ထွက်လိုက်ကြသည်။ အပြင်အပတွင်လည်း အမှောင်နှင့်မည်းမည်းသာဖြစ်လေသည်။

မကြာမီ ကျွန်တော်သည် ရထားဘူတာအပြင်ဘက်ရှိကုက္ကိုပင်ကြီးများ, စိန်ပန်းပင်ကြီးများအောက်တွင်

http://mmteashop.com



အစုလိုက်အစုလိုက်အိပ်ပျော်နေကြသူများကို မှုန်မှုန်ဝါးဝါး တွေ့ရလေသည်။ ထိုသူများသည် ရထားစီးခရီးသည်များဖြစ်လိမ့်မည်ဟု ခန့်မှန်းရလေသည်။ ကျွန်တော်နှင့် သာဆင်မှာလည်း ကုက္ကိုပင်တစ်ပင်အောက်တွင် ဝင်ရောက်ထိုင်လိုက်သည်။ ထိုအခိုက်၌ပင် ရထားဘူတာအတွင်းမှ ဆူဆူညံညံအသံများကို ကြားရပြီးနောက် ဂျပန်စစ်သား အစောင့်အကြပ်နှင့် ထွက်လာကြသော ချွေးတပ်သားများကိုတွေ့လိုက်ရလေသည်။ ကျွန်တော်တို့ ၂ ယောက်မှာလည်း မြေပေါ်သို့လှဲချလိုက်ကြလေသည်။

ဂျပန်စစ်ဗိုလ်ကုမေကာနှင့် ဂျပန်စစ်သားများမှာမူ ချွေးတပ်အလုပ်သမားများကို မည်သည့်နေရာ, မည်သည့်အရပ်သို့ခေါ်ဆောင်သွားသည် မသိ။ ခေါ်ဆောင်သွားလေသည်။ ထိုလူအုပ်ကြီးကွယ်ပျောက်သွားတော့မှပင် ကျွန်တော်တို့ ၂ ယောက်သည် ငုတ်တုတ်ထိုင်လိုက်ကြလေသည်။ သို့ရာတွင် ကျွန်တော့်အနေဖြင့်ကား စိတ်နလုံးတုံးတုံးမချနိုင်သေးပါချေ။ ရှေ့ခရီးအတွက် စဉ်းစားတွေးတောရပြန်ပါလေသည်။ ကျွန်တော်တို့အဖို့ အတော်အတန်စိတ်အေးစိတ်သက်သာရမည်မှာ ရန်ကုန်ရောက်မှ ဖြစ်လေသည်။

သာဆင်မှာ ကလေးတစ်ယောက်လို ဖြစ်နေသောကြောင့်လည်း မကြာမီပင် သစ်ပင်ရင်းတွင် ဦးခေါင်းစိုက်ကာ အိပ်ပြန်ပါတော့သည်။ ကျွန်တော်သည် သူ့ခေါင်းအောက်သို့ ကျွန်တော်၏အိပ်ရာလိပ်ကိုထိုးသွင်းပေးလိုက်ပြီး၊ ...ယ်အိပ်ထဲမှ ဆေးလိပ်တစ်လိပ်ကိုထုတ်ကာမီးညှိသောက်ရင်း တွေးတောစိတ်ကူးနေရပါလေသည်။

ကျွန့်တော်တို့တွင် ဂျပန်ငွေစက္ကူအနည်းအကျဉ်း ပါရှိလာပါသည်။ ထိုငွေစက္ကူများသည် တောတွင်း၌ ကျွန်တော်တို့လုပ်ခရရှိခဲ့သော ဘုရားနီးတံဆိပ်စက္ကူများ ဖြစ်လေသည်။ ငွေအရေအတွက်ကိုမူ မည်မျှဟူ၍ မမှတ်မိပေ။ (THE JAPANESE GOVERNMENT TEN RUPEES)ဟူသော ၁၀ တန်များ ဖြစ်လေသည်။ မည်ရွေ့မည်မျှပင်ဖြစ်စေ၊ ထိုငွေမျှဖြင့် ကျွန်တော်တို့ ၂ ယောက် ရန်ကုန်ကို ကောင်းမွန်စွာရောက်ရှိနိုင်ကြောင်းကိုကား ကျွန်တော်တွက်ဆမိလေသည်။

အချိန်မှာ နံနက် ၄ နာရီထိုးလုနီးနေသောအချိန် ဖြစ်လေသည်။ မီးရထားဘူတာရုံရှိရာမှလည်း မည်သည့်အသံကိုမျှ မကြားရတော့ချေ။ မီးရောင် ဟူ၍လည်း လုံးလုံးမမြင်ရ။ လူသံသူသံအစခပ်သိမ်း ဆိတ်သုဉ်းနေလေပြီ။ ကျွန်တော်သည် ဆေးလိပ်ကို မီးခပ်အုပ်အုပ်သောက်ဖွာရလေသည်။ ဂျပန်ခေတ်၌ ညအချိန်မတော်တွင် ဆေးလိပ်သောက်ခြင်းမှာ အန္တရာယ်တစ်ခုဖြစ်နိုင်ကြောင်း ကျွန်တော်သတိပြုမိပါသည်။ ထို့ကြောင့်လည်း ဆေးလိပ်မီးကိုငြိမ်းသတ်တော့မည်ပြုခိုက်၌ပင် ကျွန်တော်ရှိရာသို့ လူတစ်ယောက် ကုန်းကုန်းကုန်းကုန်းနှင့် ချဉ်းကပ်လာလေသည်။

ထိုသူသည် ကျွန်တော့်ထံမှ ဆေးလိပ်မီးတောင်းလေသည်။ နောက် သူကိုယ်တိုင်ကလည်း ဆေးလိပ်မသောက်ရကြောင်း၊ ဂျပန်များမမြင်အောင် တိတ်တဆိတ်ခိုးသောက်ရကြောင်း ပြောလေသည်။ ပြီးလျှင် သူ့ဆေးလိပ်မီးကို လက်ဝါးနှင့်အုပ်လျက် ပြင်းထန်စွာဖွာရှိုက်နေလေသည်။ သူသည် ကျွန်တော့်အနီးတွင် ခပ်ရို့ရို့ထိုင်ချလိုက်လေသည်။

ကျွန်တော်က ထိုသူအား မော်လမြိုင်မြို့တွင်းသို့သွားလိုလျှင် အဘယ်ပုံသွားရမလဲ။ ရန်ကုန်–မော်လမြိုင်ရထားများ သွား,မသွား။ သွားလျှင် မည်သည့်အချိန် သွားတတ်ကြောင်းမှစလျက် မော်လမြိုင်မှ မုတ္တမသို့အဘယ်ပုံ ကူးသန်းရမည်ဆိုသည်များကိုပါ စုံစမ်းမေးမြန်းကြည့်ရလေသည်။

ထိုအခါ မော်လမြိုင်မြို့တွင်းသို့သွားလိုလျှင် ၅ နာရီထိုးပါက မြင်းလှည်းများလာလေ့ရှိကြောင်း။ ယခုလိုအချိန်မျိုးတွင်မူ လုံးဝသွား၍မဖြစ်နိုင်ကြောင်း။ မော်လမြိုင်တစ်မြို့လုံး ကင်းများချထားသဖြင့် အစစ်အဆေးအမေးအမြန်းထူလှကြောင်း။ မသင်္ကာလျှင် ဂျပန်စစ်တပ်သို့ ဖမ်းဆီးပို့လိမ့်မည်ဖြစ်ကြောင်း ပြောကြားခြင်းပြုလေသည်။ ကျန်သောကိစ္စများကိုမူ ကျွန်တော်စိတ်ကျေနပ်လောက်အောင် ဖြေကြားခြင်းမပြုနိုင်ပါချေ။ ပြီးလျှင် ထိုသူသည် ဆေးလိပ်မီးကိုညငြိမ်းသတ်လျက် ကျွန်တော့်အနီးမှ မကြာမီ ထွက်ခွာသွားလေသည်။

http://mmteashop.com



ကျွန်တော်သည် 'ခပ်မြန်မြန် ၅ နာရီထိုးပါစေ၊ မြင်းလှည်းများလာပါစေ' ဟု ဆုတောင်းမိလေသည်။ ကျွန်တော်တို့ ၂ ယောက်သည် မိုးစင်စင်မလင်းမီ မော်လမြိုင်ဈေးကြီးသို့ရောက်ဖို့က အရေးတကြီးဖြစ်နေပါလေသည်။ ကျွန်တော်တို့ဦးခေါင်းထက်မှ ခွေးတပ်သားတို့၏ဆံပင်ရှည်ဘိုကေကြီးများကို ခပ်မြန်မြန်ကီစွတုံးပစ်မှ တော်ပေလိမ့်မည်။ ပြီးလျှင် ဒီရထားဘူတာအနီးတွင် မိုးစင်စင်လင်းသည့်အထိ နေနေရန် မသင့်လျော်ဟူ၍လည်း စဉ်းစားမိလေသည်။ ခပ်စောစောကပင် လူ ၂ ယောက်သည် ကျွန်တော်တို့ရှိရာအနီးသို့ လာရောက်ပြီးနောက် ခွေးတပ်ပြေးများရှိပါက မနက်လင်းလျှင် ဂျပန်များဆံဖမ်းဆီးခေါ်ဆောင်သွားရမည်ဖြစ်ကြောင်း ကြွေးကြော်သွားလေသည်။ စင်စစ် ထိုသူ ၂ ယောက်သည် ဆေးလိပ်မီးတောင်းသူ၏သတင်းပေးချက်အရ ကျွန်တော်တို့ထံမှ ငွေညစ်လိုသူ ၂ ယောက် ဟူ၍ ကျွန်တော်တွေးမိပါသည်။ သို့ရာတွင် ထိုသူ ၂ ယောက်မှာ သတ္တိရှိဟန်မတူပါ။ အလစ်သမားဘိန်းစားသူခိုးများပင် ဖြစ်ဟန်တူလေသည်။

ကျွန်တော်သည် သာဆင်ကိုပင်မနှိုးဘဲ ငုတ်တုတ်ထိုင်မြဲထိုင်နေပါသည်။ ပြဿနာပေါ်ပေါက်ခဲ့လျှင် ထိုးကျိတ်သတ်ပုတ်ရန်မှတစ်ပါး အခြားအကြောင်းမရှိနိုင်။ တစ်ချီတစ်ပွဲ နွှန့်စားရပေတော့မည် ဟူ၍သာ စိတ်ဆုံးဖြတ်ထားရလေသည်။

ဤလိုနှင့် အလင်းရောင်ကလေးများ ပြူစို့လာစဉ်၌ပင် ခပ်လှမ်းလှမ်းမှမောင်းနှင်လာသော မြင်းလှည်းသံများကို ကြားရလေသည်။ ကျွန်တော်သည် သာဆင်ကို အိပ်ရာမှနှိုးပြီးနောက် ထိုင်ရာမှ ခပ်သွက်သွက်ထလိုက်သည်။ မြင်းခြူသံများသည် ့တချွင်ချွင်မြင်ကာ မကြာမီ ဘူတာရှေ့တွင် မြင်းလှည်း ၂ စီး ထိုးရပ်လိုက်လေသည်။

မြင်းလှည်းဆရာသည် ကျွန်တော်တို့ကို ခရီးဦးကြိုမေးလေသည်။ ကျွန်တော်က ရှေ့မှနေလျက် မြင်းလှည်းထက်သို့ တက်လိုက်ပါသည်။ သာဆင်တက်မိသည့်အခါ ဈေးနှုန်းကိုပင်မေးမနေနိုင်တော့ဘဲ မော်လမြိုင်ဈေးကြီးသို့ အမောင်းခိုင်းရလေသည်။ ရထားဝင်းအပြင်သစ်ပင်များအောက်တွင် အိပ်နေသောသူများမှာမူ ကျွန်တော်တို့ မြင်းလှည်းထွက်လာသည့်တိုင် ဟန်မပျက်ဘဲအိပ်နေကြဆဲဖြစ်လေသည်။

ဤလိုနှင့် မော်လမြိုင်ဈေးကြီးသို့ ရောက်ခဲ့ကြလေသည်။ ကျွန်တော်ရောက်ရှိခဲ့သည့်အချိန်မှာ အတန်ငယ်စောနေသေးသောကြောင့်လည်း ဆံပင်ညှပ်ဆိုင်များ မဖွင့်လှစ်ကြသေးပါ။ ထိုအခါ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ကြရလေသည်။ လက်ဖက်ရည်ဆိုင်ရာမှာ လက်ဖက်ရည်, ကော်ဖီ ဟူ၍မရပေ။ ရေနွေးကြမ်းနှင့် မုန့်သာလျှင် ရလေသည်။ ထိုဆိုင်တွင် အတန်ကြာအချိန်ဖြုန်းပြီးနောက် ဆံပင်ညှပ်ဆိုင်သို့ ကူးကြရသည်။ ဆံပင်ညှပ်ပြီးမှပင် မုတ္တမဘက်သို့ ကူးရန်အတွက် မီးရထားကူးတို့ဆိပ်သို့လာရောက်ခဲ့ကြရလေသည်။ ထိုနေရာရောက်သည့်အခါမှပင် ကျွန်တော်တို့တွင် ပြဿနာတစ်ခုကြုံရပြန်လေသည်။ ကြုံရသောပြဿနာမှာလည်း သေးသေးမဟုတ်ပါချေ။ ထွက်ပေါက်မရှိသော ပြဿနာအခက်အခဲတစ်ခု ဖြစ်လေသည်။

ဖြစ်ရပုံမှာ ဤသို့ပေတည်း။

ကျွန်တော်တို့သည် ရန်ကုန်ကိုပြန်နိုင်ရေးအတွက် မော်လမြိုင်မှနေ၍ မုတ္တမဘက်သို့ ကူးရမည်ဖြစ်သည်။ ဤလို မုတ္တမဘက်သို့ ကူးသန်းရမည်ကိစ္စ၌လည်း ကူးတို့သမ္ဗန်, ကူးတို့လှေ စသည်များနှင့် ကူးသန်းခွင့်ရှိသည်တော့ မဟုတ်ပါချေ။ ဆိပ်ခံဖောတံတားကြီးတစ်ခုကို ဟိုဘက်ဒီဘက်မှ မော်တော်ကလေး ၂ စင်းက ညှပ်ဆွဲကာ တစ်ဘက်ကမ်းမှ တစ်ဖက်ကမ်းသို့ ခရီးသည်များကိုတင်ဆောင်ပို့နေသော တစ်ကြိမ်လျှင် လူ ၉၀–၁၀၀ ပါသည့် ကူးတို့သင်္ဘောနှင့် ကူးရမည်ဖြစ်လေသည်။ ထိုအခါ ကူးတို့သင်္ဘောရှိရာသို့ဆင်းသက်ရမည်မှာ ဖောတံတားမှ ဖြစ်လေသည်။ ထိုဖောတံတားမှလွဲ၍လည်း အခြားဆင်းသက်စရာ လမ်းမရှိပါချေ။ ထိုကဲ့သို့ဆင်းသက်ရမည့် ဖောတံတားထိပ်ကနေလျက် ဂျပန်စစ်သားများနှင့် မြန်မာ ၄–၅ ယောက်က အပေါက်ပိတ်ကာ ခရီးသွားလက်မှတ်များစစ်ဆေးနေခြင်းပင် ဖြစ်လေသည်။

http://mmteashop.com



ဈေးတပ်ပြေးဖြစ်သောကျွန်တော်တို့တွင် ခရီးသွားလက်မှတ်လည်း မရှိ။ ဆေးထိုးလက်မှတ် ဟူ၍လည်း မပါ။ ဤနေရာရောက်ခါမှ ကျွန်တော်တို့ အကျဉ်းအကျပ် တွေ့ရပါလေသည်။ ကျွန်တော်သည် ခပ်လှမ်းလှမ်းမှနေကာ တံတားထိပ်ရှိ ဂျပန်စစ်သားများ၏အပြုအမူနှင့် ခရီးသည်၏အပြုအမူကို အကဲခတ်ကြည့်နေမိလေသည်။ ဤသို ကျွန်တော်တို့ကြည့်နေသည်ကိုလည်း ဂျပန်စစ်သားများနှင့် ထိုနေရာရှိလူများမမြင်ရအောင် သတိထားရပါလေသည်။

ဂိတ်တာဝန်ကျ မြန်မာ ၄–၅ ယောက်သည် ခရီးသည်များထုတ်ပြသော ဆေးထိုးလက်မှတ်နှင့် ခရီးသွားလက်မှတ်များကို အသေအချာ စစ်ဆေးကြည့်ရှုလေသည်။ ပြီးလျှင် ဖောတံတားပေါ်သို့ တစ်ယောက်ချင်းလွှတ်ပေးသည်။ ထို့နောက် ဖောတံတားအလယ်လောက်မှဂျပန်စစ်သားများက ထပ်မံစစ်ဆေးလေသည်။ ပြီးမှ တစ်ယောက်စီလွှတ်ပေးလေသည်။

အချိန်မှာ ၁၀ နာရီထိုးလုနေလေပြီ။ မြင်းလှည်းဆရာထံမှစုံစမ်းသိရှိရသည်မှာ ကူးတို့မော်တော်သည် တစ်နေ့လျှင် ၃ ခေါက်ကူးဆွဲသည်။ မနက် ၁၀ နာရီတစ်ခေါက်, နေ့လယ် ၁ နာရီတစ်ခေါက်, ညနေ ၃ နာရီတစ်ခေါက်ဖြစ်လေသည်။ ကူးတို့ခငွေကိုမူ မော်တော်ပေါ်ရောက်မှ လက်မှတ်ယူရသည်။ တစ်ယောက်လျှင် ဂျပန်ငွေ ၁ ကျပ်ဖြစ်သည်ဟု ဆိုလေသည်။

ကျွန်တော်တို့ ၂ ယောက်မှာ ရှေ့မတိုးနိုင်နောက်မဆုတ်သာ ဖြစ်နေရလေသည်။ ဤနေရာတွင် ဆက်လက်ရပ်နေပါကလည်း ဂျပန်စစ်သားများ တွေ့မည်ကို စိုးရိမ်ရလေသည်။ မော်လမြိုင်မြို့ထဲတွင် ရောက်ရာပေါက်ရာလျှောက်သွားနေ၍လည်း မဖြစ်နိုင်ပါချေ။ မည်မျှလောက်ပင် ရုပ်သွင်ပြောင်းထားသော်လည်း ကျွန်တော်တို့မှာဈေးတပ်ပြေးမှန်း အသေအချာကြည့်က သိနိုင်လေသည်။

ဒီလိုပင် အခက်အခဲအကျပ်အတည်းနှင့်ရင်ဆိုင်တိုးနေရခိုက် ကောင်းကင်မှ လေယာဉ်ပျံသံများနှင့်အတူ လေကြောင်းရန် အချက်ပေးသံချောင်းမြွေသံများသည် မော်လမြိုင်တစ်မြို့လုံးနေရာအနှံ့အပြားမှ ထွက်ပေါ်လာလေသည်။ လမ်းပေါ်ရှိခရီးသွားလူထုမှာလည်း ခြေဦးတည့်ရာသို့ စွတ်ပြေးကြလေသည်။ အချို့မှာလည်း သစ်ပင်ကွယ်များ, တိုက်ကြားအိမ်ကြား , လမ်းဘေးရေမြောင်းထဲ စသည်များသို့ ဒရောသောပါးပြေးဝင်ခိုကပ်ကြလေသည်။

ကျွန်တော်သည် ပထမဆုံး ကောင်းကင်သို့ မော့်ကြည့်လိုက်သည်။ လေယာဉ်ပျံတွေ ဖွေးဖွေးလှုပ်နေသည်။ ပြီးလျှင် မီးခိုးတန်းများ, မီးပွင့်များနှင့်အတူ အဆက်မပြတ်ပစ်ခတ်လိုက်သော စက်သေနတ်သံများကို နားကွဲမတတ်ကြားလိုက်ရသည်။ ဒုတိယ ကျွန်တော်ကြည့်လိုက်သည်မှာ ဖောတံတားပေါ်သို့ ဖြစ်လေသည်။ တံတားပေါ်ရှိ ဂျပန်စစ်သားများရော, မြန်မာများရော, ခရီးသည်များရော ခြေဦးတည့်ရာသို့ စွတ်ပြေးကြလေသည်။ အချို့ကားကူးတို့မော်တော်ရှိရာသို့ပြေးကြသည်။ အချို့မှာ ကုန်းဘက်သို့ပြေးလာကြသည်။ အချို့မှာ ရေထဲခုန်ချကြလေသည်။

ကျွန်တော်သည် ထို ဖြစ်ပေါ်လာသောအခြေအနေပေါ်တွင်မူတည်ကာ ရရှိသောအခွင့်အလမ်းကို လက်မလွှတ်တမ်းအသုံးချရန် စိတ်ဆုံးဖြတ်ပြီးသည်နှင့် “ဟေ့–သာဆင်၊ လာ”ဟု ပြောပြောဆိုဆိုပင် သာဆင်၏လက်ကိုဆွဲကာ ဆိပ်ခံဖောတံတားရှိရာသို့ စွတ်ပြေးခဲ့လေသည်။ ထိုနောက်မှ ကျွန်တော်တို့သည် ရပ်ဆိုင်းတွန့်ဆုတ်ခြင်းမရှိကြဘဲ ထွက်ခွာစပြုနေပြီဖြစ်သောကူးတို့ဖော်ယာလှုအုပ်ကြီးအတွင်းသို့ လွှားခနဲခုန်ဆင်းလိုက်ကြပါလေသည်။

## ကျောက်တံတားဆိပ်တွင်

သထုံမှ ကျွန်တော်တို့လိုက်ပါလာသောရထားသည် ရန်ကုန်ဘူတာကြီးသို့ ည ၁၀ နာရီကျော်ကျော်လောက်တွင် ရောက်ရှိလာလေသည်။

ထိုကဲ့သို့ရောက်ရှိလာရာ၌ ကျွန်တော်တို့သည် မုတ္တမနှင့် သထုံကြား လမ်းခရီးတွင် ရထားပေါ်၌ တစ်ညအိပ်ခဲ့ရ၍၊ သထုံနှင့် ရန်ကုန်ကြားတွင် တစ်နေ့လုံးလုံးနားနေရပြီးမှ ရန်ကုန်သို့ရောက်ရှိခဲ့ခြင်းပင် ဖြစ်လေသည်။ ရထားများသည် နေ့ဘက်အချိန်များတွင် လုံးဝ ခုတ်မောင်းခြင်းမပြုဘဲ၊ ညဘက်များ၌သာ ခုတ်မောင်းသောကြောင့် ကျွန်တော်တို့ ခရီးပင့်နွှဲခဲ့ရခြင်းပင် ဖြစ်လေသည်။

ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်သည်ဆိုလျှင်ပင် ကျွန်တော်တို့သည် ဘူတာကြီးတစ်ခုလုံး နေရာအနှံ့၌ပင် ဂျပန်စစ်သားများကိုသာ အမြောက်အမြားတွေ့မြင်ရလေသည်။ ကျွန်တော်တို့စီးနင်းလိုက်ပါလာသောရထားထက်မှ ဆင်းသက်လာသူများမှာလည်း ဂျပန်စစ်ဗိုလ်, ဂျပန်စစ်သားများတွေသာ အများအပြားဖြစ်ကြောင်း တွေ့ရလေသည်။ မြန်မာလုမျိုးခရီးသွား ဟူ၍ကား ပြောက်တိပြောက်ကျားလောက်သာ မြင်ရလေသည်။ ရန်ကုန်ဘူတာကြီးတစ်ခုလုံးမှာလည်း မီးရထားဆိုင်ရာမြန်မာနှင့် ကုလားကပြားအနည်းအကျဉ်းမှအပ ဂျပန်တွေချည်း ဖြစ်နေလေသည်။ 'ဂျပန်ပြည်ရောက်နေသလား' ဟူ၍ပင် ထင်ရပါလေသည်။

သို့ရာတွင် ရန်ကုန်ရောက်၍တွေ့ရသောဂျပန်များမှာ တောတွင်းချွေးတပ်စခန်းများတွင်တွေ့ခဲ့ရသော ဂျပန်စစ်သားများနှင့်ကား အတော်ကလေးခြားနားလှပါသည်။ သူတို့သည် ယူနီဖောင်းသစ်သစ်လွင်လွင်, ဝတ်ဆင်ထားပုံမှာလည်း ချပ်ချပ်ယပ်ယပ်, သွားလာလှုပ်ရှားမှုမှာလည်း ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ဖြစ်ကြသေလည်။ ပြီးလျှင် ကျွန်တော့်တို့ ၂ ဦးကိုလည်း လုံးဝ အရေးမထားဂရုစိုက်ခြင်း မရှိကြပါ။ တိုးလားတိုက်လားနှင့် ရေးကြီးသုတ်ပျာသွားလာလျက် ရှိကြလေသည်။

ကျွန်တော်နှင့်သာဆင်သည် ဂိတ်ပေါက်ရှိရာသို့လျှောက်လာကြပါသည်။ ဂိတ်ပေါက်ရောက်သည့်အခါ လက်မှတ်စစ်ဂိတ်စောင့်အား ကျွန်တော်၏အိတ်ထဲမှ လက်မှတ် ၂ စောင်ကို ထုတ်ပေးလိုက်လေသည်။ ဂိတ်ပေါက်တွင် ဘောင်းဘီဝတ် မြန်မာ ၂ယောက်နှင့် ဂျပန် ၃-၄ ယောက်ရှိလေသည်။ ဘူတာကြီး၏ထွက်ပေါက်နှင့် စကြံတစ်လျှောက်တွင် လျှပ်စစ်မီးများထွန်းထားသော်လည်း မီးပွင့်များ အားလုံးကိုပင် အုပ်ဆောင်းကြီးများနှင့်ဖုံးကွယ်ထားလေသည်။

သည်လိုလက်မှတ်ပေးပြီး၍ ဂိတ်ပေါက်ဝမှထွက်တော့မည်အလုပ်၌ပင် လက်မှတ်စစ်ဂိတ်စောင့်သည် ကျွန်တော်၏အင်္ကျီစကို လှမ်းဆွဲထားပါတော့သည်။ ကျွန်တော်ပေးလိုက်သောမီးရထားလက်မှတ် ၂ စောင်ကိုလည်း အနီးရှိဂျပန်လက်သို့ ပေးလိုက်ပြီးနောက် တစ်စုံတစ်ရာပြောလိုက်လေသည်။ ထိုအခါ ဂျပန် ၃-၄ ယောက်နှင့် မြန်မာလက်မှတ်စစ်တစ်ယောက်က ကျွန်တော်တို့ ၂ ယောက်ကို ဝိုင်းထားလေသည်။ ပြီးသော် နောက်လူများထွက်နိုင်ရန်အတွက် ကျွန်တော်တို့ ၂ ယောက်ကို ဘေးဖယ်ထားလေသည်။ နောက်တော့ သိပ်အချိန်မကြာလှပါ။

http://mmteashop.com



လက်မှတ်စစ်မြန်မာနှင့် ဂျပန်စစ်သား ၂ ယောက်သည် ကျွန်တော်တို့ကို ရုံးခန်းတစ်ခုထဲသို့ ဆွဲခေါ်သွားပါသည်။

"မင်းတို့လက်မှတ်က ပဲခူးလက်မှတ်။ ဒဏ်ဆောင်ရမယ်။ ဆောင်နိုင်မလား"

စားပွဲတစ်လုံးရှေ့ရောက်သည့်အခါ စားပွဲတွင်ထိုင်နေသောဂျပန်စစ်ဗိုလ်က မြန်မာသံပီပီသသဖြင့် မေးလေသည်။ ထိုအခါမှလည်း ကျွန်တော်တို့ အဖမ်းခံရကြောင်း သိရလေသည်။ ဒဏ်ငွေမှာ မများလှပါ။ တစ်ယောက်လျှင် ဂျပန်ငွေ ၃ ကျပ်လောက်ဟု ကျွန်တော်ထင်ပါသည်။ သို့ရာတွင် ထိုကဲ့သို့ဖြစ်ရသည်ကို ကျွန်တော့်စိတ်ထဲတွင် မကျေမနပ်ဖြစ်မိလေသည်။ ဖြစ်ရပုံကိုလည်း ကျွန်တော်ပြန်လည် သုံးသပ်ကြည့်ပါသည်။

စင်စစ် ဤလက်မှတ် ၂ စောင်သည် သထုံဘူတာတွင် ကျွန်တော်ကိုယ်တိုင် 'ရန်ကုန်ကို' ဟု ပြောယူခဲ့သော လက်မှတ်များဖြစ်လေသည်။ ငွေကြေးအနေနှင့်လည်း ရန်ကုန်ခရီးအတွက် အတိအကျပေးခဲ့ရခြင်းဖြစ်လေသည်။ သို့ရာတွင် တစ်ခုပြောစရာရှိသည်မှာ လက်မှတ်ရောင်းစာရေးပေးလိုက်သော ရထားလက်မှတ်ကို အသေအချာ မကြည့်မိဘဲ အိတ်ထဲသို့ထိုးထည့်လိုက်ခြင်းသာ ဖြစ်လေသည်။

သထုံဘူတာသို့ရထားဝင်သည်မှာ မနက် ၃ နာရီလောက်တွင် ဖြစ်လေသည်။ ရထားဝင်ပြီး၍ ဂျပန်စစ်တပ်က ထွက်ခွင့်ပေးမှပင်၊ စာရေးဖြစ်သူသည် ဖယောင်းတိုင်ကလေး ၃–၄ တိုင်ထွန်းညှိကာ ကမန်းကတန်း ကတိုက်ကရိုက် လက်မှတ်ကိုရောင်းချခြင်းပြုလေသည်။

ထိုအခါ ရထားစီးခရီးသွားလိုသူများသည် ဘူတာတွင် တစ်နေကုန်တစ်နေခန်း လာရောက်စောင့်ကြရလေသည်။ ရထားဝင်မည့်အချိန်, ထွက်မည့်အချိန်စသည်များကိုလည်း စုံစမ်းမေးမြန်းခွင့် မရှိပါချေ။ လက်မှတ်ရောင်းချသောအပေါက်ဝတွင် စာတန်းတစ်ခု ချိတ်ဆွဲထားလေသည်။ 'မီးရထားအချိန် မစုံစမ်းရ။ စုံစမ်းလျှင် စပိုင်'ဟူသော ကြောက်မက်ဖွယ်စာတန်းပင် ဖြစ်လေသည်။

တစ်ဖန် လက်မှတ်ရောင်းချိန်နှင့် ရထားထွက်ချိန်မှာလည်း မိနစ်ပိုင်းမျှသာခြားထားခြင်း ဖြစ်လေသည်။ ထိုအခါ ရထားစီးခရီးသွားသည် သေပြေးရှင်ပြေး လက်မှတ်ယူရသည်။ ခွေးရှူးလိုက်သည့်အလား ရထားပေါ် အလုအယက်တက်ရသည်။ မလိုက်နိုင်မတွယ်နိုင်က ထိုသူမှာ အချိန်နေ့ရက် အကန့်အသတ်မရှိ နောက်ရထားကို စောင့်ရပေမည်။ တစ်ဖန်လာသောရထားကလည်း ထွက်လိုမှထွက်သည်။ ထွက်ပြန်တော့လည်း ဂျပန်စစ်သားများနှင့် ပြည့်ကျပ်နေလျှင် လိုက်ခွင့်မရပြန်ပါချေ။

ကျွန်တော်တို့သည် ရထားကို ဤလိုအဖြစ်မျိုးနှင့် စီးနင်းခဲ့ရလေသည်။ ထို့ကြောင့် ရထားလက်မှတ်ကိုလည်း ဂရုတစိုက် ကြည့်ရှုမနေအားတော့ချေ။ ရထားဘူတာတစ်ခုလုံးမှာလည်း အမှောင်ကြီးကျနေပါလေသည်။ လက်မှတ်ရောင်းစာရေးသည် မှာယွင်းပေးလိုက်လေသလော၊ သို့တည်းမဟုတ် တမင်သက်သက်ညစ်လိုက်ခြင်းပေလော။ ဒါကိုလည်း အမှန်မပြောနိုင်ပါချေ။

ကျွန်တော်သည် ထိုအဖြစ်ကို ပြန်လည်တွေးတောရင်း အိတ်ထဲမှ ငွေကိုထုတ်လျက် ကျသင့်သောဒဏ်ကို ပေးဆောင်လိုက်ရလေသည်။ ပြီးလျှင် ဒဏ်ဆောင်သောဖြတ်ပိုင်းစာရွက်ငယ်ကိုယူငင်ကာ ဂိတ်အထွက်တွင် ပေးခဲ့ပြီးနောက် သာဆင်နှင့် ၂ ယောက်အတူ ဘူတာရှေ့ကတ္တရာစေးလမ်းပေါ်သို့ ထွက်ခဲ့လေသည်။

ရန်ကုန်သည် တစ်မြို့လုံး မှောင်ကြီးအတိဖုံးလျက်ရှိလေသည်။ ယာဉ်ရထား ကားအသွားအလာ ဟူ၍လည်းကောင်း, လူသွားလူလာ ဟူ၍လည်းကောင်း ဘာဆိုဘာကိုမျှ မတွေ့ရပါချေ။ တစပြင်သုသာန်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသောလည်း။ ကျွန်တော်သည် ဘီအေအေ ကစားကွင်း (ယခု အောင်ဆန်းကွင်း)ဘက်သို့ မျှော်ကြည့်သည်။ ဘာမျှမတွေ့ရ။ အမှောင်ကျနေလေသည်။ ဆူးလေကုန်းကြီး, မီးရထားရုံးကြီးစသည်များဘက်သို့ မျှော်ကြည့်မိပြန်လေသည်။ အမှောင်ကြီးဖုံးနေသည်မှတစ်ပါး မည်သို့မျှမထူးခြားချေ။ ရန်ကုန်သည် ကျက်သရေ ကင်းမဲ့သော မြို့ပျက်ကြီးလို ဖြစ်နေပါလေသည်။

http://mmteashop.com



ဒီအတိုင်းဆိုလျှင် ကျွန်တော်တို့ ရှေ့ခရီးကိုမဆက်နိုင်သေးကြောင်း တွေးမိလေသည်။ သို့ဆိုလျှင် ထိုည အဖို့ ဘူတာရှေ့မြက်ခင်းပေါ်၌ ၂ ယောက်သားအိပ်ကြမည်။ မနက်လင်းမှပင် ကြည့်မြင်တိုင် ကျောက်တံတား ဆိပ်သို့ဆင်းသက်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ရလေသည်။ ဤလိုနှင့် ထိုတစ်ညအဖို့ ကျွန်တော်တို့သည် ရန်ကုန်ဘူတာကြီးရှေ့ရှိ မြက်ခင်းပြင်ပေါ်တွင် သွားရောက်အိပ်စက်ခြင်း ပြုကြရလေသည်။ သို့တိုင်အောင် ကျွန်တော် တို့ ၂ ယောက်မှာ နေရာကောင်း မရကြပါ။ မြက်ခင်းများပေါ်တွင် ဂျပန်စစ်သားများက ခြေချစရာမရှိအောင် အိပ်စက်နေကြသောကြောင့် ဖြစ်လေသည်။

ကျွန်တော်တို့ ၂ ယောက်သည် နောက်တစ်နေ့မနက်စောစီးစွာပင် ကြည့်မြင်တိုင် ကျောက်တံတားဆိပ်သို့ ဆင်းသက်ခဲ့ကြပါသည်။ ကျွန်တော်တို့၏ခရီးစဉ်မှာ ကျောက်တံတားဆိပ်မှနေကာ ညောင်တုန်းသို့ မော်တော်စီးလျက် ပြန်ကြရန်သာဖြစ်လေသည်။ ထိုအချိန်က ညောင်တုန်းနှင့် ရန်ကုန်မှာ ဧရာဝတီသင်္ဘောများ မခုတ်မောင်းတော့ပါ။ သမ္မန်သို့မဟုတ် သမ္မန်မော်တော်များစီးနင်းကာ ခရီးသွားလာကြရပါလေသည်။

ကျောက်တံတားဆိပ်သို့ ကျွန်တော်တို့ရောက်ရှိသွားသောအခါ၌လည်း ကျွန်တော်တို့သည် စိတ်မချမ်းမြေ့ဖွယ် ကောင်းလှသောအဖြစ်တစ်ခုနှင့် ရင်ဆိုင်ရပြန်ပါလေသည်။ ထိုအဖြစ်ကား တခြားမဟုတ်ပါ။ ချွေးတပ်သား တစ်ယောက်သည် ကျုံမငေးမြို့သို့ပြန်မည့်ဆဲဆဲ ညဘက်က မော်တော်ပေါ်ဆင်း၍အိပ်ပြီးနောက် မနက်လင်းသည့် အခါ ထိုမော်တော်ပေါ်တွင် အသက်ကုန်ဆုံးနေသောအဖြစ်နှင့် တိုးနေရခြင်းပင်ဖြစ်လေသည်။

ကျွန်တော်နှင့် သာဆင်မှာလည်း ညောင်တုန်း–ရန်ကုန် ခုတ်မောင်းပြေးဆွဲနေသော မော်တော်များကိုမမီလိုက် တော့သဖြင့် ချွေးတပ်သားသေဆုံးနေသော ကျုံမငေးမော်တော်ရှိ လူများနှင့်အတူ သေဆုံးသူချွေးတပ်သား၏ အသုဘကိစ္စကို ဝိုင်းဝန်းကူညီကြရလေသည်။

ကြည့်မြင်တိုင်ကမ်းနားဈေးမှ ခေါင်းရှက်ဗျပ်ထိုးဈေးသည်မှစကာ ကျောက်တံတားဆိပ်ရှိ လှေသမား တက်သမားစသူများအထိပင် ထိုအသုဘကိစ္စအတွက် ငွေကြေးထည့်ဝင်ကူညီကြလေသည်။ မော်တော်ပိုင်ရှင် တရုတ်အမျိုးသားကလည်း ထိုသူ့အတွက် ရက်လည်သည့်နေ့တွင် မော်တော်ပေါ်၌ ဆွမ်းကျွေးသပိတ်သွတ်ခြင်း ပြုမည်ဟူ၍ ကျွန်တော့်ကိုပြောကြားခြင်းပြုပါသည်။

ကျွန်တော်တို့သည် ညနေ ၃ နာရီအချိန်တွင် ထိုချွေးတပ်သား၏အသုဘကို ကြံတောသုသာန်တွင် သွား ရောက်ကာ မြှုပ်နှံကြပါသည်။ ကောက်ခံရရှိ၍ ပိုသောငွေများကိုလည်း ကမကထပြုလုပ်သောမော်တော်ပိုင်ရှင်သည် ဘုန်းတော်ကြီးများအား တစ်ပါတည်းလှူဒါန်းလိုက်လေသည်။

သို့ရာတွင် ကမကထပြုလုပ်သောမော်တော်ပိုင်ရှင်နှင့် မော်တော်အလုပ်သမားများသည် လည်းကောင်း၊ အနီးအနားတစ်ဝိုက်ရှိ ဈေးသူဈေးသား, လှေသမား, တက်သမားများသည် လည်းကောင်း ထိုသူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း၊ ကျုံမငေးဇာတိ ဟုတ်,မဟုတ်ကိုပင် တပ်အပ်သေချာမပြောနိုင်ကြပါချေ။ ထိုသူ၌ အဖော်အပေါင်း ဟူ၍လည်း တစ်ယောက်မျှမပါပေ။ ချွေးတပ်ပြန်တစ်ယောက် ဖြစ်ကြောင်း၊ ကျုံမငေးသို့သွားမည်ဆိုသောအကြောင်း မျှကိုပင် ထိုသူ့ထံမှသိရကြောင်းနှင့် မော်တော်အလုပ်သမားကလေးတစ်ဦးကပြောပြ၍ သိရှိကြရခြင်းသာ ဖြစ် လေသည်။

နိဂုံးချုပ်၍ ဆိုရသော် ယိုးဒယား–မြန်မာ မီးရထားလမ်းကြီးဖောက်လုပ်ရာ ချွေးတပ်စခန်းများမှအပြန်တွင် နေရပ်ဌာနီသို့မရောက်ရှိကြဘဲ သည်ပုံသည်နည်းမျိုးဖြင့် လမ်းခုလတ်တွင် အသက်သေဆုံးကြီးရရှာသော ချွေးတပ် အလုပ်သမားများမှာလည်း ထောင်နှင့်ချီကာရှိလိမ့်မည်ဟု စာရေးသူယူဆမိပါသတည်း။

http://mmteashop.com



# အစီရင်ခံပါသည်

သမိုင်းကြောင်းတစ်ရပ်ကိုပြောရာ၌ များစွာသော မှတ်တမ်းပြုပုဂ္ဂိုလ်တို့သည် အကိုးအကားအမှီအငြမ်း စာအုပ်စာတမ်းများ၏စာရင်းကို တစ်သီတစ်တန်းကြီး ဖော်ထုတ်ပြတတ်ကြလေသည်။

ဤသည်မှာ အစဉ်အလာကြောင့်ပေလား၊ သို့တည်းမဟုတ် ထိုသို့ဖော်ပြနိုင်ပါမှ ခိုင်လုံသည်ဟု ယူဆကြသောကြောင့်ပေလား၊ မပြောတတ်ပါချေ။

ဤသမိုင်းမှတ်တမ်းသည်မူ အထက်ပါအချက်များနှင့် ခြားနားလေသည်။

ယခုစာအုပ်ကို ရေးသားပြုစုရာ၌ စာရေးသူသည် 'ကိုယ်တွေ့ကြုံ'ဖြစ်ကြောင်းဖြစ်ရပ်များအပေါ်တွင် လုံး၀ အခြေစိုက်ထားပါသည်။ တိကျနိုင်သမျှတိကျအောင်, မှန်နိုင်သမျှမှန်အောင် လုံ့လပြု စွမ်းအားထုတ်ပါသည်။ မည်သူ့ကို သာစေ, မည်သူ့ကို နာစေ ဟူသောစိတ်ထား မရှိပါ။ ထိုနည်းတူစွာပင် သမိုင်း၏ပိုင်ဆိုင်မှုကိုလည်း အလွဲအချွတ်မပြုပါပေ။

တစ်ခုပင် ဆိုရန်ရှိပါသည်။ ဤစာအုပ်၏ရှေ့ပိုင်းတွင် ပါရှိသော မှတ်တမ်းအမှာစကား အချက်အလက်တစ်ချို့နှင့် လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတို့ကိုသာလျှင် THE BURMA SAIM RAILWAY 1942-45 စာအုပ်ငယ်ကလေးမှ ရဲဘော်တစ်ဦးက ဘာသာပြန်ဆိုပေးခဲ့ခြင်းဖြစ်လေသည်။ နောက်ထပ်ဆိုရန်တစ်ခုမှာ

လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ကျော်ခန့်က ကြုံတွေ့ခဲ့ရသောဖြစ်ရပ်ကြီးတစ်ခုကို စာရေးသူသည် စိတ်မှတ်ဖြင့်သာမှတ်သားခဲ့ရသောကြောင့် လူပုဂ္ဂိုလ်တို့၏အမည်များ, ချွေးတပ်စခန်းတစ်ခုမှတစ်ခုသို့ အပြောင်းအရွှေ့တွင် ဖော်ပြထားသော စခန်းအမည်များ စသည်တို့မှာ မှားယွင်းချွတ်ချော်နိုင်သောကိစ္စပင် ဖြစ်ပါသည်။ သို့ရာတွင် တတ်နိုင်သမျှ အမှားအချွတ်နည်းပါးစေရန်ကိုလည်း သတိကြီးစွာပြုပါသည်။

နောက်တစ်ကြောင်းသည် အရေးအသားနှင့်ပတ်သက်သောကိစ္စပင် ဖြစ်ပါသည်။ ဤစာအုပ်မှာ 'မှတ်တမ်း' ဟူ၍ အမည်ပေးထားသော်လည်း၊ အချို့နေရာများ(နေရာတော်တော်များများ)တွင်မူ မှတ်တမ်းရေးနည်းမဆန်ဘဲ ဝတ္ထုရေးဟန်ဆန်နေသောကိစ္စပင် ဖြစ်ပါသည်။ ထိုသို့ဖြစ်ရသည်မှာ စာရေးသူသည် ဝတ္ထုရေးသမားတစ်ယောက်သာ ဖြစ်လေရာ၊ မိမိအားသန်သော ရေးနည်းရေးဟန်ဖြင့် တင်ပြလိုခြင်းကြောင့်ပင် ဖြစ်ပါသည်။ ဤလိုတင်ပြနည်းကသာ ပို၍ဆွဲဆောင် စွမ်းအားရှိသည် ဟူ၍လည်း စာရေးသူယူဆပါသည်။

ဤစာအုပ်ကို ရေးသားပြုစုရာ၌

၁။ ယိုးဒယား-မြန်မာ မီးရထားလမ်းကြီးဖောက်လုပ်မှုကို မြန်မာစာပေနယ်၌ ထိုက်ထိုက်တန်တန် စာတစ်အုပ် မှတ်တမ်းတစ်ခု ရှိစေလိုခြင်း။

၂။ စစ်ကြီးတစ်ခုဖြစ်ပွားခဲ့သော် စစ်ဘေးစစ်ဒဏ်ကျရောက်ခဲ့ရသော တိုင်းသူပြည်သားများအနေဖြင့် အဘယ်နည်းအဘယ်ပုံ ဟုသိစေချင်သောဆန္ဒ။

http://mmteashop.com



၃။ တိုင်းပြည်တစ်ပြည်အတွက် လွတ်လပ်မှုမရှိခဲ့သော်, အထူးသဖြင့်တိုင်းတစ်ပါးသားတို့ လွှမ်းမိုးခဲ့သော် မည်မျှ ဆင်းရဲဒုက္ခကြုံကြရသည်ဆိုခြင်းကို သိစေချင်သောစေတနာ၊ အဆိုပါ ဦးတည်ချက်များနှင့် ရေးသားကြိုးကုတ်ခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှအကူအညီပေးကြသော စာရေးဆရာ တက္ကသိုလ်ညွှန့်ဦး (ဦးသာညွှန့်, ဘီ, အေ, ဘီ, အယ်လ်)အား ကျေးဇူးတင်ကြောင်း အစီအရင်ခံအပ်ပါသည်။

လင်းယုန်သစ်လွင်

ရန်ကုန်၊
၁၉၆၈ ခု၊ ဩဂုတ်လ ၁ ရက်

http://mmteashop.com

## စာရေးသူ၏ အမှာ

ကြီးမားသည့် ဖြစ်ရပ်တစ်ခု (သမိုင်း၌ တစ်ခုံတစ်ရာအတိုင်းအတာအထိ အကျုံးဝင်သက်ရောက်မည့် ဖြစ်ရပ်တစ်ခု)ကို လေ့လာရာတွင် ယင်းဖြစ်ရပ်နှင့် စပ်ဆိုင်သည့်အကြောင်းအချက်အလက်များကို အကျယ်အပြန့် သိရှိထားရန် လိုအပ်လှသည်။

ယင်းသို့ သိရှိထားပါမှလည်း နောင်ခေတ်မျိုးဆက်တို့အဖို့ အမှန်နှင့်အမှား, အကောင်းနှင့် အဆိုး, အပျိုးနှင့် အပြစ် စသည်တို့ကို ယထာဘူတ ကျနမှန်ကန်စွာ ဝေဖန်သုံးသပ်၍ အဆုံးအဖြတ်ပြုနိုင်ပေလိမ့်မည်။

ယခု စာင်ပြထားသည့် ဖြစ်ရပ်ဖြစ်ကြောင်းများသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ဖောက်လုပ်ခဲ့သည့် ထိုင်း–မြန်မာ မီးရထားလမ်း၌ စာရေးသူ တွေ့ကြုံခဲ့ရသည့်အဖြစ်များ 'နောက်ဆက်တွဲ' ဖြစ်လေသည်။

ဤအကြောင်း ဆက်ပါဦးမည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ်အတွင်း ဂျပန်တို့သည် ထိုင်းနိုင်ငံ ဘန်ပေါင်မှ မြန်မာနိုင်ငံ သံဖြူဇရပ်အထိ မီးရထားလမ်းဖောက်လုပ်ခဲ့သည်။ (အမှန်မှာ ၁၉၄၂ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ) ဖြစ်သည်။ ရထားလမ်း ဖောက်လုပ်ပြီးစီးသွားသော်လည်း မခိုင်ခံ့သော တံတား, အချို့နေရာများ၌ ပြီးပြီးရော လုပ်ကိုင်ခဲ့ရသည့် သံလမ်းနှင့် ဇလီဖားများ, ကျောက်ခင်းခြင်းများအပေါ် ရထားတစ်ခါမောင်း တစ်ခါပျက် ဖြစ်နေခြင်းကြောင့် တစ်ကြောင်း။ ထင်းမီး အားကိုးခုတ်မောင်းနေရသဖြင့် တောတွင်းသစ်ပင်များကို ခုတ်လှဲ ဖြတ်တောက်ရန်နှင့် ကျောက်ခွဲ ကျောက်ထုရန် တစ်ကြောင်း။ အရပ်သားချွေးတပ်သားအချို့နှင့် စစ်သုံ့ပန်း အချို့သည် စစ်ကြီးပြီးဆုံးချိန် (ဂျပန်များ လက်နက်ချ အညံ့ခံရသည့်အချိန်)အထိ ရထားလမ်းတွင် ချွေးတပ်သား အဖြစ်ရှိနေကြဆဲ, လုပ်ကိုင်နေကြရဆဲ ဖြစ်လေသည်။

တစ်ဖန် ယခုအပိုင်း၌ပါရှိသည့် ဖြစ်ရပ်ဖြစ်ကြောင်းများသည် စာရေးသူရေးသားခဲ့ပြီးသော ထိုင်း–မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း(အမျိုးသားစာပေ တုံးတက်ရေးတိုက်မှ ထုတ်ဝေခဲ့သည်။ ၁၉၆၈)နှင့် ယင်းစာအုပ်ကိုပင် ၂ တွဲခွဲကာ ရိုက်နှိပ်ဖြန့်ချိခဲ့သည့် (စုံစာပေဖြန့်ချိရေး)စာအုပ်ပါ ဖြစ်ရပ်များ မဟုတ်ပေ။ ယခုအပိုင်းသည် 'အပလုံစခန်းတွင်'(တတိယမြောက်) ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဖြစ်ကြောင်းများဖြစ်သည်။

တစ်ဖန် ယခုစာစုတွင် နောက်ဆက်တွဲ ဖော်ပြထားသည့် မဟာမိတ်စစ်သုံ့ပန်းတစ်ဦး၏ ကိုယ်တွေ့ ကြုံရသော ဖြစ်ရပ်ဖြစ်ကြောင်းများမှာ ၁၉၈၂ ခုနှစ်၊ ဩဂုတ်လထုတ် စစ်ပြန်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ထိုင်း–မြန်မာ မီးရထားလမ်းအကြောင်းကိုလေ့လာရာ၌ တပူးတပေါင်းတည်း, စာအုပ် တစ်အုပ် တည်းလေ့လာနိုင်လျှင် ပိုမိုသင့်လျော်ပေလိမ့်မည် ဟူသော စာပေစေတနာ, စာပေမေတ္တာဖြင့် ယခုအပိုင်းတွင် ပူးတွဲထည့်သွင်းထားပါသည်။

စင်စစ် အထက်ဖြစ်ရပ်များသည် နိုင်ငံသမိုင်း၌အကျုံးဝင်သော နိုင်ငံသားတို့သိသင့်သိအပ်သော အကြောင်း ရပ်များ ဖြစ်ပေသည်။ ယင်းသို့သော ဖြစ်ရပ်ကို (စာပေဖြင့်)တင်ပြရာ၌ စာရေးသူသည် သမိုင်းပုံစံ, သမိုင်းရေးဟန် ဖြင့် ရေးသားသင့်သည်လားဟု စဉ်းစားမိပါသည်။

**ပန်းရွှေပြည်စာအုပ်တိုက်**

http://mmteashop.com



သို့ရာတွင် စာရေးသူသည် သမိုင်းပညာရှင်မဟုတ်ပါ။ ရသ,စာပေသမား တစ်ဦးသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း သမိုင်းပုံစံ, သမိုင်းရေးနည်းရေးဟန်ကိုမလိုက်ဘဲ ရသစာပေဝတ္ထုရေးဟန်ဖြင့်သာ မိမိအားသန်သလို တင်ပြထားပါသည်။

သမိုင်း၌အကျုံးဝင်သည့် အကြောင်းအချက်အလက်များကို စိစစ်ရာတွင်မူ သခင်ပ, ဝိဇ္ဇာရ, သမိုင်းဆရာ သမိုင်းပညာရှင်၏အလိုသဘောသာ ဖြစ်လေသည်။

**မြန်မာမှ ဂျပန်သို့**

ထိုင်း-မြန်မာ မီးရထားလမ်း 'ကိုယ်တွေ့ချွေးတပ်မှတ်တမ်း'စာအုပ်မှာ ဂျပန်အမျိုးသား စာပေပညာရှင် မစ္စတာ အိပ်ချ်-တာနာဘီ H. Tanabeက မြန်မာဘာသာမှ ဂျပန်ဘာသာပြန်ဆို၍ ဂျပန်နိုင်ငံ မိုင်နီအိချိသတင်းစာတိုက်မှ ၁၉၈၁ ခုနှစ်၌ ရိုက်နှိပ်ဖြန့်ချိခဲ့သည်။

လင်းယုန်သစ်လွင်

http://mmteashop.com

## တတိယမြောက် အပလုံ

မိုးရာသီကုန်လွန်ပြီး ဆောင်းရာသီသို့ ရောက်ရှိနေပေပြီ။ ထိုအခါ တောဝန်းကျင်, တောင်ဝန်းကျင်အနှံ့သည် ရာသီစက်ရဟတ်၏သင်္ကေတ တည်းဟူသော ခြုံလွှာဖြင့် ပိန်းပိတ်အောင်ရှိနေသည်။

ဒီအဖြစ်ကတော့ ထုံးစံတစ်ခုပါပဲလေ။ ဒီရာသီရောက်ပြီဆိုမှဖြင့် ကျွန်တော်တို့၏ ၄ ဘက် ၄ တန်သော ဝန်းကျင်သည် မိုးလင်းမှ မိုးချုပ်အထိ၊ ယနေ့မိုးသောက်မှ နောက်နေ့, နောက်ရက်ပေါင်းများစွာသော မိုးသောက်ပေါင်းများစွာအထိ ရီဝေသောမြူနှင်းများက မပြတ်မလပ်ဝိုင်းဝိုင်းလည်အောင် ကာဆီးပိတ်ဆို့နေတတ်သည်မှာ ရောက်လေသမျှသောစခန်းတိုင်းတွင် ဖြစ်၏။

ယခုလည်း သစ်ပင်တွေ ကြည့်ဦးမလား၊ ဝါးတောတွေ ကြည့်ဦးမလား၊ ကျောက်တောင်ကြီးတွေ, ကျောက်ကမ်းပါးယံတွေ ကြည့်ဦးမလား၊ တသွင်သွင်တငြိမ့်ငြိမ့်ဖြင့် စီးဆင်းလာနေသည့် စမ်းချောင်းရေအလျဉ်နှင့် ရေတံခွန်ဖွေးဖွေးလှုပ်လှုပ်တွေ ကြည့်ဦးမလား၊ ဂျပန်အိမ်တွေ ကြည့်ဦးမလား၊ ဆင်တင်းကုပ်တွေ ကြည့်ဦးမလား၊ မြင်းဇောင်းတွေ ကြည့်ဦးမလား၊ ရိက္ခာကိုဒေါင်နှင့် တဲတန်းလျားတွေ ကြည့်ဦးမလား၊ မြင်နိုင်လေသမျှ လက်လှမ်းမီသရွေ့ သက်ရှိ,သက်မဲ့ ရုပ်ဒြပ်မှန်သမျှကား နှင်းထုနှင်းလွှာအောက်၌ ပြားပြားမှောက်ဝပ်ဆင်းနေပါလား။

ထိုအခါ တောဝန်းကျင်, တောင်ဝန်းကျင်၏အသွင်သဏ္ဌာန်ဆိုသည်မှာလည်း ပကတိအနေအထား၌ မရှိပေ။ ပီပြင်မှုဆိုသည်မှာလည်း စိတ်ကူးရုပ်ပုံလွှာပါလား။ ကျွန်တော်တို့၏စိတ်အစဉ်သည်ပင် နွမ်းပန်းရခြင်း, လွမ်းမောရခြင်းနှင့် ဆွတ်ပျံ့ခြင်းကင်းမဲ့သော မိုက်တိုက်အတွင်းသို့ မရပ်မနား တရစပ် တိုးဝင်ပြေးလွှားနေဘိ၏တကား။

ကြည့်လေ။ မနေ့ညက ကျွန်တော်တို့အားလုံး ဖိုလှုံဝိုင်းဖွဲ့သည့် ထင်းမီးဖိုသည်လည်း စကားသံတိတ်လေပြီ။ မီးရောင်မီးရိပ် ဟူ၍ ဆိတ်သုဉ်းနေပါချေပြီ။ အရာခပ်သိမ်းတို့သည် မလှုပ်မချောက်။ ထိုအခါ နိမိတ်ပုံသဏ္ဌာန်၌ ခြေရာကောက်နိုင်ဖို့ဆိုသည်ပင် အခက်သား။

သို့တိုင် သမိုင်းဖြစ်ရပ်ဟူသည် မေ့ပျောက်ထိန်ချန်၍ မရစကောင်း။ ယခုလည်း ဤစာစုသည် မမေ့မကျန်အပ်သောသမိုင်းဖြစ်ရပ်တစ်ခုအပေါ် အမှတ်ထင်ကာ ကြည့်ခြင်းပေတည်း။

* * *

အလယ်တွင် စမ်းချောင်းတစ်ခုသာခြားပြီး၊ ကျွန်တော်တို့နေထိုင်ရသော တဲတန်းလျားများ၏မြောက်ဘက်တွင် စစ်သုံ့ပန်းများ၏တဲတန်းလျားတစ်ခု ရှိနေပါသည်။ ကျွန်တော်တို့လိုပါပဲ။ အင်ဖက်မိုး, အင်ဖက်ကာ, ဝါးဖြင့်ပြီးသော ရှည်လျားလျား ပုံမကျပန်းမကျ ဖြစ်ကတတ်ဆန်းတဲတန်းလျားတစ်ခုမျှသာ။

ရေစီးအလျဉ်ထန်လှသည့် စမ်းချောင်းငယ်သည် ကျွန်တော်တို့နှင့် သူတို့အဖို့ အခြားအကန့် ဖြစ်လေသည်။ ဤမှာဘက်တွင် ဂျပန်တို့ကား သတိကြီးစွာထားဟန်ရှိ၏။

ပန်းရှုပြည်စာအုပ်တိုက်

http://mmteashop.com



ကြည့်လေ။ ဖြတ်ထိုးထားသည် ဝါးတံတားတစ်ခုတော့ရှိပါ၏။ သစ်တွေ, ဝါးတွေ အလျှံပယ်ပေါကြွယ်လှသည့်အရပ်ဒေသဖြစ်ပေမည့် တံတားမှာ မခိုင်မခံ့ မည်ကာမတ္တတံတားဆိုရရုံမျှ တံတားပါ။ တံတားသည် စမ်းချောင်းအထက် အမြင့် ၁၀ ပေလောက် ဖြစ်၏။ အားပါးပါး။ လူတစ်ယောက်လမ်းလျှောက်လိုက်လျှင်ပင် ယိမ်းတိယိမ်းတိုင် လှုပ်ခါလှုပ်ခါနှင့် အထိန်းအကိုင်လက်တန်းကလေးမျှ မရှိ။ ဖြတ်ထိုးထားသော ဝါးက ဝါးပိုးဝါး ၂ လုံးတည်း။ ဘုရား–ဘုရား၊ တံတားပေါ်တွင် သွက်သွက်လျှောက်လို့ မတော်တဆကျခဲ့သော် သက်သာမည်မဟုတ်။ ထိုအခါ တံတားပေါ်လျှောက်သွားရသည်မှာ ဘားဆပ်ကပ်ထဲက ကောင်းကင်ကြိုးတန်းလျှောက်သည်ထက် သက်စွန့်ဆံဖျားနိုင်၏။

'လိမ့်ကျလည်း ဘာအရေးလဲ။ စမ်းချောင်းထဲကျမှာပဲ' ဟု ပေါ့ပေါ့တန်တန်ပြောလို့တော့ မဖြစ်။ ၁၀ ပေ အမြင့်မှာ ခြေကားယား လက်ကားယားကျခဲ့သော် အောက်ကျောက်ဆောင် ကျောက်တုံး အချွန်အတက်တွေနှင့် ရိုက်မိပြီး ပွဲချင်းပြီးသေမည် ဖြစ်၏။

တံတား၏ပရိယာယ်ဝေဝုစ်ကို အစဦးသော် ကျွန်တော် မသိ။ နောက်တော့မှ သိရ၏။ ဒါတောင် စခန်းမှူး ကိုဘစိန် ပြောပြ၍ဖြစ်၏။

"စစ်သုံ့ပန်းတွေဟာ ကသောင်းကနင်းလုပ်ပြီး ဒီဘက်ကမ်းမှာရှိတဲ့ ဂျပန်ကင်းစောင့်အိမ်ကို စီးနင်းတိုက်ခိုက်ဖို့ ဆိုတာ မလွယ်ဘူးကွ။ တံတားက ခနော်ခနဲ့။ သုံ့ပန်းတစ်ယောက်တောင် ဖြည်းဖြည်းချင်းလျှောက်နေရတာ မဟုတ်လား။ နောက်ပြီး မင်း ကြားတယ်မဟုတ်လား။ မနက်တိုင်းမနက်တိုင်း အလုပ်ဆင်းဖို့ သုံ့ပန်းတွေ ဒီဘက်ကူးလာရင် ကင်းအိမ်ရှေ့ကနေ ဂျပန်စစ်သားဟာ စက်သေနတ်ကြီးတကားကားလုပ်ပြီး၊ 'ဝမ်းဘိုင်ဝမ်း၊ ဝမ်းဘိုင်းဝမ်း' အော်အော်နေတာလေ"

ဤနည်းအားဖြင့်လည်း ဂျပန်သည် သူ၏ရန်ဖက် စစ်သုံ့ပန်းများအပေါ် ထိန်းချုပ်၏။

"သုံ့ပန်းတွေ ဆားတောင်းရင်မပေးရဘူး။ ပေးရင် သေဒဏ်"

နံနက်တိုင်း အလုပ်ဆင်းရန် တန်းစီလူစစ်ပြီဆိုမှဖြင့် အလုပ်ကြပ်ဂျပန် ယောကုဝ ပြောသည့်စကားသည် မြန်မာစကားကို ဘယ်ကဘယ်လိုတတ်မြောက်လာသည် မသိ။ တပ်ကြပ်ကြီးယောကုဝ အရကျက်မှတ်ထားဟန် တူပါသည်။ ပီပီသသ ပြတ်ပြတ်သားသား ကျယ်လောင်စွာပြောတတ်ပါသည်။ ခံတွင်းတွေ့ဟန်လည်း တူပါသည်။ အခါခပ်သိမ်း တစ်သဝေမသိမ်း မမေ့မကျန်ပြောပါသည်။ အာဂယောကုဝ။

စခန်းမှူး, ဘွန်ထိုက်ချို, ဟန်ချိုနှင့် ချွေးတပ်သားအပေါင်းက သူ့ကို ယောကုဝ ဟု မခေါ်ဘဲ၊ 'ယောရုဝ'ဟု ခေါ်ကြပါသည်။ တကယ်ဆိုတော့လည်း သူသည် ယောရုဝငရဲထက်များ ကြောက်မက်ဖွယ်ကောင်းလေသလား။ ငရဲမရောက်ဖူး၍ ကျွန်တော် အတပ်တော့မပြောနိုင်ပါ။ ဒါပေမယ့် စာပေကျမ်းဂန်များတွင် ဖတ်ရှုရဖူးသော ဘုရားတန်ဆောင်း, ကျောင်း, ဇရပ်များတွင်တွေ့ရသော ပန်းချီ,ပန်းပုထဲမှ ငရဲသားဆိုသူများနှင့်တော့ ယောကုဝ အတော်ကြီးပင် တူပါသည်။

"တောထဲကကျားကို ကြောက်စရာမလိုဘူးကွ။ လူအားနှင့်ဝိုင်းရိုက်သတ်ရင် ရတယ်။ ယောရုဝကို ကြောက်ဟေ့– ယောရုဝကို ကြောက်။ သူ့လက်ထဲမှာ သေနတ်နှင့်"

စခန်းမှူး ကိုဘစိန်က ဘွန်ထိုက်ချို, ဟန်ချိုများကို သတိပေးထားပါသည်။ အကျယ်ဖွင့်၍တော့ ကိုဘစိန် မပြောသာပါ။ ပြောချိန်လည်း မရပါ။ ယောကုဝက မြန်မာစကားတော့ နည်းနည်းပါးပါးတတ်သည်။ နောက်ပြီး အလွန်အမင်း အကင်းပါးသည်။ သူ မသင်္ကာလျှင် "ဘာလဲကွ၊ ဘာလဲ။ ငါ့ကို ဘာပြောတယ်"ဟု မရမက ကုတ်ကတ်မေးတတ်ပါသည်။ လက်မြန်ခြေမြန်လည်း ရှိလိုက်ပါဘိ။ ပါးရိုက်သည်မှာ ဖျန်းဖျန်းကွဲ။ စစ်ခြေထောက်ဖြင့် ကန်ကျောက်သည်မှာ တဘုန်းဘုန်း။ ဒီတော့လည်း ဟန်ချိုနှင့် ဘွန်ထိုက်ချိုတွေက ကိုဘစိန်ဆိုလိုက်သောအကြောင်း သဒ်ေပကို အကျယ်ချဲ့၍ နားလည်ရပေသည်။

http://mmteashop.com



တပ်ကြပ်ကြီး ယောကုဝ မကောင်းကြောင်း အတင်းအဖျင်းဖရုသဝါစာကို စကားစပ်မိသဖြင့် အလျဉ်းသင့်၍ ကျွန်တော်ပြောပြီးပါပြီ။ သို့ဖြစ်၍ ဓမ္မဒိဋ္ဌာန်သဘောအရ ယောကုဝ ကောင်းကြောင်းကိုလည်း ကျွန်တော် ပြော၍ လိုပါလိမ့်မည်။ ပြောလည်း ပြောသင့်ပါသည်။ များပြားစွာသော ကျွန်တော်တို့ပုထုဇဉ်လူသားသည် အကောင်းနှင့် အဆိုး ဒွန်တွဲနေကြသည် မဟုတ်လား။ လူတစ်ယောက်အနေဖြင့် အကောင်းချည်း မဖြစ်နိုင်သလို၊ အဆိုးချည်းလည်း မဖြစ်နိုင်ပါ။ မည်သို့မည်ပုံပင် ထိမ်ချန်ဖုံးဖိလျက် ဟန်ဆောင်ဟန်လုပ်ပြီး ဟန်ဒြပ်တွေခုတ်နေစေကာမူ၊ အင်းလေ– ငယ်စဉ်က ကျွဲကျောင်းဖူးကြသူတွေလိုမဟုတ်လား။ သဘာဝနိယာမသဘောကိုက ဒွန်တွဲလျက် ပုထုဇဉ်တစ်ယောက် အဖို့ အကောင်းများများ အဆိုးနည်းနည်း။ မကောင်းတာကိုမကောင်းမုန်းသိ၍ ပစ်ပယ်နိုင်လျှင် တော်ပြီ။

၁ နှစ်က မိုးရာသီမှာပါ။ ဒီအပလုံစခန်းမှာပဲပေါ့။

အဲဒါက ပထမဦးဆုံးတစ်ခေါက် စခန်းတည်ဆောက်စ ဖြစ်ပါသည်။

ထိုနေ့ကတစ်နေ့လုံး မိုးတွေ တဝုန်းဝုန်းရွာသွန်းနေပါသည်။ နံနက် ၄ နာရီလောက်ကရွာသောမိုး။ ခုဆို ညနေ ၄ နာရီ။ မိုးက ရွာကောင်းတုန်းရွာကောင်းဆဲ။ ကျွန်တော်တို့ အလုပ်သိမ်းရသည်မှာ ညနေ ၅ နာရီ ဖြစ်သည်။

ပြင်းထန်သော မိုးထဲလေထဲတွင် အားလုံးချမ်းခိုက်ခိုက်တုန်နေကြပြီ။ ဂျပန်စစ်သားတွေရော၊ သုံ့ပန်းစစ်သား တွေရော၊ ဘွန်ထိုက်ချီ၊ ဟန်ချီနှင့် ချွေးတပ်သားတွေရော၊ ဆင်ဦးစီးတွေရော၊ ဆင်တွေရော ဆိုပါတော့။

နံနက်စာထမင်းကိုလည်း ကျွန်တော်တို့အားလုံးသည် မိုးရေမိုးပေါက်အောက်၌ပင် စားသောက်ခြင်းပြုကြ ပါသည်။ အလုပ်ကြပ်ဂျပန် ယောကုဝအပါအဝင် အခြားအခြားသော ဂျပန်တပ်ကြပ်ကြီးများရော၊ ဂျပန်စစ်သား များရော၊ ကျွန်တော်တို့နည်းတူပင် မိုးထဲလေထဲတွင် စားသောက်ခြင်း ပြုကြရပါသည်။ တစ်ခုရှိသည်မှာ သူတို့တွင် စစ်မိုးကာအင်္ကျီများ ရှိသည်။ ဒါပေမယ့် သူတို့စစ်မိုးကာအင်္ကျီများကလည်း မိုးကြီးလျှင် လုံအုံမထင်ပါ။ သူတို့ စစ်မိုးကာက တိုနန့်နန့်ဖြစ်သည်။

သူတို့က သစ်ပင်ရင်းတွင်ခြေစုံရပ်လျက် ‘ဟန်းကော’ ခေါ် ထမင်းဘူးထဲကထမင်းကို ဝါးတူ ၂ ချောင်းဖြင့် ညှပ်ယူစားသောက်သည်။ ခပ်သုတ်သုတ်စားသောက်သည်။ ဘယ်သူမျှ ဓိပ်ခံမနေနိုင်။ စစ်သားဆိုတော့လည်း ကျင့်သားရနေပြီပေါ့။

ချွေးတပ်သားများနှင့် ဟန်ချီ၊ ဘွန်ထိုက်ချီများကတော့ သစ်ပင်ကြီးများအောက်တွင်လည်းကောင်း၊ ကျောက်တောင်၊ ကျောက်ကမ်းပါးယံကြီးများဘေးတွင်လည်းကောင်း ခိုကပ်လျက် အုပ်စုဖွဲ့စားသောက်ကြသည်။ မိုးလုံသည်တော့ မဟုတ်ပါ။ မနူးမနပ်စိမ်းဆတ်ဆတ်နှင့် ဆီ၊ ကြက်သွန်အလျှင်းကင်းမဲ့သော ပဲကြားရေပြုတ်သည် တပေါက်ပေါက်ကျဆင်းနေသည့်မိုးရေမိုးပေါက်ကြောင့် ပို၍တော့နူးနူးနပ်နပ် ဖြစ်မလာပါ။ မိုးရေဆမ်းသော ထမင်းတော့ ဖြစ်လာပါသည်။

ထမင်းစားရေသောက်သောကိစ္စ၌မူ စစ်သုံ့ပန်းများမှာ ဂျပန်စစ်သားများ၊ ချွေးတပ်သားများနှင့် မတူညီသော အခွင့်အရေးတစ်ခု ရှိပါသည်။ သုံ့ပန်းစည်းကမ်းစည်းမျဉ်းအရလား မဆိုနိုင်ပါ။ ထမင်းစားချိန်တွင် စစ်သုံ့ပန်းများသည် လူနေစခန်း(တဲတန်းလျား)တွင် ပြန်လည်စားသောက်နိုင်ခွင့်ပေးထားခြင်း ဖြစ်ပါသည်။ စစ်သုံ့ပန်းအင်အား အများ အနည်းကိုလိုက်၍ လက်နက်ကိုင်စစ်သားများက ခေါ်ဆောင်သွားပါသည်။

မိုးက တဝုန်းဝုန်းတဖြုန်းဖြုန်း သဲကြီးမဲကြီးရွာသွန်းနေပါသည်။

ကျွန်တော်နှင့် တပ်ကြပ်ကြီး ယောကုဝတို့သည် မိုးဒဏ်မှ သက်သာခံသာမည့် ကညင်ပင်ကြီး တစ်ပင်အောက်၌ ရောက်ရှိနေကြပါသည်။ ထိုအခိုက် ဘယ်လိုစိတ်ကူးပေါက်သည် မသိ။ တပ်ကြပ်ကြီးယောကုဝသည် သူ့နည်း

http://mmteashop.com



သူ့ဟန်ဖြင့် ကျွန်တော့်ကို စကားတစ်ခွန်းပြောလိုက်ပါသည်။

"ဘိရုမာ–မကောင်းဘူး။ နိပွန်နော် အားကြီးကောင်းတယ်"

ဖျတ်ခနဲ သူ့ကို ကျွန်တော် လှည့်ကြည့်လိုက်မိပါသည်။ 'သူ ဘာပြောချင်ဆိုချင်တာပါလိမ့်'။ ကျွန်တော် တွေးသည်။

သူသည် မိုးစက်မိုးခေါက်များ အဆက်မပြတ်သွန်ချနေသည့် မြင်ကွင်းအတွင်းမှ အဝေးအလှမ်းကို မျှော်ငေး ကြည့်နေပါသည်။ သူ့မျက်လုံးအစုံသည် တစ်စုံတစ်ရာ၌ လွမ်းဆွတ်ကြေကွဲ တသနေဟန်ရှိပါသည်။ သူ့နှုတ်များမှ ဂျပန်သီချင်း တစ်ပုဒ်ကို တိုးတိုးညင်သာဖြင့် ဆွဲဆွဲငင်ငင်ဆိုညည်းနေပါသည်။ သူ့အမူအရာ, သူ့နှုတ်ကသီချင်းသံနှင့် ပတ်ဝန်းကျင်အခြေအနေများကြောင့် တပ်ကြပ်ကြီးဆိုလိုသည့်စကားအနက်ကို ချက်ချင်းဆိုသလို ကျွန်တော် သဘောပေါက်ရပါသည်။

မည်သည့်လူမျိုး, မည်သည့်နိုင်ငံသားမဆို ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးအပေါ် ခင်တွယ်ကြစမြဲမဟုတ် ပါလား။ ကိုယ့်တိုင်းပြည်ကို မချစ်တဲ့သူရယ်လို့ ဘယ်မှာရှိပါ့မလဲဗျာ။ အရူးတွေမှ မဟုတ်တာ။

ယခုလည်း တပ်ကြပ်ကြီး ယောကုဝက 'မိုးတွေ သိပ်ရွာလို့ မြန်မာပြည်ဟာ မကောင်းဘူး' တဲ့။ မိုးသိပ်မရွာတဲ့ နိပွန်(ဂျပန်ပြည်)က အလွန်ကောင်းဆိုပဲ။

အင်းလေ–ဒါပေမယ့် တစ်ခုတော့ပြောစရာရှိပါတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်ခင် ဟိုးလွန်ခဲ့တဲ့ နှစ် ၄၀– ၅၀ လောက်တုန်းကတော့ ဂျပန်ဟာ ခဏခဏ မီးတောင်တွေပေါက်ကွဲပြီး၊ ခဏခဏ ငလျင်တွေလှုပ်လေတော့ သူတို့ခမျာတွေ အိမ်ကောင်းရာကောင်းနှင့်တောင် နေနိုင်ရှာအုံ့ မထင်ပါဘူး။ ကြည့်မှပေါ့၊ လူသုံးပစ္စည်းပစ္စယ ကိုတောင် စက္ကူရေချိုင့်တို့, စက္ကူခွက်တို့, စက္ကူလက်သုတ်ပဝါတို့ စသည်ဖြင့်ပေါ့။ ဒါတွေဟာ မီးတောင်ပေါက်လို့, ငလျင်လှုပ်လို့, ပြိုကွဲပျက်စီးသွားလည်း အကြောင်းမဟုတ်ဘူးပေါ့။ နေအိမ်ပြတင်းပေါက်တို့, တံခါးရွက်တို့ ဆိုလည်း စက္ကူတွေပေါ့ဗျာ။

တပ်ကြပ်ကြီးယောကုဝဟာ ဒီအကြောင်းမသိတာတော့ ဟုတ်မယ်မထင်ဘူးဗျ။ ကျွန်တော်နှင့် သူ့ တောထဲမှာ တွေ့ကြစဉ်က သူ့အသက်ဟာ အစိတ်–အစိတ်ကျော်လောက် ရှိနေပါပြီ။ ကျွန်တော်နှင့် သူ ငါးကြင်းငါးသိုင်းပေါ့။ အေးပေါ့ဗျာ–ဒါပေမယ့် လူတိုင်းဟာ ကိုယ့်လူမျိုး, ကိုယ့်နိုင်ငံ ဂုဏ်သိက္ခာကျဆင်းစေမယ့် ကိစ္စမျိုး, စကားမျိုးတော့ ဘယ်မှာဖွင့်ထုတ်ပြီး ပြောဆိုချင်ပါ့မလဲ။ ဒီနေရာ ဒီကိစ္စမှာတော့ တပ်ကြပ်ကြီးကို ချီးကျူးရပေမပေါ့။ ယောကုဝ ကောင်းပါတယ်။

ပွင့်ပွင့်လင်းလင်းပြောကြမယ်ဆိုရင် သူ့အယူအဆနှင့် ကျွန်တော့်အယူအဆဟာ ဆန့်ကျင်နေပါတယ်။ သဘောထားချင်း တစ်မျိုးစီပါ။ ကျွန်တော်တို့ကတော့ စန္ဒရားကိုလှထွတ်ရဲ့ တိမ်တမန် သီချင်းထဲကလို။ မိုးများများ ရွာပါစေ၊ မိုးကောင်း ပါစေပေါ့။ မိုးကောင်းမှ ကောက်ပဲသီးနှံ ဆန်ရေစပါးဖြစ်ထွန်းမယ်။ သို့မှ အုမ,တောင့်မှာကိုး။ ကျွန်တော်တို့ အားကိုးရတာက မိုး။

'ဒုမ္ဘိက္ခန္တ ရကပ်ဆိုက်တယ်။ ဝော်မွတ်ခေါင်းပါး သေကြေပျက်စီးတယ်' ဆိုတာကိုက အရင်းစစ်တော့ ကောက်ပဲသီးနှံဆန်ရေစပါး မလုံလောက်မှု, မိုးခေါင်မှု ဆိုတဲ့ အမြစ်ခြေကကိစ္စတွေကြောင့် ဖြစ်လာရတဲ့အဖြစ်ပါ။

ဒီထိအောင် တပ်ကြပ်ကြီးယောကုဝ တွေးသလား, မတွေးဘူးလား၊ မဆိုနိုင်ပါဘူး။ မိုးကတော့ ရွာကောင်း ဆဲပဲ။ သူနှင့် ကျွန်တော်ဟာ ကညင်ပင်ကြီးအောက်မှာ ရပ်နေရဆဲပါ။ ၅ နာရီက မထိုးသေးဘူးလေ။ အလုပ်သိမ်း သံချောင်းကလည်း အခုထိမခေါက်သေးဘူးဗျ။

ခပ်လှမ်းလှမ်းတောင်ကုန်းမြင့်ပေါ်တွင်မှ ဂျပန်ဆန်သောပုံစံဖြင့် ဝါးချည်းသက်သက် ဆောက်လုပ်ထားသည့်, နေတံဆိပ်အလံကိုလွှင့်ထူထားသော နေချင့်စဖွယ်ကောင်းသည့် ဂျပန်စစ်ဗိုလ်ယာမာမိုတို၏အိမ်ငယ်။ ယင်းနှင့်

http://mmteashop.com



ဆက်လျက် ဂျပန်စစ်သားများနေထိုင်သောတဲတန်းလျားများသည် တောင်ကုန်းထက်မှနေ၍ အောက်ခြေမြေပြန့် ရောက်သည်ထိ မျက်နှာချင်းဆိုင် ၆ တန်းလျားဖြစ်လေသည်။ ထိုတန်းလျား ၆ လုံးမှာလည်း အချိုးတကျမဟုတ်လှပါ။

တောင်ကုန်းထက်ရှိ ဂျပန်စစ်ဗိုလ်၏အိမ်ပြတင်းပေါက်မှနေကြည့်လျှင် တသွင်သွင်စီးနေသည့် စမ်းချောင်း၊ တဟောဟောကျဆင်းနေသော တောင်ကမ်းပါးယံထက်မှ ရေတံခွန်၊ ရှုခင်းပန်းချီ၏နောက်ခံ ဘက်ဂရောင်းသည် တောစိမ်းစိမ်း၊ အခုလို ဆောင်းရာသီမှာတော့ မြူနှင်းတွေတဝေဝေပေါ့။

တစ်ဖန် စမ်းချောင်းငယ်၏ဟိုမှာဘက်တွင် စစ်သုံ့ပန်းများ၏တဲတန်းလျား။ နောက်တော့ သည်မှာဘက် ကမ်းရှိ အရပ်သားဖြစ်သောချွေးတပ်သားများ၏တဲတန်းလျားများ။

သဘာဝနိယာမသည် ဆန်းကြယ်လှစွာ၏။ ဆန့်ကျင်ဘက်ဖြစ်သော ဤမြင်ကွင်း ၂ ရပ်အား တစ်နေရာတည်း၌ ပေါင်းစပ်ပေးထား၏။ တစ်ဘက်တွင် အေးမြစိမ်းစိုသည့် သာယာကြည်နူးဖွယ်တောတောင်ရှုခင်း။ တစ်ဘက်တွင် အငတ်ငတ်အမွတ်မွတ်ချွေးတပ်သားနှင့် ပစ္စုပ္ပန္နရစစ်သုံ့ပန်း။ ဆန့်ကျင်ဘက်တို့ ပေါင်းစပ်ခြင်းသည် လူ့လောက၏ နိယာမပေလား။

မှန်ပြောင်းတစ်လက်ဖြင့် သုံ့ပန်းများ နေထိုင်သည့်တဲတန်းလျားကို လည်းကောင်း၊ ချွေးတပ်သားများနေထိုင်သည့် တဲတန်းလျားကို လည်းကောင်း စူးစူးစိုက်စိုက်ကြည့်ရှုတတ်ပါသည်။ စင်စစ် ချွေးတပ်များအပေါ် ဒီမျှလောက် မဟုတ်တန်ပါ။ ရန်ဖက်ဖြစ်သော သုံ့ပန်းများအပေါ် စိတ်မချလက်မချ ရှိဟန်တူပါသည်။

တစ်ကြိမ်တော့ ကျွန်တော်က စခန်းမှူးကိုဘစိန်ကို ပြောသည်။

"ဟိုက ဘာလုပ်နိုင်မှာတဲ့တုံး။ သူတို့က လက်နက်လက်ရှိ။ ဟိုက လက်နက်မဲ့။ ဆူဆူပူပူထလားကြွလားဆို အကုန်သတ်ပစ်မှာ"

ဒီတော့ ကိုဘစိန်က ပြောသည်။

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွ။ ဟိုကလည်း သူတို့လို စစ်သားပဲ။ မဖြစ်လွန်းလို့ ကြိတ်မှိတ်ခံနေတာပေါ့။ သူတို့လိုပဲ သတ္တိရှိတယ်ကွ။ မိုက်တိမိုက်ကန်းတော့ မလုပ်ဘူး။ အခြေအနေပေးရင် လုပ်မှာ။ စိတ်ချလို့ ဘယ်ဖြစ်မှာတုံး။ ထိုင်းဘက်နှင့် စင်ကာပူဘက်မှာ ၃-၄ ကြိမ် ဂျပန်တွေခံလိုက်ရပြီ"

ကိုဘစိန်က ကျွန်တော်နှင့် တစ်မြို့တည်းသား။ သူက ကျွန်တော့်ထက် လူရေးသာသည်။ ၁၀ တန်းအောင်ပြီးသူ ဖြစ်သည်။ ချွေးတပ်ထဲလိုက်လာစဉ်က သူ့တွင် အလုပ်လက်ရှိ။ ညောင်တုန်း မြို့ပိုင်ရုံးစာရေး ဖြစ်သည်။ လူက မှုန်တေတေ ခပ်ပေပေ။ ကျွန်တော်ကိုတော့ ခင်မင်ပါသည်။

ကျွန်တော့်အမြင်တွင်မူ စစ်သုံ့ပန်းအားလုံးလောက်ပင် ခရမ်းသီးပိန် ဓားတုံး။ ဒူးခေါင်းကြီးပြီး ခြေသလုံးသိမ်ကာ၊ ဗိုက်ပူနံကားဖြင့် အရိုးပေါ်အရေတင်လျက်၊ နားထင်ချိုင့်ခွက်၊ မျက်တွင်းဟောက်ပက်ဖြင့် သူအို၊ သူနာရုပ်တွေ ဖြစ်လေသည်။ ကျွေးမွေးသောအစားအစာဆိုသည်မှာလည်း စလေဆရာ၏ ရေသည်ပြဗာတ်ထဲက ငါးသန်သေးနပ် ရေလုံပြုတ်ထက် ဆိုးဝါး၏။ ဆားပြားဆို၍ အလျှင်းမပါ။ ဘယ်လိုမျှ အာဟာရ မသက်ရောက်နိုင်ပါ။ မသေရုံတစ်မည် နိုင်းလို့စေလို့ရရုံလောက်သာ ဖြစ်လေသည်။

ဂျပန်များဘက်က ကြည့်ပြန်တော့လည်း ပြောစရာရှိပြန်သည်။ သူတို့အဖြစ်က မြွေပွေးခါးပိုက်ပိုက်ဆိုတာမျိုး။ စိတ်ချလို့ မဖြစ်နိုင်။ သတိတစ်ချက်လစ်၍ အငိုက်မိခံလိုက်ရလျှင် စခန်းတစ်ခုလုံး ပြုတ်ထွက်သွားမည့်အဖြစ်။

မည်သို့ဆိုစေ၊ သူတို့ ၂ ဦးစလုံးသည် လောင်ကျွမ်းတတ်သောမီးနှင့် ကစားတတ်နေကြသူများပေတည်း။

* * *

http://mmteashop.com



ယခု ကျွန်တော်တို့ရောက်ရှိနေသောစခန်းသည် အပလုံ ဖြစ်သည်။

ထိုင်း–မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် အပလုံစခန်းသည် 'သံဖြူဇရပ်'နှင့် ခရီးမိုင် ၆၀ ကျော်ခန့် အလှမ်းကွာဝေးသည် ဆိုပါသည်။

သံဖြူဇရပ်နှင့် အပလုံကြားတွင် ကျောက်တစ်လုံးစခန်း, တပ်ဒိန်စခန်း, အနန်းတွင်းစခန်း စသော စခန်းကြီးများရှိသည်။ ဂျပန်ဘာသာရေးထိုးထားပြီး၊ မြန်မာအမည်တပ်မထားသည့် စခန်းငယ်ကလေးပေါင်း များစွာရှိလေသည်။

တစ်ဖန် အပလုံစခန်း၏ အထက်ဘက်တွင် 'ဘုရား ၃ ဆူစခန်း' ဟု ရှိလေသည်။ အပလုံနှင့် ဘုရား ၃ ဆူသည် မိုင် ၂၀ ကျော်ကွာလှမ်းပြီး အမည်တပ်မထားသော ကြားစခန်းငယ်ပေါင်း များစွာရှိလေသည်။

အမည်တပ်ထားသည့် စခန်းကြီးများသည် ရထားလမ်းဖောက်လုပ်ရာတွင် အဓိကကျသော စခန်းကြီးများ ဖြစ်လေသည်။ စားနပ်ရိက္ခာဂိုဒေါင်များ, လုပ်ငန်းခွင်သုံးလက်နက်ကိရိယာ ပစ္စည်းပစ္စယဂိုဒေါင်များ, အထွေထွေ ပစ္စည်းပစ္စယ ဂိုဒေါင်များ ရှိလေသည်။ ယင်းကမှတစ်ဆင့် ခွဲဝေကာ စခန်းငယ်ကလေးများသို့ ပို့ပေးခြင်းဖြစ်သည်။

ထို့ကြောင့် စခန်းမကြီးများတွင် ဂျပန်ဦးရေလည်း များပြားသည်။ ချွေးတပ်သားများလည်း များပြားသည်။ စစ်သုံ့ပန်းများလည်း ရှိလေသည်။ စခန်းတိုင်းတွင်တော့ စစ်သုံ့ပန်းများ မရှိကြပါ။ ယင်းအချက်ကို ထောက်ရှုခြင်းဖြင့် မီးရထားလမ်းဖောက်လုပ်ခြင်း၌ တာဝန်ယူရသောဂျပန်များသည် ၎င်းတို့အနေဖြင့် အထိန်းရအကျောင်းရ တာဝန်ကြီးမားသည့် စစ်သုံ့ပန်းများအား မသုံးလျှင်မဖြစ်သည့်ကိစ္စ၌သာ အသုံးပြုလိုကြောင်း ထင်ရှားပါသည်။

အရေးကြီးသည့် တံတားတည်ဆောက်ခြင်း, ဗလီဖားခင်းခြင်း, သံလမ်းဆွဲခြင်း စသောလုပ်ငန်းများကို စခန်းမကြီးများက စီမံကွပ်ကဲ၍ လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အဆိုပါ ဂျပန်စစ်သားများမှာ ရိုးရိုးတိုက်ရေးခိုက်ရေးစစ်ဗိုလ်, စစ်သားများ မဟုတ်တော့ပါ။ အင်ဂျင်နီယာတပ်, ဆောက်လုပ်ရေးတပ်, ယန္တရားတပ်များဖြစ်ပြီး၊ စစ်သုံ့ပန်းများမှာလည်း ရထားလမ်းဖောက်လုပ်ရေး၌ကျွမ်းကျင်နားလည်သော စစ်သုံ့ပန်းများကိုသာ ရွေးချယ်ခေါ်ဆောင်လျက် အသုံးပြုခြင်းဖြစ်လေသည်။

ရထားလမ်းဖောက်လုပ်ရာတွင် မြန်မာဘက်ကတာဝန်ယူရသည်မှာ သံဖြူဇရပ်မှ ဘုရား ၃ ဆူအထိ ဖြစ်ပြီး၊ ယိုးဒယားဘက်ကတာဝန်ယူရသည်မှာ ဘန်ပေါင်မှ ဘုရား ၃ ဆူအထိ ဖြစ်သည်။ မီးရထားလမ်းသည် မိုင် ၂၆၀ ရှည်လျားပြီး၊ မြန်မာနှင့် ထိုင်းတို့ ဘုရား ၃ ဆူစခန်းတွင် ဆုံမိကြရမည် ဖြစ်လေသည်။

ဂျပန်တို့သည် ယင်းရထားလမ်းကိုဖောက်လုပ်ရာတွင် အလောင်းမင်းတရားကြီးဦးအောင်ဇေယျ အယုဒ္ဓယနိုင်ငံသို့ စစ်ချီတက်ခဲ့သော စစ်လမ်းကြောင်းကိုလည်း အထိုက်အလျောက်အသုံးပြုခဲ့ကြောင်း စခန်းမှူးကိုဘစိန်က ကျွန်တော့်ကိုပြောပါသည်။

"အဲဒီဘုရား ၃ ဆူဟာ အလောင်းမင်းတရားကြီးရဲ့ ရဲမက်စစ်သည်တော်တွေစခန်းချခိုက် တည်ထားကိုးကွယ်သွားတဲ့ စေတီ ၃ ဆူ"ဟု ဘုရား ၃ ဆူစခန်းရောက်ကြစဉ်က ကိုဘစိန်ကပြောခြင်း ဖြစ်ပါသည်။

စေတီတော် ၃ ဆူတွင် ထီးတော်များ လုံးလုံးပင်မရှိတော့ပါ။ ဘုရားစေတီငုတ်တိုများ ဖြစ်နေပါသည်။ နောက်တော့ သက်ဆိုင်ရာတို့အစီအစဉ်ဖြင့် ရန်ကုန်ကထီးတော်များရောက်ရှိလာပြီး ထီးတော်တင်ခြင်း, ထုံးဖြူသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ပေးပါသည်။ ဒီတော့မှ စေတီတော် ၃ ဆူမှာလည်း တင့်တယ်သပ္ပာယ်လာပါသည်။ တစ်နည်းပြောရရင်တော့ ဝေဒနာသည်ချွေးတပ်သားများကို ကုစားခြင်း တစ်မျိုးတစ်ဖုံပေါ့ဗျာ။

http://mmteashop.com



စင်စစ် အပလုံစခန်းသည် ကျွန်တော်တို့ မအူပင်ခရိုင် ချေးတပ်သားများအဖို့ စခန်းစိမ်းတစ်ခုကား မဟုတ်ပါ။ ထိုင်း–မြန်မာရထားလမ်းဖောက်ရာ တောတွင်းစခန်းများသို့ ကျွန်တော်တို့ လှည့်ပတ်ရောက်ရှိခဲ့ရသည့် ၁ နှစ်ကျော်ကျော်–၂ နှစ်နီးနီးအချိန်ကာလအတွင်း အပလုံစခန်းသို့ ယခုတစ်ကြိမ်ရောက်ရှိခဲ့ခြင်းမှာ တတိယအကြိမ်ဖြစ်လေသည်။

ပထမအကြိမ်ရောက်စဉ်က မိုးဥတု မိုးရာသီ ဖြစ်ပါသည်။ ယခုလို သံ့ပန်းတွေလည်း မရှိကြသေး။ ဂျပန်စစ်ဗိုလ် ယာမာမိုတိုကို မြင်တောင်မမြင်ဘူးသေး။ ဂျပန်အလံလွှင့်ထူထားသော တောင်ကုန်းထက်ကအိမ်ကလေးလည်း မပေါ်ပေါက်သေး။ ရှိကြသည်မှာ ဂျပန်တပ်ကြပ်ကြီး ယောကုဝအပါအဝင် ဂျပန်စစ်သားများ, ချေးတပ်သားများ, ဆင်ဦးစီးများနှင့် ဆင်များသာ ဖြစ်လေသည်။

ထိုစဉ်အခါက အပလုံသည် တောကြီးမျက်မည်း။ 'စခန်း' ဟူ၍ ပြောဖို့ပင် ခပ်ခက်ခက်။ ဆင်တိုး၍ မပေါက်နိုင်အောင် ဝါးတော, သစ်တောကြီးများက အပလုံစခန်းကို ၄ ဘက် ၄ တန် ကာရံပိတ်ဆီးထားလေသည်။

ဆည်းဆာချိန် ကျောခိုင်း၍ မှောင်ရီပျိုးစ နေဝင်ဖျိုးဖျဉ်မှာပင် တောကောင်တိရစ္ဆာန်တို့အော်မြည်သံကို ကြားရတော့သည်။ ညဉ့်နက်ပြီဆိုလျှင် သမင်တောက်သံ, ချေဟောက်သံများကို ကြားရလေသည်။ 'ဒါက သမင်, ဒါက ချေ' ဟု မီးပုံဝိုင်းမှချေးတပ်သားတို့ ပြောဆိုငြင်းခုံတတ်ကြသည်။ ထိုအတွင်း ဆွဲဆွဲငင်ငင် လေးလေးတွဲ့တွဲ့ဖြင့် အသံရှည်ဆွဲဟစ်လိုက်သော ခွေးအူသံများကို ကြားလိုက်ရသည့်အခါ၌မူ "မင်္ဂလာမရှိတဲ့အသံ"ဟု တစ်ယောက်သော ချေးတပ်သားက ဆိုသည်။ သူတို့အားလုံး မျက်စိမျက်နှာပျက်ကြသည်။ ငြင်းခုံသံလည်း ဆိတ်သွားသည်။ စိတ်ညှိုးငယ်ခြင်းလည်း ဖြစ်နိုင်သည်။ ဌာနေကျန် အိမ်သူသက်ထားနှင့် သမီး, သားကို လွမ်းဆွေးခြင်းလည်း ဖြစ်နိုင်ပါသည်။ တစ်ခုခုတော့ တစ်ခုခု။

ဤသို့ဖြင့် တစ်မိုးကျင်းသာ ကျွန်တော်တို့တစ်တွေ နေလိုက်ရပါသည်။ ကြောက်ခမန်းလိလိဖြစ်သည့် တောကြီးမျက်မည်းရှိသောအ[illegible]သည် ပြောင်တလင်းခါမတတ် ပြုတ်ပြုတ်ပြုန်းလု ဖြစ်သွားတော့သည်။ ချေးတပ်သားများသည် သစ်ပင်ကြီးငယ်မှန်[illegible]ကို ထင်းမီးအတွက် လည်းကောင်း, မီးရထားလမ်းခင်းရန် ဇလီဖားတုံးအတွက် လည်းကောင်း, လမ်းတံတားအ[illegible]က် လည်းကောင်း ခုတ်လှဲဖြတ်တောက်ခြင်း ပြုကြရသည်။

ဝါးတောကြီးများကို ဂျပန်စစ်သားများနှင့် ချေးတပ်သားများက လိုအပ်သောအသုံးအဆောင်နှင့် အဆောက်အအုံအတွက် ခုတ်ယူခြင်းပြုကြသည်။ မျှစ်များကို ချိုးယူစား[illegible]ကြသည်။ လူတွေသာ မဟုတ်ပါ။ သစ်ဆွဲဆင်ကြီးများကလည်း ဝါးတောကြီးကို တဖြောင်းဖြောင်းချိုး[illegible]သောက်ကြသည်။

ကျောက်တောင်ကြီးများသည် ကြီးရာမှ တဖြည်းဖြည်း[illegible]ယ်လိုက်လာသည်။ တောင်ငယ်ကလေးများမှာ လုံးလုံးပင် အစအနပျောက်ပြီး မြေညီမြေပြန့်ဖြစ်ကုန်သည်။ [illegible]ချေးတပ်သားများသည် မီးရထားလမ်းခင်းရန်နှင့် ချောက်ကမ်းပါးများကို ဖို့ရန်အတွက် ကျောက်တောင်ကြီးများကို ဒိုင်းနမိုင်းခွဲကြရသည်။ ကုတ်များ, ဆင်များနှင့် တွန်း၍, ကော်၍, ဆွဲ၍ လိုအပ်သောနေရာသို့ ဖို့ကြရသည်။ တစ်ချို့သော ချေးတပ်သားများက လမ်းခင်းရန် ကျောက်ထုကြရသည်။

ထိုအခါ ကျောက်တောင်ကြီးများအဖြစ်မှ အသွင်ပြောင်းကာ ကျောက်တုံး, ကျောက်ခဲများအဖြစ် လမ်းဘေးတစ်လျှောက်တွင် အပုံလိုက်အပုံလိုက်။ သစ်ပင်ကြီးများသည် တံတားတိုင်များအဖြစ် လည်းကောင်း, တံတားပေါင်များအဖြစ် လည်းကောင်း, ဇလီဖားတုံးများအဖြစ် လည်းကောင်း, မီးရထားစက်ခေါင်း ထင်းအဖြစ်သို့ လည်းကောင်း ဘဝပြောင်း ရောက်ရှိကုန်ပါလေသည်။

ဒီပုံဒီနည်းဖြင့် လူပေါင်းထောင်သောင်းချီလျက် လူသားတို့၏လုပ်အားစွမ်းပကားဖြင့် မနေမနား တရ[illegible]န်းကြမ်းလုပ်ကိုင်လိုက်ခြင်းကြောင့်လည်း အပလုံသို့ တတိယမြောက် ကျွန်တော်တို့ ရောက်သည့်အခါ၌မူ–

http://mmteashop.com



အပလုံသည် လမ်းနှင့်တံတားများ။ တောင်ကုန်းထက်တွင် ဂျပန်စစ်ဗိုလ် ယာမာမိုတို၏ အိမ်လုလုကလေးနှင့်။ ကင်းစောင့်အိမ်ကလေးရှေ့နှင့်၊ အခြားအခြားသောနေရာ ၃–၄နေရာတွင် ဂျပန်စစ်သားများထိုင်ရန် ပြုလုပ်ထားသည့် တန်းလျားထိုင်စရာများနှင့် ရှုချင့်စဖွယ် တင့်တယ်သာယာသောစခန်းတစ်ခု ဖြစ်လာသည်ပေါ့။

ဤတွင် အထက်က စာရေးသူဆိုထားသည့် စကားတစ်ရပ်ကို ပြန်ကောက်ရပါဦးမည်။ နိယာမဖြစ်စဉ်သည် 'လူ့လောကအား ဆန့်ကျင်ဘက်တို့ဖြင့် ဖွဲ့စည်းပေါင်းစပ်ပေးထားသည်'ဟူသောစကား။ အပူနှင့် အအေး၊ အဖြူနှင့် အမည်း၊ သုခနှင့် ဒုက္ခ ယှဉ်တွဲလျက်ပါ။ ယခုလည်း ကြည့်။

အပလုံ သာယာသည်နှင့်အမျှ– ကြံချောင်းမှအရည်ကို ယန္တရားစက်ဖြင့် ညှစ်ထုတ်ဘိသည့်အလား၊ မူလက အားကောင်းမောင်းသန် ချေးတပ်သားကြီးများမှာလည်း အလုပ်ဒဏ်ကြမ်းတမ်းမှု၊ အနေအစားဆင်းရဲမှု၊ ရာသီဥတုဆိုးရွားမှု၊ ဆေးဝါး မရှိမှု၊ ထိတ်လန့်ချောက်ချားရမှု၊ လွမ်းဆွတ်ကြေကွဲရမှု စသောအကြောင်းရပ်များ ပြွမ်းတီးပေါင်းစပ်လျက် အားအင်များကုန်ခန်းခဲ့ရလေပြီ။ စိတ်ဓာတ်တွေလည်း ကျဆုံးခဲ့ရလေပြီ။

ထိုအခါ သူတို့သူတို့နှုတ်က ထွက်ပေါ်လာသည်မှာ– "သေရင် ပြတ်တာ အေးတာပဲ"တဲ့။ ဥစ္စေဒိဋ္ဌိဆန်ဆန်စကား။

ထို့ကြောင့် 'ထိုင်း–မြန်မာမီးရထားလမ်း' ဟုခေါ်ဝေါ်ခြင်းထက် ဖြစ်ရပ်များနှင့်လိုက်ဖက်ညီညွတ်သည့် ဤလမ်း၏ ကမ္ဘာကျော်အမည်ပညတ်မှာလည်း 'သေမင်းတမန် မီးရထားလမ်း'ဟူ၍၊ တစ်နည်းပြောရလျှင် The Railway of Death ဟူ၍။

အထက်တွင် ဆိုခဲ့သည့်အတိုင်း အပလုံသို့ ပထမအကြိမ် ရောက်စဉ်က မိုးရာသီဖြစ်သော်လည်း ကျွန်တော်တို့အဖွဲ့အနေဖြင့် လူအင်အားတောင့်တင်းပါသည်။ ကျွန်တော်တို့ မအူပင်ခရိုင် တစ်ခုတည်းကပင် မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ ၄ မြို့ပေါင်း လူ ၂၀၀၀ ကျော်ကျော်–၃၀၀၀ နီးနီးဖြစ်သည်။ အခြားသောဒေသရပ်ရွာများမှ ချေးတပ်သားများနှင့် ပူးပေါင်းလိုက်သည့်အခါ ထိုစဉ်က အပလုံစခန်းတွင် ချေးတပ်သားပေါင်း ၅၀၀၀ ကျော်၊ ၆၀၀၀ နီးနီးဖြစ်သည်။ စားဖိုဆောင်တွင်တာဝန်ယူရသော စားဖိုဆောင်မှူးနှင့် ထမင်းချက်သမားများပင် လူပေါင်း–၉၀ ကျော် ၁၀၀ လောက်နီးနီးဖြစ်ပြီး၊ သူတို့သည် နေ့–ညအဆိုင်းခွဲလျက် ချက်ပြုတ်ကြသည်။

မည်သို့ပင်ဆိုစေ၊ ထိုသူထိုချေးတပ်သားများသည် အပလုံစခန်းကို စတင်တည်ဆောက်သူများဟု ဆိုရပေမည်။

ချေးတပ်သားဖွဲ့စည်းပုံမှာ ဤသို့ဖြစ်သည်။ ချေးတပ်သား ၄၀၀ ဆိုလျှင် ကြီးကြပ်ကွပ်ကဲရသော ဘွန်ထိုက်ချိုတစ်ယောက်ဖြစ်ပြီး၊ ဘွန်ထိုက်ချိုတစ်ယောက် လက်အောက်တွင် ချေးတပ်သား ၁၀၀ကို အုပ်ချုပ်ရသည့် ဟန်ချို ၄ ယောက် ရှိသည်။ 'စခန်းမှူး' ခေါ်သည့် စခန်းတာဝန်ခံများကိုမူ စခန်းကြီးများ၌သာ တစ်စခန်း တစ်ယောက်ကျထားရှိသည်။ ဒါပေမယ့် စခန်းတာဝန်ခံသည် စခန်းတစ်ခုတွင် အမြဲအစွဲနေရသည်တော့ မဟုတ်ပါ။ သူ့လူသူ့အဖွဲ့သားတွေ စခန်းပြောင်းရွှေ့လျှင် သူပါ လိုက်ပါပြောင်းရွှေ့ရလေသည်။ ကျွန်တော်တို့စခန်းမှူး ကိုဘစိန်မှာလည်း ဤအတိုင်းဖြစ်ပါသည်။

'စခန်းမှူး' ခေါ် စခန်းတာဝန်ခံနှင့် ဘွန်ထိုက်ချို၊ ဟန်ချိုများအား ဂျပန်စာရေးသားထားသည့် လက်ပတ်တံဆိပ်များ ပေးထားပါသည်။ သို့မှလည်း စခန်းမှူး၊ ဘွန်ထိုက်ချို၊ ဟန်ချိုများကို လူပေါင်းများစွာတွင် ခွဲခြားပြီး၊ ဂျပန်များ သိနိုင်မည်ဖြစ်လေသည်။ ယင်းအစီအစဉ်မှာ တောတွင်းချေးတပ်စခန်းသို့ရောက်မှ စီစဉ်သတ်မှတ်ပေးခြင်းတော့ မဟုတ်ပါ။ မူလမြို့နယ်များကတည်းက ဂျပန်များနှင့် မြို့ပိုင်၊ နယ်ပိုင်စသူများက အရည်အချင်းအလိုက် စခန်းမှူး၊ ဘွန်ထိုက်ချို၊ ဟန်ချိုစသည်ဖြင့် သတ်မှတ်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။ စခန်းတာဝန်ခံကိုမူ ခရိုင်

http://mmteashop.com



တစ်ခုလုံးမှ တစ်ယောက်သာရွေး၍ ခန့်ထားလိုက်ခြင်းဖြစ်လေသည်။

ထိုနေရာတွင် အလျဉ်းသင့်၍ အကြောင်းတစ်ခုကို ထည့်သွင်းပြောရပါဦးမည်။ တစ်ခြားမဟုတ်ပါ။ ကျွန်တော်တို့မြန်မာများက အက္ခရာဂဏန်းရွေးရာတွင် မဂဏန်းကို အကြိုက်များပါသည်။ ဥပပမာ ၃ ဂဏန်း, ၅ ဂဏန်း, ၇ ဂဏန်း ၉ ဂဏန်း စသည်ဖြင့်ပေါ့။ ရတနာ ၃ ပါး, အနန္တောအနန္တ ၅ ပါး, သုတော်ကောင်းတရား ၇ ပါး, ဂုဏ်တော် ၉ ပါးပေါ့ဗျာ။ ဂျပန်များကတော့ ၂ ဂဏန်း, ၄ ဂဏန်း, ၆ ဂဏန်း, ၈ ဂဏန်းစသော စုံဂဏန်းများကို ကြိုက်နှစ်သက်ပုံရပါသည်။

ကြည့်မှပေါ့၊ ချွေးတပ်ဖွဲ့စည်းရာတွင် ဘွန်ထိုက်ချိုအုပ်စုတစ်ခုတွင် ချွေးတပ်သား ၄၀၀ ဖြစ်သည်။ ဟန်ချို ၄ ယောက်ဖြစ်သည်။ တန်းစီလူစစ်ပြီဆိုမှဖြင့် ၄ ယောက် ၁ တွဲ တန်းစီထားမှ သူတို့နှစ်မြို့က်ပါသည်။ တစ်ခါတော့ ကျွန်တော်သည် ကျွန်တော့်လူများကို ၅ ယောက်ကျ တန်းစီထားလိုက်သည်။ ဂျပန်တပ်ကြပ်ကြီး ယာမာကူချီသည် ရှုံ့ရှုံ့ရှားရှားနှင့် မျက်နှာပျက်ပြီး ကျွန်တော့်ကို စိတ်ဆိုးမာန်ဆိုး ကြိမ်းမောင်းပါသည်။ ချက်ချင်းပင် ၄ ယောက် ၁ တွဲ ပြင်စီးခိုင်းပါသည်။ ယောကုဝလည်း ထိုနည်းအတိုင်း ဖြစ်ပါသည်။ ၅ ယောက် ၁ တွဲတန်းစီ မိသဖြင့် ၃-၄ ခါ ကျွန်တော် ပြဿနာတက်ဖူးသည်။ 'မကောင်းတကား- မကောင်းတကား'ဟု ယောကုဝက ပြောပါသည်။

ဤနေရာတွင် တပ်ကြပ်ကြီး ယာမာကူချီအကြောင်းကိုလည်း ပြောရန်ရှိလာပြန်ပါသည်။ တပ်ကြပ်ကြီး ယာမာကူချီသည် ယောကုဝနှင့် ခြားနားပါသည်။ စိတ်ကောင်းသဘောကောင်းရှိသူ တစ်ယောက်ပါ။ ချွေးတပ်သားများ တစ်စုံတစ်ရာအပြစ်ရှိ၍ ယောကုဝက ပါးရိုက်, နားရင်းအုပ်, ဝါးရင်းတုတ်နှင့် ရိုက်လားနက်လားလုပ်နေလျှင်၊ ယာမာကူချီ ရှောင်ဖယ်ဖယ်လုပ်ပြီး မသိကျိုးကျွံပြု မျက်နှာလွှဲနေတတ်ပါသည်။ အားပေးအားမြှောက်သဘော, မီးလောင်လေပင့်သဘော မလုပ်တတ်ပါ။ တစ်ဖန် ချွေးတပ်သားတစ်ဦးတစ်ယောက်တွင် အပြစ်ကြီးလေး၍ ကြိုးချည်တုပ်ပြီး ဦးခေါင်းပေါ် ကျောက်တုံးကြီး ရွက်ခိုင်း, ရပ်ခိုင်းထားပြီဆိုလျှင်လည်း ထိုသူထိုချွေးတပ်သားအနီးအပါးသို့ ယာမာကူချီ မကပ်တော့, မသွားတော့ပါ။ မသိသလို, မမြင်သလိုဖြင့် ဝေးဝေးမှ ကွင်းရှောင်သွားတတ်ပါသည်။ အမှန်တော့ ယာမာကူချီသည် အရပ်သားချွေးတပ်သားများအပေါ်ထက် စစ်သုံ့ပန်းများအပေါ် ကွပ်ကဲခြင်းပြုရသည်က များပါသည်။

ကျွန်တော်တို့က 'ရွှေမျက်မှန်'ဟု ခေါ်သော ဂျပန်တပ်ကြပ်ကြီးတစ်ယောက် ရှိသေးသည်။ မျက်မှန်တပ်ထားသဖြင့် ချွေးတပ်သားများက သူ့ကို 'ရွှေမျက်မှန်'ဟု ခေါ်ခြင်းဖြစ်သည်။ သူလည်း ယာမာကူချီလိုပင် သဘောထားစိတ်ထားကောင်းမွန်ပါသည်။ ချွေးတပ်သားများတွင် အပြစ်ရှိလျှင် ဘွန်ထိုက်ချို, ဟန်ချိုများကို ကြိမ်းမောင်းသည်။ သူကိုယ်တိုင်တော့ မည်သည့်အခါမျှ လက်ထိလက်ရောက် မပြုလုပ်ပါ။ တစ်ခါက လူလစ်ပြီထင်ပြီး သုံ့ပန်းစစ်ဗိုလ်အား ဆားထုပ်ငယ်တစ်ထုပ်ကို ကျွန်တော်ပစ်ပေးလိုက်သည်။ မရှေးမနှောင်းပင် ကျွန်တော့်ကုပ်ကို နောက်မှနေ၍ လူတစ်ဦးတစ်ယောက်၏ဖျစ်ညှစ်ခြင်း ခံလိုက်ရသည်။ ထိုအဖြစ်ကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ထွေပွသွားသည်။ ရင်ထဲက ထိတ်ခနဲတုန်ခိုက်သွားသည်။

"ဘုရား-ဘုရား။ မြတ်စွာဘုရား"

ရွှေမျက်မှန်ပါလား။

"ဘီရုမာ မကောင်းတကား၊ မကောင်းတကား"ဟု ကျွန်တော့်ကို ကြိမ်းမောင်းသည်။ နောက်တော့မှ ညှစ်ထားသော သူ့လက်ကို လွှတ်လိုက်သည်။ ကျွန်တော့်အပြုအမူကို အလွန်မကျေမနပ်ဟန် သူ့မျက်နှာတွင် ပေါ်လွင်နေပါသည်။

ကျွန်တော်ကိုယ်တိုင်ပင် ကျွန်တော့်ကိုယ်ကျွန်တော် မကျေမနပ်ဖြစ်မိသည်။ ပတ်ဝန်းကျင် ရှေ့နောက်ကို အစေ့အစပ်မကြည့်ဘဲ ပေးချင်စိတ်တစ်ခုသာလွှန်ကဲသော စေ့ဆော်မှုသည် ကျွန်တော့်အမှား, ကျွန်တော့်ချွတ်ယွင်း

http://mmteashop.com



ချက် ဖြစ်ပါသည်။ တော်ပါသေးရဲ့။ သူနှင့်ကျွန်တော် ၂ ဦးတည်းမို့။ ယောကုဝလို၊ ဒါမှမဟုတ် အခြားတစ်ယောက် ယောက်သာဆိုလျှင် ကျွန်တော်ကြိုးတုပ်ကြိုးချည် ကျိန်းသေခံရပေမည်။ ကျွန်တော့်လက်မောင်းပေါ်က လက်ပတ် ရာထူးလည်း ပြုတ်သွားပေမည်။ ကျွန်တော့်ဘဝသည် သာမန်ချွေးတပ်သားတစ်ယောက်အဖြစ် ချက်ချင်း လျှောကျ ရောက်ရှိသွားချေမည်။

ဤအဖြစ်ကိုကြည့်လျှင် ဂျပန်စစ်မှုထမ်းများတွင်လည်း ယာမာကွချီလို၊ ရွှေမျက်မှန်လို စစ်မှုထမ်းများလည်း ရှိပါသေးသည်။ မည်သည့်နေရာ၌မဆို အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ပါ။ စစ်မှုထမ်းဆိုပြန်တော့လည်း အမိန့်နှင့် တာဝန်ကို လိုက်နာရပေမှာပေါ့။

ကျွန်တော်တို့နှင့် စစ်သုံ့ပန်းများမှာ အမြင်နီးပေမယ့် ခရီးဝေးသည့်အဖြစ်ဟု ဆိုရပါမည်။ အလုပ်ခွင် တစ်နေရာတည်း၊ စခန်းတစ်ခုတည်း၌ဖြစ်၍၊ တစ်ဦးနှင့်တစ်ဦး လှမ်းမြင်လှမ်းတွေ့နေရသော်လည်း ကူးလူးဆက်ဆံ ခြင်းပြုနိုင်ဖို့ကား မလွယ်ကူပါ။ ဤကိစ္စတွင်လည်း ဂျပန်များသည် အကြီးအမား စည်းခြားချုပ်ခြယ်ထားပါသည်။ ထိုအချက်ကိုမူ ကျွန်တော်တို့အနေဖြင့်ရော၊ သုံ့ပန်းများအနေဖြင့်ရော သတိကြီးစွာထားရှိကြပါသည်။ သို့မဟုတ် ပါက '၂' ဦး '၂' ဝ ဒုက္ခတွေ့နိုင်ပါသည်။

စမ်းချောင်းတစ်ဘက်ရှိ စစ်သုံ့ပန်းများ၏ တဲတန်းလျားများသည် ချွေးတပ်သားများ၏ တန်းလျားလို ၄ လုံးမဟုတ်။ တစ်လုံးတည်းသာ ဖြစ်သည်။ သူတို့က လူအင်အားနည်းပါသည်။ ၆၀ ကျော်–၇၀ လောက်သာ ရှိလိမ့်မည်ဟု ကျွန်တော် ခန့်မှန်းပါသည်။

သူတို့ကား ဗြိတိသျှအမျိုးသားများ၊ ဩစတြေးလျအမျိုးသားများ၊ ဒတ်ချ်အမျိုးသားများ ဖြစ်ကြပါသည်။ အများစုမှာမူ ဗြိတိသျှအမျိုးသားများဖြစ်သည်။ သူတို့အားလုံးအပေါ် ကွပ်ကဲအုပ်ချုပ်သူမှာလည်း ဗြိတိသျှအမျိုးသား သုံ့ပန်းစစ်ဗိုလ် ဖြစ်ပါသည်။ ကျွန်တော် ဆားထုပ်ပစ်ပေးလိုက်သော စစ်ဗိုလ်ပင် ဖြစ်ပါသည်။

ချီးကျူးဖွယ်ကောင်းသည်မှာ စည်းကမ်းကလနားရှိခြင်းနှင့် ယင်းစည်းကမ်းကို လိုက်နာကျင့်သုံးခြင်းပင် ဖြစ်သည်။ ကြည့်ပါ။ နံနက်အလုပ်ဆင်းတော့မည်ဆိုလျှင် တန်းလျားရှေ့တွင် တန်းစီလူစစ်သည်။ ထမင်းချက်တာဝန် အရ စခန်းတွင်ကျန်ခဲ့မည့် စစ်သား ၂ ယောက်လည်း အပါအဝင်ဖြစ်သည်။

တစ်ဖန် စမ်းချောင်းတံတားကို ဖြတ်ကူးလာပြီးနောက် တစ်ဘက်ကမ်းသို့ ရောက်သည့်အခါ၌လည်း ဂျပန် ကင်းအိမ်ကလေးရှေ့ရှိ မြေကွက်လပ်တွင် တန်းစီလူစစ် ပြုပြန်ပါသည်။ ဂျပန်များသည် မည်သို့မျှ ပါဝင်စွက်ဖက် ခြင်းပြုသည်ကို မတွေ့ရပါ။ ခပ်လှမ်းလှမ်းတွင်ရပ်ကြည့်နေသည့် ဂျပန်စစ်သားတစ်ယောက်စ–၂ ယောက်စသော် လည်းကောင်း၊ တပ်ကြပ်ကြီးယောကုဝ သော်လည်းကောင်း၊ တပ်ကြပ်ကြီးယာမာကွချီ သော်လည်းကောင်း၊ ရွှေ မျက်မှန် သော်လည်းကောင်း ရှိနေမြဲဖြစ်သည်။

စင်စစ် ဤကိစ္စမှာ တစ်ဘက်က စည်းကမ်းရှိနေလျှင်၊ စနစ်ဇယားကျနေလျှင် ယင်းစည်းကမ်းစနစ်နှင့် ပတ်သက်၍ မည်သို့မျှ ပြောရန်မလို၊ မည်သို့မျှ စွက်ဖက်စရာမရှိ ဟူသောသဘောပင် ဖြစ်သည်။ ကျီး ဘုတ် ရှိသေ၊ ဘုတ် ကျီးရှိသေ သဘောပေါ့လေ။

ဤမှာဘက်တွင် စခန်းတစ်ခုလုံးကို အုပ်ချုပ်ခြင်းနှင့် လုပ်ငန်းကိုစီမံကွပ်ကဲရသည့် ဂျပန်စစ်ဗိုလ် ယာမာ မိုတိုမှာလည်း ချီးကျူးလေးစားထိုက်ပါသည်။ အချိန်ကျပြီဆိုက သူသည် တောင်ကုန်းမြင့်ထက်မှ ဆင်းသက်လာ သည်။ သူနှင့်အတူ ဂျပန်စစ်သား ၂ ယောက် အမြဲတမ်းပါသည်။ မြေပုံလိပ်များ၊ မှန်ပြောင်းနှင့် အခြားလိုအပ်သော ပစ္စည်းပစ္စယများကို ယူဆောင်လာကြသည်။

ယာမာမိုတိုတွင် ခက်ထန်ကြမ်းကြုတ်သည့်အသွင် မရှိပါ။ သူ့အမူအရာ၊ သူ့လှုပ်ရှားပြောဆိုမှုသည် ပျော့ပျောင်းညင်သာသည့်ပုံဟန် ဖြစ်ပါသည်။ သူ့ကို ထည်ဝါခံ့ညားသော ဂျပန်စစ်ဗိုလ်တစ်ယောက်ဟု ဆိုရမည်

http://mmteashop.com



ထက်၊ တည်ငြိမ်ရင့်ကျက်မှုရှိပြီး ချောမောသော ဂျပန်စစ်ဗိုလ်တစ်ယောက်ဟု ဆိုရပါမည်။ ရေညှိရောင် စစ်ယူနီဖောင်းသည် သူ့အသားအရောင်နှင့် လိုက်ဖက်လှပါသည်။

တောဘွတ်ခေါ် ဘွတ်ဖိနပ်အရှည်ကိုစီးထားသော်လည်း သုံ့ပန်းစစ်ဗိုလ်နှင့်ယှဉ်လိုက်လျှင် အတော်ပင်အရပ်ပုနေပါသည်။ သူသည် ဘယ်သူ့ကိုမျှ ကြိမ်းဟယ်မောင်းဟယ် အော်လားဟစ်လား မလုပ်ပါ။ သုံ့ပန်းစစ်ဗိုလ်နှင့် ဆက်ဆံရာတွင်လည်း အေးအေးညောင်းညောင်းပင် ဖြစ်၍၊ သူတို့ ၂ ဦး၏ ဆက်ဆံမှုကို ကြည့်ရသည်မှာ အပေါင်းအသင်းမိတ်ဆွေ ၂ ယောက် တိုင်ပင်နှီးနှောနေသည့်အသွင်မျိုး ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး တလေးတစားဆက်ဆံသည်ကို တွေ့မြင်ရပါသည်။ ကျွန်တော့်အမြင်ကို ပြောပါရစေ။ သူတို့ ၂ ဦးစလုံးပင် ဆိုင်ရာဆိုင်ရာအမိနိုင်ငံ၏ဂုဏ်သိက္ခာကို စောင့်ထိန်းသော စစ်သားကောင်းကြီးများ ဖြစ်ကြသည်ဟု ဆိုချင်ပါသည်။

ဂျပန်စစ်ဗိုလ်ယာမာမိုတို တောင်ကုန်းထက်မှ ဆင်းသက်လာသည့်အခါ ဂျပန်စစ်သားများက အော်ဟစ်လျက် အလေးပြုကြလေသည်။ သူသည် ခြေလှမ်းသွက်သည်။ မြန်မြန်လျှောက်သည်။ ခါးတွင် ချိတ်ထားသောဓားသည် မြေပြင်နှင့်လွတ်သည်ဟု ဆိုရရုံဖြစ်သည်။ ကင်းစောင့်အိမ်ကလေးအနီးတွင် တောတွင်းသစ်များနှင့် ပြုလုပ်ထားသည့် စားပွဲရှည်တစ်လုံး ရှိသည်။ ထိုနေရာတွင် ယာမာမိုတို ရပ်တန့်လိုက်သည်။ အတူပါလာသော စစ်သား ၂ယောက်သည် လမ်းတံတားနှင့် သက်ဆိုင်သော ပုံစံလိပ်များကို စားပွဲပေါ်ဖြန့်ခင်းသည်။ နောက်တော့ သုံ့ပန်းစစ်ဗိုလ်သည် ယာမာမိုတိုနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ရောက်ရပ်လိုက်သည်။ တပ်ကြပ်ကြီးယာမာကူချီလည်း အနီးအပါးတွင် နေရာယူရပ်သည်။

စစ်အရာရှိ ၂ ဦးသည် မြေပုံကားချပ်ပေါ်တွင် အချိန်အတန်ကြာ ဆွေးနွေးညှိနှိုင်းကြပါသည်။ ယနေ့ကိစ္စ, ယနေ့အလုပ်, တံတားတည်ဆောက်သည့်ကိစ္စ, သံလမ်းဆွဲသည့် ကိစ္စတစ်ခုခုပေါ့လေ။ ယခု လောလောလတ်လတ် လုပ်နေသည်မှာတော့ သံလမ်းဆွဲခြင်း, ဇလီဖားချခြင်း, ကျောက်ခင်းခြင်းပေါ့ဗျာ။

စစ်သုံ့ပန်းများနှင့် ဆက်ဆံရာတွင်မူ ဂျပန်များအနေဖြင့် အတော်ပင် အဆင်ပြေခြင်းရှိသည်ဟု ဆိုရပါသည်။ တစ်ဘက်တည်း အဆင်ပြေခြင်းတော့ မဟုတ်။ ၂ ဦး ၂ ဘက် အဆင်ပြေခြင်းပါ။ ဂျပန်များဘက်က သူတို့ဖြစ်စေချင်သည့် အနေအထား, ပြုလုပ်ချင်သည့်အလုပ်ကို သုံ့ပန်းစစ်ဗိုလ်တစ်ယောက်တည်းအား ဤသို့ဤပုံ ဟုပြောလိုက်ရုံမျှသာ ဖြစ်သည်။ ထိုအခါ သုံ့ပန်းစစ်ဗိုလ်က သူ့လူ, သူ့စစ်သားများအား ဤနည်းဤနယ်ဟု ညွှန်ကြားစေခိုင်းရုံဖြစ်သည်။ အမောခံ, လျှာညောင်းခံပြီး သုံ့ပန်းစစ်သားတိုင်းအား ဂျပန်စစ်ဗိုလ်က ပြောနေစရာမလို။

ကျွန်တော်တို့နှင့်ကျတော့ ဒီလိုမဟုတ်ပါ။ ဟုတ်နိုင်စရာလည်း အကြောင်းမရှိပါ။ ကျွန်တော်တို့များက အလုပ်ကြမ်းအကိုင်ကြမ်းသက်သက်။ ပညာပါသည့်အလုပ် မဟုတ်။ ဂျပန်တပ်ကြပ်ကြီးများသည် ချွေးတပ်သားများအား သူတို့ခိုင်းလိုသည့်အလုပ်အတွက် ဘွန်ထိုက်ချို, ဟန်ချိုများကို သဘောပေါက်နားလည်အောင် ပြောပြခြင်းပြုသည်။ ရှေ့ကနေ၍ နမူနာလုပ်ပြသည်။ ခြေဟန်,လက်ဟန်နှင့်လည်း ပြောသည်။ ဤတွင် သဘောပေါက်နားလည်အောင်ဆိုရာ၌ အကြွင်းမဲ့ လုံးစေ့ပတ်စေ့ နားလည်မှုရှိအောင်တော့ မစွမ်းဆောင်နိုင်ကြပါ။ အပေါ်ယံသဘောလောက်သာ ပြောနိုင်သည့်အဖြစ်လည်း ကြုံရတတ်ပါသည်။

ထိုအခါ ခုတ်ရာတစ်ခြား, ရှရာတစ်လွဲ, အိုးနင်းခွက်နင်း ဖြစ်ရသည့်အဖြစ်မျိုးနှင့်လည်း ကြုံရတတ်ပါသည်။ ယင်းအဖြစ်မျိုးကြုံရသည့်အခါ တစ်ခါတစ်ရံတွင် ရယ်စရာကောင်းသလောက်၊ တစ်ခါတစ်ခါတော့ အသက်ရှူမှားလောက်အောင် ဖြစ်ရတတ်သည်မှာ ဘာသာဝေါဟာရနှင့်ပတ်သက်သည့် သင်ခန်းစာတစ်ရပ်ဟု ဆိုရပါမည်။

တစ်ခါက ဂျပန်တပ်ကြပ်ကြီးတစ်ယောက်က ဘွန်ထိုက်ချိုတစ်ယောက်အား တံတားပေါင်တပ်ဆင်မည့် သစ်သားတန်းကြီးတစ်ခုကို တံတားဆောက်လုပ်ရာသို့ ချွေးတပ်သားများနှင့် သယ်ဆောင်ခဲ့ရန် ခြေပြလက်ပြ

http://mmteashop.com



ဟန်အမူအရာနှင့် ပြောသည်။ သူ့ဘာသာ ဂျပန်လိုလည်းပြောသည်။ ဤတွင် ဘွန်ထိုက်ချိုက "ဟိုက်–ဟိုက်" ဘာမသိညာမသိ ပြန်ပြောလိုက်သည်။

ဤတွင် ဂျပန်တပ်ကြပ်ကြီးက နားလည်သဘောပေါက်ပြီ ဟူသောထင်မှတ်မှုဖြင့် တံတားဆောက်သည့်နေရာသို့ ပြန်လည်သွားလေသည်။ သို့ဖြင့် ရောက်သင့်သည့်အချိန်တန်သည့်တိုင် တံတားပေါင်မရောက်လာသဖြင့် ဂျပန်တပ်ကြပ်ကြီး တစ်ခေါက်ထပ်၍ လိုက်လာသည့်အခါ၊ တံတားပေါင်ကြီးမှာ ဘဝပြောင်းလျက် အပိုင်းအပြတ်ပြတ်ဖြင့် ဇလီဖားတုံးများအဖြစ်ရောက်ရှိနေသည်ကို တွေ့မြင်ရတော့သည်။

ထိုကိစ္စမှာ ရိုက်ရုံနှက်ရုံ ဆဲရုံဆိုရုံလောက်ဖြင့် ပြီးစီးမသွားပါ။ ယင်းအလုပ်ခွင်တွင် ရှိနေကြသည့် ဟန်ချိုများအားလုံး, ဘွန်ထိုက်ချိုများအားလုံးပင် တံတားဆောက်လုပ်ရာတွင် ကွပ်ကဲစီမံနေသည့် ဂျပန်စစ်ဗိုလ် ယာမာမိုတိုရှေ့မှောက်သို့ ရောက်ရှိသွားကြပါသည်။

တပ်ကြပ်ကြီး ယောကုဝသည် ကျွန်တော်တို့ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအားလုံးကို တန်းစီရပ်နေစေပါသည်။ ထိုကိစ္စတွင် တံတားပေါင်ကိုအသယ်ခိုင်းသည့် ဂျပန်တပ်ကြပ်ကြီးလည်း အနီးတွင် ရှိနေပါသည်။ တပ်ကြပ်ကြီး ယောကုဝသည် ယင်းဂျပန်တပ်ကြပ်ကြီးအား အမေးအမြန်းပြုသည်။ ဘာတွေမေး၍ ဘာတွေပြောကြသည်ကို ကျွန်တော်တို့ နားမလည်၍ မသိနိုင်ပါ။ တိုတိုတောင်းတောင်းဖြစ်သည်။ ဂျပန်စစ်ဗိုလ် ယာမာမိုတိုက နားထောင်နေရုံ နားထောင်နေပါသည်။

ဤကိစ္စစစ်မေးနေသည်မှာ စမ်းချောင်းတစ်ခုကို ဖြတ်ထိုးသော တံတားဆောက်လုပ်သည့် အနီးအနားတွင်ဖြစ်သည်။ သုံ့ပန်းစစ်ဗိုလ်သည် တစ်စုံတစ်ရာ စိုးရိမ်ပူပန်ဟန်ဖြင့် ကျွန်တော်တို့အဖြစ်ကို လှမ်းကြည့်နေပါသည်။ သူတို့လည်း တံတားပေါင်အတွက် ရှေ့ဆက်၍ အလုပ်မလုပ်နိုင်ပါ။ ရပ်တန့်နေပါသည်။

ဂျပန်စစ်ဗိုလ် ယာမာမိုတို၏အမူအရာကို ကျွန်တော် သတိထားအကဲခတ်မိပါသည်။ သူသည် တန်းစီရပ်နေသော ဘွန်ထိုက်ချိုနှင့် ဟန်ချိုများထဲမှ ပြဿနာဖြစ်ပေါ်စေသည့်ဘွန်ထိုက်ချိုကို မသိမသာ အကဲခတ်ကြောင်း ကျွန်တော် သတိပြုမိလိုက်ပါသည်။ ထိုဘွန်ထိုက်ချိုမှာ ကျွန်တော်တို့နယ်သား မဟုတ်ပါ။ အထက်အရပ် မြိုင်နယ်ဘက်က ဖြစ်ပါသည်။ သူ့အမည်က ကိုထွန်းမောင်။

ကျွန်တော်သည် ဂျပန်စစ်ဗိုလ် ယာမာမိုတို၏ ဘေးတစ်ဘက်မလှမ်းမကမ်းတွင်ရပ်နေသော စခန်းတာဝန်ခံ ကိုဘစိန်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ သူကိုယ်တိုင်လည်း ဂျပန်စစ်ဗိုလ်ရှိရာသို့ အာရုံစူးစိုက်နေပါသည်။ သူတို့ဘာပြောမလဲ ဟူသောအမူအရာမျိုး ဖြစ်လေသည်။

ထိုကိစ္စအပေါ် ခပ်စောစောတော့ ကျွန်တော် ပေါ့ပေါ့တန်တန်ပင်သတိထားသည်မှာ အမှန်ပါ။ မိမိနှင့် တိုက်ရိုက်သက်ဆိုင်သောကိစ္စ မဟုတ်။ မသကာ အရိုက်အနှက်ခံရရုံလောက်ဟု သဘောပိုက်ထားပါသည်။ ယခုတော့ ကျွန်တော်တွေးထင် ယူဆထားသလို မဟုတ်ပါ။ တစ်ကြိမ်သောအခါက 'ကိုဘစိန်ပြောသလို ဂျပန်စစ်ဗိုလ် ယာမာမိုတို ယူဆလေမလား'။ ထိုအတွေး ကျွန်တော့်ခေါင်းထဲဝင်ရောက်လာပါသည်။

တစ်ကြိမ်သောအခါက ညအိပ်ရာမဝင်မီ မီးပုံဘေးတွင် ၂ ယောက်တည်းရှိနေခိုက် တိုးတိုးတိတ်တိတ်ဖြင့် ကျွန်တော့်ကို ကိုဘစိန် သတိပေးဖူးသောအကြောင်းတစ်ခု ရှိခဲ့ပါသည်။

"မင်းကို တစ်ခု သတိပေးထားမယ်။ သုံ့ပန်းတွေနှင့် အဆက်အဆံမလုပ်မိစေနှင့်။ နောက်တစ်ခုက မင်းလူတွေထဲမှာ ကရင်တွေ အတော်များများပါလာတယ် မဟုတ်လား။ ဂျပန်တွေက ဒီရထားလမ်းဖောက်တဲ့ကိစ္စမှာ အချိန် မကြာကြာအောင်, မပျက် ပျက်စီးအောင်လုပ်မယ့် အင်္ဂလိပ်လူတွေ ချွေးတပ်ထဲပါလာမှာကို သံသယ ဝင်နေတယ်လို့ သခင်ခ (ရေနံမြေသခင်ခ)က ငါ့ကို သံဖြူဇရပ်ရောက်တုန်းက သတိပေးလိုက်တယ်"

ကျွန်တော့်အဖွဲ့ထဲတွင် ကရင်အမျိုးသားများ အတော်ပင်ပါရှိလာပါသည်။ ညောင်တုန်းအရှေ့ဘက်ဖြစ်သော

http://mmteashop.com



နတ်ပေးရွာ, ဂရက်ယားရွာနှင့် တောင်ဘက်ရွာများဖြစ်သည့် ကျုံတာမာရွာ, တူးချောင်းရွာ, ထော်ကလွတ်ရွာ, ပဲရုံဆိပ်ရွာ, ထိန်ကုန်းရွာများမှ ကရင်အမျိုးသားများ ဖြစ်ကြပါသည်။ ကျွန်တော့်အမြင်မှာ ထိုသူများသည် ရိုးသားသော ကရင်အမျိုးသားလယ်သမားကြီးများသာ ဖြစ်ကြပါသည်။

ကိုဘစိန် ယင်းကဲ့သို့ ပြောဆိုသတိပေးခြင်းမှာလည်း အကြောင်းရှိပါသည်။ သူ့အနေဖြင့်ဇာ ၁ လ ၁ ခေါက်– ၂ လ ၁ ခေါက်ဆိုသလို ရိက္ခာသယ်ဆောင်သော ဂျပန်စစ်သားများနှင့်အတူ သံဖြူဇရပ်သို့လိုက်ရသောကြောင့် ဖြစ်ပါသည်။ ထိုစဉ်အခါက သံဖြူဇရပ်ချွေးတပ်စခန်းမကြီးတွင် ရေနံမြေသခင်ခနှင့် သခင်စ ညီအစ်ကိုသည် စခန်းမှူးကြီးများ ဖြစ်နေကြပါသည်။ ထိုပုဂ္ဂိုလ်များက သူ့ကို သတိပေးစကားပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

ကျွန်တော့်ခေါင်းထဲသို့ ထိုအတွေး, ထိုကိစ္စဝင်ရောက်လာသည့်အခါ၌မူ ကျွန်တော် အတော်အတန် တုန်လှုပ်မိပါသည်။ ဂယနဏာမမေးမမြန်းဘဲ ရှေ့လောတကြီးပြုလုပ်သော ဘွန်ထိုက်ချိုထွန်းမောင်ကိုလည်း စိတ်ဆိုးမိပါသည်။

ဂျပန်များနှင့် ဆက်ဆံရာတွင် အထူးသတိထားရသည့် အကြောင်းတစ်ရပ် ရှိနေပါသည်။ ယင်းအကြောင်းမှာ အခြားမဟုတ်ပါ။ မသင်္ကာမှု, မယုံကြည်မှု, သံသယဝင်မှု ဖြစ်သည်။ အရှင်းဆုံးနှင့် အတိုချုံးဆိုရသော် အင်္ဂလိပ်သူလျှို(စပိုင်)ဟူသော အထင်အမြင်ခံရမှု, ယိုးစွပ်ခံရမှုပင် ဖြစ်လေသည်။

အလေးအနက် တွေးတတ်မည်၊ တွေးကြည့်မည် ဆိုလျှင်လည်း မိမိတို့ ယခုရောက်ရှိနေသောနေရာ (ချွေးတပ်စခန်း)သည် စစ်မြေပြင်ပမာ ဖြစ်၏။ နေ့စဉ်နှင့်အမျှ အချိန်ရှိသရွေ့ မိမိတို့ အဆက်အဆံပြုနေရသည်မှာလည်း အရပ်သားဂျပန်တွေ မဟုတ်။ ကုန်သည်ပွဲစားဂျပန်များ မဟုတ်။ ကထိကတွေ, ပါမောက္ခတွေ, အနုပညာရှင်တွေ, ဆရာဝန်တွေ မဟုတ်။ စစ်သားတွေ, စစ်အရာရှိနှင့် စစ်ဘက်ဆိုင်ရာ စစ်သားတွေပါလား။

ထို့ကြောင့် ဤလိုနေရာမျိုး, ဤလိုအခြေအနေမျိုး, ဤလိုလူမျိုးများအလယ်တွင် 'စပိုင်, သူလျှို' ဟုလည်းကောင်း၊ တစ်ဘက်ကလာသော 'ထောက်လှမ်းရေး' ဟုလည်းကောင်း ယိုးစွပ်ခံရပါမူ သေပြီသာမှတ်။

တစ်ခုခက်သည်မှာ ယင်းသို့ဖြင့် စွပ်စွဲခြင်းခံရပါမူ၊ စွပ်စွဲခြင်းခံရသူဘက်ကလည်း စွပ်စွဲသူ နားလည်သဘောပေါက်၍ အမှန်ကိုဆိုက်ရောက်အောင် ရှင်းမပြောနိုင်။ စွပ်စွဲသူဘက်ကလည်း အမှန်ကို သဘောဆိုက်အောင် မမေးမမြန်းနိုင်ခြင်းပင် ဖြစ်ပါသည်။ ယခု တံတားပေါင်ကိစ္စပဲ ကြည့်။

ဤတွင် မေးစရာတော့ ရှိလာပါသည်။

"ဒီလိုဆို ဂျပန်စကားပြန်တွေသုံးပါလား။ စခန်းမှူးတွေလည်း ရှိနေသားပဲ"

တောတွင်း ချွေးတပ်စခန်းများတွင် ကျွန်တော် တွေ့ဆုံခဲ့သည့် ဂျပန်စကားပြန်ကလေးများသည် ဘာတစ်ခုမျှ ဟုတ်တိပတ်တိ မည်မည်ရရမရှိ။ ယောရောရှိနှင့် အာရိဂတောကိုတော့ ခပ်သွက်သွက်ပြောသည်။ ယောင်တိယောင်ဝါး။ တကယ့်ကိစ္စတွင် ဂျပန်များသဘောပေါက်နားလည်အောင် ပြောပြနိုင်စွမ်းရှိဟန်လည်း မတူပါ။ နောက်ပြီး အသက်အရွယ်မှာ နနယ်ငယ်ရွယ်လွန်းသည်။

တစ်ဖန် ကိုဘစိန်အပါအဝင် စခန်းမှူးများနှင့် ဂျပန်စစ်ဗိုလ်များ၏ အင်္ဂလိပ်စကားပြောသော ဆက်ဆံရေးဆိုသည်ကရော တကယ်ပဲ တစ်ဦး၏ဆိုလိုချက်ကို တစ်ဦးက အတိအကျ သဘောပေါက်ရဲ့လား။ ကျွန်တော့်အမြင်ကို ပြောရရင်တော့ စကားပြန်တော်တော်များများရော, စခန်းမှူးဆိုသူများရောဟာ ဂျပန်တွေအဖို့တော့ 'ခံပွင့်'တွေချည်းပေါ့ဗျာ။ 'ပန်းစံပယ် နန်းလယ်မပေါ်ခိုက်တာမို့ အလိုက် တော်တန်သင့်အောင်ပ၊ ခံပွင့်ကိုသုံး' ဆိုမဟုတ်လား။ 'သစ်မရှိ ဝါးပေါင်းကွပ်' ဆိုတယ်မဟုတ်လား။

သူလျှိုတို့, စပိုင်တို့, ထောက်လှမ်းရေးတို့, အဖျက်သမားတို့ဆိုတဲ့ကိစ္စတွေဟာ ကျွန်တော်တို့ တောတွင်းစခန်းများမှာသာ မဟုတ်ပါဘူး။ မုဒုံ, မုတ္တမ, မော်လမြိုင်, သံဖြူဇရပ်ဆိုတဲ့ မြို့ကြီးတွေမှာလည်း ဂျပန်တွေ

http://mmteashop.com



ခေါင်းခဲနေပါသည်။ တစ္ဆေခြောက်ခံနေရပါတယ်။

ရန်သူလေယာဉ်ကို အောက်ကနေအချက်ပြတာတို့, မုတ္တမဘူတာရုံကို လက်ပစ်ဗုံးနှင့် ထုသွားတာတို့, ကျိုက္ကမိဂျပန်စစ်တပ်ကို လက်ပစ်ဗုံးပစ်သွားတာတို့, ချွေးတပ်စခန်းက သုံ့ပန်းစစ်သား ၃ ယောက် ထွက်ပြေး လွတ်မြောက်သွားတာတို့ဟာ စုံနေတာပါပဲ။ ဒီအကြောင်းကို နောက်ပိုင်းမှာ ကျွန်တော် တင်ပြသွားပါမယ်။ ခု လောလောဆယ်တော့ ဘွန်ထိုက်ချိုထွန်းမောင်နှင့် တံတားပေါင်ကိစ္စ တင်ပြပါဦးမယ်။

ဂျပန်စစ်ဗိုလ်ယာမာမိုတိုသည် သူ့လူတပ်ကြပ်ကြီးကို မေးမြန်းခြင်းပြုသည်။ (သူ့လူတပ်ကြပ်ကြီးဆိုသည်မှာ တံတားပေါင် အသယ်နိုင်းလိုက်သည့် တပ်ကြပ်ဖြစ်သူ သူ့အမည်ကိုတော့ ကျွန်တော် မသိပါ။) ဘာတွေမေးသည် မြန်းသည် မသိပါ။ ၁ ခွန်းစ–၂ ခွန်းစ ဒါလောက်ပဲ မေးမြန်းပါသည်။

နောက်တော့ ကျွန်တော်တို့ စခန်းမှူးကိုဘစိန်ရှိရာ လှမ်းကြည့်လိုက်သည်။ ဘွန်ထိုက်ချိုထွန်းမောင်ကို လက်ညှိုးထိုးပြသည်။ အင်္ဂလိပ်လိုတော့ ၁ ခွန်း–၂ ခွန်း ပြောသည်။ ကိုဘစိန်က အပါးပဲ။ အရိပ် ၃ ပါး နားလည်သည်။

'ဘာကြောင့် တံတားပေါင်ကြီး ဖြတ်ပစ်သလဲ' မေးသည်။

'ဘွန်ထိုက်ချိုထွန်းမောင်က တံတားပေါ်ခင်းရန် အရေးတကြီးဖြတ်နိုင်းသည်ထင်ပြီး ဖြတ်ခြင်းဖြစ်ကြောင်း၊ သူနှင့် သူ့လူ ချွေးတပ်သားအဖွဲ့ တာဝန်ကျနေသည်မှာ ဇလီဖားတုံးများ ဖြတ်တောက်နေရသောကြောင့် ယခုကဲ့သို့ ယူဆမိခြင်းဖြစ်ကြောင်း' ပြောပါသည်။

ယင်းကိစ္စကို ဂျပန်စစ်ဗိုလ်နားလည်အောင် ကိုဘစိန် မနည်းကြီးရှင်းပြောရပါသည်။ ဤနေရာတွင်မူ တပ်ကြပ်ကြီး ယောကုဝကို ချီးမွမ်းထောပနာ ပြုရပါမည်။ သူက ၁ ခွန်းစ–၂ ခွန်းစ ဝင်ပြောပါသည်။ ထိုအခါမှ ဂျပန်စစ်ဗိုလ် သဘောပေါက်သွားပါသည်။ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ကိစ္စအားလုံး ဘေးမသီရန်မခ ပြီးပြတ်သွားပါသည်။ တံတားပေါင်ကိုလည်း နောက်တစ်ချောင်း အစားထိုး၍သုံးပါသည်။

ဂျပန်တို့ကား ၁ ဆို ၁, ၂ ဆို ၂ ဖြစ်သည်။ လွယ်လွယ် ဘယ်တော့မှမလုပ်။ စကားရှည်ရှည်ဝေးဝေး ပြောလျှင် မကြိုက်။ စစ်တပ်မို့လားတော့ မသိ။ လုပ်ငန်းခွင်တွင် တူ ၁ ချောင်း, ဓားမ ၁ လက် ပျောက်နေလျှင် မီးတုတ်ထွန်းပြီး မတွေ့မချင်းအရှာခိုင်းပါသည်။ ထိုအကြောင်းကို ရှေ့ပိုင်းတွင် ဖော်ပြထားပါသည်။

သုံ့ပန်းများစည်းကမ်းထိန်းသိမ်းမှုကို ထပ်မံတင်ပြပါဦးမည်။

စမ်းချောင်းရေကို ဘယ်တော့မျှ အလွတ်မဲ့ သူတို့က မသောက်ပါ။ ကျွန်တော်တို့ ချွေးတပ်သားအချို့က စမ်းချောင်းရေကို မောမောပန်းပန်းနှင့် လက်ခုပ်ဖြင့်ခပ်ပြီး အားရပါးရ ကုန်းသောက်နေသည့်အခါ၊ သုံ့ပန်းစစ်ဗိုလ်သည် အဝေးအလှမ်းမှနေလျက် ကျွန်တော့်ကို ဦးခေါင်းယမ်း၍ ပြတတ်ပါသည်။ 'မသောက်ပါစေနှင့်'ဟူသော သဘောပင် ဖြစ်ပါသည်။

စမ်းချောင်းရေကိစ္စတွင်မူ ဂျပန်များကိုယ်တိုင်လည်း တားမြစ်ပိတ်ပင်ခြင်း ပြုထားပါသည်။ စခန်းတာဝန်ခံသည် ယင်းကိစ္စကို အကြိမ်ပေါင်းများစွာ ပြောသည်။ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကလည်း ဆိုင်ရာဆိုင်ရာချွေးတပ်သား များအား တဖွဖွပြောပါသည်။ စမ်းချောင်းရေသောက်နေသော ချွေးတပ်သားကိုမြင်လျှင် ဂျပန်စစ်သားများက 'ခူးရား–ခူးရား'ဟု ဆဲရေးကာ ပါး၂ ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်နက်သည်။

"စမ်းချောင်းထဲကရေကို မကျိုမချက်ဘဲသောက်ရင် မင်းတို့ ရောဂါဝေဒနာဖြစ်မယ်။ မနက် အလုပ်ထဲ သွားရင် ထမင်းချက်တုန်းကကျိုထားတဲ့ ရေကျက်အေးကို ဝါးဆစ်ဘူးနှင့် ထည့်ယူသွားပါ"

စမ်းချောင်းတစ်နေရာတွင် သံဖြူဇရပ်မှယူဆောင်လာသည့် သံပုရာပိုင်းဒယ်အိုးကြီး ၂ လုံးနှင့် ထားပါသည်။

ချွေးတပ်သားများအနေဖြင့်မူ ယင်းသို့သောပိတ်ပင်တားမြစ်မှုကို အတိအကျ မလိုက်နာကြပါ။ လိုက်နာသူ

http://mmteashop.com



အလွန်နည်းပါသည်။ လစ်လျှင် လစ်သလိုလုပ်သူတွေက များပါသည်။ ခပ်စောစောအချိန်က ဟုတ်တော့မယောင် ရှိသော်လည်း၊ နောက်ပိုင်းတွင်မူ ဖရိုဖရဲဖြစ်လာကြောင်း တွေ့ရပါသည်။ နယ်ပေါင်းစုံ, အရပ်ဒေသပေါင်းစုံ မ ၁၀၀ သားတွေမဟုတ်လား။ ဒီကြားထဲ အလုပ်ဒဏ်က ဆိုးရွားကြမ်းတမ်းလှသည်မဟုတ်လား။ နေ့ပေါင်း, လပေါင်းကလည်း ကြာညောင်းလာသည့်အခါ 'ပြစ်ချင်ရာဖြစ်, သေချင်သေပါစေ'ဟု စိတ်ထားမျိုးမွေးသူတွေ များပြားလာသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကိုလည်း ကြောက်ရကောင်းမှန်း, လေးစားရကောင်းမှန်း သဘောမရှိကြတော့ပါ။ မထိမဲ့မြင် လုပ်လာကြပါသည်။ စခန်းတာဝန်ခံကိုဘစိန်က ကျွန်တော့်ကို ပြောပါသည်။

"တချို့ကိစ္စတွေမှာ မသိသလို, မမြင်သလိုလုပ်နေကွာ။ နေရာတိုင်းပြောဖို့တော့ မဖြစ်ဘူး။ အလုပ်က ပင်ပန်းလွန်းတော့ ဘယ်သူပြောတာမှ နားမထောင်ချင်ဘူး"

ဤနေရာတွင် ထမင်းရုံ (စားဖိုရုံ)အကြောင်းကို ပြောရပါဦးမည်။

စားဖိုရုံခေါ်သည့် ထမင်းချက်ရုံသည် ခပ်စောစောပိုင်းအချိန် ၆ လလောက် အတွင်းကတော့ ရေကျက်အေး သို့မဟုတ် ရေနွေးများကို ပေးနိုင်ပါသည်။ ပေးလည်း ပေးပါသည်။ မည်သည့်ချွေးတပ်သားမဆို ဖိုခွင်ပေါ်ရှိ ပွက်ပွက်ဆူနေသည့် ရေနွေးကို ကြိုက်သလောက်ခပ်ယူနိုင်ပါသည်။ သံပုရာပိုင်းဒယ်အိုးကြီးများတွင် ဖြစ်သည်။ သို့မဟုတ်ပါလည်း ကျိုချက်ပြီးသားရေအေးများကို ဖြစ်ပါသည်။

နောင်အခါတွင်မူ ယင်းကိစ္စမှာ တစ်မျိုးတစ်ဖုံ ဖြစ်လာသည်။ စားဖိုရုံမှူးသည် ယခင်အခါကလို ရေနွေးကို ဖောဖောသီသီ မပေးလိုတော့ပါ။ ပေးလည်း မပေးနိုင်တော့ပါ။ ချွေးတပ်သားများ ရေနွေးသွားယူလျှင် ဘွန်ထိုက်ချို သော်လည်းကောင်း, ဟန်ချိုသော်လည်းကောင်း လိုက်ပါရလေသည်။ သို့တိုင် အလျှံပယ် ယူလို့မရ။ တားမြစ် ပိတ်ပင်ခြင်း ပြုသည်။ အော်လားဟစ်လား ထိုးလားရိုက်လားလုပ်လေသည်။

ယင်းသို့ဖြစ်ရသည်မှာ တခြားကြောင့် မဟုတ်။ နောက်ပိုင်းတွင် ဂျပန်များက ထမင်းရုံတာဝန်ကျ ချွေးတပ်သား များကို လူလျှော့တော့သည်။ ရထားလမ်း အရေးကြီးသည်ဆိုကာ ရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုသည်။

စခန်းတာဝန်ခံကလည်း အထက်ပါအတိုင်း သတိပေးခြင်းပြုပါသည်။

စောစောပိုင်းကတော့ လိုက်နာကြပါသည်။ တောထဲတွင် ဝါးတွေကပေါတော့ လူတစ်ယောက်ဆို ဝါးဆစ်ဘူး ၂ လုံး–၃ လုံး။ လုပ်ထားသည်မှာလည်း အကျအန။ အဖုံးနှင့်, အပိတ်နှင့်။ ပခုံးသိုင်းကြိုးနှင့်။ နောက်တော့ ထည့်သောက်ဖို့ ဝါးဆစ်ခွက်နှင့်။ ယင်းဝါးဆစ်ဘူး, ဝါးဆစ်ခွက်များကို ချောမောပြေပြစ်အောင်လုပ်ဖို့ ကျားလျှာတို့, တံစဉ်းတို့, ကော်ဖတ်တို့ မလိုပါ။ ရထားလမ်းခင်းသည့် ကျောက်တုံးကျောက်ခဲများဖြင့် ပွတ်တိုက်လိုက်လျှင်ပင် မိတ်ကပ်လိမ်းခြယ်ထားသည့် အမျိုးသမီး၏ပါးပြင်အလား ချောမွတ်သွားပါသည်။

ချွေးတပ်သားများ စမ်းချောင်းရေ အစိမ်းတိုင်းသောက်ခြင်းကို ဂျပန်စစ်ဗိုလ်ယာမာမိုတိုကိုယ်တိုင်က မနှစ်ခြိုက်ပါ။ တစ်ကြိမ်တွင် ချွေးတပ်သားတစ်ယောက် စမ်းချောင်းထဲတွင် လူအလစ်ဆင်းပြီး ရေသောက်သည်။ ယင်းအပြုအမူကို ယာမာမိုတို တွေ့သွားပါသည်။

သူသည် ကျွန်တော် အထက်ကဆိုခဲ့သည့်အတိုင်း ပျော့ပျောင်းညင်သာသူတစ်ယောက် ဖြစ်ပါသည်။ အော်လား ဟစ်လား, ရိုက်လားနှက်လား ဘယ်သူ့ကိုမှ မလုပ်ပါ။ ထိုသူထိုချွေးတပ်သားကိုလည်း ဘာမှမပြုလုပ်ပါ။ ဒါပေမယ့် နောက်နေ့နံနက် အလုပ်ဆင်းရန် လူတန်းစီသည့်အခါ၌မူ၊ စခန်းမှူးကိုဘစိန်က ဤအကြောင်းကို ပြောပါသည်။ နောက်တစ်ကြိမ် ဤအပြုအမူမျိုးတွေ့ခဲ့လျှင် အပြစ်ကြီးလေးစွာ ခံရမည်ဖြစ်ကြောင်း ပြောသည်။ နောက်တော့ ဘယ်အချိန်က စိုက်ထူလိုက်သည် မသိရပါ။ စမ်းချောင်းတစ်လျှောက်တွင် 'စမ်းချောင်းရေကို လုံးဝ မသောက်ရ။

http://mmteashop.com



သောက်လျှင် အပြစ်ကြီးစွာပေးခြင်းခံရမည်'ဟူသော ဆိုင်းဘုတ်ကလေးများကို တွေ့ရပါလေသည်။

သို့ရာတွင် ယင်းသို့သောပိတ်ပင်တားမြစ်ခြင်းဆိုသည်မှာလည်း နေရာတိုင်းတော့ မဟုတ်ပါ။ အန္တရာယ်ရှိမည့်နေရာ, ဘေးဥပါဒ်ရှိမည့်နေရာများ၌သာ ယင်းသို့ တားမြစ်ပိတ်ပင်ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် အလုပ်ခွင်, အလုပ်စခန်းနှင့်အနီးကပ်ဆုံး စမ်းချောင်းနေရာများတွင် ဖြစ်ပါသည်။

ယင်းသို့သောတားမြစ်ချက်များကို တပ်ဒိန်စခန်း, အပလုံစခန်းများတွင်လည်း အချို့နေရာများ၌သာ တွေ့ရပါသည်။ အချို့နေရာများတွင် ယင်းသို့ မတားမြစ်ပါ။ အမှန်က စမ်းချောင်းရေအလျဉ်သည် တသွင်သွင်စီးဆင်းနေသည် မဟုတ်ပါလား။

ဂျပန်များနှင့် သုံ့ပန်းများမှာမူ မည်သည့်နေရာဖြစ်ဖြစ် ရေကိုကျိုချက်ပြီးမှ သောက်ကြပါသည်။ ဂျပန်စစ်ဗိုလ် ယာမာမိုတိုသည် ရေချိုးလျှင်လည်း ကျိုပြီးမှသာ ချိုးပါသည်။ သူ့အတွက် ချိုးရေကို သူ့စစ်သား ၂ယောက်က ကျိုပေးပါသည်။ တစ်ကြောင်းရှိပြန်သည်မှာ မွန်းတည့်ချိန်ဆိုလျှင် ထမင်းဟင်းကိစ္စအားလုံး ပြီးစီးနေရမည်။ ချွေးတပ်သားများ သူ့အဖွဲ့နှင့်သူ လူအရေတွက်အတိုင်း ထမင်းလာရောက်ယူချိန်တွင် ဆုတ်ဆိုင်းခြင်းမရှိ ပေးနိုင်ရမည်။ မပေးနိုင်ခဲ့လျှင် စားဖိုရုံတာဝန်ခံကို ပါးရိုက်သည်။ နားရင်းအုပ်သည်။ လူလဲပစ်သည်။

ဤတွင် အစမကောင်း အနှောင်းမသေချာသည့် မပြေမလည်မှုတွေ ဆက်တိုက် ဆက်နွယ်ဖြစ်ပေါ်လာပါသည်။ 'အချိန်မီ ထမင်းပေးနိုင်ဖို့ အဓိက၊ ရေနွေး အဓိကမဟုတ်' ဟု သဘောထားလာသည်။ ယခင်အခါက သံပုရာပိုင်းဒယ်အိုးကြီး ၁၀ လုံးလောက်ဖြင့် ရေနွေးကျိုသည်။ ယခုတော့ ဒယ်အိုး ၃ လုံးလောက်သာ ကျိုသည်။ ထိုအခါ အချို့သောချွေးတပ်အဖွဲ့သားများမှာ ရေနွေးကျက်ပြီးသား, ဆူပြီးသား ရလာသော်လည်း၊ တချို့မှာ ရေနွေးမကျက်တကျက် သို့မဟုတ်ပါ ရေအစိမ်းအတိုင်းသာ ရလာသည်။ ဤတွင် ဝမ်းဖောဝမ်းရောင်ဝေဒနာများ, ဝမ်းကိုက်ရောဂါ, အူရောင်ငန်းဖျားရောဂါများ ဖြစ်ကြရလေသည်။

နောက်တစ်ဖန် ထမင်းချက်လုပ်အားက လျော့နည်းနေသည့်အတွက် 'အချိန်မီပေးနိုင်လျှင်ပြီးရော'သဘောပိုက်လျက် ထမင်းကို နပ်အောင်မချက်တော့ပါ။ ပဲဟင်း ဆိုလျှင်လည်း ပဲကြီး,ပဲကြား စိမ်းဆတ်ဆတ် မနူးမနပ်။ ပိန်းဥ, ရွှေဖရုံသီး, ကန်စွန်းဥဆိုလျှင်လည်း ဘယ်တော့မျှ မနူးနပ်။ ဆီ, ကြက်သွန်, ငရုတ်သီး ဟူ၍ ဘယ်ခါမျှမပါ။ မနူးမနပ်ပဲကို ဆားတစ်မည်, နနွင်းတစ်မည်ထည့်ပြီး ပြုတ်ထားခြင်းသာ ဖြစ်လေသည်။

တကယ်ဆိုတော့ တောတွင်းချွေးတပ်စခန်းတိုင်းတွင် ဆီ, ငရုတ်သီး, ကြက်သွန်ဆိုသည်မှာ အလျှင်းမမြင်ရ။ မစားမသောက်ကြရပါ။ စင်စစ် ယင်းအဖြစ်သည် မဖြစ်သင့်မဖြစ်ထိုက်ဘဲ ဖြစ်ရခြင်းပါ။ မိမိတို့လူမျိုးအချင်းချင်း စာနာစိတ်ကင်းမဲ့ခြင်း, သက်ညှာစိတ်ကင်းမဲ့ခြင်း, သစ္စာ မေတ္တာခေါင်းပါးခြင်း, ခေါင်းပုံဖြတ်အမြတ်ထုတ်လိုခြင်းများကြောင့် ဖြစ်ပါသည်။

ဂျပန်စစ်ဗိုလ်တစ်ချို့သည် ဤအကြောင်းကို အတော်အတန် ရိပ်စားမိဟန်တူပါသည်။ သံဖြူဇရပ်လို စခန်းကြီးများ, ကျိုက္ခမီလို-မော်လမြိုင်လို စခန်းကြီးများမှ စခန်းမှူးကြီးများ, ချွေးတပ်စုဆောင်းရေး ချွေးတပ်ဗိုလ်များနှင့် ကြုံကြိုက်၍ စိတ်အခန့်မသင့်ဖြစ်ခဲ့လျှင် 'ဘိရုမာ-ဒရောဘာ'ဟု ဆဲရေးရေရွတ်ခြင်း ပြုတတ်ပါသည်။

ဤတွင် ကိုဘစိန်ကို ကျွန်တော် မေးမြန်းကြည့်ရပါသည်။

"ဒရောဘာဆိုတာ ဘာလဲဗျ"

"သူခိုးလို့ပြောတာကွ"

"အင်း-ကောင်းလေစွ၊ ကောင်းလေစွ။ ဘိရုမာ-ဒရောဘာ'တဲ့။

ယင်းသို့ဖြစ်ရခြင်းကိုမူ ကျွန်တော်တို့စခန်းတာဝန်ခံ ကိုဘစိန် မသိမဟုတ်၊ သိပင်သိသော်လည်း မည်သို့မျှ မတတ်နိုင်။ ကိုဘစိန်သာ မဟုတ်။ တောတွင်းရောက် စခန်းတာဝန်ခံ အားလုံးလောက်နီးနီး သိရှိကြသော်လည်း

http://mmteashop.com



ထိုကိစ္စ, ထိုအဖြစ်ကို ပြောနိုင်စွမ်းဆိုနိုင်စွမ်း မရှိကြပါပေ။ သူတို့ကိုယ်တိုင်ပင် ချွေးတပ်သားများနည်းတူ ငတ်တစ်လှည့် ပြတ်တစ်လှည့်။ ဆီ, ရေတ်သီး, ကြက်သွန် မစားရသည့်အဖြစ်ပါ။

တစ်ခုရှိသည်မှာ ကိုဘစိန်သည် သံဖြူဇရပ်ချွေးတပ်စခန်းမကြီးသို့ ရိက္ခာထုတ်သည့်ဂျပန်စစ်သားများနှင့် လိုက်ပါသွားပြီး ပြန်လာသည့်အခါ၊ သူ့အတွက် ခိုးကြောင်ခိုးဝှက်ယူဆောင်သော ရေတ်သီး, ကြက်သွန်နီနှင့် ဆီ စသည်များ အနည်းအပါး ပါရှိလာတတ်ပါသည်။ ယင်းပစ္စည်း ၃ မျိုးစလုံးသည် တောတွင်းချွေးတပ်စခန်းများတွင် ရှားပါးပစ္စည်းအဖြစ်မှကျော်လွန်လျက် 'ပျောက်ကွယ်ပစ္စည်းများ'ဟု ပြောရပါမည်။ ကိုဘစိန်က သူ ယူဆောင်လာ ရသည်မှာ မလွယ်ကူကြောင်း ပြောပါသည်။

"အတူသွားတဲ့ ဂျပန်တပ်ကြပ်ကြီးနှင့် စစ်သားတွေမမြင်အောင် မနည်းဝှက်ပြီး ယူလာရတာကွ။ ဟိုမှာ ဝယ်တော့ခြမ်းတော့လည်း ဆီလေးအစိတ်သား– ၃၀ သားနှင့် ရေတ်သီး ၄–၅–၁၀ တောင့်၊ ကြက်သွန် ၄–၅ ဥ ရမယ့်အရေး ရှိခိုးဦးတင်နှင့်ပါကွာ"

မှန်ပါသည်။ နောင်အကြိမ်, နောင်အခေါက် သွားသည့်အခါများ၌မူ ကိုဘစိန်ထံတွင် အခေါက်တိုင်း ဆီ, ရေတ်သီး, ကြက်သွန် စသည်များ ပါရှိလာသည် မတွေ့ရပါ။ 'ဘယ်လိုမျှ ဝယ်လို့မရဘူးကွ'ဟု ပြောပါသည်။ သူ့ထံတွင်ပါရှိလာတတ်သည်မှာ ကူးဝါးစီးကရက် (ဖိလစ်ပိုင်နိုင်ငံဖြစ်) ၁ ဘူးစ–၂ ဘူးစ, အင်ဖက်ရွက်ဖြင့် ထုပ်ထားသော ကြံသကာထုပ် ၂ ထုပ်–၃ ထုပ်လောက်နှင့် ဆန်ကိုပြုလုပ်ထားသည့် မရွေးမုန့်ထုပ်များ ဖြစ်ပါသည်။

ကျွန်တော်တို့စခန်းမှူးကိုဘစိန်သည် သူ့ထံတွင်ပါရှိလာသည့် ပစ္စည်းများထဲမှ ကူးဝါးစီးကရက် ၂ ဘူး– ၃ ဘူးကို သူသောက်ဖို့ချန်ထားပြီး၊ မရွေးမုန့်ထုပ်များနှင့် ကြံသကာထုပ်များကိုမူ ချွေးတပ်သားများအားတစ်ဆင့် ပြန်လည်ရောင်းချပါသည်။ ချွေးတပ်သားဆိုပေမယ့် အမှန်တော့ အလုပ်သမားချွေးတပ်သားများ မရရှာကြပါ။ နီးစပ်သော ဘွန်ထိုက်ချို, ဟန်ချိုတို့လောက်သာ ရရှိကြပါသည်။ ဒါတောင် ဆင့်ပါးစပ် နှမ်းပက် အလုအယက် ဖြစ်သည်။

(ဤနေရာတွင် ဖြည့်စွက်ပြောရန် အကြောင်းတစ်ခု လိုပါလိမ့်မည်။ ပြောမည့်အကြောင်းမှာ ချွေးတပ် အလုပ်သမားများအားလုံးသည် စခန်းမှူးမှစပြီး သာမန်အလုပ်သမားအထိ ဂျပန်များထံမှ လုပ်ခစားနားများ ရရှိကြ ပါသည်။ ၁ ပတ် ၁ ကြိမ် ရှင်းပေးပါသည်။ သူတို့ပေးသည့် ဂျပန်ငွေစက္ကူများမှာ ဝါးစိမ်းနံ့နံပြီး စက္ကူပေါ်တွင် ဝါးမှျင်တွေကပ်နေပါသည်။ ချွေးတပ်သားများသည် ဝါးဆစ်ဘူး၌ထည့်ပြီး လည်ပင်းတွင် ဆွဲထားကြသည်။ ဤအကြောင်းကို စာအုပ်ရှေ့ပိုင်းတွေ စာရေးသူ ဖော်ပြထားပြီးဖြစ်ပါသည်။

ယခုတစ်ကြိမ် အပလုံစခန်းသို့ ကျွန်တော်ရောက်ရှိခဲ့ခြင်းမှာ မီးရထားသံလမ်းဆွဲခြင်း, ဇလီဖားတုံး ချခြင်း, ဂဝံကျောက်များ ခင်းခြင်း စသောလုပ်ငန်းများအတွက် ရောက်ရှိလာခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ အဓိကကျသည့်လုပ်ငန်း ၃ ရပ်စလုံးမှာလည်း ကျွန်တော်တို့ အရပ်သားချွေးတပ်သားများလုပ်ကိုင်ရသည့် အလုပ် များတော့ မဟုတ်ပါ။ ဂျပန်များနှင့် သုံ့ပန်းစစ်သားများ ပူးပေါင်းလုပ်ကိုင်ကြခြင်းသာ ဖြစ်ပါသည်။ ဂျပန်များဘက်က ကြည့်လျှင် စစ်ဗိုလ် ယာမာမိုတိုသည် ဦးဆောင်ဦးရွက်ဖြစ်ပါသည်။ သုံ့ပန်းများဘက်ကဆိုလျှင် သုံ့ပန်းစစ်ဗိုလ်သည် ဦးစီးခေါင်းဆောင်ဖြစ်ပါသည်။ ကျွန်တော့်အမြင်တော့ ဒီလိုပဲမြင်ပါသည်။

အလုပ်ထဲရောက်သည့်အခါ ယာမာမိုတိုသည် မြေပုံစာရွက်လိပ်ကို သူ့လက်ထဲ ဆုပ်ကိုင်ထားပါသည်။ မြေပုံစာရွက်လိပ်ကို မကြာခဏဖြန့်ကာ သုံ့ပန်းစစ်ဗိုလ်နှင့် နှီးနှောတိုင်ပင်သည်။ နောက်တော့ ရထားလမ်း၏ ရှေ့တူရူအဝေးအလုမ်းဆီသို့ အသင့်ချထားသောမှန်ပြောင်းနှင့် ကြည့်သည်။ တစ်ခါတစ်ခါတွင် ယာမာမိုတို၏ ခွင့်ပြုချက်အရ။ သို့မဟုတ်လည်း တိုက်တွန်းချက် ညွှန်ကြားချက်အရ။

http://mmteashop.com



ထို့နောက်တော့ ခင်းထားသည့်ဇလီဖားတုံးများကို အချိုးကျရှိ၊မရှိ ဂျပန်စစ်ဗိုလ်ရော သုံ့ပန်းစစ်ဗိုလ်ပါ ၂ ဦးစလုံး အစေ့အစပ်လိုက်လံကြည့်ရှုခြင်းပြုကြပါသည်။ ထိုအချိန်တွင် သုံ့ပန်းစစ်သည်များအားလုံးပင် မိမိတို့ဆိုင်ရာ လက်နက်ကိရိယာများကိုကိုင်ဆောင်ကာ ရထားလမ်း၏ ဘေးတစ်ဘက်တစ်ချက်တွင် စနစ်တကျ ရပ်နေကြပါသည်။ လက်နက်ကိုင်ဂျပန်စစ်သားများနှင့် တပ်ကြပ်ကြီးယောကုဝတို့လူစုလည်း အနီးတစ်ဝိုက်၌ ရှိနေကြလေသည်။

အားလုံးအဆင်ပြေ အချိုးကျသွားသည့်အခါ သုံ့ပန်းစစ်ဗိုလ်က သူ့လူများကို လက်မြှောက်အချက်ပေးလိုက်ပါသည်။ ဤတွင် စောစောက လက်နက်ကိရိယာ တစ်စုံတစ်ရာမကိုင်ဆောင်ဘဲ လူချည်းသက်သက်ရပ်နေသော သုံ့ပန်းစစ်သားများက သံလမ်းကို ဇလီဖားတုံးပေါ် တင်လိုက်ကြသည်။ တစ်ဖန် နောက်သံလမ်းတစ်ခုကို တင်ကြပြန်ပါသည်။ ထိုကိစ္စပြီးသည့်အခါ စစ်ဗိုလ် ၂ ဦးစလုံးသည် ပေကြိုးများဖြင့် သံလမ်းတစ်ခုနှင့်တစ်ခု၏ အကွာအဝေးကိုတိုင်းထွာခြင်း၊ လမ်းပြေးညီမညီ၊ ဖြောင့် မဖြောင့်ကြည့်ခြင်း၊ ဇလီဖားတုံးများငြိမ်သက်မှု ရှိမရှိစစ်ဆေးခြင်း စသည်များကို အပြန်ပြန်အလှန်လှန် အကြိမ်ပေါင်းအတော်တော်များများ ပြုလုပ်ကြပါသည်။

စိတ်တိုင်းကျပြီဆိုလျှင် ဂျပန်စစ်ဗိုလ် ယာမာမိုတိုသည် ရထားသံလမ်းဘေးတစ်နေရာတွင် ရပ်လိုက်သည်။ သုံ့ပန်းစစ်ဗိုလ်ကမူ သူ့လူသုံ့ပန်းများအား တစ်စုံတစ်ရာကို အသေးစိတ်ညွှန်ကြားပြောဆိုခြင်း, ညွှန်ပြခြင်း ပြုသည်။ နောက်တော့ သူကိုယ်တိုင်က မီးရထားသံလမ်း ၂ ခုကြား ထိပ်တစ်နေရာ၌ သွားရောက်၍ထိုင်သည်။ သူထိုင်သည်မှာ မှဆိုးဒူးထောက်ထိုင်ပုံထိုင်နည်း ဖြစ်ပါသည်။

ယင်းသို့ သုံ့ပန်းစစ်ဗိုလ်၏လှုပ်ရှားမှုအချိန်အတွင်းမှာပင် သူတို့၏ခါးစောင်းလောက်အရှည်ရှိသည့် လွှန်ပူကြီးများကိုင်ဆောင်ထားသော သုံ့ပန်းစစ်သားများသည် သံလမ်းတစ်ဘက်တစ်ချက်တွင် ၆ ဦးကျနေရာယူပြီး အသင့်ဖြစ်နေကြပါသည်။ သူတို့၏လွှန်ပူများကိုလည်း မူလကသတ်မှတ်ပေးထားသော ဇလီဖားတုံးများပေါ်၌ တင်စိုက်ထားပြီးဖြစ်လေသည်။

နောက်တော့ သုံ့ပန်းစစ်ဗိုလ်သည် ဒူးထောက်ထိုင်ရာမှနေလျက် သူ့လူများ လွှန်ပူထိုးစိုက်ထားသည်ကို ညီမညီ, တည့်မတည့်ကြည့်သည်။ မျက်လုံးကို တစ်ဘက်ပွင့် တစ်ဘက်မှိတ်ကြည့်သည်။ အပြန်ပြန် အထပ်ထပ် ကြည့်ရှုသည်။

ယင်းသို့ ကြည့်ရှု၍ စိတ်တိုင်းကျဖြစ်သည့်အခါ သူ့ညာလက်ကို အထက်သို့ မြှောက်လိုက်ပါသည်။ လက်ညှိုးကို တန်းတန်းမတ်မတ် ထောင်ထားပါသည်။ ထို့နောက် လက်ညှိုးကို ခရုပတ်ဝိုင်းပတ်ပြပါသည်။ ဤလို လက်ညှိုးကို ကွင်းပတ်ပြနေသမျှတော့ လွှန်ပူသမားများကလည်း ဇလီဖားတုံးပေါ်တွင် လွှန်သွားဖြင့် ထိုးဖောက်နေကြပါသည်။ သံလမ်းနှင့် ဇလီဖားတုံးကိုကုပ်တွယ်ဖို့ သံစို့ကြီးများရိုက်သွင်းရန် သံစို့ပေါက်ဖောက်ခြင်းပင် ဖြစ်လေသည်။

ယင်းသို့ဖြင့် အနေတော်ပြီ, အလောတော်ဖြစ်ပြီဆိုသည့်အခါ လွှန်ပူကြီးများကို စနစ်တကျ တစ်ရစ်ချင်း တစ်ရစ်ချင်း ပြန်လှည့်ထုတ်ကြရသည်။ ထို့နောက်တော့ ဖောက်ထားသည့်နေရာတွင် သံစို့ကြီးများစိုက်သွင်းပြီး ကြီးမားသော သံတူများနှင့် အချက်ညီညီ ရိုက်နက်သွင်းကြပါသည်။ ဤအခါတွင် သံစို့ရိုက်နှက်သည့် တူကိုင်သမားများမှာ စောစောတုန်းက လွှန်ပူဖောက်သည့်စစ်သုံ့ပန်းများ မဟုတ်ကြပါ။ တစ်ခြားစီ တစ်ကန့်စီ ဖြစ်ပါသည်။

သံလမ်းဆွဲခြင်း, တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် ဂျပန်များဘက်က အတတ်နိုင်ဆုံး စေ့စပ်သေချာချင်သလို၊ စစ်သုံ့ပန်းများဘက်ကလည်း အလိုက်လျောနိုင်ဆုံး စေတနာစိတ်ကောင်းထား၍ လုပ်ကိုင်ဆောင်ရွက်သည်ဟု ယူဆရပါသည်။ ဤနေရာတွင် သုံ့ပန်းစစ်ဗိုလ်၏လှုပ်ရှားဆောင်ရွက်မှုသည် 'စံ'တစ်ခုဖြစ်ပါသည်။ ပြစ်ဒဏ်နှင့် စေတနာသည် ဤနေရာတွင် တစ်သီးတစ်ခြားစီဖြစ်တန်ရာပါသည်။

စင်စစ် ပြစ်ဒဏ်ကို ကြောက်ရွံ့ထိတ်လန့်၍ လုပ်ကိုင်ပေးရခြင်းမျိုးမဟုတ်ဘဲ၊ ဝတ္တရားအရ စေတနာထား၍

http://mmteashop.com



လုပ်ကိုင်ဆောင်ရွက်ခြင်းသဘောမျိုးများသည် ဤထိုင်း–မြန်မာမီးရထားလမ်းဖောက်လုပ်မှုတွင် သာဓကတွေ့, ပြယုဂ်တွေ များစွာရှိခဲ့ပေသည်။

စစ်သုံ့ပန်းများသာ မဟုတ်ပါ။ မြန်မာချွေးတပ်သားများ ကိုယ်တိုင်မှာလည်း ယင်းသို့သော စေတနာစိတ်ထားရှိမှုကို အစောပိုင်းအချိန်က တွေ့ရှိရပေသည်။ ခပ်စောစောပိုင်းအချိန်ကတော့ မြန်မာချွေးတပ်သား အားလုံးလိုလိုပင် ညီညာထကြွရှိကြပါသည်။ လူအတော်များများသည် ဤရထားလမ်းတွင် အလုပ်သမားအမြောက်အမြားလိုအပ်သဖြင့် မိမိကိုယ်မိမိ အလုပ်လုပ်ရန် လာရောက်သူအဖြစ်, ရထားလမ်းအလုပ်သမားအဖြစ်ဟု ယူဆရင်းရှိခဲ့ကြပေသည်။ အတင်းအကျပ်ဖမ်းဆီး၍ ခေါ်ဆောင်လာခြင်းခံရသူများလည်း မရှိမဟုတ်။ ရှိပါ၏။ သို့ရာတွင် တစ်ဘက်က ချွေးတပ်သားစုဆောင်းရေးဆိုင်ရာ ဂျပန်စစ်ဗိုလ်, မြို့ပိုင်, နယ်ပိုင် စသော အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ပြီးစလွယ်ပြီးပြီးရောစကားများကလည်း မစားရဘဲနှင့် စားပိုးနင့်သွားလောက်ပါပေသည်။

“ဟိုမှာက အစားအသောက်ဆို သိပ်ကိုပေါတယ်။ အဝတ်အထည်ဆိုလည်း ဘန်ကောက်ယူမလား, ဇင်းမယ်ယူမလား။ ကြိုက်တာရတယ်။ နောက်ပြီး ကိုယ့်အိမ်ကို တစ်လ စာ ၂ ခါထည့်နိုင်တယ်။ တကယ်လို့ မပျော်ဘူးဆိုရင် ၃ လပြည့်တော့ပြန်နိုင်တယ်။ ဒီထက်ကောင်းတာ ဘာရှိသေးသလဲ”

“နောက်ဆုံးကွာ။ ရထားလမ်းလည်း ပေါက်သွားပြီ။ ကိုယ်ကိုယ်တိုင်ကလည်း အလုပ်ကြိုးစားတယ်ဆိုရင် အမြဲတမ်းအလုပ်သမား ဖြစ်သွားမှာပေါ့။ အဲဒီတော့ ကိုယ့်သားကိုယ့်မယား ခေါ်ယူပေါ့” -

အမှန်တော့ ထိုအချိန် ထိုအခါသမယက မြန်မာနိုင်ငံတွင် အလုပ်အကိုင်ရှားပါးလှသည်။ လခစားအလုပ်မှာ ပို၍ပင် ရှားပါးခက်ခဲလှသည်။ စစ်အတွင်း စစ်ကာလဖြစ်သောကြောင့်လည်း ဝေးမသွားသည့်တိုင် အစားအသောက် ရှားပါးလေသည်။ အဝတ်အထည်ဆိုသည်မှာလည်း ဟိုယခင် ဗြိတိသျှများအုပ်ချုပ်စဉ်ကလို ငွေကြေးပေးဝယ်လို့ပင် ဝယ်တိုင်းမရပါ။ အဝတ်အထည်ရှားပါးမှုကြောင့် လူတိုင်းလိုလို သန်းကြီးမတွေတွယ်ကုန်သည်။

မည်သို့ဆိုစေ၊ ဤလိုအဟောအပြောမျိုး, ဤလို သွေးဆောင်ဖြားယောင်းမှုမျိုးများဖြင့်စတင်ခဲ့သော်လည်း တောတွင်းချွေးတပ်အလုပ်စခန်းများ၌မှာမူ ခါးသီးဆိုးရွား ကြမ်းတမ်းရက်စက်သော ရင်ဆိုင်ရမှုများကြောင့် လူပေါင်း မြောက်မြားစွာတို့ သေကျေပျက်ပြုန်းလျက် ဤမီးရထားလမ်းမှာလည်း ဤမျှလောက် နာမည်ဆိုးထွက်ခဲ့ရခြင်းပင် ဖြစ်လေသည်။

ထိုအကြောင်းနှင့် ဆက်နွှယ်လျက် စာရေးသူ အမှတ်ရနေသည့်အဖြစ်တစ်ခု ရှိပါသည်။ ဝမ်းနည်းစရာလား, ရယ်စရာလား မပြောတတ်။

ဘုရား ၃ ဆူစခန်းတွင် ညဦးပိုင်းတစ်ည အိပ်ရာမဝင်ကြသေးဘဲ မီးပုံဘေးတွင် ဝိုင်းဖွဲ့နေကြခိုက် ပန်းတနော်နယ်မှ လယ်သမားကြီး ဘကြီးဦးချစ်မြိုင်က ကျွန်တော့်ကို စကားတစ်ခွန်း ကောက်ခါငင်ကာပြောလိုက်ပါသည်။

“မပျော် ၃ လဆိုတာက အလုပ်လုပ်ဖို့ကို ပြောတာမဟုတ်ဘူး ဆရာလေးရ။ ဝဲပေါက်တာ ပြောတာဗျ။ ကြည့်ပါလား။ ကျုပ်ကိုယ်ပေါ် ဒီရောက်မှ ပေါက်တဲ့ဝဲတွေ။ ၁ နှစ်ကျော်နေပြီ။ ခုထိ မပျောက်သေးဘူး”

စင်စစ်တော့ ဘကြီးမြိုင်တစ်ယောက် တောတွင်းစခန်းသို့ရောက်ခဲ့သည်မှာ ၁ နှစ်ကျော်သွားပေပြီ။ စကားထဲက ဓာတ်ပေါ်နေပြီ မဟုတ်လား။ လူအတော်များများသည် ဘကြီးမြိုင်နည်းတူပင် ၁ နှစ်ကျော်သမားချည်းဖြစ်လေသည်။

သုံ့ပန်းစစ်သားများ လုပ်ကိုင်ရပုံနှင့် ယင်းတို့၏အလုပ်တာဝန်, ယင်းတို့၏ဆောင်ရွက်လှုပ်ရှားရပုံများကို အထက်တွင် တင်ပြခဲ့ပါသည်။ ယင်းသို့ သုံ့ပန်းများဆောင်ရွက်လုပ်ကိုင်နေခိုက်တွင် အရပ်သားချွေးတပ်သားများ၏ လုပ်ကိုင်ဆောင်ရွက်ရပုံများ၊ သုံ့ပန်းနှင့် အရပ်သား မည်သို့မည်ပုံ ဂျပန်များက စည်းခြားသတ်မှတ်ထားသည် ဆိုသည်ကိုလည်း ဆက်လက်၍တင်ပြပါမည်။

http://mmteashop.com



ယခု စာရေးသူတင်ပြနေသည်မှာ အပလုံစခန်းသို့ တတိယအကြိမ်ရောက်ရှိစဉ်က အကြောင်းရပ်များဖြစ်ပါသည်။

သံ့ပန်းစစ်သားများက ဤလို ဇလီဖားတုံးချခြင်း, သံလမ်းဆွဲခြင်း စသောအလုပ်များ လုပ်ကိုင်နေရခိုက်တွင် အရပ်သားချွေးတပ်သားများသည် ကျောက်ထုကျောက်ခွဲရခြင်း, ကျောက်တောင်များကို ဒိုင်းနမိုင်းဖောက်ခွဲရန်အတွက် အခေါင်းပေါက်ဖောက်ရခြင်း (စနက်တံနှင့် ယမ်းပျော့ထည့်ရန် ဖြစ်သည်။)သစ်ပင်ကြီးများကို ခုတ်လှဲ၍ ရထားမီးထင်းအတွက် ဖြတ်တောက်ရခြင်း, ပြီးလျှင် ရထားလမ်းဘေး ဂျပန်များသတ်မှတ်ပေးထားသောနေရာတွင် ထင်းလဲပုံများဖွဲ့ခြင်း ပြုရပါသည်။

ကျောက်ထုကျောက်ခွဲရသော ချွေးတပ်သားများမှာလည်း ထင်းဖြတ်ရသော အဆိုင်းအဖွဲ့များနည်းတူပင် ရထားလမ်းဘေးတွင် ကျောက်ကျင်းဖွဲ့လျက် စုပုံခြင်းပြုကြရပါသည်။ ယင်းအလုပ်များကို လုစုခွဲလျက် မိမိတို့အဆိုင်းနှင့် မိမိတို့ လုပ်ကိုင်ကြရလေသည်။ အလုပ်သမားအဆိုင်းကို ဘွန်ထိုက်ချို, ဟန်ချိုများက သင့်တော်သလို စီမံခန့်ခွဲ၍ ဖွဲ့စည်းပေးကြရပါသည်။ ထင်းအလံပုံစံ, ကျောက်ကျင်းပုံစံ စသည်များကိုမူ ဂျပန်တပ်ကြပ်ကြီးများနှင့် ဂျပန်စစ်သားများက သတ်မှတ်ပေးခြင်းဖြစ်သည်။ ညနေ ၅ နာရီဆိုလျှင် ထင်းပုံများကိုလည်း ဂျပန်က ပေကြိုးတိုင်းသည်။ ကျောက်ကျင်းများကိုလည်း ပေကြိုးတိုင်းသည်။ ပေမမိပေမပြည့်လျှင် သေပြီသာမှတ်။

ယင်းသို့ချတ်ယွင်းမှုကြောင့် ထုထောင်းကန်ကျောက် ရိုက်နှက်ခြင်းပြုသည့်အခါတွင်မူ သာမန်အလုပ်သမားချွေးတပ်သားအဖွဲ့အဆိုင်းများကိုသာ အပြစ်ပေးခြင်း မဟုတ်တော့ပေ။ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများကိုလည်း လူကုန်တန်းစီ၍ ရပ်စေပြီး၊ လက်သံပြောင်ပြောင်နှင့် ပါးနားကို ဘယ်ပြန်ညာပြန် နှက်လေသည်။ နောင်အခါတွင်မူ လက်ဖြင့် မရိုက်မနှက်တော့ပါ။ ဝါးတွေကပေါတော့ ဝါးရင်းတုတ်နှင့်ရိုက်နှက်ခြင်းပြုလေသည်။ .

နောက်တစ်ခုရှိသည်။ တစ်ခြားမဟုတ်။ ကျောက်တောင်ကြီးများကို သံတူရှင်းကြီးများ, သံတူကြီးများဖြင့် အပေါက်ဖောက်သူများ ဖြစ်သည်။ ထိုသူ ထိုအဆိုင်းများကိုမူ နံနက်ကတည်းကပင် အတိုင်းအထွာအဖြစ် ဝါးချောင်းကလေးများ ပေးထားပါသည်။ ၁ ပေခွဲခန့် ဖြစ်သည်။ ညနေ ၅ နာရီထိုးလျှင် သတ်မှတ်ပေးထားသည့် ကျောက်တောင်နေရာတွင် ယင်းအတိုင်းအထွာရှိသည့် တွင်းပေါက်တစ်ခု ဖြစ်နေရပေမည်။ ပေမမီ ဒေါက်မမီဖြစ်နေလျှင် သူတို့လည်း မသက်သာ။ အရိုက်အနှက် ခံကြရလေသည်။

ယင်းသို့ နောက်ပိုင်းအလုပ်များကို လုပ်ကိုင်ရသောအချိန်၌မူ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများမှာ ကပ်သင့်လာပါတော့သည်။ ခပ်စောစောပိုင်းအချိန်များက တုတ်တစ်ချောင်း လက်မှာကိုင်ပြီး ချွေးတပ်သားများအပေါ်တွင် ပါးစပ်က အော်ဟယ်ဟစ်ဟယ်နှင့် ကြိမ်းမောင်းရေရွတ်လျက် ဟိုယောင်ယောင်ဒီယောင်ယောင် အမိန့်ပေးစေခိုင်းခဲ့သော်လည်း၊ ယခုနောက်ပိုင်းတွင်မူ သတ်မှတ်ပုံစံမပြည့်ခဲ့သော် ဂျပန်များက ဟန်ချို, ဘွန်ထိုက်ချိုများကိုပါ အလုပ်ကိုဝင်ရောက်၍ လုပ်ကိုင်စေခြင်း၊ ထိုးကြိတ်ရိုက်နှက်ကန်ကျောက်ဆဲရေးခြင်း၊ ကညင်ဆီမီးတိုင်များ, ဝါးစည်းမီးတိုင်များ ထွန်းညှိစေကာ မှောင်ရီသည့်အချိန်အထိ, လုပ်ငန်းတာဝန်ကိုပြည့်မီသည်အထိ စေခိုင်းခြင်းပြုလေသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချို, ဟန်ချိုများမှာ စောစောပိုင်းအချိန်များကလို ပေါ့ဆဆပြောလို့ဆိုလို့ မဖြစ်ကြတော့ပါ။ လေးလေးနက်နက် ဖိဖိစီးစီးဖြင့် ပြောဆိုကြပ်မတ်လာကြပါသည်။ တချို့သောဘွန်ထိုက်ချို, ဟန်ချိုများသည် သူတို့ကိုယ်တိုင် အလုပ်ကို အထိုက်အလျောက် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ တချို့သော ဘွန်ထိုက်ချို, ဟန်ချိုများသည် ချွေးတပ်သားများအား ဆဲဆိုရိုက်ပုတ်ခြင်းများကို ပြုလုပ်လာကြပါသည်။ ကမ္ဘာမီးလောင်သော်သားကောင်ချနင်း ဆိုသည့်သံဘောမျိုး ဆိုရပါမည်။ မည်သို့ဆိုစေ၊ ချွေးတပ်သားခများများမှာမူ ခံရဘက်ကချည်း ဖြစ်လေသည်။

http://mmteashop.com



သူတို့ဘဝသည် ဂျပန်ကိုလည်း ကြောက်ရ၊ ဟန်ချီ၊ ဘွန်ထိုက်ချီကိုလည်း ကြောက်ရနှင့် သစ် ၂ ပင် ကြားပေါက်သော ဝါးပင်ငယ်အလားပါတကား။

ယင်းသို့ဖြစ်ရသည့်အဖြစ်ကို အလေးအနက် သုံးသပ်စိစစ်ကြည့်ပါလျှင် လွန်စွာမှ ရင်နင့်စရာ ကောင်းပါသည်။ ချွေးတပ်သားများသည် အလုပ်တာဝန်ကို မလေးစား၍၊ မကျိုးနွံ၍တော့ မဟုတ်ကြပါ။ သူတို့သူတို့တွင် အားအင်များ ဆုတ်ယုတ်ကုန်ခန်းနေပါလေပြီ။ ပေါက်တူးတစ်ချက် ပေါက်ရခြင်း၊ တူတစ်ချက် ထုနက်ရခြင်း၊ လွှတစ်ချက် ဆွဲရခြင်းတို့သည် သူတို့သူတို့အနေဖြင့် ကြီးမားသောအားထုတ်ရမှု ဖြစ်ပါသည်။ လွန်စွာမှ ပင်ပန်းလှလေသည်။ တကယ်ဆိုတော့ သူတို့ကို အနားပေးဖို့ကောင်းနေပါပြီ။ ကျွန်တော့်ရှေ့မှမြင်ကွင်းသည် တစ်ခုသောလောကငရဲပင် ဖြစ်ပါသည်။ ဤအနိဋ္ဌာရုံ၏တရားခံသည် 'စစ်မက်'ဖြစ်ကြောင်း အစက ကျွန်တော် သဘောမပေါက်ခဲ့ပါ။

နောက်ပိုင်းလုပ်ကိုင်ရသော အလုပ်များသည် စောစောပိုင်းအလုပ်များလောက် ကြမ်းတမ်းခက်ထရော်ခြင်း မရှိကြောင်းကိုမူ ရိုးသားစွာဝန်ခံရပါမည်။ သို့ရာတွင် တစ်ခုခက်သည်မှာ လူအင်အားပြဿနာပင် ဖြစ်သည်။ တစ်နည်းပြောရလျှင် လုပ်အားပြဿနာ ဖြစ်လေသည်။

တောတွင်းချွေးတပ်စခန်းများတွင် ယခင်စောစောပိုင်းအချိန်တုန်းကလို လူအင်အား မကောင်းတော့ပါ။ ၁၀ ပုံ ၁ ပုံ၊ ၁၄ ခိုင် ၁ ခိုင်နှုန်းလောက်မျှသာ ကျန်ရှိပါတော့သည်။ သေကျေပျက်စီးကုန်ကြပြီ မဟုတ်ပါလား။ ထိုအတွင်းက 'ယက်သဲ့ကြား ငါးတင်၊ တင်သည့်ငါး ကြောင်စား'ဆိုသည့်နယ် ကျန်ရှိသူ ချွေးတပ်သားအများစု မှာလည်း အားအင်များကုန်ခန်းပြီး လေပြင်းပြင်းတိုးလိုက်လျှင်ပင် လဲတော့မည်အလားဖြစ်သည်။

လယ်ထဲ၊ ကိုင်းထဲ၊ ယာထဲတွင် ကျွဲနှင့်နွားနှင့် ဖက်ရုန်းခဲ့ကြသော ယောကျ်ားရင့်မာကြီးများလည်း မခံနိုင်ပါ။ စက်ရုံကြီးများ၊ အလုပ်ရုံကြီးများ၊ ဆိပ်ကမ်းကြီးများတွင် ဒေါင်းတင်မောင်းတင် အားကောင်းမောင်းသန် ယောကျ်ား ဘသားကြီးများလည်း ကြာတော့ မခံနိုင်ပါ။ အသက်ရှင်လျက် နာနာရုပ်အရိုးစုတွေလို ဖြစ်လာကြပါသည်။

ထို့ကြောင့်လည်း ဘွန်ထိုက်ချီ၊ ဟန်ချီများအနေဖြင့် အလုပ်သမားအဆိုင်းများဖွဲ့စည်းခြင်း ပြဿနာအခါ များစွာ သတိထားကြရလေသည်။ လူ ၁၀ ယောက်စုဖွဲ့လျှင် ထို ၁၀ ယောက်တစ်စုတွင် အတော်အတန်လုပ်နိုင် ကိုင်နိုင်သေးသူချည်း မဖြစ်ဖို့ အရေးကြီးသလို၊ တစ်ဖွဲ့တည်းတွင် ခရမ်းသီးပိန် ဖားတုံးကြီးတွေချည်း မဖြစ်ဖို့လည်း လိုလေသည်။

နောက်ပိုင်းအချိန်တွင် ချွေးတပ်ဖွဲ့စည်းမှုဆိုသည်မှာလည်း စောစောပိုင်းအချိန်ကလို စနစ်ဇယားကျကျ မဟုတ်တော့ပါ။ အစကနည်းကတော့ သူ့ဒေသနှင့်သူ၊ သူ့မြို့နှင့်သူ၊ သူ့ခရိုင်နှင့်သူ ဖြစ်သည်။ ဘွန်ထိုက်ချီ တစ်ယောက်၏ လက်အောက်တွင် ဟန်ချီ ဘယ်နှစ်ယောက်၊ ဟန်ချီတစ်ယောက်၏ လက်အောက်တွင် ချွေးတပ်သား အရေအတွက် မည်ရွေ့မည်မျှ စသည်ဖြင့် ဖြစ်သည်။ ယခုနောက်ပိုင်း၌မူ ယင်းစနစ်သည် လုံးဝပျက်သွားလေသည်။ ရရာလူ၊ ရရာမြို့၊ ရရာခရိုင်၊ ရရှိရာ ဘွန်ထိုက်ချီ-ဟန်ချီတို့ဖြင့် ဖြစ်သလိုဖွဲ့စည်းလုပ်ကိုင်ကြရလေသည်။

ဦးခေါင်းတစ်လုံး၊ လက် ၂ ဖက်၊ ခြေ ၂ ချောင်းရှိခဲ့လျှင် တောတွင်းချွေးတပ်စခန်း၌ ထိုလူသည် ချွေး တပ်သား ဖြစ်လေ၏။ ဂျပန်မာစတာတို့လည်း ဘယ်လိုမျှ ကြီးကြီးကျယ်ကျယ်ပြောလို့ မဖြစ်တော့ပါ။ ဖြစ်သလို နည်းနှင့် မီးရထားလမ်းကြီးပြီးစီးဖို့သာအဓိက ဟူသောဆုံးဖြတ်ချက်။

ယင်းသို့သောအခြေအနေ၊ ယင်းသို့သောအကြောင်းများကြောင့်လည်း အကျိုးဆက်တစ်ခု ပေါ်ထွက်ခဲ့သည်။ ထိုအကျိုးဆက်ကား တခြားမဟုတ်ပါ။ ချွေးတပ်သားတစ်ဦးတစ်ယောက် သေဆုံးခဲ့လျှင် မည်သူမည်ဝါ၊ မည်သည့် ဒေသ၊ မည်သည့်အရပ်က ဟူ၍ မေးမရမြန်းမရ၊ ပြောနိုင်သူမရှိ ဖြစ်ရလေသည်။

တစ်ဖန် ယင်းအကြောင်းနှင့်ဆက်နွယ်ကာ ရပ်ရွာတွင်ကျန်ရှိရစ်သော ၎င်းတို့နှင့်ပတ်သက်သည့် မိဘ၊ ညီအစ်ကို မောင်နှမ၊ သားမယား၊ သားသမီးအစရှိသူများကလည်း သေလို့မှ သေမှန်းမသိကြရှိကြပါ။ စစ်ကြီး

http://mmteashop.com



ပြီးသည့်နောက် အချိန်ကာလအတန်ကြာမြင့်သည့်တိုင် လူလည်း ပြန်မလာ, သတင်းလည်း တစိုးတစိမကြားရ တော့မှပင် 'သေပြီ'ဟု သဘောပိုက်ကြလေသည်။ သို့ရာတွင် ယင်းတို့နှင့်ပတ်သက်သူသည် အမှန်သေပြီဟုဤကား ၎င်းတို့ကိုယ်တိုင်မှာလည်း အတပ်ပြောနိုင်သည်တော့ မဟုတ်ပေ။ အချိန်ကာလကြာညောင်းသည့်တိုင်အောင် ပြန်ရောက်မလာခြင်းကြောင့်သာ 'သေပြီ'ဟု ယူဆလိုက်ကြခြင်း ဖြစ်ဟန်တူပါသည်။

တစ်ဖန် ယင်းအကြောင်းနှင့်ဆက်စပ်ကာ စိတ်ဝင်စားဖွယ်, စဉ်းစားဖွယ်ကောင်းသည့်အဖြစ်တစ်ရပ်ကို လည်း စာရေးသူ ကြုံခဲ့ဖူးပါသည်။

၁၉၅၈ ခုနှစ်အတွင်းက ဖြစ်ပါသည်။ ယင်းနှစ် ဧပြီလအတွင်းက စာရေးသူသည် 'ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး'၏ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မွန်ပြည်နယ်ဘက်သို့ရောက်ရှိခဲ့ပါသည်။ အကြောင်းမှာ မော်လမြိုင်မြို့တွင်ကျင်းပပြုလုပ်သည့် 'မွန်ယဉ်ကျေးမှု ညီလာခံ'တက်ရောက်ရန် ဖြစ်ပါသည်။

သို့ဖြင့် ညီလာခံရက်များ ပြီးဆုံးသည့်နောက်ပိုင်းတွင် စာရေးသူနှင့် အဖော်တစ်ယောက် (ဦးလှသောင်း- ပြည်တော်သစ်ဂျာနယ် အယ်ဒီတာချုပ်)တို့ ကျိုက္ခမိဘက်သို့ ခရီးဆက်ခဲ့ကြသည်။ ရေလယ်ဘုရားကို ဖူးမြော်ရန်နှင့် ကျိုက္ခမိဆားလုပ်ငန်းနှင့် ငါးလုပ်ငန်းများကိုလေ့လာရန် ရည်ရွယ်ချက်နှင့် ဖြစ်လေသည်။

တစ်ည ရေလယ်ဘုရားတန်ဆောင်းတွင် ကျွန်တော်တို့အနားယူနေခိုက် ကရုပ္ပိရွာမှ မွန်အမျိုးသားကြီး ၃ ယောက်နှင့် စကားလက်ဆုံကျကြပါသည်။ ကျွန်တော်တို့၏စကားထဲတွင် စပ်မိစပ်ရာဆိုသလိုပင် ထိုင်း-မြန်မာ မီးရထားလမ်းအကြောင်း ပါဝင်လာပါသည်။ ဤတွင် မွန်အမျိုးသားကြီးများက အောက်ပါအတိုင်း ပြောပြ ပါသည်။

"အဲဒီ မီးရထားလမ်းက လူ ၅ ယောက်ဟာ ကျုပ်တို့ရွာ ရောက်လာတာပေါ့။ ဂျပန်လက်က ထွက်ပြေး လာတာ။ လူ ၂ ယောက်ဆိုရင် ခါးမှာ ပုဆိုးမပါဘူး။ ဂုန်နီအိတ် ပတ်ထားတယ်။ ၃ ယောက်ဟာ ရွာရောက်ပြီး ဘာမှ မကြာပါဘူး။ သေသွားတယ်။ ၂ ယောက်ကတော့ ကျုပ်တို့ရွာက ဆေးဝါးကုသပေးလို့ ကျန်းမာလာတယ်။ အဲဒီ ၂ ယောက်ဟာ သူတို့ရပ်ရွာဒေသ မပြန်တော့ဘူး။ ကျုပ်တို့ရွာမှာပဲ အိမ်ထောင်ရက်သားကျပြီး လုပ်ကိုင် စားသောက်နေကြတယ်။ သားသမီးတွေတောင် ရနေကြပြီး ၂ ယောက်စလုံးဟာ ဟိုအထက်အရပ် ဆင်ဖြူကျွန်း နယ်ဘက်ကလို့ ပြောတယ်"

တစ်ဖန် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့်အတူ ချောင်းဆုံကမ္ဘာငြိမ်းချမ်းရေးညီလာခံ တက်ရောက်စဉ် ကလည်း ချောင်းဆုံမှ သခင်ကျော်စိန်နှင့် မုရစ်ကြီးရွာမှ သခင်အောင်ဒွေးတို့က ကျွန်တော်နှင့် ဆရာဦးဘဝင်း (လင်းယုန်ဘဝင်း၊ ကွယ်လွန်)တို့အား အောက်ပါအတိုင်းပြောပြဖူးပါသည်။

"ချွေးတပ်ပြေးတွေဟာ ကျုပ်တို့ဒေသဘက်လည်း ရောက်လာကြတာပဲဗျ။ တချို့လည်း မကျန်းမမာဖြစ် လာတော့ သေကုန်ကြတယ်။ တချို့တော့လည်း သူတို့ရပ်ရွာ အရောက်ပြန်မယ်ဆိုပြီး ရှေ့ခရီးဆက်ကြတာပဲ။ တချို့တော့လည်း ကျုပ်တို့ရပ်ရွာမှာသောင်တင်ပြီး အိမ်ထောင်ရက်သားကျပြီး သားသမီးတွေ, မြေးတွေတောင် ရနေကြပြီပဲ"

ထိုင်း-မြန်မာမီးရထားလမ်းဖောက်လုပ်မှုကို အကြောင်းပြုလျက် ယင်းကဲ့သို့သော ရင်ကွဲကွဲရသည့်အဖြစ် များမှာလည်း များစွာပင်ရှိခဲ့လေသည်။ စစ်ကြီးပြီးဆုံး၍ စာရေးသူ သထုံနယ်ဘက်သို့ရောက်ရှိခဲ့စဉ်အခါကလည်း သထုံနယ်ဖြစ်သော ကျိုက်ထို, ဇင်းကျိုက် စသည့်ဒေသများတွင် အခြေချကာနေထိုင်ကြသော ချွေးတပ်ပြေးများကို တွေ့ခဲ့ရဖူးပါသည်။

အမှန်က ဤမီးရထားလမ်းကိုဖောက်လုပ်ရာတွင် လူသားအချင်းချင်း ငဲ့ညှာထောက်ထားသည့်စိတ် ရှိမည် ဆိုပါက ဤမျှလောက် အရပ်ဆိုးအကျည်းတန်စရာ အကြောင်းမရှိနိုင်ပါပေ။ နောင် စစ်ကြီးပြီးဆုံးသွားသည့်အခါ

http://mmteashop.com



၌လည်း သက်ဆိုင်ရာနိုင်ငံများအနေနှင့် ဤလမ်းကို အသုံးပြုခြင်းဖြင့်ပင် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးတရား ရှိရာရှိကြောင်း ဖြစ်ပေါ်လာစရာရှိလေသည်။

သို့ရာတွင် ဤအခြေအနေသို့လည်း မရောက်ရှိခဲ့ပေ။ စစ်ကြီးပြီးဆုံးသွားသည့်အခါ ဗြိတိသျှအစိုးရသည် ယင်းသံလမ်းများကို ဖြုတ်ယူသွားသောကြောင့် ဖြစ်သည်။ ယင်းအကြောင်း ရှေ့ပိုင်းများတွင် အကျယ်ဖော်ပြထား ပါသည်။

* * *

အထက်တွင်တင်ပြထားသည့်အတိုင်း အလုပ်ခွင်, အလုပ်စခန်းတွင် အလုပ်လုပ်ရာ၌ ဂျပန်များက သုံ့ပန်း စစ်သားများနှင့် အရပ်သားချွေးတပ်သားများအား မည်သို့မည်ပုံ စည်းခြားသတ်မှတ်ထားသည်ကို ကြည့်ပါ။

ယခု သုံ့ပန်းစစ်သားများနှင့် ဂျပန်များလုပ်ကိုင်နေသည်မှာ အပလုံစခန်းတွင် ဇလီဖားတုံးခင်းခြင်း, သံလမ်း ချခြင်း, လိုအပ်သောကျောက်များထည့်ခြင်း စသော လုပ်ငန်းများဖြစ်ကြောင်း အထက်တွင် စာရေးသူတင်ပြထား ပါသည်။ ယင်းလုပ်ငန်းကို အပလုံမှ အနန်းကွင်းစခန်းရောက်သည်အထိ ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ၁ ရက်–၂ ရက်အတွင်း ပြီးစီးသွားမည့်ကိစ္စတော့ မဟုတ်ပါ။

ယင်းသို့ သုံ့ပန်းစစ်သည်များနှင့် ဂျပန်များ သံလမ်းချနေစဉ် အရပ်သားချွေးတပ်သားများ၏ လုပ်ကိုင် ဆောင်ရွက်နေမှုကိုလည်း အထက်တွင် တင်ပြထားပါသည်။

ဤတွင် ထိုလူ ၂ စု၏အကွာအလှမ်းသည် ကိုက် ၃၀ လောက်သာ ဖြစ်ပေမည်။ လွန်ရောကျွံရော ကိုက် ၅၀ ပေါ့။ တစ်ဦးနှင့်တစ်ဦး လှမ်းမြင်နေရသည်။ အော်ပြောလျှင်လည်း ကြားနိုင်လေသည်။ ထိုလူ ၂ စု၏ စပ်ကြားတွင် လက်နက်ကိုင်၍ ဂျပန်စစ်သားများသည် အမြဲတမ်း စောင့်ကြပ်ကြည့်ရှုနေလေသည်။ ထို့ကြောင့်လည်း သုံ့ပန်းများနှင့် အရပ်သားချွေးတပ်သားများမှာ တစ်ဦးနှင့်တစ်ဦး အဆက်အဆံပြုရန် လွန်စွာပင်ခဲယဉ်းလေသည်။

လက်နက်ကိုင်စောင့်ကြပ်သည့် ဂျပန်စစ်သားများသည် များသောအားဖြင့် လွန်စွာမှ ရိုင်းစိုင်းလေသည်။ ထစ်ခနဲရှိလျှင် ခြေနှင့်ပြေးကန်ခြင်း, ကျောကုန်းကို သေနတ်ဒင်နှင့် ဆောင့်ခြင်း, ဝမ်းဗိုက်ကို သေနတ်ပြောင်းနှင့် တစ်အားဆောင့်၍ထိုးခြင်း စသော ရက်စက်ကြမ်းကြုတ်မှုကို မညှာမတာပြုကျင့်တတ်သူများ ဖြစ်လေသည်။ ပြီး ယင်းတို့ကိုကြည့်ရသည်မှာလည်း တစ်သွေးတစ်သံ တစ်မိန့်သမားတွေ ဖြစ်ဟန်ရှိသည်။ အသိမဲ့ပညာမဲ့ နလပိန်းတုံး တွေ ဖြစ်ဟန်ရှိသည်။ လွန်စွာမှပင် စရိုက်ကြမ်းလေသည်။ ယင်းတို့သည် ကံကောင်းထောက်မသဖြင့် မျက်စိလည် လမ်းမှားကာ လူ့ပြည်လူ့ရွာသို့ တစ်ကြိမ်တစ်ခေါက်သာ ရောက်လာသောသူများဖြစ်ဟန်ရှိသည်။

ဤလို ကြမ်းတမ်းရက်စက်သည့် အပြုအမူများကြောင့်လည်း သာမန်ဖြစ်သောချွေးတပ်သားများကို မဆိုထားဘိ။ ဘွန်ထိုက်ချီ, ဟန်ချီများသည်ပင် စစ်သုံ့ပန်းများနှင့် ကင်းရှင်းအောင်နေထိုင်ကြရပါသည်။ ဘွန်ထိုက်ချီ, ဟန်ချီများက စစ်သုံ့ပန်းများ အလုပ်လုပ်နေသည်ကို အဝေးမှနေ၍ ကြည့်နေလျှင်ပင် ဂျပန်စစ်သားများသည် မကြိုက်ပါ။ ထိုဘွန်ထိုက်ချီ, ဟန်ချီအား ဆဲဆိုကြိမ်းမောင်းကာ ရပ်နေသည့်နေရာမှ အဝေးသို့ နှင်ထုတ်သည်၊ သို့မဟုတ်လျှင်လည်း ခြေသံတဖုန်းဖုန်းနှင့်ပြေးလာကာ ပါး ၂ ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်နှက်လေသည်။

တစ်ခါသော် ဟန်ချီတစ်ယောက်သည် စစ်သုံ့ပန်းများ ရထားသံလမ်းဆွဲနေသည်ကို အဝေးမှလှမ်းကြည့်နေ မိသည်။ ဤတွင် ဂျပန်စစ်သားတစ်ယောက်က တွေ့မြင်သွားပါသည်။ ဂျပန်စစ်သားသည် ထိုဟန်ချီရှိရာသို့ ပြေးလာပြီး ထိုဟန်ချီ၏နံဘေးကို တစ်အားဆောင့်ကန်လိုက်ရာ ဟန်ချီမှာ မြေပြင်ပေါ်ပုံကျသွားသည်။ ဂျပန် စစ်သားသည် ဘီလူးသဘက်စီးနေသည့်အလား လဲကျနေသောဟန်ချီ၏လည်ပင်းကို အပေါ်မှနေ၍ တက်နင်းထား

http://mmteashop.com



သည်။ အနင်းခံထားရသောဟန်ချိုမှာ တခွီးခွီးဖြင့် ပါးစပ်ထဲက အမြှုပ်တွေထွက်နေသည်။ ခြေကားယား လက်ကားယားဖြစ်နေပြီ။ ယင်းအဖြစ်ကို မြင်တွေ့နေရသော်လည်း အနီးတစ်ဝိုက်ရှိနေသော ဘွန်ထိုက်ချိန်နှင့် ဟန်ချိုတို့မှာ မည်သို့မျှ မပြောရဲမဆိုရဲ မတားရဲကြပါ။ မျက်စိပျက်မျက်နှာပျက်ဖြင့် အငေးသားအတွေသား ရှိနေကြပါသည်။

ထိုအခိုက် ကျွန်တော်တို့စခန်းတာဝန်ခံ ကိုဘစိန်သည် ဘယ်နေရာက ဘယ်လိုမြင်တွေ့သွားသည် မသိပါ။ ထိုနေရာသို့ ကိုဘစိန် ပြေးသွားပါသည်။ သူသည် ဂျပန်စစ်သားကို တစ်အားဆောင့်တွန်းပစ်လိုက်သည်။ ဂျပန်စစ်သားမှာ ဘေးတစ်ဘက်သို့ ယိမ်းယိုင်သွားသည်။ အနင်းခံထားရသည့်ဟန်ချိုသည် ဂျပန်စစ်သား ခြေထောက်အောက်မှ လွတ်မြောက်သွားသည်။

သည်မျှဖြင့် မပြီးပါ။ ယိမ်းယိုင်သွားသည့် ဂျပန်စစ်သားသည် သူ့ကိုယ်ကို မတ်လိုက်သည်။ စခန်းတာဝန်ခံ ကိုဘစိန်၏ပါးကို ဖြန်းခနဲနေအောင် တစ်အားလွှဲရိုက်သည်။ ကိုဘစိန်လက်တွင်းမှ စာရွက်များ လွတ်ကျသွားသည်။ ကိုဘစိန်ကိုယ်တိုင်ကလည်း ညံ့သူတစ်ယောက် မဟုတ်ပါ။ လျင်မြန်သွက်လက်သော ကိုဘစိန်၏ညာလက်သည် ဂျပန်စစ်သား၏ပါးပေါ်သို့ ဖြောင်းခနဲ ကျရောက်သွားပါသည်။ ဤတွင် ဂျပန်စစ်သားက ကိုဘစိန်ကို သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

ယင်းအဖြစ်ကို အနီးကပ်ဆုံးမြင်နေရသော ကျွန်တော်သည် တစ်ကိုယ်လုံး ထုံပူသွားပါသည်။ ခေါင်းနပန်း ကြီးသွားပါသည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှသော အချိန်ကာလ၏ နောက်ပိုင်းအခြေအနေကို ကျွန်တော် မတွေးဝံ့ပါ။

ထိုအခိုက် တပ်ကြပ်ကြီးယာမာကူချီ၏ စူးစူးရှားရှားအော်ဟစ်သံကို ကြားလိုက်ရသည်။ သူသည် ဂျပန်စစ်ဗိုလ်အနီးတွင်ရှိနေရာမှ ခြေလှမ်းသွက်သွက်ဖြင့် အခြင်းဖြစ်ရာသို့လျှောက်လာနေပါသည်။ ဂျပန်စစ်ဗိုလ်ယာမာမိုတို ဘာပြောလိုက်သည်ဟု မသိရပါ။ တပ်ကြပ်ကြီး ယာမာကူချီ ဘာအော်လိုက်သလဲဆိုသည်ကိုလည်း မသိနိုင်ပါ။ သူ အော်ဟစ်လိုက်သည်မှာ ဂျပန်လို ဖြစ်ပါသည်။

ယာမာကူချီ၏အော်ဟစ်မှုကြောင့် ဂျပန်စစ်သားသည် သူ့သေနတ်ကို ပြန်လည်ရုပ်သိမ်းလိုက်ရသော်လည်း ကိုဘစိန်အပေါ်တွင် အမျက်ပြေဟန်မတူပါ။ စွေစောင်းစောင်းကြည့်နေဆဲပါ။

ပြဿနာကို အဘယ်ပုံ အဆုံးသတ်ကြလေမည်နည်း။ စင်စစ်တော့ ကျွန်တော်ကိုယ်တိုင်မှာလည်း ယင်း ဖြစ်ရပ်ပေါ်တွင် အာရုံစူးစိုက်နေသည့်အသွင်မျိုး မပေါ်လွင်အောင် သတိကြီးစွာထားရပါသည်။ မိမိနှင့် မသက်ဆိုင် သည့်ကိစ္စအပေါ် ဘာသာလဝါနေသည့်သဘောမျိုး နေရပါသည်။ ယင်းသို့မဟုတ်လျှင် ဂျပန်များက မကြိုက်ပါ။ မိမိအနေသာကြီး ဟူသောသဘောမျိုးအနေမျိုး ဖြစ်လိုပါသည်။ အနေမတတ်လျှင် အချောင်သက်သက် ကပ်သင့် တတ်ပါသည်။

တပ်ကြပ်ကြီးယာမာကူချီသည် ဂျပန်စစ်သားကို မေးခွန်း ၄–၅ ခွန်း မေးမြန်းပါသည်။ နောက်တော့ မူလနေရာကို ပြန်သွားစေသည်။ ပြဿနာစတင်ဖြစ်စေသည့် ဟန်ချိုကိုလည်း သူ၏လုပ်ငန်းခွင်ရှိရာသို့ ပြန်သွား စေသည်။ စခန်းတာဝန်ခံ ကိုဘစိန်ကို အင်္ဂလိပ်ကို ၃–၄ ခွန်းပြောသည်။ နောက်တော့ ထိုနေရာမှ ထွက်ခွာသွား ပါသည်။

ပြဿနာ ပြီးဆုံးလေပြီလား။ မပြီးဆုံးသေးပေ။ ချွေးတပ်စခန်းတွင် ပြဿနာတစ်ခုဖြစ်ခဲ့လျှင် သည်မျှဖြင့် ပြီးဆုံးရိုးမရှိ။

ကိုဘစိန်သည် ကျွန်တော့်အနီးမှ ဖြတ်လျှောက်သွားပါသည်။ ကျွန်တော့်ကိုမကြည့်ဘဲ ကျွန်တော် ကြား လောက်ရုံ စကားတစ်ခွန်းပြောသွားပါသည်။

http://mmteashop.com



"ညနေတော့ ဂျပန်စစ်ဗိုလ်ရုံး လာရမယ်တဲ့"

ဂျပန်စစ်ဗိုလ်ရုံးဆိုသည်မှာ တောင်ကုန်းမြင့်ထက်ကအိမ်ကလေးကို ဖြစ်ပါသည်။

ကိုဘစိန်ပြောစကားအရ 'ရှေ့ဆက်ပြီး ဘာတွေဖြစ်ဦးမှာလဲ'။ ကျွန်တော် တွေးသည်။ 'ဘာဖြစ်လိမ့်မည်'ဟုကား ကျွန်တော်ကိုယ်တိုင်လည်း မပြောတတ်ပါ။ ကိုဘစိန်အတွက်တော့ ကျွန်တော် တွေးတောစိုးရိမ်မိပါသည်။ အကြောင်း ရှိပါသည်။ ရံဖန်ရံခါ ဘာမျှမဟုတ်သော အကြောင်းကလေးတစ်ခုကိုပင် ကြီးမားသည့်အပြစ်ကြီးတစ်ခုဟု ဂျပန်များ ယူဆတတ်ပါသည်။ ဆေးလိပ်သောက်ခြင်းကို ခွင့်ပြုထားပါသည်။ သူတို့ဂျပန်စစ်သားများကိုယ်တိုင်လည်း ကူးဝါး စီးကရက် (ဖိလစ်ပိုင်နိုင်ငံဖြစ်)ကို အငွေ့ထောင်းထောင်းထအောင် သောက်သည်။ ဒါပေမယ့် စိတ်အခန့်မသင့်လျှင် ဖက်ဖြူဆေးလိပ်(မော်လမြိုင်ဖြစ်)ကို ချွေးတပ်သားပါးစပ်မှ ဆတ်ခနဲဆွဲယူပြီး လွှင့်ပစ်တတ်သည်။ ပါး ၂ ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်နက်သည်။ ဆဲဆိုကြိမ်းမောင်းခြင်း ပြုသည်။ မခက်ပါလား။ ထိုအခါ သူတို့နှင့် ဆက်ဆံ ရသည်မှာ အတော်ပင်မလွယ်သောကိစ္စ ဖြစ်ပါသည်။ မဂျမ်းပုံပြောသောစကားလို 'အရှူးလင်လုပ်ရတာထက် ခက်ပါသည်'။

တကယ်ဆိုတော့ ကျွန်တော်တို့စခန်းတာဝန်ခံ ကိုဘစိန်ကိုယ်တိုင်မှာလည်း ကြမ္မာငင်ခြင်း ဖြစ်ပါသည်။ ဆွမ်းခံရင်း ငှက်သင့်သည့်သဘော ဖြစ်ပါသည်။ ကျွန်တော်တို့ချွေးတပ်သားများ အလုပ်လုပ်ရသည့် အလုပ်ခွင်တွင် အချိန်ကြာမြင့်စွာ သူရှိနေစရာ မလိုပါ။ တစ်ခါတစ်ရံတော့ ဂျပန်စစ်ဗိုလ် ယာမာမိုတိုကခေါ်ထားလျှင် နေရပါသည်။ တပ်ဒိန်တံတားကြီးကို နေ့မအား ညမအား တည်ဆောက်စဉ်အခါကမူ ညဘက်တွင် ချွေးတပ်သားများလစ်ထွက်သွားပြီး သစ်ပင်အောက်များ, ချုံပုတ်များကြားတွင် သွားရောက်၍ အိပ်ကြပါသည်။ ဤတွင် ဘွန်ထိုက်ချို, ဟန်ချိုများနှင့်အတူ ကိုဘစိန်သည် ဝါးရင်းတုတ်တစ်ချောင်းနှင့် ကညင်ဆီမီးတုတ်ကိုင်ကာ လစ်သွားသူ ချွေးတပ်သားများကို လိုက်ရှာ လိုက်ဖမ်းရသည်။ ထိုအခါကတော့ ကိုဘစိန်ကို စစ်ဗိုလ်ယာရာမိုတိုက အလုပ်ခွင်တွင် အမြဲခေါ်ထားတတ်ပါသည်။ (တပ်ဒိန်တံတားကြီး တည်ဆောက်သည့်အကြောင်းကို တင်ပြခဲ့ပြီးဖြစ်ပါသည်။)

ယခုလို ဇလီဖားတုံးချခြင်း, သံလမ်းဆွဲခြင်း စသောအလုပ်များကို လုပ်ကိုင်နေသည့်အခါ ဂျပန်စစ်ဗိုလ် ယာမာမိုတိုက ကိုဘစိန်အား အလုပ်ခွင်အလုပ်စခန်းသို့ မခေါ်တော့ပါ။ သို့ပေမယ့် ကိုဘစိန်သည် ကျွန်တော်တို့ အလုပ်ခွင်သို့ တစ်နေ့တစ်ခေါက်တော့ လာရပါသည်။ လာရခြင်းအကြောင်းမှာ အလုပ်ဆင်းကြသည့် ဘွန်ထိုက်ချို, ဟန်ချိုများနှင့် ချွေးတပ်သားများ၏စာရင်းကို ရေးမှတ်ယူငင်ရန် ဖြစ်ပါသည်။

စခန်းမှူး ခေါ် စခန်းတာဝန်ခံတစ်ယောက်၏အလုပ်မှာ အလုပ်ဆင်းသူဘွန်ထိုက်ချို, ဟန်ချိုနှင့် ချွေးတပ်သားများ၏စာရင်းဇယားကိုပြုလုပ်၍ တစ်ပတ်တစ်ကြိမ် လုပ်ခရှင်းလင်းပေးရန် ဂျပန်တပ်ကြပ်ကြီးမှတစ်ဆင့် ဂျပန်စစ်ဗိုလ်ရုံးသို့တင်ပြရခြင်း၊ ချွေးတပ်သားများ၏လုပ်ခကြေးငွေကို တစ်ပတ်တစ်ကြိမ်ကျ ဂျပန်တပ်ကြပ်ကြီးများနှင့်အတူ တွဲ၍ ရှင်းလင်းထုတ်ပေးရခြင်း၊ စားဖိုဆောင်အတွက် နေ့စဉ်ကုန်ကျမည့် ဆန်, ပဲ, ဆား စသောပစ္စည်းများကို အလုပ်ဆင်းသူများစာရင်းအရ ရိက္ခာဂိုဒေါင်မှထုတ်ပေးနိုင်ရန် စာရင်းပြုလုပ်ပြီး စားဖိုရုံမှူးနှင့် ထမင်းချက်အလုပ်သမား များအား ထုတ်ပေးရခြင်း၊ သံဖြူဇရပ်တွင် ဂျပန်များနှင့်အတူ ရိက္ခာပစ္စည်းများ သွားရောက် ထုတ်ယူရခြင်း၊ ဘွန်ထိုက်ချိုနှင့် ဟန်ချိုများအပေါ် ပြောဆိုအုပ်ထိန်းရခြင်းနှင့် ဂျပန်စစ်ဗိုလ်နှင့် တပ်ကြပ်ကြီးများက ညွှန်ကြားသည့် အခြားအခြားသောအလုပ်တာဝန်များ ဖြစ်ပါသည်။

ဤနေရာတွင် တစ်ခုပြောစရာရှိလာပြန်ပါသည်။ တခြားမဟုတ်ပါ။

နာမကျန်းဖြစ်ပြီး တဲတန်းလျားများပေါ်တွင်လဲနေသည့် ချွေးတပ်သားများအား စားဖိုရုံမှ ထမင်းမပေးတော့ ပါ။ ယင်းတို့အတွက် ရိက္ခာမရသောကြောင့် ဖြစ်ပါသည်။ ဤအတွက်လည်း ကိုဘစိန်သည် စာရင်းတစ်ခုပြု၍ ရိက္ခာဂိုဒေါင်မှူးဖြစ်သော ဂျပန်တပ်ကြပ်ကြီးထံ တင်ပြတောင်းခံပါသည်။ ယင်းလူနာ ချွေးတပ်သားများအတွက်

http://mmteashop.com



ဆန်ပြုတ်သောက်ရန် ဆန်နှင့် ဆားထုတ်ပေးရန် တောင်းခံခြင်းဖြစ်ပါသည်။ သို့ရာတွင် ရိက္ခာဂိုဒေါင်မှူး ဂျပန်တပ်ကြပ်ကြီးက ထုတ်မပေးပါ။ ဤကိစ္စအတွက်လည်း ဂျပန်တပ်ကြပ်ကြီးနှင့် ကိုဘစိန်တို့ မပြေမလည်ဖြစ်ကြပါသည်။ ထိုးတော့ကြိတ်တော့မည့်အခြေအနေမျိုး ဖြစ်ခဲ့ပါသည်။ နောက်ဆုံးတော့ ယင်းကိစ္စမှာ ဂျပန်စစ်ဗိုလ်ထံ ရောက်ရှိသွားမှ ချွေးတပ်သား လူနာတစ်ယောက်အတွက် တစ်နေ့လျှင် ဆန် ၂ ဆုပ်ကျ ရရှိပါသည်။

မကျန်းမမာဖြစ်နေသော ချွေးတပ်သားများအနက် အချို့တို့မှာ အားအင်များ အတော်ပင် ကုန်ခန်းနေကြပါသည်။ အချို့ဆိုလျှင် အသက်ကိုပင် ဖုတ်လှိုက်ဖုတ်လှိုက်ရှူရှိုက်နေကြရပါသည်။ အချို့ကို ကြည့်ရသည်မှာ မျှော်လင့်စရာ လုံးဝမရှိ။ မကြာခင် လူ့ဘဝကို စွန့်ခွာကြတော့မည့်သူများဟု ယူဆရပါသည်။ တောကြီးမျက်မည်းထဲတွင် ဆရာသမားဟူ၍ အလျှင်းမရှိ၊ ဆေးဝါးဟူ၍ နတ္ထိ။ ရင်နာစရာကောင်းလှပါသည်။

သူတို့သည် စခန်းတာဝန်ခံကိုဘစိန်၏ စွမ်းဆောင်ကြိုးပမ်းပေးမှုဖြင့်ရရှိသော ယင်းတို့အတွက် ဆန်ကို စုပေါင်းကာ အတော်အတန် လှုပ်လှုပ်ရှားရှားပြုနိုင်သေးသူများက ထမင်းအဖြစ်ချက်တန်သည်ကို ချက်ပြီး၊ ဆန်ပြုတ်တန်သည်ပြုတ် လုပ်ရပါသည်။ နောက်တော့ အတော်အတန်စားနိုင်သေးသူများက ထမင်းကို ဆားဖြူးစားပြီး၊ ထမင်းကိုမစားနိုင်သည့်သူများက ဆန်ပြုတ်ကို ဆားခတ်၍ သောက်ကြလေသည်။ နာမကျန်းမှုပြင်းထန်သူ လူမမာများမှာမူ ဆန်ပြုတ်ကိုမျှ မသောက်နိုင်ကြတော့ပါပေ။

ယင်းတို့၏အဖြစ်သနစ်ကို ခြုံငုံသုံးသပ်ကြည့်ပါမူ ယင်းတို့အားလုံးသည် 'ဆိုက်ရောက်လာတော့မည့် သေမင်းတမန်ကို ပင်ပန်းဆင်းရဲစွာ စောင့်မျှော်နေကြသူများပါတကား။ လောကငရဲ၏ အပြည့်အဝဒဏ်ခတ်မှုကို ခံယူကာ သေမင်းခေါ်ဆောင်ရာ လိုက်ပါရမည့်သူများပါတကား' ဟု စာရေးသူ ယူဆမိပါသည်။

http://mmteashop.com

## ကိုဘစိန်၏ ရှေ့ခရီး

အပြင်အပတွင် အမှောင်ရိပ်များယှက်သန်းနေပြီ။

ထိုအခါ ကျွန်တော်တို့၏တဲတန်းလျားအတွင်း၌လည်း အမှောင်ရိပ်က လွှမ်းခြုံစပြုလေပြီ။ သို့ရာတွင် စက္ကူပသာဒအမြင်မှာမူ ပိန်းပိတ်၍မနေပါ။ ရှည်လျားသောတဲတန်းလျား၏ ဟိုဘက်ထိပ်သည်ဘက်ထိပ်နှင့် အလယ်တွင် မီးပုံများ ရှိနေပါသည်။ တစ်ကြောင်းအားဖြင့်လည်း ကျွန်တော်တို့မျက်လုံးသည် အကျင့်ရနေပြီ။ တော်ရုံသဖြင့်အမှောင်ကို ကြည့်တတ်မြင်တတ်နေပြီ။

တဲတန်းလျားတစ်ခုလုံး ငြိမ်ဆိတ်နေသည်။ လူသူကင်းမဲ့သော အထီးကျန်တဲတန်းလျားတစ်ခုပေလားဟု အထင်မှားလောက်သည် မဟုတ်ပါ။ ချွေးတပ်သားအားလုံးပင် ရှိနေကြပါသည်။ မကြာသေးမီ နာရီပိုင်းအတွင်းကနေ အလုပ်သိမ်းပြီး ပြန်ရောက်လာကြသော ချွေးတပ်သားများအားလုံးလိုလိုပင် တဲတန်းလျား၏ တစ်ဘက်တစ်ချက်သော ဝါးကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ်ဖြစ်နေကြပေသည်။ တချို့မှာ တရှူးရှူးဖြင့်အိပ်ပျော်နေလေပြီ။

ညစာအတွက်ယူဆောင်ထားသော ထမင်းတောင်း ၁ တောင်း၊ 'ပဲဟင်း'ဟု အမည်ပညတ်ထားသော ပဲကြားရေလုံပြုတ်ထည့်ထားသည့် ဝါးကျည်တောက်များမှာလည်း ထမင်းတောင်း ၂ တောင်းကိုမှေးမှိလျက် မီးပုံအောက်တွင် လက်ရာမပျက်သည့်အတိုင်း။

ခပ်စောစောပိုင်း အချိန်များတုန်းကဆိုပါမူ ချွေးတပ်သားများအတွက် ထမင်း, ဟင်း(ဟင်းပဲဆိုပါတော့)ကို ပုံစံကျအောင် ဘွန်ထိုက်ချို, ဟန်ချိုများက ဝေခြမ်းပေးခြင်းပြုရပါသည်။ ယခုမူ ဟိုတုန်းကလို မဟုတ်ကြတော့ပါ။ ပြင်းထန်သောပင်ပန်းမှုဒဏ်က ဆာလောင်မွတ်သိပ်မှုကိုပင် ထိန်းချုပ်ထားဟန်ရှိလေသည်။

ကြည့်မှပေါ့။ အလုပ်ခွင်မှ ပြန်တက်လာလျှင်ပင် သူတို့သည် ဆိုင်ရာဆိုင်ရာ ဘွန်ထိုက်ချို, ဟန်ချိုများနှင့် အတူ သူတို့၏အလုပ်ခွင်သုံး လက်နက်ပစ္စည်းများဖြစ်သော ပေါက်တူး, ပေါက်ချွန်း, ဓားမ, လွှ, တူရွင်း စသည်များကို လက်နက်ဂိုဒေါင်သို့သွားရောက်အပ်နှံပြီးနောက် တဲတန်းလျားရှိရာသို့ မဆိုင်းမတွ ပြန်ရောက်လာကြပါလေသည်။ ထိုအချိန် ထိုအခိုက်ကဆိုလျှင် သူတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောရန်ကိုပင် မေ့ပျောက်နေကြဟန်ရှိလေသည်။ ပြောလျှင်လည်း ၁ ခွန်း၊ ၂ ခွန်း၊ သည့်ထက်ပိုရမည်ကိုလည်း ဝန်လေးဟန်တူပါသည်။ သို့ဖြင့် တဲတန်းလျားအတွင်း ရောက်ပြီဟုဆိုလျှင်ပင် ဝါးကွပ်ပျစ်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဦးပြီးတစ်ဦး ထိုးလဲ့အိပ်ချလိုက်ကြသည်။ တညီတညွတ်တည်း စည်းဝေးတိုင်ပင်ထားသည့်နှယ် ရှိလေသည်။ ထမင်းမှန်း ဟင်းမှန်းပင် သတိမရနိုင်ကြ။

ဟိုတုန်းဟိုတုန်းတွေကတော့ စားသောက်ရမည့်ထမင်းဟင်းကို သူတို့တစ်တွေက ဆာလောင်မွတ်သိပ်စွာ စောင့်မျှော်ကြသည်။

"ထမင်းမရောက်သေးဘူးလား။ ထမင်းယူသွားတဲ့အကောင်တွေ တယ်ကြာတာပဲ"ဟု တညည်းညည်း တညူညူ တဖျစ်တောက်တောက် တစ်ယောက်တစ်ပေါက်ပြောကြပါသည်။ ပြီးလျှင် "ထမင်းနည်းနည်း ထပ်ထည့်

http://mmteashop.com



ပါဦး။ ဟင်းနည်းနည်း ထပ်ထည့်ပါဦး။ မဝဘူးဗျ”ဟု ၁၀ ယောက်တွင် ၈ ယောက်-၉ ယောက်က ပြောကြသည်။ ခုတော့ ထမင်းတောင်းနှင့် ပဲဟင်းကျည်တောက်တွေမှာ မီးပုံဘေးတွင် သည်အတိုင်းငုတ်တုတ်။

ကျွန်တော်သည် တစ်ယောက်တည်း မီးပုံဘေးတွင်ထိုင်ကာ ကိုဘစိန်အလာကို မျှော်ပါသည်။ စိတ်ထဲက တကြောင့်ကြကြဖြစ်နေပါသည်။ အမှိုက်ကစ ပြာသာဒ်မီးလောင်ဖြစ်နေမလား တွေးသည်။ အခါတိုင်းသော နေ့ရက်များကဆိုလျှင် ကိုဘစိန်သည် ကျွန်တော်တို့ဦးစွာ တဲတန်းလျားသို့ ပြန်ရောက်နေတတ်ပါသည်။ နောက်ကျလျှင်လည်း တအောင့်တဖြုတ်သာ ဖြစ်သည်။

တဲတန်းလျား ၄ လုံးရှိသည့်အနက် ကျွန်တော်တို့ ယခုနေသည့်တဲမှာ နံပါတ် ၃ ဖြစ်ပါသည်။ ကျန်သော တဲ ၃ လုံးထက် သူက အတော်အတန် ကောင်းမွန်ပါသည်။ အဟန့်ပို၍ ကြီးပါသည်။ ကျန်သောတဲများထက် ပို၍လည်း ကျယ်ပါသည်။ အသက်ရှူချောင်ချိပါသည်။ ယခု တတိယအကြိမ် အပလုံရောက်သည့်အခါ၌မူ ယခင့်ယခင်အခါများတုန်းကလို တဲတန်းများတွင် လူနေကျဉ်းကျပ်မှု မရှိတော့ပါ။ လူဦးရေ မထူထပ်တော့ပါ။ အကြောင်းကြောင်းဖြင့် လူတွေလျော့နည်းကုန်ပါပြီ။

ကျွန်တော်တို့မအူပင်ခရိုင်မှ ဘွန်ထိုက်ချို၊ ဟန်ချိုအပါအဝင် ချွေးတပ်သားပေါင်း ၂၀၀၀ ကျော်မှာ ယခု အပလုံစခန်းတွင် လူ ၂၀၀ ပင် မပြည့်တတ်တော့ပါ။ တစ်ခုတော့ ပြောစရာရှိပါသည်။ ကျွန်တော်တို့အထဲက ဘွန်ထိုက်ချို ၂ အုပ်စုမှာ အနန်းကွင်းစခန်းသို့ရောက်ရှိနေပါသည်။ ဘွန်ထိုက်ချိုအုပ်စုတစ်ဖွဲ့မှာ ကျောက်တစ်လုံးစခန်းမှ ပြောင်းရွှေ့စဉ်အခါကပင် ယင်းစခန်း၌ ကျန်ရစ်ခဲ့ပါသည်။ ယခုဆိုလျှင် ၁ နှစ်ပြည့်လုနီးပြီ။ တစ်ခါမျှ ပြန်လည်ကာ မဆုံဆည်းမိကြပါ။ ထိုအခါ သူတို့တစ်တွေ သေသည်၊ ရှိသေးသည်ဆိုခြင်းမှာ ကံတရား၏ အစီအမံပင် ဖြစ်ပါလိမ့်မည်။ သို့မဟုတ်ပါက မှုမှုတတဖြစ်စေရန် တစ်ခုတော့ တွေးရတောရ စဉ်းစားရပါလိမ့်မည်။ သူတို့တွေကို ‘အလုပ်ကြိုးစားလုပ်သူများဆိုပြီး နေရပ်ဌာနီသို့ ပြန်ပို့လိုက်လေပြီလား’။

[ဤနေရာတွင် တစ်ခုပြောရန် ရှိလာပြန်သည်။ ဂျပန်နိုင်ငံ အိုဆာကာမြို့၊ ဘာသာခြားသိပ္ပံ မြန်မာစာတွဲဖက်ပါမောက္ခ မစ္စတာအိုးနိုတိုးရ မြန်မာပြန်သော ‘ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ’ စာအုပ်တွင် ဖော်ပြထားသည့် ရောဝတီတိုင်းမှ ချွေးတပ်သား ၃၀၀ ဆိုသည်မှာ မမှန်နိုင်ပါ။ ကျွန်တော်တို့ မအူပင်ခရိုင် (မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူ)တစ်ခုတည်းကပင် ချွေးတပ်သား ပေါင်း ၂၀၀၀ ကျော်-၃၀၀၀ နီးနီး ဖြစ်ပါသည်။ မစ္စတာအိုးနိုတိုးရ ‘ဂျပန်စစ်အုပ်ချုပ်ခေတ် မြန်မာနိုင်ငံ’ ပုဂံစာအုပ်တိုက်-ရှု]

အချိန်မှာ ၇ နာရီလောက် ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ကျွန်တော့်တွင် နာရီမရှိပါ။ ကိုဘစိန်လက်တွင် နာရီရှိပါသည်။ အပြင်အပတွင်လည်း အမှောင်ထုက သိသိသာသာ ဝန်းရစ်ပိတ်ဆီးလာလေပြီ။ ဟဲလိုင်းအတွင်းထဲမှာမူ မီးပုံအလင်းရောင်မှလွဲ၍ မှောင်အတိ ဖုံးလွှမ်းနေပေပြီ။

ထိုအခိုက် တစ်ရုံတစ်ရရာသောအသံကြောင့် အသံလာရာသို့ ကျွန်တော် လှမ်းကြည့်လိုက်ပါသည်။ ကျွန်တော်ထိုင်နေသည်မှာ တဲတန်းလျားတစ်ဘက်ထိပ်ရှိ မီးပုံဘေးတွင်ဖြစ်သည်။ ကိုဘစိန်နှင့် ကျွန်တော်တို့ ညစာစားသောက်နေကျ၊ ထိုင်နေကျနေရာဖြစ်ပါသည်။

ကျွန်တော် ကြည့်နေခိုက်တွင် ချွေးတပ်သား ၄-၅ ယောက်သည် အိပ်ဂေါက်လဲလျောင်းနေရာမှ ကုန်းကုန်းကွကွဖြင့် ထလာကြသည်။ သူတို့သည် တဲတန်းလျားအလယ် မီးပုံဘေးထမင်းတောင်းရှိရာသို့ ခြေတရွတ်ဆွဲကာ တရွေ့ရွေ့သွားရောက်ကြသည်။ နောက်တော့ ကျွန်တော်ရှိရာသို့ တစ်ချက်မျှ လှမ်းကြည့်ကြသည်။ ပြီး သူတို့ထဲမှ တစ်ယောက်က ကျွန်တော့်ကိုအသံပြုသည်။

“ဆရာလေး။ မစားသေးဘူးလား”

http://mmteashop.com



"စားကြ–စားကြ။ ကြိုက်သလို ထည့်စားကြဗျာ။ ကျွန်တော် မိုလ်လေးလာမှ သူနှင့်အတူစားမယ်လေ"

သူတို့သည် ရေပက်ခွက်ကဲ့သို့သောဝါးခွက်များထဲသို့ ထမင်းနှင့်ပဲဟင်းကို ထည့်ကြသည်။ သူတို့ထဲမှ ၂ယောက်သည် မီးပုံထဲသို့ ထင်းတုံး, ထင်းချောင်းများ ထပ်မံကာဖြည့်တင်းကြသည်။ သူတို့လိုပင် နောက်ထပ်ပြီး ၅ ယောက်အစ, ၆ ယောက်အစ ထလာကြသည်။ သူတို့လိုပင် ဝါးခွက်တွင် ထမင်းထည့်ကာ စားသောက်ကြသည်။ သူတို့ထဲတွင် စကားသံများကိုလည်း ကြားရစဖြစ်လာသည်။

ချွေးတပ်သားများသည် ဘွန်ထိုက်ချို, ဟန်ချိုများအား 'ဆရာလေး' ဟုခေါ်သူကခေါ်ပြီး၊ 'ဘွန်ထိုက်ချို, ဟန်ချို' ဟူ၍ပင် ခေါ်သူကခေါ်သည်။ စခန်းတာဝန်ခံဖြစ်သော ကိုဘစိန်ကိုမူ ကျွန်တော်တစ်ယောက်ကလွဲ၍ အားလုံးက 'မိုလ်လေး' ဟုခေါ်ဝေါ်ဆက်ဆံမှုပြုကြပါသည်။ ကျွန်တော့်အနေဖြင့်တော့ တစ်မြို့တည်းသား နှုတ်ကျင့်ပါနေပေပြီ။ သို့တိုင် ချွေးတပ်သားများရှေ့၌မူ ကျွန်တော်ကိုယ်တိုင်ကလည်း 'မိုလ်လေး' ဟူ၍ပင် ခေါ်ဝင်ဆက်ဆံမှုပြုပါသည်။

တကယ်ဆိုတော့ ကိုဘစိန်တွင် လုပ်ကိုင်ခွင့်ရှိသင့်သလောက် ရှိပါသည်။ ဘွန်ထိုက်ချို, ဟန်ချိုနှင့် ချွေးတပ်သားများတွင် အပြစ်တစ်စုံတစ်ရာ ပေါ်ပေါက်မည်ရှိသော်၊ သူ့တွင် ရှင်းလင်းဆုံးဖြတ်ပေးနိုင်သည့် အခွင့်အရေးလည်း ရှိပါသည်။ အမှန်က တဲတန်းလျား ၄ လုံးစလုံးတွင်ရှိနေသည့် ဘွန်ထိုက်ချို, ဟန်ချိုနှင့် ချွေးတပ်သားများအားလုံးအပေါ် ကိုဘစိန် သြဇာသက်ရောက်ပါသည်။ တာဝန်လည်း ရှိပါသည်။

နောက်တစ်ခုရှိပြန်သည်မှာ အနန်းကွင်းစခန်းတွင်တည်ရှိနေသော ဘွန်ထိုက်ချို ၂ အုပ်စုနှင့် ချွေးတပ်သား ၃၀၀ ကျော် ၄၀၀ လောက်ကိုလည်း ကိုဘစိန်ပင် ထိန်းကွပ်နေရသည့်သဘော ရှိပါသည်။ ထိုသူများ၏ လုပ်ခကြေးငွေကိုလည်း ကိုဘစိန်နှင့် ဂျပန်တပ်ကြပ်ကြီးတစ်ယောက်တို့က အပတ်စဉ်သွားရောက်၍ ရှင်းလင်းထုတ်ပေးခြင်း ပြုရပါသည်။

ကိုဘစိန်သည် အတွေးအခေါ်ကောင်းရှိသူတစ်ယောက်ဟု ပြောရပါမည်။ အရည်ကို ကြည့်တတ်သူတစ်ယောက် ဆိုရပါမည်။ ကြီးသည့်အမှု ငယ်အောင်, ငယ်သည့်အမှု ပြီးပြေအောင် ဆောင်ရွက်တတ်သူတစ်ယောက်ဟု ဆိုရပါမည်။ မြို့ပိုင်ရုံးစာရေးဘဝဖြင့် အတွေ့အကြုံ အတော်လေးရှိလာသူတစ်ယောက်ဟု ယူဆရပါသည်။

ကျွန်တော့်ကို သူပြောသည်မှာ–

"ဒီအလုပ်တွေ ငါမလုပ်ချင်ဘူး။ ဒါပေမယ့် မင်းတို့ ပြဿနာတစ်ခုခုဖြစ်လို့ ဂျပန်ဆီရောက်ရင် သက်သာမှာမဟုတ်ဘူး။ အပ်လောက်နှင့် ထွင်ရမယ့်ကိစ္စဟာ ပုဆိန်နှင့်ပေါက်မယ်ကွ။ နောက်ပြီး သူ့စကား ကိုယ်မသိ၊ ကိုယ့်စကား သူနားမလည်နှင့်။ ဟိုစကားပြန်ကောင်လေးလည်း အလကားပါကွာ"ဟု ဆိုပါသည်။

ကျွန်တော်သည် မီးပုံဘေးထိုင်ကာ ကိုဘစိန်နှင့် ဆက်နွယ်သောအကြောင်းများကို တွေးတာနေမိပါသည်။ ယင်းသို့တွေးရာမှ တောင်ကုန်းထက်ရှိ ဂျပန်စစ်မိုလ် ယာမာမိုတို၏အိမ်ကလေးကိုလည်း မကြာခဏလှမ်းမျှော်၍ ကြည့်မိပါသည်။

ပတ်ဝန်းကျင်မှာ အားလုံးပင် တိတ်ဆိတ်ငြိမ်သက်နေပါသည်။ ဂျပန်စစ်မိုလ် ယာမာမိုတို၏ အိမ်ငယ်မှလွဲ၍ အားလုံးသော အဆောက်အအုံများမှာ အမှောင်ဖုံးနေပါသည်။ ဂျပန်စစ်မိုလ်၏နေအိမ်မှာမူ မီးရောင်အလင်း ရှိပါသည်။ ကာဗိုက်မီးတိုင်ကို ထွန်းညှိထားခြင်း ဖြစ်ပါသည်။ ညဉ့်နက်လျှင်တော့ ယမ်းမီးအလင်းရောင်လည်း ရှိလိမ့်မည်မဟုတ်တော့ပါ။

အချိန်က တဖြည်းဖြည်းနှောင်းလာသည်။ ည ၈ နာရီလောက်တော့ရှိပြီ။ ကိုဘစိန် ခုချိန်ထိ ပြန်မရောက်သေး။ ကျွန်တော် ပိုပြီး သူ့အတွက် စိတ်ပူ စိတ်မောလာပါသည်။ နေမထိ ထိုင်မရ ဖြစ်လာသည်။ ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။ တဲအပြင်သို့ ထွက်ခဲ့သည်။ မကြာမီကမှထွက်ပြူလာသော လရောင်ကလေးကိုတော့ တွေ့ရသည်။

http://mmteashop.com



ကျန်သောတန်းလျားများဆီမှ မကွဲမပြားစကားသံများကို ကြားလိုက်ရသည်။

ကိုဘစိန် ကြိုးတုပ်, ကြိုးချည်ထားခံနေရပြီလား။

စိုးရိမ်စိတ်ကြောင့် ကျွန်တော့်ရင်ထဲတွင် ပိုမိုတင်းကျပ်လာပါသည်။

ဂျပန်များသည် သူတို့အနေဖြင့် ကြီးလေးသောအပြစ်တစ်ခုဟု ယူဆခဲ့လျှင် သာမန်ချွေးတပ်သားကို မဆို ထားနှင့် ဟန်ချို, ဘွန်ထိုက်ချိုများကိုလည်း သစ်ပင်တွင်ဖြစ်စေ၊ စိုက်ထူထားသော ဝါးလုံးတိုင်၌ဖြစ်သော ၃–၄ ရက် ကြိုးချည်, ကြိုးတုပ်ထားတတ်ပါသည်။ ဂျပန်စစ်သားကိုပြန်လှန်ကာ ပါးရိုက်သည့်အတွက် ယခုလည်း ကိုဘစိန်ကို ကြိုးတုပ်ချည်နှောင်ထားလေပြီလော။ ထိုအတွေးအတောဖြင့် ကျွန်တော် စိတ်မောနေခိုက်၌ပင် ကျွန်တော့် နောက်မှ အသံတစ်သံကို ကြားလိုက်ရပါသည်။

"ဆရာလေး။ ဗိုလ်လေး ပြန်ရောက်နေပြီ။ ခေါ်နေတယ်"

ချွေးတပ်သားကရင်ကလေးသာဆင်။ ကျွန်တော်တို့ညောင်တုန်းနယ် ငါးကြီးအိုင်ရွာမှ ဖြစ်ပါသည်။ သူသည် ကျွန်တော်နှင့် ကိုဘစိန်တို့၏ လက်တိုလက်တောင်း တပည့်ကလေးတစ်ယောက် ဟုဆိုရပါမည်။

"အေး–ငါက ဒီကစောင့်နေတာ။ တဲလိုင်းဟိုဘက်က လှည့်ဝင်တာကိုး"

သာဆင်နှင့်အတူ ကျွန်တော် တဲလိုင်းအတွင်း ပြန်ဝင်ခဲ့ပါသည်။ မီးပုံထဲတွင် ထင်းတုံးများ ထပ်ထည့်ထား သဖြင့် မီးရှိန်မီးအား ကောင်းနေပါသည်။ စခန်းတာဝန်ခံ ကိုဘစိန်ကိုလည်း မီးပုံဘေးထင်းတုံးပေါ်၌ တွေတွေကြီး ထိုင်နေသည်ကို တွေ့လိုက်ရပါသည်။

"လာကွာ–လာကွာ။ ထမင်းစားကြမယ်။ သာဆင် ငါ့အခန်းထဲက ထမင်းတောင်းနှင့် ဟင်းအိုး ထုတ်ခဲ့ကွာ။ ထမင်းခွက်တွေလည်း ထုတ်ကွာ"

ကိုဘစိန်သည် သူ့လက်ကသော့ကို သာဆင့်သို့ လှမ်းပေးလိုက်ပါသည်။

တဲလိုင်း၏ ထိပ်ဆုံးတစ်နေရာတွင် စခန်းတာဝန်ခံကိုဘစိန်အတွက် ဝါးများနှင့်ပြုလုပ်ထားသည့် အခန်း ဖြစ်ပါသည်။ တံခါးမှာလည်း ဝါးတံခါး ဖြစ်ပါသည်။ တံခါးကို သံကြိုးချည်ပြီး သော့ခတ်ထားပါသည်။ အခန်းမှာ အတော်ကလေးကျယ်ပါသည်။ ထိုအခန်းထဲတွင် သူ အိပ်စက်ပါသည်။ သူ့ပစ္စည်းပစ္စယကလေးများနှင့် ဆားထည့် သော ဝါးကျည်တောက်, ရေကျက်အေးဝါးကျည်တောက်နှင့် ဆန်ကိုချက်သည့်အရက်ထည့်သော ဝါးကျည်တောက် များလည်း ယင်းအခန်းငယ်ထဲတွင် ထားရှိပါသည်။ ဆန်အရက်မှာ မွန်ဈေးသည်လှည်းများထံမှ ဝယ်ယူရခြင်း ဖြစ်ပါသည်။ ဒါတောင် မွန်ဈေးသည်လှည်းများလာရောက်မှသာ ရရှိခြင်းဖြစ်၍ အလှအယက်ဝယ်ယူရခြင်း ဖြစ်ပါသည်။ တောကြီးခေါင်ခေါင်တွင် ဆန်အရက်မှာ ရွှေလောက်နီးနီး တန်ဖိုးရှိလှပါသည်။

ထိုင်း–မြန်မာမီးရထားလမ်းဖောက်လုပ်ရာနှင့် အတော်အတန်နီးကပ်သော ကလော့သော့, ကျိုက္ကမီ, ပင, ကရပ္ပိ စသောအရပ်ဒေသများမှ မွန်အမျိုးသားကြီးများ, အဘွားကြီးများသည် တောတွင်းချွေးတပ်စခန်းများသို့ လှည်းများဖြင့် လာရောက်ဈေးရောင်းချခြင်း ဖြစ်ပါသည်။

ဤအတွက် ဂျပန်စစ်ဗိုလ်များထံ အမိန့်လက်မှတ် တောင်းခံရပါသည်။ သိပ်တော့ မလွယ်ပါ။ ခဲခဲယဉ်းယဉ်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ၂ လ ၁ ခါ, ၃ လ ၁ ခါလောက်သာ မွန်ဈေးသည်လှည်း ၂ စီး, ၃ စီးလောက်သာ လာရောက်နိုင်ပါသည်။ ဆန့်ချက်အရက်ကိုတော့ သိုသိုဝှက်ဝှက် ယူဆောင်လာရပါသည်။ (ယင်းမွန်ဈေးသည် လှည်းများအကြောင်းကို 'ချွေးတပ်မှတ်တမ်း'စာအုပ်တွင် အသေးစိတ် ဘင်ပြထားပါသည်။ စာရေးသူ)

"ဘယ်လိုလဲဗျ"

မီးပုံဘေးတွင် ၂ ယောက်သား မျက်နှာချင်းဆိုင်မိသည့်အခါ ကျွန်တော်ကမေးလိုက်ပါသည်။

ကိုဘစိန် သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ သူ မျက်နှာမကောင်းပါ။ ဒါပေမယ့် ကိုဘစိန်သည် အတော်

http://mmteashop.com



နွဲ့သတ္တိရှိ၍ ခံနိုင်ရည်ရှိသူတစ်ယောက်တော့ ဖြစ်ပါသည်။

"အင်း–မေးလိုက်မြန်းလိုက်တာ ခေါင်းကိုချာချာလည်ပြီး မူးနောက်နေတာပဲ။ မိဘက ဘာလုပ်သလဲ၊ ဘယ်ကျောင်းမှာ နေခဲ့သလဲ၊ ဘယ်နှစ်တန်း အောင်လဲ၊ ကျောင်းကထွက်တော့ ဘာလုပ်သလဲ၊ အိမ်ထောင်ရှိသလား၊ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ၊ မိဘတွေ ရှိသေးသလား၊ ညီအစ်ကိုမောင်နှမတွေ ရှိသေးသလား၊ သူတို့က ဘာလုပ်ကိုင်စားသောက်ကြသလဲ၊ ဒီရထားလမ်းဖောက်တဲ့ကိစ္စကို ဘယ်လိုသဘောထားသလဲ၊ ဘယ်လို ရည်ရွယ်ချက်နှင့် လိုက်လာတာလဲ၊ အင်္ဂလိပ်တွေအပေါ် ဘယ်လိုသဘောထားသလဲ၊ နိပ္ပွန်တွေအပေါ် ဘယ်လို သဘောထားသလဲ။ အိုကွာ–စုံနေတာပဲ။ နောက်ပြီး ထပ်တလဲလဲမေးတယ်ကွ"

သူ့စကားနားထောင်ရင်း ကျွန်တော် 'ဘုရား–ဘုရား' တ,မိပါသည်။

"စစ်ဗိုလ်ယာမာမိုတိုကိုယ်တိုင် မေးတာလားဗျ"

"ဘယ်ဟုတ်မလဲကွာ။ ယာမာမိုတိုက နားထောင်နေတယ်။ ယာမာကူချီရယ်၊ ယောယုဝရယ်၊ ရွှေမျက်မှန်ရယ်၊ ယာမာမိုတိုရဲ့လက်ထောက် ဝမ်းလိုင်းတူးစတား ဂျပန်စစ်ဗိုလ်ရယ်၊ ဝိုင်းဝိုင်းလည်နေတာပဲ။ ငါဖြေတာတွေအားလုံး ရေးမှတ်ထားတယ်"

"စကားပြန် ကောင်လေးကရော"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟာ–ဒီကောင်လေးက အလကားပါပဲကွာ။ ဂျပန်စစ်ဗိုလ်နား ထိုင်နေရုံသက်သက်ပဲ။ ဘာအသုံးကျတာ လိုက်လို့။ ပြီး–ငါ့ကိုမေးတာက အင်္ဂလိပ်လိုမေးတာ။ ဝမ်းလိုင်းတူးစတား (တစ်လိုင်းကြယ် ၂ပွင့်)။ သူက အများဆုံး ရှေ့ဆောင်ပြီးမေးတယ်"

"ဒါလောက်နှင့် ပြီးရောလား"

"ပြီးချင်လည်း ပြီးမှာပဲ။ မပြီးချင်လည်း မပြီးဘူးပဲ။ ဘာတတ်နိုင်မှာလဲကွာ။ ငါ့အထင်တော့ ငါ့ကို တစ်နေရာရာ ပြောင်းပစ်မလား၊ နေရပ်ပြန်ပို့မလား။ ဒါပဲထင်တယ်။ ပြန်ပို့ရင် ကောင်းတာပဲ။ ကံတရားပေါ့ကွာ။ တွေးပူတွေးကြောက်နေဖို့ မလိုပါဘူး။ ကံစီမံရာပဲ။ ကဲကွာ–ထမင်းစားကြမယ်"

ညစာထမင်းကိုမူ ကိုဘစိန်၊ ကျွန်တော်နှင့် သာဆင်တို့ ၃ ယောက်က အတူတကွ စားသောက်ကြပါသည်။ ယင်းအစီအမံမှာ ကိုဘစိန်၏ ကျွန်တော့်အပေါ်တွင် သက်ညှာထောက်ထားမှု ဖြစ်ပါသည်။ စခန်းတာဝန်ခံအတွက် ထမင်းဟင်းကိုမူ စားဖိုရုံမှ ပေးပါသည်။ ထိုအခါ ဤဆန်၊ ဤဟင်းပင်ဖြစ်သော်လည်း နူးနူးနပ်နပ် ဖြစ်ပါသည်။ ကြည့်မှပေါ့။ ပဲကြားဟင်းဆိုလျှင်လည်း ပဲကြားမှာ အခွံချွတ်ပြီး နူးနူးနပ်နပ်။ ပိန်းဥဟင်းဆိုလျှင်လည်း အခွံခွာပြီး နူးနူးနပ်နပ်။ ထမင်းဆိုလျှင်လည်း ပျော့ပျော့ပျောင်းပျောင်း။ ရံဖန်ရံခါ၌မူ ကိုဘစိန်၏ကောင်းမှုဖြင့် ဟင်းထဲတွင် ဆိကလေး၊ ကြက်သွန်ကလေး ပါလိုက်သေးသည်။ တစ်ခါတစ်ခါတော့ ငရုတ်သီးဆားထောင်းကလေးများကိုပင် စားသောက်ရပါလေသည်။

မည်သို့ပင်ဆိုပါစေ၊ စားဖိုရုံကိုကြီးစိုးသော စားဖိုရုံမှူးနှင့် ထမင်းချက်ချွေးတပ်သားများမှာမူ ဤဆန်၊ ဤဟင်းကိုပင် နူးနူးနပ်နပ်စားသောက်ကြရမည်မှာ မလွဲပင် ဖြစ်ပါလိမ့်မည်။ ယင်းသို့ဖြစ်ရသည့်အတွက် စားဖိုရုံ သမားများအပေါ် အပြစ်တင်ရန်၊ အပြစ်ပြောရန် မသင့်ပါ။ နေ့စဉ်နှင့်အမျှ လူပေါင်းများစွာအတွက် ရေးကြီး သုတ်ပျာနှင့်ချက်ရပြုတ်ရသော ထမင်းဟင်းကိစ္စသည် မည်သို့လျှင် ကောင်းမွန်နိုင်ပါအံ့နည်း။

စခန်းတာဝန်ခံကိုဘစိန်အကြောင်းကိုပင် ဆက်လက်၍ ကျွန်တော်တင်ပြပါဦးမည်။

ညက မီးပုံဘေးတွင် ကျွန်တော်နှင့် ကိုဘစိန်တို့ အတော်ပင်ညဉ့်နက်အောင် ထိုင်စကားကောင်းနေကြပါ သည်။ သန်းခေါင်အချိန်ထိအောင်ပင် ဖြစ်ပါသည်။ တဲတန်းလျား ၄ လုံးစလုံးရှိ ဘွန်ထိုက်ချီနှင့် ဟန်ချိုများသည်

http://mmteashop.com



တစ်ဦးပြီးတစ်ဦးရောက်လာကြကာ အကြောင်းအကျိုးမေးမြန်းကြပါသည်။ စခန်းတာဝန်ခံကိုဘစိန်အတွက် သူတို့အားလုံးပင် စိတ်ပူပန်ခြင်းရှိကြပါသည်။

"ကိစ္စမရှိတန်ပါဘူးကွာ။ ငါ့အတွက် စိတ်မပူကြပါနဲ့"

ကိုဘစိန်ကတော့ သည်အပြောမျိုးနှင့်ပင် လာရောက်မေးမြန်းသူ ဘွန်ထိုက်ချို့ ဟန်ချိုအားလုံးကို ပြန်နှင် လွှတ်ပါသည်။ မနင်လို့လည်း မဖြစ်ပါ။ လူအများကြီးစုဝေးနေလျှင် ဂျပန်ကင်းသမားက သဟောက်သဟလုပ်ပါ သည်။ တဲတန်းလျားအတွင်းကိုလည်း မကြာခဏဝင်၍ စူးစမ်းစစ်ဆေးတတ်ပါသည်။

နောက်တစ်ညတွင်လည်း ကိုဘစိန်ကို ဂျပန်စစ်ပိုလိပ်နေအိမ်(ရုံး)သို့ ထပ်မံကာခေါ်ပါသည်။ မနေ့ညက မေးမြန်းသော မေးခွန်းပေါင်းမြောက်မြားစွာကိုပင် ထပ်မံစစ်ဆေးမေးမြန်းခြင်း ပြုပါသည်။ နောက်တော့ စာရွက် ပေါ်တွင် လက်မှတ်ရေးထိုးခိုင်းပါသည်။ မေးမြန်းခြင်းပြုသည်မှာ မနေ့ညကလောက်တော့ အချိန်မကြာနိုင်ကြပါ။

ကျွန်တော် ကိုဘစိန်ကိုမေးကြည့်ပါသည်။

"လက်မှတ်အထိုးခိုင်းတဲ့စာရွက်ပေါ်မှာ ဘာတွေရေးထားလဲဗျ"

"ငါ့ကိုမေးမြန်းတဲ့ မေးခွန်းတွေပေါ့ကွာ။ ရေးတာကတော့ ဂျပန်စာနဲ့ ရေးထားတာကွ။ ငါ့ကို ထပ်မေး တော့လည်း အဲဒီစာရွက်ပေါ် ကြည့်မေးတာ။ ဝမ်းလိုင်းတူးစတားက မေးတယ်။ လက်မှတ်အထိုးခိုင်းတော့လည်း သူပဲ"

သည်ညတော့ ကိုဘစိန် မနေ့ညကထက် ပို၍ မျက်နှာမကောင်းပါ။ စကားလည်း မနေ့ညကလောက် မပြောပါ။ သူနှင့်ကျွန်တော် ထိုညက ညစာမစားသောက်တော့ပါ။ သူ့ရှေ့ရေးအတွက် ကျွန်တော်ကိုယ်တိုင် စိတ်စာတ်ချောက်ချားလာပါသည်။ ကိုဘစိန်ကို သတ်များပစ်လေမလား။ ကျွန်တော် တွေးမိသည်။

"ဒီညထပ်မေးတဲ့ မေးခွန်းတစ်ခုက မြို့ပိုင်ရုံးစာရေး ဘယ်နှစ်ခု လုပ်ခဲ့သလဲတဲ့"

"ခင်ဗျား ဘယ်လို ဖြေလိုက်သလဲ"

"အမှန်ပြောရရင် အဲဒီမေးခွန်းတော့ ငါ့စိတ်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ အဖြေက အကြောင်းမဟုတ်ဘူးကွ။ ငါ့ကိုယ်ရေးမှတ်တမ်း (ကိုယ်ရေးရာဇဝင်ကို ဆိုလိုသည်။)ဟာ သူတို့လက်ထဲ ရှိပြီးသားဖြစ်မှာပါ။ တစ်ခုရှိတာက ငါ့ကို အင်္ဂလိပ်လူလို့များ သူတို့ယူဆသလားမပြောနိုင်ဘူး။ အဲလိုဆိုရင်တော့ ကင်ပေတိုင်ရုံးပို့မှာပဲ"

ထိုစကားပြောသည့်အတွက် ကိုဘစိန်အသံ မှုမမှန်တော့ပါ။ တုန်ယင်အက်ကွဲနေပါသည်။ နားထောင်နေသော ကျွန်တော်ကိုယ်တိုင်လည်း ခေါင်းနားပန်းကြီးလာပါသည်။

"ခုနေ ထွက်ပြေးရင်"

ကျွန်တော် လွှတ်ခနဲပြောလိုက်မိပါသည်။

"မလွယ်ပါဘူး ဟောကောင်။ မနေ့ညက မင်းကိုသာ ငါဖွင့်မပြောတာ။ ဂိတ်ပေါက်အခြေအနေကို ငါသွား ကြည့်တယ်။ ဒါပေမယ့် ဂိတ်ပေါက်ကင်းကို ကျော်နိုင်ဦးတော့ စခန်းတိုင်း, စခန်းတိုင်းက ကင်းတွေလွတ်အောင် သွားဖို့ မလွယ်ဘူး။ တစ်ခုရှိတာက သံဖြူဇရပ်ကို ရိက္ခာထုတ်သွားရရင်တော့ ဟုတ်သားပေါ့။ ဒီလိုမဟုတ်လို့က တော့ မလွယ်ဘူး။ အေး–တစ်ခုရှိတယ်။ သံဖြူဇရပ်အထိ ရထားလမ်းပေါက်လို့ ရှိရင်လည်း တစ်နည်းနည်းနှင့် ရထားပေါ်ခိုးစီးပြီး လိုက်သွားရရဲ့။ ခုအတိုင်းက မလွယ်ဘူး။ ထွက်ပြေးရင် မိမှာပဲ။ မိရင် ပိုဆိုးမယ်"

ကိုဘစိန်ပြောတော့မှပင် မနေ့ညက တဲတန်းလျားသည်ဘက်ပေါက်ကမဝင်ဘဲ တစ်ဘက်ပေါက်က လှည့်ဝင် သည့်သဘောကို ကျွန်တော်သိရပါတော့သည်။

ထိုညကလည်း ကိုဘစိန်နှင့်ကျွန်တော် ညဦးအတော်နက်သည့်တိုင်အောင် မီးပုံဘေးတွင် ထွေရာ ၄ ပါး ပြောဆိုနေကြပါသည်။ ထိုညသည် သူနှင့်ကျွန်တော်တို့ အပလုံစခန်းတွင် နောက်ဆုံးဆက်ဆံရသော ညဖြစ်လိမ့်

http://mmteashop.com



မည်ဟုကား ကျွန်တော့်အနေနှင့်ရော သူ့အနေနှင့်ပါ လုံးဝ မထင်မှတ်, မယူဆမိကြပါ။

သို့ရာတွင် ကျွန်တော်နှင့်သူ အိပ်ရာဝင်၍ ၂ နာရီ-အလွန်ဆုံး ၃ နာရီလောက်သာ ရှိပါလိမ့်ဦးမည်။ တပ်ကြပ်ကြီးယောကုဝနှင့် ဂျပန်စစ်သား ၂ ယောက်တို့ ရောက်ရှိလာကြပြီး ကိုဘစိန်အခန်းတစ်ခုလုံး မွှေနှောက်ရှာဖွေခြင်း ပြုကြပါသည်။ ဂျပန်စစ်သား ၂ ယောက်လက်ထဲတွင် ကညင်ဆီမီးတိုင်များနှင့် ဖြစ်ပါသည်။ သူတို့သည် ကိုဘစိန်အခန်းထဲမှ တွေ့ရှိသည့် စာရွက်စာတမ်း, စာအုပ်များကို ယူဆောင်သွားကြပါသည်။ ယင်းစာရွက်စာတမ်းများသည် ကျွန်တော်မှတ်မိသလောက်တော့ ချွေးတပ်သားများ၏လုပ်ခကြေးငွေနှင့်ပတ်သက်သည့် စာရင်းဇယားများဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် အိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်ပါသည်။ ကရင်ကလေးသာဆင်ကို ခပ်နာနာဆွဲလှုပ်ပြီး ၂ ဦးကြားရုံ အသံပြု၍ နှိုးရပါသည်။ စခန်းအပြင်တွင် ကပ်၍အိပ်သည်မှန်ပေမင့် ပြဿနာဖြစ်နေသည့် အနီးအပါးကိုတော့ ကျွန်တော်တို့ မသွားရဲ, မသွားဝံ့ကြပါ။ ဆွမ်းခံရင်း ငှက်သင့်ဖြစ်မည်ကိုတော့ သတိကြီးစွာထားရပါသည်။

နောက်ဆုံးတော့ ကိုဘစိန့်ကို ခေါ်ဆောင်သွားကြပါသည်။ ကြိုးတုပ်, ကြိုးချည်တော့ မလုပ်ပါ။ ကိုဘစိန်သည် ကျွန်တော်နှင့်သာဆင်တို့ ငုတ်တုတ်ထိုင်နေသည်ကို မြင်တွေ့ဟန်တူပါသည်။ ဒါပေမယ့် ဘာတစ်ခွန်းမျှ ပြောမသွားပါ။ တကယ်ဆိုတော့ ပြောဖို့ဆိုဖို့လည်း မသင့်လျော်ပါ။

ဤသည်မှာ– 'ကံသာလျှင် အမိ, ကံသာလျှင် အဖ, ကံသာလျှင် အားကိုးရာ' ဟူသော တောတွင်းချွေးတပ်စခန်းအပလို၌ စခန်းတာဝန်ခံ ကိုဘစိန်နှင့် စာရေးသူတို့၏ နောက်ဆုံးပိတ်ဆက်ဆံကြရသော, တစ်နည်းပြောရသော် ကွေကွင်းခွဲခွာ ကြရသော အဖြစ်သနစ် ဖြစ်ပါသည်။ တစ်ဖန် ကိုဘစိန်အကြောင်းကို နောက်ထပ်၍ အနည်းငယ်တင်ပြစရာ ကျန်ရှိနေပါသည်။ ထိုအကြောင်းကို ဆက်လက်၍ တင်ပြပါမည်။

စာရေးသူ နေရပ်သို့ပြန်လည်ရောက်ရှိသည့်အခါ ကိုဘစိန်ကို ကျန်းကျန်းမာမာဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ပြန်လည်တွေ့ဆုံကြရပါသည်။ ဤအခြေအနေမျိုး, ဤအဖြစ်မျိုး ပြန်လည်ဆုံစည်းကြလိမ့်မည်ဟူ၍ကား ကျွန်တော်လုံးဝ မမျှော်လင့်ခဲ့ပါ။ ဝမ်းသာစရာ ကောင်းလှပါ၏။ သူက သူ့အဖြစ်ကို ပြန်ပြောပြပါသည်။

ချွေးတပ်စခန်းမှ ဂျပန်များက သူ့ကိုပြန်လွှတ်လိုက်ခြင်းတော့ မဟုတ်ပါ။ မော်လမြိုင်ရှိ ကင်ပေတိုင်စစ်ရုံးသို့ ပို့လိုက်ခြင်း ဖြစ်ပါသည်။ ကင်ပေတိုင်စစ်ရုံးက သူ့ကို တစ်ပတ်လောက် ချုပ်နှောင်ထားသည်။ တစ်နေ့တစ်ကြိမ် စစ်ဆေးမေးမြန်းခြင်းပြုသည်။ ရိုက်နှက်ညှဉ်းပန်းခြင်းမခံရဟု ပြောပါသည်။

နောက်တော့ ဂျပန်ကင်ပေတိုင်မှ ကိုဘစိန်ကို လွှတ်လိုက်ပါသည်။ လွှတ်ရုံသာမက လမ်းခရီးတွင် ဘေးမသီအန္တရာယ်မရှိ ပြန်နိုင်စေရန်အတွက် ထောက်ခံစာတစ်စောင်ကိုပင် ရေးပေးလိုက်ပါသည်။ အံ့တစ်ပါး။ ယင်းသို့ဖြစ်ရသည်မှာ ကုသိုလ်ကံကြောင့်ချည်း ဟုပြောလို့မဖြစ်ပါ။ ကုသိုလ်ကံလည်း ပါပါသည်။ စေတနာအကျိုးပေးခြင်း, တုံ့ပြန်ခြင်းလည်း ဖြစ်ပါသည်။

တပ်ဒိန်တံတားကြီး တည်ဆောက်စဉ်က ဖြစ်ပါသည်။

ယန္တရားတံတား ဆောက်လုပ်ရေးတပ်ကလား မသိပါ။ ဂျပန်တစ်ယောက်မှာ သစ်သားလက်ရန်းပေါင်ခေါင်းပေါ်ပြုတ်ကျပြီး မူးမေ့သွားပါသည်။ ဦးခေါင်းက သွေးများယိုစီးကျဆင်းလာပါသည်။

ဤတွင် စခန်းတွင်ရှိနေသော ဂျပန်ဆေးမှူးကို ဂျပန်စစ်သားများ အပြေးအလွှားသွားရောက်ခေါ်ငင်ကြပါသည်။ (သည်အချိန်တုန်းကတော့ တောတွင်းချွေးတပ်စခန်းကြီးများတွင် ဂျပန်ဆရာဝန်တွေ, ဆေးမှူးတွေကို တွေ့မြင်နေရပါသည်။) ယင်းသို့ဖြင့် ဆေးမှူးရောက်လာပြီး ဒဏ်ရာရရှိသော ဂျပန်ကို ပြုစုကုသပေးပါသည်။ ဆေးထည့်ပေးပါသည်။ ပတ်တီး စည်းပေးပါသည်။ သတိလည်း ရလာပါသည်။

သို့ဖြင့် ဆေးမှူးဂျပန်မှာလည်း သူ့တာဝန်, သူ့အလုပ်ပြီးစီးသဖြင့် စခန်းသို့ပြန်ရန်အတွက် ယာယီဖြတ်ထိုး

http://mmteashop.com



ထားသော စမ်းချောင်းကူး သစ်တုံးပေါ်လှမ်းအတက်တွင် အမှတ်မဲ့ခြေချော်ပြီး စမ်းချောင်းထဲထိုးကျသွားပါသည်။ ဤတွင် အနီးတစ်ဝိုက်၌ ရှိနေကြသည့် ဂျပန်များရော၊ ချွေးတပ်သားများရော အထိတ်တလန့်နှင့် အော်ဟယ်ဟစ်ဟယ် ဖြစ်ကုန်ကြပါသည်။ တောင်ပြေးမြောက်ပြေး၊ တောင်ဆွဲမြောက်ဆွဲဖြစ်ကုန်ကြပါသည်။

အမှန်ကတော့ ဆေးမှူးဂျပန်မှာ အရှိန်အဟုန်ပြင်းစွာဖြင့် တသွင်သွင်စီးဆင်းနေသည့် စမ်းချောင်း၏ ရေအလျဉ်ထဲသို့ လုံးလုံးလျားလျားကျရောက်သွားခြင်း မဟုတ်ပါ။ ကိုယ်ခန္ဓာအောက်ပိုင်း တစ်ဝက်နီးနီးက ရေထဲရောက်ပြီး အပေါ်ပိုင်းနှင့် သူ့ဆေးသေတ္တာကလေးက ကျောက်ဆောင်ပေါ်တွင် ရှိနေပါသည်။ ဆေးသေတ္တာကိုတော့ သူ့လက်ထဲက မလွှတ်ပါ။ အသေအလဲ ဆုပ်ကိုင်ထားပါသည်။

အမှန်ဆိုတော့ ယင်းဆေးသေတ္တာ သံယောဇဉ်ကြောင့်ပင် သည်အဖြစ်ရောက်ရခြင်း ဟုဆိုရပါမည်။ စမ်းချောင်း တစ်ဘက်နှင့်တစ်ဘက် ဖြတ်ကူးရန် ယာယီတံတားမှာ သစ်ပင်အလုံးကြီး ၃ ပင် ၃ လုံးကိုဆက်၍ ထိုးထားခြင်း ဖြစ်ပါသည်။ ကိုင်တွယ်၍လျှောက်ရန် ဝါးလက်တန်းလည်း ရှိနေပါသည်။ ဆေးမှူးသည် ပထမဦးစွာ တံတားပေါ် လှမ်းတက်လိုက်စဉ်က လက်တန်းကို လှမ်းမကိုင်လိုက်ခြင်းကပင် သူ၏ဖြစ်မဲ့မှု ဖြစ်ပါသည်။ ခြေချော်သွားတော့မှ အားနေသောလက်တစ်ဖက်ဖြင့် လက်တန်းကို ဖမ်းဆွဲလိုက်သည်။ နောက်ကျသွားလေပြီ။

သူ့အဖြစ်ကို ဆက်လက်၍ တင်ပြပါမည်။

ဆေးမှူးဂျပန် အားလျားမှောက်ကြီးဖြစ်နေသော ကျောက်တုံးကျောက်ဆောင်များကလည်း ပြေပြေပြစ်ပြစ် မဟုတ်ပါ။ ရေညှိရေမှော်တွေအတိဖြင့် ချောကျိနေပါသည်။ ထို့ကြောင့်လည်း သူ ရုတ်တရက် ပြန်ထမရ ဖြစ်နေပါသည်။ တစ်ဖက်သောလက်က ဆေးသေတ္တာကို အမိအရဆုပ်ကိုင်ထားရသဖြင့် ကျန်သောလက်တစ်ဖက်က အားယူထောက်သော်လည်း ကျောက်ဆောင်က ရေညှိထုတက်နေသဖြင့် စိတ်ထင်တိုင်းထောက်၍မရဘဲ ရှိနေပါသည်။

ဤအတိုင်းဆိုလျှင် ဆေးမှူး၏ကိုယ်ခန္ဓာမှာ ကျောက်ဆောင်အောက် လျှောကျသွားရန်သာ ရှိပါသည်။ နောက်တော့ အရှိန်အဟုန်ပြင်းသည့် ရေစီးအလျဉ်ထဲသို့ အတောမသတ်မျောပါသွားရန်သာ ရှိသည်။ တံတားတည်ဆောက်သောနေရာ၏အောက်ပိုင်း ၄-၅-၆ ကိုက်ခန့်တွင် ရေစီးအားက ပိုမိုပြင်းထန်ပြီး ကျောက်တုံးကျောက်ဆောင်နှင့် ရေစီးအလျဉ်ထိခိုက်သံမှာ တဟဲဟဲတဟောဟော မြည်ဟည်းနေပါသည်။

ယင်းသို့ရှိခိုက်၌ပင် ထိုနေရာသို့ လူတစ်ယောက် ပြေးလွှားလာပါသည်။ ထိုသူသည် ဝိုင်းပိတ်ဆို့ကာနေသော ဂျပန်စစ်သားများနှင့် ချွေးတပ်သားများကို တွန်းထိုးဖယ်ရှားပြီး သူ့လက်တွင် ပါရှိလာသော ကြိုးတစ်ချောင်း၏ အစကို တံတားကူးသစ်လုံးတံ့တွင် ပတ်ချည်လိုက်ပြီးနောက် ကျန်သောကြိုးစတစ်ဘက်ကို ဆွဲကိုင်ကာ လှ ၂ ရပ်သာသာအမြင့်ရှိသော ကျောက်ဆောင်ထက်သို့ လျှောချဆင်းသက်လိုက်ပါသည်။ ထိုသူမှာ အခြားသူမဟုတ်။ ကျွန်တော်တို့၏စခန်းတာဝန်ခံ ‘ဗိုလ်လေး’ ဟု ချွေးတပ်သားများက ခေါ်ငင်ဆက်ဆံသူ ကိုဘစိန် ဖြစ်ပါသည်။

ကျောက်ဆောင်ပေါ်ရောက်သည့်အခါ ကိုဘစိန်သည် သူ့လက်မှကြိုးကိုမလွှတ်ဘဲ ဂျပန်ဆေးမှူး၏ကိုယ်ပေါ်တွင် ခွပြီးရပ်လိုက်ပါသည်။ ဆေးမှူး၏ဆေးသေတ္တာကိုယူပြီး အပေါ်သို့ လှမ်းပေးပါသည်။ အပေါ်မှလှမ်းယူ၍ မမိမကမ်းဖြစ်နေသဖြင့် ဝါးလုံးချိတ်နှင့် လှမ်းယူရပါသည်။

နောက်တော့ ကြိုးစကို လက်တစ်ဖက်က ကိုင်ထားပြီး ကျန်သောလက်တစ်ဖက်နှင့် မှောက်လျက်ကြီးဖြစ်နေသော ဆေးမှူးဂျပန်၏ ကိုယ်ခန္ဓာအထက်ပိုင်းကို ခဲခဲယဉ်းယဉ်းဆွဲထူရပါသည်။ ဆေးမှူး၏မျက်နှာတစ်ပြင်လုံးကို သွေးများဖြင့် ရဲနေပါသည်။ ကျောက်ဆောင်နှင့်ရိုက်မိပြီး နဖူးကွဲသွားပါသည်။ နှာခေါင်းထဲကလည်း သွေးများယိုစီးနေပါသည်။ ပါးစပ်ထဲကလည်း သွေးများထွက်ကျနေပါသည်။ သို့ရာတွင် ဂျပန်ဆေးမှူးမှာ အသက်အရွယ်ငယ်ရွယ်နုပျိုဖြစ်သောကြောင့် ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားခြင်းပြုနိုင်ပါသည်။ ကိုဘစိန်လက်ထဲမှ ကြိုးကိုကိုင်ပြီး အပေါ်သို့ တွယ်တက်လာပါသည်။ အပေါ်မှဂျပန်စစ်သားများက ဝိုင်းဝန်းကာ ဆွဲတင်ကြပါသည်။ စခန်းတာဝန်ခံ

http://mmteashop.com



ကိုဘစိန်ကိုယ်တိုင်လည်း ဂျပန်ဆေးမှူးလိုပင် အပေါ်သို့ တက်ရောက်လာပါသည်။ သူ့ကိုလည်း ဂျပန်စစ်သားများက ဝိုင်းဝန်းဆွဲတင်ကြပါသည်။ ဓမ်သလမြိုင်ကင်ပေတိုင်ဂျပန်များလက်တွင်း၌ ကိုဘစိန် အနှိပ်စက်အညှဉ်းဆဲခံရမည့်ဆဲဆဲ ယင်းဂျပန် ဆေးမှူးနှင့် ပက်ပင်းကြုံဆုံကာ ယင်းဂျပန်ဆေးမှူးက ကယ်တင်လိုက်သဖြင့် ကိုဘစိန်မှာ သေဘေးမှ လွတ်မြောက်ခဲ့ ရခြင်းပင် ဖြစ်ပါသည်။

ဝတ္ထုဇာတ်လမ်းဆန်သော, ရုပ်ရှင်ဇာတ်ကားသဖွယ်ဖြစ်သော ယင်းဖြစ်ရပ်သည် ထိုင်း–မြန်မာမီးရထားလမ်း ဖောက်လုပ်ရာတွင် တပ်ဒိန်တံတားကြီးတည်ဆောက်စဉ်က အမှန်တကယ်ကြုံတွေ့ခဲ့ရသည့် အကြောင်းတစ်ရပ် ဖြစ်ပါသည်။

ယင်းဖြစ်ရပ်ကိုထောက်ရှုလျှင် လူတို့မည်သည် ပင်ကိုသဘောအားဖြင့် တစ်ဦးနှင့်တစ်ဦး, တစ်ယောက်နှင့် တစ်ယောက် ရိုင်းပင်းလိုစိတ်, ကူညီလိုစိတ်, ငဲ့ညှာထောက်ထားလိုစိတ်များ ရှိကြသည်မှာ ဧကန်အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ယင်းသို့ ကောင်းမွန်မြင့်မြတ်သော ချီးကျူးသဖွယ်လည်းဖြစ်သော လူ၏နလုံးသား စိတ်ထားများကိုပင် 'လွန်ကဲသော အတ္တစိတ်, လွန်ကဲသော ဣဿမစ္ဆရိယစိတ်, လွန်ကဲသော အဘိဇ္ဈာစိတ်တို့တည်းဟူသော စိတ်ယုတ်မာ, စိတ်ရိုင်းတို့က လွှမ်းမိုးဖျက်ဆီးခြင်းကြောင့် တစ်ဦးအပေါ်တစ်ဦး ဗြဟ္မစိုရ်စိတ်, မေတ္တာစိတ်မထားနိုင်ကြခြင်းပါတကား' ဟု စာရေးသူ ဆင်ခြင်သုံးသပ်မိပေသည်။

http://mmteashop.com

## နောက်ဆုံးပိတ် ဘုရား ၃ ဆူ

စခန်းတာဝန်ခံကိုဘစိန် မရှိသည့်အခါ နောက်ထပ်စခန်းမှူး လူသစ်တစ်ယောက်ယောက်များ ရောက်ရှိလာမလားဟု ကျွန်တော်တို့ မျှော်လင့်ကြပါသည်။ ဒါပေမယ့် ရောက်မလာတော့ပါ။

ကျွန်တော်တို့ လုပ်ခကြေးငွေကိုလည်း ယခင်ကအတိုင်း တစ်ပတ်လျှင် တစ်ကြိမ်ကျ ဂျပန်စစ်ဗိုလ်တစ်ယောက်နှင့် ဂျပန်တပ်ကြပ်ကြီးများက ထုတ်ပေးခြင်းပြုကြပါသည်။ ယင်းကိစ္စမှာလည်း ယခင်တုန်းကလောက် တာဝန်မကြီးတော့ပါ။ လက်ရှိအလုပ်သမား ချွေးတပ်သားဦးရေက အတော်ကြီး လျော့နည်းသွား၍တစ်ကြောင်း၊ တဲလိုင်းပေါ်တွင် နာကောင်ပက်လက်ဖြစ်နေသော အလုပ်သမားအရေအတွက်က လျော့နည်းလာခြင်းမရှိဘဲ တိုး၍တိုး၍သာ များပြားလာသောကြောင့်တစ်ကြောင်း ဖြစ်ပါသည်။ တကယ်လို့ တဲလိုင်းပေါ်တွင် တုံးလုံးပက်လက်ဖြစ်နေသော နာမကျန်းဖြစ်နေသူများထဲက ၁ ယောက်–၂ ယောက်–၃–၄–၅ ယောက် လျော့နည်းသွားပြီဆိုလျှင်လည်း ယင်းလျော့နည်းသွားမှုမှာ ကောင်းသောလျော့နည်းမှုတော့ မဟုတ်ပါ။ ဓိဝိန်ချုပ်ငြိမ်း၍ ဖြစ်သလိုနည်းဖြင့် မြေမြှုပ်သင်္ဂြိုဟ်လိုက်ရခြင်း ဖြစ်ပါသည်။

ထိုအတွင်း တစ်နေ့တွင်မူ တပ်ကြပ်ကြီးယာမာကူချိသည် ကျွန်တော် ဘယ်လိုမျှမျှော်လင့်မထားသည့် စကားတစ်ခွန်းကို ပြောကြားခြင်းပြုပါသည်။ သူ့စကားကို ကြားရသည်မှာ ကျွန်တော့်အဖို့ မင်္ဂလာရှိလှပါသည်။ ဝမ်းသာစရာကောင်းလှပါသည်။ တအံ့တသြလည်း အကြီးအကျယ်ဖြစ်ရပါသည်။ တကယ်ဆိုတော့ သူပြောသည့် မြန်မာစကားမှာ အဓိပ္ပာယ်ပြည့်စုံခြင်း, ဝါကျမှန်ကန်ခြင်းတော့ မရှိပါ။ ကျွန်တော် သဘောပေါက်သလို ဘာသာပြန်ရလျှင်–

"သံဖြူဇရပ်သို့ ရထားလမ်းပေါက်ခဲ့လျှင် မြသန်းကြည်(ယူနီဗာစီတီ မြသန်းကြည်)အငြိမ့်ဖြင့် အောင်ပွဲခံမည်။ မမာမကျန်းဖြစ်နေသော ချွေးတပ်သားများအား နေရပ်အသီးသီးသို့ပြန်ပို့ပေးမည်" ဟူသော မင်္ဂလာသတင်းစကား ဖြစ်ပါသည်။ နောက်စကားတစ်ခွန်းကိုလည်း သူက ပြောပါသေးသည်။ တခြားမဟုတ်ပါ။ 'မပြောတကား, မပြောတကား' (ဘယ်သူ့မျှ မပြောနှင့်)ဟူသော နှုတ်ပိတ်စကားပင် ဖြစ်သည်။

ဤအချိန်တွင် မီးရထားလမ်းမှာ ထိုင်းနိုင်ငံဘက်မှနေ၍ မြန်မာနိုင်ငံ ဘုရား ၃ ဆူစခန်းထိ ဆက်သွယ်ဖောက်လုပ်၍ ပြီးစီးနေပြီ။ ထိုင်းဘက်မှလာသောရထားသည် တစ်နေ့တစ်ကြိမ်ကျမှန်မှန် ဘုရား ၃ ဆူဘူတာသို့ ဝင်ရောက်နေပေပြီ။

ညဉ့်ဦးပိုင်းအချိန်၊ ဒါမှမဟုတ် ညဉ့်နက်ပိုင်းအချိန်များတွင် ဘုရား ၃ ဆူဘူတာသို့ ရထားဝင်လာပြီဆိုလျှင် သေးငယ်စူးရှသောရထားဥသြသံကို အပလုံစခန်းမှ ကျွန်တော်တို့တစ်တွေ အတိုင်းသားကြားနေရလေသည်။

ယင်းသို့ကြားလိုက်ရသည့်အခါ ကျွန်တော်တို့အားလုံးမှာ မချိတင်ကဲ လှိုက်လှဲဝမ်းနည်းခြင်း ဖြစ်ကြရပါသည်။ ကျွန်တော့်ရှေ့၌မှာပင် အချို့အချို့သောချွေးတပ်သားကြီးများမှာ မျက်ရည်တွေစီးကျလာပါသည်။ တချို့မှာ ကိုယ့်စိတ် ကိုယ်မထိန်းနိုင်ဘဲ ရှိုက်ကြီးငင်ကြီးဖြင့် အသံများထွက်အောင်ပင် ငိုကြွေးကြပါသည်။

ပန်းချေပြည်စာအုပ်တိုက်

http://mmteashop.com



သို့ပေမယ့် ဒီလူတွေ အမှတ်မရှိကြပါ။ ဒီလိုပဲ ပြောရပါလိမ့်မည်။ နောက်ရက်, နောက်ညများတွင်လည်း အိပ်ပျက်ခံကြပါသည်။ မီးပုံဘေးပတ်လည်တွင် ဝိုင်းဖွဲ့ခြင်းပြုကြပါသည်။ နောက်တော့ လွမ်းဆွတ်ကြေကွဲခြင်း ဖြစ်ရမည့် ထိုဥဩသံကိုပင် သူတို့တွေ မျှော်မှန်းတမ်းမောကြသည်မဟုတ်ပါလား။

'နေပါဦး။ ရထားဥဩသံကြားတာနဲ့ ဘာလို့ မျက်ရည်ကျရတာလဲ။ ဘာကြောင့် ငိုရတာလဲ'

ချေးတပ်သားကြီးတစ်ယောက်ကို ကျွန်တော် မေးမြန်းပါသည်။

"ဥဩသံကြားရင် အိမ်ကို သိပ်လွမ်းတာပဲ။ သိပ်ကို သတိရတာပဲ။ ငိုချင်လာတယ်။ စိတ်ထိန်းထားလို့ မရဘူး"

"ဒီလိုဆိုထွက်ပြေးကြစို့။ ဘယ့်နှယ်လဲပြေးရဲပါ့မလား"

ကျွန်တော်က သွေးတိုးစမ်းကြည့်သည်။ အမေးခံရသူချေးတပ်သားသည် ကျွန်တော်တို့ မအူပင်နယ်သား မဟုတ်ပါ။ တွံတေး လမုတန်းဘက်ကဟု သိရပါသည်။ ယခုနောက်ပိုင်းတွင် တပ်ဖွဲ့တွေက ပုံစံပျက်ကုန်ပြီ။ အုတ်အရော ကျောက်အရော ဖြစ်ကုန်ပြီ။

အမေးခံရသူ ချေးတပ်သားကြီးမှာ အသက် ၅၀ ကျော်-၆၀ လောက်ရှိပြီ။ ကျွန်တော့်ထက် များစွာကြီးပါ သည်။ ခြံလုပ်ငန်းသမားကြီးဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော့်အမေးကို သူ ချက်ချင်းအဖြေမပေးပါ။ အတန်ကြာအောင် ငြိမ်သက်နေပါသည်။ ကျွန်တော့် အပေါ် မယုံမရဲ အကဲခတ်နေကြောင်း ကျွန်တော် ရိပ်စားမိပါသည်။ ထိုသူ၏ ဦးခေါင်းဆံပင်များသည် ရှည်ချင် တိုင်း ရှည်နေလေပြီ။ ဖွာလန်မကြဲအောင် ၂ တောင်သာသာလောက်ရှိမည့် ဂုန်နီစအပိုင်းတစ်ခုဖြင့် ရစ်ပတ်စည်းနှောင် ထားပါသည်။ ကျွန်တော် သိပါသည်။ ၂ တောင်သာသာရှိသည့် ယင်းဂုန်နီစသည်ပင် အလုပ်ကြိုးစားသူများအား ဂျပန်မာစတာများက ပေးကမ်းချီးမြှင့်သည့် ဆုလာဒ်ဖြစ်ပါသည်။

သူသည် ကျွန်တော့်အမေးကိုမဖြေဘဲ ကျွန်တော်မျက်နှာကို ရှုန်းရှုန်းစားစားစူးစိုက်ကြည့်သည်။ မှုန်သီ ပြာမှိုင်းပြီးချိုင့်ခွက်နေသော မျက်လုံးအိမ်အတွင်းမှ အံ့အားသင့်သည့် အလင်းရောင်တစ်ချက် ဝင်းလက်လာသလားဟု ကျွန်တော် ထင်မှတ်မိပါသည်။ နောက်တော့ ထိုသူသည် ကျွန်တော်မထင်မှတ်သောမေးခွန်းတစ်ခုကို မေးမြန်းခြင်း ပြုပါသည်။

"ဆရာလေး ခေါင်းဆောင်မှာလား"

သူ့ကို အဖြေပေးလိုက်ရပါလိမ့်မည်။ ကိုယ်က စလိုက်သည့်ကိစ္စ မဟုတ်ပါလား။

"ခေါင်းဆောင်မှာပေါ့ဗျာ။ ခေါင်းဆောင်ရမှာပေါ့။ ဒါပေမယ့် ခုနေ ထွက်ပြေးလို့တော့ မကောင်းသေးဘူးဗျ။ သံဖြူဇရပ်အထိ ရထားလမ်းပေါက်အောင် စောင့်ရဦးမှာပေါ့။ အဲဒီတော့မှ ဖြစ်တဲ့နည်းနဲ့ ရထားပေါ်ခိုးစီးလိုက် သွားရုံပေါ့ဗျာ။ သံဖြူဇရပ်ကို ရထားလမ်းဆက်မိဖို့ သိပ်မကြာတော့ပါဘူးလေ"

သို့ဖြင့် စခန်းတာဝန်ခံ ကိုဘစိန်ကို ဂျပန်များခေါ်ဆောင်သွားပြီးနောက် အပလုံစခန်းတွင် နောက်ထပ်ပြီး ၁ လ ကျော်လောက်သာ ကျွန်တော်တို့ ဆက်လက်မျှနေထိုင်ရပါသည်။ ဆောင်းရာသီကုန်လုလုတွင် ကျွန်တော်တို့ တစ်တွေ ဘုရား ၃ ဆူစခန်းသို့ ပြောင်းရွှေ့ခြင်းပြုပြန်ပါသည်။

ဤတွင် ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့မှတ်တမ်းကို နိဂုံးချုပ်အပ်ပါသည်။

လင်းယုန်သစ်လွင်
၅-၁၀-၁၉၉၁

http://mmteashop.com

# နောက်ဆက်တွဲ အမှာ

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အုပ်ချုပ်ရေးခေတ် ၁၉၄၂ ခုနှစ် နိုဝင်ဘာမှစတင်ကာ 'ထိုင်း-မြန်မာမီးရထားလမ်း' ဖောက်လုပ်ရေးကို ဂျပန်ဘုရင့်တပ်မတော် စစ်ဦးစီးဌာနနှင့် အုပ်ချုပ်ရေးဌာနတို့မှပူးတွဲလျက်ဆောင်ရွက်ခဲ့ကြလေသည်။

စစ်အတွင်း စစ်ရေးအရဖောက်လုပ်သော ရထားလမ်းဖြစ်ခြင်းကြောင့်လည်း သံလမ်းဖောက်လုပ်ရာတွင် ဗြိတိသျှ၊ သြစတေးလျ၊ ဒတ်ချ် စသော မဟာမိတ်စစ်သုံ့ပန်းများအပြင်၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယ စသော အရပ်သားအလုပ်သမားများကိုလည်း အမြောက်အမြားပင်အသုံးပြုခဲ့လေသည်။

ရာသီဥတုဆိုးရွားခြင်း၊ အစားအစာနှင့် အဝတ်အထည်မလုံလောက်ခြင်း၊ ဆေးဝါးနှင့် ကုသခံယူရန်မလွယ်ကူခြင်း၊ အလုပ်ဒဏ် ကြမ်းတမ်းခြင်းစသော ချွတ်ယွင်းချက်ပေါင်းများစွာကြောင့် လူအသေအပျောက်မှာလည်း ကြောက်ခမန်းလန့်ခမန်းရှိခဲ့သည်။ ထို့ကြောင့် စစ်ကြီးပြီးသွားသည့်အခါ 'ထိုင်း-မြန်မာမီးရထားလမ်း' သည် အရှေ့တောင်အာရှ၏ 'သေမင်းတမန်မီးရထားလမ်း'ဟု ကမ္ဘာကအသိအမှတ်ပြုခဲ့ခြင်း ဖြစ်လေသည်။

သံလမ်းဆောက်လုပ်ရာတွင် မြန်မာနိုင်ငံဘက်မှ 'သံဖြူဇရပ်မှ ဘုရား ၃ ဆူ'စခန်းအထိလည်းကောင်း၊ ထိုင်းနိုင်ငံဘက်မှ 'ဘန်ပေါင်(Ban Paung)မှ ဘုရား ၃ ဆူ' စခန်းအထိလည်းကောင်း တာဝန်ယူဆောက်လုပ်ရလေသည်။

ဤတွင် မြန်မာနိုင်ငံဘက်မှတာဝန်ယူဖောက်လုပ်ခဲ့ရသော အတွေ့အကြုံဖြစ်ရပ်များကိုမူ သုတေသီပုဂ္ဂိုလ်များကလည်းကောင်း၊ သံလမ်းဖောက်လုပ်ရာတွင် ကိုယ်တိုင်ကိုယ်ကြပ် ပါဝင်ခဲ့သူများကလည်းကောင်း စာအုပ် စာတမ်းအဖြစ်လည်းကောင်း၊ စာနယ်ဇင်းများတွင် လက်လှမ်းမီသလောက် ရေးသားခဲ့ကြပြီးဖြစ်၍လည်းကောင်း အထိုက်အလျောက်ပြည့်စုံပြီဟု ဆိုနိုင်ဖွယ်ရှိလေသည်။

ယခုနောက်ဆက်တွဲ ဖော်ပြထားသည့် အကြောင်းရပ်များသည်မူ ဗြိတိသျှစစ်မှုထမ်းသုံ့ပန်းတစ်ဦး၏ ထိုင်းနိုင်ငံဘက်မှ အတွေ့အကြုံဖြစ်လေသည်။ သမိုင်းဖြစ်ရပ်တစ်ခုကိုလေ့လာရာတွင် ယင်းဗြိတိသျှစစ်သုံ့ပန်း၏ အမှတ်အသားပြုလုပ်ထားချက်များမှာလည်း ခြွင်းချန်မထားသင့်သော အကြောင်းရပ်များဖြစ်သည်ဟု ယူဆပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောစာအုပ်ငယ်ကို ရေးဖော် လင်းယုန်မောင်မောင်ထံမှရရှိ၍ ရေးဖော်တစ်ဦးဖြစ်သော ဦးအောင်ကျော်(စာရေးဆရာ မောင်ကြာညို)က မြန်မာဘာသာသို့ ပြန်ဆိုပေးခြင်းဖြစ်သဖြင့် ယင်းပုဂ္ဂိုလ် ၂ ဦးအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

စာရေးသူ

http://mmteashop.com

# နောက်ဆက်တွဲ

**အောက်ဖော်ပြပါ အချက်များသည် ထိုင်း–မြန်မာမီးရထားလမ်းဖောက်လုပ်ရာ၌ ထိုင်းနိုင်ငံဘက်တွင် ကြုံတွေ့ခဲ့ရသော ဗြိတိသျှစစ်သည်တော်သုံ့ပန်းတစ်ဦး၏ အတွေ့အကြုံများဖြစ်လေသည်။**

## ကျွန်ုပ်တို့၏ တစ်နေ့တာကာလ

စခန်းအများဆုံးတွင် တစ်နေ့တာလုပ်ငန်းကို လူစာရင်းခေါ်ခြင်းနှင့် စတင်ပြီးနောက် ဆန်ပြုတ်နှင့် လက်ဖက်ရည်ကို နံနက်စာအဖြစ် စားသောက်ရလေသည်။ ပြီးလျှင် နံနက် ၈ နာရီတွင် အလုပ်စတင်ရန် လက်နက်ကိရိယာများကို ယူဆောင်လျက် အလုပ်ခွင်ရှိရာသို့သွားကြရလေသည်။ မွန်းတည့်ချိန်တွင် တစ်နာရီခန့် အနားရကြသည်။

စင်စစ် အနားရသည်ဆိုသော်လည်း ယင်းအချိန်သည် နေ့လယ်စာ စားသောက်ရန်အချိန်ပင် ဖြစ်လေသည်။ စခန်းနှင့်အလုပ်ခွင်နီးလျှင် နေ့လယ်စာ လာပို့သည်။ အကယ်၍ စခန်းနှင့် ဝေးနေမည်ဆိုပါက နံနက်ကပင် ထမင်းနှင့် ဟင်းသီးဟင်းရွက်အခြောက်ကြော်များကို ယူဆောင်လာရပြီး၊ ယင်း ထမင်းအေး, ဟင်းသီးဟင်းရွက်ကြော်အအေးကိုပင် နေ့လယ်စာအဖြစ် စားသောက်ကြရလေသည်။

ထို့နောက် ညနေ ၄ နာရီအထိ အလုပ်ကို ဆက်လက်လုပ်ကိုင်ကြရပြီး စခန်းသို့ပြန်ကြရသည်။ အလုပ်သိမ်းသည့်အခါ အနီးတွင် စမ်းချောင်း၊ သို့မဟုတ် မြစ်, ချောင်းများရှိလျှင် ရေချိုးချိန် ရကောင်းရနိုင်သည်။ စခန်းရောက်၍ ညထမင်းစားချိန်တွင် ဒုတိယအကြိမ် လူစာရင်း ခေါ်ပြန်သည်။

ကျွန်ုပ်တို့သုံ့ပန်းစခန်းများကို ဂျပန်တို့က မီး မပေး။ ထို့ကြောင့် အဝတ်ဖွပ်လျှော်ခြင်း, ဖာထေးခြင်းနှင့် အခြားသော ကိုယ်ရေးကိုယ်တာကိစ္စဆိုလျှင် မမှောင်ခင်ဖြစ်စေ၊ မီးပုံအေးတွင်ဖြစ်စေ အလုအယက်လုပ်ကိုင်ကြရလေသည်။ နောက်တစ်နည်းရှိသည်မှာ အုန်းဆီ၊ သို့မဟုတ် ခိုးဝှက်ယူရသော ရေနံဆီကို ခွံနှင့်ရောစပ်ကာ အဝတ်စုတ်မီးစာဖြင့်ထွန်းသည့် မီးအလင်းရောင်တွင်ဖြစ်စေ လုပ်ဆောင်ကြရလေသည်။

## ဂျပန်ဆရာဝန်

ဂျပန်တို့သည် စစ်သုံ့ပန်းများထဲမှ ဖြစ်စေ၊ မိမိတို့ဂျပန်အချင်းချင်းထဲမှ ဖြစ်စေ ဖျားနာသူများကို ကောင်းစွာဂရုမစိုက်ကြပေ။ ဂျပန်လူနာအများအပြားသည် ကောင်းစွာကုသပေးခြင်းမခံရသည့်အတွက် သုံ့ပန်းဆရာဝန် များထံ ခိုးကြောင်ခိုးဝှက်လာ၍ ဆေးကုသခံကြရလေသည်။

မီးရထားလမ်းဖောက်လုပ်ရာတွင် မြန်မာနိုင်ငံဘက်ရှိ စစ်သုံ့ပန်းများအားလုံးအတွက် တာဝန်ယူရသော ဆေးမှူးမှာ 'ဟေဂူချိ'ဆိုသူ ဖြစ်သည်။ သူသည် ဆေးပညာကို နည်းမှန်ပုံမှန်သင်ယူခဲ့သူ မဟုတ်ဟု ပြောကြသည်။ သူသည် သံဖြူဇရပ်နှင့် အထက်ပိုင်းရှိ လူနာပေါင်းများစွာသက်သာရေးကို ဘာတစ်ခုမျှ ထိထိရောက်ရောက်လုပ်မပေးခဲ့ပေ။

http://mmteashop.com



သို့သော် ဂျပန်တို့သည် စစ်သုံ့ပန်းတစ်ယောက်ကိုကား ဂျပန်ဆရာဝန်တို့၏ကုသပေးခြင်းကို အထူးတလည် ခံယူစေခဲ့သည်။ ထိုသူမှာ မြန်မာပြည်ဘက်ရှိ စစ်သုံ့ပန်းလမ်းဖောက်သမားအားလုံးပါဝင်သော အုပ်စုအမှတ် ၃ အတွက် တရားဝင်စကားပြန် ဖြစ်လေသည်။ ထိုသူ့အသက်သည် ကယ်ဆယ်ခြင်းခံရလောက်အောင် တန်ဖိုးရှိသည်ဟု ဂျပန်တို့က ယူဆဟန်ရှိလေသည်။

ထိုသူသည် အူအတက်ပေါက်သဖြင့် မော်လမြိုင်ရှိ ဂျပန်ဆရာဝန်တစ်ယောက်ထံပို့ကာ ခွဲစိတ်ခြင်းခံစေသည်။ ထိုသူကိုခွဲရာတွင် မေ့ဆေးကို မသုံးချေ။ အော်ဒလီ ၅ ယောက်က အတင်းချုပ်ကိုင်ထားစေပြီး ခွဲစိတ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ လူနာများကို ဂျပန်တို့ ကောင်းစွာဂရုမစိုက်ခြင်းမှာ ဖျားနာသူများသည် ကောင်းစွာအစာမစားနိုင်သဖြင့် ထိုသူတို့အတွက် ရိက္ခာလျှော့ပေးနိုင်သောကြောင့်ဟု ဆိုလေသည်။

## အလုပ်ဒဏ်ကြောင့် မေ့မြောကုန်ခြင်း

ဗြိတိသျှနှင့် ဩစတြေးလျ ထက်ဝက်ခန့်စီပါဝင်သော အလုပ်သမားအဖွဲ့'ဃ'သည် တာရိုးကြီးတစ်ခုကို အပူတပြင်းဖို့ကြရသည်။ စစ်သုံ့ပန်းများသည် နေ့ရောညပါ အနားမရှိ။ သူ့အဆိုင်းနှင့်သူ အလှည့်ကျလုပ်ကိုင်ကြရလေသည်။ နောက်ဆုံးအံပြီးသတ် တာဝန်ကျသည့်အဆိုင်းသည် နာရီ ၃၀ လုံးလုံး မနားမနေ လုပ်ကိုင်ကြရလေသည်။ ပြီးသောအခါ အလုပ်ဒဏ်ကြောင့် မေ့မြောမိန်းမောနေကြသူ ဒါဇင်ပေါင်းမြောက်မြားစွာကို အဖော်ဖြစ်သူ စစ်သုံ့ပန်းချွေးတပ်သားများက စခန်းရှိရာသို့ သယ်ဆောင်သွားကြရလေသည်။

## ဂျပန်တို့ အကျပ်အတည်း

ဂျပန်တို့အဖို့ မှန်မှန်ကြီးဆိုးရွားလာသော စစ်ရေးအခြေအနေကြောင့် ထိုင်း–မြန်မာမီးရထားလမ်း အမြန်ဆုံးပြီးစီးရန် လိုအပ်လာသည်။ စောစောပိုင်းတွင် ဗြိတိသျှ, ဟော်လန်နှင့် အမေရိကန်ပြည်ထောင်စုတို့အပေါ် မျှော်လင့်ထားသည်ထက် ပို၍လွယ်ကူလျင်မြန်စွာ အောင်ပွဲများရလာသောအခါ ဂျပန်တို့သည် ရပြီးသားနယ်မြေများကို ခြေကုပ်မြဲအောင် ကြိုးစားရမည့်အစား၊ နောက်ထပ်တိုးချဲ့ရန်ကိုသာ ကြံစည်ကြိုးစားလာကြလေသည်။

ဂျပန်တို့သည် အမေရိကန်ပစိဖိတ်ရေတပ်ကို မျှားခေါ်ပြီးချေမှုန်းရန် ရည်ရွယ်ချက်ဖြင့် မစ်ဒ်ဝေးကျွန်းကို ရေကြောင်းမှ အကြီးအကျယ်ချီတက်တိုက်ခိုက်ရန် စီစဉ်လေသည်။ ယင်းတို့၏ လက်နက်နိုင်ငံအရှေ့ဖျား နယူးဂီနီကျွန်းတောင်ပိုင်းရှိ မော်စတီဆိပ်ကမ်းမြို့နှင့် ဗွာဒါကာနယ်ကျွန်းအနီးရှိ တူလာဂီကျွန်းတို့ကိုလည်း သိမ်းပိုက်ရန် ကြိုးစားခဲ့လေသည်။ သို့သော် ယင်းစီမံကိန်း ၃ ရပ်စလုံးမှာပင် ဂျပန်များအနေဖြင့် အရေးနိမ့်ခဲ့ရလေသည်။

သို့အတွက် စစ်လက်နက်ရိက္ခာပစ္စည်းများကို မြန်မာပြည်စစ်မြေပြင်ဘက်သို့ များစွာမပို့နိုင်ဘဲ ဖြစ်ခဲ့ရလေသည်။ အိန္ဒိယပြည်အရှေ့မြောက်ပိုင်းတွင် ဗြိတိသျှတို့စစ်အင်အားကလည်း ပိုမိုကာ ကြီးမားလာသည်။ ထို့အပြင် အမေရိကန်လေယာဉ်များသည် အိန္ဒိယမှနေ၍ ယူနန်ရှိ ချန်ကေရှိတ်၏စစ်တပ်များသို့ လက်နက်ပစ္စည်းများ မှန်မှန်ကြီးပို့ဆောင်ပေးနေသည်။

တဖြည်းဖြည်း အင်အားကြီးထွားလာသော ဗြိတိသျှလေတပ်သည်လည်း မြန်မာ့ဝေဟင်ကို ပိုမိုလွှမ်းမိုးလာသည်။ မြန်မာပြည်သည် သစ်တောထူထပ်သည့်အလျောက် သစ်ပင်များအောက်တွင်တည်ဆောက်ထားသော စစ်အဆောက်အအုံ, စခန်းချနေသောစစ်တပ် စသည်တို့ကို လေကြောင်းမှတိုက်ခိုက်ရန် ခဲယဉ်းသည်။ သို့အတွက် ဗြိတိသျှလေတပ်သည် လမ်းပန်းအဆက်အသွယ်နှင့် ဂျပန်တို့၏လေယာဉ်ကွင်းများကိုသာ ဖိ၍ တိုက်ခိုက်ရလေသည်။

၁၉၄၂ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်လေတပ်ကလည်း ရန်ကုန်, မန္တလေးနှင့် အခြားသောပစ်မှတ်များကို ဖိတိုက်လာသည်။ ဂျပန်တို့၏လက်နက်ပစ္စည်းအဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်မြို့ကို အဓိကထားလျက်

http://mmteashop.com



တိုက်သည်။ ဂျပန်တို့သည် ရက်သတ္တတစ်ပတ်လျှင် ကုန်တန်ချိန် ၁ သိန်း ၄ သောင်းအတင်အချလုပ်နိုင်မှ မြန်မာပြည်စစ်မြေပြင်အတွက် အဆင်ပြေမည်ဖြစ်သည်။

ဤအတွင်း ဂျပန်တို့၏ကုန်သင်္ဘောဆုံးရှုံးမှုကလည်း ပိုပြီးများပြားလာသည်။ ၁၉၄၂ ခုနှစ်ကုန်တွင် ဂျပန်ကုန်သင်္ဘော ၂၄၀ (စုစုပေါင်း တန် ၁ သန်းကျော်) နစ်မြုပ်ခဲ့လေသည်။ မဟာမိတ်တို့၏လေကြောင်းနှင့် ရေငုပ်သင်္ဘောအင်အားကလည်း ဖိုးတက်လာသည်။

ဂျပန်တို့သည် ကုန်ချောပို့ကုန်ကြမ်းယူရန် ပင်လယ်လမ်းကို အားမကိုးနိုင်တော့သည့်အတွက် 'ထိုင်း-မြန်မာမီးရထားလမ်း'သည် စစ်ရေးအရ အထူးပင် အရေးပါလာလေသည်။

ဤရထားလမ်းကို ၁၉၄၃ ခုနှစ် နိုဝင်ဘာလတွင် အပြီးဖောက်လုပ်ရန် မူလကသတ်မှတ်ခဲ့သည်။ သို့သော် အထက်ဖော်ပြပါအချက်များကြောင့် အမြန်ပြီးဆုံးရန်လိုအပ်လာသဖြင့် ၁၉၄၃ ခုနှစ် ဩဂုတ်လတွင် အပြီးအစီးဖောက်မည်ဟု ယင်းနှစ်ဖေဖော်ဝါရီလတွင် တိုကျိုမြို့၌ ကြေညာခဲ့လေသည်။ မြန်မာပြည်ဘက်၌ မိုးကုန်မည့်စက်တင်ဘာလတွင် မဟာမိတ်လေတပ်များက ဖိတိုက်လာမည်ဖြစ်သောကြောင့် မိုးမကုန်မီ လက်နက်ပစ္စည်းများကိုများများသယ်ဆောင်ထားရန် ဂျပန်တို့တွင် ရည်ရွယ်ချက်ရှိလေသည်။

သို့အတွက် ဤလမ်း လျင်မြန်စွာပြီးစီးနိုင်ရေးအတွက် အလုပ်သမားများကို စနစ်တကျစုဆောင်းရန် အရှေ့တောင်တိုင်း ဂျပန်တပ်မတော်သို့ ညွှန်ကြားချက်ရောက်လာသည်။ အလုပ်သမားရနိုင်သည့် ဌာန ၂ ခုမှာ စင်ကာပူမြို့ချိန်ချီစခန်းရှိ မဟာမိတ်သုံ့ပန်းများနှင့် အရှေ့တောင်အာရှတိုင်းရင်းသားများပင် ဖြစ်လေသည်။

ဤတွင် 'အာရှတိုက်သည် အာရှတိုက်သားများအတွက် ဖြစ်စေရမည်'ဟု ကြွေးကြော်ကာ 'သာတူညီမျှကောင်းစားရေးဒေသကြီး တည်ဆောက်ပါမည်' ဆိုသောဂျပန်များကို မလေး၊ ဂျားဗားနှင့် မြန်မာလူမျိုးတို့က အစပိုင်းတွင် တက်ကြွစွာအားပေးထောက်ခံခဲ့ကြသည်။ သို့သော် ဂျပန်တို့ကား ယင်းတို့လက်အောက်ကျရောက်လာသော အရှေ့တောင်အာရှနိုင်ငံသားများကို စစ်သုံ့ပန်းများနည်းတူ ကြမ်းတမ်းစွာနှိပ်စက်ဆက်ဆံလာသောအခါ ယင်းတိုင်းရင်းသားတို့၏ ထောက်ခံယုံကြည်မှုကို လျင်မြန်စွာလက်လွှတ်ဆုံးရှုံးကြရလေသည်။

မလေးရှားနိုင်ငံတွင် ဤ လမ်းဖောက်လုပ်မည့်အလုပ်သမားများကို 'လစာကောင်းကောင်း ပေးမည်။ အိမ်ကောင်းကောင်း နေရမည်။ ရိက္ခာရာရှင် ပိုပေးမည်'ဟု မက်လုံးပေးမြှူဆွယ်ခဲ့ရာ တမီလ်ကုလားလူမျိုးများ၊ မြန်မာနှင့်မလေးအလုပ်သမားအများအပြား လိုက်လာကြပေသည်။ အချို့မှာ ဇနီးနှင့် သားသမီးများကိုပါ ခေါ်ဆောင်လာကြလေသည်။

ဂျားဗားကျွန်းတွင်ကား မလေးရှားနိုင်ငံလောက် အလုပ်အကိုင်အခြေအနေမဆိုးသေးသဖြင့် အလုပ်သမားများများခေါ်ယူ၍ မရပေ။ ထိုအခါ ဂျပန်တို့သည် မြို့ကြီးပေါ်တွင် အခမဲ့ ရုပ်ရှင်ပြသသည်။ ယုံကြည်လောက်အောင် ၄-၅-၁၀ ည ပြသပြီးနောက် ရုပ်ရှင်ကြည့်သူများကိုပိတ်ဖမ်းပြီး သန်မာသောယောကျ်ားတိုင်းကို ရွေးတပ်ဆွဲလေသည်။ (မြန်မာပြည်ရှိ မြို့ကြီးအချို့တွင်လည်း ဂျပန်များ ဤနည်းအတိုင်းကျင့်သုံးခဲ့လေသည်။ စာရေးသူ)

တကယ်တမ်း တိုင်းရင်းသားအလုပ်သမားများရရှိသော ရိက္ခာရာရှင်သည် စစ်သုံ့ပန်းများရရှိသော ရိက္ခာရာရှင်လောက် မရှိပေ။ ယင်းတို့ရရှိသောလုပ်ခမှာလည်း မငတ်ရုံ၊ မသေရုံသာ ရှိသည်။ ၎င်းတို့တွင် ခေါင်းဆောင်ကောင်းဟူ၍လည်း မရှိ။ စည်းလုံးမှုလည်း မရှိ။ စည်းကမ်းလည်း မရှိ။ ထိုအခါ တိုင်းရင်းသားအလုပ်သမားပေါင်းများစွာသည် ရထားလမ်းဘေးတစ်လျှောက်တွင် တိရစ္ဆာန်များသေသလို သေဆုံးကြရလေသည်။

မြန်မာပြည်တွင်ကား အလုပ်သမားစုဆောင်းရေးကိစ္စကို ဒေါက်တာဘမော်အစိုးရက ကူညီသည်။ မြန်မာတို့သည် ကာယအလုပ်ကို သိပ်မလုပ်ချင်ကြ။ သို့အတွက် မြန်မာပြည်ကို ဂျပန်မသိမ်းမီက မြန်မာပြည်ရှိ အလုပ်ကြမ်းသမားအားလုံးနီးပါးမှာ ကုလားများသာ ဖြစ်ကြသည်။ ဂျပန်ဝင်လာသောအခါ ကုလားအလုပ်သမားတစ်ဝက်ခန့်အိန္ဒိယသို့ပြန်ပြေးကြရာ ဂျပန်တို့အဖို့ အလုပ်သမားမလုံမလောက် ဖြစ်လာလေသည်။

http://mmteashop.com



၁၉၄၂ ခုနှစ် ဩဂုတ်လအတွင်း ဒေါက်တာဘမော်အစိုးရက အလုပ်သမားများကို စီမံအုပ်ချုပ်ကွပ်ကဲမည့် ဗဟိုအလုပ်သမားထိန်းသိမ်းကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းမည့်အကြောင်းကို ကြေညာလေသည်။ ထို့နောက် စစ်ရေးပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်မျိုးသားလုံးစည်းလုံးမည့် အစီအစဉ်တစ်ရပ်ကို ကြေညာလေသည်။ တစ်မျိုးသားလုံး၏ အားထုတ်လှုပ်ရှားမှုကို တပ် ၄ တပ်ဖွဲ့၍ လှုပ်ရှားသည်။

ယင်းတို့အနက် တစ်တပ်မှာ 'ချွေးတပ်' ဖြစ်သည်။ ထိုချွေးတပ်၏အဓိကတာဝန်မှာ ထိုင်း–မြန်မာမီးရထားလမ်းနှင့် ယင်းလမ်းဘေးတစ်လျှောက်၌ တစ်ပါတည်းဖောက်လုပ်နေသည့်ကားလမ်းကို ဖောက်လုပ်ပေးရန် ဖြစ်လေသည်။

ချွေးတပ်တွင်လိုက်ပါသူများမှာ မိမိတို့သဘောဆန္ဒအရထက် အတင်းအကျပ်ဝင်ခိုင်းသဖြင့် ဝင်ရခြင်းက ပို၍များလေသည်။ အကြောင်းမှာ မြို့ပိုင်များ တောင်းသမျှလူများကို ကျေးရွာသူကြီးများက ရအောင်ရှာပေးရသောကြောင့်ပင် ဖြစ်သည်။ သူကြီးတစ်ဦးသည် သူ့ဆွေမျိုးသားချင်းများကိုဖွက်ထားပြီး သူနှင့် မသင့်မြတ်သူများကို ထည့်သွင်းလေသည်။ အချို့ကို လာဘ်ယူပြီး မဝင်ဘဲနေရအောင် လုပ်ပေးလေသည်။ မရိုးမသားသည့် ဆရာဝန်များကလည်း လာဘ်ယူပြီး၊ 'မကျန်းမာကြောင်း' ဆေးလက်မှတ်ထုတ်ပေးကြလေသည်။

## စစ်ကြောင့် အလုပ်လက်မဲ့ထူပြောလာခြင်း

သို့ရာတွင် လယ်ယာလုပ်ငန်းခွင်နှင့် မြို့ပေါ်များတွင်လည်း အလုပ်လက်မဲ့ ထူပြောလာခြင်းကြောင့်လည်းကောင်း၊ ဂျပန်တို့၏ မြှူဆွယ်မှု, ဝါဒဖြန့်မှုများကြောင့်လည်းကောင်း ချွေးတပ်တွင်းသို့ဝင်ရောက်လာသူ အင်အားမှာလည်း မနည်းပါပေ။ မီးရထားလမ်း အလုပ်သမားများအတွက် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ပေးမည်။ နေအိမ်, အစားအသောက်နှင့် နောင်အခါ အလုပ်ကြိုးစားလျှင် အမြဲတမ်းအလုပ်သမားအဖြစ် ခန့်ထားပေးမည်ဟူသော ဂျပန်နှင့် ဒေါက်တာဘမော်အစိုးရ၏ဝါဒဖြန့်ချက်များမှာလည်း ဘာတစ်ခုမျှ အကောင်အထည်ပေါ်မလာပေ။

ဒုတိယအလုပ်သမားတပ်ဖွဲ့မှာ 'ဟေးဟိုး'တပ် ဖြစ်သည်။ ထိုတပ်သည် အထွေထွေအလုပ်သမား (ဝါ) ရွေ့ပြောင်းအလုပ်သမားတပ်ဖြစ်ပြီး၊ ယင်းကို ဂျပန်များကိုယ်တိုင် ဖွဲ့စည်းခြင်းဖြစ်သည်။ သို့ရာတွင် ထိုတပ်ဖွဲ့မှာလည်း ကျန်သောအလုပ်သမားတပ်ဖွဲ့များထက် မသာပေ။ အစားအသောက်, ဆေးဝါးကုသပေးမှုနှင့် စခန်းအခြေအနေအားလုံးမှာလည်း အညံ့စားဖြစ်သည်။ ထို့ကြောင့် ထွက်ပြေးသူများ တစ်နေ့တခြား များပြားလာလေသည်။

## နောက်ထပ် သုံ့ပန်းအလုပ်သမားများခေါ်ယူခြင်း

မီးရထားလမ်းဖောက်လုပ်ရေးအတွက် နောက်ထပ်အလုပ်သမားအများအပြား ရနိုင်မည့်နေရာမှာ စင်ကာပူမြို့ ချန်ဂီစခန်းရှိ စစ်သုံ့ပန်းများ ဖြစ်သည်။ မီးရထားလမ်းတစ်လျှောက်တွင် မဟာမိတ်စစ်သုံ့ပန်းပေါင်း ၁ သောင်း ၆ ထောင်ခန့် ကျန်နေသေးသည်။ ယင်းတို့အနက်မှ အပင်ပန်းဆုံးအလုပ်များကို လုပ်ကိုင်ရမည့် တပ်ဖွဲ့ ၂ ဖွဲ့ ဖွဲ့စည်းရန် ဂျပန်တို့က စီစဉ်သည်။ ယင်းတပ်ဖွဲ့ ၂ ဖွဲ့ကို 'စ'တပ်ဖွဲ့နှင့် 'ဖ'တပ်ဖွဲ့ဟု ခေါ်သည်။ ယင်းတို့ကို ၁၉၄၃ ခုနှစ် ဧပြီလနှင့် မေလတွင် တောတွင်းစခန်းများသို့ အသီးသီးပို့လိုက်သည်။ ယင်းသို့ပို့ရာတွင် ဂျပန်တို့၏ ရည်ရွယ်ချက် အမှန်ကို မပြော။ အချို့ကို တိုင်းပြည်အထက်ပိုင်းသို့ ပို့မည်ဟုသာပြောသည်။ အချို့ကိုမူ ထိုင်းနိုင်ငံရှိ ကောင်းမွန်ပြီး အစားအသောက်နှင့် ကျန်းမာရေးအခြေအနေကောင်းသော စခန်းများတွင် အုပ်ချုပ်ရေးလုပ်ငန်းကို လုပ်ရမည်ဟု ပြောသည်။ အဖွဲ့တစ်ဖွဲ့ကိုမူ ထိုင်း–မြန်မာနယ်စပ်တွင် စခန်းတစ်ခုဆောက်လုပ်၍၊ မီးရထားလမ်းအလုပ်သမားများအတွက် အနားယူအပန်းဖြေရေးကို စီစဉ်ပေးရမည်ဟု ပြောထားသည်။

http://mmteashop.com



ယင်းသို့ မရေမရာပြောကြားထားမှုကြောင့် စစ်သုံ့ပန်းများအကြားတွင် ကောလာဟလများအမျိုးမျိုးဖြစ်လေရာ အချို့ကမူ 'စ'နှင့် 'ဇ'တပ်ဖွဲ့များသည် မလေးရှားနိုင်ငံရှိ တောင်စခန်းပေါ်မှ ကြက်ခြေနီစခန်းများတွင် အစားအသောက်, ဆေးဝါးအပြည့်အစုံနှင့် အခွင့်အရေးအပြည့်အစုံရရှိနေမည်ဟု ထင်ကြေးပေးကြလေသည်။ ယင်းတပ်ဖွဲ့များသည် တောတွင်းစခန်းများရောက်၍ ကျောချမှ ဓားပြမှန်းသိကြလေသည်။ သုံ့ပန်းအများစုသည် ပစ္စည်းအများအပြားသယ်ဆောင်လာကြပြီး၊ အချို့မှာ အနားယူစခန်းတွင်တီးရန် စန္ဒရားများပင် ယူလာကြရာ 'ဘန်ပေါင်'စခန်းကိုရောက်၍ အခြေအနေမှန်ကိုသိမှ ယင်းပစ္စည်းများကို စွန့်ပစ်ခဲ့ကြရလေသည်။

**မီးရထားလမ်း အပြင်းအထန်ဖောက်လုပ်ခြင်း**

၁၉၄၃ ခုနှစ်၊ မေလတွင် ဂျပန်တို့သည် မဟာမိတ် စစ်သုံ့ပန်းပေါင်း ၆ သောင်း ၁ ထောင်, အာရှတိုက်သား အလုပ်သမားပေါင်း ၂သိန်း ၅သောင်းကျော်တို့ဖြင့် မီးရထားလမ်းအမြန်ဖောက်လုပ်ရေး စီမံကိန်းကြီးကို စတင်လေတော့သည်။

စင်စစ် ရထားလမ်းဖောက်ချိန်သည် မိုးရာသီနှင့်တိုက်ဆိုင်နေရာ အခက်အခဲများ ဆထက်တမ်းပိုး ပိုမိုလာလေသည်။ နေ့စဉ်ရက်ဆက်လိုလို ရွာသွန်းနေသောမိုးကြောင့် ရောဂါဘယများ ထူပြောလာလေသည်။ ဆောက်လုပ်ထားသည့် တံတားများလည်း ရေထဲပါကုန်သည်။ ဖို့ထားသောမြေများလည်း ရေတိုက်စားသဖြင့် မျောပါကုန်သည်။ ပြင်းထန်သောတောင်ကျရေများနှင့် စမ်းချောင်းရေစီးအရှိန်က တစ်နေ့လုံးဆောက်လုပ်ထားခဲ့သည်များကို တစ်ညလုံး ဖျက်ဆီးပစ်လိုက်၏။ လမ်းများမှာလည်း ချောင်းဖြစ်ကုန်ပြီး၊ ရိက္ခာလမ်းကြောင်းများ ပြတ်တောက်ကုန်၏။

ထိုနှစ်က မေလ ၂၂ ရက်နေ့တွင် မိုးဥတု စတင်ပြီး၊ ၁၆ ရက်လုံးလုံး မိုးဆက်တိုက်ရွာ၏။ တောတွင်းစခန်းအများအပြား အိုင်ထွန်းဗွက်ပေါက်ကုန်၏။ တောတွင်းလမ်းများလည်း ရေစီးကြောင်းများ ဖြစ်ကုန်၏။ ကုန်းမြင့်ပေါ်ရှိစခန်းများပင် နွံနစ်များတင်ကုန်၏။ အကောင်းဆုံးဆောက်လုပ်ထားသည့် တဲတန်းလျားများပင် မိုးမလုံပေ။ လူများမှာ အမြဲတမ်း စိုရွှဲနေလေသည်။ တစ်နေ့လုံး မိုးထဲလေထဲတွင် ပင်ပင်ပန်းပန်းလုပ်ကိုင်ရာမှ စခန်းပြန်ရောက်လျှင် ရေစင်အောင်မချက်သောထမင်းပျော့ကို စားရ၏။ စားနေရင်း ထမင်းထဲ မိုးရေက ဝင်၏။ အိပ်ရာများမှာ စိုရွှဲနေသည့်အပြင်၊ မိုးယို, မိုးပက်သဖြင့် အမြဲလိုပင်စိုထိုင်းမှိုင်းနေ၏။ တောခေါင်တောနက်လွန်းသည့်စခန်းအချို့ဆိုလျှင် ရိက္ခာရောက်အောင်မပို့နိုင်၍ စွန့်ခွာကြရ၏။ စစ်သုံ့ပန်းများနှင့် အခြားအလုပ်သမားများကို အစားအသောက်လာရောင်းသော ထိုင်းဈေးသည်များလည်း မလာရောက်နိုင်တော့ပါချေ။

ရထားလမ်းဖောက်လုပ်မှု အထူးအလျင်လိုလာသည့်အခါ စစ်သုံ့ပန်းများနှင့် အခြားအလုပ်သမားများကို ရိုက်နှက်ညှဉ်းပန်းမှုမှာ ပိုကဲလာတော့၏။ စစ်သုံ့ပန်းတပ်မှူးများသည် မိမိတို့တပ်သားများကိုသက်ညှာမိ၍ အရိုက်အနှက်ခံကြရ၏။ ဖျားနာသူများကို အလုပ်မှနားခွင့်ပေးသော စစ်သုံ့ပန်းဆရာဝန်များလည်း အရိုက်အနှက်ခံကြရ၏။ အလုပ်သမားများသက်သာအောင် ဖန်တီးသော ဟန်ချီများ, ဘွန်ထိုက်ချီများမှာလည်း အရိုက်အနှက်ခံကြရလေသည်။

အလုပ်နှေးကွေးလျှင် ဖြစ်စေ, ဂျပန်တို့ပြောဆိုသည်ကို ချက်ချင်းနားမလည်လျှင် ဖြစ်စေ အရိုက်အနှက်ခံကြရ၏။ ဤအခါမျိုးတွင် အစောင့်စစ်သားများသည် လက်ဖြင့် သော်လည်းကောင်း, ဘွတ်ဖိနပ်ဖြင့် သော်လည်းကောင်း, နီးရာပစ္စည်းဖြင့် သော်လည်းကောင်း ရိုက်နှက်ပစ်ခတ် ကန်ကျောက်ကြ၏။ အချို့ကမူ ရိုက်နှက်ရန် ဝါးရင်းတုတ်များကို အသင့်ဆောင်ထားကြ၏။ အချို့က ပေါက်ချွန်းရိုး, ဓားပြားတို့ဖြင့် ရိုက်နှက်ကြ၏။ တစ်ခါတစ်ရံ ရိုက်ရုံဖြင့်အားမရသေးဘဲ ကျောက်တုံးကြီးများကို ဦးခေါင်းပေါ်မြှောက်ထားခိုင်း၏။ မနိုင်တော့၍ ယိမ်းယိုင်လာလျှင်, ကျောက်တုံးလွတ်ကျလျှင် ထပ်၍အရိုက်ခံရပြန်၏။

http://mmteashop.com



## ရထားလမ်းပြီးစီးခြင်းနှင့် ကျဆုံးသူများစာရင်း

သို့နှင့် ၁၉၄၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်တွင် မီးရထားလမ်းပြီးဆုံး၍ ရထားများ စတင် ခုတ်မောင်းလေသည်။

နောက်ဆုံးခင်းသော ဇလီဖားအချောင်းကို ကြေးနီဖြင့်ပြုလုပ်ပြီး ရွှေချထားသောစို့ဖြင့် ရိုက်သည်။ မကြာမီ ထိုစို့ကို ရွှေအစစ်ထင်ပြီး ဩစတြေးလျစစ်သုံ့ပန်းတစ်ယောက်က ဖြုတ်ခိုးသွားသည်။

ဖွင့်ပွဲအခမ်းအနား၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ကြာမြိုင်ရထားတစ်စီးလည်း ရောက်လာလေသည်။ ဆောင်ကြာမြိုင်မယ်များသည် လမ်းတွင်တွေ့ရသောသုံ့ပန်းများအား စီးကရက်နှင့် ပိုက်ဆံများ ပေးသွားကြသည်။

ရထားလမ်းပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ် သုံ့ပန်းများကို ငါးသေတ္တာများ ပေးသည်။ အချို့ကို ဘွတ်ဖိနပ်များ, ဘောင်းဘီတိုများ ပေးသည်။ ထိုင်းငွေ ၁ ကျပ်စီ ပေးသည်။

ရထားလမ်းအကွာအဝေးမှာ ထိုင်းနိုင်ငံဘန်ပေါင်မြို့မှ မြန်မာနိုင်ငံ သံဖြူဇရပ်မြို့ထိ ၁၇၅ မိုင်ဖြစ်သည်။

နောက်ဆုံးရောက်ရှိလာသော စစ်သုံ့ပန်းတပ်ဖွဲ့များဖြစ်သည့် 'စ'နှင့် 'ဇ'တပ်ဖွဲ့များမှာ မူလက လူ ၁သောင်းကျော်ရှိရာ ရထားလမ်းဖောက်လုပ်ပြီးချိန်တွင် လူ ၆၀၀၀ ကျော်သာ ကျန်တော့လေသည်။ 'စ'တပ်ဖွဲ့မှ လူပေါင်း ၃၀၉၆ သေဆုံးပြီး၊ 'ဇ'တပ်ဖွဲ့မှ လူပေါင်း ၈၈၅ ယောက် သေဆုံးသည်။

သို့ရာတွင်- ရထားလမ်းဖောက်လုပ်ရင်းမှ သေဆုံးရသောသုံ့ပန်းများလည်း အများအပြားပင် ဖြစ်သည်။ အချို့မှာ မီးရထားလမ်းကိုဆက်လက်ပြုပြင်ရန် စေခိုင်းခံရရင်း သေဆုံးကြရသည်။ အချို့မှာ မိမိတို့ဆောက်လုပ်ခဲ့သော ခနော်ခနဲ့ တံတားများပေါ်တွင် လမ်းပြင်ရန် ရထားဖြင့်သွားရင်းလာရင်း အကြောင်းအမျိုးမျိုးကြောင့် ရထားချောက်ထဲထိုးကျကာ သေဆုံးကြရသည်။

အချို့မှာ မဟာမိတ်လေယာဉ်တို့၏တိုက်ခိုက်မှုကြောင့် လည်းကောင်း, ပျက်စီးနေသောလမ်းတံတားများကို ပြင်ဆင်နေခိုက် မဟာမိတ်လေယာဉ်များ၏လက်ချက်ကြောင့် လည်းကောင်း သေကြေကြရသည်။ အချို့မှာ မီးရထားလမ်းပြုပြင်ရေးပစ္စည်းများ ထားသိုရာစခန်းများအနီးတွင် စခန်းချနေကြရာ ပစ္စည်းစခန်းများကို လေယာဉ်များက လာရောက်တိုက်ခိုက်သည့်အခါ အဖျားခတ်သွား၍ သေကြရလေသည်။ အချို့ကို မီးရထားလမ်းဖောက်အပြီး ဂျပန်ပြည်တွင်စေခိုင်းရန် ရေကြောင်းမှပို့ရာ လမ်းတွင် မဟာမိတ်လေယာဉ်များနှင့် ရေငုပ်သင်္ဘောများ တိုက်ခိုက်မှုကြောင့် သေဆုံးကြရလေသည်။

ဤမီးရထားလမ်းတွင် မဟာမိတ်စစ်သုံ့ပန်းပေါင်း ၆ သောင်း ၁ ထောင်ဦး အလုပ်လုပ်ခဲ့ကြသည့်အနက် ၁၂,၃၉၉ ဦး သေဆုံးသည်။

အာရှတိုင်းရင်းသား (မလေး, ဂျားဗား, ထိုင်း, မြန်မာ, ကုလား) ၂ သိန်း ၇ သောင်းခန့် အလုပ် လုပ်ခဲ့ရသည့်အနက် ၉ သောင်းခန့်သေဆုံးရသည်ဟု ခန့်မှန်းသည်။

ရထားလမ်းသည် မိုင် ၂၆၀ ခန့်ရှိရာ ၁ မိုင်လျှင် မဟာမိတ်စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သား ချွေးတပ်အလုပ်သမား ၃၄၆ ဦးကျစီ သေဆုံးရာရောက်လေသည်။ ။

လင်းယုန်သစ်လွင်

http://mmteashop.com



## ကွေးမြစ်ပေါ်မှ တံတား

ကမ္ဘာပေါ်တွင် နာမည်ဆိုး တွင်ကျန်ရစ်ခဲ့သော ထိုင်း-မြန်မာ မီးရထားလမ်း 'သေမင်းတမန်လမ်း' တည်ဆောက်ကြရင်း မဟာမိတ်စစ်သုံ့ပန်း ခန့်မှန်းခြေ ၁ သောင်း ၂ ထောင်နှင့် အာရှနိုင်ငံမှ ချေးတပ်သားပေါင်း ၁ သိန်းခန့် အသက် ဆုံးရှုံးခဲ့ကြရပြီးနောက်၊ နှစ်ပေါင်း ၃၃နှစ်အကြာ ၁၅-၁၀-၇၆ရက်နေ့ မဟာမိတ်စစ်သုံ့ပန်းဖြစ်ခဲ့ကြသူ ၁၀ဦး နှင့် ထိုစဉ်အခါက တာဝန်ကျခဲ့သည့် ဂျပန်စစ်သားဟောင်း ၄၂ ဦးတို့ 'ကွေးမြစ်ပေါ်မှ တံတား'ကို ချစ်ကြည်ရေးအထိမ်း အမှတ်အဖြစ် အတူတကွလက်တွဲကာ ဖြတ်လျှောက်ခဲ့ကြသည်။

ဤတွေ့ဆုံပွဲကို ဂျပန်စစ်တပ်စကားပြန်ဖြစ်ခဲ့သူ ဘာသာဗေဒပါမောက္ခ 'တကာရှိနာဂါဆီ'က စီစဉ်ခဲ့ခြင်းဖြစ်သည်။

'ကျွန်တော်ကိုယ်တိုင် ဒီလိုကြိုးပမ်းစီစဉ်ခဲ့တာဟာ 'မုန်းတီးရေးနှစ်'များကို 'ချစ်ကြည်ရေးနှစ်'များအဖြစ် ဖြစ်လ အောင် တစ်ကမ္ဘာလုံးရဲ့ခွင့်လွှတ်မှုကို တောင်းခံဖို့ပဲ ဖြစ်ပါတယ်'

အထက်ပါအတိုင်း ပါမောက္ခနာဂါဆီက အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

**Newsweek** (၈-၁၁-၇၆)

## ဗုဒ္ဓစေတီတော်
### ဂျပန်စစ်ပြန်ကြီးတစ်ဦးက စီစဉ်နေ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ဘုရင့်တပ်မတော်အတွက် ရထားလမ်းဖောက်လုပ်ရာတွင် သေဆုံးခဲ့ကြရသော လူ ၁ သိန်းနီးပါးတို့အားရည်စူး၍ ဗုဒ္ဓစေတီတစ်ဆူ တည်ထားရန် မိမိစီစဉ်နေကြောင်းဖြင့် ထိုင်းနိုင်ငံရှိ ကွေးမြစ်နှင့် သေမင်းတမန်ရထားလမ်းဖောက်လုပ်စဉ်ကအဖြစ်အပျက်များကို ယခုတိုင်ဖျောက်ဖျက်ပစ်၍ မရနိုင် သေးဘဲရှိနေသည့် ဒုတိယကမ္ဘာစစ်ပြန်ကြီး 'နာဂါဆီတာကာရှိ (၆၇ နှစ်)က ထိုင်းနိုင်ငံသို့ ရောက်ရှိနေခိုက် ပြောကြားသည်။

နာဂါဆီတာကာရှိသည် ယခုအခါ အင်္ဂလိပ်စာသင်ကျောင်းတစ်ခုတွင် ကျောင်းဆရာအလုပ်ဖြင့် အသက် မွေးလျက်ရှိသည်။ ၎င်းသည် ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ လက်နက်ချအညံ့ခံခဲ့သည့် အကြိမ် ၄၀ မြောက် နှစ်ပတ်လည်အခါသမယ၌ အဆိုပါ ထင်ရှားကျော်ကြားသောရထားလမ်းသို့ လွန်ခဲ့သည့် သီတင်းပတ်က ပြန်လည်လာရောက်ခဲ့သည်။ တာကာရှိသည် ထိုသို့ရောက်ရှိနေစဉ် အတွင်း မဟာမိတ်စစ်သချိုင်းသို့ သွားရောက်လည်ပတ်ပြီး စေတီတည်ထားရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ စေတီတည်ရေးအတွက် ကုန်ကျစရိတ်အများစုကို ၎င်း၏ကိုယ်ပိုင်ငွေမှ လှူဒါန်းကျခံသွားမည်ဟုလည်း သိရသည်။

တာကာရှိသည် ကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် ထိုင်းနိုင်ငံအနောက်ပိုင်းရှိ ကွေးမြစ်တံတားကို အကြိမ်ပေါင်း ၃၀ ကျော် လာရောက်လည်ပတ်ခဲ့သည်။ တာကာရှိသည် ဟောလိဝုဒ်ရုပ်ရှင်ကားများနှင့် စာအုပ်များစွာဖြင့် ဖော်ပြပြီး လူသိများကျော်ကြားလျက်ရှိသော ကွေးမြစ်တံတားပေါ် ဖြတ်သန်းလမ်းလျှောက်ခဲ့သည်။

ထိုင်းနှင့် မြန်မာနိုင်ငံအကြားရှိ သစ်တောများကိုဖြတ်၍ ၂၅၈မိုင်ရှည်သော ရထားလမ်းကို ဖောက်လုပ်ခဲ့ရာတွင် ပါဝင်လုပ်ကိုင်ခဲ့ကြသော သြစတေးလျ, ဗြိတိန်, ဒတ်ချ်, အမေရိကန်စစ်သုံ့ပန်း ၁ သောင်း ၆ ထောင်ကျော်နှင့် အာရှတိုက်မှ အလုပ်သမား ၈ သောင်းမှ ၁ သိန်းထိ သေဆုံးခဲ့ကြရသည်။

ကြေးမုံ (၂၀-၈-၈၅)

## ဗုဒ္ဓရုပ်တုတော် ထုလုပ်ပြီးစီး
### ဗန်ကောက် ဒီဇင်ဘာ ၂၀

ဒုတိယကမ္ဘာစစ်အတွင်း ထိုင်းနိုင်ငံအနောက်တောင်ပိုင်း ထိုင်း-မြန်မာနယ်စပ်၌ ရထားလမ်းဖောက်လုပ်ရာတွင် ဂျပန်စစ်တပ်ကချေးတပ်ဆွဲခဲ့ပြီးနောက် သေဆုံးခဲ့ရသည့် နိုင်ငံခြားသားများအတွက် အမှတ်တရအထိမ်းအမှတ်အဖြစ် ဂျပန်စစ်သားဟောင်းတစ်ဦးကထုလုပ်သည့် ဗုဒ္ဓရုပ်တုတော်တစ်ဆူမှာ အပြီးသတ်ပြီးစီးသွားပြီဟု သိရသည်။

ဗုဒ္ဓရုပ်တုတော်ထားရှိမည့် ဘုရားကျောင်းတော်မှာ တစ်ဝက်တစ်ပျက် ပြီးစီးနေပြီဖြစ်ပြီး၊ ချေးတပ်ဆွဲခံရသူများအတွက် ရည်စူးသော အထိမ်းအမှတ်ပွဲတော်ပြုလုပ်ရန် စီစဉ်ထားသည်။ လာမည့်နှစ်စောစောပိုင်း၌ ပြီးစီးမည်ဖြစ်သည်။

အမ်ဘီအေ/ကျိုဒို

ကြေးမုံသတင်းစာ (၃၀-၁၂-၈၅)







# ထိုင်း မြန်မာ မီးရထားလမ်း
# ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း

## လင်းယုန်သစ်လွင်





ye ye 2009